
ကမ္ဘာ့ မဟာဗဟုသုတ

မောင်ကျော်ဆိုင်



မောင်ကျောက်တိုင်
ကမ္ဘာ့မဟာဂန္ဓာဂို နိဒါန်း

တိုစာပေတိုက်
အမှတ် ၄၇၊ ကမ္ဘာအေးဘုရားစောင်းတန်း၊
ကမ္ဘာအေးစာတိုက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

● ဘဝဓာတ်၊ သြဂုတ်လ၊ အုပ်ရေ (၁၀၀၀)၊ ပထမအကြိမ်၊

မျက်နှာဖုံးပန်းချီ – စံတိုး

● စာမူခွင့်ပြုချက် ၄၅၇ / ၉၇ (ဂ)၊ မျက်နှာဖုံးခွင့်ပြုချက် ၅၆၇ / ၉၇ (၁၀)၊

ထုတ်ဝေသူ – ဦးမြသန်း (၀၁၀၅၀)၊ အသိုင်းအဝိုင်းစာပေ၊ အမှတ် ၃၅၊ ဇွဲဆုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဒေါ်သန္တာကျော်၊ ဟေမာန်ပုံနှိပ်တိုက်၊ ၂၃၆၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖြန့်ချိရေး – ပြည်စုံစာပေတိုက်၊ ၁၃၆/၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁–၂၅၃ ၂၅၅၊

အတွင်းစာလင် – ဇင်ဦးနှင့်ညီများ၊ စာအုပ်ချုပ် – ကိုမြင့်၊ ကွန်ပျူတာစာစီ – မြ၊

● တန်ဖိုး [redacted] ကျပ်

မာတိကာ

–။	အမှာစာ	–
၁။	ကဗာလာမဟာဂန္ဓာရိုက်း	၁
၂။	တားရော့ဂန္ဓာရီပညာ	၇
၃။	အီဂျစ်မဟာဂန္ဓာရီပညာ	၁၂
၄။	ရှမ်ဗဲလား အရွှေတိုင်းမဟာဂန္ဓာရီ	၅၄
၅။	ရှမ်ဗဲလား တမန်တော်	၇၄
၆။	ရှမ်ဗဲလား မဟာဂန္ဓာရီ ခရီးသည်	၈၄
၇။	ရှမ်ဗဲလား ပုရောဟိတ်	၉၂
၈။	ရှမ်ဗဲလား အကြီးဆုံးတပည့်	၁၀၀
၉။	ရှမ်ဗဲလား ဒုတိယ ပုရောဟိတ်	၁၀၆
၁၀။	ရှမ်ဗဲလား သာဝက လမ်းစဉ်	၁၁၆
၁၁။	ရှမ်ဗဲလား သိဒ္ဓိတင် ဘိသိက်ပွဲ	၁၃၂
၁၂။	တရုတ် မဟာဂန္ဓာရီ	၁၃၇
၁၃။	အိန္ဒိယ မဟာဂန္ဓာရီ	၁၅၈
၁၄။	ခေါမ မဟာဂန္ဓာရီ	၁၈၄
၁၅။	ပိုက်သာဂိုရပ် မဟာဂန္ဓာရီ	၁၉၁
၁၆။	ပလေတို မဟာဂန္ဓာရီ	၂၁၁
၁၇။	အက်ဆင်နီ မဟာဂန္ဓာရီ	၂၃၀
၁၈။	ပါရှားမိတြာ မဟာဂန္ဓာရီ	၂၄၂
၁၉။	ဝိဇ္ဇာဉာဏ် မဟာဂန္ဓာရီဂိုက်း	၂၄၈
၂၀။	ဘူမိ မဟာဂန္ဓာရီ	၂၅၄
၂၁။	ဝတ်ကျောင်းသူရဲကောင်း မဟာဂန္ဓာရီဂိုက်း	၂၆၇
၂၂။	ဂိုဆီကရူဘီယင် မဟာဂန္ဓာရီ	၂၇၂
၂၃။	မေဆင် ဂန္ဓာရီ	၂၈၅
၂၄။	ခေတ်သစ် ပူရ ဂန္ဓာရီဂိုက်းများ	၃၁၉

စာရေးသူ၏ အမှာ

မဟာဂန္ဓာရီ ဆောင်းပါးစဉ်များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ စ၍ ၁၉၉၆ ခု၊ နိဝင်ဘာလအထိ ရေးခဲ့သည်။ ခြွင်းချက်အားဖြင့် ဆူဖီမဟာဂန္ဓာရီ ဆောင်းပါးနှစ်ပုဒ်ကိုကား နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဖော်ပြခြင်းမပြုခဲ့ပါ။ ဆောင်းပါးများကို စတင်ရေးစဉ်ကပင် "ကာလစဉ်" အရ ရှေးအကျဆုံး မဟာဂန္ဓာရီစခန်းမှ စ၍ရေးရန် စီစဉ်ခဲ့သော်လည်း လိုအပ်သော အထောက်အထားများ၊ ရည်ညွှန်းကျမ်းများ အချိန်မီ မရနိုင်ခဲ့သဖြင့် ကာလစဉ်သဘောမှ လွတ်သွားသော ဆောင်းပါးများလည်း ပါရှိမည်ဖြစ်သည်။ တတ်နိုင်သမျှ ကာလစဉ်ဖြစ်အောင် ကြိုးပမ်းခဲ့သည်ကိုလည်း တွေ့ရပါမည်။

စတင်ရေးသားစဉ်ကပင် စာအုပ်အဖြစ်ရေးရန် ရည်ရွယ်ခဲ့သည် မဟုတ်လေရာ ယခုစုပေါင်းလိုက်သောအခါတွင်လည်း စာအုပ်အဖြစ် ရေးသားသကဲ့သို့သော နိဒါန်း၊ စာကိုယ်၊ နိဂုံး စသော အင်္ဂါရပ်နှင့် ညီညွတ်သော စာအုပ်မျိုး ဖြစ်မလာတော့ဘဲ ဆောင်းပါးဆန်သော အသုံးအနှုန်းများ၊ စကားဆက်များ၊ စကားထပ်များ ပါဝင်နေသည်ကိုလည်း နားလည်ခွင့်လွှတ်မှုဖြင့် ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ဆောင်းပါးစာစဉ်များကို လပေါင်းများစွာ ပြတ်တောင်းပြတ်တောင်း လစဉ်ဖတ်ပြီးနောက် ခြုံငုံသဘောပေါက်နားလည်မှုနှင့် တစ်လုံးတစ်ခဲတည်း စုပေါင်းပြီး တောက်လျှောက် ဖတ်ရသောအခါ နားလည်သဘောပေါက်မှုတို့၏ ခြားနားချက်ကို စာဖတ်သူများ သိရှိပြီးဖြစ်သည်ဟု ယူဆပါသည်။ ဤရည်ရွယ်ချက်ကြောင့်ပင် ယခုကဲ့သို့ တစ်ပေါင်းတစ်စည်းတည်းစာအုပ်အဖြစ် စီစဉ်ရခြင်းဖြစ်ပါသည်။

ဂန္ဓာရီပညာနှင့်ပတ်သက်၍ အများစုမှာ မရှင်းမလင်း ယောင်ဝါးဝါးဖြစ်နေကြဟန်တူပါသည်။ ဂန္ဓာရီပညာဆိုသည်မှာ စိတ်ကူးယဉ်လိုလို၊ လောကီပညာယောင်ယောင်၊ မှော်ပညာနဲ့တူသလိုလို၊ သမထလိုလို နားလည်နေကြသည်ဟု ထင်ပါသည်။ အထင်မှားသည်ဟု ထောက်ပြလျှင်လည်း ဝန်ခံရန် ဦးမလေးပါ။

ဂန္ဓာရီပညာသည် လူ့လောက ပေါ်ကာစကပင် လူသားနဲ့အတူ ပေါ်ပေါက်လာပြီး ဒဿနပညာ၊ အနုပညာ၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာတို့သည် လူသားတို့၏ လိုအပ်ချက်အရ လောကကို အကျိုးပြုရန် ပေါ်ပေါက်လာသလိုပင် ဂန္ဓာရီပညာသည်လည်း လောကနှင့်အတူ တိုးတက်လာပြီး လောကအကျိုးဆောင်ရန် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟူသော အချက်ကို တင်ပြရန် ရည်ရွယ်ချက်ဖြင့် မဟာဂန္ဓာရီ ဆောင်းပါးများကို ရေးသားခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာများ မြင့်သည်ထက်မြင့်သောအခါတွင် ဘာသာရေးအယူဝါဒများ၊ ဒဿနအတွေးအယူများကို အသုံးပြု၍ သိပ္ပံပညာကို နားလည်ရန် ခက်ခဲလာသောအခါတွင် မဟာဂန္ဓာရီ အယူအမြင်ဖြင့် သိပ္ပံကို သဘောပေါက်လာပါလိမ့်မည်။ စတား၊ထရက်၊ တိုင်း၊ထရက် စသော သိပ္ပံ အယူအဆများကို သိရှိပြီးသား မိရိုးဖလာ အတွေးအခေါ်များဖြင့် နားမလည်နိုင် မမိနိုင်ဖြစ်နေကြသည်ကို တွေ့မြင်နေကြသည် မဟုတ်ပါလား။ ၂၁ ရာစု သိပ္ပံပညာလောကတွင် တွင်ကျယ်စွာ အသုံးပြုလာမည်ဖြစ်သော "စတုတ္ထအတိုင်းအတာ"၊ "ကာလနှင့် အာကာသ"၊ "ရုပ်မှ နာမ်သို့ ကူး ပြောင်းခြင်း" စသော အတွေးအခေါ်များကို မဟာဂန္ဓာရီ ဒဿနဖြင့်သာ ရေလည် သဘောပေါက်အောင် နားလည်နိုင်မည်။ ဤအနာဂတ်အတွက် ရည်ရွယ်ချက်ကြောင့်လည်း မဟာဂန္ဓာရီ ဆောင်းပါးစဉ်များကို ရေးသားရခြင်း ဖြစ်ပါသည်။

မဟာဂန္ဓာရီ ဒဿနကို မလေ့လာ နားမလည်၍ စူဠဂန္ဓာရီပညာလောက်ကိုသာ အဟုတ်ကြီးထင်ပြီး အယူသည်းမှု ဖြစ်မှားနေသည်ကိုလည်း နေ့စဉ်လိုပင် ကြားမြင်နေရသည်။ ထို့ကြောင့် လောကီပညာမဟုတ်သော၊ မှော်ပညာ မဟုတ်သော မဟာဂန္ဓာရီပညာရပ်ကြီးကို သမိုင်းစဉ်နှင့် ယှဉ်တွဲ၍ တတ်စွမ်းနိုင်သမျှ ဖော်ပြရခြင်း ဖြစ်ပါသည်။ မဟာဂန္ဓာရီပညာနှင့် မဟာဂန္ဓာရီ ဒဿနကြီးတစ်ခုလုံးကို ပြည့်စုံကုန်စင် ရေးသားနိုင်ခြင်းမရှိသေးပါ။ မဟာဂန္ဓာရီ နိဒါန်းမျှသာ တင်ပြနိုင်အောင် အားထုတ်ထားပါကြောင်း ဝန်ခံပါသည်။ ဤသို့တင်ပြရာတွင် အတွေ့အကြုံမတိထင်မြင်ချက်ကို အတတ်နိုင်ဆုံး ရှောင်ပြီး ခိုင်မာတိကျသော ကျမ်းများကိုသာ ရည်ညွှန်းကိုးကားပြီး ရေးသားခဲ့ကြောင်း ကိုကား အာမခံပါသည်။

မောင်ကျော်တိုင်

ကဗာလာ မဟာဂန္ဓာရီဂိုဏ်း

ကဗာလာ ဟူသောအမည်မှာ နား:စိမ်:နေကြဦ:မည် ဖြစ်သော်လည်: ကဗာလာ ပညာရှင်များ: ဖြစ်ကြသော နောစတြဒါမတ်၊ ဆော်လမွန်ဘုရင်ကြီး:တို့:ကို မြန်မာနား:တွင် ယဉ်နေပြီ: ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူပေါ်သည့်အချိန်မှစ၍ ဘာသာတရား:များ: ပေါ်ပေါက်လာသကဲ့ သို့ပင် ဂန္ဓာရီပညာရှင်များ:လည်: ပေါ်ပေါက်လာခဲ့သည်။ ထိုဘာသာရေး:ခေါင်း:ဆောင်၊ တမန်တော်စသည်တို့:မှာ ဂန္ဓာရီပညာရှင်များ: ဖြစ်ကြသည်။ ကဗလာပညာသည် အစ္စရေး: လူမျိုး:တို့:၏ ရှေး:ဟောင်: ဟီဘရူး: ဘာသာဝင်တို့:က စတင်သည်ဟု ဆိုသည်။ အာဒမ်နှင့် ဧဝတို့:၏ အနွယ်တော် အီဗရာဟမ်သည် အီဂျစ်သို့ ရောက်လာပြီး:နောက် ကဗာလာ ဂန္ဓာရီပညာကို ဂျူး:တို့:အား: လက်ဆင့်ကမ်း:ပေး:ခဲ့သည်။ ကဗာလာ ဟူသော ဓေါဟာရသည် ဟီဘရူး:ဘာသာဖြင့် "ရှေး:ရိုး:စဉ်လာ"ဟု အဓိပ္ပာယ်ထွက်သည်။

တမန်တော် မိုး:ဇက်လက်ထက်တွင် မိုး:ဇက်သည် ပထမဆုံး: ကဗာလာဂန္ဓာရီပညာ ဂိုဏ်း:ဝင်တစ်ဦး: ဖြစ်ပြီး:လျှင် တပည့် ၇၀ ကို တစ်ဖန် လက်ဆင့်ကမ်း:၍ ကဗာလာဂန္ဓာရီ ပညာကို လက်ဆင့်ကမ်း:ခဲ့ရာ ခရစ်ယာန်ဘာသာ ပေါ်ထွန်း:လာသောအခါတွင် အနောက် နိုင်ငံများ:နှင့်တကွ အာရပ်လောကပါ ပျံ့:နှံ့သွား:သည်။ ခရစ်ယာန်ဘာသာ ပေါ်ထွန်း:လာ သောအခါတွင် အနောက်နိုင်ငံများ:နှင့်တကွ အာရပ်လောကပါ ပျံ့:နှံ့သွား:သည်။ ခရစ်ယာန် ဘာသာ အတွင်း:လမ်း:ဖြစ်သော နော့:ဆစ်ဂိုဏ်း:ကြီး:ကို ထူထောင်ခဲ့သော တီယာနာသည် ကဗာလာပညာရှင်တစ်ဦး:ဖြစ်သည်။ ထို့ကြောင့် ကဗာလာဂန္ဓာရီပညာသည် ခရစ်ယ်နော့်ဆစ် ဝါဒီနှင့် ရိဆီခရစ်ဆီယံဂိုဏ်း:တို့:မှတစ်ဆင့် ပြန့်ပွား:သွား:ရာ ခေတ်လယ်ခေတ်တွင် အာရှ အလယ်ပိုင်း:ဒေသသာမက အနောက်ကမ္ဘာတစ်ဝန်း:သို့:ပါ ပျံ့:နှံ့သွား:လေသည်။

ယနေ့:ကမ္ဘာပေါ်တွင်ရှိသော ထင်ရှား:သည့် ဂန္ဓာရီဂိုဏ်း:များ:ထဲတွင် ကဗာလာ ဂန္ဓာရီပညာမှာ ရှေး:အကျဆုံး: ဖြစ်ပေသည်။ အချို့:သောသုတေသီများ:၏ အဆိုအရ ဂျူး: တို့:သည် ကဗာလာပညာကို အာရှအရှေ့:ပိုင်း: ဟိမဝန္တာရှိ သူတော်စင်ဂိုဏ်း:ကြီး:မှ စတင် ရရှိခဲ့သည်ဟု ဆိုသည်။ သို့ရာတွင်ကဗာလာဂိုဏ်း:ကြီး: မည်သည့်အချိန်က စတင်သည်၊ မည်သူ စတင်သည်ကိုမူ ယနေ့တိုင် သုတေသနပြုဆဲပင် ဖြစ်သည်။

ကဗာလာ ဂန္ဓာရီပညာနှင့် ပတ်သက်သော ကျမ်းများအနက် ဆီပါရေးဆီးယားခေါ် (sepher yetzi rahနှင့် zoher) ကျမ်းနှစ်စောင်မှာ ၉ ရာစုတွင် ပေါ်ပေါက်လာပြီး အလင်ရှားဆုံးနှင့် ပဓာနအကျဆုံးကျမ်းများဖြစ်သည်။

အမှန်စင်စစ်အားဖြင့် မူလပညာရှင်များက ကဗာလာပညာကို စာပေဖြင့် ရေးသားခဲ့ခြင်း မဟုတ်ပေ၊ ဂန္ဓာရီပညာတို့၏ သဘာဝအရ ဆရာ၏ နှုတ်ကပတ်ကို တပည့်နားတွင် မှတ်သားထားရသော အန္တေဝါသိက လျှို့ဝှက်ပညာစနစ်သာ ဖြစ်သည်။ နောင်ကာလကြာမြင့်လာသောအခါမှသာလျှင် ကျမ်းများအဖြစ် ရေးသားခဲ့ခြင်းဖြစ်သည်။

ကဗာလာပညာနှင့် ပတ်သက်၍ သမားစဉ်ကျမ်းဂန်လာ ကဗာလာပညာ၊ လက်တွေ့ကဗာလာပညာနှင့် စာဖြင့် ရေးသားမှတ်တမ်းတင်ခြင်းမပြုသော အန္တေဝါသိက ကဗာလာဟု သုံးမျိုးဖြစ်လာသည်။ ယခုအခါတွင် ဂျူးဘာသာရေးခေါင်းဆောင်များသည် ကဗာလာပညာကို လက်မခံကြတော့ပါ။ ကဗာလာပညာမှာ ယနေ့ကမ္ဘာပေါ်တွင် ဂျူးလူမျိုးပညာမဟုတ်တော့ဘဲ တစ်ကမ္ဘာလုံးက ပိုင်ဆိုင်သော ဂန္ဓာရီပညာဖြစ်လာပါသည်။ မြန်မာပြည်တွင်လည်း ကဗာလာပညာရှင်များ ရှိခဲ့ဖူးပါသည်။ သို့ရာတွင် ရွက်ပုန်းသီးများ၊ ဝင့်ဝါလိုသူများ မဟုတ်ကြ၍ လူသိနည်းခဲ့သည်။

ကျမ်းဂန်လာ ကဗာလာပညာမှာ မူလဓာတ်ဘုရားနှင့် လူသားတို့ ဆက်သွယ်ပုံကို (Tree of life) ခေါ် 'ဘဝသစ်ပင်'ဖြင့် သရုပ်ပြ သင်ကြားပေးသည်။ မူလဓာတ်ဘုရားကြီးသည် လောကီနှင့်မဆိုင်၊ ဓာတိမရှိ၊ ဇရာမရှိ အစဉ်သဖြင့် တည်ရှိနေသော အလင်းဓာတ်ကြီး ဖြစ်သည်။ ယင်းအလင်းဓာတ်ကြီးမှနေ၍ စွာန်ဘုရားများ ဗြဟ္မာ၊ နတ်၊ လူတို့ ဖြစ်လာကြသည်။ ဓာတ်ဘုရားကြီးက ခရစ်ယာန်ဘာသာကဲ့သို့ လူသားများကို တိုက်ရိုက်ဖန်ဆင်းခြင်းမျိုး မဟုတ်။ အိမ်ဆိုခေါ် ယင်းဓာတ်ဘုရား၏ ဘုန်းတော်အနှစ်အရဘုရား၏ ဉာဏ်တော်အနှစ်က အလင်းဓာတ်ကြီးသည် အထက်မှ အောက်သို့ ကွန့်မြူးဖြာထွက်လာခြင်း ဖြစ်သည်ဆို၏။


လက်တွေ့ကဗာလာပညာတွင် ခေတ်လယ်ခေတ်မှ ပေါ်ထွက်ခဲ့သော ရိုစီခရစ်ယာန်ဂန္ဓာရီဂိုဏ်း၊ နော့ဆစ်ဂိုဏ်းနှင့် အဂ္ဂိရတ်ပညာတို့က မိမိတို့အခြေအနေ၊ ခေတ်နှင့်ဆီလျော်အောင် လက်တွေ့ကျင့်သုံးကြသည်။ ဤသို့ အထက်လမ်းကျင့်စဉ်များကို ကျင့်ကြံရင်းလမ်းချော်သွားသူများသည် အောက်လမ်းသို့ ရောက်သွားပြီးနောက် ကဗာလာပညာဖြင့် စီရင်ထားသော အဆောင်၊ လက်ဖွဲ့၊ အင်း၊ မန္တန်များကို အသုံးပြုကြသည်။ ထို့ကြောင့် ကမ္ဘာ့ပညာတတ်လောကနှင့် သိပ္ပံလောကမှ ကဗာလာပညာကို အောက်လမ်းမှော်ပညာဟု ထင်မြင်နေကြခြင်း ဖြစ်သည်။

ယင်းလက်တွေ့ပညာထဲမှ မြန်မာပြည်အပါအဝင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားသော ကဗာလာ လက်တွေ့ပညာတွင် "တားရော့"ခေါ် ဖဲဗေဒင်ပညာသည် လူသိအများဆုံးဖြစ်သည်။ 'တားရော့'၏ မူလရည်ရွယ်ချက်မှာ ကဗာလာဂန္ဓာရီ ပညာစနစ်: တက်လှမ်းရာတွင် တက်စဉ် (၂၂)ပါး ဖြစ်သည်။ ယင်းတက်စဉ်မှာ သင်္ကေတနည်းဖြင့် ဖော်ပြရာ ယင်း

သင်္ကေတများကို ဖဲချပ်ပြုလုပ်ပြီး ကဗာလာလမ်းစဉ်မှ ချော်ထွက်သွားသူများက ဖဲဗေဒင် လုပ်၍ ဟောပြောကြခြင်း ဖြစ်သည်။ တားရော့တက်စဉ် (၂၂) ပါးမှာ ကျယ်ဝန်းလှ၍ သီးခြားတင်ပြမှသာလျှင် သဘောပေါက်နိုင်ပါလိမ့်မည်။

တတိယ ကဗာလာပညာဖြစ်သော အန္တဝါသိကနည်းမှာ ဆရာက တပည့်ကို လက်ထပ်သင်သောနည်းဖြစ်၍ ရေးသားဖော်ပြရန် မလွယ်ကူပါ။ ဆရာနှင့်တပည့် နှစ်ဦးသာလျှင် နားလည်နိုင်သောကြောင့် ဖြစ်သည်။ ကဗာလာ၏ အဓိကမဏ္ဍိုင်မှာ 'ဘဝသစ်ပင်' သဘောတရားပင်ဖြစ်၍ ယင်းဘဝသစ်ပင်တရားသည်ပင်လျှင် ကဗာလာဂန္ဓာရီပညာဖြစ်ပေသည်။ ယင်းဘဝသစ်ပင်ကို အောက်ပါအတိုင်း သရုပ်ဖော်ပုံဖြင့် သင်ကြားပေးသည်။

ကဗာလာဂန္ဓာရီပညာ၏ ဒဿနအရ စကြဝဠာဟူ၍ မဖြစ်ပေါ်မီကအစ ပထမဆုံး ရှိသည်မှာ 'အိမ်ဆို' ခေါ် ဓာတ်ဘုရားကြီးရှိသည်။ ယင်းဓာတ်ဘုရားကြီး၏ ဉာဏ်အလင်းကွန်မြူးလိုက်သဖြင့် 'ဒဒ' ဘုံသောလောကီဘုံများ၊ ဘုံသားများ ဖြစ်ပေါ်လာရကာ နောက်ဆုံး ကမ္ဘာမြေကြီးနှင့် လူသားများ ဖြစ်ပေါ်လာရသည်။ ယင်းသို့ အနန္တဉာဏ်တော်အလင်းမှ လူသားအထိ နောက်ဆုံးကမ္ဘာမြေကြီးနှင့်လူသားများ ဖြစ်ပေါ်လာရသည်။ ပုံကို အောက်ပါအတိုင်း သရုပ်ပြထားသည်။



ဘဝသစ်ပင်သဘောတရားပုံ

သစ်ပင်တစ်ပင်သည် အရင်းအမြစ်မှ သည် ပင်စည်၊ ယင်းမှ အကိုင်းအခက်၊ တစ်ဖန် ကိုင်းဖျား ကိုင်းနှာနှင့် အသီးအပွင့်တို့ ဖြစ်သည်။ ထို့အတူ ပင်စကြဝဠာဆောက်ဘုံသားများသည်လည်း အမြစ်တည်းဟူသော ဓာတ်ဘုရားကြီးမှ ဆင်းသက်လာကြောင်းကို သစ်ပင်နှင့် နှိုင်းယှဉ် သရုပ်ဖော်ခြင်း ဖြစ်သည်။

ဘဝသစ်ပင် သရုပ်ပြပုံတွင် တြိဂံသုံးခု ပါဝင်သည်။ ပထမဆုံး ဘုရားထဲမှ ကွန့်မြူးထွက်ပေါ်လာသော ဉာဏ်အလင်းဓာတ်ကြီးကို 'ကေသာ' ဟုခေါ်၏။ ဒုတိယထွက်ပေါ်လာသော အလင်းဓာတ်ကို 'ဟုတ်မာ' ဟု ခေါ်သည်။ တတိယ အလင်းဓာတ်မှာ 'ဘင်နာ' ဖြစ်၍ ဟုတ်မာမှာ အဖိုဓာတ်အတိုက်ဓာတ်ဖြစ်ပြီး ဘင်နာမှာ အခံဓာတ်အမဓာတ် ဖြစ် သည်။ ယင်းအတိုက်ဓာတ်နှင့် အမဓာတ်တို့တစ်ခုနှင့်တစ်ခု ဆန့်ကျင်မှုအားပြိုင်မှုတို့ကြောင့် ဒုတိယတြိဂံဖြစ်ပေါ်လာရသည်။ ဒဿနနည်းအားဖြင့်ဆိုရလျှင်မူ မူလဓာတ်နှင့် ပဋိပက္ခဓာတ်တို့၏ ဆန့်ကျင်ဘက်စွမ်းအား ပြိုင်ဆိုင်မှုကြောင့် တတိယစွမ်းအားဖြစ်သော သမ္မာဓာတ်ဖြစ်ပေါ်လာရသည်။ သမ္မာဓာတ်သည် မူလဓာတ်မဟုတ်၊ ပဋိပက္ခဓာတ် မဟုတ်သော ယင်းဓာတ်နှစ်ပါး ပေါင်းစပ်စွမ်းအင်သစ်တစ်ခုသာ ဖြစ်သည်။ ယင်းဒုတိယမှ သည် လူ၊ နတ်၊ ဗြဟ္မာစသောဘုရားများ ဖြစ်ပေါ်လာသည်။

ဒုတိယတြိဂံတွင် ဟေဆက် (၄)သည် ဖခင်မတ္တာ၊ ကရုဏာဖြစ်ပြီး 'ဂေဘူရ' (၅)သည် မဓာတ်၊ အဖျက်ဓာတ်၊ ရက်စက်ကြမ်းကြုတ်မှု ဖြစ်သည်။ ဤသို့မတူသော ဟေဆက် (၄)နှင့် ဂေဘူရ (၅)တို့ ပဋိပက္ခဖြစ်မှု အတိုက်အခံဖြစ်မှုတို့ကြောင့် ယင်းဓာတ်နှစ်ပါးတို့ သမ္မာဖြစ်ရာ 'တိပါရက်' (၆) ဖြစ်ပေါ်လာရသည်။

တတိယတြိဂံတွင် 'နက်ဆာ' (၇)သည် အဖို၊ အောင်နိုင်ခြင်းနှင့် ခံနိုင်ရည် ဇွဲသတ္တိစွမ်းအင်ဖြစ်ပြီး 'ဟော့ဒ်'(၈)သည် 'နက်ဆာ'(၇)၏ ဆန့်ကျင်ဘက် အမဓာတ်၊ စိတ်စွမ်းအင်၊ တဏှာရာဂစွမ်းအင်များကို ဖော်ဆောင်သည်။ ယင်းဓာတ်နှစ်ပါး ပဋိပက္ခကြောင့် တတိယစွမ်းအင်ဖြစ်သော 'ယယ်ဆော့'(၉) သမ္မာဓာတ်သစ် ဖြစ်ထွန်းလာသည်။ ယင်းသမ္မာဓာတ် 'ယယ်ဆော့' (၉) မှနေ၍ 'မာလ်ကွတ်'(၁၀) ခေါ် လူလောက (၀၁) စကြဝဠာကြီး ဖြစ်ပေါ်လာသည်။

တြိဂံသုံးခု၏ ဆက်သွယ်မှု သဘောအကျဉ်းမှာ –

(၁) ပထမတြိဂံတွင် အဖိုစွမ်းအင်နှင့် အမစွမ်းအင်တို့ နှစ်ရပ်ပေါင်းစပ်၍ အာကာသနှင့် စကြဝဠာ စတင်ဖြစ်ပေါ်လာသည်။

(၂) ဒုတိယတြိဂံတွင် လောက၏ ဖခင်ဓာတ်နှင့် မိခင်ဓာတ်တို့၏ ပြုစုစောင့်ရှောက်မှုဖြင့် လောကတည်းဟူသော သားသည် မွေးဖွားလာသည်။

(၃) တတိယတြိဂံတွင် မွေးဖွားလာသော သားစကြဝဠာသည် ကြီးပြင်းအရွယ်ရောက်လာပြီး လောက၏အထွတ်အထိပ်သို့ ရောက်သွားသည်။

ဘဝသစ်ပင်အဖြစ် ဖွဲ့တည်ထားသော တြိဂံသုံးခု၏ ညာဘက်အစွန်ရှိ အလင်းဓာတ်မှာ အခံဓာတ်၊ အမဓာတ်ဖြစ်သည်။ ယင်းအခံဓာတ်နှင့်အတိုက်ဓာတ် (၀၁) မူလနှင့် ပဋိပက္ခဓာတ်တို့ ညီညွတ်သမမျှတသွားသောအခါ အလယ်ဗဟိုရှိ အလင်းဓာတ်အသစ်များ ဖြစ်ပေါ်လာသည်။ ဤသို့ အလင်းဓာတ်များ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာရာမှ စကြဝဠာကြီး ဖြစ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကဗာလာပညာ၏ အခြေခံသည် အတိုက်ဓာတ်နှင့် အခံဓာတ်တို့၏ မူလဓာတ်ဖြစ်သည့် သဟဇာတတရားကို အခြေခံခြင်းဖြစ်သည်။

ဉာဏ်အလင်းရောင် ကွန့်မြူးရာတွင် ပထမကွန့်မြူးခြင်းမှစ၍ (၁၀)ကြိမ်မြောက် သမကွန့်မြူးခြင်းအထိ ဆယ်ဆင့်ထားသည်။ ယင်းအဆင့်အလိုက် ဘဝသစ်ပင် သရုပ်ပြပုံတွင် ကွန့်မြူးသော ဉာဏ်အလင်းရောင်ကိုလည်း အစဉ်လိုက် (၁)မှ (၁၀)အထိ ဖော်ပြထားသည်။

ဓာတ်ဘုရားကြီး၏ ထိပ်ဆုံးမှနေ၍ 'ကေသာ' ဉာဏ်အလင်းရောင် ကွန့်မြူးရာမှ နောက်ဆုံး (၁၀)ကြိမ်မြောက် 'မဲလ်ကွတ်' ဉာဏ်အလင်းရောင် ကွန့်မြူးလိုက်သောအခါ ပြီးဆုံးသွားသည်။ ယင်းဉာဏ်လင်းရောင် တစ်ခုစီ၏ ဂုဏ်ပုဒ်တို့မှာ–

၁။ ကေသာ၊ ပထမဆုံး ကွန့်မြူးမှု၊ သချိုင်္ကာအားဖြင့် ၁။ အာကာသ၊ သရုပ္ပ၏ သင်္ကေတ။

၂။ ဟုတ်မာ၊ အဖိုဓာတ်၊ အသက်ဓာတ်၊ စပထမဆုံးလှုပ်ရှားမှု(logos)စွာန်ဘုရား။

၃။ ဘင်နာ၊ အခံဓာတ်၊ အမဓာတ်၊ မိခင်၊ ကမ္ဘာမယ်တော်ဓာတ် (မာရီယာနှင့် ကွမ်းယင်) သိနားလည်မှု၊ သချိုင်္ကာအားဖြင့် ၃၊ သင်္ကေတအားဖြင့် မအင်္ဂါဇာတ်။

၄။ ဟေဆက်၊ ဖခင်၏ ကြင်နာမှု၊ သားကို လမ်းညွှန်၊ ကာတွယ်စောင့်ရှောက်မှုနှင့် တည်ဆောက်မှုစွမ်းအင်။

၅။ ဂေဘူရာ၊ မဓာတ်၊ အမုန်း၊ ဒေါသ၊ ဖျက်ဆီးမှုဓာတ် (ကာလီဓာတ်)။

၆။ တီဖာရက်၊ ဟေဆက်နှင့် ဂေဘူရာတို့ကို ညီညွတ်မျှတစေသော သမ္မာဟဓာတ်၊ ပရာနဓာတ်၊ သဟဇာတဓာတ်။

၇။ နက်ဆာ၊ ဖိုဓာတ်၊ အောင်မြင်မှု၊ ဇွဲသတ္တိ၊ ရာဂ၊ တဏှာ။

၈။ ဟော့ဒ်၊ မဓာတ်၊ နက်ဆာ၏ ဆန့်ကျင်ဘက်စိတ်စွမ်းအင်။

၉။ ယေဆော့၊ နက်ဆာနှင့် ဟော့ဒ်ကို သမမျှတအောင် ပြုလုပ်သောစွမ်းအင်၊ သဟဇာတဓာတ်၊ သချိုင်္ကာအားဖြင့် (၉)။ အမောင်ထဲရှိအလင်း၊ မဟိဒ္ဓိတန်ခိုး၊ နက်ဆာနှင့် ဟော့ဒ်ဓာတ်နှစ်ပါးကို သမ္မာဟဖြစ်စေသော စွမ်းအင်။

၁၀။ မာလ်ကွတ်၊ မြေကြီး၊ မြေသြဇာ၊ စိုက်ပျိုးရေး၊ အသီးအပွင့်၊ သချိုင်္ကာအားဖြင့် (၁၀)၊ ကျန်ရောင်ခြည် ကိုးပါးစလုံးတို့ စုပေါင်းပါဝင်သောစွမ်းအင်။

ဉာဏ်ရောင်ခြည် ၁၀ပါးရှိရာသို့ တက်လှမ်းရန် ကျင့်ကြံအားထုတ်ခြင်းသည် ကဗာလာကျင့်စဉ် ဖြစ်သည်။ နောက်ဆုံးရောင်ခြည် ၁၀ပါး ကုန်သောအခါ ဓာတ်ဘုရားထံ ရောက်ရှိရန်ဖြစ်သည်။ ထို့ကြောင့် ရောင်ခြည် ၁၀ပါးအဆင့် တစ်ဆင့်စီ တက်ခြင်းကို တက်စဉ် ၁၀ပါးဟု ခေါ်သည်။ ယင်းရောင်ခြည် ၁၀ ပါးသို့ တက်လှမ်းရန်အတွက် ပဏာမလမ်းစဉ်ခေါ် ကျင့်စဉ် ၂၂ပါးရှိသည်။ ရောင်ခြည် ၁၀ပါးနှင့် တက်စဉ် ၂၂ပါး စုစုပေါင်း တက်စဉ် ၃၂ပါးဖြစ်သည်။ တက်စဉ် ၂၂ပါးသည် ဟီဘရူးအက္ခရာ ၂၂လုံးဖြစ်သည်။ တစ်နည်းအားဖြင့် တားရော့ကတ်ပြား ၂၂ပြားဖြစ်သည်။ တားရော့ကတ်တွင် ဖော်ပြထားသော သင်္ကေတအရုပ်များမှာ တက်စဉ်တစ်ခုစီကို ရည်ညွှန်းခြင်းဖြစ်၍ ဆောင်းပါးတွင် အသေးစိတ် ဖော်ပြရန် မဖြစ်နိုင်ပေ။ တက်စဉ် ၂၂ပါး ရေးသားတွင် ကဗာလာ

ပညာရှင်တို့က cipher ခေါ် လျှို့ဝှက်ရေးနည်းဖြင့်သာ ရေးသားသည်။ မသက်ဆိုင်သူများ မသိစေရန်၊ အလွဲသုံးစားပြုမည့်သူများ အသုံးမပြုနိုင်စေရန်ရည်ရွယ်ခြင်းဖြစ်သည်။ အက္ခရာများကို သချိ္ဂာသင်္ကေတဖြင့်ယူ၍ရေးသည်။ အက္ခရာတစ်လုံးကျော်၊ နှစ်လုံးကျော်၊ ထိပ်စီးအက္ခရာယူ၍ အဓိပ္ပာယ်ဖွင့်ရသော နည်းမျိုးဖြစ်သည်။ မြန်မာတို့၏ ရှေးကသုံးခဲ့သော ဒူးဂဏန်း၊ ကြေးဂဏန်းနှင့် အလားတူသည်။ အထူးသဖြင့် ဂဏန်းသချိ္ဂာ၏စွမ်းအင်ကို အသုံးချသည်။

ပညာစ၍ တက်စဉ်များ ခက်ခဲလှသောကြောင့် စူဋ္ဌဂန္ဓာရီနှင့် မဟာဂန္ဓာရီတွင် အခြေခံသင်္ကေတရား ဘဝသစ်ပင်နှင့် အခြေခံကျင့်စဉ်များကို ကျင့်ရပြီး နောင်အဆင့်တက်သောအခါမှသာလျှင် မဟာဂန္ဓာရီအဆင့်သို့ ရောက်သည်။ မဟာဂန္ဓာရီစခန်းရောက်သောအခါ ဘဝသစ်ပင်သင်္ကေတရားကို လက်တွေ့ကျင့်ရသည်။ ဘဝသစ်ပင်ကို ရောင်ခြည် ၁၀ ဆင့်အဖြစ်သာမကတော့ဘဲ လူတို့ခန္ဓာကိုယ်တွင်ရှိသော ချက္ကရစက်များအဖြစ် အောက်စက်မှစ၍ သရုပ်ပြပုံအတိုင်း တစ်ဆင့်စီ အထက်ချက္ကရများကို စနစ်တကျ နှိုးရသည်။ ပုံတွင် ပြထားသည့်အတိုင်း တစ်ဆင့်စီ၊ အထက်ချက္ကရများကို စနစ်တကျ နှိုးရသည်။ ပုံတွင် အလယ်မကျိုင်သည် သုစုမနခေါ် ပင်မနဒီကြိုးဖြစ်ပြီး ဘယ်ညာရှိရောင်ခြည်တို့မှာ ဣဒါနှင့် ပင်္ဂလခေါ် နဒီကြိုးနှစ်ခု ဖြစ်သည်။ ယင်းနဒီကြိုးတစ်လျှောက်တွင် ချက္ကရစက်များ တည်ရှိသည်။ နောက်ဆုံးတွင် ဦးခေါင်းထိပ်ရှိ ချက္ကရသို့ ရောက်သောအခါ အမြင့်ဆုံး ဉာဏ်အလင်းရောင်ခြည်ကို ရရှိမည်ဖြစ်သည်။

လက်တွေ့ကျင့်စဉ်

ရောင်ခြည်လောကသို့ တက်လှမ်းလိုသော ကဗ္ဗလာပညာရှင်သည် ကာယက်၊ ဝစီက်၊ မနောက်သုံးပါး ဖြူစင်သန့်ရှင်းအောင် လက်တွေ့နေ့စဉ်နေထိုင်မှုဘဝတွင် ကျင့်သုံးရမည်။ ကာမဂုဏ်၊ စိတ်ကူးလောကနှင့် သောကချည်နှောင်မှုမှ လွတ်အောင် ရုန်းရမည်။

ဤသို့ နေ့စဉ် ကျင့်ကြံခြင်းဖြင့် သူ၏ရုပ်နှင့်စိတ်ကို ပိုင်နိုင်အောင်၊ သန့်ရှင်းအောင် ပြုရမည်။ ရုပ်ခန္ဓာကိုယ်အား အောင်နိုင်ရေးအတွက် အချိန်ကြာမြင့်စွာ မလှုပ်မရှားထိုင်နိုင်အောင် ကျင့်ရသည်။ ဒူးထောက်ပြီး ခါးကိုမတ်မတ်ထား၊ လက်ကို ပေါင်ပေါ်တင်ထားသော အာသနမုဒြများ၊ ညာခြေထောက်ပေါ်ရပ်၊ ဘယ်ခြေကျင်းဝတ်ကို ညာလက်ဖြင့် ဆုပ်ထားပြီး ဘယ်လက်ညှိုးဖြင့် နှုတ်ခမ်းကိုထိထား စသော မုဒြများဖြင့် စိတ်အာရုံထိန်းချုပ်နေရန် ဖြစ်သည်။ အသက်ကို မှန်မှန် နာရီစည်းကျကျ ရှူရမည်။ တစ်ခါတစ်ရံ ဥပုသ်တစ်ပတ်လုံး ဤအနေအထားအတိုင်း မပြင်ဘဲ အားထုတ်ရသည်။

အာရုံစူးစိုက်မှုနှင့် အာရုံသရုပ်ဖော်ခြင်းကို အဓိကထား ကျင့်ရသည်။ မိမိစိတ်အဝင်စား၊ ဆုံး အကြောင်းအရာကို တစ်ပတ် ၁၀ရက်လုံး စဉ်းစားခြင်း မပြုဘဲ နေရသည်။ ဤသို့တည်ငြိမ်သောအရာများကို ပိုင်နိုင်ပြီဆိုပါက နာရီ၊ ချိန်သီး၊ လည်နေသောဘီး၊ လွှင့်နေသော တိမ်လွှာတို့ကို စိတ်အာရုံတွင် သရုပ်ဖော်ပြတ်သားစွာ ပေါ်လာသည်အထိ အာရုံယူရသည်။

အမြင်အာရုံသာမက၊ နာရီသံတစ်ချက်ချက်ကို အကြားအာရုံဖြင့် သရုပ်ဖော်ခြင်း၊

ကတ္တီပါအသား၏ အထိအတွေ့အာရုံဖြင့် သရုပ်ဖော်ခြင်း၊ အမွေးနုံကို စိတ်ဖြင့် ရူခြင်း တို့ကိုလည်း တစ်ဆင့်တက် ကျင့်ရသည်။ ဤအဆင့် လွန်မြောက်သောအခါ မိမိ၏ ပုံကို မိမိရှေ့တွင် ပေါ်လာအောင် အာရုံသရုပ်ဖော်ရသည်။ မိမိသန္ဓာန်သရုပ်ပေါ်လာသောအခါ မိမိစိတ်ကို ယင်းသန္ဓာန်သို့ ပြောင်းပေးရသည်။ ထိုအခါ မိမိ၏ကိုယ်ပွားသည် အသက်ဝင် လှုပ်ရှား ရုပ်လောကနှင့် နာမ်လောကသို့ သွားလာကျက်စားနိုင်ပေပြီ။ ယင်းရုပ်ပွားကို (Astral Body)လိပ်ပြာခန္ဓာဟုခေါ်သည်။ ယနေ့ (Astral Body)စေစား၍ပင် ပညာရပ်မှာ အဓိကအားဖြင့် ကဗာလာဂန္ဓာရီထံမှ ရရှိခြင်းဖြစ်သည်။

ဤကျင့်စဉ်များဖြင့် ကဗာလာပညာပေါက်ရောက်ပြီး ထွက်ရပ်စန်းသို့ တက်လှမ်းကြသော ကမ္ဘာကျော် ကဗာလာပညာရှင်တို့မှာ ပါရာဆဲဆပ်၊ ဂျက်ကော့ဗိုဟီမင်၊ သောမတ်ဗောဂန်၊ ဒါနပညာရှင် လီဘနိစ်၊ လော့ဘောကွန်၊ စပိုင်နိုဆာ၊ ဆော်လမွန်ဘုရင်၊ ဒေးဗစ်ဘုရင်၊ အနာဂတ်ကို ဟောနိုင်သူ နောစတြဒါမတ်၊ အဲလ်လီဖာလီဗီ၊ အပိုလိုနီးယပ်စ်၊ ဗလာဗက်စကီးနှင့် ဒီယွန်ဖော်ကျွန်းတို့ ဖြစ်သည်။

ယနေ့တိုင်အောင် တစ်ကမ္ဘာလုံးသို့ ကဗာလာပညာများ ပြန့်ပွားလေ့လာပြီး မြန်မာပြည်တွင် တားရော့ဆောင်းပါးများကြောင့် တားရော့ပညာကို စိတ်ဝင်စားလာကြပြီဖြစ်ရာ ကဗာလာပညာကိုလည်း စိတ်ဝင်စားသူများ ပေါ်ထွက်လာမည်ကို မျှော်လင့်စောင့်စားနေပါသည်။

တားရော ဂန္ဓာရီပညာ

တားရော့ဆိုတာ ဖဲဗေဒင်ပဲ၊ ဘယ်နှယ် တားရော့ ဂန္ဓာရီပညာလဲဟု ခေါင်းစဉ်ကြည့်၍ မေးခွန်းထုတ်ကောင်းထုတ်မည်။

မှန်ပါသည်၊ တားရော့ခေါ် ဖဲထုပ်ဖြင့် ဗေဒင်ဟောခြင်းကို ဂျစ်ပစီများက ၁၅ ရာစုခန့်တွင် အနောက်နိုင်ငံများတွင် လှည့်လည်ဟောပြောရာမှ တားရော့ဖဲဗေဒင်ဟု လူသိများလာခြင်း ဖြစ်ပါသည်။ တားရော့ဂန္ဓာရီပညာကိုမူကား လူသိနည်းလှသည်။

စင်စစ်အားဖြင့် တားရော့ဂန္ဓာရီပညာသည် သီးခြားဂန္ဓာရီပညာကားမဟုတ်၊ ကဗာလာပညာစခန်းတစ်ရပ်သာ ဖြစ်သည်။ ကဗာလာမဟာဂန္ဓာရီ ဂိုဏ်းကြီးအကြောင်း ရေးခဲ့စဉ်က ကဗာလာ မဟာဂန္ဓာရီဂိုဏ်းကြီးမှာ ယခုအခါတွင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားသောအခါတွင် ကဗာလာမဟာဂန္ဓာရီ ပညာရပ်အဖြစ်လည်းကောင်း၊ နော့ဆစ်ခေါ် ခရစ်ယာန်ဘာသာအတွင်းဂိုဏ်းပညာအဖြစ်လည်းကောင်း၊ ရိုဆီကရှင်းဆီယံဂိုဏ်းအဖြစ်လည်းကောင်း အမည်အမျိုးမျိုးဖြင့် ပြန့်ပွားသွားရာတွင် တားရော့ဂန္ဓာရီပညာလည်း အပါအဝင်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ကဗာလာ မဟာဂန္ဓာရီပညာသည် အဆင့်မြင့်ပညာဖြစ်ပြီး တားရော့ ဂန္ဓာရီပညာမှာ ကဗာလာနှင့် နှိုင်းစာပါက စူဠဂန္ဓာရီပညာအဆင့်သာ ဖြစ်သည်။ အဘယ့်ကြောင့်

ဆိုသော် တားရော့ဂန္ဓာရီပညာမှာ ကဗာလာဂန္ဓာရီပညာကြီး၏ ဒဿနကိုပင် မှီခိုနေပြီး ကဗာလာဂန္ဓာရီပညာ၏ အဓိက မဏ္ဍိုင်ဖြစ်သော 'ဘ၀သစ်ပင်' ဒဿနကိုပင် အခြေပြုတားသောကြောင့် ဖြစ်သည်။

'ဘ၀သစ်ပင်' အယူအရ ဂန္ဓာရီပညာစခန်းတွင် ရောင်ခြည် ၁၀ ပါး ကျင့်စဉ်သည် ကဗာလာ၏ မဏ္ဍိုင်ဖြစ်သည်။ နိမ့်ရာမှနေပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်သွားပြီး နောက်ဆုံး လောကီမှ လောကုတ္တရာသို့ ထွက်ရပ်လမ်းအဖြစ် ရောင်ခြည် ၁၀ ပါးသို့မဟုတ် တက်စဉ် ၁၀ ပါးဖြင့် ဒုက္ခဘုံကြီးမှ လွတ်မြောက်ရာ ထွက်ရပ်စခန်းသို့ ရောက်ရှိရေးပင် ဖြစ်သည်။

တားရော့ဂန္ဓာရီစခန်းအနေဖြင့် ယင်းကဗာလာ ဂန္ဓာရီပညာစခန်းဖြစ်သော ရောင်ခြည် ၁၀ ပါး 'ဘ၀သစ်ပင်' ကျင့်စဉ်ကိုပင်လျှင် အနုစိတ်ပြီး တက်စဉ် ၂၂ ကို ပါးဖြင့် ထွက်ရပ်လမ်းသို့ တစ်ဆင့်ပြီးတစ်ဆင့် လှမ်းတက်ခြင်းပင် ဖြစ်သည်။ ဘ၀သစ်ပင်သကေတတွင် ရောင်ခြည် ၁၀ ပါးကို တြိဂံသုံးခုဆင့်ထားသော သကေတပေါ်တွင် တားရော့တက်စဉ် ၂၂ ပါးကို တင်ထားပြီး ကျင့်ကြံအားထုတ်ခြင်း ဖြစ်သည်။ ကဗာလာ၏ မိခင်ကြီးဖြစ်သော ဟီဘရူးအက္ခရာ ၂၂ လုံး ရှိသည်ကိုအစွဲပြု၍ တားရော့ တက်စဉ် ၂၂ ပါး ဖြစ်လာခြင်းဖြစ်သည်။

ယင်းတားရော့တက်စဉ် ၂၂ ပါးကို ကျင့်ကြံလိုသူများ လက်သို့ ပေးပို့ဖြန့်ချိရာတွင် တားရော့ကဒ်ပြား၊ တားရော့ဖချေပ်ကို အသုံးပြု၍ ဖြန့်ချိခြင်းဖြစ်သည်။ တားရော့ကဒ်ပြား ၂၂ ချပ်တွင် တစ်ချပ်စီ၏ အမှတ်စဉ်နံပါတ်နှင့် ကဒ်ပြားတပ်ပြားစီတွင် ဖော်ပြထားသော အရုပ်တို့၏ သကေတများသည် တားရော့တက်စဉ်များကို ဖော်ပြနေသည်။ သို့သော် ဂန္ဓာရီပညာရပ်ဖြစ်သည်နှင့်အညီ ယင်းနံပါတ်၊ ကိန်းဂဏန်းများ၊ သကေတ အရုပ်များကို သာမန်လူများအနေဖြင့် နားမလည်နိုင်ပေ။ ယင်းဂဏန်းသင်္ချာနှင့် သကေတများမှာ လျှို့၀ှက်အနွေ ၀ါသိကနည်းဖြင့်သာ ကဗာလာပညာကိုအခြေပြု၍ ဖွင့်ရမည်ဖြစ်သည်။

တားရော့ဖဲထုပ်တွင် ဖဲချပ်ပေါင်း ၇၄ ချပ် ပါ၀င်သည်။ မေဂျာအာကာနာ ၂၂ ချပ်နှင့် မိုင်နာအာကာနာ ၅၂ ချပ်၊ စုစုပေါင်း ၇၄ ချပ်ဖြင့် ဂျစ်ပဆီတို့ ရှေ့ဖြစ်ဟောကြသည်။ တားရော့ဂန္ဓာရီပညာတွင်မူ major ARCANA ၂၂ ချပ်ကိုသာ အသုံးပြုသည်။ ဟီဘရူးအက္ခရာ ၂၂ လုံး ရှိသည်ကို အစွဲပြု၍ ဖဲချပ် ၂၂ ချပ်ကို အသုံးပြုသည်ဟု ထင်ရသော်လည်း ၂၂ ဟူသော ကိန်းဂဏန်းသည် လျှို့၀ှက်ဆန်းကြယ်သော ဂန္ဓာရီပညာအရ အလွန်ထူးခြားသောကိန်းဖြစ်သည်။ ဂဏန်းဗေဒင်တွင် ၂၂ ဟူသောကိန်းမှာ အထူးခြားဆုံး၊ အနက်နဲဆုံးဖြစ်သည်ကို အားလုံးအသိပင်ဖြစ်သည်။


ထို့ကြောင့် တားရော့ဂန္ဓာရီပညာကို လေ့လာမည်ဆိုပါက Numerology ခေါ် ကိန်းဂဏန်းစွမ်းအင်နှင့် Symbology ခေါ် သကေတဗေဒကို ခြေခြေမြစ်မြစ် နားလည်ထားရန်လိုသည်။ အကြောင်းအရာတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးအား သကေတဖြင့် ကိုယ်စားပြုပြီး စာပေရေးသားရာတွင် သုံးစွဲဖော်ပြသည်ကို Symbolism သကေတ၀ါဒဟု သိကြသည်။ ဂန္ဓာရီပညာစခန်းမှာမူ သကေတ၀ါဒဟူသော သကေတကိုယ်စားပြုသော အရာ၀တ္ထု၊ ပုဂ္ဂိုလ်တို့ကို ဖော်ပြရုံဖြင့် မလုံလောက်တော့ချေ။ ပညာစခန်းတွင် အသုံးပြုသော သကေတ၏

မူရင်းစာစ်မြစ်၊ သင်္ကေတ၏ အစွမ်းသတ္တိနှင့် သင်္ကေတကို အသုံးပြုနည်းများကို ဖော်ပြသော သင်္ကေတဗေဒကိုပါ လေ့လာထားရန် လိုအပ်ပါသည်။ ဤသို့ ကိန်းဂဏန်းများ၏ အဓိပ္ပာယ်၊ တန်ဖိုးကို သဘောပေါက်မှသာလျှင် တားရော့တက်စဉ် ၂၂ပါးတွင် တက်စဉ် တစ်ပါးစီ၏ ကိန်းဂဏန်းအရ ယင်းတက်စဉ်၏ သဘာဝနှင့် အသုံးဝင်မှုကို သိရမည်ဖြစ်သည်။

တစ်ဖန် တားရော့တက်စဉ် တစ်ပါးစီအလိုက်ရှိသော တားရော့ကဒ်ပြားပေါ်တွင် ဖော်ပြထားသော သရုပ်ဖော် သင်္ကေတ၏ သဘာဝနှင့် စွမ်းအင်ကို နက်နဲစွာ နားလည် သဘောပေါက်မှသာလျှင် တက်စဉ်၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ ရောင်ရန်ဆောင်ရန် တို့ကို နားလည်ပြီး တက်စဉ်၏ ညွှန်ပြချက်အတိုင်း ကျင့်ကြံနိုင်မည်ဖြစ်သည်။

တားရော့တက်စဉ် ၂၂ ပါး

စဉ်	အမည်	သင်္ကေတ	အရောင်
၁။	ဖာတစ်လုံးခေါင်းကြား	သိန်းငှက်/လူ	အဝါနု
၂။	မှော်ဆရာ	လူဝံ	အဝါ
၃။	အမျိုးသမီးကိုဏ်းချုပ်	ခွေး	အပြာ
၄။	ကေရီဘုရင်မ	ချိုးငှက်	မြစိမ်းရောင်
၅။	ဘုရင်	ဆိတ်	ကြက်သွေးရောင်
၆။	ရဟန်းမင်း	နွားလား	လိမ္မော်ရင့်ရောင်
၇။	ချစ်သူများ	သပိတ်လွယ်ငှက်	လိမ္မော်နုရောင်
၈။	ယာဉ်ရထား	ဂဏန်းကောင်	ပယင်းရောင်
၉။	အင်အား	ခြင်္သေ့	ဖက်ဖူးရောင်
၁၀။	ရသေ့	ကညာ	ငှက်ပျောညွှန့်ရောင်
၁၁။	ကြမ္မာရဟတ်	သိန်းငှက်	မရမ်းရောင်
၁၂။	တရားသူကြီး	ဆင်	အစိမ်းရောင်
၁၃။	ကြိုးဆွဲချသူ	မြွေ	အပြာရင့်
၁၄။	မရဏ	ကင်းမြီးကောက်	စိမ်းပြာရောင်
၁၅။	ချိုးခြံခြင်း	မြင်း	အပြာ
၁၆။	နတ်မိစ္ဆာ	မြည်း	မဲနယ်ရောင်
၁၇။	ပျိုကျသောရဲတိုက်	ဝက်ဝံ	ကြက်သွေး
၁၈။	ကြယ်တာရာ	ဒေါင်း	ခရမ်းရောင်
၁၉။	လ	ငါး	ပန်းရောင်
၂၀။	နေ	ခြင်္သေ့	လိမ္မော်ရောင်
၂၁။	ရှင်ပြန်ထမြောက်ခြင်း	ခြင်္သေ့	ကြက်သွေး+လိမ္မော်
၂၂။	ကမ္ဘာ	မိရောင်း	မဲနယ်ရောင်



ဘဝသစ်ပင်ရောင်ခြည် ၁၀ ပါးကျင့်စဉ်

အထက်ပါ တားရော့ကဒ်ပြားများကို အောက်ပါ 'ဘဝသစ်ပင်' ပုံတွင် ဖော်ပြထားသော တားရော့တက်စဉ် ၂၂ ပါးကို ကဗာလာ ဘဝသစ်ပင်ရောင်ခြည် ၁၀ ပါးကျင့်စဉ်နှင့် ယှဉ်တွဲကြည့်ရန် ဖော်ပြလိုက်ပါသည်။

ပုံတွင် ဖော်ပြသည့် အတိုင်း ကဗာလာဂန္ဓာရီပညာရောင်ခြည် ၁၀ ပါး ကျင့်စဉ်အရ ဘဝသစ်ပင်တိုင် သုံးခုဖြင့် ခွဲခြားပြီး ယင်းတိုင်သုံးခုကို ဆက်စပ် လိုက်သောအခါ အမှတ်တစ်မှ တစ်ဆယ်ထိ ရောင်ခြည် ၁၀ ပါးကျင့်စဉ် ဖြစ်လာသည်ကို ကဗာလာ ဂန္ဓာရီပညာ ဆောင်းပါးတွင် ဖော်ပြပြီးဖြစ်သည်။

ယခု တားရော့တက်စဉ် ၂၂ပါး သည် ယင်းတိုင်သုံးခုဖြင့် ဖွဲ့စည်းထား သော ဘဝသစ်ပင် သရုပ်ဖော် သင်္ကေတပုံတွင် အမှတ်တစ်မှ တစ်ဆယ်သို့ အမှတ် တစ်ခုမှ အခြားအမှတ် တစ်ခုသို့ ဆက်သွယ်ခြင်းအားဖြင့် ဆက်သွယ်မှု လမ်းကြောင်း ၂၂ ခု ဖြစ်လာသည်။ ယင်း ဆက်သွယ်မှုလမ်းကြောင်း ၂၂ ခုသည် တားရော့တက်စဉ် ၂၂ ပါးဖြစ်သည်။ အောက်ခြေအမှတ် ၁၀ မှ အမှတ် ၉ သို့ ဆက်သွယ်သော တက်စဉ်မှာ တားရော့တက်စဉ်အမှတ် ၂၂ ဖြစ်သည်။

အမှတ် ၁၀ မှ အမှတ် ၈ သို့ ဆက်သွယ်သော လမ်းကြောင်းမှာ တက်စဉ် ၂၁ ဖြစ်သည်။ အမှတ် ၈ မှ အမှတ် ၉ သို့ ဆက်သွယ်သော လမ်းကြောင်းမှာ တက်စဉ် ၂၀ ဖြစ်သည်။ အမှတ် ၁၀ မှ အမှတ်စဉ် ၇ သို့ ဆက်သွယ်သော လမ်းကြောင်းမှာ တက်စဉ် ၁၉ ဖြစ်သည်။ ဤနည်းအတိုင်း တက်စဉ်တစ်ခုချင်းကို တစ်ဆင့်စီ တက်သွားရာ နောက်ဆုံး အမြင့်ဆုံးအဆင့်ဖြစ်သော အမှတ် ၂ မှ အမှတ် ၁ သို့ ဆက်သွယ်သော တက်စဉ် ၁ အထိ ဖြစ်သည်။

တက်စဉ် တစ်ခုစီ၏ သဘာဝနှင့် အဆင့်တက်ပုံကို ဖော်ပြမှသာ သဘောပေါက်မည်ဖြစ်ရာ ပထမဆုံး၊ အောက်ခြေအဆင့်ဖြစ်သော တက်စဉ် ၂၂ ကို တင်ပြရန်ဖြစ်သည်။ နက်နဲလှသော ဂန္ဓာရီပညာကို မိမိဉာဏ်မီသ၍ တင်ပြခြင်းဖြစ်ရာ၊ လက်တစ်ဆုံး နှီးကျိုသူများသည် မူရင်းကျမ်းများကို လေ့လာရန်ဖြစ်သည်။

တက်စဉ် ၂၂ သည် မလာကွတ်ခေါ် အမှတ် ၁၈မှ အမှတ် ၉ ဖြစ်သော ယဲ့ဆော့ စခန်းသို့ တက်လှမ်းရန် ဖြစ်သည်။ အမှတ် ၁၀ မလာကွတ်သည် လောကလူ့ဘုံဖြစ်၍ ယဲ့ဆော့ အမှတ် ၉ စခန်းသည် နတ်ပြည်နတ်ရွာ၏ ပထမဆုံး အဝင်ပေါက်ဖြစ်သည်။ မြန်မာတို့အလိုအားဖြင့် နတ်ပြည် ၆ ထပ်၏ အောက်ဆုံး စတုမဟာရာစ်ဘုံနှင့် အလားတူသည်။

တားရော့ကဒ်အမှတ် ၂၂၏ ရုပ်ပုံမှာ ပန်းမွေ့ရာပေါ်တွင် ဝတ်လစ်စားလစ် ကညာပျို ကခုန်နေပုံ ဖြစ်သည်။ ပျော်ရွှင်ခြင်း၊ မြူးကြွခြင်း၊ လွတ်မြောက်ခြင်း အဓိပ္ပာယ် ဆောင်သည်။ တစ်နည်းအားဖြင့် နိမ့်ကျသော အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းကို ဖော်ကျူးသော သင်္ကေတဖြစ်သည်။ လူ့ဘုံထက်မြင့်သော နတ်ဘုံသို့ ဝင်ရောက်ခြင်းဟု ဆိုလိုသည်။ တစ်နည်းအားဖြင့် ရုပ်ခန္ဓာကိုယ် အနှောင့်အဖွဲ့မှ လွတ်မြောက်ခြင်းဖြစ်၍ မရဏာဟုလည်း အဓိပ္ပာယ်ဖွင့်သည်။ ရုပ်ခန္ဓာကို စွန့်ပြီး ဝိညာဉ်ဖြင့် နတ်ဘုံသို့ တက်လှမ်းခြင်းဟု ဆိုနိုင်သည်။ တက်စဉ် ၂၂ သည် သင်္ကေတအားဖြင့် မိချောင်းဖြစ်သည်။ မိချောင်းသည် ကုန်းရော ရေမှာပါနေနိုင်သော သတ္တဝါဖြစ်သည်။ ကုန်းမြေမှနေ၍ ရေထဲသို့ မိချောင်းများ ဆင်းသကဲ့သို့ တက်စဉ် ၂၂ကို ကျင့်သော ပုဂ္ဂိုလ်သည်လည်း ရေဓာတ်၊ အာပေါဓာတ်ဖြစ်သော နတ်ဘုံသို့ တက်လှမ်းနိုင်သည်ဟု ဆိုလိုသည်။

အမှန်စင်စစ်အားဖြင့် တက်စဉ်အားထုတ်နေသူသည် ဘဝပြောင်းသော သေခြင်းမျိုး မဟုတ်။ ရုန့်ရင်းကြမ်းတမ်းသော ဒုစရိုက်များ၊ နိမ့်ကျသောစိတ်ဓာတ်များ လျော့ပါးပျောက်ကွယ်သွားခြင်းကို သေခြင်းဖြင့် သရုပ်တင်ခြင်းသာ ဖြစ်သည်။ ဤသို့ ကြမ်းတမ်းသော စိတ်ဓာတ်စရိုက်များ လျော့ပါးသွားမှသာလျှင် နတ်ပြည်နတ်ရွာသို့ ရောက်နိုင်မည် မဟုတ်ပါလော။ လူ့ပြည်ထက် နတ်ပြည်က သာယာ၍ ဘုရားနှင့် ပိုနီးသည်ဟု တားရော့ပညာရှင်က ယုံကြည်ကြသည်။ ထို့ကြောင့် ပထမဆုံး တက်စဉ်အဖြစ် လူစိတ်၊ လူ့သမာဓိမှ နတ်စိတ်၊ နတ်သမာဓိကို သမထနည်းဖြင့် မွေးမြူဆောက်တည်ရန် ဖြစ်သည်။

တားရော့ကတ် ၂၁ ၏ သင်္ကေတသရုပ်မှာ နတ်သမီးကလေးက ခရာမှုတ်နေပုံ ဖြစ်သည်။ ယင်းခရာသံကြားရသော သေသူများသည် သူတို့ သချိုင်းမှ ထလာကြသည်။ တားရော့ကတ်တွင် သေခြင်းကို ညွှန်းသောကတ် လေး ငါးကတ် ပါဝင်သည်။ ယခုကတ် ၂၁ ကတ်၏သရုပ်မှာ သေပြီးသူများ ရှင်ပြန်ထမြောက်သကဲ့သို့ ဒုစရိုက်များကို သုတ်သင်ပြီး သူသည် သာမန် အနှပုထုဇဉ်အဖြစ်မှ သေပြီးနောက် သူတော်ကောင်းအဖြစ် ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ တက်စဉ် ၂၁ စခန်းကို တက်လှမ်းခြင်းအားဖြင့် သာမန် အနှပုထုဇဉ် ဘဝမှ သူတော်ကောင်းဘဝ (သို့မဟုတ်) ဒုစရိုက်သားတို့၏ စိတ်သမာဓိမှ သူတော်ကောင်းတို့၏ စိတ်သမာဓိ (၀၊) နတ်သမာဓိ အဖြစ်သို့ရောက်အောင် တက်လှမ်းသော ပညာစခန်းဖြစ်သည်။

ဤသို့ တက်စဉ်များကို အစဉ်အတိုင်း တက်လှမ်းသွားသောအခါ မိမိရောက်ရှိနေသော တက်စဉ်၏ သဘာဝအတိုင်း သမထအာရုံ နိမိတ်များကို တွေ့မြင်ရမည်ဖြစ်သည်။

ဥပမာတက်စဉ် ၂၂ တွင် ရောက်ရှိနေသူ၏ သမထ စခန်းအာရုံတွင် ဇယားတွင် ဖော်ပြထားသည့်အတိုင်း သိန်းငှက်၏ သဏ္ဌာန် အာရုံနိမိတ်ကို မြင်တွေ့ရမည်။ အရောင်အားဖြင့်လည်း အဝါနရောင် တွေ့ရမည်ဖြစ်သည်။ ထို့အတူ တက်စဉ် ၂၁ စခန်းသို့ ရောက်ရှိသူ၏ သမထအာရုံတွင် လူဝံ တွေ့မြင်ရပြီး အရောင်အားဖြင့် အဝါရောင် တွေ့ရမည် ဖြစ်သည်။ ကျန်တက်စဉ်များတွင်လည်း ဇယားတွင် ပြထားသည့်အတိုင်းပင် တွေ့မြင်ရမည် ဖြစ်သည်။

မူလဇယားတွင် ဟီဘရူးအက္ခရာစဉ်၊ ရာသီနက္ခတ်၊ အပင်၊ အရောင်နှင့် နိမိတ်ပုံများ ဖြစ်သည်။ နောက်ထပ်တက်အံ့သော စခန်းများ တက်စဉ်များတွင်လည်း ယင်းတက်စဉ်တို့၏ ဝိသေသ သင်္ကေတအတိုင်း ကျင့်ကြံတက်လှမ်းရန် ဖြစ်သည်။

ကက်စဉ်စခန်း တစ်ခုစီကို တက်လှမ်းရာတွင် သမထ ကျင့်စဉ်များမှာ ကဗလာကျင့်စဉ်အတိုင်းပင် ဖြစ်သည်။ စိတ်အာရုံ စူးစိုက်ခြင်း၊ စိတ်ဖြင့် သရုပ်ဖော်ခြင်း၊ စိတ်ကူးသရုပ်ဖော်ခြင်း၊ မိမိ၏စိတ်ကို မိမိ၏ကိုယ်ပွား နာမ်ခန္ဓာခေါ် လိပ်ပြာခန္ဓာသို့ ပွေ့ပြောင်းခြင်းစသည်တို့ ဖြစ်သည်။ ဤသို့ ပညာစခန်းကို တစ်စခန်းပြီး တစ်စခန်း တက်လှမ်းပြီးလျှင် နောက်ဆုံး အလင်းဓာတ် ဘုရားကြီးထဲသို့ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက် ဆိုက်ရောက်သွားသော ထွက်ရပ်လမ်းကျင့်စဉ် ဖြစ်ပေသည်။

စင်စစ်အားဖြင့် ဤဆောင်းပါးမှာ တာရော့ဂန္ဓာရီပညာရပ်၏ အမြည်းသဘောမျှသာ ဖြစ်ပါမည်။ အရာသာ အပြည့်အဝခံလိုသူများသည် မူရင်းကျမ်းများကို ဆက်လက်လေ့လာရန် ဖြစ်ပါသည်။

*

အီကျစ်မဟာဂန္ဓာရီပညာ

အီကျစ် လောကီပညာ' စာအုပ်ကြောင့် အီကျစ်ဂန္ဓာရီပညာများကို စိတ်ဝင်စားမှု ဖြစ်ပေါ်စေခဲ့သည်။ သို့ရာတွင် အီကျစ်လောကီပညာ စာအုပ်ကို မူလရေးခဲ့သူ ပေါလ် ဘရင်တန်သည် နှစ်ဉ်အခါက ရေးခဲ့သော စာအုပ်ဖြစ်ရာ လောကီပညာစခန်းကိုသာ ဖော်ပြထားသည်။ ဂန္ဓာရီပညာအထိကား မရောက်ချေ။

အမှန်စင်စစ်အားဖြင့် အီကျစ် ဂန္ဓာရီပညာသည် တစ်ကမ္ဘာလုံးတွင် အစောဆုံး ပေါ်ပေါက်ခဲ့သော ဂန္ဓာရီပညာပင်ဖြစ်သည်။ ဟီဘရူး မဟာဂန္ဓာရီပညာဖြစ်သော ကဗလာဂန္ဓာရီပညာပင်လျှင် အီကျစ်ဂန္ဓာရီမှတစ်ဆင့် လက်ဆင့်ကမ်းရရှိခဲ့ခြင်း ဖြစ်သည်။ ကဗလာပညာမှာ ကမ္ဘာပေါ်တွင် လူသိအများဆုံး၊ ယနေ့ထိ တွင်ကျယ်ဆဲ ဖြစ်နေသောကြောင့်သာ ပထမဆုံး ရေးခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ခုနှစ်သိန်းခန့်က ကမ္ဘာပေါ်တွင် အတ္တလန်တိတ် တိုက်ကြီးရှိပြီး အတ္တလန်တိယံ လူသားများ ရှိခဲ့သည်။ ဉာဏ်ပညာ အဆင့်အတန်း မြင့်ရုံသာမက ဂန္ဓာရီ ပညာရပ်များပါ အထက်တန်းကျကျ တတ်မြောက်ထားသူများ ဖြစ်သည်ဟု ပလေ

တိုက ရေးသားခဲ့သည်ကို အကြောင်းပြု၍ အတ္တလန်တိယဲ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ အနုပညာနှင့် ဂန္ဓာရီပညာများကို စိတ်ဝင်စားလာကြသည်။

ယခုခေတ်တွင်ကား ယခင်ခေတ်များထက် ပိုမိုစိတ်ဝင်စားလာရုံမက အတ္တလန်တိယဲတို့နှင့် ပတ်သက်သော စာအုပ်များပင် ရေးသားထွက်ပေါ်လာခဲ့သည်။ အချို့ အနောက်တိုင်း နိုင်ငံများတွင် အတ္တလန်တိယဲ လူသားများအကြောင်း လေ့လာရန် အသင်းအဖွဲ့များပင် ဖွဲ့စည်းဆောင်ရွက်ကြသည်။ ယခုခေတ် ဂန္ဓာရီပညာရှင်များကလည်း သူတို့၏ စိတ်စွမ်းအင်ဖြင့် ရှေးဟောင်း အတ္တလန်တိယဲတို့၏သမိုင်းနှင့် ဂန္ဓာရီပညာများကို လေ့လာပြီး စာအုပ်စာတမ်း ဆောင်းပါးများ ရေးသားလျက်ရှိသည်။

အထက်ပါ အထောက်အထားများအရ အတ္တလန်တိယဲတိုက်ကြီး ရေလွှမ်းမိုး၍ တစ်စတစ်စ ရေအောက် ရောက်သွားသောအခါ အတ္တလန်တိယဲ ဂန္ဓာရီပညာရှင်များသည် သူတို့၏ တပည့်နောက်လိုက်များကို ခေါ်ဆောင်၍ ရေဘေးမှ လွတ်မြောက်ရာသို့ ထွက်ခွာလာကာ လွန်ခဲ့သော နှစ်ပေါင်း သုံးသိန်းခန့်က ဥရောပတိုက်နှင့် အီဂျစ်ပြည်သို့ ရောက်ရှိလာသည်။ ဤသို့ ရောက်ခဲ့သော အထိမ်းအမှတ်အဖြစ် အီဂျစ်တွင် ပိရမစ်များနှင့် အင်္ဂလန်တွင် Stone Henge ခေါ် ကျောက်တိုင် စက်ဝိုင်းများ တွေ့ရှိရသည်။


ခရစ်ယာန်သမ္မာကျမ်းစာအရ ရေလွှမ်းမိုးတော့မည်ကိုသိသော နိအာသည် သင်္ဘော တစ်စီးဖြင့် ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်မည့် ကုန်းမြေကို လိုက်ရှာသည်။ နိအာ၏သားဖြစ်သူ ရှမ်သည် အီဂျစ်သို့ ရောက်လာပြီး စိုးမိုးအုပ်ချုပ်သည်ဟု ဆိုသည်။ ထိုစဉ်က အီဂျစ်သည် ရေလွှမ်းမိုးခြင်းမှ လွတ်ကင်းသော နေရာဖြစ်သည်။ အချို့သူတေသီများ၏ အလိုအရ နိအာကိုယ်တိုင်လည်း ဂန္ဓာရီပညာရှင်ဖြစ်သည်။ သူ့သား ရှမ်ကလည်း ဂန္ဓာရီပညာ တတ်မြောက်သည်ဟုဆိုသည်။ ရှမ်သည် ဂန္ဓာရီပညာများကို အတ္တလန်တိယဲများထံမှ သယ်ဆောင်လာသည်ဟု ယူဆရသည်။

ဘီစီ ၄၀၀၀ ခန့်က အီဂျစ်ကို အုပ်စိုးခဲ့သော ဟာရတာတပ်ဘုရင် လက်ထက်တွင် ခေါင်းဖြတ်ခံရသူများကိုပင် အသက်ပြန်ရှင်အောင် လုပ်ပြနိုင်သည်။ ထိုစဉ်က ဂန္ဓာရီပညာရှင် ရာတီတာဆိုသောပုဂ္ဂိုလ်ဖြစ်သည်။ ဟာရတာတပ် ဘုရင်ကြီးက တီတာ၏ သတင်းကို ကြားရသောအခါ နန်းတော်ကိုလာရန် ဖိတ်ခေါ်သဖြင့် တီတာသည် ဘုရင်ကြီး၏ ရှေ့တော်မှောက် ရောက်လာရသည်။ ဘုရင်၏အမိန့်ဖြင့် သေဒဏ်ခံရမည့် ရာဇဝတ်သားတစ်ဦးကို ခေါ်ထုတ်စေပြီး ခေါင်းဖြတ် ကွပ်မျက်စေသည်။ ယင်းရာဇဝတ်သားကို ပြန်ရှင်အောင် တီတာက ပညာစွမ်းပြခဲ့သည်။ ထို့အပြင် ဘဲနှင့် ငှက်များကိုလည်း ဘုရင့်ရှေ့မှောက်မှာပင် ပြန်ရှင်အောင် ပြုလုပ်ပြသခဲ့ကြောင်း ကျူစာမှတ်တမ်းများတွင် တွေ့ရသည်။ တီတာက မန္တာန်ရွတ်ပြီး ပြန်ရှင်စေခဲ့ခြင်း ဖြစ်သည်။

ပညတ်တော် ၁၀ ပါး ဗျာဒိတ်ရရှိခဲ့သော ဂျူးလူမျိုး မိုးဇက်သည် အီဂျစ်သို့ ရောက်လာပြီး ပထမဆုံး နိုင်ငံခြားသား အီဂျစ် မဟာဂန္ဓာရီ ဂိုဏ်ချုပ်ကြီး ဖြစ်လာသည်။ မိုးဇက်သည် မဟာဂန္ဓာရီပညာဖြင့် တောင်ဝှေးကို မြွေဖြစ်အောင် ပြုလုပ်ပြသည်။ ရေပြင်

ကို နှစ်ခြမ်းခွဲပြသည်ကို ပညတ်တော် ၁၀ ပါး ရုပ်ရှင် ကြည့်ဖူးသူတိုင်း မှတ်မိကြပါလိမ့်မည်။ အီဂျစ်မှရရှိသော မဟာဂန္ဓာရီပညာဖြင့် မိုးဇက် ခေါင်းဆောင်သောဂျူးတို့သည် လွတ်မြောက်လာကြပြီး အစ္စရေးနိုင်ငံသို့ ပြန်ရောက်ကြသည်။ အစ္စရေးနိုင်ငံတွင် ဂန္ဓာရီပညာများကို ဆက်လက်ထိန်းသိမ်း ပွားများရာမှ ကဗာလာ မဟာဂန္ဓာရီ ဂိုဏ်းကြီး ပေါ်ထွန်းလာခြင်း ဖြစ်သည်။

အီဂျစ်ဘာသာရေးကို စတင်တည်ထောင်သူမှာ ဟာမီးစ် ဟူသော ပုဂ္ဂိုလ်ဖြစ်သည်။ ရာ ဟုခေါ်သော မူလဓာတ်ဘုရားမှ နာမ်ဓာတ်သည် ဟာမီးစ်တွင် ကိန်းဝပ်ပြီး ဉာဏ် အလင်းပေါက်သွားသူ ဖြစ်သည်။ မှာမီးစ်၏ နှုတ်က ပတ်တော်များကို မြတ်မုဆိုးများပေါ်တွင် အကွရာတင်ခဲ့သည်။ ယင်းမြတ်မုဆိုးတွင် ရေးမှတ်ထားသော အံ့ဆောက်အထားများ၊ ပိုက်ပရပ်ခေါ် မှတ်တမ်းများ၊ ခေါင်းစာများနှင့် ကျောက်တုံးပေါ်တွင် ထွင်းထားသော အရုပ်သင်္ကေတစာများကို လေ့လာပြီးနောက် ရှေးခေတ် အီဂျစ်တို့၏ ဘာသာရေး ယုံကြည်မှုကို သိရသည်။ ဤမှတ်တမ်းများအရ အီဂျစ်တို့၏ ရှေးဟောင်းဘာသာရေးနှင့် ဂန္ဓာရီပညာတို့က ယုံကြည်လက်ခံသောအယူမှာ ဤသို့ ဖြစ်သည်။



ယမမင်းကြီး ရာနှင့်ဘုရား အိုဆီရစ်

လောကတွင် ပထမဆုံးရှိသည်မှာ ပရမတ်ဓာတ်ဘုရားကြီး ရားပင်ဖြစ်သည်။ ရားဘုရားသည် လူ၊ နတ်စသော လောကီဘုံသားမဟုတ်။ ရားသည် အလင်းဓာတ်ကြီး ဖြစ်သည်။ ယင်းမူလ အလင်းဓာတ်ကြီးမှ အလင်းရောင်များ ထွက်လာသည်။ ဤသို့ အလင်းများ ဖြာထွက်လာရခြင်းမှာ ရားဘုရား၏ မုကွမှ အသံထွက်သောကြောင့် ဖြစ်သည်။ အသံစွမ်းအင်သည် အလင်းစွမ်းအင်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ ရားဘုရား၏ အသံတော်ကြောင့် ဘုရားငယ်များ ဖြစ်ပေါ်လာသည်။ Logos ဟု ခေါ်သည်။ ယင်း Logos ၏ အဓိပ္ပာယ်မှာ အသံဟု ဖြစ်သည်။ ယင်းဓာတ်ဘုရားငယ်များကို မူလအဆိုအားဖြင့် နတ် မဟုတ်ချေ။ နတ်သည် လောကီဘုံသားမျှသာ ဖြစ်သည်။ ဤဘုရားငယ်များသည် ဓာတ်ဘုရားကြီးနှင့် လောကီ၊ လူ၊ နတ်၊ ဗြဟ္မာတို့ကြားတွင် ရှိသော ပုဂ္ဂိုလ်များသာ

ဖြစ်သည်။ ဟိန္ဒူဘာသာဝင်တို့က ဒေဝါဟုခေါ်၍ ပညာဝန် ဦးဖိုးကျားက သက္ကဋဘာသာမှ အသံဖလှယ်သော နည်းဖြင့် စာန်ဘုရားဟု ခေါ်သည်။


ယင်း 'လော်ဂေါ်' သဘောတရားကို အခြေပြု၍ ခေါမဒဿနနှင့် ဟေဂဲလ်၏ ဒဿနများ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဓာတ်ဘုရားငယ်မှတစ်ဆင့် လူ၊ နတ်၊စသော လောကီဘုံသားများ တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပေါ်လာသည်ဟု ဟာမီးစ်က ဟောသည်။

တစ်ဖန် လောကီဘုံသား လူများသည် အန္တိမစခန်းသို့ တက်လှမ်းပြီး နောက်ဆုံးတွင် အန္တိမဓာတ်ဘုရားထံတော်မှောက်သို့ ရောက်ရှိမှသာ ငြိမ်းချမ်းမှုအစစ်ကို ရမည်ဟု ဆိုသည်။ ဤသို့ လောကီမှ ဘုရားထံသို့ ချဉ်းကပ်ရန်အတွက် ပုဂ္ဂလနှင့် လောကသည် သဟဇာတ ဖြစ်ရမည်။ အတက်နှင့်အကျ အချိုးညီမျှမှု ရှိရမည်။ အကြောင်းတရားကြောင့် အကျိုးတရား ပေါ်ပေါက်လာရသော ကြောင်းကျိုးနိယာမကို လေးစားလိုက်နာရမည်။ လူ့ခန္ဓာတွင် ဘုရားဓာတ်ဖြစ်သော ဝိညာဉ် ကိန်းနေသည်။ ယင်းဝိညာဉ်သည် တစ်ဘဝပြီး တစ်ဘဝ လူ့ဘဝတွင် ကျင်လည်ပြီး နိယာမတရားများကို လေ့လာရသည်။ နောက်ဆုံး လေ့လာမှုများ ပြီးဆုံးသွားသော လူ့ဝိညာဉ်သည် ဘုရားထံ ပြန်လည်ရောက်သွားသည်။ ထို့ကြောင့် အထက်တွင်ရှိသော ဘုရား၏ဓာတ်သည် လူ့ခန္ဓာတွင် ဝိညာဉ်အဖြစ် ကျက်စားနေရာ As above so below 'အထက်တွင် ရှိနေသည့်အတိုင်း အောက်ဆုံးတွင် ရှိနေသည်'ဟူသော နိတိဖြင့် နိဂုံးချုပ်ထားသည်။

ဤဘာသာရေးအယူမှာ အသေးစိတ် ဖော်ပြသောအခါ နက်နဲလှ၍ နားလည်သဘော ပေါက်ရန် ခက်ခဲလှသည်။ ထို့ကြောင့် လူသာမန်တို့ သိထိုက်သမျှကို လူအများအား ဖွင့်ထုတ်ဟောကြားပြီး နက်နဲလှသော ဝိညာဉ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာကိုမူ ဉာဏ်ပါရမီ အဆင့်မြင့်သူများကိုသာ လျှို့ဝှက် သင်ကြားပေးသည်။ ဤသို့ လျှို့ဝှက်သင်ကြားသော ဒေသနာသည်ပင်လျှင် ဂန္ဓာရီပညာ ဖြစ်လာသည်။

ဂန္ဓာရီပညာ

အီဂျစ် ဘာသာရေးနှင့် အီဂျစ်ဂန္ဓာရီပညာမှာ အခြေခံအားဖြင့် တူကြသည်။ သို့ရာတွင် သာမန်လူများ နားလည်ရန် ခက်ခဲနက်နဲသော တရားများကို လက်ရင်းတပည့်များအားဟောကြားခဲ့သောဒေသနာမှာ ဂန္ဓာရီပညာ ဖြစ်သည်ဟု ဆိုခဲ့သည့်အတိုင်းပင် ဂန္ဓာရီပညာမှာ နှုတ်မှပွင့်ဟ ပြော



စေတနာကောင်းရှိမရှိ ယမမင်းက နှလုံးသားကိုချိန်တွယ်နေပုံ

တိုးစာလေတိုက်

ကြားသည်ထက် လက်တွေ့ကျင့်စဉ်များကို ကျင့်ကြံရင်းဖြင့် သာလျှင် သိနားလည်နိုင်သော ပညာဖြစ်သည်။ ထို့ကြောင့် မူလဂိုဏ်းချုပ်ကြီးဖြစ်သော ဟာမီးစ်လက်ထက်မှစ၍ ယုံကြည်စိတ်ချရပြီး ဉာဏ်ပညာထက်မြက်သူများကိုသာ တပည့်အဖြစ် လက်ခံပြီး ပညာများ ဖြန့်ဖြူးခဲ့သည်။ ထိုခေတ်က ဘုရင်များသည် ဉာဏ်စွမ်းရည်၊ နှလုံးရည်ပါရမီ ပြည့်သူများဖြစ်ရာ ဘုရင်နှင့် မင်းသား၊ မင်းသမီးများကို တပည့်အဖြစ် လက်ခံခဲ့သည်။ စင်စစ်အားဖြင့် ဘုန်းကြီးများထဲမှသာ တပည့်အဖြစ် လက်ခံသည်။ ဂိုဏ်းချုပ်၊ဘုန်းကြီးများနှင့် ဘုရင်တို့မှာ ထိုခေတ်က အိုကျစ် လူအဖွဲ့အစည်းအတွက် တစ်လုံးတည်း တစ်စုတည်းသော နိုင်ငံရှေ့ဆောင်အပိုင်း ဖြစ်ပေသည်။

ဟာမီးစ်၏ ဒေသနာအရ လူသားသည် ဘုရားထံသို့ ချဉ်းကပ်ရာတွင် အဆင့်ခုနစ်ဆင့် ရှိသည်။ ဘုံအားဖြင့် ခုနစ်ဘုံဖြစ်သည်။ လူ့ခန္ဓာကိုယ်တွင်လည်း ခန္ဓာယာဉ်ခုနစ်ပါးရှိသည်။ ရုပ်ခန္ဓာကိုယ်ကို ခတ်ဟု ခေါ်သည်။ ရုပ်ခန္ဓာထက် နူးညံ့သော သုခုမခန္ဓာကို ကားဟု ခေါ်သည်။ နောက်ဆုံးအဆင့် အမြင့်ဆုံး သတ္တမခန္ဓာမှာ ဆာဟူ ဟူသော ခန္ဓာယာဉ်ဖြစ်သည်။ လူသေသောအခါ ရုပ်ခန္ဓာပျက်စီးသွားပြီးနောက် ဒုတိယခန္ဓာဖြစ်သော သုခုမခန္ဓာ (ဝါ) ကိုယ်ဟာခန္ဓာ 'ကား'သည် ဝိညာဉ်ကို သယ်ဆောင်ပြီး တမလွန်ဘဝကူးပြောင်းသွားသည်။

မရဏကျမ်း

အိုကျစ်မရဏကျမ်းသည် ဤ 'ကား' ခန္ဓာအတွက် အဓိကထားရေးသော ကျမ်းဖြစ်သည်။ လူသေသောအခါ ဝိညာဉ်သည် ကားခန္ဓာကို ယာဉ်အဖြစ် အသုံးပြု၍ တမလွန်လောကသို့ သွားရာတွင် လမ်းခရီးတွင် တွေ့ရမည် ဖြစ်သော အခက်အခဲများ၊ အနှောင့်အယှက်များကို မည်သို့မည်ပုံ ကျော်လွှန်ရမည်၊ တမလွန်လောကတွင် ဝင်ရောက်ရမည် ဖြစ်သော ဘုံအသီးသီးတို့၏ ခရီး ဝင်ပေါက်များရှိ တံခါးမှူးများ၏ အမည်၊ ဘုံဗိမာန်များကို စောင့်နေသော နတ်မင်းကြီးများ၏ အမည် စသည်တို့ကို အပြည့်အစုံ ဖော်ပြထားသည်။

ရှေးဟောင်း အိုကျစ်တို့၏ ယုံကြည်မှုမှာ ဘုရားနှင့် လူသားကြားတွင် ဘုံခုနစ်ဆင့်ခြားပြီး ယင်းဘုံများတွင် နေထိုင်ကျက်စားရန်အတွက် လူတွင် ခန္ဓာယာဉ် ခုနစ်ပါးရှိသည်။ ဘုံတစ်ဘုံသို့ရောက်လျှင် ယင်းဘုံနှင့် သက်ဆိုင်သော ခန္ဓာယာဉ်ဖြင့် ဝင်ရောက်သွားလာလှုပ်ရှားရန် ဖြစ်သည်။ ခန္ဓာယာဉ်ဟူသော ဝေါဟာရမှာ လူ၏ အဋ္ဌတ္တသန္တာန်တွင် ရှိသော ဘုရားဓာတ်ကို ဘုံအသီးသီးသို့ သယ်ဆောင်သွားရန် ယာဉ်အဖြစ် အသုံးပြုသော ခန္ဓာဟုဆိုလိုသည်။

ယင်း ခန္ဓာယာဉ်များမှာ -

၁။ ခတ်

၂။ ကား

၃။ ဘား

၄။ အက်ဘ်
၅။ ခေဘစ်
၆။ ခု
၇။ ဆာဟူ

ဟူ၍ ခုနစ်ပါးဖြစ်ပြီးလျှင် ဆိုခင်ဆိုသော ပရာဏခန္ဓာနှင့် အမည်တူသော အရှန်ခန္ဓာနှစ်ပါးကိုလည်း ထည့်သွင်းထားသည်။

ခန္ဓာခုနစ်ပါးတွင် အမှတ် (၁)ခန္ဓာ 'ခတ်'သည် အကြမ်းဆုံး၊ အထင်ရှားဆုံး ရုပ်ခန္ဓာဖြစ်ပြီး အမှတ် (၇) ဆာဟူခန္ဓာမှာ ဝိညာဉ်ဟု အဓိပ္ပာယ်ရပြီး အနုစ်ညံ့ဆုံး ခန္ဓာဖြစ်သည်။ အမှတ် (၂) 'ကား'ဟူသော ခန္ဓာမှာ ရုပ်ခန္ဓာ၏ကိုယ်ပွား ခန္ဓာဖြစ်ပြီး လူ့ပြည်မှ တမလွန်လောကသို့ ရောက်သောအခါတွင် ဆောင်ယူထားသောခန္ဓာဖြစ်သည်။ မြန်မာ့ရိုးရာတွင် လိပ်ပြာ (သို့) လိပ်ပြာခန္ဓာဟု ခေါ်သော ဝေါဟာရနှင့် နီးစပ်သည်။ ရုပ်ခန္ဓာပုံသဏ္ဌာန်အတိုင်းရှိသော မိတ္တူခန္ဓာ ဖြစ်သည်။


လူသေသောအခါ ရုပ်ကြမ်းခန္ဓာကြီးကို စွန့်ခွာပြီး ဝိညာဉ်သည်ကား ခန္ဓာခေါ် လိပ်ပြာဖြင့် တမလွန်လောကသို့ ဝင်ရောက်သွားရသည်။ ဤသို့ လူ့ဘဝမှ လိပ်ပြာခန္ဓာဖြင့် တမလွန်လောကသို့ အဝင်တွင် ယမမင်းကြီး တာဝန်ကို ထမ်းဆောင်နေသော အိုဆီရစ်ဘုရားက တမလွန်လောကသို့ ရောက်လာသူ လိပ်ပြာဝိညာဉ်အား လူ့ဘဝကကောင်းမှု၊ မကောင်းမှုများကို မည်မျှလုပ်ခဲ့သည်ကို စစ်ဆေးသည်။ လူ၏ စိတ်သည် နှလုံးသားတွင် ကိန်းသည်ဟု ယုံကြည်သော အီဂျစ်များက တမလွန်လောကသို့ ဝင်ရောက်လာသူ၏ စိတ်စေတနာကို သိရန်အတွက် အသည်းနှလုံးကို ချိန်ခွင်တွင်တင်၍ တစ်ဖက်ချိန်ခွင်ခွက်တွင် ငှက်မွေးကို အလေးပြုလုပ်၍ ချိန်သည်ဟု သရုပ်ဆောင် ရေးမှတ်ထားသည်။

ကောင်းမှုကုသိုလ်များလျှင် အထက်ဘုံများသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်ခွင့်ရမည်။ စိတ်ရင်းညံ့ဖျင်းပြီး အကုသိုလ်များလျှင် အထက်ဘုံများသို့ တက်ခွင့်မရတော့ချေ။

ဤသို့ ယမမင်းကြီးဖြစ်သော အိုဆီရစ်ဘုရား စစ်ဆေးသောအခါတွင် မည်သို့မည်ပုံ ဖြေကြားရမည်၊ မည်သည့်မန္တန်ကို ရွတ်ဆိုရမည်တို့ကို ရေးသားဖော်ပြထားသည်။ ထို့အတူပင် ဘုံအသီးသီးနှင့် မုခ်ပေါက်အဝင်များတွင် စောင့်နေသော နတ်မင်းကြီးများ၊ ဘုရားများနှင့် တွေ့လျှင်လည်း သူ့နေရာနှင့်သူ ဖြေဆိုရန်၊ ရွတ်ဖတ်ရန် မန္တန်များကို ရေးသားထားသည်။

ဤသို့သော မန္တန်များကို ရေးသားရာတွင် တွေ့ဆုံရမည့် ဘုရားများ၊ နတ်မင်းကြီးများ၏ အမည်ကို မမှားမယွင်းရအောင် အလေးထားဖော်ပြထားသည်။ အမည်နာမများတွင် ဟိတ်တန်ခိုးများ ရှိသည်။ အမည်များ၊ ဘွဲ့များသည် ဘုရား၏နှုတ်ကပါတ်တော်များဖြစ်၍ အလွန်အစွမ်းထက်သည်။ ယင်းနှုတ်ကပါတ်တော်များကို မှန်ကန်စွာ ရွတ်ဖတ်နိုင်မှသာ မုခ်အဝင်ဝတွင်ရှိသော တံခါးမှူးများက ဝင်ခွင့်ပြုမည် ဖြစ်သည်။

တမလွန်ဘဝမှာ လိပ်ပြာခန္ဓာဖြင့် ဒုတိယဘုံတွင် နေပြီးနောက် တတိယဘုံဖြစ်သော



ဘုရဒသမမြောက် မင်းဆက် မရဏကျမ်းစာ

'ဘား' ဘုံသို့ တက်သောအခါ တစ်ဖန် ဒုတိယအကြိမ် သေရပြီး 'ကား' ခန္ဓာကို စွန့်ရသည်။ 'ဘား'ခန္ဓာကို တစ်ဖန် ဆောင်ယူရပြန်သည်။ ဤသို့ဖြင့် အန္တိမအဆင့်သို့ မရောက်မီ အတွင်း အကြိမ်ကြိမ်သေရပြီး ခန္ဓာယာဉ်အမျိုးမျိုးကို ဆောင်ယူရပြန်သည်။ ဤသို့ တစ်ဘုံတွင် တစ်ကြိမ်သေပြီးနောက် တစ်ဆင့်မြင့်သောဘုံသို့ တက်ရသော လမ်းစဉ်ကို ညွှန်ပြရေးသားထားခြင်းကြောင့် မရဏကျမ်း Book of Dead ဟု ခေါ်ခြင်း ဖြစ်သည်။

စင်စစ်အားဖြင့် သေခြင်းကို အောက်ဘုံမှနေ၍ကြည့်လျှင် အနိဋ္ဌာရုံဟု ခေါ်နိုင်သော်လည်း တစ်ကြိမ်သေလျှင် တစ်ကြိမ်အဆင့်မြင့်သောဘုံသို့ တက်လှမ်းသွားရသောကြောင့် ဝိညာဉ်အနေဖြင့် တစ်ဘုံတွင် သေရခြင်းသည် ကုဋ္ဌာရုံပင်ဖြစ်သည်။

ဤသို့ တစ်ဘုံပြီးတစ်ဘုံ ဝိညာဉ်ခရီး သွားရသည်ကို အီဂျစ်တို့က လှေဖြင့် ရေကြောင်းခရီး ထွက်ရသလို တင်စားရေးသားသည်။ ရုပ်ပုံများတွင်လည်း လှေကိုဖော်ပြသည်။ လှေ၏အစိတ်အပိုင်း အမျိုးမျိုး၏ ဝေါဟာရများကိုလည်း အတိအကျ ဖော်ပြထားသည်။ တစ်နည်းအားဖြင့် အီဂျစ်တို့၏ မရဏကျမ်းသည် မြန်မာတို့၏ ရိုးရာယုံကြည်ချက်များနှင့် ဆင်တူနေသည်။ သေသောအခါ ယမမင်းကြီးထံ အစစ်ခံရပုံ၊ နတ်ပြည်၊ ငြဟ္မာပြည်သို့ ဘုံစဉ်စံရပုံများ ဖြစ်သည်။

အီဂျစ်တို့ကမူ ဤသို့ ဝိညာဉ်ခရီးထွက်ရာတွင် တွေ့ရမည့် အခက်အခဲ၊ အန္တရာယ်များကို မည်သို့ကျော်လွှန်ရမည်ကို အသေအချာ ညွှန်ကြားချက်များ ရေးထားခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ဤမရဏခရီး ညွှန်ကြားချက်များမှာ မူလအစက ကျမ်းအဖြစ် ရေးသားထားခြင်း မဟုတ်ချေ။ ဆရာက ဂန္ဓာရီပညာသင်နေသော တပည့်များ သေသောအခါ တွေ့ကြုံရမည့် အခက်အခဲနှင့် အန္တရာယ်များကို မသေမီကပင် သိရှိပြီး ကြိုတင်ပြင်ဆင်ခြင်း၊

လေ့ကျင့်သင်ကြားခြင်းတို့ ဖြစ်သည်။ တစ်နည်းအားဖြင့် မဟာဂန္ဓာရီပညာ ဖြစ်သည်။ သို့ရာတွင် ဤအဆင့်မြင့်မဟာဂန္ဓာရီပညာကို လက်တွေ့ကျင့်ကြံမှု မပြုနိုင်သော သူများအား သဘောမျှသိစေရန် အချက်အလက်များကို ညွှန်ကြားသော စူဠဂန္ဓာရီသာ ဖြစ်သည်။ နောင်အခါတွင် ကာလရွေ့လျော်ပြီး ဂန္ဓာရီပညာများကို ကျင့်ကြံအားထုတ်ခြင်း မပြုနိုင်သော အချိန်သို့ ရောက်လာသောအခါတွင်မှ ဤညွှန်ကြားချက်များကို ရေးသားခြင်း ဖြစ်သည်။

မရဏကျမ်းစာများကို ပိရမစ်ထွင်းစာများတွင်လည်းကောင်း၊ ခေါင်းတွင် ရေးထွင်းသော ခေါင်းစာတွင်လည်းကောင်း၊ ကျူစာလိပ်များတွင်လည်းကောင်း ရေးသားပြီး အသုဘချသောအခါတွင် အလောင်းနှင့်အတူ ထည့်သွင်း မြှုပ်နှံခြင်းဖြစ်သည်။ ယင်းပိရမစ် ထွင်းစာများ၊ ခေါင်းစာများ၊ ကျူစာလိပ်များမှာ ယခုအခါတွင် သုတေသီများက ပြတိုက်များတွင် သွားရောက်လေ့လာနိုင်ပြီ ဖြစသည်။ ဤသို့ ရေးသားထားသော မရဏကျမ်းစာများမှာ စူဠဂန္ဓာရီ ဖြစ်သည့်အလျောက် သာမန်မျှသာဖော်ပြထားပြီး တကယ့်လက်တွေ့ ကျင့်စဉ်မှာ ဆရာနှင့်တပည့် လက်ထပ်သင်ရသော အန္တေဝါသိက နည်းသာဖြစ်သည်။ အန္တေဝါသိက နည်းဖြင့် သင်ကြားရသော ဂန္ဓာရီပညာမှာ နောင်သောအခါတွင် အချို့အဝက်ကို အများသိခွင့်ရအောင် ထုတ်ဖော်လိုက်သည်။ ထိုသို့ ထုတ်ဖော်ချက်များအရ သေအံ့ဆဲဆဲတွင် ဘဝကူးကောင်းအောင် စိတ်သမာဓိ လေ့ကျင့်နည်းများ၊ မသေမီကပင် သေသောအခါ အသုံးပြုရမည်ဖြစ်သော 'ကား' လိပ်ပြာခန္ဓာကို အသုံးပြုရသော လိပ်ပြာလွှင့်နည်းများ၊ ရုပ်ကြမ်းခန္ဓာမှ လိပ်ပြာခန္ဓာခွာအောင် ကျင့်နည်းများ၊ လိပ်ပြာခန္ဓာဖြင့် အထက်သို့ ဝင်ထွက်သွားလာနည်းများ၊ အခြားတစ်ပါးသော ရုပ်ခန္ဓာကိုယ်အတွင်းသို့ ဝင်နည်းနှင့် မိမိရုပ်ကြမ်းခန္ဓာသို့ ပြန်ဝင်သောအခါ ညှင်သာစွာ ဝင်နည်းများဖြစ်သည်။ ဤနည်းများမှာ အီဂျစ်မရဏကျမ်းစာတွင် မပါဝင်သော်လည်း အီဂျစ်ဂန္ဓာရီပညာတွင် အခြားတစ်နည်းနည်းဖြင့် သွယ်ဝိုက်ပါဝင်နေသည့်အပြင် တိဗက် မရဏကျမ်းတွင်ကား အပြည့်အစုံ ဖော်ပြထားသည်။

ဘဝကူးချိန်တွင် အိုစီရစ်ဘုရား တရားစီရင်နေပုံ



▲ ဘဝကူးသူကို ခေါ်လာသော သားတော် ဟိုရပ်

▲ ဘဝကူးလာသူ ရှိနိုးဖြေကြားနေပုံ

▲ အိုဆီရစ်နှင့် နှမတော် အိုက်စစ်

ဤကျင့်စဉ်အတိုင်း လေ့ကျင့်သော ဂန္ဓာရီပုဂ္ဂိုလ်သည် သေသောအခါတွင် အထူးအဆန်းမဖြစ်တော့ဘဲ ခါတိုင်းလေ့ကျင့်သောအခါတွင် လိပ်ပြာကွာသည့်အတိုင်း စိတ်သမာဓိအပြည့်ဖြင့် ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာကို မိမိကိုယ်တိုင် ထိန်းချုပ်မှုဖြင့် ခွာနိုင်အောင် လေ့ကျင့်ခြင်းဖြစ်သည်။

ဘဝကူးချိန်တွင် ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းကင်းစွာဖြင့် ဘဝကူးနိုင်ရုံသာမက တမလွန်ခရီးတွင် အမှားအယွင်း တစ်စုံတစ်ရာမရှိဘဲ မိမိသွားလိုရာသို့ ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် လောကီရုပ်လောကမှ တမလွန်ဘဝသို့ ထွက်ခွာရန် ထွက်ရပ်ပေါက် ကျင့်စဉ်ဖြစ်ပေသည်။

အီကျစ် ဂန္ဓာရီပညာ၏ အဓိက မဏ္ဍိုင်ဖြစ်သော အီကျစ်မရဏကျမ်းလာ ကျင့်စဉ်ယုံကြည်ချက်များ၏ ရည်ရွယ်ချက်မှာ–

ဤမရဏကျမ်းစာများကို ဖတ်ခြင်းအားဖြင့်လည်းကောင်း၊ ကျင့်ကြံခြင်းအားဖြင့်လည်းကောင်း နောင်ဘဝကို ယုံကြည်စေရန်နှင့် နောင်ဘဝအတွက် ယခုဘဝကပင် ကြိုတင်ပြင်ဆင်ထားရန် ဖြစ်သည်။ သေသူ၏သချိုင်း၊ သို့မဟုတ် ပိရမစ်တွင် ဤမရဏကျမ်းစာကို နံရံထွင်းစာ အဖြစ်ဖြင့်လည်းကောင်း၊ ကျူစာလိပ်အဖြစ်ဖြင့်လည်းကောင်း ရေးသားထည့်သွင်းခြင်းဖြင့် တမလွန်ဘဝကူးသွားသူအား ဘဝကူး ကျင့်စဉ်ကို သတိရစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ခန္ဓာယာဉ်များ ပျက်စီးသွားသော်လည်း ဝိညာဉ်မှာ ထာဝရတည်မြဲနေမှုကို ယုံကြည်စေရန်နှင့် နောင်တမလွန်ဘဝတွင် မိမိချစ်ခင်သူများနှင့် တွေ့ဆုံနေထိုင်နိုင်ကြောင်း သတိမမေ့ရန် ဖြစ်သည်။ ဘဝကူးသောအခါတွင် ဓာတ်ဘုရားကြီး၏ အမွေခံဘုရား၏ ဝိညာဉ်ဓာတ်နှင့်အတူ ပုဂ္ဂလမနောဝိညာဉ်ပါ အတူတွဲ၍ ဘဝကူးသွားရသောအခါ ရုပ်ခန္ဓာကိုယ်ကို လူ့ပြည်တွင် ထားပစ်ခဲ့ပြီး လိပ်ပြာကိုယ်ဟူးခန္ဓာဖြင့် ကူးသွားရသည်။

ဤသို့ ခန္ဓာအမျိုးမျိုးဖြင့် ဘုံအဆင့်ဆင့်သို့ ဘဝကူးသွားသောအခါ ကျန်ရစ်သူ ဆွေမျိုးမိဘများက ရည်စူး၍ လှူဒါန်းပေးကမ်းသော စေတနာတို့သည် တမလွန်တွင် အကျိုးပေးနိုင်သည်ကိုလည်း အလေးအနက် ယုံကြည်စေရန် ဖြစ်သည်။

နောင်တမလွန်ဘဝတွင် ရောက်ရှိ ခံစား စံစားရသည့် အခြေအနေသည် လူ့ပြည်တွင် မိမိပြုခဲ့သော ကံအတိုင်း၊ ကောင်းကျိုးဆိုးကျိုးများကို ခံစား စံစားရမည်ဖြစ်သည်။ ဤသို့ပြုလုပ်သော ကံများတွင် ဘုရား၏ နာမတော်နှင့် နှုတ်ကပါတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် အလွန်ထိရောက် အကျိုးများပြီး လမ်းမမှားအောင် စွာန်ဘုရားများက စောင့်ရှောက်မည်ကို ယုံကြည်သက်ဝင်စေရန် ရေးသားထားသော ကျမ်းဖြစ်သည်။

လူသေသောအခါ အသုဘအခမ်းအနား ပြင်ဆင်ပုံ၊ ပိရမစ်များတွင် အလောင်းများထားရှိပုံ၊ မမ်မီများ ပြင်ဆင်ပုံနှင့် အခြားဂန္ဓာရီပညာစနစ်များကို ဆက်လက် ဖော်ပြပါဦးမည်။

ပိဏ္ဍမစ်

အီဂျစ်အကြောင်းပြောရလျှင် ပိရမစ်မပါလျှင်မပြီး၊ အီဂျစ်နှင့်ပိရမစ် ခွဲမရအောင် တွဲနေသည်။ စင်စစ် ပိရမစ်သည် အီဂျစ်မှာသာရှိသည်မဟုတ်၊ ရှေးဟောင်း အတ္တလန် တစ်တိုက်သား များ နေထိုင်ခဲ့သော တောင်အမေရိကတိုက်ရှိ ပီရူး၊ မက်ဆီကို၊ ဂွာတီမာလာတို့တွင်လည်း ရှိကြသည်။

အတ္တလန်တစ်တိုက်သားများသည် ဘုရား၏ကိုယ်စား စွာန်ဘုရားများကို ကိုးကွယ်ရာတွင် ကမ္ဘာသားတို့ အသက်ရှင်အောင် အလင်းဓာတ်နှင့် စွမ်းအင်များကို ပေးနေသော ကမ္ဘာနှင့် အနီးဆုံးနေကို ကိုးကွယ်ကြသည်။ နေကိုအစိုးရသော နေစွာန်ဘုရားကို ရည်စူး ကိုးကွယ်ခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် ရှေးဟောင်းကျသော ပိရမစ်များတွင် ပစ္စယဲ သုံးဆင့်၊ ငါးဆင့်၊ ခုနစ်ဆင့် စသည်ဖြင့် နေစွာန်ဘုရားအထက်မှ အောက်သို့ အဆင့်ဆင့်ကြွလာပုံကို သရုပ်ဖော် ဆောက်လုပ်ကြသည်။ အီဂျစ်တို့ကမူ 'ရား' ခေါ် နေဘုရားကို ပိရမစ်အထွတ်ဖြင့် ရည်ညွှန်းကြသည်။

သမိုင်း မတင်မီ အီဂျစ်သို့ ရောက်လာကြသော အတ္တလန်တစ် တိုက်သားများသည် ထွက်ရပ်ပေါက် သူတော်စဉ်များဖြစ်ရာ ထွက်ရပ်စခန်းတွင် မရှိမဖြစ်သော ထုံကူးရန် နေရာနှင့် ထုံကူးလိုသူများအား ဥပဇ္ဈာယ်ဆရာက လက်ထပ်သင်ကြား လေ့ကျင့်ရန် 'ဓာတ်နန်း' များ လိုအပ်သည်။

ယင်းလိုအပ်ချက်ကြောင့် ပိရမစ်များ တည်ဆောက်ခြင်းဖြစ်သည်။ ထိုစဉ်က ဘုရင်များသည် ထွက်ရပ်ပေါက် သူတော်စင် ဂိဏ်းဝင်များပင်ဖြစ်ရာ ဘုရင်ဘိသိက်ခံရန်နှင့် ထွက်ရပ်ပေါက် ထုံကူးအခမ်းအနားကို ကျင်းပရန် ရည်ရွယ်ချက်ဖြင့် ပိရမစ်များ တည်ဆောက်ထားခြင်း ဖြစ်သည်။ ထို့အပြင် ထွက်ရပ်ပေါက် ဂန္ဓာရီပညာစခန်းအတွက် အမွန်တမြတ် အဆောင်ပစ္စည်းများ၊ ဓာတ်ပန်းကများကိုလည်း ဌာပနာရန် ဖြစ်သည်။

အီဂျစ်နိုင်းမြစ်သည် မကြာခဏ ရေလွှမ်းခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းတို့ကြောင့် ဌာပနာပစ္စည်းများ မပျက်စီးမဆုံးရှုံးရလေအောင် ခိုင်ခံ့ကြီးမားသော ပိရမစ်ကြီးများကို ဆောက်ပြီး ပိရမစ်အောက်တွင် ဌာပနာပစ္စည်းများကို သိမ်းဆည်းထားခြင်း ဖြစ်သည်။ ယင်းသို့ အဓိကရ ပိရမစ်များအနက် ၁၃ ကေ အကျယ်ရှိ မဟာပိရမစ်မှာ အကြီးမားဆုံး ဖြစ်ပြီး ကမ္ဘာ့ အံ့ဖွယ်ခုနစ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်သည်။

ပိရမစ် နံရံမှတ်တမ်းအရ မဟာပိရမစ်ကို တည်ဆောက်စဉ်က ဓူဝံကြယ်သည် အနိမ့်ဆုံးသို့ရောက်ရှိပြီး ကြတ္တိကာ နက္ခတ်သည် မွန်းတည့်ချိန်ဖြစ်သည်ဟု သိရသည်။ ဤနက္ခတ် အနေအထားအရ နက္ခတ္တဗေဒနည်းဖြင့် တွက်ချက်ပါက မဟာပိရမစ် တည်ဆောက်သော အချိန်ကာလမှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀,၀၀၀ ရှိပြီဖြစ်ကြောင်းသိရသည်။

သမိုင်းပညာရှင်များကမူ ပိရမစ်များကို နှစ်ပေါင်း ၆၀၀၀ ခန့်က တည်ဆောက်ဟန် ရှိသည်ဟု ယူဆသည်။ မဟာပိရမစ်မှာ အစောဆုံးဆောက်ခဲ့သော ပိရမစ်များအနက်

အဓိကအကျဆုံးနှင့် အရေးအပါဆုံးပိရမစ် ဖြစ်သည်။ ဘီစီ ၃၀၀၀ နောက်ပိုင်းတွင် ဆောက်လုပ်သော ပိရမစ်များသည် နောက်ပေါ်ပိရမစ်များဖြစ်သည်။

သမိုင်းဆရာများနှင့် အီဂျစ်အကြောင်း လေ့လာသူများက ပိရမစ်များသည် ဘုရင်များ၏ သချိုင်းဂူဗိမာန်များ ဖြစ်သည်ဟု ဆိုသည်။ နောက်ခေတ်များတွင် ဆောက်သော ပိရမစ်မှာ ဘုရင့်သချိုင်းဂူအဖြစ် ဆောက်လုပ်သည်မှာ မှန်သည်။

သို့ရာတွင် မူလအစ ပိရမစ်များကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များက တည်ဆောက်စဉ်က ရည်ရွယ်ချက်မှာ ဘုရင့်သချိုင်းဂူအဖြစ် အသုံးပြုရန်မဟုတ်ဘဲ ဘာသာရေး ကိစ္စများ ဆောင်ရွက်ရန် ဘုရားကျောင်းအဖြစ်လည်းကောင်း၊ သိမ်အဖြစ်လည်းကောင်း၊ ဂန္ဓာရီပညာအရ ထုံကူးရန် ဓာတ်နန်းအဖြစ်လည်းကောင်း ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မဟာပိရမစ်ကြီးကို တည်ဆောက်ရန်အတွက် တစ်တုံးလျှင် တစ်တန်ရှိသော ကျောက်တုံး ၂၃ သိန်း အကုန်ကျခံပြီး အမြင့်ပေ ၄၈၁ ပေ ရှိသည်။ အောက်ခြေစကွဲယား ပေ ၇၅၆ ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀,၀၀၀ ခန့်က အီဂျစ်ပြည်တွင်ရှိသော လူဦးရေဖြင့် တည်ဆောက်ပါက မည်မျှကြာအောင် ဆောက်လုပ်ရမည်ကို မခန့်မှန်းနိုင်အောင် ဖြစ်သည်။

ယခုခေတ် အင်ဂျင်နီယာများက အီဂျစ်ခေတ်ရှိ လက်နက်ကိရိယာ ယာဉ်များဖြင့် ဤမျှကြီးမားသော အဆောက်အအုံကို ဆောက်လုပ်ရန် အလွန်ခဲယဉ်းပြီး မည်သို့ဆောက်လုပ်ခဲ့ကြသည်ကို ခေါင်းကုတ် စဉ်စားနေရသည်။

ဂန္ဓာရီ ပညာရှင်များကမူ မန္တန်တည်းဟူသော အသံစွမ်းအားဖြင့် ကျောက်တုံးများကို သယ်ယူပို့ဆောင်ပြီး တည်ဆောက်ခဲ့ကြသည်ဟု ဆိုသည်။ ကျောက်တုံးများကို အသံစွမ်းအားဖြင့် မ,ချီကာ လေထဲမှ ဝဲပျံသယ်ဆောင်ခြင်း ဖြစ်သည်ဟု ဒဏ္ဍာရီဆန်ဆန် ဆိုကြပြန်သည်။

ရုပ်ဝါဒနှင့် သိပ္ပံပညာထွန်းကားစ ၁၉ ရာစုနှင့် ၂၀ ရာစု အစောပိုင်းတွင် ဂန္ဓာရီပညာမှာ လူရယ်စရာ ဖြစ်ခဲ့သော်လည်း ယနေ့ခေတ် သိပ္ပံပညာသည် ရုပ်လောကနယ်ကို ကျော်ပြီး နာမ်လောကနယ်တွင်းသို့ ဝင်ရောက်လာသောအခါတွင် အီဂျစ်ဂန္ဓာရီပညာနှင့် အသံစွမ်းအင်ဖြင့် ပိရမစ်များကို တည်ဆောက်ခဲ့သည်ဟူသော ဂန္ဓာရီပညာရှင်များ၏ အဆိုမှာ အလေးအနက် စဉ်းစားစရာဖြစ်သည်။

နပိုလီယံ အီဂျစ်ကို အောင်မြင်သိမ်းပိုက်သောအခါ အီဂျစ်တစ်ပြည်လုံးအား မြေတိုင်းခဲ့သည်။ ယင်းမြေတိုင်းအဖွဲ့သည် မဟာပိရမစ်သည် နေမွန်းတည့်ရာအရပ် ဖြစ်သောကြောင့် သတ်မှတ်ပြီး မဟာပိရမစ်နေရာမှာပင် လောင်ကျီကျူမျဉ်း စတင်ရေးဆွဲသည်။

နောင်အခါတွင် နေမွန်းတည့်အမှတ်သည် အီဂျစ်ပြည်အတွက်သာမက တစ်ကမ္ဘာလုံး၏ မွန်းတည့်မျဉ်းများ ဖြစ်လာသည်။ ထို့ကြောင့် မဟာပိရမစ်သည် တစ်ကမ္ဘာလုံး၏ သဘာဝ သုညအမှတ် ဖြစ်လာသည်။

ထို့ပြင် မဟာပိရမစ်၏ အမြင့်ကို တစ်သန်းနှင့် မြှောက်လျှင် နေနှင့်ကမ္ဘာ အကွာ

အဝေးသည် ၁၉၈, ၂၀၈,၀၀၀ ကီလိုရသည်။ ပိရမစ်၏ နံရံတစ်ဖက်ကို ကုဗဖြင့် စားလျှင် တစ်ပတ်လည်သောနေ့၏ ကိန်းဂဏန်းရသည်။ ပိရမစ်မုခ်ဦးသည် မြောက်အရပ် မူဝံကြယ်နှင့် တည့်တည့်ဆောက်ထားသည်။ ပိရမစ်နံရံများ တစ်ခုနှင့်တစ်ခု ဆက်တည်နေမှုသည် GOLDEN RATIOခေါ် 'ရွှေအချိုး' ဖြစ်ရာ သိပ္ပံပညာရှင်များအနေဖြင့် အံ့သြနေကြသည်။

ပိရမစ်တည်ဆောက်ရာတွင် အသုံးပြုသော သချိုင်္ဂတွက်နည်းမှာ ဖိုက်ဘိုနာဆီ ကိန်းစဉ်ဖြစ်နေသည်။ ဖိုက်ဘိုနာဆီ ကိန်းစဉ်ဆိုသည်မှာ ၁, ၁, ၂, ၃, ၅, ၈, ၁၃, ၂၁ စသည်ဖြင့် ရှေ့ကိန်းနှစ်လုံး ပေါင်းရကိန်းသည် နောက်ကိန်းဖြစ်သော ကိန်းစဉ်ဖြစ်သည်။ ပိရမစ်များ၏ အနားကို ၂ ဖြင့်စားလျှင် ၃.၁၄၄ရလေရာ π ပိုင်ကိန်းဖြစ်သော ၃.၁၄၁၆ နှင့် အလွန်နီးစပ်နေကြောင်းကိုလည်း တွေ့ရှိရသည်။

ယခုခေတ်တွင်လည်း ရုရှနှင့် ချက်ကိုဇလပ်မှ သိပ္ပံပညာရှင်များသည် ပိရမစ်များကို လေ့လာရာ အဆောက်အအုံ အတိုင်းအတာ အချိုးအစားနှင့် သဏ္ဌာန်တို့မှာ အံ့သြဖွယ်ရာ သိပ္ပံနည်းကျ ဖြစ်နေသည်ကို တွေ့ရသည်။ အထူးသဖြင့် ပိရမစ်ပုံသဏ္ဌာန်ဖြစ်သော တြိဂံနံရံလေးဖက် အကာအရံသည် ရေမာတ်ကို ခန်းခြောက်စေသော သတ္တိရှိကြောင်း တွေ့ရသည်။

မုတ်ဆိတ်ရိတ်သော ဘလိပ်ဓားများမှာ ရေငွေ့ကြောင့် သံချေးတက်ပြီး အသုံးချမရဖြစ်သွားသည်။ ယင်းဘလိတ်ဓားများကို အသုံးပြုပြီးနောက် ပိရမစ်ပုံသဏ္ဌာန် ဘူးအတွင်းသို့ ထည့်ထားလျှင် ၁၀ ဆမျှ ပိုမိုအသုံးပြုနိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ပိရမစ်ပုံသဏ္ဌာန်ရှိ ဘလိတ်ဘူးများကို မူပိုင် မှတ်ပုံတင်ပြီး ပြုလုပ်ရောင်းချလျက် ရှိလေသည်။

ချီကာဂို ဆင်ခြေဖုံးတွင် အိနန်ဆိုသူက ၅၄ ပေ မြင့်သော ပိရမစ်ပုံ တိုက်ဆောက်ပြီး ရွှေချပ်များဖြင့် ကာရံထားသည်။ သူ၏ပိရမစ်အိမ်သို့ အလည်လာသော မိတ်ဆွေများက ဒီအိမ်ထဲရောက်တာနဲ့ သွေးတိုးရောဂါ ပျောက်သွားတယ်၊ ကျန်းမာလာတယ်ဟု ၁၉၈၆ နှစ် နယူးဝိခ် မဂ္ဂဇင်းတွင် ပုံနှင့်တကွ ဖော်ပြထားသည်။

အခြားသော သုတေသီများ၏ အတွေ့အကြုံအရ ပိရမစ်ထဲတွင် ဓာတ်ခဲတွေ အားပြန်ဝင်လာသည်။ အစားအစာတွေ မပုပ်မသိုးဘဲ အကြာကြီးထားလို့ရသည်။ မျိုးစေ့တွေ ပိုမိုရှင်သန်လာသည်။ လိင်စွမ်းအားများ သန်မာလာသည်။ ရောဂါအပျောက် မြန်သည်။ နာလန်ထမြန်သည်။ ကော်ဖီခွက်ကို မိနစ် ၂၀ ခန့် ထားလိုက်လျှင် အခါးပျောက်ပြီး ပိုမိုဆိမ့်လာသည်။ အိပ်လို့ကောင်း၊ စားလို့ကောင်းလာသည်။ စိတ်တွေ ကြည်လင်လာသည်။ အကြားဓာတ်၊ အမြင်ဓာတ်တွေ ထူးခြားစွာ ပေါ်လာသည်။ အာရုံစူးစိုက်မှုနှင့် တရားထိုင်၍ကောင်းလာသည်။

၁၉၇၀ ကျော်နှစ်များအတွင်းက ပလတ်စတစ်နှင့် သစ်သားများဖြင့် အရှင်ပြုလုပ်ထားသော ပိရမစ်တဲများကို ရောင်းချရာ တရားထိုင်သူများက အသုံးပြုကြသည်။ ပိရမစ်တဲအတွင်း ဘာဝနာပွားရသည်။ အလွန် သမာဓိအား ကောင်းသည်ဟု ကြော်ငြာလျက်ရှိသည်။ ပိရမစ်၏စွမ်းအင် ဤမျှ ရှိနေသောကြောင့်သာလျှင် ရှေးထွက်ရပ်ပေါက် ပုဂ္ဂိုလ်

ကြီးများက ပိဂုံမစ်ကို ဘုရားကျောင်းအဖြစ်လည်းကောင်း၊ ဘီသိုက်သွန်းရာ သိမ်အဖြစ်လည်းကောင်း၊ ထုံကူးရာ ဓာတ်နန်းအဖြစ်လည်းကောင်း၊ ဂန္ဓာရီပညာများ သင်ကြားလေ့လာရာ ဓာတ်ခန်းအဖြစ်လည်းကောင်း၊ ဆေးကုသရာဆေးခန်း ခွဲစိတ်ခန်းအဖြစ်လည်းကောင်း အသုံးပြုရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မဟာပိဂုံမစ်တွင် အဆောင်ခုနစ်ဆောင်ရှိပြီး တစ်ဆောင်စီကို ရွှဝံကျောင်းဆောင်၊ ကြတ္တိကာကျောင်းဆောင်၊ ဝိသာခါဆောင်၊ ဇေဋ္ဌဆောင် စသည်ဖြင့် နာမတ်အမည်များ ပေးထားသည်။ ရှေးဟောင်း အဂြစ်တွင် ဘာသာရေးနှင့် ဂန္ဓာရီပညာမှာ ယှဉ်တွဲလျက်ရှိရာ ဤပိဂုံမစ်ရှိ ခန်းဆောင်အချို့ကို ဘုရားကျောင်းအဖြစ် အသုံးပြုပြီး အချို့ခန်းဆောင်များကို ဂန္ဓာရီပညာနှင့် အထွေထွေလုပ်ငန်းများအတွက် အသုံးပြုသည်။ ဂန္ဓာရီပညာ သင်ကြားရာ၊ ထုံကူးရာ အဆောင်များကိုမူ သက်ဆိုင်သူမှအပ အခြားသူများ ဝင်ရောက်ခွင့်မရှိချေ။

ပိဂုံမစ်ဆောက်တည်စက အထက်ဖော်ပြပါ ဘာသာရေးနှင့် ဂန္ဓာရီပညာစခန်းအတွက်သာ အသုံးပြုခဲ့ကြသော်လည်း နောင်ကာလရွေ့လျောပြီး အရည်အချင်း ညံ့ဖျင်းသွားသောအခါတွင် ဘုရင်နှင့် မိဖုရားတို့၏ ဂုဏချီးဖြစ်လာသည်။ ထို့ကြောင့်ပင် မဟာပိဂုံမစ်ထဲတွင် အလောင်းမရှိ၊ ခေါင်းမရှိ၊ သေစာမရှိ ပကတိ သန့်ရှင်းစင်ကြယ်လျက်ရှိသည်။

မဲဒီရှပ်အလောင်းများ

ဘာသာရေးနှင့် တိုင်းပြည်ခေါင်းဆောင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ကွယ်လွန်သွားသောအခါတွင် ကြီးမြတ်သော ပုဂ္ဂိုလ်တို့၏ ရုပ်ကလာပ်မှာလည်း သန့်စင်မွန်မြတ်သော တန်ခိုးသတ္တိများ ရှိလေရာ ထိုပုဂ္ဂိုလ်ထူးတို့၏ ရုပ်ကလာပ်ကို မပျက်စီးအောင် ကျပ်စည်းပြီး ဂုသွင်းခြင်း၊ မြေမြှုပ်ခြင်းကို ပြုခဲ့သော အစဉ်အလာဟောင်း ရှိသည်။

ထို့အပြင် ထုံကူးချိန်တွင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၏ နာမ်ဝိညာဉ်သည် ရုပ်ခန္ဓာကိုယ်အား စွန့်ခွာပြီး အခြားဘုံများတွင် ကျက်စားနေရာမှ ပြန်လည်ရောက်ရှိလာပြီး မိမိခန္ဓာကိုယ်သို့ ဝိညာဉ်ပြန်ဝင်ရသည်။ ဤသို့ ဝိညာဉ်ခရီး ထွက်နေစဉ်အတွင်း ထိုပုဂ္ဂိုလ်၏ ကျန်ရစ်ခဲ့သော ရုပ်ခန္ဓာ(အလောင်း) ကို မပျက်မစီးအောင် စီစဉ်မှုအနေဖြင့် ရုပ်ခန္ဓာကို ကျပ်စည်းခြင်း ဖြစ်သည်။

နောင်အခါတွင် ဂန္ဓာရီပညာများ လျော့ပါးပြီး ထုံကူးခြင်းလည်း မပြုနိုင်သောအခါတွင် ဘုရင်နှင့် မိဖုရားတို့၏ ရုပ်အလောင်းကို ထုံကူးသူကဲ့သို့ မပျက်စီး၊ မပုပ်သိုးအောင် ကျပ်စည်းသောဓလေ့ ဝင်ရောက်လာသည်။ များသောအားဖြင့် ကျပ်စည်းထားသည်မှာ ဤသဘာဝအတိုင်းပင် ဖြစ်သည်။ ယနေ့ တွေ့ရှိရသမျှသော မဲမီရုပ်လောင်းအနက် အစောဆုံး မဲမီသည် ဘီစီ ၂၉၀၀ ခန့်မှ ရုပ်အလောင်းဖြစ်သည်။ မဟာပိဂုံမစ်တည်သည်မှာ ဘီစီ ၃၀,၀၀၀ ဖြစ်ရာ မဲမီများသည် များစွာနောက်ကျသောကာလမှသာလျှင် ပေါ်ခဲ့သော အလောင်းဖြစ်သည်။

ဂန္ဓာရီပညာနှင့် မသက်ဆိုင်ဘဲ ဂန္ဓာရီအင်္ဂေ့အသက်ကို ယူကာ ပိရမစ်ထဲ ထားပြီး နောင်းလူများက မိဘ ဘိုးဘွား ကိုးကွယ်မှုဓလေ့အဖြစ်ဖြင့်သာ ရပ်တည်ခြင်း ဖြစ်သည်။ ဂန္ဓာရီပညာ၏ အင်္ဂေ့အသက်များဆိုသည်မှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ရှားပါး ကွယ်ပျောက်သွားသောအခါတွင် ဂန္ဓာရီပညာ တစ်ပိုင်းတစ်စကို သိသူများက သူတို့ကိုယ်ကျိုးအတွက် မှော်ပညာအဖြစ် လေ့လာလိုက်စားကြသည်။ ထို့ကြောင့် တချို့မံမိများကို မှော်ပညာ အစိအရင်များဖြင့် စီရင်ထားရာ တူးဖော်သူ၊ သယ်ဆောင်သူများအား ခိုက်သည်ဟု သတင်းကြီးလာသည်။

ကိုင်ရိုက ဒေါက်ကလပ်ဆိုသူအား ညာလက် ဖြတ်ပစ်ရလိမ့်မည်ဟု လက္ခဏာ ဟောပြီးနောက် ဒေါက်ကလပ်သည် မံမိအလောင်းကို တူးဖော်ရာ သူ့လက်ကို ကျည်ဆန်မှန်၍ လက်ဖြတ်ပစ်လိုက်ရသည်။ နောက်ဆုံးတွင် ထိခိုက်လွန်းသဖြင့် မံမိအလောင်းကို ဇြတိသူ ပြတိုက်ကပင် လက်မခံလိုတော့ရာ နယူးယောက်ပြတိုက်သို့ ပို့ရန်အတွက် တိုက်တန် သဘော်ပေါ် တင်ပေးလိုက်ရသည်။

တိုက်တန်သဘော်ကြီး ရေနစ်သွားသောအခါ ယင်းမံမီရုပ်အလောင်းလည်း တစ်ပါတည်း ရေအောက်ရောက်သွားသည်။ တိုက်တန်သဘော်ကြီး ရေနစ်ရသည်မှာ မံမီရုပ်အလောင်းကြောင့်ပင်လောဟု တွေးတောစရာပင် ဖြစ်နေသည်။

စဇင်

ပိရမစ်နှင့် ခွဲမရအောင် ပူးတွဲနေသောအရာမှာ စဖင့်ရုပ်တုများ ဖြစ်သည်။ စဖင့်သည် လူ့မျက်နှာကြီး ဖြစ်သည်။ စဖင့်သည် ကျောက်တုံးကြီးတစ်တုံးအား ထွင်းထုထားခြင်းဖြစ်ပြီး ပိရမစ်များနှင့် များသောအားဖြင့် ယှဉ်တွဲလျက် ရှိသည်။ စဖင့်နှင့်ပတ်သက်သော အထောက်အထားများ ရှားပါးလှသည်။ ၁၈ ကြိမ်မြောက် မင်းဆက်ဖြစ်သော နောက်ပိုင်း ခေတ်ကျမှသာလျှင် စဖင့်အကြောင်း မှတ်တမ်းများ တွေ့ရသည်။

အကြီးဆုံးသော စဖင့်ကြီးမှာ သဲထဲတွင် နှစ်မြုပ်နေရာမှ ပြန်လည်တူးဖော်ထားခြင်း ပြစ်သည်။ စဖင့်များသည် ပိရမစ်များ၊ ဘုရားကျောင်းအနီးတွင် အစောင့်အရှောက်အဖြစ် ထားသည့်သဘောနှင့် တည်ထားခြင်း ဖြစ်သည်။ ဂီဇာအရပ်ရှိ စဖင့်မှာ အကြီးဆုံးဖြစ်ပြီး လေးထပ်တိုက်ခန့်မြင့်သည်။ ဗုဒ္ဓဘာသာ ဘုရားကျောင်းကန်အနီးတွင် အစောင့်အရှောက်သဘောဖြင့် ခြင်္သေ့ရုပ်များ ထားသည့် အဓိပ္ပါယ်မျိုးဖြစ်သည်။ စဖင့်ရုပ်တုများသည် နေထွက်ရာ အရှေ့ဘက်သို့ မျက်နှာမူသည်ချည်းပင် ဖြစ်သည်။

လောကပါလ နတ်မင်းကြီးများက လောကကြီးကို စောင့်ရှောက်ရန် အရပ်လေးမျက်နှာကို တာဝန်ယူ၍ စောင့်ရှောက်သည့်နည်းတူပင် ဈာန်ဘုရားကို ရည်ညွှန်းသော စဖင့်များကလည်း အထွတ်အမြတ် နေရာနှင့် ဂန္ဓာရီပညာရပ်များကို စောင့်ရှောက်နေခြင်း ဖြစ်သည်။ စဖင့်ရုပ်တုများသည် မူလထွင်းထုစဉ်က အချိုးကျ လှပ၍ ကျက်သရေရှိသော မျက်နှာများ ဖြစ်သည်။

သို့ရာတွင် သဘာဝမှန်တိုင်းနှင့် လက်ဆော့သူများ၏ လက်ချက်ကြောင့် နှာခေါင်း၊ ပါးစပ်များ ပျက်စီးသွားရသည်။ စဖင့်၏ မျက်နှာ အထူးသဖြင့် ဂီဇာအရပ်ရှိ မဟာစဖင့်၏ မျက်နှာသည် အလွန်တည်ကြည်လေးနက်ပြီး အရှေ့အရပ်မှ ပေါ်ထွန်းလာမည့် နေဘုရားကို ပူဇော်နေဟန် ရှိသည်။

ရှေးဟောင်းအဂြစ်တို့သည် 'ရား' ခေါ် နေဘုရားကို ကိုးကွယ်ကြရာ စဖင့်ရုပ်တုများသည်လည်း နေဘုရားကို ပူဇော်ရန် အရှေ့ဘက်သို့ မျက်နှာမူထားခြင်းမှာ အသင့်ယုတ္တိရှိသည်ဟု စာရေးဆရာကြီး ပေါလ်ဘရင်တန်က မှတ်ချက်ချသည်။

အရှေ့နိုင်ငံမှ ဆင်းသက်လာသော 'အာရတ်'သည် ကော့ကေးရှတောင်တန်းမှ တစ်ဆင့် အီဂျစ်ပြည်သို့ ဘီစီ ၁၀,၀၀၀ ခန့်က ဝင်ရောက်လာပြီး ဂီဇာအရပ်ကို ဗဟိုပြု၍ ထီးနန်းစိုက်သည်။ အာရယန်နွယ်ဝင်များ ဝင်လာခြင်း ဖြစ်ပေမည်။ 'အာရတ်'နှင့်အတူ အာရယန် သာသနာပြု ဘုန်းကြီးများ ပါလာပြီး ဘာသာရေးတည်ထောင်သည်။

ယင်းဘာသာ၏ အနှစ်သာရမှာ အရာရာကို ဖန်တီးနိုင်သော အန္တိမဓာတ်ဘုရားကြီး ရှိသည်။ ယင်းဓာတ်ဘုရားက ဖန်တီးပေးအပ်သော အသက်ဓာတ်မှာ လောကလူသားများ အပြစ် တည်ရှိပြီး ရုပ်ခန္ဓာ သေဆုံးသော်လည်း အသက်ဓာတ်မှာ ဆက်လက် ကျန်ရှိနေဦးမည်ဟု ဆိုလိုသည်။ ဘုရင်အာရတ်တွင် အကြံပေးပုဂ္ဂိုလ်တစ်ဦး ရှိသည်။ တစ်နည်းအားဖြင့် မင်းဆရာဖြစ်သည်။ အကြံပေးပုဂ္ဂိုလ်သည် အရှေ့အရပ်မှဝင်လာသော အာရယန်နွယ် ဖြစ်သည်။ ဘုရင်ကြီးအနီးရှိ မူးမတ်ပညာရှိများ အားလုံးထက် ဉာဏ်ပညာ ကြီးမားထူးချွန်သူ ဖြစ်သည်။



နေဘုရား(ရာန်ဘုရား)ကို ရှိခိုးနေပုံ

ဘုရင်အာရတ် လက်ထက်တွင် ပိရမစ်များ၊ စဖင့်ရုပ်တုများ တည်ဆောက်ခြင်းဖြစ်ရာ စဖင့်ရုပ်တု၏ မျက်နှာသည် ဘုရင်အာရတ်၏ အကြံပေးပညာရှိပုဂ္ဂိုလ်၏ မျက်နှာပင် ဖြစ်သည်ဟု အဂ္ဂါကေစီက ဆိုသည်။

စဖင့်အကြောင်း ရေးထားသော ခေတ်ပြိုင် မှတ်တမ်းများကိုလည်း ရှာဖွေ တွေ့ရှိခြင်း မရှိသေးချေ။ ထို့ကြောင့် ဂန္ဓာရိပညာရှင်များဖြစ်သော ပေါလ်ဘရင်တန်၊ အဂ္ဂါကေစီတို့၏ အမြင်ကိုသာလျှင် ဖော်ပြနိုင်သည်။ မည်သို့ပင်ဖြစ်စေ ကာလ ဒေသနှင့် ဂန္ဓာရိပညာရပ်တို့နှင့် ဆက်စပ်ကြည့်လျှင် ယုတ္တိတန်သော အမြင်သာဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေကာမူ စဖင့်ရုပ်တုများသည် ပိရမစ်ဘုရားကျောင်းများကိုသာမက ဂန္ဓာရိပညာတိုက်ကြီးကို စောင့်ရှောက်လျက် ခွန်အားနှင့် စွမ်းအင်သတ္တိထူးများကို ကိုယ်စားပြုနေကြောင်းကိုမူ သုတေသီများက လက်ခံထားကြသည်။

ဂန္ဓာရိပညာ

ရှေးဟောင်းအိုက္ခစ် ဂန္ဓာရိပညာအကြောင်း ဖော်ပြရလျှင် ဂန္ဓာရိပညာကို စတင် ထူထောင်ခဲ့သော ဟာမီးစ်မှ စတင်ရမည်ဖြစ်သည်။ ဟာမီးစ်သည် 'ရား' ခေါ် နေဘုရား၏ နာမ်ဓာတ်ကိန်းဝပ်သူဖြစ်၍ အိုက္ခစ်ပြည်၏ ဘာသာရေးတည်ထောင်သူ ဖြစ်သလိုပင် ရှေးဟောင်း အိုက္ခစ်ဂန္ဓာရိပညာဂိုဏ်ကြီး၏ ပထမဦးဆုံးသော ဂိုဏ်းချုပ်ကြီးလည်း ဖြစ်သည်။ ဟာမီးစ်၏လက်ထက်တွင် မူလအတ္တလန်တိုက် ဂန္ဓာရိပညာသာမက အရှေ့တိုင်း အာရယန်တို့၏ ဂန္ဓာရိပညာ ပါဝင်နေသည်ကို တွေ့ရသည်။

အခြေခံအယူအားဖြင့်လည်းကောင်း၊ ကျင့်စဉ်များသည်လည်းကောင်း အရှေ့တိုင်း ဂန္ဓာရိပညာရပ်များနှင့် များစွာတူညီလျက် ရှိသည်။ အရှေ့တိုင်းအာရယန် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များသည် အိုက္ခစ်ပြည်တွင်းသို့ ဝင်ရောက်ပြီး နဂိုရှိရင်းစွဲ အတ္တလန်တိုက်သား၏ ဂန္ဓာရိပညာနှင့် ပေါင်းစပ်သွားခြင်း ဖြစ်သည်။

ရှေးဟောင်း ဂန္ဓာရိပညာသည် အိုက္ခစ်ဘာသာရေးနှင့် ခွဲမရအောင် ဆက်စပ် လျက်ရှိနေရာ ဂန္ဓာရိပညာလိုက်စားသူ ဂန္ဓာရိပညာရှင်များမှာလည်း အိုက္ခစ်ဘုန်းတော်ကြီးများပင် ဖြစ်သည်။ ထိုခေတ်က ဘုရင်များမှာလည်း Divine King ဟူသော ဝေါဟာရဖြင့် တစ်ဖက်က တိုင်းပြည်အုပ်ချုပ်ရေး၊ စည်းလုံးရေးကို တာဝန်ယူနေရသလို တစ်ဖက်မှာလည်း ဂန္ဓာရိပညာရှင်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ဖြစ်သည်။

ထို့ကြောင့် အိုက္ခစ်ဂန္ဓာရိပညာမှာ ဘုန်းကြီးများနှင့် ဘုရင်များက ဦးဆောင်သည်ဟု ဆိုခြင်းဖြစ်သည်။ ဂန္ဓာရိပညာရှင် သူတော်စဉ်ဘုရင်များက မင်းကျင့်တရား လက်ကိုင်ထား သက့ဲသို့ပင် ဘုန်းကြီးများမှာလည်း အလွန်သိလစင်ကြယ်ပြီး စရဏတရား အားကောင်းသူ ပုဂ္ဂိုလ်များဖြစ်သည်။ လောကီအာရုံ ကာမဂုဏ်ကို ဝေးဝေးမှ ရှောင်ပြီး ဘုရား၏ အလို ဆန္ဒနှင့်အညီသာလျှင် ကျင့်ကြံအားထုတ်နေသူများ ဖြစ်သည်။

တစ်ဖက်တွင်လည်း ဂန္ဓာရိပညာရပ် သင်ကြားလိုသူ တပည့်များကို ဂန္ဓာရိပညာ သင်ကြားပေးရန်အတွက် ရဟန်းခံစေရန် ကြိုးစားရသည်။ သဒ္ဓါတရားနှင့် သီလ မရှိသောသူများ ဘုန်းကြီးဘဝ ခံယူရန် မလွယ်ကူချေ။ ဘုန်းကြီးများသည် ရှေးဟောင်း ပညာများကို ထိန်းသိမ်းပေးခြင်း၊ ဂန္ဓာရိပညာရပ်များကို ဆက်လက်လေ့လာခြင်းဖြင့် မအားလပ်ရအောင် ဆောင်ရွက်နေသူ ပုဂ္ဂိုလ်များဖြစ်သည်။

ဂန္ဓာရိပညာရှင်ဘုန်းကြီးများ နေ့စဉ်ဆောင်ရွက်သော လုပ်ငန်းများအနက် အဓိက လုပ်ငန်းမှာ လူ့လောကအကျိုးပြု လုပ်ငန်းဖြစ်သော ရောဂါကုသခြင်း ဖြစ်သည်။ ရိုးရာ ဆေးဝါးဓာတ်စာများဖြင့် ကုသတန်သူကို ကုသသည်။ ရုပ်ခန္ဓာရောဂါ၊ စိတ်ရောဂါ၊ ကပ်ရောဂါစသော ရောဂါမျိုးစုံကို ကုသသည်။

ဤသို့ ကုသရာတွင် ခွဲစိတ်ကုထုံးများ၊ စိတ်ညှိကုထုံး၊ ဂီတကုထုံး၊ အသံကုထုံး၊ အိပ်မက်ကုထုံးစသော ကုထုံးမျိုးစုံကို အနာနှင့် ဆေးတည့်အောင်ပေး ဆိုသည့်အတိုင်း ကုသသည်။


ခွဲစိတ်ရောဂါများကို ကုသရာတွင် သာမန်ခွဲစိတ်ရောဂါများသာမက ပလတ်စတစ် ဆာဂျရီဟု ယခုခေါ်နေကြသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ချုတ်ယွင်းနေသည်ကို ပြုပြင်၊ မလှသည်ကို လှအောင်၊ မချောသည်ကို ချောအောင်၊ မဖြောင့်သည်ကို ဖြောင့်အောင် ခွဲစိတ်ပြုပြင် ကုသပေးသည်။

ဤသို့ ခွဲစိတ်ကုသခြင်းကို Temple of Sacrificeဟုခေါ်သော ခန်းမဆောင်တွင် ကုသခြင်းဖြစ်သည်။ ခွဲစိတ်သောအသားကို ချုပ်ရန်အတွက် ယနေ့ ဆေးသိပ္ပံက အသုံးပြုနေသောကြိုး Cat Gutများအသုံးပြုနေပြီဖြစ်သည်။ ဤသို့ ကုသမှုနှင့် ဆက်နွယ်နေသော အခြား ဘုရားကျောင်း အဆောင်တစ်ဆောင်မှာ Temple of beauty အလှရသ ပြုပြင်ရာ ခန်းဆောင်ဖြစ်သည်။ ခန္ဓာကိုယ် အချိုးအစား လှပပြေပြစ်ရုံသာမက ဟန်ပန်အမူအရာ အပြောအဆို၊ သဲနေသဲထား စသည်ဖြင့် အလှရသမျိုးစုံအကြုံးဝင်မှု သင်ကြားပေးသည်။

လောကကို အလှဆင်ရာတွင် အမြင်အာရုံသာမက၊ အသံအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း ရသမျိုးစုံဖြင့် အလှဆင်နိုင်ရန် ဖြစ်သည်။ ဂန္ဓာရီပညာရှင် တစ်ဦးသည် ဘက်ပေါင်းစုံမှ ဗဟုသုတပေါင်းစုံ၊ ပညာပေါင်းစုံ တတ်ထားရမည်ဟု ဂန္ဓာရီပညာက ယူဆသည်။

စိတ်ညှို့ကုသရာတွင်လည်း ပုဂ္ဂလိက သဲလိုက်ဓာတ်ဖြင့်လည်းကောင်း၊ Passes ခေါ် လက်ဖြင့်သပ်ချခြင်းဖြင့် လည်းကောင်း၊ နှုတ်မှ အမိန့်ပေးခြင်းဖြင့်လည်းကောင်း ကုသသည်။ စိတ်ညှို့ပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချကြသည်။

အီဂျစ်ဂန္ဓာရီပညာ၏အခြေခံသည် အသံဖြစ်သည်။ ဘုရားက လောကကို ဖန်တီးသောအခါ နှုတ်ကပါတ်တော် သို့မဟုတ် အသံဖြင့် ဖန်တီးခဲ့သည်ဟု ယုံကြည်သည်။ သက်ရှိ သက်မဲ့ ပုဂ္ဂိုလ် သတ္တဝါအားလုံးတို့သည် ဘုရားက အသံဖြင့် ဖန်တီးခဲ့ခြင်းဖြစ်ရာ အသံသည် အရာရာကို ဖန်တီးနိုင်စွမ်းရှိသည်။ ထို့ကြောင့် ရောဂါကုသရာတွင် အသံစွမ်းအင်၊ မန္တာန်စွမ်းအင်နှင့် ဂီတစွမ်းအင်များကို သင့်လျော်သလို အသုံးချကုသသည်။




မဲဒီအလောင်းများကို ကျပ်စည်းနေပုံ

ဂီတသည် ငြိမ်းချမ်းမှု သဟဇာတသဘောကို ဆောင်သည်။ စိတ်အပေါ်တွင် ဂီတသြဇာ ထူးခြားစွာ သက်ရောက်သည်။ ထို့ကြောင့် အာရုံကြောရောဂါ၊ စိတ်ကြောင့်ကိုယ်တွင်ရသော ရောဂါတို့ကို ဗျပ်စောင်း၊ ပုလွေအစရှိသော တူရိယာမျိုးစုံကို သင့်လျော်သလို အသုံးပြု၍ ကုသည်။

အိပ်မက်ကုထုံးဖြင့် ကုသတန်သောရောဂါကို အိပ်မက်ဖြင့် ကုသသည်။ အိပ်မက်ကို အဓိပ္ပာယ် ဖွင့်ခြင်းဖြင့် ရောဂါရှာရသည်။ အိပ်မက်အဓိပ္ပာယ်ဖွင့်နည်းဖြင့် အိပ်မက်ရှင်များကို ကူညီသည်။ ထိုခေတ်က အိပ်မက်ကို အရေးတယူ ပြုလုပ်ရာ အိပ်မက်အဓိပ္ပာယ်ဖွင့်ပေးခြင်းမှာ အလွန်ခေတ်စားသည်။

ထို့ပြင် အိပ်မက် မက်လိုသူများကိုလည်း အိပ်မက် မက်စေသော မန္တာန်များသင်ကြားပေးသည်။ အင်းချ၍လည်း ပေးသည်။ အိပ်မက်သည် မသိစိတ်၏ ပြတင်းပေါက်ဟူသော စိတ်ခွဲပညာရှင်တို့၏ အခြေခံမူကို အိဂျစ်ဂန္ဓာရီပညာများက ရှေးခေတ်ကပင် လက်ကိုင်ပြုထားသည်။

ဘုန်းကြီးများသည် များသောအားဖြင့် နက္ခတ်ပညာ တတ်ကျွမ်းသူများဖြစ်သည်။ ဒင်ဒါရာဘုရားကျောင်းတွင် တွေ့ရသော မှတ်တမ်းအရ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀၀ ကပင် နက္ခတ်ပညာများ တတ်ကျွမ်း ၍ ၁၂ ရာသီစက်ကိုပင် ရေးဆွဲနေပြီဟု သိရသည်။ ဂန္ဓာရီပညာတွင် နက္ခတ္တဗေဒင်သည် မပါလျှင်မပြီးသော ပညာရပ်ဖြစ်သည်။



အိုက်စစ်ဗျာန်ဘုရားထဲ ဆည်းကပ်နေသော တပည့်သာဝကတို့နှစ်ဦးနှင့် အလယ်မှ 'တီ' အက္ခရာပေါ်တွင် ဝလုံးတင်ထားသော 'တော' လက်ဝါးကပ်သည့် နေမင်းကို လက်နှစ်ဖက်ဖြင့် ပင့်ထားပုံ။

ထုံကုးခြင်း

ထုံဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ လေ့ကျင့်ထားခြင်း၊ အောင်မြင်စွာ အလေ့အကျင့် ပြုထားခြင်းဟုရသည်။ ထွက်ရပ်ပေါက်ပြီးသူများသည် အောင်မြင်စွာ ကျင့်ကြံအားထုတ်ထားသူများ ဖြစ်သည်။ ဘက်ထရီအိုးတစ်လုံးကို အောင်မြင်ပြည့်ဝစွာ အားသွင်းထားပါက မိမိထက် စွမ်းအင်နိမ့်ကျသော ဘက်ထရီ၊ အားနည်းသော ဘက်ထရီအိုးသို့ မိမိစွမ်းအင်အချို့ကို ဖဲ့ပေးလိုက်ခြင်းဖြင့် အားနည်းသော အားငုပ်နေသော ဘက်ထရီသည် အားများ စီးဝင်ပြည့်ဝသွားသည်။

ထိုနည်းတူစွာပင် ထွက်ရပ်ပေါက်ကျင့်စဉ် စခန်းတက်လိုသူ သာဝကအား အကျင့်စခန်း ပြည့်စုံကုံလုံသွားသောဆရာက မိမိ၏စိတ်စွမ်းအင်ဖြင့် အားဖြည့်ကူညီလိုက်သောအခါ တပည့်သာဝကသည် လွယ်ကူစွာ ကျင့်စဉ်စခန်းကို တက်လှမ်း၍ အောင်ပန်းဆွတ်ကူး

နိုင်သည်ကို ထုံကူးခြင်းဟု ရှေးဟောင်းဂန္ဓာရီပညာက ဆိုသည်။

ဂန္ဓာရီစခန်းများကို တစ်ဆင့်ပြီး တစ်ဆင့် တက်လှမ်းသောအခါ သာဝကသည် မိမိ၏ စွမ်းအင်တစ်ခုတည်းဖြင့် တက်လှမ်းရန် ခက်ခဲလှသည်။

ဂန္ဓာရီပညာစခန်း၏ တက်စဉ်တိုင်းတွင် အကျင့်သီလ ဖြူစင်မှုရှိ မရှိ၊ ဉာဏ်ပညာစွမ်း ထက်မြက်မှုရှိ မရှိ၊ ယုံကြည်ကိုးကွယ်မှု သဒ္ဓါတရားပြည့်ဝမှု ရှိမရှိနှင့် လုံးဝ ကြောက်စိတ်ကင်းမဲ့သော သူရသတ္တိရှိမရှိကို မီးဖြင့်လည်းကောင်း၊ ရေဖြင့်လည်းကောင်း၊ မြေဖြင့်လည်းကောင်း၊ မုန်တိုင်းဖြင့်လည်းကောင်း၊ နာနာဘာဝများ၏ ခြောက်လှန့်မှုဖြင့်လည်းကောင်း အမျိုးမျိုးစမ်းသပ်သည်ကို အောင်မြင်စွာ ကျော်လွှားနိုင်မှသာလျှင် ဂန္ဓာရီပညာ အဆင့်ဆင့် တက်ရသည်။

ဤသို့ မီး၊ ရေ၊ လေ၊ မြေတို့ဖြင့် စမ်းသပ်ပွဲပြုလုပ်သည်ကို ရေထုံ၊ မီးထုံကူးသည်ဟု ခေါ်ခြင်းဖြစ်သည်။ မည်သို့ စမ်းသပ်သည်၊ မည်သူ့ ထုံကူးသည်မှာ သပ်သပ်အသေးစိတ်ဖော်ပြမှသာလျှင် လိပ်ပတ်လည်မည် ဖြစ်သည်။

ဂန္ဓာရီ နောက်ဆုံးအဆင့်တွင် အလွန်စွဲလမ်းတွယ်တာသော မိမိရုပ်ခန္ဓာကို မရဏာသေမင်းလက်အပ်ပြီးမှ ဝိညာဉ်အနေဖြင့် တစ်ဖန်ပြန်လည် အသက်ရှင်ခြင်း အဆင့်ကို ရောက်အောင် ကျင့်ကြံအားထုတ်ခြင်းနှင့် ရုပ်ခန္ဓာသေသော်လည်း ဝိညာဉ် မသေဘဲ မာယာလောကဖြစ်အောင် ရုပ်လောကမှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ် ခြင်းကို ထွက်ရပ်ပေါက်ခြင်း သို့မဟုတ် ဂန္ဓာရီပညာ အန္တိမအဆင့် ရောက်ခြင်းဟု ခေါ် ကြသည်။


ဤအဆင့်တွင် လောကီလူသားဖြစ်သော တပည့်သာဝကကို ဆရာအသျှင်က မိမိ၏ စွမ်းအင်ဖြင့် ကူညီခြင်း သို့မဟုတ် မိမိထုံထားသော သိဒ္ဓိအစွမ်းဖြင့် တပည့်သာဝကကို ကူညီစောင့်ရှောက်ပေးခြင်းဖြင့် ပါရမီရှင်သာဝက ထွက်ရပ်စခန်းသို့ တက်လှမ်းသွားသည်ကို ထွက်ရပ်ပေါက်ခြင်းဟု အိဂျစ်ရှေးဟောင်းဂန္ဓာရီပညာက ခေါ်ဝေါ်သည်။ ဤသို့ ဂန္ဓာရီပညာအဆင့်ဆင့်ကို တက်လှမ်းရသော ဂန္ဓာရီအဆင့် တက်စဉ်မှာလည်း ခုနစ်ဆင့် ရှိပြီး အဆင့်တိုင်းတွင် လျှို့ဝှက်နက်နဲမှုများ အပြည့်ရှိနေပေသည်။

✱

မဟာဂန္ဓာရီ တက်စဉ်

အိဂျစ်ပြည်အနီးတစ်ဝိုက်ရှိ ဆီးရီးယား၊ ကောလ်ဒီးယား၊ ပါသျှား၊ အစွယ်ရေးစသော နိုင်ငံများနှင့် အိဂျစ်ပြည်တွင်းရှိ မဟာဂန္ဓာရီပညာကို လေ့လာလိုက်စားလိုသူများသည် အိဂျစ်ပြည် မဟာဂန္ဓာရီ ဗဟိုစခန်းရှိရာ သီးဘီးစ်မြို့တော်သို့ ရောက်လာကြသည်။

ထိုစဉ်က အိဂျစ်ပြည်၏ မြို့တော်မှာ သီးဘီးစ်မြို့ဖြစ်ပြီး အခြားအချက်အချာမြို့ကြီးများမှာ ဟဲလီယိုပိုလစ်၊ ဟမ်မိုပိုလစ်နှင့် မင်းဖစ်မြို့တို့ဖြစ်သည်။



ဂန္ဓာရီတိတ်နန်းဆောင်

မဟာ ဂန္ဓာရီပညာကို လေ့လာတတ်မြောက်သွား သူများသည် အဝိဇ္ဇာမာယာလောကမှ လွတ်မြောက်သွား သူများဖြစ်၍ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် (Initiate) ဟုခေါ်သည်။ တစ်နည်းအားဖြင့် သံသရာမှ ထွက်မြောက်သွား သူဟု အဓိပ္ပာယ်ရသည်။

ဆို့ကြောင့် ထွက်ရပ် ပေါက်ပညာကိုပင်လျှင် ရှေးဟောင်း ဝေါဟာရဖြင့် မဟာဂန္ဓာရီပညာဟု ခေါ်ခြင်းဖြစ်သည်။ မြန်မာပြည် အလိုအားဖြင့် ယခုအခါ အီရန်ခေါ်သော ဂန္ဓာရတိုင်းမှ ထွက်ရပ်ပေါက်ပညာဖြစ်၍ ဂန္ဓာရီပညာဟု ခေါ်ခြင်းဖြစ်သည်။ ယင်းဂန္ဓာရီပညာသည် အိန္ဒိယမှ တစ်ဆင့် အရှေ့တိုင်းများသို့ ပျံ့နှံ့သွားပြီး အာရှမဟာဂန္ဓာရီပညာနှင့် ပေါင်းစပ်သွားခြင်းဖြစ်သည်။

ဂန္ဓာရတိုင်း၏ ဓာတီခေါ် အီရန်သည် ရှေးခေတ်ကပင် အီဂျစ်နှင့် ကူးလူးဆက်ဆံမှုများရှိသည်။ ဤသို့ ကူးလူးဆက်ဆံရာတွင် ဂန္ဓာရီပညာ ဗဟိုချက်ဖြစ်သော အီဂျစ် မဟာဂန္ဓာရီပညာများကိုလည်း အီရန်တို့ ဆက်ခံရရှိသည်။

ဂန္ဓာရီပညာတက်စဉ်

ဂန္ဓာရီပညာသည် ဆရာရှင်က တပည့်သာဝကအား လျှို့ဝှက်စွာ လက်ဆင့်ကမ်းသင်ပေးပြီး သူ၏ မဟိဒ္ဓိတန်ခိုးဖြင့် ကူညီဖေးမခါတ်ဖွင့်ပေးသော ဆရာနှင့် တပည့် နှစ်ဦးသာ သိခွင့်ရသော အန္တေဝါသိက ပညာတက်စဉ် ဖြစ်သည်။ ပညာစခန်းအဆင့်ဆင့် တက်ရာတွင် အကြမ်းအားဖြင့် သုံးဆင့်၊ အသေးစိတ်အားဖြင့် ခုနစ်ဆင့်ဖြစ်သည်။ အကြမ်း

အားဖြင့် သုံးဆင့်မှာ–

၁။ အစမ်းခံသာဝကအဆင့်...

ယင်းအဆင့်တွင် သဘောတရားနှင့် စည်းကမ်းများကို လေ့လာရသည်။

၂။ လက်ခံသာဝက...

ယင်းအဆင့်တွင် စိတ်နှင့် စိတ်တန်ခိုးအာဘိညာဉ် တန်ခိုးတို့ကို လေ့ကျင့်သင်ကြားရသည်။

၃။ အထက်ပါ ကျင့်စဉ်အောင်မြင်ပါက အလင်းဓာတ်ရရှိပြီး အလင်းဓာတ်ဘုရားကြီးနှင့် တစ်သားတည်း ပေါင်းစပ်သွားသည်။

အသေးစိတ် တက်စဉ် ခုနစ်ဆင့်မှာ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်မှသည် သတ္တမအဆင့်ထိ ဖြစ်သည်။

သာဝကတစ်ဦးသည် အရည်အချင်း ခုနစ်ပါးဖြင့် ပြည့်စုံရမည်။

၁။ မိမိ၏ အစ္ဆတ္တာတွင် ဘုရားဓာတ်ရှိသည်ကို သိမြင်ပြီး ဘုရားထဲ စိတ်ညွှတ်ထားရမည်။

၂။ ဘုရား၏ ဘွဲ့တော်များနှင့် ဂုဏ်တော်တွေကို နားလည်သဘောပေါက်ပြီး အာဂုံဆောင် ထားရမည်။

၃။ မေတ္တာတရားနှင့်တကွ ကြင်နာမှု၊ နူးညံ့သိမ်မွေ့မှု၊ တရားမျှတမှုကို လက်ကိုင်ထားရမည်။

၄။ ဘုရားကို အမြဲကိုးကွယ်ဆည်းကပ်ပြီး ဘုရားဟောပြောညွှန်ကြားသည့်အတိုင်း လိုက်နာ ရမည်။

၅။ အတ္တကို လျှော့ကျရမည်။ မိမိကိုယ်ကို နှိမ့်ချရမည်။

၆။ ဘုရားနှင့် တစ်သားတည်းအဖြစ် နေနိုင်အောင် လောကီအာရုံများ ကင်းရှင်းရမည်။

၇။ ပရမတ္တသစ္စာတရားကိုယ်ကြီးကို သိမြင်ရမည်။

ဤအရည်အချင်းများနှင့် ပြည့်ပြီးနောက် တက်စဉ် ခုနစ်ဆင့်ကို တက်ရာတွင် သာဝကလောင်း၏ စိတ်သမာဓိတက်စဉ် ခုနစ်ဆင့်ကိုလည်း တစ်ဆင့်ပြီး တစ်ဆင့် တက်ရမည်။

၁။ သာမန်ဘာသာရေး ကျင့်ကြံသူများကဲ့သို့ ကျင့်ကြံသော တက်စဉ်နေး အဆင့်မှ ကျော်လွန်ကာ အန္တိမပန်းတိုင်ကို ယခုဘဝအတွင်း ပေါက်မြောက်အောင် ကျင့်ကြံနိုင်သော ဇွဲ၊ သတ္တိရှိခြင်း၊

၂။ ဘုရားရှိရာ တစ်ဖက်ကမ်းသို့ ကူးရန်အတွက် တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးနိုင်သော ဖောင်ကူးတို့နှင့် တူသော ဥပဇ္ဈာယ်ဆရာရှင်အား ဆည်းကပ်၊ တပည့်သာဝက အဖြစ် ခံယူခြင်း၊

၃။ ဗျာန်ဘုရားကြီးအား အာရုံပြု၍ ကြည်ညိုသဒ္ဓါတရားဖြင့် ဂုဏ်တော်ကို ပွားများနိုင်ခြင်း၊

၄။ နေစျာန်ဘုရားထံ ရောက်ရှိစေရန်အတွက် အလင်းလေ့ကားဖြင့် တက်လှမ်းခြင်း၊ စျာန်သမာဓိ ထူတောင်ရာတွင် အလင်းဓာတ်ရအောင် ကြိုးစားပြီး ယင်းအလင်းအဆင့်ဆင့်ကို လေ့ကားထစ် ၁၁ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် တက်ခြင်းဖြင့် အလင်း ဘုရားထံ ရောက်ရှိခြင်း၊

၅။ ယင်းသို့ သမာဓိကို အခြေခံ၍ အလင်းဓာတ် ဘာဝနာပွားသောအခါ ဘုရား၏ ဉာဏ်အလင်းရောင်ကို ရသည်အထိ တက်လှမ်းခြင်း၊

၆။ စျာန်ဘုရား၏ ခြေတော်ရင်းသို့ စျာန်သမာဓိဖြင့် ရောက်ရှိပြီးလျှင် လောကီလူသားဘဝ ချုပ်ငြိမ်းကွယ်လွန်ပြီး ဘုရားသားတော်အဖြစ် မွေးဖွားလာခြင်း၊

၇။ စျာန်ဘုရားထံမှ အဘိညာဉ်တန်ခိုးများ ရရှိခြင်းတို့ ဖြစ်သည်။

ဤကျင့်စဉ် သဘောတရား၊ အရည်အချင်းများကို လက်ခံလိုက်နာနိုင်ပါက အီဂျစ်ဘုရင်ထံသို့ သွားရောက်ပြီး တပည့်သာဝကအဖြစ် လက်ခံပညာသင်ကြားပေးရန် လျှောက်ထားရသည်။

အီဂျစ်ဘုရင်က ဂန္ဓာရီသင်ကြားရန်အတွက် ရိုးသားဖြောင့်မတ်မှု၊ မျိုးရိုးဇာတိစသော ပဏာမစံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး သင့်လျော်သည်ဟု ထင်မြင်ပါက ဟယ်လီယိုပိုလစ်မြို့တွင် ကျောင်းထိုင်သော မင်းဖစ်ဘုန်းတော်ကြီးထံသို့ ထောက်ခံချက်ဖြင့် စေလွှတ်လိုက်သည်။

မင်းဖစ်ဆရာတော်က တစ်ဖန်စစ်ဆေးပြီး သင့်လျော်ပါက ဂန္ဓာရီပညာရပ်နှင့် တကွ ပညာရပ်ပေါင်းစုံတို့ စုဝေးရာ သီးဘီးစ်မြို့ရှိ ဂိုဏ်းချုပ်ဆရာတော်ကြီးထံသို့ ပို့ပေးလိုက်သည်။

သီးဘီးစ်မြို့၊ အိုးဆီးရစ်ကျောင်းတော်သို့ ရောက်သောအခါ ဂိုဏ်းချုပ်ကြီးလည်းဖြစ်၊ ဥပဇ္ဈာယ်ဆရာလည်းဖြစ်သော ဘုန်းတော်ကြီးက သာဝကလောင်းအား အစမ်းခံသာဝကအဖြစ် ပဏာမကျင့်စဉ်များကို ကျင့်စေသည်။

သာဝကလောင်းသည် ထိုစဉ်က အီဂျစ်ဘာသာရေးဘုန်းကြီးများ ကျင့်ဝတ်ဖြစ်သော သီလနှင့် ဝိနည်းသိက္ခာများကို ဆောင်သော သာသနာ့ဝန်ထမ်း ရဟန်းအဖြစ် အသွင်ပြောင်း၍ သီလသိက္ခာများကို ဆောင်ယူရသည်။

အရက်သေစာ သောက်စားခြင်း၊ သားငါးစားခြင်းတို့ကို ရှောင်ကြဉ်၍ တစ်နေ့လျှင် ရေနှစ်ခါချိုးရသည်။ အစားအစာကို လိုအပ်သမျှသာ စားပြီး ဥပုသ်စောင့်ရသည်။ လိင်အရေးပြား လှိုးဖြတ်ရသည်။ လောကီအာရုံ ကာမဂုဏ်တို့ကို ပယ်ရသည်။ ဥပဇ္ဈာယ်ဆရာက ပေးအပ်သော ကမ္မဋ္ဌာန်း ဘာဝနာကို ပွားများရသည်။

ဘာဝနာပွားစဉ် တွေ့ရသော အာရုံနိမိတ်များ၊ စိတ်အာရုံများကို မှတ်သားတင်ပြရသည်။ ဤသို့ လေ့လာသင်ကြားနေရသည်မှာ ဘုရားကျောင်းစသော အဆောက်အအုံအတွင်း၌ မဟုတ်။ မှောင်နေသော မြေအောက်လိုဏ်ဂူထဲတွင် မိမိတစ်ဦးတည်းသာနေရင်း အားထုတ်ရသော အလုပ်ဖြစ်သည်။ ဤသို့ လပေါင်းများစွာ လေ့လာပြီးနောက် မိမိရရှိသော ဉာဏ်စဉ်မှတ်တမ်းကို ကျေနပ်ပြီဆိုပါက တစ်ထစ်တက်ရသည်။

ဟား:မီး:စ်တိုင်ကြီး:များ:ဟု ခေါ်သော တိုင်များဖြင့် ဆောက်လုပ်ထား:သော စကြိုလမ်း: တစ်လျှောက် ခေါ်သွား:ပြီး:လျှင် အနက်ရောင်ဟာမီး:စ်တိုင်နှင့် အနီရောင် ဟာမီး:စ်တိုင် နှစ်လုံး:တွင် တွင်း:ထုထား:သော ဂန္ဓာရီပညာရပ်များကို လေ့လာရသည်။ ထိုအပြင် သဒ္ဒ ဗေဒအသံပညာ၊ မန္တန်ပညာစသော အခြေခံပညာရပ်များကို လေ့လာရသည်။

အထက်ပါ အကျင့်သိက္ခာများ:၊ လေ့လာကျင့်ကြံအား:ထုတ်မှုများ:ကို ဥပဇ္ဈာယ် ဆရာက ကျေနပ်ပြီဆိုပါက ပထမအဆင့် သိဒ္ဓိတင် ဘိသိက်ပွဲတက်ရန် ခွင့်ပြုသည်။ ပထမအဆင့် မြှင့်တင်ပေး:သော ဘိသိက်ပွဲ အခမ်း:အနား: မစမီတွင် ပထမအဆင့်နှင့် ထိုက်တန်သော အရည်အချင်း: ရှိမရှိကို စနစ်တကျ ဂိုဏ်း:ထောက်၊ ဂိုဏ်း:မများ: စုံညီဖြင့် စမ်း:သပ်စစ်ဆေး:ခြင်း: ဖြစ်သည်။

ဥပဇ္ဈာယ်ဆရာက သာဝကလေ့လာခဲ့သော ဂန္ဓာရီပညာနှင့် သက်ဆိုင်သော မေး:ခွန်း:များ:၊ အာရုံနိမိတ်များ:ကို အထပ်ထပ်အခါခါ စစ်ဆေး:မေး:မြန်း:ပြီး: ဂန္ဓာရီပညာ ဆက်လက် လေ့လာရန် မထိုက်တန်ဟု ယူဆပါက စကား:ပြန်မပြောတော့ဘဲ အခန်း:တွင်း:မှ ထွက်ခွာသွား:ရန် တံခါး:ပေါက်ကို လက်ညှိုး:ညွှန်ပြ၍ နှင်ထုတ်မည်။

အကယ်၍ လက်ခံမည်ဆိုပါက မြေအောက်လိုဏ်ဂူအတွင်း:သို့ ခေါ်ဆောင်သွား:ပြီး: ဘုရား:ကျောင်း:ဆောင်တစ်ခု အဝင်တံခါး:တွင်ရှိသော အိုက်ဇစ်ဘုရား:ရုပ်တုရှေ့သို့ ရောက် သွား:သည်။ အိုက်ဇစ်အစ်မတော်ဘုရား: ဈာန်ဝင်စား:နေဟန် ရုပ်တု၏ မျက်နှာပေါ်တွင် ဇာပဝါပါ:ပါ:ကလေး: ဖုံး:လွှမ်း:ထား:သည်။

ရုပ်တု၏ အောက်ခြေတွင် –

'ငါ၏ ဇာပဝါကို ပုထုဇဉ်တို့၏ လက်ဖြင့် မထိရ'

- ဟုရေး:ထား:သည်။

ဤရုပ်တုရှိရာ တံခါး:ဝသည် မဟာဂန္ဓာရီပညာစခန်း: အဆင့်ဆင့် တက်လှမ်း:ဖို့ ဓာတ်စခန်း:ကြီး: အဝင်ဝမုခ်ဦး:ဖြစ်သည်။ ဂန္ဓာရီပညာ လေ့လာလိုသူသည် မိမိအသက်ကို စွန့်လွှင့်ရဲသော သူရသတ္တိရှိမှဖြစ်မည်။ ထို့ကြောင့် ဤမုခ်ဦး:ထဲကို ဝင်ရောက်လာသူ ဒုစရိုက်သမား:နှင့် စိတ်ဓာတ်မခိုင်မာသူတွေသည် ရူး:လျှင် ရူး:၊ မရူး:လျှင် သေသွား:မည်။

စိတ်ဓာတ်ခိုင်မာရဲရင့်သူ၊ စိတ်ထား:ဖြူစင်သူသာလျှင် အသက်ရှင်ကျန်ပြီး: နောက်ဆုံး: မှာ လောကီမှ လွတ်မြောက်စေနိုင်သော ထွက်ရပ်လမ်း:ဖြင့် မအိုမနာ၊ မသေသော ဈာန်ဘုရား:တို့၏ အမတရွေပြည်ကို ရောက်မည် ဖြစ်သည်။

မဆင်မခြင် ဝင်သွား:သူများ:ဟာ အသက်ရှင်ရက်နဲ့ ပြန်မထွက်နိုင်တော့ဘူး:၊ ဒါ ကြောင့် အန္တရာယ်များ:လှသော ခရီး:ကို မဝင်မိ ဆင်ခြင်လော့။ ဘာမထီသော သတ္တိသွေး: မရှိက အချိန်မီ နောက်ပြန်ဆုတ်နိုင်သည်။ နောက်က တံခါး:ပိတ်သွား:လျှင် ပြန်ဆုတ်နိုင် တော့မည် မဟုတ်ဟု ဥပဇ္ဈာယ်ဆရာက သတိပေး:လိုက်သည်။

သာဝကလောင်း:သည် နောက်မဆုတ်တော့ဘူး:ဆိုလျှင် သာဝကလောင်း:အား: ယင်း:အိုက်ဇစ်ဘုရား:ကျောင်း:စောင့် ဘုန်း:ကြီး:များ:ထံ အပ်နှံထား:ခဲ့ပြီး: ဥပဇ္ဈာယ်ဆရာနှင့်

ဂိုဏ်းထောက်များ ပြန်ထွက်သွားကြသည်။

ယင်းကျောင်းဆောင်တွင် တစ်ပတ်မျှ နေရစဉ်အတွင်း ဘုရားရှိခိုးခြင်း၊ ဓမ္မတေးများ သီဆိုခြင်း၊ ဝတ်ပြုပူဇော်မှု အစီအရင်များ၊ ဝေယျာဝစ္စများကို ဆောင်ရွက်ရခြင်း စသော အနိမ့်ကျဆုံး လုပ်ငန်းများကို ဆောင်ရွက်ရင်း စကားလုံးဝ မပြောရသော ဝစီပိတ်ကျင့်စဉ်ကို စောင့်ထိန်းရသည်။

ထို့အပြင် ယန္တရားအတတ်ပညာဖြင့် စီရင်ထားသော မိုးကြိုးသည်းထန်စွာ ရွာပြီး မိုးမှောင်ကြီးကျခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း၊ လျှပ်စီး လျှပ်စစ်များ တဝင်းဝင်း လင်းလက်ပြီး မိုးကြိုးများ မရပ်မနား ပစ်ခြင်း စသော စမ်းသပ်မှုများကို မကြောက်မရွံ့ မတွန့်မဆုတ် ရဲဝံ့စွာ ရင်ဆိုင်နိုင်ပြီဆိုပါက ဂန္ဓာရီဂိုဏ်းဝင် ပထမအဆင့်သာဝကအဖြစ် လက်ခံသော ဂိုဏ်းတက်ပွဲ အစီအစဉ် ဘိသိက်သဘင်ကို ကျင်းပသည်။

စမ်းသပ်မှုများ ပြီးစီးသွားသောအခါ ပွဲတက်ဘိသိက်အခမ်းအနား ကျင်းပရန် သီးသန့်ထားသော ကျောင်းဆောင်အတွင်းသို့ ဥပဇ္ဈာယ်ဆရာသည် ဂိုဏ်းထောက် ဂိုဏ်းမ ဂိုဏ်းဝင်ထွက်ရပ်ပေါက်မြောက်ပြီး ပုဂ္ဂိုလ်များနှင့်အတူ သာဝကကိုပါ ခေါ်ဆောင်လာပြီးလျှင် အသီးသီး နေရာယူကြသည်။

ဒူးထောက်နေသော သာဝကအား ဥပဇ္ဈာယ်ဆရာ အမှူးရှိသော ဘုန်းကြီးများက ဝန်းရံလျက် ဘုရားပင့်ခြင်း၊ ဂုဏ်တော်ပွားများခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုပြီးသော် ဂိုဏ်းချုပ်ဥပဇ္ဈာယ်ဆရာက တပည့်အား လက်နှစ်ဖက်သပ်၍ သမာဓိအား မြှင့်တင်ပေးသည်။

ဝိုင်းရံလျက်ရှိသော ဂိုဏ်းထောက်များကလည်း တစ်ညီတစ်ညွတ်တည်း သာဝကကို အာရုံညွတ်၍ သမာဓိမြှင့်ပေးသည်။ နောက်ဆုံးတွင် ဂိုဏ်းချုပ်ဆရာတော်က ဓမ္မလုံတံသို့မဟုတ် သံလိုက်တောင်ဝှေးဖြင့် သာဝက၏ ကျောမြှောင်ရိုးကို လည်းကောင်း၊ ငယ်ထိပ်ရှိ သဟဇေချက္ကရကိုလည်းကောင်း ထိပေးလိုက်သည်။

ထိုအချိန်တွင် သာဝက၏မူလစိတ် ပျောက်သွားပြီး အရှင်လတ်လတ် နတ်၊ ဗြဟ္မာ ပြည်သို့လည်းကောင်း၊ စျာန်ဘုရားများထံသို့လည်းကောင်း ရောက်သွားသကဲ့သို့ ခံစားရသည်။

ထို့နောက်တွင်ကား တဖြည်းဖြည်း သတိပြန်ဝင်လာပြီး မူလစိတ်အခြေအနေသို့ ရောက်လာသည်။ ထိုအခါ ဂိုဏ်းချုပ်ကြီးက ယခု တွေ့ကြုံခဲ့ရသော ပွဲတက်ဘိသိက်သဘင် အစီအရင်နှင့် လျှို့ဝှက်ပညာရပ်များကို မပေါက်ကြားစေရပါဟု သာဝက၏ လည်ပင်းတွင် ဓားဦးဖြင့်တော့၍ သစ္စာဆိုစေသည်။

သာဝကအနေဖြင့် နေလနက္ခတ်တာရာများကို တိုင်တည်၍ လျှို့ဝှက်ချက်များကို ထုတ်ဖော်မပြောပါဟု ကတိသစ္စာပြုရသည်။

ပထမအဆင့်

ပထမအဆင့် သိသင့်သိထိုက်သော စကားဝှက် 'အမွန်'ကို ဆရာက ပေးပြီး ပထမအဆင့်မြင့် ဘွဲ့အမည်ဖြစ်သော 'အမောင်း' ဘွဲ့ပေးအပ်သည်။ ပထမအဆင့်တို့

တတ်အပ်သော သင်္ကေတဖြစ်သည့် လက်ဖြင့် ဖမ်းဆုပ်နည်းကို စနစ်တကျ သင်ပေးပြီး ပထမအဆင့်၏ အဆောင်အယောင် အဝတ်အစားများကို ဝတ်ဆင်ရသည်။

ဝိရမစ်သင်္ဃာန်ရှိ ဦးထုပ်၊ ရှေ့ရင်ဘတ်အဖုံး၊ လည်ပင်းတွင် ဝတ်ဆင်ရသော လည်ပတ်တို့ကို ဝတ်ဆင်စေပြီး အခြား အဝတ်အစားများကို ဝတ်ဆင်ခြင်း မပြုရချေ။

သူ၏ တာဝန်မှာ ပထမအဆင့် ကျောင်းတော်သို့ အဝင်လမ်းဖြစ်သော 'မနုဿ' တံခါးကို အခြားသာဝကများနှင့်အတူ အလှည့်ကျစောင့်ကြပ်ရင်း ဒုတိယအဆင့်ကို တက်လှမ်းရန် တာစူရပြန်သည်။

ဒုတိယအဆင့်

ဒုတိယအဆ သို့ တက်လှမ်းရန်အတွက် လေ့ကျင့်ရေးစခန်းမှာ မြေအောက်လိုဏ် အမှောင်ထုအတွင်းဌဲ့ ဥပုသ်ကို ရက်ရှည်လများ စောင့်ထိန်းရသည်။ ဘာစနာ မှန်မှန်မှား များများရသည်။

မည်းမည်းမှောင်ပြီး မှုန်ပျပျသာ လင်းနေသော လိုဏ်ဂူအတွင်းရှိ သာဝကထံသို့ မြွေဆိုးများကို မထင်မှတ်သောထောင့်မှ ပစ်လွှင့်သည်။ တစ်ကောင်ပြီး တစ်ကောင် မြွေတွေ လွှင့်လာရာ နောက်ဆုံး တစ်ခန်းလုံး ခြေချစရာ နေရာမရှိအောင် မြွေတွေ ပြွတ်သိပ်သည်အထိ မကြောက်မရွံ့သော သာဝကသည် ရဲဝံစွာ ရင်ဆိုင်ဖယ်ရှားပစ်ရသည်။

ထို့နောက်တွင် တိမ်းညွတ်ဖွယ်အဆင်းရှိသော အမျိုးသမီးများ တစ်ယောက်ပြီး တစ်ယောက် လာရောက်ပြီး မြူဆွယ်သည်။ အရက်ခွက် ကမ်းသူကမ်း၊ အိပ်ရာပေါ်ခေါ်သူက ခေါ်သော်လည်း ကြံ့ကြံ့ခံနိုင်သော သာဝကသည် နောက်ဆုံးအောင်ပွဲဆင်ရသည်။

ကာမဂုဏ်ဖြင့် စမ်းသပ်မှု ပြီးသွားသောအခါ တစ်ဖက်တစ်ချက်စီတွင် မီးတုတ်များ စိုက်ထားသော ခပ်မှောင်မှောင် စကြံလမ်းအတိုင်း ခေါ်ဆောင်သွားသည်။ လမ်းအဆုံး ထွက်ပေါက် မမြင်ရအောင် မှောင်နေသည်။ စကြံလမ်း ဆုံးခါနီးတွင် ဝဲယာ တစ်ဖက်တစ်ချက်စီတွင် လူရုပ်တုများ၊ ခြင်္သေ့ရုပ်တုများ၊ ငှက်ရုပ်တုများ၊ မြွေရုပ်တုများကို ခြောက်ခြားဖွယ် မှောင်တဲတွင် ဖြတ်သန်းရင်း တွေ့မြင်ရသည်။

လမ်းဆုံး၍ ရပ်လိုက်သောအခါတွင် သာဝက၏ ရှေ့တည့်တည့်တွင် မဲမှိုရုပ် အလောင်းနှင့် အရိုးစုရုပ်ကြီးများကို ဘွားခနဲ တွေ့လိုက်ရာ သွေးပျက်ခမန်း ဖြစ်သွားသည်။

ရှေ့တွင်ရှိသော အပေါက်တစ်ခုကို အစောင့်များက စကားတစ်လုံးမျှ မပြောဘဲ လက်ဖြင့် ညွှန်ပြသဖြင့် ကြည့်လိုက်ရာ ယင်းအပေါက်မှာ ကျဉ်းလွန်းသဖြင့် မတ်တပ်ရပ်ဝင်ရန် မဖြစ်နိုင်ဘဲ လေးဖက်ထောက်ဝင်မှ ဖြစ်သောအပေါက် ဖြစ်သည်။

'သင်ဟာ နောက်ပြန်ဆုတ်ချင်ရင် ဆုတ်ပို့ အခွင့်အရေးရှိသေးတယ်၊ နောက်ပေါက် မပိတ်သေးဘူး၊ ပြန်မဆုတ်ဘူးဆိုရင်တော့ ရှေ့ဆက်သွားပေးတော့၊ ပြန်လမ်းတော့ ရှိမှာ မဟုတ်ဘူး'

ဟု အစောင့်ဘုန်းကြီးတစ်ပါးက သတိပေးသည်။

သာဝကက ရှေ့ဆက်သွားမည်ဟု ဆုံးဖြတ်လိုက်သောအခါ အစောင့်က မီးခွက်ငယ်တစ်ခု ပေးအပ်ပြီး အစောင့်များ နောက်ပြန်လှည့်သွားကာ တံခါးကို ပိတ်လိုက်သည်။ သာဝကသည် အမှောင်ထုအတွင်းသို့ ရဲသွေးတင်ပြီး ဝင်လိုက်သောအခါ -

'တန်ခိုးနဲ့ လျှို့ဝှက်ပညာတွေကို မိုက်မိုက်မဲမဲ လိုချင်သူတွေဟာ ဒီနေရာမှာ ပြုတ်ကုန်တာပဲ'

ဟူသော အသံကို ခုနစ်ကြိမ် ကြားရသည်။ ဥမင်လိုဏ်အတွင်း ပဲ့တင်သံနည်းပညာကို အသုံးပြု၍ မှောင်ထဲမှ ထွက်လာသော ကျောချမ်းဖွယ်အသံဖြစ်သည်။

သာဝကသည် စကြဲလမ်းအတိုင်း ဆင်းသွားသောအခါ တဖြည်းဖြည်း နိမ့်ပြီး မတ်စောက်စွာ အောက်သို့ စိုက်ဆင်းသွားသောလမ်းအတိုင်း မီးခွက်မှ မီးရောင်အား ကိုးဖြင့် ဆင်းလာရာ သံလှေကားတစ်ခုကို တွေ့ရသည်။

ယင်းသံလှေကား အောက်ဆုံးအထစ်သို့ ရောက်သောအခါ မည်းမည်းမှောင်နေသော အလွန်နက်သည့် ရေအိုင်ကြီးအတွင်းသို့ ရောက်လာသည်။ အပေါ်ပြန်တက်ရန်လည်း မည်းမှောင်နေ၍ မလွယ်ကူ။ ရှေ့ဆက်သွားလျှင်လည်း အသူရာတစ်မျှ နက်လှသော ရေအိုင်ကြီးထဲသို့ နစ်မြုပ်တော့မည်။

ရှိရှိသမျှ သတ္တိများကို စုစည်းပြီး ရေအိုင်ထဲသို့ စမ်းတဝါးဝါးဆင်းနေရင်း ရေထဲမြုပ်သည်ထက် မြုပ်နေစဉ် မီးတုတ်မှ မီးရောင်ဖြင့် မြင်ရသရွေ့ကြည့်လိုက်ရာ ဘယ်ဘက်ဘေးတွင် အပေါက်ငယ်တစ်ခု မှုန်ဝါးဝါး တွေ့ရသည်။ ခြေလှမ်းတစ်ချက် ချော်လိုက်သည်နှင့် တစ်ပြိုင်နက် အဆုံးအစမထင်သော ရေအိုင်နက်ကြီးတဲတွင် မပြန်လမ်းသို့ ကြွမြန်းသွားမည် ဖြစ်သည်။

ထို့ကြောင့် ခြေထောက်ကလည်း ရေထဲတွင် စမ်းတဝါးဝါး နင်းရင်း အပေါက်ကလေးဆီသို့ ရွေ့လျားသွားရာ လှေကားထစ်တွေ့ရသည်။ ယင်းလှေကားထစ်မှ တစ်ဆင့်ပြီး တစ်ဆင့် တက်ရင်း ကြောင်လိမ်လှေကားဆီ ရောက်သွားကာ ကြောင်လိမ်လှေကားအတိုင်း တက်သွားသောအခါ အဆောင်ကျယ်ကြီးတစ်ခုဆီသို့ ရောက်သွားသည်။

အမျိုးသမီး ရုပ်တုများကို တိုင်သဖွယ် ထောက်ထားသော ယင်းအဆောင်၏ နံရံတစ်ဖက်တွင် ဂယ်လြမေထရိပုံစံသကေတများ ရေးထားပြီး အခြားတစ်ဖက်တွင် နံရံပန်းချီကားတစ်ခု ချိတ်ဆွဲထားသည်။

ယင်းခန်းမဆောင်မှ အထွက်တံခါးကို အစောင့်ဘုန်းကြီးက ဖွင့်ပေးလိုက်သည်။ ရေထုကို အောင်မြင်စွာ ရင်ဆိုင်ခဲ့သော သာဝကအား ဂုဏ်ပြုကြိုဆိုလိုက်ခြင်း ဖြစ်သည်။ နောက်ထပ် ဝင်ရောက်ရသော ခန်းမဆောင်ထဲတွင် ပန်းချီကားများကို အမှတ်စဉ် ဂဏန်းများ တပ်ပြီး အကွရာတစ်လုံးစီနှင့် သကေတများ၏ အဓိပ္ပာယ်ကို အစောင့်ဘုန်းကြီးက ရှင်းပြသည်။

တားရော့ကားချပ် ၂၂ ချပ် ပန်းချီကားနှင့် ယင်းတားရော့ကားချပ်များရှိ သကေတများနှင့် အကွရာတို့၏ အဓိပ္ပာယ်ကို ရှင်းလင်းပြသည်။ ယင်းသကေတနှင့် အကွရာတို့သည်

ဂန္ဓာရီပညာ၏ သော့ချက်ဖြစ်ပြီး ယင်းသင်္ကေတတို့ကို စိတ်စွမ်းအင်ဖြင့် အသုံးပြုနိုင်ပါက မဟိဒ္ဓိတန်ခိုးနှင့် အဆင့်မြင့်နည်းပညာများ ပွင့်လင်းလာမည် ဖြစ်သည်။

အက္ခရာ တစ်လုံးစီ၏ လျှို့ဝှက်ချက် အဓိပ္ပာယ်နှင့် သင်္ကေတတို့ကို ယုဉ်တွဲဖက်စပ်၍ အဓိပ္ပာယ်ဖွင့်ရသော သော့ချက်ဖြစ်သည်။

ထို့အပြင် ကိန်းဂဏန်း၏ အရေအတွက်နှင့် မန္တန်၏ အသံစွမ်းအင်တို့ကို သမာဓိ အားဖြင့် ဖက်စပ်ပါက ယင်းစွမ်းအင်သည် အနန္တ မနောဓာတ်ကြီးကို ရိုက်ခတ်သွားမည် ဖြစ်သည်။ ဤသို့ ဂန္ဓာရီပညာ၏ အခြေသဘောများကို သင်ကြားပြီးနောက် မီးထုံစမ်းသပ်ပွဲကို ဆက်လက်ရင်ဆိုင်ရပြန်သည်။

ဆရာရှင်က ဥမင်လိုဏ်ကျဉ်းကလေးတစ်ခုကို ဖွင့်ပေးလိုက်ပြီး ယင်းလိုဏ်၏ ထစ်ဖက်ထိပ်တွင် တဖြောက်ဖြောက် အသံထွက်အောင် မီးရှိန်တက်နေသော မီးလင်းဖိုကြီးရှိသည်။

ဤလိုဏ်ဂူလမ်းကျဉ်းအတိုင်း ဆက်သွားပါက ရဲရဲဦးသော မီးဖိုကြီးနှင့် တွေ့ရပြီး ကွင်းသွားရန်၊ ရှောင်သွားရန် လမ်းလည်းမရှိ၊ နောက်ဆုတ်ရန်လည်း မဖြစ်နိုင်အောင် ကျဉ်းမြောင်းလှသည်။ ထို့ကြောင့် ထစ်ချက်တွန့်သွားသော သာဝကအား ဆရာဖြစ်သူက-

'မရင့်ကျက်သေးသူတွေကိုသာ သေခြင်းတရားက ခြောက်လှန့်နိုင်တာပါ၊ ဒီမီးလျှံကြီးကို နှင်းဆီခင်းတဲ့လမ်းလို သဘောထားပြီး ငါလျှောက်ခဲ့တာ ကြာခဲ့ပါပြီ'

ဟု အားပေးစကားပြောသည်။

ဆရာ၏ စကားအဆုံးတွင် သာဝက ဝင်လာခဲ့သော တံခါးပေါက် ပိတ်သွားသည်။ သာဝကသည် ရှိသမျှ စွမ်းအင်သတ္တိများကို မြှင့်တင်ပြီး မီးလျှံတွင်းသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။ မီးပုံလေးပုံသည် ထောင့်လေးနေရာတွင်ရှိပြီး ယင်းမီးလေးပုံ၏ အလယ်တွင် မီးပုံတစ်ပုံရှိသည်။

ရှေ့တည့်တည့်မှ ကြည့်မည်ဆိုပါက မီးလျှံချင်းရောပြီး မီးပုံငါးပုံမှာ တစ်ပုံတည်းကဲ့သို့ မြင်ရသည်။ အနီးကပ် လေ့လာလိုက်သောအခါ ဘေးပတ်လည်ရှိ မီးပံလေးပုံနှင့် ဗဟိုချက်မှ မီးပုံတို့အကြား၌ မီးလျှံ အားနည်းသော ကွက်လပ်သဖွယ် ရှိသည်။

ယင်းကွက်လပ်မှာ ခပ်လှမ်းလှမ်းမှကြည့်လျှင် မမြင်နိုင်ချေ။ ရှေ့ဖွတ်တိုးလာသော သာဝကမှာ မီးလျှံအတွင်းသို့ ဝင်လိုက်သည်နှင့်တပြိုင်နက် မီးအားနည်းသော ကွက်လပ်ကို မြင်ရပြီး ယင်းကွက်လပ်အတိုင်း ဝေ့ကာပတ်ကာဖြင့် မီးလျှံကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခြင်း ဖြစ်သည်။ ဤသည်ကိုပင်လျှင် မီးထုံတက်ခြင်းဟု ခေါ်ခြင်း ဖြစ်သည်။

အမှန်စင်စစ် ရေထုံမီးထုံ ကူးခြင်းသည် တပည့်သာဝက၏ သူရသတ္တိနှင့် ဂန္ဓာရီပညာကို မြှတ်နိုးမှု မည်မျှရှိသည်ကို စမ်းသပ်ခြင်းဖြစ်သည်။ သို့ရာတွင် ဤသို့ စမ်းသပ်ခြင်းမှာ စူဠဂန္ဓာရီ စခန်းသာ ဖြစ်သည်။

မဟာဂန္ဓာရီစခန်း စမ်းသပ်မှုမှာကား စိတ်ပိုင်းဆိုင်ရာ စမ်းသပ်ခြင်း ဖြစ်သည်။ ယင်းအဆင့်မှာ နက်နဲလှသဖြင့် လျှို့ဝှက်ထားရာ လူသိနည်းပြီး စူဠဂန္ဓာရီ စမ်းသပ်ခြင်း

ကိုသာလျှင် ဖွင့်ထုတ်ရေးသား ဟောပြောသဖြင့် လူသိများခြင်း ဖြစ်သည်။

မဟာဂန္ဓာရီတွင် ရေသည် အာပေါဓာတ်ဖြစ်သောကြောင့် ဝေဒနာ အာရုံခံစားမှုကို ရည်ညွှန်းပြီး မီးသည် တေဇောဓာတ် ဖြစ်သော စိတ်ကို ရည်ညွှန်းသည်။ သာဝကသည် အာပေါဓာတ် ဖြစ်သော လောကီအာရုံ ကာမဂုဏ်ခံစားမှုများကို မည်မျှစွန့်လွှတ်နိုင်သည်ကို စမ်းသတ်မှုကို ရေထုံကူးခြင်းဟု ခေါ်သည်။

အဝိဇ္ဇာမာယာ လွှမ်းမိုးမှုကြောင့် သစ္စာတရားကို မမြင်နိုင်အောင်ဖြစ်နေသော စိတ်ကို အယူမှားမှု မည်မျှရှိသည်ကို၊ စမ်းသပ်ခြင်းကို တေဇောဓာတ် မီးထုံကူးခြင်းဟု ခေါ်သည်။

ဤသို့ အာပေါဓာတ်ဖြင့် စမ်းသပ်ခြင်း၊ တေဇောဓာတ်ဖြင့် စမ်းသပ်ခြင်း ပြုနေစဉ်တွင် သာဝကအား မမှားမယွင်းအောင် သတိပေးခြင်း၊ အမှန်တရားကို မျက်ခြည်မပြတ် အောင်ညွှန်ကြားခြင်း၊ အားငယ်နေလျှင် အားပေးခြင်း၊ အမြင်ကြည်လင်အောင် ချက္ကုရများကို ဖွင့်ပေးခြင်းဖြင့် ဆရာရှင်သည် သူ၏ အဘိညာဉ်စွမ်းအားဖြင့် တပည့်သာဝကအား ဓာတ်ကူးပေးခြင်း၊ ကူညီခြင်းကို ရေထုံကူးသည်၊ မီးထုံကူးသည်ဟု အဓိပ္ပါယ်ဖွင့်သည်။

အောင်မြင် ပေါက်မြောက်သွားသော ဓာတ်လုံး ထည့်ထိုးခဲ့သော လုံကို ထုံဟု အဂ္ဂိရတ်ပညာတွင် ခေါ်သည်။ ယင်းထုံအတွင်းသို့ ဓာတ်သားအစိမ်းကို တည့်လိုက်ပြီး 'လုံကျင်း' ရုံဖြင့် ယင်းဓာတ်သားသည် အဆင့်တစ်ဆင့် အောင်မြင်မှုကို ရသွားသကဲ့သို့ ဖြစ်သည်။

ဒုတိယအဆင့်တက် ဘိသိက်ပွဲကိုလည်း ပထမအဆင့် တက်စဉ်သကဲ့သို့ ဂိုဏ်ချုပ်ကြီးနှင့်တကွ ဂိုဏ်းထောက်၊ ဂိုဏ်းကြပ် ဆရာတော်များ စုဝေးကျင်းပပြီး အစီအရင်တို့ကို စနစ်တကျ ဆောင်ရွက်သည်။ မြွေနှစ်ကောင်ပတ်ထားသော တောင်ဝှေးသင်္ကေတကို ပေးအပ်ပြီး ဒုတိယအဆင့်အတွက် သတ်မှတ်ထားသော စကားဝှက် 'ဟိဇိ'ကို ပေးအပ်သည်။

ထို့ပြင် စမ်းသပ်ပွဲအဆင့်ဆင့်ကို ရေထုံ မီးထုံကို မည်သို့ ကျင်းပသည်၊ သင်္ကေတများ ကိန်းဂဏန်းအက္ခရာတို့၏ ဂန္ဓာရီနည်းပညာဖြင့် မည်သို့အသုံးချသည်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုပါဟူသော ကတိသစ္စာပြုရသည်။

ဒုတိယအဆင့်ရောက်ပြီး တစ်ဖန် တတိယအဆင့်ဖြစ်သော 'မရဏထုံ' တက်ရန် လေ့ကျင့်သင်ကြားရပြန်သည်။

မရဏထုံ

ဒုတိယအဆင့် အောင်မြင်ပြီးသော သာဝကသည် ဂိုဏ်းချုပ်ကြီးနှင့်တကွ ဂိုဏ်းဝင်ဘုန်းတော်ကြီးအလယ်တွင် ဂန္ဓာရီ လျှို့ဝှက်ချက်များကို မပေါက်ကြားစေရပါဟု ကတိသစ္စာပြုပြီးနောက် ဓာတ်နှန်းကြီးအတွင်း ရောက်ရှိနေကြသော ဂိုဏ်းချုပ်ကြီးနှင့်တကွ ဂိုဏ်းထောက်၊ ဂိုဏ်းကြပ်များ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဂိုဏ်းဝင်များ အားလုံးက ဒုတိယအဆင့် တက်ရောက်အောင်မြင်သော သာဝကအား ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

သာဝကသည် မဟာဂန္ဓာရီဂိုဏ်းဝင် ဖြစ်သွားပြီး အလင်းဓာတ်ဘုရားကြီး၏ ရှေ့တော်မှောက်သို့ ရောက်သွားလေပြီ။ သစ္စာနယ်မြေသို့အဝင် မုခ်ဦးသို့ ရောက်ရှိသွားလေပြီ။

ဒုတိယအဆင့်တက်ပြီးနောက် တတိယအဆင့်သို့ တက်လှမ်းရန်အတွက် မဟာဂန္ဓာရီပညာများကို တစ်ဆင့်တက် လေ့လာရသည်။ သင်္ကေတများ၊ အက္ခရာများနှင့် ဆရာသျှင်၏ နှုတ်ကပါတ်ကို မှတ်သားလေ့လာရသည်။

ဂန္ဓာရီပညာမှာ ကျမ်းဂန်မှရသော ပညာမဟုတ်ဘဲ ဆရာသျှင်က သာဝကအား နှုတ်ဖြင့် လက်ထပ်သင်ကြားသော အန္တေဝါသိကနည်းဖြင့်သာ သင်ကြားရရှိသော ပညာဖြစ်သည်။ ထို့အပြင် တတိယအဆင့်ဂိုဏ်းဝင်များ လေ့လာ တတ်ကျွမ်းရမည်ဖြစ်သော ဓာတ်သတ္တုများ၊ အပင်များ၊ ဆေးပညာ၊ ဗိသုကာပညာ၊ ဂီတပညာနှင့် လူ့ဘောင်သမိုင်းဆင့်ကဲ ဖြစ်စဉ်တို့ကိုပါ လေ့လာသင်ကြားရသည်။

ယင်းပညာများကို နားလည်ရုံမက ကျွမ်းကျင်တတ်မြောက်ပြီး အဘိညာဉ်တန်ခိုးနှင့် တွဲဖက် အသုံးချနိုင်သည်အထိ ကျွမ်းကျင်အောင် လေ့လာရသည်။ ထို့အပြင် လူ၏ ရုပ်နာမ်ဖွဲ့စည်းပုံနှင့် ဝိညာဉ်အကြောင်း ဝိညာဉ်သဘာဝ သင်ကြားရသည်။ ခန္ဓာ ၇ပါးအနက် အဆင့်အမြင့်ဆုံး ဝိညာဉ်မှတစ်ပါး အခြားခန္ဓာများကို ဘုံစဉ်တက်သောအခါ သက်ဆိုင်ရာ ခန္ဓာယာဉ်များကို ဘုံအသီးသီးတွင် စွန့်လွှတ်ခဲ့ရပုံ၊

လူ့ပြည်တွင် ရုပ်ခန္ဓာနှင့်နေပြီးနောက် သေသောအခါ 'ကား' ခေါ် လိပ်ပြာခန္ဓာဖြင့် အထက်ဘုံသို့ ဝိညာဉ်ကူးပြောင်းရပုံ၊ သံသရာတွင် လူ့ဘဝကို ရလိုက်၊ ခန္ဓာပြောင်းပြီး အထက်ဘုံစံလိုက်ဖြင့် သံသရာလည်နေသည်မှာ သစ္စာရောင်ခြည် တွေ့သွားသောအခါတွင် ဝိညာဉ်သည် လူ့ပြည်သို့ ပြန်လာပြီး ရုပ်ခန္ဓာကို ဆောင်ယူခြင်း မပြုတော့ဘဲ အထက်ဘုံအဆင့်ဆင့်သို့ အဆင့်မြင့်ခန္ဓာယာဉ်များကို ဆောင်ယူပြီးနောက် နောက်ဆုံးတွင် အလင်းခန္ဓာဖြင့် အလင်းဓာတ်ဘုရားထံသို့ ရောက်ရှိသွားပြီး မဟာအလင်းဓာတ်ကြီးနှင့် မိမိ၏ ဝိညာဉ်အလင်းဓာတ်တို့ ပေါင်းစပ်ပြီး တစ်သားတည်းဖြစ်သွားအောင် ကြိုးစားအားထုတ်ရပုံတို့ကို လေ့လာသင်ကြားရသည်။ မိမိကိုယ်တိုင်ကလည်း အလင်းဓာတ်များ ရသည်အထိ တစ်ဆင့်တက်စဉ်အတိုင်း ဘာဝနာပွားရသည်။ ဘာဝနာပွားရာတွင် မိမိ၏စွမ်းအင်တစ်ခုတည်းဖြင့် အောင်မြင်ရန် ခက်ခဲသောအခါ ဆရာသျှင်များက ဝိုင်းဝန်းကူညီ ဓာတ်ကူးပေးသည်။

အားဖြည့်ပေးသည်၊ ဆရာရှင်များက တစ်ခါတစ်ရံ စိတ်ညှို့ပညာဖြင့် ကူညီသည်။ အားငယ်နေသော သာဝက၏စိတ်ဓာတ်ကို စိတ်ညှိပညာဖြင့် မြှင့်တင်ပေးသည်။ စိတ်ညှို့ပညာဆိုရာတွင် ဓာတ်စင်ပေါ်တက်၍ 'ပြ'သော ပညာမျိုးအဖြစ် အသုံးချခြင်းမဟုတ်ဘဲ အစွမ်း ငုတ်နေသော တပည့်၏ စိတ်စွမ်းအင်ကို ဖော်ထုတ်ရာတွင် မသိစိတ် အစွမ်းသတ္တိကို အသုံးပြုပေးသော ရှေးဟောင်း စိတ်ညှိပညာ ဖြစ်သည်။

ထို့ပြင် ယခုခေတ်တွင် မက်စမာရစ်ဇင်းဟု အသိများသော လက်ဖြင့်သပ်ပေးခြင်းဖြင့် ဆရာထံမှ သံလိုက်ဓာတ်များ စီးဝင်စေသောနည်း (Passes) ကိုလည်း အသုံးပြုသည်။

ထုံတက်သောအခါတွင်လည်း ယင်းနည်းလမ်းများအပြင် အခြားအစွမ်းထက်သော နည်းလမ်းများကို အသုံးပြုသည်။ ဤသို့ လေ့လာသင်ကြားရင်း လက်တွေ့ဘာဝနာပွားပြီး ကြိုးစားရာ ၄-၅ နှစ်ခန့် ကြာသည်။

နည်းပြဆရာများက သင်ကြားရန်ရှိသော သင်ခန်းစာများကို လေ့လာသင်ကြားပြီးသောအခါ သာဝကသည် မြေအောက်လိုဏ်ဂူအတွင်း မိမိတစ်ဦးတည်း စိတ်ပိုင်းဆိုင်ရာ၊ ဘာဝနာပိုင်းဆိုင်ရာတို့ကို လေ့လာရသည်။

ဥပဇ္ဈာယ်ဆရာက ညွှန်ကြားပြသသည်မှာ တယ်လီပသီနည်းဖြစ်သော အဝေးမှ မနောဓာတ်ဖြင့် သင်ကြားပြသပေးသည်။ သို့ရာတွင် အမြဲတမ်း အသေးအဖွဲမှစ၍ သတိပေးခြင်း၊ သင်ကြားခြင်းကို ပြုသည်မဟုတ်။ သင်ခန်းစာတစ်ခုကို အရိပ်အမြွက်မျှပြောပြီး သာဝက မည်မျှကြိုးစားသည်၊ အားထုတ်သည်ကို အဝေးမှ အကဲခတ်နေသည်။ သာဝက အနေဖြင့် မိမိကိုယ်ကိုသာ အားကိုးပြုနေရသည်မှာ နှစ်ချီ၍ ကြာတတ်သည်။


ထိုအခါ သာဝကသည် ဆရာက သူ့အား ပစ်ထားလေပြီဟု စိတ်ဖျက်အားငယ်မိသည်။ တစ်ဖန် ဆက်ကြိုးစားရပြန်သည်။ သာဝက၏ ပြင်းပြသောစိတ်ဓာတ်ကို မြင်ရသောအခါမှ ဆရာက တစ်ဖန်ညွှန်ကြားခြင်း၊ နည်းပေးလမ်းပြပြုခြင်း၊ ဓာတ်ကူးပေးခြင်းတို့ကို ပြုလုပ်ပေးသည်။

လိပ်ပြာလွှင့်အတတ်ပညာ

တတိယအဆင့်တက်သောအခါ မရဏထုံကူးပြီးမှ တက်ရသည်။ ရေထုံ မီးထုံများကို ကူးပြီးမှ ဒုတိယအဆင့်ကို တက်လှမ်းအောင်မြင်သကဲ့သို့ ထွက်ရပ်ပေါက်ပညာ၏ အရေးအပါဆုံး အပိုင်းဖြစ်သော မရဏထုံကူးပြီးမှသာလျှင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဟုခေါ်ဆိုနိုင်သော တတိယအဆင့်ကို အောင်မြင်စွာ တက်လှမ်းနိုင်ပေသည်။ ထို့ကြောင့် မရဏ ထုံကူးသောအခါတွင် အခရာဖြစ်သည့် ရုပ်ခန္ဓာကိုယ်မှ လိပ်ပြာခန္ဓာခေါ် 'ကား' ခန္ဓာကို ထွက်ခွာနိုင်သော လိပ်ပြာလွှင့်၊ လိပ်ပြာခွာနည်းကို တတိယအဆင့် မတက်မီကပင် သဘောတရားနှင့် လက်တွေ့နှစ်ရပ်ပေါင်းကို ကြိုတင်လေ့ကျင့် သင်ကြားထားရမည်။

လိပ်ပြာလွှင့်ခြင်းသည် လေယာဉ်မှူးတို့ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဆင်တူသည်။ လေယာဉ်မောင်းပညာကို လေယာဉ်မှူးလောင်းတို့အား သင်ကြားသောအခါ လေယာဉ်စက်ပိုင်းနှင့် ပျံသန်းခြင်းဟူ၍ နှစ်ပိုင်းရှိသည်။ လေယာဉ်တည်ဆောက်ပုံ၊ လေထဲတွင် ရွေ့လျားနိုင်ပုံ၊ စက်ကိရိယာများ၏ အစွမ်းသတ္တိနှင့် မည်သို့ကိုင်တွယ် ထိမ်းသိမ်းရသည်တို့ကို သင်ကြားရသည်။ လေယာဉ်နှင့် စက်ကိရိယာအကြောင်းကို သဘောတရားအားဖြင့် လည်းကောင်း၊ ပုံစံငယ်များကို လက်တွေ့ကိုင်တွယ်ပြီး မြေပေါ်ရှိ လေယာဉ်တွင်ထိုင်ပြီးကောင်းကင်တွင် ပျံသန်းရသည့်အလား လက်တွေ့မောင်းနှင် ကိုင်တွယ်ရသည်။

ကောင်းကင်တွင် ပျံသန်းရေးအတွက် စက်မဲ့လေယာဉ် ဂလိုက်ဒါဖြင့် တက်ပုံ၊ ဆင်းပုံ၊ ကွေ့ပုံ၊ ဂျမ်းထိုးပုံ၊ ဝဲပုံ၊ လေဟုန်စီးပုံ၊ လေတိုက်နှုန်း၊ ရာသီဥတု၊ မြေအနိမ့်အမြင့်



ခန္ဓာကိုယ်မှ ဒုက်သဇာတ် ဝိညာဉ်ထွက် နွားပုံ

စသည်တို့ကို တစ်ဖန် လေ့ကျင့်ရသည်။ ယင်းသို့ လေ့ကျင့်သင်ကြားမှု နှစ်မျိုးစလုံး တတ်မြောက်သောအခါ လေယာဉ် အစစ်ဖြင့် ကောင်းကင်တွင် လက်တွေ့ ပျံသန်း လေ့ကျင့်ပြီး ကျွမ်းကျင်သောအခါမှသာလျှင် လေယာဉ်မှူးဖြစ်လာသည်။ ထို့အတူပင် လိပ်ပြာလွှင့်ရာတွင်လည်း ရုပ်ခန္ဓာ၊ လိပ်ပြာခန္ဓာတို့အကြောင်းကို သဘောတရားအားဖြင့်လည်းကောင်း၊ လက်တွေ့အားဖြင့်လည်းကောင်း လေ့လာရသည်။ တစ်ဖန် ကောင်းကင် အာကာသတွင် လိပ်ပြာခန္ဓာဖြင့် လိုရာသို့ ပျံသန်းနိုင်ရေးအတွက်လည်း လေ့ကျင့်ရသည်။

ရုပ်ခန္ဓာနှင့် လိပ်ပြာခန္ဓာသည် မိတ္တူခန္ဓာများဖြစ်သည်။ ရုပ်ခန္ဓာသည် ရုပ်လောကတွင် ကျက်စား သွားလာနိုင်သကဲ့သို့ ပရလောကတွင် လိပ်ပြာခန္ဓာဖြင့် ကျက်စားသွားလာနိုင်သည်။ တစ်နည်းအားဖြင့် ရှေးမြန်မာ မိရိုးဖလာပညာဖြာစ်သော ရုပ်ပြောင်းနာမ်ခွာ ပညာသည် စင်စစ်အားဖြင့် လိပ်ပြာခန္ဓာဖြင့် ပရလောကသို့ ဝင်ရောက်ကျက်စားသော လိပ်ပြာလွှင့် ပညာဖြစ်သည်။ ကာလရှည်ကြာသောအခါ ဤပညာမှာ နာမည်သာကျန်ပြီး လက်တွေ့ကျင့်ကြံမှုများ ကွယ်ပျောက်မတတ် ဖြစ်သွားသည်။ လိပ်ပြာခန္ဓာကို ရုပ်ကြမ်းခန္ဓာမှ ထွက်ခွာရန် နည်းလမ်းများစွာ ရှိသည်ကို လေ့လာရသည်။ ယင်းနည်းလမ်းများမှာ မူးယစ် ဆေးဝါးဖြင့်လည်းကောင်း၊ မန္တာန်ဖြင့် လည်းကောင်း၊ လည်ပင်းရှိ မေ့ကြောကို အတိုင်းအဆ ဖြင့် နှိပ်ခြင်းဖြင့်လည်းကောင်း၊ သမာဓိအားကို အသုံးပြုခြင်းဖြင့်လည်းကောင်း အသုံး ပြုကြသည်။

အထက်လမ်း ထွက်ရပ်ပညာတွင် သမာဓိစွမ်းအား စေစားသော နည်းကိုသာ အသုံးပြုပြီး ကျန်နည်းလမ်းများကို အောက်လမ်းပညာတွင် အသုံးပြုကြသည်။ ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာ ထွက်ခွာသောအခါ မည်သည့်ခန္ဓာကိုယ် အစိတ်အပိုင်းမှ ခွာရသည်၊ ယင်းခန္ဓာကိုယ် အစိတ်အပိုင်းရှိ ချက္ကရများကို လိပ်ပြာခန္ဓာခွာရန်အတွက် အသင့်ဖြစ်အောင် မည်သို့ လေ့ကျင့်ထားရသည်၊ ခွာထွက်သောအချိန်နှင့် ရုပ်ခန္ဓာသို့ လိပ်ပြာခန္ဓာ ဝင်သောအခါတွင် မည်သို့အရှိန်ယူရသည်၊ အရှိန်သတ်ရသည်တို့ကို လေ့ကျင့်သင်ကြားရသည်။

တစ်ဖန် ပရလောကတွင်းသို့ လိပ်ပြာခန္ဓာ ဝင်ရောက်သွားသောအခါ တကယ့် ရုပ်လောကနှင့် ပရလောကကို မည်သို့ခွဲခြားရမည်ကိုလည်း သတိထားရမည်။ ပရလောကတွင် လိပ်ပြာခန္ဓာ ရောက်သွားသောအခါ တွေ့ရတတ်သောအခြေအနေ အမျိုးမျိုးကို သိရုံမျှမက ယင်းအခြေအနေတို့မှ မည်သို့မည်ပုံ ထွက်ခွာရမည်၊ ရှောင်တိမ်းရမည်ကို လေ့ကျင့်ရသည်။

ဥပမာ– လေးဘက်လေးတန် မှန်ချပ်ကြီးများဖြင့် အလုံပိတ်နေသောအခန်း သို့မ

ဟုတ် နေရာမှ လိပ်ပြာခန္ဓာ မည်သို့ထွက်ရမည်၊ ဆီးနှင်းမုန်တိုင်း လျှပ်စီးများအတွင်း ရောက်သွားသောအခါ မည်သို့ရှောင်တိမ်းရမည် စသည်တို့ကို နေ့စဉ် လက်တွေ့ လိပ်ပြာလွှင့်၍ လေ့လာရသည်။

ဤသို့ ပရလောကသို့ လိပ်ပြာခန္ဓာဖြင့် ရောက်ရှိသွားသောအခါ ရုပ်ခန္ဓာဦးနှောက် မှတ်ညာဏ်ဖြင့် မလုံလောက်တော့ချေ။ ထို့ကြောင့် ပရလောကတွင် အစွမ်းထက်လှသော အလင်းဓာတ်အကြောင်း၊ အသံလှိုင်း၏စွမ်းအင်တို့ကို အသုံးပြုနိုင်ရန်အတွက် အလင်းနှင့် အသံစွမ်းအင်ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် လေ့ကျင့်သင်ကြားရသည်။ ရုပ်ခန္ဓာနှင့် လိပ်ပြာခန္ဓာသည် သာမန်အချိန်များတွင် နှစ်ကိုယ်တစ်စိတ် ပူးတွဲ နေသော်လည်း လိပ်ပြာခန္ဓာသည် အိပ်သောအချိန်နှင့် သေသောအချိန်တွင် ရုပ်ခန္ဓာမှ ထွက်ခွာသွားသည်။

အိပ်သောအချိန်တွင် ထွက်ခွာသွားသော လိပ်ပြာခန္ဓာနှင့် ရုပ်ခန္ဓာတို့သည် ငွေကြိုး ခေါ် အလင်းဓာတ်ကြိုးပြင့် ဆက်ထားပြီး နိုးသောအချိန်တွင် လိပ်ပြာခန္ဓာသည် ရုပ်ခန္ဓာ ကိုယ်အတွင်းသို့ ယင်းအလင်းဓာတ်ကြိုးအတိုင်း ပြန်ဝင်လာသည်။ သေသော အခါတွင်ကား ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာ ထွက်သွားပြီးနောက် ပြန်မဝင်တော့ခြင်း ဖြစ်သည်။ ဤသို့ လိပ်ပြာခန္ဓာ အပြီးထွက်သွားခြင်းကို မရဏ သေခြင်းဟုခေါ်သည်။

ထို့ကြောင့် မရဏထုံကူးသောအခါ လိပ်ပြာခန္ဓာသည် ခေတ္တယာယီ ထွက်ခွာသွားရသဖြင့် ခေတ္တယာယီ မရဏ သေခြင်းဖြစ်သွားသောကြောင့် မရဏထုံဟု ခေါ်ခြင်းဖြစ်သည်။ လိပ်ပြာလွှင့်ရာတွင် အခက်ခဲဆုံးမှာ မိမိတစ်သက်လုံး ငါဟု အရိုးစွဲအောင် ထင်ထားသော ရုပ်ခန္ဓာကို စွန့်ခွာရန်ဖြစ်သည်။

တစ်နည်းအားဖြင့် ငါဟူသော အတ္တတည်ရာ၊ မိုရာ၊ စွဲလမ်းရာ မိမိရုပ်ခန္ဓာကို စွန့်ခွာခြင်းသည် မရဏ သေခြင်းဟူ၍ သက္ကာယ လူသားတို့ စွဲလမ်းထားရာ မိမိရုပ်ခန္ဓာမှ ခွဲခွာရန်မှာ မသိစိတ်တွင် စွဲကပ်နေသော အကြောက်တရား စင်စစ်ကြီး ဖြစ်လေသည်။

မိမိ၏ ရုပ်ခန္ဓာကို မိမိ၏ဘဝ ဟူ၍ ဘဝတဏှာ စွဲအားကြီးသော လူသားများအဖို့ မိမိ၏ စိတ်ဆန္ဒဖြင့် ဘဝတဏှာတည်ရာ ရုပ်ခန္ဓာကြီးကို စွန့်ခွာရန်မှာ လက်တွေ့စမ်းကြည့်မှ မည်မျှခက်ခဲသည်ကို တွေ့ရသည်။ ထို့ကြောင့် မရဏထုံ ဆိုသည်မှာ ရုပ်ခန္ဓာ သေသွားခြင်းကို ကျော်လွန်အောင်နိုင်သော၊ ရုပ်ခန္ဓာကို မတွယ်တာတော့ဘဲ ဝိညာဉ် လွတ်မြောက်သွားသော အခြေအနေ ဖြစ်ပေသည်။

ထို့ကြောင့် ရုပ်ခန္ဓာသည် တစ်ဘဝတွင် တစ်ခါရသော ယာယီခန္ဓာ ဖြစ်၍ မက်မောစရာမရှိကြောင်း၊ ခန္ဓာယာဉ်များအတွင်း ကိန်းဝပ်နေသော ဝိညာဉ်သာလျှင် ဘုရား၏ အလင်းဓာတ် ပရမတ်စစ် ဖြစ်ကြောင်းကို ဆရာသျှင်က နည်းပေးသည့်အတိုင်း ဘာဝနာ ပွားရသည်၊ ဆင်ခြင်ရသည်။

ဤသို့ အားထုတ်ရသည်မှာ နှစ်ရှည်လများ လာသောအခါ တရားကိုလည်းပိုင်၊ ဘဝတဏှာကိုလည်း စွန့်လွှတ်နိုင်သောအခါမှသာ မရဏထုံခေါ် တတိယအဆင့်ကို တက်လှမ်းရခြင်း ဖြစ်သည်။

မရဏထုံဟု ခေါ်ရခြင်းမှာ အနိမ့်စား ဘဝတရာများ ခိုအောင်းရာ ရုပ်ခန္ဓာကို စွန့်လွှတ်ခြင်းဖြင့် ရုပ်ခန္ဓာသေသောအခါ၊ ရုပ်ခန္ဓာ မရဏဆိုက်သောအခါ ရုပ်ခန္ဓာထက် တစ်ဆင့်မြင့်သော လိပ်ပြာခန္ဓာဖြင့် တစ်ဖန် ပြန်လည်အသက်ရှင်ခြင်းကို ရှင်ပြန်ထမြောက်ခြင်း ဟူ၍လည်းကောင်း၊ ထွက်ရပ်ပေါက်ခြင်း ဟူ၍လည်းကောင်း ခေါ်ကြခြင်း ဖြစ်သည်။

နေ့စဉ်လိုပင် လိပ်ပြာလွှင့် လေ့ကျင့်ရသဖြင့် နေ့စဉ် ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာ ဝိညာဉ် ခွာထွက်လိုက်၊ ပြန်ဝင်လိုက်၊ တစ်ဖန် ပြန်ထွက်လိုက်ဖြင့် လေ့ကျင့်ဖန်များသော အခါ ရုပ်ခန္ဓာကို တွယ်တာမှု၊ ရုပ်ခန္ဓာအား အမှီပြု၍ ဖြစ်ပေါ်သော ရမ္မက်များ တဖြည်းဖြည်း ကုန်ခန်းလာသည်။ ရုပ်လောကထက် နာမ်လောက၊ မနောဝိညာဉ် လောကကိုသာ အာရုံဝင်စားလာသည်။ လူသစ်စိတ်သစ် ဖြစ်လာသည်။ မသေသေးဘဲနှင့် သူတော်ကောင်းအဖြစ် လူဝင်စားဖြစ်လာသည်။ အလိုလောဘများ လျော့ပါးလာပြီးလျှင် အလင်းဓာတ် ဘုရားကြီးထံမှာပင် နေရသလို ကြည်နူးလာတော့သည်။

ထုံကူးခြင်း

တပည့်သာဝကတို့၏ အခြေအနေကို စောင့်ကြည့်နေသော ဆရာသျှင်က သာဝကတို့၏ ကြိုးစားမှု၊ တရားရမှုကို တွေ့မြင်သောအခါ "သာဝက၊ သင့်အား သစ္စာတရားတွေ ဖွင့်လှစ်ပေးရမယ့်အချိန် ရောက်လာပြီ၊ သင့်ခန္ဓာယဉ်တွေကို ထွင်းဖောက်ပြီး အတွင်းမှာ ကိန်းနေတဲ့ မနောဝိညာဉ် သင်မြင်ပြီ၊ ဒီမနောဝိညာဉ်ဟာ ဘုရားရဲ့ကိုယ်ပွားပဲ၊ ဒါကြောင့် သေခြင်းနဲ့ ရှင်ပြန်ထမြောက်ခြင်း ဆိုတဲ့ အမတဝိညာဉ်တံခါးကို ဖွင့်ပေးတော့မည်" ဟု အဝေးမှနေ၍ မနောဓာတ်ဖြင့် ညွှန်ကြားသည်။

မကြာမီ အိုဆီးရစ်ဘုန်းတော်ကြီးများသည် မီးတုတ်များ ကိုင်ဆောင်လာပြီး မဟာပိရမစ်၏ လိုဏ်ဂူအတွင်းရှိ မရဏ ခန်းမဆောင်သို့ ခေါ်ဆောင်သွားသည်။ မရဏ ခန်းမဆောင်သို့ အဝင်ဝတွင် စဖင့်ရုပ်တုကြီးများပေါ်တွင် တိုင်ကြီးလေးလုံး စိုက်ထူထားပြီး တိုင်ပေါ်တွင် မံမီရုပ်အလောင်းများ ပုံသဏ္ဌာန် ထွင်းထုထားသည်။ ဂူအတွင်း တစ်နေရာတွင် ကျောက်တလား (ကျောက်ခေါင်း)တစ်ခု ထီးထီးကြီး ရှိနေသည်။ ဆရာသျှင်၏ နောက်ဆုံးညွှန်ကြားချက် အသံသည် ကျောစိမ့်ဖွယ် ထွက်ပေါ်လာသည်။

"သေခြင်းတရားကို ဘယ်သူမှ ရှောင်ပုန်းလို့မရဘူး၊ လူ့ဘဝ ရောက်လာတဲ့ ဝိညာဉ်တိုင်းဟာ သေခြင်းတရားကို ရင်ဆိုင်ပြီးနောက် အသက်ပြန်ရှင်လာမယ့် ရှင်ပြန်ထမြောက်ခြင်းကို ရကြမှာချည်းပဲ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေဟာ ဒီ မရဏခန်းမဂူအတွင်းမှာပဲ မရဏထုံတက်ပြီး ဒီဘဝမှာပဲ ဘုရားရဲ့ အလင်းဓာတ်ကို ရရှိခံစားကြရတယ်၊ ဒီညမှာ သင်ဟာ မရဏ မုခ်ဦးကို ဖြတ်ကျော်ပြီး ထွက်ရပ်ပေါက် ဆရာသျှင်တစ်ပါး ဖြစ်လာတော့မယ်၊ ကဲ၊ ကျောက်တလားထဲ ဝင်ပြီး လဲလျောင်းလိုက်ပေတော့"

သာဝကသည် ကျောက်တလားကြီးထဲဝင်ပြီး လဲလျောင်းလိုက်သောအခါ ဥပဇ္ဈာယ်

ဆရာနှင့် ဂိုဏ်းဝင်ဘုန်းကြီးများသည် သာဝက မရဏထုံဝင်ရန်အတွက် မိမိတို့၏ ဈာန်စွမ်းအင်များကို အသုံးပြုပြီး သာဝကအား ဓာတ်ကူးဓာတ်ဆက် လုပ်ပေးသည်။ ထုံတက် မန္တာန်များကိုလည်း ရွတ်ဖတ်သည်။ ဥပဇ္ဈာယ်ဆရာကမူ လက်ဖြင့်သပ်၍ သလိုက်ဓာတ် သွင်းခြင်း၊ စိန္တာမဏိတောင်ဝှေးဖြင့် သက်ဆိုင်ရာ ချက္ကရများကို ဓာတ်ကူးပေးခြင်း၊ မိမိ၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် သာဝကအား လွှမ်းခြုံပေးခြင်း စသော အစီအရင်များကို စနစ်တကျ အားလုံးစုပေါင်း ဆောင်ရွက်ပေးသည်။ ဤသို့ ထုံတက်သောအခါ စနစ်တကျ ပြုလုပ်ရသော အစီအရင် (Rites) ကိုပင် ဂန္ဓာရီပညာ (MYSTERY) ဟုခေါ်သည်။

နောက်ဆုံးတွင် မန္တာန်များကို ဂီတဆန်ဆန် စုပေါင်းပြီး သံပြိုင်ရွတ်ဖတ်သရဏဂုံ မှုများ ပြီးသွားသောအခါ ဆရာသျှင်နှင့်ဂိုဏ်းဝင်ပုဂ္ဂိုလ်များသည် တိတ်ဆိတ်စွာ ဂူအတွင်းမှ ထွက်ခွာသွားကြသည်။ ခပ်မှိန်မှိန် မီးအိမ်မှာလည်း ဆီကုန်သွားပြီဖြစ်၍ မီးငြိမ်းသွားသည်။ မည်းမှောင်နေသော ဂူထဲတွင် သာဝက တစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။ ကျောက်တလား၏ အေးစိမ့်စိမ့် အအေးဓာတ်သည် သာဝကအား လွှမ်းခြုံလာတော့သည်။

အဖုံးပိတ်ထားသော ကျောက်တလား၏ အမှောင်ထုအတွင်း၌ သာဝက၏ ဈာန်သမာဓိသည် တရိပ်ရိပ်တက်လာသည်။ သေအံ့ဆဲဆဲ ကြောက်လန့်မှုကို ခံစားရသော်လည်း ဆရာသျှင်နှင့် ဂိုဏ်းဝင်ဘုန်းကြီးများ၏ ထုံကူးဓာတ်ကူးပေးမှုကြောင့် သာဝက၏ စိတ်စွမ်းအင်သည် နဂိုရှိသည်ထက် အဆများစွာ အားကောင်းနေရာ အကြောက်တရားများ ပျောက်ကွယ်သွားသည်။

တစ်ကိုယ်လုံး မလှုပ်နိုင်အောင် တောင့်တင်းလာသည်။ ခန္ဓာကိုယ်တစ်ခုလုံးရှိ ကလာပ်စည်းများအားလုံး ဆူဝေလာသည်ဟု ခံစားရသည်။ နားအတွင်းမှလည်း တဝူးဝူး မြည်၍ လေတွေ ကန်ထွက်နေသလို ခံစားရသည်။ ထိုစဉ်တွင် ဗြုန်းခနဲ လေထဲသို့ ထိုးတက်သွားသလို မိုက်ခနဲ ခံစားရပြီးနောက် အလင်းရောင် ဝင်းခနဲ လက်သွားသည်။

ယင်းအလင်းရောင်များ မှိန်သွားသောအခါ အလင်းစက်လေးတစ်စက်သည် အလွန်ဝေးလံသောအရပ်မှ တစ်ရှိန်ထိုး ဝင်လာသည်ကို မြင်လာရသည်။ ယင်းအလင်းစက်သည် ဆရာသျှင်၏ တောက်ပြောင်လှသော မျက်လုံးနှင့် တူသော်လည်း အလင်းဝန်းသို့ ပြောင်းသွားပြီး ထိုမှတစ်ဖန် ငါးထောင့်ကြယ်ကြီး ဖြစ်သွားသည်။ ငါးထောင့်ကြယ်ကြီး၏ ထောင့်ငါးထောင့်မှ အလင်းတန်းများသည် လျှပ်ပန်းလျှပ်နွယ်ကဲ့သို့ ပန်းထွက်နေသည်။

ဤသို့ ကြယ်ကြီးမှ အလင်းရောင်များ ဖြာထွက်လာသည်နှင့် တစ်ပြိုင်နက် သူ၏ ခန္ဓာကိုယ် အရည်ပျော်သွားသလို ခံစားရသည်။ ကိုယ်တွင်းရှိ ပရာနဓာတ်များ၊ အရည်ဓာတ်များ အားလုံး ထွက်သွားသလို ခံစားရပြီးလျှင် အလွန်ပေါ့ပါး၊ အလွန် ပီတိသုခ သန္တိ အရာဘနှင့် ပြည့်စုံသော ခံစားမှုထဲတွင် မျောပါသွားသည်။

ထို့နောက် ယင်း ကြယ်ပွင့်ကြီးသည် အလွန်ထိန်လင်း တောက်ပလာပြီးနောက် နေမင်းကြီးဖြစ်သွားကာ နေ၏ ဗဟိုချက်ရှိ တောက်ပသော အပြုရောင်ဝန်းက သာဝကအား ဆွဲဆောင်ထားလေသည်။ ယင်းငါးထောင့်ကြယ်သည်ကား ရှင်ပြန်ထမြောက်ခြင်းဖြင့် အမတ

သေခြင်းကင်းသောဝိညာဉ်၏လက္ခဏာ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏သင်္ကေတပင်တည်း။

ကျောက်တလားထဲတွင် သုံးလေးရက်မျှ ဤသို့ စာနှံဝင်စားပြီးနောက် ထုံကွဲထုံတက်ခြင်း အထွတ်အထိပ်သို့ ရောက်သောအခါတွင် နံနက်မိုးသောက် ထွက်လာသော နေမင်း၏ ရောင်ခြည်သည် မဟာပိရမစ်ထိပ်ရှိ လျှို့ဝှက်သော မှန်ပေါက်မှ တစ်ဆင့် ကျောက်တလားအတွင်းရှိ သာဝက၏ မျက်နှာပေါ်သို့ ထိုးဖောက်ဝင်ရောက်လာသည်။

နေရောင်ခြည်၏ အလင်းဓာတ်နှင့် နေမှရရှိသော ပရာနဓာတ်စွမ်းအင်တို့ကြောင့် သာဝကသည် သတိရပြီး နိုးကြားလှုပ်ရှားလာသည်။ ယင်းမှန်ပေါက်မှာ မဟာပိရမစ်တွင် ထုံတက်ရန်အတွက် လျှို့ဝှက် တပ်ဆင်ထားသော မှန်ဖြစ်သည်။

ဥပဇ္ဈာယ်ဆရာသျှင်နှင့်တကွ ဂိုဏ်းဝင်ဘုန်းကြီးများသည် သာဝကအနီး ရောက်ရှိလာပြီးလျှင် ယခင် ထုံတက်ပွဲများ အစဉ်အလာအတိုင်း ကြိုဆို ကောင်းချီးပေးခြင်း၊ လျှို့ဝှက်ချက်များကို မပေါက်ကြားစေရန် ကတိသစ္စာပြုစေခြင်းတို့ကို ဆက်လက် ဆောင်ရွက်ကြပြန်သည်။ ထို့နောက်တွင်ကား ဂိုဏ်းချုပ်ဆရာတော်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ် တတိယအဆင့် အောင်မြင်မှု အထိမ်းအမှတ်ဖြစ်သော Tau Cross သင်္ကေတကို အပ်နှင်းလိုက်လေသည်။

သာဝကသည် ယခုအခါတွင် သာဝက မဟုတ်တော့ဘဲ ထွက်ရပ်ပေါက် ဆရာသျှင် ဖြစ်သွားလေပြီ။ အဆင့်(၇)ဆင့် ရှိသည့်အနက် အခက်ခဲဆုံးနှင့် အရေးပါဆုံး တတိယအဆင့်ကို အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပေပြီ။ ရှေ့ဆက်၍ သတ္တမ နောက်ဆုံး အဆင့်ထိ တက်လှမ်းရန်သာ ရှိတော့သည်။

အီဂျစ် မဟာဂန္ဓာရီပညာဖြင့် ဤတတိယအဆင့်ကို အောင်မြင်သွားကြသော ပုဂ္ဂိုလ်များမှာ ပလေတို၊ ပိုက်သဂိုရပ်၊ သေးစ်၊ ဆိုလွန်၊ ဟီရိဒိုးတက်၊ ဆီဆာရိုး ဟီရာကလစ်တတ်စ်၊ ဟစ်ပိုကရစ်တတ် စသော ကမ္ဘာကျော် ပုဂ္ဂိုလ်များပင် ဖြစ်သည်ဟု ဂန္ဓာရီပညာရှင်များက ဆိုကြသည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီက အင်္ဂလိပ်အမျိုးသမီး ဂျူးဂရန့် ဆိုသူက သူမကိုယ်တိုင် အီဂျစ်တွင် လှုံ့ဘဝဖြစ်စဉ်က သူတွေ့ကြုံခဲ့ရသော မဟာဂန္ဓာရီ မရဏာထုံကွဲခြင်းကို ကမ္ဘာကျော် Winged Pharaoh ဟူသော စာအုပ်တွင် အသေးစိတ် ရေးသားဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ ထိုစဉ်က အရွှေ့ဂျာမနီဟုခေါ်သော ကွန်မြူနစ် ဂျာမနီမှ အဲလစ်ဘက်ဟိဂ် ဆိုသူ အမျိုးသမီးကလည်း သူမသည် အီဂျစ်တွင် လှုံ့ဖြစ်စဉ်က တွေ့ကြုံခဲ့ရသော ဂန္ဓာရီပညာအကြောင်းကို Initiate ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဟု အမည်ပေး၍ ရေးသားထုတ်ခဲ့ကြောင်း တွေ့ရသည်။

အီဂျစ် မဟာဂန္ဓာရီပညာမှာ နောင်အခါတွင် မိမိ အိမ်နီးချင်းတိုင်းပြည်များဖြစ်သော အစ္စရေး၊ အီရန်၊ ဆီးရီးယား၊ အီရတ်တို့တွင်သာမက ခေါမ၊ ရောမတိုင်းအထိ ပျံ့နှံ့သွားရာမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားပြီးလျှင် ဂိုဏ်းအမည်အမျိုးမျိုးဖြင့် ယနေ့အထိ ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။

ထွက်ရပ်လွန်အဆင့်များ

အိုဂျစ် မဟာဂန္ဓာရီအဆင့် ခုနစ်ဆင့် ရှိရာတွင် တတိယအဆင့်မှာ ထွက်ရပ်ပေါက်အဆင့်ဖြစ်ကြောင်း ယခင်လများက ဖော်ပြပြီးဖြစ်သည်။ ကျန်လေးဆင့်မှာ ထွက်ရပ်ပေါက်အဆင့်ထက် ကျော်လွန်နေသောကြောင့် ထွက်ရပ်လွန်အဆင့်များဟု ခေါ်တွင်ခြင်းဖြစ်သည်။

တတိယအဆင့် အောင်မြင်ပြီးသည့်နောက် သေခြင်းတရားကို အောင်နိုင်ခဲ့ပြီးပြီဖြစ်၍ ဓန္ဓာကိုယ်ပျက်စီးဆုံးရှုံးသွားသည့်တိုင်အောင် မိမိ၏ ယုံကြည်ကိုးကွယ်မှု၊ အတွေးအခေါ်နှင့် ဂန္ဓာရီပညာရပ်များကို ရုပ်ဓန္ဓာဖြင့်ရှိစဉ်ကကဲ့သို့ပင် တစ်ဆစ်ခြည်မျှင်မျှ မလျော့ဘဲ လိပ်ပြာဓန္ဓာဖြင့် ဆက်လက် သယ်ဆောင်ထားနိုင်သည်။

နောက်တစ်ဖန် လူ့ဘဝသို့ ပြန်လည် ဝင်စားရလျှင်လည်း ယင်းပညာများ၊ အယူအဆများ၊ ယုံကြည်မှုများကို ဆက်လက် သယ်ယူ မှတ်မိနေသေးကြောင်းကို ယခုခေတ် သက်ရှိလူသားတို့၏ ဘဝက သာဓကများဖြင့် ပြသခဲ့ပြီးဖြစ်၏။

တတိယအဆင့် ပြီးဆုံးသွားသောအခါ စတုတ္ထအဆင့်ကို တက်ရန်အတွက် လေ့လာပြင်ဆင်ရသည်။ စတုတ္ထအဆင့် ကာလကို 'ဥပုသ်ဆောင်ကာလ'ဟု သတ်မှတ်ပြီး မြေအောက်လိုဏ်ဂူထဲတွင် တစ်နှစ်ခွဲခန့်နေ၍ လေ့လာကျင့်ကြံရသည်။ မရဏထုံဝင်သောခေါင်းစီရင်ပုံများ၊ အလောင်းကို မပုပ်မသိုးစေရန်နှင့် ပိုးမွှားအန္တရာယ်မှ ကာကွယ်ရန်အတွက် ပရဆေးအမယ်ခုနစ်မျိုး ပါဝင်သော ဆေးဖြင့် စီရင်ပုံများ၊ ပရလောကတွင် အသုံးပြုသော သင်္ကေတများ၊ အရုပ်စာများကို လေ့လာရသည်။

ဤသို့ လေ့လာသည်ဆိုရာတွင် ရုပ်ဓန္ဓာကိုယ်ဖြင့် လေ့လာရခြင်း မဟုတ်ဘဲ လိပ်ပြာဓန္ဓာဖြင့် မရဏပြည်ခေါ် လိပ်ပြာဓန္ဓာကျက်စားရာ လိပ်ပြာဘုံ၊ နတ်ဘုံတွင် လိပ်ပြာဓန္ဓာဖြင့် လေ့လာရခြင်းဖြစ်သည်။ လေ့လာသင်ကြားမှုများ ပြည့်စုံသောအခါ စတုတ္ထအဆင့် တက်ရမည်ဖြစ်သော စတုတ္ထစမ်းသပ်မှုဖြစ်သော 'ဆာယာထုံ' တက်ရသည်။

ဆာယာထုံဟူသည် တမလွန်ပရလောကတွင် ရှိသော နာနာဘာဝများ၊ ပြိတ္တာများ၊ လမိုင်းများ၊ မိမိပိုင် ဓန္ဓာမရှိဘဲ သူတစ်ပါးစွန့်ပစ်ခဲ့သော ပရလောကအလောင်းများ၊ ယင်း အလောင်းများမှာ တမလွန်ပရလောကသားများ၊ ပရလောကမှ စွန့်ခွာသောအခါ (၀၊) ဒုတိယအကြိမ် သေရသောအခါ လိပ်ပြာဓန္ဓာအလောင်းကြီးကို စွန့်ပစ်သွားရသည်။

လူ့ပြည်မှာ သေသောအခါ ရုပ်ဓန္ဓာကို စွန့်ခွာသွားရသကဲ့သို့ပင် ဖြစ်သည်။ လူ့ပြည်တွင် နေ့စဉ်နှင့်အမျှ ရုပ်ဓန္ဓာအလောင်းများ အသုဘချနေသကဲ့သို့ပင် လိပ်ပြာလောကတွင်လည်း လိပ်ပြာဓန္ဓာကို စွန့်၍ ဘဝကူးသွားသူများ ရှိသည်ဟု ရှေးဟောင်းအိုဂျစ်တို့က ယုံကြည်သည်။

ထို့ပြင် လိပ်ပြာလောကတွင် လိပ်ပြာဓန္ဓာကိုယ်မရှိသော အမျိုးမျိုးသော နာနာဘာဝ Elemental ခေါ် သတ္တဝါများလည်း ရှိသည်။ ဘူတကောင်၊ ဖုတ်ကောင်ဟုလည်း

ခေါ်သည်။ ယင်းဘူတကောင် ဆာယာများသည် တွေ့ရာလိပ်ပြာအလောင်းထဲသို့ ဝင်ရောက်ပြီး လိပ်ပြာလောကတွင် ကျက်စားသည်။

ယင်းတို့၏ သဘာဝမှာ လိပ်ပြာလောကသို့ ဝင်ရောက်လာပြီး လိပ်ပြာလောကကို စိုးမိုးရန် ရောက်လာသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တို့၏ လိပ်ပြာဝိညာဉ်ကို နှောင့်ယှက်ရန်၊ ရန်ပြုရန်ဖြစ်သည်။

ထို့ကြောင့် စတုတ္ထအဆင့် တက်မည့်သူသည် ယင်းဆာယာဘူတတို့နှင့် လိပ်ပြာလောကတွင် တွေ့ဆုံယှဉ်ပြိုင် တိုက်ခိုက်ရသည်။

ဘူတဆာယာများနှင့် တိုက်ပွဲဝင်ရန်အတွက် စတုတ္ထအဆင့်တက်မည့်သူအား သူ၏ ဥပဇ္ဈာယ်ဆရာက ဆာယာဘူတကောင်များကို နှိမ်နှင်းရန် ဂန္ဓာရီပညာများ၊ ဆာယာဘူတ၏ တိုက်ခိုက်မှုကို ကာကွယ်ရန် ဒိုင်းသဖွယ် အကာအကွယ် ပညာများကို သင်ကြားပေးအပ်ပြီး ဆာယာတို့ကို နှိမ်နှင်းရသည်။

ဤသို့ ဆာယာဘူတကောင်များဖြင့် တိုက်ခိုက်ခြင်းကို 'ဆာယာထုံ' ဟု ခေါ်သည်။ ယင်းထုံကို အောင်မြင်သောအခါ ပရလိပ်ပြာဘုံတွင် နေထိုင်ကျက်စားရန် ပညာများ တတ်မြောက်ပြီဟု အသိအမှတ်ပြုပြီး ဂိုဏ်းချုပ်ကြီးနှင့်တကွ ဂိုဏ်းဝင်ပုဂ္ဂိုလ်များက စတုတ္ထသိဒ္ဓိတင် ဘိသိက်ပွဲများ ကျင်းပပြီး ဈာန်ဘုရား အိုက်ဇစ်၏ ဒိုင်းကို ချီးမြှင့်သည်။

စတုတ္ထအဆင့်အတွက် သတ်မှတ်ထားသော ဇီးကွက်ရပ်သဏ္ဌာန်ရှိ အိုက်ဇစ်၏ တံဆိပ်ပေးအပ်ပြီးလျှင် စတုတ္ထအဆင့်၏ စကားဝှက် 'ဂျိုအာ' ကို ပေးအပ်သည်။

စတုတ္ထအဆင့် အောင်မြင်ပြီးသောအခါ ဘုရင်မင်းမြတ်နှင့် အချိန်မရွေး ဆက်သွယ်ခွင့် ရရှိပြီးလျှင် တရားသူကြီးအဖြစ် ခန့်အပ်သည်။

ဂန္ဓာရီပညာရပ်များကို အခြားသော အဆင့်တူ စတုတ္ထအဆင့်ဝင်များနှင့်အတူ လေ့လာရသည်။ လေ့လာရသော ဘာသာရပ်မှာ ဈာန်ဘုရားများ၏ ဖြစ်စဉ်တန်ခိုးနှင့် သဘာဝများကို လေ့လာရသည်။ အီဂျစ်ဈာန်ဘုရားဖြစ်သော အိုဆီးရစ်သည် သူ၏ ယောက်ဖဖြစ်သူ တိုင်ဖုံးက သတ်၍ သေရသည်ဟု ဘုရားသမိုင်းက ဆိုသည်။

အမှန်စင်စစ်အားဖြင့် ဈာန်ဘုရားများသည် လူသားမဟုတ်သည့်အပြင် နတ်လောကကိုပင် ကျော်လွန်နေသော ဘုရားငယ်များဖြစ်ရာ လူသားများကဲ့သို့ ဒေါသဖြင့် သတ်ဖြတ်ခြင်းမျိုး မရှိချေ။ လူသားတို့အနေဖြင့် နားလည်ရန်ခက်ခဲသော ဈာန်ဘုရား တို့၏သဘာဝကို 'သရုပ်တင်' ပြသည့်အနေဖြင့်သာ အိုဆီးရစ်ဘုရားကို တိုင်ဖုံးက သတ်သည်ဟု ဆိုခြင်းဖြစ်သည်။

ထို့အတူပင် ဈာန်ဘုရားလောကဌ် ဣတ္ထိလိင်၊ ပုလ္လိင် ကွဲပြားခြင်းမရှိ၊ လိင်ကိစ္စ မရှိစေကာမူ ဈာန်ဘုရားတို့၏တန်ခိုးဣဒ္ဓိကို ဖော်ပြရာတွင် လင်မယားသန္တာန်၊ လိင်သန္တာန်တို့ဖြင့် ဖော်ပြခြင်းဖြစ်သည်။ အိုက်ဇစ်နှင့် အိုဆီးရစ်တို့ကို တစ်ခါတစ်ရံ မောင်နှမဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံတွင် အကြင်လင်မယားဟူ၍လည်းကောင်း ဖော်ပြတတ်သည်။

သရုပ်ဖော်တင်ပြခြင်းဟု နားမလည်ပါက ဈာန်ဘုရားတွေမှာ လိင်ကိစ္စတွေ ရှိနေ

သေးသည်ဟု အထင်လွဲစရာဖြစ်သည်။ တန်ခိုးကြွဒိုနှင့် လိင်သင်္ကေတတို့ ဆက်နွယ်ပုံမှာ အလွန် ကျယ်ဝန်းလှ၍ သီးခြားရေးသားမှသာလျှင် သဘောပေါက်မည်ဖြစ်သည်။

ဗျာန်ဘုရားတို့၏ သဘာဝနှင့် တန်ခိုးကြွဒိပါဒ်ကို လေ့လာသင်ကြား တတ်မြောက်သောအခါ ပဉ္စမအဆင့် သိဒ္ဓိတင်ဘိသိက်ပွဲ ကျင်းပ၍ ပဉ္စမအဆင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အဖြစ် အသိအမှတ်ပြုပြီး စကားဝှက် 'ချိမိယား'ကို ပေးအပ်သည်။

ပဉ္စမအဆင့်သို့ ရောက်ရှိပြီးနောက် ဆဋ္ဌမအဆင့် တက်စဉ်ကာလကို 'ဘုရားမခံဦးမှ နက္ခတ်ပညာရှင်'ဟု ခေါ်သည်။ ရုပ်ဒြပ်များရှိသော ဂြိုဟ်နက္ခတ်များသာမက ရုပ်ဒြပ်မရှိသော နာမ်ဒြပ်ဖြင့် တည်ရှိသော ဂြိုဟ်နက္ခတ်များကို လေ့လာသင်ကြားရသည်။ သာမန်မျက်စိဖြင့် မမြင်နိုင်သော 'ကွာဆာ'များ၊ တွင်းမည်းကြီးများအကြောင်းကို သိပ္ပံပညာက ယခုအခါ သိရှိပြီးဖြစ်ရာ ထိုနက္ခတ်ပညာမှာ ရုပ်လွန်နက္ခတ်ပညာဖြစ်ကြောင်း၊ ခေတ်ရှေ့များစွာ ပြေးလျက်ရှိကြောင်းကို ပြောရန်လိုမည် မဟုတ်ချေ။

ယနေ့ခေတ် ရူပဗေဒသိပ္ပံပညာတွင် Gravity ခေါ် ကမ္ဘာဆွဲငင်အားကို လေ့လာခြင်းဖြင့် အိုင်စတိုင်း၏ သဘောတရားကို ကျော်လွန်သွားပြီဖြစ်သော ဒုက္ခိတ ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်း၏ 'ဆွဲငင်အား' စွမ်းအင်သဘောတရားသည် အီဂျစ် ဂန္ဓာရီပညာ ရုပ်လွန်နက္ခတ်ဗေဒပညာနယ်ပယ်သို့ ဝင်ရောက်သွားပြီလောဟု တွေးစရာ ဖြစ်လာသည်။

ထို့အပြင် လောကုတ္တရာဘုံကို ရည်ညွှန်းသော သင်္ကေတများနှင့် ဘာသာရေးအကများကို လေ့လာရသည်။ ဘာသာရေးအကဆိုရာတွင် ခေါမခေတ်နှင့် တိဗက်ဘုန်းတော်ကြီးများ ဘာသာရေးကိစ္စများ ဆောင်ရွက်သောအခါ ဘုရားပူဇော်သည့်အနေဖြင့် လှုပ်ရှားရသော လှုပ်ရှားမှု ဟန်ပန် (၀၊) အကများ ဖြစ်သည်။

ခြေလက်ကိုယ်အင်္ဂါများကို နရီစည်းကိုက် လှုပ်ရှားခြင်းဖြင့် နာမ်စွမ်းအင်များ ထွက်ပေါ်လာသောအကမျိုး ဖြစ်သည်။ လောကီပသာဒအကမျိုး မဟုတ်။ ယခုအခါတွင် အိုလံပစ်ပွဲတော် ကျင်းပသည့်အခါ၌ အိုလံပစ်တောင်ပေါ်တွင် မိန်းမပျိုသည် အဝတ်ဖြူများ ဝတ်ပြီး ညင်သာသိမ်မွေ့စွာ ကရသော အကမျိုးဖြစ်သည်။

ဘဲလေးအကတွင် နာမည်ကျော်သော နိဂျင်စကီသည် ကကွက်တစ်ခုတွင် အထက်သို့ ခုန်ပြီး ပြန်အကျတွင် ၄င်းမွေးကလေး ဝဲပြီး ကျလာသလို ကပြနိုင်သောကြောင့် ကမ္ဘာ သဘင်လောကတွင် Nijinsky's Fall နိဂျင်စကီ၏အကျဟု ကျော်ကြားသည်။

စည်း၀ါးကိုက် နရီကိုက်အကကို စနစ်တကျ လေ့လာနိုင်ပါက သာမန်လောကီအကသည်ပင် ဗျာန်ပျံနိုင်သကဲ့သို့ စွမ်းရည်ပြနိုင်သော အထောက်အထား ဖြစ်သည်။ အချို့က နိဂျင်စကီသည် အထက်သို့ ခုန်လိုက်သောအခါ အမြင့်ဆုံးရောက်ပြီး ပြန်မကျမီတွင် တဒင်္ဂမျှ ရပ်တန့်နေသည်ဟုပင် ကျွမ်းကျင်သူများက ဆိုကြသည်။

ဆဋ္ဌမအဆင့် ကုန်ဆုံးခါနီးသောအခါ တစ်ကမ္ဘာလုံးရှိ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ အမည်မှတ်ပုံတင်စာရင်းကို ကြည့်ခွင့်ရပြီး ဆက်သွယ်ခွင့်ရသွားသည်။ ဆဋ္ဌမအဆင့်

အောင်မြင်သွားသောအခါတွင်လည်း ထုံးစံအတိုင်း သိဒ္ဓိတင်ဘိသိက်ပွဲ ကျင်းပပြီး ဆဋ္ဌမအဆင့် အောင်မြင်ကြောင်း အသိအမှတ် ပြုသည့် 'အိုက်ဘစ်'ဟူသော စကားဝှက်ဖြင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ချင်း ဆက်သွယ်နိုင်သော စကားဝှက် ပေးအပ်သည်။

သတ္တမအဆင့်ကို ပရော်ဖက်တာခေါ် ပရောဟိတ်ဟု ခေါ်သည်။ အဆင့်အမြင့်ဆုံးဖြစ်၍ လျှို့ဝှက်ချက်အားလုံး၊ ဂန္ဓာရီပညာရပ်အားလုံးကို တတ်မြောက် ကျွမ်းကျင်အောင် လေ့လာရသည်။ စမ်းသပ်ချက်မျိုးစုံဖြင့်လည်း စမ်းသပ်သည်။ လူသေများထားရာ မရဏစံအိမ်ကြီးတွင်လည်းကောင်း၊ နာနာဘာဝများဖြင့်လည်းကောင်း အတူနေပြီး စမ်းသပ်မှုများ တစ်ခုပြီးတစ်ခု တွေ့ရသည်။

ဈာန်ဘုရားများ၏ ခြေတော်ရင်းသို့ ရောက်ရှိပြီး ဈာန်ဘုရားတို့က အသိအမှတ်ပြုသောအခါတွင် သတ္တမအဆင့်ကို အောင်မြင်၍ သိဒ္ဓိတင် ဘိသိက်ပွဲ ကျင်းပလျက် ဂိုဏ်းချုပ် ကြီးက သိဒ္ဓိရေစင်တိုက်သည်။ ပရောဟိတ်ဘွဲ့အပ်သည်။ ထွက်ရပ်ပေါက် ဂန္ဓာရီပညာ၏ အဆင့်အမြင့်ဆုံး သင်္ကေတဖြစ်သော Tau Cross ခေါ် တောကားတိုင်တံဆိပ်ကို အမြဲတပ်ဆင်ရန် ချီးမြှင့်သည်။

T ပုံသဏ္ဌာန်ရှိပြီး မြန်မာပြည်တွင် ဂန္ဓာရီပညာရပ်များ ရေးသားနေသော စာရေးဆရာကြီး၏ လက်တွင် အမြဲတပ်ဆင်ထားသည်ကို ယနေ့တိုင် တွေ့မြင်နေရပါသည်။

'တော'သင်္ကေတမှာ ဈာန်ဘုရားကြီးများ၏ အသက်ဓာတ်ကို ရည်ညွှန်းပြီး အသက်ရှည်ခြင်း၊ အာယုသိဒ္ဓိပြီးခြင်း (၀၊) သေခြင်းတရားကို အောင်နိုင်ခြင်းဟု ရည်ညွှန်းသည်။

ထို့ကြောင့် အီဂျစ်ဂန္ဓာရီပညာမှာသာမက အခြား ဂန္ဓာရီပညာများတွင်လည်း 'တော' သင်္ကေတကို အမြတ်တနိုး သုံးစွဲကြသည်။ ယခုခေတ်အထိပင် ဂန္ဓာရီဂိုဏ်းများတွင် 'တော' သင်္ကေတကို သုံးစွဲလျက်ရှိကြသည်။

သတ္တမ အဆင့်ခေါ် အန္တိမအဆင့် အောင်မြင်ပြီးသူသည် အဖြူစင်ဝတ်ရုံကြီးကို ဝတ်ဆင်ခွင့်ရပြီးလျှင် အင်္ဂျီလက်အတွင်းသို့ လက်နှစ်ဖက်ယှက်ပြီး လက်ချင်းဆက်သော သင်္ကေတကိုလည်း ဆောင်ရသည်။ သတ္တမအန္တိမ အဆင့်ချင်းနှင့် ဂိုဏ်းဝင်ချင်း ဆက်သွယ်ရာတွင် 'အဒွန်'ဟူသော စကားဝှက်ကို အသုံးပြုရသည်။ ဘုရင်တစ်ပါး နတ်ရွာစံလျှင် နောက်ထပ်ဘုရင်တစ်ပါး ရွေးချယ်ပွဲတွင် မဲပေးခွင့်ကိုလည်း ရရှိသွားသည်။

စတုတ္ထအဆင့်မှ သတ္တမအန္တိမအဆင့်ထိ ထွက်ရပ်ပေါက်စခန်းကျင့်စဉ်နှင့် ဘိသိက်ပွဲများမှာ အဆင့်လွန် ထွက်ရပ်စခန်းဖြစ်သဖြင့် အတိအကျ အကုန်အစင် ရေးသားမှတ်တမ်းတင်ခဲ့ခြင်း မရှိချေ။

'သရုပ်တင်'သည့် အနေဖြင့်သာလျှင် အမြွက်မျှ ရေးသားထားသည်ဖြစ်၍ ဗဟုသုတဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သာမန်ရေးသားထားသည်ကိုသာ တွေ့ရသည်။

ထို့ကြောင့် နက်နဲလှသော မဟာဂန္ဓာရီပညာမှာ လျှို့ဝှက်သင့်သည်တို့ကို ယနေ့အထိ လျှို့ဝှက်ထားဆဲဖြစ်ကြောင်း၊ သိသင့်သိခွင့်ရှိသမျှကိုသာလျှင် သိခွင့်ရကြောင်းကို မမေ့အပ်ပေ။

အသေထွက်၊ အရှင်ထွက်

မဟာဂန္ဓာရီပညာတွင် ထွက်ရပ်ပေါက် ကျင့်စဉ်သည် ဗဟိုမဏ္ဍိုင်ဖြစ်နေရာ ထွက်ရပ်ပေါက်ရာတွင် အရှင်ထွက်၊ အသေထွက်ဟူ၍ ရှိသလောဟု အမေးပုစ္ဆာများ ပေါ်ထွက်လာသည်။ အချို့ ပုဂ္ဂိုလ်တို့မှာ တွက်ရပ်ပေါက် ကျင့်စဉ် ကျင့်ကြံနေဆဲမှာပင် ကံတရားကြောင့် ကျင့်စဉ်တန်းလန်းဖြင့် ဘဝပြောင်းသွားရသူများ ရှိသည်။

ထို့ကြောင့် ထွက်ရပ်စခန်းပြီးဆုံးခြင်း မရှိသေးသောကြောင့် သေပြီးနောက်မှ ထွက်ရပ်ပေါက်သွားသည်ဟု ဆိုသည်မှာ ကျန်ရစ်သူတပည့်များနှင့် မိတ်ဆွေများ၏ ထင်မြင်ချက်မျှသာ ဖြစ်သည်။

တစ်ဖန် ထွက်ရပ်စခန်းကျင့်ကြံ အားထုတ်ပြီးသူ၊ ကျင့်ကြံဆဲဖြစ်သူ ဖာရိဘုရင်များ ကွယ်လွန်သောအခါတွင် သူတို့၏ ရုပ်အလောင်းများကို ဆေးစိမ်ပြီး မံမိရုပ်အလောင်းများအဖြစ် ထားရှိသည်။ ဤရုပ်အလောင်းများကို ထောက်တားပြီး အသေထွက်ဟူသော ဝေါဟာရ ဖြစ်ပေါ်လာခြင်းလည်းရှိသည်။

စင်စစ်အားဖြင့် ထွက်ရပ်လမ်းဂန္ဓာရီကျင့်စဉ် ကျင့်ကြံလျက်ရှိသော ဖာရိဘုရင်များ၏ အလောင်းကို မံမိအဖြစ်တားရှိ သင်္ဂြိုဟ်ခြင်းမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၏ အလောင်းကို ထိန်းသိမ်းထားပြီး အသေထွက်ရပ်ပေါက်သွားသူ ပြန်လာပြီး အသက်တစ်ဖန် ရှင်လာမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။

ထွက်ရပ်ပေါက်ဘုရင်မင်းမြတ်၏ ရုပ်ခန္ဓာသည် လူသာမန်တို့၏ ခန္ဓာမျိုး မဟုတ်၊ ထုံအမျိုးမျိုး တက်ထားသော ခန္ဓာဖြစ်၍ တန်ခိုးသိဒ္ဓိတစ်စုံတစ်ရာ ရှိနေသည်။ ယင်းတန်ခိုးသိဒ္ဓိဝင်နေသော ရုပ်ကြွင်းခန္ဓာကို သိမ်းဆည်းမြှုပ်နှံထားခြင်းဖြင့် အိုကျစ်ပြည် လုံခြုံစေးကင်းမှုနှင့် အိုကျစ်ပြည်သူတို့၏ ထွက်ရပ်လမ်း ကျင့်ကြံမှုကို စောင့်ရှောက်ကာကွယ်နေသည် ဟူသော ယုံကြည်ချက်ဖြင့် ရုပ်အလောင်းများကို ပိရမစ်ထဲတွင် ဆေးစိရင်ထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် မဟာဂန္ဓာရီပညာ တွက်ရပ်စခန်းတွင် အသေထွက် ဟူသည် မရှိ။ ရုပ်ခန္ဓာကို အကောင်းပကတိအတိုင်း ထားခဲ့ပြီး နာမ်ဝိညာဉ်က စွန့်ခွာသွားခြင်းဖြစ်သော အရှင်ထွက်သာရှိသည်။

တစ်စုံတစ်ရာသော တာဝန်ကို ထမ်းဆောင်ရန်အတွက်ကြောင့်ဖြစ်စေ၊ ပညာရပ်များကို လေ့လာရန်အတွက် ကာလအပိုင်းအခြားတစ်ခုအတွင်း ရုပ်ခန္ဓာကို စွန့်ခွာသွားခြင်း ဖြစ်သည်။

မိမိ၏ တာဝန်ပြီးဆုံးပါက သို့မဟုတ် လေ့လာရန်ရှိသော ပညာရပ်များကို လေ့လာသင်ကြားပြီးပါက လိပ်ပြာဝိညာဉ်သည် ရုပ်ခန္ဓာဟောင်းအတွင်းသို့ ပြန်ဝင်မည် ဖြစ်သည်။

ဤသို့ လိပ်ပြာဝိညာဉ် ထွက်ခွာသွားချိန်တွင် ကျန်ရစ်ခဲ့သော ရုပ်ခန္ဓာကိုယ်အား တပည့်သာဝကများနှင့် ထွက်ရပ်ပေါက်ပြီးသော မိတ်ဆွေများက မပျက်စီး မထိခိုက်အောင် စောင့်ရှောက်ရသည်။ အချို့ ပုဂ္ဂိုလ်တို့သည် နှစ်ကာလ အတော်ရှည်ကြာစွာ ရုပ်ခန္ဓာကိုယ်

အား စွန့်လွှာသွားကြသည်။

ဘီစီ ၂၀၀ ခန့်မှစ၍ ရပ်ခန္ဓာကို စွန့်လွှာသွားသူများ၊ အရှိုမှာ နှစ်ပေါင်း ၃၀၀၀ ကျော်မျှ ရပ်ခန္ဓာကိုယ်အား စွန့်လွှာသွားကြသူများ၏ ရပ်ခန္ဓာများသည် ယနေ့တိုင် အီဂျစ် ပိရမစ်များထဲတွင် ရှိနေသည်ဟု ကိုယ်တိုင်လေ့လာခဲ့သော ပေါလ်ဘရန်တန်က ရေးသားခဲ့သည်။

ယင်းသို့သော ရပ်ခန္ဓာများကို သဘောမပေါက်သူများက အသေထွက် ထွက်ရပ်ပေါက်သွားသည်ဟု ထင်မြင်ကြသည်။

ဤသို့ ရပ်ခန္ဓာကိုယ်အား စွန့်လွှာသွားကြသူများသည် ဆောင်ရွက်ရန် ကိစ္စပြီးစီးသောအချိန် အနာဂတ်ကာလတွင် မိမိ၏ ရပ်ခန္ဓာကိုယ်အတွင်းသို့ ပြန်ဝင်လာမည်ဟုဆိုသည်။

အိန္ဒိယပြည်တွင် ပရိသတ်ဗိုလ်ပုံအလယ်တွင် မြေမြှုပ်ခံပြသောယောဂီများ၊ ဆာဒူးများ မရှားလှပါ။

ဓာတ်ပုံစသော သက်သေအထောက်အထားများနှင့် လေ့လာသူများက မှတ်တမ်းတင်ထားပါသည်။ တစ်လနှစ်လ မြေမြှုပ်ထားရာမှ ပြန်လည်အသက်ဝင်လာပြီး နဂိုအတိုင်း လှုပ်ရှားသွားလာနိုင်သည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံမှ ဝေဒန္တ ဂိုဏ်းချုပ် ဆန်ကာရသည်လည်း ဤသို့ ရပ်ခန္ဓာကိုယ်အား အကြာကြီး စွန့်လွှာသွားခဲ့သည်။ တစ်နေ့တွင် ဆန်ကာရနှင့် အခြားဂိုဏ်းမှ ပုဂ္ဂိုလ်တစ်ဦးတို့သည် ဝါဒပြိုင်ကြရာ ဆန်ကာရ အနိုင်ရသည်။

ရှုံးသူက ကျွန်ခံစတမ်းဟူသော အိန္ဒိယ ထုံးစံအရ ပြိုင်ဘက်က ကျွန်ခံရတော့မည့် အချိန်တွင် ပြိုင်ဘက်၏ ဇနီးဖြစ်သူ ဘာရတီက လင်မယားနှစ်ဦးပေါင်းမှ တစ်ဦးတည်းဖြစ်သည်ဟူသော ရှေးဟောင်းနိတိအရ လင်ကို အနိုင်ရခြင်းသည် တစ်ဝက်သာ နိုင်သေးသည်။ မယားကို နိုင်မှ အားလုံးနိုင်မည်။

ထို့ကြောင့် သူမနှင့် ဆက်လက်၍ ပညာယှဉ်ပြိုင်မည်ဟု စိန်ခေါ်သည်။ စိန်ခေါ်ခြင်းကို မငြင်းပယ်နိုင်သော ဆန်ကာရက စိန်ခေါ်မှုကို လက်ခံလိုက်သည်။ ဆန်ကာရသည် အိန္ဒိယ မဟာဂန္ဓာရိပညာကို ငယ်စဉ်ကပင် လေ့ကျင့်တတ်မြောက်ထားသူဖြစ်ရာ ငယ်ဖြူဖြစ်သည်။ ထို့ကြောင့် လောကီရေးရာ ကာမပညာကို မကျွမ်းကျင်ပေ။

ယင်းအားနည်းချက်ကို သိမြင်သော ဘာရတီက ဆန်ကာရအား ကာမသုတ္တကျမ်းဂန်လာ အချက်များကို ကိုးကား၍ ပညာပြိုင်ရာ အတွေ့အကြုံမရှိသော ဆန်ကာရ အရေးမလှဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဆန်ကာရက သူ့အား ကာမပညာ လေ့လာရန် အချိန်တောင်းဆိုပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ဆန်ကာရသည် သူ့စခန်းသို့ ပြန်သွားပြီး တပည့်များကို စုဝေးကာ သူသည် ကာမသုတ္တန်လာ ပညာရပ်များကို လေ့လာရန်အတွက် လိပ်ပြာလွှင့်မည်၊ သူ လိပ်ပြာလွှင့်နေစဉ်အတွင်း သူ့ရပ်ခန္ဓာကို စောင့်ရှောက်ထားရန် တပည့်များအား တာဝန်ပေးအပ်လျက် လိပ်ပြာလွှင့်သွားသည်။

တောင်နံရံတစ်ခုတွင်ရှိသော ဂူတွင် သူ၏ရုပ်အလောင်းကို တပည့်များက အလှည့်ကျ စောင့်ရှောက်နေသည်။

ထိုစဉ်တွင် ပြည်နယ်တစ်နယ်မှ မဟာရာဇာကြီးတစ်ပါး ကွယ်လွန်သွားရာ သူ၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ရန် ပြင်ဆင်နေခိုက် ဖြစ်သည်။

ဆန်ကာရ၏ လိပ်ပြာဝိညာဉ်သည် မီးရှို့အံ့ဆဲဆဲ ထင်းပုံပေါ်ရှိ မဟာရာဇာကြီး၏ ရုပ်ကလာပ် အတွင်းသို့ ဝင်ရောက်သွားပြီး လူပ်ရှားလာရာ မူးမတ်ပရိသတ်များက မဟာရာဇာကြီး အသက်ပြန်ဝင်လာသည်ဟု ထင်မှတ်လျက် အားရဝမ်းသာစွာဖြင့် နန်းတော်သို့ သယ်ဆောင်သွားသည်။

မဟာရာဇာကြီး၏ ထီးနန်းစည်းစိမ်ကို ခံစားရခိုက် ဆန်ကာရသည် မိဖုရားမောင်းမ မိသံ ကိုယ်လုပ်တော်များနှင့်အတူ ကာမဂုဏ်ခံစားရင်း ကာမသုတ္တန်ကျမ်းကို လက်တွေ့ လေ့လာလျက်ရှိရာ မောင်းမမိသံများနှင့်တကွ နန်းတွင်းသားအပေါင်းက ယခင်ကနှင့် မတူသော မဟာရာဇာကြီး၏ ကာမအင်အားကို များစွာအံ့သြကုန်ကြသည်။

မဟာရာဇာကြီး၏ ရုပ်ခန္ဓာကို ဆောင်ထားသော ဆန်ကာရမှာ ဘဝဟောင်းမေ့ပြီး ကာမဂုဏ်ပင်လယ်ကြောတွင် နှစ်မျောလျက်ရှိရာ ပြန်လာချိန်တန်သော်လည်း ရောက်မလာသဖြင့် စောင့်မျှော်နေသော တပည့်သာဝကများက အနယ်နယ်အရပ်ရပ်သို့ ထွက်ပြီး ဆရာရှာပုံတော် ဖွင့်ကြသည်။

ဤသို့ ရှာပုံတော်ခရီးထွက်သောအခါ တပည့်များက ဆန်ကာရ ရေးသားခဲ့သော ခမ္မတေးသံဝဂ ကဗျာများကို ရွတ်ဆိုရှာဖွေကြသည်။ နောက်ဆုံးတွင် မဟာရာဇာကြီး သည် တပည့်တစ်ဦး သီဆိုသော သံဝေဂခမ္မတေးကို ကြားရသောအခါ သတိရပြီး ဘဝဟောင်းကို ပြန်ပြောင်းမှတ်မိလာသည်။

ထို့ကြောင့် မဟာရာဇာကြီး၏ ရုပ်ခန္ဓာမှ ထွက်ခွာပြီး မူလမိမိ၏ ရုပ်ခန္ဓာအတွင်း သို့ ပြန်ဝင်ကာ ဘာရတီနှင့် ပညာချင်း ယှဉ်သည်။

ဆန်ကာရ၏ ဤအဖြစ်အပျက်မှာ အလွန်ကျော်ကြား လူသိများသော်လည်း ဆန်ကာရလို ဂန္ဓာရီပညာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တစ်ဦးအဖို့ ဤသို့ လိပ်ပြာခန္ဓာဖြင့် ဝိညာဉ်ထွက်လိုက်၊ မိမိခန္ဓာအတွင်းသို့ ပြန်ဝင်လိုက်ဖြင့် စိတ်ကြိုက်သွားလာလူပ်ရှားနိုင် သည်ကိုမူ ဆက်စပ်စဉ်းစားခြင်း မရှိချေ။ အိန္ဒိယ မဟာဂန္ဓာရီပညာအကြောင်း ရေးသော အခါ ဤလိပ်ပြာလွှင့် ပညာကို ဆက်လက်ဖော်ပြပါဦးမည်။



တိုင်း၊ နယူးစ်ဝီမဂ္ဂင်းများတွင် ရှမ်ဂရီးလားဟိုတယ်များ ကြော်ငြာကို မကြာခဏ တွေ့ရသည်။ ကွာလာလန်ပို၊ ဂျကာတာ၊ မနီလာ၊ ဟောင်ကောင်စသော အရှေ့တိုင်းမြို့တော်များတွင် ရှမ်ဂရီးလားဟူသော အမည်ဖြင့် ဟိုတယ်များ အပြိုင်းအရိုင်း ပေါ်ပေါက်လျက်ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်ကလည်း ဂျိမ်းစ်ဟီတန်က Lost Horison ဟူသော ဝတ္ထုတစ်ပုဒ်ဖြင့် ရှမ်ဂရီးလားအမည်ရှိ အရှေ့တိုင်းမှ လျှို့ဝှက်ဆန်းကြယ်သော နေရာဒေသတစ်ခုအကြောင်းကို ရေးသားရာမှ တစ်ကမ္ဘာလုံးသို့ ရှမ်ဂရီးလားဟူသော ဝေါဟာရထိုးဖောက်ဝင်ရောက်လာသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် တစ်ကမ္ဘာလုံးတွင် ဂန္ဓာရီပညာများ ရေပန်းစားလာရာမှ ရှမ်ဂရီးလားဟူသောအမည်ဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ လူအသုံးအဆောင်ပစ္စည်းများ၏ အမည်ကို ရှမ်ဂရီးလားဟု ကြော်ငြာလာပါသည်။

၁၉၇၀ နှစ်ခန့်က အိုးဝေျာနယ်တွင် စာရေးဆရာကြီး ဦးညိုမြက ရှမ်ဂရီးလားအကြောင်း စိတ်ဝင်စားဖွယ် ကလောင်ကွန့်ပြီး လွန်ခဲ့သော သုံးလေးနှစ်ခန့်က ရှမ်ဂရီးလားဟူသော အမည်ဖြင့် ဂျိမ်းစ်ဟီတန်၏ Lost Horison ကို မြန်မာဘာသာပြန် စာအုပ်ထွက်ခဲ့သည်။

ထို့ကြောင့် ရှမ်ဂရီးလားဟူသော အမည်သည် တစ်ကမ္ဘာလုံးနှင့်တကွ မြန်မာနိုင်ငံမှာပါ နားယဉ်နေသော အမည်၊ လျှို့ဝှက်နက်နဲဆန်းကြယ်မှု အဓိပ္ပာယ်ကို ဆောင်နေသော အမည် ဖြစ်လာသည်။

အရှေ့တိုင်းရှိ လျှို့ဝှက်ဆန်းကြယ် နက်နဲလှသော ဒေသတစ်ခု၏ အမည်ဟုလည်း သဘောပိုက်ထားကြပါသည်။ ရှမ်ဂရီးလားဟူသော အမည်မှာ မူရင်းအမည်နှင့် ထပ်တူမဟုတ်သော်လည်း မူရင်းအမည်နှင့် အလွန်နီးစပ်သော အမည်ဖြစ်သည်။

မူရင်းအမည်မှာ "ရှမ်ဗဲလား" ဟူ၍ဖြစ်သည်။ ရှမ်ဗဲလားသည် အရှေ့တိုင်း မဟာဂန္ဓာရီပညာ စတင်ထွန်းပေါ်ပေါက်ပွားရာ မူလဇာစ်မြစ်ဇာတိမြေဖြစ်သည်။ စင်စစ်အားဖြင့် ရှမ်ဗဲလား မဟာဂန္ဓာရီပညာသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့နေသော ဂန္ဓာရီပညာအားလုံးတို့၏ ရေသောက်မြစ်ကြီး ဖြစ်သည်။

ဆူဖီဂန္ဓာရီပညာရှင် အစ်ဒရီးရှားက ဆိုက်ဘေးရီးယားနှင့် မွန်ဂိုလီးယားအနီးရှိ ရှမ်ဗဲလားအရပ်မှနေ၍ တစ်ကမ္ဘာလုံးသို့ ဂန္ဓာရီပညာများ ပျံ့နှံ့သွားပုံကို ပုံကားချပ်ဖြင့် သုတေသနပြု ရေးသားတင်ပြခဲ့သည်။

ရှမ်ဗဲလားရှိသလော၊ ရှိလျှင် မည်သည့်နေရာတွင် ရှိသနည်း ဟူသော စဉ်းစားဖွယ်အချက်များ ပေါ်ပေါက်လာပြီးနောက် ရှမ်ဗဲလား ရှာပုံတော် ပွင့်ကြသည်။ ရုရှ၊ အီတလီ၊ ပြင်သစ်၊ အင်္ဂလိပ်၊ အာရပ်၊ တရုတ်စသော ဂန္ဓာရီပညာ စိတ်ဝင်စားသူများက ရှမ်ဗဲလား

ရှာပုံတော်ဖွင့်ပြီး ရှမ်ဗဲလား:ရှာပုံတော်ဟူသော အမည်ဖြင့် သုတေသနကျမ်းများ ထွက်လာသည်။

ယင်းသို့ သုတေသနပြုရသော အချက်များအရ ရှမ်ဗဲလား:အရပ်ဒေသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း မွန်ဂိုလီးယား နယ်စပ်ရှိ ဂိုဘီသဲကန္တာရဖြစ်ကြောင်း ရှာဖွေတွေ့ရှိသည်။ ယင်းဒေသသည် မွန်ဂိုလီးယားနိုင်ငံ၏ အနောက်တောင်ဘက်၊ တရုတ်နိုင်ငံ ဆင့်ကျဉ်ပြည်နယ်၊ ခွန်လွန်တောင်တန်း၏ မြောက်ဘက် တိဗက်၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်ဟု ဆုံးဖြတ်ကြသည်။

ယင်းဒေသသည် ကုန်တွင်းအလယ်ကျပြီး ချောင်ကျလှသော နေရာ၊ အရောက်အပေါက်နည်းသောဒေသ၊ ခေါင်သောဒေသဖြစ်သော်လည်း တရုတ်စာပေများတွင် လွမ်းဆွတ်သာမောဖွယ် ရေးသားခဲ့သော ခွန်လွန်တောင်တန်းနှင့်ကား ထိစပ်လျက်ရှိသည်။

တရုတ်စာပေများ အထူးသဖြင့် သိုင်းဝတ္ထုများတွင် ခွန်လွန်တောင်ကို အခြေခံ၍ သိုင်းဇာတ်လမ်းများ၊ အချစ်ဇာတ်လမ်းများ၊ ဂန္ဓာရီဆန်ဆန်ဇာတ်လမ်းများကို ရေးသားကြသည်။

တရုတ်ဘာသာရေး၊ ဂန္ဓာရီပညာရေးဆိုင်ရာ ကျမ်းဂန်များတွင်လည်း ခွန်လွန်တောင်ကို စာန်ဘုရားများ ကိန်းဝပ်ရာနေရာအဖြစ် ဖော်ပြကြသည်။ ရှေးအခါက GOD ကို နတ်ဘုရားဟု မြန်မာပြန်ကြသည်။ ပိုမိုတိကျစေရန်အတွက် ဂန္ဓာရီပညာများနှင့် ညီနှိုင်းပြီး စာန်ဘုရားဟု ပြန်ဆိုခြင်း ဖြစ်သည်။

တောက်တဲ့ကျင်း ဒဿနကို ထူထောင်ခဲ့သော လောဇူသည် ဂန္ဓာရီပညာရှင်ကြီး ဖြစ်ပြီးလျှင် ခွန်လွန်တောင်တန်းတွင် စံပယ်လျက်ရှိသော စာန်ဘုရားမယ်တော် "ဆီဝမ်မူ" ထံတွင် ဂန္ဓာရီပညာရင်နှီးများ ခံယူသုံးဆောင်လျက်ရှိသည်ဟု တရုတ်စာန်ဘုရားသမိုင်းများတွင် ဖော်ပြသည်။


ထို့ပြင် ပေါက်ပုဂ္ဂိုလ် ဝိဇ္ဇာကြီး(၈)ပါးဟု တရုတ်စာန်ဘုရားသမိုင်းတွင် ကျော်ကြားသူ ပုဂ္ဂိုလ်များလည်း ခွန်လွန်တောင်တန်းတွင် ဓာတ်စခန်းဖွင့်လျက် ရှိသည်ဟု ဆိုသည်။

ရှေးဟောင်း တရုတ်ယဉ်ကျေးမှုတွင် ကွမ်ယင်မယ်တော်ကို ကိုးကွယ်သည့်နည်း တူပင် မယ်တော်ဆီဝမ်မူကိုလည်း လေးစားကိုးကွယ်ကြသည်။ ကွမ်ယင်မယ်တော်ကို ဂရုဏာအရှင်မအနေဖြင့် ကိုးကွယ်ပြီး မယ်တော် ဆီဝမ်မူကိုမူ ပဓာနအားကိုးရာ ဂန္ဓာရီသခင်မအဖြစ် ရိုသေလေးစား အမြတ်ထားကြသည်။

အနောက်အရပ်ရှိ ခွန်လွန်တောင်တွင် မယ်တော်ဆီဝမ်မူနေသည်ကို အစွဲပြု၍ "အနောက်မယ်တော်ကြီး" ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

ဆိုက်ဗေးရီးယားမှ လာမား:များ၊ မွန်ဂိုလီးယား:မှ လာမား:များ၊ တိဗက်၊ ဘူတန်မှ လာမား:များကလည်း ဂိုဘီသဲကန္တာရတစ်ဝိုက်တွင် ဂန္ဓာရီပညာများ လေ့လာရင်း ရှမ်ဗဲလား:ကို ရှာဖွေခဲ့ကြသည်။

ရှမ်ဗဲလား:သည် အမှန်ရှိသလော၊ မည်သည့်နေရာတွင် မည်သို့သောအကြောင်းကြောင့် ဂန္ဓာရီပညာသိုက်ကြီး၊ ဂန္ဓာရီရေသောက်မြစ်ကြီး ဖြစ်နေရသနည်းဟူသော ပုစ္ဆာမှာ ယနေ့



ရွမ်ဗဲလားမှ ဂန္ဓာရီ ပျံ့နှံ့သွားပုံ

ကမ္ဘာ ဂန္ဓာရီ ပညာရှင်များ စိတ်ဝင်စားစွာ လေ့လာနေရသောအချက် ဖြစ်သည်။

ရွမ်ဗဲလား ဘယ်ကလာသနည်း ဟူသော အချက်နှင့်ပတ်သက်၍ လေ့လာကြသောအခါ ရွမ်ဗဲလား၏ အရင်ကရှိခဲ့သော ဂန္ဓာရီပညာနှင့် လူ့ယဉ်ကျေးမှုကို အခြေခံ၍ ပဝက်ကြောင်း လိုက်ကြသည်။

ပလေတိုက အတ္တလန်တိုဟူသော တိုက်ကြီးတစ်ခု ပေါ်ထွန်းခဲ့ပြီး ယင်း အတ္တလန်တိ တိုက်သားများသည် အဘက်ဘက်မှ ပညာရပ်များ ထူးချွန်စွာ ပေါ်ပေါက်ခဲ့သော လူ့အဖွဲ့အစည်း၊ လူ့ယဉ်ကျေးမှုကြီးတစ်ခု ဖြစ်ခဲ့ကြောင်း အကျယ်တဝင့် ရေးသားခဲ့သည်။

ပလေတို၏ အတ္တလန်တိတ်တိုက်ကြီးအကြောင်းကို ယခုအခါတွင် တစ်ကမ္ဘာလုံးက စိတ်ဝင်စားလာကြပြီး စာအုပ်စာတမ်း ဆောင်းပါးများ ရေးသားလာကြသည်။

ဤသို့ အတ္တလန်တိတ်တိုက် ယဉ်ကျေးမှုအကြောင်းကို ရှေးဟောင်းစာပေသုတေသီများ၊ ပရစိတ်ပညာရှင်များနှင့် ဂန္ဓာရီပညာများ ရှာဖွေတွေ့ရှိရသော အထောက်အထားများကို အခြေပြု၍ ရေးသားကြရာ စာအုပ်များ အစီအရီ ထွက်ပေါ်လျက်ရှိသည်။

ယခုခေတ် နောက်ထပ်လေ့လာချက်များအရ အာဖရိကနှင့် ဥရောပတိုက်တို့၏ အနောက်ဘက်၊ အမေရိကတိုက်၏ အရှေ့ဘက်ရှိ ယခု အတ္တလန်တိသမုဒ္ဒရာတွင် သမိုင်းမတင်မိနှစ်များစွာက အတ္တလန်တိကုန်းမြေတိုက်ကြီး တည်ရှိခဲ့သည်။

အတ္တလန်တိ တိုက်သားများသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်သည်နှင့်အမျှ ဂန္ဓာရီပညာဘက်တွင်လည်း ပေါက်ရောက်ခဲ့သည်။

အာဖရိကတိုက် အိဂျစ်မဟာဂန္ဓာရီသည် အတ္တလန်တိတိုက်သားတို့၏ မဟာဂန္ဓာရီပညာကို အခြေခံထားသည်။


မဟာဂန္ဓာရီပညာကို ပေါက်မြောက်အောင် ကျင့်ကြံနိုင်ခြင်းမရှိသော ဂန္ဓာရီပျက်များသည် မိမိတို့ တတ်မြောက်ထားသော ဂန္ဓာရီပညာ တစ်ဝက်တစ်ပျက်ကို အသုံးပြုပြီး ကိုယ်ကျိုးရှာကြရာ နောက်ဆုံးတွင် မှော်ဆရာ၊ အောက်လမ်းဆရာများ ဖြစ်ကုန်သည်။

ယနေ့ တစ်ကမ္ဘာလုံးတွင် ပျံ့ပွားနေသော မှော်ပညာ၊ အောက်လမ်းပညာ၊ ဂိုဏ်း

ပညာဟူသမျှသည် ယင်းအတ္တလန္တိတ် ဂန္ဓာရီပျက်၊ မော်ဆရာများထံမှ ဆင်းသက်လာခြင်း ဖြစ်သည်။

အတ္တလန္တိတ်တိုက်သားများသည် ဂန္ဓာရီပညာကို အလွဲသုံးစားပြုလာခြင်းသည် အလွန်ခေတ်စား ပျံ့နှံ့လာသောအခါတွင် ဂန္ဓာရီပညာစောင့်နတ်များ၊ လောကပါလနတ်များက ကြာလျှင် လူ့ယဉ်ကျေးမှုကြီး တစ်ခုလုံး ပျက်စီးတော့မည်ကို ထောက်ထား၍ မော်ဆရာတွေ မှိုလိုပေါက်နေသော အတ္တလန္တိတ်တိုက်ကြီးကို ရေအောက်သို့ပို့၍ နိဂုံးကမ္ဘတ် အဆုံးသတ်လိုက်ရသည်။

မော်ဆရာ၊ အောက်လမ်းဆရာများ မင်းမူနေသော အတ္တလန္တိတ်တိုက်သားထဲမှ သူတော်ကောင်း စိတ်ထားရှိသူ အချို့ကို ဂန္ဓာရီပညာရှင် သူတော်စင်များက ရေနစ်တော့မည့် အတ္တလန္တိတ်တိုက်မှ ခေါ်ဆောင်၍ ဘေးလွတ်ရာသို့ တိမ်းရှောင်သွားကြသည်။



ရှမ်ဗဲလားတည်ရာကို စက်ဝိုင်းဖြင့် ပြထားသည်။

ဤအကြောင်း အရာနှင့် ပတ်သက်၍ ခရစ်ယာန်သမ္မာကျမ်းစာတွင် အီဗရာဟင်သည် သူ့မိသားစုနှင့် အတူ တိရစ္ဆာန်များကိုယ်စီသော်ဖြင့် သယ်ဆောင်၍ ဘေးကင်းရာသို့ ထွက်ပြေးလွတ်မြောက်သွားသည်ဟု ဆိုသည်။

အတ္တလန္တိတ်တိုက်ကြီး ရေနစ်သွားရာတွင် တစ်ချို့နှင့်တည်း၊ တစ်ပြိုင်တည်း နစ်မြုပ်သွားခြင်းမဟုတ်ဘဲ တစ်စတစ်စ နစ်မြုပ်သွားခြင်းဖြစ်ရာ ပိုဆိုးဝန်ကျန်းကလေးသည် နောက်ဆုံးနစ်မြုပ်သွားသော အတ္တလန္တိတ်တိုက်နယ်မြေဖြစ်သည်။

အတ္တလန္တိတ်တိုက်မှ လူကောင်းများ တိမ်းရှောင်သွားကြခြင်းမှာလည်း ရေနစ်သော

နယ်တစ်နယ်မှနေ၍ တစ်သုတ်စီထွက်ခွာသွားကြခြင်း ဖြစ်သည်။

ဂန္ဓာရီပညာရှင်များအနေဖြင့် ရေနစ်မြုပ်ခြင်းမရှိမီကပင် "ကပ်ဆေးရေဘေး"ကြီး လာတော့မည်ကို ဂန္ဓာရီပညာဖြင့်သိရှိထားရာ မိမိတပည့်များကို အပါခေါ်လျက် ရေဘေး မကျမီကပင် လွတ်ရာသို့ ခေါ်ဆောင်သွားကြခြင်း ဖြစ်သည်။

ယင်းသို့ ထွက်ခွာသွားကြသူများအနက် အချို့သည် အနောက်ဘက်ရှိ အမေရိက တိုက်သို့ ရောက်သွားကြသည်။ အချို့က အရှေ့ဘက်ရှိ အာဖရိကတိုက်သို့ ရောက်သွား ကြသည်။ အချို့ အရှေ့ဘက်သို့ ထွက်သွားသူများသည် ဥရောပတိုက်သို့ ရောက်သွားသည်။

အနောက်ဘက် အမေရိကတိုက်သို့ ရောက်ရှိသွားသော အတ္တလန္တိတ် ဂန္ဓာရီ ပညာရှင်များသည် တောင်အမေရိကတိုက်တွင် မာယာယဉ်ကျေးမှုကြီးအဖြစ် တည်ထောင် ပြီးလျှင် မက်ဇီကိုတွင် ယူကာတန်ဂန္ဓာရီဂိုဏ်းကြီး၊ ပီရူးတွင် အင်ဒီတောင်တန်း ဂန္ဓာရီ ဂိုဏ်းနှင့် နေကိုးကွယ်မှုဘာသာကို တည်ထောင်ခဲ့ကြသည်။

မြောက်အမေရိကတိုက်သို့ ရောက်ရှိသွားသူများကို လူရိုင်း နီ၊ ဝါ အင်ဒီယန်ဟု သိကြသော အတ္တလန္တိတ်သားများ ဖြစ်သည်။

လူရိုင်းနီများ၏ ရိုးရာဂန္ဓာရီပညာသည် အတ္တလန္တိတ်တိုက်မှ ပညာ အကြွင်းအကျန် များ ဖြစ်ပြီးလျှင် မှော်ပညာနှင့် ရောနှောပြီး တဖြည်းဖြည်း တိမ်ကောလျက်ရှိသည်။

ဥရောပသို့ ရောက်ရှိသွားသော အတ္တလန္တိတ်တိုက်သားများသည် ပြင်သစ်၊ အင်္ဂလန်စသော တိုင်းပြည်များတွင် DRUIDဂိုဏ်းများ Stonehengeခေါ် ကျောက်စက် ဝန်းတိုင်များဖြင့် အတ္တလန္တိတ် ဂန္ဓာရီပညာ အကြွင်းအကျန်များပါ သယ်ယူသွားကြသည်။

ဆိုက်ဗေးရီးယား၊ ရုရှ၊ တရုတ်၊ ကိုရီးယားမှစ၍ ကမ္ဘာတစ်ခုလုံး ပျံ့နှံ့သွားသော SHARMINISM ခေါ် ပယောဂကုပညာမှာလည်း အတ္တလန္တိတ်တိုက်မှ စတင်ခဲ့သော ဂန္ဓာရီပညာလက်တက်များ ဖြစ်ပေသည်။

ဂန္ဓာရီပညာရှင်များက ကမ္ဘာပေါ်တွင် ပင်မလူအနွယ်ကြီး သုံးမျိုးရှိသည်။ ပထမ ပင်မလူမျိုးနွယ်မှာ လမူရီယဲဖြစ်၍ အာဖရိကတွင် အခြေစိုက်သည်။

ဒုတိယပင်မလူမျိုးနွယ်မှာ အတ္တလန္တိတ်တိုက်သားများ ဖြစ်၍ ယခုအခါတွင် အရှေ့တိုင်းသား တရုတ်၊ မွန်ဂိုလီးယား၊ ကိုရီးယား၊ ဂျပန်စသော မွန်ဂိုဆွေးရင်းနွယ်များ ဖြစ်သည်။

တတိယ ပင်မလူမျိုးနွယ်မှာ အာရ်ယန်ဖြစ်၍ ဆိုက်ဘေးရီးယားမှ ကော့ကေးရပ် တောင်တန်းကို ဖြတ်ကျော်ပြီး အိန္ဒိယပြည်တွင်းသို့ လည်းကောင်း၊ ဝင်ရောက်သွားပြီး အာရ်ယန်မျိုးနွယ်ကြီးကို တည်ထောင်ခဲ့ကြောင်း အဆိုရှိသည်။ မနုဿဗေဒပညာရှင်များ အနေဖြင့် အာရ်ယန်မျိုးနွယ် ပျံ့နှံ့သွားနေပုံကို လေ့လာလျက်ရှိသည်။

ဤသို့ အတ္တလန္တိတ်တိုက်မှ ထွက်ခွာသွားသူ အုပ်စုများအနက် နောက်အခါတွင် အာရ်ယန်မျိုးနွယ်စုဟု ပေါ်ထွန်းလာမည့် အုပ်စုကို ဂန္ဓာရီပညာရှင် သူတော်စင်များက လက်ရွေးစဉ် တပည့်သားမြေးများကို အုပ်သင်းဖွဲ့၍ အရှေ့ဘက်သို့ ဦးတည်ထွက်လာခဲ့

ရာ ထိုစဉ်က ပင်လယ်ဖြစ်သော ဆာဟာရပင်လယ်ကို ဖြတ်ပြီး အာရေဗျသို့ ရောက်လာသည်။

ယင်းမှ အရှေ့ဘက်ရှိ အီရန်၊ အာဖဂန်နိစတန်၊ တာကစ္စတန်တို့ကို ဖြတ်ပြီး တရုတ်ပြည် စင်ကျန်နယ်သို့ ဝင်ရောက်သောအခါ ယခု မွန်ဂိုလီးယားနှင့် ခွန်လွန်တောင်ကြားရှိ ဂိုဘီပင်လယ်သို့ ရောက်လာသည်။ ထိုစဉ်က ဂိုဘီသဲကန္တာရသည် ရေဖုံးလွှမ်းနေသော ဂိုဘီပင်လယ်ဖြစ်သည်။

ဂိုဘီပင်လယ်အတွင်း အလယ်ပိုင်းကျသော ဘေးကင်းလုံခြုံပြီး ရာသီဥတုမျှတသော ကျွန်းများအနက် အကောင်းဆုံးကျွန်းကို ကျွန်းဖြူ White Island ဟု ခေါ်သည်။ ကျွန်းဖြူနှင့် မနီးမဝေးရှိ ကျွန်းငယ်တစ်ခုကို မနော၀ါမြို့တော်ဟု ခေါ်တွင်ပြီး ကျွန်းဖြူနှင့် တံတား ဆက်သွယ်ထားသည်။

ဤကျွန်းဖြူဒေသခေါ် ရှမ်ဗဲလား၊ သို့ အတ္တလန္တိတ်တိုက်မှ ထွက်လာခဲ့သော အတ္တလန္တိတ်တိုက်သား ဂန္ဓာရီပညာရှင် သူတော်စင်များ အုပ်စုလိုက် ရောက်ရှိလာကြသည်။ ယင်းအုပ်စု၏ ရှေ့ဆောင်လမ်းပြမှာ 'မဟာဂုရု' ဖြစ်ပြီးလျှင် အမျိုးသားစည်းလုံးရေးနှင့် အုပ်ချုပ်ကွပ်ကဲရေးကို တာဝန်ယူရသူမှာ မနုခေါ် မဟာသမတမင်း ဖြစ်သည်။

ဘာသာရေးနှင့် ဂန္ဓာရီပညာများကို သင်ကြားပို့ချခြင်း၊ ကျင့်ကြံအားထုတ်ခြင်း ဆိုင်ရာ တာဝန်ကို မဟာဂုရုက တာဝန်ယူပြီး နောင်အခါတွင် အာရ်ယန်လူမျိုးနွယ်ကြီး ပေါ်ပေါက်လာရေးအတွက် မနုမင်းက တာဝန်ယူဆောင်ရွက်ရသည်။

အုပ်ချုပ်ရေးနှင့် ဘာသာရေး လက်တွဲဆောင်ရွက်ခြင်းဖြစ်သည်။ အခြားသူများနှင့် သွေးနှောခြင်းမပြုဘဲ မိမိတို့ဘာသာ ကျွန်းဖြူတွင် သီးခြားကေစာနေပြီးနောက် အာရ်ယန်လူမျိုး အမြှုတေကို ဤဒေသ ရှမ်ဗဲလားတွင် ပြုစုပျိုးထောင်သည်။

အတ္တလန္တိတ်တိုက်မှ ဘီစီ ၁၀,၀၀၀ ခန့်တွင် ထွက်ခွာပြီးနောက် ရှမ်ဗဲလားဒေသသို့ ဘီစီ ၆၀,၀၀၀ ခန့်တွင် ရောက်ရှိပြီး ဘီစီ ၄၅,၀၀၀ တွင် အာရ်ယန်လူမျိုးနွယ်ကြီး၏ မျိုးစေ့အမြှုတေ အာရ်ယန်အနွယ်ကို တည်ထောင်ပြီးနောက် တဖြည်းဖြည်း အာရ်ယန်လူမျိုးနွယ်ကြီးသည် ကမ္ဘာတစ်ဝန်းလုံးသို့ ပြန့်ပွားသွားသည်။

ဂိုဘီပင်လယ်အိုင်ကြီးမှနေ၍ အနောက်ဘက်ရှိ အာဖဂန်၊ တူရကီ၊ အီရန်တို့ကို ဖြတ်ကျော်၍ ဥရောပတိုက်သို့လည်းကောင်း၊ ကေ့ကေးရပ် တောင်တန်းတစ်လျှောက်မှ တစ်ဆင့် ရုရှပြည်သို့လည်းကောင်း၊ ဘီစီ ၁၆,၀၀၀ ခန့်တွင် ခိုတန်မှတစ်ဆင့် အိန္ဒိယပြည်မြောက်ပိုင်း အိန္ဒူမြစ်ဝှမ်းမှ တောင်ဘက်သို့လည်းကောင်း အာရ်ယန်မျိုးနွယ်များ ဝင်ရောက်ပြန့်ပွားသွားသည်။

ယင်းသို့ အာရ်ယန်လူမျိုးနွယ်များ ပြန့်ပွားသွားခြင်းနှင့်အတူ ရှမ်ဗဲလား အရှေ့တိုင်း မဟာဂန္ဓာရီပညာမှာလည်း ပြန့်ပွားသွားသည်။ အိန္ဒိယပြည်တွင်းသို့ အာရ်ယန်မျိုးနွယ်များ စတင်ဝင်ရောက်သောအခါ လူ့အမျိုးအနွယ် တည်တံ့ရေး၊ ယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် စီမံအုပ်ချုပ်ရေးကိစ္စများကို ရာမမင်းက တာဝန်ယူသည်။

မဟာဂုရုကဗျာဆရာသေ့အဖြစ် လူ့ဘဝဝင်စားပြီး ပထမဆုံး အာရိယန်ခေါ်အာရိယာသာသနာကို တည်ထောင်ပြီး ပထမဆုံး ယောဂကျင့်စဉ်များကို ချမှတ်သင်ကြားပေးသည်။

တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ရောက်ရှိသွားသော ဂန္ဓာရီပညာရပ်နှင့် ပတ်သက်၍ ရှမ်ဗဲလားရှိ ဗဟိုဌာနမှ ဈာန်ဘုရားများက ကြီးကြပ်ကွပ်ကဲရန် သဒ္ဓမ္မသူတော်စင် (White Brotherhood) အဖွဲ့ ဖွဲ့စည်း၍ ဂန္ဓာရီပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။

လူ့လောကနှင့် တိုက်ရိုက်ဆက်ဆံရန်အတွက် လူပုဂ္ဂိုလ်ဂန္ဓာရီပညာရှင်များ ပါဝင်လျက် သဒ္ဓမ္မသူတော်စင် အဖွဲ့ကြီး၏ ဂိုဏ်းခွဲအဖြစ် ဆောင်ရွက်ရသော အဖွဲ့မှာ သုဒ္ဓဓမ္မ မန္တလအဖွဲ့ဖြစ်ပြီး ဟိမဝန္တာတောင် အလွန်အဖွဲ့ Trans Himalian ဟုလည်း ခေါ်တွင်သည်။

ဟိမဝန္တာတောင်တွင် ယောဂီပုဂ္ဂိုလ်များ၊ ရသေ့များ၊ ပရပိုဓ်များ၊ ဆာဒူးများရှိရာ ဒေသသည် ဟိမဝန္တာတောင်၏ တောင်ဘက်ခြမ်းဖြစ်ပြီး သုဒ္ဓဓမ္မသူတော်စင်အဖွဲ့ (ဝါ) ဟိမဝန္တာလွန်အဖွဲ့မှာ ဟိမဝန္တာ၏ မြောက်ဘက်ခြမ်းတွင် ဖြစ်သည်။

ဟိမဝန္တာ၏ တောင်ဘက်ခြမ်းကို လူအရောက်အပေါက်များ၍ လူသိများသော်လည်း ဟိမဝန္တာ၏ မြောက်ဘက်ခြမ်းကိုမူ လူသိနည်းသည်။ အရောက်အပေါက် နည်းသည်။

အာရိယန်သုဒ္ဓဓမ္မ သူတော်စင်အဖွဲ့တွင် ဦးစီးဦးကိုင် ပုဂ္ဂိုလ်သုံးဦးရှိသည်။ ထိုပုဂ္ဂိုလ်တို့မှာ မနု၊ ဗောဓိသတ္တနှင့် မဟာကျိုဟန်တို့ သုံးဦးဖြစ်သည်။ ယင်းဦးစီးဦးကိုင် သုံးဦး၏ အောက်တွင် ဌာနခွဲ ခုနစ်ခုခွဲ၍ တာဝန်ခံပုဂ္ဂိုလ် ခုနစ်ဦးရှိသည်။

ယင်းတာဝန်ခံ ပုဂ္ဂိုလ်ကြီးများအနက် မြန်မာများသိရှိပြီးဖြစ်သော စိန့်ဂျာမိန်းလည်း ပါဝင်သည်။ ထို့အပြင် ဂုရုကူသူမီးဟု လူသိများသော ပုဂ္ဂိုလ်လည်းပါဝင်သည်။

လောကီနယ်မှ လောကုတ္တရာ ဘုရားနယ်သို့ ထွက်နိုင်ရန်အတွက် ထွက်ရပ်ပေါက် ကျင့်စဉ် (ဝါ) အရိယာ (အာရိယန်) သူတော်စင် ကျင့်စဉ်ရှိပြီး ကျင့်စဉ်ကို ကျင့်ရာတွင် အဆင့် ခုနစ်ဆင့်ရှိသည်။ အဆင့်တစ်ဆင့်ကို လောကီမှ ထွက်မြောက်ရာလမ်း ဟူသော အဓိပ္ပာယ်ဆောင်သည့် 'မာဂ'ဟု ခေါ်သည်။

ပထမ 'မာဂ' အဆင့်မှသည် သတ္တမ 'မာဂ'အဆင့်အထိ (၇)မာဂ ရှိသည်။ အထက်က ဖော်ပြခဲ့သော မနု၊ ဗောဓိသတ္တနှင့် မဟာကျိုဟန်တို့ သုံးပါးသည် အမြင့်ဆုံး သတ္တမအဆင့် မာဂတည်ပြီး ပုဂ္ဂိုလ်များ ဖြစ်သည်။ ဌာနခွဲတာဝန်ခံများဖြစ်သော စိန့်ဂျာမိန်းနှင့် ကူသူမီးအပါအဝင် ပုဂ္ဂိုလ်တို့သည် ဆဋ္ဌမအဆင့် ဆဋ္ဌမမာဂတည်ပြီး ပုဂ္ဂိုလ်များဖြစ်ကြသည်။

သုဒ္ဓဓမ္မသူတော်စင်အဖွဲ့ကြီးသည် မိမိတို့ချမှတ်ထားသောကျင့်စဉ်များကို ကျင့်ကြံလိုသောသူများအား အစဉ်ကြည့်ရှုမျှော်လင့်လျက်ရှိပြီးလျှင် ရှေးဘဝရေစက်ဆုံစည်းခဲ့သူများ၊ ဂုဏ်ယခုဘဝတစ်ဖန် ပြည်လည်ဆက်သွယ်ပြီး သာဝကအဖြစ် လက်ခံလေ့ ရှိသည်။

ယင်းသာဝကများသည် အထက်အဆင့်ဆင့် တက်ရန်အတွက် သာဝက ကျင့်စဉ်ခေါ် မဟာဂန္ဓာရီ ကျင့်စဉ်များကို ဥပဇ္ဈာယ်ဆရာထံမှ အန္တေဝါသိက ဒေသနာအဖြစ် ခံယူကျင့်ကြံရလေသည်။

ရှမ်ဗဲလား:တွင် ဌာနချုပ်ပြုလုပ်ထား:သော သဒ္ဓမ္မသူတော်စင် အဖွဲ့ကြီး၏ ယုံကြည်ချက်မှာ ဤသို့ဖြစ်သည်။

အစိန္တေယျ အလင်း:ဓာတ်ဘုရား:ထဲမှ အလင်း:ဓာတ်များ: ကွန့်မြူး:လိုက်သောအခါ တွင် စျာန်ဘုရား:များ: ဖြစ်ပေါ်လာပြီး:လျှင် စျာန်ဘုရား:များ:က တစ်ဖန် အလင်း:ဓာတ်များ: ကို ကွန့်မြူး:လိုက်သောအခါ နတ်ဗြဟ္မာတို့နှင့်တကွ လောကီ ဥဒဘုံနှင့် ဘုံသား:များ:ဖြစ်သော လူနတ်ဗြဟ္မာတို့ ဖြစ်ပေါ်လာသည်။

အလင်း:ဓာတ်ဘုရား:သာလျှင် ပရမတ္တတရား:ဖြစ်ပြီး: လူနတ်ဗြဟ္မာစသော လောကီဘုံသား:များ:သည် အဝိဇ္ဇာမာယာများ: ဖုံး:လွှမ်း:နေသော သတ္တဝါများ:ဖြစ်သည်။

သတ္တဝါများ:တွင် ဘုရား:၏ အလင်း:ဓာတ်၊ အလင်း:စက်ကလေး:များ:သည် ဝိညာဉ်အဖြစ် ကိန်း:အောင်း:လျက်ရှိသော်လည်း: ရုပ်ခန္ဓာ၊လိပ်ပြာခန္ဓာ၊ မနောခန္ဓာများ:က ဖုံး:အုပ်နေသဖြင့် ပရမတ်တရား:စစ်ဖြစ်သော ဘုရား:၏ ကိုယ်ပွား:ဝိညာဉ်ကို မသိမမြင် ဖြစ်နေကြသည်။

ဖုံး:အုပ်နေသော ခန္ဓာယာဉ်များ:ကို ဖောက်ထွင်း:နိုင်သောအခါတွင် ဘုရား:ဓာတ်ဖြစ်သော မိမိ၏ ဝိညာဉ်ကို သိမြင်လာပြီး:လျှင် ဝိညာဉ်က လောကီနယ်ပယ်မှ ဘုရား:ထံသို့ ပို့ဆောင်ပေး:မည်။

ထိုအခါ လောကီအဝိဇ္ဇာနယ်မှ ထွက်ရပ်လမ်: ထွက်ရပ်စခန်း:ဖြစ်သော ဘုရား:၏ အလင်း:ဓာတ် နယ်မြေသို့ ချဉ်း:ကပ်ရောက်ရှိမှသာလျှင် လောကီနယ်တွင် တွေ့ကြုံရမြဲဖြစ်သော ဒုက္ခအပေါင်း:မှ လွတ်မြောက်မည်ဖြစ်သည်။

ဤသို့ လောကီနယ်မှ ထွက်ရပ်လမ်း:ကို လျှောက်လှမ်း:ရန်အတွက် ဝိညာဉ်ကို ဖုံး:လွှမ်း:ထား:သော ခန္ဓာယာဉ်များ:ကို ဖောက်ထွင်း:ရန်မှာ ဘဝများ:စွာ ကြိုး:စား:ဖောက်ထွင်း:ရမည်ဖြစ်သည်။ ခန္ဓာယာဉ်များ: လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်စသော လောကီဘုံ ဘဝများ:ကို သံသရာလည်ရာတွင် ဝိညာဉ်ကို သယ်ဆောင်ရန် ယာဉ်များ: ဖြစ်သည်။

လူ့ပြည်တွင် ဝိညာဉ်ကို ရုပ်ခန္ဓာယာဉ်က သယ်ဆောင်မည်။ လူ့ပြည်မှ နတ်ပြည်သို့ ဘဝကူး:သောအခါ ရုပ်ခန္ဓာကို လူ့ပြည်တွင် ထား:ခဲ့ပြီး: လိပ်ပြာခန္ဓာက ဝိညာဉ်အား: နတ်ပြည်သို့ သယ်ဆောင်သွား:မည်။

တစ်ဖန် နတ်ပြည်တွင် ကံကုန်သောအခါ လိပ်ပြာခန္ဓာ (၀၊) နတ်ခန္ဓာကို နတ်ပြည်တွင် စွန့်ပစ်ခဲ့ပြီး: ဗြဟ္မာပြည်သို့ မနောခန္ဓာ (၀၊) ဗြဟ္မာခန္ဓာဖြင့် ဝိညာဉ်ကို သယ်ဆောင်သွား:မည်။

ဤသို့ဖြင့် လောကီဘုံများ:တွင် တက်လိုက်ဆင်း:လိုက်ဖြင့် သံသရာလည်ရင်း: တစ်ဘဝပြီး: တစ်ဘဝ ခန္ဓာယာဉ်များ:ကို သန့်ရှင်း:အောင်၊ ကြဲ့ခိုင်အောင် ဘဝအတွေ့အကြုံများ:ဖြင့် တည်ဆောက်ကာ နောက်ဆုံး:တွင် လောကီခန္ဓာယာဉ် သုံး:ပါး:သည် အလွန်အလွန်ကြည်လင်သန့်ရှင်း: ကြဲ့ခိုင်အား:ကောင်း:လာသောအခါတွင် ဝိညာဉ်သည် ခန္ဓာယာဉ်တို့၏ အညစ်အကြေး:ဖုံး:လွှမ်း:ခြင်း:မှ ကင်း:လွတ်ပြီး: သစ္စာတရား:ကို အရှိအတိုင်း: မြင်နိုင်သိနိုင်လာသည်။

ဤသို့ မနောခန္ဓာတွင် တွယ်ကပ်လျက်ရှိသော ဘဝတဏှာက အချိန်ကျသောအခါ လူပြည်သို့ ပြန်ဆင်းရန် အာသာဖြစ်လာ၍ လူ့ပြည်သို့ ရုပ်ခန္ဓာဆောင်ပြီး ဝိညာဉ်က တစ်ဖန် ဆင်းရပြန်သည်။

အဝိဇ္ဇာကို ဖောက်ထွင်းပြီး ဝိဇ္ဇာဖြစ်သွားသည်။ နောက်တစ်ဆင့်ပြီး တစ်ဆင့် အလင်းဓာတ် ပရမတ်ဘုရားဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိသွားမည် ဖြစ်သည်။

ဝိဇ္ဇာအလင်းဓာတ်ကို ဝိညာဉ်က သိမြင်နိုင်ရန်အတွက် ပိတ်ဖုံးနေသော အဝိဇ္ဇာလောကီခန္ဓာယာဉ်သုံးပါးကို ဖောက်ထွင်းနိုင်ခြင်းသည် ထွက်ရပ်ပေါက်ခြင်းဖြစ်သည်။

အဝိဇ္ဇာလောကီခန္ဓာယာဉ်များကို ဖောက်ထွင်းသော ပညာသည် ထွက်ရပ်ပေါက် ပညာဖြစ်သည်။ ယင်းလောကီခန္ဓာယာဉ်များကို ဖြူစင်အောင်၊ ကြဲ့ခိုင်တောင့်တင်းအောင် ကျင့်ကြံအားထုတ်ခြင်းသည် ထွက်ရပ်ပေါက်ကျင့်စဉ်ဖြစ်သည်။

ထို့ကြောင့် သဒ္ဓမ္မသူတော်စင်အဖွဲကြီးသည် ဘဝသံသရာတွင် အတွေ့အကြုံများဖြင့် တစ်ဘဝပြီး တစ်ဘဝ ပါရမီများကို ဖြည့်ဆည်းလာသော ဝိညာဉ်ကိန်းအောင်းနေသော ပုထုဇဉ်များအား အလင်းဓာတ်ဘုရားကြီး ကိန်းဝပ်ရာ တစ်ဖက်ကမ်းသို့ ကူးရန်အတွက် ပါရမီရှင်များကို ရှေ့ဆောင်လမ်းပြကူညီရန် သဒ္ဓမ္မသူတော်စင်အဖွဲ့ကြီး ဖွဲ့စည်း၍ ဆောင်ရွက်နေခြင်း ဖြစ်သည်။

ပါရမီ မရင့်ကျက်သေးသော လူ၊ နတ်၊ ဗြဟ္မာတို့အားလည်း တစ်ဘဝထက် တစ်ဘဝ အတွေ့အကြုံများ ရင့်ကျက်စေရန် ရည်ရွယ်ချက်ဖြင့် လောကပါလ နတ်မင်းကြီးများနှင့် ပူးပေါင်းလျက် လူ့လောကကြီးတစ်ရပ်လုံး တည်တံ့ရေး၊ ယဉ်ကျေးမှု တိုးတက်ရေး၊ အသိဉာဏ်ပညာဘက်စုံ ဖွံ့ဖြိုးရေး၊ စိတ်ဓာတ်နှင့် ကိုယ်ကျင့်သိက္ခာများ ရင့်သန်ရေးတို့ကိုပါ ဆောင်ရွက်ရန် ဖြစ်သည်။

ဤသို့ ဆောင်ရွက်ရန်အတွက် လောကလူသားတို့ကို စရိုက် (၇)မျိုး ခွဲပြီးလျှင် ဌာနခွဲ (၇)ခုဖြင့် ဆောင်ရွက်သည်။ ယင်းစရိုက် (၇)မျိုးကိုပင် စရိုက်ရောင်ခြည် (၇)ပါးဟု ခွဲခြားသတ်မှတ်သည်။

ပထမ၊ ဒုတိယနှင့် တတိယ စရိုက်ရောင်ခြည်တို့မှာ ပဓာန ရောင်ခြည်ဖြစ်ပြီး စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမရောင်ခြည်တို့မှာ တတိယပဓာန ရောင်ခြည်၏ အောက်တွင် ခွဲခြမ်းစိတ်ဖြာထားသော သာမည စရိုက်ရောင်ခြည်များ ဖြစ်သည်။

ယင်း စရိုက်ရောင်ခြည် တစ်မျိုးလျှင် ဌာနခွဲတစ်ခုထားပြီးလျှင် ယင်းဌာနခွဲတစ်ခုကို ဆဋ္ဌမမာဂအဆင့်ရှိ ဂုရုတစ်ပါးက စီမံအုပ်ချုပ်သည်။

ပထမရောင်ခြည်မှာ ဆန္ဒိပါတ်ခေါ် ရဲရင့်ပြတ်သားသော စိတ်ဆန္ဒဖြစ်သည်။ ထို့ကြောင့် ရဲရင့် ပြတ်သားစွာ ဆောင်ရွက်ရမည် ဖြစ်သော လူ့လောက စည်းကမ်းထိန်းသိမ်းရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ရသည်။

လူ့လောက လူ့ဘောင်ကြီး တစ်ရပ်လုံး တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချက်များဖြစ်သော စည်းလုံးရေး၊ တရားဥပဒေရေး၊ ငြိမ်ဝပ်ပိပြားရေး၊ စစ်မက်ရေး၊ အုပ်ချုပ်ရေးတို့

ကို ခေတ်အခြေအနေနှင့် လိုက်လျောညီစွာ ထိန်းသိမ်းစောင့်ရှောက်လမ်းညွှန်ရန်ဖြစ်သည်။

လူသားများ ယဉ်ကျေးမှုစတင်သောအချိန်က ဥပဒေစည်းကမ်းများဖြင့် စတင်အုပ်ချုပ်သော မဟာသမ္မတ မနုမင်းသည် ဤတာဝန်များကို ထမ်းဆောင်ရန်အတွက် ပထမစရိုက်ရောင်ခြည်ဌာနကို တာဝန်ယူဆောင်ရွက်ရသည်။

ပထမ စရိုက်ရောင်ခြည်ဌာနသည် လူ့ဘောင်ကြီး တည်တံ့ခိုင်မြဲ တိုးတက်ရေးအတွက် မပါလျှင်မဖြစ်သော အုပ်ချုပ်ရေး၊ တရားရေးတို့ကို ထိန်းသိမ်းရန်အတွက် မနုမင်းသည် မဟာသမ္မတမင်းအဖြစ်လည်းကောင်း၊ မနုကျယ်ဓမ္မသတ်စသော တရားရေးရာ ဥပဒေစည်းကမ်းများကို ချမှတ်ခြင်းဖြင့်လည်း နောင်အခါတွင် အုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်ကို ထိန်းမတ်ရသော ဘုရင်၊ သမ္မတ၊ ဝန်ကြီးများအဖြစ် ဘဝများစွာ ဝင်စားပြီး ဆောင်ရွက်ရသည်။

ပထမရောင်ခြည်တွင် အကျုံးဝင်သော မနု၏ သာဝကများမှာလည်း ခေတ်အလိုက် တိုင်းပြည်အုပ်ချုပ်ရေး၊ တရားရေးများကို ဆောင်ရွက်ရသော တာဝန်ကို ထမ်း ဆောင်ရသည်။

အက္ကဘာဘုရင်ကြီး အာသောကမင်း၊ ဆီဇာဘုရင်၊ နပိုလီယန်တို့မှစပြီး အဗရာဟင်လင်ကွန်း၊ ဂျော့ဝါရှင်တန်၊ အာသာဘုရင် အပါအဝင် နိုင်ငံအကျိုးဆောင် ပုဂ္ဂိုလ်များသည် ပထမရောင်ခြည်တွင် အကျုံးဝင်သော သာဝကများဖြစ်သည်။

ဒုတိယ စရိုက်ရောင်ခြည်ဌာနကို ဗောဓိသတ္တက တာဝန်ယူရသည်။ သက္ကဋစာဖြင့် ရေးလျှင် ဗောဓိဆတ္တဗဟု အသံထွက်ပြီး ပါဠိဘာသာ ဗောဓိသတ္တနှင့် အဓိပ္ပာယ်ကွဲသည်။ သယမ္ဘူဉာဏ်ပေါက်သော သမ္ဗုဟပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။

သတ္တ (ဝါ) ဆတ္တဗသည် ဆန့်ကျင်ဘက် နှစ်ရပ်ဖြစ်သော တမနှင့် ရာဇနှစ်ပါးတို့၏ ညီညွတ်ပေါင်းစည်းသော သွတ္တ (ဝါ) သမ္ဗုဟဓာတ်ကို ရည်ညွှန်းသည်။ အစွန်းတရား နှစ်ပါးမှ လွတ်မြောက်နေသော သမ္ဗုဟဉာဏ်ရှင်ဟုလည်း ဆိုနိုင်သည်။ နား၀င်ချောရန်အတွက် ဗောဓိသတ္တဟုသာ ခေါ်ဝေါ်လိုက်ပါသည်။

ဒုတိယ စရိုက်ရောင်ခြည်သည် ဉာဏ်ပညာ ဦးစီးသော မဟာဂရုဏာ သို့မဟုတ် မေတ္တာဦးစီးသော ဉာဏ်ပညာပြန့်ပွားရေးကို တာဝန်ယူရသည်။ ထို့ကြောင့် ဉာဏ်ပညာကို အခြေပြု၍ ထွက်ပေါ်လာသော ဘာသာတရားများ၊ ဒဿနများ အတွေးအခေါ်များကို ရင့်ကျက်စေခြင်း၊ မေတ္တာ၊ ကရုဏာတရားများကို ပြန့်ပွားစေခြင်းစသော တာဝန်ကို ယူရသည်။

လူ့ဘောင်တစ်ရပ်လုံးသည် အုပ်ချုပ်ရေး၊ တရားရေးဖြင့် တည်တံ့ခိုင်မြဲလာသော အခါ ယင်းလူ့ဘောင်ကြီး ရှေ့သို့ ဆက်လက်တိုးတက် ယဉ်ကျေးသိမ်မွေ့ရန်အတွက် ဘာသာတရား အဆုံးအမ လိုအပ်သည်။ ဒဿနအတွေးအခေါ် ရင့်ကျက်ရန် လိုအပ်သည်။ လူ့ဘောင်ကြီး၏ ယင်းလိုအပ်ချက်များကို ဒုတိယစရိုက်ရောင်ခြည်ဌာနခွဲက ဆောင်ရွက်ရသည်။

ထို့ကြောင့် မဟာဂုရုသည် အိန္ဒိယပြည်တွင်းသို့ အာရ်ယန်များ စတင်ဝင်ရောက်လာသောအခါ ဘာသာရေး၊ ယဉ်ကျေးမှုတာဝန်နှင့် အတွေးအခေါ်များ ရင့်ကျက်ရန် တာဝန်ယူ ဆောင်ရွက်ရာတွင် အိန္ဒိယပြည်တွင် လူ့ဘဝ ဝင်စားပြီး ဗျာဆရာသေ့အဖြစ် ဟိန္ဒူဘာသာရေး၏ ကနဦးဒဿနနှင့် ယောဂကျင့်စဉ်တို့ကို ဟောကြားသင်ပြပေးသည်။

အုပ်ချုပ်ရေး မနု၏ တာဝန်ကို ရာမဇာတ်တော်ဟု လူသိများသော ရာမမင်းသားက ဆောင်ရွက်သည်။ ဤသို့ အုပ်ချုပ်ရေးနှင့် ဘာသာရေး ပူးတွဲပြီး အိန္ဒိယတိုင်းရင်းသားများဖြစ်သော ဒရာဗီဒီယန် လူမျိုးတို့ကို အာရ်ယန်ယဉ်ကျေးမှု ဓာတ်သွင်းပေးသည်။

ထိုစဉ်က အိန္ဒိယပြည်တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် နီဂရိုးသွေးနှင့် ဩစတိုနီဂရွိုက်သွေးနှောသော ဒရာဗီဒီယန်များသည် နဂိုရှိပြီး တိုင်းရင်းသားများ ဖြစ်သည်။

အာရ်ယန်တို့ မြောက်ပိုင်းမှ ဝင်ရောက်လာသောအခါ ဒရာဗီဒီယန်တိုင်းရင်းသားများ ငြင်းဆန်တွန်းလှန်ခဲ့ပုံကို ရာမဇာတ်တော်ဖြင့် သရုပ်တင်တားခြင်း ဖြစ်သည်။

မဟာဂုရုသည် အီဂျစ်ပြည်သို့ လူ့ဘဝဝင်စားပြီး ဟာမီးဟု အမည်တွင်ကာ အီဂျစ်ဘာသာရေးနှင့် ဂန္ဓာရီပညာကို အာရ်ယန်ယဉ်ကျေးမှုဖြင့် ပူးပေါင်းပြီး အီဂျစ်ပြည်ကြီးကို စည်းလုံးခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။

တစ်ဖန် အီရန်ပြည်တွင် ပထမဆုံး ဘုရားအဖြစ် ဇိုရိုစတာအမည် ခံယူပြီး အီရန်ပြည်သားများ လိမ္မာယဉ်ကျေးအောင် အကျိုးဆောင်ပေးသည်။ တစ်ဖန် ခေါမပြည်တွင် အိုဖိယပ် ဘုရားအဖြစ် ဘာသာရေးနှင့် ဂန္ဓာရီပညာရပ်ဖြင့် ခေါမပြည်သူတို့အား အလုပ်အကျွေးပြုခဲ့သည်။

မဟာဂုရု၏ သာဝကများ၏ ဆောင်ရွက်မှုကြောင့် ဖရိုး မေဆင် ရိုဆီကရုဆီယင်၊ တင်ပဲလာ၊ မင်နီချီ၊ ဆူဖီကာဗလာစသော ဂန္ဓာရီပညာကိုဏ်းများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

စာပေဘက်တွင်လည်း ကာလီဒါသ၊ အသဃောသ၊ ပါနိနီ၊ ရောဂျာဘောဂွန်၊ ရှိတ်စပီးယား၊ တင်နီဆင်၊ ရောဘတ်ဘရောင်း၊ ကဗျာဆရာ ဝေါ့ဝ်စ်မင်၊ တော်လ်စတွိုင်း၊ ကိုနန်ဒွိုင်း၊ ဟာမင်ဟက်စ်စသော စာပေရှေ့ဆောင်များအဖြစ် လူ့လောကအသိဉာဏ် ကြွယ်ဝရေးအတွက် လောကအကျိုးဆောင်ကြသည်။

တတိယစရိုက်ရောင်ခြည်၏ အောက်တွင် စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမစရိုက်ရောင်ခြည်များ စုပေါင်းပါဝင်ပြီး ယင်းရောင်ခြည် ငါးခွာနကို မဟာကျိုဟန်က ဦးစီးသည်။ တတိယစရိုက်ရောင်ခြည်သည် အားကစားသမားများ၊ ကုန်သည်ပွဲစားများ၊ နယ်လှည့် ကိုယ်စားလှယ်များစသော လူပ်ရှားမှုများကို ဆောင်ရွက်သူများ ပါဝင်သည်။

စတုတ္ထရောင်ခြည်မှာ သဟဇာတဓာတ်ကို အဓိက အခြေပြုထားရာ သံတမန်များ၊ ဥပဒေအကျိုးဆောင်များ၊ ကော်မရှင်အေးဂျင့်များ၊ ခုံသမာဓိများ၊ စေ့စပ်ဖြေရှင်းပေးသူများဖြစ်သည်။

လူ့လောက တည်ဆောက်ရာတွင် မတူသော လုပ်ငန်းသဘာဝများကို တစ်ခုနှင့် တစ်ခု အဆင်ပြေချောမွေ့စွာ ဆက်ဆံလည်ပတ်စေရန် ဖြစ်သည်။

ပဉ္စမရောင်ခြည်မှာ အသိဉာဏ်ကိုအသုံးပြုသော ပန်းချီ၊ ပန်းပု၊ အနုပညာ၊ ဗေဒင်၊ လက္ခဏာ၊ သိပ္ပံပညာ၊ ဆေးပညာတို့ဖြင့် လောကကောင်းကျိုးကို ဆောင်ရွက်ရန်ဖြစ်သည်။

ဆဋ္ဌမရောင်ခြည်မှာ သဒ္ဒါကြည်ညို တရားကို အခြေပြုထားသဖြင့် ဘာသာတရားများ ယုံကြည်မှု၊ ကျင့်ကြံအားထုတ်မှုများကို ဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်တစ်ခုလုံး ယဉ်ကျေးသိမ်မွေ့ စိတ်ထားမြင့်မြတ်လာစေရန် ဖြစ်သည်။

သတ္တမရောင်ခြည်မှာ အစီအရင်များ၊ တိကျသေသပ်မှုများအပေါ် အခြေခံထားရာ အစီအရင်များ၊ သိဒ္ဓိခံ ဘိသိက်ပွဲများကို အဓိထားသော ဂန္ဓာရီပညာရှင်များကို ကိုယ်စားပြုသည်။

စရိုက်ရောင်ခြည် (၇)ပါးသည် လူ့ဘောင်အဆောက်အအုံကြီး တည်တံ့ခိုင်မြဲရေး၊ ရုပ်နာမ်နှစ်ဖြာ တစ်ဘဝထက် တစ်ဘဝ တိုးတက်ရေးနှင့် နောက်ဆုံးတွင် လောကီမှ ထွက်မြောက်ရန်အတွက် လူ့လောကကြီးတစ်ခုလုံး၏ အကျိုးကို (၇)ပိုင်းခွဲ၍ ဆောင်ရွက်သော လောကတွေစရိယလုပ်ငန်းကို ဆောင်ရွက်ခြင်း ဖြစ်သည်။

သဒ္ဒမ္မသူတော်စင်များသည် မိမိတစ်ကိုယ်ရေ လွတ်မြောက်မှထက် လူသားများ အားလုံး လွတ်မြောက်ရေးကို ရည်ရွယ်သည်။ ထို့ကြောင့် သဒ္ဒမ္မသူတော်စင်အဖွဲ့ကြီး၏ အဓိကလုပ်ငန်းမှာ လောကအကျိုးကို ဆောင်ရွက်ရန် ဖြစ်သည်။

မိမိတို့၏ သာဝကတပည့်များ လက်ခံသောအခါတွင်လည်း သာဝက၏ စရိုက်ရောင်ခြည်နှင့် ကိုက်ညီသော တာဝန်များကိုသာ ထမ်းဆောင်စေသည်။

ယခုအခါတွင် ပထမ မာဂအဆင့်ရှိ သာဝကများမှာ ၈သိန်းခန့်ရှိသည်။ ဒုတိယ မာဂအဆင့်ရှိ သာဝကများမှာ ၂၄၀,၀၀၀ ရှိပြီး၊ တတိယအဆင့်ရှိ သာဝကများမှာ ၃၀၀၀ခန့် ရှိသည်။

တတိယအဆင့် ကျော်လွန်ပြီး ဆရာဂုရုအဆင့်သို့ ရောက်ရှိသူများမှာ ၄၀၀ ကျော်ခန့်ရှိပြီး ယင်းဆရာဂုရုများအနက် လူ့ပြည်တွင် နေထိုင်ပြီး ဆောင်ရွက်နေသူ ဂုရုပေါင်း ၆၃ဦးရှိသည်။ ဂုရုပေါင်း ၆၃ဦးတို့သည် ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတွင် နေထိုင်ကြသည်။ ဌာနချုပ်ရှိရာ ရှီဂတ်ဆီတွင် အချို့ဂုရုများ နေထိုင်ကြပြီးလျှင် ကျန်ဂုရုအများအပြားမှာ တစ်ကမ္ဘာလုံးအနှံ့တွင် တာဝန်ထမ်းဆောင်နေကြသည်။

တိုင်းပြည်ကြီးများတွင် ဂုရု ၃-၄ ပါး ထမ်းဆောင်ပြီး အချို့တိုင်းပြည်များတွင် ဂုရုတစ်ပါးရှိသည်။ အရေးမပါလှသော တိုင်းပြည်များတွင် သမ္ဘာရင့် သာဝကကြီးများက လောကတွေစရိယ တာဝန်ကို ထမ်းဆောင်နေကြသည်။ သဒ္ဒမ္မသူတော်စင် အဖွဲ့ဝင်ပုဂ္ဂိုလ်တို့မှာ အခြား ဂန္ဓာရီဂိုဏ်းများကဲ့သို့ ဂန္ဓာရီပညာသက်သက်ကိုသာ ကျင့်ကြံကြသည် မဟုတ်ဘဲ လောကကောင်းကျိုးဆောင်ရွက်ရင်း ဂန္ဓာရီပညာများကို တစ်ချိန်တည်းမှာပင် လေ့လာကြသည်။

လေ့လာရရှိသော ဂန္ဓာရီပညာရပ်များကိုလည်း လူ့လောကကောင်းကျိုးအတွက်ကိုသာ အသုံးပြုရသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လူ့လောကကောင်းကျိုး ဆောင်ရွက်မှ

သာလျှင် ဆရာရှင်များက သာဝကများအား ဂန္ဓာရီပညာစခန်းကို ဖွင့်ပေးသည်။ ဤအချက်သည် အခြားဂန္ဓာရီပညာများနှင့် မတူသောအချက်ဖြစ်သည်။ ဆရာဂုရုများနှင့် သာဝက ဂန္ဓာရီပညာရှင်တို့မှာ လူသာမန်ကဲ့သို့ပင် နေထိုင်ကြရသည်။ အဝတ်အစား အနေအထိုင်မှာလည်း ဆရာဂိုက်မဖမ်းဘဲ လူသာမန်လို နေကြသဖြင့် လူများ၏အမြင်တွင် ထူးခြားမှုမရှိလှချေ။

သို့ရာတွင် သာဝကအချင်းချင်းဖြစ်စေ၊ ဂုရုနှင့် သာဝကဖြစ်စေ တွေ့ကြုံလျှင်ကား တစ်ဦးကိုတစ်ဦးက သိကြသည်။ သိနိုင်သောမနောဓာတ်ဖြင့် မနောချင်းဆက်၍ သိနိုင်သည်။ တစ်ဦး၏အရည်အသွေးကို ဖော်ပြနေသော ကိုယ်ရောင်ဝါကို တစ်ဦးက သိ မြင်နိုင်သည်။ တစ်ဦးနှင့်တစ်ဦး ဆိုက်ဖာများ၊ သင်္ကေတများ၊ မုဒြများဖြင့် ဆက်သွယ်နိုင်သည်။ မွန်ဂိုလီးယားမှ ဆရာဂုရုသည် ဗြိတိသျှလူမျိုး သာဝကတစ်ဦးနှင့် တွေ့လျှင် အချင်းချင်းသိသည်။

တစ်ချိန်က သံရုံးဧည့်ခံပွဲတစ်ခုတွင် ရွှေဥဒေါင်းသည် နိုင်ငံခြား သံအရာရှိတစ်ဦးနှင့် တွေ့ဆုံရာတွင် မူလက လူချင်းအသိအကျွမ်း မဟုတ်သော်လည်း ဓာတ်ခြင်းသိကြသည်ဟု ရေးခဲ့ဖူးသည်။ စာရေးဆရာကြီး ပေါလ်ဘရင်တန်သည် အိန္ဒိယပြည်တွင် ဆွာမီများ၊ ဆာဒူးများကို ဆရာတင်ခဲ့ရာ စိတ်တိုင်းမကျ၍ ကမ္ဘောဒီးယားသို့ ဆရာရှာ ထွက်ခဲ့သည်။ အင်ကာဝပ် ဘုရားကျောင်းတွင် မွန်ဂိုလီးယားမှ လာမား ဂုရုနှင့် တွေ့ဆုံပြီး ဆရာတပည့်ဖြစ်သွားသည်မှာလည်း သာဓကတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် ပေါလ်ဘရင်တန်က တပည့်အသင့်ဖြစ်လျှင် ဆရာရှင်ရောက်လာလိမ့်မည်ဟု ပြောခဲ့ခြင်း ဖြစ်သည်။


ဆရာဂုရုများသည် ပါရမီဆက်ရှိသူ သာဝကများအား ဘဝစဉ်ဆက်မပြတ် အစဉ်စောင့်ကြည့်လျက်ရှိပြီး ပါရမီပွင့်တော့မည့် သာဝကလောင်းလျာကို ကောက်သင်းကောက်သလို လိုက်လံရှာဖွေလျက်ရှိသည်။ ပါရမီရှိသော သာဝကလောင်းများသည် မိမိ၏တစ်ကိုယ်ကောင်းစိတ်ကိုလျော့ပြီး အများကောင်းကျိုး၊ လောကကောင်းကျိုးကို ဆောင်ရွက်ရန် စိတ်ညွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာရှင်များက အိပ်မက်ဖြင့်ဖြစ်စေ၊ အာရုံနိမိတ်ဖြင့်ဖြစ်စေ ဆက်သွယ်ပြီး သာဝကအဖြစ် လက်ခံမည်သာဖြစ်သည်။

ဗလာဘက်စကီ၏ ဂန္ဓာရီပညာ ရှာပုံတော်

အရှေ့တိုင်း မဟာဂန္ဓာရီ ပင်ရင်း ရှမ်ဗဲလားမှ ဆရာရှင်များသည် ရှေးဘဝများစွာမှ ဆရာတပည့်အဖြစ် ပါရမီဆက် ရှိခဲ့သူများအနက် လူ့ဘဝသို့ရောက်ရှိနေသူ သာဝကလောင်းများအား ကောက်သင်းကောက်သလို လိုက်လံရှာဖွေ နှိုးဆော်လျက်ရှိသည်။ ဆရာရှင်များဘက်မှ တပည့်သာဝကလောင်းများကို မျက်စိဒေါက်ထောက် ကြည့်ရှုရှာဖွေနေသည့်နည်းတူပင် သာဝကလောင်းများမှာလည်း လူ့ဘဝရောက်လာပြီး အရွယ်ရောက်လာသည်နှင့် တစ်ပြိုင်နက် ဆရာရှင်လောင်းများကို သတိရသည်၊ တမ်းတသည် တွေ့နိုးတွေ့နိုးဖြင့် စဉ်းစားကြသည်။ ဤသို့ဖြင့် ကုသိုလ်ကံထောက်မသော သာဝကများသည် ဆရာရှင်ရှာပုံတော် ဖွင့်နိုင်ကြသည်။ ကမ္ဘာအနှံ့ ခြေဆန့်၍ ရှာကြသည်။

ပါရမီမည်မျှပင်ရှိသော်လည်း ကံကြွေးဆပ်ရန် ကျန်ရှိသူများမှာ ငွေရေးကြေးရေး အခြေအနေအရဖြစ်စေ၊ ခေတ်အခြေအနေအရဖြစ်စေ ဆရာရှင်ကို ရှာပုံတော်မဖွင့်နိုင်ဘဲ ကံပစ်ချရာဘဝတွင် ရွှက်ပုံးသိုးအဖြစ်သာ နေကြရသည်။ ဤသို့ ရွှက်ပုံးသိုးဘဝဖြင့် နေကြရသူများထဲမှ ပါရမီရင့်ကျက်သူများကို ဆရာရှင်များကိုယ်တိုင်က အိပ်မက်ဖြင့်လည်းကောင်း၊ အာရုံနိမိတ်ဖြင့်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း ဆက်သွယ်ရှာဖွေပြီး သာဝကဏ္ဍ ရှေ့ကျင့်စဉ်များကို ချမှတ်ပေးသည်၊ ညွှန်ကြားသည်။ ဆရာရှင်နှင့် သာဝကတို့သည် အမှန်စင်စစ်အားဖြင့် တစ်ဦးကိုတစ်ဦး ပြိုင်တူရှာပုံတော် ဖွင့်ကြခြင်းဖြစ်သည်။

အချို့သာဝကလောင်းများမှာ မိမိ၏အတိတ်ဘဝက သာဝကဖြစ်ခဲ့ဖူးသည်ကို အပြည့်အစုံ သတိမရကြသော်လည်း ဘဝဟောင်းများမှ မိမိကျင့်ကြံအားထုတ်ခဲ့သော ကိုယ်ကျင့်သိက္ခာနှင့် ရောက်ရှိခဲ့သော သမာဓိအဆင့်အရ ယခုဘဝတွင် သညာသိနှင့် ဘာသာရေးသင်ကြားချက်များဖြင့် အားရနှစ်သိမ့်ခြင်း မဖြစ်တော့ဘဲ တစ်စုံတစ်ခုကို သိလိုစိတ်၊ ရှာဖွေလိုစိတ်များ သန်လာသည်။ ယင်းတစ်စုံတစ်ခုမှာ ဂန္ဓာရီပညာ သို့မဟုတ် သစ္စာတရား ဖြစ်သည်ကို အတိအကျတော့ မသိကြ။



Shambhala. A sketch showing the outer ring of snow mountains, the eight petal-shaped regions with their towns, the inner ring of snow mountains, and the King in the central palace of Kalapa.

ထို့ကြောင့် အချို့သော သာဝကလောင်းများသည် ဒေသန္တရခရီးထွက်ကြသည်။ အချို့က သုတေသနခရီးထွက်ကြသည်။ အချို့က တရားအရှာထွက်ကြသည်။ အချို့က ဂန္ဓာရီဆရာ အရှာထွက်ကြသည်။ ဤနည်းအားဖြင့် သိစိတ်နှင့် တမင် ဆရာအရှာထွက်သည်ဖြစ်စေ၊ မသိစိတ် မနောဓာတ်ဖြင့် ဆရာအရှာထွက်သည်ဖြစ်စေ ဆရာရှာပုံတော်ထွက်ခြင်းကား ထပ်တူပင်ဖြစ်သည်။ ရှေးက သစ္စာတရားများ၊ ဂန္ဓာရီပညာများ သင်ကြားပေးနိုင်သော ဆရာဂုရုကို ရှာဖွေပြီး ယင်းဂုရုထံတွင် တပည့်သာဝကအဖြစ် ခံယူ၍ သင်ကြားရန် ဆရာရှာသော ဓလေ့ရှိသည့် တိုင်းပြည်မှာ အိန္ဒိယပြည်ဖြစ်သည်။

သို့သော် ၁၈ ရာစု ၁၉ရာစု ရောက်သောအခါ အနောက်တိုင်းမှ ပါရမီရှင် သာဝကလောင်းများသည် အရှေ့တိုင်းသို့ ဆရာရှာပုံတော်ဖွင့်ကြသည်။ ဤသို့ အနောက်တိုင်းမှ ပါရမီရှင်များ ဆရာအရှာထွက်သောအခါ ဆရာတစ်ပါးထံ တပည့်ခံ၍ လေးနက်သော တရားများကို သင်ကြားလေ့ရှိသော အီဂျစ်နှင့် အိန္ဒိယပြည်သို့ လာရောက်ရှာဖွေလေ့ရှိသည်။ အိန္ဒိယပြည်သို့ ရောက်ရှိလာသော သာဝကလောင်းများသည် များသောအားဖြင့် သမထပေါက်ရုံမျှရှိသော ဆွာမိ၊ ဆာဒူး၊ ဖကီးနှင့် ရသေ့ကြီးများထံတွင်သာ သောင်တင်လေ့ရှိသည်။

အိန္ဒိယမှာ ဆရာရှင် အမည်ခံယူထားသော အထက်ပါ ပုဂ္ဂိုလ်များ၏ သင်ကြားချက်ကို အားရကျေနပ်ခြင်း မရှိသော အနောက်တိုင်းမှ ပုဂ္ဂိုလ်အချို့မှာ ဆက်လက်ပြီး သစ္စာတရား ရှာပုံတော်၊ ဂန္ဓာရီပညာ ရှာပုံတော်များကို ဖွင့်ကြသည်။ ထိုအခါ နီပေါ၊ ဆစ်ကင်၊ လဒတ်၊ တိဗက်၊ သီဟိုဠ် (သီရိလင်္ကာ)၊ မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ မွန်ဂိုလီးယားသို့ ရောက်လာကြသည်။ ယင်းသို့ ရောက်ရှိလာသော ပုဂ္ဂိုလ်များအနက် မြန်မာပြည်သို့ ရောက်ပျူးသောသူများမှာ ဗလာဘက်စကီ၊ ဒေးဗစ်နီးလ်နှင့် ဂိုဗင်ဒါတို့ ဖြစ်သည်။ ယင်းပုဂ္ဂိုလ်များသည် ၁၉ ရာစုအကုန် ၂၀ ရာစု အစောပိုင်းတွင် ရောက်ရှိလာကြခြင်းဖြစ်သည်။

ဆရာရှင် ရှာပုံတော်ဖွင့်ရာတွင် အိန္ဒိယပြည်တွင် အားမရနိုင်သေးဘဲ အရှေ့တိုင်းများသို့ ရှာပုံတော်ဖွင့်ကြသူများအနက် အထင်ရှားဆုံး ပုဂ္ဂိုလ်များထဲတွင် အစောဆုံးဖြစ်သူမှာ ရှရှမ ဗလာဘက်စကီ ဖြစ်သည်။

ဗလာဘက်စကီသည် ရှရှ မင်းမျိုးမင်းဆွေမှ ဆင်းသက်လာသူဖြစ်ပြီး လျှင် ငယ်စဉ်ကပင်လျှင် စိတ်တန်ခိုးကို စိတ်ဝင်စားခြင်း၊ စိတ်တန်ခိုးများကို ပြသနိုင်ခဲ့သည်။

အရွယ်ရောက်လာသောအခါတွင်လည်း ဂန္ဓာရီပညာများကိုသာ စိတ်ဝင်စားလျက်ရှိရာ ဂန္ဓာရီပညာ ရှာရန်အတွက် ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ အီဂျစ်၊ အင်္ဂလန်သို့ ရောက်သွားပြီး ဥရောပတိုက်တွင် ထိုစဉ်က ရေပန်းစားနေသော ဖရီးမေဆင်၊ ရိုဆီခရော်စယ်စသော ဂန္ဓာရီအသင်းအဖွဲ့သို့ ဝင်ရောက်လေ့လာခဲ့သည်။

နောက် အမေရိကသို့ ရောက်သောအခါ ဝါသနာတူသူများနှင့် တွေ့ဆုံပြီး သီအိုဆိုဖီအသင်းကို တည်ထောင်သည်။

ဤသို့ ဂန္ဓာရီခရီးထွက်ရင်း အဂ်လန်တွင် ရှိနေစဉ် ဒါဘာပွဲခေါ် မင်းပွဲသဘင်တွင် ဘဝဟောင်းမှ ဆရာရှင်နှင့် မမျှော်လင့်ဘဲ ဆုံတွေ့ရသည်။ ဆရာရှင်မှာ သဒ္ဓမ္မသူတော်စင် အဖွဲ့မှ ဆရာရှင် မောရိယ ဖြစ်သည်။ ဆရာရှင်၏ ညွှန်ကြားချက်အရ မိမိသဘောဖြင့် ဂန္ဓာရီခရီးထွက်နေရာမှ ဂန္ဓာရီပညာများ ဆက်လက်ဆည်းပူးရန်အတွက် တိဗက်သို့ သုံးကြိမ် သွားရပြီး စုစုပေါင်း တိဗက်တွင် ခုနစ်နှစ် ဂန္ဓာရီပညာ လေ့လာရသည်။

တိဗက် တောရကျောင်းများ၊ လိုဏ်ဂူများတွင် ဈာန်ကျင့်စဉ်များ၊ ဂန္ဓာရီပညာရပ်များကို ဆရာတပည့် လက်ထပ်သင်ကြားပေးသောအခါ အန္တေဝါသိက ပညာရပ်များကို သင်ယူပြီးနောက် အနောက်တိုင်းသို့ ပြန်ရောက်သောအခါတွင် ဂန္ဓာရီကျမ်းဂန်များကို ရေးသားဖြန့်ချိသည်။

ယင်း ကျမ်းဂန်များအနက်မှ SECRET DOCTRINE ခေါ် အန္တေဝါသိက ဂမ္ဘီရကျမ်းမှာ ကမ္ဘာကျော် ဂန္ဓာရီကျမ်းကြီး ဖြစ်ပြီးလျှင် ယင်းကျမ်းမှာ ရှမ်ဗဲလား ပိဋကတ်တိုက်ရှိ ရှေးဟောင်း ဈာန်ကျမ်းကြီး ခုနစ်ကျမ်းအနက် ပထမဈာန်ကျမ်းကြီးဖြစ်သည်။

တိဗက်တွင် ပညာသင်စဉ် ကျက်မှတ်ထားသောအချက်များအပြင် မိမိ၏ ထိုးထွင်းသိမြင်သော ဉာဏ်ထူးဖြင့် ရေးသားထားခြင်း ဖြစ်သည်။

စပဲလ်ဒင်း

၁၉ ရာစု ကုန်ခါနီးတွင် ဗလာဘက်စကီ ကွယ်လွန်သွားပြီးနောက် မရှေးမနှောင်းတွင် အမေရိကန်ပြည် အရှိဇိုးနားပြည်နယ်မှ စပဲလ်ဒင်းက ဆရာရှင် ရှာပုံတော်ဖွင့်ခဲ့ရာ အရှေ့တိုင်းသို့ ရောက်လာသည်။

အိန္ဒိယ၊ တိဗက်မှတစ်ဆင့် ဂိုဘီ သဲကန္တာရရှိ ရှမ်ဗဲလား တည်ရှိရာအရပ်သို့ ပေါက်ရောက်အောင် သွားနိုင်ခဲ့သူဖြစ်သည်။

စပဲလ်ဒင်းသည် အင်ဂျင်နီယာ ဖြစ်သော်လည်း ဘဝဟောင်းမှ ပါလာသော ပါရမီရေစက်တို့ကြောင့် ဆရာရှင်များရှိရာ အရှေ့တိုင်းသို့ ခရီးထွက်ခဲ့သည်။ သူ ရောက်ရှိခဲ့သော ခရီးတစ်လျှောက်တွင် ဂန္ဓာရီပညာရပ်များကို လေ့လာခဲ့ပြီး သဒ္ဓမ္မသူတော်စင် အဖွဲ့မှ ဆရာရှင်များနှင့် တွေ့ကြုံခဲ့သည်။ နောက်ဆုံးတွင် ရှမ်ဗဲလား ရောက်ပြီးနောက် သူရှာပုံတော်ဖွင့်ခဲ့သော ဂန္ဓာရီ ခရီးမှတ်တမ်းကို 'အရှေ့ဖျားတိုင်းမှ ဆရာရှင်တို့၏ သင်ကြားချက်များ' ဟူသော အမည်ဖြင့် ကျမ်းတစ်စောင် ပြုခဲ့သည်။

အရှေ့တိုင်းသို့ ဂန္ဓာရီခရီးထွက်ခဲ့သူများအနက် ပေါလ်ဘရင်တန်သည် အထင်ရှားဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ ပေါလ်ဘရင်တန်သည် ၂၀ ရာစုနှစ် အစပိုင်းများတွင် ထွက်ခဲ့ခြင်းဖြစ်ရာ စပဲလ်ဒင်းက ပေါလ်ဘရင်တန်ထက် နှစ် ၃၀ ကျော် စော၍ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပေါလ်ဘရင်တန်သည် ဂန္ဓာရီခရီးမှတ်တမ်း စာအုပ်များစွာ ရေးသားခဲ့သူ ဖြစ်၍သာ လူသိများခြင်းဖြစ်သည်။ စပဲလ်ဒင်းကမူ 'အရှေ့ဖျားတိုင်းမှ ဆရာရှင်တို့၏ သင်ကြားချက်များ' စာအုပ်တစ်အုပ်သာ ရေးသားခဲ့သည်။

ဂန္ဓာရီပညာကို အနောက်တိုင်းဒဿ အထင်သေးနေချိန်တွင် ဖြစ်သည်။ ပေါလ်ဘရင်တန် စာအုပ်များ ထွက်လာသောအချိန်တွင် ဂန္ဓာရီပညာရပ်များကို လူအများ စိတ်ဝင်စားစပြုပြီဖြစ်သော အချိန်ဖြစ်သည်။ ထို့ကြောင့် စပဲလ်ဒင်းကို လူသိနည်းခြင်းဖြစ်သည်။ စပဲလ်ဒင်းသည် ဤကျမ်းတစ်ကျမ်းကိုသာ ပြုစုနိုင်ခဲ့သည် ဆိုသော်လည်း အနှစ်သာရအားဖြင့် ကြည့်မည်ဆိုပါက ဂန္ဓာရီ ပညာရပ်များအတိ ပါဝင်နေသည်ကို တွေ့ရသည်။

ဂန္ဓာရီပညာ ပဏာမကျင့်စဉ်၊ မန္တာန်၊ သင်္ကေတဗေဒနှင့် သဒ္ဒမ္မ သူတော်စင်အဖွဲ့ကြီး ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်တာများ၊ ဩစာသက်ရောက်မှုများကို စုံစေ့အောင် ရေးသားထားသည်။

ပေါလ်ဘရင်တန်

အရှေ့တိုင်းသို့ ဆရာရှာ ထွက်ခဲ့သူများအနက် ပေါလ်ဘရင်တန်ကို လူသိများခြင်းမှာ သူရေးခဲ့သော ဂန္ဓာရီခရီးစဉ်မှတ်တမ်းကြောင့်မဟုတ်၊ သူ၏ထူးခြားသော အတွေ့အကြုံကြောင့်ဖြစ်သည်။ ပေါလ်ဘရင်တန်သည် အင်္ဂလန်ပြည်သား ပညာတတ် ကြေးရတတ် တစ်ဦးဖြစ်သော်လည်း ရှေးရေစက်၏လှုံ့ဆော်မှုကြောင့် ၂၀ ရာစု အစပိုင်းတွင် ဆရာရှာရန် အရှေ့တိုင်းသို့ ဂန္ဓာရီခရီး ထွက်ခဲ့ရာတွင် အီဂျစ်နှင့် အိန္ဒိယသာမက ဟိမဝန္တာတောင်၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၊ ဟောင်ကောင် စသော တိုင်းပြည်များသို့ ရောက်ရှိခဲ့သည်။

ထိုစဉ်က အိန္ဒိယပြည်တွင် အလွန်ကျော်ကြားနေသော ရာမနာမဟာရိရှိ ခေါ်တောရဆောက်တည်နေသော ရာမနာမဟာရသေ့ကြီးထံသို့ ရောက်ရှိပြီး မဟာရသေ့ကြီးထံတွင် စွာန်ပညာ၊ ယောဂပညာရပ်များကို သင်ကြားသည်။

ရာမနာ မဟာရသေ့ကြီးမှာ ပေါလ်ဘရင်တန်၏ စာအုပ်များ ကျေးဇူးကြောင့် ကမ္ဘာကျော် ဖြစ်သွားသည်။ ရာမနာမဟာရသေ့ကြီးသည် ယောဂပညာရပ်များကို ကျွမ်းကျင်သူ မှန်ပါ၏။

သမထစွာန်ကို ပေါက်ရောက်သည်လည်း မှန်ပါ၏။ သို့သော် ပေါလ်ဘရင်တန်သည် ဤမျှနှင့် တင်းတိမ်သူ မဟုတ်။ ဂန္ဓာရီပညာများ အန္တေဝါသိက ပညာရပ်များကိုသာ သူ၏ အဇ္ဈတ္တဝိညာဉ်က တောင့်တလျက်ရှိရာ နောက်ဆုံးတွင် ရာမနာမဟာရိရှိထံမှ လမ်းခွဲခဲ့သည်။

ရာမနာမဟာရိရှိနှင့်လမ်းခွဲပြီးနောက် ရေးသော (Hidden Teaching Beyond Yoga) တွင် မဟာရိရှိသည် အရှေ့တိုင်းပညာရပ်များကို ကနဦးဆုံးသင်ကြားပေးသော ကျေးဇူးရှင်ဆရာ မှန်ပါ၏။ သို့သော် မဟာရိရှိထံမှရသောပညာသည် ယောဂကျင့်စဉ်၊ သမထကျင့်စဉ်ဖြင့်သာ လမ်းဆုံးနေသည်။ ယောဂကျင့်စဉ်၊ သမထစွာန် ကျင့်စဉ်ထက် ပိုလွန်သော၊ လေးနက်သောအန္တေဝါသိက တရားများကိုမူ သင်ကြားပေးနိုင်စွမ်းမရှိဟု ဆိုသည်။

တစ်နေ့တွင် ဆရာဖြစ်သူ ရာမာကရစ္ဆနာက တပည့်ဖြစ်သူ ဆာမိ ဝိဝေကနန္ဒကို ဆွာမိကြီး ဘာတွေလေ့လာနေသနည်းဟု မေးရာ ဆွမိဝိဝေကနန္ဒက ကျွန်တော်ဟာ

ယောဂတရားများ အားထုတ်လျက်ရှိရာ သန္တိသုခများ ခံစားနေပါသည်ဟု ပြန်ဖြေသည်။ ထိုအခါ ဆရာဖြစ်သူ ရာမကရစ္ဆနာက 'ဆွာမိကြီး၊ မင်း လူညံ့ပဲ၊ ယောဂကျင့်စဉ်ထက် ကောင်းတဲ့ တရားတွေကို မလေ့လာဘူးလား' ဟု ဆုံးမသည်။ ဤရာမကရစ္ဆနာ၏ လမ်းညွှန်မှုအတိုင်း ပေါလ်ဘရင်တန်က ရာမနာမဟာရိရှိ၏ ယောဂကျင့်စဉ်ထက် သာလွန်သော အန္တေဝါသိက ဂန္ဓာရိပညာများကို ဆက်လက် လေ့လာရန် မဟာရိရှိထံ ခွင့်ပန်၍ မဟာရိရှိထံမှ ထွက်ခွာသွားသည်။

ပေါလ်ဘရင်တန်သည် အန္တေဝါသိက ဂန္ဓာရိပညာရပ်များကို လေ့လာရန်အတွက် ပုဂ္ဂိုလ်ထူးများထံ တပည့်ခံ သင်ကြားရန် အရှေ့တိုင်းများသို့ ခရီးဆက်လက် ထွက်ခွာလာရာ ကမ္ဘောဒီးယားသို့ ရောက်လာသည်။

ကမ္ဘောဒီးယားရှိ ကမ္ဘာကျော် အင်ကာဝပ် ဗုဒ္ဓဘာသာဘုရားကျောင်းအတွင်း၌ ဘုရားကြည်ညိုရင်း မမျှော်လင့်သော ပုဂ္ဂိုလ်ထူးနှင့် တွေ့ဆုံသည်။ ထိုပုဂ္ဂိုလ်မှာ အမည်နာမ ထုတ်ဖော်ကြေညာလိုခြင်း မရှိသော မွန်ဂိုလီးယား လားမားတစ်ပါး ဖြစ်သည်။

စင်စစ်အားဖြင့် ယင်း မွန်ဂိုလီးယား လာမားဆရာတော်သည် သဒ္ဓမ္မ သူတော်စင် အဖွဲ့ဖွ ဆရာရှင်တစ်ပါးဖြစ်သည်။ ရှမ်ဗဲလားသည် မွန်ဂိုလီးယား၊ ဆိုက်ဗေးရီးယားနှင့် တိဗက်တို့ အလယ်တွင် တည်ရှိသည် မဟုတ်ပါလား။ အင်ကာဝပ် ကျောင်းတော်တွင် တွေ့ဆုံခဲ့သော မွန်ဂိုလီးယား ဆရာတော်၏ သင်ကြားချက်များကို နောင်အခါတွင် Wisdom of overself ဟူ၍ ပေါလ်ဘရင်တန်သည် ကျမ်းတစ်စောင် ပြုခဲ့သည်။

၁၉၅၀ ပြည့်နှစ် နောက်တွင် ပေါလ်ဘရင်တန်၏ စာအုပ်သစ်များ ထပ်မံ ထွက်ပေါ်မလာတော့ဘဲ ၁၉၈၄ ခုနှစ်တွင် ကွယ်လွန်သွားသည်။ နှစ်ပေါင်း ၃၀ ကျော်မျှအတွင်း စာအုပ်များ ထွက်ပေါ်မလာသောလည်း 'တရားမှတ်စု'များကို ရေးသားလာခဲ့ရာ ပေါလ်ဘရင်တန် ကွယ်လွန်သွားသောအခါ ယင်း တရားမှတ်စုများကို စုပေါင်းပြီး ကျမ်း ၁၆ စောင်အဖြစ် ပေါ်ထွက်လာသည်။

ပေါလ်ဘရင်တန် အရင့်ကျက်ဆုံးအချိန်တွင် အေးအေးဆေးဆေး ရေးသားခဲ့သော ကျမ်းဖြစ်ရာ အလွန်ထူးခြားလှသော ဂန္ဓာရိပညာကျမ်းကြီးပင် ဖြစ်ပေသည်။ ဤကျမ်းများသည် ပေါလ်ဘရင်တန်က လူ့ဘောင်တစ်ရပ်လုံးအား ပေးခဲ့သော နောက်ဆုံး လက်ဆောင်မွန် ဖြစ်ပေသည်။

ရိုအာရစ်ချို

နိကိုလပ်ရိုအာရစ်ချိုနှင့်ဓနိ: ဟယ်လင်နာ ရိုအာရစ်ချိုသည် ဂန္ဓာရိပညာ လိုက်စားရာတွင် အတွဲညီသော ဓနိ:မောင်နှံ ဖြစ်သည်။ ရုရှလူမျိုးများဖြစ်၍ ရုရှတွင် ကွန်မြူနစ်များ အာဏာရလာသောအခါတွင် ရုရှပြည်မှ ထွက်ခွာလာကြသူ များသည်။ ရိုအာရစ်ချိုသည် ပန်းချီဆရာ၊ သုတေသီ၊ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ် ဖြစ်သည်။ ရုရှပြည်မှ ထွက်ခွာလာပြီးနောက် အိန္ဒိယပြည်၊ အင်္ဂလန်နှင့် အမေရိကန်တွင် နေထိုင်ခဲ့သည်။ အိန္ဒိယပြည်၌

ရှိစဉ်တွင် သီရိလင်္ကာ (သီဟိုဠ်ကျွန်း)သား ဗုဒ္ဓဘာသာခေါင်းဆောင် ဓမ္မပါလနှင့်အတူ တွဲဖက်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မဟာဗောဓိဂျာနယ်တွင် ဗုဒ္ဓဘာသာ ပြန့်ပွားရေး ဆောင်းပါးများ ရေးသားခဲ့သည်။ အနောက်နိုင်ငံများတွင်လည်း ဗုဒ္ဓဘာသာ ပြန့်ပွားရေး တရားဟောခြင်း၊ စာပေရေးသားခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် ဗုဒ္ဓသာသနာပြုအဖြစ် ထင်ရှားကျော်စောသူ ဖြစ်သည်။

အထူးသဖြင့် ပန်းချီပညာတွင် ကမ္ဘာကျော်သူဖြစ်သည်။ ထို့ကြောင့် ဆရာပါရဂူက ရိုအာရစ်ချ်အား 'ပုတီးတစ်ဖက်၊ စုတ်တံတစ်ဖက်' ခေါင်းစဉ်ဖြင့် သူ့အကြောင်း ဆောင်းပါးများ ရေးပူးသည်။ သူ၏ ပန်းချီများမှာ စုတ်ချက်သာမက အကြောင်းအရာပါ ထူးခြားလှသည်။

ပန်းချီကား ရာကျော် ရေးဆွဲခဲ့သည့်အနက် ပထမကမ္ဘာစစ်ကြီး မဖြစ်မီ စစ်ကြောင့် ပေါ်ပေါက်လာမည့် အနိဋ္ဌာရုံကို သူ၏ မနောအာရုံတွင် ထင်ဟပ်လာသည့်အတိုင်း ရေးဆွဲခဲ့ရာ စစ်ကြီးပြီးသွားသောအခါ သူရေးဆွဲခဲ့သော အနိဋ္ဌာရုံအတိုင်း ဖြစ်ပေါ်လာ၍ အနာဂတ်ကို ကြိုမြင်နိုင်သူ ပန်းချီဆရာအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုခဲ့သည်။

အထူးခြားဆုံးနှင့် အကျော်ကြားဆုံး ပန်းချီကားမှာ 'တမန်တော်' ဟူသော ပန်းချီကား ဖြစ်သည်။ ပါရမီဆက်ရှိသူ သာဝကတစ်ဦးထံ ဆရာရှင်များက စေလွှတ်လိုက်သော တမန်တစ်ဦး လာရောက်ပြီး သတင်းစကား ပြောကြားနေပုံဖြစ်သည်။ ဤပန်းချီကားက ပြဆိုနေသည်မှာ ရိုအာရစ်ချ်သည် ဆရာရှင်တို့၏ အန္တေဝါသိက တပည့်တစ်ဦးဖြစ်သည်။ ထို့ကြောင့် ဆရာရှင်တို့က မိမိတပည့် သာဝကကို ဆက်သွယ်ညွှန်ကြားပုံကို သိရှိနိုင်ခြင်း ဖြစ်သည် ဟူသော အချက်ပင်ဖြစ်သည်။

ရိုအာရစ်ချ်သည် သူကိုယ်တိုင်လည်း ရှမ်ဗဲလား ဆရာရှင်တို့၏ တမန်တော်အဖြစ် ၁၉၂၆ ခုနှစ်တွင် ရှရှပြည်သို့သွား၍ ဆရာရှင်တို့၏ သဝဏ်လွှာကို ပညာရေးဝန်ကြီးထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် လီနင် ကွယ်လွန်သွားပြီဖြစ်သော်လည်း လီနင်၏ ရှရှပြည်သူများအား အလုပ်အကျွေးပြုခဲ့သည်ကို ချီးကျူးဂုဏ်ပြုခြင်းဖြစ်သည်။ ထို့အပြင် ရှမ်ဗဲလားမှ သိမ်ဝင်မြေမှုန့်များကိုလည်း လီနင်၏သချိုင်းဂူတွင် ဖြူးရန် ပေးလိုက်ခြင်းဖြစ်သည်။ အထူးခြားဆုံးမှာ လီနင်ထံ လိပ်စာတပ်ရာတွင် 'ဆရာရှင်လီနင်'ဟု နိဒါန်းချီထားခြင်းပင် ဖြစ်သည်။

နောင်သောအခါတွင် သမ္မတဖြစ်လာမည့် ရုစဗဲ့၊ ဝေါလေ့စ်တို့နှင့်အတူ ငြိမ်းချမ်းရေး အောင်လံအဖွဲ့ဖွဲ့စည်းရန် ဆောင်ရွက်ခဲ့သည်။ နိုင်ငံအချင်းချင်းလေးစားရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံပညာရပ်များ ဖလှယ်ရေးကို ရည်ရွယ်ခြင်းဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် တတိယအကြိမ် အဖွဲ့ကြီး၏ ညီလာခံကို ကျင်းပရာ နိုင်ငံ ၂၁ နိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။

ဓနိုးဖြစ်သူ ဟယ်လင်နာရိုအာရစ်ချ်သည် ခင်ပွန်းဖြစ်သူအား တစ်တပ်တစ်အား ကူညီထောက်ပံ့ရုံသာမက ဂန္ဓာရီပညာတွင် ခင်ပွန်းထက် ထူးချွန်အဆင့်မြင့်သူဖြစ်သည်။

ဆရာရှင် မောရီယ၏ ညွှန်ကြားချက်ဖြင့် Agni Yoga ခေါ် 'တေဇောယောဂ' ကျင့်စဉ်ကို ထူထောင်ခဲ့သူဖြစ်သည်။ ရိအာရစ်ချ်တို့ ဇနီးမောင်နှံသည် ရုရှမှ အပြန်တွင် ဆိုက်ဗေးရီးယား၊ မွန်ဂိုလီးယားမှတစ်ဆင့် ရှမ်ဗဲလား သို့ ၁၉၂၈ ခုနှစ်တွင် ရောက်ရှိခဲ့ကြသည်။

ဒေးဗစ်နီးလ်

ပြင်သစ်သူ ဒေးဗစ်နီးလ်သည် အိမ်ထောင်မပြု၊ အပျိုကြီးဘဝဖြင့် ဗုဒ္ဓဘာသာ ကျမ်းဂန်များကို လေ့လာရန် ဗုဒ္ဓဘာသာ သာသနာပြုနေရာမှ အရှေ့တိုင်းသို့ ဂန္ဓာရီပညာများကို လေ့လာရန် ခရီးထွက်ခဲ့သည်။ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ (သီဟိုဠ်)၊ တရုတ်ပြည်များကို လှည့်လည်ခဲ့ပြီးနောက် မိမိတစ်ဦးတည်း တိဗက်သို့ စွန့်စားခရီးထွက်ခဲ့သည်။ နှစ်ဆယ်ရာစုအစောပိုင်းတွင် အမျိုးသမီးငယ်တစ်ဦး တိဗက်သို့ ခရီးထွက်ရာတွင် မည်မျှ စွန့်စားရမည်ကို တွေးကြည့်နိုင်သည်။ တိဗက်ရောက်သောအခါတွင်လည်း တိဗက်ကျောင်းထိုင် လားမားဇ၏ တရားကို တင်းတိမ်ခြင်းမရှိရာ တိဗက်ပြည်တွင် တောရဆောက်တည်ပြီး တရားရှာသည်။

ကိုယ့်တဲကျောင်းကို မိမိဘာသာ ဆောက်ပြီး တရားရှာသည်။ တရားအားထုတ်သည်။ တစ်နေ့တွင် ဆရာရှင်တစ်ပါးနှင့် တွေ့ဆုံရာမှ ပေါလ်ဘရင်တန်ကဲ့သို့ပင် တရားပေါက်သွားသည်။ တိဗက်လားမားများပင် မသိနိုင်သော၊ နားမလည်နိုင်သော ရုပ်နာမ်သဘာဝများ၊ ဈာန်တန်ခိုးများကို သိရှိနားလည် ပေါက်ရောက်သည်။ တစ်ကိုယ်တည်း တောရဆောက်တည်ရာတွင် ထင်းခွေ၊ ရေခပ် အကူအညီရရန်အတွက် တိဗက်တစ်ဦးကို ဈာန်စိတ်ဖြင့် ဖန်တီးပြီး လေးငါးနှစ် အကူအညီယူရသည်။

တိဗက်မှ အန္တေဝါသိက တရားများ၊ ဂန္ဓာရီတရားများကို ၁၀ နှစ်ကျော်မျှ လေ့လာပြီးနောက် ပြင်သစ်ပြည်သို့ ပြန်ရောက်သည့်အချိန်မှစ၍ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများကို သေတစ်ပန်သက်တစ်ဆုံး ဆောင်ရွက်သွားသည်။ သဒ္ဓမ္မသူတော်စင်အဖွဲ့၏ စည်းကမ်းချက်အရ မိမိလူမျိုးနှင့် မိမိဘာသာအကျိုးကို ထမ်းဆောင်ရန်ဖြစ်သည့်အတိုင်း ဒေးဗစ်နီးလ်သည် လိုက်နာဆောင်ရွက်ဟန်တူသည်။

၁၉၆၅ ခုနှစ် ဘဝတစ်ပါးသို့ ပြောင်းသွားသည်။ ဒေးဗစ်နီးလ် ကွယ်လွန်သွားသော်လည်း ဒေးဗစ်နီးလ်၏ သာသနာပြုလုပ်ငန်းများကို မွေးစားသား တိဗက်လားမား ယွန်ဒန်က အင်္ဂလန်တွင် ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ဂိုဗင်ဒါ

ဒေးဗစ်နီးလ်ကဲ့သို့ အရှေ့တိုင်းသို့ ဆရာရှာထွက်လာရင်း ဆရာရှင်တို့နှင့် ဆုံစည်းသွားသော သာဝကတစ်ဦးမှာ ဂျာမန်လူမျိုး အနာဂါရိက ဂိုဗင်ဒါ ဖြစ်သည်။ အနာဂါရိက ဂိုဗင်ဒါသည် သီရိလင်္ကာတွင် ဗုဒ္ဓဘာသာအဖြစ်ခံယူပြီး သင်္ကြိတ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည်။ သူသည် ကျောင်းဆရာ၊ သုတေသီ၊ ပန်းချီပညာရှင် ဖြစ်

သော်လည်း ဗုဒ္ဓဘာသာ သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

သို့ရာတွင် မိမိလေ့လာပြီးသမျှနှင့် မတင်းတိမ်နိုင်သော ဂိုဗင်ဒါသည် တိဗက်သို့ အရောက်သွားကာ ဂန္ဓာရီပညာများကို လေ့လာသည်။ ၁၂ နှစ်ခန့် ဈာန်ပညာနှင့် ဂန္ဓာရီပညာရပ်များကို လေ့လာပြီးလျှင် အိန္ဒိယသို့ ပြန်လာသည်။ နောက် ဂျာမနီ၊ အင်္ဂလန်တို့တွင် လှည့်လည်နေထိုင်ရင်း ၁၉၈၃ ခုနှစ်တွင် ကွယ်လွန်သည်။ သူ၏ အကျော်ကြားဆုံးကျမ်းမှာ 'တိဗက်ဂန္ဓာရီပညာအခြေခံ' ဖြစ်ပြီးလျှင် အကြိမ်ကြိမ် ပုံနှိပ်နေရသော ကျမ်းဖြစ်သည်။

အောက်စဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ အီဗင်ဝင့်ဇ်သည်လည်း ဂိုဗင်ဒါကဲ့သို့ပင် တိဗက် လာဒတ်သို့ သွားရောက်လေ့လာပြီး 'တိဗက်မရဏ' ကျမ်းကို ဘာသာပြန်ခဲ့သူ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ချိန်တွင် ဟိမဝန္တာတွင်တရား‌ရိပ်သာ တည်ဆောက်ပြီး တရား‌ကျင့်လိုသူများအား ကူညီရန်ဖြစ်သည်။ သို့သော် ကမ္ဘာစစ်ကြောင့် အိန္ဒိယသို့ သွား‌ရန် မဖြစ်နိုင်တော့ရာ သူ၏ တရား‌ရိပ်သာကို ဂိုဗင်ဒါလား‌မား‌အား လွှဲအပ်လိုက်ရသည်။

အီဗင်ဝင့်ဇ်သည် တောင်အမေရိကရှိ ဟိုတယ်တစ်ခုတွင် နှစ်ရှည်လများ တည်း‌ခိုပြီး တရား‌အား‌ထုတ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း‌ကပင် ကွယ်လွန်သွား‌ရှာသည်။

ကမ္ဘာပေါ်တွင် ဆရာရှာသူများ၊ ပညာရှာသူများ ပေါများ‌ပါ၏။ သို့သော် ရှမ်ဗဲလား‌သဒ္ဓမ္မသူတော်စင်အဖွဲ့မှ ဆရာရှင်များ‌ထဲ တပည့်ခံခွင့်ရသောသူကား ရှား‌လှ၏။

အထက်ပါ ပုဂ္ဂိုလ်တို့သည် ဆရာရှင်များ‌ထဲတွင် အနွှေဝါသိက ဂန္ဓာရီပညာရပ်ကို လေ့လာခွင့်ရသည်မှာ ကံထူး‌သည်ဟု ဆို‌ရမည်ထက် မိမိကိုယ်ကျိုး‌စွန့်၍ လူ့လောက အကျိုး‌ကို ဆောင်‌ရမည် ဟူသော သဒ္ဓမ္မသူတော်စင်တို့၏ စည်း‌ကမ်း‌ချက်ဖြင့် ကိုက်ညီသော ပါရမီရှင်များ‌ဟုသာ ဆို‌ရပေမည်။



ရှမ်ဗဲလား‌တမန်တော်

ရှမ်ဗဲလား တမန်တော် ဆိုသူမှာ တခြား‌သူမဟုတ်၊ ယခင်လ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း‌တွင် ရှမ်ဗဲလား‌သို့ ရောက်ခဲ့ဖူး‌သူ၊ ရှမ်ဗဲလား ဆရာရှင်များ‌ထဲ တပည့်ခံဖူး‌သူ ဂျီး‌အကြောင်း အကျဉ်း‌ဖော်ပြရာတွင် ပါဝင်သောရှိ‌းရစ်ချီ ဖြစ်သည်။ အမည်မှန်မှာ ရိုအာရစ် မဟုတ်ဘဲ ရှိ‌းရစ်ချီသာ ဖြစ်သည်။

ယခုရေးမည့် အကြောင်းအရာသည် ရိုးရစ်ချိသည် ရှမ်ဗဟလားမှ စေလွတ်လိုက်သော တမန်တော် တာဝန် ထမ်းဆောင်ပုံဖြစ်သည်။ သို့သော် လွန်ခဲ့သော ၁၀ နှစ်ခန့်က ဆရာပါရဂူက မဂ္ဂဇင်း တစ်စောင်တွင် 'စိပ်ပုတီးနှင့် စုတ်တံ' ဟူသော ခေါင်းစဉ်ဖြင့် ရိုးရစ်ချ အကြောင်း ရေးခဲ့သည်မှအပ ရိုးရစ်ချ အကြောင်း ရေးသားခြင်း၊ ညွှန်းခြင်းများ မတွေ့ရချေ။



ပါမောက္ခ ရိုးရစ်ချ

ထို့ကြောင့် ရိုးရစ်ချိသည် ဗုဒ္ဓဘာသာသာသနာပြုပင် ဖြစ်သော်လည်း မြန်မာဗုဒ္ဓဘာသာများနှင့် အနည်းငယ် စိမ်းနေသည်။ ထို့ကြောင့် ရိုးရစ်ချ၏ ဘဝဖြစ်စဉ်နှင့် သူ၏ အနုပညာ အရည်အသွေး တို့ကို တမန်တော်၏ နောက်ခံကားအဖြစ် သိထားရန် လိုသည်။

ရိုးရစ်ချ သည် ၁၈၇၄ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် စိန်ပီတာစဘတ် (နောင် အခါလီနင်ဂရက်) တွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူသည် ရှေ့နေတစ်ဦးဖြစ်သဖြင့် မိဘအလိုက္ခ ဥပဒေပညာများကို တက္ကသိုလ်တွင် သင်ကြားခဲ့ပြီး မိမိဝါသနာပါသော ပန်းချီအနုပညာကိုလည်း တစ်ပြိုင်နက် သင်ကြားခဲ့သည်။ ပညာသင်နေဆဲ အသက် ၁၆ နှစ် တွင် ပန်းချီ စတင်ရေးဆွဲပြီး ဆောင်းပါးများကို စတင်ရေးရာ အသက် ၂၅ နှစ်တွင် ဥပဒေပညာနှင့် ပန်းချီအနုပညာတွဲ့ နှစ်မျိုးစလုံးကို ရရှိခဲ့သည်။

သူသည် အရွယ်ငယ်စဉ်ကပင် အိပ်မက်ထူးများ၊ စင်းသော အိပ်မက်များကို မက်သည်။ အတိတ်နိမိတ်ပေးသော အိပ်မက်များ မက်သည်။ အလိုလိုသိသောဉာဏ်မျိုး ရသူ ဖြစ်သည်။

တစ်ကြိမ်တွင် ညတစ်ညတွင် ဝတ်ရုံဖြူ ဝတ်ဆင်ထားပြီး ခန့်ညားတည်ကြည်သော ပုဂ္ဂိုလ်တစ်ဦးက သူ့ထံ ဖြန်းခနဲ ပေါ်လာပြီးနောက် သူ့အား နှုတ်ဆက် ထိတွေ့သည်ကို မှတ်မိသည်။ ပုဂ္ဂိုလ်၏ မျက်နှာကို မမြင်ရသော်လည်း ထိုပုဂ္ဂိုလ်၏ အေးချမ်းတည်ငြိမ်မှု အရိုန်အဟုန်ကိုမူ သိသာစွာ ခံစားရသည်။

နောင်အခါတွင် ရှမ်ဗဟလားမှ ဆရာရှင်တစ်ပါးဖြစ်သော မောရိယနှင့် ဆက်သွယ်မိပြီး ရှမ်ဗဟလားမှ တမန်တော်ဘဝကို ရောက်သွားသည်ကိုထောက်သော် ငယ်စဉ်က တွေ့ကြုံခဲ့ရသော ပုဂ္ဂိုလ်မှာ ဆရာရှင် မောရိယပင် ဖြစ်ပေမည်ဟု ခန့်မှန်းရသည်။

ပညာသင်ကြားမှုများ ပြီးဆုံးသွားသောအခါတွင် အနုပညာကျောင်းတွင် ပါမောက္ခ တာဝန် ထမ်းဆောင်သည်။ နောင်အခါတွင် ဒါရိုက်တာအဖြစ် ထမ်းဆောင်ရင်း ပန်းချီကားများကိုလည်း အဆက်မပြတ် ရေးဆွဲသည်။ ၁၈၉၇ ခုနှစ်၊ သူ့အသက် ၂၃ နှစ်တွင် ပန်းချီကား လေးကားကို ပထမဆုံး ပြပွဲတွင် တင်သွင်းရာ နာမည်ကျော် 'တမန်တော်' ဟူသော ပန်းချီကား ပါဝင်သည်။

ထိုစဉ်ကပင် တမန်တော် ပန်းချီကားကို ရှုရှု ပန်းချီပညာရှင်များက လေးစားချီးကျူးကြသည်။ တစ်မူထူးခြားသော ပန်းချီကားဖြစ်ကြောင်း အသိအမှတ်ပြုကြသည်။

ပန်းချီကားများကို တဖြည်းဖြည်းနှင့် အဆက်မပြတ် ရေးဆွဲလာ၍ မော်စကို၊ ပြင်သစ်၊ အီတလီ၊ အမေရိကန်နှင့် အိန္ဒိယပြည်တို့တွင် ပြပွဲကျင်းပ ပြသခဲ့သည်။ စောစောပိုင်းက ပန်းချီကားများသည် ရှုရှု ရှုမျှော်ခင်းများ ဖြစ်သော်လည်း နောင်အခါတွင် အိန္ဒိယ၊ အမေရိကန်နှင့် အခြားတိုင်းပြည်များမှ ရှုခင်းများဖြစ်သည်။

နောက်ဆုံးတွင်ကား ရှမ်ဗဲလားမှ တမန်တော်အဖြစ်ဖြင့် ရှုရှုသို့ ခရီးထွက်ရသော အခါတွင် တီဗက်၊ လဒတ်၊ ဆစ်ကင်၊ တရုတ်၊ မွန်ဂိုလီးယား ရှုခင်းများ၊ အာရှအလယ်ပိုင်းမှ ဗုဒ္ဓဘာသာ ကျောင်းကန်ဧရပ်များနှင့် တီဗက် ဟိမဝန္တာနှင့် ပတ်သက်သော ပန်းချီကား ၅၀၀ ကျော် ရေးဆွဲခဲ့သည်။

တီဗက်နှင့် ဟိမဝန္တာ မြောက်ခြမ်းသည် ထိုစဉ်က အလွန် အရောက်အပေါက် နည်းခဲ့သော နေရာဖြစ်သည်။ ထို့ကြောင့် ရိုးရစ်ချ၏ တီဗက်နှင့် ဟိမဝန္တာမြောက်ခြမ်း ပန်းချီကားများသည် ကမ္ဘာပေါ်တွင် ပထမဆုံးသော ဟိမဝန္တာ ပန်းချီကားဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များတွင် ပန်းချီကားပြပွဲများပြုလုပ်တိုင်း အောင်မြင်မှုရသည်။ မင်းစိုးရာဇာများ၊ ချမ်းသာကြွယ်ဝသူများက ရိုးရစ်ချ၏ ပန်းချီကားများကို သိမ်းကျုံးဝယ်ယူကြသည်။

ထိုစဉ်က နိုင်ငံခြားပန်းချီ ဝေဖန်ရေးဆရာများကလည်း ရိုးရစ်ချကို ဝိုင်းဝန်းချီးကျူးကြသည်။ စင်စစ်အားဖြင့် ရိုးရစ်ချသည် ပေါ်ပေါက်ခဲ့ပြီးသော ပန်းချီဟန်များနှင့် တစ်မူခြား၍ လမ်းခွဲထွက်လာသော ပန်းချီဟန်ဖြစ်သည်။

ရိုးရစ်ချ၏ အရင်ရှိခဲ့သောပန်းချီဟန်မှာ Realism ဖြစ်သည်။ ရိုးရစ်ချက အကောင်အထည် ဒြပ်ဖြင့် တကယ်မရှိသော နာမ်လောကမှ အကြောင်းအရာကို သရုပ်ဖော် Realism နည်းဖြင့် ရေးဆွဲပြီး ဂန္ဓာရီအမြင်ပါ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဤသည်ပင် ပန်းချီရေးဆွဲဟန်တွင် မူသစ်တစ်ရပ် ဖြစ်လာသည်။

ထို့အပြင် ရိုးရစ်ချ၏ အရောင်အသွေး ရေးခြယ်ရာတွင် ရဲရင့်သူဖြစ်သည်။ မြင်းကို အပြာရောင်ဖြင့် ရေးခြယ်သည်။ တောင်ကို အနီရောင်ခြင့် ရေးခြယ်တတ်သည်။ အဆောက်အအုံများကို ရောင်စုံခြယ်တတ်သည်။ အရောင်တွေကို သဟဇာတဖြစ်အောင် ကစားတတ်သည်။ အရောင်ဖြင့် ပြုစားနိုင်သူ ပညာရှင်ဖြစ်သည်။

မူသစ်ထွင်သော ရိုးရစ်ချ ရေးဟန်ကို ဘဝင်မကျနိုင်သူများကပင် ရိုးရစ်ချ၏

အရောင်ပြုစား:မှုကို တအံ့တသြ လက်ခံကြသည်။ အရောင်အသွေး ရွေးချယ် တင်ပြရာတွင် ပါရဂူမြောက်ပါပေသည် ဟု ဝန်ခံကြရသည်။



တမန်တော်

ရိုးရစ်ချ၏ လက်ရာသည် ဂေါဂင်တို့၊ ဗင်ဂို့ရှ်တို့ သြစာမကင်းသော်လည်း သူ့.မူနှင့်သူ ဖြစ်သည်။ ရှိပြီးသား ပန်းချီဂိုဏ်းတွေနှင့် လုံးဝမတူ၊ ပန်းချီ ဝေဖန်ရေး ပညာရှင် တစ်ဦး ကမူ

'သူ့.ပန်းချီကားတွေကို ကြည့်မိရင် ဘာဝနာပွားချင်လာတယ်၊ အိပ်မက်မက်နေသလိုလဲ ခံစား:ရတယ်၊ ပီတိမျက်ရည်တွေ ကျချင်လာသလို ခံစား:ရတယ်'

ဟု ဝေဖန်သည်။

၁၉၆၁ ခုနှစ်၊ ပြီလမှာ အာကာသထဲရောက်နေသော ဂါဂါရင်က အာကာသမှ သူမြင်ရသော ရှုခင်း:ကို ဤသို့ မှတ်တမ်း:တင်ထား:သည်။

'ကမ္ဘာမြေထက်ဝန်း:ကျင်က ရောင်ခြည်တွေ ဖြာထွက်နေတယ်။ မိုး:ကုပ်စက်ဝိုင်း:ဟာလည်း လိမ္မော်ရောင်တောက်နေတယ်။ နောက်တော့ အရောင်တွေဟာ တဖြည်း:ဖြည်း:နဲ့ အား:လုံး:ဟာ သက်တန့်ရောင် ဖြစ်သွား:တယ်၊ အပြာနုကနေ အပြာရင့်၊ ခရမ်း:ရောင်ကနေ အနက်ရောင်၊ ဒီအရောင်တွေရဲ့ အလှကို ပြောမပြတတ်ဘူး၊ ရိုးရစ်ချ်ရဲ့ ပန်းချီကား:ကို ကြည့်ရသလိုပါပဲ။'

အထား:အသို ခေါ်သော Composition တွင်လည်း ရိုး:ရစ်ချိသည် ထက်မြက်ထူးချွန်သူဖြစ်သည်။ ဟိမဝန္တာ ဟူသောကား:တွင် တောင်စဉ်တောင်ကြောများ: အထပ်ထပ် ရှိနေပုံနှင့် တောင်စောင်း:တွင်ရှိသော ဘုရား:ကျောင်း:ကန်များ:ကို တင်ပြရာမှာ ဟိမဝန္တာတောင်ရဲ့ မြင်မား:ပုံ၊ ကြီး:ကျယ်ခန့်ညား:ပုံကို အထား:အသိုပညာဖြင့် တင်ပြထား:သည်။

ရိုး:ရစ်ချိ၏ အဆန်း:ကြယ်ဆုံး:သော ပညာမှာ Abstract တို့ Serealism မပေါ်မီကပင် သဘာဝလွန် သင်္ကေတ စုတ်ချက်များ:ကို ကား:တိုင်း:လိုလိုပင် ရေး:ခြယ်ပြခြင်း: ဖြစ်သည်။ ဤအချက်သည်ပင် ဂန္ဓာရီဆန်ပြီး ပညာရှင်များ:က ချီး:ကျူး:ကြခြင်း:ဖြစ်သည်။

သူရေး:ဆွဲခဲ့သော ပန်း:ချီကား: ၇၀၀၀ အနက် တမန်တော် အမည်ရှိ ပန်း:ချီကား:မှာ အကျော်ကြား:ဆုံး:ဖြစ်သည်။ သူတော်စင် ဆရာရှင်တို့က ပါရမီဆက်ရှိသူထံသို့ တမန်တော်တစ်ဦး:ကို စေလွှတ်လိုက်ပုံဖြစ်သည်။

အခန်း:နံရံ၌ ရေး:ခြယ်ထား:သော အရောင်များ:မှာ တစ်ခုနှင့်တစ်ခု မတူဘဲ ပေါ်လွင်သော Contrast အရောင်များ:ဖြစ်သည်။ အဆောက်အအုံအတွင်း:မှ တံခါး:ဖွင့် ကြိုဆိုနေသူမှာ အဆောက်အအုံအတွင်း:ဖြစ်၍ အနည်း:ငယ် မှောင်နေသည်။ တခါး:ဝတွင် တမန်တော်က ရပ်ပြီး ဗုဒ္ဓဘာသာ (တရုတ်၊ တိဗက်)တို့၏ ထုံး:စံအရ ဗုဒ္ဓမြတ်စွာဟု အဓိပ္ပာယ်ထွက်သော 'အိုမိတုဗု'ဟု နှုတ်ဆက်ပြီး ညာဘက်လက်ဖြင့် လက်အုပ်ချိသော အဋ္ဌာလိမုဒြာဖြင့် နှုတ်ဆက်နေပုံဖြစ်သည်။

တမန်တော်နှင့် တမန်တော်၏ နောက်ဘက်တွင် ရေခဲများ: ဖုံး:လွှမ်း:နေသော တောင်ကြောကြီး:ရှိသည်။ ယင်း:တောင်ကြောသည် ခပ်မှောင်မှောင် အခန်း:တွင်သို့ အလင်း:ဓာတ်များ: ဟပ်နေသဲ့သည်။ တစ်နည်း:အား:ဖြင့် အလင်း:ဓာတ်ကို သယ်ဆောင်လာသော တမန်တော်ကို အလင်း:ဓာတ်ဖြင့် အသား:ပေး: ဖော်ပြခြင်း:ဖြစ်သည်။ နောင်အခါတွင် ရှေ့အမျိုး:သမီး: ဂန္ဓာရီပညာရှင် ဗလာဗက်စကီ၏ 'အန္တေဝါသိက ဓမ္မ' ဟူသော ကျမ်း:ကို ရုရှဘာသာသို့ ပြန်သည်။

ထို့ပြင် ရိုး:ရစ်ချိနှင့် ဗလာဘက်စကီတို့၏ ဥပဇ္ဈာယ်ဆရာသည် ဆရာရှင် မောရိယတစ်ဦး:တည်း:ပင်ဖြစ်သည်။ ထို့ကြောင့် နောင် ၂၇ နှစ်အကြာတွင် ဗလာဗက်စကီကို ရှမ်ဗလား: တမန်တော်အဖြစ် ရည်ညွှန်း:ပြီး: ပြန်လည်ရေး:ဆွဲထား:သော တမန်တော် ပန်း:ချီကား:ကို ဗလာဗက်စကီ တည်ထောင်ခဲ့သော အိန္ဒိယပြည်ရှိ သီအိုဆိုဖီအသင်း:သို့ လှူဒါန်း:ခဲ့သည်။ ရိုး:ရစ်ချိ၏ ပန်း:ချီကား:အကြောင်: ရေး:သား:ရလျှင် စာတစ်အုပ်ပင် ဖြစ်နိုင်သောကြောင့် ဤမျှနှင့်ပင် ဇက်သတ်လိုက်ရတော့သည်။

သာသနာပြု ဂိုရုစ်ချို

ရိုး:ရစ်ချိ၏ နောက်ပိုင်: ရေး:ဆွဲသော ပန်း:ချီကား:များသည် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော ကား:များဖြစ်သည်။ တိဗက်၊ လဒတ်၊ ဆစ်ကင်၊ တရုတ်နှင့် မွန်ဂိုလီး:ယား:ရှိ ကျောင်း:ကန်ဘုရား:၊ ရုပ်တု၊ ရုပ်ပွား:စေတီများ:၊ သူတော်စင်များ:ကိုသာ အများ:အား:ဖြင့်



ဟီမဝန္တာ

ရေးဆွဲသည်။ ထိုကားများမှာလည်း ကမ္ဘာကျော်ကားများဖြစ်ရာ တစ်ကမ္ဘာလုံးသို့ ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာအောင်၊ အာရုံညွတ်လာအောင် ဆွဲဆောင်နိုင်ခဲ့သည်။

ထိုစဉ်က အိန္ဒိယပြည်တွင် မူရင်း ဗုဒ္ဓဘာသာ တိမ်ကောကာ ဗုဒ္ဓဘာသာဝင်များမှာလည်း ရေနည်းငါးလို ဖြစ်လာသည်။ ထိုစဉ်တွင် သီဟိုဠ် (သီရိလင်္ကာ)တွင် ဓမ္မပါလ ပေါ်ပေါက်လာပြီး အိန္ဒိယပြည်ရှိ ဗုဒ္ဓဘာသာဝင်များကို စည်းလုံးရန် အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာ ပြန်လည်အသက်သွင်းပေးရန် ရည်ရွယ်ချက်ဖြင့် မဟာဗောဓိအသင်းကို တည်ထောင်သည်။ သီအိုဆိုဖီအသင်းဥက္ကဋ္ဌ ကာနယ်အောလ်ကော့နှင့် တွဲဖက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မဟာဗောဓိအသင်း၏ ကြွေးကြော်သံလည်းဖြစ်၊ စည်းရုံးရေး လက်နက်လည်းဖြစ်သော မဟာဗောဓိဂျာနယ်တွင် ရိုးရစ်ချသည် အခွင့်သင့်တိုင်း ဆောင်းပါးများ ရေးသားခဲ့သည်။

မဟာဗောဓိဂျာနယ်၊ မဟာဗောဓိအသင်းနှင့် ရင်းနှီးဆက်သွယ်ခဲ့သည်။ ထိုစဉ်က ဗုဒ္ဓဘာသာ ပြန်လည်ရှင်သန်ရေးအတွက် မဟာဗောဓိအသင်းကို သီအိုဆိုဖီအသင်းနှင့် ရိုးရစ်ချတို့သည် အမြဲ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရိုးရစ်ချ အမေရိကန်တွင် နေထိုင်စဉ်အတွင်း သူ၏ ရိုးရစ်ချပြတိုက်တွင် ဗုဒ္ဓကျမ်းစာ စာကြည့်တိုက် ဖွင့်လှစ်ခဲ့သည်။ ထိုပြတိုက်၊ စာကြည့်တိုက်ကို ၁၉၂၉ ခုနှစ်တွင် အသစ်တစ်ဖန် ပြန်လည်ဖွင့်လှစ်ခဲ့ရာ အမေရိကန်မှ ထင်ရှားသောပုဂ္ဂိုလ်များနှင့် နိုင်ငံခြားမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ယင်းအဆောက်အအုံ၌ပင် မဟာဗောဓိအသင်း

အစည်းအဝေးများ ကျင်းပခဲ့သည်။ တစ်နည်းအားဖြင့် အမေရိကန်တွင် ဗုဒ္ဓဘာသာအခြေချရန်အတွက် အုတ်မြစ်ချခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

၁၉၃၀ တွင် ရှမ်ဗဲလား ဟူသော စာအုပ်ကို ရိုးရစ်ချ် ရေးသားထုတ်ဝေခဲ့သည်။ ယင်း ရှမ်ဗဲလား စာအုပ်ထဲမှ 'ဘုရင့်သားတော်' ဟူသော အခန်းတစ်ခန်းကို မဟာဗောဓိကျောနယ်တွင် ထည့်သွင်းဖော်ပြသည်။ ထိုစဉ်က ဗုဒ္ဓဘာသာဝင်တို့သည် ရိုးရစ်ချ်၏ ရှမ်ဗဲလားမှ 'ဘုရင့်သားတော်' အခန်းကဏ္ဍကို ဝေဖန်ချီးကျူးကြသည်။

ရိုးရစ်၏ ရှမ်ဗဲလားစာအုပ်သည် ရှမ်ဗဲလားအကြောင်း ဖော်ပြသောစာအုပ်များအနက် ပထမဆုံး စာအုပ်ဖြစ်၍ ရှမ်ဂရိလားကို ရေးသော ဟီလ်တန်သည် ရိုးရစ်ချ်၏ ရှမ်ဗဲလား စာအုပ်ကိုဖတ်ပြီး ရေးခြင်းဖြစ်သည်ဟု မှတ်ချက်ချကြသည်။

ဦပိန်းချမ်းရေးတပန်တော်

ပထမကမ္ဘာစစ်ကြီး ဖြစ် စဉ်က လူဗိန် စကြည့်ပိဋကတ် တိုက်ကြီး စစ်ဒဏ်ကြောင့် ပျက်စီးသွားသည်။ အစားထိုးမရနိုင်သော ဗိသုကာပညာ အနုပညာလက်ရာများရှိသော ရဟိန်းစ် ဘုရားရှိခိုးကျောင်းကြီး ပျက်စီးဆုံးရှုံးသွားသည်။

တစ်သီးပုဂ္ဂလပိုင် အနု ပညာရှေးဟောင်းပစ္စည်းများ ဆုံးရှုံး မှုကလည်း မခန့်မှန်းနိုင်။ ယင်း အမှားမျိုး၊ ယင်းပျက်စီးမှုမျိုး ထပ်မံ မကြုံရအောင် အနုပညာနှင့် သိပ္ပံပညာပစ္စည်းများကို အကာအကွယ်ပေးရန် နိုင်ငံတကာ သဘောတူညီချက်ရယူရန် စီမံကိန်းကို ရိုးရစ်ချ်က ရေးဆွဲတင်ပြသည်။

နောင်အခါတွင် ပထမ ကမ္ဘာစစ်အတွင်းက ပျက်စီးဆုံးရှုံးမှု မျိုး မဖြစ်ပေါ်စေရန် ကြက်ခြေနီအလံကဲ့သို့သောအလံတစ်ခုကို နိုင်ငံအားလုံး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပြီး ယဉ်ကျေးမှုအနုပညာ အဆောက်အအုံများပေါ်တွင် ယင်းအလံကို လွှင့်ထူထားမည်။

အလံလွှင့်ထူထားသော နေရာများကို စစ်မဲ့နေရာ၊ စစ်ပြိုင်ဘက်တို့၏ ကြားနေရာ အဖြစ် နိုင်ငံအားလုံးက လေးစားရမည်ဟု ဖြစ်သည်။

ဤအကြံပြုချက်ကို ၁၉၃၀ ပြည့်တွင် အမေ ရိကန်တွင် အတည်ပြုပြီး ၁၉၃၃ တွင် ဝါရှင်တန် တွင် တတိယအကြိမ် ဦပိန်းချမ်းရေးအလံညီလာခံ ကျင်းပရာ တိုင်းပြည် ၃၅ မှ တက်ရောက်သည်။ နောင်တွင် တောင်အမေရိက ၂၂ ပြည်မှ လက်မှတ်ထိုးသည်။ ထိုအစည်း အဝေးတွင် သမ္မတ ရစဘဲ့ တက်ရောက်ပြီး ဤစာချုပ်တွင် ဖော်ပြထားသော အချက်ထက် လေးနက်သော လောကတွင်ရာသော သက်ဝင်သောအချက်များ ပါဝင်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းစာချုပ်ကို ဦပိန်းချမ်းရေးစာချုပ်ဟု အမည်တွင်ပြီး အဖြူရောင်နောက်ခံတွင် အနီရောင်စက်ဝိုင်းအတွင်း အနီစက် သုံးစက်ပါသော အလံကို ဦပိန်းချမ်းရေးအလံဟု အမည်တွင်သည်။

ရှမ်ဗဲလား တမန်တော်

ထိုစဉ်က ကမ္ဘာထိပ်တန်းတိုင်းပြည်ကြီးနှစ်ပြည်ဖြစ်သော အမေရိကန်နှင့် ရုရှတိုင်းပြည်များသို့ ရှမ်ဗဲလား အစီအစဉ်ဖြင့် စီမံကိန်းချမှတ် ဆောင်ရွက်ရန်ရှိသည်။ ယင်းစီမံကိန်းမှာ အမေရိကန်တွင် ငြိမ်းချမ်းရေးစာချုပ်နှင့် ငြိမ်းချမ်းရေးအလံ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်နှင့် ရုရှတွင် တိုင်းပြည်အကျိုးပြုသူများကို ချီးကျူးဂုဏ်ပြုခြင်းဖြင့် နောက်လိုက်များက စံနမူနာယူစေရန်ဖြစ်သည်။

ထိုစဉ်က အမေရိကန် သမ္မတ ရစဘဲ့မှာ ရိဆီကရူဆီယင် အသင်းသားဖြစ်သည်။ ရိဆီကရူဆီယင်အသင်းမှာ ရှမ်ဗဲလားဆရာ ရှင်ကုသုမိ: ဦးစီးသောအသင်း ဖြစ်သည်။

ဒုတိယသမ္မတ ဟင်နရီဝေါလေ့စ်မှာ ရိုးရစ်ချ်တို့မှတစ်ဆင့် ဆရာရှင် မောရိယ၏ သာဝက ဖြစ်သူဖြစ်သည်။ ထို့ကြောင့် အမေရိကန်တွင် ငြိမ်းချမ်းရေးစာချုပ်နှင့် ငြိမ်းချမ်းရေးအလံကို တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် ရုရှတွင် ၁၉၁၈ ခုနှစ်၊ အောက်တိုဘာတော်လှန်ရေးဖြစ်ပေါ်သောအခါ ရိုးရစ်ချ်သည် ဖင်လန်သို့ ရောက်နေသည်။ ရိုးရစ်ချ်သည် အနာဂတ်ကို မြင်နိုင်သော ပါရမီထူး၊ အလိုလိုသိနိုင်သော ဉာဏ်ထူးရှိသူဖြစ်ရာ ရုရှသို့ ပြန်သွားပါက အန္တရာယ်ဝင်တော့မည်ကိုသိ၍ ရုရှသို့ ပြန်မသွားသေးဘဲ ကမ္ဘာကို တစ်ပတ်လှည့်လိုက်သည်။

ဤသို့ ကမ္ဘာလှည့်ရင်း အိန္ဒိယပြည်မှ ရာဘင်ဒြာနတ်တဂိုးနှင့် ခင်မင်ရင်းနှီးသွားသည်။ တဂိုးက အိန္ဒိယပြည်သို့ အလည်လာရန် ဖိတ်ခေါ်သဖြင့် အိန္ဒိယပြည်သို့ ရောက်သွားရာမှ နောင်အခါတွင် အိန္ဒိယပြည်တွင် အခြေချ နေထိုင်လာခဲ့သည်။ အိန္ဒိယမြောက်ပိုင်းရှိ ကူလူတောင်ကြောတွင် ၁၉၄၇ ခုနှစ်၊ သူကွယ်လွန်သည်အထိ နေထိုင်သွားသည်။


အိန္ဒိယပြည်သို့ အခြေချနေထိုင်ခြင်းမပြုမီ ၁၉၂၃ ခုနှစ်တွင် အမေရိကန်တွင် ခေတ္တရောက်ရှိနေစဉ်အတွင်း ရုရှနှင့် ရှမ်ဗဲလားသို့ ခရီးတွက်ရန် စီစဉ်ခဲ့သည်။ အမှန်စင်စစ်အားဖြင့် ဤခရီးထွက်ရန် အစီအစဉ်မှာ ရှမ်ဗဲလားမှ ဆရာရှင်များက ချမှတ်ပေးသောတာဝန်ဖြစ်သည်။

၁၉၂၃ ခု၊ မေလတွင် အမေရိကန်မှ စတင်ထွက်လာပြီး အိန္ဒိယပြည် ဒါဂျီလင်သို့ ရောက်လာသည်။ ဒါဂျီလင်မှတစ်ဖန် ဆစ်ကင်သို့ ထွက်ခွာလာပြီး ဆစ်ကင်တွင် ၁၉၂၄ တစ်နှစ်လုံး ခရီးထွက်ရန် အစစ လိုလေသေးမရှိအောင် ပြင်ဆင်ရသည်။

ဆစ်ကင်မှ ၁၉၂၅ခု၊ မတ်လ ၆ ရက်နေ့တွင် ဆရီနဂါနှင့် ကတ်ရှ်မီးယားသို့ ဦးတည်၍ စတင်ထွက်ခွာသည်။ ကတ်ရှ်မီးယားတွင် ငါးလမျှနားပြီး လား ၈၂ကောင်နှင့် လမ်းပြများနှင့်အတူ ရှမ်ဗဲလားခရီးစတင်ထွက်လာရာ လဒတ်သို့ ဩဂုတ်လ ၂၆ ရက်နေ့ ရောက်သည်။ ယင်းမှ ဆက်လက်၍ ကာရာကော်ရန်၊ ခိုတန်၊ ကာရ်ဂါ၊ အယ်တောတောင်၊ မွန်ဂိုလီးယားသို့ ရောက်သွားသည်။ လမ်းတွင် ပေ ၁၁၀၀၀ ကျော် မြင့်မားသော တောင်တန်းများ၊ ရေခဲအမှတ်အောက် ၄၀ ဒီဂရီ အအေးဓာတ်တို့ကို ရင်ဆိုင်ကျော်လွှားရသည်။

လားထိန်း ငါးဦးနှင့် လားများ အသက်ဆုံးရှုံးခဲ့သည်။

မွန်ဂိုလီးယားသို့ ရောက်သောအခါ ရိုးရစ်ချသည် သူရေးဆွဲသော "ရှမ်ဗဲလား ကေရာဇ်" အမည်ရှိ ပန်းချီကားကို မွန်ဂိုလီးယား အစိုးရအား လက်ဆောင်ပေးသည်။ မွန်ဂိုတို့ကလည်း ဤပန်းချီကားကို အမွန်တမြတ်ပြု၍ ကျောင်းဆောင်ဆောက်လုပ်ပြီး ချိတ်ဆွဲရန် စီစဉ်ကြသည်။




ရိုးရစ်ချ၏ ရှမ်ဗဲလားခရီးစဉ်မြေပုံ

မွန်ဂိုလီးယားရှိ ရုရှသံအရာရှိမှ တစ်ဆင့် ရုရှပြည်သို့ ပြည်ဝင်ခွင့် ဗီဇာရသည်။ ရိုးရစ်ချတို့ ဇနီးမောင်နှံသည် ၁၉၂၆ ခု၊ မေလ ၂၉ ရက်နေ့တွင် ရုရှပြည်နယ်စပ် အတွင်းသို့ ဝင်ရောက်ကြပြီး ၁၉၂၆ ခု၊ ဇွန်လ ၁၃ ရက်နေ့တွင် မော်စကိုသို့ ရောက်သွားကြသည်။ (ခရီးလမ်းကြောင်းကို ပုံဖြင့် ဖော်ပြထားသည်။)

ထိုစဉ်က ရုရှပညာရေးဝန်ကြီးဖြစ်သော လူနာချာစကီးက ရိုးရစ်ချတို့အား ကြိုဆို လက်ခံကြသည်။ 'ဇိနမေတ္တေယျ' အမည်ရှိ သူ၏ ပန်းချီကားကြီးကို လူနာချာစကီသို့ လက်ဆောင်ပေးအပ်ခဲ့ရာ ယခုအချိန်ထိ ကေဂိုကိအနုပညာပြတိုက်တွင် ထားရှိလျက်ရှိသည်။ ထို့ပြင် ရှမ်ဗဲလားမှ ဆရာရှင်တို့က ပါးလိုက်သော လိနင်ထံသို့ လိပ်စာတပ်ထားသော သဝဏ်လွှာနှင့် ရှမ်ဗဲလားမှ အထိမ်းအမှတ် မြေမှုန့်တို့ကိုလည်း တမန်တော်ရိုးရစ်ချက လွှဲအပ်ပေးသည်။ ရှမ်ဗဲလားရှိ မြင့်မြတ်သော အထိမ်းအမှတ်မြေကို လိနင်၏ အုတ်ဂူပေါ်တွင် ဖြူးရန် ဖြစ်သည်။ လိနင်ထံသို့ ပေးပို့သော သဝဏ်လွှာတွင် ဂုရုဒေဝလိနင်ဟု အစချီပြီးနောက် –

'မှသာဝါဒနှင့် စွဲလမ်းယုံကြည်မှု အယူသီးသော အမွဲ့အစည်းကို သင် ဖျက်သိမ်းခြင်း၊ အငြိုးကြီးသော ဘုဇဝါလူတန်းစားကို ဖျက်ဆီးပစ်ခြင်း၊ အကျဉ်းထောင်နှင့်တူသော စာသင်ကျောင်းများကို ပိတ်ပစ်ခြင်း၊ လောဘသားတွေကို ချေမှုန်းခြင်း၊ အပုပ်နံ့ထွက်နေသော ပြည့်တန်ဆာအိမ်များကို ရှင်းလင်းပစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်သာမက လူလောက



သဝဏ်လွှာနှင့် ရှမ်ဗဲလားသိမ်ဝင်မြေမြှုတ်ကို
ဆိုဗီယက်အာဏာပိုင်တို့အား ပေးအပ်နေပုံ

တိုးတက်မှုကို ရှုမြင်လျက် ရှာရှာလုလု ကောင်းစားရေးအတွက် ဆောင်ရွက်ခဲ့သောကြောင့် သင့်အား ဂုဏ်ပြုချီးကျူးလိုက်ပါ၏' လိနင်၏ မူလရည်ရွယ်ချက်ကို ထောက်ခံခြင်းဖြစ်သည်။ နောင်အခါတွင် မူလ ရည်ရွယ်ချက်နှင့် တခြားစီ ဖြစ်လာသော အခါတွင်ကား ဆရာရှင်တို့က နောက်တက် ခေါင်းဆောင်များကို မထောက်ခံတော့ချေ။

၁၉၂၆ စက်တင်ဘာလတွင် ရိုးရစ်ချီတို့ မိသားစုသည် ရှရှပြည်မှ ပြန်လည်ထွက်ခွာလာသည်။ အပြန်လမ်းတွင် မွန်ဂိုလီးယားမှ တစ်ဆင့် နန်ရှန်တောင်တန်း၊ ယင်းမှ ဂိုဘီ သဲကန္တာရကိုဖြတ်၊ ရှမ်ဗဲလားရောက်၊ ထိုမှ တစ်ဖန် တိဗက်မှ တစ်ဆင့် အိန္ဒိယသို့ ၁၉၂၈မေလတွင် ချောမောစွာ ပြန်လည်ရောက်ရှိသည်။

ရှမ်ဗဲလားကိုဖြတ်၍ ရှရှသို့ သွားရသော ခရီးစဉ်တွင် ဇနီးဖြစ်သူ ဟယ်လင်နာနှင့်အတူ သွားကြရာ လမ်းခရီးတွင် သားနှစ်ဦးကို ဖွားမြင်သည်။ ဤမျှကြမ်းတမ်းခက်ခဲသောခရီးကို ခင်ပွန်းနှင့် ရင်ပေါင်တန်း၍ သွားခဲ့သော ဟယ်လင်နာ၏ယုံကြည်ချက်နှင့်စွန့်စားမှုကိုလည်း ရှမ်ဗဲလားမှ ဆရာရှင် များက အသိအမှတ်ပြုပြီး နောင်အခါတွင် 'တေဇောဓာတ်ယောဂအသင်း'နှင့် 'တေဇောဓာတ် ယောဂ'ကို ရေးသားရှုဆောင်လမ်းပြပြုရန် ရိုးရစ်ချီတို့မောင်နှံအား တာဝန်ပေးအပ်ခဲ့သည်။

တမန်တော်ပန်းချီကား ရေးဆွဲစဉ်က ဗလာဘက်စကီအား ရည်ညွှန်း၍ ရေးဆွဲခဲ့သည်ဟု ဆိုကြားသော်လည်း ရိုးရစ်ချီသည် မိမိ၏ ဇနီး ဟယ်လင်နာကိုပင် ရည်ညွှန်း၍ ရေးဆွဲခဲ့သလောဟု တွေးတောဖွယ်ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ ရိုးရစ်ချီတို့ ဇနီးမောင်နှံသည် ရှမ်ဗဲလားသုဒ္ဓဓမ္မ သူတော်စင်များ၏ တမန်တော်များဖြစ်သည်ကိုမူ ဂန္ဓာရီပညာရှင်များက လက်ခံယုံကြည်လျက် ရှိပေသည်။

ဂုရုဆရာ အရာထွက်သူများ ရွှမ်ဖဲလားရှာရန် ခရီးတွက်သူများ အများအပြားရှိသည်။ ယင်းမဟာဂန္ဓာရီ ခရီးသည်များသည် အီဂျစ်၊ အိန္ဒိယ၊ တိဗက်နှင့် ဂိုဘီသဲကန္တာရသို့ ခရီးဆန့်ခဲ့ကြသည်။ ဤမဟာဂန္ဓာရီ ခရီးသည်များသည် ဂန္ဓာရီပညာကို စိတ်ဝင်စားကြသဖြင့် ဂန္ဓာရီပညာ လေ့လာရန်အတွက် ခရီးဆန့်ခဲ့ကြသော သမထသမားများ ဖြစ်ကြသည်။ သို့ရာတွင် ယခုဟော်ပြမည့် မဟာဂန္ဓာရီခရီးသည်ကြီး စပဲလ်ဒင်း (B.J. Spalding) သည် သမထသမား ဂန္ဓာရီပညာရှင်မဟုတ်။ အမေရိကန်မှ သတ္တုတွင်း ပညာရှင်၊ သိပ္ပံပညာရှင် တစ်ဦးဖြစ်သည်။

၁၉ ရာစုနှစ်အတွင်းက ထွက်ပေါ်ခဲ့သော သိပ္ပံပညာရှင် နာမည်ကျော်များဖြစ်သော တယ်လီဖုန်းတီထွင်သူ ဂရေဟန်ဘဲလ်၊ လျှပ်စစ်မီးသီး တီထွင်သူ အက်ဒီဆင်၊ လျှပ်စစ် သိပ္ပံပညာရှင် ဒေါက်တာစတိန်းမတ်တို့နှင့် စပဲလ်ဒင်းသည် ခေတ်ပြိုင်ဖြစ်သည်။ ဘဲလ်၊ အက်ဒီဆင်၊ စတိန်းမတ်တို့နှင့် ရင်းနှီးသော မိတ်ဆွေလည်း ဖြစ်သည်။

စပဲလ်ဒင်းသည် ကာလကတ္တားတက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီးနောက် အမေရိကန်သို့ ပြန်ရောက်လာသည်။ အမေရိကန်တွင် ထိုစဉ်က ရှေ့ဆောင်သိပ္ပံညာရှင်များဖြစ်သော စတိန်းမတ်၊ အက်ဒီဆင်တို့နှင့် တွဲဖက်ပြီး ရုပ်နယ်လွန်သဘာဝ (Metaphysic) ကို သုတေသနပြုကြသည်။ ခရစ်တော် ဟောကြားခဲ့သော တရားအသံများကို ပြန်လည်ဖမ်းနိုင်အောင် ကြိုးစားကြသည်။ ဒေါက်တာစတိန်းမတ်သည် ကျော့ဝါရှင်တန် မိန့်ခွန်းပြောခဲ့သည်ကို ပြန်လည် ဖမ်းယူပြီး အသံထွက်ရုပ်ရှင်အဖြစ် ပြသနိုင်အောင် ရိုက်ခဲ့သူဖြစ်သည်။ ရှေးက ဖြစ်ခဲ့သော အဖြစ်အပျက်များကို ပြန်လည်ဓာတ်ပုံရိုက်နိုင်သော ကင်မရာကို တီထွင်ခဲ့သူ ဖြစ်သည်။ စတိန်းမတ်နှင့် စပဲလ်ဒင်းတို့ တွဲဖက်ပြီး လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းက ဖြစ်ပေါ်ခဲ့သော လူ့အဖွဲ့အစည်းကြီးကို ဓာတ်ပုံရိုက်နိုင်သော ကင်မရာကို တီထွင်ရန် ကြိုးစားခဲ့သူဖြစ်သည်။

ထိုအပြင် အနုမြူစွမ်းအင်များကိုလည်း လေ့လာသုတေသနပြုခဲ့သည်။ အထူးသဖြင့် (Thanatology) ခေါ် လူသေသောအခါ ရုပ်နာမ်တို့ ပြောင်းလဲသွားပုံကို သုတေသနပြုရာ လူသေလျှင် ၁၁ အောင်စခန့် အလေးချိန်လျော့သွားပြီး လူကိုယ်ထဲမှ အလင်းရောင်တန်းထွက်သွားသည်ကို လေ့လာတွေ့ရှိခဲ့သည်။

လူသည် ယာဉ်ကိုလည်းကောင်း၊ စျာန်ကိုလည်းကောင်း အသုံးမပြုဘဲ လူ့ခန္ဓာကို မိမိသွားလိုရာသို့ စေနိုင်သော သဘာဝကိုလည်း သုတေသနပြုသည်။ စပဲလ်ဒင်းကဲ့သို့ ဝါသနာတူသော သိပ္ပံပညာရှင်ကြီး ၂၆ ဦးတို့သည် အရှေ့တိုင်းရှိ ရုပ်နယ်လွန် တန်ခိုးများကို သွားရောက်လေ့လာရန် ညှိနှိုင်းကြသည်။ ယင်းသိပ္ပံပညာရှင်များသည် သမထသမား၊ ဓာတ်သမား၊ နတ်သမားများ မဟုတ်ကြ။ သက်သေအထောက်အထား မရှိလျှင် မည်သည့် အရာကိုမှ ယုံကြည်သူများ မဟုတ်ကြ။ သို့သော် ရုပ်နယ်လွန် စိတ်တန်ခိုး၊ နာမ်တန်ခိုး၊

ဝိညာဉ်တန်ခိုးကိုမူ အရမ်းပစ်ပယ်ခြင်း မပြု၊ တကယ်အမှန် ရှိမရှိကိုသာ လက်တွေ့လေ့လာလိုသူများ ဖြစ်သည်။

ထို့ကြောင့် အရှေ့တိုင်းဖြစ်သောပါရှား (ယခု အီရန်)၊အိန္ဒိယ၊ တိဗက်၊ တရုတ်နှင့် ရှမ်ဗဲလား‌သို့ သုတေသနခရီးထွက် လေ့လာရန် စီစဉ်ရာ သိပ္ပံပညာရှင် ၁၁ဦး က အဖွဲ့ဝင်းဖွဲ့ခဲ့ပြီး ၁၈၉၄ ခုတွင် ခရီးစတင်ထွက်ခဲ့ကြသည်။

ပါးရှား‌သို့ တစ်ဖွဲ့၊ အိန္ဒိယတစ်ဖွဲ့၊ တရုတ်တစ်ဖွဲ့၊ တိဗက်တစ်ဖွဲ့၊ ရှမ်ဗဲလားတစ်ဖွဲ့ ဝင်းဖွဲ့ခဲ့ သုတေသနခရီးထွက်ရာ စပဲလ်ဒင်းသည် ရှမ်ဗဲလားအဖွဲ့ဖြင့် လိုက်ပါလာသည်။ ယင်းအဖွဲ့တွင် သိပ္ပံပညာရှင် တစ်ဦးက ခေါင်းဆောင်ပြီး စပဲလ်ဒင်းမှာ သိပ္ပံပညာရှင် ခရီးသည် တစ်ဦးသာလျှင် ဖြစ်သည်။ ခရီးတွက်ရန်အတွက် အိန္ဒိယပြည်တွင် စုရပ်အဖြစ် နှစ်နှစ်ကြာအောင် လိုအပ်သော လား‌များ၊ လမ်းပြများနှင့် ရိက္ခာပစ္စည်းများကို စုဆောင်းရွာဖွေသည်။ စပဲလ်ဒင်းတို့အဖွဲ့တွင် အဖွဲ့ဝင် သိပ္ပံပညာရှင် ၁၁ဦး ပါဝင်ပြီး လမ်းပြများ၊ စကားပြန်များ၊ အလုပ်သမား‌များ၊ လား‌ထိန်းများ အပါအဝင် လူ ၃၀၀ ရှိသည်။

ထို့ကြောင့် အိန္ဒိယမြောက်ဖျား‌ရှိ ဟိုတယ်ရွာမှ ၂၂-၁၂-၁၈၉၄ နေ့တွင် ရုပ်နယ်လွန် စိတ်စွမ်းအင်များ လေ့လာရန် သုတေသနခရီး စတင်ထွက်ခဲ့သည်။ အိန္ဒိယပြည်မှ ထွက်ခါနီးတွင် မမျှော်လင့်ဘဲ အီမီဆိုသော ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ဆုံသိကျွမ်းရာမှ အီမီသည် သုတေသနအဖွဲ့နှင့်အတူ လိုက်ပါလာသည်။

ရှမ်ဗဲလား‌သို့ ထွက်ခဲ့သော သုတေသနခရီးမှာ သုံးနှစ်ခွဲကြာသည်။ ယင်းသုံးနှစ်ခွဲအတွင်း အီမီသည် စပဲလ်ဒင်းတို့အဖွဲ့နှင့် အတူလိုက်ကာ လမ်းပြအဖြစ်ဖြင့် လည်းကောင်း၊ အကြပေးပုဂ္ဂိုလ်အဖြစ်ဖြင့် လည်းကောင်း ကူညီခဲ့သည်။ အမှန်စင်စစ်အား‌ဖြင့် အီမီသည် သာမန်ပုဂ္ဂိုလ် မဟုတ်။ ရှမ်ဗဲလား‌မှ ဆရာရှင်တစ်ဦးဖြစ်ပြီးလျှင် သုတေသနခရီးသည်တို့အား ရှမ်ဗဲလား‌ရောက်သည်အတိ ကူညီစောင့်ရှောက်ရန် ရှမ်ဗဲလား‌မှ စေလွှတ်လိုက်သူ ဖြစ်သည်။

ဇူလိုင်လတွင် ဟိမဝန္တာတောင်ခြေသို့ ရောက်ပြီး ဟိမဝန္တာတောင်တန်းကို ဖြတ်ကျော်ရန် စတင်သည်။ ဩဂုတ်လတွင် အမြင့်ပေ ၁၀၉၀၀ ရှိ ဟိမဝန္တာတောင်အား‌ရောခဲအောက်ရောက်နေသော အအေး‌ဓာတ်ကို အနံ့တရင်း ဖြတ်ကျော်ရာ နှင်း‌တောထဲတွင် နေထိုင်သော အမွေး‌အမျှင်များ ဖုံးလွှမ်းနေသည့် နှင်းလူများကို တွေ့ရသည်။

ထို့နောက် ရွာတစ်ရွာသို့ ရောက်ရှိရာ ရွာသူရွာသား‌များ‌က အီမီကို ရိုသေစွာကြိုဆိုကြသည်။ အီမီ၏ သြဇာကြောင့် တည်းခိုရန်ကိစ္စများ အား‌လုံး အဆင်ပြေသည်။

နောက်ထပ် မိတ်ဆွေတစ်ဦးဖြစ်သော ဂျတ်ဆိုသူကို အီမီး‌က အကူအညီအဖြစ် ခေါ်ဆောင်လာသည်။ ယင်းရွာတွင် သုံးရက်နား‌ပြီး ရွာသား‌များနှင့် ဆွေးနွေးမေးမြန်း‌ရာ ဤရွာကွင် စိန့်ဂျွန်းသည် ၁၂ နှစ်ကြာအောင် နေထိုင်သွား‌ကြောင်း၊ စိန့်ဂျွန်းသည် သုဒ္ဓမ္မသူတော်စင်အဖွဲ့ထံ လာရောက်သူ ဆရာရှင်တစ်ပါး‌ဖြစ်ကြောင်း သိရသည်။

နောက်တစ်ရွာသို့ ခရီးဆက်သောအခါ စိန့်ဂျွန်းနှင့် ကိုယ်တိုင် တွေ့ဆုံ စကား‌ပြောခဲ့ရသည်။ စိန့်ဂျွန်း‌က သူ့အသက် အနှစ် ၁၀၀၀ ကျော်ပြီဖြစ်ကြောင်း ပြော‌ရာ

မည်သို့ ဤမျှ အသက်ရှည်နိုင်ပါသနည်းဟု မေးမြန်းသည်။

ဩန်းက -

'ငါတို့ဟာ မင်းတို့လို လူသားတွေပါပဲ၊ အထူးအဆန်းမထင်ပါနဲ့၊ ဘုရား၏တန်ခိုးကြောင့် မင်းတို့ထက် အသက်နည်းနည်း ပိုရှည်တာပါ'

ဟု ပြန်ဖြေသည်။ ဩန်းမှာ အသက် ၃၅နှစ်ရှိပြီဟု ထင်ရသည်။ ယင်းမှ ဆက်လက်၍ အိမီကလည်း သူနှင့် ဂျတ်တို့မှာ အသက် ၅၀၀ကျော်စီ ရှိကြပြီဟု ပြောသည်။ သူတို့နှစ်ဦးစလုံးမှာ အသက် ၄၀ခန့်ဟုသာ ထင်ရသည်။ နောက်ဆက်လက်ပြီး မြောက်အရပ်သို့ ဦးတည်ထွက်လာရာ ၅ရက်ခန့်ကြာသောအခါ အိမီ၏ ဇာတိရွာသို့ ရောက်ရှိလာသည်။ တစ်ရွာလုံးက ထမင်းဟင်းစားဖွယ်များနှင့် စုဝေးကြိုဆိုကြသည်။

ညနေဘက် မောင်ရီသမ်းလာသောအခါ ဘယ်နေရာမှ ထွက်ပေါ်လာမှန်းမသိရသော အလင်းရောင်များ ထွက်ပေါ်လာကာ ထိန်ထိန်ညီးလျက် ပွဲလမ်းသဘင်ကျင်းပသည့် အလား ထင်ရသည်။

ထိုစဉ်တွင် အထက်ဝန်းကျင်မှ ဂီတသံများ တစြိမ့်စြိမ့်ကြားရပြီးနောက် အလွန်သာယာသော ဂီတသံများသည် ခရီးသည်အားလုံး၏ ဝိညာဉ်အတွင်းသို့ စိမ့်ဝင်သွားသည်။ တဒင်္ဂမျှ လောကကို မေ့သွားပြီး ဂီတသံတွင် နစ်မြောသွားသည်။ ထိုစဉ်တွင် အိမ်၏ မိခင်နှင့်တကွ မိသားစုကိုးဦးသည် ဖြူန်းခနဲ ထွက်လာကြပြီး သူတို့ သယ်ဆောင်လာသော ဘူးကြီးများကို ဖွင့်ပြီး ပေါင်မုန့်များကို ဝေငှစားလိုက်ကြသည်မှာ ဖောခြင်း သောခြင်းပင်။

စားသောက်ပြီးသောအခါ အိမီ၏ မိခင်က မေတ္တာဆိုတာ အမြင့်မြတ်ဆုံးပဲ၊ မေတ္တာဟာ ထာဝရတည်ရှိပြီး မကုန်ဆုံးနိုင်သောဂုဏ်တော်ရှိတယ်၊ ဒီမေတ္တာရဲ့ တန်ခိုးတော်ကြောင့် ဒီစားရေရိက္ခာတွေ ရတာပဲဟု ပြောကြားသည်။ တစ်ဖန် ဂီတသံများ တငြိမ့်ငြိမ့် ထွက်ပေါ်လာပြန်သည်။ ဤရွာမှ ထွက်ကတည်းက လမ်းခရီး စခန်းတစ်လျှောက်မှာ ရိက္ခာတွေ အချိန်တန်လျှင် အသင့်ရောက်လာကြသည်။ အပိုမရှိ လိုသလောက် ရောက်လာကြသည်။ ဤရွာသည် အိမီ၏ ဇာတိရွာဖြစ်သည့်အတိုင်း တစ်ရွာလုံး အိမီ ဆွေမျိုးသားချင်းများ ဖြစ်ကြသည်။ တစ်ရွာလုံးသည် ဆရာရှင်တို့၏ ဒေသနာအတိုင်း နေထိုင်လုပ်ကိုင်စားသောက်ကြသည်။ သူတော်ကောင်းစိတ်ထား အပြည့်ရှိကြသည်။

အိမီ၏မိခင်အသက်သည် ၁၀၀၀ ကျော်ပြီ၊ အိမီ၏သားချင်း ညီအစ်ကို မောင်နမများသည် အသက် ၄၀၀ ကျော် ၅၀၀ကျော် ဖြစ်ကြသော်လည်း အားလုံးသည် အသက် ၃၀/၄၀ အတွင်းဟု ထင်ရသည်။ ရွာသားများသည် ဆရာရှင်တို့၏ မေတ္တာဒေသနာအတိုင်း ကျင့်ကြံနိုင်သမျှ ကျင့်ကြံကြရာ အိမီ၏ မိခင်မှာလည်း ဆရာရှင်အဆင့်သို့ ရောက်ရှိနေပြီ၊ အိမီမှာလည်း မိခင်၏ တရားအမွေကို ရရှိရာ ဆရာရှင်တို့၏ ခြေရာကို ထက်ကြပ်မကွာနင်းနိုင်သော ဆရာရှင်တစ်ပါး ဖြစ်နေသည်ကို တွေ့ရသည်။

ခရီးဆက်လက် ထွက်ခွာလာရာ နိဝင်ဘာလတွင် တောင်ကြားရွာ တစ်ရွာသို့ ရောက်ပြီး ယင်းရွာတွင် ပြီးလအထိ ဆက်လက်နေထိုင်ပြီး သုတေသနလုပ်ငန်းများ

ဆောင်ရွက်ကြသည်။ ယင်းရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရှေ့ဟောင်းသုတေသနပြုရန် သင့်လျော်သော ဘုရားကျောင်းများ၊ အဆောက်အအုံဟောင်းများ၊ ကျောက်စာတုံးများကို ရှာဖွေလေ့လာကြသည်။

ကျောင်းဆရာမတစ်ဦးနှင့် တွေ့ရာ အင်္ဂလိပ်စကားပြောတတ်သည်ကို တွေ့ရသည်။ ဆရာမသည် အသက် ၁၈နှစ်ခန့်ဟု ထင်မှတ်ရအောင် နုပျိုလှသော်လည်း အသက် ၄၀ဝ ကျော်ပြီဟု သိရသည်။ ဆရာမအိမ်သို့ ရှမ်ဗဲလားမှ ဆရာရှင်များ မကြာခဏ လာရောက်ကြသည်။ တရားဆွေးနွေးကြသည်။

လပြည့်နေ့တွင် ရွာသူရွာသားများ အဝတ်ဖြူဝတ်ပြီး သက်သတ်လွတ် စားကြသည်။ ညအချိန်တွင် ဓာတ်ဘုရားထဲ ရည်ညွှန်းပြီး ဈာန်ဝင်စားကြရာ ဆရာမကပင် ဦးဆောင်သည်။ နေ့ကြီးရက်ကြီးများတွင် ဤသို့ပင် ဘုရားကို အာရုံပြု၍ တစ်ညလုံး ဈာန်ဝင်စားကြသည်မှာ ရှေးကာလကပင်ဖြစ်သည်။

သုတေသနပြုရန် ကိစ္စများကလည်း မပြတ်သေး၊ ရာသီတုကလည်း ကြမ်းနေသဖြင့် အိမ်၏ ရှာသို့ ပြန်ကြသည်။ အိမ်၏ ရှာတွင် တစ်နှစ်ကျော် အိမ်နှင့်အတူ နေထိုင်၍ ရွာနီး ပတ်ဝန်းကျင်ကို သုတေသနပြုကြသည်။ ရွာနှင့် မလှမ်းမကမ်းတွင် 'တောဘုရား ဝတ်ကျောင်း' ရှိသည်။

တောကားတိုင်ဆိုသည်မှာ ကြက်ခြေခတ်ပုံသဏ္ဌာန် ကားတိုင်ထိပ်တွင် "ဝ"အက္ခရာ တင်ထားခြင်း ဖြစ်သည်။ TAO cross ဟုခေါ်သည်။ ကားတိုင် cross သည် ခရစ်ယာန် ဘာသာဝင်တို့က အသုံးပြုသော်လည်း ဤရှေးဟောင်း တောကားတိုင်သည် ခရစ်ယာန် ဘာသာနှင့် မည်သို့မျှ မသက်ဆိုင်ချေ။ ရှေးဟောင်း မဟာဂန္ဓာရိပညာ၏ အထိမ်းအမှတ် သင်္ကေတတစ်ခုသာဖြစ်သည်။ အီဂျစ်ကို အာရိယန်တို့ လွှမ်းမိုးသောအချိန်တွင် အာရိယန်တို့ ယူဆောင်လာသော တောကားတိုင် အီဂျစ်သို့ ရောက်ရှိလာပြီး အီဂျစ်မဟာဂန္ဓာရိပညာ၏ သင်္ကေတဖြစ်လာခြင်းပင် ဖြစ်သည်။

တောကားတိုင်ဝတ်ကျောင်းမှာ ပေ ၆၀၀၀ မြင့်သော ကျောက်တောင်ထွတ်ကြီး တစ်ခုကို တောကားတိုင်သဏ္ဌာန် T ဆောက်တည်ထားခြင်း ဖြစ်သည်။ တောင်ဘက်သို့ မျက်နှာပြုထားပြီး လျှင် ကျောက်နံရံကို ပြတင်းပေါက်များ ဖောက်ထားသည်။ အထပ် ခုနစ်ထပ်ရှိပြီး တစ်ခန်းနှင့် တစ်ခန်းကူးရန် ကျောက်နံရံများကို ထွင်းပြီး လှေကားထစ်များ ပြုလုပ်လျက် ကူးသန်းဆင်းတက်ရသည်။ တစ်ထပ်နှင့် တစ်ထပ်ခြားထားသော ကျောက်သားထု အခင်းမှာ ၈ပေ ထူသည်။ တစ်ထပ်လျှင် ၁၂ပေအမြင့် ရှိသည်။

ဟိမဝန္တာတောင်တန်းကြီး မပြစ်ပေါ်မီက ဟိမဝန္တာနှင့် ဂိုဘီသဲကန္တာရ တစ်လျှောက်တွင် အီဂွာအင်ပါယာကြီး ပေါ်ထွန်းခဲ့ဖူးသည်။ အာရိယန်လူမျိုးတို့၏ မူလစာစ်မြစ် လူမျိုးပင်ဖြစ်သည်။ နောင်အခါတွင် ယင်းအာရိယန် အမတေလူမျိုးများ အရပ် ၁၀ မျက်နှာသို့ ပျံ့နှံ့ပြီး အနောက်ဥရောပသို့ ရောက်ရှိသွားသည်။ အရှေ့ဘက်ရှိ မွန်ဂိုလွေးနော လူမျိုးများသည် အီဂွာအင်ပါယာကြီးနှင့် တရုတ်ပြည်သို့ လွှမ်းမိုးသွားရာ ယနေ့ မွန်ဂိုတို့

နေထိုင်ရာသည် အီတွာအင်ပါယာကြီးပင် ဖြစ်သည်။

နေ့ကြီး ရက်ကြီးများထွင် တောကားတိုင်တိုင် ဝတ်ကျောင်းတော်ကြီးတွင် စုဝေးပြီး ဈာန်ဝင်စားကြသည်။ ဤနေရာဝတ်ကျောင်းသည် ဘာသာရေးအထိမ်းအမှတ် ဘာသာတစ်ခု အနေဖြင့် အသုံးပြုခြင်းမဟုတ်၊ တရားဓမ္မများဆွေးနွေးရာ၊ ဆရာရှင်တို့နှင့် တပည့်သာဝကများ ဆုံဆည်းရာသာ ဖြစ်သည်။ သာမန်ဘာသာဝင်တို့ ပြုနေကျ ဘုရားဝတ်ပြုခြင်း၊ ဘုရား ပူဇော်ခြင်း၊ အခမ်းအနားများ ပြုလုပ်ခြင်းတို့ကို ပြုလုပ်ရန် မဟုတ်ချေ။

တောကားတိုင် ဝတ်ကျောင်း အဆောက်အအုံကို ဗိသုကာပညာအနေဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု အဆောက်အအုံအဖြစ် လည်းကောင်း လေ့လာသုတေသနပြုကြသည်။ ဝတ်ကျောင်းအတွင်း တွေ့ရှိရသော ကျောက်စာတုံးများကိုလည်း လေ့လာဖတ်ရှုကြသည်။ အိမီ၊ ဂျတ်တို့၏ အကူအညီဖြင့် ဘာသာပြန်ကြသည်။

ကျောက်စာတုံးများမှာ ၁ x ၈ လက်မခန့်ရှိပြီး ထု ၄ လက်မခန့်ရှိသည်။ ကျောက်တုံးများကို ရွယ်တူဖြတ်ပြီး စာထွင်းထားခြင်းဖြစ်သည်။ ဂရပ်ဖိုက် ကျောက်သားမျိုးဖြစ်ပြီး အလွန် သေသပ်သည်။ ယင်းကျောက်စုံးများမှာ ရှမ်ဗဲလားတစ်ဝိုက်တွင် နေရာအနှံ့အပြားတွေ့ရသည်။ သမိုင်းမတင်မီ ရှေးဟောင်းယဉ်ကျေးမှုနှင့် အာရိယန်တို့၏ ကနဦးသမိုင်းကို အကွရာတင်ထားခြင်းဖြစ်သည်။ စာမှာ သက္ကတနှင့် ဆင်တူသည်။ အချို့မှာ သင်္ကေတသဘောသက်ဝင်သော အကွရာသို့မဟုတ် အရုပ်စာများဖြစ်သည်။ တရုတ်အကွရာနှင့်လည်း ဆင်တူသည်။ အာရိယန်လူမျိုးတို့ အမတေ တည်စက ရေးထိုးထားခြင်းဖြစ်ရာ အာရိယန်သမိုင်း၏ ကနဦးအစလည်း ဖြစ်သည်။

ကျောက်တုံးစာများအရ ဘာသာပြန်သောအခါ ဤသို့ သိရသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်သိန်းခန့်က ဤနေရာရှိ လူတွေသည် အနုပညာများ၊ လက်မှုပညာများ၊ စိုက်ပျိုးရေးကို နားလည်တတ်ကျွမ်းနေကြပြီ။ မြေဩဇာမှာလည်း အလွန်ကောင်းသဖြင့် စိုက်ပျိုးရေးဖြစ်ထွန်း၍ စားရေးရိက္ခာများ အလျှံပယ် ကြွယ်ဝသည်။ စီးပွားဖြစ်ထွန်းကြသည်။ ထို့ကြောင့် နိုင်ငံတော်ကြီး တိုးတက်ကြီးပွားလာကာ နယ်သစ်ပယ်သစ်များထွန်းကားလာသည်။ နိုင်ငံတော်ကြီး ကျယ်ပြန့်လာသည်။ စစ်ဖြစ်ခြင်းမရှိ၊ တစ်ဦးကို တစ်ဦး ကျွန်ပြုခြင်း၊ အနိုင်အထက်ပြုခြင်းမရှိ၊ ဘုရင်မင်းစိုးအုပ်ချုပ်ရေးမျိုးလည်း မရှိ။ ရပ်ရွာတွင် သင့်လျော်သူများကို ရွေးချယ်ပြီး အကြံပေးပုဂ္ဂိုလ်မျိုးသာ ရှိသည်။

ယင်းအကြံပေးပုဂ္ဂိုလ်များမှတစ်ဆင့် တစ်ပြည်လုံးအတွက် ရှေ့ဆောင်ရှေ့ရွက်လုပ်ရန် မဟာသမ္မတမနုမင်းကို တင်မြှောက်ကြသည်။ မဟာသမ္မတမနုမင်းသည် မိမိတိုင်းပြည်နှင့် လူမျိုးကြီးပွားတိုးတက်စေရန်သာ ဆောင်ရွက်သည်။ ဓမ္မသတ်၊ ရာဇသတ်စသော ဥပဒေမရှိ၊ ရာဇဝတ်မှု မရှိ၊ လူများက မိမိအသိဖြင့် မိမိကိုယ်ကို ထိန်းသိမ်းကြသည်။ စာနာထောက်ထားမှု မေတ္တာဖြင့်သာ လူ့ဘောင်ကို ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။ သီလရှိပြီး ဖြစ်ကြ၍ ဘာသာရေးအရ ဥပုသ်သီလ ဆောက်တည်မှုမလိုချေ။

အီတွာအင်ပါယာကြီး၏ မြို့တော်မှာ လွန်ခဲ့သော နှစ် ၇၀၀,၀၀ ခန့်က ပျက်စီး

ခဲ့သည်။ အနောက်ဘက်မှ နယ်သစ်ရှာသူတွေ ဝင်လာပြီးနောက် တစ်စတစ်စ များပြား လာရာ နောင်အခါ သွေးနှောသွားကြသည်။ အုပ်စုများ ကွဲသွားကြသည်။ သွေးကွဲသော အုပ်စုများက တခြားနေရာသို့ ခွဲထွက်သွားကြသည်။ စိတ်ဝမ်းကွဲပြားမှုများ ဖြစ်လာပြီး စိမ်းကားမှုများ ပေါ်ပေါက်လာကာ မေတ္တာအား လျော့နည်းလာသည်။ ဤသို့ ခေတ်ပြောင်း၊ စိတ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကို သိသူများက ဘာမှမတတ်နိုင်၍ အသာ လျှိုနေကြသည်။ ထိုအခါတွင် ဘာသာရေးဘုန်းကြီးများ ပေါ်ပေါက်လာပြီး လူအချင်းချင်း ပဋိပက္ခကို ဖြေရှင်းရန်အတွက် ပုထုဇဉ်လူသား ဘုရင်များ ပေါ်ပေါက်လာသည်။ ဤကား အာရိယန်လူမျိုးတို့၏ မူလအစသမိုင်းပင် ဖြစ်သည်။

ယင်းကျောက်တုံးစာများတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၅,၀၀၀ နှင့်က ဝေဒပညာများ စတင်ပေါ်ပေါက်ခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၅,၀၀၀ ခန့်က နက္ခတ်ပညာ စတင်ပေါ်ပေါက်လာသည်ဟု ဖော်ပြသည်။ အိန္ဒိယပြည်တွင် ပေါ်ပေါက်ခဲ့သော သူရိယသိဒ္ဓန္တ နက္ခတ်ပညာကျမ်း၏ မြစ်ဖျားခံရာ နက္ခတ်ပညာသည် ရှမ်ဗဲလား:မှ ဖြစ်သည်။ ရှမ်ဗဲလား:ဘာသာ ဝေါဟာရအားဖြင့် သဒ္ဓမ္မသူတော်စင်များကို 'နေကယ်'ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ ရှမ်ဗဲလား:ဇာတိမှ ဆင်းသက်လာသူများဟု ဖြစ်သည်။ ဝေဒပညာများ၊ နက္ခတ်ပညာများ စတင်ခဲ့သူများမှာ ဤ 'နေကယ်'များပင် ဖြစ်သည်။

ထိုစဉ်က 'နေကယ်'အချို့သည် မြန်မာပြည်သို့ ရောက်ရှိလာပြီး မြန်မာပြည်ရှိ 'နာဂ'များကို ဂန္ဓာရိပညာနှင့် အဝိဇ္ဇာပညာရပ်များကို သင်ကြားပေးခဲ့သည်ဟု ဆိုသည်။ နာဂဆိုသည်မှာ နာဂလူမျိုးများပင်လော၊ နဂါးဟု သင်္ကေတပြုခြင်းခံရသော 'စွာန်ပညာရှိ'များကိုပင် ဆိုလိုသလော စဉ်းစားဖွယ်ပင် ဖြစ်သည်။

ဧပြီလတွင် ဟိမဝန္တာမှ ထွက်ပြီး ဂိုဘီဒေသကို စတင်ဖြတ်သန်းသည်။ နှင်းမုန်တိုင်းဖြင့် တွေ့ရာ အုပ်စုကွဲသွားသည်။ ထိုအချိန်တွင် အလင်းဝန်းတစ်ခုသည် ဆလိုက်ထိုးလိုက်သလို ဝင်လာသဖြင့် မုန်တိုင်းဒဏ်မှ သက်သာရာရသည်။ ဇွန်လတွင် ခရီးတွက် သုတေသနပြုရာ အိတ္ထရှေးဟောင်းမြို့ပျက်ကြီးကို ရောက်ရှိသည်။ မြို့ပျက်ကြီးကို တူးဖော်လေ့လာရာ ရှေးဟောင်းမြို့ကြီးတစ်မြို့ဖြစ်ကြောင်း တွေ့ရသည်။ အဆောက်အအုံဟောင်းများ အိုးခွက်လက်နက်ကိရိယာများ၊ လူအသုံးအဆောင်များ၊ လူအရိုးနှင့် တိရစ္ဆာန်အရိုးများ တွေ့ရသည်။ ဤကဲ့သို့သော မြို့ဟောင်းများမှာ ဤနေရာမှ ဆိုက်ဗေးရီးယား တောင်ပိုင်းနယ်စပ် တစ်လျှောက် အများအပြား တွေ့ရသည်။ ဤမြို့ဟောင်းနေရာတွင် ယေရှုသည် သဒ္ဓမ္မအဖွဲ့မှ အန္တေဝါသိက တရားများကို စတင် တွေ့ရှိလေ့လာခဲ့ရသည်ဟု သိရသည်။

ဂိုဘီဒေသတွင်းရှိ ဤမြို့ပျက်တွင် သုတေသနလုပ်ငန်း အတော်ကြာသွားရာ ရိက္ခာများ ပြတ်ကုန်သည်။ ထိုအချိန်တွင် အီမိ၏မိခင်နှင့် သားချင်း ၁၄ဦးတို့သည် ဗြုန်းခနဲရောက်လာပြီး ပါလာသောရိက္ခာများကို ဝေငှစားသောက်ကြသည်။ ရိက္ခာထည့်လာသော ပုံးများအတွင်းမှ ရိက္ခာများ၊ မုန့်များသည် စားမကုန်အောင်ပင် နှိုက်တိုင်းထွက်လာသဖြင့် အားလုံး အံ့သြဝမ်းသာကြရသည်။ ဂိုဘီအလယ်တွင် ဈေးသည်လည်း

မရှိ၊ နိုက်ဟိုးရေးလည်း မရှိ၊ ရွာစဉ်ကလည်း အလှမ်းဝေးလှရာ ရိက္ခာပြဿနာမှာ အလွန်ခက်ခဲသော ကိစ္စဖြစ်သည်။ သဒ္ဓမ္မဆရာရှင်တို့နှင့် ဆရာရှင်တို့၏ သာဝကများ၏ စောင့်ရှောက်မှုရရှိ၍ ရိက္ခာပြတ်မည့် ဒုက္ခမှ လွတ်မြောက် ခြင်းဖြစ်သည်။

တစ်နေ့တွင် ဂိဘိသဲကန္တာရတွင် နာမည်ကျော်သော မြင်းစီးဓားပြများနှင့် တွေ့သည်။ မြင်းစီးဓားပြများသည် ဂိဘိနယ်တစ်ဝိုက်တွင် သောင်းကျန်းနေသူများဖြစ်သည်။ ဤဓားပြများနှင့် ရင်ဆိုင်တွေ့ရလျှင် သုတေသနပြုထားသမျှ အားလုံးပျက်စီးပြီး အဖွဲ့ဝင်များအားလုံး အသက်ပျောက်ရတော့မည်လောဟု စိုးရိမ်ပူပန်နေဆဲတွင် ကောင်းကင်တွင် အလင်းရောင်များ ဖြာထွက်လာပြီးနောက် ဓားပြများ ကြောက်လန့်တကြား ထွက်ပြေးသွားကြသည်။

ဂိဘိနယ်တစ်ခွင်လုံး ပြိုပြိုစင်အောင် သုတေသနပြုခြင်း၊ ဆရာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပြီးနောက် အပြန်တွင် တိဗက်လာဆားမြို့တော်မှ တစ်ဆင့် အိန္ဒိယသို့ ၁၈၉၈ ခုနှစ် ဩဂုတ်လတွင် ပြန်လည်ရောက်ရှိသည်။

ရှမ်ဗဲလားခရီးစဉ်တစ်လျှောက်တွင် အီမိ၊ စိန့်ဂျွန်းနှင့် စသော ဆရာရှင်များနှင့်လည်းကောင်း၊ ဆရာရှင်တို့၏ တပည့်များနှင့်လည်းကောင်း တွေ့ဆုံခဲ့ရသည်။ အဆင့်မြင့်သော သာဝကများ၏အဲ့ဖွယ် မဟိဒ္ဓိတန်ခိုးများကိုလည်း တွေ့ရသည်။

တစ်နေ့တွင် မြစ်တစ်ခုကို ရေပေါ်မှ လမ်းလျှောက်လာသော ဆရာရှင်ကို တပည့်သာဝကများက ရေပေါ်လမ်းလျှောက်ရင်း နောက်ပါးကလိုက်လာကြသည်ကိုလည်း တွေ့ရသည်။ ခရီးသည်တို့အထဲမှ နာမကျန်းဖြစ်သူများကိုလည်း ဘစ်ထိုင်တည်းနှင့် ရောဂါပျောက်အောင် မဟိဒ္ဓိတန်ခိုးနှင့် ကုသခဲ့သည်ကိုလည်း စပဲလ်ဒင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ လမ်းခရီးတွင် သေဆုံးလုနီးပါး ချန်ဒရာဆိုသောလမ်းပြတစ်ဦးကို ဆရာရှင်တို့၏ အဆင့်မြင့်သာဝကတစ်ဦးက အသက်ရှည်အောင် ပြုလုပ်သည်ကိုလည်း ကိုယ်တွေ့မျက်မြင်ပင်ဖြစ်သည်။

လူအသက်သည် သွေးမဟုတ်၊ ခန္ဓာကိုယ်တွင်း ကိန်းအောင်းလျက်ရှိသော ကုန်လိန်စွမ်းအင်ကြောင့် ဖြစ်သည်။ ကုသသူ၏ကုန်လိန်စွမ်းအင်ကို သေဆုံးလုနီးသူ၏ ခန္ဓာကိုယ်တွင်းသို့ ထည့်သွင်းပေးခြင်းဖြင့် အသက်ပြန်ရှည်လာခြင်း ဖြစ်သည်။ ဘာမှ ထူးဆန်းလှို့ဝှက်သော ကိစ္စမဟုတ်ဟု ဆိုသည်။

ကျောက်စာတုံးမှ စာများကို ဘာသာပြန်ရာတွင် စာရွက်စာတမ်းများတွင် ရေးမှတ်နိုင်သလောက် ရေးမှတ်သည်။ အချို့မှတ်တမ်းများမှာ အလိုလို လက်ရေးဖြင့် ရေးမှတ်ပြီးဖြစ်နေသည်။ လမ်းခရီးတွင် လူအသက်အန္တရာယ် ပေးနိုင်သော သားရဲတိရစ္ဆာန်တို့နှင့် တွေ့ရာ ဆရာရှင်တို့က တိရစ္ဆာန်များအပေါ် မေတ္တာထားရန် ညွှန်ကြားသည်။ မေတ္တာထားလိုက်သည်နှင့် တစ်ပြိုင်နက် သားရဲများက ရှောင်ခွာသွားကြသည်။ လူတွေမှာ မေတ္တာတရားမဲ့နေလို့ အကြောက်တရား၊ အမုန်းတရားတွေ ဝင်လာတာ၊ ဒါကြောင့် တိရစ္ဆာန်တွေက ရန်မူတာ၊ မေတ္တာထားလျှင် ရန်မမူဟု သင်ကြားသည်။

ဆရာရှင်တွေဟာ လူအိုတွေ၊ ရသေ့အိုကြီးတွေ မဟုတ်ဘူး၊ ကျန်းမာတောင့်တင်းနုပျိုသူများ ဖြစ်သည်။ လူတွေကို ဆရာလုပ်ပြီး တရားမဟောဘူး၊ သူတို့ရဲ့ စိတ်တွေဟာ

အမြဲဆန်းသစ် ထိုးထွင်းနေသည်ဟု ဆိုသည်။ "ဒါကြောင့် ရုပ်မအိုဘူး၊ ဆရာရှင်တွေဟာ လူ့လောကအကျိုးပြု လုပ်ငန်းတွေချည်းပဲ လုပ်နေကြသူတွေဖြစ်တယ်"ဟု ပြောသည်။

ဆရာရှင်တွေသည် လူတွေလို အစားမစားဘူး။ တစ်နေ့ကို ၃ ဂရမ်လောက်သာ စားသည်။ ထမင်းစားချိန်ဟုလည်း ပုံသေမထား၊ တစ်နေ့ ဘယ်နှစ်နပ်ဟုလည်း မသတ်မှတ်၊ အစာမစားဘဲနှင့် သုံးလေးလအလုပ်လုပ်နိုင်သည်။ တစ်နေ့မှာ နှစ်နာရီလောက် အိပ်သည် ဆိုရုံသာ အိပ်သည်။ လူအိပ်ပေမယ့် စိတ်မအိပ်။ စိတ်အလုပ်တွေ လုပ်နေသည်။

အဝတ်အစားကလည်း ဆာဒူးတွေလို လဲကွတ်တီဝတ်ခြင်း မဟုတ်။ လိုအပ်သမျှ ရာသီဥတုနှင့် မျှတအောင် ဝတ်သည်။ အလှူခံခြင်းမရှိ၊ အလှူငွေနဲ့ ဘုရားတည် ကျောင်းဆောက်မှု မရှိ၊ တန်ခိုးပြခြင်းလည်း မရှိ။ ဆရာရှင်တို့ ယုံကြည်သော တရားဖြင့်သာလျှင် လောကအကျိုးကို ဆောင်ရန် မေတ္တာဓာတ်လိုင်းများ၊ စိတ်တန်ခိုးဓာတ်လိုင်းများ၊ ဝိညာဉ်ဓာတ်လိုင်းများကို လောကအတွက် ရည်ညွှန်းသွန်းလောင်းလျက် ရှိသည်။

ဆရာရှင်တို့၏ တရားမှာ မဟာပရမတ္ထသစ္စာတရားဖြစ်ပြီးလျှင် ဆရာရှင်တို့၏ အဓိကရည်ရွယ်ချက်များမှာလည်း မဟာပရမတ္ထသစ္စာတရားနှင့် လိုက်လျောညီစွာ ဤသို့ဖြစ်သည်။ မေတ္တာဆီမီးထွန်းထားသော တရားအလင်းကို လူသားများအား သွန်းလောင်းပေးခြင်းဖြင့် လူသားတွေ၏ အသိဉာဏ်များ ပွင့်လင်းလာကာ အဆုံးတွင် မဟာပရမတ္ထသစ္စာကို နားလည်ခံယူလာစေရန် ဖြစ်သည်။ လူသားများ၏ စွမ်းပကားဖြင့် ရယူနိုင်သော သဟဇာတ စိတ်ဓာတ်နှင့် ငြိမ်းချမ်းရေး ဖြစ်ပေါ်လာအောင် ဆရာရှင်တို့က လမ်းခင်းပေးရန်ဖြစ်သည်။ ဆရာရှင်တို့သည် ဘာသာတရား အားလုံး၊ ဒဿနအားလုံးနှင့် သိပ္ပံပညာတို့၏ မိတ်သဟာဖြစ်သည်။ သစ္စာတရားသည် တစ်ခုတည်းပဲ ရှိသည်။ သစ္စာတရားတွင် အားလုံးသော ဘာသာများ၊ ဒဿနများ၊ သိပ္ပံပညာများ စုပေါင်း အကျုံးဝင်သည်။ လူသားများသည် တစ်ဖက်နားပေါက် အယူစွဲဝါဒစွဲများကို လက်မခံတော့ဘဲ အားလုံးနှင့် သဟဇာတဖြစ်သော ဒေသနာတွေကိုသာ လက်ခံယုံကြည်ကြတော့မည်ဟူ၍ ဖြစ်သည်။

စပဲလ်ဒင်းသည် သူသွားခဲ့သော ရှမ်ဗဲလားခရီးနှင့် သူတွေ့ခဲ့သော ဆရာရှင်တို့၏ ဘဝနှင့် ဒေသနာများကို အမေရိကန်သို့ ပြန်ရောက်လာသောအခါ နယ်လှည့်တရားဟောသည်။ ယင်းတရားများကို ရေးမှတ်လျက် လက်နှိပ်စက်ရိုက်ကူး ဝေငှတ်ကြရာမှ စေတနာရှင်တစ်ဦးက စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရာ နှစ်လအတွင်း အုပ်ရေ နှစ်သောင်းကုန်သွားသည်။

နောက်တွင် စပဲလ်ဒင်းရေးသော ယင်း ***Life and Teaching of the Master of the Far East*** ကို အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေသည်။

စပဲလ်ဒင်းဘဝမှာလည်း ရှမ်ဗဲလားမှ ပြန်ရောက်သည့်အချိန်မှစ၍ သူကွယ်လွန်သော ၁၉၅၃ ခုနှစ်အထိ ကိုယ်ကျိုးစီးပွား ရှာဖွေခြင်း လုံးဝမပြုတော့ဘဲ ဆရာရှင်တို့၏ ဒေသနာအတိုင်း လူ့လောကအသိဉာဏ် ထွန်းလင်းရေးအတွက်သာလျှင် အသုံးချရင်း အသက် ၉၅ နှစ်တွင် ဘဝတစ်ပါး ပြောင်းသွားလေသည်။

အရှေ့တိုင်းမဟာဂန္ဓာရီ

သဒ္ဓမ္မသူတော်စင်အဖွဲ့သည် လူ့ဘောင်ကြီးတစ်ခုလုံးအား ကူညီစောင့်ရှောက်ရန် အတွက် အဖွဲ့ဝင်တိုင်းအား မိမိတို့၏ ပါရမီ အနိမ့်အမြင့်အလိုက် တာဝန်များ ပေးအပ်ထားသည်။ ဘဝအဆက်ဆက်မှ ပါရမီရေစက်ရှိခဲ့သူ အန္တေဝါသိက သာဝကအပေါင်းသန်းချီ၍ ရှိသည်။ ယင်းသာဝကများထဲမှ အဆင့်မီ သာဝကများမှာ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံပညာနှင့် အနုပညာနယ်တွင် ရှေ့ဆောင်များဖြစ်ကြသည်။ နောက်တစ်ဆင့်ဖြစ်သော အဆင့်မြင့် သာဝကများမှာ ဆိုကရေးတီး၊ ပလေတို၊ ပိုက်သာဂိုရပ်၊ ပါရာဆဲဆပ်၊ အိုဖယပ်၊ အယ်လီဖာလီဗီ စသည်တို့ဖြစ်သည်။

တစ်ဖန် အဆင့်မြင့်သာဝကများထဲမှ ထူးချွန်သူများကို နှစ်တစ်ရာလျှင် တစ်ကြိမ်ကျ သဒ္ဓမ္မသူတော်စင်အဖွဲ့၏ ကိုယ်စား အန္တေဝါသိကတရားများကို ဖြန့်ချိရန် ပုရောဟိတ်အဖြစ် တာဝန်ပေးသည်။ ၁၉ ရာစုနှစ်အတွင်း သဒ္ဓမ္မသူတော်စင်အဖွဲ့၏ ကိုယ်စားလှယ်အဖြစ် သဒ္ဓမ္မများကို ဖြန့်ချိရန် ပုရောဟိတ်အဖြစ် စေလွှတ်ခြင်းခံရသူမှာ မဒမ်ဗလာဗာစကီ ဖြစ်သည်။



ဗလာဗာစကီ

ဗလာဗာစကီကို ရုရှပြည်တွင် ကပွတိန် ပီတာဗွန်ဟန်နှင့် ဇနီး ဟယ်လင်နာဗွန်ဟန် တို့မှ ၁၈၃၁ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ဖွားသန့်စင်သည်။ ကင်ပွန်းတပ် ရေနှစ်မင်္ဂလာပွဲကျင်းပသောအခါ သင်းအုပ်ဆရာ၏အကိုလက်ကို ဖယောင်းတိုင်မီးစွဲရာမှ အဝတ်ကို မီးလောင်ရာ အတော် ရုတ်ရုတ်သဲသဲ ဖြစ်သွားသောကြောင့် ဗလာဗာစကီမှာ ပါရမီထူးခြားသော ကလေးဖြစ်ကြောင်း မိဘဆွေမျိုးများက ပြောစမှတ်ပြုကြသည်။

ဗလာဗာစကီသည် သုံးလေးနှစ်သမီး လူမှန်းသူမှန်း သိတတ်သောအရွယ်မှစ၍ ပါရမီဇာတိပြလာသည်။ အိပ်မက်ထူးများ မက်သည်။ သူတကာ မမြင်ရသောသူများ၊

ပရလောကသားများနှင့် စကားပြောတတ်သည်။ ၄ နှစ်အရွယ်သို့ ရောက်လာသောအခါတွင် ကြက်၊ ငှက်များကို အိပ်မွေ့ချတတ်သည်။ အသံမြည်စေလိုသော နေရာတွင် အသံမြည်စေနိုင်သည်။ အိပ်နေစဉ်တွင် ပရလောကသို့ လိပ်ပြာခွာပြီး ကျက်စားကာ နိုးသောအခါ လူပြည်တွင် ကျက်စားသည်။ နှစ်လောကကို နေ့ညခွဲ၍ ကျက်စားနိုင်သည်။ တစ်ခါတစ်ရံတွင် ဘဝဟောင်းမှ ဥပဇ္ဈာယ်ဆရာဟောင်းကိုလည်း အိပ်မက်ထဲတွင် တွေ့ရသည်။ တစ်ခါတစ်ရံ ရုပ်ခန္ဓာနှင့် လိပ်ပြာခန္ဓာ နှစ်ကိုယ်ခွဲနေတတ်သည်။

ညအချိန် ရုပ်ခန္ဓာအိပ်လိုက်သည်နှင့် လိပ်ပြာခန္ဓာဖြင့် သဒ္ဓမ္မဆရာရှင်များရှိရာ ရှမ်ဗဲလား‌သို့ သွားပြီး ဂန္ဓာရီပညာများကို လေ့လာဆည်းပူးရသည်။ တစ်ခါတစ်ရံတွင် ရှမ်ဗဲလား၏ ဌာနခွဲဖြစ်သော ဟိမဝန္တာမြောက်ဘက်စွန်းရှိ ရှီဂတ်ဆီရှိ ဆရာရှင် မောရိယထံသွားရောက်သင်ကြားရသည်။ ဆရာရှင် မောရိယသည် ဗလာဗာစကီ၏ ဥပဇ္ဈာယ်ဆရာဖြစ်ခဲ့သည်မှာ လွန်ခဲ့သော ဘဝများစွာကတည်းကပင် ဖြစ်သည်။

အသက် ၁၇ နှစ်တွင် လူကြီးမိဘများ၏ဆန္ဒအရ နိုင်ငံတော်ကောင်စီဝင် ကာနယ် ဗလာဗာစကီနှင့် လက်ထပ်သည်။ လက်ထပ်ပြီး မကြာမြင့်မီပင် အိမ်ထောင် သားမွေးရန် အတွက် လူဘဝ ဝင်စားလာရသူ မဟုတ်သော ဗလာဗာစကီသည် အိမ်ထောင်သည်ဘဝမှ ထွက်ပြေးသွားသည်။ မိဘ၏ အမည်မှာ ဟယ်လင်နာ ဖြစ်သော်လည်း ခင်ပွန်း ကာနယ် ဗလာဗာစကီ၏ အမည်ကိုပင် ဆက်ခံရသောကြောင့် ဗလာဗာစကီဟု တွင်ခြင်းဖြစ်သည်။ အမည်အပြည့်အစုံမှာ ပက်ထရီဗာဟယ်လင်နာ ဗလာဗာစကီဖြစ်သည်။

ကာနယ်ဗလာဗာစကီ၏အိမ်ထောင်မှ ထွက်ပြေးသော ၁၉၄၈ နှစ်မှစ၍ ဗလာဗာစကီသည် တစ်နေရာတည်းတွင် ကြာကြာမနေတော့ဘဲ အီတလီ၊ ပြင်သစ်၊ အီဂျစ်၊ အင်္ဂလန် စသော အနောက်တိုင်းသာမက အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မြန်မာပြည် စသော အရှေ့တိုင်းသို့လည်း ဂန္ဓာရီခရီး ခြေဆန့်ခဲ့သည်။

ငယ်စဉ်ကပင် မိခင်ဘက်မှ ဘေးကြီးဖြစ်သော မင်းသားကြီးပေါလ်၏ စာကြည့်တိုက်ရှိ အဂ္ဂိရတ်ကျမ်း ၁၀၀ ကျော်ကို လေ့လာခဲ့ပြီးဖြစ်သည်။ ဂန္ဓာရီ ခရီးလှည့်လည်နေစဉ် အတွင်း ဖရိုးမေဆင်၊ ရိုဆီကရဆိယဲအသင်း၊ ဆူဖီဂိုဏ်း၊ အက်ဆင်းနိဂိုဏ်း၊ အီဂျစ် လူဇာဂန္ဓာရီဂိုဏ်း၊ အိန္ဒိယ ဟတ္ထယောဂ၊ ဘက်တီယောဂ၊ ရာဇယောဂများကိုလည်း လေ့လာခဲ့သည်။ အနောက်တိုင်းရှိ ဟာမက်တစ်ဂိုဏ်း၊ ကဗာလာဂိုဏ်း၊ အိုဖိယပ်ဂိုဏ်း၊ ရုပ်ထား နာမ်ထား၊ ဓာတ်ဖန်လုံးကြည့်နည်း၊ စိတ်ညှိုပညာ၊ ဗေဒင်နက္ခပညာများကိုလည်း ဒိုးလိုမွေခဲ့သည်။ အရှေ့တိုင်း၊ ဂန္ဓာရီဂိုဏ်းများဖြစ်သော တရုတ်ပြည်မှ ရွှေကြာပန်းဂိုဏ်း၊ ဂျပန်မှာ ယာမာဘူရှိဂိုဏ်း၊ တိဗက်မှ တန္တြရဂိုဏ်းတို့ကိုလည်း မလစ်ဟင်းရအောင် လေ့လာခဲ့သည်။

ဂန္ဓာရီပညာနှင့် ဂန္ဓာရီဂိုဏ်းများအကြောင်း လေ့လာ၍ နှံ့စပ်လာသောအချိန် ၁၉၅၁ ခုနှစ်တွင် အင်္ဂလန်သို့ရောက်ပြီး လန်ဒန်တွင် လမ်းလျှောက်နေစဉ်အတွင်း တောက်ပြောင်သော အဝတ်အစားများကို ဝတ်ဆင်ထားသော အိန္ဒိယမင်းသားတစ်ပါးကို အမှတ်မထင် တွေ့မြင်လိုက်သည်။ မင်းသား၏ မျက်နှာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် လိပ်ပြာခန္ဓာဖြင့်

မိမိအား ဂန္ဓာရီပညာသင်ကြားပေးနေသော ဆရာအရှင် မောရိယဖြစ်နေသည်ကို ချက်ချင်းပင် သိလိုက်သည်။

အခက်အခဲတွေ့ရချိန်၊ အန္တရာယ်တွေ့ချိန်များတွင် အကြိမ်ကြိမ် ကယ်ခဲ့ဖူးသည်ကို လည်းကောင်း၊ လိပ်ပြာခန္ဓာဖြင့် ပရလောကသို့ ရောက်ရှိချိန်တွင် နာနာဘာဝခေါ် အထူးထူးသော ဘဝခန္ဓာများ ဆောင်ယူထားသော ပရလောကသားများ၏ အနှောင့်အယှက် အန္တရာယ်များနှင့် တွေ့ရချိန်တွင် ကယ်ခဲ့သူမှာ ဆရာရှင် မောရိယဖြစ်သည်။ ဆရာရှင် မောရိယသည် ဂန္ဓာရီပညာ သင်ကြားပေးသော ဆရာရှင်သာမက ဗလာဗာစကီကို ဒုက္ခတွေ့တိုင်း စောင့်ရှောက်ကယ်တင်သူ ကယ်တင်ရှင်လည်း ဖြစ်သည်။

ဆရာရှင် မောရိယကို ရုပ်ခန္ဓာဖြင့် အိန္ဒိယမင်းသား တစ်ပါးအသွင် မြင်လိုက်ရသော နေ့သည် ၁၈၅၁ ခု၊ ဩဂုတ်လ ၁၂ ရက်နေ့ ဖြစ်သည်။ နောက်တစ်နေ့တွင် ဗလာဗာစကီ၏ မနောအာရုံတွင် ဟိုက်ပတ်ဥယျာဉ်သို့ သွားရန် ပေါ်လာသည့်အတိုင်း ဟိုက်ပတ်အတွင်း ရှိ ခုံရုည်တစ်ခုတွင် တစ်ယောက်တည်း ထိုင်သည်။ ထိုစဉ်တွင် ဆရာရှင်မောရိယသည် မြက်ခင်းပေါ်မှ ဖြတ်ပြီး ဗလာဗာစကီရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ ဆရာရှင်မောရိယ အနီးရောက်လာသောအခါ ဘလာဗာစကီသည် ထိုင်ရမလို ထရမလို ဖြစ်သွားရာ ဆရာရှင်မောရိယက လက်ပြပြီး ပြန်ထိုင်ခိုင်းသည်။

ကမ္ဘာပြပွဲတစ်ခုရှိသဖြင့် လန်ဒန်သို့ ရောက်လာကြောင်း၊ ဗလာဗာစကီ လန်ဒန်တွင် ရောက်နေကြောင်း သိရ၍ တွေ့လိုသောကြောင့် လာခဲ့ခြင်းဖြစ်ကြောင်း၊ ဟိုက်ပတ်ဥယျာဉ်ကို လာရန် အာရုံပြုထားကြောင်း ပြောပြရာ ဗလာဗာစကီစိတ်သက်ရာ ရသွားသည်။

အိပ်မက်ထဲတွင်လည်းကောင်း၊ လိပ်ပြာခန္ဓာ ASTRALBODY ဖြင့် လည်းကောင်း တွေ့ခဲ့ရသော ကယ်တင်ရှင် စောင့်ရှောက်သူ ဆရာရှင်အား လူကိုယ်တိုင်တွေ့ရသောအခါ အံ့တိုင်းမသိ ဝမ်းသာပီတိ ဖြစ်မိသည်။

အနာဂတ်ကာလတွင် လူ့လောကကြီး တစ်ခုလုံး၏ အကျိုးကို ဆောင်ရွက်ရန်အတွက် ဗလာဗာစကီကို တာဝန်အပ်နှင်းလိုကြောင်း၊ လူ့လောကကြီးသည် သိပ္ပံပညာများ တိုးတက်လာရာ ရုပ်ပိုင်းဆိုင်ရာ အသိဉာဏ်များ ဖွံ့ဖြိုးတိုးတက် လာသော်လည်း စိတ်ပိုင်းနာမ်ပိုင်းဆိုင်ရာ အသိဉာဏ်များ မှေးမှိန်နေကြောင်း။ ရုပ်ပိုင်းဆိုင်ရာ အသိဉာဏ်နှင့် နာမ်ပိုင်းဆိုင်ရာ အသိဉာဏ်များ ဒွန်တွဲနေမှသာလျှင် လူ့လောကကြီးသည် ရှေ့ကို ဆက်လက်တိုးတက်မည်ဖြစ်ကြောင်း။


သို့ရာတွင် ယခုအခါ ရုပ်ပိုင်းဆိုင်ရာ အသိဉာဏ်များ တစ်ဖက်သတ်ဖြစ်လာ၍ ရုပ်ဝတ္ထုပစ္စည်းကို တပ်မက်သော လောဘ၊ ဒေါသများကြောင့် လူ့ဘောင်ကြီး တစ်ရပ်လုံးသည် ဝိရောဓိများ၊ စစ်ပွဲများ၊ လူမျိုးရေး ပဋိပက္ခများကြောင့် ပျက်စီးသွားနိုင်ကြောင်း။

ထို့ကြောင့် ယင်းအနိဋ္ဌာရုံများကို ဟန့်တားနိုင်ရန်အတွက် ရှေးဘုရားတို့ ဟောကြားခဲ့သော သူတော်ကောင်းတရားတည်းဟူသော သဒ္ဓမ္မတရား ပြန်လည်ရှင်သန်လာအောင် ဆောင်ရွက်ရန် လိုကြောင်း၊ တိုးတက်လာသော သိပ္ပံပညာများနှင့် ရင်ပေါင်တန်းနိုင်သော၊

သဟဇာတဖြစ်နိုင်သော အန္တေဝါသိက ဂန္ဓာရိဟရားများကို ထုတ်ဖော်ပြသရန်အတွက် ဗလာဗာစကီအား တာဝန်ပေးအပ်လိုက်ကြောင်း။

အလွန်လေးနက်လှသော မဟာဂန္ဓာရိတရားကို ပိုင်နိုင်ရန်အတွက် ခုနစ်နှစ်တာမျှ အန္တေဝါသိကကျင့်စဉ် ကျင့်ကြံရန်နှင့် မဟာဂန္ဓာရိပညာများ လေ့လာရန်အတွက် ရှမ်ဗဲလား၏ ဌာနဖွဲ့ဖြစ်သော တိဗက်ရိုက်တ်ဆီရှိ သဒ္ဓမ္မသူတော်စင်အဖွဲ့၏ ဟိမဝန္တာဌာနခရူပ်သို့ သွားရောက်ရမည်ဖြစ်ကြောင်း ညွှန်ကြားသည်။ ဖြည့်ဆည်းခဲ့သောပါရမီကလည်း၊ ရင့်သန်၊ တရားအပေါ် ယုံကြည်သဒ္ဓါတရားကလည်း အပြည့်အဝရှိသော ဗလာဗာစကီသည် ဆရာရှင်၏ ညွှန်ကြားချက် အတိုင်း ရိုက်ဆီတွင် တစ်သွေးမတိမ်း လိုက်နာလျက် စရဏတရား ကျင့်ကြံအားထုတ်ခဲ့သည်။

တိဗက်အနောက်ပိုင်းရှိ ရိုက်ဆီသို့ သုံးကြိမ်သွားရောက်ပြီး စုစုပေါင်း ခုနစ်နှစ်မျှ လေ့လာဆည်းပူးသည်။ ရိုက်ဆီနှင့် မိုင် ၂၀ ခန့် ဝေးသော တောင်ကြားတွင် ဖြစ်သည်။



တိဗက်ပညာသင်ရာကျောင်းသစ်မ်း

လာမားများကျောင်းတိုက် မဟုတ်။ တောင်ကြားအတွင်း ဖြတ်သန်းစီးဆင်းလာသော စမ်းချောင်းကလေးမှာ ပုံတွင်ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

ပုံ၏ လက်ဝဲဘက်တောင်စောင်းထိပ်တွင် စေတီတစ်ဆူ တွေ့ရမည်။ အောက်ဘက်တွင် တောင်စောင်း၌ရှိသော ဂူပေါက်ကို တွေ့ရမည်။ ယင်းဂူပေါက်အနီး မြင်းပေါ်မှ ပုဂ္ဂိုလ်သည် ဆရာရှင်မောရိယ ဖြစ်သည်။ စမ်းချောင်းကမ်းဘေးတွင် နောက်ကျောပေး၍

တောင်ဝေးထောက်ရပ်နေသူမှာ ဆရာရှင်ဂျာကူး ဖြစ်သည်။

စမ်းချောင်းကိုဖြတ်ပြီး တောင်ကြားနှစ်ဖက်ကူးသောတံတားငယ်မှာ ပုံတွင် စမ်းချောင်းကွေ့ဝိုက်စီးသွားသော နေရာတွင်ဖြစ်၍ မမြင်ရချေ။ တံတားအနီး လက်ယာဘက်ရှိ တောင်စောင်းတွင် ဆရာရှင်ကုသူမီး၏ ဂေဟာရှိသည်။

ယင်းဂေဟာမှာ အတော်ကျယ်ဝန်းပြီး သစ်သားဖြင့်ဆောက်လုပ်ထားသည်။ ဆရာရှင်ကုသူမီးသည် သူ၏ အစ်မနှင့်အတူ နေထိုင်ပြီး အခြားသာဝကများလည်း ရှိကြသည်။ ဗလာဗာစကီသည် ဤဂေဟာတွင် အခြားသာဝကများနှင့်အတူ နေထိုင်ပြီး ဂန္ဓာရီပညာများကို လေ့လာခဲ့သည်။ ဆရာရှင်ကုသူမီး၏အစ်မက ဂေဟာတစ်လုံးကို စီမံသည်။

ပုံ၏ လက်ယာထောင့်တွင် ဖော်ပြထားသော အဆောက်အအုံမှာ မြန်မာဆန်လှသည်။ ဤဇရပ်တွင် ဗလာဗာစကီအနားယူသည်။ ရေချိုးအဝတ်လျှော်သည်။

ဤပုံမှာ ဘလာဗာစကီက တောင်းပန်၍ ဆရာရှင် ဂျန်ကူးက အစတ်ပေါ်တွင် မဟိဒ္ဓိတန်ခိုးဖြင့် ရုပ်ပုံဖော်စေခြင်းဖြစ်သည်။ လက်ဝဲဘက်တောင်စောင်းရှိသည် ရှေးဟောင်းပစ္စည်းများ၊ စာပေများနှင့် စွာန်ကျမ်းကြီးထားရာ ပြတိုက်ဖြစ်သည်။

ဗလာဗာစကီမှာ ထူးခြားသောတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်၍ အခြား သာဝကများနှင့် မတူဘဲ အထူးပညာရပ်များကို သီးခြားလေ့ကျင့်ရသည်။ ဆရာနှင့် တပည့်နှစ်ဦးတည်းသာ သိခွင့်ရသော အန္တေဝါသိကနည်းဖြင့် လေ့လာသင်ကြားခြင်း ဖြစ်သည်။

ဆရာရှင်မောရိယက အန္တေဝါသိကတရားရင်းများ၊ မဟာဂန္ဓာရီပညာများကို သင်ကြားပေးပြီး ဆရာရှင် ကုသူမီးက တယ်လီပသီခေါ် မနောဆက်ပညာ၊ ဆင်ဇာခေါ် ရှေးဟောင်းသက္ကတစာပေနှင့် အင်္ဂလိပ်စာကို ကူညီသင်ကြားပေးသည်။

လိုအပ်သော သင်ကြားလေ့လာမှုများ၊ စရဏများ ပြည့်စုံသောအခါ အနောက်နိုင်ငံများသို့ လှည့်ပတ်ပြီး အတွေ့အကြုံယူရန် ဆရာရှင်တို့က စေလွှတ်လိုက်သဖြင့် ပြင်သစ်၊ အင်္ဂလန်၊ ဂျာမနီ၊ အီဂျစ်၊ ဂျားဗား၊ တရုတ်၊ အိန္ဒိယပြည်များသို့ ဂန္ဓာရီခရီးလှည့်ရသည်။ အီဂျစ်တွင် ဂန္ဓာရီဂိုဏ်းနှစ်ဂိုဏ်း ရှိသည့်အနက် လူဇာညီနောင် ခုနစ်ဖော်ဂိုဏ်းဝင်ပြီး အီဂျစ်ဂန္ဓာရီပညာများကို ဆရာရှင်ဆီရပစ်ထံမှ သင်ကြားရသည်။

ဆရာရှင်ဆီရပစ်သည် သဒ္ဓမ္မသူတော်စင်အဖွဲ့မှ လူဇာညီနောင်ခုနစ်ဖော်ဂိုဏ်းကြီးကို ဦးစီးရန် တာဝန်ပေးအပ်ခံရသူ ဖြစ်သည်။ ဗလာဗာစကီသည် ပြင်သစ်တွင် ဖရိုးမေဆင် ဂန္ဓာရီပညာများကို ဆရာတစ်ဆူ ဖြစ်သည်အထိ ပေါက်ရောက်အောင် လေ့လာခဲ့သည်။

ပြင်သစ်နှင့် ဂျာမနီတွင် ရိုဆီကရူဆီယံဂိုဏ်းပညာများကိုလည်း လေ့လာဆည်းပူးသည်။ ၁၈၇၃ ခုနှစ်တွင် ဆရာရှင်၏ညွှန်ကြားချက်အရ အမေရိကသွားရောက်ပြီး ဂန္ဓာရီပညာ ပြန့်ပွားရေးအတွက် Spritual Scientist ဂျာနယ်တွင် ဆောင်းပါးများ ရေးသည်။ ရုပ်လောက၊ နာမ်လောကအကြောင်း၊ ကံအကြောင်း၊ သံသရာနှင့် သံသရာမှ လွတ်မြောက်ရာ လမ်းစဉ်ရှိကြောင်း စိတ်တန်ခိုးနှင့် စွာန်အဘိညာဉ် အကြောင်းများကို ဖိရေးသည်။ တစ်နည်းအားဖြင့် နောင်အခါတွင် အနောက်နိုင်ငံများ၌ ဟိန္ဒူဘာသာ

ဗုဒ္ဓဘာသာ အခြေချနိုင်ရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ဒေးလီးဂရပ်ဖ် သတင်းစာတွင် ကာနယ်အောလ်ကော့က စိတ်ပိုင်းဆိုင်ရာ ဆောင်းပါးများ ရေးသားလျက်ရှိသည်။ ဗားမောက်နယ် ချစ်ဘင်ဒန်ရှာရှိ အက်ဒီခြံကြီးတွင် နေ့ခင်းကြောင်တောင် သရဲကိုယ်ထင်ပြကြောင်းသတင်းကြီးနေရာ ဒေးလီးဂရပ်ဖ် သတင်းစာက အက်ဒီခြံ သရဲခြောက်သော သတင်းကို ယူရန်အတွက် အောလ်ကော့ကို တာဝန်ပေးသည်။ ထို့ကြောင့် အောလ်ကော့သည် အက်ဒီခြံကြီးသို့ သတင်းယူရန် ရောက်လာသော အခါ သူလိုပင် သတင်းအနုံ့ခံလိုက်နေသော ဗလာဗာစကီနှင့် တွေ့ဆုံကြသည်။

ထိုစဉ်က အမေရိကန်နှင့်အနောက်နိုင်ငံများတွင် ရုပ်ဝါဒ၊ သိပ္ပံဝါဒများ လွှမ်းမိုးပြီး နာမ်ဝါဒ စိတ်စွမ်းအင်တို့ကို အယုံအကြည်မရှိ။ တစ်ဖက်စောင်းနင်းဖြစ်နေသည်။ ထို့ကြောင့် ဆရာရှင်တို့က ဗလာဗာစကီအား အက်ဒီခြံသို့သွားပြီး နာမ်ဝါဒဘက် အလေးသာလာအောင်၊ လူများ အာရုံစိုက်လာအောင် ဆောင်ရွက်ရန် ညွှန်ကြားသည်။

အက်ဒီခြံ သရဲကိုယ်ထင်ပြသည်ကို ကြည့်ရအောင်၊ လေ့လာရအောင်၊ သတင်းထောက်များ၊ စာရေးဆရာများ ရောက်ရှိလာမှပင် သရဲက ကိုယ်ထင်မပြတော့သဖြင့် ခွက်ချနေသည်။ ဤအခွင့်အရေးကိုအလွတ်မခံနိုင်သော ဗလာဗာစကီသည် မိမိ၏ မဟိဒ္ဓိပညာကို အသုံးပြု၍ သရဲနေရာတွင် အစားထိုး၍ ကိုယ်ထင်ပြလိုက်ရတော့သည်။

ယင်းအက်ဒီခြံ. သရဲကိုယ်ထင်ပြမှုကို သတင်းယူရန်လာသော ကာနယ်အော်လ်ကော့နှင့် ဘလာဗာစကီတို့ မိတ်ဆွေဖြစ်သွားကြသည်။ သူတော်ချင်းချင်း သိတင်းလွေ့လွေ့စကားအတိုင်း ဘလာဗာစကီနှင့် ကာနယ်အော်လ်ကော့တို့သည် မိမိတို့နှင့် ဝါသနာရည်ရွယ်ချက်ချင်း တူသော မိတ်ဆွေ (၁၇)ဦး ပူးပေါင်းပြီး ၁၈၇၅ခု၊ နိဝင်ဘာလ ၁၇ ရက်နေ့တွင် နယူးယောက်မြို့၌ သီအိုဆိုဖီအသင်းကို ဖွဲ့စည်းတည်ထောင်သည်။

ကာနယ်အောလ်ကော့က ဥက္ကဋ္ဌဖြစ်ပြီး ဗလာဗာစကီက အတွင်းရေးမှူး ဖြစ်သည်။ မူလတည်တောင်ခါစ၌ သီအိုဆိုဖီအသင်း၏ ရည်ရွယ်ချက်မှာ ဒဿနနှင့် ဘာသာရေးပေါင်းစပ်သော ရည်ရွယ်ချက်ဖြစ်သည်။ နောင်အခါတွင် အမေရိကန်မှ အိန္ဒိယပြည်သို့ ပြောင်းရွှေ့ပြီးနောက် ကမ္ဘာလုံးဆိုင်ရာ သီအိုဆိုဖီအသင်းညီလာခံ ကျင်းပသည်တွင် အသင်း၏ ရည်ရွယ်ချက်ကို ပြတ်သားစွာ ချမှတ်နိုင်ခဲ့သည်။ ပထမဆုံး ရည်ရွယ်ချက်မှာ ဗြဟ္မစိုရ်တရား ပြန့်ပွားကျင့်သုံးရန်ဖြစ်ပြီး အသင်း၏ ကြွေးကြော်သံမှာ သစ္စာတရားထက် မြင့်မြတ်သောဘာသာ မရှိဟူ၍ဖြစ်သည်။

သီအိုဆိုဖီအသင်း အိန္ဒိယသို့ ရောက်ပြီးနောက် ၁၈၈၀ခု၊ မေလ ၁၉ ရက်နေ့ကဆုန်လပြည့်၊ ဗုဒ္ဓပူဇနိယနေ့တွင် သီရိလင်္ကာသာသနာပိုင် ဆရာတော်ထံတွင် ကာနယ်အောလ်ကော့နှင့် မဒမ်ဗလာဗာစကီတို့သည် ငါးပါးသီလခံယူ၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြပါသည်။ သူတို့နှစ်ဦးသည် သီရိလင်္ကာကျွန်းတွင် ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ကြပြီး မကြာခဏ ဟောပြောပွဲများ အပြိုင်အဆိုင်ကျင်းပကြပါသည်။

မျက်နှာဖြူများကိုယ်တိုင်က ခရစ်ယာန်ဘာသာကို ယှဉ်ပြိုင်ခြင်းသည် ထိုအစဉ်က ရှာမှ ရှားသော အစဉ်အလာဖြစ်သည်။ ဟောပြောပွဲ၏ ဂယက်ကြောင့် ဓမ္မပါလသည် ဗလာဗာစကီထံသို့ သီအိုဆိုဖီအသင်း ဝင်ရောက်ရန် ရောက်လာသည်။

ဗလာဗာစကီက လူမမယ် ဓမ္မပါလအား ဒီဗွစကွုအမြင်ဖြင့် ကြည့်မြင်ပြီးလျှင် ဓမ္မပါလသည် သီအိုဆိုဖီအသင်းသား လုပ်ရန်မဟုတ်။ သူ၏တာဝန်မှာ ပါဠိစာပေကျမ်းဂန်များကို တတ်မြောက်အောင် သင်ကြားပြီး ဟိန္ဒူများလက် ရောက်နေသော ဗုဒ္ဓဂါယာကို ဗုဒ္ဓဘာသာတို့လက်တွင်းသို့ ပြန်ရောက်အောင်နှင့် အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာ ပြန်လည် အသက်ဝင်ရန် တာဝန်ကိုယူရန် ဖြစ်သည်ဟု ညွှန်ကြားသည်။

ဤညွှန်ကြားချက်၊ အကြံပြုချက်အတိုင်း ဓမ္မပါလသည် ပါဠိပိဋကတ်စာပေများကို သင်ကြားတတ်မြောက်ပြီးနောက် ဟိန္ဒူတို့လက်တွင်းမှ ဗုဒ္ဓဂါယာကို တရားရုံးခွဲ နှစ်ရှည်လများ အမှုရင်ဆိုင်ပြီး ဗုဒ္ဓဘာသာတို့လက်သို့ ပြန်လည်ရအောင် ယူဆောင်ပေးခဲ့သည်။ မဟာဗောဓိကျောနယ်ကိုလည်း ထုတ်ဝေကာ အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာကို ပြန်လည် အသက်သွင်းခဲ့သည်။

ဗလာဗာစကီ ကွယ်လွန်သွားသောအခါ ကာနယ်အော်လ်ကော့သည် ဓမ္မပါလနှင့် တွဲဖက်၍ တစ်ကမ္ဘာလုံး ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေးကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။

အိန္ဒိယပြည်တွင်နေစဉ်အတွင်း ကျောက်ကပ်ရောဂါ ရလာရာ ဘလာဗာစကီအား ဆရာရှင်တို့က ရှိဂတ်ဆီသို့ လာရန် ညွှန်ကြားသည်။ အိန္ဒိယပြည်မြောက်ပိုင်း ဒါဂျီလင်မှ နေ၍ ဆစ်ကင်ပြည်ကို ဖြတ်ပြီး တိဗက်နယ်စပ်ကို ဖြတ်ကျော်ရန်ဖြစ်သည်။

ဆစ်ကင်နှင့် တိဗက်နယ်ခြား အကူးတွင် တိဗက်သို့ဝင်ရန် ကင်းစောင့်များက တားမြစ်သည်။ ထိုစဉ်က တိဗက်သို့ ဝင်ရောက်ရန် အလွန်ခဲယဉ်းသည်။ ဗလာဗာစကီအား ဆစ်ကင်နယ်စပ်အထိ လိုက်ပို့ကြသူ ၁၀ဦးခန့်တွင် မြန်မာသံအမတ်လည်း ပါဝင်သည်။ မြန်မာသံအမတ်သည် ဆင်းမလားတွင် မြန်မာပြည်မှ အရေးပိုင် မစ္ဆတာပီလ်ချာနှင့်အတူ သီအိုဆိုဖီအသင်းဝင်ထားကြသူများ ဖြစ်သည်။ တိဗက်များသည် ဗုဒ္ဓဘာသာဖြစ်သည်။ လိုက်ပို့သူများထဲတွင် မြန်မာသံအမတ်တစ်ဦးသာ ဗုဒ္ဓဘာသာဝင်ဖြစ်သည်။ ထို့ကြောင့် တိဗက်များက ကြည်ဖြူစေရန်အတွက် မြန်မာသံအမတ်အား တိဗက်နယ်ခြားအနီးရှိ လားမားကျောင်းသို့ အခက်အခဲများ ဖြေရှင်းပေးရန် စေလွှတ်သည်။

တိဗက်များက ဗလာဗာစကီကို ဝင်ခွင့်ပြုရုံက ကြိုဆိုနှုတ်ဆက်ကြသည်။ ဗလာဗာစကီကလည်း မြန်မာသံအမတ်ကို ကျေးဇူးတင်ကြောင်း ပြော၍ အိန္ဒိယသို့ ပြန်လည် တွက်ခွာသွားကြသည်။

၁၈၈၅ ခုနှစ်တွင် မြန်မာပြည်တွင် အင်္ဂလိပ် မြန်မာ ဆက်ဆံရေးမှာ အကျပ်အတည်း ရိုက်လာရာ သီပေါမင်းသည် နိုင်ငံခြား တိုင်းပြည်များ၏ ထောက်ခံအားပေးမှုကို ရှာကြံလာရသည်။ ပြင်သစ်၊ အမေရိကန်စသော တိုင်းပြည်များမှ သံတမန် ဆက်ဆံရေးနည်းဖြင့် အကူအညီယူသကဲ့သို့ ဘာသာရေးနည်းဖြင့်လည်း အကူအညီယူရန် စဉ်းစားသောအခါ

မျက်နှာဖြူ ဗုဒ္ဓဘာသာ သာသနာပြုများဖြစ်သော ကာနယ်အောလ်ကော့နှင့် ဗလာဗာစကီ တို့၏ လက်ဘီပက္ခန်း ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသောအခါ အထက်မြန်မာနိုင်ငံသို့ အလည်လာရန် မဒမ်ဗလာဗာစကီနှင့် ကာနယ် အောလ်ကော့တို့အား ဖိတ်ကြားသည်။

ထိုအချိန်တွင် မဒမ်ဗလာဗာစကီမှာ (SECRET DOCTRINE)ဂမ္ဘီရ ဓမ္မကျမ်းကြီးရေးရန်အတွက် စိုင်းပြင်းလျက်ရှိရာ ကာနယ်အောလ်ကော့သာလျှင် မြန်မာပြည်သို့ လာနိုင်တော့သည်။

မဒမ်ဗလာဗာစကီသည် ကျန်းမာရေး အလွန်ချွတ်ယွင်းလာရာ ဆရာရှင်တို့က ဂမ္ဘီရဓမ္မကျမ်းကို ပြုစုရန်အတွက် အသက်ဆက်ပေးခဲ့သည်။ ဂမ္ဘီရကျမ်းမှာ ရှမ်ဗဲလား ပြတိုက်တွင် သိမ်းဆည်းထားသော ရှေးဘုရားအဆက်ဆက်တို့မှ ရှိခဲ့သော စာနှံကျမ်းကြီးမှ ပြန်ဆိုခြင်းဖြစ်သည်။

စာနှံကျမ်းတဲမှ ၁၄ ဂါထာကို အဓိပ္ပာယ်ဖွင့်ခြင်းဖြစ်သည်။ အသခ်ံတဓာတ်မှ သခ်ံတဓာတ်များ သွန်းလောင်းထွက်ပေါ်လာပုံကို ဂန္ဓာရီပညာ၊ သိပ္ပံပညာနှင့် ရှေးဟောင်းဘာသာရေး အမျိုးမျိုးတို့ကို စုပေါင်းတင်ပြထားသောကျမ်းဖြစ်၍ ရှမ်ဗဲလားမှ ပထမဆုံးအန္တေဝါသိက တရားများကို လူအများအား သိခွင့်လေ့လာခွင့် ပေးလိုက်ခြင်းဖြစ်သည်။

ဤဂမ္ဘီရဓမ္မမပေါ်မီကဆိုလျှင် ဤကျမ်းပါ အချက်အလက်များမှာ ဂန္ဓာရီဂိုဏ်းကြီးများအတွင်း ဆရာနှင့် တပည့် နှစ်ဦးတည်း သိခွင့်ရှိသော လက်ထပ်သင် တရားဖြစ်သည်။ ဤကျမ်းကို ၁၈၈၈ ခုနှစ်တွင် ရေးသားပြီး ပုံနှိပ်ထုတ်ဝေသည်။ ၁၈၈၉ နှစ်တွင် Voice of Silenceခေါ် ဗောဓိသတ္တကျင့်စဉ်ကျမ်းကို ရေးသည်။ ယင်းနှစ်ကျမ်းစလုံး ရေးသားရာတွင် သာမန် အတ္တနောမတိဖြင့် ရေးသားသည် မဟုတ်ချေ။

ဆရာရှင်မောရိယနှင့် ကုသူမီးတို့၏ မနောဆက်နည်းဖြင့် ချပေးခြင်း၊ ရံဖန်ရံခါ စားရေးသောလက်ကို စီး၍ ရေးခြင်း၊ အကြားအမြင်ဖြင့် ရေးခြင်း၊ တိဗက်တွင် ပညာသင်ကြားစဉ်က နှုတ်တက်အာဂုံကျက်မှတ်ထားသည်တို့ကို ပြန်လည်ရေးသားခြင်း စသည်ဖြင့် နည်းမျိုးစုံဖြစ်သည်။ အခြား ကျမ်းဂန်များ၊ ဆောင်းပါးစာတမ်းများ စုစုပေါင်း မဒမ်ဗလာဗာစကီ ပေါင်းချုပ်ကျမ်းပေါင်း ၁၄ ကျမ်းရှိသည်။

ဗလာဗာစကီပြုသမျှ ကျမ်းဂန်များအနက် ဂမ္ဘီရဓမ္မကျမ်းသည် အထင်ရှားဆုံး ဖြစ်သည်။ ယနေ့အထိ လေ့လာနေကြသော ကျမ်းလည်းဖြစ်သည်။ မဟာဂန္ဓာရီ စွယ်စုံကျမ်းကြီးလည်း ဖြစ်သည်။

ဂမ္ဘီရဓမ္မကျမ်းတွင် အတမ် (Atom) သည် ခွဲခြားမရသော အန္တိမရုပ်အဆင့်မဟုတ်။ အတမ်ကို ထပ်မံခွဲခြမ်းနိုင်သေးသည်။ အတမ်ထက် သေးငယ်သော အမှုန်များ ရှိသေးသည်။ နောက်ဆုံးတွင် ရုပ်ဒြပ်သဘော ပျောက်ပြီး စွမ်းအင်သဘောသို့ ဆိုက်ရောက်သွားမည်ဟု ဆိုသည်။ ဤကိစ္စနှင့် ပတ်သက်၍ အိန်စတိန်းက ၁၉၃၅ ခုနှစ်တွင် ဤသို့ မှတ်ချက်ချခဲ့သည်။

"ဒီကျမ်းဟာ အလွန်ထူးခြားတဲ့ ကျမ်းဖြစ်ပါတယ်၊ ပါမောက္ခ ဟောဆင်ဘတ်ကို ဒီကျမ်းစာအုပ်ဝယ်ပြီး ဆောင်ထားဖို့ ပြောထားတယ်။ ခေတ်သစ်ရူပဗေဒနဲ့ ဒီကျမ်းအကြို ဘယ်လောက် ကိုက်ညီတယ်ဆိုတာ အံ့သြစရာတွေ့ရတယ်။ ဒီပြင်လဲ ဒီကျမ်းထဲမှာ စိတ်ဝင်စားစရာတွေ ပါသေးတော့ ဒီကျမ်းကို ကျုပ် စိတ်ဝင်စားတယ်"

ယခုအခါ ၂၀ ရာစုနှစ်ကုန်ပိုင်း ရူပဗေဒပညာရှင်များဖြစ်သော နီဘယ်ဆုရ ဒေါက်တာ ဒေးဗစ်ဗွန်း၊ ဒေါက်တာ ဖရစ်ကက်ပရာတို့ကလည်း ဂမ္ဘီရဓမ္မကျမ်းလာအချက်များ မှန်ကန်ကြောင်း၊ အထူးသဖြင့် နာမ်ဓာတ်နိမ့်ကျ ကြမ်းတမ်းလာလျှင် ရုပ်ဓာတ်ဖြစ်ပေါ်လာပြီး ရုပ်ဓာတ် နူးညံ့သိမ်မွေ့လာလျှင် ဒြပ်မဲ့စွမ်းအင်ဖြစ်သွားသည်။

နာမ်ဓာတ် နယ်ကူးသွားသည်။ ရုပ်နှင့် နာမ် နှစ်ပါးတွင် နာမ်ဓာတ်စတင်ဖြစ်ပေါ်ပြီး နာမ်ဓာတ်မှ ရုပ်ဓာတ်သို့ အသွင်ကူးပြောင်း ဖြစ်ပေါ်ခြင်း ဖြစ်သည်ဟုပင် ဆိုကြလေပြီ။

ရှမ်ဗဲလား၏ ကိုယ်စားလှယ်ပုရောဟိတ်အဖြစ် ဗလာဗာစကီ ပြုစုခဲ့သော ဂမ္ဘီရကျမ်းသည် ယနေ့ ၂၀ ရာစုကုန်အထိ မဟာဂန္ဓာရီပညာတွင် ပြိုင်ဘက်ကင်းသော ကျမ်းကြီးဖြစ်ကြောင်းကို မဟာဂန္ဓာရီ ပညာရှင်များ သာမက သိပ္ပံပညာရှင်များကပင် သိရှိလာကြပြီ ဖြစ်ပေသည်။

ဂမ္ဘီရဓမ္မကျမ်းဖြင့် လောကအသိဉာဏ်ကို ဖွင့်ခဲ့သော ဗလာဗာစကီသည် ၁၈၅၁ မှ သူကွယ်လွန်သော ၁၈၉၁ နှစ်အထိ နှစ်ပေါင်း ၄၀ မျှ ကိုယ်ကျိုးမဖက် လူ့လောက အကျိုးသာ ဆောင်ရွက်ခဲ့သော ဗောဓိသတ္တ ပုရောဟိတ်သာလျှင် ဖြစ်ပေသည်တစ်မုန့်။



ရှမ်ဘဲလား
အကြီးဆုံးတာပည့်

လှို့ဝှက်နက်နဲသော ဂန္ဓာရီပညာသင်ကြားရန်အတွက် ဂုရုရှာပုံတော်ဖွင့်ကြသော သာဝကလောင်းများ အများအပြားရှိသည်။ အရေးကြီးသော တာဝန်ကို ဆောင်ရွက်ရန်အတွက် သင့်လျော်သော သာဝကကို ရှာဖွေသောဂုရုလည်း မရှားလှ။ ဂန္ဓာရီပညာနှင့် သစ္စာတရားများကို လေ့လာသင်ကြားရန်အတွက် ဂုရုအရှာထွက်လာသော သာဝကလောင်းနှင့် သာဝကအရှာထွက်လာသော ဂုရုတို့နှစ်ဦးသည် လမ်းခုလတ်တွင် ပက်ပင်းတွေ့ဆုံသည့် အခါလည်း ရှိသည်။

အိန္ဒိယ လောကီပညာ၊ အီဂျစ်လောကီပညာ မြန်မာဘာသာပြန် နှစ်အုပ်ဖြင့် ကျော်ကြားသော ကျမ်းပြုဆရာ ဒေါက်တာ ပေါလ်ဘရန်တန်သည် တတိယ သာဝကအမျိုးအစားတွင် ပါဝင်သည်။ ယင်းဘာသာပြန် နှစ်အုပ်ကြောင့် မြန်မာစာဖတ်ပရိသတ်နှင့်



လည်း ရင်းနှီးပြီး ဖြစ်သည်။ ဒေါက်တာ ပေါလ်ဘရန်တန်သည် ၁၈၉၈ ခုနှစ်တွင် လန်ဒန်၌ ဖွားမြင်သည်။ ပုံမှန်ပညာရပ်များကို သင်ကြားရာ ပီအိပ်ချ်ဒီ ပါရဂူဘွဲ့ ရခဲ့သည်။

ကျောင်းထွက်ပြီးနောက် သတင်းစာသမား၊ အယ်ဒီတာအဖြစ် ဆောင်ရွက်ရာတွင်လည်း အောင်မြင်မှုရခဲ့သည်။ ၁၉၃၀ ခန့်တွင် သူ၏ဝါသနာမှာ ဒဿန၊ သမထနှင့် ဘာဝနာများကို စိတ်ဝင်စားခြင်း ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် သူကိုယ်တိုင် ဝန်ခံထားသည့်အတိုင်း သူ့ဘဝတစ်လျှောက်လုံးသည် သစ္စာတရားကို ရှာဖွေရန်ချည်းသာ ဖြစ်ခဲ့သည်။ သစ္စာတရားကို ဘာသာရေးနည်းဖြင့် ရှာသည်။ ဒဿနနည်းဖြင့် ချဉ်းကပ်သည်။ သမထဘာဝနာနည်းဖြင့်လည်း စမ်းသပ်ကြည့်သည်။ သို့သော် အားရတင်းတိမ်မှု မရသဖြင့် ရှေးဟောင်းပညာရပ်များ၊ လျှို့ဝှက်နက်နဲသောပညာများ ထွန်းကားရာ အရှေ့တိုင်းသို့ ခရီးဆန့်ခဲ့သည်။

အီဂျစ်၊ အိန္ဒိယသို့ အကြိမ်ကြိမ် ရောက်သည်။ နီပေါ၊ သီရိလင်္ကာ၊ မြန်မာပြည်သို့လည်း ရောက်သည်။ ထိုအရပ်များရှိ ပညာရှိများထံတွင်လည်း ချဉ်းကပ်၍ မေးမြန်းလေ့လာသည်။ စာပေအထောက်အထားများကို ရှာဖွေဖတ်ရှုသည်။ ယင်းသို့ခရီးထွက်ရာမှ ခရီးသွားမှတ်တမ်းအဖြစ် အိန္ဒိယ လောကီပညာနှင့် အီဂျစ် လောကီပညာ နှစ်အုပ် ပထမဆုံး ၁၉၃၄ ခုနှစ်တွင် ထွက်ပေါ်လာသည်။

အီဂျစ်သို့ အခေါက်ခေါက်အခါခါသွားသည်။ ပြီးမှ အီဂျစ်လောကီပညာကို ရေးခြင်းဖြစ်သည်။ အိန္ဒိယသို့ အခေါက်ခေါက် အခါခါ သွားသည်။ ပြီးမှ အိန္ဒိယ လောကီပညာကို ရေးခြင်းဖြစ်သည်။ အီဂျစ်၊ အိန္ဒိယစသော အရှေ့တိုင်းများသို့ ခရီးမဆန့်မီကပင် ပေါလ်ဘရန်တန်သည် သမထအားထုတ်ပြီး ဖြစ်သည်။ အောက်စျာန်ခေါ် ရုပစျာန်ကို အောင်မြင်ပြီး ဖြစ်သည်။ အထက်စျာန်ခေါ် အရူပစျာန်ကို အတော်အသင့် နိုင်ပြီးဖြစ်သည်။ စျာန်သမာဓိကို မွေးမြူထားနိုင်ပြီးဖြစ်သည်။ သို့ရာတွင် အိန္ဒိယ လောကီပညာစာအုပ်တွင် သူ၏သမာဓိအဆင့်ကို ဖော်ပြထားခြင်းမရှိ။ နောင်အခါမှသာလျှင် ဖော်ပြသည်။

အိန္ဒိယပြည်သည် ဆာဒူး၊ ဖကီး၊ ရသေ့၊ ဆွာမီ စသော သမထသမားများ ပေါများလှသော တိုင်းပြည်ဖြစ်သည်။ ပေါလ်ဘရန်တန်သည် အိန္ဒိယပြည်ရှိ နာမည်ကြီး

ဆာဒူးများ၊ ဖကီးများ၊ ရသေ့များ၊ ဆွာမီများ၊ ဆန်ညာဆီခေါ် ဘုန်းတော်ကြီးများထံ ချဉ်းကပ်၍ လေ့လာဆည်းပူးခဲ့သည်။ ယင်းဆရာရှင်တို့၏ ကမ္မဋ္ဌာန်းကျောင်း၊ ရိပ်သာတို့တွင် ဘာဝနာပွားများ အားထုတ်ခဲ့သည်။ သူရောက်ခဲ့သမျှသော ရသေ့၊ ဆာဒူးများအနက် အထင်ရှားဆုံးမှာ ရာမနာမဟာရိရှိပင် ဖြစ်သည်။

အိန္ဒိယ လောကီပညာစာအုပ်တွင် ရာမနာမဟာရိရှိအကြောင်း အသေးစိတ် အစုံအလင် ဖော်ပြရေးသားလိုက်သဖြင့် ရာမနာမဟာရိရှိမှာ တစ်ကမ္ဘာလုံးသို့ ကျော်ကြားသွားသည်။ ပေါလ်ဘရန်တန်သည် ရာမနာမဟာရိရှိ၏ ရိပ်သာတွင် အတန်ကြာ နေထိုင်လျက် ဘာဝနာများ အားထုတ်သော်လည်း သူသိလိုသော သစ္စာတရားများ၊ ဂန္ဓာရီပညာများကား အချိန်ကုန်သော်လည်း မရရှိသေးပေ။ ထို့ကြောင့် ရာမနာမဟာရိရှိ၏ ယောဂကျင့်စဉ်မှဖြင့် အားရတင်းတိမ်ခြင်း မရှိသော ပေါလ်ဘရန်တန်သည် တရားရှာရန်၊ ဆရာရှာရန် ခရီးဆက်လက်ထွက်ဖို့ ကြိုးစားရသည်။

ဂန္ဓာရီ ပညာရပ်များကို သင်ကြားလာသော တိဗက် ဂန္ဓာရီဂိုဏ်း (၀၊) ရှမ်ဗဲလား၏ ဂန္ဓာရီဂိုဏ်းခွဲသည် တိဗက် ရှိဂတ်ဆီတွင် ရှိကြောင်းကို သူ သိသည်။ ထို့ကြောင့် ဆစ်ကင်ပြည်မှတစ်ဆင့် ရှိဂတ်ဆီရှိရာ တိဗက်သို့ ဝင်ရောက်ရန် ဒါဂျီလင်သို့ သွားသည်။ ဒါဂျီလင်မှတစ်ဆင့် ဆစ်ကင်၊ ယင်းမှတစ်ဆင့် တိဗက်သို့ သွားရန်ဖြစ်သည်။ တိဗက်ရောက်လျှင် မဟာဂန္ဓာရီဂုရုများ၊ ဗျာန်ဘုရားများ ကိန်းဝပ်ရာ ကေလာသတောင်ပေါ်သို့ တက်ပြီး ဂုရုရှာမည်။ ဂန္ဓာရီပညာသင်မည်ဟု အစီအစဉ်ဆွဲထားသည်။

သို့ရာတွင် ဗြိတိသျှအစိုးရက ဆစ်ကင်ကို ဖြတ်သန်း၍ တိဗက်သို့သွားရန် ခွင့်မပြုသဖြင့် များစွာစိတ်ပျက်မိသည်။ ဤသို့ စိတ်အားပျက် ဝမ်းနည်းနေစဉ်တွင် အာရုံဩမ်သက်သောအခါ –

'ဂန္ဓာရီပညာရှင် ဂုရုတွေ ရှိတဲ့ ကေလာသတောင်ဟာ မင်းရဲ့ နှလုံးသားမှာ ရှိပါတယ်၊ ဘာမှ စိတ်မပျက်နဲ့'

ဟူသော ဆရာရှင်၏ အသံကို အာရုံဖြင့် ကြားသိရသည်။ ပေါလ်ဘရန်တန်သည် ရာမနာမဟာရိရှိ၏ ပညာခန်းများကို သာသာထိုးထိုး ရေးသားဖော်ပြခဲ့သော်လည်း သူ၏ သမာဓိအဆင့်ကိုမူ ဖော်ပြခြင်း မပြုပေ။

အီဂျစ်လောကီပညာစာအုပ်တွင် ပိရမစ်တစ်ခုတွင် တစ်ညလုံး မိမိတစ်ဦးတည်း လေ့လာသောအခါ ချောက်ချားဖွယ် ပရလောကသားတို့နှင့် တစ်ညလုံး တွေ့ကြုံပြီးနောက် ထွက်ရပ်ပေါက်သွားပြီဖြစ်သော အီဂျစ် ဝိဇ္ဇာဓိရ်များနှင့် တွေ့ရသည်။ ထွက်ရပ်ပေါက်ပြီး ဂိုဏ်းချုပ်ကြီးနှင့်လည်း တွေ့၍ ဆွေးနွေးရသည်။ ဤသို့ တွေ့ကြုံဆွေးနွေးရသည်မှာ လူ၏ရုပ်ခန္ဓာဖြင့်မဟုတ်ဘဲ ရုပ်နုခန္ဓာ လိပ်ပြာခန္ဓာဖြင့်လည်းကောင်း၊ ဝိညာဉ်ဖြင့် လည်းကောင်း တွေ့ရခြင်း ဖြစ်သည်။ ရုပ်ခန္ဓာကိုယ်မှ ဝိညာဉ်ခွာပြီး နေနိုင်ခြင်းသည် သေသောအခါ ရုပ်ခန္ဓာမှ ဝိညာဉ် ခွာသွားသည့်နည်းတူပင် ဖြစ်ကြောင်း၊ ထို့ကြောင့် သူသည်

သေခြင်းတရားနှင့် တမလွန် ကူးပြောင်းခြင်းကို လက်တွေ့ကြုံတွေ့ခဲ့ရကြောင်း မှတ်တမ်းတင်ထားသည်။

ယောဂကျင့်စဉ်တွင် ဝိညာဉ်အနေဖြင့် ရပ်တည်နိုင်ခြင်းသည် အဆင့်အမြင့်ဆုံးဖြစ်ရာ ပေါလ်ဘရန်တန်သည် ရာမနာမဟာရိရှိနှင့် မတွေ့မီကတည်းက ယောဂကျင့်စဉ် သမာဓိအမြင့်ဆုံးစခန်း၏ အတိမ်အနက်ကို သိရှိနားလည်ပြီး ဖြစ်သည်။ သို့ရာတွင် ရာမနာမဟာရိရှိထံမှ ယောဂစျာန်ဝင်စားခြင်းထက် သာလွန်သော သစ္စာတရားများ၊ ဂန္ဓာရီပညာများ ထွက်လာနိုး မျှော်ကိုးခဲ့သော နေခြင်းဖြစ်သည်။ နောက်ဆုံးတွင် ရာမနာမဟာရိရှိထံမှ လည်းကောင်း၊ အိန္ဒိယရှိ ရသေ့များထံမှ လည်းကောင်း ဂန္ဓာရီပညာရပ်များ မရနိုင်သည်ကို သဘောပေါက်လာသောအခါတွင် အရှေ့ဖျား တိုင်းပြည်များသို့ ခရီးဆန့်ခဲ့သည်။

အရှေ့ဖျား တိုင်းပြည်များသို့ ခရီးဆန့်ရင်းဖြင့် ကမ္ဘောဒီးယားသို့ ရောက်လာသည်။ ကမ္ဘောဒီးယားရောက်သော် အလွန်ကျော်ကြားလှသော အန်ကောဝပ် ဗုဒ္ဓဘာသာ ဘုရားကျောင်းသို့ လေ့လာရေးခရီး ထွက်လာသည်။ ထိုစဉ်တွင် အန်ကောဝပ်ဘုရားကျောင်းဝင်းအတွင်းရှိ ဧရပ်တစ်ဆောင်တွင် တစ်ဦးတည်း ခပ်မဆိတ်ထိုင်နေသော ပုဂ္ဂိုလ်ကြီးတစ်ပါးနှင့် တွေ့ဆုံရသည်ကို လျှို့ဝှက်လမ်းစဉ်စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"လွန်ခဲ့သော နှစ်များအတွင်းက နေရောင်ခြည် ပူပြင်းလှသော အရှေ့တိုင်းသို့ နောက်ဆုံးလက်ကျန် ဂန္ဓာရီပညာရှင်များကို တွေ့လိုတွေ့ငြား ခရီးဆန့်ခဲ့သည်။ အရှေ့တိုင်း ဂန္ဓာရီပညာရှင်များအကြောင်းကို မကြာခဏ ကြားဖူးကြသော်လည်း



ဆရာဂုရုနှင့် တွေ့ခဲ့သော အန်ကောဝပ်ကျောင်းတော်

တွေ့ကြုံဖူးသူကား နည်းပါးလှသည်။ ဤခရီးတွင် ကျွန်ုပ်၏ လေးစားကြည်ညိုမှုကို တစ်မှုတ်ချင်း ရယူနိုင်သော သူမတူ ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်က ကျွန်ုပ်၏ ရိုသေလေးစားမှုကို လက်ခံသည်။

"သူသည် အများအားဖြင့် ခေတ်သစ်ကမ္ဘာတွင် ပျောက်ကွယ်နေပြီဖြစ်သော အရှေ့တိုင်းမှ ပညာရှင်ကြီးများတွင် အပါအဝင်ဖြစ်သည်။ သူ့ကိုယ်သူ ဓာတ်မြေပ်နေလိုသူ၊ ကျော်ကြားမှုမှန်သမျှကို ရှောင်ရှားလိုသူသာ ဖြစ်သည်။ အချိန်ကာလ စမ်းရေယဉ်သည် တဝေါဝေါဖြင့် စီးဆင်းလျက်ရှိရာ လူသားတို့၏ အနက်နဲဆုံးသော အတွေးအခေါ်များကို ရေစီးသဲတဝေါဝေါတွင် နစ်မြုပ်ပစ်လိုက်သည်။

"သို့သော် ဤပညာရှင် ပုဂ္ဂိုလ်များသည် ကာလရေစီးကြောင်းအတွင်း နစ်မြုပ်သွားခြင်း မရှိဘဲ မြက်ခင်းပေါ်တွင်ထိုင်ပြီး ဗုဒ္ဓ၏ မဟာကရုဏာအပြုံးဓာတ်မျိုးကိုဆောင်လျက် ဇရာမရှခင်းကြီးကို ခပ်မဆိတ် ကြည့်နေသည်။ သူ့လောကကြီးသည် ပါရမီရှင် ပညာရှိများ၏ အတိမ်အနက်ကို တိုင်းတာရန် ပေတံမရှိဘဲ ဖြစ်နေသည်။ ထိုပုဂ္ဂိုလ်မျိုးကို တိုင်းတာရန်မှာ လောကီပေတံဖြင့် တိုင်းမရနိုင်ဘဲ လောကုတ္တရာ အနန္တပေတံဖြင့်သာ တိုင်းတာရနိုင်ပေသည်။

"အာရှတိုက်၊ အာဖရိကတိုက်တို့တွင် ဤသို့သော လောကုတ္တရာ အမြင်ပေါက်နေသူများ၊ အမြင်ဓာတ် ရနေသူများသည် ရှေးဟောင်း ပညာအမွေအနှစ်များကို ထိန်းသိမ်းထားကြသည်။ ဥစ္စာစောင့်များသည် ရတနာသိုက်ကို စောင့်ရှောက်နေသကဲ့သို့ ထိုပုဂ္ဂိုလ်များကလည်း ရှေးဟောင်း ပညာအမွေအနှစ်များကို စောင့်ရှောက်ထားကြသည်။ ပထမဆုံးအချိန် ထိုပညာရှင် ပုဂ္ဂိုလ်ထူးနှင့် တွေ့ကြုံခဲ့သည်ကို ကျွန်ုပ်၏ မှတ်ဉာဏ်တွင် သံမှိုဖြင့် စွဲသကဲ့သို့ စွဲထင်လျက် ရှိသည်။ သူက ထုံစံအတိုင်း ပဋိသန္ဓာရစကားကိုပင် မဆိုဘဲ သူ၏မျက်လုံးဖြင့်သာ နှုတ်ဆက်ခြင်း ဖြစ်သည်။

"ထိုဆရာရှင်၏ စူးရှတောက်ပြောင်သော မျက်လုံးအစုံသည် အတိတ်မှ ရှိခဲ့သော ကျွန်ုပ်၏ လောကီအာရုံ ကာမဂုဏ်တရားများနှင့် သံသရာတစ်လျှောက်လုံး ဖြည့်ဆည်းခဲ့သော လောကုတ္တရာ ပါရမီကြာပန်းကို ဆွဲလည်းသံ ခြွင်ခနဲတစ်ချက် အသံထွက်ချိန်အတွင်း၊ ကျွန်ုပ်အကြောင်း အားလုံးကို သိမြင်ပြီး ဖြစ်သွားသည်။ ကျွန်ုပ်အကြောင်းကို ကျွန်ုပ် မသိနိုင်သော အခြင်းအရာအားလုံးကို ထိုင်နေသော အတ္တစွဲကင်းသည့် ထိုဆရာရှင်က သိလိုက်ပြီ။

"အကယ်၍သာ ကျွန်ုပ်သည် သူ၏ နက်နဲလှသော အတွေးအခေါ်နောက်သို့ ခြေရာခံ လိုက်နိုင်ခဲ့လျှင်မူ ကျွန်ုပ်၏ စိုးရိမ်ကြောင့်ကြမှုတို့သည် ပိန်းကြာဖက်တွင် ရေမတင် နိုင်သကဲ့သို့ လွင့်စဉ်ကွယ်ပျောက်သွားပြီးလျှင် အတ္တစိတ် လွန်ကဲမှုကြောင့် ဖြစ်ပေါ်လာသော မခံချင်စိတ်မှာလည်း စိတ်ရှည်သည်းခံမှုအသွင်သို့ ကူးပြောင်းကာ လူ့ဘဝဆိုသည်မှာ မက်မောစရာ မဟုတ်ပါတကား၊ ဟု သစ္စာတရားကို သိမြင်

သဘောပေါက်လာမည်ဟု အခိုင်အမာ ယုံကြည်ထားမိသည်။

"ပညာရှင်ဂုရုကြီးသည် ခပ်မဆိတ်နေရာမှ ကျွန်ုပ်သိလိုရှိ မေးမြန်းသော လောကုတ္တရာ ဝိဉာဏ်၏ သဘာဝ၊ အနန္တ ဓာတ်ဘုရား၊ ဆန်းကြယ်သော လူ့စိတ်တန်ခိုး စသော မေးခွန်းတသိတတန်းကို တိုးညင်းစွာ ဖြေဆိုသည်။ ဆရာရှင်၏ နှုတ်မှထွက်သမျှသည် အဖိုးအနှုတ်ထိုက်သော သစ္စာရတနာများသာ ဖြစ်သည်။ ဘာသာရေး ခေါင်းဆောင်များက လူသားတို့၏အပြစ် ဒုစရိုက်မှုကိုသာ ရာစုနှစ်များစွာ ဟောကြားခဲ့သည်။ ယခု ဂုရုကမူ လူသားတိုင်းတွင် ကိန်းဝပ်နေသော မူရင်း သုစရိုက် ကောင်းမှုအကြောင်းကိုသာ ဟောပြောသည်။



အရှေ့တိုင်းရောက်စအချိန်ကပုံ

"ထိုပုဂ္ဂိုလ်ကြီး ဟောပြောသော စကားလုံးများသည် ယနေ့ထက်တိုင် ကျွန်ုပ်၏ မှတ်ဉာဏ်၌ မီးမောင်းထိုးပြနေသကဲ့သို့ ထင်ရှားစွာ ကျန်ရစ်ခဲ့၏။ စာရေးဆရာကြီး အီမာဆန်က ကျွန်ုပ်သည် ကြုံတောင့်ကြုံခဲ့ တွေ့ခဲ့လှသော ပညာရှိကြီးများနှင့် တွေ့ခဲ့စဉ်က ရွှေသစ်သီးများကို ဆွတ်ခူးခဲ့ပါ၏ဟု တင်စား ဖော်ပြခဲ့၏။ ကျွန်ုပ်အနေဖြင့် ဖော်ပြရလျှင် ထိုဆရာဂုရုကြီးနှင့် တွေ့ခဲ့စဉ်က ရွှေသစ်သီးများကို ခြင်းတောင်းကြီးနှင့်အပြည့် ဆွတ်ခူးယူခဲ့ပါသည်ဟု ပြောရမည် ဖြစ်သည်။"

ပေါလ်ဘရန်တန် တွေ့ကြုံခွင့်ရသော ဆရာရှင်မှာ ယာကကူဂန် (မွန်ဂိုလီယံ) ဂန္ဓာရီဂိုဏ်းမှ လားမားဆရာတော်တစ်ပါး ဖြစ်သည်။ ယင်းဆရာတော်မှာ ရှမ်ဗဲလားမှ ဖြစ်ပြီး ဆရာဂုရု ပြောကြားချက်များကို ပေါလ်ဘရန်တန်က ***Wisdom of overself*** ဟူ၍ ကျမ်းတစ်စောင် ရေးသားခဲ့သည်။ ဤဆရာရှင်နှင့် တွေ့ကြုံရသော အခါမှသာလျှင် ရာမနာမဟာရိရှိနှင့်တကွ အိန္ဒိယယောဂကျင့်စဉ်ဖြင့် သစ္စာတရားများကို မမြင်နိုင်ကြောင်း၊ အန္တေဝါသိက တရားကို မရနိုင်ကြောင်း၊ အန္တေဝါသိကတရားကို သင်ကြားနိုင်သော ဆရာရှင်များ အိန္ဒိယတွင်ကွယ်ပျောက်လုမတတ်ဖြစ်ပြီး ဆရာစစ်ဆရာမှန်များမှာ တိဗက်၊ တရုတ်၊ မွန်ဂိုလီးယား စသော အရှေ့အာရှတစ်ခွင်တွင် ပျံ့နှံ့နေကြောင်း သိရှိရသည်။

ယောဂကျင့်စဉ် ခရီးလမ်းဆုံးလျှင် အန္တေဝါသိက လမ်းစဉ်ပေါ်ရောက်ရမည် ဖြစ်သည်။ အိန္ဒိယ ရှေးဟောင်းကျမ်းများဖြစ်သော Ashtavakra အာသျှတ္တကရ သံဟိတာကျမ်းရှိသည်။ ဤကျမ်းပါ အန္တေဝါသိက လမ်းစဉ်အတိုင်း အိန္ဒိယ ရှေးဘုရင်မင်းမြတ် ဂျနက လိုက်နာကျင့်သုံး အောင်မြင်ခဲ့သည်။ မန်ဒူကျဥပနိသျှကျမ်းတွင်လည်း ယောဂကျင့်စဉ် ဆုံးလျှင် သစ္စာတရားကို ရှာဖွေရန် ညွှန်ပြခဲ့သည်။

ကိုးစေတိုက်

သို့သော် အိန္ဒိယပြည်ရှိ ရသေ့များ၊ ဆာဒူးများသည် ယောဂကျင့်စဉ်ဖြင့်သာလျှင် လမ်းဆုံးနေသည်။ ရှေးဟောင်း အန္တေဝါသိက ပညာရပ်များကို တောရပ်ခိုမှီးနေသော အရည်ဝါသီများသာ သိရှိကြတော့သည်။ ထို့ကြောင့် အရည်ဝါသီဓမ္မ Forest Doctrine ဟု ခေါ်သည်။ ယင်းသို့ ရာမနာမဟာရိရှိနှင့် ယခုခေတ် ဟိန္ဒူဆာဒူးများ၊ ရသေ့များပြင့် အန္တေဝါသိက ပညာများကို မရနိုင်တော့ကြောင်းကို *Hidden Teaching Beyond Yoga* ဟူသော စာအုပ်တွင် အတိအလင်း ဖော်ပြထားသည်။

နောက်ဆုံးတွင် အန္တေဝါသိက တပည့်ခံရန်အတွက် ဆရာရှာ ထွက်လာသော ဒေါက်တာ ပေါလ်ဘရန်တန်နှင့် သာဝကရှာရန် ထွက်လာသော ရှမ်ဗလားမှ မွန်ဂိုလီးယား ဆရာတော်တို့သည် လမ်းခုလတ် ကမ္ဘောဒီးယား အန်ကောဝပ်ကျောင်းတွင် တွေ့ဆုံခြင်း ဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ၁၉၅၂ ခုနှစ်မှစ၍ ဒေါက်တာ ပေါလ်ဘရန်တန်သည် စာပေများ ထုတ်ဝေခြင်း မပြုနိုင်ဘဲ တရားအားထုတ်ရာမှ နောက်ဆုံးတွင် တရားမှတ်စုများ ကျမ်း ၁၆ တွဲကို ရေးသားခဲ့ပြီး ၁၉၈၁ ခုတွင် ကွယ်လွန်သွားသည်။

ဒေါက်တာ ပေါလ်ဘရန်တန်၏ နောက်ဆုံး ပြုစုသွားသော ကျမ်းတွဲ ၁၆ တွဲမှာ ဘဝဆည်းဆာ ပညာပြည့်ချိန်တွင် ရေးသားထားသော ကျမ်းဖြစ်၍ လောကကို အကျိုး ပြုမည်ကား သေချာလှသည်။

*

ရှမ်ဗလား
ဒုတိယပုရောဟိတ်

နှစ်တစ်ရာလျှင် တစ်ကြိမ်ကျ ပုရောဟိတ်များကို ရှမ်ဗလားမှ စေလွှတ်နေကျ အစဉ်အလာ အတိုင်း ၁၉ ရာစုအတွက် မဒမ်ဗလာဗက်စကီကို ရှမ်ဗလား မဟာဂန္ဓာရီပညာများ ဖြန့်ဖြူးရန် စေလွှတ်ခဲ့ကြောင်း ရေးသားခဲ့ပြီဖြစ်သည်။ ၂၀ ရာစုအတွက် နောက်ထပ် ပုရောဟိတ်တစ်ပါးကို ရှမ်ဗလား မဟာဂန္ဓာရီပညာများ ဖြန့်ဖြူးရန်အတွက် စေလွှတ်ဦးမည်၊ ယင်းဒုတိယပုရောဟိတ်သည် မိမိထက်ပင် သာလွန်ကောင်း သာလွန်လိမ့်မည်ဟုလည်း ဘလာဗက်စကီက ဟောကိန်းထုတ်ခဲ့သည်။ ၂၀ရာစုအတွက် စေလွှတ်လိုက်သော ဒုတိယ ပုရောဟိတ်မှာ ဗလာဗက်စကီ၏ ပညာတပည့်ဖြစ်သူ အဲလစ်အေအောလီပင် ဖြစ်သည်။

သီဒွတ္ထအလောင်းတော်သည် အရွယ်ရောက်သော် လူနတ်ဗြဟ္မာ သတ္တဝါတို့အား တရားရအောင် အမြဲကူဆောင်းကို တိုက်ကျွေးမည့် သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဇကန်ဖြစ်မည်ဟု ပုရောဟိတ်များက ဟောကိန်းထုတ်ခဲ့ကြသည်။ ခရစ်တော်သည် မိခင်မာရိယာ၏ ဝမ်းကြွ

တိုက်တွင် ရှိနေစဉ်ကပင် လောကကို ကယ်တင်မည့် ဘုရား၏ သားတော် ကြွတော်မူလိမ့်မည်ဟု ဟောကိန်းထုတ်ပြီး ဘုရားသားတော်ကို လိုက်လံရှာဖွေခဲ့သော ပုရောဟိတ်ကြီးများလည်း ပေါ်ထွန်းခဲ့သည်။ ထို့အတူပင် ၂၀ ရာစုကုန် ရာသီခေတ်သစ်ကြီး ပေါ်ထွန်းတော့မည့် အကြောင်းကို ဟောကိန်းထုတ်မည့် ဒုတိယပုရောဟိတ် အဲလစ်အေ ဘေလီကို အင်္ဂလန်တွင် ၁၈၈၀ ခု၊ ဇွန်လ ၁၆ ရက်နေ့၌ ဖရက်ဒရစ်အဲလစ်တို့ ဇနီးမောင်နှံမှ မွေးဖွားခဲ့သည်။

၁၉ ရာစု ကုန်ခါနီးဖြစ်ပြီး ၂၀ ရာစုတွင် အရွယ်ရောက်လာမည့် အဲလစ် အေဘေလီသည် မတောင့်မတ မကြောင့်ကြရဘဲ မီးရထားလမ်းဖောက်လုပ်ရေး အင်ဂျင်နီယာ ဖရက်ဒရစ်အဲလစ်၏ ဖခင်မေတ္တာကို ခိုလှုံရင်း လန်ဒန်အထက်တန်းကျောင်းတွင် အသက် ၁၈ နှစ်အထိ ပညာများ သင်ကြားခဲ့သည်။ ၁၈၉၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့၊ အဲလစ် အေဘေလီ အသက် ၁၅ နှစ်တွင် တနင်္ဂနွေ ဖြစ်သောကြောင့် မိဘနှင့် အိမ်သားများ အပြင် တွက်ကြသည်။ အိမ်တွင် အိမ်ဖော်တစ်ဦးနှင့် အဲလစ်အေဘေလီတို့ နှစ်ဦးသာ ကျန်ခဲ့သည်။ အဲလစ်အေဘေလီသည် တစ်ဦးတည်း ညနေခင်းတွင် စာဖတ်နေခိုက် တံခါးပွင့်လာပြီး ဥရောပ အဝတ်အစား ဝတ်ဆင်ထားသော ခေါင်းပေါင်းနှင့် အရပ်မြင့်မြင့် ပုဂ္ဂိုလ်တစ်ဦး ဝင်လာပြီး အဲလစ်အေဘေလီ၏ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ အိန္ဒိယူမျိုးများ ဝတ်ဆင်လေ့ရှိသော ဦးပေါင်းထုပ်ဆောင်းကို မြင်လိုက်ရပြီးလျှင် အဲလစ်အေဘေလီသည် အလွန်အံ့အားသင့်ပြီး မှင်သက်မိသွားသည်။

မည်သည့်ကိစ္စဖြင့် လာရောက်သည်၊ မည်သူ့ကို တွေ့လိုသည်ကိုပင် မမေးမိတော့။ ဤသို့ ကြောင်သွားစဉ်တွင် ည့ဉ်သည် သူစိမ်းပုဂ္ဂိုလ်ကပင် စတင်ပြောဆိုတော့သည်။ အဲလစ်အေဘေလီ၏ စိတ်ဓာတ်ပြုပြင် ပြောင်းလဲသွားမည်ဆိုပါက ကမ္ဘာလှသားများအား လုံးအကျိုးများစေနိုင်သော တာဝန်တစ်ခုကို အပ်နှင်းရန် အစီအစဉ်ရှိကြောင်း၊ မိမိ၏ ပျော်ညံ့မှုများကို ပြုပြင်ပြီး မိမိစိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ မိမိကိုယ်မိမိ မည်မျှ ထိန်းသိမ်းနိုင်သနည်း ဟူသောအချက်ပေါ်တွင် အမှီပြု၍ ရှမ်ဗဲလား ဆရာရှင်တို့၏ လောကအကျိုးပြု လောကတွဲစရိယလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ယင်း လောကအကျိုးပြု လုပ်ငန်းကြီးကို စိတ်ချယုံကြည်စွာ အပ်နှင်းနိုင်မည်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးသို့ ခရီးထွက်ပြီး လောကကောင်းကျိုးကို အချိန်ပြည့် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ ယင်းကိစ္စများအား လုံးသည် အဲလစ်အေဘေလီအပေါ်၌ တည်ကြောင်း၊ သဘောတူလက်ခံမည်ဆိုပါက ချက်ချင်းပင် မိမိကိုယ်မိမိ ပြုပြင်ရတော့မည်ဖြစ်ကြောင်းကို ထိုပုဂ္ဂိုလ်က အလေးအနက် ပြောသည်။

ထိုပုဂ္ဂိုလ်မှာ ရှမ်ဗဲလားမှ ဆရာရှင် ကုသုမီး ဖြစ်သည်။ သို့ရာတွင် အဲလစ်အေဘေလီသည် ဆရာရှင်၏ အမည်ကိုလည်းမသိ၊ ဆရာရှင်၏ ပုဂ္ဂိုလ် ဆင့်အတန်းကိုလည်း မသိချေ။ စဉ်းစားဆုံးဖြတ်ရန် အချိန်ပေးခဲ့ပြီးနောက် နှစ်တွေမည်မျှကြာသည်ဖြစ်စေ ထပ်မံ ဆက်သွယ်ဦးမည်ဖြစ်ကြောင်း၊ ဤတာဝန်ကို အပ်နှင်းရန်အတွက် မိမိလာရောက်ရခြင်း ဖြစ်ကြောင်း နောက်ဆုံးမှာကြားပြီးလျှင် ထ၍ ပြန်ထွက်သွားသည်။ တံခါးဝအရောက်တွင်

အဲလစ်အော်လီကိုသ တစ်ချက်ခေါင်းငဲ့ ကြည့်လိုက်သည်ကို အဲလစ်အော်လီ၏ ဦးနှောက်တွင် စွဲထင်ကျန်ရစ်ခဲ့သည်။

ဆရာရှင်ပြောကြားသွားသော စကားများသည်လည်း သူမ၏ နားထဲတွင် အကြိမ်ကြိမ် ပဲ့တင်လျက်ရှိသည်။ အဲလစ်အော်လီ အနေဖြင့် အိပ်မက်မက်နေသလော၊ ကယောင်ကတမ်း တွေ့မြင်ကြားနေသလောဟု ထင်မိသည်။ သို့သော် နေ့ခင်းကြောင်တောင်ကြီးတွင် တွေ့မြင်ခဲ့ရသော ပုဂ္ဂိုလ်၏ ခန့်ညားတည်ငြိမ်မှု၊ အေးမြသော မေတ္တာမာတ်အဟုန်တို့နှင့် ဆရာရှင် ပြောကြားခဲ့သော ကြည်လင်ပြတ်သားလှသည့် စကားများသည် မည်သို့မျှ မှားနိုင်ဖွယ်မရှိ၊ ဒွိဟမရှိ၊ သူမ၏ စိတ်သန္တာန်တွင် ကျနပ်ဝမ်းမြောက် အံ့သြမှုများ အပြည့်ကျန်ရစ်ခဲ့သည်။

နောင်ခုနစ်နှစ်အကြာတွင် ဆရာရှင်နှင့် တစ်ကြိမ် အဆက်အသွယ်ရပြန်သည်။ ဆရာရှင်နှင့် ပထမဆုံး တွေ့ဆုံပြီးနောက်ပိုင်းတွင် အာရုံထူးအမြင်ထူးများ ရရှိလာသည်။ ပွင့်လာသည်။ သူမ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း ခုနစ်နှစ်လျှင် တစ်ကြိမ်ကျ ဆရာရှင်ထံမှ ဆက်သွယ်လာပါသည်။ အချိန်တွေ မဖြုန်းရန် သတိပေးသည်။ စင်စစ်အားဖြင့် အဲလစ်အော်လီသည် သာမန် မိန်းကလေးသာဖြစ်သည်။ ရှမ်ဗဲလား၊ နှင့် ရှမ်ဗဲလားမှ ဆရာရှင်များအကြောင်းကို တစ်စွန်းတစ်စမျှ ကြားဖူးသူ မဟုတ်။ ဆရာရှင်ကသုမီး ဟူသော အမည်ကိုလည်း ယောင်၍ပင် မကြားဖူးချေ။

အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြားကာလ နှစ်နှစ်ဆယ်အတွင်း အဲလစ်အော်လီသည် မိဘအရိပ် အာဝါသအောက်တွင် ပျော်ပျော်နေပြီး အချိန်ကုန်သည်။ အပေါင်းအသင်းများနှင့် သွားလိုက်လာလိုက်၊ ဝိုင်အမ်စီအေတွင် ဝင်လုပ်လိုက်ဖြင့် ဘဝ၏ သာယာမှုများဖြင့်သာ အချိန်ကုန်သည်။ သို့သော် လောကအကျိုးဆောင်ရန်၊ ဒုက္ခရောက်နေသူများကို ကူညီရန်ဟူသော ဆရာရှင်ချပေးခဲ့သော အတွေးအခေါ်မျိုးစေ့တို့သည်ကား တဖြည်းဖြည်း အညှောက်ပေါက် လာလေသည်။

လောကအတွက် ငါဘာလုပ်ရမည်နည်းဟူသော ဆန္ဒများပေါ်ပေါက်လာသည်။ တစ်ချိန်တည်းမှာပင် ဆရာရှင်နှင့်တွေ့သည့်နေ့မှစ၍ အိပ်မက်ထူးတွေ မက်သည်။ အာရုံထူးတွေကို မြင်ရသည်။ အတွင်းနားဖြင့် စကားသံများ ကြားရသည်။ မလုပ်သင့်သောကိစ္စများ ပေါ်ပေါက်လာလျှင် သတိပေးစကား ကြားရသည်။ အန္တရာယ်ရှိမည်ဆိုလျှင် သတိထားရန် ညွှန်ကြားချက် ရတတ်သည်။ တွေ့သင့်သူများရှိလျှင် တွေ့ရန်၊ လေ့လာရန် ဆုံးမစကား ကြားရသည်။

၁၉၀၇ ခုနှစ်တွင် သင်းအုပ်ဆရာ ဝေါလ်တာအီဗင်နှင့် အိမ်ထောင်ကျပြီး သမီးသုံးဦး ထွန်းကားသည်။ သင်းအုပ်ဆရာ၏ ဇနီးဘဝဖြင့် ဘဝသံသရာလည်ရင်း လူအများနှင့် ထိတွေ့ရသည်။ လူ့ဘဝကို နားလည်သဘောပေါက်လာသည်။ ၁၉၁၆ ခုနှစ်တွင် သဘောထား မတိုက်ဆိုင်သဖြင့် ဝေါလ်တာနှင့် အိမ်ထောင်ကွဲပြီး သမီးသုံးယောက်နှင့် လောကဓံကို ရင်ဆိုင်ရသည်။ ရရာအလုပ်ကို ဝင်လုပ်ရသည်။ လူအမျိုးမျိုး စိတ်အထွေ


ထွေနှင့် တွေ့ကြုံအပြီး လူ့ဘဝဆိုသည်မှာ ဘာအဓိပ္ပာယ်ရှိသနည်း၊ သံသရာ၏ ရည်ရွယ်ချက်နှင့် လူ့ဘဝကို ရောက်ရှိရခြင်းတို့၏ ရည်ရွယ်ချက်ကို စဉ်းစားစေကြောမိလာသည်။

ဘဝအကြောင်းနှင့် ပါရမီဖြည့်ဆည်းရပုံတို့ကို သိမြင်လာသည်။ တစ်ဘဝပြီးတစ်ဘဝ သီလစင်ကြယ်သည်ထက် စင်ကြယ်အောင် ဖြည့်ဆည်းခဲ့ရပုံ၊ စိတ်ဓာတ် မြင့်မားသည်ထက် မြင့်မားအောင် ပြုပြင်ခဲ့ရပုံ၊ မကောင်းမှု ပြုလုပ်ခဲ့မိလျှင် သံသရာတွင် ဒဏ် ပြန်ခံရပုံတို့ကိုလည်း ပြတ်ပြတ်ပြတ်ထင်ထင်သဘောပေါက်လာသည်။

ဝိုင်အမ်စီအောန်ထမ်း၊ သာသနာ့ဝန်ထမ်းဖြင့် ကမ္ဘာတစ်ခွင်လုံး အထူးသဖြင့် အိန္ဒိယပြည့်ရှိ ဗြိတိသျှ စစ်တပ်များတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ အခြားနိုင်ငံများသို့လည်း ရောက်ခဲ့သည်။ အိမ်ထောင်ကျသောအခါ အမေရိကသို့ ရောက်လာပြီး အိမ်ထောင်ကွဲသောအခါ စားဝတ်နေရေးအတွက် ရရာအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။

ဤသို့ ဘဝအမျိုးမျိုး၊ နိုင်ငံအထွေထွေ၊ လူမျိုးအစုံစုံတို့နှင့် ထိတွေ့ရသောအခါ အဲလစ်အောဘီလီ၏ ဘဝသည် ရင့်ကျက်လာသည်။ အတွေးအခေါ် ထက်မြက်လာသည်။ ခံနိုင်ရည် မြင့်မားလာသည်။ တရားသဘောကို ငုံမိလာသည်။ ဆရာရှင်တို့၏ တရားကို အလေးအနက် ဆင်ခြင်မိလာပြီး အခိုင်အမာ ယုံကြည်လာသည်။

ပထမဆုံး ဆရာရှင် ကုသုမီးနှင့် တွေ့ဆုံပြီးနောက် ထူးခြားသော အာရုံနှစ်ကြိမ် ရရှိခဲ့သည်။ အိပ်နေစဉ် အိပ်မက်မက်ခြင်းမဟုတ်၊ သိစိတ် သတိအပြည့်အဝဖြင့် မြင်လိုက်ရသော အာရုံထူး ဖြစ်သည်။ ရရှိသော အာရုံရှုခင်းတွင် မိမိကိုယ်တိုင် ပါဝင်နေသည်ကို တိတိကျကျ မြင်ရသည်။ အားလုံးကို အသေးစိတ် ထင်ထင်ရှားရှား မြင်ရခြင်းဖြစ်သည်။



ဗုဒ္ဓပုစိန်ယ စိသာစါသဘင်

ထိုအာရုံမြင်ကွင်းမှာ ကဆုန်လပြည့်ညတွင် ဟိမဝန္တာ ဝိဿာခါ လွင်ပြင်တွင် ဝိဿာခါ သဘင်ခေါ် ဗုဒ္ဓပူဇနိယနေ့ ကျင်းပပုံ ဖြစ်သည်။ အလွန်ထင်ရှားပြတ်သားလှသဖြင့် တစ်သက်လုံး မမေ့နိုင်အောင်ပင် ဖြစ်သည်။ ဟိမဝန္တာမြောက်ဘက်ခြမ်း တစ်ဖက်တစ်ချက်တွင် တောင်နှစ်လုံးခြားထားသော တောင်ကြားလွင်ပြင်သည် ဘဉ်ပုံသဏ္ဌာန်ရှိသည်။ မြင်ကွင်း၏ အရှေ့စွန်းတွင် စားပွဲအရွယ်ရှိ ကျောက်တုံးတစ်တုံးသည် ကျောက်စားပွဲသဏ္ဌာန်ရှိသည်။ ယင်းကျောက်စားပွဲပေါ်တွင် သုံးပေခန့်ရှိသော သလင်းကျောက်ရေအိုးတစ်လုံး တင်ထားသည်။ ကျောက်စားပွဲ၏ ရှေ့တွင် ပုဂ္ဂိုလ်သုံးဦးသည် ငြိမ်သက်စွာ ရပ်နေသည်။ ယင်းပုဂ္ဂိုလ် သုံးဦးအနက် အလယ်မှပုဂ္ဂိုလ်သည် အလွန်ထူးခြားသော ပုဂ္ဂိုလ်ဟု ထင်ရသည်။

ပုဂ္ဂိုလ်သုံးဦး နောက်ရှိ ဝတ်ရုံဖြူဝတ် ပုဂ္ဂိုလ်များသည် ကြက်ခြေသဏ္ဌာန်၊ စက်ဝိုင်းသဏ္ဌာန် စသည်ဖြင့် သင်္ကေတ သဏ္ဌာန်အမျိုးမျိုးဖြစ်အောင် လှုပ်ရှားပြောင်းလဲသရုပ်ဖော်ကြသည်။ သူတို့ လှုပ်ရှားပုံမှာ တည်ငြိမ်အေးဆေးလှပြီး နရီစည်းဝါးကိုက် လှုပ်ရှားပြောင်းလဲခြင်း ဖြစ်သည်။ လှုပ်ရှားနေသော မဏ္ဍလများဖြစ်သည်။ နောက်ဆုံးတွင် ငါးမြှောင့်သဏ္ဌာန် ဆောင်ပြီးနောက် ထိပ်ဆုံးမှ ပုဂ္ဂိုလ်က အရှေ့ဘက်မျက်နှာမူပြီး လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။

ကြွချီရန် ပင့်ခေါ်သော ဟန်မျိုးဖြစ်သွားသည်။ ထို့နောက် အထက်ကောင်းကင်ပြင်တွင် ဗုဒ္ဓနိမိတ္တရုပ်ပွားတော်သည် ရောင်ခြည်တောင်များ တစ်ခဲနက် ထွန်းလင်းလျက် ပေါ်ပေါက်လာသည်။ ရုပ်ပွားတော်ကို ကြိုဆိုကြည်ညိုနေသော ဆရာရှင်များ၏ နောက်ဘက်ခပ်လှမ်းလှမ်းတွင် ပရိသတ် အတော်များများရှိသည်။ အနီးပတ်ဝန်းကျင်မှ သာဝကများနှင့် အဝေးမှ လာရောက်ကြသော သာဝကများဖြစ်သည်။ ယင်းသာဝက ပရိသတ်ကြီးထဲတွင် အဲလစ်အေဘေလီသည်လည်း ပါဝင်သည်။

အဲလစ်အေဘေလီသည် မိမိရောက်ရှိနေသော နေရာနှင့် ဝိဿာခါသဘင်မြင်ကွင်းတစ်ခုလုံးကို ပြတ်ပြတ်သားသားမြင်ရသည်။ ကယောင်ကတမ်း အိပ်မက်လို မြင်ရခြင်းမဟုတ်။ ရုပ်ရှင်ကြည့်နေရသလို၊ မိမိကိုယ်တိုင် ပါဝင်သော အခမ်းအနား သဘင်ကြီးတစ်ခုကို မျက်ဝါးထင်ထင် လက်တွေ့ဒိဋ္ဌမမှ တွေ့မြင်ရသလို တွေ့မြင်ရခြင်းဖြစ်သည်။ ဤအကြောင်းအရာကို အဲလစ်အေဘေလီက ထုတ်ဖော်ရေးသားလိုက်သဖြင့် နောင်အခါတွင် ဟိမဝန္တာတွင် ကျင်းပသော ဝိဿာခါ သဘင်အကြောင်းကို လူအများ သိရှိရခြင်းဖြစ်သည်။

လက်ဘိတားကလည်း ဤဝါသာခါ ဗုဒ္ဓပူဇနိယ သဘင်အကြောင်းကို အသေးစိတ်ရေးသားပြီး သရုပ်ဖော်ပန်းချီဖြင့် ရေးသားဖြန့်ချိလိုက်သဖြင့် ဝိဿာခါသဘင်သည် ပိုမိုကျော်ကြား လူသိများလာသည်။

အဲလစ်အေဘေလီသည် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော ဝိဿာခါပွဲသဘင်ကို နှစ်ကြိမ် လိပ်ပြာခန္ဓာဖြင့် တက်ရောက်ပူးသူဖြစ်သည်။ တစ်နှစ်လျှင် ကဆုန်

လပြည့် ဗုဒ္ဓပူဇနိယ အခါတော်နေ့မြတ်တွင်သာ တစ်ကြိမ် ကျင်းပခြင်းဖြစ်သည်။

အဲလစ်အော်လီသည် မူလက ဘာသာတရား အလွန်ကိုင်းရှိုင်းသူ မဟုတ်လင့်ကစား လောကဓံတရားများကို ခံစားပြီးနောက် ဝိသာခါသဘင်ကို တက်ရောက်ပြီးကာမှပင် ဘာသာတရား၊ ပရမတ္ထတရားများကို ပိုမို စိတ်ဝင်စားလာသည်။ ဆရာရှင် ကုသုမိ၏ ဆုံးမသြဝါဒအတိုင်း မိမိစိတ်ကို မကောင်းမှုဘက်သို့ မလှည့်အောင် တိန်းသိမ်းထားနိုင်ပြီး ဆရာရှင်တို့၏ တရားနှင့် သြဝါဒများကို အလေးအနက် သက်ဝင်ယုံကြည်လာသည်။



အဲလစ်အော်လီ

အဲလစ်အော်လီ အသက် ၃၉ နှစ်၊ ၁၉၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဆရာရှင် ကုသုမိ၏ လက်ထောက် ဆရာရှင် ဒီကေနှင့် ဆက်သွယ်ကြည့်ရန် စိတ်ကူးမိသည်။ ကလေးများကျောင်းသွားနေကြပြီဖြစ်၍ မိမိတစ်ဦးတည်းသာ အိမ်တွင်ကျန်ရစ်ခဲ့သော အဲလစ်အော်လီသည် အိမ်အနီးရှိ တောင်ကုန်းပေါ်သို့ သွားထိုင်လိုက်ပြီး ဆရာရှင် ဒီကေနှင့် ဆက်သွယ်ရန် စိတ်အာရုံ စုစည်းပြီး မနောဓာတ် သွင်းလိုက်သည်။

ထိုစဉ်တွင် ကောင်းကင်မှ ဖြုန်းခနဲ ဂီတသံစဉ်များ ပေါ်ထွက်လာသည်ကို ကြားလိုက်ရသဖြင့် လန့်သွားသည်။ ဂီတသံစဉ်များ ရပ်ဆိုင်းသွားပြီးနောက် မကြာမီပင် လူ့လောကအကျိုးအတွက် ကျမ်းပြုရမည်၊ စာရေးရမည်၊ မင်းရေးနိုင်တယ်၊ စာအုပ်တွေ ရေးမယ်မဟုတ်လားဟု ဆရာရှင် ဒီကေ၏အသံကို ပြတ်သားစွာကြားရသည်။

အဲလစ်အော်လီက ချက်ချင်းပင် မဆိုင်းမတွ သူမ စာရေးဖို့ မဖြစ်နိုင်၊ သူမသည် အကြားအမြင်ရသော စိတ်တန်ခိုးရှင်လည်း မဟုတ်၊ ကျမ်းပြုနိုင်သော ဘွဲ့ရ ပညာတတ်လည်း မဟုတ်၊ ထို့ကြောင့် စာရေးခြင်းတာဝန်ကို မဆောင်ရွက်နိုင်ဟု မနောဖြင့် ပြန်ဖြေလိုက်သည်။ ထိုအခါ ဆရာရှင် ဒီကေက ချင့်ချိန်ဉာဏ်ရှိသူတိုင်းဟာ ဆုံးဖြတ်ချက်ကို အလျင်စလို မချဘူး၊ သူမမှာ မနောဓာတ် ဉာဏ်ပါရမီထူးရှိသူဖြစ်သည်။ ဤကျမ်းများကို ရေးရမည့်အလုပ်မှာ သာမန် အပေါစား အကြားအမြင်လောက်နှင့် ဆောင်ရွက်

နိုင်သော တာဝန်မျိုးမဟုတ်၊ ထို့ကြောင့် ပြန်လည်စဉ်းစား ဆုံးဖြတ်ရန် သုံးပတ် စောင့်မည်ဟု အချိန်ပေးလိုက်သည်။

သုံးပတ်ကြာသောအခါတွင် ညီ ကလေးတွေ အိပ်ရာဝင်ချိန် ည့ဉ်ခန်းတွင် အဲလစ်အောလီ တစ်ဦးတည်း ထိုင်နေစဉ်တွင် ဆရာရှင် ဒီကေက ပထမဆုံး သိဒ္ဓတင်ဘိသိက်ပွဲသို့မဟုတ် သိဒ္ဓတင်ထုံကူးခြင်းအကြောင်း စာအုပ်ကို အစမ်းသဘောဖြင့် ရေးကြည့်ရန် ညွှန်ကြားသည်။

အဲလစ်အောလီကလည်း အစမ်းသဘောဖြင့် ရေးကြည့်ပါမည်ဟု ကတိပေးပြီး စတင်ရေးသည်။ ဆရာရှင်ဒီကေက ဟိမဝန္တာမှ မနောဓာတ်ဆက်နည်းဖြင့် ပေးပို့လိုက်သော အချက်များကို အဲလစ်အောလီက မနောဓာတ်ဖြင့် ခံယူပြီး ဦးနှောက်မှတ်ဉာဏ်မှ တစ်ဆင့် ရေးသားခြင်းဖြစ်သည်။

မရေရာသော အချက်များကို ရောက်တတ်ရာရာ ဓာတ်စီးရေးသားခြင်းမျိုးမဟုတ်၊ Automatic Writing ခေါ် သတိမလစ်တစ်ချက် လစ်တစ်ချက်ဖြင့် လက်က သူရေးချင်ရာ ရေးသွားသော ရေးနည်းမျိုးလည်း မဟုတ်၊ နား‌ထဲတွင် မကြားတစ်ချက် ကြားတစ်ချက် ကြားရသည်ကို လိုက်ရေးခြင်းမျိုးလည်း မဟုတ်။

ယင်းရေးနည်းမှာ ရေးသူ၏ စိတ်ဆန္ဒလွတ်နေမှ ရေးသောနည်း ဖြစ်သည်။

ထို့ကြောင့် လှည့်စားမှု အန္တရာယ် ဝင်နိုင်သည်။ မရေးမီ သတ်မှတ်ထားသော ဘာဝနာတစ်မျိုးကို အချိန်အနည်းငယ်မျှ ပွားများရသည်။ ကိုယ်ငြိမ် စိတ်ငြိမ်သွားသော အခါမှသာ ဆရာရှင် ဒီကေက စာတစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်းကို သူမ၏ ဦးခေါင်းတွင်းသို့ ချပေးသည်။ ချပေးလိုက်သော စာပိုဒ်တစ်ပိုဒ်ချင်းကို အတွင်းမနော နားဖြင့် နာယူပြီး ဦးနှောက်ဖြင့် လိုက်မှတ်ရင်း ဦးနှောက်တွင် မှတ်သားထားသော စာပိုဒ်များကို လက်က လိုက်ရေးခြင်းဖြစ်သည်။

ရေးနေစဉ်အတွင်း သတိအပြည့်အဝရှိသည်။ မိမိ၏အာရုံများကို အုတိအကျ ထိန်းထားနိုင်သည်။ သတိလစ် အာရုံမျောသွားခြင်း၊ အိပ်မက်မက်ခြင်းမျိုး မဟုတ်။ ဤနည်းဖြင့် ကျမ်းပေါင်း ၂၄ ကျမ်းကို ၂၇ နှစ်ပတ်လုံး အပတ်တကုတ် ရေးသားခဲ့သည်။ မဒမ်ဘလာဗာစကီပင် ဤနည်းမျိုးဖြင့် ကျမ်းနှစ်ကျမ်းခန့်သာရေးသားနိုင်ခဲ့သည်။ မနောဓာတ်ဆက်နည်းဖြင့် ရေးသားသော စာအုပ်များ အတော်အသင့် ပေါ်ထွက်ခဲ့ဖူးသည်။

သို့သော် အဲလစ်အောလီကဲ့သို့ ကျမ်း ၂၀ ကျော် ခိုင်မာမှုလည်းရှိ၊ အစမ်းသပ်အဝေဖန်ခံနိုင်သော ကျမ်းများကိုပြုစုသူမှာ အဲလစ်အောလီ တစ်ဦးတည်သာ ထွက်ပေါ်ခဲ့သည်။

သူမ ရေးခဲ့သော ကျမ်းများမှာ ၁၉၁၉ ခုနှစ်မှာ ၁၉၈၀ နှစ်အတွင်း ဂျာမန်၊ အီတလီ၊ ပြင်သစ် စသော ဘာသာစကား ၁၀ မျိုးခန့် ဘာသာပြန်ရပြီး တစ်အုပ်လျှင် ၁၀ ကြိမ်မျှ ပြန်လည်ပုံနှိပ်ရသော ကျမ်းများဖြစ်သည်။ ပထမဆုံး ရေးသားသောကျမ်းမှာ In iation ခေါ် သိဒ္ဓတင်ဘိသိက်ပွဲ ဖြစ်သည်။ သဒ္ဓမ္မ သူတော်စင်အဖွဲ့၏ ဖွဲ့စည်းပုံ၊

တာဝန်ခွဲဝေချထားပုံ၊ ဦးစီးဦးကိုင်များ၏ အရည်အချင်း၊ အခွင့်အရေးများ၊ သဒ္ဓမ္မ သူတော်စင် အဖွဲ့ဝင်တို့၏ အဆင့်များ၊ သဒ္ဓမ္မ သူတော်စင်ဖြစ်လိုသူ သာဝကများ၏ ကျင့်စဉ်၊ ကျင့်စဉ်အရ အဆင့်ဆင့်တက်လှမ်းလှမ်းသောအခါ တစ်ဆင့်တက်တိုင်း သိဒ္ဓတင် ဘိသိက်ပွဲကျင်းပပြီး သိဒ္ဓိတင်ပေးပုံ၊ ကျင်းပပုံအခမ်းအနား၊ အစီအရင်ပြုလုပ်ပုံတို့ကို အသေးစိတ် ရေးသားထားသည်။

ရှမ်ဗဲလား လက်အောက်ခံ သဒ္ဓမ္မသူတော်စင်အဖွဲ့၏ အကြောင်းကို ပထမဆုံး အပြည့်အစုံ ရေးသားထားခြင်းဖြစ်သည်။ ယခင်အခါက ဆရာနှင့် တပည့်နှစ်ဦးသာ သိရသော ဂန္ဓာရီ လျှို့ဝှက်ချက်ကို ကာလအခြေအနေအရ အခွင့်သာလာပြီဖြစ်၍ ထုတ်ဖော်ရေးသားခြင်းဖြစ်သည်။

ဒုတိယရေးသော ကျမ်းမှာ Letters on Occult Meditation 'ဂန္ဓာရီ ဘာဝနာပွားနည်း' ကျမ်းဖြစ်သည်။ ထွက်ပေါ်ဖူးသော ဘာဝနာကျမ်းများနှင့် လုံဝမတူ။ အထူးသဖြင့် ဟိန္ဒူ ဆာဒူးများ၊ဆွာမီကြီးများ ရေးသား ဟောကြားခဲ့သော အာသနခေါ် ရုပ်ခန္ဓာထိုင်ပုံ၊ ထွက်လေ၊ ဝင်လေ ရှုမှတ်သားသော ကမ္မဋ္ဌာန်းနည်းမျိုးမဟုတ်။ စိတ်ကလေးသက်သက်ကို တည်ငြိမ်အောင် ကျင့်ကြံခြင်းဖြင့် အတိညာဉ်များကို မည်သို့ရသည်ကို အသေးစိတ် ညွှန်ကြားထားခြင်းဖြစ်သည်။

ဘာဝနာအတွက် မန္တာန်ရွတ်ဆိုနည်း အသံပညာ၊ မနောအာရုံတွင် ထင်ဟပ်လာသော အရောင်အဆင်းနှင့် သင်္ကေတများကို အသုံးချနည်းပညာ စသည်တို့ဖြင့် တစ်မူထူးခြားလှသော ကုံရာသီခေတ်အတွက် ဘာဝနာကျမ်း ဖြစ်သည်။

နောက်ထပ် ထူးခြားသော ကျမ်းတစ်စောင်မှာ Cosmic Fire ခေါ် လောကီလွန် တေဇောဓာတ်ကျမ်း ဖြစ်သည်။ မဒမ်ဘလာဗာစကီ ရေးသားခဲ့သော ဂမ္ဘီရကျမ်းမှာ ပထမဆုံးသော မဟာဂန္ဓာရီကျမ်းကြီး ဖြစ်သောကြောင့် နားလည်ရန် ခက်ခဲလှသည်။ ထို့ကြောင့် ယင်း ဂမ္ဘီရခမ္မခေါ် Secret Doctrine ကျမ်းကို စိတ်ပညာနှင့် ပရစိတ်ပညာ ရှုထောင့်မှ ဦးကာချဲ့ထားခြင်းဖြစ်သည်။ စာမျက်နှာ တစ်ထောင်ကျော်ရှိပြီး ထိုးဖောက်ဖတ်ရှုမှ နားလည် သဘောပေါက်နိုင်သော ကျမ်းကြီးဖြစ်သည်။ အထူးသဖြင့် ယနေ့ ဂိုဏ်းအမျိုးမျိုးမှ မဟာ ဂန္ဓာရီပညာ လိုက်စားသူများ လက်မလွတ်နိုင်သော ကျမ်းဖြစ်သည်။

Seven Rays ခေါ် စာဂ ရောင်ခြည်တော်ခုနစ်သွယ်ကျမ်း ငါးတွဲကိုလည်း ဆက်လက် ရေးသည်။ ယင်းငါးတွဲတွင် Esoteric Astrology ခေါ် အန္တေဝါသိက ဗေဒင်ကျမ်းမှာ အထူး စိတ်ဝင်စားဖွယ်ကောင်းသည်။ ဗေဒင်ပညာရှင် အယ်လင်လီယိုသည် ဗေဒင်ကျမ်းကြီး ခုနစ်စောင် ပြုစုပြီး နောက်ဆုံး သတ္တမမြောက် ဗေဒင်ကျမ်းကို Esoteric Astrology ဟု အမည်တပ်သည်။ အမှန်စင်စစ်အားဖြင့် အယ်လင်လီယို၏ ယင်း ဗေဒင်ကျမ်းမှာ ဗေဒင်ပညာကျမ်းဟု ခေါ်ရမည်ထက် ဒဿနကျမ်းဟု ခေါ်ထိုက်သော ဒဿနကို အဓိကထား ရေးသားသော ကျမ်းဖြစ်သည်။

အဲလစ်အေဘေလီ၏ Esoteric Astrology ကျမ်းမှာမူ ယနေ့ထွက်ပေါ်ပြီးသော

ဗေဒင်ကျမ်းမျိုးမဟုတ်၊ ယနေ့ရှိသော ဗေဒင်ကျမ်းဂန်များသည် သက္ကာယခန္ဓာကို ဆောင်ယူထားသော ပုဂ္ဂိုလ်နှင့် သက္ကာယပုဂ္ဂိုလ်နှင့် သက်ဆိုင်သောအရာများအကြောင်းကို ဟောပြောနိုင်သော ဗေဒင်ပညာဖြစ်သည်။ အဲလစ်အော်လီ၏အဆို ဝါသိက ဗေဒင်ပညာကျမ်းကမူ သက္ကာယပုဂ္ဂိုလ်၏ ခန္ဓာအတွင်း၌ ကိန်းဝပ်နေသော ဝိညာဉ်အကြောင်းကို သိနိုင် ဟောပြောနိုင်သောပညာဖြစ်သည်။

သံသရာ ဘဝများစွာတို့တွင် မည်သို့ ကျင်လည်ခဲ့ရသည်။ မည်သို့ ပါရမီဖြည့်ခဲ့ရသည်။ ပါရမီ အားသာချက်များနှင့် အားနည်းချက်များကို ဖော်ထုတ်ပြီး နောင်အနာဂတ်တွင် မည်သို့ ဖြစ်နိုင်သည်ကို တွက်ချက်သော ဝိညာဉ်ဗေဒင်ပညာ ဖြစ်သည်။

နောက်ထပ် ထူးခြားကျမ်းမှာ White Magic ခေါ် မဟာဂန္ဓာရီ ပညာပေးကျမ်းဖြစ်သည်။ စိတ်တန်ခိုးနှင့် ဝိညာဉ်တန်ခိုး ကွာခြားပုံ၊ ဝိညာဉ်တန်ခိုးရရှိရေးအတွက် အကြီးမားဆုံး အဟန့်အတားဖြစ်သော ဝေဒနကွန္ဓာခေါ် လိပ်ပြာခန္ဓာ Astral Body ကို မည်သို့မည်ပုံ ထိန်းချုပ်မည်၊ အသုံးချရမည်ကို လမ်းညွှန်သော ကျမ်းဖြစ်သည်။

လိပ်ပြာခန္ဓာ၏ ပရိယာယ်၊ အစွမ်းသတ္တိ၊ လိပ်ပြာခန္ဓာ၏ အသုံးဝင်ပုံ၊ လုပ်ပြာခန္ဓကို ထိန်းချုပ်ပုံ၊ ဆရာရှင်တို့က လိပ်ပြာခန္ဓာ ဖြူစင်ရေးအတွက် ကူညီဓာတ်ပေးပုံတို့ကို စာမျက်နှာ ၈၀၀ ခန့် အသေးစိတ် ရေးသားထားသောကျမ်းဖြစ်၍ သာဝကကျင့်စဉ်ကျင့်ကြံအားထုတ်သူတိုင်း လက်စွဲပြုရသော လက်စွဲကျမ်းဖြစ်သည်။

အထူးခြားဆုံးကျမ်းမှာ ခေတ်သစ် သာဝကကျင့်စဉ်ကျမ်း (Discipleship in new age ဖြစ်သည်။ ရှမ်ဗဲလား သာဝကဖြစ်ရန်အတွက် သာဝကကျင့်စဉ်များကို အမည်အမျိုးမျိုး၊ ဂိုဏ်းအမျိုးမျိုးမှ ထုတ်ယူခဲ့ပူးသည်။ အကျဉ်းမျှသာဖြစ်ပြီး ဆဒူးဖကီး ကျင့်စဉ်များနှင့် ခြားနားခြင်းမရှိလှသော ခေတ်ဟောင်း မိန်ရာသီခေတ် ကျင့်စဉ်များသာ ဖြစ်သည်။ ခေတ်သစ်သာဝကကျမ်းမှာ ယခုရောက်ရှိနေပြီဖြစ်သော ကုံရာသီခေတ်နှင့် လျော်ညီစေရန် ရှမ်ဗဲလားမှ ချမှတ်ပေးထားသော သာဝကကျင့်စဉ်ဖြစ်သည်။

ခေတ်ဟောင်းကျင့်စဉ်များမှာ အာသနခေါ် ရုပ်ခန္ဓာကို အဓိကထား၍ စိတ်ပိုင်းဆိုင်ရာကို သာမညထားသောကျင့်စဉ်ဖြစ်သည်။ ခေတ်သစ် သာဝကကျင့်စဉ်မှာ ကုံရာသီခေတ်နှင့်အညီ လောကအကျိုးဆောင် လောကတွေ့စရိယ လုပ်ငန်းကို သမာဓိတက်စဉ်နှင့် ဟန်ချက်ညီအောင် တွဲဖက်ထားသော ဉာဏ်လမ်းစဉ်ဖြစ်သည်။ စိတ်၏ သန့်ရှင်းမှု၊ တည် ငြိမ်မှုနှင့် စွာန်သမာဓိကို ပစာနထားသော ရာဇယောဂနှင့် တွဲဖက်ကျင့်ကြံရန်အတွက် ပတန်ဂျလိ၏ ရာဇယောဂကျမ်းကိုလည်း ဆက်လက် ရေးသားသည်။

ခေတ်သစ် သာဝကကျင့်စဉ် နှစ်အုပ်တွဲ စာမျက်နှာ ၁၆၀၀ ကျော်နှင့် ရာဇယောဂ စာမျက်နှာ ၅၀၀ ကျော် စုစုပေါင်း စာမျက်နှာ ၂၀၀၀ ကျော် ဖြစ်သည်။ မဟာဂန္ဓာရီပညာ၏ အသည်းနှလုံးကျမ်းများဟု ခေါ်နိုင်သည်။ ယင်းကျမ်းများကို အဲလစ်ဘေလီသည် ရေးသားနေသော်လည်း ၁၉၄၇ ခုနှစ်အထိ လူသိမများသေး၊ အသိအမှတ်ပြုခြင်း မခံရသေးဘဲနှင့် အညတရ သာဝကအဖြစ်နှင့်သာ ကြိုးစားရေးသားရခြင်း ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၇ ခုနှစ်ကျော်မှစ၍ လူသိများ ထင်ရှားလာသည်။ စာအုပ်များ အကြိမ်ကြိမ် ပုံနှိပ်လာရသည်။ ဘာသာပြန်ပြီး နိုင်ငံတကာတွင် ထုတ်ဝေလာရသည်။ မေးမြန်းစုံစမ်းမှုများ၊ လိုက်နာကျင့်ကြံမှုများ များပြားလာသည်နှင့်အမျှ တစ်နှစ်လျှင် စာအစောင် ၆၀၀၀ ခန့် ရရှိသည်။ တစ်နှစ်လျှင် ပြန်စာပေါင်း ၁၀၀၀၀ ခန့် ပြန်ကြားရသည်။ ထို့ကြောင့် အတွင်းရေးမှူး ၁၄၀ နှင့်အတူ ရုံးဝန်ထမ်းအဖွဲ့ထား၍ ဆောင်ရွက်ရသည်။

ကျမ်းများကို ရေးသားပြုစုနေစဉ် တစ်ဖက်ကလည်း ရင်းနှီးသူ သာဝကမိတ်ဆွေ ၅ နှင့်အတူ ကြာသပတေးနေ့တိုင်း ဆုံစည်း၍ မေတ္တာကမ္မဋ္ဌာန်းကို ပွားများသည်။ တစ်ကမ္ဘာလုံးသို့ ငြိမ်းချမ်းပါစေ ဟူ၍ မေတ္တာပို့ကြသည်။ နောင်အခါတွင် မေတ္တာပို့လမ်းစဉ်ကို ယုံကြည်လက်ခံသူ များလာရာ Good Will အဖွဲ့ ဟူ၍ အမည်တပ်ပြီး ဗုဒ္ဓဟူးနေ့ ၅ နာရီတွင် တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့နေသော မေတ္တာဝါဒီများက ကမ္ဘာကြီး ငြိမ်းချမ်းသာယာပါစေဟု မေတ္တာပို့ကြသည်။

အဖွဲ့ဆိုသော်လည်း ဌာနချုပ် မရှိ၊ ဆိုင်းဘုတ် မရှိ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်မရှိ၊ ရုံးပုံဂွေ မရှိ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆက်သွယ်ရေးအတွက် ဆက်သွယ်ရေးရုံးအဖွဲ့မျှသာ ရှိသည်။ Good Will နှင့်အတူ လူသုံးဦး ပူးပေါင်းပြီး နေ့စဉ် မေတ္တာပို့ရသော Triangle တြိဂံ မေတ္တာအဖွဲ့လည်း ရှိသည်။ နိုင်ငံ ၁၀၀ ကျော်တွင် နေ့စဉ် မေတ္တာပို့သူပေါင်း တစ်သန်းကျော်ရှိသည်။ ယင်း မေတ္တာဝါဒီတို့၏မေတ္တာကွန်ယက်ကြီးသည် ယခုအခါ ကမ္ဘာကို လွှမ်းခြုံထားလေပြီ။

၁၉၂၃ ခုနှစ်မှစ၍ School of Arcane ခေါ် ရှေးဟောင်း ဂန္ဓာရီပညာ စာပေး စာယူ သင်တန်းကျောင်းကို တည်ထောင်၍ သာဝကကျင့်စဉ်၏ ဝိညာဉ်ဖြစ်သော ဂန္ဓာရီပညာကို သင်ကြားပေးခဲ့ရာ လူပေါင်း ၂၀,၀၀၀ ကျော်ကို သင်ကြားပေးခဲ့ပြီးပြီဖြစ်သည်။

အသက်ကလည်း ရလာ၊ အလုပ်တာဝန် ဖိစီးမှုလည်း များလာသောအခါ အဲလစ် အော်လီသည် နယူးယောက် ဆေးရုံတွင် တက်ရောက်ကုသရင်း ၁၉၄၉ ခု၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ ညနေတွင် ရှမ်ဗဲလာ သာဝကပီပီ အေးချမ်းရွှင်ပြုံးစွာဖြင့် ဘဝတစ်ပါးသို့ ပြောင်းသွားလေသည်။

ရှမ်ဗဟား

သာဝက လမ်းစဉ်

မဟာဂန္ဓာရီ ပညာတွင် တပည့်အသင့်ဖြစ်လျှင် ဆရာရှင် ရောက်လာမည်ဟု မဟာဂန္ဓာရီ နိယာမတရား တစ်ရပ်ရှိသည်။ တပည့် အသင့်ဖြစ်သောအချိန် ဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း။ သိပ္ပံပညာအရ လူသည် တိရစ္ဆာန်သာသာ လူဝံဘဝမှ တိရစ္ဆာန် လူအဖြစ် ရောက်ရှိလာသည်မှာ နှစ်ပေါင်း လေးသန်းခန့်ရှိပြီဟု ခန့်မှန်းသည်။

ထို့ကြောင့် တိရစ္ဆာန်လူခေါ် ရှေးဦးလူသားသည် တိရစ္ဆာန်တို့တွင် ရှိနေသော စား၊ အိပ်၊ မေထုန်မှီဝဲမှုသာ သိသောဘဝမှ တစ်ဘဝပြီးတစ်ဘဝ အတွေ့အကြုံများအရ အသိဉာဏ် တိုးတက်လာသည်။ မိုးရွာလျှင် ဂူထဲ ဝင်အောင်းနေရမှန်း သိလာသည်။ အသားကို အစိမ်းစားခြင်းထက် ဖုတ်ကင်စားက အရသာရှိသည်ကို သိလာသည်။ မိမိ ဝအောင်စားပြီး နောက် ပိုလျှံသော အစာကို အတူနေသော မိန်းမသားနှင့် သူ့သားသမီးကိုကျွေးသည်။

ထိုမှတစ်ဆင့် မိသားစုဟူသော အငယ်ဆုံးသော လူ့အဖွဲ့အစည်း အမြှေတေကို တည်ထောင်ပြီးသား ဖြစ်လာသည်။ သဘာဝရန်ကို ကာကွယ်တတ်လာသည်။ အစာကို နေ့ဖို့ညစာ ထားရမှန်း သိလာသည်။ ထိုအချိန်မှစ၍ ပဂ္ဂလိကပစ္စည်း ပိုင်ဆိုင်မှုသည် မိသားစုစနစ်ဖြင့် အတူပေါ်ပေါက်လာသည်။ တို့နောက် ကာလကြာသော် သားသမီး၊ မြေး၊ မြစ်၊ တူ၊ တူမ စသည်ဖြင့် မိသားစု ကြီးမားလာသောအခါ ဆွေမျိုးစု ဖြစ်လာသည်။ ဆွေမျိုးစုမှ ရပ်ရွာ တည်ထောင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုပါ တတ်ကျွမ်းလာကြသည်။ အတွေ့အကြုံ ကျယ်ပြန့်လာသည်နှင့်အမျှ အသိဉာဏ်၊ စဉ်းစားဉာဏ်များ ရင့်သန်လာသည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးသိန်းခန့် အတွင်းတစ် တိုက်သားများ ဖွံ့ဖြိုးလာချိန်တွင် လူ့လောကနှင့် တိရစ္ဆာန်လောကကို ခွဲခြားထားသော အသိဉာဏ်အဆင့်သို့ လူသားများ ရောက်ရှိလာသည်။

ယင်းအသိဉာဏ်ကား ငါဟူသော အတ္တသညာကို သိလာခြင်းဖြစ်သည်။ ခွေးသည် သခင်က ခိုင်းသမျှကို ဆောင်ရွက်ပေးနိုင်သော အသိဉာဏ် ရှိစေကာမူ ယင်းခွေး၏ ရှေ့တွင် မှန်ထောင်ပေးက မှန်ထဲက မိမိအရိပ်ကို အခြားခွေးဟုထင်ပြီး ဟောင်တော့သည်။

မှန်ထဲက ခွေးသည် ငါပဲဟု သိနိုင်သော အတ္တသညာ မရှိသေး။ လူသားတို့သည်ကား အခါလယ်ကျော်လောက်မှစ၍ ကလေးသည် ငါဟူသော အတ္တသညာကို စတင် သိနေပေပြီ။ ဤသည်ကိုပင် ဒဿနပညာ၊ စိတ်ပညာဖြင့် မိမိကိုယ်ကို သိရှိနိုင်သော အသိဉာဏ် Self Consciousness ဟု ခေါ်သည်။

အတ္တသညာ ငါဟူသော အသိဉာဏ် ဖြစ်ပေါ်ချိန်မှစပြီး လူသည် ငါ့အတွက်၊ ငါ့အကျိုးအတွက်၊ ငါ့မိသားစုအတွက် ဟူသော အတ္တစွဲစိတ်များ ပေါ်ပေါက်လာပြီးနောက်

အတွေ့အစွဲစိတ် အကျိုးဆက်များဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ ဝန်တို မစ္ဆရိယ စသော စိတ်ဆိုးစိတ်ရိုင်းများ ဝင်လာပြီး မိမိပတ်ဝန်းကျင်အပေါ် ထိခိုက်စေသောအပြစ်များကို တစ်ခုပြီးတစ်ခု ကျူးလွန်လာသည်။ မကောင်းမှုပြုလုပ်က မကောင်းကျိုး ခံစားရသော ကံတရားနိယာမအရ လက်ရှိဘဝတွင်ဖြစ်စေ၊ နောက်ဘဝတွင်ဖြစ်စေ၊ မိမိပြုခဲ့သော မကောင်းမှုကို မိမိ ပြန်ခံစားရသည်။

ဤနည်းအားဖြင့် သံသရာတွင် ဘဝများစွာ လည်ပြီးနောက် မကောင်းမှုပြုလုပ်လျှင် မိမိပင် မကောင်းကျိုးကို ခံစားရသည် ဟူသော လူ့ဘဝ သင်ခန်းစာကို တဖြည်းဖြည်း သဘောပေါက်လာသည်။ ရိပ်စားမိလာသည်။

ဘာသာတရားများ ပေါ်ပေါက်လာသည်မှာ နှစ်ပေါင်း သုံးလေးထောင်ခန့်ပင် ရှိသေးသည်။ မည်သည့်ဘာသာမှ မပေါ်ထွန်းမီက လူတို့သည် ဘဝသင်ခန်းစာများကို သံသရာ လည်ပတ်ရင်းဖြင့်သာ တစ်စွန်းတစ်စ သဘောပေါက်လာကြရသည်။ ထိုအခါ သံသရာတွင် လှည့်လည်ရင်း ဘဝတွင် ကောင်းမှုဆိုသည်မှာ ဘာလဲ၊ မကောင်းမှု ဆိုသည်မှာ ဘာလဲ၊ ဘာ့ကြောင့် ဘဝများစွာ သံသရာလည်ခဲ့ရသလဲ၊ လူ့ဘဝ ရည်ရွယ်ချက်သည် ဘာလဲ ဟူသော အတွေးအခေါ်များ ဝင်လာသည်။ အကောင်းနှင့်အဆိုး၊ ကောင်းမှုနှင့် မကောင်းမှု၊ အပြစ်ကျူးလွန်မှုနှင့် မြင့်မြတ်မှု သဘောတရားတို့ကို ဆင်ခြင်မိလာသည်။

ဤသို့ ဆင်ခြင်မိလာသောဘဝမှစ၍ နောင်ဘဝများတွင် မကောင်းမှုနှင့် အပြစ်များနည်းသည်ထက် နည်းလာပြီး ကောင်းမှုနှင့် မြင့်မြတ်မှု များသည်ထက် များ၍လာပြီးလျှင် နောက်ဆုံးတွင် မကောင်းမှုအပြစ်ကို ကျူးလွန်လိုစိတ် နည်းပါးလာပြီးလျှင် ကောင်းမှုနှင့် မြင့်မြတ်သောစိတ်ကို မွေးမြူလာတော့သည်။

ဤသို့ နိမ့်ရာမှ မြင့်၊ ဆိုးရာမှ ကောင်း၊ ညံ့ရာမှ မြင့်မြတ်လာခြင်းသည် လူတိုင်း၏ အတွင်းအစ္စတွင် ကိန်းအောင်းနေသော ပါရမီ သူတော်ကောင်းတရားတို့ တည်ရာ ဝိညာဉ်၏ စေ့ဆော်မှုကြောင့် ဖြစ်သည်။

ဤသည်တို့ကား ရှမ်ဗဲလား ဆရာရှင်တို့ ယုံကြည်သော ပါရမီ လမ်းစဉ်ဖြစ်သည်။ လူတို့သည် မိမိဝါသနာပါရာကို တစ်ဘဝပြီးတစ်ဘဝ ပါရမီတိုးတက်စေသကဲ့သို့ မကောင်းမှုကြောင့် သံသရာ လည်ပတ်ရသည်ကိုလည်း ကောင်းမှုအရည်အသွေးများ ဖြည့်ဆည်းခြင်းအားဖြင့် မကောင်းမှုကို ကောင်းမှုကသိုလ် ပါရမီများက အနိုင်ရပြီး ဘဝများစွာ လည်ရခြင်းမှ ထွက်ရပ်လမ်းကို တက်လှမ်းရန်အတွက် သာဝကလမ်းစဉ်ကို ဆရာရှင်တို့ ချမှတ်ထားခဲ့သည်။

သူတော်ကောင်းတရား ပါရမီများ ဖြည့်ဆည်းသောအဆင့်သို့ ရောက်လာသူများအား ဆရာရှင်တို့သည် မျက်ခြည်မပြတ် စောင့်ကြည့်ပြီး သာဝကလမ်းစဉ်ကို တက်လှမ်းရန် လက်ကမ်းသည်။ သာဝကလမ်းစဉ်ကို ကျင့်ကြံနေသူ သာဝကဟောင်းများနှင့် သာဝကလောင်းကို တွေ့ဆုံရန် ဖန်တီးပေးသည်။ ထူးခြားသော အိပ်မက်ထူးများ မကြာခဏ ပေးသည်။ ဆရာရှင်၏ ကမ်းလှမ်းချက်ကို လက်ခံယုံကြည်ပြီဆိုက သာဝကလောင်း၏ စိတ်

ဓာတ်တွင် လိုနေသော စိတ်နေစိတ်ထား အရည်အချင်းများကို ပါရမီဖြင့်ရန်နှင့် သက္ကာယကို ထိန်းချုပ်ရန် လမ်းညွှန်သည်။

သာဝကသည် မိမိ၏ အဇ္ဈတ္တတွင် ကိန်းဝပ်နေသော ပါရမီ သူတော်ကောင်းတရား နိုးကြားလာပြီးနောက် မိမိ၏အတွင်းစွဲကြောင့် ပေါ်ပေါက်လာသော ဉာဉ်ဆိုးများကို ဉာဉ်ကောင်းဖြင့် ပြုပြင်ပြောင်းလဲပြီး သူတော်ကောင်းတရား ပါရမီကို သူတစ်ပါးအကျိုးဆောင်မှုဖြင့် ဖြည့်ဆည်းလာသောအခါတွင် ပထမမဂ်အဆင့်သို့ ရောက်ရှိလာသည်။

ဆရာရှင်တို့၏ တာဝန်မှာ သာဝကလောင်းအား ပထမ မဂ်အဆင့်သို့ ရောက်ရှိရန်အတွက် အစမ်းခံ သာဝကအဖြစ် စမ်းသပ်လေ့လာရန် ဖြစ်သည်။ သာဝကလောင်းအား သူ့ကိုယ်သူ အမှန်အတိုင်း သိမြင်လာအောင် သူ၏ အားနည်းချက်၊ ပျော့ညံ့ချက်တွေကို သိမြင်ပြီး ပြုပြင်ရန် ပဓာနအားဖြင့် ညွှန်ကြားပေးသည်။

ည ဆယ်နာရီမှ နံနက် ငါးနာရီအတွင်း သာဝကလောင်း အိပ်ပျော်နေစဉ် သာဝက၏ လိပ်ပြာခန္ဓာဖြင့် ပရလောကတွင် သူတစ်ပါး အကျိုးဆောင်သော လုပ်ငန်းများကို ပါဝင်လုပ်ကိုင်စေသည်။

ပရလောကတွင် သူတစ်ပါးအကျိုးဆောင်လုပ်ငန်းမှာ အကြမ်းအားဖြင့် နှစ်ပိုင်း ရှိသည်။ သက်ရှိလူသားများ၊ ဘေးဒုက္ခတွေ့ကြုံမှုကို ကူညီကယ်တင်ရန်နှင့် တမလွန်လောကသို့ ရောက်ရှိလာသော ဘဝပြောင်းလာသူများအား ကူညီစောင့်ရှောက်ရန်ဖြစ်သည်။

လွန်ခဲ့သော ၁၅နှစ်ခန့်က အငြိမ့်အဖွဲ့တစ်ဖွဲ့သည် ရန်ကုန်တစ်ဖက်ကမ်းသို့ ကူးရာ သင်္ဘောမှောက်နစ်မြုပ်ပြီး ပါလာသူများ ရေနစ်သေကြသည်။ ထိုသို့ သင်္ဘောမှောက်ရာတွင် အငြိမ့်မင်းသမီး၏ ရင်ခွင်ပိုက်ကလေးငယ်သည် မည်သူမှ ကူညီမှုမရှိဘဲ ဓာတ်သေတ္တာပေါ်တွင် အိပ်လျက်သား ရေမျောနေသည်ကို တွေ့သူက ဆယ်ယူရသည်။

ဤကဲ့သို့ အလားတူပင် သေကံမရောက်ထိုက်သူများကို အသက်ရှင်စေရန်အတွက် သက်ရှိလူသားများအား ကူညီစောင့်ရှောက်ရသည်။

သေဆုံးပြီး တမလွန်ဘဝသို့ ရောက်သွားသူများသည် တမလွန်ဘဝတွင် ယောင်ချာချာဖြစ်နေကြသည်။ မသွားတတ်၊ မလာတတ် ဖြစ်နေတတ်သည်။ လူ့ပြည်ကို အစွဲလမ်းကြီးစွာဖြင့် လွမ်းဆွတ်တသရင်း ဘဝရေယာဉ်ကြောတွင် မျောနေကြသည်။

ဤကဲ့သို့သော ပုဂ္ဂိုလ်များကိုလည်း ရင်းနှီးသော မိတ်ဆွေများ၊ မိသားစုများနှင့် တွေ့ဆုံနေထိုင်အောင် ကူညီရသည်။

အစွဲအလမ်း ကြီးသူများကိုလည်း ဖျောင်းဖျရသည်။ ဤမျှသာ အကျဉ်းဖော်ပြနိုင်ပါသည်။ အကျယ်သိလိုပါက ဒေါက်တာ မူဒီရေးသော သေပြီးနောက်ဘဝ သုတေသန၊ သေရွာပြန်မှတ်တမ်း စသော မြန်မာဘာသာပြန် စာအုပ်များကို ဆက်လက်လေ့လာမည်ဆိုက အသေးစိတ် စိတ်ဝင်စားဖွယ် တွေ့ရပါမည်။

ထို့အပြင် လိဘိတာရေးသော ကိုယ်ပျောက် ကယ်တင်ရှင်ဟူသော ကျမ်းတွင်လည်း သက်ရှိလူသားများကို လိပ်ပြာခန္ဓာဖြင့် မည်သို့ ကယ်တင်နိုင်သည်၊ မည်သို့ ကူညီနိုင်သည်ကို

လေ့လာနိုင်ပါသည်။

လိပ်ပြာခန္ဓာဖြင့် သူတစ်ပါး အကျိုး ဆောင်ရွက်ခြင်းသည် သာဝကလမ်းစဉ်နှင့် အညီ လောကအကျိုးဆောင်ခြင်းလည်း မည်သည်။ မိမိအကျိုးအတွက် လိပ်ပြာလွှင့်နည်း၊ လိပ်ပြာခန္ဓာယာဉ်ဖြင့် လိုရာသွားခြင်း၊ အခြားသူများနှင့် ဆက်သွယ်ခြင်း။

လိပ်ပြာလောကခေါ် တမလွန်လောကသို့ ရောက်ရှိနေသူများကို ဆွေးနွေးနိုင်ခြင်း၊ ရှင်းလင်းပြနိုင်ခြင်း၊ စိတ်ဓာတ်ပြုပြင်ပေးနိုင်ခြင်းတို့အပြင် မြေထုကို ဖြတ်သန်း၍ လည်း ကောင်း လိပ်ပြာလွှင့် အတတ်ပညာကို လေ့လာသင်ကြားရာ ကျောင်းကြီးလည်းဖြစ် သည်။

နောင် အဆင့်မြင့်လာသောအခါ ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာယာဉ်ကို စိတ်ကြိုက်စွာ နည်း၊ ပြန်ဝင်နည်း၊ သွားလိုရာ လမ်းခရီးတွင် တွေ့ရှိရသော အခက်အခဲများ၊ အနှောင့် အယှက်များကို ကျော်လွှားနည်းနှင့် အခြားခန္ဓာတစ်ခုအတွင်းသို့ ဝင်ရောက်နည်း စသော အဆင့်မြင့် လိပ်ပြာလွှင့် အတတ်ပညာကို လေ့လာသင်ကြားရသည်။

ထို့အပြင် ရုပ်ခန္ဓာဖြင့် သင်ကြားရန် ခက်ခဲသော အဆင့်မြင့် ဂန္ဓာရီပညာများ၊ လောကနိယာမတရားများ၊ တမလွန် ဘဝ၏ သဘာဝနိယာမများနှင့် လောကီဘုံများ တည်ဆောက်ပုံ သဘာဝများကို လိပ်ပြာခန္ဓာဖြင့် သင်ကြားရသည်။

ရေကူးသင်လိုလျှင် မြေပြင်ပေါ်၌ ကူးခတ်နည်းသင်ရုံဖြင့် မရဘဲ ရေထုအတွင်း ဆင်းပြီး လက်တွေ့ ကူးခတ်ရသကဲ့သို့ပင် တမလွန်လောကတွင်လည်း လိပ်ပြာခန္ဓာဖြင့် ကျင်လည်ကျက်စားနိုင်မှသာလျှင် လိပ်ပြာဘုံ တမလွန်ဘဝ၏ သဘာဝကို နားလည်နိုင် မည် ဖြစ်သည်။

လိပ်ပြာဘုံသည် တစ်နေ့တွင် လူတိုင်းရောက်ရမည့်ဘုံဖြစ်သည်။ လူသေသောအခါ တမလွန်ခရီး၊ သံသရာခရီး၊ ခရီးစတင်သောအခါ ပထမဆုံး တွေ့ရမည့်ဘုံဖြစ်သည်။

ထို့ကြောင့် ရှေးခေတ် အီဂျစ်၊ အိန္ဒိယ ဂန္ဓာရီပညာရပ်များတွင် တမလွန်ဘဝသို့ လိပ်ပြာခန္ဓာဖြင့် ကူးပြောင်းနည်းကို သင်ပေးရာတွင် အထူးလျှို့ဝှက်၍ သင်ကြားပေး သည်။

ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာသို့ ခန္ဓာကူးပြောင်းခြင်းကိုလည်း ထုံကူးသည်။ ဇော်ဂျီဖိုဝင် သည်ဟု စကားဟောင်းများရှိခဲ့သည်။

သိပ္ပံသဘောဖြင့် ကြည့်မည်ဆိုပါက လူ့ဘုံသည် အလျား၊ အနံ၊ အမြင့်စသော ပမာဏ သုံးရပ်သာရှိသည်။ လိပ်ပြာဘုံသည် ယင်းသုံးရပ်အပြင် စတုတ္ထပမာဏအပါအဝင် ပမာဏ လေးရပ်ရှိသည်။

ယင်းစတုတ္ထ ပမာဏကိုပင် အိန်းစတိန်းက **Time-space Continuem** ဟု ခေါ်ဝေါ်ခဲ့သည်။ အိန်းစတိန်းထက် မဟာဂန္ဓာရီပညာရှင်များက နှစ်ပေါင်း တစ်သိန်းစော၍ ယင်းစတုတ္ထပမာဏကို စွာန်ပညာဖြင့် သိမြင်ခဲ့သည်။

သာမန် အရပ်စကားဖြင့် ပြောရလျှင် နတ်အချိန်နှင့် လူအချိန်တို့ ကွဲပြားမှု

ဖြစ်သည်။ နတ်ပြည်တွင် တစ်ခဏတာမျှကြာသည်ဟူသော နတ်အချိန်အတွင်း နတ်သား တစ်ပါးသည် လူ့ဘဝတွင် ကျင်လည်ကျက်စားပြီး လူတစ်ဦး၏မွေးသည့်နေ့မှ သေသည့်နေ့အထိ ဘဝကာလတစ်ခုလုံး ကြာသည်။ နတ်တစ်ခဏနှင့် လူ့တစ်ဘဝဟု ရှေးက ဆိုရိုးစကား ရှိသည်။

ရှေးခေတ်က လျှို့ဝှက်ခက်ခဲသော ဂန္ဓာရီပညာ ဆိုသည်မှာ ဤလိပ်ပြာခန္ဓာအစွမ်းသတ္တိ၊လိပ်ပြာဘုံသဘာဝကို နားလည်မှုကိုပင် ဆိုလိုသည်။ ဤလိပ်ပြာပညာကို လျှို့ဝှက်စွာ သင်ကြားပေးသည်။

သို့ရာတွင် ယခုခေတ်တွင်ကား ပါရမီ ပြည့်စုံခါနီးသော သာဝကလောင်းကို ဆရာရှင်တို့ ညအခါ အိပ်ပျော်နေစဉ် သာဝကလောင်း၏ လိပ်ပြာခန္ဓာနှင့် ဆက်သွယ်ပြီး လိပ်ပြာခန္ဓာဖြင့် ပြုလုပ်နိုင်သော ပညာရပ်များကို သင်ကြားပေးသည်။

ဤသို့ သင်ကြားပေးသောအခါ အထက်တန်းကျောင်း၊ ကောလိပ်ကျောင်းများကဲ့သို့ သာဝကလောင်း၏ အရည်အသွေးအလိုက်ခွဲပြီး ညစဉ်သင်ကြားပေးသည်။ သာဝကလောင်းများအား နည်းပြသင်ကြားပေးရန်အတွက် အထက်တန်း သာကဟောင်းကြီးများအား နည်းပြဆရာအဖြစ် တွဲဖက်ထားသည်။

တက္ကသိုလ်များတွင် စာမေးပွဲများ ကျင်းပသကဲ့သို့ လိပ်ပြာလွှင့်ပညာ စာမေးပွဲများကိုလည်း ကျင်းပပေးသည်။ အောင်မြင်သူများရှိသကဲ့သို့ ကျဆုံးသူများလည်းရှိသည်။

အောင်မြင်သူများမှာ အတန်းတက်သွားပြီးနောက် ကိုယ်ကျင့်သိက္ခာ သီလများလုံခြုံပြီး ထွက်ရပ်စခန်းကို တက်လှမ်းသွားကြသည်။

စာမေးပွဲကျသူများကား တစ်ဖန် ပြန်လည် လေ့ကျင့်သင်ကြားပြီး စာမေးပွဲဝင်ရမည်။ ဤသို့ အထက်မတင် အောက်မကျ သာဝကများသည် ကိုယ်ကျင့်သီလလည်း မလုံခြုံသေးသည်ဖြစ်၍ တတ်သရွေ့ ဂန္ဓာရီပညာ ဘစ်ပိုင်းတစ်စဖြင့် လူ့ပြည်တွင် ဂန္ဓာရီပညာရှင်ကြီး၊ ဝိဇ္ဇာခိုရ်ကြီးအဖြစ် အတွေ့နယ်ချဲ့ကြသူလည်း ရှိသည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် သူသိများသော ဂန္ဓာရီပညာရှင်များ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များသည် ပညာတစ်ပိုင်းတစ်စ၊ သီလပြောက်ကျားဖြင့် ပထမ မာဂအဆင့်မျှသာ ရှိသူများဖြစ်ကြသည်။

အထက်မာဂများ၊ အဆင့်မြင့် မာဂများ တက်သွားသူများသည် ဂန္ဓာရီပညာအဆင့်မြင့်ရုံမက သီကွာ၊ သီလ၊ ကိုယ်ကျင့်တရားနှင့် အတွေ့ဖယ်ခွာမှုလည်း အဆင့်မြင့်လေရာလူသိအောင် ကြွားဝါကြော်ငြာသူ မရှိတော့ပေ။

ထို့ကြောင့် လူများက ထိုပုဂ္ဂိုလ်များကို မသိကြ၊ မကြားဖူးကြတော့ချေ။ သဒ္ဓမ္မသူတော်စင်အဖွဲ့ဝင် ဂန္ဓာရီပညာရှင်၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များအနေဖြင့် မိမိအတွေ့အကြုံမတိုဖြင့် ထင်ရာပြော၊ ထင်ရာလုပ်ခွင့် မရှိ။

မိမိပါဝင်သော အဖွဲ့အနေဖြင့်သာ လုပ်ငန်းကို လုပ်ဆောင်သည်။ တစ်သီးပုဂ္ဂလကြုံရာကျရာ အလုပ်မျိုးကို မလုပ်၊ ဆရာရှင်များ ချမှတ်ထားသောမူ ဘောင်အတွင်းရှိသော

စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းခေါင်းဆောင်မှု စသော အဖွဲ့လိုက် ဆောင်ရွက်မှုမျိုးကိုသာ ပြုလုပ်သည်။

ဆောင်ရွက်လုပ်ကိုင်မှု မှန်သမျှမှာ လူ့လောကအကျိုးအတွက်သာ ဖြစ်ရမည်ဟု လည်း စည်းကမ်းသတ်မှတ်ထားသည်။

ဆရာရှင်က သာဝကလောင်းအားသင်ကြားပေးရာတွင် အောက်ပါအတိုင်း သင်ကြားချက် (၃)မျိုးကို သင်ကြားပေးသည်။

(၁) လူသည် ရုပ်ခန္ဓာနှင့် နာမ်ဝိညာဉ်တို့ ပေါင်းစပ်ထားသော သတ္တဝါဖြစ်ကြောင်း၊ ရုပ်ခန္ဓာနှင့်တကွ လိပ်ပြာခန္ဓာ၊ မနောခန္ဓာဟူ၍ ခန္ဓာယာဉ်သုံးပါးသည် အတွင်းရှိသော နာမ်ဝိညာဉ်ကို သယ်ဆောင်ရာ ယာဉ်များဖြစ်၍ ပညတ်မျှသာ ဖြစ်ကြောင်း။

နာမ်ဝိညာဉ်သာလျှင် ပရမတ်ဖြစ်၍ နာမ်ဝိညာဉ်အကြောင်းကို လေ့လာရန်နှင့် နာမ်ဝိညာဉ်အကြောင်း လေ့လာလိုပါက အပမှ ဖုံးကွယ်နေသော ခန္ဓာယာဉ်သုံးပါးကို သန့်ရှင်းစင်ကြယ်အောင် ပြုပြင်ရမည်။

တစ်နည်းအားဖြင့် ခန္ဓာယာဉ်များကို အခြေခံ၍ ဖြစ်ပေါ်လာသော ညာဉ်ဟောင်း၊ ညာဉ်ဆိုးများကို ညာဉ်ကောင်းဖြင့် အစားထိုးပြုပြင်ရန်၊ ဤသို့ ကိုယ်ကျင့်သိက္ခာတည်းဟူသော ညာဉ်ဆိုးများ ပျောက်ပြီး ညာဉ်ကောင်းများ မွေးမြူရန်အတွက် နေ့စဉ် နေထိုင်မှုဘဝတွင် တရားနှင့်အညီ ဘဝစည်းကမ်းချက်များ သတ်မှတ်၍ နေရန် (၀၁) တိုက်ရိုက် စာရိတ္တ ပြောင်းလဲသော သီလကို ဆောက်တည်ရေးသင်ကြားပေးရန်။

(၂) စကြဝဠာကြီးနှင့်တကွ လောကီလွန် လောကအကြောင်း၊ ပရလောက သဘာဝနိယာမများ စသင်ကြားပေးခြင်းဖြင့် စွယ်စုံပညာရှင် ဖြစ်လာစေရန်နှင့် အလွန်ကျယ်ပြန့်လှသော လောကနိယာမများကို အကုန်လုံး တစ်ပြိုင်နက် မသိနိုင်သော်လည်း ယင်းလောက နိယာမများကို သိရန်အတွက် အညာကျသောအချက်များကို အသုံးချနည်း သော့ချက်နှင့် အနှစ်ခန့် မနောဓာတ်ကြီးဖြင့် အာကာသမှတ်တမ်းကို ကြည့်နည်း သင်ကြားပေးရန်။

(၃) ဤလောကကို တည်ဆောက်ထိန်းသိမ်းထားသော သဟဇာတ နိယာမနှင့်တကွ လောကတစ်ခု တည်တံ့ရေး၏ အခရာ နိယာမများကို တစ်စထက်တစ်စ တိုးမြှင့် သင်ကြားပေးရန်တို့ ဖြစ်သည်။

အချို့ပညာရပ်များမှာ ပထမမာဂနှင့် ဒုတိယမာဂအဆင့်အတွင်း အပြီးသတ် သင်ကြားရန်ဖြစ်ပြီး အချို့ပညာရပ်များမှာ အထက်မာဂအဆင့်များသို့ ရောက်သည် အထိ အဆင့်ဆင့် သင်ကြားရန် ဖြစ်သည်။

အထက်ပါ အဓိကပညာရပ်များကို နားလည်သဘောပေါက်ရန်အတွက် ဆဋ္ဌအာရုံခေါ် intuition ကို သင်ကြားပေးသည်။

ဆဋ္ဌအာရုံမှာလည်း အဆင့်ဆင့်ရှိသည်။ ပထမပိုင်းတွင်း အနည်းငယ်မျှသာ ရှိပြီး ဆက်လက်အားထုတ်မှသာလျှင် စိတ်ချသောအဆင့် ရောက်ရှိသည်။

ဆဋ္ဌအာရုံခေါ် အသိထူးများ ရလာသောအခါ ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာဟူသည်လွှင့်နည်းများကို သင်ပေးသည်။

ကလေးငယ်များ လမ်းလျှောက်တတ်အောင် မိဘများက သင်ပေးသည့်နည်းတူပင် မိမိအစွမ်းသက်သက်ဖြင့် လိပ်ပြာမလွှင့်နိုင်သေးသော သာဝကများကို ဆရာရှင်တို့က ဓာတ်ပေး၍ လွှင့်နိုင်အောင် ကူညီသည်။

ထို့ကြောင့် သာဝကအသင့် မဖြစ်သေးလျှင် ဆရာရှင်တို့က အချိန်ကုန်ခံပြီး သင်ကြားခြင်းမပြု၊ သင်ခန်းစာများကို လိုက်နိုင်လောက်သော သီလစင်ကြယ်မှု အခြေအနေနှင့် တည်ငြိမ်မှု၊ သမာဓိရရှိသော ဘာဝနာပွားမှုတို့ ပြည့်စုံပြီး သာဝကအဆင့်ဖြစ်နေမှသာ သင်ကြားပေးခြင်းဖြစ်သည်။

ထို့အပြင် ဘဝများစွာက ဖြည့်ဆည်းလာသော ကိုယ်ကျင့်သိက္ခာများကြောင့် ခန္ဓာယာဉ်များ ကြည်လင်သန့်ရှင်းလာပြီးလျှင် သာဝက၏ဝိညာဉ်အလင်းရောင် တောက်ပလာမှုကို ကြည့်၍ သာဝက အရည်အချင်းကို ဆုံးဖြတ်သည်။

သာဝက၏ အလင်းရောင် အနည်းအများအလိုက် အဆင့်အတန်းများ ခွဲထားသည်။ သာဝကများ၏ ကိုယ်ပွားများကို ဆရာရှင်တို့ရှိရာ ဟိမဝန္တာတောင်ခေါင်း လိဏ်ဂုအတွင်းရှိ ပြတိုက်တွင် ထားရှိသည်။

သာဝကလောင်းလျာ၏ ရုပ်ပွားခန္ဓာမှ ထွက်ပေါ်လာသော အလင်းကိုကြည့်၍ သာဝက၏ အလင်းရောင်နှင့် ကိုယ်ကျင့်သိက္ခာကို သိနိုင်သည်။

အလင်းရောင် ထွန်းတောက်မှု အဆင့်အတန်း မှတ်တမ်းအရ သာဝကများကို ဂန္ဓာရီပညာရပ်များ တိုးမြှင့်သင်ပေးထားသည်။ အထက်မာဂအဆင့်များသို့ တိုးမြှင့်ပေးရန် အတွက် သိဒ္ဓိတင် ဘိသိက်ပွဲသို့ တက်ရောက်ခွင့်ပြုသည်။

ရံဖန်ရံခါတွင် သာဝကနှင့် ဆရာရှင်တို့ နှစ်ဦးတည်း တွေ့ဆုံ၍ ရှင်းလင်း ပြသခြင်း၊ ဆုံးမခြင်းတို့ကိုလည်း ပြုလုပ်သည်။

သာဝက၏ အိပ်ပျော်စဉ် လိပ်ပြာခန္ဓာဖြင့် ဆရာရှင်တို့နှင့် တွေ့ဆုံရခြင်းဖြစ်သည်။ ထို့ကြောင့် အချို့ သာဝကများမှာ ဆရာရှင်နှင့် တွေ့ဆုံခြင်းကို အိပ်မက် မြင်မက်သည်ဟု နောက်တစ်နေ့တွင် ပြောကြခြင်းဖြစ်သည်။

သာဝကလမ်းစဉ်၏ ထူးခြားချက်တစ်ခုမှာ လိပ်ပြာခန္ဓာဖြင့် တွေ့ကြုံသင်ကြားခဲ့သည်ကို ဦးနှောက်တွင် မမှတ်မိခြင်းပင် ဖြစ်သည်။

သို့ရာတွင် သာဝက၏ ဘာဝနာအဆင့် တစ်စုံတစ်ရာ ရောက်လာသောအခါ နိဗ္ဗိဒိတ်နှင့်အိပ်စိတ်တို့ တစ်ဆက်တည်း ဖြစ်လာသည်။

တစ်နည်းအားဖြင့်လူအိပ်သော်လည်း စိတ်က သတိလစ်ပြီး သူများလို အိပ်ပျော်ခြင်းမရှိ၊ သိစိတ်အပြည့်အဝဖြင့် လိပ်ပြာခန္ဓာလွှင့်ပြီး တွေ့ကြုံရသမျှကို နိဗ္ဗိဒာသောအခါတွင်

လည်း တစ်ဆက်တည်း သိနေခြင်းပင် ဖြစ်သည်။

ဤကဲ့သို့သော အခြေအနေမျိုး ရောက်လာသောအခါ လိပ်ပြာခန္ဓာဖြင့် သင်ကြား ခဲ့သည်တို့ကို အားလုံးမှတ်မိပြီး သင်ကြားချက်များကို ဘဝတွင် လက်တွေ့ကျင့်သုံးနိုင် လေသည်။

ဤသို့ဖြင့် သာဝကလောင်းသည် လက်ခံသာဝက၊ လက်ရင်းသာဝကများသို့ အဆင့်တက်ပြီး ဆရာရှင်နှင့် ဆက်သွယ်ရုံမက ပထမမာဂမှ ဒုတိယမာဂ၊ ဒုတိယမာဂမှ တတိယမာဂ၊ တတိယမာဂမှ စတုတ္ထမာဂအထိ ထွက်ရပ်စခန်းများကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းပြီး သိဒ္ဓိတင် ဘိသိက်ပွဲများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အန္တိမ အဆင့်အထိ တက်လှမ်းရန် ဖြစ်သည်။

ယင်းသို့ မာဂတစ်ဆင့်ပြီး တစ်ဆင့် တက်ရသော သာဝကတက်စဉ် ပညာကိုလည်း ဆက်လက်လေ့လာ ကျင့်ကြံအားထုတ်ရပြန်သည်။

ပထမဆုံး သာဝကလောင်း လမ်းစဉ်အချုပ်မှာ မေတ္တာအခြေခံထား၍ လူ့လောက ကြီး၏ အကျိုးဆောင်ရန် ဖြစ်ပေသည်။



ဘဝများစွာမှ ပါရမီဖြည့်ဆည်းခဲ့သော နောက်ဆုံးဘဝတွင် ရှမ်ဗဲလား၏ ဌာနခွဲကြီးဖြစ်သော သဒ္ဓမ္မသူတောင်စင်အဖွဲ့နှင့် ဆက်သွယ်မိလာသည်။

သဒ္ဓမ္မသူတော်စင်များ၏ သာဝကကြီးများ ရှေ့ဆောင်သော ဂန္ဓာရီအဖွဲ့များ၊ ဂိုဏ်းများဖြစ်သော ဖရီးမေဆင်၊ ရီဆီကရူဆီယင်၊ ဟာမက်တစ်၊ ကဗာလာ၊ ဆူဖီ၊ သီအိုဆိုဖီ၊ အင်သရိပိုဆိုဖီ သဒ္ဓမ္မ မဏ္ဍလဂိုဏ်းတစ်ခုခုဖြင့် အဆက်ရပြီး သာဝကကျင့်စဉ်ကို သိရှိကျင့်ကြံရသည်။

အခြားတစ်နည်းမှ သဒ္ဓမ္မသူတော်စင်အဖွဲ့မှ သာဝကများရေးသော ကျမ်းဂန်များ၊ စာပေများကို ဖတ်ပြီး သာဝကကျင့်စဉ်ကို တွေ့ရှိလေ့လာခွင့်ရသည်လည်း ရှိသည်။

ဤသို့သော် အသင်းအဖွဲ့များ၊ စာပေများနှင့် မထိတွေ့နိုင်သောသူများမှာ အိပ်မက် ထူးများ၊ အာရုံထူးများ ရရှိပြီးနောက် ဆရာရှင်တစ်ပါးနှင့် အဆက်အသွယ်ရသူများလည်း ရှိသည်။

သာဝကကျင့်စဉ်မှာ သာမန်အားဖြင့် ထွေထွေထူးထူး ရှိလှသည်ဟု မဆိုနိုင်သော်လည်း တကယ်လက်တွေ့ ကျင့်ကြံအားထုတ်သောအခါတွင်ကား အလွန်ထူးခြား လေးနက်လှပြီး ဂန္ဓာရီပညာကို တစ်ဖက်ကမ်းခတ် ရောက်ရှိနိုင်သောကျင့်စဉ်ဖြစ်ကြောင်း တွေ့ရသည်။

သာဝကလောင်းသည် သာဝကကျင့်စဉ်ကို နှစ်သက်လက်ခံပြီး ကျင့်ကြံပါတော့မည်ဆိုပါက အောက်ပါအချက်သုံးချက်ကို လိုက်နာဆောင်ရွက်ပါမည်ဟု ကတိသစ္စာပြုရသည်။

(၁) လူသားအားလုံး၏အကျိုးကို ဆောင်ရွက်ပါမည်။

(၂) လောကအကျိုး ဆောင်နေသော ဆရာရှင်တို့၏ လောကတွင်စရိယ လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ပါမည်။

(၃) မိမိ၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်အထိ သမာဓိကို အမြင့်ဆုံး ရောက်အောင် စွာန်တရားအားထုတ်ရန်နှင့် ဝိညာဉ်နှင့် ဆက်သွယ်မိသောအခါ သက္ကာယ ခန္ဓာယာဉ်များကို ထိန်းချုပ်ရန်ဖြစ်သည်။

လွတ်မြောက်မှုကို တားဆီးပိတ်ပင်နေသော ခန္ဓာယာဉ်က သာဝကကျင့်စဉ်ကျင့်တော့မည်ဆိုလျှင် သာဝကအား နည်းမျိုးစုံဖြင့် ဆန့်ကျင်ဒုက္ခပေးတော့သည်။

သာဝကသည် ခန္ဓာယာဉ်များဖြင့် ဖွဲ့စည်းထားသော သက္ကာယလောကီအမြင်ဖြစ်သော ပုဂ္ဂလဓိဋ္ဌာန်မှ ဓမ္မဓိဋ္ဌာန်အမြင်သို့ ပြောင်းလဲရာတွင် မိမိပတ်ဝန်းကျင်နှင့် ပြဿနာတက်လာသည်။

လောကီသက္ကာယအမြင်ဖြင့်သာ ကြည့်မြင်တတ်သော ပတ်ဝန်းကျင်ရှိ မိသားစု၊ ဆွေမျိုးမိတ်ဆွေ အားလုံးနှင့် အဲမကျဖြစ်လာသည်။

ထို့ကြောင့် ပတ်ဝန်းကျင်၏ ပုဂ္ဂလဓိဋ္ဌာန်အမြင်၊ ပညတ်အမြင်ဖြင့် ကြည့်ရှုဆက်ဆံခြင်းကို ကိုယ်ပေါင်းစိတ်ခွာပြု၍ မိမိ၏ဓမ္မဓိဋ္ဌာန်အမြင်၊ ပရမတ်အမြင်ကို စွဲမြဲစွာဆုပ်ကိုင်ထားရမည်။ ထို့ကြောင့် သာဝက၏ ပထမအဆင့် အဓိကကျင့်စဉ်မှာ -

(၁) ကိုယ်ကျင့်သီလသိက္ခာ ထိန်းခြင်း၊

(၂) နေ့စဉ် ဘာဝနာပွားခြင်း၊

(၃) မေတ္တာစိတ်မွေးပြီး လောကအကျိုး ဆောင်ခြင်းတို့ဖြစ်သည်။

ကိုယ်ကျင့်သီလ သိက္ခာထိန်းခြင်းဆိုသည်မှာ ဘာသာရေး အဆုံးအမ သဘောတရားလက်ခံရုံမျှသာမက တကယ့်လက်တွေ့နေ့စဉ်နေထိုင်မှုဘဝတွင် ဖြူစင်ဖြောင့်မတ် သန့်ရှင်းသောဘဝ၊ မေတ္တာအရင်းခံဖြင့် ဆက်ဆံသောဘဝ၊ မှုလကရှိသော ညာဉ်ဆိုး အကျင့်ဆိုးများကို တစ်ခုပြီးတစ်ခု ဖျောက်ပြီး အကျင့်ကောင်း၊ ညာဉ်ကောင်းဖြင့် အစားထိုးခြင်းဖြစ်သည်။

နေ့စဉ် ဘာဝနာပွားရန်မှာ ရာဇယောဂခေါ် စိတ်ကို တည်ကြည်အောင် ထိန်းသောယောဂကျင့်စဉ်ကို ကျင့်ရန်ဖြစ်သည်။

အာသနခေါ် ထိုင်ပုံထိုင်နည်းနှင့် ပရာနာယာမခေါ် ဝင်သက်ထွက်သက်ကို မှတ်သော ဟတ္ထယောဂကျင့်စဉ် မဟုတ်၊ စိတ်သန့်သန့်ကလေးကို တည်ငြိမ်ပြီး နောက်ဆုံး စိတ်အစဉ်ချုပ်ငြိမ်း ရပ်စဲသွားအောင် ကျင့်ရသော ယောဂနည်းဖြစ်သည်။

လောကအကျိုးဆောင်ခြင်းနှင့် ပတ်သက်၍ လောကအကျိုး ဆောင်သော လုပ်ငန်းများ ရှိသည့်အနက် ရပ်အခြေအနေကို ပြုပြင်မွမ်းမံကူညီသော အကျိုးဆောင်မှုမျိုးထက် လူ့အသိဉာဏ် တိုးတက်မှု၊ သူတော်ကောင်းတရား သိရှိနားလည်ပြီး လက်ခံကျင့်ကြံမှု ပေါ်ပေါက်လာအောင် ဆောင်ရွက်ကူညီရန် ဖြစ်သည်။

လောကဆိုရာတွင် မိမိနှင့် အနီးဆုံးတွင်ရှိသော ရပ်ရွာ၊ မြို့နယ်နှင့် မိမိတိုင်းပြည်၊ မိမိလူမျိုးများမှ စတင်၍ အကျိုးဆောင်ရန် ဖြစ်သည်။

ယင်းအဓိက စရဏတရားကို လက်ကိုင်ထားပြီး ကျင့်ကြံနေစဉ်တွင် ဆောင်ရွက်ရန် ကိစ္စများမှာ ဤသို့ ဖြစ်သည်။

၁။ ဆရာရှင်တို့က အစဉ်မပြတ် သွန်းလောင်းနေသော ဓာတ်ကို ခံယူနိုင်ရန်။

၂။ လက်တွေ့နေထိုင်မှုဘဝကို ဖြူစင်သန့်ရှင်းသော ဘဝကို နေ့စဉ် တည်ဆောက်ရန်။

၃။ သက္ကာယကြောင့် ကြောင့်ကြမှုများ ဖြစ်ပေါ်နေသဖြင့် သက္ကာယကို ခွာချသည့်အကျင့်ကို နေ့စဉ် သုံးသပ်ရှုမြင် ဆင်ခြင်ရန်။

၄။ လောကအကျိုးဆောင်သော တာဝန်၊ ဘာဝနာပွားသော နေ့စဉ်တာဝန်၊ ကိုယ်ကျင့်တရား ပြောင်းလဲသော စရဏ တာဝန်များကို တစ်ဝက်တစ်ပျက် စိတ်မပါတပါ ဆောင်ရွက်ခြင်းမျိုး မဖြစ်စေရ။ ပြီးမြောက်အောင် ခွဲဖြင့် ဆောင်ရွက်ရမည်။

၅။ မိမိ၏ လိပ်ပြာခန္ဓာသည် ကာမဂုဏ်ဘက်သို့ ညွတ်တတ်သည်ကို လေ့လာရန်၊ သို့မှသာ သက္ကာယကို ခွာချရေးတွင် အဓိက အခက်ခဲဆုံးဖြစ်သော လိပ်ပြာခန္ဓာကို ထိန်းချုပ်နိုင်မည်။

၆။ ရပ်ခန္ဓာဖြင့် လောကအကျိုးဆောင်ရမည်ဖြစ်ရာ ခန္ဓာကို ကြဲ့ခိုင်အောင် ဆောင်ရွက်ရမည်။ ရပ်ခန္ဓာ၏ သဲလိုက်ဓာတ်ကို သန့်အောင်ထားရမည်။

၇။ ဝစီကံကို အထူးဂရုပြု၍ ထိန်းရန်၊ မေတ္တာအခြေခံ၍ စကားပြောလျှင် ဝစီကံကို ထိန်းနိုင်မည်။ ဤကျင့်စဉ်တွင် ဝစီကံအလွန်ရေးပါသည်။ အတင်းမပြောနှင့်၊ သူတစ်ပါးကို မဝေဖန်နှင့်၊ အကျိုးမဲ့သောစကားကို မပြောနှင့်။

၈။ နေ့စဉ်တွေ့ရသော လောကဓံတရားကို တည်ငြိမ်စွာ ခံနိုင်ရည်ရှိအောင် ကြိုးစားရမည်။

နေ့စဉ် လက်တွေ့ကျင့်ကြံရန် စရဏများ

၁။ သတိသမ္ပဇဉ်ကို အမြဲမပြတ် တရစပ်ရှိနေအောင် အားထုတ်ရမည်။ သတိသမ္ဘောဇ္ဈင်ဟုလည်း ဆိုနိုင်သည်။ ကာယက်၊ ဝစီက်၊ မနောက် လုပ်ချင်တာလုပ်၊ လုပ်သရွေ့ကို သတိအမြဲကပ်ထားပြီး သိနေရမည်။ သတိလစ်ပြီး အမှတ်မဲ့ ပြောဆိုလုပ်ကိုင်ကြံစည်မှု မရှိစေရ။

သတိကောင်းလာသောအခါတွင် ဘာဝနာမှားရာတွင် အာရုံစူးစိုက်မှု လွယ်ကူလာမည်။ သမာဓိ အမြန်ရမည်။

မိမိ၏ မကောင်းသောညာဉ်များကို ယခင်က မသိလိုက် မသိဘာသာလုပ်နေရာမှ သတိကပ်ထားသောအခါ မိမိ၏ အမူအကျင့်များ၊ ညာဉ်ဆိုးများကို တွေ့ရှိလာမည်။ ထိုအခါ သီလဆောက်တည်မှု အခြေခံကို ကောင်းစွာချမှတ်နိုင်မည် ဖြစ်သည်။

၂။ မိမိနှလုံးသားတွင် ခံစားမှုကို အစဉ်စောင့်ကြည့်ရမည်။

မိမိ အတွက်ကိုယ်ကျိုးအတွက် မည်မျှ ပြောဆိုခံစားနေရသနည်း။ သူတစ်ပါးအတွက် မည်မျှ ခံစားနေရသနည်း။ ကောင်းဆိုးခံစားမှု မည်မျှရှိသည်ကို အစဉ်စောင့်ကြည့်က မိမိ၏ အားနည်းချက်ကို သိမြင်လာသဖြင့် 'သင့်ကိုယ်သင် သိလော့'ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုနိုင်လာမည်။

၃။ စိတ်မညစ်စေနှင့်၊ စိတ်ဓာတ်မကျနှင့်။ အခက်အခဲတွေ၊ ဒုက္ခတွေ၊ ဆင်းရဲမှုတွေ ဖြစ်သည်ဆိုသည်မှာ အတွေ့မှာသာဖြစ်သည်။ အတွေ့ဆိုသည်မှာ မိမိ မဟုတ်၊ ထို့ကြောင့် ပျော်ရွှင်မှုကိုတွေး၊ စိတ်ရွှင်လန်းမှုကို ဆောင်ထား။

၄။ လောကတွင် ကြံစည်သမျှဖြစ်သည်လည်း ရှိသည်၊ မဖြစ်သည်လည်း ရှိသည်။ ဤလောက နိယာမကို သဘောပေါက်ကာ စိတ်ရှည်ရှည်သည်းခံပြီး အခွင့်အခါကို စောင့်နိုင်ရမည်။

စိတ်ရှည်မှုသည် ဝိညာဉ်၏သတ္တိဖြစ်သည်။ ထို့ကြောင့် အတွေ့ကိုက်မှု မဖြစ်ဘဲ စိတ်ရှည် သည်းခံစောင့်ဆိုင်းနိုင်မှုသည် စိတ်တည်ငြိမ်ရေးတွင် ပဓာနဖြစ်သည်။ ကံသည် အမြဲကောင်းနေခြင်း၊ ဆိုးနေခြင်းမရှိ။ ကံသည် အချိန်အခါတည်းဟူ သော ကာလစက် နိယာမအရသာ အကျိုးပေးနိုင်သည်။

၅။ မိမိခန္ဓာကိုယ်တွင်းရှိ ဝိညာဉ်၏ အသံကို ကြားရအောင် နားထောင်သော အကျင့်ကို ကျင့်၊ လောကီအသံတွေကိုသာ အာရုံပြုနေက ဝိညာဉ်အသံ မကြားနိုင်။ လောကီအာရုံများ ရုပ်ဆိုင်းငြိမ်သက်သွားမှ ပါရမီများ ခိုအောင်းရာ ဝိညာဉ်၏အသံ၊ ဝိညာဉ်၏လမ်းညွှန်မှုကို ရမည်။

ဝိညာဉ်သည် ဆရာရှင်နှင့်လည်း မိတ်ဆက်ပေးမည် ဖြစ်သည်။ ဝိညာဉ်မှတစ်ဆင့် ဆရာရှင်၏ ညွှန်ကြားချက် အသံများကို ကြားရမည်။ ဝိညာဉ်၏ အသံသည် ခေါင်းစွဲများ၊ ပရလောကသားများက ဆက်သွယ်ပြောကြားသော အသံမျိုး မဟုတ်။ မိမိ၏ မသိစိတ်တွင် ခိုအောင်းနေသော အာသာဆန္ဒများမှလာသော အသံလည်း မဟုတ်၊ လူ့လောကကောင်းကျိုးနှင့် လောကုတ္တရာအတွက်သာ ပြောကြားသော အသံဖြစ်သည်။

အချို့ သမထသမားများက ယင်းဝိညာဉ်အသံကိုပင် INTUITION အသိထူး အာရုံထူးဟု ခေါ်ကြသည်။ မကြံစည် မတွေးတောဘဲနှင့် ကြားရသိရသော အသံဖြစ်သည်။ လမ်းညွှန်ချက်ဖြစ်သည်။

၆။ ဆရာရှင်ထံတွင် အခြားပညာယူဘက် သာဝကများလည်း ရှိနေရာ အခြားသာဝကများနှင့် ညီညွတ်သင့်မြတ်နေရမည်။

သာဝကချင်း တစ်စိတ်တည်း တစ်ဝမ်းတည်း အတိုင်အဖောက်ညီမှသာလျှင် ဆရာရှင်က အဆင့်မြင့် ဂန္ဓာရီပညာများ သင်ပေးမည်။

ထို့ပြင် သာဝကများ၏ လောကကောင်းကျိုး စုပေါင်းဆောင်ရွက်မှုကို အောင်မြင်စေမည်ဖြစ်သည်။

၇။ သီဒ္ဓိမြောက် ဂန္ဓာရီပညာများကို သင်ကြားလိုပါက ဝင့်ဝါမှု ပကာသနဟူသမျှကို စွန့်လွှတ်နိုင်ရမည်။

ပရမတ္ထသစ္စာတရားမှတစ်ပါး အခြားအရာကို စိတ်မညွတ်စေရ။ အပေါ်ယံကြောအဆောင်အယောင် အစီအရင်ဖြစ်သော 'အမြင်' လုပ်ငန်းထက် အတွင်း 'မနောဓာတ်' လုပ်ငန်းကို ဦးစားပေးရမည်။

၈။ အပိုတွေမပြောပါနှင့်၊ အပိုတွေ မလုပ်ပါနှင့်၊ အပိုတွေ မတွေးပါနှင့်၊ တစ်စုံတစ်ရာ မပြုလုပ် မတွေးတောမိ မိမိဆောင်ရွက်ရမည့် ကိစ္စဟုတ် မဟုတ်၊ ပြုလုပ်သင့်သော အရာ ဟုတ်မဟုတ်ကို အရင်ဆုံး စဉ်းစားပြီးမှ လုပ်ပါ။

၉။ မေတ္တာစိတ်ကို များများမွေးပါ။ မိမိမနှစ်သက်သူကိုပင် မေတ္တာထားနိုင်အောင် အားလုံးကို ဖြဟ္မစိုရ်စိတ် ထားနိုင်အောင် ကြိုးစားပါ။

မေတ္တာသည် အခြေအပြစ်၊ မေတ္တာသည် ပန်းတိုင်၊ မေတ္တာသည်ပင် ထွက်ရပ်လမ်းစဉ်ဟူသော ဆောင်ပုဒ်ကို အသည်းစွဲထားရမည်။

၁၀။ သက်သတ်လွတ် စားခြင်းသည် အဘက်ဘက်မှ ဘေးကင်းသော အလေ့အကျင့်ဖြစ်သည်။ ကျန်းမာရေးရှုထောင့်၊ မေတ္တာရှုထောင့်၊ ဘာသာရေးရှုထောင့်ပေါင်းစုံမှကြည့်လျှင် ဘေးကင်း၍ ကောင်းကျိုးသာ ဖြစ်စေသော အလေ့အကျင့် ဖြစ်သည်။

သို့သော် ဝန်တိုအဘိဇ္ဈာဖြစ်မှုသည် အသားစားခြင်းထက် သာဝကကျင့်စဉ်ကို ထိခိုက်စေသည်ကို မမေ့အပ်ပေ။

အမှန်စင်စစ်အားဖြင့် သာဝကကျင့်စဉ်နှင့် ပတ်သက်၍ သာဝကများ လိုက်နာရန်၊ ဆောင်ရွက်ရန်၊ နှလုံးသွင်းရန်၊ ပွားများရန် စည်းမျဉ်းများမှာ အတော်ပင် များပြားလှပေရာ ယခုဖော်ပြသော အချက်များမှာ အခြေခံစည်းမျဉ်းမျှသာ ဖြစ်သည်။

တက်စဉ်အလိုက် အထက် တက်သွားပြီး အဆင့်မြင့်လာလေ လိုက်နာရမည့် စည်းမျဉ်းများမှာ များလာလေဖြစ်သည်။ ယခု ဖော်ပြခဲ့သော အချက်များမှာ ပထမ မာဂ အဆင့်သို့ တက်လှမ်းမည့် သာဝကသစ်များအတွက် အခြေခံဖြစ်သည်။

ဤနေရာတွင် ထူးခြားချက် တစ်ရပ်ကို ဖော်ပြရန် လိုသည်။ လူ၏ ခန္ဓာကိုယ်တွင် သန်းများ၊ ဂျပ်ကောင်များ ကပ်ရောက်လေ့ရှိသည်။

စာဆို ဦးပုညက 'ဂျပ်ကောင်နှယ် ပန်းကြားက သန်းစကားသူဝါ'ဟု သုံးနှုန်းရေးဖွဲ့ခဲ့သည်။

သိပ္ပံပညာရှင်များကလည်း လူ့ခန္ဓာကိုယ်ထဲတွင် မှန်ဘီလူးဖြင့်ကြည့်၍ မမြင်နိုင်သော ဗိုင်းရပ်စ်၊ ဘက်တီးရီးယားပိုးများ ကိန်းအောင်းနေသည်ဟု ဆိုသည်။

ဂန္ဓာရီပညာရှင်များကလည်း လူ၏ ခန္ဓာကိုယ်တွင် မမြင်ရအောင် သေးငယ်သော ဝိနာဘာဝသတ္တဝါများ ကိန်းအောင်းလျက်ရှိပြီး ယင်း ဘူတခေါ် ဝိနာဘဝ (ELEMENTAL) များသည် အာရုံဒွါရများတွင် အရသာ အာသာရမွှက်ကို ခံစားနေကြသည်ဟု ဆိုသည်။

ရောက်သီးလိုးသည်ကိုမြင်၍ သွားရည်ယိုခြင်း၊ လက်ဖက်ရည်သောက်ပြီး ခံတွင်းချဉ်လာခြင်း၊ ဆေးလိပ်သောက်ရသော အရသာများကို ခံစားမှုတွင် ဤဝိနာဘာဝဘူတများမှာ အဓိကဖြစ်သည်။

ကာမဂုဏ် အရသာများကို တောင့်တမှု၊ မက်မောမှုစသော အာသာရမွှက်များကို နှိုးဆွပေးသော တရားခံမှာ ဤဝိနာဘာဝ ဘူတများဖြစ်သည်။

ဤဝိနာဘာဝဘူတများသည် အလွန်သေးငယ်၍မမြင်ရသော်လည်း သန်း၊ ဂျပ်နှင့် ဘက်တီးရီးယားများကဲ့သို့ပင် ရုပ်လောက၊ ရုပ်ခန္ဓာဆောင်ထားသော သတ္တဝါများဖြစ်သည်။

အာသာရမွှက်ကို ခံစားလိုသော မက်မောမှုဆန္ဒကို တွန်းလှန်နိုင်မှသာ ပထမမာဂသို့ တက်ရမည်ဖြစ်သည်။

ထို့ကြောင့် သာဝကသည် အာသာရမွှက်များကို နှိုးဆွနေသော ဝိနာဘာဝများကို ထိန်းချုပ်နိုင်မှသာလျှင် ပထမမာဂအဆင့်သို့ တက်နိုင်ပေမည်။

ထို့ကြောင့် ပထမမာဂတွင် ရုပ်ခန္ဓာ ဘူတခေါ် (ဝိနာဘာဝ)ကို ထိန်းချုပ်နိုင်မှသာ ပထမ မာဂအဆင့်သို့ တက်ခွင့်ရှိသည်ဟု ဂန္ဓာရီစည်းမျဉ်း သတ်မှတ်ထားခြင်းဖြစ်သည်။

ပထမမာဂ အဆင့်သို့ သိဒ္ဓိတင် ဘိသိက်ခံပွဲ ကျင်းပ၍ မြှင့်တင်ပေးလိုက်သော အခါ ဂိဏ်းချုပ်ကြီးက ဘိသိက်ပွဲတွင် သိဒ္ဓိတင်တောင်ဝှေးဖြင့်တို့၍ ဓာတ်ပေးလိုက်သော အခါ သာဝက၏ နှလုံးသား စက္ကရ နိုးသွားသည်။

နှလုံးသားစက္ကရ နိုးသွားသောအခါ နှလုံးသားစက္ကရနှင့် သက်ဆိုင်သော သိဒ္ဓိများ ရရှိသည်။ ယင်းသို့သော သိဒ္ဓိများအနက် အဓိကအကျဆုံးမှာ နှလုံးသားနိုးကြားသွားသောကြောင့် မေတ္တာစိတ်များ နိုးကြားရှင်သန်လာခြင်း ဖြစ်သည်။

ထို့ပြင် လိပ်ပြာဘုံခေါ် ကာမနတ်ဘုံသို့ကျက်စားရန်အတွက်လည်း ဆိုင်ရာသိဒ္ဓိများ ရရှိလာသည်။ လိပ်ပြာဘုံ နတ်ပြည်တွင် လူပြည်တွင် ရုပ်ခန္ဓာဖြင့် နေနိုင်၊ သွားလာလှုပ်ရှားနိုင်သကဲ့သို့ နေနိုင် ဆောင်ရွက်နိုင်အောင် သင်ကြားပေးသည်။

လိပ်ပြာဘုံတွင် လိပ်ပြာခန္ဓာဖြင့်သာ ကျက်စားရရာ လိပ်ပြာခန္ဓာ၏ သဘာဝ လိပ်ပြာခန္ဓာ ထိန်းချုပ်မှု နည်းပညာများကို ညွှန်ကားပြသည်။ ဆရာရှင်က လမ်းပြညွှန်ကြားခြင်းသာ ပြုလုပ်ပေးမည်ဖြစ်ပြီး သာဝကအနေဖြင့် ကျွမ်းကျင်အောင် ထိန်းနိုင်အောင် ကြိုးစားရမည် ဖြစ်သည်။

ယင်းသို့ လိပ်ပြာခန္ဓာအကြောင်း သင်ကြားပေးခြင်း၏ ရည်ရွယ်ချက် တစ်ခုမှာ

နောင်တစ်ဆင့် တက်ရမည် ဖြစ်သော ဒုတိယမာဂတွင် လိပ်ပြာခန္ဓာကို လုံးဝချုပ်ကိုင်ရမည် ဖြစ်သောကြောင့် ဖြစ်သည်။

တစ်နည်းအားဖြင့် လိပ်ပြာခန္ဓာရှိ ဝိနာဘာဝဘူတများကို လုံးဝထိန်းချုပ်ရန် ဖြစ်သည်။ လူတို့တွင် လောကီစည်းစိမ်၊ ကာမဂုဏ်စည်းစိမ်၊ ပကာသနစည်းစိမ် စသော စည်းစိမ်များကို မက်မောတွယ်တာ လိုအင်ဆန္ဒများ ဖြစ်ပြီးရင်း ဖြစ်ပေါ်နေသည်မှာ လိပ်ပြာခန္ဓာရှိ ဤဝိနာဘာဝဘူတများကြောင့် ဖြစ်သည်။

ယင်းလိပ်ပြာခေါ် ဝေဒနာများကို ခံစားသည့်ခန္ဓာတွင် တွယ်ကပ်နေသော ဝိနာဘာဝဘူတများကို နှိမ်နင်းထိန်းချုပ်နိုင်မှသာလျှင် လိုချင်တောင့်တမှု မျိုးစုံကို ဖြစ်ပေါ်စေသော လောဘရမ္မက်ကို ထိန်းချုပ်နိုင်မည် ဖြစ်သည်။

လောဘရမ္မက်ကို မက်မောတွယ်တာခြင်းသည် အာရုံခံစားမှုနှင့် စိတ်တို့ ပူးပေါင်း၍ ဖြစ်ပေါ်လာရသည် မှန်သော်လည်း ဤလိပ်ပြာ ဝိနာဘာဝဘူတများကြောင့် စိတ်သက်သက်ဖြင့် လောဘရမ္မက်ကို ထိန်းချုပ်ရန် မလွယ်ကူလှ၊ ယာယီအားဖြင့် ထိန်းချုပ်နိုင်စေကာမူအလစ်တွင် လိပ်ပြာ ဝိနာဘာဝဘူတများက သောင်းကျန်းထကြွလာလျှင် ပုထုဇဉ်တို့ မခံနိုင်တော့။

အမျိုးသမီး ခြေသလုံး မြင်လိုက်ရ၍ စွာန်လျှောသွားသော ရသေ့ကြီး၊ အမှောင်တကာ့အမှောင်တွင် အမိုက်ဆုံးသော ကာမအမှောင်ကို သမီးက လက်တွေ့ပြသလိုက်သောအခါ အမှောင်တွင်း ဆင်းအုံ့ဆဲဆဲ ဖြစ်သွားသော ဖခင်အမတ်ကြီးတို့နှင့် ဘယ်သူသေသေ ငတေမာရင်ပြီးရော အတ္တလောဘ နှုတ်ခမ်းမသပ်နိုင်သောသူများမှာ ဤဝိနာဘာဝဘူတ၏ လက်ချက်ကြောင့် ဖြစ်သည်။ ထို့ကြောင့် ဒုတိယမာဂတွင် ဝေဒနာကွန္ဓာခေါ် လိပ်ပြာခန္ဓာကို အပြီးအပိုင် ထိန်းချုပ်ရမည်ဖြစ်သော သာဝကသည် လိပ်ပြာဝိနာဘာဝ ဘူတများကို ထိန်းချုပ်ရန် ကြိုးစားရသည်။

ဝိနာဘာဝ ဘူတများကို ထိန်းချုပ်ရာတွင် အမြဲအတွေ့ခွာထားသော ကျင့်စဉ်နှင့် ဘာဝနာကို မှန်မှန်မှားများခြင်းဖြင့် အောင်မြင်နိုင်သည်။ သာဝကဖြစ်သူက သူ၏ လိပ်ပြာခန္ဓာရှိ ဝိနာဘာဝဘူတ အညစ်အကြေးများကို ခွာချရန်၊ သန့်ရှင်းဖြူစင်အောင် တကယ်ကြိုးစားအားထုတ်ပြီး ဝိနာဘာဝဘူတများနှင့် သူနိုင် ကိုယ်နိုင် အားပြိုင်လာသောအခါတွင် ဆရာရှင်တို့က တပည့်သာဝကအား လိုအပ်သောသတ္တိနှင့် ကြံ့ခိုင်မှု ဓာတ်ဆက်ပေးသည်။

တစ်ခါတစ်ရံ အလင်းရောင်ပေးခြင်းဖြင့် ကူညီသည်။ ရံဖန်ရံခါ သိုင်းသမားများ တစ်ဦးနှင့်တစ်ဦး အတွင်းအားများ ဝေမျှပေးသလို ဆရာရှင်က သူ၏ ပရာဏဓာတ်ကို သာဝကထံ စေလွှတ်ပေးပို့သည်။ ဝိနာဘာဝဘူတများနှင့် ဘဝများစွာ တိုက်ပွဲဆင်နွှဲရမည့် အချိန်ကို တစ်ဘဝတည်းဖြင့် ချုံးပစ်လိုက်သည်။ သာဝက ကျင့်စဉ် တက်စဉ်တွင်ရှိသော ဝိနာဘာဝဘူတ လေးမျိုးအနက် လိပ်ပြာ ဝိနာဘာဝဘူတသည် အင်အားအကြီးဆုံးဖြစ်သည်။ တိုက်ရန်အခက်ခဲဆုံး ဖြစ်သည်။

တို့ကြောင့် ပထမမာဂမှ တက်လာသော သာဝကသည် ဒုတိယမာဂ အောင်မြင်ရန် အနည်းဆုံး (၇)ဘဝ ကြာတတ်သည်။ ချော်သွားသူများအဖို့ ဘဝ ၂၀-၃၀ ကြာတတ်

သည်။ ပထမမာဂနှင့် ဒုတိယမာဂအကူးသည် သာဝကတစ်ဦးအဖို့ အခက်ခဲဆုံး၊ အကြာဆုံး ဖြစ်သည်။ ယင်းလိပ်ပြာခန္ဓာရှိ ဝိနာဘာဝဘူတများကို အောင်မြင်စွာ ထိန်းချုပ်နိုင်မှသာလျှင် ဒုတိယမာဂသို့ တက်လှမ်းခွင့်ရှိသည်။

ဒုတိယမာဂ သိဒ္ဓိတင် ဘိသိက်ပွဲသို့ တက်ရောက်ရသောအခါတွင် ဂိုဏ်းချုပ်ကြီးက ရှမ်ဗဲလား စွာန်ဘုရားများ၏ သိဒ္ဓိကို ဆောင်ယူထားသော ဓမ္မတောင်ဝှေးဖြင့် လည်ဂုတ်တွင်ရှိသော စက္ကရကို တို့ထိန်းဆွပေးလိုက်သည်။ လည်ဂုတ်ရှိ စက္ကရသည် တိထွင်မှု၊ ဖန်တီးမှုစွမ်းအင်များကို ထက်မြက်နိုးကြားစေသည်။ ဒုတိယမာဂတက်ပြီးသော သာဝကသည် နောက်တတိယမာဂ တက်ရန်အတွက် စိတ်ကို ထိန်းချုပ်ရန် ကြိုးစားရသည်။

စိတ်သည် စိတ်ခန္ဓာကြောင့် လှုပ်ရှားစေသည်ဖြစ်ရာ စိတ်ခန္ဓာကို ထိန်းချုပ်ရန် စိတ်သဘော၊ စိတ်သဘာဝကို လေ့လာရသည်။ စိတ်ကို ကြိုက်သလို ထိန်းချုပ်ရန်အတွက် စိတ်ခန္ဓာတွင် ခိုအောင်းနေသော ဝိနာဘာဝ ဘူတများကို ထိန်းချုပ်ရန် ကြိုးစားရသည်။

ဒုတိယမာဂ တည်ပြီးသော သာဝကသည် လည်ဂုတ် (THYROID) စက္ကရနိုးကြားသွားပြီဖြစ်၍ စိတ်ဖြင့်ဖန်တီးမှု၊ တီထွင်မှုများကို လုပ်လာသည်။ အတွေးအခေါ်၊ အယူအမြင်များ ပြောင်းလဲလာသည်။ ယခင်က ယုံကြည်ချက်ဟောင်း၊ အယူအဆဟောင်းများကို ပြန်လည် သုံးသပ်လာသည်။ တရားသေဝါဒနှင့် နဂိုမူလ ဘာသာရေး ဒေသနာများမှ ယိုယွင်းလာသော ဘာသာရေး အယူသီးမှု၊ ယုံကြည်မှုများကို ပြန်လည်စီစစ်လာသည်။ သဒ္ဓါယုံကြည်မှုသက်သက်ဖြင့် ကိုးကွယ်ခြင်း မပြုတော့၊ ဆန်းစစ်ဝေဖန်တတ်သော စိတ်ဓာတ်ဖြင့် ပုဂ္ဂိုလ်ကိုးကွယ်မှုထက် တရားကို ကိုးကွယ်လာသည်။

ပုဂ္ဂလဓိဋ္ဌာန်ထက် ဓမ္မဓိဋ္ဌာန်ကို အားသန်လာသည်။ အချို့သာဝကများသည် အယူဟောင်းများကို ဆန့်ကျင်ရာတွင် တစ်ဖက်စွန်း ရောက်သွားပြီး ဘုရားမဲ့၊ တရားမဲ့၊ ဘာသာမဲ့များအပြစ် ယာယီအားဖြင့် ဖြစ်သွားတတ်သည်။ ရုပ်ဝါဒီများ ဖြစ်သွားတတ်သည်။

အချို့ ဒုတိယမာဂ သာဝကများသည် ကံပစ်ချရာ သိပ္ပံလောကသို့ ရောက်သွားရာမှ ဘာသာရေးကို လက်မခံတော့ဘဲ သိပ္ပံမှ သိပ္ပံဖြစ်သွားတတ်သည်။

သို့ရာတွင် သူတို့၏ နှလုံးသားထဲတွင် သစ္စာတရားကို ရှာဖွေလိုမှု၊ သိလိုမှု၊ ဂန္ဓာရီ မျိုးစေ့ကလေးက အညွှန့်အညောင့် ပေါက်လာသည်။ လောကကိုချုပ်ကိုင်ထားသော သဘာဝအား ချုပ်ကိုင်ထားသော သစ္စာတရားများကို သိချင်လာသည်။ လေ့လာသည်။ စူးစမ်းသည်။

နောက်ဆုံးတွင် လောကသဘာဝသည် အရမ်းကာရောဖြစ်ချင်တာ ဖြစ်နေသည်မဟုတ်။ လောကကြီးတစ်ခုလုံးသည် တစ်ခုနှင့် တစ်ခု၊ တစ်ဘုံနှင့် တစ်ဘုံ၊ တစ်ဘဝနှင့် တစ်ဘဝ စနစ်တကျ ဆက်စပ်ပတ်သက်နေသည်။ အစီအစဉ်နဲ့ ဖြစ်နေသည်။ ရည်ရွယ်ချက်နှင့် ဖြစ်သည်ကို သိရှိလာသည်။

ဤသို့ လောကနိယာမ၊ သဘာဝနိယာမများကို သိရှိလေ့လာရန်အတွက် သာဝကသည် ယာယီအားဖြင့် ဝါဒသမား ism ဖြစ်တတ်သည်။ ရုပ်ဝါဒသမား၊ စိတ်ဝါဒသမား၊

ဂိုဏ်းသမား၊ သမထသမား စသည်ဖြင့် အယူအမြင်တစ်ခုကို ဝါဒတစ်ခုကို ကိုင်ဆွဲ၍ သစ္စာတရားကို လက်တွေ့ရှာဖွေခြင်းဖြစ်သည်။

ဤသို့ ဝါဒတစ်ခုပြီးတစ်ခုကိုင်စွဲပြီး သစ္စာတရားကို ရှာမှန်းမသိ ရှာလာရာ သူ့ကို ပတ်ဝန်းကျင်က ခပ်ကြောင်ကြောင်ဖြစ်နေသည်ဟု ထင်ကြသည်။ သူကလည်း သူ့ကိုယ်သူ၊ သူ့အယူကို သူ အဟုတ်ထင်နေသည်။ လူတွေကို လိုက်ပေးသည်။ ဟောပြောသည်။ ထင်တစ်လုံးအရူးအမူးဖြစ်ပြီး သဘာဝမကျသောနည်းများဖြင့် အရှမ်းလုပ်ကြည့်ရာ လောကနှင့် ဆန့်ကျင်ဘက် ဖြစ်လာသည်။

သူသည် သူ့ကိုယ်ကျိုးရှာခြင်းတော့မဟုတ်၊ နှိုးကြားလာသော စက္ကရစွမ်းအင်ကြောင့် စိတ်စွမ်းရည်များတိုးတက်လာကာ အတွေးသစ်၊ ရှုထောင့်သစ်၊ အမြင်သစ်တွေကို တွေ့လာခြင်း ဖြစ်သည်။

မိမိတွေ့ရှိချက်ကို ပတ်ဝန်းကျင်နဲ့ တိုက်ဆိုင်လိုက်တော့ ပတ်ဝန်းကျင်မှ လက်မခံနိုင်ဖြစ်လာသည်ကို တွေ့ဖန်များလာသောအခါ ကျိုးကြောင်း ဆင်ခြင်လာသည်။ ရှေ့နောက်သုံးသပ်ပြီး ကိုယ့်ကိုယ်ကို သိလာသည်။ ဤအချိန်တွင် ရှေးဟောင်းပညာ၊ ဂန္ဓာရီပညာဘက်သို့ ခြေဦးလှည့်လာသည်။

ယုတ္တိဗေဒ၊ ဒဿနတွေ၊ အတွေးအခေါ်သစ်၊ အယူအမြင်သစ်၊ ဂိုဏ်းလုပ်ငန်းတွေ 'အိ'လာပြီး ဂန္ဓာရီပညာသို့ ဦးတည်လာသောအခါတွင် စောင့်မျှော်နေသော ဆရာရှင်တို့ကလည်း ဝမ်းမြောက်ဝမ်းသာ ဆက်သွယ်သည်၊ ကြိုဆိုသည်။

ထိုအခါ သာဝကသည် တတိယ မာဂသို့ တက်လှမ်းရန်အတွက် ဆရာရှင်များ၏ ညွှန်ကြားချက်များကို လက်ခံကာ အဆင့်မြင့် သာဝကကျင့်စဉ်ကို ဆက်တိုက် ကျင့်တော့သည်။

မိမိ ကိုယ်ရေးကိုယ်တာကိစ္စများကို ဘေးချိတ်ပြီး လောကအကျိုး၊ မိမိ အမျိုးသားအကျိုးကို ဦးလည်မသုန် ထမ်းဆောင်တော့သည်။ သို့ဖြင့် စိတ်ခန္ဓာတွင် ကိန်းအောင်းနေသော ဝိနာဘာဝဘူတများကို ထိန်းချုပ်နိုင်သောအခါတွင် တတိယမာဂအဆင့်သို့ တက်လှမ်းနိုင်ပေပြီ။ ဤသို့ဖြင့် စတုတ္ထမာဂအဆင့်သို့ ရောက်ရှိသောအခါတွင် သာဝကကျင့်စဉ်ပြီးပြီ ဖြစ်ပြီးလျှင် သာဝကသည် ဆရာရှင်တစ်ပါး ဖြစ်လာသည်။ ဆရာရှင်တစ်ပါးဖြစ်လာလျှင် လောကအကျိုး၊ လူသားများအကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပြီဖြစ်ရာ လူ့လောက၏ ကယ်တင်ရှင်တစ်ပါး ပေါ်ထွက်လာသည် ဆိုလျှင်လည်း မမှား။

လောကကောင်းကျိုး ဆောင်ရွက်ရန် လောကကို အဝိဇ္ဇာအမိုက်တိုက်မှ ကယ်တင်ရန် အတွက် သာဝကများကို လေ့ကျင့်သင်ကြားပေးနေသော ဆရာရှင်တို့၏ သဒ္ဓမ္မသူတော်စင် အဖွဲ့ကြီးသည် နှစ်စဉ်ပင် သာဝကများကို သိဒ္ဓိတင် ဘိသိက်ပွဲ ကျင်းပ၍ လောကအကျိုးဆောင်နိုင်ရန် ဉာဏ်စွမ်းအား၊ စွာန်စွမ်းအား၊ ဝိညာဉ်စွမ်းအားများ အပ်နှင်းလျက် လောကတွင်းသို့ ပို့ဆောင်ပေးလျက်ရှိသည်။

ရှမ်ဗဲလား
သိဒ္ဓိတင်ဘိသိက်ပွဲ

တက္ကသိုလ်ကျောင်းသားများသည် နောက်ဆုံးနှစ် စာမေးပွဲအောင်မြင်ပြီးသောအခါ ဘွဲ့နှင်းသဘင် ကျင်းပ၍ ဘွဲ့များကို အပ်နှင်းသည်။ ထို့အတူပင် သာဝကများသည် သာဝကကျင့်စဉ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်သောအခါတွင် သာဝကအဆင့် အသီးသီးအလိုက် မာဂအဆင့်များ အပ်နှင်းသော ဘိသိက်ပွဲ ကျင်းပ၍ အပ်နှင်းသည်။

ပြည့်ရှင်မင်းများသည် ထီးနန်းကို သိမ်းပိုက်ပြီးနောက် နန်းသိမ်းပွဲ ဘိသိက်၊ မုဒ္ဓါဘိသိက်များ ခံယူလေ့ရှိသည်။ ဤသို့ ဘိသိက်များ သွန်းလောင်းခံယူပြီးမှ အချုပ်အချာ အာဏာပိုင်သော 'တန်ခိုးသိဒ္ဓိ' များ ရရှိသည်ဟု ရှေးမင်းများက ခံယူကြသည်။

ထို့အတူပင် ကိုယ်ကျင့်တရား ပြုပြင်မှုနှင့် သမာဓိ ထူထောင်မှု သာဝကကျင့်စဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်သူ သာဝကအား သူ၏ လက်ရှိမာဂအဆင့်မှ နောက်တစ်ဆင့်တက် မာဂအဆင့်သို့ တက်လှမ်းခွင့်ပြုပြီး ရရှိသောမာဂအဆင့်နှင့် လျော်ညီသော သိဒ္ဓိများကိုပါ အပ်နှင်းခြင်းကို သိဒ္ဓိတင် ဘိသိက်ပွဲ (Initiation) ဟုခေါ်သည်။

ဗုဒ္ဓဂန္ဓာရိပညာအနေဖြင့် ထုံကူးသည်၊ ထုံဝင်သည်ဟုခေါ်သည်။

ရှမ်ဗဲလားသဒ္ဓမ္မသူတော်စင်များအနေဖြင့် ကျင်းပသောသဘင်များအနက် အကြီးကျယ်ဆုံးနှင့် အကြာရှည်ဆုံးပွဲ ဖြစ်သည်။ မာဂတစ်ဆင့်လျှင် တစ်ပွဲကျဖြင့် အောက်မာဂအဆင့် လေးမျိုးနှင့် အထက်မာဂ အဆင့်နှစ်မျိုးဖြင့် ခြောက်ပွဲ ခြောက်ကြိမ် ကျင်းပသည်။ အကြီးကျယ်ဆုံးသဘင်ဖြစ်သည်နှင့်အညီ ဤဘိသိက်ပွဲသို့ အထက်ဆုံး စျာန်ဘုရားမှစ၍ ဗောဓိသတ္တ၊ မနု၊ မဟာကျိုဟန်နှင့်တကွ ဆဋ္ဌမမာဂဆရာရှင်များ၊ ပဉ္စမမာဂ ဆရာရှင်များ၊ စတုတ္ထမာဂ အဆင့်ပုဂ္ဂိုလ်အားလုံးပါဝင်သည်။ တာဝန်ထမ်းဆောင်နေ၍ မတက်ရောက်နိုင်သော ပုဂ္ဂိုလ်မှတစ်ပါး အဆင့်မြင့် မာဂများနှင့် ဆရာရှင်များ စုံစုံညီညီ တက်ရောက်ရသောပွဲဖြစ်သည်။

နှစ်စဉ်ပင် နေမြောက်ယဉ်စွန်းတန်းမှ သွားနေသော နွေဦးပေါက်ကာလများတွင် စန်းယုဉ်နက္ခတ်များနှင့် ကြုံကြိုက်သော လပြည့်နေ့များတွင် ကျင်းပသည်။ သိဒ္ဓိတင်ဘိသိက်ပွဲ ကျင်းပသော ရှမ်ဗဲလားနေရာမြို့တွင် ဘိသိက်ပွဲကျင်းပချိန် ရောက်လာသောအခါတွင် ထိပ်ဆုံးမှ စျာန်ဘုရား၏ ရှေ့တွင် ဆရာရှင်သုံးပါးက တြိဂံပုံသဏ္ဌာန်ဖြင့် နေရာယူသည်။ တြိဂံဆရာရှင်တို့၏ နောက်တွင် သာဝက၏ ဥပဇ္ဈာယ်ဆရာရှင်နှစ်ပါးရှိသည်။ ဤခြောက်ပါးသော ပုဂ္ဂိုလ်တို့သည် သိဒ္ဓိတင်ဘိသိက်ပွဲကြီး၏ အဓိကပုဂ္ဂိုလ်များ ဖြစ်သည်။ နောက်နားမှ အဆင့်မြင့်မာဂ ဆရာရှင်တို့နှင့် အခြားအဆင့်မြင့် မာဂပုဂ္ဂိုလ်တို့သည် မိမိတို့၏ မာဂအဆင့်အလိုက် အစုအဝေးပြုလျက် ပါဝင်ကြသည်။

ထိုပုဂ္ဂိုလ်တို့သည် ဘိသိက်ပွဲ၏ အဓိက ပုဂ္ဂိုလ်များ မဟုတ်သော်လည်း ဘိသိက်ပွဲအစီအစဉ်အတိုင်း ဘိသိက်ပွဲကြီး အောင်မြင်မှုအတွက် ဘေးမှနေ၍ ပါဝင်ကူညီနေသူများ

ဖြစ်သည်။ သိဒ္ဓိတင်ဘိသိက်ပွဲမှာ အစီအစဉ် ငါးရပ် ပါဝင်သည်။ ပထမဆုံး အစီအစဉ်မှာ ဂိုဏ်းချုပ်ကြီးနှင့် ဆရာရှင် ငါးပါးတို့၏ ရှေ့မှောက်တွင် ရောက်နေသော သာဝကမှာ မိမိခန္ဓာအတွင်း ကိန်းအောင်းနေသောဝိညာဉ်သည် အနန္တဘုရား၏ဝိညာဏာဓာတ်၊ ဝိညာဏာဓာတ်ပွားကို သိမြင်ခြင်း။

ဒုတိယအစီအစဉ်မှာ မိမိ၏အတိတ်ဘဝမှ ဖြည့်ဆည်းခဲ့သော ပါရမီနှင့် အနာဂတ်တွင် ဖြည့်ဆည်းရမည့် ပါရမီလမ်းစဉ်ကို သိမြင်ခြင်း။ တတိယမှာ စိန္တာမဏိတောင်ဝှေးဖြင့် သိဒ္ဓိဖွင့်ပေးခြင်း။ စတုတ္ထမှာ ကတိသစ္စာပြုခြင်းနှင့် နောက်ဆုံးတွင် လျှို့ဝှက်ချက်များ၊ မန္တာန်များ အပ်နှင်းခြင်းတို့ဖြစ်သည်။ အစီအစဉ်တစ်မှစ၍ အစီအစဉ် ငါးအထိ တစ်ဆင့်ပြီးတစ်ဆင့် ကျင်းပသည်။

အနန္တဓာတ်ဘုရားကြီး၏ ဝိညာဏာဓာတ်သည် သာဝက၏ ခန္ဓာတွင် ကိန်းအောင်းလျက် သံသရာတစ်လျှောက် ပါရမီဖြည့်ဆည်းခဲ့ရသည်ဟု တရားသဘောကို နာကြားမှတ်သားခဲ့ဖူးသော သာဝကသည် ဘိသိက်ပွဲတွင် ဂိုဏ်းချုပ်ကြီးနှင့် ဆရာရှင်တို့၏ ဓာတ်ဖွင့်ပေးမှုကြောင့် တစ်ကြိမ်တစ်ခါမှ မရခဲ့ဘူးသော သမာဓိအဆင့်ကို ရရှိကာ မိမိ၏ ခန္ဓာတွင် ကိန်းဝပ်နေသော ဘုရားဓာတ်ကြီးကို သမာဓိစက္ခုဖြင့် အထင်အရှား အပိုင်အနိုင် တွေ့မြင်ရသည်။

ဈာန်ဘုရား ဂိုဏ်းချုပ်ကြီး၏ ဈာန်အဘိညာဉ်တန်ခိုးသည် တြိဂံဆရာရှင်တို့အတွင်းသို့ သက်ဆင်းလာပြီး တြိဂံအတွင်းမှ အဘိညာဉ်လှိုင်းကြီးသည် ဥပဇ္ဈာယ်ဆရာရှင် နှစ်ပါးထံသို့ ရောက်ရှိလာကာ ဆရာရှင် နှစ်ပါး၏ အလယ်တွင် ရပ်နေသော သာဝက၏ ကိုယ်တွင်းသို့ စက္ကရများမှတစ်ဆင့် ထွင်းပေါက်ဝင်ရောက်လာသည်။ ထိုအခါတွင် သာဝကသည် ခါတိုင်းရှိနေကျ သိစိတ်ပျောက်သွားပြီး ဈာန်စိတ်များ ထွက်ပေါ်လာကာ မိမိခန္ဓာအတွင်း ကိန်းဝပ်နေသော အလျှံပြောင်လှသည့် ဘုရားဓာတ်မီးလျှံကြီးကို တဝင်းဝင်း တလက်လက် ရှုမငြီးအောင် တွေ့မြင်လိုက်ရသည်။

ထို့နောက် ဒုတိယ အစီအစဉ်အရ သာဝကသည် ဆရာရှင်တို့က ဈာန်လှိုင်းများ တစ်ဖန် ပေးပို့လိုက်သောအခါတွင် ဒုတိယအကြိမ် ဈာန်သမာဓိ တက်လာပြီးလျှင် အတိတ်ဘဝများစွာမှ ပါရမီဖြည့်ဆည်းခဲ့ပုံများ၊ ထိုစဉ်က ရေစက်ပါသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဆရာရှင်များတို့ကို အစဉ်အဆက်လိုက် တွေ့မြင်သည်။ မိမိနှင့်အတူတကွ သီတင်းသုံးဖော်များ၊ လောကအကျိုး ဆောင်ရာတွင် ပါဝင်သော အဖွဲ့သားများအားလုံးကို တွေ့မြင်ရသည်။ ယခုဘဝနှင့် နောင်ဘဝများတွင် လောကလူသားများ ကောင်းကျိုးဆောင်ရာတွင် မိမိနှင့်အတူ ပါဝင်ဆောင်ရွက်ရမည့်သူများ၊ အဓိက လုပ်ငန်းတာဝန်များကိုလည်း မျက်ဝါးထင်ထင် ရုပ်ရှင်ကြည့်ရသကဲ့သို့ ပြတ်ပြတ်သားသား မြင်ရသည်။ ထို့နောက် တတိယ အစီအစဉ်ကို ဆက်ရသည်။

တတိယအစီအစဉ်ကား ဘိသိက်ပွဲ၏ အရေးအပါဆုံးအစီအစဉ်ဖြစ်သည်။ စိန္တာမဏိတောင်ဝှေးဖြင့် ဓာတ်ဖွင့်ပေးသော အစီအစဉ် ဖြစ်သည်။ စိန္တာမဏိတောင်ဝှေးသည် သိဒ္ဓိတင် ဘိသိက်ပွဲများတွင်သာလျှင် အသုံးပြုသော တောင်ဝှေးဖြစ်သည်။ တောင်ဝှေးဟူ၍

သညာအားဖြင့် ခေါ်ရသော်လည်း အမှန်စင်စစ်မှာ ကျိုင်းနှင့် တူသည်။ ရှေးဘုရင်များ လက်ထက်က ဘုရင်၏အာဏာစက်အဖြစ် အသုံးပြုရသော နန်းသုံးအဆောင်အယောင် ဖြစ်သည်။ တရားစီရင်ရာတွင် ဘုရင်၏ အာဏာစက်ကို ဆောင်ယူထားသော အဆောင်အယောင်အဖြစ် အသုံးပြုသည်။

ရှေးခေတ် မနုသမ္မတမင်းများသည် အဆင့်မြင့် မာဂရှင်ပုဂ္ဂိုလ်များဖြစ်ကြရာ တိုင်းပြည်အုပ်ချုပ်ရေး၊ ပြည်ရွာအေးချမ်းရေးအတွက် အုပ်ချုပ်ရေးဌာနများကို ဆောင်ရွက်ရသော ဝန်ထမ်းများအား ယင်းကျိုင်းတော်မှ တစ်ဆင့် တန်ခိုးသိဒ္ဓိများကို ဖွင့်ပေးခြင်းဖြင့် တိုင်းပြည်၏တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ကျိုင်းသည် တောင်ဝှေးကဲ့သို့ တုတ်တံဖြစ်ပြီး ထိပ်တွင် ဘုလုံးတပ်ဆင်ကာ ဘုလုံးကို မှန်စီရွှေချ ဆင်ယင်ထားသည်။ ယခု ရှမ်ပဲလားမှ စိန္တာမဏိတောင်ဝှေးသည် ကျိုင်း၏ သဏ္ဌာန်ကဲ့သို့ပင် တောင်ဝှေးကဲ့သို့သော တုတ်တံတွင် ထိပ်၌ စိန္တာမဏိရတနာ တပ်ဆင်ထားခြင်း ဖြစ်သည်။

ကမ္ဘာမြေကြိုဟ်အပါအဝင် နေစကြဝဠာ၏ ဗဟိုဌာနချုပ်သည် အာနိနက္ခတ္တင်ရှိသည်။ ယင်း (SIRIOUS)ခေါ် အာနိက္ခတ်မှ အစွမ်းထက်သောဓာတ်များဖြင့် ပြုလုပ်ထားသော ရတနာကို စိန္တာမဏိရတနာဟု ခေါ်သည်။ စိန္တာမဏိတောင်ဝှေး၏ထိပ်တွင် တပ်ဆင်ထားသော စိန္တာမဏိရတနာသည် အာနိနက္ခတ်မှ ရရှိသော ရတနာဖြစ်၍ ကမ္ဘာပေါ်တွင် အစွမ်းသတ္တိ အကြီးမားဆုံးသော အရာဖြစ်သည်။

ဘိသိက်ပွဲ ဒုတိယအစီအစဉ် ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ဘိသိက်ပွဲသို့တက်ရောက်လာကြသော ဆရာရှင်များနှင့် အဆင့်မြင့် မာဂရှင်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့သည် မန္တာန်ရွတ်ဖတ်ခြင်း၊ မဏ္ဍာလခင်းခြင်းတို့ကို ပြုလုပ်ကြသည်။ အစွမ်းအထက်ဆုံး မန္တာန်များကို ရွတ်ဆိုကြသည်။ ဤသို့ ရွတ်ဆိုစဉ်တွင် မဏ္ဍာလခင်းကျင်း၍ ရွတ်ဆိုခြင်း ဖြစ်သည်။ မဏ္ဍာလဆိုသည်မှာ စက်ဝိုင်းနှင့် စတုဂံသဏ္ဌာန်ကို အခြေပြု၍ တြိဂံများ၊ ငါးမြှောင်ကြယ်များ၊ ခြောက်မြှောင့်ကြယ်များ၊ ကြက်ခြေခတ်များ၊ စဓဗဝသဏ္ဌာန်ရှိ စက်ဝိုင်းသဏ္ဌာန်များကို လူ၏ ခန္ဓာဖြင့် လှုပ်ရှားသရုပ်ဖော်ခြင်း ဖြစ်သည်။ ခန္ဓာကိုယ်များဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးခေါ် မဏ္ဍာလသဏ္ဌာန်များကို သရုပ်ဖော်ခြင်းသည် ယခုခေတ် အားကစားပွဲများတွင် ကျောင်းသားကျောင်းသူလေးများက စာတမ်း သရုပ်ဖော်သကဲ့သို့ပင် ဖြစ်သည်။

ကျောင်းသူလေးများက စာတန်းနှင့် မြန်မာပြည်ပုံ သရုပ်ဖော်သကဲ့သို့ ဆရာရှင်များက မဏ္ဍာလပုံသဏ္ဌာန်များကို သရုပ်ဖော်ခြင်း ဖြစ်သည်။ သရုပ်ဖော်ရာတွင် ခန္ဓာကိုယ်ကို စနစ်တကျ ပြည်းဆေးသိမ်မွေ့စွာ နရီစည်းချက် မိမိ ယိမ်းနွဲ့လှုပ်ရှားရသည်။ တိုက်ချိခေါ် ကျန်းမာရေးအတွက် ပြည်းညင်းစွာ စည်းချက်ဖြင့် ကိုယ်လက် လှုပ်ရှားရသော လှုပ်ရှားမှုနှင့် ဆင်တူသည်။ အိုလံပစ်ပွဲတော် ကျင်းပသောအခါတွင် မီးရှူးတိုင်ထွန်း အခမ်းအနားတွင် ပါဝင်သော အမျိုးသမီးသည် ရှေးခေတ် ခေါမပြည်တွင် ကျင်းပသော ဘုရားပွဲအကခေါ် SPIRITUAL DANCE နှင့်လည်း ဆင်တူသည်။

သိဒ္ဓိတင် ဘိသိက်ပွဲတွင် ကျင်းပသော မဏ္ဍာလခင်းခြင်းတွင် လှုပ်ရှားမှုတိုင်းတွင် သမာဓိအာရုံ စူးစိုက်မှု၊ ဈာန်အာရုံ အသုံးချမှုများဖြင့် ခြေဆစ်၊ လက်ဆစ်၊ ကျောမြောင်ရိုးရှိ စက္ကရများမှတစ်ဆင့် မိမိ၏သဒ္ဓါများကို လွှင့်ထုတ်နေခြင်း ဖြစ်သည်။ ဈာန်အာရုံမနောစက္ခုဖြင့် ဖန်တီးထားသော မဏ္ဍာလသင်္ကေတများကို ဘိသိက်ပွဲ တစ်ခုလုံးအား ဖြန့်ကြဲခြင်းဖြင့် စည်းချနေခြင်းဖြစ်သည်။ သို့မှသာလျှင် ဘိသိက်ခံယူသာဝကနှင့် ဆရာရှင်တို့သည် ဘိသိက်ပွဲကြီးကို အေးချမ်းအောင်မြင်အောင် ကျင်းပနိုင်မည် ဖြစ်သည်။

သိဒ္ဓိခံယူသော သာဝကအနဖြင့်လည်း ဆရာရှင်တို့က ဖွင့်ပေးသော သိဒ္ဓိကို အလေအလွင့်မရှိ အပြည့်အဝ ရရှိမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လောကနိယာမတွင် စွမ်းအင်တစ်ခုသည် အသွင်တစ်ရပ်မှ အသွင်တစ်ရပ်သို့ ကူးပြောင်းသောအခါတိုင်းတွင် အလေအလွင့်ရှိမြဲ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤသို့ အစီအရင် အခင်းအကျင်းများ ပြည့်စုံ၍ တစ်ခန်းရပ်သွားသောအခါ ဆရာရှင်တို့က စိန္တာမဏိတောင်ဂေါ့ကို ကိုင်စွဲလျက် မိမိ၏ ဈာန်သိဒ္ဓိများကို စိန္တာမဏိတောင်ဂေါ့မှတစ်ဆင့် တြိဂံဆရာရှင်သုံးပါးသို့ ပေးပို့သည်။

ထိုအခါ စိန္တာမဏိတောင်ဂေါ့မှ ထွက်ပေါ်လာသော စိန္တာမဏိရောင်ခြည် အလျှံတို့သည် တြိဂံဆရာရှင်သုံးပါးတို့အလယ်တွင် ပတ်ပတ်လည်လျက် အလျှံညီးညီး ထွက်ပေါ်လျက် ရှိသည်။ စိန္တာမဏိသိဒ္ဓိအလျှံသည် တြိဂံဆရာရှင် သုံးပါးတို့၏ ဈာန်သိဒ္ဓိဖြင့် ပေါင်းစပ်ပြီး ဥပဇ္ဈာယ်ဆရာရှင် နှစ်ပါးထံသို့ ဆက်လက်စီးဝင်လာကာ ဥပဇ္ဈာယ်ဆရာရှင်နှစ်ပါး၏ ဈာန်သိဒ္ဓိဖြင့် ပေါင်းစပ်ပြီး သာဝကထံသို့ လွှမ်းခြုံသွားသည်။ အမှန်စင်စစ်အားဖြင့် ဂိုဏ်းချုပ်ကြီးနှင့် စိန္တာမဏိတောင်ဂေါ့မှ ထွက်ပေါ်လာသော ဈာန်သိဒ္ဓိစွမ်းအင်များသည် အလွန်ပြင်းထန်လှရာ သာဝကအနေဖြင့် တိုက်ရိုက်ခံယူနိုင်စွမ်းမရှိချေ။

တြိဂံဆရာရှင် သုံးပါးနှင့် ဥပဇ္ဈာယ်ဆရာရှင် နှစ်ပါးတို့က ဓာတ်အားပြောင်းစက် (Transformer) အဖြစ် သာဝက ခံယူနိုင်လောက်အောင် စွမ်းအင်အချို့ကို လွှဲပြောင်းပေးခြင်းသာ ဖြစ်သည်။ ထိုစဉ်တွင် သာဝကသည် မိမိ၏ ထက်အောက်ဘေးဝဲနံ့ကျင်တွင် မီးလျှံများကိုသာ တွေ့မြင်ရသည်။ စိန္တာမဏိတောင်ဂေါ့မှ ထွက်လာသော မီးလျှံမှတစ်ပါး အခြားအရာကို ကောင်းစွာ မမြင်ရတော့ချေ။ ခန္ဓာကိုယ်တွင်းရှိ အနုမြူတိုင်းသည် ဆူဝေနေသည်။ ခန္ဓာကိုယ်အတွင်း အညစ်အကြေးများသည် မီးလျှံဖြင့် တိုက်စားခြင်းခံရသောကြောင့် ဖြူစင်သွားသည်။ တစ်နည်းအားဖြင့် သာဝကသည် လူမသေဘဲ ဘဝပြောင်းသွားခြင်းဖြစ်သည်။ ညစ်ညူးသော ခန္ဓာယာဉ်များ ဖြူစင်သန့်ရှင်းသွားသည်။ မကြည်လင်သော စိတ်အာရုံအမြင်များ ကြည်လင်တောက်ပသွားသည်။

စိန္တာမဏိတောင်ဂေါ့၏ အစွမ်းသတ္တိမှာ တပည့်သာဝကအား -

(၁) ခန္ဓာယာဉ်များ၏ ကလာပ်စည်းများကို နိုးကြားရှင်သန်စေသည်။
တို့ကြောင့် အာရုံကြောနှင့် ဦးနှောက်တို့၏ ကလာပ်စည်း အင်အားကောင်းလာကာ ခံနိုင်ရည်ရှိလာမည်။ ပျော့ပျောင်းလာသည်။ နှောက်ဆုံးတွင် အာယုသိဒ္ဓိ ပြီးသည်အထိ ဖြစ်သည်။

(၂) ခန္ဓာယာဉ်များ၌ မလိုလားအပ်သော ချေးညှော်များကို လွှင့်ထွက်စေသည်။ ထို့ကြောင့် သမာဓိတက်လမ်းတွင် ပိုမိုလွယ်ကူ မြန်ဆန်စေသည်။
ထိုအခါ မိမိကိုယ်တွင်း၌ ဝိညာဉ်က ဆက်သွယ်ပြောကြားသော အသံများကို ကြားလာရမည်။ လမ်းညွှန်မှုများကို ကြားလာရမည်။

(၃) စက္ကရတစ်ခုနှင့် တစ်ခုကြား ပိုင်းခြားထားသော အမှေးပါးများ လောင်ကျွမ်းသွားသောကြောင့် စက္ကရများ နီးကြားလာသည်။ ထိုအခါတွင် ကုဏ္ဍလိနီမီးလျှံ ပွင့်တက်လာ၍ သိဒ္ဓိများ ရရှိလာမည်။

တတိယအစီအစဉ် စိန္တာမဏိတောင်ဂေါ့ဖြင့် ဓာတ်ဖွင့်ပေးပြီးနောက် ကတိသစ္စာပြုရသော အစီအစဉ်ကို ဆက်ရသည်။ ဤအစီအစဉ်သို့ ကူးပြောင်းရာတွင်လည်း ဆရာရှင်အားလုံးက မန္တာန်များရွတ်ဆိုခြင်း၊ မဏ္ဍလခင်းကျင်းခြင်းဖြင့် ပဏာမပြင်ဆင်မှုပြုလုပ်ပြီး နောက် သာဝကသည် ဆရာရှင်များ၏ ရှေ့မှောက် ကတိနှစ်ရပ်ကို စောင့်ထိန်းမည်ဖြစ်ကြောင်း သစ္စာဆိုရသည်။ မိမိအား သိဒ္ဓိတင်ပေးခြင်းနှင့် ပတ်သက်၍ လျှို့ဝှက်ချက်များကို မည်သို့ ခြိမ်းခြောက်သည်ဖြစ်စေ မပေါက်ကြားရန်နှင့် မိမိ တာဝန်ယူဆောင်ရွက်ရသော ကိစ္စနှင့် မိမိ၏အဆင့်ကို အပြင်မပေါက်ကြားစေရပါရန် လေးနက်စွာ ကတိသစ္စာပြုရသည်။ စတုတ္ထအစီအစဉ်ဖြစ်သော လျှို့ဝှက်သိဒ္ဓိတင် မန္တာန်ကို ဆက်လက်သင်ကြားပေးသည်။ မန္တာန်ကို ဂိုဏ်းချုပ်ကြီး၏နှုတ်မှ မြွက်ကြားပေးသည်။

သာဝကသည် အသံကိုလည်း ကြားရသည်။ အက္ခရာများကိုလည်း မြင်ရသည်။ ပထမတွင် မန္တာန်တွင်ပါဝင်သော အက္ခရာ ခုနစ်လုံးကို တစ်လုံးစီပြသည်။ သာဝကသည် တစ်လုံးချင်း အလွတ်ကျက်ရသည်။ ထို့နောက် အက္ခရာ ခုနစ်လုံးကို အသံသုံးမျိုးထွက်အောင် စာလုံးပေါင်းပြသည်။ နောက်ဆုံးတွင် ယင်းအသံ သုံးမျိုးကို အသံတစ်ခုတည်းအဖြစ် ပေါင်းစပ် အသံထွက်တတ်အောင် သင်ပေးသည်။ ဤမန္တာန်များမှာ မာဂတစ်ခုလျှင် မန္တာန်တစ်မျိုးဖြစ်သည်။ သာဝကအနေဖြင့် မန္တာန်ကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် ခန္ဓာယာဉ်များကို ထိန်းချုပ်ရမည်။ ဝစီကံကို ထိန်းချုပ်ရမည်။ ဗျည်းကို ပီသစွာ ရွတ်ဆိုရမည်။ အမြဲ ဘာဝနာပွားရမည် ဖြစ်ပေသည်။

မန္တာန်၏ စွမ်းအင်သတ္တိမှ ပထမမာဂတွင်ပေးသော မန္တာန်သည် လူ့ပြည်ရုပ်လောကတွင် အသုံးပြုရန် ဖြစ်သည်။ ဒုတိယမာဂတွင် ပေးသော မန္တာန်မှာ ကာမနတ်လောက၊ လိပ်ပြာလောကတွင် အသုံးပြုရန် ဖြစ်သည်။ တတိယမာဂမှာ ဗြဟ္မာလောက၊ စိတ်လောကအတွက်ဖြစ်ပြီး စတုတ္ထမန္တာန်မှာ အရူပဘုံတွင် အသုံးပြုရန် ဖြစ်သည်။ ဤမန္တာန်များမှာ လောကကောင်းကျိုး ဆောင်ရွက်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်သာဖြစ်၍ အတ္တကျိုး တန်ခိုးပြရန် မဟုတ်ပေ။

နောက်ဆုံး ပဌမအစီအစဉ်အရ လျှို့ဝှက်ပညာများကို သင်ကြားပေးခြင်းဖြစ်သည်။ လျှို့ဝှက်ပညာမှာ လောကနိယာမတရားကိုနားလည်၍ ယင်းနိယာမနှင့် လိုက်လျောညီစွာ အသုံးပြုနိုင်သော သိဒ္ဓိဖြစ်သည်။ ယင်းသိဒ္ဓိမှာ မန္တာန်မဟုတ်ပေ။ ဂဏန်းသင်္ချာတွင်

အသုံးပြုသော ဖော်မြူလာနှင့်တူသည်။ အထူးသဖြင့် အကွရာသချာ်ာ ဖော်မြူလာခေါ်ပုံသေနည်းနှင့် တူသည်။ ယင်းဖော်မြူလာတွင် အရောင်မတူသော အရုပ်သကေ်တငါ်းမျိုးပါသည်။ ယင်းဖော်မြူလာဖြင့် အာကာသတွင်းမှ အခရာကျသောစွမ်းအင် (Cosmic Power) များကို အသုံးချနိုင်လာမည်။ ယင်းသကေ်တများကို အဓိပ္ပာယ်ခနစ်မျိုးကောက်ယူနိုင်သည်။ ယင်းသကေ်တများမှာ –

(၁) လက်ဝါးကပ်တိုင်

(၂) ပန်း

(၃) တြိဂံ

(၄) လေးထောင့်တုံး

(၅) အလုံးနှင့် အစက်များဖြစ်ပြီး

(၆) သတ္တဝါများအနေဖြင့် ဆိတ်၊ နွား၊ ဆင်၊ လူ၊ နဂါး၊ ဝက်ဝံ၊ ခြင်္သေ့၊ ခွေးတို့ဖြစ်သည်။

(၇) မျဉ်းကြောင်း

(၈) ရေခွက်၊ ဖလားနှင့်

(၉) ၁၂ ရာသီခွင် အထိမ်းအမှတ် သကေ်တများ ဖြစ်သည်။

ယင်းသကေ်တများကို အမျိုးမျိုးအဖုံဖုံ ပေါင်းစပ်ခြင်းဖြင့် ဖော်မြူလာများရရှိပြီး ယင်းပုံသေဖော်မြူလာဖြင့် အဆင့်မြင့်အာကာသ လျှပ်စစ်မာတ်နှင့် အနုမြူ၏ လှုိ်ဝှက်ချက်များကို သိမြင် အသုံးချနိုင်မည်ဖြစ်သည်။

ဤတွင် ရှမ်ဗဲလားသီဒ္ဓိတင် ဘိသိက်ပွဲကြီး ပြီးဆုံးပြီဖြစ်၍ ရှမ်ဗဲလား မဟာဂန္ဓာရီပညာစခန်း နိဂုံးကမ္မတ် အပြီးသတ်လိုက်ရပါသည်။ နောက်လတွင် ရှမ်ဗဲလား မဟာဂန္ဓာရီပညာသည် အရှေ့တိုင်းတစ်ခွင်နှင့် အနောက်တိုင်းတစ်ခွင်သို့ ပျံ့နှံ့ရောက်ရှိသွားပုံကို တင်ပြမည်ဖြစ်ပါကြောင်း။

❀

တရုတ် မဟာဂန္ဓာရီ

တရုတ်ပြည်သည် အရှေ့အနောက် ရှည်လျားလျားရှိသော 'ဗ' ပုံသဏ္ဌာန် ရှိသည်။ တရုတ်ပြည် အနောက်ဖျားသည် အိန္ဒိယပြည်နှင့် ဟိမဝန္တာတောင်၏ မြောက်ဘက်ရှိ တရုတ်ပြည်နယ် တစ်ခုဖြစ်သော စင်ကျန်ပြည်နယ် ဖြစ်သည်။

ဟိမဝန္တာသည် အရှေ့အနောက် အလျားလိုက် တန်းနေသော တောင်တန်းဖြစ်သည်။ ဟိမဝန္တာ၏ မြောက်ဘက်တွင် ဟိမဝန္တာနှင့် မျဉ်းပြိုင်နီးပါးရှိသော တောင်တန်းသည် သိုင်းဝတ္ထုများတွင် ပါလေ့ရှိသော ခွန်လွန်တောင်တန်းဖြစ်သည်။ ခွန်လွန်တောင်တန်း၏

မြောက်ဘက်တွင် လူဦးရေ ၅ သန်းခန့်ရှိသော ယူအီဂါနယ်ရှိသည်။ စင်ကျန်နယ်၏ အနောက်ဖျား ဖြစ်သည်။ ယင်း ယူအီဂါနယ်၏ အနောက်တောင်ဘက်တွင် ပါကစ္စတန်နှင့် နိုတန်ရှိသည်။

အနောက်ဘက်တွင် ယခင် ဆိုဗီယက်ပြည်ထောင်စု၏ ပြည်နယ်များဖြစ်သော ယူဘက်ကစ္စတန်၊ ခါဂစ်စတန်တို့ ရှိသည်။ အနောက်မြောက်ဘက်တွင် အယ်တေတောင်တန်းနှင့် ဆိုက်ဗေးရီးယား ရှိသည်။ မြောက်ဘက်တွင် မွန်ဂိုလီးယားရှိသည်။ မွန်ဂိုလီးယား၊ အဲလ်တေတောင်တန်းနှင့် ယူအီဂါပြည်နယ်၊ သုံးပွင့်ဆိုင်နယ်စပ်တွင် ဂိုဘီသဲကန္တာရရှိသည်။ ယင်းဂိုဘီသဲကန္တာရမှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀,၀၀၀ ခန့်က ဂိုဘီပင်လယ် ဖြစ်သည်။

ဂိုဘီပင်လယ်အတွင်းရှိ ကျွန်းဖြူကလေးသည် မူလရှမ်ဗဲလား၏ ချက်မြုပ်ဒေသ ဖြစ်သည်။ အတ္တလန္တိတ်တိုက်ကြီး ရေနစ်မြုပ်သွားသောအခါ အေးလွတ်ရာသို့ ရှောင်တွက်လာသော သဒ္ဓမ္မသူတော်စင်အဖွဲ့သည် ရှမ်ဗဲလားတွင် နှစ်ပေါင်းများစွာ အခြေစိုက်ပြီးနောက် အာရ်ယန်မျိုးနွယ်ကြီးကို ရှမ်ဗဲလားတွင် မွေးမြူတည်ထောင်ပြီးနောက် အာရ်ယန်မျိုးနွယ်ကြီးကြီးမားမား များပြားလာသောအခါတွင် နယ်ပယ်သစ်များကို တိုးချဲ့သည်။ တောင်ဘက်နှင့် အနောက်မြောက်ဘက်တွင် ဟိမဝန္တာတောင်၊ ခွန်လွန်တောင်နှင့် အဲလ်တေတောင်တန်းများခံနေသဖြင့် ဖြတ်ကျော်ရန် ခက်ခဲလှသည်။

ထို့ကြောင့် ခိုတန် – ခိုင်ဘာတောင်ကြားလမ်းနှင့် အိန္ဒိယပြည် မြောက်ပိုင်း၊ ယခု ပါကစ္စတန် မြောက်ဘက်ထိပ်မှ အိန္ဒိယပြည်တွင်းသို့လည်းကောင်း၊ ခါဂစ်စတန်၊ အူစဗက်တို့မှ အနောက်ဘက်သို့ လည်းကောင်း၊ အရှေ့ဘက် တရုတ်နှင့် မြောက်ဘက် မွန်ဂိုလီးယားသို့ လည်းကောင်း နယ်ပယ်ချဲ့ထွင်သည်။

ထိုအခါ တရုတ်ပြည်နှင့် မွန်ဂိုလီးယားရှိ မွန်ဂိုမျိုးနွယ် (တရုတ်)တို့သည် တရုတ်ပြည် အရှေ့ပိုင်းနှင့် မွန်ဂိုတို့သည် မွန်ဂိုလီးယားရှိရာ မြောက်ပိုင်းသို့ လည်းကောင်း၊ တဖြည်းဖြည်း ဆုတ်ခွာကြသည်။ ဆုတ်ခွာသွားသော ဌာနေတိုင်းရင်းသားများနှင့် အာရ်ယန်မျိုးနွယ်သစ်တို့သည် သွေးနှောရောစပ်သွားကြသော်လည်း တရုတ် တိုင်းရင်းသားများသည် မိမိတို့၏ မူလယဉ်ကျေးမှုကို ယနေ့တိုင်အောင် ထိန်းထားနိုင်ခဲ့ကြသည်။ ထိုစဉ်ကာလက မွန်ဂိုမျိုးနွယ် (အတ္တလန္တိတ် လူမျိုးနွယ်၏ သတ္တမမျိုးနွယ်) သည် စင်ဟူ၍ လည်းကောင်း၊ ရှင်တိုဟူ၍လည်းကောင်း ခေါ်ဝေါ်သော ရှေးဟောင်းဘာသာကို ကိုးကွယ်ကြသည်။

တရုတ်ယဉ်ကျေးမှု ဂျပန်သို့ ရောက်သွားသောအခါတွင် ဂျပန်၌ ရှင်တိုဘာသာဟု လူသိများလာသည်။ ယင်းရှေးဟောင်း စင်ခေါ် ရှင်တိုဘာသာ ကိုးကွယ်သော တရုတ်နှင့် မွန်ဂိုလီးယားသို့ ဘီစီ ၄၀,၀၀၀ ခန့်တွင် ရှမ်ဗဲလားမှ မဟာဂန္ဓာရီပညာ ရောက်ရှိလာသည်။ တရုတ်တို့အနေဖြင့် တရုတ်ပြည် အနောက်ဘက်ရှိ ခွန်လွန်တောင်တန်းသည် ဂန္ဓာမာတောင်လိုဏ်ချောင် မုခ်နှန်းတွင် ကသိုဏ်းဝန်းထိုင်နေကြသော ဝိဇ္ဇာ၊ ဇော်ဂျီ၊ နတ်၊ ဗြဟ္မာတို့နှင့် အမတစ္စာန် ဘုရားကြီးများ ပျော်စံနေကြသည်ဟု ယုံကြည်ကြသည်။

အိန္ဒိယပြည်သားများက ဟိမဝန္တာကို အထွတ်အမြတ် ထားသကဲ့သို့ တရုတ်တို့

ကလည်း ဘာသာရေးနှင့် ကိုးကွယ်မှုတွင် ခွန်လွန်တောင်ကို အထွတ်အမြတ်ထားကြသည်။ ယင်းခွန်လွန်တောင်တန်းတွင် မိုးထိုးနေသော ကျောက်စိမ်းတောင်ထိပ် ရှိသည်။ ကျောက်စိမ်းတောင်ထွတ်တွင် အလွန်လှပသာယာသော ဥယျာဉ်ရှိသည်။ ယင်းဥယျာဉ်တွင် အမတသစ်တော်ပင်မှ နှစ် ၃၀၀၀ တွင် တစ်ကြိမ်သီးသော အမတသစ်တော်သီး သီးသည်။ အမတသစ်တော်ပင်နှင့် ဝိဇ္ဇာဥယျာဉ်တို့ကို အနောက်မယ်တော် ဆီဝမ်းမှုက စောင့်ရှောက်လျက်ရှိသည်။



မယ်တော်ဆီဝမ်းမှု

မယ်တော်ဆီဝမ်းမှုကို ဗျာန်ဘုရားကြီး ဖန်ဆင်းထားသဖြင့် ဆီဝမ်းမှုသည် လောကီဘုံသားမဟုတ်ဘဲ ဗျာန်ဘုရား၏သမီးတော် ဗျာန်ဘုရားဖြစ်သည်ဟု ယုံကြည်ကြသည်။ ရှေးက GOD ကို နတ်ဘုရားဟု မြန်မာပြန်သည်။ သို့ရာတွင် GODမှာ လောကီမှ လွတ်မြောက်နေသူတစ်ဦးဖြစ်၍ ခေါမဒဿန ဝေါဟာရဖြစ်သော Logos ဗျာန်ဘုရားဟု အဓိပ္ပာယ်ထွက်သည်။

မယ်တော်ဆီဝမ်းမှုနှင့် ပတ်သက်ပြီး ပုံပြင်ဒဏ္ဍာရီအမျိုးမျိုး ပြောကြသည်။ အချို့က လူသားဖြစ်၍ အမည်ရင်းမှာ ဝမ်ချင်ဟွေး ဖြစ်သည်။ သားဥယောက်၊ သမီး ၂၄ ယောက် ရှိသည်ဟု ဆိုကြသည်။ အခြားအချက်အလက်များတွင် မည်သို့ပင် ကွဲပြားနေစေကာမူ မယ်တော် ဆီဝမ်းမှုသည် တရုတ်လူမျိုးတို့၏ သမိုင်းဦးခေတ်ကပင် ပေါ်ပေါက်ခဲ့ပြီး ခွန်လွန်တောင်တွင် စံပယ်လျက်ရှိသည်ဟု တရုတ်မိရိုးဖလာ ယုံကြည်ခဲ့ကြသည်။

ဂန္ဓာရီရှုထောင့်မှ ကြည့်လျှင် တရုတ်လူမျိုးတို့ မူလမျိုးနွယ်ဖြစ်သော အတ္တလန်တိုက်မျိုးနွယ်များကို စိမ်အုပ်ချုပ်တော်မူသော မဟာသမ္မတ မနုမင်းမှာ ရှမ်ဗဲလားမှ တရုတ်နှင့်တကွ မွန်ဂိုနွယ်ဝင်တို့အား စောင့်ရှောက်ရန် တာဝန်လွှဲအပ်ထားသောပုဂ္ဂိုလ် ဖြစ်သည်။ အမည်မှာ ချက်ရှရှာမနုမင်း ဖြစ်၍ ယနေ့အထိ ခွန်လွန်တောင်တွင် ဗဟိဋ္ဌာနခွဲ ပြု၍ တရုတ်ပြည်နှင့်တကွ မွန်ဂိုနွယ်မှားတို့အား စောင့်ရှောက်လျက်ရှိသည်။ ချက်ရှရှာမင်းနှင့်အတူ တာဝန်လွှဲအပ်ထားသူမှာ မယ်တော် ဆီဝမ်းမှုဖြစ်သည်။ တရုတ်ပြည်ကြီးကို အရှေ့အနောက် နှစ်ပိုင်းခွဲ၍

အရှေ့ဘက်ခြမ်းကိုလှုပ်ရှားနေသော ယန်၊ ဖိုဓာတ်အဖြစ် သတ်မှတ်ပြီး မူလွန်းကို တာဝန်လွှဲထားသည်။

အနောက်ဘက်ခြမ်းကို ယင်မဓာတ်ဟု သတ်မှတ်ပြီး ဆီဝမ်းမူကို တာဝန်လွှဲအပ်ထားသည်။ ထို့အပြင် မယ်တော်ဆီဝမ်းမူသည် တရုတ်တစ်ပြည်လုံးရှိ ဂန္ဓာရီပညာနှင့် ဝိဇ္ဇာများကို တာဝန်ယူစီမံခန့်ခွဲရသည်။ တရုတ်တစ်ပြည်လုံးရှိ အမတဝိဇ္ဇာ မဟာဂန္ဓာရီပညာရှင်သည် တစ်နှစ်လျှင် တစ်ကြိမ် ပန်တောက်ဟွီခေါ် သစ်တော်သီး စားတော်ဆက်ပွဲသို့ စုရုံးလာရောက်ကြရသည်။ သစ်တော်သီးစားတော်ဆက်ပွဲနေ့မှာ နှစ် ၃၀၀၀တွင် တစ်ကြိမ်သာသီးသော အမတသစ်တော်သီး မှည့်သောနေ့ဖြစ်သည်။ ယင်းနေ့သည် မယ်တော်ဆီဝမ်းမူ၏ မွေးနေ့လည်းဖြစ်သည်။ ယင်း အမတသစ်တော်သီးကို စားရလျှင် မသေတော့ဘဲ အာယုသီဒွီ ပြီးမြောက်သွားသောကြောင့် အမတသစ်တော်သီးဟု ခေါ်ခြင်းဖြစ်သည်။

ထို့ကြောင့် တရုတ်ပြည်ရှိ ထွက်ရပ်လမ်းလိုက်သူဂန္ဓာရီပညာရှင်များသည် အမတသစ်တော်သီးကို စားရရန်အတွက် အမျိုးသား ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များနှင့် အမျိုးသမီး ထွက်ရပ်ပေါက်များ ခွန်လွန်တောင်သို့ စုဝေးရောက်ရှိလာခြင်း ဖြစ်သည်။

ဂန္ဓာရီပညာရှင် အမတဝိဇ္ဇာများကို အဆင့် (၇)ဆင့် ခွဲထားသည်။ ဝတ်ရုံအရောင်များမှာ အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ အနက်၊ မရမ်းရောင်နှင့် သဘာဝရောင်ဟူ၍ ခုနစ်မျိုးကို အဆင့် ၇ ဆင့်အလိုက် ဝတ်ဆင်ရသည်။ ဂန္ဓာရီပညာရှင် ဝိဇ္ဇာမိုရ်အပေါင်းတို့၏ အကြီးအချုပ်မှာ သမိုင်းမတင်မီခေတ်ကတည်းက ရှိခဲ့သော မယ်တော်ဆီဝမ်းမူပင် ဖြစ်သည်။



အမတကိုက်းရှုပ်ကြိုးလောဇူ

ဘီစီ ၁၀၀၀၊ ချောင်မင်းဆက် ဘုရင်မူးသည် အနောက်ဘက် ခွန်လွန်တောင်တန်း သို့ ခရီးထွက်ပြီး ဆီဝမ်းမူကို ရှာပုံတော်ဖွင့်ခဲ့သည်ဟု ရှေးဟောင်းမှတ်တမ်းများတွင် လာသည်။ ဘီစီ ၆ရာစုတွင် တာအိုခေါ် တောက်ဝါဒ ဟောပြောခဲ့သူ လောဇူသည် ပိဋကတ် တိုက်မူးအဖြစ် အမူထမ်းနေရာမှ လောကီကို စိတ်ကုန်ပြီး ကျွဲစီးကာ ခွန်လွန်တောင်ရှိရာ အနောက်ဘက်နယ်သို့ မယ်တော် ဆီဝမ်းမူရှိရာသို့ ထွက်ခွာလာခဲ့သည်။ ခွန်လွန်တောင်ကြား အဝင်ဝမှခဲဉီးတွင် စောင့်ရှောက်ရန် တာဝန်ကျသူ ယင်စီနှင့်တွေ့ရာ ယင်စီက လက်ဖက်အဖန်ရည်ဖြင့် ဧည့်ခံသည်။ ထိုအချိန်မှစ၍ တရုတ် လူမျိုးတို့သည် ရေနွေးကြမ်းအဖန်ရည်ဖြင့် ဧည့်ခံသောဓလေ့ ရရှိလာသည်။

ယင်စီ၏ တောင်းပန်ချက်အရ လောဇူသည်

စာလုံးရေ ၅၀၀၀ ပါဝင်သော 'တောက်တဲ့ကျင်း'ခေါ် ဝိမုတ္တိမဂ္ဂကိုရေးသားခဲ့ရာ နောင်အခါတွင် တာအိုဝါဒဟု ထင်ရှားလာပြီးလျှင် တရုတ်ပြည်တွင် ဘာသာရေးအဖြစ် ယုံကြည်ကိုးကွယ်လာကြသည်။

ဘီစီ ၁၀၀တွင် ဘုရင် ဝုတီသည် ဂန္ဓာရီပညာနှင့် ဆိုဝမ်းမူကို အလွန်စိတ်ဝင်စားစွာဖြင့် လေ့လာလိုက်စားသည်။ တစ်ညတွင် ဘုရင်စက်တော်ခေါ်ရာ အဆောင်တော်အတွင်းသို့ ဆိုဝမ်းမူ ရောက်ရှိလာပြီး ဝုတီဘုရင်ကြီးအား အမတသစ်တော်သီး (၇)လုံးနှင့် အမတ မဟာဂန္ဓာရီပညာ ကျင့်စဉ်များကို သင်ကြားပေးသည်ဟု နန်းတွင်းလျှို့ဝှက်မှတ်တမ်းတွင် ဖော်ပြထားသည်။ ဘီစီ ၃၀၀ ရာစုတွင် လောဇူ၏ တပည့်သာဝကများထဲတွင် အတောက်ပဆုံး ကြယ်တစ်ပွင့်ဖြစ်သူ ချောင်ဇူ ပေါ်ပေါက်လာသည်။ ချောင်ဇူသည် တာအိုဝါဒဦးကာ ကျမ်းကို ရေးသားရာတွင် ဇာအိုခေါ် မဟာသုညတမှနေ၍ စွာန်ဘုရားများဖြစ်ပေါ်လာပြီး စွာန်ဘုရားများမှတစ်ဆင့် သတ္တဝါများ ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

ချောင်ဇူသည် တစ်ဖက်တွင်လည်း ပညာရှိ လူပျော်ကြီး၊ တစ်နည်းအားဖြင့် အမတဂန္ဓာရီပညာရှင်ဖြစ်သည်။ အခါတစ်ပါးတွင် သေဆုံးသွားသော လင်၏ လတ်လတ်ဆတ်ဆတ် သချိုင်းမြေပုံကို ယပ်ခတ်နေသော ဇနီးသည်ကို အဘယ်ကြောင့် ပင်ပန်းကြီးစွာ ယပ်ခတ်နေရသနည်းဟုမေးရာ သူလင်က သချိုင်းမြေပုံပေါ်က မြေမခြောက်မီ နောက်လင်မယူပါနှင့်ဟု မှာသွား၍ အမြန်ခြောက်အောင် ယပ်ခတ်နေကြောင်း ကျန်ရစ်သူ ဇနီးသည်က မောဟိုက်စွာ ဖြေသည်။ ထိုအခါ ချောင်ဇူက သူ၏လက်စွဲတော်ယပ်ဖြင့် တစ်ချက်ခတ်လိုက်ရာ မြေပုံတစ်ခုလုံးခြောက်သွေ့သွားသည်။ စင်စစ် ချောင်ဇူသည် အာဟာရသိဒ္ဓိပြီးသူ အမတဂန္ဓာရီ ပညာရှင်ဖြစ်ရာ အတွင်းအား အလွန်ကောင်းသူ ဖြစ်သောကြောင့်သာ တစ်ချက်တည်းဖြင့် အပြတ်ခတ်နိုင်ခြင်း ဖြစ်သည်။

တာအိုဝါဒီဂိုဏ်းကြီး ပေါ်ပေါက်လာပြီးနောက် ပထမဆုံး ဂိုဏ်းချုပ်ကြီးဖြစ်သူ ချန်စောလင်သည် ဝုတီဘုရင်လက်ထက် အေဒီ ၃၅ တွင် ပေါ်ထွက်ခဲ့သည်။ ပညာတတ်သော်လည်း နန်းတွင်း၌ အမှုမထမ်းဘဲ ဘာဝနာပွားခြင်း၊ ဂန္ဓာရီပညာများ လိုက်စားခြင်းဖြင့်သာ အချိန်ကုန်လွန်စေသည်။

ထို့နောက် လူသုကင်းဝေးရာ ခွန်လွန်တောင်သွားပြီး အဂ္ဂိရတ်ပညာများ လိုက်စားသည်။ လောဇူထံမှရသော ဂန္ဓာရီကျမ်းဂန်များအရ (၉)နှစ် တရားကျင့်ရာ အာယုသိဒ္ဓိပေါက်သည်။ အကြားအမြင်နှင့်တကွ စွာန်ပျံနိုင်သည်ဟု ဆိုသည်။

ထို့ကြောင့် ချန်စောလင်ကို ခေတ်သစ်တာအိုဝါဒ တည်ထောင်သူဟု ယူဆကြသည်။ တပည့်သာဝကများကို ဂန္ဓာရီပညာများ သင်ကြားပေးပြီး လူနာတွေကို ဆေးကုသပေးရာ တစ်ပြည်လုံးက ကြည်ညိုလေးစားကြသည်။ ညာလက်က မားကိုင်၊ ဘယ်လက်က အမြိုက်ရည် (အာယုသိဒ္ဓိ) ဆေးအိုးကို ကိုင်ဆောင်ထားပြီး ကျားစီးနေသော ချန်စောလင်၏ ပုံတော်ကို ၅လ၊ ၅ရက်နေ့တွင် တရုတ်အိမ်များတွင် ချိတ်ဆွဲကိုးကွယ်ကြသည်။ အေးအန္တရာယ်ကင်း၍ ကျန်းမာသည်ဟု ယုံကြည်ကြသည်။

စင်စစ်အားဖြင့် လောဇူ၏တာအိုဝါဒသည် ဘာသာရေး ဒေသနာလည်း ဟုတ်သည်။ ဒဿနလည်းမည်သည်။ ထို့အပြင် အန္တေဝါသိကအမြင်ဖြင့် ဖုံးတစ်ဝက် ဖော်တစ်ဝက် ရေးသားထားသော ဂန္ဓာရီကျမ်းလည်းမည်သည်။ ဘာသာတိုင်းတွင် ဥပသကာ ဒေသနာခေါ် လူအများ လိုက်နာကျင့်ကြံရန်အတွက် နားလည်အောင် အလွယ်အရှင်း ဟောကြားသော ဒေသနာနှင့် အဆင့်မြင့်ပါရမီရှင်များ လေ့လာကျင့်ဆောင်ရန် လျှို့ဝှက်နက်နဲသော တရားများကို ရေးသားထားသော ဒေသနာကို အန္တေဝါသိက ဒေသနာ ဟုခေါ်သည်။

တရုတ်ဘာသာစကားဖြင့် ဆန်မင်နှင့် ကော်မင်ဟု ခေါ်သည်။ အချို့တရားမှာ ကျမ်းတစ်ခုတည်းကိုပင် ဥပသကာ ဒေသနာဖြင့်လည်း ဖွင့်နိုင်သည်။ အန္တေဝါသိက ဒေသနာအနေဖြင့်လည်း ဂန္ဓာရီပညာရှင်များက ဖွင့်နိုင်သည်။ 'တောက်'ခေါ် တာအိုဝါဒ ကျမ်းကိုလည်း သာမန် ဥပသကာဒေသနာနည်းဖြင့် ဖွင့်နိုင်သကဲ့သို့ အန္တေဝါသိက နည်းဖြင့်လည်း ဖွင့်နိုင်သည်။ အန္တေဝါသိကနည်းဖြင့် ဖွင့်ဆိုချက်အရ ဂန္ဓာရီပညာရပ်များ၊ အမတ ဝိဇ္ဇာကျင့်စဉ်များကို ကျင့်ကြံနိုင်သည်။ သို့ရာတွင် အန္တေဝါသိက ဖွင့်နည်းဖြင့် ဖွင့်ဆိုသောပေါက်လိုပါက မိမိ၏ အတွေ့အကြုံမတိုင်မီ အတွေးအခေါ်မတိုင်မီ နားမလည်နိုင်ချေ။ ဂန္ဓာရီပညာရှင် ဆရာရဂုရု၏ ညွှန်ပြချက်ဖြင့်သာ နားလည်နိုင်သည်။ လက်တွေ့ကျင့်ကြံနိုင်သည်။

ထို့ကြောင့် လောဇူ၏ တာအိုဝါဒမှာ သာမန်အားဖြင့် ဘာသာရေး ဒေသနာအဖြစ်သာ လူသိများသည်။ အန္တေဝါသိက ဒေသနာအဖြစ် ဖွင့်ဆိုနည်းကို သာမန်အားဖြင့် နားမလည်နိုင်ပေ။ ဤသို့ အန္တေဝါသိကနည်းဖြင့် တာအိုဝါဒကို နားလည်သဘောပေါက်ပြီး ကျင့်ကြံ အားထုတ်ပြီး ပေါက်မြောက်သူ အမတ ဂန္ဓာရီပညာရှင်များအနက် ထွက်ရပ်ပေါက် ပုဂ္ဂိုလ် (၈)ပါး၌ တရုတ်ပြည်၌ လူသိများ ကျော်ကြားသည်။

ပေါက်ပုဂ္ဂိုလ် (၈)ပါး

တရုတ်ပြည်တွင် အရဟတ် (၈)ပါး၊ အရဟတ်အပါး (၅၀၀)၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် (၈)ပါး ဟူ၍ လူကြည်ညိုများသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများ၊ ပုံတော်များ အများအပြားရှိသည်။ ယင်းတို့အနက် ဂန္ဓာရီပညာနှင့် ဆိုင်သော ထွက်ရပ်ပေါက် ပုဂ္ဂိုလ် (၈)ပါးတို့မှာ ဤသို့ ဖြစ်သည်။

(၁) ပေါက်ပုဂ္ဂိုလ် လိတိကွေး

ယွန်မင်းဆက်တွင် ပထမဆုံး လောကီမှ ထွက်ရပ်လမ်းပေါက်သွားပြီး သေခြင်းကို အောင်နိုင်သော အမတပေါက် ပုဂ္ဂိုလ် လောဇူသည် ထွက်ရပ်စခန်း ပရလောကမှ လူ့ပြည်ရှိ ပါရမီရှင် လိတိကွေးထံသို့ ပြန်လာပြီး ဂန္ဓာရီပညာများ သင်ကြားပေးသည်။ လောဇူသည် ထွက်ရပ်လမ်းပေါက်ပြီး မသေသော အမတပုဂ္ဂိုလ် ဖြစ်သွားပြီးနောက် လူ့ဘဝသို့ မကြာခဏ ပြန်လာသည်။ လောဇူ၏ ခန္ဓာဖြင့်လည်း လာသည်။ အခြားသော သူများ၏ ခန္ဓာကို ဆောင်ယူ၍လည်း လူ့လောကသို့ ပြန်လာတတ်သည်။

ဘဝရေစက်ပါခဲ့သူ၊ ပါရမီရှိသူများကို ကောက်သင်းကောက်သကဲ့သို့ ကောက်ပြီး အလွန်ဝါသိက တာအိုဒေသနာကို ဖြန့်ချိသည်။ ဂန္ဓာရိပညာများကို ပေးသည်။ တာအိုသမထ ကျင့်စဉ်များကို လက်ထပ်သင်ပေးသည်။ ယခုအခါတွင် ကိုယ်ခံသိုင်းပညာဖြစ် လူသိများ နေသော တိုက်ချိသိုင်းပညာသည် စင်စစ်အားဖြင့် တာအိုသမထကျင့်စဉ် ဖြစ်သည်။

တစ်နေ့တွင် လောဇူက တပည့်ဖြစ်သူ လိတိကွေးအား ဆီးယူနယ်သို့ သွားရောက်ပြီး လောကတ္တစရိယ လုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားသည်။ လိတိကွေးသည် ဝိညာဉ် ဖြင့် ခရီးထွက်စဉ် ကျန်ခဲ့သော သူ၏ ရုပ်ခန္ဓာကို စောင့်ရှောက်ရန် မှာကြားအပ်နှံပြီး (၇)ရက် ကျော်လွန်၍ သူ့ဝိညာဉ် ပြန်မလာမှ သူ့ရုပ်ခန္ဓာကို မီးရှို့ရန် တပည့် လန်ကျင်း အား မှာကြားခဲ့သည်။

သို့သော် လန်ကျင်း၏ မိခင် မကျန်းမမာဖြစ်ပြီး သေအံ့ဆဲဆဲ ဖြစ်နေသောကြောင့် မိခင်ထံ လိုက်သွားရမည်ဖြစ်ရာ (၇)ရက်ထိ မစောင့်နိုင်တော့ဘဲ (၆)ရက်မြောက်နေ့တွင် ဆရာရှင်၏ ရုပ်ခန္ဓာကို မီးသင်္ဂြိုဟ်လိုက်သည်။ လိတိကွေး ပြန်ရောက်လာသောအခါ ပြာပုံသာတွေ့ရတော့သည်။ ထို့ကြောင့် လိတိကွေးသည် မနီးမဝေး တောအုပ်တစ်ခုတွင် သေခါစ သူတောင်းစားတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရသည်။ သူတောင်းစားသည် ရောဂါဝေဒနာ ကပ်ရောက်သောကြောင့် သေရခြင်းမဟုတ်ဘဲ အစာရေစာ ငတ်မွတ်၍ သေရခြင်းဖြစ်ရာ ရုပ်ခန္ဓာမှာ ပြန်လည် အသုံးပြုနိုင်သော အခြေအနေရှိသည်။ ထို့ကြောင့် သူတောင်းစားခန္ဓာကိုယ်တွင်းသို့ လိတိကွေး ဝိညာဉ် ဝင်ရောက်လိုက်သည်။ သို့ရာတွင် သူတောင်းစားသည် ဦးခေါင်းရှည်ရှည်၊ အသားမည်းမည်း၊ မျက်ကွင်း ကျယ်ကျယ်ကြီးအပြင် ခြေထောက်လည်း ကျိုးနေရာ မသတီစရာ ဖြစ်နေသည်။

ထို့ကြောင့် ယင်းရုပ်ခန္ဓာမှ ပြန်ထွက်ရန် လိတိကွေး ကြိုးစားနေစဉ်တွင် ဆရာရှင် လောဇူရောက်လာပြီး ရုပ်ခန္ဓာကို ပြုပြင်ပြီး ချိုင်းထောက်ပါ ပေးလိုက်သဖြင့် အဆင်ပြေသွားသည်။ နောင်အခါတွင် ခြေထောက်ကျိုးနေသည်ကို မယ်တော်ဆိုဝမ်းမှ ကိုယ်တိုင် ကုသပေးသည်။ လိတိကွေးသည် တပည့်ဖြစ်သူ ယန်၏မိခင် သေငယ်ဇောဖြင့် မြှောနေခိုက် လိတိကွေးရောက်သွားပြီး ကုသပေးရာ ထွက်အံ့ဆဲဆဲ အသက်မသေတော့ဘဲ ပြန်ရှင်လာသည်။

ထိုအချိန်မှစပြီး လိတိကွေး၏ အမည်ကျော်ကြား လူသိများလာကာ ကြည်ညိုသူ များပြားလာသည်။ လိတိကွေးသည် တပည့်သာဝကများကို သိမ်းသွင်းရန်အတွက် မီးပုံကြီးထဲ ဝင်ပြခြင်း၊ သစ်ရွက်ပေါ် တက်ရပ်ပြခြင်း စသည်တို့ကို အားကျလာစေရန် လုပ်ဆောင်ပြသ ခဲ့သော်လည်း သာဝကများ၏ သတ္တိကြောင်မှုကြောင့် တပည့်သာဝကများနှင့် ဝေးရာ ခွန်လွန်တောင်ပေါ်ကို တက်သွားသည်။

၂။ ချုံလိချွန်သည် ဟန်မင်းဆက်ကာလတွင် ရှန်စီနယ်တွင် မွေးဖွားသည်။ ပြည်နယ်စားကြီး၏ ဇိုလ်ချုပ်ကြီးအဖြစ် ထမ်းဆောင်စဉ် စစ်ပွဲတွင် ရှုံးနိမ့်၍ ချောင်နန်ရှန်း နယ်သို့ ထွက်ခွာသွားသည်။ ချောင်နန်ရှန်းတွင် ပန်းမာလာ သူရဲကောင်း ၅ဦးအမည်တွင် သူ ဂန္ဓာရိပညာရှင်များနှင့် တွေ့ဆုံရပြီး သူ့အား ဂန္ဓာရိပညာများ သင်ကြားပေးသည်။

တန်မင်းဆက်သို့ ရောက်သောအခါ ချူလီချန်က တပည့်ဖြစ်သူ လူတုန်ပင်ကို ဂန္ဓာရီပညာများ သင်ကြားပေးခဲ့သည်။ ပြည်နယ်တွင် တော်မွတ်ခေါင်းပါးမှု အေးကြိုး ဆိုက်လာသောအခါတွင် အဂ္ဂိရတ်ပညာဖြင့် ကြေးကို ငွေဖြစ်အောင် ဖိတိုးပြီး လူတွေကို ကယ်ခဲ့သည်။ မကျန်းမာသူများကို အဂ္ဂိရတ် ဓာတ်ဆေးဖြင့် ကုသပေးသည်။

တစ်နေ့တွင် ပြိုကွဲသွားသော တောင်နံရံအတွင်းမှ ကျောက်စိမ်းကြွတ်တစ်ခု ထွက်လာရာ ယင်းကြွတ်ထဲမှ ကျင့်စဉ်အရ အဆင့်မြင့် ဂန္ဓာရီပညာများကို လေ့ကျင့်ရာ အာယုသိဒ္ဓိ ပြီးသွားသည်။ ဆက်လက်လေ့ကျင့်ရာ သူ့အခန်းအတွင်းသို့ ရောင်စုံတိမ်လွှာများ ဝင်ရောက်လာပြီးနောက် နတ်ဂီတသံများနှင့်အတူ ဟသ်ဂုက်ကြီးတစ်ကောင်က သူ့ အား သယ်ဆောင်သွားပြီး ဝိဇ္ဇာတို့စံရာ ခွန်လွန်တောင် မယ်တော်ဆီဝမ်းမှထံသို့ ပို့ပေး သည်။ သူ၏ပုံကို သားမြီးယပ်တောင် ကိုင်ထားပုံနှင့် ဖော်ပြထားပြီး ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တို့၏ တမန်တော်အဖြစ် ကြည်ညိုကိုးကွယ်ကြသည်။

၃။ လန်ဆေဟိုသည် တန်ခေတ်အတွင်း ပေါ်ပေါက်ခဲ့သော အမျိုးသမီး ပေါက်ပုဂ္ဂိုလ် ဖြစ်သည်။ သူသည် လမ်းတကာလှည့်ပြီး ပလွေမှုတ်၊ လင်းကွင်းတီးပြီး သီချင်းဆိုနေတတ်သည်။ သူမ ဇာတိဇာစ်မြစ်ကို သေချာစွာ မသိရသော်လည်း အဝတ်စုတ်များဝတ်ဆင်၊ ခါးပတ်နက်ကြီးပတ်၊ ခြေတစ်ဖက်တွင် ရှူးဖိနပ်စီး၊ တစ်ဖက်တွင် ညှပ်ဖိနပ်စီးသည်။

ဆောင်းရာသီတွင် နှင်းခဲပေါ်အိပ်ပြီး အသက်ရှူလိုက်သောအခါ နှာခေါင်းမှ ထွက်လာသော အခိုးအငွေ့များသည် ရေနွေးကရားကြီးမှ ထွက်လာသော အငွေ့များနှင့် တူသည်။ သီချင်းဆိုရင်း တောင်ဝှေးဖြင့် စည်းလိုက်တတ်သည်။ ထို့ကြောင့် သူမကို ရှူးကြောင်ကြောင် အမျိုးသမီးဟု ထင်ရသော်လည်း သူမ သီဆိုသော သီချင်းအဓိပ္ပာယ်မှာ တံလှပ်ကိုရေထင် ရွှေသမင် အလိုက်မှားနေသလို ကာမဂုဏ်တံလှပ်နောက်သို့ လူတွေ မလိုက်သင့်ကြောင်း ဖြစ်သည်။ ထို့ကြောင့် သူမသည် လူအများထင်နေသလို ရူးကြောင်ကြောင် မဟုတ်ဘဲ အရူးသဏ္ဌာန်ဖြင့် လူတွေကို သံဝေဂ သတိပေးနေကြောင်းသိရသည်။ သူမကို ပေးသော ပိုက်ဆံများကိုလည်း မရှိဆင်းရဲသားများအား ပြန်ပေးသည်။ တစ်နေ့တွင် ထမင်းဆိုင်တွင် အနားယူနေခိုက် သူမသည် ကောင်းကင်ပေါ် ပျံတက် ပျောက်ကွယ်သွားပြီး နောက် ကောင်းကင်မှ ဖိနပ်၊ ခါးပတ်နှင့် ဝတ်ရုံများ ကျလာသည်။

၄။ ချန်ကောသည် အေဒီ ၈ ရာစုနှစ်၊ တန်ခေတ်တွင် ရှန်စီနယ်မှ ရသေ့တစ်ဦး ဖြစ်သည်။ နန်းတွင်းသို့ကြွရန် အတန်တန် ပင့်သော်လည်း မသွားခဲ့။ သို့သော် အေဒီ ၇၀၅ တွင် ဝူဘုရင်မကြီးက ဖိတ်သဖြင့် နန်းတော်သို့အသွား လမ်းတွင် အသတ်ခံရသည်။ အသတ်ခံရသော်လည်း သေဆုံးသွားခြင်းမရှိဘဲ ကျန်းမာစွာဖြင့် ဂန္ဓာရီခရီး လှည့်လည် လျက်ရှိသည်။ စက္ကူကို မြည်းဖြူဖြစ်အောင် စီရင်ပြီး မြည်းဖြူကို စီးလျက် မိုင်ပေါင်း များစွာ အနယ်နယ်သို့ လှည့်လည်သည်။ လိုရာခရီးရောက်လျှင် မြည်းဖြူကို စက္ကူကဲ့သို့ ခေါက်ထားပြီး ခရီးဆက်လိုသော အခါ ပါးစပ်ထဲမှရေဖြင့် မှုတ်လိုက်ရုံဖြင့် စက္ကူခေါက်က မြည်းဖြူ ဖြစ်သွားသည်။

အေဒီ ၇၂၃၊ မင်းဟန်ဘုရင် လဲက်ထက်တွင် ဘုရင်၏ ဖိတ်ကြားချက်အရ ပရိသတ် ဗိုလ်ပုံအလယ်တွင် ကိုယ်ရောင်ဖျောက်ပြခြင်း၊ အဆိပ်သောက်ပြခြင်း၊ လက်ဖြင့် ညွှန်ရုံဖြင့် ပန်းပွင့်များ ကြွေကျခြင်း စသော သိဒ္ဓိများကို ပြသည်။ အေဒီ ၇၃၅ တန် မင်းဆက် ရှန်ဆန်ဘုရင် လက်ထက်တွင် သက်တော်ရှည် အမတ်ချုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။

၅။ ဟိုဆင်ကူသည် တန်မင်းဆက် အေဒီ ၇၀၅ တွင် ကေရိဘုရင်မကြီး ၏ လက်ထက်တွင် ကွမ်တုံနယ်မှ ဟိုတိုင်၏ သမီးဖြစ်သည်။ မွေးစဉ်ကတည်းက ငယ်ထိပ်တွင် ထူးဆန်းသော ဆံပင်ရှည် (၆)ချောင်း ပါသည်။ နောင်တွင် ဤဆံပင်(၆)ချောင်းမှ တစ်ပါး အခြားဆံပင်များ မပေါက်တော့။ ယွန်မူဆင်တောင်ပေါ်တွင် ပုလဲမိခင်ရတနာ တွေ့ရာ ယင်းပုလဲကို အမှုန့်ကြိတ်သောက်ရန် အိပ်မက်ထဲတွင် ဆရာရှင်တစ်ပါးက ညွှန်ကြားသဖြင့် အမှုန့်ကြိတ်သောက်ရာ ဂန္ဓာရီပညာများ ရရှိပြီး အာယုသိဒ္ဓိပြီးသော အမတထွက်ရပေါက်သွားသည်။ ယင်းအချိန်မှစပြီး အစား လုံးဝမစားတော့ဘဲ အပျိုကြီးဘဝဖြင့်သာ နေတော့သည်။ အေဒီ ၇၅၀ တွင် ကန်တုံနယ် မာကူးခေါ် တာအိုဘုရားကျောင်း၌ တိမ်တိုက်ပေါ် စီးနေသော ဟိုဆင်ကူကို တွေ့မြင်ကြသည်။

ဟိုဆင်ကူသည် အလွန်ချောမောလှပ၍ လက်တစ်ဖက်က ကြာပန်း၊ တစ်ဖက်က အမတ သစ်သီးကို ကိုင်ထားသောပုံဖြင့် ကိုးကွယ်ကြသည်။

၆။ လူတုံပင်ကို အေဒီ ၇၉၈၊ ရှန်စီနယ်၊ ယုံလိုဆင် အရပ်တွင် မွေးဖွားသည်။ လူတုံပင်သည် ချန်အန်းမြို့တွင် ထွက်ရပ်ပေါက် အမတပုဂ္ဂိုလ် ချုလီချန်နှင့် တွေ့ဆုံပြီး တပည့်သာဝကအဖြစ် ခံယူသည်။ ချုလီချန်က သူ့အား ဂန္ဓာရီပညာများ သင်ကြားပေးသည်။ ဆရာရှင်က တပည့်အား ရမ္မက်(၁၀)ပါးကို အောင်မြင်အောင် ကြိုးစားရန် ညွှန်ကြားရာ အောင်မြင်သဖြင့် လက်ရင်းသာဝကအဖြစ် သစ္စာတရားတွေကို နယ်လှည့် ဟောပြောစေသည်။ ဂန္ဓာရီပညာများလည်း တတ်ကျွမ်းကာ အာယုသဒ္ဓိ ပြီးမြောက်ပြီး အမတပေါက် ပုဂ္ဂိုလ် ဖြစ်သွားပြီးနောက် နှစ်ပေါင်း ၄၀၀ အထိ လောကအကျိုးကို ဆောင်ရွက်သည်။

အေဒီ ၁၁၁၅ နှစ်တွင် ဟွေဆွန်ဘုရင်က မဟာပညာကျော်ဘွဲ့နှင်းပြီး ရာဇဂုရုအဖြစ် မြှောက်စားသည်။ သို့သော် လူတုံပင်သည် သူ့ဆရာ၏ တာဝန်ပေးချက်အရ တစ်နှစ်လုံး ဆီသည်ဟန်ဆောင်၍ နယ်လှည့် ဆိုရောင်းသည်။ ဆီဝယ်လျှင် အဆစ်တောင်းသူသာ တွေ့ရသည်။ တစ်နေ့တွင် အဆစ်မတောင်းသော အမျိုးသမီးကို တွေ့ရာ အမျိုးသမီး၏ ရေတွင်းထဲသို့ ကောက်ညှင်းဆန်များ ထည့်ပေးလိုက်သည်။ ယင်းရေတွင်းမှ အရက်များ ထွက်လာပြီး အရက်ရောင်းခြင်းဖြင့် အမျိုးသမီး ချမ်းသာသွားသည်။

၇။ ဟန်ဆိုင်းဇူသည် အေဒီ ၇၆၈ တွင် မူးမတ်ကြီးဟန်၏ မြေးဖြစ်သည်။ ငယ်စဉ်ကပင် ဟန်က ပညာသင်ကြားပေးရာ အရွယ်ရောက်သော် အမတ်ကြီး ဟန် မင်းမျက်သင့်တော့မည်ကို ဟန်ဆိုင်းဇူ ကြိုတင်ဟောကြားရာ မှန်ကန်ကြောင်း တွေ့ရသည်။

ဟန်ဆိုင်းဇူသည် လူတုံပင်၏ တပည့်အဖြစ် ခံယူ၍ ဂန္ဓာရီကျင့်စဉ်များကျင့်ရင်း

သစ်တော်ပင်မှ လိမ့်ကျရာ မြေကြီးပေါ်မရောက်မီ လေထဲတွင် တရားအလင်း ရသွား၍ အမတဝိန္ဒာ ဖြစ်သွားသည်။

၈။ စောကိုချင်သည် အေဒီ ၁၀၄၃၊ ဂျင်ဆန်ဘုရင်၏ သားတော်ဖြစ်သည်။ ညီနောင် နှစ်ပါးရှိပြီး ညီက အကျင့်ဆိုးသွမ်းသဖြင့် နောင်တော်က ဆုံးမရသည်။ တစ်နေ့တွင် ညီတော် လူသတ်မှုဖြစ်ရာ နောင်တော်သည် အရှက်ရပြီး တောင်ပေါ်တက် တောထွက်ပြီး ရသေ့ဝတ်သည်။ သစ်ရွက်များကိုသာ ဝတ်ဆင်နေသည်။ တောင်ပေါ်တွင် ပေါက်ပွင့်လိုလို လူတုံပင်နှင့်တွေ့ရာ ဘာတွေလုပ်နေသလဲဟု မေးသည်။ တာအိုဓမ္မကို ကျင့်နေသည်ဟု ဖြေသည်။ ဓမ္မ ဘယ်မှာလဲဟု ထပ်မေးရာ ကောင်းကင်သို့ မော့ပြသည်။ ကောင်းကင် ဘယ်မှာလဲဟု မေးရာ နှလုံးသားကို ညွှန်ပြသည်။

ထို့ကြောင့် ဆရာရှင်က မင်းဟာ တာအိုဓမ္မကို သဘောပေါက်တယ်။ အရာရာရဲ့ မူလဘူတဓာတ်ကို သိတယ် ပြောပြီး ဂန္ဓာရီကျင့်စဉ်များ ချပေးရာ များမကြာမီအတွင်း အောင်မြင်သွား၍ အမတပေါက်ပွင့်လိုလ် ဖြစ်သွားသည်။

အထက်ပါ ပေါက်ပွင့်လိုလ် ၈ ဦးသည် လူ့လောက မြေပေါ်တွင်ရှိသော တန်ခိုးများကို နိုင်နင်းစွာ ပြသပြီးနောက် ရေပြင်ပေါ်တွင် တန်ခိုးသိဒ္ဓိများ စမ်းသပ်လိုသဖြင့် ၈ ဦး စုပေါင်းပြီး ပင်လယ်ခရီး ထွက်ကြသည်။ ယင်းသို့ ပင်လယ်ခရီးထွက်သည်ကို ထွက်ရပ်ပေါက်ပွင့်လိုလ် ၈ ဦး ပင်လယ်ခရီးထွက်ခြင်းဟူသော ပုံတော်ဖြင့် တရုတ်လူမျိုးများက ကြည်ညိုလေးစားစွာ ကိုးကွယ်ကြသည်။

❀

အရှေ့တိုင်း မဟာဂန္ဓာရီ

ဂန္ဓာရီပညာဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် အီဂျစ်နှင့် အိန္ဒိယကိုသာ သတိရကြသည်။ ဂန္ဓာရီပညာနှင့် တရုတ်ကို တွဲဖက်သိသူ နည်းလှသည်။ စာအုပ်စာတမ်း အထောက်အထားများကလည်း ရှားပါးလှသည်။ အထူးသဖြင့် တရုတ်တို့၏ ဘာသာရေး၊ ဒဿနနှင့် ဂန္ဓာရီပညာသည် ကျန်ကမ္ဘာ နှင့် စိမ်းနေသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်တွင်မှ တောက်နှင့် ဈင်တို့ ခေတ်စားလာသဖြင့် တရုတ်တို့၏ ယုံကြည်မှု၊ ဘာသာနှင့် ဂန္ဓာရီပညာများဆိုင်ရာ စာအုပ်စာတမ်းများ အစီအရီ ထွက်ပေါ်လာသည်။ တရုတ်ပြည်သည် ကနဦးက ရှိခဲ့သော စင်ဘာသာအပြင် နောက်မှဝင်လာသော တောက်ဘာသာ၊ ကွန်ဖြူးရှပ် ဝါဒနှင့် ဗုဒ္ဓဘာသာတို့သည် တစ်ခုနှင့်တစ်ခု ရောစပ်သွားသည်။

ယနေ့ တရုတ်တို့၏ ယုံကြည်မှုဘာသာမှာ ယင်းဝါဒကြီး ဘာသာကြီး (၃)ရပ် ပေါင်းစပ်ထားခြင်းဖြစ်သည်။ ယင်းဘာသာကြီးသုံးရပ်အနက် တောက်ခေါ် တာအိုဘာသာမှာ လက်ရင်းအကျဆုံးဖြစ်ပြီး ဂန္ဓာရီပညာ၏ အခြေအမြစ်လည်း ဖြစ်သည်။ တောက်ဘာသာကို ယုံကြည်ကိုးကွယ်မှု ဘာသာအပြင် ဂန္ဓာရီပညာရပ်အနေဖြင့်လည်း လက်သိပ်ထိုး ခပ်ကြိတ်ကြိတ် လေ့လာလိုက်စားခဲ့ကြသည်။

လောဆူ ပေါ်ပေါက်ခဲ့သော တန်ခေတ်တွင်ကား တောက် ဂန္ဓာရီပညာအနေဖြင့် အထင်အရှား ပေါ်ပေါက်ကျင့်သုံးရုံသာမက ဂန္ဓာရီပညာရှင်တို့သည် ရာဇဂုရခေါ် မင်းဆရာများပင် ဖြစ်ခဲ့သည်။ အချို့သော မင်းများမှာ ဂန္ဓာရီပညာရှင်များ ဖြစ်ကြသည်။ လောဆူ၏ ပထမဆုံး တပည့်သာဝကမှာ တောက်ကျမ်း ရေးသားအပ်နှံခဲ့သော တံခါးမှူး ယင်စီ (ကွန်ယင်စီ)မှတစ်ဆင့် သာဝကတစ်ဦးလက်မှ နောက်သာဝကတစ်ဦးလက်သို့ လက်ဆင့်ကမ်း ပညာရပ်များ ဖြန့်ဖြူးခဲ့ရာ ပေါက်ပုဂ္ဂိုလ် (၈)ပါးအထိ ဖြစ်သည်။

သို့သော် ဟန်မင်းဆက် ရောက်သောအခါ ဂန္ဓာရီပညာနှင့် နိုင်ငံရေး ရောထွေးလာခြင်း၊ နောက်တက် သာဝကများ သီလမလုံခြုံတော့သဖြင့် ဂန္ဓာရီပညာရပ်များလည်း မှေးမှိန် ယိုယွင်းလာသည်။ ထိုခေတ်မှစ၍ ဂန္ဓာရီပညာရပ်များကို ပြောင်ပြောင်တင်းတင်း သင်ကြားလေ့လာမှုများ တစ်စတစ်စ ပျောက်ကွယ်ကာ အတွင်းစည်း သာဝကချင်း လျှို့ဝှက်စွာ လေ့လာကျင့်ကြံခဲ့ရာ နောက်ဆုံး မန်ချူးမင်းဆက်အထိ ဖြစ်သည်။

ရှည်လျားလှသော ယိုယွင်းလာသည့် ခေတ်အဆက်ဆက်တွင် လျှို့ဝှက်ဂိုဏ်းအမျိုးမျိုး၊ စူဋ္ဌဂန္ဓာရီဂိုဏ်းမျိုး ပေါ်ပေါက်ခဲ့သည်။ တြိဂံဂိုဏ်း၊ ကြာပန်းဂိုဏ်း၊ မျက်ခုံးမွေးဖြူဂိုဏ်း စသည်တို့ဖြစ်သည်။ ဘောက်ဆာသူပုန်အဖွဲ့ ခေါင်းဆောင်မှာ ယင်းသို့သော ဂိုဏ်းဝင်ဖြစ်သည်။ မြန်မာပြည်တွင် ရှေးက ဘိုးဘိုးအောင်နှင့် စကြာမင်းတို့ကို တောင့်တဂိုဏ်းများကဲ့သို့ပင် ဖြစ်သည်။

တြိဂံဂိုဏ်းမှာ ယခုခေတ်အထိ ကုန်သည်ကြီးများလောက၊ မူးယစ်ဆေးဝါးလောကတွင် တည်ရှိနေဆဲဖြစ်သည်။ တစ်နည်းအားဖြင့် အဂ္ဂိရတ် ဆရာယောင်တို့နှင့် ဓာတ်စီးနတ်ဝင်ဂိုဏ်းသမားတို့ကြောင့် မဟာဂန္ဓာရီပညာမှာ ခေါင်းမဖော်နိုင်ဘဲ ပါရမီရှင် လူနည်းစုအတွင်းသာ လက်သိပ်ထိုး လေ့လာခဲ့ကြသည်။ သို့သော် မဟာဂန္ဓာရီပညာသည် ပျောက်ကွယ်သွားခြင်း မရှိဘဲ လျှို့ဝှက်စွာ ရပ်တည်ခဲ့သည်။

တရုတ် မဟာဂန္ဓာရီပညာရပ်နှင့် ပတ်သက်၍ ခိုင်ခဲ့သော ကျမ်းတစ်ကျမ်းကို ၁၉၂၀ တွင် ပီကင်း၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကျမ်းအမည်မှာ **Tai I Chin Hua Tsung Chin** ဖြစ်ပြီး အဓိပ္ပာယ်မှာ ရွှေကြာပန်း၏ လျှို့ဝှက်ချက် သို့မဟုတ် ပုဏ္ဏရိကမဏ္ဍလဟူ၍ဖြစ်သည်။ ယင်းကျမ်းမှာ ရှေးအစဉ်အဆက်ဆရာစဉ်မပျက် ဆရာ၏နှုတ်မှ သာဝကအား သင်ကြားပေးခဲ့သော အစဉ်အလာအတိုင်းရှိရာမှ ချန်လန်းမင်းဆက် (၈)ရာစုတွင် သစ်သားဘလောက်တုံးများ ထွင်းပြီး ပုံနှိပ်ခဲ့သည်။

ရွှေကြာပန်းကျမ်းကို စုဆောင်းတည်းဖြတ် နိဒါန်းရေးခဲ့သူမှာ တန်မင်းဆက်မှ

လူ့ဖြစ်သည်။ အေဒီ ၈ ရာစုတွင် မဟာဂန္ဓာရီပညာရှင် ပေါက်ပုဂ္ဂိုလ် လူတုံပင်က ရွှေကြာပန်းကျမ်း ဦးကာဖြစ်သော ချင်တန်ချောင်း ကျမ်းကို ပြုစုခဲ့သည်။ ချင်တန်ချောင်း၏ အဓိပ္ပာယ်မှာ အမတသိဒ္ဓိပြီးခြင်းဟု ဆိုလိုသည်။

၁၉၂၀ တွင် တရုတ်ဘာသာဖြင့် ပုံနှိပ်ထုတ်ခဲ့သော ရွှေကြာပန်း၏ လျှို့ဝှက်ချက် ခေါ် ပုဏ္ဏရိကမဏ္ဍာလကျမ်းကို ၁၉၃၉ ခုတွင် ဒေါက်တာစီဂျိယွန်း၏ ကြိုးကြပ်မှုဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ သို့ရာတွင် စာအုပ်ထုတ်ဝေသော ခေတ်သည် ဒုတိယကမ္ဘာစစ်ကြီးနှင့် ကြုံကြိုက်သွားသဖြင့် စာအုပ်မှာ လူသိမများဘဲ တိမ်မြှုပ်နေသည်။

စိတ်ပညာရှင်၊ စိတ်ရောဂါကု ပညာရှင် စီဂျိယွန်းက ရွှေကြာပန်း၏ လျှို့ဝှက်ချက်ကျမ်းပါ အချက်များကို ဆောင်းပါးစာတမ်းများ ရေးသားလိုက်သောအခါတွင် ပညာရှင်လောကအတွင်း ရွှေကြာပန်း၏လျှို့ဝှက်ချက်ကျမ်းသည် ရေပန်းစားလာပြန်သည်။ ရွှေကြာပန်း လျှို့ဝှက်ကျင့်စဉ်သည် တောက်ဒဿနတွင် အခြေခံထားသည်။ တောက်ဒဿနကို သဘောပေါက်မှသာလျှင် ရွှေကြာပန်းကျင့်စဉ်၏ အတိမ်အနက်ကို မှန်းဆနိုင်သည်။ တောက်ဓမ္မနှင့် ပတ်သက်၍ ဆရာဟိန်းလတ် မြန်မာပြန်ထားသော 'တောက်လမ်းစဉ်တော်၏ ရတနာသုံးပါး' ကျမ်းတွင် ဤသို့ ဖော်ပြထား၏။

'တောက်ဆိုတာ ဘာလဲ။ တောက်ဟာ အရာအားလုံးရဲ့ ရင်းမြစ်ပါပဲ။ တောက်ဟာ စကြဝဠာရဲ့ ဖန်တီးရှင်၊ စကြဝဠာရဲ့ အရှင်သခင်ပါပဲ။ တောက်ဟာ အမြင့်မြတ်ဆုံး တန်ခိုးရှင် ထာဝရဘုရားသခင်ပါပဲ။ ပထဝီမြေကြီးနဲ့ ကောင်းကင်ပြင် မပေါ်မီ တောက်ဟာ တည်ရှိနှင့်ပြီးသားပါ။ စကြဝဠာကြီး မဖန်ဆင်းနိုင်မီကတည်းက တောက်ဟာ တည်ရှိနှင့်ပြီးသားပါ။ စကြဝဠာကြီး တစ်ခုလုံး ပျက်သုဉ်းပြီး ဘာတစ်ခုမှ မကျန်ရှိတော့ရင်လဲ တောက်ကတော့ ဆက်လက်တည်ရှိ ကျန်ရစ်ပြီး စကြဝဠာသစ်တစ်ခု ဖန်တီးဖို့ ရှိနေဦးမှာပါ။

တောက်မှာ အကန့်အသတ်မရှိဘူး။ မမြင်မတွေ့ရဘူး။ ပုံသဏ္ဌာန် အကောင်အထည် မရှိဘူး။ တောက်ကို မမြင်နိုင် မကြားနိုင်ဘူး။ အနံ့မခံနိုင်ဘူး။ ထိတွေ့ကိုင်တွယ်လို့ မရဘူး။ လူသားတွေ သိရှိနားလည်နိုင်စွမ်းရည်ထက် ပိုမိုကျော်လွန်တယ်။ လူတွေကတော့ ဒါကို သဘာဝလို့ ခေါ်လေ့ရှိကြတယ်။ အခု ဓမ္မမိတ်ဆွေ သူတော်စင်တို့ တကယ် ရရှိထားတာဟာ တောက်ပါပဲ။ သင်တို့ရဲ့ ရုပ်ခန္ဓာဟာ သင်တို့ အစစ်အမှန် မဟုတ်ဘူး။ ရုပ်ခန္ဓာကို သင်တို့ရဲ့ ခန္ဓာအတွင်းက တောက်က ထိန်းချုပ်ထားတယ်။ မိမိသတိမပြုမိနိုင်ခင်မှာပဲ တောက်က မိမိခန္ဓာထဲကို ရောက်နှင့်နေပြီ။ ဒါကြောင့် ခန္ဓာကိုယ်ထဲက တောက်ကို ရှာရမယ်'

ပရမတ္တ ဝိညာဏ ဓာတ်ဖြစ်သော တောက်၏ အပိုင်းအစဓာတ်သည် လူတိုင်း၏ အဖျက်တွာသန္ဓာန်တွင် ကိန်းဝပ်နေသည်။ ခန္ဓာကိုယ်ဖြင့် ဖုံးအုပ်ထားသောကြောင့် ယင်းတောက်ကို မမြင်မတွေ့၊ မသိနိုင်ခြင်း ဖြစ်သည်။ တောက်သည် အလင်းဓာတ်၊ အလင်းရောင် ဖြစ်သည်။ လူတိုင်း၏ ခန္ဓာကိုယ်အတွင်း၌ ကိန်းအောင်းနေသော ယင်း တောက်၏ အလင်းဓာတ်ကို ပေါ်အောင် မြင်အောင် ကြိုးစားပြီး တောက် အလင်းဓာတ်ကို



ရွှေကြာပန်း အလင်းဓာတ်များ

စုစည်းနေချိန်

တစ်ကိုယ်လုံးသို့ ပျံ့နှံ့စေခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ချက္ကရခေါ် အဘိညာဉ်စက်များ နိုးကြားလာပြီးလျှင် ခန္ဓာကိုယ် သေသော်လည်း အသိဉာဏ် (၀၀) ဝိညာဉ်မသေသော အမတပုဂ္ဂိုလ်၊ ထွက်ရပ်ပေါက်မည် ဖြစ်သည်။

ထို့ကြောင့် ရွှေကြာပန်းကျင့်စဉ်ကို ကျင့်မည့် သာဝက ယောဂီသည် တောရပ် မှီစရာမလိုဘဲ မိမိကံပစ်ချရာ လောကပရိယေသနဝမ်းစာကို ရှာမှီးရင်း နေ့စဉ်မှန်မှန် ကျင့်ရန် ဖြစ်သည်။ နေ့စဉ် နံနက်စောစော ကိုယ်ကို မတ်မတ်ထားပြီး ထိုင်ရမည်။ မျက်စိကို မှိတ်ထားရမည်။ မျက်စိကို တင်းနေအောင် မှိတ်ထားခြင်း မဟုတ်ဘဲ မျက်ခွံနှစ်ဖက်ထိရုံသာ မှိတ်ပြီး နှာသီးဖျားကို အာရုံပြုရမည်။ မျက်စိမှိတ်ပြီး အာရုံပြုရန် ခက်ခဲ ပါက မျက်စိတစ်ဝက်ခန့်ဖွင့်ပြီး နှာသီးဖျားကို အာရုံပြုရမည်။ နှာသီးဖျားနေရာကို မျက်စိထားတတ်ပြီဆိုက မှိတ်ပြီး နှာသီးဖျားရှိရာ တူရူသို့ မျက်စိကို စိုက်ထားရမည်။

နှာသီးဖျားကို အာရုံပြုရမည် ဆိုရာ၌ ပထမအစတွင်သာ ဖြစ်သည်။ မျက်စိများကို တည်ငြိမ်စွာ မှိတ်ထားရင်း နှာသီးဖျားတူရူသို့ အာရုံပြုရန်အတွက် မျက်စိအနေအထား အသားကျရန်သာဖြစ်သည်။ မျက်စိထားတတ်ပြီ ဆိုပါက မျက်စိမှတ်ထားသော အမှောင်အာကာသကို တွေ့ရမည်။ ယင်း အမှောင်အာကာသသည် မိမိ၏ အစ္စတ္တ အာကာသ ဖြစ်သည်။ ရွှေကြာပန်းကျင့်စဉ်၏ ပဓာနအချက်မှာ ပြင်ပ ဗဟိဒ္ဓရှိ အရာများကို အာရုံမပြုတော့ဘဲ အတွင်းအစ္စတ္တဘက်သို့ ဦးတည်အာရုံပြုခြင်းပင်ဖြစ်သည်။ အတွင်း အာကာသအတွင်းသို့ အာရုံညွှတ် စူးစိုက်ခြင်းဖြင့် အလင်းဓာတ်များ ပေါ်ပေါက်လာမည်။ မမှောင်တော့ဘဲ တဖြည်းဖြည်း လင်းလာမည်။ အလင်းဓာတ်ဖြင့် ပိတိကို ခံစားရသောအခါ ရွှေကြာပန်း ဖူးငုံလာပြီဟု သိရမည်။

ထို့နောက် အလင်းဓာတ်တွေ လင်းသထက်လင်းလာပြီး ဘယ်ကိုကြည့်ကြည့် အလင်းဓာတ်တွေသာ မြင်လာသောအခါ ရွှေကြာပန်း ပွင့်လာပြီဟု သိရမည်။ တစ်ဖန် ဆက်လက်၍ ကြိုးစားလျှင် မြင်မြင်သရွေ့ အရာအားလုံး ရွှေရောင်တွေ ဝင်းလာမည်။ ဤအဆင့်သည် ရွှေကြာပန်း အစွမ်းကုန် ဖူးပွင့်ချိန်ဖြစ်သည်။ ရွှေကြာပန်းခေါ် အတွင်းဓာတ်အလင်းကို မနောအာရုံဖြင့် ခန္ဓာကိုယ်တစ်ခုလုံးသို့ လှည့်ပတ်ပေးရမည်။ ထိုအခါ အလင်းသည် လည်ပတ်နေသော အလင်းစက်ဝိုင်းကြီးဖြစ်ကာ တစ်ကိုယ်လုံးသို့ လွှမ်းခြုံနေမည်။ ခန္ဓာကိုယ်ရှိ ချက္ကရခေါ် အဘိညာဉ်စက်များမှာလည်း အလင်းဓာတ်၏ အရှိန်ဖြင့် လှုပ်ရှား နိုးကြားလာမည်။ ထိုအခါတွင် မိမိခန္ဓာကိုယ်တွင်း၌ ကိန်းအောင်းနေသော



ရွှေကြာပန်းအလင်းဓာတ်ကို တွေ့ခြင်း

တောက် ခေါ် အလင်းရောင်ကို တွေ့မြင် လာမည်။ အတွင်း၌ ကိန်းအောင်းနေသော တောက်ခေါ် ဝိညာဉ်ကို တွေ့ရသောအချိန် တွင် တောက်ထဲမှ အဘိညာဉ် အသိထူးများ ဉာဏ်ထူးများ ရလာပြီး လူတွင် ဝိညာဉ် သုံးမျိုး ရှိကြောင်း သိလာမည်။

ရုပ်လောက သက္ကာယ ခန္ဓာတွင် ကိန်းနေသော ဝိညာဉ်၊ သေသောအခါ တမလွန်ဘဝရောက်သွားပြီး သံသရာ အဖန်ဖန်လည်ရသော ဝိညာဉ်နှင့် သေခြင်းကင်း သော အမတဝိညာဉ်ခေါ် ပရမတ္ထ တောက် ဝိညာဉ် ဟူ၍ သုံးမျိုးရှိကြောင်း၊ အမတ ဝိညာဉ်ခေါ် ပရမတ္ထ တောက်ဝိညာဉ်ဘဝသို့ ရောက်သော် သေခြင်းကင်းသော အမတဝိဇ္ဇာ၊ အမတ ထွက်ရပ်ပေါက်စခန်းသို့ ရောက်ပြီဖြစ်သည်။

သို့သော် ရွှေကြာပန်း၏ အလင်းရောင်သည် အဝါရောင်ဖြစ်၍ ရွှေကြာပန်းအဆင့်ကို ကျင့်ကြံခြင်းမပြုနိုင်သော သူများက အဝါရောင်ကို အစွဲပြု၍ ရွှေဖြစ်အောင် အင်္ဂါရုတ်ထိုးကြသည်။ အခြားဓာတ်စင်များကို အင်္ဂါရုတ်ထိုးပါက ရွှေဖြစ်ပြီး အမတဓာတ်ရမည်ဟု မျှော်လင့်နေကြခြင်းဖြစ်သည်။ စင်စစ်အားဖြင့် နာမ်ဓာတ်၊ တောက်ဓာတ်၏ ရွှေအလင်း ရောင်ကို ရအောင် သက္ကာယ အညစ်အကြေးများကို အဘိညာဉ်ဖိုတွင် ထိုးရန်ဖြစ်သည်ကို သဘောမပေါက်သော စူဠဂန္ဓာရီသမားများသာ ဖြစ်သည်ဟု ယွန်းက ဆိုသည်။

ရွှေကြာပန်း အလင်းဓာတ် ဘာဝနာ ပွားသောအခါတွင် ပထမဆုံး ရွှေကြာပန်း မတ္တာလခေါ် ရွှေကြာပန်း ကသိဏ်းဝန်းကို အာရုံပြုလျှင် အလင်းဓာတ် အမြန်ရသည်ဟု ဆိုသည်။ ပုံတွင်ဖော်ပြထားသော ပန်းသဏ္ဌာန်ရှိ ကသိဏ်းဝန်းကို မျက်စိဖြင့် မှတ်မိအောင် လေ့ကျင့်ပြီး ယင်းပန်း၏ သဏ္ဌာန်ကို အာရုံတွင် စွဲပြီဆိုပါက ရွှေကြာပန်း၏ အလယ် ဗဟို ဝတ်ဆံနေရာမှ အလင်းများ စတင် ပေါ်ပေါက်လာပြီး ကြာပန်းသဏ္ဌာန်အတိုင်း အလင်းဓာတ်များ တဖြည်းဖြည်း ဖြာထွက်လာမည်ဟု ဆိုသည်။

နောက်ဆုံးတွင် ရွှေကြာပန်းသည် စက္ကူပေါ်တွင် အဖြူနှင့်အနက် ရေးခြယ်ထားသော သဏ္ဌာန်မျိုး မဟုတ်တော့ဘဲ အဖြူနေရာတွင် အလင်းဓာတ်များ ကိန်းအောင်းပြီး အနက် နေရာတွင် အနည်းငယ်သာလင်းသောအလင်း ပေါ်လာမည်။ အားကြိုးဖြာဝေသော အလင်းနှင့် မှေးမှိန်သော အလင်းတို့ နှစ်မျိုးပေါင်းစပ်ပြီးလျှင် ရွှေကြာပန်းမှာ တဖြည်းဖြည်း လက်ယာရစ် လည်လာမည်။ နောက် အမြန်လည်လာမည်။ ရွှေကြာ အလင်းဝန်းလည်သည် နှင့်အမျှ သမာဓိအာရုံတို့မှာလည်း တက်လာသည်။

နောက်ဆုံးတွင် ရွှေကြာပန်းသဏ္ဌာန်ပျောက်ပြီး တောက်ဝိညာဉ်၏ မဟာအလင်း

ဓာတ်ကြီးသာလျှင် တဝင်းဝင်းနှင့် ကျန်ခဲ့တော့မည်။ ယင်းကြာပန်းမျိုးကို အာရုံပြုပြီးတုန်လှုပ်ထိတ်သော ကြောင်ငြာကဏ္ဍတွင် မကြာခဏ တွေ့ရတတ်သည်။ အချို့ ပါရမီရှိသော လူငယ်များလည်း မမျှော်လင့်ဘဲ တွေ့မြင်ဖူးကြောင်း သိရသည်။ ရွှေကြာပန်းကို သမာဓိအာရုံတွင် မြင်ရအောင် အကြိမ်ကြိမ် ထုံပြီးက မျက်စိဖွင့်လျက်နှင့်လည်း မြင်နိုင်သည်။ အထူးသဖြင့် တိမ်ကင်းစင်သော ကောင်းကင်ပြင်ကို အတော်ကြာကြာ စိုက်ကြည့်လျှင် ရွှေကြာပန်းကို မြင်ရသည်။ ပန်းချီဆွဲထားသော ပုံသေအရုပ်လို မဟုတ်။ ရုပ်ရှင်၊ တီဗွီကား ကြည့်ရသကဲ့သို့ အလင်းဓာတ်များ တဖျတ်ဖျတ်ထွက်နေပြီး လည်ပတ်နေသော ကြာပန်းကို တွေ့ရမည်ဖြစ်သည်။



ရုပ်ခန္ဓာမှ ရွှေကြာပန်းဝိညာဉ် ထွက်ပေါ်လာခြင်း

ထို့ကြောင့် ရှေးဟောင်း တရုတ် ဂန္ဓာရီ ပညာရှင်များက စာနှံဘုရားများကို ကြာပန်းနှင့် တင်စားပြောဆို ရေးသားခြင်းဖြစ်သည်။

ရွှေကြာပန်း မဏ္ဍလကို အပိုင်ရပြီးသော အခါတွင် အရောင်အဆင်းများ တစ်မျိုးပြီး တစ်မျိုး မြင်လာရတတ်သည်။ ဘယ်အရာကို ကြည့်ကြည့်၊ ဖွင့်ကြည့်ကြည့်၊ မှိတ်ကြည့်ကြည့် အရောင်တစ်မျိုးကိုသာ မြင်နေရသည်။ တစ်ဖန် ယင်းအရောင် ပျောက်သွားပြီး နောက်ထပ် အရောင်တစ်မျိုး ပေါ်လာပြန်သည်။ ဤသို့ အရောင်များ တစ်မျိုးပြီးတစ်မျိုးသည် အစီအစဉ်ဖြင့် စနစ်တကျ ပေါ်ပေါက်လာပြီး နောက်ဆုံးတွင် အဝါရောင်၊ ရွှေရောင်များ ပေါ်လာသည်။ မှိတ်ကြည့်လျှင်ဖြစ်စေ၊ ဖွင့်ကြည့်လျှင်ဖြစ်စေ အဝါရောင်၊ ရွှေရောင်များသာ လွှမ်းမိုးနေသည်။

ကမ္ဘာကျော် ပန်းချီဆရာကြီး ဗင်ဂိုသည် နောက်ဆုံးတွင် အဝါရောင်ချည်း မြင်နေရ၍ သူ့အား စိတ်ဖောက်ပြန်သွားသည်ဟု ဆိုကြသည်။ ဗင်ဂို နောက်ပိုင်းရေးဆွဲသမျှသည် အဝါရောင်သာလျှင် လွှမ်းနေတတ်သည်။ Sun Flower အမည်ရှိ အဝါရောင် နေကြာပန်း ပန်းချီကားကို လွန်ခဲ့သော လေးငါးနှစ်က သန်း (၆၀)ကျော် ပေး၍ ဝယ်သွားသည်။ အဝါရောင်၊ ရွှေရောင်၏ တန်ဖိုးကို သိသူများက ဖော်စား၍ မသိသူများက ကျော်သွားကြဟန်တူသည်။ မည်သို့ပင်ဖြစ်စေ ရွှေကြာပန်း မဏ္ဍလဘာဝနာကား ယခုခေတ် ၂၀ ရာစုအထိ ပါရမီရှင် ဂန္ဓာရီပညာရှင်က အသုံးပြုနေရသော မဟာဂန္ဓာရီ ဘာဝနာ၏ လှိုက်ဝှက်ကျင့်စဉ်ကြီး ဖြစ်နေပေသေးသည်။

*

တရုတ်မဟာဂန္ဓာရီပညာ တက်စဉ်နှင့် ကျင့်စဉ်တွင် ယောဂသမထကျင့်စဉ် (၂)မျိုးရှိသည်။ ငြိမ်သက်သော ယောဂကျင့်စဉ်နှင့် လှုပ်ရှား ယောဂကျင့်စဉ် ဟူ၍ (၂) မျိုး ရှိသည်။ ရွှေကြာပန်းအလင်း ဘာဝနာခေါ် ပုဏ္ဏာရိက မဇ္ဈာလဘာဝနာမှာ ငြိမ်သက် ယောဂကျင့်စဉ် ဖြစ်ပြီး လှုပ်ရှားဘာဝနာမှာ တိုက်ချီချွမ် ဖြစ်သည်။

တိုက်ချီချွမ်သိုင်းပညာမှာ ကျွန်ုပ်တို့ မြန်မာများအနေဖြင့် မစိမ်းတော့ပေ။ ဆောင်းပါးများ၊ စာအုပ်များ ထွက်ပေါ်ခဲ့ပြီးဖြစ်၍ တိုက်ချီချွမ်ကို ကိုယ်ခံပညာ သိုင်းပညာအနေဖြင့် အတော်အတန် သိကြပြီးဖြစ်သည်။

အိန္ဒိယ ယောဂကျင့်စဉ်များသည် မူလက နာမ်ပိုင်းဆိုင်ရာ သမာဓိ ထူထောင်မှုအတွက် ကျင့်စဉ်ဖြစ်သော်လည်း နောင်အခါတွင် ကျန်းမာရေးအတွက် ရုပ်ရှင်မင်းသမီး ရေကွယ်ဝဲချိုတို့ပင် လေ့ကျင့်ခဲ့ကြသည်။

ထိုနည်းတူပင် တိုက်ချီချွမ်သည် မူလအစက နာမ်ပိုင်းဆိုင်ရာ သမာဓိ ထူထောင်မှုအတွက် ဘာဝနာကျင့်စဉ် ဖြစ်သော်လည်း ယခုခေတ်တွင် ကျန်းမာရေးနှင့် ကိုယ်ခံပညာ သိုင်းပညာအဖြစ်သာ လေ့ကျင့်နေကြသည်။ စင်စစ်အားဖြင့် တိုက်ချီချွမ်သည် တရုတ်မဟာဂန္ဓာရီပညာ၏ အတွင်း လျှို့ဝှက်လမ်းစဉ်ဖြစ်သော အန္တေဝါသိက ဘာဝနာကျင့်စဉ် ဖြစ်သည်။ အထူးသဖြင့် တောက် အန္တေဝါသိက ဘာဝနာကျင့်စဉ် ဖြစ်သည်။ တောက်ကို ဒဿနအဖြစ်ဖြင့်လည်းကောင်း၊ ကိုးကွယ်မှုဘာသာ အဖြစ်ဖြင့်လည်းကောင်း၊ ဂန္ဓာရီပညာ အဖြစ်ဖြင့်လည်းကောင်း ချဉ်းကပ် ကျင့်သုံးနိုင်ကြောင်းကို ရေးသား ဖော်ပြခဲ့ပြီးဖြစ်သည်။

တရုတ် ရှေးဟောင်း 'စင်'ဘာသာကို အခြေပြုထားသော တောက်တဲ့ကျင်း ဓမ္မအလိုအားဖြင့် သခ်ၤတလောက၊ သခ်ၤတဓာတ်များ မဖြစ်ပေါ်မီက ပြုပြင်စီရင်ခြင်းကင်းသော ခြွင်းချက်မရှိ လုံးဝဥဿုံ မှန်ကန်သော မူရင်းပရမတ္ထ ဓာတ်စွမ်းအင်ကြီး (၀၊) အသခ်ၤတဓာတ်ကြီး ရှိသည်။ ယင်းအသခ်ၤတဓာတ်စွမ်းအင်ကြီးမှ သတ္တလောက၊ သခ်ါရလောက၊ ဩကာသ လောကဟူသော ရုပ်နာမ်နှစ်ဖြာ ပေါင်းစပ်ထားသော သခ်ၤတလောကကြီး ဖြစ်ပေါ်လာသည်။

ယင်းသခ်ၤတလောကကြီးသည် ယင်နှင့် ယန် ဟူသော ဆန့်ကျင်ဘက် စွမ်းအင်နှစ်ခုတို့ ပေါင်းစပ်ခြင်း၊ ဆန့်ကျင်ခြင်း၊ သဟဇာတ ညီညွတ်ခြင်းတို့ကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ယင်း ဆန့်ကျင်ဘက်စွမ်းအင် နှစ်ပါးတို့ အကြိမ်ကြိမ် အဆင့်ဆင့် တွေ့ဆုံ၊ ဆန့်ကျင်၊ ပေါင်းစည်မှုကြောင့် မရေမတွက်နိုင်သော ရုပ်လောက၊ နာမ်လောကနှင့် သတ္တဝါအသီးသီး ပေါ်ပေါက်လာခြင်း ဖြစ်သည်။ လောဇူ၏ တပည့်ကြီး ချောင်းဇူက ယင်နှင့် ယန်သည် သဘာဝ၏ မူလစွမ်းအင်ကြီး နှစ်ရပ်ပါပဲဟု ဆိုသည်။

တောက်တဲ့ကျင်း ဓမ္မအရ အသစ်ဖြစ်ပေါ်မှု၊ ဖြစ်တည်မှု၊ ပြောင်းလဲမှု၊ အဟောင်းချုပ်ငြိမ်းမှု၊ အဆင့်သစ်သို့ တိုးတက်မှု၊ ကျန်းမာမှု၊ သေဆုံးမှုတို့မှာ ဤ သဘာဝစွမ်းအင်

ယင်နှင့် ယန်တို့၏ ပေါင်းစပ်မှု၊ ဆက်နွယ်မှု၊ သဟဇာတဖြစ်မှုအရ ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု ယူဆသည်။ ဤဒဿနသည် တရုတ်တို့၏ ဘာသာရေး၊ ဒဿနအနုပညာ၊ စစ်ပညာ၊ ယဉ်ကျေးမှု၊ သိုင်းပညာနှင့် ဂန္ဓာရိပညာ စသော နယ်အသီးသီးသို့ စိမ့်ဝင်လျက်ရှိသည်။

တရုတ် မဟာဂန္ဓာရိပညာ၏ ရေသောက်မြစ်ဖြစ်သော တောက်တဲ့ကျင်း ဓမ္မအရ တောက်ခေါ် ဝိမုတ္တိဓမ္မကို ပိုင်နိုင်စွာ သိရှိသဘောပေါက်ရန် သမာဓိအဆင့်မြင့်ဆုံး စခန်းသို့ ရောက်ရှိမှ ဖြစ်မည်။ သမာဓိ အဆင့်အမြင့်ဆုံးသို့ ရောက်ရှိရန် စိတ်လေ့ကျင့်ခန်းခေါ် ဘာဝနာနည်းလမ်းများ ရှိသည့်အနက် တိုက်ချိုချွမ်သည် နည်းလမ်းတစ်ရပ် ဖြစ်သည်။ တစ်နည်းအားဖြင့် ငြိမ်သက်စွာထိုင်ပြီး သမာဓိအား ထူထောင်သကဲ့သို့ လှုပ်ရှားပြီး သမာဓိအား ထူထောင်သောနည်းဖြစ်သည်။ ထို့ကြောင့် တိုက်ချိုချွမ်ကို တောက်တဲ့ကျင်း ယောဂကျင့်စဉ်ဟု အနောက်တိုင်းသားများက ခေါ်ကြသည်။

အတွင်းလမ်းစဉ်အရ ကျင့်ကြံအားထုတ်ကြသော အန္တေဝါသိက ဝါဒီများက တောက်ခေါ် ပရမတ္ထဓာတ်ကို ဘာဝနာနည်းဖြင့် ချဉ်းကပ်ရာတွင် ဤတိုက်ချိုချွမ်သည် အတွင်း အန္တေဝါသိက ဘာဝနာကျင့်စဉ် (ဝါ) အန္တေဝါသိက လှုပ်ရှား ဘာဝနာကျင့်စဉ်ဟု ဆိုသည်။ လှုပ်ရှားဘာဝနာခေါ် တိုက်ချိုချွမ် လှုပ်ရှားဘာဝနာ၏ အဆိုအရ လူ၏ ခန္ဓာကိုယ်အတွင်း၌ မိဘနှစ်ပါးထံမှ ရရှိခဲ့သော 'ဂျင်း'ခေါ် လိင်စွမ်းအင်သည် မွေးရာပါစွမ်းအင်ဖြစ်သည်။ လိင်စွမ်းအင် ဆိုရာတွင် သက်ရှိသက်မဲ့တို့ မျိုးပွား‌မှု၊ မျိုးဆက်တည်တံ့မှုကို ပြုသော စွမ်းအင်ကို ဆိုလိုသည်။ ညစ်ညမ်းသော မေထုန်မှုပြုခြင်းကို ဆောင်ခြင်းမဟုတ်။

စင်စစ် 'ဂျင်း'သည် ယင်နှင့် ယန်တို့၏ သမ္မဟစွမ်းအင် (ဝါ) တတိယစွမ်းအင်ပင်ဖြစ်သည်။ ဂျင်းသည် မြေးညောင်ရိုးထိပ်တွင်တည်ရှိပြီး ယင်း ဂျင်းစွမ်းအင်ကို သန့်ရှင်းကြဲခိုင် အားကောင်းစေခြင်းဖြင့် 'ချီ'စွမ်းအင်သို့ ကူးပြောင်းပေးရန် ဖြစ်သည်။ ချီသည် လူ၏ အသက်ဓာတ်ဖြစ်ကြောင်းကိုကား အထူးဆိုဖွယ်မရှိပြီဖြစ်၍ အကျယ်မချဲ့တော့ပါ။ ရုပ်ဓာတ်ဖြစ်သော 'ချီ'ကို တစ်ဖန် 'ရှန်'ခေါ် အမတနာမ်ဓာတ်စွမ်းအင်သို့ ဘာဝနာနည်းဖြင့် ကူးပြောင်းလာရပြီးလျှင် နောက်ဆုံးတွင် ရှန်နာမ်စွမ်းအင်ကိုလည်း 'ရှ'ခေါ် အန္တိမသုညတ စွမ်းအင်ဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက် ကူးပြောင်းပေးခြင်းဖြင့် တောက် ဝိမုတ္တိဓမ္မကို မျက်မှောက်ပြုနိုင်လာမည် ဖြစ်သည်။ တစ်နည်းအားဖြင့် မဟာဂန္ဓာရိပညာ အဆင့်အမြင့်ဆုံးဖြစ်သော အမတပေါက်ပုဂ္ဂိုလ် ဖြစ်သွားမည်ဖြစ်သည်။

ဤသို့ စွမ်းအင်များကို တစ်ဆင့်ပြီးတစ်ဆင့် 'ကျိ'မှသည် 'ရှန်'၊ 'ရှန်'မှသည် 'ရှ'သို့ မြင့်တက်ရာတွင် ချိကို သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် ရှန်ဓာတ်ပေါ်သည်။ ရှန်ကို ထပ်မံ သန့်ရှင်းစေခြင်းဖြင့် အမြင့်ဆုံး အမတဓာတ် ရှုပေါ်လာခြင်းသည် အဆင့်နိမ့်နာမ်ဓာတ်ကို သန့်ရှင်းစင်ကြယ် ကြဲခိုင်စေခြင်းဖြင့် အဆင့်မြင့် နာမ်ဓာတ်များ ပေါ်ထွန်းလာခြင်း ဖြစ်သောကြောင့် နာမ် အင်္ဂါရုတ်ထိုးခြင်းဟုလည်း ယူဆကြသည်။

ရုပ်ဝတ္ထုဓာတ်သားများဖြင့် မီးဖိုတွင် အင်္ဂါရုတ်ထိုးခြင်းသည် နာမ်ဓာတ်အင်္ဂါရုတ်ထိုးခြင်းကို တင်စားထားသော စူဠဂန္ဓာရိပညာဖြစ်သည်ဟု အန္တေဝါသိက ဝါဒီများက ယူဆကြသည်။

တိုက်ချိုချွမ်သည် အခြား သိုင်းပညာများနှင့် ခြားနားလှသော အချက်မှာ နေးကွေးစွာ လှုပ်ရှားပြောင်းလဲခြင်း ဖြစ်သည်ကို သိကြပြီး ဖြစ်ပါသည်။ ကိုယ်ခံသိုင်းပညာတိုင်းသည် ခြေလက်လှုပ်ရှားမှုကို မြန်နိုင်သမျှ လျင်မြန်အောင် လေ့ကျင့်ကြရသည်။ တိုက်ချိုချွမ်ကမူ အလွန်နေးကွေးစွာ လှုပ်ရှားရသည်။ နေးကွေးစွာ လှုပ်ရှားမှု၏ အရှိန်သည် တစ်သမတ်တည်း ပုံမှန် ဖြစ်ရမည်။

ဥပမာ– ရင်ဝတွင် ကပ်ထားသော လက်နှစ်ဖက်ကို ရှေ့သို့ တွန်းတုတ်ရာတွင် ၃၀ စက္ကန့် ကြာသည်ဆိုပါစို့၊ ယင်း လက်နှစ်ဖက်ကို ရင်ဝသို့ ပြန်ကပ်ရန် ပြန်လည် ရုပ်သိမ်းသောအခါတွင်လည်း စက္ကန့် ၃၀ ပင် အချိန်ကြာရမည် ဖြစ်သည်။ လှုပ်ရှားမှု မှန်သမျှသည် တစ်သမတ်တည်းသော အရှိန် (Rythm) ဖြစ်ရမည်။ လှုပ်ရှားမှု နေးကွေးခြင်းနှင့် တစ်သမတ်တည်းသော အရှိန်နှုန်းသည် တိုက်ချိုချွမ်၏ အသက်ဖြစ်သည်။ လူ၏ခန္ဓာကိုယ်တွင်း၌ ချက္ကရခေါ် အဘိညာဉ်စက်များ ရှိသည်။

အဘိညာဉ်စက်များတွင် ပဓာနစက် (၇)စက်သည် ကျောမြှောင်ရိုးတစ်လျှောက်တွင် ရှိသည်။ စက်ငယ်(၂၁)စက်နှင့် စက်သေး (၄၉)စက်သည် ခြေလက်အင်္ဂါများတွင် ရှိသည်။ ပခုံးရိုးဆက်နေရာ၊ တံတောင်ဆစ်၊ လက်ကောက်ဝတ်၊ လက်ဝါး၊ တင်ပါးဆုံရိုးဆက်၊ ဒူးဆစ်၊ ခြေမျက်စိနှင့် ခြေဖဝါး စသော နေရာများတွင် ရှိကြသည်။

ခြေလက်အင်္ဂါများကို နေးကွေးစွာ နှုန်စည်း အရှိန်မှန်ဖြင့် လှုပ်ရှားပါက ယင်း ခြေလက်အင်္ဂါများရှိ စက်ငယ်များ၊ စက်သေးများ နိုးကြားလှုပ်ရှားလာသည်။ စက်ငယ်၊ စက်သေးများ လှုပ်ရှား နိုးကြားမှုအရှိန်ကြောင့် ကျောမြှောင်ရိုးရှိ ပဓာန အဘိညာဉ် စက်ကြီးများ နိုးကြားလှုပ်ရှားလာရသည်။ လှုပ်ရှားမှုကြောင့် ခြေလက်အင်္ဂါများရှိ စက်ငယ်၊ စက်သေးများ နိုးကြားလာပြီး ပထမဆုံး ချို စီးဆင်းမှု မှန်ကန်မှုတလာမည်။ နောက်တစ်ဆင့် ဆက်လက်လေ့ကျင့်ပါက ပဓာန စက်ကြီးများ နိုးကြားလာမည်။ ထို့ကြောင့်ပင် တိုက်ချိုချွမ်ကစား လျှင် ကျန်းမာရေးကောင်းလာခြင်း၊ ရောဂါပျောက်ကင်းလာခြင်း ဖြစ်သည်။

ရှေးခေတ်က ဘာသာရေးပွဲတော်များတွင် ကသော ဘာသာရေးအကများ၊ နတ်အကများ၊ ယိုးဒယားအကများနှင့် အိုလံပစ်ဖွင့်ပွဲ အကများတွင် တိုက်ချိုချွမ်ကဲ့သို့ပင် ခြေလက်အင်္ဂါတို့ကို နေးကွေးစွာ လှုပ်ရှားရသည်။ နေးကွေးစွာ လှုပ်ရှားရာတွင်လည်း တစ်သမတ်တည်းသော အရှိန်နှုန်းဖြင့်သာ လှုပ်ရှားရသည်။

နာမည်ကျော် ဘဲလေးအက ပညာရှင် ရုရှလူမျိုး နိုဂျင်စကီသည် အထက်သို့ ခုန်ပျံတက်ပြီးနောက် ပြန်အကျတွင် ၄င်းမွေးကလေး ဝဲကျလာသလို ဖြည်းညင်းစွာ ကျလာသည်။ အထက်သို့ ခုန်တက်ရာတွင် အမြင့်ဆုံးသို့ရောက်ပြီး အောက်ပြန်မကျမီ စက္ကန့်ပိုင်းမျှ လေထဲတွင် ရပ်တုံ့နေသည့် နိုဂျင်စကီ၏အကျ (Nijensky's Fall) ဟု အကပညာဝေဖန်သူများက ဆိုကြသည်။ နိုဂျင်စကီကမူ ဘဲလေးအက လေ့ကျင့်ရင်း 'တောက်'ကို တွေ့ဘွားသဖြင့် I am God ဟု နှုတ်ဖြင့် ကြွေးကြော်ကြောင်း သိရသည်။

ရုရှဘဲလေး အကပညာရှင် နာမည်ကျော် ပါဗလိုဗာသည် ကကြိုးတစ်ခုတွင် လှုပ်

ရှားမှုများအပြီး ထိုင်ချလိုက်ပြီး ခြေဆင်း၊ ခေါင်းကို ဒူးနှစ်လုံးကြားထဲ ထည့်ထားပြီး ငြိမ်သက်စွာ နေရာတွင် သူမတူအောင် ငြိမ်သက်အေးချမ်းလှသဖြင့် ပါဗလိုဗာ၏ အေးငြိမ်းမှု ရသ ကကြိုး (Poise of Pavlova) ဟု စာဖွဲ့ရသည်။

စင်စစ်အားဖြင့် ဘဲလေးအကသည် အချို့ကကွက်များတွင် နှေးကွေးစွာ ကပြရပြီး တစ်သမတ်တည်းသော အရှိန်ကို ဆောင်ယူကပြရသဖြင့် ခန္ဓာကိုယ်အတွင်းရှိ အဘိညာဉ်စက်များ နိုးကြား လှုပ်ရှားလာခြင်းကြောင့် သူတစ်ပါးထက် ထူးချွန်ခြင်း ဖြစ်ပေသည်။

ကမ္ဘာကျော် အကပညာရှင်များဖြစ်ကြသော အိန္ဒိယမှ ယူရေရှန်ကာ၊ အမေရိကမှ ဘဲလေးအကပညာရှင် မာသာ၊ မြန်မာပြည်မှ ပန်တျာဆရာမ ဒေါ်ခင်စိန်တို့၏ ကကြိုး ကကွက်များ ပရိသတ်ကို ဖမ်းစားနိုင်သည်မှာ အဘိညာဉ်စက်များ နိုးကြားလာမှုကြောင့် ဟုဆိုသော် မှားမည် မဟုတ်ချေ။

ရုပ်စွမ်းအင် ကကြိုးသာမက ယင်းအကပညာရှင်တို့၏ နာမ်စွမ်းအင်ဖြစ်သော ကိုယ်ရောင်ကိုယ်ဝါနှင့် စိတ်စွမ်းအင်များကြောင့်လည်း ဤမျှ ပရိသတ်က လက်ခံနှစ်သက်အားပေးကြခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ၁၉၈၉ နှစ်၊ နယူးဝိမဂ္ဂင်းတွင် ဥရောပနိုင်ငံများတွင် ဘာသာရေး အက ခေါ် Spiritual Dance များ ခေတ်စားနေကြောင်း ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသည်။

တရုတ်လူမျိုးနှင့် တရုတ်ပြည်ကြီးဟူ၍ ဖြစ်ပေါ်လာအောင် ပထမဆုံး စည်းရုံးတည်ထောင်ခဲ့သော ဘီစီ ၄၆၀၀မှ ပညာရှိဘုရင် ဖူဆီ လက်ထက်ကပင် တရုတ်တို့တွင် 'မဟာအက' ဟူ၍ အကပညာ ထွန်းပေါ်ခဲ့သည်။ ဘီစီ ၂၇၀၄တွင် ဟွန်တီ ဘုရင် လက်ထက်တွင် အကပညာများ ဆက်လက်ဖွံ့ဖြိုးလာရာ တောက်ရဟန်းများသည် ကျောင်း အတွင်း စည်းတွင် သင်ကြားသော ဘာသာရပ်အဖြစ် အတွင်းကွန်ဖူးပညာခေါ် သိုင်းကွက် လှုပ်ရှားမှုများကို သင်ကြားပေးခဲ့သည်။

ရောဂါကုသရန် ရည်ရွယ်ချက်ဖြင့် သင်ကြားခြင်းဖြစ်သည်။ သိုင်းပညာနှင့် အကပညာ နှစ်ရပ်ပေါင်းစပ်မှုလည်း ဖြစ်ပေသည်။ ဘီစီ ၂၂၅၀ ယူဘုရင်ကြီး လက်ထက်တွင် မဟာအကပညာကို တာဝူ (Ta wu) ဟု အမည်ပေးပြီး ပညာတစ်ရပ်အဖြစ် ချီးမြှင့်မြှောက်စားခဲ့သည်။

ထို့ကြောင့် မဟာအကကို တာဝူအကပညာဟု ခေါ်တွင်လာသည်။ တရုတ်သမိုင်းတွင် အကပညာဖြင့် ရောဂါကုသရန် ခန္ဓာကိုယ် လေ့ကျင့်ခန်းအဖြစ် ပထမဆုံး ဖော်ပြမှတ်တမ်းတင်ခြင်းဖြစ်သည်။ အေဒီ ၉၆၀တွင် မွေးဖွားသော ချန်ဆန်းဖုံးသည် အေဒီ ၁၂၇၀ ထိ နှစ်ပေါင်း ၃၁၀မျှ အသက်ရှည်ခဲ့သော သိဒ္ဓိပေါက် ပုဂ္ဂိုလ်ဖြစ်သည်။ ချန်ဆန်းဖုံးသည် ချုံဆန်နယ်တွင် တရားသူကြီးအဖြစ် မင်းမှုထမ်းရာမှ တစ်နေ့တွင် တရားအားထုတ်ရန်အတွက် မင်းမှုထမ်းဘဝမှထွက်ပြီး ရသေ့ဝတ်ကာ တောထွက်ကျင့်ကြံ အားထုတ်သည်။

အနယ်နယ်သို့ ခရီးထွက်ပြီး ဆရာရှာရင်း အားထုတ်ရာ တောက်ဂန္ဓာရီပေါက် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး မဟာဂန္ဓာရီပညာများကို လေ့လာဆည်းပူးသည်။ တောက်ဂန္ဓာရီ

ပညာနှင့် ရှောင်လင်မှ တိုက်ချိုကုန်းတို့ကို ပေါင်းစပ်ပြီး တိုက်ချိုဗျမ် လှုပ်ရှားဘာဝနာကို တီထွင်သည်။

တောက်၏ မဟာအကပညာနှင့် ရှောင်လင်မှ လှုပ်ရှားမှုအကွက်များကို ပေါင်းစပ်ခြင်းဖြစ်သည်။ တိုက်ချိုဗျမ်နှင့် တောက်မဟာဂန္ဓာရီပညာများကို တပည့်သာဝကများအား ပီကင်းအနောက်ဘက်ရှိ တိမ်ဖြူ ကျောင်းတိုက်တွင် သင်ကြားပေးသည်။ ထို့နောက် ဟူပေနယ်ရှိ ဝူတန်တောင်ပေါ်တွင် တိုက်ချိုဗျမ် လှုပ်ရှားဘာဝနာကို သိုင်းကွက်အဖြစ် တပည့်သာဝကများအား သင်ကြားပေးခဲ့သည်။

ချန်ဆန်းဖုံးသည် မိုင် ၁၀၀၀ ကျော် ခရီးကို မရပ်မနား သွားနိုင်သည်။ ရန်သူထံမှ ပစ်လိုက်သော မြားတံကိုမကြည့်ဘဲနှင့် လက်တစ်ဖက်တည်းဖြင့် ဖမ်းနိုင်သည်။ ထို့ကြောင့် နောင်အခါတွင် တိုက်ကျိုဗျမ် သိုင်းဂိုဏ်းချုပ်ကြီးအဖြစ် နောင်လာနောက်သား သာဝကများက လေးစားကြည်ညိုကြခြင်း ဖြစ်သည်။

တရုတ်မဟာဂန္ဓာရီပညာတွင် အရေးပါလှသော ကျင့်စဉ်ဖြစ်သည့် တိုက်ချိုဗျမ်ကို သင်ကြားလိုသူ သာဝကတိုင်းအား ရှေးဦးစွာ သင်ကြားပေးခြင်း မဟုတ်ချေ။ တိုက်ချိုဗျမ်သည် မဟာဂန္ဓာရီပညာ ဘာဝနာတက်စဉ်နည်း (၇)နည်းရှိသည့်အနက် နည်းတစ်နည်းသာ ဖြစ်သည်။ ထို့ကြောင့် တရုတ်မဟာဂန္ဓာရီဝင်ကျမ်း (၇)ကျမ်း ရှိသည်ဟု ပြောစမှတ် ရှိသည်။

စင်စစ်အားဖြင့် စာဖြင့် ရေးသားထားသော ကျမ်း (၇)ကျမ်းမဟုတ်။ ဆရာရှင်၏ နှုတ်ကမွတ်များကိုသာမက နားဖြင့် ခံယူရသော မုက္ခပါဠ်သာ ဖြစ်သည်။ ထို့ကြောင့် နောင်အခါတွင် တိုက်ကျိုဗျမ်ဘာဝနာသည် တိမ်းစောင်း တိမ်ကောလာသည်။ ယနေ့ အသုံးပြုနေသော တိုက်ချိုဗျမ်သည် တိုက်ချိုဗျမ်ဘာဝနာ၏ အကသဘောမျှဖြစ်သော တိုက်ခိုက်ရေးအတွက်သာ ဖြစ်သည်။

တိုက်ချိုဗျမ် ဘာဝနာအစစ်မှာကား အန္တေဝါသိက သာဝကများသာလျှင် တွေ့ရှိကျင့်ကြံနိုင်သည်။ တိုက်ချိုဗျမ်ဘာဝနာကို ကျင့်ကြံရန်အတွက် ပဏာမ စရဏများကို အားထုတ်ရသည်။ ယင်းပဏာမ စရဏအဆင့်များကို တစ်ဆင့်ပြီး တစ်ဆင့် အားထုတ်ပြီး သတ္တမအဆင့် အောင်မြင်မှသာလျှင် တိုက်ချိုဗျမ် လှုပ်ရှားဘာဝနာကို လေ့လာသင်ကြားရသည်။

ပဏာမအဆင့်တို့သည် တိုက်ချိုဗျမ် လေ့ကျင့်သောအခါ အန္တရာယ်မဖြစ်အောင် လွယ်ကူအောင် ကြိုတင်ပြင်ဆင်ပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အဘိညာဉ်စက်များ တစ်လျှောက်သို့ ချိုစွမ်းအင်များ စီးဝင်သွားသောအခါ အပိတ်အဆို့ မဖြစ်စေရန်နှင့် ချိုစွမ်းအင်သည် အဘိညာဉ်စက်အားလုံးကို အမှားအယွင်းမရှိ စနစ်တကျ စီးဝင်ပျံ့နှံ့စေရန်ဖြစ်သည်။

ပဏာမကျင့်စဉ်၏ ပထမအဆင့်မှာ တောက်ဒဿနလာ မဟာဘုတ်ကြီး (၅)ပါး ဖြစ်သော ပထဝီ မြေဓာတ်၊ အာပေါ ရေဓာတ်၊ တေဇော မီးဓာတ်နှင့် သမ်းဓာတ်တို့သည်

ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်း အားလုံးတို့တွင် ညီညွတ်မျှတနေအောင် လှုပ်ရှားကျင့်ကြံရသည်။ အထူးသဖြင့် ခြေလက်အင်္ဂါတို့ရှိ မဟာဘုတ်မာတ်ကြီး (၅)ပါးကို သမမျှတကြံ့ခိုင်စေရန် ဖြစ်သည်။

ဒုတိယအဆင့်မှာ လက်လှုပ်ရှားမှုဖြင့် လည်းကောင်း၊ မိမိအသံစွမ်းအင်ကို အသုံးချခြင်းဖြင့် လည်းကောင်း ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများကို အေးငြိမ်းအောင် လေ့ကျင့်ခြင်း ဖြစ်သည်။ အသံစွမ်းအင်ဆိုရာတွင် အသံထုတ် ရွတ်ဆိုရသော မန္တန်များ အပါအဝင် ဂန္ဓာရီသဘောသက်ဝင်သော အသံများ –

ဥပမာဂီတသံများ၊ သဘာဝအသံများကိုထုတ်လုပ်ခြင်း၊ နားဖြင့်ခံယူခြင်း၊ စိတ်ဖြင့် စုပ်ယူခြင်း စသည်တို့ပါဝင်သည်။ ဒုတိယအဆင့်လေ့ကျင့်ခန်း အောင်မြင်လျှင် အစာကြေသည်။ အာရုံကြောများ ထက်မြက်လာသည်၊ အပင်ပန်းခံနိုင်သည်၊ အတွင်းအားကောင်းလာမည်။ တတိယအဆင့်တွင် ချက်တိုင်အောက် ၃လက်မခန့်တွင်ရှိသော ချီခေါ် အတွင်းအားကို ခြေလက်အင်္ဂါများနှင့် ခန္ဓာကိုယ် တစ်ကိုယ်လုံးသို့ ဖြန့်ချိရန် ဖြစ်သည်။

တတိယအဆင့် အောင်မြင်ပါက အတွင်းအားများ သိသိသာသာ တိုးတက်လာပြီး ရောဂါကင်းကင်းဖြင့် အသက်ရှည်လာမည်။ စတုတ္ထအဆင့်ကို ချီကုန်းသံချပ်ဝတ်ဆင်ခြင်း လေ့ကျင့်ခန်းဟု ခေါ်သည်။ တစ်ကိုယ်လုံးသို့ ပျံ့နှံ့နေသော ချီအတွင်းအားသည် ခိုင်မာတောင့်တင်းလာပြီး ခန္ဓာကိုယ်အပေါ်လွှာသို့ ထွက်လာကာ ဓား၊ လှံလက်နက်များ မထိုးဖောက်သော အဆင့်ရောက်ရှိလာမည်။

ပဉ္စမအဆင့်ကို တိုက်ချိကုန်းကျင့်စဉ်ဟု ခေါ်သည်။ ခန္ဓာကိုယ်အတွင်းအပြင် အားလုံးသို့ ချိအတွင်းအားများကို လိုအပ်သလို လှည့်လည်ခိုင်းခြင်း ဖြစ်သည်။ ဤအဆင့်သည် တိုက်ချိချွမ်သိုင်းနှင့် တိုက်ချိချွမ် ဘာဝနာ၏ အခြေခံ အုတ်မြစ်ဖြစ်သည်။

ဆဋ္ဌမအဆင့်ကို ကွန်ဖူးလက်ငါးချောင်းဟု ခေါ်သည်။ ခန္ဓာကိုယ်အတွင်းရှိ ကြွက်သားများ၊ အကြောမကြီးနှင့် နောက်ဆုံးတွင် လက်ချောင်း (၅) ချောင်းအထိ ချိအတွင်းအားကို ရောက်စေသော လေ့ကျင့်ခန်းဖြစ်သည်။ သတ္တမအဆင့်ကို ဖိုမကွန်ဖူးဟု ခေါ်သည်။ ချိအတွင်းအားသည် ခန္ဓာကိုယ် အောက်ပိုင်းရှိ အဘိညာဉ်စက်များမှနေ၍ အပေါ်ဆုံးငယ်ထိပ်ရှိ စက်အထိ စီးဝင်လှည့်လည်ရမည် ဖြစ်သည်။ အောက်ပိုင်းရှိ စက်မှာ မြေးညောင်ရိုးထိပ်တွင်ရှိပြီး မျိုးဆက်စွမ်းအင်ကို ပေးရာတွင် လိင်အင်္ဂါများနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။

ချိသည် ယင်းစက်မှနေ၍ အထက်စက်သို့ တက်သွားရမည့်အစား မတက်နိုင်ဘဲ ယင်းစက်တွင် သောင်တင်နေပါက မလိုလားအပ်သော လိင်စိတ်နိုးကြားမှုများ လွန်ကဲပြင်းထန်စွာ ပေါ်လာတတ်သည်။ တစ်ဖန် ဤစက်စွမ်းအား ညံ့ဖျင်းနေလျှင်လည်း ချိစွမ်းအင်များသည် ယိုဖိတ်ပြီး အချည်းနှီး ဖြစ်နိုင်သည်။

ထို့ကြောင့် အောက်ပိုင်းရှိ ချက္ကရခေါ် အဘိညာဉ်စက်များမှနေ၍ ချိစွမ်းအင်သည် အယိုအဖိတ်မရှိ အထက်စက်များသို့ တက်လှမ်းနိုင်ရန်အတွက် အောက်ပိုင်းစက်များကို

ထိန်းမတ် ကြံ့ခိုင်စေသော လေ့ကျင့်ခန်း ဖြစ်သည်။ ထို့ကြောင့် သတ္တမအဆင့် ကျင့်မည့် သာဝကသည် မေထုန်မှုကို ရှောင်ရှားသော ဗြဟ္မစာရီအကျင့်ကို ကျင့်ရမည်။ ဤသတ္တမ အဆင့်ကို အောင်မြင်ပြီးသူသာလျှင် တိုက်ချိုးမှ ဘာဝနာကို ကျင့်ကြံ အားထုတ်နိုင်မည်။

'တပည့်အသင့်ဖြစ်လျှင် ဆရာ လာပါလိမ့်မည်' ဟု ဂန္ဓာရီနိုတိရှိသည်။ မဟာဂန္ဓာရီ ထွက်ရပ်လမ်းကို တက်လှမ်းလိုသော သာဝကသည် ဤပဏာမ ကျင့်စဉ် (၇)ဆင့်ကို အောင်မြင်အောင် ဦးစွာကျင့်ကြံပါက ရှမ်ဗဲလားမှ တောက်ဆရာရှင်တို့သည် သာဝက လောင်းထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမည် မလွဲဟု တရုတ်မဟာဂန္ဓာရီဆရာရှင်တို့က မိန့်ကြားထားလေသည်။



ဒိန္နိယ မဟာဂန္ဓာရီ

မဟာဂန္ဓာရီပညာအရ ကမ္ဘာပေါ်တွင် ပင်မလူမျိုးနွယ်ကြီး (၃)မျိုး ပေါ်ထွန်းခဲ့သည်။ အသားမည်းသော ပထမလူမျိုးနွယ်၊ အသားဝါ၊ အသားနီသော ဒုတိယလူမျိုးနွယ်၊ အသားဖြူသော တတိယလူမျိုးနွယ်ဟူ၍ (၃)မျိုးဖြစ်သည်။

ပထမပင်မလူမျိုးနွယ်ကို လမူရီယဟုခေါ်၍ အာဖရိကတိုက်နှင့် ဩစတြေးလျှတွင် ပေါ်ပေါက်ခဲ့သည်။ ဒုတိယပင်မ လူမျိုးနွယ်မှာ သမုဒ္ဒရာအောက် နစ်မြုပ်သွားသော အတ္တလန္တိတ်တိုက်သားများ ဖြစ်သည်။ တတိယပင်မ လူမျိုးနွယ်မှာ ရှမ်ဗဲလားတွင် အခြေစိုက်ပြီး ကမ္ဘာပေါ်တွင် ပျံ့နှံ့သွားသော အာရ်ယန်ပင်မမျိုးနွယ်ဖြစ်သည်။

အတ္တလန္တိတ်တိုက်ကြီး ရေအောက်သို့ နစ်မြုပ်သွားသောအခါ ထွက်ပြေးလွတ်မြောက်သွားသူများနှင့် ကနဦးကပင် ပျံ့နှံ့သွားခဲ့သော အတ္တလန္တိတ်တိုက်သားများသည် ယခုအခါတွင် ကမ္ဘာအရှေ့ဖျားဒေသများဖြစ်သော တရုတ်၊ မွန်ဂိုလီးယား၊ ကိုရီးယား၊ ရုရှပြည်နယ်အချို့နှင့် ဂျပန်စသော မွန်ဂိုနွယ်များ ဖြစ်ကြသည်။ အနောက်ဘက် ကမ္ဘာတွင် အမေရိကတိုက်ဌာနေ လူရိုင်းနီများ၊ တောင်အမေရိကတိုက်သားများနှင့် ဩစတြေးယား တိုင်းရင်းသားများဖြစ်ကြသည်။

ရှေးကျသော ပင်မလူမျိုးနွယ်များ တိမ်ကောသွားသောအခါ အာရ်ယန်ပင်မလူမျိုးနွယ်ကို ဘီစီ ၄၅၀၀၀ ခန့်တွင် ရှမ်ဗဲလားတွင် ပြုစုပျိုးထောင်ခဲ့သည်။ ရေအောက်ရောက်အဲ့ဆဲဆဲ အတ္တလန္တိတ်တိုက်သားများထဲမှ အတော်ဆုံး၊ အကောင်းစုံး 'မျိုးသန့်'များကို သဒ္ဓမ္မသူတော်စင်အဖွဲ့မှ ရှေ့ဆောင်ပြီး အာရေဗျပင်လယ်ကို ဖြတ်ကာ အာရပ်လောကမှတစ်ဆင့် အာရ္ယကုန်းတွင်းပိုင်းသို့ ဝင်ရောက်လာပြီး ထိုစဉ်က ပင်လယ်ဖြစ်သော 'ဂိုဘီ'အရပ်သို့ စခန်းချသည်။

ယခုအခါတွင် သဲကန္တာရဖြစ်ပြီး တရုတ်ပြည်အနောက်ပိုင်း စင်ကျန်းယ်မြေ၊ ခွန်လွန်တောင်၏ မြောက်ဘက်၊ မွန်ဂိုလီးယား၏ အနောက်တောင်ဘက်ရှိ ဂိုဘီသဲကန္တာရသို့ ရောက်လာခြင်းဖြစ်သည်။ ယင်းအရပ်သည် ရှမ်ဗဲလား၊ခေါ် သုခဝတီမြို့တော်တွင် ဌာနချုပ် ပြုလုပ်ထားသော သဒ္ဓမ္မသူတော်စင်အပွဲ့၏ တည်ရာလည်း ဖြစ်သည်။

ရှမ်ဗဲလားတွင် အာရ်ယန်မျိုးနွယ်၏ အမြုတေများကို အဘက်ဘက်မှ ပြုစုပျိုးထောင်ပြီး တစ်နေ့တခြား ကြီးမားများပြားလာရာ ဘီစီ ၄၀၀၀၀ ခန့်တွင် ရှမ်ဗဲလားအနီးနှင့် အရှေ့ဘက်ရှိ မွန်ဂိုလီးယား၊ ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဗာလီကျွန်းစုများအထိ အာရ်ယန်များ နယ်ပယ်သစ် ချဲ့ထွင်ရောက်ရှိသွားသည်။ ယင်းသို့ ရောက်ရှိရာ တိုင်းပြည်များမှ တိုင်းရင်းသားများနှင့်လည်း သွေးနှောသွားကြသည်။

ဘီစီ ၄၀၀၀၀ ခန့်တွင် အာရှအရှေ့ဘက် တစ်လွှားသို့ ပြန့်နှံ့သွေးနှောသွားပြီးနောက် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော အာရ်ယန်လူမျိုးနွယ်ကြီးသည် တစ်သုတ်ပြီး တစ်သုတ် အနောက်ဘက်သို့ နယ်ပယ်သစ်များ ချဲ့ထွင်ပြီး ထွက်ခွာသွားကြရာ တစ်ကမ္ဘာလုံးသို့ ပြန့်နှံ့သွားလေသည်။ အာရ်ယန် ပင်မလူမျိုးနွယ်ကြီး၏ ဒုတိယ နွယ်ဖွားများသည် ဘီစီ ၄၀၀၀၀ တွင် အနောက်ဘက်သို့ ခရီးဆန့်ခဲ့ရာ အာရပ်၊ ပါရှား (ယခု အီရန်)နှင့် ယင်းမှတစ်ဆင့် အာဖရိကတိုက်သို့ ရောက်ရှိသွားသည်။

တတိယနွယ်ဖွားများသည် ဘီစီ ၃၀၀၀၀ ခန့်တွင် အနောက်ဘက်သို့ ထွက်ခွာလာရာ အာရှအနောက်ပိုင်းနှင့် ပါရှား (ယခု အီရန်)သို့ ရောက်ပြီး နောင်အခါတွင် ပါရှားလက်နက်နိုင်ငံကြီးကို တည်ထောင်သည်။ စတုတ္ထမျိုးနွယ်ဖွားများသည် ဘီစီ ၂၀၀၀၀ ခန့်တွင် အနောက်ဘက်ရှိ ကော့ကေးရပ်တောင်တန်းများမှ တစ်ဆင့် ထွက်ခွာလာရာ ဂျော်ဂျီယား၊ အာမေးနီးယား၊ ခေါမ၊ အယ်ဘေးနီးယား၊ အီတလီသို့ ရောက်ရှိပြီး ယင်းမှတစ်ဖန် တောင်အမေရိကနှင့် ဗဟိုအမေရိက၊ မက္ကစီကိုသို့ ရောက်ရှိသွားသည်။

ပဉ္စမမျိုးနွယ်ဖွားများသည် ဘီစီ ၂၀၀၀၀ ခန့်တွင် အနောက်မြောက်လမ်းကြောင်းအတိုင်း ရှရှပြည်မြောက်ဖျားမှပတ်ပြီး ကရိရှား၊ ဆားဗီးယား၊ ဟော့စနီးယား၊ ဂျာမန်၊ ဩစတြီးယားသို့ ရောက်ရှိသွားပြီး ကျူတောနစ်အနွယ်ဟု ခေါ်သည်။ အာရ်ယန်ပင်မလူမျိုးနွယ်ကြီး၏ မူလမျိုးနွယ်စုလည်း ဖြစ်၏။ ပထမမျိုးနွယ်ဖွားဟုလည်း ခေါ်နိုင်သော အာရ်ယန်မျိုးနွယ်ဖွားများသည် အိန္ဒိယပြည်မြောက်ဖျား အိန္ဒူမြစ်အထက်ပိုင်း ယခု ပါကစ္စတန်နယ်စပ်မှ လည်းကောင်း၊ ထိုစဉ်က အိန္ဒိယပြည်တွင် ရှိနေနှင့်ပြီးသော လူမျိုးများမှာ အသားမည်း လမူရီယံမျိုးနွယ်ဝင် နီဂရစ်တိုများ၊ အသားနီ အတ္တလန္တိတ်တိုက်သားနွယ်ဝင် ဒရဗီယန်များ နေထိုင်ကြသည်။

လူမျိုးနွယ်အားဖြင့် ရှေးကျသော၊ ယဉ်ကျေးမှုနိမ့်သော တိုင်းရင်းသားများဖြစ်သည်။ နတ်ကိုးကွယ်ကြသည်။ လူသတ်၍ ယဇ်ပူဇော်ကြသည်။ တိရစ္ဆာန်ကို သတ်၍လည်း ယဇ်ပူဇော်ကြသည်။ အတ္တလန္တိတ်တိုက်မှ ထွန်းကားခဲ့သော မှော်ပညာများလည်း ခေတ်စားသည်။ တိုင်းပြည်နယ်ပယ် အုပ်ချုပ်သူများသည် မှော်ပညာရှင်များ ဖြစ်ကြသည်။ (သို့

မဟုတ်) မှော်ပညာရှင်များကို မင်းဆရာအဖြစ် တင်ထားသည်။

အတွေးအခေါ်၊ ဒဿနနှင့် ဘာသာရေး ယဉ်ကျေးမှု မရှိသလောက်နည်းပါးသည်။ လူအများသည် ကာမဂုဏ်အာရုံ လိုက်စားမှုတွင် မရောင့်ရဲနိုင်ကြ၊ ယင်း ဒရဗီယန်တို့၏ အကြီးချုပ်မှာ ဒဿဂီရိဟု ကျော်ကြားသော ရာဝဏဖြစ်သည်။ အာရ်ယန်မျိုးနွယ်ဖွားများသည် နယ်ပယ်ချဲ့ထွင်သောအခါ သဒ္ဒမသူတော်စင် ရှေ့ဆောင်များက ဦးဆောင်ကြီးကြပ်၍ စနစ်တကျ ထွက်ခွာသည်။ ရောက်ရှိသော နေရာတွင်လည်း အာရ်ယန်တို့၏ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် မဟာဂန္ဓာရီပညာများကို တာဝန်ယူ၍ ဖြန့်ဖြူးပေးသည်။

အိန္ဒိယပြည်တွင်းသို့ ဝင်ရောက်လာသော အာရ်ယန်မျိုးနွယ်စုများကိုလည်း သဒ္ဒမသူတော်စင်အဖွဲ့မှ လူမျိုးတည်ထောင်မှု၊ တိုင်းပြည်ဖွဲ့စည်းမှုကို တာဝန်ယူရသော မနုမင်းက ကြီးကြပ်ကွပ်ကဲ၍ ဝင်ရောက်လာခြင်း ဖြစ်သည်။ နောင်အခါ မနုကို မဟာသမ္မတ မနုမင်း ဟု သမိုင်းတွင် ဖော်ပြကြသည်။ ယဉ်ကျေးမှု၊ အသိဉာဏ်နှင့် ဘာသာရေးဒဿနများ ဖြန့်ဖြူးရေးကိစ္စကို မဟာဂုရုက တာဝန်ယူရသည်။ သဒ္ဒမသူတော်စင်အဖွဲ့တွင် ဌာနခွဲ (၇)ခု ခွဲ၍ထားရာ ဒုတိယဌာနဖြစ်သော ဘာသာရေးနှင့် မဟာဂန္ဓာရီပညာပြန့်ပွားရေးကို တာဝန်ယူရသော ပုဂ္ဂိုလ်မှာ မဟာဂုရုဖြစ်သည်။

အိန္ဒိယပြည်တွင်းသို့ မြောက်ဘက်မှ ဝင်ရောက်လာသောအခါ ဌာနတိုင်းရင်းသားများဖြစ်သော ဒရဗီယန်များက ခုခံတွန်းလှန်ကြသည်။ မနုမင်းနှင့် မဟာဂုရု အမှူးပြုသော အာရ်ယန်များက မည်မျှပင် စည်းရုံးသိမ်းသွင်းစေကာမူ ဒရဗီယန် တိုင်းရင်းသားများက အဝင်မခံဘဲ စစ်ပြုကြသောအခါ အာရ်ယန်နှင့် ဒရဗီယန်တို့နှစ်ဖက် စစ်ပွဲကြီးများ အကြိုးအကျယ် တိုက်ကြသည်။

အာရ်ယန်တို့ဘက်မှ မဟာဂုရုသည် ဗျာသရသေ့အဖြစ် တရားရေး၊ ပညာရေး ဦးဆောင်၍ မနုမင်းဖြစ်သော ရာမမင်းသားက အုပ်ချုပ်ရေး၊ စစ်ရေးကို ဦးဆောင်သည်။ ဒရဗီယန်များဘက်မှ ရာဝဏခေါ် ဒဿဂီရိက ဦးဆောင်၍ စစ်ပြိုင်ရခြင်းဖြစ်သည်။ နောင်အခါတွင် ဤစစ်ပွဲကို ရာမယနတ်အဖြစ် သရုပ်တင်ရေးသားကြသည်။ စင်စစ်အားဖြင့် ဤစစ်ပွဲသည် အရိုင်းနှင့် အယဉ်ဖြစ်သော စစ်ပွဲ၊ နိမ့်ကျမှုနှင့် တိုးတက်မှုစစ်ပွဲ၊ ဓမ္မနှင့် အဓမ္မတို့ စစ်ပွဲဖြစ်သည်။

အောက်လမ်းမှော်ဆရာ ရာဝဏနှင့် မဟာဂန္ဓာရီပညာရှင် ရာမတို့၏ ပညာပွဲဖြစ်သည်။ ဤစစ်ပွဲတွင် လူအချင်းချင်းသာ တိုက်ကြသည် မဟုတ်သေး။ လောင်မီးများ၊ မိုးကြိုးစက်များ၊ မုန်တိုင်းများ စသော မဟာဂန္ဓာရီပညာကို အသုံးပြုသော ပညာစစ်ပွဲကြီးလည်း ဖြစ်သည်။ တစ်နည်းအားဖြင့် အိန္ဒိယပြည်သည် မှော်ဆရာလူရိုင်းတို့၏ လက်အောက်ကျမည်လော၊ သူတော်စင်ဂန္ဓာရီပညာရှင်များထံ ခိုလှုံမည်လောဟူသော အိန္ဒိယပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် စစ်ပွဲကြီးဖြစ်သည်။

ဤစစ်ပွဲကြီးတွင် အဓမ္မဝါဒီ ရာဝဏတို့ဘက်မှရှုံးပြီး ဓမ္မဝါဒီများဘက်မှ အနိုင်ရ၍သာ နောင်အခါတွင် အိန္ဒိယပြည်သည် ဒဿနများထွန်းကားရာ၊ ဘာသာယဉ်ကျေးမှု

များပေါ်ပေါက်ရာ၊ နက္ခတ္တပညာ၊ သချိုင်းပညာ၊ ဆေးပညာ၊ ဂီတပညာစသော ယဉ်ကျေးမှုများကို တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဟိန္ဒူကဗျာဝိဒူဝါမိကီက –

'ရာမသည် လောက၏ အရှင်သခင် ဖြစ်သည်၊ လူလောကဝိညာဉ်၏ အရှင်ဖြစ်သည်၊ လက်အောက်ခံ ပြည်သူပြည်သား‌တို့၏ မိဘဖြစ်သည်၊ လူအပေါင်း၏ မေတ္တာကို ခံယူရရှိသူဖြစ်သည်၊ ရာမသည် လူသားအားလုံးကို မေတ္တာနှောင်ကြိုးနဲ့ နှောင်ထားသူ ဖြစ်သည်' ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ရာမသည် သဘာဝ၏လှို့ဝှက်ချက်များကိုသိသော မဟာဂန္ဓာရီပညာရှင်၊ ရန်သူကို တိုက်ရာတွင် ဂါထာမန္တန်တွေ အဆောင်တွေကို အသုံးပြု၍ နှိမ်နင်းနိုင်သူ၊ ရာဝဏလို မှော်ဆရာအဓိပတိကို အောင်နိုင်ပြီး သီရိလင်္ကာကျွန်းကိုပင် ပိုင်သသူဖြစ်သည်။ သို့သော် ရာမအမှုးရှိသော အာရ်ယန်တို့သည် ဓမ္မဝါဒီများဖြစ်ကြရာ အာရ်ယန်များ မဝင်ရောက်မိ ဒရဗီယန်များ လက်ထက်က လွှမ်းမိုးနေသော လူသတ်၍ ယဇ်ပူဇော်မှုကို ပိတ်ပင်ခဲ့သည်။

လူအချင်းချင်း ကျွန်ပြုမှုကို ပယ်ဖျောက်စေခဲ့သည်။ ရှုံးသူကို နိုင်သူက အပေါ်စီးယူမှုကို ပယ်ရှားခဲ့သည်။ အမျိုးသမီးများအား ဖိနှိပ်မှုကို ပယ်၍ အမျိုးသမီးများအား လေးစားဖွယ် အဆင့်သို့ ရောက်ရှိစေခဲ့သည်။ လူကြီးမိဘ ဘိုးဘွားများကို ရိုသေလေးစား အလေးထားမှုကို အရေးပေးခဲ့သည်။ အထူးသဖြင့် မိစ္ဆာနတ်များ ကိုးကွယ်မှုကို ပယ်ဖျောက်စေခဲ့သည်။

လောကီနှင့် လုံးဝမသက်ဆိုင်သော လောကုတ္တရာဘုရား၊ အမည်မဲ့သောဘုရား၊ ပုံသဏ္ဌာန်မရှိသော၊ အကြွင်းမဲ့ဉဿုံလုံးစုံမှန်ကန်သော သစ္စာတရားတို့ဖြင့်ပြီးသော အမတဘုရားကို ကိုးကွယ်ရန် မဟာဂုရုနှင့် ပူးပေါင်း၍ အရိယာဝါတပြည်ကြီးကို တည်ထောင်ခဲ့သည်။ အာရ်ယန်တို့ ဝင်ရောက်လာပြီး အိန္ဒိယပြည် မြောက်ပိုင်းကို အရိယာဝါတပြည်ဟု ရေးက ခေါ်ခဲ့သည်။

ရာမမင်းသားဘဝကို ယူဆောင်ထားသော မနုမင်းသည် လူ့လောကကောင်းကျိုးအတွက် ဆောင်ရွက်ရာတွင် အဓမ္မဝါဒီတို့ လွှမ်းမိုးရာမှ ဓမ္မဝါဒီတို့ လွှမ်းမိုးရာ တိုင်းပြည်အဖြစ် ကြီးပမ်းခြင်းကို ရာမယနဇာတ်တော်ဖြင့် သရုပ်တင်သည်။ ကမ္ဘာပေါ်တွင် ပထမဆုံး အာကာသတစ်ခွင်လုံးကို ၁၂ ရာသီစက်ဖွဲ့၍ ၁၂ လအတွင်း နေသွားလမ်းကြောင်းခရီးစဉ်ကို ရာမမင်းသားက ဖော်ထုတ်ခဲ့သည်။

အီဂျစ်နှင့် အာရပ်တို့က ၁၂ ရာသီခွင်ကို စတင်တီထွင် တွေ့ရှိသည်ဆိုသည်မှာ အီဂျစ်နှင့်အာရပ်သို့ အိန္ဒိယမှ မနုမင်းနှင့်မဟာဂုရုတို့သည် ယင်းတိုင်းပြည်များရှိ တိုင်းရင်းသားများအား အာရ်ယန်ယဉ်ကျေးမှု ဖြန့်ဖြူးရန်အတွက် အိန္ဒိယမှ အာရ်ယန်ယဉ်ကျေးမှုများကို ယူဆောင်ဖြန့်ဖြူးပေးသောကြောင့် ဖြစ်သည်။ ယင်းသို့ အိန္ဒိယမှတစ်ဆင့်ရရှိသော အာရ်ယန်ယဉ်ကျေးမှုဖြစ်သော နက္ခတ်ပညာ၊ ဆေးပညာစသည်တို့သည် ထိုတိုင်းပြည်များသို့ ရောက်ရှိပြီး ထပ်ဆင့် ပြန့်ပွားခြင်းကို မသိသူများက အီဂျစ်နှင့် အာရပ်တို့က နက္ခတ်ပညာ၊ သချိုင်းပညာများကို စတင်တွေ့ရှိခဲ့သည်ဟု ယူဆကြခြင်းဖြစ်သည်။

အိန္ဒိယပြည်သို့ အာရ်ယန်ယဉ်ကျေးမှုနှင့် အယူဝါဒများ ဝင်ရောက်လာသောအခါ အိန္ဒိယ ယဉ်ကျေးမှုအဖြစ် မဟာဘာရတကျမ်းတွင် မှတ်တမ်းတင်သည်။ မဟာဘာရတသည် အိန္ဒိယပြည်၏ သမိုင်း၊ အိန္ဒိယလူမျိုးတို့၏ ရေသောက်မြစ်ဖြစ်သည်။ အာရ်ယန်တို့ အိန္ဒိယပြည်တွင်းသို့ ရောက်သောအခါ ဝေဒ (၄)ကျမ်း ပေါ်ထွက်လာသည်။ ဝေဒသည် အာရ်ယန်ခေတ်ဦး ကိုးကွယ်မှုဘာသာဖြစ်သည်။ ယင်းမဟာဘာရတနှင့် ဝေဒ (၄)ကျမ်းကို ရေးသားသူများမှာ 'ဗျာဆ'ရသေ့ကြီးဖြစ်သည်ဟု ဟိန္ဒူကျမ်းဂန်များတွင် ဆိုသည်။

စင်စစ်အားဖြင့် မဟာဂုရုသည် ဗျာဆရသေ့ကြီးအဖြစ် ဝင်စားပြီး အိန္ဒိယပြည်အား ကိုးကွယ်ရန်ဘာသာအဖြစ် ဝေဒ (၄)ကျမ်းကို စီရင်ခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယ စာပေသမိုင်းတွင် ဗျာဆအမည်ရှိ ရသေ့ပေါင်း ၂၈ဦး ရှိသည်ဟု ဆိုသည်။ အမည်တူ ပေါများလှသော အိန္ဒိယပြည်တွင် ဗျာဆအမည်ခေါ်တွင်သော ရသေ့များ တစ်ဦးမက ရှိမည်မှာ သဘာဝကျလှသည်။

တစ်ဖန်ဗျာဆရသေ့ကြီးသည် ထိပ်တန်းစွာန်အဘိညာဉ်ရသော မဟာဂုရု ဝင်စားသူဖြစ်ရာ ရုပ်ခန္ဓာများ ပြောင်းလဲသွားသော်လည်း မူလအမည် ဗျာဆကိုပင် ဆက်လက်အသုံးပြု၍ အာရ်ယန်ယဉ်ကျေးမှုနှင့် ဒဿနများကို ဘဝစဉ်ဆက် ဖြန့်ဖြူးခဲ့သည်ဟု ယူဆနိုင်သည်။ ရာမမင်းသားက လူ့အဖွဲ့အစည်းကို လည်းကောင်း၊ မဟာဂုရုက ဒဿနနှင့် ဘာသာရေးကိုလည်းကောင်း တာဝန်ယူ ဆောင်ရွက်သကဲ့သို့ပင် မဟာဂန္ဓာရီ ပညာရပ်များကို လိုက်စားရန်အတွက် သာဝကကျင့်စဉ်နှင့် ယောဂကျင့်စဉ် ပညာရပ်များကို ခရစ်ရှနားက တာဝန်ယူ ဆောင်ရွက်ရသည်။

ခရစ်ရှနားသည် အရိမေတ္တာယျပင်ဖြစ်သည်ဟု အန္တေဝါသိကဝါဒီတို့က ယုံကြည်ကြသည်။ ဝေဒကျမ်းများမှာ အာရ်ယန်ယဉ်ကျေးမှု၏ အနှစ်သာရဖြစ်သကဲ့သို့ အိန္ဒိယပြည် ဟိန္ဒူလူမျိုးတို့၏ ဟိန္ဒူဘာသာရေးကျမ်းဂန်လည်း ဖြစ်သည်။ ဟိန္ဒူလူမျိုးတို့၏ ယဉ်ကျေးမှုအားလုံးတို့၏ အမြုတေလည်းဖြစ်သည်။ ထို့အပြင် အပေါ်ယံဥပသကာ ဒေသနာနည်းဖြင့် ကြည့်မြင်သကဲ့သို့ပင် လျှို့ဝှက်သော အန္တေဝါသိကနည်းဖြင့်လည်း လေ့လာသုံးသပ်နိုင်သည်။

အန္တေဝါသိကရှုထောင့်မှ ကြည့်ပါက ဝေဒကျမ်းများသည် မဟာဂန္ဓာရီပညာဘဏ္ဍာသိုက်ကြီးဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အိန္ဒိယပြည်၏ အထင်ရှားအကျော်ကြားဆုံး မဟာဂန္ဓာရီပညာရှင်ဖြစ်သော ရှရီချန်ကာချာရီးယားသည် ဥပသကာ ဒေသနာအရ ဝေဒန္တဒဿနကိုဏ်း တည်ထောင်သူလည်းဖြစ်သည်။ ဥပနိသျကျမ်းပြုပုဂ္ဂိုလ်လည်းဖြစ်သည်။

ဝေဒကျမ်းများသည် အန္တေဝါသိကနည်းဖြင့် နားလည် ခက်ခဲသောကြောင့် ဝေဒကျမ်းများကို ဖွင့်ကြရသည်။ ဥပနိသျကျမ်းများသည် ဝေဒကျမ်းလာ မဟာဂန္ဓာရီ ပညာရပ်များကို ဖွင့်ဆိုခြင်းပင် ဖြစ်သည်။ ချန်ကာချာရီးယားသည် ဝေဒကျမ်းအဖွင့် ဥပနိသျကျမ်းများကို ပြုစုခဲ့သူ ဖြစ်သည်။ ဥပနိသျကျမ်းပေါင်း ၁၅၀ ခန့်ရှိသော်လည်း ယခုအခါ

တွေ့ရှိနိုင်သော ကျမ်းမှာ ၂၀ခန့်သာ ရှိတော့သည်။ ယင်းကျန်ရှိသော ဥပနိသျှကျမ်းများမှာလည်း မူရင်းအစစ်မဟုတ်တော့ဘဲ ဋီကာဆရာများ၏ အာဘော်များ ပါဝင်နေသည်။

ယင်းကျမ်းများအနက် ဝေဒန္တ ဂိုဏ်းချုပ် ချန်ကာချာရီးယား၏ ဥပနိသျှကျမ်းများမှာ အန္တေဝါသိက အာဘော်များသာဖြစ်သည်။ သို့ရာတွင် အိန္ဒိယ မဟာဂန္ဓာရီစည်းမျဉ်းများမှာ များစွာတင်းကြပ်လွန်းလှပေရာ အချို့ လျှို့ဝှက်ချက်များကို အသက်နှင့်လဲ၍ ကာကွယ်ထားပြီးဖွင့်ထုတ်ခြင်း မပြုကြချေ။ ထို့အပြင် ကျန်ရစ်ခဲ့သော ကျမ်းစစ်ကျမ်းမှန်များမှာ နောင်အခါတွင် ဥပသကာဝါဒီဘာသာရေးသမားများ၊ ဆန်ညာဆီဘုန်းကြီးများ လက်တွင်းသို့ ကျရောက်သွားသောအခါ လုံးဝဖွင့်ထုတ်ခြင်း မရှိတော့ဘဲ ဝှက်ပစ်ကြသည်။

အထူးသဖြင့် ဝေဒန္တ ဂိုဏ်း ဆန်ညာဆီဘုန်းကြီးကျောင်းများရှိ ဝေဒန္တ ဆန်ညာဆီဘုန်းကြီးများသည် ချန်ကာချာရီးယား၏ ကျမ်းများ ကျန်ရှိနေသေးသည်ကို နောက်လူများအား လုံးဝအသိမပေးတော့ချေ။ ထုတ်လည်း ထုတ်မပြတော့ချေ။ ဤသို့ အန္တေသိက ကျမ်းများတွင် (၃၁)ဘုံတည်းဟူသော လောကီဘုံများ၏ ဟိုမှာဘက်တွင် အမြဲထာဝရ တည်ရှိသော အသခံတဓမ္မ၊ ယင်းဓမ္မကို ဘုရားဟု တင်စားခေါ်ဝေါ်ကြောင်း။ ယင်းဓမ္မဘုရားတည်းဟူသော ဘရာမင် (ဗြဟ္မာမဟုတ်ပါ)ဟု တင်စားခေါ်ဝေါ်သော ဓာတ်ဘုရားကြီးထဲမှ ဓာတ်ဘုရားကြီး၏ ဈာန်စိတ်ကွန့်မြူးမှုအရ ပေါ်ပေါက်လာသော ဈာန်ဘုရားများ၊ ယင်းဈာန်ဘုရားများမှာ လောကီဘုံသားများလည်း မဟုတ်၊ မူလ ဓာတ်ဘုရားကြီးလည်း မဟုတ်၊ ဓာတ်ဘုရားကြီးနှင့် လောကီတို့အကြား၌ နှစ်ဖက်စလုံးနှင့် ဆက်စပ်ဆက်သွယ်နိုင်သော ဆက်သွယ်ရေး ဘုရားများကို သက္ကတဘာသာအားဖြင့် ဒေဝါများဟု ခေါ်ကြောင်း။ (ဒေဝါကို နတ်ဘုရားဟု ဘာသာပြန်လျှင် နတ်သည် လောကီ ဘုံသားဖြစ်၍ မူလအနက်သဘောနှင့် ဆန့်ကျင်လိမ့်မည်။)

လူတိုင်းတွင် ဓမ္မဘုရားဓာတ်ဘုရားကြီး၏ ဓာတ်များ ကိန်းဝပ်နေသည်။ ယင်းဘုရားဓာတ်ကို သက္ကတဘာသာဖြင့် အတ္တမဟု ခေါ်ကြောင်း။ ယင်းအတ္တမအခေါ် ဓမ္မဝိညာဉ်ကို ခန္ဓာယာဉ်များက ဖုံးလွှမ်းထားသဖြင့် သံသရာလည်နေရကြောင်း၊ ဖုံးလွှမ်းထားသော ခန္ဓာယာဉ် ငါးပါးကို စွန့်လွှတ်နိုင်သောအချိန်တွင် မူလဓာတ်ဘုရားကြီးရှိရာ လွတ်မြောက်နယ်မြေသို့ ဓမ္မဝိညာဉ် ပြန်ရောက်ရှိနိုင်ကြောင်း။ ဤသို့ လွတ်မြောက်ရေးရရန်အတွက် ခန္ဓာယာဉ်များတွင် ကပ်ငြိနေသော ကိလေသာများကို ဆေးကြောသန့်ရှင်းရန်နှင့် ဝိညာဉ်၏ လွတ်မြောက်မှုကို ကြိုးပမ်းရာတွင် သမားရိုးကျ ဘာသာရေးနည်းလမ်းများထက် ထိရောက်စွမ်းဆောင်နိုင်သော 'နည်းပညာ'များကို ညွှန်ပြထားသည်။

ယင်းနည်းပညာများတွင် အသံ၏ စွမ်းအင်ဖြစ်သော မန္တန်ပညာ၊ ပုံသဏ္ဌာန်၏ စွမ်းအင်ဖြစ်သော မုဒြာ၊ မဏ္ဍလ၊ ယန္တရ၊ ခန္ဓာ၏ စွမ်းအင်ဖြစ်သော ကုန္တလိနီနှင့် စက္ကရများ သင်္ကေတစွမ်းအင်၊ အလင်းစွမ်းအင်၊ စိတ်စွမ်းအင်နှင့် ဝိညာဉ်စွမ်းအင်တို့အကြောင်းနှင့် ယင်းစွမ်းအင်များကို မည်သို့ရအောင် လုပ်ရမည်၊ မည်သို့ ပူးပေါင်းဆက်စပ်ပေးရမည် စသည်တို့ကို ညွှန်ကြားချက်များဖြစ်သည်။

ယင်း 'နည်းပညာ' ညွှန်ကြားချက်များကို ဆရာနှင့် တပည့် နှစ်ဦးတည်းသာ သိနိုင်အောင် သင်ကြားပေးသည်။ လျှို့ဝှက်သင်ကြားပေးသည်။ ထို့ကြောင့် ဤမဟာဂန္ဓာရီ ပညာကို သက္ကတဘာသာဖြင့် ဂုတ္ထဝိဇ္ဇာဟု ခေါ်သည်။ ဘာရာမနဝိဇ္ဇာဟုလည်း ခေါ်သည်။ အတ္တမဝိဇ္ဇာပညာဟုလည်း ခေါ်သည်။ လျှို့ဝှက်သင်ကြားအပ်သောကြောင့် ဂုတ္ထဝိဇ္ဇာပညာ၊ ဗြဟ္မဏတို့ကဲ့သို့ သန့်ရှင်းစင်ကြယ်စွာသော မြင့်မြတ်သောဘဝ၊ နေထိုင် ကျင့်သုံးမှုဖြင့်သာ ရရှိနိုင်သောကြောင့် ဘာရာမနဝိဇ္ဇာပညာ၊ ဘုရားဓာတ်၊ အသခံတဓာတ်ဖြစ်သော အတ္တမခေါ် ဝိညာဉ်ဖြင့် တတ်အပ်သောကြောင့် အတ္တမဝိဇ္ဇာပညာဟု ခေါ်ခြင်းဖြစ်သည်။

သို့ရာတွင် ဤအတ္တမဝိဇ္ဇာ ပညာရပ်များကို ဖော်ပြထားသော ကျမ်းဂန်များမှာ အလွန်ရှားပါး၊ အလွန်လျှို့ဝှက်ထားသဖြင့် အိန္ဒိယပြည်တွင် ရှာမတွေ့နိုင်အောင်ဖြစ်နေသည်။ ကုန်လွန်ခေါ် အဘိညာဉ်တန်ခိုးများ နိုးကြားလာသဖြင့် ကမ္ဘာကျော်သွားသော ဂိုပီကရစ္ဆနားခေါ် ပုဂ္ဂိုလ်ထူးအား တစ်ကမ္ဘာလုံးရှိ စိတ်ပညာပါရဂူများက အိန္ဒိယပြည်သို့ လာရောက်ပြီး သုတေသနပြုကြသည်။

ရုပ်ဝါဒီ ရှုရှစိတ်ပညာရှင်နှင့် အခြား ဆိုရှယ်လစ်တိုင်းပြည်များမှ သိပ္ပံပညာရှင်များပါ လာရောက်လေ့လာပြီးနောက် ဂိုပီကစ္ဆနား၏ ထူးခြားလှသောစွမ်းရည်များကို လေ့လာ အသိအမှတ်ပြုရသည်။ ဂိုပီကစ္ဆနားက လွန်ခဲ့သောနှစ် ၁၀၀ အတွင်းမှာ အိန္ဒိယပြည်တွင် ဆာဒူး၊ ဖကီး၊ ဆန်ညာဆီ၊ ဆွာမီ၊ ယောဂီစသော ပုဂ္ဂိုလ် ၃ သိန်းခန့် ပေါ်ပေါက်ခဲ့သည့်အနက် ပုဂ္ဂိုလ်တစ်ထောင်ခန့်သည် အတော်အသင့် သိဒ္ဓိများရှိသည်။

သို့သော် ကုန်လွန်ခေါ် နိုးကြားပြီး အဘိညာဉ်တန်ခိုးများ ရရှိသော ပုဂ္ဂိုလ်မှာ လက်တစ်ဖက်ရှိ လက်ချောင်း အရေအတွက်ထက် မပိုပါဟုဆိုသည်။ နောက်တစ်ဦးမှာ အများသိကြပြီးဖြစ်သော ပေါလ်ဘရင်တန်ဖြစ်ပါသည်။ အိန္ဒိယတစ်ခွင် ပြိုပြစင်အောင် မဟာဂန္ဓာရီ ပညာကို ရှာခဲ့သော်လည်း အောက်တန်း တန်ခိုးမျှလောက်သာရှိသောသူများကို တွေ့ရသည်။

သို့နှင့် နောက်ဆုံး မွန်ဂိုလီးယားဘုန်းတော်ကြီး တစ်ပါးနှင့် တွေ့မှသာ မဟာဂန္ဓာရီ ပညာများကို ကျေနပ်ဖွယ်ရရှိကြောင်း သူ၏ ယောဂပညာလွန် အန္တေဝါသိက ဒေသနာ ကျမ်းတွင် ဖော်ပြထားသည်။ ပေါလ်ဘရင်တန်က ဆက်လက်၍ အိန္ဒိယတွင် ကွယ်ပျောက် သလောက် ဖြစ်နေသော်လည်း အချို့သောမဟာဂန္ဓာရီပညာဆိုင်ရာ ကျမ်းများ၊ လျှို့ဝှက်စွာ ကျန်ရှိနေသေးသည်ဟု ဆိုသည်။

ထိုကျမ်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀က ရှိခဲ့သော ASH - TAVAKRA SAMHITA အာရ်တဗကရသံဟိတကျမ်း ဖြစ်သည်။ ဤကျမ်းကို ရာမာကရစ္ဆနားသည် ခေါင်းအုံးအောက်တွင်ထား၍ အိပ်သည်။ သူ့တပည့် ဝိဓေကနန္ဒနှင့် နှစ်ဦးတည်းရှိသော အခါမှ ထုတ်ပြသည်။ အခြားသာဝကတွေကို ပြဖို့နေနေသာသာ ရှိမှန်းပင် မသိစေရ။ နားရိုင်းသူများ ကြားသွားကာ လက်မခံနိုင်မည် စိုးသောကြောင့် ဖြစ်သည်။

အာရ္ဂတဗဝါကရသည် မဟာဂန္ဓာရီ ကျင့်စဉ်ဖြင့် ပေါက်မြောက်သွားသူ ပေါက် ပုဂ္ဂိုလ်ဖြစ်သည်။ ထိုစဉ်က အိန္ဒိယပြည်မြောက်ပိုင်းတွင် စိုးစံလျက်ရှိသော ဂျနကဘုရင်အတွက်

ရေးသော ကျမ်းဖြစ်သည်။ ဂျနကဘုရင်သည် လောကီထီးနန်း ကိစ္စများမြောင်နေလင့်ကစား သစ္စာတရားကို ရှာမွေလိုသူ ဖြစ်သည်။ ထို့ကြောင့် ယင်းကျမ်းနိဂုံးတွင် သူတော်စင်ဂန္ဓာရီ ပညာရှင်တွေဟာ မိမိကျောင်းသခင်မ်း၊ ဂူထဲမှာသာအောင်းပြီး တရားကျင့်နေရန်မဟုတ်၊ မိမိ ရရှိသော သိဒ္ဓိဂုဏ်ဖြင့် လူအများ၏ အကျိုးကို ဆောင်ရွက်ရမည်။ အပြင်ပန်းအမြင်အားဖြင့် သာမန်လူသားကဲ့သို့ပင် နေရမည်။ ဟိတ်ဟန်ထုတ်ပြီး ဆရာကြီးတစ်ဆူ မင်းမူနေရန် မဟုတ်။

စူဠဂန္ဓာရီပညာ ယောဂကျင့်စဉ်၊ ဘာသာရေးကျင့်စဉ်များဖြင့်သာ နှစ်သိမ့်မနေဘဲ ဒီစူဠဂန္ဓာရီနှင့် ယောဂကျင့်စဉ်တွေထက် အဆင့်မြင့်သော သစ္စာတရားနှင့် ဒဿနတွေ အကျုံးဝင်သော မဟာဂန္ဓာရီပညာကို ကျိုးစားလေ့လာရမည်ဟု မှာကြားထားသည်။ ထို့အပြင် MANDUKYA UPANISHAD ကျမ်းနောက်ဆက် တွဲကျမ်းဖြစ်သော GAUDAPADA'SKARIKA ကျမ်းတွင် ချန်ကာချာရီးယားက ယောဂကျင့်စဉ်ဖြစ်သော ဘာဝနာစခန်း ပြီးဆုံးလျှင် ဆက်လက်လေ့လာကျင့်ကြံရမယ့် စရဏဒဿနတွေ ဒီကျမ်းမှာ ပါတယ်။

ယောဂကျင့်စဉ်မှ တွေ့ရှိရသော ဂန္ဓာရီအတွေ့အကြုံတွေကို ဖွင့်ဖို့သော့ဟာ ဒီကျမ်းမှာ ပါတယ်ဟု ရေးသားခဲ့သည်။ အထက်ဖော်ပြပါ ကျမ်းများကို အိန္ဒိယယောဂီများ၊ ဆာဒူးများ၊ ဆွာမီများ၊ ဆန်ညာဆီများက မျက်ကွယ်ပြုပြီး ဒဿနနှင့် အသက်ရှူယောဂကျင့်စဉ်မျှသာ ဟောပြောကျင့်ကြံနေကြပြီး ပညာရှိ ပဏ္ဍိတ်များ၊ ဆွာမီများကလည်း အန္တေဝါသိကတရားများကို နားမလည်နိုင်ဘဲ အကောက်လွဲလျက်သာရှိသည်။

ဤပုဂ္ဂိုလ်များ ရေးသောဒဿနနှင့် ယောဂကျမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ကမ္ဘာသို့ ဖြန့်ချိလျက်ရှိရာ စာဖတ်သူများအနေဖြင့်လည်း စာရေးသူများထက် ပို၍သိခွင့်နားလည်ခွင့် မရတော့ချေ။ အပေါ်ယံကြောင့်အားဖြင့် အန္တေဝါသိက မဟာဂန္ဓာရီပညာသည် အိန္ဒိယပြည်တွင် တိမ်ကောသွားပြီဟု ထင်ရသော်လည်း အလွန်ကျစ်လျစ် သိပ်သည်းသော အန္တေဝါသိက သာဝကများက ရှမ်ဗဲလား ဆရာရှင်များ ဦးစီးသော သုဒ္ဓမမ္မမဏ္ဍလ မဟာဂန္ဓာရီဂိုဏ်းကြီးဟူသော ဘွဲ့အမည်ဖြင့် မဟာဂန္ဓာရီပညာများကို ဆက်လက်ကျင့်ကြံအားထုတ်ရင်း လောကအကျိုးကို တိတ်ဆိတ်စွာ ဆောင်ရွက်လျက်ရှိသည်။

အာရ်ယန်မဟာဂန္ဓာရီ စတင်တည်ထောင်ခြင်း

ရှမ်ဗဲလား:မှ တစ်သုတ်ပြီး တစ်သုတ် ဝင်ရောက်လာကြသော အာရ်ယန်လူမျိုးနွယ်ကြီးသည် ဘီစီ ၁၈၀၀၀မှ စတင်ဝင်ရောက်လာသည်။ ဤသို့ ဝင်ရောက်လာသောအခါ ဌာနေတိုင်းရင်းသားများဖြစ်ကြသော ဒရာဗီယန်ခေါ် အိန္ဒိယတိုင်းရင်းသားများက လက်မခံဘဲ ငြင်းဆန်ကြသည်။

ဤသို့ဖြင့် အာရ်ယန်နှင့် ဒရာဗီယန်ခေါ်တိုင်းရင်းသား အသားမည်းများသည် နှစ်ပေါင်း တစ်သောင်းကျော်မျှ အိန္ဒိယပြည်တွင် ဗိုလ်လုပွဲကြီးကို ဆင်နွှဲပြီးနောက် ဘီစီ ၄၀၀၀ခန့်တွင် လူမျိုးချင်း သွေးနှောပြီးနောက် ဟိန္ဒူအိန္ဒိယပြည်ကြီး ပေါ်ထွန်းလာသည်။ ဟိန္ဒူလူမျိုးတို့ ကိုးကွယ်ရာ ဟိန္ဒူဘာသာခေါ် ဗြဟ္မဏဘာသာမှာလည်း ထိုအချိန်မှစ၍ ပေါ်ထွန်းခဲ့ရာ ယနေ့ အိန္ဒိယ လူ့အဖွဲ့အစည်းကြီးနှင့် ဗြဟ္မဏဘာသာဟူ၍ မားမားမတ်မတ် ရပ်တည်နိုင်လာခဲ့သည်။

ဘီစီ ၁၈၀၀၀ခန့်တွင် မူလ အာရ်ယန်တို့ကို ဦးဆောင်လာသူများမှာ အိန္ဒိယအာရ်ယန် လူ့အဖွဲ့အစည်းကြီးကို စတင်တည်ထောင် စည်းလုံးခိုင်မာစွာ တည်ထောင်ခဲ့သူမှာ ရာမမင်းသားဟု နောင်အခါတွင် လူသိများသော မနုမင်းဖြစ်သည်။ ယင်းမနုမင်းကိုပင် မဟာသမ္မတ မနုမင်း၊ မနုကျယ် ဓမ္မသတ် စသည်ဖြင့် သမိုင်းဝင်ပုဂ္ဂိုလ် ဖြစ်လာသည်။ မနုမင်းတည်ထောင်ခဲ့သော အိန္ဒိယပြည်ကြီးကို ဘာသာရေး၊ ဒဿနနှင့် မဟာဂန္ဓာရီပညာများကို အုတ်မြစ်ချပေးခဲ့သူမှာ မဟာဂုရုခေါ် ဗျာဆ ရသေ့ကြီးဖြစ်သည်။

ဗျာဆရသေ့ စုဆောင်းရေးသားခဲ့သော မဟာဘာရတမှာ အိန္ဒိယဒဿန၊ အိန္ဒိယဘာသာ၊ အိန္ဒိယယဉ်ကျေးမှုတို့ ပေါ်ထွန်းရာ မူလစာစ်မြစ်သာမက အိန္ဒိယမဟာဂန္ဓာရီ၊ အာရ်ယာန် ဂန္ဓာရီ၊ ကမ္ဘာဂန္ဓာရီပညာ အာရ်ယာန်ဂန္ဓာရီ၏ မူလစာစ်မြစ်လည်းဖြစ်သည်။ အိန္ဒိယပြည်တွင် အာရ်ယန်ဂန္ဓာရီပညာများကို စတင်အခြေချစဉ်က ဗျာဆ အပါအဝင် ရသေ့ကြီး ခုနစ်ပါးတို့က ဦးဆောင်ခဲ့သည်။ ယင်း ရသေ့ကြီး ခုနစ်ပါးသည် လူပုဂ္ဂိုလ်များဖြစ်သော်လည်း စွာန်ဘုရားကြီးများ၏ နာမ်ဓာတ်ကိန်းသော ပုဂ္ဂိုလ်များဖြစ်၍ လူတစ်ပိုင်း စွာန်ဘုရားတစ်ပိုင်း ပုဂ္ဂိုလ်ဟု ဆိုမှသာ ပို၍မှန်ကန်ပေမည်။

ဤကဲ့သို့သော သာမန်လူသားထက် ထူးကဲသော ပုဂ္ဂိုလ်များ ဖြစ်၍ အလွန်ကျယ်ပြောလှသော အိန္ဒိယပြည်ကြီးတွင် အလွန်နက်နဲသော အရ်ယာန်တို့၏ ဒဿနနှင့် မဟာဂန္ဓာရီပညာကို အောင်မြင်စွာ အခြေချနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် နောင်အခါတွင် တစ်ကမ္ဘာလုံးတွင် ပေါ်ထွက်လာသမျှသော ဘာသာအယူဝါဒများနှင့် မဟာဂန္ဓာရီ ပညာရပ်များတွင် ရှန်ဗဲလား အတွေးအခေါ်နှင့် မဟာဂန္ဓာရီပညာရပ်များက လွှမ်းမိုး တွင်ကျယ်နိုင်ခဲ့ခြင်း ဖြစ်သည်။ အာရ္ဂတိုက်၊ ဥရောပတိုက်၊ အာဖရိကတိုက်၊ ဩစတြေလျတိုက်နှင့် ယနေ့ အမေရိကတိုက်များသို့ ရှမ်ဗဲလားမဟာဂန္ဓာရီပညာ အသီးသီး ရောက်ရှိသွားခြင်းမှာ

အိန္ဒိယပြည်မှ တစ်ဆင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရောက်ရှိ ပျံ့နှံ့သွားခြင်းဖြစ်သည်။

ရှမ်ဗဲလား မဟာဂန္ဓာရီယူညာ အုတ်မြစ်ချရာ အိန္ဒိယပြည်တွင် ဗျာဆရသေ့နှင့် ရာမတို့ လက်ထက်က စတင်ခဲ့သည် ဆိုသော်လည်း လူသား ဂုရုက လူသား သာဝကကို သင်ကြားပေးခဲ့ခြင်း မဟုတ်၊ ဗျာန်ဘုရားများက အကောင်းဆုံး အချွန်ဆုံးသော လူသားများကို ဂန္ဓာရီပညာ စတင်ပေးခဲ့ခြင်းဖြစ်သည်။ ယင်း ဗျာန်ဘုရားတစ်ပိုင်း လူသားတစ်ပိုင်းဖြစ်သော ဗျာဆ၊ ဝေဝဿတ ရသေ့ကြီးများ ဦးဆောင်သော ရသေ့ခုနစ်ပါးက လူသားထဲမှ အချွန်ဆုံး အဖြူစင်ဆုံး ဖြစ်သူ ခရစ်သျှနားအား ပထမဆုံး သာဝကအဖြစ် ရွေးချယ်၍ မဟာဂန္ဓာရီပညာများကို ကနဦးဆုံး သင်ကြားပေးခဲ့သည်။ ထို့ကြောင့် ခရစ်သျှနားသည် အရ်ယာန်မဟာဂန္ဓာရီပညာဖြင့် ကမ္ဘာပေါ်တွင် ပထမဦးဆုံး ပေါ်ထွန်းခဲ့သော ထွက်ရပ်ပေါက် မဟာဂန္ဓာရီပညာရှင် ဖြစ်သည်။ လူသားတို့ ပိုင်ဆိုင်သော၊ လူသားတို့ ဦးစီးဦးကိုင် ပြုသော မဟာဂန္ဓာရီဂိုဏ်းကြီးခေါ် သဒ္ဓမ္မသူတော်စင်အဖွဲ့ကြီးကို ဦးဆောင်ခဲ့သူ လူသား ဂိုဏ်းချုပ်ကြီး ဖြစ်လာခဲ့သည်။

အိန္ဒိယ မဟာဂန္ဓာရီပညာ လေ့လာရေးနှင့်ပတ်သက်၍ အိန္ဒိယရှေးဟောင်းစာပေများကို လေ့လာရာတွင် ဝေါဟာရ အခက်အခဲများ တွေ့ရသည်။ ပုဂ္ဂိုလ်တစ်ဦး၏ အမည်၊ ဘွဲ့အမည်များကို အမျိုးမျိုး ခေါ်ဝေါ် သုံးစွဲခဲ့လေ့ရှိသည်။ ခရစ်သျှနား၏ အမည်ကိုလည်း ချန်ဒိဂျုပနိသျှကျမ်းတွင် နှာယရယန်းဟူ၍လည်းကောင်း၊ ဒေဝကီသားဟူ၍လည်းကောင်း၊ နန္ဒသား ဟူ၍လည်းကောင်း ခေါ်ဝေါ် သုံးစွဲထားသည်။ ထို့အပြင် အိန္ဒိယ ရှေးဟောင်းစာပေများတွင် သမိုင်းနှင့်ဒဏ္ဍာရီများ ရောထွေးနေမှုကြောင့် သုတေသနပြုရာတွင် များစွာ အခက်အခဲများ ရှိနေကြောင်း ပညာရှင် သုတေသီများက ညည်းတွားကြသည်။ ထို့ကြောင့် ခရစ်သျှနားကို လူသားဟူ၍လည်းကောင်း၊ နတ်ဘုရားဟူ၍လည်းကောင်း၊ ဒဏ္ဍာရီလာ အမည် ဟူ၍လည်းကောင်း ရောထွေးနေသည်။

ထို့အပြင် အိန္ဒိယပြည်သားများကိုယ်တိုင်ကလည်း အလွန်များပြားသော ဘုရားများကို ကိုးကွယ်ရာမှ ခရစ်သျှနားသည် ဘုရားများအထဲတွင် ရောနှော မှေးမှိန်နေသည်။ ခရစ်သျှနား ကွန်းရှပ်စ်နက် ခေါ် ဘာသာရေးဂိုဏ်းတစ်ဂိုဏ်း မကြာသေးမီ နှစ်များအတွင်း ပေါ်ထွက်လာသောအခါ ခရစ်သျှနား၏ အမည်နာမသည် ခေါင်းပြုလာသည်။ သို့ရာတွင် ခရစ်သျှနားနှင့် မဟာဂန္ဓာရီ ဆက်နွယ်မှုကိုကား မဆက်စပ်မိကြချေ။ ကိုးကွယ်မှု ဘာသာရေးအနေဖြင့်သာလျှင် ခရစ်သျှနားကို ကိုးကွယ်ခြင်းဖြစ်သည်။ သို့သော် ခရစ်သျှနား ဦးစီးတည်ထောင်ခဲ့သော ရှမ်ဗဲလား အာရ်ယာန် မဟာဂန္ဓာရီပညာသည်ကား အလွန်ဝါသိက အိန္ဒိယ မဟာဂန္ဓာရီပညာရှင်များအတွင်း ဆက်လက်ရှင်သန် တိုးပွားနေဆဲပင် ဖြစ်သည်။

ကလိယုဂ်ခေတ်ခေါ် အမှောင်ထုဖုံးလွှမ်းသော ခေတ်အစပိုင်း ဘီစီ ၃၀၀၀ ခန့်တွင် ရှမ်ဗဲလားမှ ပုဂ္ဂိုလ်တစ်ဦးအား အိန္ဒိယပြည်တွင် မဟာဂန္ဓာရီပညာ ဖြန့်ဖြူးရန် တာဝန်ပေးအပ် စေလွှတ်လိုက်သည်။ ထိုပုဂ္ဂိုလ်မှာ အခြားသူမဟုတ်၊ ခရစ်သျှနားဖြစ်သည်။

ထိုစဉ်က အိန္ဒိယပြည်တွင် ဌာနေတိုင်းရင်းသားများနှင့် မြောက်ဘက်မှ ဝင်ရောက်လာသော အာရိယန်တို့ ဗိုလ်လုပွဲကြီး ပြီးဆုံးသွားပြီး လူမျိုးချင်း သွေးနှောသွားသောအချိန်ဖြစ်သည်။ သွေးနှောသည်ဆိုသော်လည်း တစ်ပြည်လုံး တစ်ပြေးညီ သွေးနှောခြင်း မဟုတ်၊ အာရိယန်တို့ စတင်ဝင်ရောက်သော ကနဉီး နယ်မြေမြောက်ပိုင်း အိန္ဒိယတွင် သွေးနှောမှု စတင်ခဲ့သဖြင့် မြောက်ပိုင်းတွင် သွေးနှောမှု ပိုမိုထိရောက်သည်။ တောင်ဘက်သို့ရောက်လေ သွေးနှောမှု အင်အား နည်းလေဖြစ်ရာ သွေးနှောပြီးလူမျိုးချင်း၊ အနုအရင့် အနိမ့်အမြင့်ချင်း မတူညီချေ။

အကြမ်းအားဖြင့် သွေးနှောမှု ရင့်ကျက် အသားကျပြီးသော လူမျိုးနှင့် သွေးနှောမှု နောက်ကျပြီး နသောလူမျိုးဟု နှစ်မျိုး ကွဲပြားသည်။ မြောက်ပိုင်းသားတို့သည် အသားဖြူဖြူ၊ အရပ်ရှည်ရှည်ဖြစ်ပြီး တောင်ပိုင်းသားများသည် အသားမည်းမည်း၊ အရပ် ပုပု ဖြစ်ကြသည်။ ယဉ်ကျေးမှုနှင့် ဉာဏ်ရည်ချင်းလည်း ရုပ်ခန္ဓာကိုယ် ကွာခြားသကဲ့သို့ ကွာခြားသည်။ သွေးနှောမှု ရင့်ကျက်သောအနွယ်ကို သူရိယဝံသ၊ နေမျိုးဟု ခေါ်သည်။ သွေးနှောမှု နသော ကြမ်းသော အနွယ်ကို စန္ဒဝံသ၊ လ,မျိုးဟု ခေါ်သည်။ နောင်အခါတွင် မင်းဆက်များ ကြွာညောင်းလာသောအခါ ပန္ဓဝမင်းဆက်နှင့် ကောရဝျမင်းဆက်ဟု တွင် လာသည်။ ပန္ဓဝသည် သူရိယဝံသမျိုး အာရိယန်မျိုး ဖြစ်သည်။ ကောရဝျမင်းဆက်သည် စန္ဒဝံသမျိုးဖြစ်သည်။

ကလိယုဂ်အတွင်းတွင် ရုပ်ဝတ္ထု ကာမဂုဏ်ကို မက်မောမှု အလွန်ဉာဏ် အမှောင်ထုကြီး ဖုံးလွှမ်းလာရာ အာရိယန်မျိုးနွယ်ဖြစ်သော ပန္ဓဝမင်းဆက်မျိုးနွယ်အတွင်း၌လည်း မသမာမှု၊ လောဘတိုက်မှုများ ဖြစ်ပေါ်လာခဲ့သည်။ သို့သော် ကလိယုဂ်ခေါ် အမှောင်ခေတ် ကနဉီးပိုင်းတွင် အိန္ဒိယပြည် မြောက်ပိုင်း ယမုနာမြစ်ဝှမ်းတွင် မထူရာပြည်ကြီး ပေါ်ထွန်းလာပြီး ဘုရင်ကန်စ ထီးနန်းစိုးစံသည်။ ကန်စမင်းကြီးတွင် နှမတော် ဒေဝကီ ရှိသည်။ ဒေဝကီသည် ဝါသုဒေဝမင်းသားနှင့် လက်ထပ်ထိမ်းမြား၍ သားတော် ခရစ်သျှနားကို ဖွားမြင်သည်ဟု ဗြဟ္မဏကျမ်းဂန်များတွင် ဖော်ပြသည်။ အိန္ဒိယ အဆွေဝါသိက ဝါဒီများကမူ ဒေဝကီသည် အိမ်ထောင်ပြုခြင်းမရှိ၊ အပျိုစင်ဘဝမှ ခရစ်သျှနားကို ဖွားမြင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ခရစ်တော်ကို အပျိုစင် မယ်တော်မာရီယာက ဖွားမြင်သည်ဆိုသော သဘောမျိုးပင် ဖြစ်သည်။

ဒေဝကီသည် သန့်ရှင်းနူးညံ့သော နှလုံးသားရှိသူဖြစ်၍ စွာန်ဘုရားများက ကူညီစောင့်ရှောက်သည်။ အိန္ဒိယပြည်တွင် ပထမဆုံး မနုဿဘုရားအဖြစ် ပွင့်ရမည့် ခရစ်သျှနားကို ကိုယ်ဝန်ဆောင်ရန်အတွက် အသန့်ရှင်းဆုံး အကောင်းဆုံးဖြစ်သော မိခင်လောင်းကို ရှာသောအခါ ဒေဝကီကို တွေ့ရှိခြင်းဖြစ်၍ ခရစ်သျှနားကို ကိုယ်ဝန်ဆောင်ရခြင်းဖြစ်သည်။ မထူရာပြည့်ရှင် ကန်စမင်း၏ အရိုက်အရာကို ခံယူမည့် သားတော်များ မွေးရန်ကိစ္စအတွက် ပညာရှိပုရောဟိတ်များကို မေးမြန်းသောအခါ ပုရောဟိတ်များက ကန်စမင်း၏ သားတော်များသည် ဖခမည်းတော်၏ ထီးနန်းအရိုက်အရာကို ခံယူနိုင်မည် မဟုတ်၊ နှမတော်မှမွေးသော တူတော်သာလျှင် ထီးနန်းအရိုက်အရာကို ခံယူမည်ဟု ဟောကိန်းထုတ်သည်။

မထူရာပြည်နှင့်တကွ အနီးအနား နယ်ပယ်ပြည်ထောင်များကို လက်ဝါးကြီး အုပ်ထားသူ မင်းဆိုးမင်းညစ် ကန်စမင်းသည် မိမိ၏ ထီးနန်းကို သားတော်များမှ တစ်ပါး အခြားသူများ မစိုးစံစေရ ဟူသော လောဘဖြင့် နှမတော် ဒေဝကီ၏ မဖွားမြင်ရသေးသော တူတော်ကို သုတ်သင်ရန်အတွက် ဒေဝကီကို ထောင်သွင်းအကျဉ်းထားရန် စီစဉ်သည်။ ယင်းအစီအစဉ်များကိုသိသော မဟိဒ္ဓိရသေ့အကျော် ဝေဝသတက ဒေဝကီအား ကန်စမင်း၏ ရန်စွယ်မှ လွတ်မြောက်ရာ တစ်ပါးသော ဒေသဖြစ်သည့် တောအုပ်တွင်း၌ နေထိုင်သော နန္ဒထံသို့ ပို့ပေးသည်။

နန္ဒသည် လူသူမနီး တောအုပ်ထဲတွင် နွားကျောင်းသားများ ရသေ့များနှင့် ပျော်မွေ့စွာ တောရိပ်ခိုမှီးနေသော ရသေ့သူတော်စင်ဖြစ်သည်။ ထီးနန်းမြို့ကြီးနှင့် ဝေးကွာ ချောင်ကျလှသော တောတောင်ထူထပ်ရာ အရပ်ဖြစ်၍ မင်းအာဏာစက်ဖြင့်လည်း အလှမ်းဝေးသည်။ လူသူအရောက်အပေါက်နည်းသော တောခေါင်ခေါင်ဒေသတွင် ဒေဝကီသည် အန္တရာယ်ကင်းစွာဖြင့် နန္ဒရသေ့၏အရိပ်ကိုခို၍ ကိုယ်ဝန်ကို စောင့်ရှောက်နေခဲ့ရာ အချိန်စေ့သောအခါ ခရစ်သျှနားသားတော်ကို မွေးဖွားသည်။

နန္ဒရသေ့တွင် သမီးနှစ်ယောက်ရှိသည်။ သူရဿတီနှင့် နီချိဒါလိတို့ဖြစ်သည်။ ခရစ်သျှနား ကလေးအရွယ်မှစ၍ သူရဿတီ၊ နီချိဒါလိ ညီအစ်မတို့နှင့် အတူနေ အတူကစားရင်း ကြီးပြင်းလာသည်။ ရံဖန်ရံခါ အခြားနွားကျောင်းသား သူငယ်များနှင့် ကစားသည်၊ နွားကျောင်းသည်၊ တောလိုက်သည်။

ဒေဝကီ လွတ်မြောက်သွားပြီးနောက် သားတစ်ဦး ဖွားမြင်ကြောင်းကို ကန်စဘုရင်ကြီးထံ အထောက်တော်များက သံတော်ဦးတင်သောအခါ ခရစ်သျှနားအရွယ် လူမမည်များကို တွေ့ရာသချိုင်းဓားမဆိုင်း သတ်စေသည်။ ထိုသို့ သတ်ရာတွင် မသေဘဲ ခရစ်သျှနား အသက်ရှင်စွာ ရှိနေကြောင်းကို သိရသောအခါ တစ်ဖန် ခရစ်သျှနားရွယ်တူ လူငယ်များကို သတ်စေပြန်သည်။ (မြန်မာရာဇဝင်တွင် ကျန်စစ်သားမင်းသည် အကြိမ်ကြိမ် သတ်သော်လည်း မသေသကဲ့သို့ပင် ဖြစ်သည်။) သို့သော် ဘုန်းကံပါရမီဖြင့် မွေးဖွားလာသူ ခရစ်သျှနားကို သတ်ရန်ကား မလွယ်၊ ဈာန်ဘုရားကြီးများနှင့် သမ္မာဒေဝနတ်များက ကာကွယ်စောင့်ရှောက်ထားသည်။

ခရစ်သျှနားသည် တောတွင်း မွေး၊ တောတွင်း ကြီးလာသည်နှင့်အညီ ခွန်အားဗလ ကောင်းသည်၊ ခန္ဓာကိုယ် ကြံ့ခိုင်သည်၊ သူရသတ္တိရှိသည်။ ကျားနှင့် ရင်ဆိုင်သတ်သည်။ တောတိရစ္ဆာန်များနှင့် ခွန်အားပြိုင်နိုင်သည်။ ရွယ်တူလျှင် ဗိုလ်မထားဘဲ နံပန်း လက်ဝှေ့ယှဉ်ပြိုင်သတ်ပုတ်သည်။ သို့ရာတွင် ခရစ်သျှနား၏ စိတ်နှလုံးမှာ နူးညံ့သည်၊ ဖြူစင်သည်။ မေတ္တာ ကရုဏာဓာတ်တို့ဖြင့် ပြည့်လျှမ်းသည်။ ထို့ကြောင့် အပေါင်းအသင်း သူငယ်ချင်းများက ချစ်ခင်သည်၊ လေးစားသည်။ လူငယ်တို့ဘာဝအားဖြင့် ခရစ်သျှနားသည် သူငယ်ချင်းများနှင့်အတူ သီချင်းဆိုသည်၊ ပလွေမှုတ်သည်၊ ကခုန်မြူးထူးသည်။ အတူနေ ရင်းနှီးသူ သူရဿတီနှင့် နီချိဒါလိတို့ကို သီချင်းဆို၍ ဖြေဖျော်သည်။ ပလွေသံဖြင့် ဖြေဖျော်သည်။

သူတို့ညီအစ်မက တောင်းဆိုသောအခါ ကပြသည်။ သူတို့ညီအစ်မနှစ်ဖော်အား အကာသင်ပေး ရသည်။

ဤသို့ဖြင့် ခရစ်သျှနား့နှင့် သူရဿတီတို့ ညီအစ်မသည် မောင်နှမရင်းချာကဲ့သို့ မေတ္တာဓာတ် ခိုင်မာသည်။ ညီအစ်မနှစ်ဖော်သည် ခရစ်သျှနား့၏ အနုပညာ၊ ခရစ်သျှနား့ ၏အသံ၊ ခရစ်သျှနား့၏ ရဲရင့်သော သတ္တိဂုဏ်တို့ကြောင့် မောင်နှမချစ်ထက် ပိုသော တိတ်တခိုး မေတ္တာအထိ ချစ်ခင်လာကြသည်။ သို့သော် ခရစ်သျှနား့၏ မေတ္တာသည် ဖြူစင်လှသည်။ မည်သည့် တဏှာရာဂကိုမျှ သူ၏ ဖြူစင်သော နှလုံးသားကို အစွန်းထင်း မခဲ့ချေ။

ခရစ်သျှနား့သည် ဤသို့လျှင် ပျော်ပျော်ပါးပါး နွားကျောင်းလိုက်၊ ပလွေမှုတ်လိုက် သီချင်းဆိုလိုက် တောရိုင်းတိရစ္ဆာန်များနှင့် ယှဉ်ပြိုင်သတ်ပုတ်လိုက်ဖြင့် ငယ်ငယ်ရွယ်ရွယ် နှင့် သူရဲကောင်းအဖြစ် ကျော်ကြားလာရာ အသက် ၁၅ နှစ်တွင် မိခင်ဒေဝကီသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။ အမှန်စင်စစ် ဒေဝကီသည် စွာန်ဘုရားကြီးများ၏ တာဝန်ပေးချက်အရ အာရိယန်မဟာဂန္ဓာရီပညာကို အိန္ဒိယပြည်တွင် ပထမဆုံး ချပေးမည့် ပါရမီရှင် ခရစ်သျှနား့ကို မွေးဖွားစောင့်ရှောက်ရန် တာဝန်အပ်နှင်းချက်အရ သူမ၏ တာဝန်များ ပြီးဆုံးသွားပြီဖြစ်၍ စွာန်ဘုရားကြီးများက ပြန်လည်ခေါ်ဆောင် သွားခြင်း ဖြစ်သည်။

သတ်သေလည်း မသေဘဲ တစ်နေ့တခြား ကျော်ကြားလာသော ခရစ်သျှနား့အား သုတ်သင်ရန်ကိုသာ ကန်စဘုရင်ကြီး အကြံထုတ်လျက် ရှိသည်။ ထို့ကြောင့် နန္ဒရသေ့ထံ ခရစ်သျှနား့အား နန်းတော်သို့ ပို့ရန် အမိန့်တော်ထုတ်ပြီးလျှင် ခရစ်သျှနား့အား ရထားထိန်း ခန့်အပ်ပြီး ဝေဝဿတ ရသေ့အား သုတ်သင်ရန် တာဝန်ပေးအပ်သည်။ ဝေဝဿတရှိရာ တောတောင်အတွင်းသို့ ခရစ်သျှနား့နှင့်အတူ ကန်စဘုရင် လိုက်ပါသွားပြီးနောက် ဝေဝဿတ ရသေ့ ကျောင်းအနီး ရောက်သော် ခရစ်သျှနား့အား ဝေဝဿတ ရှိရာကို ညွှန်ပြပြီး သုတ်သင်ရန် စေလွှတ်လိုက်သည်။ ခရစ်သျှနား့သည် ဝေဝဿတရသေ့ထံသို့ ရောက်သော အခါ ဝေဝဿတရသေ့၏ ကိုယ်ရောင်ခြည်ဓာတ် မိသွားပြီးလျှင် သူတော်စင်ရသေ့မှန်း သိလိုက်သည်။

ထိုအချိန်တွင် ဝေဝဿတရသေ့က "အသင် ခရစ်သျှနား့ကို အကျွန်ုပ် စောင့်မျှော် လျက်ရှိသည်။ သင်သည် သူရိယဝံသမျိုးနွယ်ကို စောင့်ရှောက်ရန် တရားအလင်းပေးနိုင် သော ဘုရားသားတော်ဖြစ်သည်။ သင်သည် ဘုရား၏အလိုတော်ကျ လူ့ပြည်သို့ရောက်ရှိ လာခြင်းဖြစ်သည်။ လာလော့ ချစ်သား" ဟု မြွက်ဆိုချိန်တွင် နောက်ကွယ်မှ ပစ်လိုက် သော ကန်စ၏ မြားတံသည် ဝေဝဿတရသေ့၏ နှလုံးသားတွင်းသို့ စူးဝင်သွားသည်။

ခရစ်သျှနား့က ထိတ်လန့်သွားရာ ဝေဝဿတရသေ့က "မထိတ်လည်း မထိတ်နှင့် ချစ်သား၊ ကန်စ၏ မြားသည် ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်သွားသော်လည်း ငါ့ဝိညာဉ်ကို မသတ်နိုင်။ ငါ၏ ဝိညာဉ်သည် ဘုရားထံသို့သာ သွားရမည်ဖြစ်သည်။ မစိုးရိမ်လင့်"

ဟုပြောရင်း လဲကျကွယ်လွန်သွားသည်။ ကန်စလည်း ဝေဝသတရသော့၏ အရိုန်ကြောင့် ကြောက်လန့်ထွက်ပြေးသည်။ ထိုစဉ်တွင် ကောင်းကင်တစ်ခုလုံး မည်းမှောင် အုံ့မှိုင်းသွားကာ မြင်ကွင်းတစ်ခုလုံး ပျောက်ကွယ်မတတ်ဖြစ်သွားသည်။ ထိုစဉ်တွင် အထက်ကောင်းကင်ယံမှ လျှပ်ပန်းလျှပ်စီးများ ဝင်းဝင်းတောက် လင်းလက်လိုက်ရာ ခရစ်သျှနားလည်း မဟန်နိုင်တော့ဘဲ ယိမ်းယိုင်သွားသည်။

သူ၏ဝိညာဉ်သည် ဝေဝဿတ၏ ဝိညာဉ်ထဲ ရောက်သွားကာ အထက် သတ္တမဘုံ အဆင့်သို့ တက်သွားသည်။ သတ္တမဘုံအဆင့်တွင် ဗျာန်ဘုရားများသာ မွေ့လျော်ကြသည်။ တောတောင်နှင့်တကွ ကမ္ဘာမြေကြီးမှာ အောက်တွင် မှေးမှိန်မှုန်ဝါး၍ ကျန်ရစ်ခဲ့သည်။ ဝေဝဿတနှင့် ခရစ်သျှနားတို့သည် ဘာကိုမျှမမြင်နိုင်တော့ဘဲ ဗျာန်ဘုရားများ ကိန်းဝပ်ရာ အလင်းသမုဒ္ဒရာတွင်းသို့ ရောက်သွားသည်။ အရပ်ဆယ်မျက်နှာတွင် အလင်းမှတစ်ပါး ဘာကိုမှ မမြင်ရချေ။ ယင်းအလင်း အာကာသကြီး၏ အလယ်တွင် ကျက်သရေ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော၊ တဝင်းဝင်းတောက်ပလျက်ရှိသော မိခင် ဒေဝကီကို တွေ့ရသည်။ ဒေဝကီသည် ရွှင်ပြုံးစွာဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းလျက် သားတော် ခရစ်သျှနားအား ကြိုဆိုပွေ့ယူလိုက်သည်။

ခရစ်သျှနားသည် နွေးထွေးသော မိခင်မေတ္တာဓာတ်တွင် နစ်မြုပ်လျက်ရှိသည်။ ထို့နောက် မိခင်၏ နှလုံးသားအတွင်းသို့ ဝင်ရောက်ပြီး ခရစ်သျှနား၏ ဝိညာဉ်သည် ကောင်းကင်အာကာသအတွင်းသို့ ထိုးထွက်သွားသည်။ ထိုအခါ ငါသည် ဗျာန်ဘုရား၏ သားတော်၊ လောကကို ဖန်တီးနိုင်သော ဗျာန်ဘုရားကြီးနှင့် တစ်သားတည်း ဖြစ်သွားသည်ဟု ခံစားရသည်။ သတိရ၍ ပတ်ဝန်းကျင် ကြည့်လိုက်သောအခါ ဝေဒကျမ်းကို နှုတ်ဆောင်ထားသော ရသေ့များက သူ့အား အဆစ် ခုနစ်ဆစ် ရှိသော မဟာဂန္ဓာရီ အာဏာစက် အထိမ်းအမှတ် တောင်ဝှေးကို အပ်နှင်းကြသည်။ မဟာဂန္ဓာရီ မာဂအဆင့် အောင်မြင်ပြီးသွားကြောင်း အထိမ်းအမှတ်ပင်ဖြစ်သည်။ ထိုခေတ်ကာလက မဟာဂန္ဓာရီပညာ တက်စဉ်တွင် အမြင့်ဆုံး အဆင့်တစ်ခုကို အောင်မြင်သွားခြင်းဖြစ်သည်။

ဗျာန်ဘုရားများထံမှ မဟာဂန္ဓာရီပညာ တက်စဉ် မာဂအဆင့်ကို ရရှိပြီး ထွက်ရပ်ပေါက်သော ယင်းအချိန်မှစ၍ ခရစ်သျှနားသည် သူရဲကောင်း၊ လူစွမ်းကောင်း ခရစ်သျှနား မဟုတ်တော့ဘဲ အပြောင်းလဲကြီး ပြောင်းလဲသွားသည်။ သူတော်စင်ဘဝသို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ မဟာဂန္ဓာရီတစ်ဆင့် တက်ပြီးနောက် ခရစ်သျှနားသည် ဟိမဝန္တာတောင်တွင် တရားအားထုတ်သည်။ ရှေ့လုပ်ငန်းစဉ်များကို ဆင်ခြင်သုံးသပ်သည်။ ထို့နောက် တောင်ပေါ်မှ ပြန်ဆင်းလာကာ ဂင်္ဂါမြစ်ကမ်း၊ ယမုနာမြစ်ဝှမ်းတစ်လျှောက်တွင် လူအပေါင်းအား တရားဓမ္မများ ဟောကြားသည်။ တပည့်သာဝကများကို စုရုံးပြီး အန္တေဝါသိက တရားများကို ဟောကြားသည်။ လူသည် ဘုရားထံမှ ဆင်းသက်လာသဖြင့် ဘုရား၏ ဓာတ်ဖြစ်သော ဝိညာဉ်နှင့် ခန္ဓာကိုယ်ဟူ၍ နှစ်မျိုးရှိသည်။ ခန္ဓာကိုယ်သည် ဝိညာဉ်ကိန်းအောင်းရာ နေရာ ဖြစ်ပြီး ပြောင်းလဲပျက်စီးတတ်သည်။ ခန္ဓာကိုယ် မတည်မြဲသော်လည်း အတွင်းရှိ

ဝိညာဉ်ကား တည်မြဲသည်။ ခန္ဓာဟောင်းကိုစွန့်၍ နောက်ဘဝ တစ်ဖန် ဝင်စားရသည်။ နောက် ဆုံးတွင် ဝိညာဉ်သည် ညစ်ညူးလှသော ရုပ်ခန္ဓာများအတွင်းသို့ မဝင်စားတော့ဘဲ မူလ မိမိနေရင်း ဖြစ်သော ဈာန်ဘုံရားကြီးထံသို့ ပြန်ရောက်သွားသည်။ ဤသို့ ရုပ်ခန္ဓာ၊ စိတ်ခန္ဓာများကို ဖြူစင်သန့်ရှင်းအောင် ဘဝများစွာ ကြိုးစားအားထုတ်၍ ပါရမီဖြည့်ရသည်။ ဝိညာဉ်သည် ရုပ်ခန္ဓာကိုယ်အား တပ်မက်မှုမရှိသောအခါ သေတတ်သော ရုပ်ခန္ဓာမှ ထွက်မြောက်ရာ အမတဝိညာဉ်ချည်းသာ ကျန်ခဲ့တော့သည်။

ထို့ကြောင့် ပျက်စီး ပျောက်ပျက်တတ်သော ရုပ်ခန္ဓာကိုယ်ကို မမှီခိုရတော့ဘဲ ဝိညာဉ်ချည်းသာ နေနိုင်အောင် ကျင့်ကြံခြင်းသည် တွက်ရပ်လမ်းဖြစ်သည်။ နိစ္စမမြဲ မအိုမသေသော ဝိညာဉ်ဖြင့် ဘုရားထဲပါး ချဉ်းကပ်နေရခြင်းသည် လောကီ လောကမှ လောကုတ္တရာ ဘုရားထံသို့ ထွက်ရပ်ပေါက်မြောက် ရောက်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် ရုပ်ခန္ဓာ ကျက်စားရာ၏ ကာမဂုဏ်ကို မတပ်မက်နှင့်။ လူသားအချင်းချင်း စာနာထောက်ထား မေတ္တာထား၊ ဝတ်ပြုကိုးကွယ်မှုတွေထက် စွန့်လွှတ်မှုကို အားထားပါ။

မိမိအကျိုးကို စွန့်လွှတ်၍ သူတစ်ပါးအကျိုးဆောင်သော ကမ္မယောဂကျင့်စဉ်ကို ကျင့်ပါ။ မိမိလုပ်သမျှကို ပေါ်ပေါက်လာမည့် အကျိုးရလဒ်ကို မမျှော်ကိုးဘဲ လောကတာဝန်ကို ထမ်းဆောင်ပါ။ ဤသည်တို့ကား ခရစ်သျှနှားမတိုင်မီ ခေတ်များအတွင်း၌ မပေါ်ပေါက်ဖူးသေးသော တရားဖြစ်သည်။ ကျင့်စဉ်ဖြစ်သည်။ ဤကျင့်စဉ်ဖြင့် ခရစ်သျှနှားသည် မဟာဂန္ဓာရီအုတ်မြစ်ကိုသာမက အိန္ဒိယပြည်ကြီး၏ ဒဿနနှင့် ယဉ်ကျေးမှု အမွေကိုပါ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် ခရစ်သျှနှားသည် မဟာဂန္ဓာရီပညာရပ်ကြီးကို တစ်ကမ္ဘာလုံးသို့ ပထမဆုံး ဖြန့်ချိခဲ့သူ ပထမ ဂန္ဓာရီဂိုဏ်းချုပ်ကြီး၊ ပထမဆုံး သာဝက ကျင့်စဉ်ကို ချမှတ် လေ့ကျင့်သင်ကြားပေးခဲ့သူ ဂိုဏ်းချုပ်ကြီးပင် ဖြစ်ပေသည်။

✾

အိန္ဒိယပြည်ကြီးတွင် ခရစ်သျှနှား ပေါ်ထွန်းလာချိန်သည် မြောက်ဘက်မှ အာရိယန်များသည် အိန္ဒိယတစ်ပြည်လုံးကို လွှမ်းမိုးပြီးသောအချိန်ဖြစ်သည်။ အာရိယန်တို့သည် အိန္ဒိယပြည်အတွင်းသို့ မြောက်ဘက် ကက်ရှမီးယားမှသော်လည်းကောင်း၊ ဟိမဝန္တာကို ကျော်ဖြတ်၍လည်းကောင်း ဝင်ရောက်လာခြင်းဖြစ်ရာ ပထမဆုံး အိန္ဒိယပြည် မြောက်ဖျား၊ ယခု ပါကစ္စတန်ပြည်အတွင်းရှိ အိန္ဒူမြစ်ဝှမ်းကို စတင် အခြေချသည်။ ထိုမှတစ်ဆင့် တောင်ဘက်သို့

ဆင်းလာရာ ဟိမဝန္တာကို ဖြတ်ကျော်၍ ဝင်လာသော အာရ်ယန်တို့နှင့် ဂင်္ဂါမြစ်ဝှမ်း၊ ယမုန်နာမြစ်ဝှမ်းတွင် ပေါင်းဆုံမိကြသည်။

အိန္ဒိယပြည် တစ်ပြည်လုံးကို အာရ်ယန်များ လွှမ်းမိုးရာတွင် အိန္ဒိယမြောက်ပိုင်းရှိ အိန္ဒုမြစ်ဝှမ်း၊ ဂင်္ဂါမြစ်ဝှမ်းနှင့် ယမုန်နာမြစ်ဝှမ်းကို အခြေချပြီး ခိုင်မာတောင့်တင်းလာမှသာ တောင်အရပ်သို့ တဖြည်းဖြည်းချင်း တိုးချဲ့လာခြင်းဖြစ်ရာ ပြည်မကြီးနှင့် အနီးဆုံး ဆက်သွယ်ရန် အလွယ်ကူဆုံး ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝ ရာသီဥတု အသင့်လျော်ဆုံးဖြစ်သော ဂင်္ဂါမြစ်ဝှမ်းကို မဏ္ဍိုင်ပြု၍ အာရ်ယန် ယဉ်ကျေးမှုကြီးကို စတင်တည် ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်သျှနှာသည် ဂင်္ဂါမြစ်ဝှမ်းတစ်ဝိုက်တွင် တရားဓမ္မများ လှည့်လည်ဟောပြောရာမှ လူအများက နှစ်သက် လက်ခံလာကြပြီးလျှင် နောက်လိုက် တပည့်သာဝကများလည်း ရရှိပါလေသည်။

ထိုစဉ်က အာရ်ယန်ယဉ်ကျေးမှု၊ အာရ်ယန် လူ့အဖွဲ့အစည်းကြီးသည် မြို့ပြများ တည်ထောင်နေပြီဖြစ်ရာ မြောက်ပိုင်းတွင် အယုဒ္ဓယမြို့၊ ဟစိနပူရမြို့၊ အင်ဒရာပရာသမြို့၊ မထူရာမြို့နိုင်ငံများ အသီးသီးတွင် အာရ်ယန်များနှင့် တိုင်းရင်းသားများ ရောနှော နေထိုင်လျက်ရှိသည်။

ခရစ်သျှနှာသည် မဟာဘာရတခေါ် အိန္ဒိယပြည်ကြီး၏ ပထမဆုံးသော ဘာသာတရားကို ဂင်္ဂါမြစ်ဝှမ်းတစ်ဝိုက်၌ပင်လျှင် စတင် တည်ထောင် ဟောကြားခဲ့သည်။ သို့ရာတွင် မယဉ်ကျေးသေးသော တိုင်းရင်းသားများနှင့် တိုင်းရင်းသား အာရ်ယန်ကပြားများနှင့် တိုင်းရင်းသားများ၏ အသိဉာဏ် ဖွံ့ဖြိုးမှုကြောင့် စစ်ဖြစ်ခြင်း၊ ပဋိပက္ခဖြစ်ခြင်းတို့လည်း ပေါ်ပေါက်လျက်ရှိရာ မဟာဂန္ဓာရိပညာရပ်များ ဖြန့်ဖြူးရာတွင် စိတ်မအေးရသော အခြေအနေ ရှိနေသည်။ ထို့ကြောင့် ခရစ်သျှနှာသည် လူအများ ယဉ်ကျေးသိမ်မွေ့အောင် ဘာသာရေးတရားများကို ဟောပြောပို့ချရန်နှင့် မဟာဂန္ဓာရိပညာများကို တပည့်သာဝကများအား သင်ကြားပေးရန်အတွက် ဂင်္ဂါမြစ်ဝှမ်းတွင် ဒွါရကမြို့ကို တည်ထောင်သည်။

ဒွါရကမြို့ကိုပင် သိကြားမင်း၏ နေပြည်တော်ဟု အဓိပ္ပာယ်ရသော အမရဝတီမြို့တော်ဟု လူသိများသည်။ တောင်နှစ်လုံးအကြား မြေညြောကောင်းမွန်၍ သစ်ပင် ပန်းမန်များ ဝေဝေဆာဆာ ပေါက်ရောက်လျက်ရှိသောနေရာတွင် တံတိုင်း အကာအရံများ ကာရံလျက် မြို့တော်တည်ထားပြီး မြို့တော်၏ အလယ်ဗဟိုတွင် ဝတ်ကျောင်းတော်ကြီးကို ဆောက်လုပ်ထားသည်။

ဝတ်ကျောင်းပတ်ဝန်းကျင်တွင် အလွန်မွေးကြိုင်သော ပန်းများကို ပွင့်စေသော ပရာဂျတ အပင်များကို စိုက်ပျိုးထားသဖြင့် ဝတ်ကျောင်းတော်နှင့်တကွ တစ်မြို့လုံး အမွှေးနံ့များ ကြိုင်လိုင်လျက်ရှိသည်။ ဤအမရဝတီမြို့အတွင်းတွင် ခရစ်သျှနှာ၏ နောက်လိုက် ကြည်ညိုသူများနှင့် တပည့်သာဝကတို့သာ သီးသန့်နေထိုင်ပြီး အများပရိသတ်အား ဗြဟ္မဏဘာသာကို ဟောကြားပြီး လက်ရင်းတပည့် သာဝကများကိုမူ အန္တေဝါသိက တရား၊ မဟာဂန္ဓာရိပညာများကို သင်ကြားပေးသည်။

ဂန္ဓာရီပညာများ သင်ကြားနေသူ တပည့်သာဝကများအတွက် သင်ခန်းစာသင်ရန် ခန်းမများ ယောဂကျင့်စဉ် အားထုတ်ရန် ကမ္မဋ္ဌာန်းကျောင်းများ၊ ဂန္ဓာရီပညာ လက်တွေ့ကျင့် စမ်းသပ်ရန် နေရာများ၊ ဂန္ဓာရီပညာ တက်စဉ် အဆင့်ဆင့်တွင် အဆင့်မြှင့်ပေးသော သိဒ္ဓိတင် ဘိသိက်ပွဲများ ကျင်းပရန် ဘိသိက်ဆောင်များ စသည်ဖြင့် အပြည့်အစုံပါရှိသည်။ ဂန္ဓာရီပညာရပ်များ လေ့လာရန် ဘိသိက်ခံရန် နေရာများကိုမူ မသက်ဆိုင်သူများ လုံးဝ ဝင်ရောက်ခွင့်မရှိဘဲ အထူးလျှို့ဝှက်ထားသည်။ ဂန္ဓာရီပညာ တက်စဉ်တွင် စမ်းသပ်ရန် နေရာများမှာ ဘုံ ၅ ဆင့်၊ ၇ ဆင့်၊ ၉ ဆင့် ရှိသော ပြာသာဒ်များ၊ လိုဏ်ဂူများထဲတွင် ကျင်းပခြင်းဖြစ်သည်။ ယင်းနေရာများမှာ အလွန် လျှို့ဝှက် အလွန်မြင့်မြတ်လှ၍ မသက်ဆိုင်သူများ ဝင်ရောက်ခွင့် မရှိချေ။ အာရ်ယန်တို့၏ ပထမဆုံးသော ဂန္ဓာရီဂိုဏ်းကြီးကို အဆစ် ၇ ဆစ် ပါသော အာဏာစက်တည်ရာ တောင်ဂေါ့ရသော ခရစ်သျှနားက ဂိုဏ်းချုပ် အဖြစ် ပထမဆုံး ဆောင်ရွက်ရသည်။

ခရစ်သျှနား ကွယ်လွန်သောအခါ ဂိုဏ်းချုပ်များ ဆက်လက် ဆက်ခံပြီး အာရ်ယန် မဟာဂန္ဓာရီပညာများကို ဖြန့်ဖြူးခဲ့သည်။ ဤမဟာဂန္ဓာရီဂိုဏ်းမှ ကျင့်ကြံ ပေါက်မြောက်သွားကြသော မဟိဒ္ဓိရှင်များသည် နောင်အခါတွင် အိန္ဒိယ၌ ပေါ်ထွန်းခဲ့သော ဆဒဿန ခေါ် ဒဿနခြောက်ပါး၊ ကို တည်ထောင်ခဲ့သော ဂိုဏ်းကြီးခြောက်ဂိုဏ်းကို တည်ထောင်ခဲ့သူ ပေါက်ပုဂ္ဂိုလ်များ ဖြစ်ပေါ်လာသည်။ ဒဿနခြောက်ဂိုဏ်းထဲတွင် အထင်ရှားဆုံးနှင့် ဆဒဿနတို့ အားလုံးကို ခြိုင်မိအောင် စုစည်းတည်ထောင်နိုင်ခဲ့သော မဟိဒ္ဓိရှင် မဟာသျှရီချန်ကာချာရိရ ဖြစ်သည်။

ချန်ကာချာရိရသည် ဝေဒန္တ ခေါ် အဒွိတဒဿန ဂိုဏ်းကြီးကို တည်ထောင်ပြီးလျှင် နောက်ဆုံးတွင် ဟိမဝန္တာတောင်တွင် အမတ ထွက်ရပ်ပေါက်စခန်း ကြွမြန်းသွားသော ပုဂ္ဂိုလ်ဖြစ်သည်။ ချန်ကာချာရိရသည် အမရဝတီ မဟာဂန္ဓာရီကျောင်းတော်ကြီးမှ မဟာဂန္ဓာရီ ပညာရပ်များကို လေ့လာဆည်းပူးပြီးနောက် ခရစ်သျှနား၏ တရားဓမ္မများကို ဥပသကာ ပရိသတ်သို့ ဖြန့်ချိခဲ့ပြီး အန္တေဝါသိက တရားကိုမူ လက်ရင်းတပည့်များကိုသာ လျှို့ဝှက်စွာ ဟောကြားခဲ့သည်။ ခရစ်သျှနား၏ လက်ရင်းသာဝကများ ရှားပါးပြီး မူလကျင့်စဉ်များကို ကျင့်ကြံအားမထုတ်နိုင်တော့ဘဲ တဖြည်းဖြည်း ယိုယွင်းလာရာ အမရဝတီမြို့ကြီးလည်း နတ်သိကြားများက ယူဆောင်သွားသည့်အလား ကွယ်ပျောက်သွားလေသည်။ သို့သော် အမရဝတီမြို့တော်နှင့် ဖွားဖက်တော်ဖြစ်သော ပရာဂျာတ အပင်သည် ကျန်ရစ်ခဲ့ရာ နောင်လာနောက်သား တို့က ပရာဂျာတအပင်ကို ဂန္ဓာရီပညာပင်ဟု သကေ်တပြုခေါ်ဝေါ်ခဲ့ကြသည်။

ချန်ကာချာရိရသည် ရှေးခေတ်က ခရစ်သျှနား၏ နောက်ဆုံး လက်ရင်း သမ္ဘာရင့် တပည့်သာဝက ဖြစ်သကဲ့သို့ ပထမဆုံးသော သာဝကမှာ အာဇုန ဖြစ်သည်။ ဘဂဝါဂီတ ကျမ်းတွင် ဖော်ပြခဲ့သော မင်းသားအာဇုနသည် ခရစ်သျှနား သက်ရှိထင်ရှားရှိစဉ်က ပထမဆုံးသော လက်ရင်းသာဝကကြီး ဖြစ်သည်။ ခရစ်သျှနားသည် သူ၏ ဒဿနနှင့် ဗြဟ္မဏ

ဘာသာကို အာဇုနအား ဟောပြောပို့ချပေးခဲ့သည်။ ယင်း ခရစ်သျှနား၏ ဟောပြောပို့ချ ညွှန်ကြားချက်များကို ဘဂဝဂီတကျမ်းတွင် အကျယ်တဝံ့ ဖော်ပြထားသည်။ သို့သော် ဘဂဝဂီတကျမ်းထွက် ခရစ်သျှနား၏ တရားဓမ္မများသည် နောက်လိုက်နောက်ပါများအတွက် ဖွင့်ထုတ်ဟောကြားသော ဥပသကာဒေသနာသာ ဖြစ်သည်။ လက်ရင်းတပည့် သာဝကများကို လက်ထပ်သင်ပြ ညွှန်ကြားသော အန္တေဝါသိက တရားများကိုမူကား ထုတ်ဖော်ရေးသားခဲ့ခြင်း မရှိချေ။

ဘီစီ ၃၁၀၂ ခုတွင် ခရစ်သျှနား ကွယ်လွန်ပြီးနောက်မှသာ ဖွင့်ထုတ်နိုင်ခဲ့သမျှ အနည်းအကျဉ်းကို ဥပနိသယကျမ်းများတွင် နောင်လာနောက်သား တပည့်များက ဖွင့်ထုတ်ရေးသား ဟောကြားခဲ့ဖြစ်သည်။ ဘဂဝါဂီတလာ ခရစ်သျှနား၏ တရားဓမ္မများသည် စင်စစ် ဥပသကာ ဒေသနာဟု ဆိုရသော်လည်း အန္တေဝါသိက ဒေသနာကို ဆက်လက် ကြားနာကျင့်ကြံလိုသူများအတွက် ပဏာမကျင့်စဉ်စခန်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အန္တေဝါသိကတရားနှင့် ကျင့်စဉ်စခန်းကို တက်လှမ်းလိုသော သာဝကသည် ဘဂဝါဂီတလာ တရားဓမ္မများကို နားလည်သဘောပေါက်ပြီး ကျင့်ကြံခဲ့ပြီး နောက်ထပ် ဆက်လက် ရှေ့သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

ဘဂဝဂီတတွင် ဘုရားတည်းဟူသော ပရမတ္တနာမ်ဓာတ်ကြီး၏ သဘာဝ၊ ဂုဏ်တော်နှင့်၊ ဘုရားနှင့် လောကီ ဆက်သွယ်ပတ်သက်မှု၊ ဘုရားဓာတ်ကိုယ်ပွား ဝိညာဉ်၏ တည်မြဲ မှု၊ ဓာတ်ဘုရားကြီး ဘရာမာထံမှ ဆင်းသက်လာသော ဝိညာဉ်ကိန်းအောင်းရာ ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့၏ သဘာဝ။ ရုပ်နာမ်ဓမ္မ တည်းဟူသော သံသရာရွှံ့ညွန်အတွင်းမှ လွတ်မြောက် ရေး ကျင့်စဉ်များဖြစ်သော ဘက်တိယောဂ၊ ညာဏယောဂ၊ ကမ္မယောဂများ အကြောင်းနှင့် ကျင့်စဉ်များကို ဟောကြားခဲ့သည်။ ထို့ကြောင့် ဘဂဝါဂီတကျမ်းသည် ဟိန္ဒူဘာသာဝင်တို့၏ အမြင့်မြတ်ဆုံး ပိဋကတ်ကျမ်း ဖြစ်လာသည်။

ခရစ်သျှနား၏ တရားဒေသနာများအနက် အထူးခြားဆုံးမှာ ကမ္မယောဂကျင့်စဉ် ဖြစ်သည်။ လူသည်ကံပစ်ချရာဘဝတွင် မိမိဘဝအံ့တွက် ရုန်းကန်လှုပ်ရှား၍ လူ့ဝတ္တရားများကို ဆောင်ရွက်ရသည်။ ဤသို့ လူ့ဝတ္တရားကို ဆောင်ရွက်ရာတွင် မိမိ ကြိုးစားအားထုတ်မှု၏ အကျိုးရလဒ် တစ်စုံတစ်ခုကို မျှော်လင့်ချက်ထားပြီး ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ တာဝန်ကို တာဝန်အဖြစ်သာ ဆောင်ရွက်ခြင်းမျိုး ဖြစ်ရမည် ဟူသော ဒေသနာ ဖြစ်သည်။ သားသမီးသည် သားသမီးဝတ္တရား၊ မိဘသည် မိဘဝတ္တရား၊ ဝန်ထမ်းသည် ဝန်ထမ်းဝတ္တရား၊ ယောဂီသည် ယောဂီဝတ္တရားများကို ဆောင်ရွက်ရာတွင် အကျိုးကို မျှော်ကိုးမှု မပါစေရဟု ဆိုလိုရင်းဖြစ်သည်။

အကြင်သူသည် အကျိုးကို မျှော်ကိုးလိုက်သည်နှင့် တပ်မက်မှု ဖြစ်ပေါ်လာမည်။ တပ်မက်မှုသည် မာယာတည်းဟူသော သံသရာအတွင်းသို့ ဆွဲဆောင်မည်။ ထို့ကြောင့် မာယာနယ်မှ လွတ်မြောက်ရာ ဘုရားနယ်၊ ဘုရားဓာတ်အတွင်းသို့ ရောက်ရှိလိုပါက အကျိုးတရား မျှော်ကိုးမှုကို စွန့်လွှတ်သော ကမ္မယောဂကို ကျင့်ကြံရမည်ဟု ဆိုလိုသည်။

အကျယ် လေ့လာလိုသူများသည် ဆာမိဝေကနန္ဒ ရေးသားပြီး မြန်မာပြန်ထားသော ကမ္မယောဂကျမ်းကို ဖတ်ရှုသင့်ကြောင်း အကြံပေးလိုပါသည်။

စင်စစ်အားဖြင့် ကမ္မယောဂကျင့်စဉ်သည် ခရစ်သျှနား၏ မဟာဂန္ဓာရီဂိုဏ်းသို့ ဝင်ရောက်ရာ တစ်ခုတည်းသော မုခ်တံခါးဝဖြစ်သည်။ မဟာဂန္ဓာရီပညာ၏ အန္တိမ ရည်ရွယ်ချက်သည် မအို၊ မနာ၊ မသေသော အမတ ထွက်ရပ်စခန်းဖြစ်သည်။ ရုပ်နာမ်ခမ္မသည် သေမျိုး ပျက်မျိုး ဖြစ်သည်။ ဝိညာဉ်သာလျှင် မသေမျိုး၊ မပျက်မျိုး အမတဓာတ် ဖြစ်သည်။ ဝိညာဉ်ကို ရုပ်နာမ်တို့မှ လွတ်ကင်းအောင် ပြုလုပ်လျှင် နဂိုကတည်းက တည်မြဲသော အမတဓာတ်ရှိသည့် ဝိညာဉ်သည် မတည်မြဲသော ရုပ်နာမ်တို့မှ ကင်းလွတ်ပြီး နိစ္စထာဝရအမတဓာတ်စင်စစ်အဖြစ် ရုပ်နာမ်လောကီဘုံမှ လွတ်မြောက်ရာစခန်းသို့ ရောက်ရှိသွားမည် ဖြစ်သည်။

တည်မြဲသော ဝိညာဉ်ကို မတည်မြဲသော ရုပ်နာမ်တို့မှ ခွဲခွာပြီး မသေသော ဝိညာဉ်ချည်းနေနိုင်မှု အတတ်ပညာသည် မဟာဂန္ဓာရီပင် ဖြစ်သည်။ တစ်နည်းအားဖြင့် နိမ့်ကျသော လောကီနယ်သို့ ရောက်နေသော ဝိညာဉ်ကို မြင့်မြတ်သော လောကုတ္တရာနယ်ဖြစ်သည့် ဓာတ်ဘုရားကြီးနယ်၊ တန်ခိုးတော် အနန္တတို့ဖြင့် ပြီးသော ဝိဇ္ဇာနယ်သို့ ရောက်အောင် ကျင့်ကြံခြင်းသည် မဟာဂန္ဓာရီ ထွက်ရပ်ပေါက် လမ်းစဉ်ကြီး ဖြစ်ပေသည်။

အိန္ဒိယ ဂန္ဓာရီပညာတွင် ယျာစ္ဈနဝိဇ္ဇာ၊ မန္တ္တရဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာနှင့် မဟာဂန္ဓာရီဝိဇ္ဇာဟု (၄)မျိုး ခွဲခြားတည်ရှိသည်။ ပထမအမျိုးအစားဖြစ်သော ယျာစ္ဈနဝိဇ္ဇာသည် ယစ်ပူဇော်ခြင်းဟု အဓိပ္ပာယ်ထွက်သော သက္ကတဝေါဟာရ ဖြစ်သည်။ အစီရင်ပွဲသဘင်ကျင်းပခြင်း၊ ယစ်ပူဇော်ခြင်း၊ ပရလောကမှစ နာနာဘာဝနှင့် နတ်တို့၏ အကူအညီဖြင့် သိဒ္ဓိရရှိသော နည်းလမ်းဖြစ်သည်။ ဓာတ်ရိက်၊ ဓာတ်ဆင်ခြင်း၊ ယတြာပြုခြင်း၊ နတ်ပင့်နတ်ကိုးခြင်း၊ နာနာဘာဝများကို မွေးသော မှော်ပညာ၊ အောက်လမ်းပညာ၊ အင်းပညာ စသော ရုပ်ဝတ္ထုအစီအရင်များနှင့် ပရလောကသားများကို အားကိုးပြု၍ တန်ခိုးရရှိအောင် ပြုခြင်းကို ယျာစ္ဈနဝိဇ္ဇာပညာဟု ခေါ်သည်။

ဒုတိယပညာမှာ မန္တ္တရဝိဇ္ဇာလမ်း ဖြစ်သည်။ မန္တ္တာန်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် မန္တ္တာန်စောင့်နတ်များ၊ ပရလောကသားများ၏ အကူအညီဖြင့် ခေါင်းစဉ် စသော အကြားအမြင် ရရှိခြင်း။ ဆောင်ရွက်ရန် ကိစ္စတစ်ခုကို နတ်များ၊ ပရလောကသားများကို ပြုလုပ်စေခြင်းဖြင့် ရရှိသောတန်ခိုးဖြစ်သည်။ ဤ ဒုတိယ မန္တ္တရဝိဇ္ဇာပညာသည်လည်း မှော်ပညာတစ်မျိုးပင် ဖြစ်သည်။

တတိယ ဂန္ဓာရီပညာမှာ စိတ်တန်ခိုးရရှိရေးအတွက် ကျင့်ကြံအားထုတ်ပြီးနောက် မိမိ၏ စိတ်တန်ခိုးဖြင့် အကြားအမြင်ပေါက်ခြင်း၊ ပရလောကနှင့် ဆက်သွယ်နိုင်ခြင်း၊ မနောပေါက်ခြင်း စသော တန်ခိုးများကို စိတ်တန်ခိုးသက်သက်ဖြင့် ရရှိအောင် ကျင့်ကြံသော လမ်းကို ဂန္ဓာရီဝိဇ္ဇာလမ်းဟု ခေါ်သည်။ သံချွန်များပေါ်တွင်ထိုင်၍ တရားကျင့်သော ဆာဒူးများ၊ ဟိမဝန္တာ ရေခဲတုံးပေါ်တွင် အဝတ်မပါ ဗလာကိုယ်တည်းထိုင်၍ ယောဂကျင့်သော

ဖကီများ၊ သက်သက်လွတ်စား၊ တောတကာ တောင်တကာလှည့်ပြီး ဂန္ဓာရီခရီးထွက်ရင်း ကျင့်ကြံနေသော ဝိဇ္ဇာများ၊ တောင်စောင်းများ၊ ဂူများတွင် ကာလကြာရှည်စွာ အောင်းပြီး ကျင့်ကြံနေသော ရသေ့များသည် တတိယ ဂန္ဓာရီပညာဝိဇ္ဇာတွင် အကျုံးဝင်သည်။

ပေါလ်ဘရင်တန် အိန္ဒိယပြည်ရောက်စဉ်က တွေ့ခဲ့ရသော ရောက အမွေးနှံ့ထွက်ခြင်း၊ ငှက်သေက ပြန်ရှင်လာခြင်း စသော တန်ခိုးများမှာ ပထမနှင့် ဒုတိယ အမျိုးအစားတွင် ပါဝင်သည်။ အချို့ယောဂီဆာဒူးများသည် လူထုပရိသတ်ရှေ့မှောက်တွင် မြေတွင်းအောင်းပြီး တစ်လခန့်အကြာတွင် မြေတွင်းမှ ပကတိအတိုင်း ထွက်လာပြီးလျှင် မူလက ကတိပြုထားကြသည့်အတိုင်း လောင်းကြေးအဖြစ် မြင်းတစ်ကောင်စီးပြီး ထွက်သွားကြောင်းကိုလည်း မှတ်တမ်းတွင် တွေ့မြင်ဖတ်ရှုကြရသည်။

အင်ဒီရာဂန္ဓီ ဝန်ကြီးချုပ်ဖြစ်နေစဉ် သူမ ကိုးကွယ်သော ဒဿနဆရာ ခရစ်သျှန်းမူတီးနှင့် တရားဆွေးနွေးနေစဉ် ဆာဒူးတစ်ပါးဝင်လာပြီး စားပွဲပေါ် တင်ထားသော သောက်ရေချိုင့်ထဲသို့ သူ၏ လက်ဆေးရေကို ထည့်ပြီးနောက် အင်ဒီရာဂန္ဓီနှင့်တကွ ခရစ်သျှန်းမူတီး အပါအဝင် ရှိနေသူများကို အနံ့ရှုစေရာ မွေးကြိုင်နေကြောင်း တွေ့ရသည်။ ထို့နောက် အင်ဒီရာဂန္ဓီထံမှ ငွေ ၁၀၀ ကျပ် အလှူခံပြီး ပြန်ထွက်သွားသည်။ ဤသို့သော စိတ်တန်ခိုးရှင်များမှာ အိန္ဒိယပြည်တွင် ထောင်ချီ၍ရှိသည်။

စတုတ္ထ ဂန္ဓာရီပညာမှာ ဂုတ္တဝိဇ္ဇာ ဟုလည်း ခေါ်သည်။ အတ္တမဝိဇ္ဇာ ဟုလည်း ခေါ်သည်။ ဂုတ္တ ဟူသော သက္ကတဝေါဟာရမှာ လျှို့ဝှက်နက်နဲသောဟု အဓိပ္ပာယ်ဖွင့်သည်။ အတ္တမဆိုသည်မှာ ဓာတ်ဘုရားထံမှ ဆင်းသက်လာ၍ လူ့ခန္ဓာကိုယ်ထဲတွင် ကိန်းနေသော ဝိညာဉ်ဓာတ်ဟု အဓိပ္ပာယ်ထွက်သည်။ လူသည် မိမိခန္ဓာကိုယ်အတွင်း ကိန်းအောင်းနေသော ဝိညာဉ်ကို ရှင်သန်နိုးကြားလာအောင် ကျင့်ကြံခြင်းအားဖြင့် ဝိညာဉ်၏ တန်ခိုးသိဒ္ဓိများကို ရရှိစေသည်။ ဓာတ်ဘုရားကြီးသည် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ ရှိလေရာ ဓာတ်ဘုရားကြီး၏ ဓာတ်ဖြစ်သော ဝိညာဉ်မှာလည်း ယင်းဂုဏ်တော်သုံးပါး၏ သိဒ္ဓိစွမ်းအင်များ ကိန်းဝပ်ပြီးဖြစ်သည်။ ထို့ကြောင့် အတ္တမတည်းဟူသော ဝိညာဉ်တွင် ကိန်းနေသော သိဒ္ဓိစွမ်းအင်ကို အတ္တမ ဝိဇ္ဇာပညာဟုခေါ်၍ အတ္တမ ဝိဇ္ဇာပညာကိုသာလျှင် မဟာဂန္ဓာရီပညာ၊ အာရ်ယန်ဂန္ဓာရီပညာ၊ ရှမ်ဗဲလား ဂန္ဓာရီပညာဟု ဆိုသည်။

ပထမ၊ ဒုတိယ၊ တတိယ ဝိဇ္ဇာပညာတို့မှာ စုဉ္ဇ ဂန္ဓာရီပညာသာဖြစ်သည်။ မဟာဂန္ဓာရီမဟုတ်။ ယနေ့ အိန္ဒိယပြည်တွင် တွေ့မြင်နေရသော ပညာမှာ ဤစုဉ္ဇဂန္ဓာရီပညာသာလျှင် ဖြစ်သည်။ မဟာဂန္ဓာရီလမ်းစဉ်အရ ပေါက်မြောက်သွားသူများမှာ ခေတ်သစ်တွင် ရာမာခရစ်သျှန်း၊ ယောဂနန္ဒ အစရှိသော ပုဂ္ဂိုလ် ၄၊ ၅ ယောက်ခန့်သာ ရှိသည်ဟု ဂိုပီခရစ်သျှန်းခေါ် ကုန္တလိနိုနိုးပြီး ကမ္ဘာကျော်သွားသူ ပုဂ္ဂိုလ်ကြီး ဆိုသည်။ စုဉ္ဇဂန္ဓာရီပညာတွင် အကျုံးဝင်သော အစီအရင်ပညာ၊ ပူဇော်ပသမှုပညာ၊ မှော်ပညာ၊ မန္တာန်ပညာ စသော တန်ခိုးသိဒ္ဓိများသည် အိန္ဒိယ တိုင်းရင်းသား ဒရဗီဒီယံများ၊ ဆီးမိုက်တို့၏ အာရ်

ယန်တို့ မဝင်ရောက်မီကပင် ရှိရင်းစွဲ ပညာများဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အာရ်ယန်မျိုးနွယ်များ မပေါ်ပေါက်မီကပင် အတွေ့လန်တစ် တိုက်သားများလက်ထက်ကတည်းက ရှိနှင့်ပြီးဖြစ်သော လောကီပညာများ၊ စူဠဂန္ဓာရီပညာများ ဖြစ်ပေသည်။

ဂုတ္တဝိဇ္ဇာ (၀၊) အတွေ့မဝိဇ္ဇာခေါ် မဟာဂန္ဓာရီပညာသည်ကား အာရ်ယန်တို့ ဝင်ရောက်လာပြီးနောက် ခရစ်သျှနှာအရှင်က စတင် ဓာတ်ဖွင့်သင်ကြားပေးခဲ့သော အာရ်ယန်ဂန္ဓာရီ (၀၊) ရှမ်ဗဲလား မဟာဂန္ဓာရီပညာ ဖြစ်သည်။ ခရစ်သျှနှာသည် အမရဝတီမြို့တွင် တပည့်သာဝကများကို ဂန္ဓာရီပညာ မျိုးစေ့များ ချပေးခဲ့ရာမှ ယနေ့တိုင် အိန္ဒိယပြည်တွင် ပေါ်ထွန်းတည်တံ့ခဲ့သော မဟာဂန္ဓာရီပညာ ဖြစ်လာသည်။

အိန္ဒိယ မဟာဂန္ဓာရီပညာတွင် အဆင့်ကြီး သုံးဆင့်ရှိပြီး ဆင့်ပွား များစွာရှိသည်။ မဟာဂန္ဓာရီပညာသင် သာဝကသည် လုံးဝ ကိုယ်ကျိုးရလဒ် စွန့်လွှတ်ရသော ကမ္မယောဂကို ကျင့်ပြီး စမ်းသပ်ခံမှုများကို လက်တွေ့ ဖြေကြားရသည်။ ခံနိုင်ရည်ရှိမှုနှင့် ဂန္ဓာရီပညာ အခြေခံတရားများကို နားလည်သဘောပေါက်သောအခါ ပထမအဆင့်ဖြစ်သော သောတပန္နအဆင့်ကို တက်ရသည်။ အမရဝတီ ဂန္ဓာရီသိပ္ပံကျောင်းတော်ကြီးအတွင်း၌ လေ့လာသင်ကြား စမ်းသပ်မှုများခံပြီးနောက် အောင်မြင်သောအခါ ကျောင်းတော်အတွင်း သီးသန့်လျှို့ဝှက်ထားရှိသော ပြာသာဒ်ကြီးအတွင်း၌ သိဒ္ဓိတင် ဘိသိက်ပွဲကျင်းပပြီး ဒုတိယအဆင့်သို့ တိုးမြှင့်ပေးသည်။

ဤဘိသိက်ပွဲများတွင် ခရစ်ရှနှာ အရှင်ကိုယ်တိုင် ဂိုဏ်းချုပ်ကြီးအဖြစ် ဆောင်ရွက်ပြီး အဆစ်(၇)ဆစ်ပါ တောင်ဝှေးကို ကိုင်စွဲပြီး ဘိသက်ပွဲကို တက်ရောက်သည်။ ဘိသိက်ခံ သာဝက၏ ဦးခေါင်းမှ ဒုစရိုက်(၇)ပါးကို ရည်ညွှန်းသော ဆံပင်အထုံးငယ်(၇)ထုံးကိုလည်း စတီအဖြစ် ဖြတ်ယူပြီးတောင်ဝှေးဖြင့် သိဒ္ဓိတင်ပေးလိုက်သောအခါ သာဝက၏ ငယ်ထိပ်ရှိ ဗြဟ္မာဏစက်မှ ရွှေရောင်ခြည်တန်းများ ဝင်းခနဲ ထွက်လာသည်။

ဒုတိယအဆင့် သကဒါသည် အသစ်တစ်ဖန် မွေးဖွားခြင်းဟု အဓိပ္ပာယ်ရသည်။ လောကီလူသားဘဝမှ လောကုတ္တရာလူသား၊ ဘုရား၏သားအဖြစ် မွေးဖွားလာခြင်း ဖြစ်သည်ဟု ဆိုလိုသည်။ သကဒါအဆင့်တွင် ပတ္တလာခေါ် နတ်အကြောင်း သဘာဝများကို လေ့လာရပြီးလျှင် သာဝကဝိညာဉ်ကို နတ်ဘုံအတွေ့အကြုံများရအောင် လက်တွေ့ လေ့လာရသည်။ သာဝက၏ လိပ်ပြာခန္ဓာဖြင့် နတ်ဘုံတွင် စမ်းသပ်မှုများ ပြုလုပ်ရသည်။ ဒုတိယအဆင့် အရည်အချင်း ပြည့်မီသောအခါ တတိယအဆင့်သို့ တက်ရန်အတွက် နောက်ဆုံး စမ်းသပ်မှုများကို ပြုလုပ်ရသည်။ စမ်းသပ်မှုမှာ (၇)ရက်ကြာပြီး ပထမ(၃)ရက်မှာ ဂန္ဓာရီပညာ ကျွမ်းကျင်မှုကို စမ်းသပ်သည်။ စတုတ္ထနေ့မှစ၍ နောက်နှစ်ရက်အတွင်း ကားစင်တွင် လေးဖက်လေးတန် ကားကြက်တုပ်နောင်ပြီး မည်းမှောင်နေသော လိုဏ်ဂူအတွင်း စမ်းသပ်ရသည်။ ပြီးတွာလောက၊ နတ်ဘုံမှ နာနာဘာဝများ၊ နတ်မိစ္ဆာများကို မိမိတစ်ကိုယ်တည်း အမှောင်ထဲတွင်ရင်ဆိုင်ရသည်။ ယင်းအနောင့်အယှက်များမှာ စင်စစ်

အားဖြင့် မိမိအာရုံ လှည့်စားချက်များသာ ဖြစ်သည်၊ မာယာများသာ ဖြစ်ကြောင်းကို ဥပရွာယ်ဆရာက အဝေးမှ ညွှန်ကြားသတိပေးသည်။

နောက်ဆုံးတွင် အောင်မြင်သွားသောအခါ ဘိသိက်ပွဲသို့ တက်ရောက်ပြီးလျှင် ဆရာရှင်က လျှို့ဝှက်သော မန္တာန်ပညာများ အပ်နှင်းပြီး အနာဂါအဆင့်သို့ တိုးမြှင့်ပေးသည်။ ဤသို့သော သိဒ္ဓိတင် ဘိသိက်ပွဲကျင်းပသော အစီအရင် အခမ်းအနားကို စွာန်ဘုရားများ၏ ဘွဲ့တော်ဖြစ်သော ဝိဝါကမွံနှင့် ဝိကာရန အစီအရင်ဟု ခေါ်သည်။

နောင် ကာလကြာညောင်းလာသောအခါ ကလိယုဂ်ခေတ်အတွင်း ကျရောက်ပြီး လူတို့၏ စရာဇာတများများ အားနည်းယိုယွင်းလာမှုကြောင့် ခရစ်သျှနား၏ မဟာဂန္ဓာရီပညာမှာလည်း လူသိထင်ရှား သင်ကြားလေ့ကျင့်မှု မပြုနိုင်တော့ဘဲ တောနက်ရာသို့ ခိုအောင်းပြီးလျှင် လက်ရင်းသာဝကများကိုသာ အန္တေဝါသိကနည်းဖြင့် အလွန် လျှို့ဝှက်ကျစ်လျစ်စွာ သင်ကြားခဲ့ရလေသည်။



အိန္ဒိယ မဟာဂန္ဓာရီ[၄]

မဟာဂန္ဓာရီသည် ဘာသာရေးနှင့် ဆင်တူသော်လည်း ဘာသာရေးမဟုတ်၊ တောက်သည် တရုတ်အမျိုးသားများအတွက် ဘာသာရေးဖြစ်သကဲ့သို့ မဟာဂန္ဓာရီလည်း ဖြစ်သည်။ ထို့အတူပင် ခရစ်သျှနား၏ တရားများသည် ဘာသာရေးသမားများက ခံယူသောအခါ ဘာသာရေးဖြစ်လာပြီး ဂန္ဓာရီပညာများအတွက်မှာမူ ဂန္ဓာရီပညာသာ ဖြစ်သည်။ ကိုးကွယ်မှု ဘာသာတစ်ရပ်ကား လုံးဝမဟုတ်ပါချေ။

ဘီစီ ၃၁၀၂ ခုနှစ်တွင် မဟာလူသား ခရစ်သျှနား ကွယ်လွန်သွားပြီးနောက် သူတည်ထောင်ခဲ့သော မဟာဂန္ဓာရီ တက္ကသိုလ်ကြီးဖြစ်သော ဒွါရကမြို့ခေါ် အမရဝတီ မဟာဂန္ဓာရီသိပ္ပံ ကျောင်းတော်ကြီးလည်း ထူးဆန်းစွာပင် ကွယ်ပျောက်သွားလေသည်။ အဆောက်အအုံ ပျောက်ကွယ်သွားသော်လည်း တပည့်သာဝကများ အဆက်ဆက်က ဂန္ဓာရီပညာမျိုးဆက် တိမ်ကောပပျောက်မသွားအောင် ဆက်လက်ထိန်းသိမ်းခဲ့သဖြင့် အိန္ဒိယ မဟာဂန္ဓာရီပညာမှာ ယနေ့ထိ ရှင်သန်နေဆဲပင်ဖြစ်သည်။

ဒွါရကမြို့တော်ကြီး ကွယ်ပျောက်သွားသည့် အချိန်မှစ၍ မဟာဂန္ဓာရီပညာရှင်များသည် ဟိမဝန္တာ၏ အရိပ်ကို ခိုလှုံခဲ့ကြသည်။ ဟိမဝန္တာကို တောင်ခြမ်းနှင့် မြောက်ခြမ်းဟု နှစ်ပိုင်းခွဲကြည့်ပါက မူလ အိန္ဒိယ မဟာဂန္ဓာရီပညာရှင်တို့မှာ ဟိမဝန္တာမြောက်ခြမ်းတွင် ဌာနချုပ် ပြုလုပ်ထား၍ (Tran Himalian) ဟိမဝန္တာမြောက်ခြမ်းဂိုဏ်းကြီးဟု တွင်သည်။ တစ်နည်းအားဖြင့် ဟိမဝန္တာ ဂန္ဓာရီဂိုဏ်းကြီးဟု ခေါ်ဝေါ်ကြသည်။

CIS-HIMALIAN ဂိုဏ်းခေါ် ဟိမဝန္တာ တောင်ဘက်ခြမ်းဂိုဏ်းမှာ ရသေ့များ၊ ဆန်ညာဆီများ၊ ဆာဒူးများ ရောနှောမျိုးစုံနေသော ဂန္ဓာရီဂိုဏ်းဖြစ်ပြီး ဂုရုတစ်ပါးသည် မိမိနှစ်သက်ရာ နည်းလမ်းများ ချမှတ်ပြီး တပည့်သာဝကများအား သင်ကြားပေးသော ဂိုဏ်းများဖြစ်သည်။ ဟိမဝန္တာ မြောက်ခြမ်းဂိုဏ်းမှာမူ ဟိမဝန္တာ၏ မြောက်ဘက်တွင်ရှိသော ရှမ်ဗဲလား သူတော်စင်တို့ ချမှတ်ထားသော မူအရ ဒွါရကဂန္ဓာရီ ကျင့်စဉ်အတိုင်း ဗဟိုမှ ကွပ်ကဲမှုဖြင့် ကျင့်ကြံ ဆောင်ရွက်ကြရသည်။

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ကောင်းနိုးရာရာကို ရည်ရွယ်ကျင့်ကြံခြင်းမဟုတ်။ မိမိတို့၏ တိုင်းပြည်နှင့် ဆီလျော်အောင်သာ ကျင့်ကြံ လုပ်ဆောင်ကြသော်လည်း အဓိက ရည်မှန်းချက်ချင်းကား တူညီကြစမြဲ ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယပြည်ရှိ ရှမ်ဗဲလားဌာနခွဲ ဒွါရက မဟာဂန္ဓာရီဂိုဏ်းကြီးသည် သုဒ္ဓမမ္မ မဏ္ဍလမ် မဟာဂန္ဓာရီအဖွဲ့ဟူသော အမည်ခံယူပြီး ဂန္ဓာရီပညာများကို ဆက်လက် ဖြန့်ဖြူး ဆောင်ရွက်ခဲ့သည်။ သုဒ္ဓမမ္မမဏ္ဍလမ် မဟာဂန္ဓာရီဂိုဏ်းကြီး၏ ဦးဆောင်နာယကမှာ နာရယန်နန (၀၁) ဆနပ်ကုမာရဖြစ်ပြီးပြီး ဂိုဏ်းတော်ကြီး၏ မဟာဂန္ဓာရီပညာနှင့် သာဝကများအား မဟာဂန္ဓာရီ သင်ကြားရေး တာဝန်ကို ဗျာဆရသေ့ကြီးနှင့် ဆာရာဆတီဒေဝီတို့က တာဝန်ယူ ဆောင်ရွက်သည်။

သုဒ္ဓမမ္မမဏ္ဍလမ်ဂိုဏ်း ကျင့်စဉ်များကို အနုသ္သသနစန္ဒရိက ကျမ်းအရ ကဏ္ဍလေးမျိုး ခွဲခြား၍ သင်ကြားလေ့ကျင့်ရသည်။ တပည့်သာဝကတို့၏ ပါရမီ အနုအရင့်ကို လေးမျိုးခွဲပြီး ကျင့်စဉ်မှာလည်း လေးဆင့် ခွဲခြားထားခြင်းဖြစ်သည်။ ပထမဆင့်မှာ ဒဿ အဆင့် တပည့်များအတွက်၊ ဒုတိယအဆင့်မှာ သာထအဆင့်ရှိ သာဝကများ၊ တတိယမှာ ဘရာမင်၊ စတုတ္ထမှာ အာနန္ဒာအဆင့်တို့ဖြစ်သည်။ အနုသ္သသနစန္ဒရိကကျမ်းသည် ပထမအဆင့်ဖြစ်သော ဒဿ သာဝကနှင့် ဒုတိယအဆင့်ဖြစ်သော သာထ သာဝကများအတွက်သာ ထုတ်ဖော်ရေးသားထားသည်။ ကျန် တတိယနှင့် စတုတ္ထအဆင့် သာဝကများအတွက်မူ ထုတ်ဖော်ရေးသားခြင်းမပြုဘဲ ဂုရုက သာဝကအား နှုတ်အားဖြင့်သာ ညွှန်ကြားသည်။

အနုသ္သသနစန္ဒရိက ကျင့်စဉ်ကျမ်းမှာ သာဝကများ၏ ရည်မှန်းချက်၊ ပဓာန ကျင့်စဉ်၊ နေ့စဉ်ကျင့်စဉ်နှင့် ဆောင်ရန်ရှောင်ရန်များကို အသေးစိတ် ညွှန်ကြားချက်များကို ရေးသားထားသည်။ သာဝကတက်စဉ် အဆင့်ဆင့်တွင် ရွတ်ဖတ်ရမည့် မန္တာန်များ၊ မဏ္ဍလများကိုလည်း ဖော်ပြထားသည်၊

ဤကျင့်စဉ် ညွှန်ကြားချက်အရ သုဒ္ဓမမ္မမဏ္ဍလမ် ဂိုဏ်းကြီးသို့ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမ မရွေး ဝင်ရောက်နိုင်သည်။ မည်သည့် ဘာသာဝင်မှ လက်ခံမည်ဟု ကန့်သတ်ခြင်းမရှိ။ အများအားဖြင့် ဂန္ဓာရီဂိုဏ်းများတွင် အမျိုးသမီးများ ဝင်ရောက်ခွင့်မပြုပေ။ သို့သော် သုဒ္ဓမမ္မမဏ္ဍလမ် ဂိုဏ်းကြီးတွင်ကား အမျိုးသမီးများကို အဆင့်အတန်းမခွဲခြား၊ ဓာတ်ခွဲခြားခြင်းမပြုဘဲ ဝင်ရောက်ခွင့်ပြုထားသည်။

သုဒ္ဓမမ္မမဏ္ဍလမ် ဂိုဏ်းကြီး၏ ပဓာန ရည်ရွယ်ချက်မှာ လောကလူသားတို့

အကျိုးစီးပွားအားလုံးနှင့် နောက်ဆုံးတွင် တရားဉာဏ်အလင်းများ ပွင့်လင်းပေါက်ရောက်စေရန် ဖြစ်သည်။ သို့သော် အနုသျှသနစန္ဒရိက ကျမ်းတွင် ဖော်ပြထားသည့် စည်းကမ်းချက်များ၊ ကျင့်စဉ်များအတိုင်း လိုက်နာသူ နည်းပါးလှသည်။ ပါရမီရှိသူ၊ ကိုယ်ကျိုးစွန့်နိုင်သူ အချို့သာလျှင် လိုက်နာကျင့်ကြံနိုင်သည်။ သုဒ္ဓမမွမဏ္ဍလမ်ဂိုဏ်းကြီးသည် အခြားသော ဆွာမီများ၊ ရသေ့များ၏ ဂိုဏ်းကဲ့သို့ ဆိုင်းဘုတ်တပ် ဌာနချုပ်ကြီး၊ မြင်သာအောင် ဖွင့်ထားသော ဂိုဏ်းမဟုတ်၊ လျှို့ဝှက်သော ဂိုဏ်းဖြစ်သည်ဟု ဆိုရသော်လည်း ရှာမတွေ့အောင် ပုန်းအောင်နေသော ဂိုဏ်းမျိုးလည်း မဟုတ်ချေ။

ပါရမီဓာတ်ခံရှိသူများ အနေဖြင့် အိန္ဒိယပြည် တစ်ပြည်လုံးတွင် ဂိုဏ်းကိုယ်စားလှယ်များသည် အနည်းဆုံး ၆ ဦးခန့်ရှိသည်ဟု ဆိုသည်။ အိန္ဒိယပြည်တွင် ကျော်ကြားလှသော ယောဂီပုဂ္ဂိုလ်များ၊ ဂန္ဓာရီပညာရှင်များသည် ဤဂိုဏ်းမှ ဖြစ်ကြသည်။ ခရစ်သျှာ၊ ဆာမီ ယောဂနန္ဒ၊ ဆာမီအော်ရိဘင်ဒို၊ ဆူဘာရောင်း၊ ဒမိုဒါးနှင့် ပညာဝန် မစ္စတာအိုင်ယာတို့သည် ဤဂိုဏ်းဝင်များအနက်မှ လူသိများသော ပုဂ္ဂိုလ်များ ဖြစ်ပြီးလျှင် အိန္ဒိယတစ်ပြည်လုံးတွင် တစ်ထောင်ကျော်မျှရှိသည်။

အနုသျှသနစန္ဒရိကကျမ်းတွင် သာဝကတို့ ကျင့်စဉ်သည် အဓိကအားဖြင့် နာမ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာများ အနည်းအကျဉ်းသာ ပါဝင်သည်။ အထူးသဖြင့် အာသနခေါ် ရုပ်ခန္ဓာ အလေးပေးကျင့်ရသော ဟသယောဂကျင့်စဉ် မပါဝင်ချေ။ ရာဇယောဂခေါ် စိတ်သမာဓိ ထူထောင်သူ ကျင့်စဉ်ကိုသာ ပဓာနထားသည်။ ပထမသုံးနှစ်အတွင်း အိမ်ထောင်ရှိသူများမှအပ အိမ်ထောင်မရှိသူ အားလုံးသည် ကိုယ်စိတ်နှစ်ပါး အသန့်ရှင်းဆုံးဘဝဖြင့်နေပြီး မေထုန်မှု ရှောင်ကြဉ်ရသည်။

သုဒ္ဓမမွမဏ္ဍလမ်အဖွဲ့သို့ ဝင်ရောက်လာသူ လူသစ်တစ်ဦးအား အဆင့်မြင့်သာဝကများက ဝင်ရောက်လာသူ လူသစ်၏ နောက်ဘဝများကို မနောအာရုံဖြင့် စစ်ဆေးကြည့်သည်။ လူသစ်၏ လိပ်ပြာခန္ဓာခေါ် မနောမယကောသကိုလည်း စစ်ဆေးကြည့်သည်။ မနောမယကောသသည် အလိုဆန္ဒများ၊ တောင့်တမှုများ၊ တဏှာရမ္မက်များ ဖြစ်ပေါ်ရာ ခန္ဓာဖြစ်လေရာ ယင်း မနောမယခန္ဓာကိုယ် စစ်ဆေးခြင်းအားဖြင့် သာဝကသစ်တွင် တဏှာရမ္မက်များ မည်မျှ ထူပြောသည်။ မည်မျှ နည်းပါးသွားပြီကို သိရပြီး သာဝကကျည့်စဉ်နှင့် ထိုက်တန်မှသာလျှင် ဝင်ခွင့်ပြုသည်။ အကယ်၍ သာဝကသစ်တွင် ပါရမီတစ်စုံတစ်ခု လိုနေသေးပါက ယင်းလိုနေသော ပါရမီအရည်အချင်းကို ပဏာမ ဖြည့်တင်းရန် ညွှန်ကြားပေးသည်။ သာဝကသစ်တစ်ဦးသည် သုဒ္ဓမမွမဏ္ဍလမ် ဂိုဏ်းအတွင်းသို့ ဝင်ရောက်ပြီဆိုလျှင် သူ့အား အမည်သစ်ပေးထားသည်။ ယင်းနာမည်ကို ဆရာနှင့်သာဝကတို့သာ သိသည်။ အခြားသာဝကများ သိခွင့်မရှိချေ။

သာဝကကျင့်စဉ် လေ့ကျင့်ချိန် ကာလမှာ စုစုပေါင်း ၂၄ နှစ်ကြာပြီး လေ့ကျင့်ခန်း တစ်ခုအတွက် (၇)နှစ်ဖြင့် လေ့ကျင့်ခန်း သုံးမျိုးအတွက် ၇x၃=၂၁ နှစ် ကြာသည်။ နောက်ထပ် သုံးနှစ်မှာ မိမိ ကြိုးစားကျင့်ကြံမှုများ၊ ဆောင်ရွက်ချက်များကို ပြန်လှန်

သုံးသပ်ခြင်းဖြစ်၍ စုစုပေါင်း ၂၄ နှစ်ကြာသည်။ ဝင်ရောက်ကာစ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဂိုဏ်းတာဝန်ခံနှင့် မနောချင်း ဆက်သွယ်နိုင်အောင် လေ့ကျင့်သင်ကြားပေးသည်။ နည်းပြဆရာဂိုဏ်းတာဝန်ခံက သာဝကသစ်အား မနောဆက်ပညာဖြင့် လိုအပ်သော ညွှန်ကြားချက်များကို ပေးသည်။ ထို့ကြောင့် သာဝကသစ်သည် နည်းပြဆရာ၏ ညွှန်ကြားချက်များကို မနောဆက်ပညာဖြင့် ခံယူနိုင်အောင် မနောနားဓာတ်ပွင့်အောင် ကြိုးစားကျင့်ကြံရမည်။ ထိုအဆင့်ရှိ သာဝကအား ကြားနာသူ Hearer ဟု ခေါ်သည်။ မနောဓာတ်ပွင့်ရန်အတွက် မည်သို့ လိုက်နာဆောင်ရွက်ရမည်ဆိုသော ကျင့်စဉ်များကို အနုသျှသန စန္ဒရိကကျမ်းတွင် ညွှန်ကြားထားသည်။

ဘာဝနာလေ့ကျင့်မှုမှာ ပတန်ဂျာလီ၏ ရာဇယောဂကျမ်းအတိုင်း စိတ်ကို ဖြူစင်အောင်၊ တည်ငြိမ်အောင် တစ်ဆင့်ပြီးတစ်ဆင့်ဖြင့် အဋ္ဌမအင်္ဂါ တက်စဉ်ရှစ်ပါးအတိုင်း လေ့ကျင့်ရသည်။ ကဲ့ဆောင်မှု အစီအရင်များနှင့် ပတ်သက်၍မူကား အနည်းအကျဉ်းသာ ရှိသည်။ အထူးသဖြင့် ဝိသာခါ နက္ခတ်သဘင်ဖြစ်သော ဝေဆက်သဘင် ကျင်းပရာတွင် သတ်မှတ်ထားသော အစီအရင် အခမ်းအနားဖြင့် စီရင်ရသည်။ ဝေဆက်ခေါ် ဝိသာခါသဘင်မှာ တစ်နှစ်လျှင် ကဆုန်လပြည့်နေ့သည် ဝိသာခါနက္ခတ်နှင့် စန်းနှင့်ယှဉ်သောအချိန်တွင် သုဒ္ဓမမ္မမဏ္ဍလမ် ဌာနချုပ်ရှိရာ ဟိမဝန္တာမြောက်ခြမ်းတွင် ဂိုဏ်းချုပ်ကြီးမှစ၍ ဂိုဏ်းဝင်ပုဂ္ဂိုလ်များ တက်ရောက်ရသော အရေးပါလှသည့် အခါကြီး နေ့ကြီး ဖြစ်သည်။ ထိုဝိသာခါသဘင်သို့ ဈာန်ဘုရားများနှင့်တကွ ရှမ်ဗဲလားမှ တာဝန်ရှိပုဂ္ဂိုလ်များလည်း အစုံအညီ တက်ရောက်ကြသည်။

ဂိုဏ်းသားအသစ် (ဝါ) သာဝကသစ်တစ်ဦးအား ဂိုဏ်းဝင်အဖြစ် အသိအမှတ်ပြုရာတွင်လည်းကောင်း၊ အဆင့်မြှင့်တင်ပေးရာတွင်လည်းကောင်း အခမ်းအနား အစီအရင်ဖြင့် ကျင်းပပြီး မုဒြသုံးမျိုးဖြင့် ပညာလက်ဆင့်ကမ်းခြင်း၊ ဓာတ်ကူးခြင်းကို ပြုကြသည်။ သာဝကသစ်များ၊ လူသစ်များသည် ကတိကိုးပါးကို စောင့်ထိန်းပါမည်ဟု ပဋိညာဉ်ပြုရသည်။ ကတိကိုးပါးမှာ-

၁။ အဟိ'သခေါ် ကဲသုံးပါးဖြင့် သူတစ်ပါးအား ထိခိုက်နစ်နာစေမှု မဖြစ်အောင် နေပါမည်။ လူသားအားလုံးအား နေ့စဉ် မေတ္တာပို့ပါမည်။

၂။ ဗြဟ္မဝိဇ္ဇာတရားကို မယုံကြည်သူ၊ မသင့်လျော်သူများကို ဤတရားကို မဟော်ပါ။

၃။ ဗြဟ္မဝိဇ္ဇာတရားနှင့် အာစရိယတို့ကို ပြစ်မှားခြင်း မပြုပါ။

၄။ သုဒ္ဓမမ္မမဏ္ဍလမ် ကျင့်စဉ်တွင် ဖော်ပြထားသော ဒုစရိုက်တွေကို ရှောင်ကြဉ်ပါမည်။

၅။ ထင်ပေါ်ကျော်ကြားလိုမှုကို စွန့်လွှတ်၍ တရားမျှတမှုကို တည်ဆောက်ပါမည်။

၆။ သူမိုက်နှင့် မပေါင်းသင်းပါ။ မသန့်ရှင်းသောအစာ မစားပါ။ မဖွယ်မရာ မပြုပါ။

၇။ ဘဝတွင် မည်မျှပင် ဒုက္ခတွေ့စေကာမူ စည်းကမ်းချက်များကို မဖောက်ဖျက်ပါ။

၈။ ခံယူထားသော သုဒ္ဓမမ္မ မဏ္ဍလမ်ဓာတ်ကို မည်သည့်အကြောင်းနှင့်မျှ စွန့်ပစ်ခြင်း မပြုပါ။

၉။ ဆရာရှင်က မုဒြဖြင့် ချီးမြှင့်ခြင်းကို ခံယူပါမည်။

ဆရာရှင်တို့က တပည့်သာဝကများအား မုဒြသုံးမျိုးဖြင့် ပါရမီ အနုရင့်အလိုက် ချီးမြှင့်လေ့ရှိသည်။ ယင်းမုဒြတို့မှာ--

(၁) ဗြဟ္မမုဒြ

(၂) ဝိဝေကမုဒြ နှင့်

(၃) အတ္တမ မုဒြ ဟူ၍ဖြစ်သည်။

လူသစ် သာဝက၏ လက်နှင့် ဆရာဂုရုတို့ လက်ချင်းယှက်၍ လက်ချင်းထပ်သည်ကို ဗြဟ္မမုဒြဟု ခေါ်သည်။ ဤမုဒြကို ဂိဏီးဝင်ပွဲများတွင် သာဝကသစ်များအား ဂိဏီးဝင်အဖြစ် အသိအမှတ်ပြုပွဲများတွင် အသုံးပြုသည်။

ဝိဝေကမုဒြမှာ ဒုတိယအဆင့် မုဒြဖြစ်၍ သာဝကတို့ အဆင့်တက်သောအခါတွင် အသုံးပြုသော မုဒြဖြစ်သည်။ နှလုံးသားတွင် ကိန်းဝပ်နေသော ဝိညာဉ်ခေါ် အတ္တမသည် လက်မအဆစ်သဏ္ဌာန်ရှိသည်ကို အကြောင်းပြု၍ လက်မအဆစ်သဏ္ဌာန်ရှိ ဝိညာဉ်ကို အာရုံပြုရခြင်းဖြစ်သည်။

တတိယအဆင့် မုဒြမှာ လက်ညှိုးနှင့် လက်မကို စက်ဝိုင်းသဏ္ဌာန်ဖြစ်အောင် ထိလိုက်ခြင်းဖြစ်သည်။ လူ၏ အတ္တမဝိညာဉ်နှင့် ဘုရား၏ မြင်မြတ်သော အတ္တမဝိညာဉ်တို့ နှစ်ခုပေါင်းစပ်ခြင်းကို ဆိုလိုသည်။

သာဝကနှင့် ဆရာရှင်တို့ လက်ချင်းယှက်သော ဗြဟ္မမုဒြ ဆောင်ယူသောအခါ လက်မနှစ်ခုတို့သည် တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင် ထိထားရမည်ဖြစ်ပြီးလျှင် သာဝက၏ လက်သည် အောက်မှနေရပြီး ဆရာရှင်၏လက်က အပေါ်မှ နေရမည်ဖြစ်သည်။ သာဝကသစ်တစ်ဦးအား ပထမဆုံး သက္ကတဂါထာ ၆ ပိုဒ်ကို ဘာဝနာပွားရန် ပေးအပ်သည်။ ယင်းဂါထာ ၆ ပိုဒ်ကို နှစ်မျိုးခွဲခြားပြီး ပထမ ၃ ပိုဒ်မှာ မိမိ၏ အတ္တမဝိညာဉ်ကို ဘာဝနာပွားရန်ဖြစ်ပြီး ယင်းဂါထာ ၃ ပိုဒ်ကို 'မဟာဝါကျ'ဂါထာဟု ခေါ်သည်။ ဝါကျဂါထာမှာ 'အွန်'ဟု အသံထွက်သည်။ အ,သံ၊ အူ,သံ၊ မ,သံ အသံသုံးမျိုးပေါင်းစပ်ထားသော အသံဖြစ်သည်။ ဥ၊ ဟူသောအသံနှင့် နီးစပ်သော်လည်း အသံထွက်ရှည်သဖြင့် အွန်ဟူသော အသံနှင့် ပိုပြီး နီးကပ်သည်။ ယင်း မဟာဝါကျဂါထာ အသံ၏ မဟိဒ္ဓိဖြင့် သာဝကသည် မိမိခန္ဓာတွင် ကိန်းဝပ်နေသော ဝိညာဉ်၏ တန်ခိုးသိဒ္ဓိများကို ရစေမည်။ တရားအလင်းများကို ပွင့်စေမည် ဖြစ်သည်။ ဒုတိယ မဟာဝါကျဖြစ်သော ဂါထာသုံးမျိုးမှာ တန်ခိုးသိဒ္ဓိနှင့် သက်ဆိုင်သည်။ တန်ခိုးသိဒ္ဓိကို 'ရုက်တိ'ဟု ခေါ်သည်။ တန်ခိုးသိဒ္ဓိဟု မြန်မာဘာသာသို့ ပြန်နိုင်သည်။ ယင်းသိဒ္ဓိသုံးပါးမှာ ဈာနရုက်တိ၊ ဣဒ္ဓိရုက်တိ၊ ကရိယရုက်တိတို့ ဖြစ်သည်။

ယင်းဂါထာများကို တစ်နေ့လျှင် တစ်နာရီခန့် ပွားများရွတ်ဆိုရသည်။ တစ်ဂါထာလျှင် သုံးလခန့်ကြာပြီးဂါထာ ၆ ပိုဒ်စလုံးကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးသော အခါမှသာလျှင် ပဏာမကျင့်စဉ်များ ပြီးဆုံးသွားသောကြောင့် သင့်လျော်ရာ ဘာဝနာတစ်ခုခုကို ကျင့်ရန်

ညွှန်ကြားပေးအပ်သည်။ ယင်းဘာဝနာများမှာလည်း ရာဇယောဂကျင့်စဉ်များသာ ဖြစ်သည်။ ထို့ပြင် နေ့စဉ် နံနက်တိုင်း နေမထွက်မီ ဂယာထရီခေါ် မန္တာန်ကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ရသည်။ ဂယာထရီမှာ ဟိန္ဒူဘာသာဝင်တို့ အလေးအမြတ်ထား၍ ရွတ်ဆိုသော ဘုရားရှိခိုး မန္တာန်တစ်မျိုးပင် ဖြစ်သည်။

ပဏာမကျင့်စဉ် ပြီးဆုံးသွားလျှင် ရာဇယောဂကျင့်စဉ်ကို တစ်နေ့လျှင် ၂ နာရီ ၂၄ မိနစ်ဖြင့် နေ့စဉ် ၂၄ နှစ်ကြာအောင် ဘာဝနာပွားရသည်။ ရာဇယောဂကျင့်စဉ်ဖြင့် ခန္ဓာယာဉ်များအတွင်း ကိန်းအောင်းနေသော အတ္တမဝိညာဉ်ကို ခန္ဓာယာဉ်ငါးမျိုးမှ လွတ်ကင်းအောင် ကျင့်ကြံခြင်းဖြစ်ပြီးလျှင် ခန္ဓာယာဉ်များ လွတ်ကင်းသွားသောအခါ အတ္တမဝိညာဉ်သည် အလင်းရောင်များ ပြိုးပြိုးပြက်ပြက် ထွက်လာပြီး သေခြင်းကင်းရာ အမတနယ်မြေသို့ ရောက်ရှိမည်ဖြစ်သည်။

ဤသို့ ကျင့်စဉ်များ ဘာဝနာများ ကျင့်ကြံနေသော်လည်း သာဝကသည် တောထွက်ခြင်း၊ အိမ်ယာကို စွန့်ပစ်ခြင်းမပြုရဘဲ မိမိဘဝ ကံပစ်ချရာ လူ့ဘဝ၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း တစ်ဖက်တွင် ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ရမည်ဟု အနုသျှသန စန္ဒရိကကျမ်းတွင် ညွှန်ကြားထားလေသည်။

*

ခေါမ မဟာကန္ဒာရီ

အော်ဒိယပ်စ် မဟာကန္ဒာရီဂိုဏ်း

ယခုအခါတွင် သဲကန္တာရ ဖြစ်နေသော်လည်း ဘီစီလေးသောင်းကျော်က ပင်လယ်ဖြစ်ခဲ့သောကိုဘီပင်လယ်ရှိ ကလျှန်းဖြူခေါ် ရှမ်ဗဲလားဒေသတွင် အာရ်ယန်လူမျိုးနွယ်သစ်ကြီးကို တည်ထောင်ပြီးလျှင် အာရ်ယန်လူမျိုးနွယ်ခွဲ (၅)မျိုး ခွဲခြား၍ ရှမ်ဗဲလားတွင်ပင် နေရာသီးခြားစီထားပြီး ပြုစုပျိုးထောင်ခဲ့သည်။ ပင်မ အာရ်ယန်မျိုးနွယ်ကြီး မျိုးနွယ်ခွဲငါးမျိုးကို အနုအရင့်အလိုက် ခွဲခြား၍ မျိုးနွယ်ခွဲတစ်ခုလျှင် အရည်အသွေးတစ်မျိုးစီ ထူးကဲစွာ ရရှိအောင် နေထိုင် မွေးမြူ လေ့ကျင့် သင်ကြားပြီးမှ အနောက်ဘက်ကမ္ဘာသို့ ဖြန့်ကြက်ပျံ့နှံ့သွားခြင်းဖြစ်သည်။

ပထမ မျိုးနွယ်ခွဲမှာ အိန္ဒိယပြည်အတွင်းသို့ ပျံ့နှံ့ဝင်ရောက်ခဲ့သော မျိုးနွယ်ခွဲဖြစ်ပြီးလျှင် ယခု ရေးလတ္တံ့သော စတုတ္ထမျိုးနွယ်ခွဲမှာ ခေါမ Greekသို့ ပျံ့နှံ့ဝင်ရောက်သွားမည့် မျိုးနွယ်ခွဲ ဖြစ်သည်။ ရှမ်ဗဲလား၏ အရှေ့ဘက်ရှိ တရုတ်ပြည်၊ ကိုရီးယား၊ ဆိုက်ဗေးရီးယား၊ ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အတ္တလန်တီယန်မျိုးနွယ်များ(မွန်ဂိုဩး) အလွန်

အင်အား၊ကောင်းပြီး ထုထည်ကြီးမား၊လှ၍ အတွေ့လန်တစ်ယဉ်ကျေးမှုအရ ဖွံ့ဖြိုး၊လျက်ရှိရာ ရှိရင်းစွဲအတိုင်း တိုးတက်ဖွံ့ဖြိုးရန်အတွက် ထိန်းမတ်ပေးမှုကိုသာ ပြုခဲ့သည်။

အာရျအလယ်ပိုင်း၊ အနောက်ပိုင်းနှင့် အနောက်တိုင်းနိုင်ငံများတွင်ကား အတွေ့လန်တစ်ယဉ်ကျေးမှုကြီး ရပ်တန့်တိမ်ကောသွား၊ပြီး၊လျှင် ရေမြေတောတောင် သဘာဝအရလည်း၊ကောင်းမွန်နေရကား လူ့အနွယ်သစ်တစ်ရပ်ကို အခြေချရန်အတွက် အထူးသင့်လျော်လှသည်။ ထို့ကြောင့် အာရိယန်လူ့ဘောင်သစ်ကို တည်ထောင်ရန်အတွက် အာရိယန်မျိုးနွယ်သစ်များကို စနစ်တကျ မွေးမြူလေ့ကျင့်ပေးပြီး ရှမ်ဗဲလား၏ အနောက်ဘက်သို့ ဦးတည်၍ အာရိယန်လူမျိုးနွယ်ခွဲကြီး (၅)ခွဲကို တစ်ခွဲပြီးတစ်ခွဲ တစ်သုတ်ပြီးတစ်သုတ် အနောက်ဘက်နှင့် အနောက်တောင်ဘက် (အိန္ဒိယ)ပြည်သို့ စနစ်တကျ ဆရာရှင်ဂုရုများက ရှေ့ဆောင်၍ ဖြန့်ကြက်ခဲ့သည်။

ရှမ်ဗဲလား မဟာဂန္ဓာရီပညာသည် တရုတ်၊ မွန်ဂိုလီးယား၊ ကိုရီးယား တို့သို့ ရောက်သောအခါ "တောက် မဟာဂန္ဓာရီ"အဖြစ်လည်းကောင်း၊ အီဂျစ်ပြည်သို့ ရောက်သောအခါ "ဟာမီ မဟာဂန္ဓာရီ"အဖြစ်လည်းကောင်း၊ အိန္ဒိယပြည်သို့ ရောက်သောအခါ "အရိယာဝါတ မဟာဂန္ဓာရီ၊ သို့မဟုတ် ခရစ်သျှနှာ၏ အမရဝတီ ဂန္ဓာရီပညာ"အဖြစ်လည်းကောင်း အသွင်ပြောင်း၍ ပေါ်ပေါက်လာသည်။

စတုတ္ထအာရိယန်မျိုးနွယ်ခွဲကြီးသည် ဘီစီ ၂၀,၀၀၀ခန့်တွင် ရှမ်ဗဲလားမှ အနောက်ဘက်သို့ ခရီးထွက်ခွာလာရာ အာရှတိုက်တွင်းရှိ ရှုပြည်နယ်များမှ နေ၍ ပါရှား(ယခုအခါ အီရန်)သို့လည်းကောင်း၊ ပါရှားနှင့် ကော့ကေးရှတောင်တန်းတစ်လျှောက်တွင် နှစ်ရှည်လများ အင်အားမွေးပြီးနောက် ဘီစီ ၁၀,၀၀၀ ခန့်တွင် မြေထဲပင်လယ်ကို ဖြတ်ကျော်၍ ဥရောပတိုက်ဘက်သို့ ကူးရာ ပထမဆုံး ဂရိနှင့် ကရိကျွန်းများသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ထိုခေတ်က ဂရိပြည်တွင် ပဲလာစ်ဂျီယန်တိုင်းရင်းသားများ ရှိနေသည်။ ထို့ကြောင့် ရှမ်ဗဲလား အာရိယန်တို့သည် ကရိနှင့်ဂရိ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် အခြေချပြီးမှ တဖြည်းဖြည်း အတွင်းဘက်သို့ နယ်သစ်များ တိုးချဲ့လာရာ ဂရိပြည်တစ်ပြည်လုံးသို့ လွှမ်းသွားသည်။

ယင်းမှတစ်ဆင့် အီတလီ၊ ပြင်သစ်၊ ဘဲလ်ဂျီယံ၊ ဂျာ်မဏီအနောက်ပိုင်းသို့ ဆက်လက်ပြန့်ပွား တိုးချဲ့သွားရာ ယင်း အာရိယန်များကို ကဲ့လ် (KELT) မျိုးနွယ်ဟု မနုဿဗေဒပညာရှင်များက အမည်ပေးသည်။ ထို့ကြောင့် ယင်း ကဲ့လ်လူမျိုးနွယ်များရှိရာ အနောက်တိုင်းသို့ ရှမ်ဗဲလား မဟာဂန္ဓာရီပညာရှင်များ ပျံ့နှံ့ရောက်ရှိသွားခြင်း ဖြစ်သည်။ ကဲ့လ်ခေါ် အာရိယန်မျိုးနွယ်များ ခေါမ(ဂရိ)သို့ ရောက်ရှိလာစဉ်က ခေါမပြည်ကြီးနှင့် ကရိကျွန်း အီတလီတို့တွင် နတ်ကိုးကွယ်မှုသာ ရှိသည်။ ဘုရားနှင့် ဘုရားဟော တရားများ မပေါ်ထွန်းသေးချေ။ ခေါမပြည်တွင် နေရာဒေသအလိုက် နေ ကိုးကွယ်သူ၊ လ,ကိုးကွယ်သူနှင့် သဘာဝနတ်များကို ကိုးကွယ်သူများသာ ရှိနေကြသည်။ ကိုးကွယ်မှုခြင်း အားပြိုင်နေကြသည်။ သာရေ့စ်မြို့ပြတွင် နေကိုးကွယ်ပြီး

ပုရိသဘုရားကိုလည်း ကိုးကွယ်ကြသည်။ သို့သော် လ, ကိုးကွယ်ကြပြီး ဣတ္ထိယဘုရား ကိုးကွယ်မှုများလည်း ရှိသည်။

ဣတ္ထိယဘုရား ကိုးကွယ်သူများကို ဘက္ခုဟု ခေါ်၍ လူသတ်ယဇ်ပူဇော်ခြင်း၊ အရက်သေရည်များ သောက်ကာ မူးရစ်ကခုန်ခြင်း၊ စသည့် ဘာသာရေးပွဲလမ်းများလည်း လွှမ်းမိုးနေသည်။ ခေါမပြည် မြောက်ပိုင်းရှိ သာရေ့စ်မြို့ပြတွင် တောင်တန်းများရှိသည်။ ယင်းတောင်တန်းများတွင် ဇီးယပ်ဓာတ်စခန်း၊ ကရိန်ဓာတ်စခန်း၊ အပိုလိုဓာတ်စခန်းများ ရှိသည်။ ဒဲလ်ဖီအရပ်တွင်လည်း ဓာတ်စခန်းများရှိသည်။ မိမိအရပ်ဒေသအလိုက် ကိုးကွယ်သော စျာန်ဘုရားများ၊ ဓာတ်စခန်း ဖွင့်ရန်အတွက် ဓာတ်စခန်းကြီးများ တည်ဆောက် ကိုးကွယ်ကြသည်။

ဇီးယပ်၊ အပိုလိုတို့အား နတ်ဘုရားဟုလည်း ဘာသာပြန်ကြသည်။ ခေါမတို့၏ ယုံကြည်ကိုးကွယ်မှုအရ ဇီးယပ်၊ အပိုလိုတို့သည် သာမန်လောကီနတ်များ မဟုတ်သဖြင့် ထိုဘုရားများကို ပူဇော်ရာ နေရာကိုလည်း နတ်ကွန်းဟု မခေါ်တော့ဘဲ ဓာတ်စခန်းဟုသာ ခေါ်လိုပါသည်။ ယင်းဓာတ်စခန်းများအနက် ဒဲလ်ဖီအရပ်ရှိ ဓာတ်စခန်းမှာ အကျော်ကြားဆုံး ဖြစ်၍ လူသိများသည်။ ယင်းဓာတ်စခန်းများတွင် မိမိတို့ဒေသဆိုင်ရာ ကိုးကွယ်သော စျာန်ဘုရားများကို ပူဇော်ပွဲကြီးများ ကျင်းပ၍ ပူဇော်ကြသည်။

ဤသို့ ပူဇော်သောအခါ စျာန်ဘုရားများထံမှာ ဆုတောင်းကြသည်။ စျာန်ဘုရားကြီးများကလည်း ယင်းသို့ ဆုတောင်းမှုကို ဖြေကြားကြသည်။ စျာန်ဘုရားကို သာမန်လူတိုင်းက ဆက်သွယ်ရန် ခက်ခဲလှရာ ခေါမသူအပျိုစင်များကို သန့်ရှင်းစင်ကြယ်အောင် လေ့ကျင့် သင်ကြားပြုစုပြီး စျာန်ဘုရားများနှင့် ဆက်သွယ်ရန် သီးသန့်ထားရှိ တာဝန်ပေးထားသည်။ တစ်နည်းအားဖြင့် စျာန်ဘုရားများ ဓာတ်စီးပြီး ပြောလိုရာကို ပြောစေခြင်းဖြစ်သည်။

နတ်ဝင်သည်များသည် ဓာတ်စီးသူများနှင့် ဆင်ဆင်တူသော်လည်း ခေါမဓာတ်ဝင် ဓာတ်စီးသူများကား တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက် မဟုတ်ဘဲ ယုံကြည်မှုအရသာ ဖြစ်၍ သန့်ရှင်းမှုနှင့် ယုံကြည်ကိုးကွယ်မှုကို ဦးစားပေးသည်။စျာန်ဘုရားများ၏ နာမ်ဓာတ် ကိန်းဝပ်ရန်အတွက် သန့်ရှင်းသော ရုပ်ခန္ဓာ နာမ်ခန္ဓာရှိရန် လိုသည်ဟု ယုံကြည်ကြသည်။ သို့ရာတွင် ခေတ်ဦးကာလ အာရ်ယန်တို့ ဝင်ရောက်စတင်မှု လူသတ်၍ ယဇ်ပူဇော်ခြင်း စသော လူရိုင်းခေတ်၏ ကိုးကွယ်ယုံကြည်မှုများကား ရှိနေသေးသည်။ ဤသို့သော အချိန်ကာလမျိုးတွင် အာရ်ယန်တို့ ဝင်ရောက်လာပြီးလျှင် အာရ်ယန်တို့၏ ခေါင်းဆောင် အော်ဖီယပ်စ်သည် ခေါမတိုင်းတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

ကရစ်သ္ဌနှစ် ကွယ်လွန်ပြီး နှစ်ပေါင်း ၁၇၀၀၊ ခရစ်တော်မပေါ်မီ နှစ် ၁၃၀၀၊ တမန်တော် မိုးကော်နှင့် ခေတ်ပြိုင်၊ ကမ္ဘာကျော် ခေါမ ကဗျာဝိဒူဟိုးမား မပေါ်မီ အနှစ် ၅၀၀ ခန့်က အော်ဖီယပ်စ်သည် ခေါမတိုင်းတွင် ပေါ်ပေါက်လာသည်။ သမိုင်းဆရာ ဟီရိုဒိုးတပ်စ်က အော်ဖီးယပ်စ်သည် အီဂျစ်ပြည်သား အာရ်ယန်နွယ်ဖွားဟု ဆိုသည်။ သို့သော် သချိုင်းစာဟု ခေါ်သော ခေါမသချိုင်းမှ ရွေးပြားစာများအလိုအရ အော်ဖီယပ်စ်သည်

သာရောစပ်မြို့ပြသား ဖြစ်သည်ဟု ဆိုသည်။ အော်ဖိယပ်စ်သည် အနှိယတွင် အနစ် ၂၀ ကြာ အာရိယန်ဂန္ဓာရီပညာများကို သင်ကြားတတ်မြောက်သူဟု ဆိုသည်။

အာရိယန်ခေတ်ဦးတွင် လူသားထဲမှ မဟာဂန္ဓာရီပညာများကို ဆုံးခန်းတိုင် ပေါက်ရောက်အောင် လိုက်နိုင်သူမရှိသေးသဖြင့် ဗျာန်ဘုရားတစ်ပိုင်း လူတစ်ပိုင်း ဟိုရိုလ်များက သာ ဂန္ဓာရီပညာများကို လူသားတို့အား သင်ကြားပေးခဲ့ရသည်။ ကာလအတန်ကြာသောအခါ လူသားထဲမှ မဟာဂုရု ဝင်စားသော ဟာမီးစ်သည် အိုဂျစ်မဟာဂန္ဓာရီကိုလည်းကောင်း၊ ခရစ်သျှနားသည် အိန္ဒိယမဟာဂန္ဓာရီကိုလည်းကောင်း ပေါက်ရောက်အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။ မိုးဇက်သည် ဟီဘရူးဂန္ဓာရီကို အတော်အသင့်မျှသာ ထူထောင်နိုင်ခဲ့သော မဟာလူသားဖြစ်သည်။ ယင်း မဟာလူသားသုံးဦးတို့ အားလုံးမှာ အရှေ့တိုင်း မဟာဂန္ဓာရီပညာကြီးကို တည်ထောင်ခဲ့သူများ ဖြစ်ကြသည်။

အနောက်တိုင်း မဟာဂန္ဓာရီပညာကို ခေါမတိုင်းတွင် စတင်တည်ထောင်သော မဟာလူသားမှာ အော်ဖိယပ်စ် ဖြစ်သည်။ အချို့သော ခေါမပညာရှင်များက အော်ဖိယပ်စ်ကိုပင် ဗျာန်ဘုရားသဖွယ် မြှင့်တင်ပေး၍ ကြည်ညိုကြသည်။ စင်စစ်အားဖြင့် အော်ဖိယပ်စ်သည် မဟာဂန္ဓာရီပညာရှင်သာမက ခေါမတိုင်းနှင့်တကွ အနောက်တိုင်းတွင် ပထမဆုံးသော ဒဿနပညာရှင်၊ ပထမဆုံးသော ကဗျာဝိဒူ၊ ပထမဆုံးသော ဂီတပညာရှင်၊ ပထမဆုံးသော ဘာသာရေးခေါင်းဆောင်ပင် ဖြစ်သည်။ လူသတ်၍ ယဇ်ပူဇော်သောဓလေ့ကို သူ ပယ်ဖျက်ခဲ့သည်။ တွေ့ရာ နတ်ကို ကိုးကွယ်သော နတ်ကိုးကွယ်မှုကို သူ၏ ဘာသာရေးဒဿနများဖြင့် ဖယ်ရှားခဲ့သည်။ နေဂိဏ်းလဂိဏ်း နှစ်ဂိဏ်းကွဲပြီး လဂိဏ်းမှ အောက်လမ်းမှော်ပညာများကို မဟာဂန္ဓာရီဖြင့် နှိမ်နင်းခဲ့သူဖြစ်လေသည်။

တွေးခေါပညာရပ်တွင်လည်း နောင်အခါတွင် ခေါမတိုင်း၌ ပေါ်ထွန်းခဲ့သော ပိုက်သဂိုရပ်စ်၊ ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ် စသော တွေးခေါပညာရှင်များသည် အော်ဖိယပ်စ်၏ ဂန္ဓာရီ တပည့်သာဝကများသာ ဖြစ်သည်။ ထို့ကြောင့် အော်ဖိယပ်စ်၏ အတွေးအခေါသည် နောင်အခါ အနောက်တိုင်းတစ်ခုလုံးသို့ ပျံ့နှံ့ဩဇာသက်ရောက်ခဲ့သည်။

အော်ဖိယပ်စ်သည် ဘာသာရေး၊ စာပေ၊ ကဗျာအလင်္ကာ၊ ရူပဗေဒအခြေခံပညာ၊ သခ်ၤာဘာသာနှင့် မဟာဂန္ဓာရီပညာရပ်များအပါအဝင် ကျမ်းပေါင်း ၃၅ ကျမ်းကို ပြုစုခဲ့သူဖြစ်၍ စွယ်စုံပညာရှင်ဟုလည်း ဆိုနိုင်သည်။ ယင်းစွယ်စုံပညာရပ်ထဲမှ အထူးချွန်ဆုံးနှင့် အထင်ရှားဆုံးမှာ ဂီတပညာ ဖြစ်သည်။ အပိုလိုဗျာန်ဘုရားက ပေးသော စောင်းကို ရရှိထားသူဖြစ်သည်။ စောင်းအိုးမှာ ဆင်စွယ်ဖြင့် ပြုလုပ်ထားပြီး စောင်းကြိုး၊ ခုနစ်ချောင်းမှာ ရွှေကြိုးများဖြစ်သည်။ အနုပညာကို အစိုးရသော အပိုလို ဗျာန်ဘုရားက စောင်းပညာကို သင်ကြားပေးခဲ့သဖြင့် ထိုစဉ်က ကမ္ဘာထိပ်တန်းပညာကို တတ်မြောက်ခြင်း ဖြစ်သည်။ အတ္တလန်တီယန်ခေတ်၌ သံစဉ်သုံးမျိုးသာ ဂီတပညာတွင် အသုံးပြုနိုင်သည်။ အတ္တလန်တီယန်ခေတ် နောင်းပိုင်းတွင်မှ သံစဉ် လေးမျိုးအထိ အသုံးပြုလာနိုင်သည်။ အာရိယန်ခေတ်ဦးတွင် သံစဉ် ငါးမျိုးသာ တွေ့ရှိအသုံးပြုနိုင်ပြီး အော်ဖိယပ်စ် လက်ထက်ကျမှသာလျှင် သံစဉ်

ခုနစ်ပါးကို ကြိုးခုနစ်ကျောင်းနှင့် ဂီတသံအဖြစ် စတင်အသုံးပြုနိုင်ခြင်းဖြစ်သည်။

ဂျပန်ရှေးဟောင်း ဗျတ်စောင်း၊ တရုတ်ရှေးဟောင်း ဗျတ်စောင်းတို့သည် သံစဉ် ငါးပါးကိုသာတီးခတ်နိုင်သည်။ ထို့ကြောင့် အများအားဖြင့် ဗျတ်စောင်းကြိုးမှာ ငါးချောင်း ထားလေ့ရှိသည်။ ဂီတသံစဉ်များနှင့် တစ်သံနှင့်တစ်သံ ကွာခြားမှုမှာ စကေးဖြင့်သာ ကွာခြားရာ သန်္ဃာဆရာ အော်ဖိယပ်စ်မှာ ဂီတသံစဉ် တစ်သံနှင့်တစ်သံတို့၏ စကေးကို သိရှိ နားလည်သူဖြစ်သည်။ ယင်း ဂီတသံစဉ်ကို စနစ်ကျ ဒဿနအဖြစ် တည်ထောင်ခဲ့သူမှာ အော်ဖိယပ်စ်၏ သာဝကဖြစ်သူ ပိုက်သဂိုးရပ်စ် လက်ထက်ကျမှပင် ဖြစ်သည်။ အော်ဖိယပ်စ်၏ အသံမှာလည်း ကြည်လင်ရုံမက ဆွဲငင်အားလည်း ကောင်းလှသည်။ ဂီတသံကလည်း လူ့လောကကြီးတွင် တစ်ကြိမ်တစ်ခါမှ မကြားဖူးသော သံစဉ်ခုနစ်ပါး ဂီတသံစဉ် ဖြစ်ရာ ကြားရသူအပေါင်းမှာ နဝင်ပိယံဖြစ်ပြီး ဂီတရေယဉ်ကြောသို့ မျောပါသွားကြသည်။ သားရဲတိရစ္ဆာန်တို့ပင်လျှင် အော်ဖိယပ်စ်၏ဂီတသံကို ကြားသောအခါ အော်ဖိယပ်စ်၏ ခြေရင်းသို့ ဝပ်စင်းလာကြသည်။ သက်မဲ့ဖြစ်သော သစ်ပင်နှင့် ကျောက်တုံးကျောက်ခဲများပင်လျှင် ဂီတသံ၏ ရိုက်ခတ်မှုကို မခံနိုင်ဖြစ်ကြသည်။ ပရလောကသားများဖြစ်သော နတ်များပင်လျှင် ဂီတသံရှိရာသို့ စုဝေးရောက်ရှိလာအောင် ဂီတ၏ ဆွဲဆောင်မှုကို ခံကြရသည်။

အော်ဖိယပ်စ်သည် ဂီတသံစဉ်တို့ကို သဟဇာတဖြစ်အောင် ဖွဲ့စည်းတီးခတ်ပြီး သဘာဝလောက၏ သဟဇာတသဘောကို ဖော်ထုတ်ခြင်းဖြင့် သဟဇာတဒဿနကို ဖော်ထုတ်ခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် ဂီတသံ ကြားရသူအပေါင်းတွင် ရုပ် နာမ်တို့ သဟဇာတဖြစ်မှုကိုလည်းကောင်း၊ အဏုတ္တနှင့် ဗဟိဒ္ဓိတို့ သဟဇာတဖြစ်မှုကိုလည်းကောင်း၊ ဖိဇာတ်နှင့် မဇာတ်တို့ သဟဇာတဖြစ်မှုကိုလည်းကောင်း သဘောပေါက်လာစေသည်။ ဤလောကသည် မတူသော ဓာတ်သဘာဝများကို သဟဇာတဖြစ်အောင် ပေါင်းစပ်မှုဖြင့် ပေါ်ပေါက်လာရသည်။ တပည့် သာဝကများအား ဂန္ဓာရီပညာများ ဖြန့်ဖြူးရာတွင်လည်း အဘိညာဉ်တန်ခိုးတို့၏ မိခင်ဖြစ်သော ကုဏ္ဍလိနီ နိုးရာတွင် ဂီတသံဖြင့် နိုးပေးခြင်းဖြင့် တပည့်သာဝကတို့သည် အဘိညာဉ်တန်ခိုးများကို ရရှိကြသည်။ ထို့အပြင် အသံတစ်သံတိုင်းတွင် အရောင်အသွေးများ ရှိသည်။ သံစဉ်များ တစ်သံနှင့် တစ်သံ မတူသကဲ့သို့ပင် ယင်းအသံများ၏ အရောင်များလည်း ကွဲပြားကြသည်။

အသံတို့၏ လှုပ်ရှားနှုန်းမှု၊ အသံတို့၏ စွမ်းအင်ကို နားလည်သော အော်ဖိယပ်စ်သည် အသံတို့၏ စွမ်းအင်ကို အသုံးချနိုင်သော မန္တာန်ဝိဇ္ဇာလည်း ဖြစ်သည်။ မန္တာန်တွင် အနက်အဓိပ္ပါယ်နှင့် အသံ ဟူ၍ နှစ်မျိုးပါဝင်ရာ အသံသည် အဓိကမူလဖြစ်သည်။ မန္တာန်၏ အသက်မှာ အသံဟု ဆိုနိုင်သည်။ အသံတို့၏ သဘောသဘာဝနှင့် စွမ်းအင်ကို နားလည်သော သူသည် မန္တာန်ကို မိမိကိုယ်တိုင် တီထွင်ဖွဲ့ဆိုနိုင်သည်။ အော်ဖိယပ်စ်သည် တပည့်သာဝကများအား ဂန္ဓာရီပညာ သင်ကြားရာတွင် မန္တာန်ကိုအဓိက ဂန္ဓာရီပညာအဖြစ် သင်ကြားသည်။ အော်ဖိယပ်စ်သည် ဂန္ဓာရီပညာသင် တပည့်သာဝကများအား ဒဲလ်ဖိတွင်

ဂန္ဓာရီပညာများ သင်ကြားပေးသည်။ ထို့အပြင် အီလူဆစ်မြို့တွင်လည်း တပည့်သာဝကများကို ဂန္ဓာရီပညာများ သင်ကြားပေးသည်။

အီလူဆစ်မြို့မှ ဂန္ဓာရီပညာကို နောင်အခါတွင် အလူဆစ်ဂန္ဓာရီပညာဟု ခေါ်ပြီး အော်ဖိယပ်စ်ဂန္ဓာရီပညာ၊ ခေါမဂန္ဓာရီပညာဟုလည်း အပြန်ပြန်အလှန်လှန် ခေါ်ကြသည်။ ဒဲလ်ဖီ၊ အီလူဆစ်မြို့များတွင် ဂန္ဓာရီပွဲသဘင်ကို ခင်းကျင်းပြသလေ့ရှိကြသည်။ အသင်မြို့နှင့် ၁၆ မိုင်ဝေးသော အီလူဆစ်မြို့သို့ အသင်မှ သာဝကများ ဧည့်ပရိသတ်များသည် မြန်မာပြည်တွင် နိပါတ်ခင်းပွဲများကဲ့သို့ လမ်းတစ်လျှောက် ခင်းကျင်းပြသသွားသည်။ အော်ဖိယပ်စ် ကွယ်လွန်ပြီးနောက်တွင် အော်ဖိယပ်စ်၏ ဘဝအတ္ထုပ္ပတ္တိကို ဇာတ်နိပါတ်များ ခင်းကျင်းသကဲ့သို့ ဇာတ်နိပါတ်များ ခင်းကျင်းကြသည်။ ဤသို့ လူအများရှေ့တွင် ပရိသတ်ဖြင့် ခင်းကျင်းပြသသော ပွဲကို စူဋ္ဌဂန္ဓာရီဟု ခေါ်၍ ဆရာနှင့်တပည့် နှစ်ဦးတည်း သီဒိုတင် ဘိသိက်ပွဲတက်သည်ကို မဟာဂန္ဓာရီဟု ခေါ်သည်။ ဂန္ဓာရီ (Mystery)ဟူသော ဝေါဟာရမှာ ခေါမ ဝေါဟာရ Mustes မှ ဆင်းသက်လာခြင်းဖြစ်သည်။

မဟာဂန္ဓာရီတက်စဉ်များ၊ ဘိသိက်ပွဲများကိုမူ မသက်ဆိုင်သူများ သိခွင့် လုံးဝ မရှိ၊ တက်ရောက်ခွင့် လုံးဝ မရှိချေ။ သက်ဆိုင်သူတပည့်သာဝကနှင့် ဆရာရှင်တို့သာလျှင် သိခွင့်ရှိသည်။ တပည့်သာဝကများကို အဆင့် သုံးဆင့် ခွဲခြားထားသည်။ ပထမအဆင့်ကို ကြားနာသူဟုခေါ်သည်။ ဆရာပြောသမျှကို ကြားနာမှတ်သားရသူဟု ဆိုလိုသည်။ ဆရာက တပည့်သာဝကအား နှစ်ဦးချင်း နူတ်တိုက် သင်ကြားသည်လည်း ရှိသည်။ အဝေးမှ မနောဓာတ်ဖြင့် သင်ကြားသည်ကို နားဖြင့် ခံယူနိုင်စွမ်းရှိသော အတွင်းနား ပွင့်သူဟုလည်း အဓိပ္ပါယ်ရသည်။ ဤသို့ မနောဖြင့်လည်း သင်သည်။ ပထမအဆင့် အောင်မြင်၍ သီဒိုတင် ဘိသိက်ခံပြီးသောအခါ ဒုတိယဆင့်သို့ တိုးမြှင့်ပြီး ဂန္ဓာရီပညာများကို သင်ကြားပေးသည်။ ဒုတိယဆင့်သို့ ရောက်လာသူသာဝကကို အလင်းရသူ၊ သို့မဟုတ် အလင်းရသာဝကဟု ခေါ်သည်။ ဂန္ဓာရီပညာများကို လေ့ကျင့်သင်ကြားရာမှ လောကအကြောင်းနှင့်တကွ သဘာဝများကို နားလည်သဘောပေါက်လာပြီး ဉာဏ်အလင်း ပွင့်သူဟုလည်း ဆိုနိုင်သည်။ ဒုတိယဆင့် ရောက်လာသူသာဝကသည် သမထကျင့်စဉ်များတွင်လည်း အတော်ပေါက် ရောက်ပြီးဖြစ်ရာ အဋ္ဌတ္တအလင်းဓာတ်များကို အမြဲလိုပင် ရရှိနေပြီ။ ထို့ကြောင့် အလင်း ဓာတ် သမာဓိရသောသာဝကဟုလည်း ဆိုနိုင်သည်။ ဒုတိယဆင့်တွင် အသံစွမ်းအင်၊ ဂီတ စွမ်းအင်၊ ဂဲသြမေတြီပညာ၊ ဂဏန်းဗေဒင်တို့ကို သင်ကြားလေ့လာရသည်။ ထို့ကြောင့် ဤအဆင့်ကို သချာတွက်သူအဆင့်ဟုလည်း ခေါ်သည်။

ဒုတိယဆင့် တတ်မြောက်သောအခါ တတိယဆင့်သို့ တက်ရသည်။ တတိယအဆင့်သာဝကကို ရူပဗေဒပညာရှင်ဟု ခေါ်သည်။ မိမိ၏ ခန္ဓာကိုယ်တွင်းရှိ ရုပ်ဓာတ်နှင့်တကွ ရုပ်ကလပ် နာမ်ကလပ်များဖွဲ့စည်းပုံ၊ ဖွဲ့ဖြိုးပုံ၊ ပြောင်းလဲပုံ အပြင် ဗဟိဒ္ဓစကြာဝဠာကြီး စတင်ဖြစ်ပေါ်လာပုံ၊ မည်သည့်အချိန်က မည်သို့ ဖြစ်ပေါ်လာသည်တို့ကို လေ့လာရသည်။ ထို့အပြင် မူလ ပထမ ဓာတ်ဘုရားကြီးထံမှ စွာန်ဘုရားများ မည်သို့ ဖြစ်ပေါ်လာသည်၊

ဗျာန်ဘုရားကြီးများထံမှ ဘုရားငယ်များ၊ နတ်ဒေဝါများ၊ နာနာဘာဝများနှင့် လူ၊ တိရစ္ဆာန် စသည်တို့ အဆင့်ဆင့် မည်သို့ ဖြစ်ပေါ်လာသည်ကို သင်ကြားရသည်။

ရူပဗေဒဟု ဆိုသော်လည်း ယခုခေတ် ရူပဗေဒပညာနှင့် ထပ်တူမဟုတ်၊ ရူပဗေဒပညာ၏ အခြေခံသဘောတရားများ၊ စကြဝဠာ ရူပဗေဒဖွဲ့စည်းပုံများကိုသာ ဆိုလိုသည်။ အရှုတ္တ အတွင်းလောကနှင့် ဗဟိဒ္ဓ အပြင်လောကသာမက ရုပ်ဓာတ် နာမ်ဓာတ်တို့၏ စတင်ဖြစ်ပေါ်ပုံ၊ ရုပ်ဓာတ်နှင့် နာမ်ဓာတ်တို့ အံပြန်အလှန် ဆက်စပ်မှီခိုနေပုံ၊ နာမ်လောကကြီး၏ ဖွဲ့စည်းပုံသဘာဝကို သင်ကြားပြီး နောက်ဆုံးတွင် သိဒ္ဓိတင်ဘိသိက်ပွဲသို့ တက်ရောက်၍ သိဒ္ဓိတင်ခြင်း ခံရသည်။ သာဝကများသည် ဂန္ဓာရီပညာ သင်ကြားနေစဉ်တွင် သက်သတ်လွတ် စားရသည်။ အဝတ်ဖြူဝတ်ရသည်။ သားရေ မဝတ်ရ။ အတွင်းအပြင် သန့်ရှင်းမှု ရှိရမည်။ အိမ်ထောင်မပြုရ။ အိမ်ထောင်ပြုခွင့်ရှိသူများသည် မိဘဝတ္တရား ဆောင်ရွက်ရသည်။ အထူးသဖြင့် သူတစ်ပါးလင်၊ မယားကို ကျူးလွန်မှုနှင့် ကျေးဇူးကန်းခြင်းကို ကြီးလေးသော အကုသိုလ်အဖြစ် ယူဆသည်။

သာဝကဒသည် ပထမဆုံး အစမ်းသပ်ခံ သာဝကအဆင့်တွင် ဝစီပိတ် နှစ်နှစ် နေရသည်။ ဘုရားတရားကို ကြည်ညိုလေးစား၍ စိတ်နလုံး နူးညံ့သိမ်မွေ့သူကိုသာလျှင် သာဝကအဖြစ် လက်ခံသည်။ အော်ဖိယပ်စ်၏ သာဝကများတွင် သိပ္ပံပညာရှင်၊ ဒဿနပညာရှင်များ ဖြစ်လာကြမည့် ပိုက်သဂိုးရပ်စ်၊ ဆိုကရေးတီး၊ ပလေတို၊ အရစ္စတိုတယ်တို့ ပါဝင်ပြီးလျှင် အနောက်တိုင်း ဂန္ဓာရီပညာအဖြစ် ဥရောပနှင့် အမေရိကတိုက်သို့ ပျံ့နှံ့ရောက်ရှိသွားသည်။ နောင်အခါတွင် ပေါ်ထွန်းလာမည့် ဂန္ဓာရီအဖွဲ့အစည်းများ ဖြစ်သော ဖရီးမေဆင်၊ ရိုဆီကရုဆီယင်၊ ဟ္ဘာမင်္ဂျက်စ်၊ ရွှေအရောင်ဦး၊ တင်ပလာသူရဲကောင်း ဂိုဏ်း၊ ပီလိပရေးဂိုဏ်း တို့၏ မြစ်ဖျားခံရာသည် အော်ဖိယပ်စ်၏ မဟာဂန္ဓာရီပညာသာလျှင် ဖြစ်ပေသည်။

အနောက်ဘက် ကမ္ဘာတစ်ခြမ်းလုံးသို့ လွှမ်းမိုးခဲ့သော အော်ဖိယပ်စ်သည် စင်စစ်အားဖြင့် အိန္ဒိယပြည်တွင် မဟာဘာရတကျမ်း ပြုခဲ့သူ ဗျာဆရသေ့၊ အီဂျစ်မဟာဂန္ဓာရီပညာ တည်ထောင်ခဲ့သူ ဟာမီးစ်၊ ပါရှား(ယခု အီရန်)တွင် ဇာရာသူဇရာအဖြစ် အာရ်ယန် မဟာဂန္ဓာရီပညာများကို မျိုးစေ့ချပေးခဲ့သော ရှမ်ဗဲလား သဒ္ဒမ္မသူတော်စင်အဖွဲ့ကြီးမှ မဟာဂုရုအရှင်မြတ်ပင် ဖြစ်ပေသည်။

အော်ဖိယပ်စ်သည် မျိုးနွယ်စုကြီး ၁၂ ခုတို့အား စည်းလုံးညီညွတ်ရေးရအောင် ဒဲဖီနှင့် အိုလံပစ်အားကစားပွဲများကို ဗဟိုပြု၍ ဆောင်ရွက်ခဲ့ရာ ခေါမလူ.အဖွဲ့.အစည်းကို မားမားမတ်မတ်တည်ထောင်ခဲ့သည်။ ခေါမလူ.အဖွဲ့.အစည်းကြီး၏ မဏ္ဍိုင်ဖြစ်သော ခေါမ မဟာဂန္ဓာရီပညာကိုလည်း စတင်တည်ထောင်ခဲ့သည်။ ဂန္ဓာရီပညာ၏ အစဉ်အလာအတိုင်း ဆရာကွယ်လွန်သွားသောအခါ တပည့်သာဝကများက မဟာဂန္ဓာရီပညာရပ်ကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်။

တပည့်သာဝကစဉ်ဆက် ထိန်းသိမ်းခဲ့သော အော်ဖိယပ်စ်မဟာဂန္ဓာရီပညာသည် ခေါမနိုင်ငံ၏ ကံကြမ္မာကို ဖန်တီးပေးခဲ့သည်။ နောက်လိုက် သာဝကများသည် ခေတ်ကာလကြာညောင်းလာသည်နှင့်အမျှ အရည်အသွေးလျော့ကျလာရာ ခေါမနိုင်ငံ၏ ကံကြမ္မာမှာလည်း လျော့ကျလာခဲ့သည်။ အာဏာရ နိုင်ငံရေးသမားများသည် အကျင့်ပျက်လာကြသည်။ ခေါမဘုန်းကြီးများသည် အာဏာရနိုင်ငံရေးသမားများထံ မိမိကိုယ်ကို ရောင်းစားပြီး ကိုယ်ကျိုးရှာကြသည်။ ခေါမနိုင်ငံအတွင်းရှိ မြို့ပြနိုင်ငံအချင်းချင်း မည်မည္ဆတ် ပဋိပက္ခဖြစ်လာပြီး ခေါမနိုင်ငံတော်တစ်ဝန်း နိုင်ငံရေး မတည်ငြိမ်မှု ဖြစ်လာသည်။ ပညာရှိများ၊ ဂန္ဓာရီပညာရှင်များအတွက်လည်း နေစရာမရှိ ဖြစ်လာသည်။

ဘီစီ ၇ ရာစု ရောက်သောအခါ ဤမတည်ငြိမ်မှုများ အထွတ်အထိပ်သို့ ရောက်လာပြီး ခေါမ ကံကြမ္မာသည် အမှောင်ဆုံး သမယသို့ ရောက်လာသည်။ ဘီစီ ၆ ရာစုတွင်ကား တစ်ကမ္ဘာလုံး တိုင်းပြည်အနှံ့အပြားတွင် အမှောင်ခွင်း၍ အလင်းဆောင်မည့် ပုဂ္ဂိုလ်ထူးများ၊ ပါရမီရှင်များ ပေါ်ပေါက်လာသည်။ တစ်ကမ္ဘာလုံးတွင် စိတ်ပိုင်း၊ အတွေးအယူပိုင်းဆိုင်ရာ မဟာတော်လှန်ပြောင်းလဲမှုကြီး ပေါ်ပေါက်လာသောအချိန်ဖြစ်သည်။

တရုတ်ပြည်တွင် ကွန်ဖြူးရှပ်နှင့် လောဇူ၊ အိန္ဒိယပြည်တွင် ဗုဒ္ဓ၊ မဟာဝီရနှင့် ချန်ကာချာရီယာ၊ ပါရှား(အီရန်)တွင် ဒုတိယ ဇိုရိုစတာနှင့် မိစထရာတို့ ရှေ့ဆင့် နောက်ဆင့် ပေါ်တွက်လာကြသည်။ ခေါမပြည်တွင် ဆမိုကျန်း ရတနာကုန်သည် ပါရင်းနှစ်ဇနီးမောင်နှံသည် ဒယ်လ်ဖီဓာတ်နန်းသို့ ရောက်သောအခါ ဒယ်လ်ဖီဓာတ်နန်းမှ ပိုင်သွန်းခေါ်ဘုရားဓာတ် ဝင်ဟောပြောသူ ဘိကျူနီက သူတို့ဇနီးမောင်နှံတွင် မကြာမီအတွင်း လူ.လောကကို ထာဝရအကျိုးပြုမည့် မဟာလူသား ပါရမီရှင်တစ်ဦး ထွန်းကားလိမ့်မည်ဟု ဟောလိုက်သည်။ ပါရင်းနှစ်တို့ဇနီးမောင်နှံတွင် ဘီစီ ၆ ရာစု၌ သားတစ်ဦး ထွန်းကားခဲ့ရာ ပိုက်သာဂိုးရပ်စ်ဟု အမည်ပေးထားပြီး အိုင်အိုနီးယား ကျောင်းတွင်ပညာသင်ကြားစေသည်။

အိုင်အိုနီးယားကျောင်းသည် သဘာဝဒဿနများကို သင်ကြားပေးလျက်ရှိရာ နောင်အခါတွင် ခေါမ ဒဿနနှင့် ပညာရှင်အဖြစ် ကျော်ကြားလာမည့် ပိုက်သာဂိုးရပ်စ်အတွက် အခြေခံကောင်း ရရှိခြင်းပင်ဖြစ်သည်။ အသက် ၁၈ နှစ်တွင် ခေါမတွင်ရှိသော ပညာရပ်များကို တတ်မြောက်လာရာ ခေါမထက် ပညာရေးတွင် သာလွန်သော အီဂျစ်သို့

သွားရောက်၍ ပညာများ ဆက်လက်သင်ကြားရသည်။

ပိုက်သကိုရပ်စ်၏ ထူးခြားသော ဉာဏ်ရည်နှင့် ဇွဲလုံ့လကြောင့် အိုဂျစ်ဘုန်းတော်ကြီးများက ပညာကုန် သင်ပေးသည်။ အိုဂျစ်တွင် ၂၂ နှစ်ကြာအောင် သာမန်ပညာရပ်သာမက မဟာဂန္ဓာရီပညာရပ်များကို ဆည်းပူးလေ့လာခဲ့သည်။ အိုဂျစ်မဟာဂန္ဓာရီ ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဆန်ချက်ကလည်း အိုဂျစ် မဟာဂန္ဓာရီပညာ၏ အနှစ်သာရတို့ကိုပါ သင်ကြားပေးသည်။

မဟာဂန္ဓာရီပညာ၏ သော့ချက်ဖြစ်သော သချိုင်း၊ သိပ္ပံနှင့် စျာန်ပညာကို သင်ကြားတတ်မြောက်ခဲ့သည်။ အိုဂျစ်ပြည်တွင် မဟာဂန္ဓာရီပညာ သင်ကြားပြီးနောက် ပါရာ (အီရန်)ကို ဖြတ်၍ အိန္ဒိယသို့ ဆက်လက် ပညာရှာရန် ခရီးထွက်ခဲ့ရာ ကောလဒီးယားနှင့် ပါရာဂန္ဓာရီပညာများကိုလည်း လေ့လာခဲ့သည်။ အိန္ဒိယပြည် မြောက်ပိုင်းတွင် ခရစ်သျှာ တည်ထောင်ခဲ့သော မဟာဂန္ဓာရီ ဂိုဏ်းကြီးသည် မဟာဂန္ဓာရီပညာများကို ဆက်လက် ထိန်းသိမ်းခဲ့ရာ အယ်လိုရာအရပ်တွင် ဗဟိုပြုထား၏။

ပိုက်သကိုရပ်စ်သည် အိန္ဒိယပြည်တွင် မဟာဂန္ဓာရီပညာများ လေ့လာသင်ကြားပြီး အယ်လိုရာလိုဏ်ဂူကြီးတွင် သိဒ္ဓိတင် ဘီသိက်ပွဲခံယူခဲ့သည်။ အိန္ဒိယပြည်ရှိ ဗြဟ္မဏများက ခေါမတိုင်းအား အိုင်အိုနီယံကျွန်းကို အစွဲပြု၍ အိုင်အိုနီယံပြည်ဟု ထိုစဉ်က ခေါ်ကြသည်။ ပိုက်သကိုရပ်စ်ကိုလည်း အိုင်အိုနီယံဆရာဟု အဓိပ္ပာယ်ထွက်သော ယဝန်အာစရိယဟု ခေါ်ကြသည်။

အိန္ဒိယမဟာဂန္ဓာရီ၏ အနှစ်သာရများဖြစ်သော သချိုင်း၊ နက္ခတ်ပညာ၊ ဂီတပညာနှင့် သိဒ္ဓိများကို ၁၀နှစ်မျှ သင်ကြားတတ်ပြီးနောက် ခေါမသို့ ပြန်လည်ရောက်ရှိလာသည်။ အိုဂျစ်၊ ပါရာ (အီရန်)၊ ဘေဘီလုံ၊ ကောလဒီးယားနှင့် အိန္ဒိယပြည်တို့တွင် စုစုပေါင်း ၃၇နှစ်ကြာအောင် မဟာဂန္ဓာရီပညာရပ်များ သင်ကြားပြီးနောက် ခေါမသို့ ရောက်ရှိသော အခါ ပိုက်သကိုရပ်စ်သည် အသက် ၆၀ ရှိနေပေပြီ။

အရှေ့တိုင်း ရှမ်ဗဲလား မဟာဂန္ဓာရီပညာများကို စုပေါင်းပြီး အနောက်တိုင်း ခေါမသို့ သယ်ဆောင်လာခြင်းဖြစ်သည်။ နောင်အခါတွင် အရှေ့တိုင်း မဟာဂန္ဓာရီ ပညာသင်များသည် အနောက်တိုင်းမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့တော့မည့် ပထမဆုံးသော ဂန္ဓာရီ ခရီးရှည်ကြီးပင် ဖြစ်သည်။ ပိုက်သကိုရပ်စ်သည် ဇာတိချက်ကြွေ မွေးရပ်မြေ ခေါမ တိုင်းသို့ ပြန်လည်ရောက်ရှိလာသောအခါတွင် ဝိသမဇောတိုက်၍ ဖြစ်ပေါ်လာသော လူမှုရေးဒုက္ခ၊ စီးပွားရေး ဒုက္ခ၊ အကျင့်စာရိတ္တ ပျက်စီးယိုယွင်းနေသောဒုက္ခ၊ အာဏာရှိသူများ၏ နှိပ်ထက်စီးနင်းပြုမှုဒုက္ခ၊ ပညာရှိတို့ စိတ်ပျက်အားငယ်ပြီး ချောင်ကုတ်နေရသော ဒုက္ခမျိုးစုံ ကပ်ဆိုက်နေသော ခေါမပြည်ကြီးကို မျက်ဝါးထင်ထင် မြင်တွေ့ရသည်။

တိုင်းပြည်ပြုပြင် ပြောင်းလဲမှု မပြုဘဲ အေးချမ်းသာယာမှု မရှိဘဲ ဂန္ဓာရီပညာများ မပွားများနိုင်။ အကွေးအယှဉ်များ အရာမရောက်နိုင်သည်ကို သဘောပေါက်လာသည်။ ထို့ကြောင့် ခေါမပြည်သူပြည်သားများ၏ ဘဝနေရေး၊ ဉာဏ်ပညာပွဲ့ဖြိုးရေးကို အခြေခံ


သော ဂန္ဓာရီလမ်းစဉ်ကို ချမှတ်လိုက်သည်။

ပိုက်သာဂိုရပ်စ် လေ့လာသင်ကြားခဲ့ရသော ဂန္ဓာရီပညာ နည်းပညာများနှင့် သင်ကြားပေးခဲ့သော ဆရာနှင့် သင်ကြားခဲ့ရာ တိုင်းပြည်များသာလျှင် ခြားနားကွဲပြားခဲ့သော်လည်း ယင်းဆရာများနှင့် ဂန္ဓာရီပညာ၏ အနှစ်သာရ အတွေးအယူမှာ ရှမ်ဗဲလား ဆရာမြတ်တို့ ချမှတ်ပေးခဲ့သော မဟာဂန္ဓာရီဒဿနသာလျှင် အခြေခံဖြစ်သည်။ အိန္ဒိယ ပြည်တွင်ဖြစ်စေ၊ အီဂျစ်ပြည်တွင်ဖြစ်စေ၊ ဘေဘီလုံတွင် ဖြစ်စေ လေ့လာခဲ့ရသော မဟာ ဂန္ဓာရီပညာ၏ အခြေခံမှာ တစ်မျိုးတည်း တစ်ခုတည်းပင် ဖြစ်သည်။

ဧကော (တစ်) ဓာတ်ကြီး တစ်ခုတည်းသာလျှင် မူလအစ ပထမဆုံး ရှိခဲ့သော အရာဖြစ်သည်။ ဒဿနပညာရှင်များက ကြွင်းမဲ့ဉဿံ အလုံးစုံ မှန်ကန်သော သစ္စာတရား ကိုယ်ကြီးဟု ဓမ္မဓိဋ္ဌာန်ရည်ညွှန်းပြီး ဘာသာရေးနှင့် မဟာဂန္ဓာရီတို့က ပရမတ္ထဓာတ်ဘုရား ကြီးဟု ပုဂ္ဂလဓိဋ္ဌာန် ရည်ညွှန်းသောအရာဖြစ်သည်။ ယင်းဧကောဓာတ်ကြီးမှ ယင်း၏ စွမ်းအင်တန်ခိုးများဖြင့် မိမိ၏ မိတ္တူကို ဖန်တီးလိုက်သောအခါ ဧကော (တစ်)မှ ဒွိ (နှစ်) ဖြစ်လာပြီး စွမ်းအင်တို့သဘာဝအတိုင်း မူလစွမ်းအင်သည် ယင်းဓာတ်ဖြစ်ပြီး ဒုတိယ မိတ္တူစွမ်းအင်သည် ယန်ဖြစ်လာသည်။

တစ်နည်းအားဖြင့် အဖိုဓာတ်၊ အမဓာတ် ဖြစ်လာသည်။ ယင်းဖိုဓာတ် မဓာတ်တို့ ပေါင်းစည်းမှုဖြင့် တတိယဓာတ် (၀၊) စွမ်းအင်သတ္တိအသစ်တစ်ခု ပေါ်ထွန်းလာသည်။ ထို့နောက်တွင်ကား မတူညီသော စွမ်းအင်နှစ်ရပ်တို့ အချိုးစား အမျိုးမျိုး ပေါင်းစပ်ခြင်းဖြင့် စကြဝဠာကြီးနှင့်တကွ လောကကြီး ပေါ်ပေါက်လာသည်။ ဤအတွေးအယူကို ပိုက်သာ ဂိုရပ်စ်က သချိုင်းဆရာပီပီ သချိုင်းနည်း၊ ဂဲသြမေတြီနည်းဖြင့် အောက်ပါအတိုင်း ပုံဖြင့် သရုပ်ဖော်သည်။

ဤသချိုင်း သရုပ်ဖော်ခြင်းမှ ဆက်လက်၍ ဂဲသြမေတြီပညာ၊ သချိုင်းပညာနှင့် ဂဏန်းဗေဒင်ပညာတို့ စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။



တစ်ဆယ်သည် မဟာဂန္ဓာရီပညာတွင် အမွန်မြတ်ဆုံး အရေးအပါဆုံး ဖြစ်လာသည်။ ဂဏန်းဗေဒင်တွင်လည်း ၁မှ ၁၀ အတွင်းရှိ ကိန်းများ၏ တန်ဖိုးအလိုက် ဟောကိန်း ထုတ်ခြင်းဖြစ်သည်။ ဤ ၁+၂+၃+၄=၁၀ ပါဝင်သော တြိဂံကို ပိုက်သာဂိုရပ်စ်

တြိဂံဟု ခေါ်ပြီး ခေါမ မဟာဂန္ဓာရီပညာ၏ ပထမဆုံးသော အခြေခံမဟာဂန္ဓာရီပညာဖြစ်လာသည်။ တြိဂံအတွင်း၌ ၁မှ ၄နှင့် ယင်းကိန်း ၄လုံးပေါင်းသော ၁၀တို့၏ အနက် အဓိပ္ပာယ် တန်ဖိုးအရ ကျင့်ကြံအားထုတ်ကြသည်။

လျှို့ဝှက်နက်နဲလှသော ဂန္ဓာရီပညာများကို ထောက်လှမ်းရာတွင် အလွန်အသုံးဝင်သော ထောက်လှမ်းရေးလက်နက်ကိရိယာဖြစ်သည်။ တစ်ဖန် တြိဂံတစ်ခု၏ ပုံသဏ္ဌာန်အရ ဂဲသြမေတြီပညာတွင် အမှတ်နှင့် မျဉ်းကြောင်းတို့ တွေ့ရှိပြီးနောက် ပထမဆုံး ပုံသဏ္ဌာန်ကို ဖော်နိုင်သောအရာဖြစ်သည်။ ထို့ကြောင့် ရှမ်ဗဲလား မဟာဂန္ဓာရီ ပညာတွင် တြိဂံသည် အခြေခံအကျဆုံး၊ အရာအရောက်ဆုံး၊ အထိရောက်ဆုံး သင်္ကေတဖြစ်လာသည်။ အနောက်တိုင်း မဟာဂန္ဓာရီဂိုဏ်းမှန်သမျှ၏ ဂိုဏ်းအမှတ်အသား တံဆိပ်များတွင် တြိဂံကို အမြဲအသုံးပြုကြသည်။

နောင်အခါတွင် ရှမ်ဗဲလား မဟာဂန္ဓာရီဂိုဏ်းဝင် အသင်းအဖွဲ့များ၊ ဂန္ဓာရီဂိုဏ်းများ၏ အမှတ်တံဆိပ်သင်္ကေတလည်းဖြစ်လာသည်။ အီဂျစ်တွင် တြိဂံလေးခုဖြင့် တည်ဆောက်ထားသော ပိရမစ်၊ တံရုတ်တွင် တြိဂံနှစ်ခု ပေါင်းစပ်ထားသော 'ပါတ်ကွ'ခေါ် အင်္ဂဝံ၊ ဟိန္ဒူတွင် တြိဂံနှစ်ခု ပေါင်းစပ်ထားသော ဗီဿနိုးသင်္ကေတခေါ် ခြောက်မြောင့်ကြယ်၊ ဟီဘရူးတွင် ဆော်လမွန် ခြောက်မြောင့်ကြယ်၊ ဖီးမေဆင်၊ ရိုဆီကရူဆီယင်၊ အက်ဆင်းနီ၊ ဆူဖီ၊ ဟာမက်တစ် တိဗက်ဂန္ဓာရီဂိုဏ်းများတွင် တြိဂံသင်္ကေတကိုပင် အထွတ်အမြတ် အသုံးပြုကြသည်။

ယင်းသို့ ဂန္ဓာရီဂိုဏ်းအသီးသီးက အသုံးပြုကြသော တြိဂံ၏ မူလပထမတြိဂံသည် ပိုက်သာဂိုရပ်စ်၏ တြိဂံဖြစ်သည်။ ထို့ကြောင့် တြိဂံဟူသော ဝေါဟာရကို ဂန္ဓာရီသမားတို့ အသုံးပြုတိုင်း ပိုက်သာဂိုရပ်စ်၏ တြိဂံကိုပင် ရည်ညွှန်းခြင်း ဖြစ်သည်။ သချာပညာအနေဖြင့် ကျောင်းသုံးပြဋ္ဌာန်းထားသော ဂဲသြမေတြီသချာပညာရပ်ကို ယူကလစ်သည် ဘီစီ ၃၀၀ တွင် ရေးသားခဲ့သည်။ ပိုက်သာဂိုရပ်စ်က ဘီစီ ၆ ရာစုကတည်းကပင် ဂဲသြမေတြီပညာကို စတင်ခဲ့သည်။

ကျောင်းသုံး ပြဋ္ဌာန်းသော ဂဲသြမေတြီသီအိုရမ် ၂၉ (ဟုထင်သည်) သည် ပိုက်သာဂိုရပ်စ်၏ ဂဲသြမေတြီ ဖြစ်သည်။ ရှည်လျားသော အနားတစ်ဖက်ပေါ်တွင် ရေးဆွဲထားသော စက္ကဲယား၏ ဧရိယာသည် အခြားအနား နှစ်ဖက်ပေါ်တွင် ရေးဆွဲထားသော စက္ကဲယားနှစ်ခုပေါင်း၏ ဧရိယာနှင့် တူညီသည်ဟူသော စိန္တိတကထာဖြစ်သည်။ သစ်သီး၊ သစ်ပင်၊ သစ်ဥများ၊ သတ္တုများစသော သဘာဝပစ္စည်းများကို အသုံးပြု၍ မသေဆေးဖော်ခဲ့သော တရုတ်ဂန္ဓာရီပညာ၊ အစီးအနင်း အဆောင်အရွက် (Ritual)ကို အဓိကထားသော အီဂျစ်ဂန္ဓာရီပညာ၊ ယောဂနည်းကို အားကိုးပြုသော အိန္ဒိယဂန္ဓာရီပညာတို့သည် သူ့ခေတ် သူ့နေရာနှင့်သူ အသုံးပြုခဲ့ပြီး လောကအကျိုးကို ဆောင်ခဲ့ပြီးဖြစ်သည်။

ပိုက်သာဂိုရပ်စ်သည် တစ်မူထူး၍ သချာနည်း၊ သိပ္ပံနည်း၊ ဒဿနည်းဖြင့် ဂန္ဓာရီပညာကို ဖွံ့ဖြိုးစေခဲ့သည်ဟု ဂန္ဓာရီပညာရှင်များက မှတ်ချက်ချသည်။ သချာသိပ္ပံမှနေ၍

နက္ခတ်ဗေဒသိပ္ပံအထိလည်း ပိုက်သာဂိုရပ်စ် တိုးချဲ့ခဲ့သည်။ နေကို ဗဟိုပြု၍ ဤကမ္ဘာနှင့် တကွ ဂြိုဟ်များက လှည့်ပတ်နေရသည်ဟူသော နက္ခတ္တဗေဒသိပ္ပံအမြင်ကို ပထမဆုံး ဖော်ထုတ်သူမှာ ပိုက်သာဂိုရပ်စ် ဖြစ်သည်။

နောင်နှစ်ပေါင်း ၂၀၀၀ ကျော်မှ ကိုပါနီကပ်စ်နှင့် ဂဲလီလီယိုတို့က တွေ့ရှိပြီး ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ပိုက်သာဂိုရပ်စ်၏အရင် ရှေးအခါက ကမ္ဘာကြီးကို နေက ပတ် နေသည်ဟု ထင်မြင်ယူဆသည်။ ထို့ကြောင့် ပိုက်သာဂိုရပ်စ်သည် နက္ခဗေဒသိပ္ပံပညာရှင် ဖြစ်၍ ယခုခေတ် သိပ္ပံပညာရှင်များက ပိုက်သာဂိုရပ်စ်သည် သိပ္ပံပညာ၏ ဖခင်ကြီးဟု တင်စားကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ဒဿနအတွေးအခေါ်များ အများအပြားရှိငြားသော်လည်း ဒဿနများကို ခွဲခြားလိုက်သောအခါ နာမ်ဝါဒ၊ ရုပ်ဝါဒနှင့် ရုပ်နာမ်နှစ်ပါးစုံဝါဒဟူ၍ သုံးမျိုးခွဲခြားကြသည်။ နာမ်ဝါဒ၊ စိတ်ဝါဒ (ဝါ) နာမ်အဓိက ဒဿနဟူသော အတွေးအယူဂိုဏ်းကြီးတွင် ပထမဆုံးသော နာမ်အဓိက ဒဿနကို တည်ဆောက်ခဲ့သူမှာ ပိုက်သာဂိုရပ်စ် ဖြစ်သည်။ နှောင်းပညာရှင်က နာမ်ဒဿန၊ နာမ်ဝါဒကိုဖွဲ့ဖြိုးအောင်၊ စနစ်ကျအောင် ကွန့်ခြင်း၊ အချောကိုင်ခြင်းသာဖြစ်သည်ဟု ဆိုနိုင်သည်။

ဒဿနဆိုရာတွင် အရှေ့တိုင်းဒဿနများ မပါဝင်ဘဲ အနောက်တိုင်းဒဿနကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။ အရှေ့တိုင်းတွင်ကား ရှေးအတီတေခေတ်ကပင် နာမ်ဝါဒ နာမ်ဒဿန ပေါ်ထွန်းပြီး ဖြစ်သည်။ စင်စစ်အားဖြင့် ပိုက်သာဂိုရပ်စ်သည် အရှေ့တိုင်း ရှမ်ဗဲလားဒဿနဖြစ်သော နာမ်ဝါဒကို အနောက်တိုင်းသို့ စတင်သွတ်သွင်းသူသာဖြစ်သည်။

ထို့နောက်တွင် ပိုက်သာဂိုရပ်စ်၏ နာမ်ဝါဒသည် အနောက်တိုင်းတစ်ခွင်လုံးသို့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပျံ့နှံ့သွားလေသည်။ ဒဿနဟု အနက်အဓိပ္ပာယ်ထွက်သော ခေါမ ဝေါဟာရကို ပိုက်သာဂိုရပ်စ်က စတင်အသုံးပြုခဲ့သည်။ ပိုက်သာဂိုရပ်စ်၏ ဒဿနအတွေးအယူမှာ ဤသို့ဖြစ်သည်။ လူသားတို့၏ အာရုံဖြင့် သိရှိနိုင်သော အရာ၊ စိတ်ဖြင့် တွေးဆမျော်မှန်းနိုင်သော အရာတို့ မပေါ်မီ မည်သည့်ပုဂ္ဂိုလ်၊ သတ္တဝါ၊ နတ်၊ ဗြဟ္မာများပင် မရှိမီ၊ မပေါ်မီက တစ်ခုတည်းသောအရာ၊ တစ်ခုတည်းသောဓာတ်၊ တစ်ခုတည်းသော နာမ်သဘောကြီးသာ ရှိသည်။

ယင်းမှလွဲ၍ အခြား မည်သည့် ရုပ်နာမ်မရှိ၊ ယင်းနာမ်ဓာတ်၊ နာမ်သဘောကြီးသည် လောကီအတွင်းရှိ ရုပ်ဓာတ်၊ နာမ်ဓာတ်စိတ် စသည်တို့မဟုတ်၊ လောကီလွန် နာမ်ဓာတ်ကြီးဖြစ်သည်။ ယင်းလောကီလွန် နာမ်ဓာတ်ကြီးတွင် အတိုင်းမသိ အဆုံးမရှိသော စွမ်းအင်တန်ခိုးရှိသည်။ အတိုင်းမသိ သိရှိနိုင်သော ဉာဏ်စွမ်းအင်ကြီးရှိသည်။

အတိုင်းမသိသော မဟာကရုဏာဓာတ်ကြီးလည်း ရှိသည်။ ယင်းစွမ်းအင်သတ္တိသုံးပါး စုပေါင်းပြီး တစ်ခုတည်းအဖြစ် စုပေါင်းနေသော Monad ကောဓာတ်ဟု ခေါ်သည်။ ယင်းလောကီလွန် ကောဓာတ်၊ နာမ်ဓာတ်ကြီးသည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ နတ်ဒေဝါမဟုတ်။ အတိုင်းမသိ တန်ခိုးစွမ်းအင်၏ သတ္တိဖြင့် မိခင်ဖခင်မရှိဘဲ

ပေါ်ပေါက်ရပ်တည်နိုင်သည်။ ဘုံဗိမာန်မရှိဘဲ နေနိုင်သည်။ သူတစ်ပါး အခြားအရာပေါ်မှီခိုခြင်း၊ အကြောင်းပြုခြင်း မပြုဘဲ မိမိအလိုလို ထင်ရှားရပ်တည် သက်ရှိနေခြင်းသည်ပင် လျှင် အတိုင်းမသိသော နာမ်စွမ်းအင်တန်ခိုး ဖြစ်သည်။

ထို့အတူပင် လူနတ်ဒေဝါတို့၏ သိမြင်သည်ထက် အတိုင်းမသိပိုမိုမြင့်မှ ရှိနေခြင်းသည်လည်း နာမ်ဓာတ်ကြီး၏ စွမ်းအင်ပင်ဖြစ်သည်။ သိမြင်နိုင်စွမ်းရှိသော လူနတ်ဒေဝါတို့၏ မူလအစ သိမြင်သက်ဝင်နေမှုကြောင့် ပရမတ္တနာမ်ဓာတ်ကြီးဟုလည်း ဆိုနိုင်သည်။ စုပေါင်းထားသော ဧကောနာမ်ဓာတ်ကြီးမှ အတိုင်းမသိ တန်ခိုးစွမ်းအင်နှင့် အတိုင်းမသိ သိရှိနိုင်သော ဉာဏ်တော်တို့သည် မူလဧကောဓာတ်ကြီးမှ ထွက်ပေါ်လာသော စွမ်းအင်များပင် ဖြစ်သည်။

ယင်းစွမ်းအင်နှစ်ရပ်သည် မတူသော စွမ်းအင်များ ဖြစ်လေရာ မတူသော ပက္ခစွမ်းအင်များ၏ ပေါင်းစပ်ဖန်တီးမှုကြောင့် လောကီဘုံသားများ ပေါ်ထွန်းလာရသည်။ တစ်နည်းအားဖြင့် မူလပရမတ္တနာမ်ဓာတ်ကြီးမှ အသံစွမ်းအင် ထုတ်လွှင့်လိုက်သောအခါ မိတ္တူနာမ်ဓာတ်များ ပေါ်ထွန်းလာသည်။

ယင်းမိတ္တူနာမ်ဓာတ်များကို ဒဿနဝေါဟာရဖြင့် logosစျာန်ဘုရားဟုခေါ်သည်။ သက္ကတဝေါဟာရစျာန်ဆိုသည်မှာ မူလနာမ်ဓာတ်ကြီး၏ နာမ်စွမ်းအင်ဖြစ်သော စျာန်ဖြင့် ဖန်တီးထားသော နာမ်ဓာတ်ပွား ဓာတ်ဘုရားပွားဟုဆိုလိုသည်။ စျာန်ဘုရားသည် လောကီနယ်ဝင် နတ်ဗြဟ္မာ မဟုတ်၊ ဧကောနာမ်ဓာတ်ဘုရားကြီးနှင့် လောကီဘုံအကြားတွင် ရှိသော လောကီလွန် စျာန်ဘုရားဖြစ်သည်။

ထို့အတူပင် လောကီဘုံသားများသည် သံသရာခရီးလည်ပြီးနောက် မိမိ၏ ခန္ဓာတွင် ကိန်းဝပ်နေသော ဧကောဝိညာဉ် **Monad** ကို မူလနာမ်ဓာတ်ကြီးထံ ပြန်ရောက်ရှိမည်ဖြစ်သည်။ ဤသည်ကိုပင် နာမ်ဓာတ်ဆင့်ကဲဖြစ်စဉ် **evolution** ဟုခေါ်သည်။ ဧကောနာမ်ဓာတ်ကြီးမှ စျာန်ဘုရား၊ စျာန်ဘုရားများမှ လောကီဘုံသားသည် စျာန်ဘုရားအဖြစ် စျာန်ဘုရားမှ ဧကောနာမ်ဓာတ်ကြီးနှင့် တစ်ပေါင်းတည်းဖြင့် ပြန်လည်ဖြစ်ရခြင်းဟူသော နာမ်ဓာတ်ဆင့်ကဲဖြစ်စဉ် ဖြစ်သည်။

ထို့ကြောင့် ဧကောနာမ်ဓာတ်ကြီး၏ စွမ်းအင်ဖြင့် ဖြစ်ပေါ်လာသော လောကီရှိလူ၊ နတ်၊ တိရစ္ဆာန်၊ သက်ရှိသက်မဲ့တို့သည် မိမိတို့ဘဝဖြစ်ပေါ်လာရခြင်းမှာ နာမ်ဓာတ်ကြီး၏ အသက်စွမ်းအင်ကြောင့်ဖြစ်သည်။ လောကတစ်ခုလုံးတွင် အသက်ဓာတ်မှာ ဓာတ်မြစ်အားဖြင့် တစ်ခုတည်းသာဖြစ်သည်။ ထို့ကြောင့် တစ်ခုတည်းသော အသက် (ဝါ) ဘဝရပ်တည်မှုရသူ အချင်းချင်း သဟဓာတဖြစ်အောင် နေရမည်။

သဟဓာတကို လမ်းညွှန်ပြု၍ ဂန္ဓာရီပညာစခန်းကို တက်လှမ်းရမည်။ အရာရာတွင် သဟဓာတတရားက လွှမ်းမိုးချုပ်ကိုင်ထားရာ သက်ရှိနှင့် သက်မဲ့၊ လောကီနှင့် လောကုတ်၊ သီပို့နှင့် ဂန္ဓာရီပညာ၊ နိုင်ငံရေးနှင့် စီးပွားရေး စသည်တို့တွင်လည်း သဟဓာတ တရားတိုင်းသာ လိုက်နာကြရမည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် နာမ်ဓာတ်များ

ကျစ်လျစ်သိပ်သည်းသွားသောအခါ ရုပ်ဓာတ်များ ဖြစ်လာပြီး ရုပ်ဓာတ်များ ကျယ်ပြန့်လွင့်ကားလာသော် နာမ်ဓာတ်ဖြစ်သွားသည်။

ရုပ်ဓာတ်၊ နာမ်ဓာတ်သည် မူလဓာတ် တစ်ခုတည်းမှ ထွက်ပေါ်လာသောကြောင့် ရုပ်ဓာတ်မှာ နာမ်ဓာတ်သို့ ပြန်လည် သွားသောအခါတွင်လည်း ရုပ်ဓာတ်နှင့် နာမ်ဓာတ် သဟဇာတဖြစ်ရန်အတွက် သဟဇာတတရားကို အခြေပြုသော လမ်းစဉ်ကျင့်စဉ်ဖြင့်သာလျှင် ရုပ်ဓာတ်များ ချုပ်ငြိမ်းပြီး မမြဲသောတရားမှ ထာဝရတည်မြဲသော မူလနာမ်ဓာတ်ကြီးသို့ အပြန်လမ်းခရီးကို အောင်မြင်စွာ သွားနိုင်မည် ဖြစ်သည်။ ဤကား ပိုက်သာဂိုရပ်၏ အတွေးအခေါ် ဒဿနအနှစ်ချုပ် ဖြစ်၏။

ထို့ကြောင့်ပင် ပိုက်သာဂိုရပ်စ်နှင့် ခေတ်ပြိုင်ဒဿနဆရာကြီး ဟီရာကလစ်တပ်က ပိုက်သာဂိုရပ်စ်သည် ဉာဏ်ပညာအထက်မြက်ဆုံးသော တွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သည်ဟု ထိုခေတ်က ဆိုခဲ့ခြင်းဖြစ်သည်။ ၁၉၅၅ ခုနှစ်သည် ပိုက်သာဂိုရပ်စ် ကွယ်လွန်သောနှစ် ၂၅၀၀ ပြည့်ဖြစ်၍ ပိုက်သာဂိုရပ်စ်ဒဿနအသင်းကြီးက အေသင်တက္ကသိုလ်နှင့် ဆမိုတက္ကသိုလ်တွင် ပိုက်သာဂိုရပ်စ် နှစ် ၂၅၀၀ ပြည့်ပွဲကျင်းပခဲ့သည်။ ၁၉၅၄ တွင် အိန္ဒိယ၊ သီဟိုဠ် (သီရိလင်္ကာ)၌ မြန်မာနိုင်ငံများတွင် ဗုဒ္ဓဃယန္တီသာသနာ ၂၅၀၀ ပွဲ ကျင်းပပြီး နောက်တစ်နှစ် ၁၉၅၅ တွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ခေါမတိုင်းတွင်သာမက ဆိုဗီယက် ယခု (ရုရှနိုင်ငံ) အပါအဝင် အနောက်တိုင်း အရှေ့တိုင်းအားလုံးတွင် ပိုက်သာဂိုရပ်စ် နှစ် ၂၅၀၀ ပြည့်ပွဲကို ကျင်းပ၍ ပိုက်သာဂိုရပ်စ်ကို ဂုဏ်ပြုခဲ့ကြသည်။ ဤဒဿနများ၊ ဂန္ဓာရီပညာများကို လက်ကိုင်ထား၍ ပြည်တော်ဝင်လာသောအခါ ခေါမတိုင်းသည် ဗရုတ်သုတ်ခများ မတည်ငြိမ်မှုများကို တွေ့ရသောအခါ သူ၏ ဒဿနနှင့် ဂန္ဓာရီပညာများကို ဖွံ့ဖြိုးရန်အတွက် ပထမဆုံး တိုင်းပြည် ပြုပြင်ရေးကို လုပ်ဆောင်ရန် လိုအပ်ကြောင်း သဘောပေါက်လာသည်။

ထို့ကြောင့် ခေါမတိုင်းအတွင်းနယ်အသီးသီးရှိ ဘုရားကျောင်းများထဲ ချဉ်းကပ်ပြီး လျှော့ရဲတိမ်စောင်းနေသော ဂန္ဓာရီပညာများကို ပြန်လည်ပြုပြင်ရန် စီစဉ်သည်။ ပထမဆုံး အီလူဆစ်မြို့ရှိ အီလူဆစ်ဂန္ဓာရီဂိုဏ်းကြီးထဲ သွားရောက်ပြီး အော်ဖိယပ်ချမှတ်ခဲ့သော ဂန္ဓာရီကျင့်စဉ်များ ကိုယ်ကျင့်သိက္ခာများကို ပြန်လည်ပြုပြင်တည်ဆောက်ရာ မကြာမီပင် အီလူဆစ်ဂန္ဓာရီ ဂိုဏ်းချုပ်ကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

အီလူဆစ်ဂန္ဓာရီဂိုဏ်းသို့ ပြုပြင်အားဖြည့်ပြီးနောက် ဆိုမိုသာရေး၊ ဒဲလ်ဖီ၊ ကရိကျန်းသို့ ခရီးဆက်လက်ထွက်ခွာခဲ့ပြီးလျှင် ယင်းဒေသများရှိ ဂန္ဓာရီဂိုဏ်းများကို ပြန်လည်သန့်စင် စည်းလုံးပေးခဲ့သည်။ အယူမှားယွင်းနေသည်ကို တည့်မတ်ပေးခဲ့သည်။ မရှင်းလင်းသော ဂန္ဓာရီအယူအမြင်များကို ရှင်းလင်းဖော်ထုတ်ပေးခဲ့ပြီးနောက် တောင်ပိုင်းရှိ ကရိတိုးသို့ ရောက်ရှိလာသည်။ ကရိတိုးတွင် တပည့်သာဝကများ စည်းရုံးသိမ်းသွင်းပြီးလျှင် ပညာပေး တက္ကသိုလ်ကြီး တည်ထောင်သည်။

တက္ကသိုလ်ကြီးတွင် သိပ္ပံပညာဒဿနပညာနှင့် ဂန္ဓာရီပညာအခြေခံများကို

သင်ကြားပေးခြင်းဖြင့် ခေါမပြည်သူတို့၏ ဉာဏ်ကို ပွင့်လင်းနိုးကြားစေခဲ့သည်။ ထိုမျှမက ဂန္ဓာရီပညာရပ်များ သင်ကြားရန်အတွက် မဟာဂန္ဓာရီဂိုဏ်းကြီးတစ်ခု ဖွဲ့စည်းရန်အတွက် ခရစ်သျှနှစ်သည် ဘုရကမြို့တည်၍ ဂန္ဓာရီပညာရပ်များ သင်ပေးသကဲ့သို့ ဂန္ဓာရီမြို့တည်ပြီး သီးသန့်အသိုက်အဝန်းအဖြစ် ဖန်တီးကာ ဂန္ဓာရီ တက္ကသိုလ်ကြီးအဖြစ် ဖွင့်လှစ်သင်ကြားပေးရန် ဖြစ်သည်။

*

ပိုက်သာဂိုရပ်စ်သည် ခေါမတိုင်း ဆမိုကျွန်းတွင် ဂန္ဓာရီပညာများကို ဖြန့်ဖြူးနေရာ ဆမိုကျွန်းတွင် မင်းဆိုးများ၏ အာဏာလွှမ်းနေသဖြင့် အီတလီပြည်တောင်ပိုင်းရှိ ကရိတိနှားသို့ ပြောင်းရွှေ့ပြီး မဟာဂန္ဓာရီပညာများကို ဆက်လက်ဖြန့်ဖြူးသည်။ အီဂျစ်ခေတ်က မဟာဂန္ဓာရီပညာရှင် ဘုန်းကြီးများက နိုင်ငံရေးအာဏာကို လက်ကိုင်ပြု၍ ဖာရိဘုရင်များအပေါ် သြဇာလွှမ်းမိုးအုပ်ချုပ်ခဲ့သည့်အတိုင်း သူ့ခေတ်သူ့အခါတွင် ဆောင်ရွက်ရန် မသင့်လျော်တော့ကြောင်း တွေ့ရသည်။

ရှေးခေတ်အီဂျစ်ပြည်တွင် ဂန္ဓာရီပညာနှင့် တိုင်းပြည်အုပ်ချုပ်ရေး ပူးတွဲဆောင်ရွက်ရာတွင် အောင်မြင်ခဲ့သော်လည်း နှောင်းခေတ်ခေါမတိုင်းတွင် အီဂျစ်ပုံစံအတိုင်း ဆက်လက်ကျင့်သုံးရန် မသင့်လျော်တော့ကြောင်း ပိုက်သာဂိုရပ်စ် သဘောပေါက်လာသည်။ ထို့ကြောင့် ခေါမတိုင်းတွင် သိပ္ပံပညာနှင့် အတွေးအခေါ်ပညာကို အခြေခံသော ဂန္ဓာရီနည်းဖြင့် တပည့်သာဝကများကို လေ့ကျင့်ပေးပြီး တိုင်းပြည်ကို ယင်းတပည့်သာဝကများက လောကပါလတရားနှင့်အညီ ဦးဆောင်ရန်စီစဉ်သည်။

ပိုက်သာဂိုရပ်စ်သည် ကရိတိနှားတွင် သိပ္ပံပညာနှင့် အတွေးအခေါ်ပညာကို အခြေခံသော မဟာဂန္ဓာရီပညာများကို သင်ကြားပေးရန်အတွက် သိပ္ပံမဟာဂန္ဓာရီ အကယ်ဒမီ တက္ကသိုလ်ကြီးကို ဖွင့်လှစ်တည်ထောင်သည်။ ယင်းတက္ကသိုလ်ကြီးမှာ အိုင်အိုနီယံပင်လယ်ကမ်းခြေတွင် တည်ဆောက်ထားပြီး တက္ကသိုလ်ဝင်းအတွင်း၌ တက်ရောက်သင်ကြားနေသော သာဝကများ နေထိုင်ရန် အဆောက်အအုံ စာသင်ခန်းများ၊ သိပ္ပံစမ်းသပ်လေ့လာရန် အခန်းများ၊ အားကစားကွင်းများ၊ ဘုရားခန်းနှင့် ဓာတ်နန်းကြီးတစ်ခု ပါဝင်ပါသည်။

ဓာတ်နန်းကြီးမှာ ပင်လယ်ကမ်းကို မျက်နှာမူထားသော တောင်၏အတွင်းလိုက်ဝှအတွင်း၌ဖြစ်ပြီး အတွင်းသာဝကများကိုသာ ဝင်ခွင့်ပြုသည်။ ဤဓာတ်နန်းကြီးအတွင်း၌ လျှို့ဝှက်နက်နဲသော ဂန္ဓာရီပညာများကို သင်ကြားရန်နှင့် သိဒ္ဓိတင်ဘိသိက်ပွဲ

ကျင်းပရန်အတွက်သာ အသုံးပြုသည်။ မသက်ဆိုင်သူများ လုံးဝ ဝင်ခွင့်မပြုချေ။ ဤတက္ကသိုလ်ကြီးသို့ တက်ရောက်သင်ကြားလိုသော သာဝကလောင်းတစ်ဦးသည် အမျိုးမျိုး စမ်းသပ်စစ်ဆေးခြင်း ခံရသည်။ ဉာဏ်ရည်ထက်မြက်မှု၊ စေတနာမှန်ကန်မှု၊ အတွေးအခေါ်လေးနက်မှု၊ သစ္စာရှိမှု၊ ခံနိုင်ရည်ရှိမှု အမျိုးမျိုးကို စစ်ဆေးစမ်းသပ်ပြီး အောင်မြင်မှသာလျှင် ဝင်ခွင့်ရသည်။

အချို့သော သာဝကလောင်းများသည် အဖက်ဖက်မှ စမ်းသပ်သော စစ်ဆေးမှုများကို မအောင်မြင်သောကြောင့် ဝင်ခွင့်မရသူများလည်း ရှိသည်။ ဤသို့ ဝင်ခွင့်မရသူများအနက်မှ အချို့သည် ပိုက်သာဂိုရပ်အား ရန်ညှိုးဖွဲ့ပြီး အခွင့်သာသောအချိန်တွင် ဤတက္ကသိုလ်ကြီး ပျက်စီးရာ ပျက်စီးကြောင်းများကို ပြုလုပ်လာကြသည်။

ဂန္ဓာရီတက္ကသိုလ်ကြီး

ပိုက်သာဂိုရပ်စတည်ထောင်သော ဂန္ဓာရီတက္ကသိုလ်ကြီးသို့ ကရိတိုနား မြို့သူမြို့သား (၂၀၀၀) ခန့် တက်ရောက်သင်ကြားကြသည်။ တက္ကသိုလ်သို့ ဝင်ရောက်သင်ကြားလိုသော သာဝကသစ်တို့သည် မိမိတို့၏ ပုဂ္ဂလိကပိုင် ပစ္စည်းအားလုံးကို တက္ကသိုလ်သို့ အပ်နှံရသည်။ သာဝကတို့၏ ပစ္စည်းအားလုံးကို တက္ကသိုလ်က သာဝကအားလုံး ပိုင်ဆိုင်သော ဘုံပစ္စည်းအဖြစ် သတ်မှတ်သည်။ အားလုံးက ခံစားခွင့်ရှိသည်။ နောက်တစ်နေ့တွင် တိုင်းပြည်ကို ဦးဆောင်ကြမည်ဖြစ်သော သာဝကများသည် ပစ္စည်းဥစ္စာကို မက်မောမှုမရှိဘဲ လူအများ၏ အကျိုးစီးပွားကိုသာ ရှေ့ရှုနိုင်အောင် စတင်လေ့ကျင့်သင်ကြားခြင်း ဖြစ်သည်။

ပိုက်သာဂိုရပ်စ်က ပညာရေးဖြင့် လူတို့၏ ကိုယ်ကျင့်တရားကို ပြုပြင်ပြောင်းလဲနိုင်မည်။ ကိုယ်ကျင့်တရားကောင်းသူများက တိုင်းပြည်၏ ဦးစီးဦးကိုင် အာဏာကို ကိုင်စွဲသင့်သည်။ ကိုယ်ကျင့်တရားသည် ဂန္ဓာရီပညာသင် သာဝက၏ အခြေခံအကျဆုံး အရည် အချင်း ဖြစ်သကဲ့သို့ တိုင်းပြည်အုပ်ချုပ်သူများ၏ ပဓာန အရည်အချင်းလည်း ဖြစ်သည်ဟု ယုံကြည်သည်။ သို့မှသာလျှင် တိုင်းပြည်သည် လောကပါလတရားနှင့်အညီ အေးချမ်း သာယာစွာ နေထိုင်နိုင်ပြီး တရားဓမ္မများကို ခံယူဆင်ခြင်နိုင်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် ပစ္စည်းတပ်မက်မှုကို ကျောင်းသားဘဝကပင် စတင်ချိုးနှိမ်မှုကို လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ နောင်အခါတွင် ပလေတိုသည် ထိုအယူအဆကိုပင် ဆက်လက်ကိုင်စွဲပြီး တစ်တိုင်းပြည်လုံး၏ ပစ္စည်းဥစ္စာများကို ဘုံပိုင်ပြုလုပ်ရန် နိုင်ငံရေးအတွေးအခေါ်တစ်ရပ်ကို ချမှတ်ခဲ့သည်။ ပလေတို၏ ယင်းအတွေးအခေါ်ကိုပင် မတ်က(စ်)က ဆက်လက်ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

တက္ကသိုလ်ကျောင်းသား သာဝကများသည် နံနက်လင်းသောအခါ အိုင်အိုနီယံပင်လယ်ထဲမှ ထွက်လာသော နေမင်းကို မျက်နှာမူ၍ ဓမ္မတေးချင်းများကို သာယာနာပျော်ဖွယ် သီဆိုကြသည်။ ခြေ၊ လက်၊ ခေါင်း၊ ခါးတို့ကိုလည်း စည်းချက်ကျကျ ဖြည်းညှင်းငြိမ့်ညောင်းစွာ

လူပ်ရှားသော ဂန္ဓာရီအကနည်းပညာဖြင့် ကကြသည်။ ဂီတသံနှင့် ခန္ဓာကိုယ် ယိမ်းနွဲ့လူပ်ရှားခြင်းဖြင့် စိတ်နှင့်ကိုယ်ခန္ဓာကို တစ်သားတည်းဖြစ်စေသော ဈာန်ဝင်စားခြင်း တစ်မျိုးဖြစ်သည်။

ဂီတနှင့် အကတို့ဖြင့် ဘုရားကို ပူဇော်ပြီးနောက် အရိပ်ကောင်းသော မြက်ခင်းပြင်တွင် ဆရာ၏ထံပါးဌ ဝိုင်းထိုင်ပြီး သင်ခန်းစာများကို လေ့ကျင့်သင်ကြားကြရာ မွန်းတည့်ချိန်တွင် နံနက်စာ စားကြသည်။ နံနက်စာမှာ ပေါင်မုန့်နှင့် ပျားရည်တို့ဖြစ်သည်။ အသားမပါဘဲနှင့် အာဟာရလည်း ကိုက်ညီသည့် အစာဖြစ်သည်။ ညနေစောင်းတွင်ကား အားကစားကွင်းအတွင်းသို့ အားလုံးဆင်းပြီး အားကစားမှအမျိုးမျိုးကို ကစားကြသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယှဉ်ပြိုင်ကစားကြသည်။

လက်တေ့ထိုးခြင်း၊ နပန်းသတ်ခြင်းစသော ကြမ်းတမ်းသော အားကစားနည်းများကို ခွင့်မပြုချေ။ အားကစားခြင်းဖြင့် ကျန်းမာရေးကောင်းမွန်ခြင်း၊ ဖျတ်လတ်သန်မာခြင်းတို့ သာမကဘဲ အားကစားစိတ်ဓာတ်ခေါ် ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ သူတစ်ပါး၏အမှားကို ခွင့်လွှတ်တတ်ခြင်း၊ အနာခံ၍ စွန့်စားခြင်းစသော စိတ်ဓာတ်များကိုပါ ရရှိစေသည်။

ဘေးမှ အကဲခတ်နေသော ဆရာအဖို့မှာလည်း တပည့်သာဝကတို့၏ စိတ်ဓာတ်ခိုင်မာမှု၊ ဇွဲသတ္တိနှင့် စိတ်ဓာတ်ပျော့ညံ့မှုနှင့် တစ်ကိုယ်ကောင်းဆန်မှုတို့ကို စမ်းသပ်ရာနေရာလည်း ဖြစ်သည်။ သာဝကတို့၏ အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး သာဝကတို့၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်သည်။ အားနည်းချက်ရှိလျှင်လည်း ပြုပြင်ဆုံးမပေးနိုင်သည်။ အားကစားလေ့ကျင့်ပြီးနောက် ခေတ္တနားကာ ဘာဝနာပွားမှုကို လက်တွေ့ သင်တန်းဆင်းရသည်။ ဘာဝနာပွားပြီးသောအခါ နံနက်ခင်းက လေ့ကျင့်သင်ကြားခဲ့သော သင်ခန်းစာများကို ပြန်လည်သုံးသပ်ကြသည်။

ညနေ နေဝင်ဆည်းဆာအချိန်တွင် တပည့်သာဝကများ စုပေါင်းပြီး ဈာန်ဘုရားများကို ပူဇော်ရှိခိုး ကြည်ညိုကြသည်။ နောက်ဆုံးတွင်ကား တစ်နေ့တာ လုပ်ငန်းများကို ညစာစားခြင်းဖြင့် အဆုံးသတ်ကြသည်။ ညစာစားပြီး လူစုကွဲကာနီးတွင် ဆရာ၏ ဆုံးမစကားများကို အားလုံးကြားရအောင် ပြန်လည်ရွတ်ဆိုကြသည်။ တစ်နေ့တာ တာဝန်များပြီးဆုံးသွားပြီဖြစ်၍ တပည့်သာဝကများသည် အနားယူအိပ်စက်နေကြပြီ ဖြစ်သော်လည်း ဆရာဖြစ်သူ ပိုက်သာဂိုရပ်စ်မှာ မအိပ်နိုင်သေး။

သူကျွမ်းကျင်သော ဂီတသံဖြင့် သာဝကတို့၏ ရောဂါများကို ကုသပေးရဦးမည်။ အချို့သာဝကများမှာ ရောဂါတစ်စုံတစ်ခု ကပ်ရောက်နေသည်။ အချို့သာဝကမှာ မြင်သာအောင် ရောဂါပေါ်ပေါက်မလာသေးသော်လည်း ရုပ်ခန္ဓာတွင် ရောဂါ ကပ်ရောက်နေပြီကို ပိုက်သာဂိုရပ်စ်၏ မနောအာရုံတွင် အထင်းသားမြင်နေသည်။ ထို့ကြောင့် ရောဂါခံစားနေရသော သာဝကနှင့် မကြာမီရောဂါကပ်ရောက်တော့မည် သာဝကတို့အား အိပ်ပျော်နေစဉ်တွင် ဆရာက ဂီတသံဖြင့် ကုသပေးသည်။

ပိုက်သာဂိုရပ်စ်သည် ပထမဂိုဏ်းချုပ်ကြီး အော်ဖိယပ်ချမှတ်ခဲ့သော သံစဉ်ခုနစ်ပါး

ဂန္ဓာရီပညာကို ဆက်လက်ပွားများသည်၊ ကြံဆသည်၊ အဘိညာဉ်တန်ခိုးဖြင့် စမ်းသပ်သည်။ နောက်ဆုံးတွင် လောကီလွန်အာကာသ သံစဉ်များကိုပါ ဝင်စားသုံးသပ်နိုင်သည်။ Music of Sphere ခေါ် 'အာကာသသံစဉ်'သည် ဤစကြဝဠာကြီးတစ်ခုလုံးကို အသံစွမ်းအင်ဖြင့် ထိန်းချုပ်ထားခြင်းဖြစ်သည်။

အသံစွမ်းအင်သည် အသံတစ်ခုနှင့် တစ်ခု အဆက်အစပ် အတက်အကျတွင် သဟဇာတနိယာမတရားဖြင့် ပေါင်းစပ်ထားခြင်းဖြစ်သည်ကို ပိုက်သာဂိုရပ်စ်က ပထမဆုံး ဖော်ထုတ်နိုင်သည်။ ဂီတသံတို့၏ တစ်သံနှင့် တစ်သံအကွာအဝေးမှာ ၁ : ၂= ၂:၃= ၃:၄ ဖြစ်သည်ကို သိပ္ပံနည်းကျ ပထမဆုံး စမ်းသပ်ပြနိုင်ခဲ့သည်။ လူ့လောကရှိ သံစဉ်တို့သည် လောကီလွန် အာကာသသံစဉ် ဖွဲ့စည်းမှု နိယာမအတိုင်းဖြစ်ကြောင်းကို သိသူ ပိုက်သာဂိုရပ်စ်သည် ရောဂါဝေဒနာများကို ဂီတသံစဉ်ဖြင့် ကုသနိုင်သည်။

အလွန်ရိုင်းသော တိရစ္ဆာန်များကိုပင် ဂီတသံဖြင့် မိမိထံသို့ ခေါ်ဆောင်နိုင်သည်။ သာဝကတို့ အိပ်ပျော်နေစဉ်တွင် အထူးစီစဉ်ထားသော ဂီတသံစဉ်ဖြင့် သာဝကတို့အား အိပ်မက်ပေးနိုင်သည်။ အိပ်မက်ထဲတွင် သင်ပြနိုင်သော ဂန္ဓာရီပညာများကို သင်ကြားပေးသည်။ သခ်ၤာဘာသာ သင်ကြားရာတွင် ရုပ်လောကတွင် အလျား၊ အနံ၊ ထု ဟူသော ပမာဏသုံးရပ်ကိုသာလျှင် သိမြင်နိုင်သည်။ ဂဲသြမေတြီတွင်လည်း ယင်းပမာဏသုံးရပ်ကိုသာလျှင် တည်ဆောက်နိုင်သည်။ စတုတ္ထပမာဏခေါ် Fourth Dimension ကိုမူ ရုပ်လောကတွင် မသိမြင်နိုင်ချေ။

ရုပ်လောကလွန် နယ်ပယ်ဖြစ်သော အိပ်မက်လောကခေါ် တမလွန်လောကတွင်သာ သိမြင်နိုင်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် နတ်မျက်စိဖြင့်သာ မြင်နိုင်သည်။ ထို့အတူပင် လူ့နားဖြင့် မကြားရသော အသံများရှိသည်။ အာထရာဆောင်းသည် လူ့နားဖြင့် မကြားရသော အသံဖြစ်သည်။ ယင်းအာထရာဆောင်းကဲ့သို့သော အာကာသအသံများကို အိပ်မက်လောကတွင် ကြားနိုင်သည်။

အိပ်မက်ဖြင့် သံစဉ်များကို သင်ကြားပြသနိုင်သည်။ ဟာမင်ဟက်စ်၏ လက်ရာမွန်ဖြစ်သော မတ်စတာလူဒီ ဝတ္ထုတွင် ဂီတတက္ကသိုလ်မှ ဂီတဆရာသည် ဈာန်ဝင်စားပြီး ဈာန်လောကဌ် ဂီတအသံနှင့် ဂီတသင်္ကေတများကို ရေးဖွဲ့သည်။ တမလွန်ဈာန်လောကဌ် ရေးဖွဲ့ခဲ့သော အာကာသ ဂီတသံစဉ်များကို လူ့ပြည်ရုပ်လောကသို့ သယ်ဆောင်လာပြီး ရုပ်လောက တူရိယာများဖြင့် တီးမှုတ်ပြီး သံစဉ်ဖော်ကြောင်း ရေးသားထားသည်။

လူသည် အိပ်သောအခါ ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာထွက်ပြီး လိပ်ပြာလောကသို့ ရောက်သွားသည်ဟု ဂန္ဓာရီပညာက ဆိုသည်။ ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာသည် အချိန်မရွေး ထွက်နိုင်ပြီး တစ်ဖန် ပြန်လည်ဝင်နိုင်ခြင်းနှင့် ဤသို့ ရုပ်ခန္ဓာမှ စွန့်ခွာပြီး လိပ်ပြာလောကတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံ၊ အဖြစ်အပျက် သင်ခန်းစာနှင့် ဂန္ဓာရီပညာများကို ရုပ်ခန္ဓာသို့ ပြန်လည်သယ်ဆောင်နိုင်သော စွမ်းအင်ကို ထုံကူးခြင်း၊ ထုံတက်ခြင်းဟု ခေါ်ကြောင်း အီဂျစ်မဟာဂန္ဓာရီအကြောင်း တင်ပြစဉ်က ဖော်ပြခဲ့ပြီးဖြစ်သည်။

တိုးစာပေတိုက်

ရပ်ခန္ဓာမှ လိပ်ပြာခန္ဓာတွက်ခွာခြင်းသည် လွယ်မယောင်နှင့် ခက်သောကိစ္စဖြစ်သည်။ လူတိုင်းသည် အိပ်ပျော်သွားသောအခါ လိပ်ပြာခန္ဓာကလေးသည် ရပ်ခန္ဓာမှ ထွက်ခွာသွားမြဲဖြစ်သော်လည်း အိပ်စက်ခြင်းမပြုဘဲနှင့် လိပ်ပြာခန္ဓာ ထွက်ခွာရေးမှာ ခက်ခဲလှသည်။ ထွက်ခွာသောအခါတွင်လည်း မိမိထွက်ခွာလိုသော အချိန်တွင် တစ်မှုတ်ချင်း ထွက်ခွာနိုင်သည်မှာ ပို၍ ခက်ခဲလှသည်။ ထွက်ခွာသောအခါတွင် တွက်ခွာပုံ ထွက်ခွာနည်းချင်း ကွာခြားလှသည်။

ရောက်လိုရာ အရပ်ကို တစ်မှုတ်ချင်း ရောက်သွားသောနည်း၊ သွားရာလမ်းတွင် တွေ့မြင်သမျှကို လေ့လာမှတ်သားပြီး ရောက်သွားသောနည်း၊ သွားရာလမ်းခရီး၏ ဦးတည်ချက် ကွေ့သွားမည်လော၊ လျှိုဝင်သွားမည်လော၊ အပေါ်မှတက်ပြီး သွားမည်လော။ ဤနည်းပညာများကို စာတွေ့ဖြင့် သင်ကြား၍မရနိုင်၊ အကြိမ်ကြိမ် လေ့ကျင့်သင်ကြားယူရသည်။ လိပ်ပြာခန္ဓာဖြင့် ခရီးသွားစဉ် လမ်းခုလတ်တွင် အနှောင့်အယှက်များ၊ အခက်အခဲများ တွေ့ရတတ်သည်။ ပရလောကရှိ ပရလောကဘုံသားများတွင် စိတ်ထားစရိုက်အမျိုးမျိုးရှိသည်။ ထိုပရလောကသားတို့နှင့်တွေ့ကြုံလျှင် မည်သို့ကာကွယ်ရမည်၊ မည်သို့ဖြတ်သန်းရမည်ကို ဂန္ဓာရီပညာဖြင့်သာလျှင် ဖြေရှင်းနိုင်သည်။ လိပ်ပြာလောကသည် လူ့ပြည်ရပ်လောကနှင့် တစ်ဆက်တည်းဖြစ်ရာ လူ့ပြည်ရပ်လောကမှ သဘာဝစွမ်းအင်များသည် လိပ်ပြာလောကအပေါ်သို့ အနှည်းနှင့်အများ ရိုက်ခတ်သည်။

ရပ်လောကမှ ကမ္ဘာဆွေငင်အားသည် လိပ်ပြာလောကသို့ အနှည်းငယ် အကျိုးသက်ရောက်သည်။ ရပ်လောကမှ တောမီးလောင်မှုများ၊ မုန်တိုင်းများ၊ ငလျင်များ၊ မီးတောင်ပေါက်ကွဲမှုများ၊ အနုမြူဗုံးကဲ့သို့ အင်အားပြင်းထန်သော ပေါက်ကွဲမှုများသည် လိပ်ပြာလောကသို့ အနှည်းနှင့် အများ အကျိုးသက်ရောက်ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် လိပ်ပြာခန္ဓာနှင့် သွားလာရာလမ်းတွင် အခက်အခဲများ ပေါ်ပေါက်တတ်သည်။ ဤအခက်အခဲများကို ကာကွယ်နည်း၊ ရှောင်တိမ်းနည်းများကို အိပ်မက်ဖြင့် ပိုက်သာဂိုရပ်က သဘဝကများကို လက်တွေ့လေ့ကျင့် သင်တန်းပေးသည်။

လိပ်ပြာလောကအတွင်းရှိ ဓာတ်သဘာဝများ၊ ရောင်စဉ်လှိုင်းများ၊ အသံလှိုင်းများ၊ အပူစွမ်းအင်များ၊ အလင်းစွမ်းအင်များ သဘာဝနှင့် ယင်းတို့ကို အသုံးချနည်းများဖြစ်သည်။ ဤစွမ်းအင်များကို အသုံးပြုနိုင်ခြင်းကိုပင် သိဒ္ဓိပေါက်ခြင်း၊ ဝိဇ္ဇာဓိရ်ခြင်းဟု ခေါ်ခြင်းဖြစ်သည်။ လိပ်ပြာခန္ဓာထွက်ခွာခြင်း၊ လေ့လာခြင်းတို့ကို သရဖူဆောင်းသော အရာမှာ အခြားသူတစ်ပါး၏ ရပ်ခန္ဓာကိုယ်အတွင်းသို့ မိမိလိပ်ပြာခန္ဓာ ဝင်ရောက်ပြီး သူတစ်ပါး၏ ခန္ဓာဖြင့် မိမိလိပ်ပြာခန္ဓာ လုပ်ဆောင်လိုရာ လေ့လာလိုရာတို့ကို လေ့လာခြင်း၊ အတွေ့အကြုံ ရှာဖီးခြင်း ဖြစ်သည်။

အိန္ဒိယ မဟာဂန္ဓာရီပညာကျော် သျှရီချန်ကာချာရီယသည် ရပ်ခန္ဓာကိုယ်ကို တောင်စောင်းတစ်ခုအတွင်း တပည့်သာဝကတို့အား အစောင့်ချထားပြီး လတ်လတ်ဆတ်ဆတ် ဘဝမြောင်းသွားသော မဟာရာဂျာကြီး၏ ရပ်ခန္ဓာကိုယ်အတွင်း ဝင်ရောက်ကာ

ကာမ သျှတ္တရပညာများ လေ့လာခဲ့ကြောင်းကို ယခင်ဆောင်းပါးများတွင် ဖော်ပြပြီးဖြစ်သည်။ ယခုအခါတွင် ပရစိတ်ပညာသုတေသီများက ရုပ်ခန္ဓာကိုယ်တစ်ခုအတွင်းသို့ အခြားလိပ်ပြာခန္ဓာ (သို့) ဝိညာဉ်တစ်ခုက ဝင်ရောက်နေခြင်းကို Obsession ပူးဝင်ခြင်းဟု အမည်တပ်ပြီး လေ့လာလျက်ရှိသည်။ ယင်းသို့ နှစ်ရှည်လများ သူတစ်ထူး၏ ခန္ဓာအတွင်းသို့ ပရလောကမှ ဝိညာဉ်များ ပူးဝင်နေသော သာဓကများမှာ အလွန်များပြား လူသိများလှ၍ ထပ်မံဖော်ပြခြင်း မပြုတော့ပါ။

သို့သော် သက်ရှိလူသားတစ်ဦး၏ ဝိညာဉ်ခေါ် လိပ်ပြာခန္ဓာသည် အခြား သက်ရှိလူသားတစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နှိုင်ခြင်းမှာ သာမန်အားဖြင့် မလွယ်ကူလှချေ။ နှစ်ရှည်လများ ဆရာက တပည့်အား လက်တွေ့လက်ထပ်လေ့ကျင့် သင်ကြားပေးမှသာ တတ်ကျွမ်းနိုင်သည်။ အချို့သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့သည် အသက်အရွယ်အိုမင်းလာသောအခါ မိမိ၏ တပည့်သာဝက ခန္ဓာကိုယ်အတွင်းသို့ဖြစ်စေ သို့မဟုတ် အခြားသင့်လျော်ရာ ပုဂ္ဂိုလ်တစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ဖြစ်စေ ဝင်ရောက်ခြင်းဖြင့် ရုပ်ခန္ဓာများ ပြောင်းလဲသွားသော်လည်း ဝိညာဉ်ခေါ် လိပ်ပြာခန္ဓာမသေဘဲ ပျောက်ကွယ်မသွားဘဲ ဆက်လက်တည်ရှိနေသည်ကိုပင် ဝိဇ္ဇာဟုခေါ်ကြသည်။

တရုတ်မဟာဂန္ဓာရီတွင် ပေါက်ပုဂ္ဂိုလ်ရှစ်ပါးတို့သည် ဤသို့ ရုပ်ခန္ဓာပြောင်းလဲပြီး ဆက်လက်ရှင်သန်လျက်ရှိကြောင်းကို တရုတ်မဟာဂန္ဓာရီ ဆောင်းပါးတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယနေ့ အိန္ဒိယပြည်တွင် နာမည်ကျော်ကြားနေသော ဆိုင်းဘာဘာသည် မူလဆိုင်းဘာဘာ၏ ရုပ်ခန္ဓာမဟုတ်၊ ဆိုင်းဘာဘာ၏ ဝိညာဉ်ခေါ် လိပ်ပြာခန္ဓာက သူ၏ တပည့် သာဝကတစ်ဦး၏ ရုပ်ခန္ဓာအတွင်းသို့ ဝင်ရောက်ပြီး မူလဆိုင်းဘာဘာ၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေခြင်းပင် ဖြစ်သည်။

အနောက်နိုင်ငံမှ စိန့်ဂျာမိန်းမှာလည်း ရော့ကော်ဇီ၏ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပြီး ဂန္ဓာရီပညာများကို ဆက်လက်ဖြန့်ဖြူးနေသည်ဟု ဆိုသည်။ ထို့ကြောင့် သူတစ်ပါး၏ ခန္ဓာကိုယ်အတွင်းသို့ မိမိ၏လိပ်ပြာခန္ဓာဝင်ရောက်နေနိုင်ခြင်းသည် လိပ်ပြာလွှဲ၊ လိပ်ပြာခွာအတတ်ပညာတွင် ထိပ်တန်းအကျဆုံးသော သရဖူပညာပင် ဖြစ်သည်ဟုဆိုခြင်း ဖြစ်သည်။ လိပ်ပြာခန္ဓာဖြင့် ဂန္ဓာရီပညာများကို လေ့လာရာတွင်သာ မဟုတ်သေး၊ လောကအကျိုး၊ သူတစ်ပါးအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကိုလည်း ဆောင်ရွက်နိုင်သေးသည်။

ပရလောကသားတို့ မကျွတ်လွတ်သည်ကို ကျွတ်လွတ်အောင်၊ သေအံ့ဆဲဆဲဖြစ်နေသူကို အယူမတိမ်းပါးရအောင် လူပြည်တွင် ဝင့်ကျွေးအရ မဟုတ်ဘဲ မတော်တဆ အန္တရာယ်များမှ ကယ်ဆယ်ခြင်း စသောလုပ်ငန်းများကိုလည်း လိပ်ပြာခန္ဓာဖြင့် လုပ်ဆောင်နိုင်သည်။ ရှမ်ဗဲလား မဟာဂန္ဓာရီအနွယ်ဝင် သာဝကများသည် ဤသို့သော ကယ်ဆယ်ရေးလုပ်ငန်းများကို ကမ္ဘာအနှံ့အပြားတွင် လူသိမခံဘဲ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တမလွန်လောကသို့ ရောက်လာကာစ ကြောင်တောင်တောင် ဖြစ်နေသူ လိပ်ပြာခန္ဓာများကိုလည်း တမလွန်တစ်ဖက်ကမ်းမှ စောင့်ကြိုပြီး နေရာချထားပေးသည်။

လိုက်ပို့ပေးလျက်ရှိသည်။ ပိုက်သာဂိုရပ်စ်သည် ရှမ်ဗဲလား:မှ တမန်တော်တစ်ဦးဖြစ်ရာ ဤလောကအကျိုးဆောင်လုပ်ငန်း လုပ်ရန်အတွက် တပည့်သာဝကများအား လက်တွေ့သင်ကြားပေးခြင်းဖြစ်သည်။ မသမာသူအချို့၏ မကောင်းကြံစည်မှုများကိုလည်း ဖယ်ရှားပေးရသေးသည်။ ဒင်းနစ်ဝှစ်တလီရေး၍ ဒေါ်ခင်မျိုးချစ် ဘာသာပြန်သော နှစ်လောကတိုက်ပွဲစာအုပ်တွင် ဤသို့သော မကောင်းကြံစည်မှုကို မဟာဂန္ဓာရီသမား:များက ဖယ်ရှားပေးခဲ့ကြောင်း ရေးသား:ထား:သည်။

ဤစာအုပ်သည် ဝတ္ထုဟုဆိုသော်လည်း ဟစ်တလာသည် အောက်လမ်း:မှော်ပညာအကူဖြင့် ဒုတိယ ကမ္ဘာစစ်တွင် မဟာမိတ်တို့အား တိုက်ခဲ့ကြောင်း ထုတ်ဖော်ရေးသား:ထား:သည်။ ထို့ပြင် ဒင်းနစ်ဝှစ်တလီ၏ ဆရာ ရိလိုအာမက်မှာ မြန်မာပြည်သား:ဖြစ်ခဲ့ဖူး:ပြီး: ဂန္ဓာရီပညာကျမ်း:များကို ရေးသား:ခဲ့သူဖြစ်သောကြောင့် ဝတ္ထု၏ ကျောရိုး:ဇာတ်လမ်း:မှာ စိတ်ကူး:ယဉ်မှု မဟုတ်ဟု ယူဆရပေသည်။

ဤသို့သော လိပ်ပြာခန္ဓာ၏ စွမ်း:အင်သတ္တိကို နား:လည်တတ်မြောက်သော ပိုက်သာဂိုရပ်စ်သည် တပည့်သာဝကတို့အား လိပ်ပြာခန္ဓာခွာနည်း:ပညာကို ညအိပ်ချိန်တွင် ဂီတသံဖြင့် သင်ကြား:ပေး:ခဲ့ခြင်း: ဖြစ်ပေသည်။

❀

ပိုက်သာဂိုရပ်
မဟာဂန္ဓာရီတာဂ်စဉ်

ဂန္ဓာရီပညာနှင့် သိပ္ပံပညာများ သင်ကြား:ပေး:နေသော ပိုက်သာဂိုရပ်စ်၏ ဂန္ဓာရီတက္ကသိုလ်တွင် အဆင့်လေး:ဆင့် ခွဲခြား:ထား:သည်။ ဂန္ဓာရီပညာအား:ဖြင့် မာဂအဆင့် လေး:ဆင့်ခွဲခြား:သင်ကြား:ခြင်း: ဖြစ်သည်။ ပထမ မာဂမှသည် စတုတ္ထမာဂအထိ အဆင့်လေး:ဆင့်ကို တစ်ဆင့်အောင်မြင်ပါက နောက်တစ်ဆင့်တက်၍ လေ့ကျင့်သင်ကြား:ရခြင်း: ဖြစ်သည်။ ပထမအဆင့်မှာ တပည့်သာဝကများအား: ဂန္ဓာရီပညာများ သင်ကြား:ပေး:ရန် ထိုက်တန်မှုရှိမရှိ စမ်း:သပ်သော ပဏာမအဆင့် ဖြစ်သည်။

မာဂအနေဖြင့် မာဂအဆင့်သုံး:ရပ်ရှိသော်လည်း: စမ်း:သပ်မှု ပထမအဆင့်ကိုပါထည့်သွင်း:ပါက အဆင့်လေး:ဆင့် ဖြစ်သည်။ ပထမအဆင့်ဖြစ်သော စမ်း:သပ်ခံ သာဝကအဆင့်သို့ ဝင်ရောက်ရန်အတွက် ရှေး:ဦး:စမ်း:သပ် စစ်ဆေး:မှုများကိုလည်း: အတိအကျ တင်း:တင်း:ကျပ်ကျပ် ပြုလုပ်သည်။ ဂန္ဓာရီ တက္ကသိုလ်ကြီး:၏ အဝင်တွင် ဥယျာဉ် ရှိသည်။ ဥယျာဉ်အဝင်တံခါး:ဝတွင် ယုတ်ညံ့သူများ: မဝင်ရဟူသောစာ ရေး:ထား:သည်။

သို့သော် တံခါးဝကိုမူ ပိတ်ထားခြင်းမရှိ၊ ဝင်လိုသူဝင်စေဟု ဖွင့်ထားသည်။ မိမိတွင် ယုတ်ညံ့မှုများ ရှိနေသူများကိုသာ တက္ကသိုလ်နှင့် တိုက်တန်မှု ရှိမရှိ မိမိကိုယ်ကို စစ်ဆေးရန် သတိပေးထားခြင်းဖြစ်သည်။ ဝင်လာသူ တပည့်သစ်များအား အားကစားကွင်းတွင် အားကစားခြင်းဖြင့် စမ်းသပ်သည်။ နပန်း၊ လက်ဝှေ့စသော ကြမ်းတမ်းသော အားကစားမှုများ မပါဝင်၊ ကျွမ်းကျင်မှုနှင့် ခွန်အားကို စနစ်တကျ အသုံးချမှုခြင်းသာ ပြိုင်ခြင်းဖြစ်သည်။

တစ်ဖက်သား နာကျင်မှု၊ ထိခိုက်မှု၊ မရှုမလှ ရုံးနိမ့်သွားမှ အောင်မြင်သော အားကစားမှုမျိုး မပါဝင်ချေ။ အားကစားရာတွင် ခွင့်လွှတ်မှု၊ စာနာမှု မည်မျှရှိသည်ကို တွေ့ရမည်ဖြစ်သည်။ အားကစားစိတ်ဓာတ်ဆိုသည်မှာ ပိုက်သာဂိုရပ်စ်ခေတ်မှ စတင် ပေါ်ထွက်လာသော စိတ်ဓာတ်နီတိပင် ဖြစ်သည်။ သာဝကသစ်များကို ပျော်ရွှင်ရယ်မော စွာနေရန် ညွှန်ကြားသည်။ ရယ်မောခြင်းကိုကြည့်၍ လူ၏ အတွင်းစိတ်ကို သိနိုင်သည်။

ရယ်မောသောအခါ ပေါ်ပေါက်လာသော မျက်နှာအနေအထား ဟန်ပန်ကိုကြည့်၍ လည်းကောင်း၊ သာဝကသစ်များ၏ စိတ်နေသဘောထားကို ဖုံးထားသော အဝတ်ကို လှန်ကြည့်လိုက်သကဲ့သို့ မြင်ရသည်။ ဤသို့ မျက်နှာအနေအထား ဟန်ပန်ကိုကြည့်သော Physiognomy ပညာမှာ ပိုက်သာဂိုရပ်စ် ဂန္ဓာရီပညာမှ စတင်ခဲ့ခြင်း ဖြစ်သည်။ အီဂျစ် ဂန္ဓာရီပညာတွင် စမ်းသပ်မှုများ ပြုလုပ်သကဲ့သို့ မြို့အစွန်ရှိ လူမနေသော တစ္ဆေခြောက်သည့် အိမ်အိုကြီးတစ်လုံးတွင် သာဝကကို ညတစ်ညလုံး ထားသည်။

သို့မဟုတ် လူသူမနီးသော လိုဏ်ဂူကြီး မှောင်မည်းမည်းတွင် တစ်ယောက်တည်း နေရသည်။ မအိပ်ရဲ၍ ပြန်သွားသူများ၊ ညသန်းခေါင်ရောက်မှ အကြောက်လွန် ထွက်ပြေးသူများကို တက္ကသိုလ် တက်ခွင့်မရနိုင်တော့။ ယင်းကြောက်မက်ဖွယ်နေရာမှ ကျော်လွန်ပြီးနောက် အချိန်စေ့သောအခါ သာဝကများ စုဝေးရောက်ရှိနေသော အခန်းတစ်ခုသို့ ခေါ်လာသည်။ အခြား သာဝကများက ဘယ်လိုလဲဒဿနဆရာကြီး၊ ဘာသဘောတရားတွေများ တွေ့ရှိထားသလဲ။ အကဲခတ်ရတာတော့ အတွေ့အကြုံတွေများမယ့်ပုံပဲ။ ပြောပါဦး၊ ချန်မထားနဲ့၊ ဖြီးလည်းမဖြီးနဲ့။ ဒီလို တစ်လလောက် ကျင့်လိုက်ရင် ဝိဇ္ဇာကြီး ဖြစ်သွားမှာလား စသည်ဖြင့် ခနိုးခနဲ့ လှောင်ပြောင်မေးခွန်းများဖြင့် ဝိုင်းစကြသည်။

အချို့ လူသစ်များမှာ လှောင်လုံးပြောင်လုံးများကြောင့် အားငယ်ကြောက်လန့် ငိုယိုသွားသူလည်း ရှိသည်။ လေ့ကျင့်ရန် ပေးထားသော ကျောက်သင်ပုန်းကို ရိုက်ခွဲသူကခွဲ၊ ကျောက်သင်ပုန်းဖြင့် လှမ်းပေါက်သူက ပေါက်ဖြင့် အမျိုးမျိုးရှိသည်။ ဆရာက လူသစ်သာဝက၏ တုံ့ပြန်မှုကို ကြည့်၍ မိမိသိကွာကို ထိန်းနိုင်သူ၊ စိတ်ဓာတ်ခိုင်မာသူများကိုသာ လက်ခံသည်။ အရည်အချင်း မပြည့်စုံသူများကို ပယ်သည်။

ဤသို့ ပယ်လိုက်သဖြင့် အပယ်ခံရသော လူသစ်များသည် ပိုက်သာဂိုရပ်စ်အပေါ် မကျေမနပ်ဖြစ်ကာ အညှိုးထားသွားသူများလည်း ရှိသည်။ ဤသို့ အပယ်ခံရသဖြင့် အညှိုး ထားပြီး နောင်အခါ အခွင့်သာသောအခါတွင် ပိုက်သာဂိုရပ်စ် တက္ကသိုလ်ကြီးအား

ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်ဆောင်ရွက်ခဲ့သူမှာ ဆိုင်လွန်ဆိုသူဖြစ်သည်။ မဟာဂန္ဓာရီ တက္ကသိုလ်သို့ တက်ခွင့်ရသော လူသစ်သာဝကများကို ဆရာဖြစ်သူက ကန့်လန့်ကာ နောက်မှနေ၍ သင်ကြားပို့ချသည်။ ဆရာ့အသံကိုသာ ကြားရသည်။ လူချင်း မမြင်မတွေ့ရ။ ထို့ကြောင့် ပထမဆင့် သာဝကကို ကြားနာသူအဆင့်ဟု ခေါ်သည်။

တက္ကသိုလ်သို့ ဝင်ရောက်တော့မည် ဆိုသည်နှင့် တစ်ပြိုင်နက် သာဝကသည် မိမိ ပုဂ္ဂလိကပိုင် ပစ္စည်းဟူသမျှကို တက္ကသိုလ်သို့ အပ်ရသည်။ အိမ်ထောင်ရှင်များလည်း ထို့အတူပင် အပ်ကြရသည်။ သာဝကအားလုံး၏ ပစ္စည်းဥစ္စာများကို မှတ်သားပြီး တက္ကသိုလ်ကျောင်းတစ်ခုလုံး၏ ဘုံပိုင်ပစ္စည်းအဖြစ် အားလုံးက ပိုင်ဆိုင်သွားသည်။ မည်သူမျှ ပုဂ္ဂလိကပိုင် ပစ္စည်းမရှိချေ။ ထို့ကြောင့် ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်လိုသူများသည် ဤ တက္ကသိုလ်သို့ တက်ရောက်ရန် စိတ်မကူးရဲတော့ချေ။

ပထမအဆင့်ဖြစ်သော ကြားနာသူ တပည့်အဖြစ် ရောက်လာသူသည် ဆရာ၏ ညွှန်ကြားချက်နှင့် တရားများကိုသာ နားထောင်ခွင့်ရှိသည်။ စောဒကတက်ခွင့် ဆွေးနွေးခွင့် မရချေ။ နောင်အဆင့်မြင့် မာဂများသို့ရောက်ရှိသော ဆရာနှင့်မျက်နှာချင်းဆိုင်၍ ပြောဆို ဆွေးနွေးခွင့် စောဒကတက်ခွင့် ရရှိသည်။ ထို့ကြောင့် သင်တန်းခန်းဝတွင် နှုတ်ခမ်းကို လက်တစ်ဖက်ဖြင့် ဖိပြီးပိတ်ထားသော မယ်တော်စျာန်ဘုရားရုပ်တုကို ဧာပဝါဖြင့် လွှမ်းထားသည်။ တစ်နည်းအားဖြင့် နှုတ်စောင့်စည်းမှ နားပွင့်မည်၊ ပြောသမျှကို နားလည်ကြမည်ဖြစ်၍ သင်တန်းတက်သူ လူသစ်များသည် သင်တန်းကာလအတွင်း စကားပြောခွင့်မရှိ၊ ဝစီပိတ် နှစ်နှစ်မှ ငါးနှစ်အထိ လေ့ကျင့်ရသည်။

စင်စစ်မှာ အတွင်းနားခေါ် သယမ္ဘူနားပွင့်ရန်အတွက် ဝစီပိတ် ကျင့်ရခြင်းဖြစ်သည်။ နောင်တက်မည့် မာဂအဆင့်များတွင် သာဝကသည် မည်သည့်အရပ်တွင် ရောက်နေသည်ဖြစ်စေ အဝေးမှ ဆရာရှင်၏ ညွှန်ကြားချက်ကို အတွင်းနားဖြင့် ကြားနိုင်အောင် လေ့ကျင့်ထားခြင်း ဖြစ်သည်။ လောကုတ္တရာတရားနှင့် ဂန္ဓာရီတရားများကို နားမလည်နိုင်ခင် ယုတ္တိဗေဒနှင့် အတွေးအခေါ် ဒဿနပညာများကို စတင်သင်ကြားပေးသည်။

စကြဝဠာနှင့် လူသားတို့ ဆက်စပ်မှု၊ လောကအမြင်နှင့် လူတို့၏ အတွေးအခေါ်၊ စိတ်ပညာများကို အခြေခံ၍ ပေးသည်။ သံသရာလည်ရသော ဝိညာဉ်သည် ဘဝများစွာမှ ဘဝရေစက်ဆုံဆည်းခဲ့ကြရ၍ အပြန်အလှန် ကျေးဇူးတရားများ ရှိခဲ့ကြသောကြောင့် ကျေးဇူးမကင်းခဲ့သူ မိဘများထံ ပြန်လည်ဝင်စားကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိဘကျေးဇူးကို သိတတ်ပြီး ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ ကျေးဇူးတရားတည်းဟူသော အတိတ်ဘဝမှ ကံကြွေးနှင့် ယခုဘဝ ကံကြွေးများကို မဆပ်ဘဲနှင့် ဝိညာဉ်သည် လွတ်မြောက်မှု မရနိုင်ကြောင်း၊ ထွက်ရပ်မပေါက်နိုင်ကြောင်းနှင့် သာဝကများ လိုက်နာရန် အတွက် Golden Verse ခေါ် ရွှေနိုတိကျမ်းကို ရေးသားထားသည်။ တပည့်သာဝကများသည် ရွှေနိုတိလာ ညွှန်ကြားချက်အတိုင်း လိုက်နာကြရသည်။

ဝိညာဉ်သည် ရုပ်တရားများမှ လွတ်မြောက်မှုအတွက် ရုပ်တရားများ၊ ရုပ်ဝတ္ထုများ

အပေါ် တပ်မက်မှုကို နွန့်လွတ်ကြဲရသည်။ သာဝကများ ပထမဆုံး လိုက်နာရသော သီလမှာ ရုပ်ဝတ္ထုပစ္စည်းအပေါ် တပ်မက်မှုကို ခွာချခြင်း ဖြစ်သည်။ အခြားသော အစား အဝတ်အနေအထိုင်တွင် တင်းကျပ်သောစည်းကမ်း သတ်မှတ်ခြင်းမပြု၊ အိမ်ထောင်ပြုခြင်း၊ ကာမဂုဏ်ခံစားခြင်းကို ရှုတ်ချခြင်းမပြုချေ။ ကာမရာဂ ခံစားခြင်းသည် အနန္တ ဘုရားဓာတ်၏ ရောင်ပြန်ဟပ်ခြင်းသာဖြစ်သည်ဟု ယူဆသည်။

တပည့်အသစ်များကို အိမ်ထောင်မပြုရန် အားပေးသော်လည်း အိမ်ထောင်ပြုပြီးသော သာဝများအား အိမ်ထောင်တာဝန် ထမ်းဆောင်ရန်နှင့် သားကောင်များ မွေးမြူရန် အတွက် ပညာပေးသည်။ အိမ်ထောင်သားမွေးခြင်းသည် လောကဝတ္တရား၊ လူ့ ဝတ္တရား ထမ်းဆောင်ခြင်းဖြစ်သည်ဟု ယူဆသည်။ သာဝကများက အမျိုးသမီးများနှင့် မည်သည့် အချိန်တွင် ကာမ ဆက်ဆံမှု ပြုသင့်ပါသနည်းဟု မေးသောအခါ သင့်ရဲ့ စိတ်အေးချမ်းငြိမ်သက်နေရတာကို ငြိုးငွေ့သောအချိန်တွင် ဆက်ဆံသင့်သည်ဟု ဆရာက ဖြေသည်။

ပထမအဆင့် သာဝကများအား စကြဝဠာတည်ဆောက်ခြင်း၊ လူ့လောက တည်ဆောက်ခြင်းနှင့် ပတ်သက်၍ မူလအနန္တဓာတ်ကြီးမှ သဲစဉ်ခုနစ်ပါး ထွက်လာသည်။ ယင်းသဲစဉ်ခုနစ်ပါးသည် အရောင်အဆင်းအားဖြင့် ရောင်စဉ် ခုနစ်ပါးဖြစ်သည်။ အသံနှင့်အရောင်သည် အမြဲယှဉ်နေသည်။ ယင်းသဲစဉ်ခုနစ်ပါး၏ ဖန်တီးမှုကြောင့် ဘုံခုနစ်ဘုံ၊ ဘုံသားခုနစ်ပါး၊ ဂြိုဟ်ခုနစ်ပါး၊ သတ္တဝါခုနစ်မျိုး ဖြစ်လာသည်။ ဤအသံ၊ အရောင်အဆင်း၊ ဓာတ်ခုနစ်ပါးတို့ သဟဇာတဖြစ်မှုကြောင့် ဤလောကကြီး တည်ရှိခြင်းဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်အချင်းချင်း၊ ဝိညာဉ်ကိန်းနေသော လူသားအချင်းချင်း သဟဇာတဖြစ်ခြင်းသည် လောကတာဝန်၊ လူ့ဝတ္တရားများကို ဆောင်ရွက်ခြင်း ဖြစ်သည်။

လောကတာဝန်၊ လူ့တာဝန်ကျေမှသာလျှင် ဝိညာဉ်သည် သံသရာ ကံကြွေးများမှ ကင်းဝေးပြီး လောကီမှ လွတ်မြောက်ရာ ထွက်ရပ်လမ်းကို တက်လှမ်းနိုင်မည်ဟု သာဝက တက်စဉ်ကို ညွှန်ကြားပြသသည်။ ပထမအဆင့်အောင်မြင်သော သာဝကသည် ဒုတိယ အဆင့်ကို တက်၍ သင်ကြားရသည်။ ဒုတိယအဆင့်သည် ဆရာရှင်၏ အတွင်းစည်းသို့ ဝင်ခွင့်ရပြီး ဆရာရှင်နှင့် ကိုယ်တိုင်တွေ့ခွင့်ရသည်။ ပထမအဆင့်သည် အစမ်းခံကာလ ဖြစ်ပြီး ဒုတိယအဆင့်ရောက်မှသာ ဆရာရှင်၏ အတွင်းတပည့်ရင်း အန္တေဝါသိက သာဝက ဖြစ်လာသည်။ ဆရာရှင်သင်ကြားပြသသော ဂန္ဓာရီ လျှို့ဝှက်ချက်များကို အပြင်သို့ မပေါက်ကြားပါဟူ၍ ကတိသစ္စာပြုပြီးမှ ဂန္ဓာရီပညာများကို သင်ကြားပေးခြင်း ဖြစ်သည်။

ဤအဆင့်တွင် အပြင်ဆောင်၌ သင်ကြားရသော ဥပသကာဒေသနာနှင့် အတွင်းဆောင်တွင် ဝင်ရောက်သင်ကြားရသော အန္တေဝါသိက ဒေသနာဟူ၍ နှစ်မျိုးကွဲပြားသည်။ အတွင်းဆောင်၏ ဦးခန်းတွင် မယ်တော်ဈာန်ဘုရားကိုးဆူ၏ ရုပ်တုများရှိသည်။ မယ်တော်ဈာန်ဘုရားများကို ရုပ်တုအနေဖြင့် ကိုးကွယ်ရန် မဟုတ်ဘဲ ဈာန်ဘုရားတစ်ပါးစီ၏ ဂုဏ်တော်အရည်အချင်းများကို ဘာဝနာပွားရန်ဖြစ်သည်။ သာဝကများကို အထက်

ဘုံများကို ခေါ်နိုင်ရန်အတွက် စတုတ္ထပမာဏခေါ် သယမ္ဘူအမြင့်ပေါက်အောင် ဘာဝနာ ပွားရသည်။ သယမ္ဘူအမြင် ရရှိမှသာလျှင် စတုတ္ထပမာဏတွင်ရှိသော အထက်ဘုံများသို့ သာဝကများ တက်ရောက်လေ့လာနိုင်သည်။ အထက်ဘုံရှိ နတ်ဒေဝါများ၏ အလင်း၊ အဆင်း၊ တုန်းလှိုင်း၊ ဂီတလှိုင်း၊ အသံလှိုင်းများကို ဈာန်ဖြင့် သင်ကြားရသည်။

ထိုမှတစ်ဆင့်တက်ပြီး လောကီလွန် ဈာန်ဘုရားများ ကျက်စားရာ ဘုံများသို့ တက်ရောက်ရသည်။ သချိုဘာသာသည် လောကီ အပေါင်း၊ အနှုတ်များမဟုတ်တော့ဘဲ လောကီလွန်သချိုဘာသာများကို သင်ကြားရသည်။ ထို့ကြောင့် ဒုတိယအဆင့် သာဝကကို သချိုသမားဟု ခေါ်သည်။ သူညကို အနန္တဖြင့် မြှောက်ပွားလျှင် တစ်ရသည်။ ယင်း တစ်သည် မကြဲစည်နိုင်သော အသခ်ံတဓာတ် ဖြစ်သည်။ ထို့ကြောင့် မိမိမြို့ကိုကိုက်လျက် စက်ဝန်းသဏ္ဌာန်ရှိသော မြွေတစ်ကောင်၏ ပုံဖြင့် အနန္တဓာတ်သဘောကို သရုပ်ဖော်သည်။ ယင်းတစ်သည် အစိန္တေယျဓာတ်(၀၊) ဓာတ်ဘုရားကြီးဖြစ်သည့် အနန္တဓာတ်ကို ပိုက်သာ ဂိုရပ်၏ ဓာတ်စခန်း ဝေါဟာရအားဖြင့် အမြဲထာဝရ တည်ရှိခြင်းတရားဟု ဖွင့်သည်။

အဆုံးအစ မရှိသော ထာဝရရွေ့လျားနေခြင်းဟု အဓိပ္ပါယ်ဆောင်သည်။ အတိတ် အနာဂါတ်ဟူ၍ ကွဲပြားမှုမရှိတော့ဘဲ ပစ္စုပ္ပန်ချည်းသာ ဒလစပ် တည်ရှိနေခြင်း ဖြစ်သည်။ အနန္တထာဝရဓာတ်ကြီးသည် အနန္တဓာတ်များကို ထုတ်လွှင့်လိုက်သောအခါတွင် အနန္တဓာတ်ကြီးမှတစ်ဆင့် ယုတ်လျော့သွား၍ ကန့်သတ်မှုများ ပါဝင်လာသည်။ ယင်းသို့ ကန့်သတ်မှုများ ပါဝင်လာသောကြောင့် ကိန်းဂဏန်းများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ယင်းကိန်းဂဏန်းများသည် အနန္တဓာတ်၏ သဟဇာတသဘောကို တစ်ပါတည်း ဆောင်ယူလာသည်။ ဤကား ပိုက်သာဂိုရပ်၏ လောကီလွန်သချိုသဘောတရား၊ ဂန္ဓာရီသဘောတရား ဖြစ်သည်။ သချိုသည် လောကကို လွှမ်းမိုးချုပ်ကိုင်ထားသည်ဖြစ်ရာ လောကီလွန် သချိုသဘောတရားကို နားလည်ပါက လောကကို ချုပ်ကိုင်နိုင်သော အညာကို သချိုဖြင့် တွက်ချက်ဆောင်ရွက်ရံသာ ဖြစ်သည်။ လောက၏ အညာဓာတ်ကို သိမြင် အသုံးချခြင်းသည် ဂန္ဓာရီပညာဖြစ်သည်ဟု ဆိုသည်။ လောကီလွန်သချိုပညာနှင့် လောက၏ အခရာ အညာတရားများကို အထက်ဘုံများတွင် ဈာန်စွမ်းအင်ဖြင့် သင်ကြား တတ်မြောက်လာသောအခါ တတိယအဆင့်သို့ တက်ရသည်။ တတိယအဆင့်သာဝကကို အလင်းရသာဝကဟု ခေါ်သည်။ သာဝကသည် ဦးနှောက်သိ၊ သညာသိဖြင့်သာ သစ္စာတရားကို သိမြင်သည် မဟုတ်သေး၊ အထက်ဘုံများရှိ အလင်းဓာတ်ကိုလည်း သိမြင်သူဖြစ်သည်။

လောကတစ်ခုလုံးကို အလင်းဓာတ်ဖြင့်သာ ဖန်တီးထားသည်ကို အသေအချာ တွေ့မြင်သဘောပေါက်ပြီဖြစ်၍ အလောကောဥဒပါဒီဟု ဆိုသည်။ ထို့ကြောင့် အလင်းရ၊ ဉာဏ်အလင်းရ၊ သယမ္ဘူအလင်းရပုဂ္ဂိုလ်ဟု ဆိုသည်။ ဤအဆင့်တွင် သာဝကသည် ရုပ်လောက၊ လောကီလောကကို တဖြည်းဖြည်း စိတ်ဝင်စားမှု နည်းလာပြီး အထက်လောက၊ နာမ်လောက၊ အလင်းလောကကိုသာ စိတ်ဝင်စားလာသည်။ ကျက်စားလာသည်။ လောကရှိ အရာရာကို အလင်းဓာတ်အဆင့်မျိုးစုံဖြင့် ပွဲ့စည်းထားပါလားဟု သိမြင်လာပြီ။ ဆရာရှင်က

သာဝကအား ညအချိန်တွင် လိုဏ်ဂူထဲတွင် တတိယအဆင့် သာဝကများကို စုဝေး၍ အန္တေဝါသိက စကြဝဠာတရားနှင့် အန္တေဝါသိက စိတ်ပညာတရားတို့ကို ဟောကြားသည်။ သာဝကတို့၏ ဝိညာဉ်ကို ဆရာက အထက်ဘုံ၊ လောကီလွန်ဘုံများသို့ ခေါ်ဆောင်သွားပြီး လောကနှင့် လောကီလွန်ဘုံတို့ ဖွဲ့စည်းပုံ၊ တည်ရှိပုံနှင့် လူနှင့်စိတ်ကို နောက်မှ ကြိုးကိုင်နေသော ဝိညာဉ်၏သဘာဝ၊ ဝိညာဉ် စတင်ဖြစ်ပေါ်လာပုံ၊ ဝိညာဉ်၏ ရည်ရွယ်ချက်နှင့် ဝိညာဉ်၏ နောက်ဆုံးပန်းတိုင်ကို လက်တွေ့ပြသသည်။

အမျိုးသမီး သာဝကများ၊ ဒယ်လဖီ၊ အီလူဆီယတ်မှ သာဝကများ ပါဝင်သည်။ ဆရာက ရုပ်လောက ဆင့်ကဲဖြစ်စဉ်နှင့် နာမ်လောက ဆင့်ကဲဖြစ်စဉ်တို့ကို ယှဉ်တွဲပြသည်။ ရုပ်လောကတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဟူ၍ မဟာဘုတ်ငါးပါးဖြင့် ဖွဲ့စည်းထားသကဲ့သို့ လောကီလွန်ဘုံများကိုလည်း ဤမဟာဘုတ်ဓာတ်ကြီးငါးပါးဖြင့် ဖွဲ့စည်းထားသည်။ သို့သော် ယင်းမဟာဘုတ်ဓာတ် ငါးပါးမှာ လောကီလွန်မဟာဘုတ်ဓာတ်ငါးပါးဖြစ်သည်။ အနိမ့်ဆုံး ဤရုပ်လောကမှာ ပထဝီဓာတ်ဖြစ်၍ အာပေါ၊ တေဇော အစရှိသော လောကီလွန်ဓာတ်များဖြင့် အထက်ဘုံများကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း လက်တွေ့ပြသသည်။

ဝိညာဉ်ဟာ မူလ အာကာသဘုံမှ ဆင်းသက်လာပြီး ပထဝီ၊ အာပေါ၊ တေဇော ဘုံများကို ကျင်လည်နေရာမှ ယင်းဘုံတို့၏ ဆွဲဆောင်မှုကို တပ်မက်ခြင်းကင်းသောအခါ မိမိ မူလနေရင်းဌာန အာကာသဘုံသို့ ပြန်လည်ရောက်ရှိကြောင်း၊ ထို့ကြောင့် လက်တွေ့ကျင့်စဉ်တွင် တပ်မက်မှုကို လျော့ပါးအောင် ကျင့်ရမည်ဖြစ်ကြောင်း၊ လက်တွေ့နှင့် သဘာဝတရား နှစ်ရပ်ကို ပေါင်းစပ်မှသာလျှင် တတိယအဆင့်ကို အောင်မြင်မည်ဟု သင်ကြားသည်။ တတိယအဆင့်ကို အောင်မြင်သောအခါ အန္တိမခေါ် နောက်ဆုံး စတုတ္ထအဆင့်ကို တက်ရသည်။ ဤအဆင့်တွင် ခန္ဓာကိုယ်ပြင်ပရှိ သဘာဝနှင့် လောကီလွန်သဘာဝများကို လေ့ကျင့်နားလည်ဖြစ်၍ အခြားလိုအပ်သောအရည်အချင်းများကို ဖြည့်ဆည်းရသည်။

ဤအဆင့်သည် အရည်အချင်းအားလုံးနှင့် ပြည့်စုံရသော နောက်ဆုံး အဆင့်ဖြစ်ရာ အဖက်ဖက်မှ လိုလေသေးမရှိအောင် ပြည့်စုံအောင် ကျင့်ကြံလေ့လာသည်။ အချုပ်အားဖြင့် အသိဉာဏ်ဖြင့် သစ္စာတရားများကို နားလည်သဘောပေါက်မှု၊ သူတော်ကောင်းတရားများကိန်းဝပ်နေသော ဝိညာဉ်၏ စွမ်းအင်များကို အစွမ်းကုန် ထုတ်ဖော်ရန်နှင့် ခန္ဓာကိုယ်သန့်ရှင်းစင်ကြယ်ရေး ပါရမီကြီးသုံးပါးကို မျှတညီညွတ်ပြည့်စုံအောင် ကျင့်ရန် ဆရာက ညွှန်ကြားသည်။

ရုပ်ခန္ဓာကို သန့်ရှင်းစွာ နေထိုင်ခြင်း၊ ကျန်းမာတောင့်တင်းအောင် နေထိုင်နည်းများ၊ ရုပ်ခန္ဓာကိုယ်မှ တောင်းဆိုသော တပ်မက်မှုများကို မျှတစွာ ထိန်းချုပ်ခြင်းများ ပြုလုပ်၍လည်းကောင်း၊ ဝိညာဉ်အတွင်း၌ ကိန်းအောင်းနေသော သူတော်ကောင်းတရားနှင့် အညီ လောကတွင် နေထိုင်ဆက်ဆံခြင်း၊ စိုးရိမ်ကြောင့်ကြမှုကင်းခြင်းဖြစ်အောင်လည်း

ကောင်း၊ နောက်ဆုံးတွင် ရုပ်နာမ်နှစ်ဖြာတို့ ဟန်ချက်ညီညီဖြင့် သဟဇာတဖြစ်ခြင်းအားဖြင့် လောကီလွန် သဃမ္မညာဏ်စခန်းကို တက်လှမ်းရန် ညွှန်ကြားသည်။

ဤအဆင့်၏ ထူးခြားချက်မှာ သာဝကများ၏ လိင်ဆက်ဆံရေး သဘောထားနှင့် ကျင့်သုံးမှုဖြစ်သည်။ လိင်သည် စက်ဆုပ်ဖွယ်၊ ရွံ.ရှာဖွယ်မဟုတ်၊ လိင်မှာ ထာဝရ အနှစ်ဟု ဓာတ်ကြီး ရောင်ပြန်ဟပ်နေမှုဖြစ်သည်။ အိန္ဒိယ၊ အီဂျစ်၊ အော်ဖိယပ်တို့ လက်ထက်ကပင် အမျိုးသမီး ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ ရှိခဲ့သည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ ဂန္ဓာရီပုဂ္ဂိုလ်တို့သည် အိမ်ထောင်ပြုပြီး ပုဂ္ဂိုလ်များဖြစ်က ကာမဂုဏ်ကို သင့်တင့်စွာ ခံစားနိုင်ကြသည်။ ထို့ကြောင့် အိမ်ထောင်ရှိ အဆင့်မြင့်သာဝကများကို ကာမအရသာ မျှတသင့်တင့်စွာ ခံစားခွင့်ထား သည်။

လောကကို အကျိုးပြုမည့် သားကောင်း၊ သမီးကောင်းများရရှိရန် မည်သည့်အချိန် မည်သည့်အခါတွင် လိင်ဆက်ဆံမှု ပြုနိုင်သည်ဟု ပိုက်သာဂိုရုပ်စ်က သတ်မှတ်ပေးသည်။ ကိုယ်ဝန်ဆောင်များကိုလည်း ရုပ်ခန္ဓာကိုယ်၏ သန့်ရှင်းမှု၊ စိတ်၏သန့်ရှင်းမှုဖြင့်နေရန် ညွှန်ကြားသည်။ သို့မှသာ ပါရမီရင့်သော အဆင့်မြင့်ဝိညာဉ်များ၊ သန္ဓေစွဲပြီး လောကအကျိုးကို ဆောင်နိုင်မည်ဟု ဆိုသည်။ ကာမဂုဏ် ခံစားရာတွင်လည်း ရုပ်ခန္ဓာ၏ တဏှာတပ်မက်မှုထက် ဇနီးနှင့် ခင်ပွန်းသည်တို့၏ ဝိညာဉ်ချင်းပူးပေါင်းမှု၊ ညီညွတ်မှုရအောင်သာ ဖြစ်သည်။

ရုပ်ခန္ဓာအရသာအတွက် ဆိုပါက ယုတ်ညံ့မှု သက်သက်သာဖြစ်သွားမည်။ ခန္ဓာကိုယ်တွင်း ကိန်းအောင်းနေသော ဝိညာဉ်ချင်း ပူးပေါင်းမှု သဟဇာတဖြစ်မှုသာ ရရှိပါက အနှစ်ဓာတ်ကြီးနှင့် သဟဇာတဖြစ်အောင် ပြုလုပ်ရေးတွင် လွယ်ကူသွားမည်ဟု ပိုက်သာဂိုရုပ်စ်က ဆိုသည်။ ယောကျ်ားသည် လူလွှဉ်ဿဟနှင့် ရဲရင့်မှုစွမ်းအင်ရှိပြီး အမျိုးသမီးသည် နူးညံ့မှု၊ သိမ်မွေ့မှုနှင့် မေတ္တာဓာတ်တို့ရှိရာ ဤဆန့်ကျင်ဘက် လိင်နှစ်မျိုး၏ ဝိညာဉ်ချင်းပေါင်းစပ်မှုကြောင့် မတူသော စွမ်းအင်နှစ်မျိုးစလုံးတို့သည် သာဝက၏ အိမ်ထောင်ရေးတွင် ပေါ်ထွက်လာမည်ဟု ဆိုသည်။

စတုတ္ထအဆင့်ပြီးသောအခါ သိဒ္ဓိတင် အခမ်းအနားကျင်းပ၍ ဂန္ဓာရီပညာ ဝိဇ္ဇာဖြစ်လာသည်။ ပိုက်သာဂိုရုပ်စ်၏ မဟာဂန္ဓာရီမှ ထုတ်လုပ်လိုက်သော ဂန္ဓာရီပညာရှင်သည် ဒဿနပညာရှင်လည်းဖြစ်၊ သိပ္ပံပညာရှင်လည်းမည်၊ ဂန္ဓာရီပညာလည်းဖြစ်သော စွယ်စုံဂန္ဓာရီဝိဇ္ဇာဓိရိဖြစ်ကာ ခေတ်သစ် လူ့လောကကြီးကို အကျိုးပြုမည် ဖြစ်ပေသည်။ ပိုက်သာဂိုရုပ်စ်သည် တပည့်တစ်ဦးဖြစ်သူ သိယေနိနှင့် အိမ်ထောင်ကျပြီးနောက် သားနှစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့သည်။ ပိုက်သာဂိုရုပ်စ်၏ မိသားစုသည် သူ၏ မဟာဂန္ဓာရီ တက္ကသိုလ်နှင့် ခွဲမရအောင် တစ်သားတည်းရှိခဲ့သည်။

ပိုက်သာဂိုရုပ်စ်က သာဝကအဖြစ် လက်ခံရန် ငြင်းဆန်လိုက်သော ဆိုင်လွန်ဆိုသူသည် အခွင့်သာသည်နှင့် တစ်ပြိုင်နက် ပိုက်သာဂိုရုပ်စ်သည် တိုင်းပြည်၏ အကျိုးစီးပွားကို ဖျက်ဆီးနေသည်ဟူသော အကြောင်းပြချက်ဖြင့် နောက်လိုက်နောက်ပါ ခြံရံလျက် ပိုက်သာဂိုရုပ်စ်၏ မဟာဂန္ဓာရီ တက္ကသိုလ်ကြီးကို ဝင်ရောက်ဖျက်ဆီး ရိုက်နှက်သတ်ဖြတ်သည်။

ပိုက်သာဂိုရပ်စ်လည်း အသတ်ခံရသဖြင့် သားငယ်တစ်ဦးနှင့် သာဝကအနည်းငယ်သာ လွတ်မြောက်သွားသည်။ ပိုက်သာဂိုရပ်စ်သည် ကရိတိနားတွင် မဟာဂန္ဓာရီတက္ကသိုလ်ကြီး တည်ထောင်ဖွင့်လှစ်ပြီး နှစ်ပေါင်း ၃၀ သင်ကြားခဲ့ပြီး အသက် ၉၀အရွယ်တွင် ကွယ်လွန်သွားခြင်း ဖြစ်သည်။

လုပ်ကြွမှုမှ လွတ်မြောက်ထွက်ပြေးသွားသော အာစီပတ်စ်နှင့် လိုင်ဆစ်တို့နှစ်ဦးသည် ခေါမ၊ ရောမနှင့် စစ္စလီကျွန်းသို့ ရောက်ရှိသွားပြီးလျှင် မဟာဂန္ဓာရီပညာများကို ဆက်လက်ဖြန့်ဖြူးခဲ့ရာ နောင် ၂၅၀အထိ တည်တံ့ခဲ့သည်။ ထို့နောက်တွင်ကား ပိုက်သာဂိုရပ်စ်၏ မဟာဂန္ဓာရီပညာကို ပလေတိုက တစ်ဖန် ဆန်းသစ်၍ ထူထောင်ခဲ့လေသည်။

*

ပလေတိုမဟာဂန္ဓာရီ

ပိုက်သာဂိုရပ်စ်၏ မဟာဂန္ဓာရီ တက္ကသိုလ်ကျောင်းကြီးသည် သစ္စာဖောက်တပည့် ဆိုင်လွန်၏ လက်ချက်ဖြင့် ပြိုကွဲပျက်စီးသွားရာ ပိုက်သာဂိုရပ်စ်၏ တပည့်သာဝကများနှင့် သားနှစ်ဦးတို့ လွတ်မြောက်သွားကြသည်။ ပိုက်သာဂိုရပ်စ် အနွယ်များသည် ခေါမတိုင်းတစ်ခွင်သို့ ပျံ့နှံ့သွားရာမှစ၍ ပိုက်သာဂိုရပ်စ်၏ မဟာဂန္ဓာရီပညာရပ်များသည်လည်း ကရိတိနားကျွန်းမှနေပြီး ဂရိနှင့် အီတလီသို့ ပျံ့နှံ့သွားသည်။ သို့ရာတွင် ပိုက်သာဂိုရပ်စ် ရှိစဉ်ကကဲ့သို့ စနစ်တကျ ခိုင်မာတောင့်တင်းမှုကား မရှိတော့ပြီ။

ခေါမတိုင်းတွင် ဒယ်လ်ဖိုမာတ်စခန်း၊ ကရိတိနားမာတ်စခန်းနှင့် အီလူဆီယင်မာတ်စခန်းများတွင် ပိုက်သာဂိုရပ်စ်၏ မဟာဂန္ဓာရီအစဉ်အလာများကား ရှင်ကျန်ဆဲဖြစ်သည်။ ဤသို့ မဟာဂန္ဓာရီပညာရပ်များ အင်အားဆုတ်ယုတ်နေဆဲတွင် ဘီစီ ၄၆၉ တွင် အေသင်မြို့တွင် နောင်အခါတွင် ဒဿနပညာရှင်အဖြစ် ကျော်ကြားလာမည့် ဆိုကရေးတီးဖွားမြင်ခဲ့သည်။ ခေါမ မဟာဂန္ဓာရီတွင် ခေတ်ကြီးသုံးခေတ် ပေါ်ထွန်းခဲ့ရာ ပထမအော်ဖိယပ်ခေတ်၊ ဒုတိယ ပိုက်သာဂိုရပ်စ်ခေတ်နှင့် တတိယပလေတိုခေတ်ဟူ၍ သုံးခေတ်ရှိသည်။

နောက်ဆုံးခေတ် ပလေတိုနှင့် ပလေတို၏ မဟာဂန္ဓာရီပညာကို ဖော်ပြရမည်ဆိုပါက ဆိုကရေးတီးကို ချန်လှပ်ထား၍ မရချေ။ ထို့ကြောင့် ပလေတိုအကြောင်း ဖော်ပြမည်ဆိုလျှင် ပလေတိုထက် အသက်ကြီး၊ ဝါကြီးပြီး ပလေတို၏ ဆရာဖြစ်သူ ဆိုကရေးတီးအကြောင်းကို စတင်ရေးသားရခြင်းဖြစ်သည်။ ပိုက်သာဂိုရပ်စ်၊ ဆိုကရေးတီး၊ ပလေတိုတို့ကို တွေးခေါ်ပညာရှင်များအဖြစ် ယခုခေတ်တွင် လူသိများသည်။ အမှန်စင်စစ်အားဖြင့် သူတို့သည် ရှမ်ဗဲလားသဒ္ဒမ္မ သူတော်စင်အဖွဲ့မှ စေလွှတ်လိုက်သော တမန်တော်များသာ ဖြစ်သည်။

တိုးစာပေတိုက်

အော်ဖိယပ်၊ ပိုက်သာဂိုရပ်စ်၊ ဆိုကရေးတီးနှင့် ပလေတိုတို့သည် ရှမ်ဗဲလား မဟာဂန္ဓာရီ ပညာအဆင့်ချင်း များစွာမကွာခြားကြပေ။

လူပုဂ္ဂိုလ်အဖြစ်နှင့်ကား အလျင်လူဖြစ်၍ အသက်ကြီးသူနှင့် လူ့ဘဝနောက်ကျမှ ဝင်ရောက်လာရသဖြင့် အသက်ငယ်ချင်းသာ ကွာသည်။ မဟာဂန္ဓာရီပညာမှာ လူ၏ ခန္ဓာကိုယ်တွင် တည်မှီခြင်းမပြုဘဲ ဝိညာဉ်၌သာ တည်သဖြင့် အသက်အရွယ် ကွာခြားမှုမှာ အရေးမပါလှပေ။ ထို့ကြောင့် လူ့ဘဝစောရောက်လာသူ ဆိုကရေးတီးထံတွင် ပလေတိုက ဒဿနပညာရပ်တွင် တပည့်ခံရခြင်းဖြစ်သည်။ ဆိုကရေးတီးသည် သူ၏ အယူအဆ အတွေးအခေါ် အယူအမြင်များကို စာဖြင့်မှတ်တမ်းတင်ခြင်း မရှိချေ။ ဆိုကရေးတီး၏ အတွေးအခေါ်များကို ပလေတိုက ပြန်လည်ရေးသားခဲ့သဖြင့် သိရခြင်း ဖြစ်သည်။

ပလေတို၏ စာပေများသည် ဆိုကရေးတီး၏ အတွေးအခေါ်များကိုသာ အများအားဖြင့် ရေးသားခဲ့ရာ ဆိုကရေးတီး၏ အတွေးအခေါ်များသည် ပလေတို၏ အတွေးအခေါ်များပင် ဖြစ်ပေသည်။ ဆိုကရေးတီးသည် အမှန်တရားကို ရှာဖွေနေသူဖြစ်သည်။ သူ့ခေတ်ပြိုင်ရှိနေသော ဆိုဖစ်များနှင့် အတွေးအခေါ်တွင် မတူချေ။ ဆိုဖစ်များသည် ရုပ်ဝါဒီ ဆန်သူများ၊ သညာသိကို ရှေ့တန်းတင်သူများဖြစ်သည်။ ဆိုကရေးတီးသည် မဟာဂန္ဓာရီ ပညာရှင်ဖြစ်သည်။ ပိုက်သာဂိုရပ်စ်၏ ဒဿနနှင့် မဟာဂန္ဓာရီကို အမွေဆက်ခံယုံကြည်သူ ဖြစ်သည်။ လောကတွင် တစ်ခုတည်းသာရှိသော မဟာဧကောဓာတ်ဘုရားကြီးထဲမှ သတ္တဝါများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကိန်းဂဏန်းအရ ၁၊ ၂၊ ၃၊ ၄ အစဉ်ကဲ့သို့ တစ်တည်းဟူသော မဟာဧကောဓာတ်ဘုရားကြီးထဲမှ ၂-၃ စသော ဈာန်ဘုရားများဖြစ်ပေါ်လာကာ ယင်းမှနေပြီး မရေမတွက်နိုင်ကုန်သော သတ္တဝါများ တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်ပေါ်လာသည်။ သတ္တဝါတို့သည် ရုပ်ခန္ဓာမတူကြသော်လည်း အတွင်း၌ ကိန်းဝပ်နေသော ဘုရားဓာတ် ဝိညာဉ်အနေဖြင့်ကား အားလုံးတူကြသည်။ အများအပြား သတ္တဝါများ၏ ခန္ဓာတွင် မဟာဂန္ဓာရီပညာစခန်းသို့ ရောက်သောအခါ မူလဧကောဓာတ်ကြီးနှင့် ပြန်လည်ပေါင်းစည်းသွားမည်ဆိုသော အော်ဖိယပ်၊ ပိုက်သာဂိုရပ်စ်တို့၏ အတွေးအခေါ်ကို ဆိုကရေးတီးက ခံယူပြီး တပည့်ဖြစ်သူ ပလေတိုအား လက်ဆင့်ကမ်းခဲ့ခြင်း ဖြစ်သည်။

ဆိုကရေးတီးသည် ပါရမီပါလာသူဖြစ်ရကား မိမိ၏ ခန္ဓာသည် 'ငါ' မဟုတ်၊ ဝိညာဉ်သာဖြစ်သည်။ ခန္ဓာကိုယ်အတွင်း၌ ကိန်းအောင်းနေသော ဘုရားဓာတ်၊ ဝိညာဉ်ကို ငယ်စဉ်ကပင် အာရုံပြုသည်။ တစ်ခါတစ်ရံ အာရုံမိသွားလျှင် ဈာန်ဝင်စားပြီး အတွင်းမှ ဝိညာဉ်ကပြောသော စကားသံကို ကြားရသည်။ အတွင်းနားဖြင့် ကြားရသော ဝိညာဉ်၏ အသံမှာ သစ္စာတရားများအကြောင်း၊ သစ္စာတရားရှာဖွေရေးအတွက် မိမိကျင့်ကြံအားထုတ်ရမည့် တာဝန်များအကြောင်းသာ ဖြစ်သည်။ ဓာတ်စီးပြီး ဗေဒင်ဟောသလို ရှေ့ဖြစ်ဟောခြင်း မျိုးမဟုတ်၊ ဝိညာဉ်သည် ခန္ဓာကိုယ်မှ လွတ်မြောက်ရေးအတွက် လိုအပ်သော ကိစ္စတာဝန်များကိုသာ အကြံပြုခြင်း၊ လမ်းပြခြင်းဖြစ်သည်။

ဤသို့ ဝိညာဉ်၏ လမ်းပြည့်နှက်ကြားမှကြောင့် ဆိုကရေးတီးသည် သစ္စာတရား၌ သစ္စာတရားပေါ်ထွန်းရေးအတွက် မိမိတာဝန်သည် မည်သည့်အရာဖြစ်သည်ကို နားလည်လာသည်။ ဆိုကရေးတီးသည် တစ်ခါတွင် ဒေသမြို့ဈေးလယ်ခေါင်တွင် အတွင်းနားဖြင့် ဝိညာဉ်၏ အသံကို တစ်နေကုန် မတ်တပ်ရပ်ပြီး နားထောင်နေသည်ကို တွေ့ရသည်။ ဓာတ်မသိသူများက ဆိုကရေးတီးသည် ခပ်ကြောင်ကြောင် ဖြစ်သွားပြီဟု ဆိုကြသည်။ သို့ရာတွင် ဆိုကရေးတီး၏ တရားများကို ဆွေးနွေးရင်း အသိဉာဏ်ပေါက်သွားသူများက ဆိုကရေးတီးကို ဆရာတင်ကြသည်။ ဆိုကရေးတီး၏ အတွေးအခေါ်ကို လက်ခံယုံကြည်ကြသည်။ ဤသို့ ဆိုကရေးတီး၏ တရားနာသူ၊ တရားဆွေးနွေးရသူများထဲတွင် ပလေတိုသည် ထိပ်ဆုံးမှ ပါဝင်သည်။

ပလေတို အသက် ၂၈နှစ်တွင် ဆိုကရေးတီးနှင့် တွေ့ဆုံရာ ထိုအချိန်တွင် ဆိုကရေးတီးသည် အသက် (၇၀)ခန့် ရှိနေပေပြီ။ ဆိုကရေးတီးသည် အခြားသော ဒဿနဆရာကြီးများကဲ့သို့ မိမိတရား၌ လူစုရာတွင် ဟောပြောခြင်း၊ ငြင်းခုံခြင်းကို ပြုခြင်းမဟုတ်။ မိမိအပေါင်းအသင်းများနှင့် တရားဓမ္မကို အချိုအချအမေးအဖြေ ဆွေးနွေးခြင်းဖြင့် ဆိုကရေးတီးက သူ၏အတွေးအခေါ်ကို တစ်ဆင့်ခြင်း တင်ပြခြင်းသာ ဖြစ်သည်။ ဤသို့ အချိုအချ အပြန်အလှန် မေးမြန်းဖြေကြားသုံးသပ် ဆင်ခြင်ခြင်းဖြင့် အမှန်တရား၌ သိအောင်ပြုလုပ်ခြင်းကို နောင်အခါတွင် အနုပဋိလောမ ဆင်ခြင်နည်းဟု ခေါ်ဝေါ်အသုံးပြုလာကြသည်။

လူ၏ အတွင်းသဏ္ဌာန်၌ရှိသော ဝိညာဉ်သည် လူသေသော်လည်း နာမ်ဓာတ်အဖြစ် မသေဘဲ ဘဝများစွာ ဆက်လက်တည်ရှိသည်။ တစ်ဘဝတွင် ရုပ်ခန္ဓာတစ်ခုကို ဆောင်ယူ၍ ဘဝများစွာ၌ ခန္ဓာများစွာကို ဆောင်ယူကျင်လည်ပြီး လူ့ဘဝ ကောင်းဆိုးအတွေ့အကြုံများကို ခံစားမှတ်သားသည်။ ပုတီးလုံးများကို ပုတီးကြိုးဖြင့် သိထားသကဲ့သို့ ပုတီးလုံးနှင့်တူသော လူ့ဘဝ အတွေ့အကြုံမှာ အယူအမြင်များကို ပုတီးကြိုးသည် ပုတီးလုံးများကို ပေါင်းရုံး သိထားသကဲ့သို့ ဝိညာဉ်ကလည်း ပေါင်းရုံးသိထားပြီး ဘဝများစွာ ကျင်လည်ပြီးသော အခါ ဝိညာဉ်သည် အမြင်မျိုးစုံ၊ အကြားမျိုးစုံ၊ အရသာမျိုးစုံတို့ကို တွေ့မြင်လာပြီး မသိတာမရှိပြီ။

ဘဝများစွာမှ အတွေ့အကြုံများ၏ အနှစ်ချုပ်တရားများ ဖြစ်သော အနုသယအမြင်လည်း ပြည့်စုံခဲ့ပြီ။ ဝိညာဉ်၏ စေ့ဆော်မှုဖြင့် ပေါပေါက်သော စိတ်သည် အတည်မရှိ၊ လှုပ်ရှားပြောင်းလဲတတ်၏။ ယင်းသို့ အငြိမ်မနေသော စိတ်၏ မတည်ငြိမ်မှုကြောင့် ဝိညာဉ်က မိမိ၏ အနုသယအမြင်ကို ထုတ်ဖော်လိုသောအခါ အခက်အခဲ တွေ့ရသည်။ ထို့ကြောင့် ဂနာမငြိမ်သောစိတ်ကို သမ္မဇဉ်ဉာဏ်ဖြင့် ချည်နှောင်ထားမှသာ စိတ်သည် ရပ်တည်နိုင်မည်။

သမ္မဇဉ်ဉာဏ်ဆိုသည်မှာလည်း အခြားမဟုတ်။ အရင်ဘဝများစွာက ကျွန်ုပ်တို့သဘောကျ လက်ခံခဲ့ပြီးသော ဘဝအဆက်ဆက်မှ တွေ့ကြုံခဲ့ရသဖြင့် ထင်ခဲ့မြင်ခဲ့သော

မနုသယ အထင်အမြင်သာ ဖြစ်သည်။ တစ်နည်းအားဖြင့် သတိရခြင်း၊ အနုသတိသဘော ဖြစ်သည်။ ယင်းသို့ သတိသမ္ပဇဉ်ဖြင့် စိတ်ကို ထိန်းကွပ်လိုက်သဖြင့် ယောက်ယက်ခတ်သော စိတ်ကလေးငြိမ်သက်သွားသောအခါ အတွင်း၌ ကိန်းအောင်းနေသော ဝိညာဉ်၏ အသံကို ကြားရမည်။ ဝိညာဉ်၏ သင်ကြားညွှန်ကြားမှုကို အတွင်းနားဖြင့် ကြားရမည်။ ဝိညာဉ်၏ ညွှန်ကြားလမ်းညွှန်မှုအရ ဤဘဝတွင် သူတော်ကောင်းတရား အကျင့်စရာများကို ကျင့်လာမည်။

ယင်းစရာတရား၏ အောင်ပန်းသည် ရုပ်ခန္ဓာ၏ နှောင်ဖွဲ့ခြင်းမှ ဝိညာဉ် လွတ်မြောက်ပြီး အမတဝိဒ္ဓာဖြစ်သွားခြင်း ဖြစ်မည်။ ဤကား ရှမ်ဗဲလား ရှေးဆရာ ဟောင်းများဖြစ်သော အော်ဖိယပ်နှင့် ပိုက်သာဂိုရပ်စ်၏ သင်ကြားချက်များအတိုင်း ဆိုကရေးတီး ခံယူထားသော အယူအမြင်ဖြစ်သည်။ စင်စစ်အားဖြင့် အဋ္ဌတ္တတွင် ကိန်းဝပ်နေသော အမတဝိညာဉ်၏ အသံကို နာဒဟုခေါ်ကြောင်း အိန္ဒိယအရိယာဝါတ ဂန္ဓာရီပညာတွင် ဖော်ပြပြီး ဖြစ်သည်။ မဒမ်ဘလာမက်စကီကလည်း Voice of Silence မကြားရသော အသံဟုဆိုသည်။ ဆိုကရေးတီးကမူ အတွင်းမှအသံဟု ဆိုသည်။

နှောင်းဂန္ဓာရီဆရာများကမူ သိမြင်ဉာဏ်ဟုခေါ်သည်။ သိမြင်ဉာဏ် Intuition ဆိုသည်မှာ စဉ်းစားတွေးတောကြံစည်ခြင်းဖြင့်ရသော ဉာဏ်မဟုတ်၊ စဉ်းစားတွေးတော အာရုံပြုခြင်းမရှိဘဲ သူ့အလိုလို ပေါ်လာသော အသိဉာဏ်ဖြစ်သည်။ အရင်ကရှိပြီးသား အသိသညာဟောင်းကို မွမ်းမံပြီးသော သိသောသဘောမဟုတ်၊ အရင်က မသိဖူး၊ မတွေးဖူးသော အချက်အလက်သစ်ကို သိသော အသိဉာဏ်ဖြစ်သည်။ သစ်ပင်ပေါ်မှ သစ်သီးများကြွေကျသည်ကို လူပေါ်စခေတ်ဦးကပင် လူတိုင်းလိုလို တွေ့မြင်ဖူးပါလျက်နှင့် နယူတန်ကျမှ သစ်သီးကြွေကျခြင်းသည် အောက်ရှိ မြေကြီးမှ ဆွဲငင်အားကြောင့် မြေပေါ်သို့ ကြွေကျခြင်းဖြစ်သည်ဟူသော အသိဉာဏ်အသစ်သဘောမျိုး၊ ရုပ်ဒြပ်သည် အရှိန်ပြင်းစွာ လှုပ်ရှားသွားလာသောအခါ ရုပ်ဒြပ်ပျောက်ကွယ်သွားပြီး ယင်းရုပ်ဒြပ်နှင့် ညီမျှသော စွမ်းအင်သို့ ပြောင်းလဲသွားသည်ဆိုသော အိန်စတိန်း၏ အသိဉာဏ်မျိုးဖြစ်သည်။

နိုးနေချိန်တွင် ဝိညာဉ်က သူပြောလိုသည်ကို ပြောခွင့်မရသောအခါ အိပ်နေစဉ်တွင် အိပ်မက်အဖြစ် သရုပ်ဆောင်ပြတတ်သည်။ ရူပဗေဒပညာရှင် နီယယ်ဘိုးသည် သူ၏ အနုမြူသဘောတရားကို အိပ်မက်ဖြင့် ရရှိသည်။ ဓာတုဗေဒပညာရှင် မင်ဒယ်လီယက်သည် သူ၏ဒြပ်စင်ဇယားကို ဝိုက်မျည်းချိန်တွင် အိပ်မက်ဖြင့် ရခဲ့သည်။ ခေတ်သစ် ဂန္ဓာရီပညာရှင် ပေါလ်ဘရင်တန်က သိမြင်ခြင်းခေါ် အင်ကျူးရှင်း အစစ်နှင့်အတု ခွဲခြားနည်းကို ပြခဲ့သည်။ သိမြင်ခြင်းအစစ်သည် calm, clear, certain တည်ငြိမ်ခြင်း၊ ပြတ်သားခြင်း၊ သေချာထိမိခြင်းဟူသော ဂုဏ်သုံးပါးရှိမှသာ အင်ကျူးရှင်းအစစ် ဖြစ်သည်ဟု ဆိုသည်။

ရရှိသော အချက်အလက် အသိဉာဏ်မှာ ရော်ရမ်းမှန်းဆချက်၊ ထိမိထင်ရာ ထင်မြင်ချက်မဟုတ်ဘဲ Voice of intuition ခေါ် အတွင်းအဋ္ဌတ္တမှ ထွက်ပေါ်လာသော အသံဟုဆိုသည်။ မူနီဆာဓူးဟု အမည်ခံယူထားသော ခေတ်သစ် သြစတြေးလျ ဂန္ဓာရီ

ပညာရှင်ကလည်း Voice of Silence ကျမ်းကို ၄၉ကြိမ် ဖတ်ရှုပြီး ယင်းကျမ်း ဉာဏ်ကြားချက်အတိုင်း ကျင့်ရာ အတွင်းအစ္စပတ္တရှိ ဝိညာဉ်အသံကိုကြားပြီး တရားပေါက်သွားခဲ့သည်ဟု ရေးသားခဲ့သည်။ ဤသို့သော သာဓကများ အများအပြား ရှိသည်။ ထို့ကြောင့် ဆိုကရေးတီးသည် ဒဿနပညာရှင်အဖြစ်ဖြင့် သူ၏ ဂန္ဓာရီတရားများကို သင်ကြားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ခေါမဂန္ဓာရီပညာမာတ်နန်းများတွင် Know Thyself ဟူသော ဆုံးမစာနိတိများ ရေးသားခဲ့ခြင်း ဖြစ်သည်။ သင်၏ ဝိညာဉ်ကို သင်သိလော့ဟု ဂန္ဓာရီပညာနည်းဖြင့် အဓိပ္ပာယ်ဖွင့်ရသည်။ သင့်ကိုယ်သင် သိလော့ဟု သာမန်ဒဿနနည်းဖြင့်လည်း အဓိပ္ပာယ်ဖွင့်နိုင်သည်။ သင်၏ ဝိညာဉ်ကို သိအောင် ဆက်သွယ်မိအောင် စရဏကျင့်ကြံခြင်းဖြင့် သင်၏ဝိညာဉ်ကို သိလော့ဟု ဆိုလိုခြင်းဖြစ်သည်။ ဂန္ဓာရီပညာရှင်များအနေဖြင့် လူအများ နားလည်အောင် ဒဿနပညာဖြင့် ဖွင့်ဆိုခြင်းနှင့် ဂန္ဓာရီပညာရှင်များသာ သိအောင် အန္တေဝါသိကနည်းဖြင့် ဖွင့်ဆိုခြင်းစသော အနက်အဓိပ္ပာယ်ဖွင့်နည်းနှစ်မျိုးစုံကို အသုံးချလေ့ရှိသည်။

ဝိညာဉ်နှင့် ဆက်သွယ်တွေ့ရှိပြီး ဝိညာဉ်ထဲမှ ထွက်လာသော သိမြင်ဉာဏ်ရရှိရန် အတွက် သူတော်ကောင်းတရားတို့၏ အခြေအမြစ်ဖြစ်သော မေတ္တာကျင့်စဉ်ကို ကျင့်ရန် ဆိုကရေးတီးက လမ်းညွှန်ခဲ့သည်။ ဆရာဇော်ဂျီ၏ ပလေတိုနိဒါန်းတွင် မေတ္တာကျင့်စဉ်ကို ဤသို့ ဖော်ပြထား၏။ 'ကလေးကို ချစ်ခင်တတ်သော ကလေးချစ်စိတ်၊ လူငယ်ကို ချစ်ခင်တတ်သော လူငယ်ချစ်စိတ်မှ အစပြုလျက် မေတ္တာလမ်းစဉ်အတိုင်း အားထုတ်၍ မေတ္တာ၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ပကတိသိဒ္ဓိ တင့်တယ်ခြင်းကို သိမြင်လာ၏။ ထိုသူသည် သိဒ္ဓိပေါက်ဖို့ မဝေးတော့ပြီ။ အဆင့်ဆင့်တက်ရသော မေတ္တာလမ်းစဉ်၌ ရှေးဦးဇွာ တင့်တယ်သောကိုယ် ရှိသူတစ်ဦးကို အာရုံပြုရန်ဖြစ်သည်။

'ထို့နောက်နှစ်ဦးကို၊ ထို့နောက် သုံးဦးကို စသည်ဖြင့် အားလုံးကို အာရုံပြုရန်ဖြစ်သည်။ ထို့နောက် ကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၏ တင့်တယ်ခြင်းကို အာရုံပြုရန်ဖြစ်သည်။ ထို့နောက် အသိပညာ၊ အတတ်ပညာ အမျိုးမျိုး၏ တင့်တယ်ခြင်းကို အာရုံပြုရန် ဖြစ်သည်။ ထိုမှ တစ်ဆင့်တက်သော် ပကတိသိဒ္ဓ တင့်တယ်ခြင်းကို မြင်သော အမြင်နိမိတ်ကို၍ ပကတိသိဒ္ဓ တင့်တယ်ခြင်း၏ အနှစ်သာရကို သဘောပေါက်လာနိုင်သည်'

'ကျွန်ုပ် ဆိုခဲ့သည်တို့သည် မေတ္တာက ပေးနိုင်သော သာမညတန်ခိုးဣဒ္ဓိပါဒ်ကို အကြောင်းသာ ဖြစ်သည်။ ထိုတန်ခိုးဣဒ္ဓိပါဒ်မျိုးရအောင် အသင် အားထုတ်ချင်သည် ဆိုပါက အသင့်ကို အရင်က စ၍ သင်ပေးနိုင်သည်။ ထိုမှ တစ်ဆင့်တက်၍ မှန်ကန် သော ကျင့်စဉ်အတိုင်း ကျင့်မှသာရနိုင်မည်ဖြစ်သော မဟိဒ္ဓိတန်ခိုးမျိုးကိုကား အသင်ရအောင် အားထုတ်နိုင်ပါမည်လော'

'မေတ္တာတရားသာလျှင် လူလောကအတွက် ကိုးကွယ်ရာဖြစ်၏။ မေတ္တာတရားသာလျှင် လူသားတို့၏ ပုထုဇဉ်သဘာဝ၊ ပုထုဇဉ်စရိုက်တို့အတွက် အသင့်မြတ်ဆုံးဖြစ်၏။

မေတ္တာတရားကို လူတိုင်းလေးစားထိုက်၏' မေတ္တာကရုဏာတရားသည် အတွင်းနှင့် အပြင်၊ ရုပ်နှင့် နာမ်ဝိညာဉ်နှင့် လောကီစိတ်တို့ကို သဟဇာတဖြစ်စေသော သတ္တိရှိသည်။ လောကီစိတ်ကို မေတ္တာကရုဏာတရားဖြင့် ယဉ်ကျေးသိမ်မွေ့ပြီး အတွင်း၌ ကိန်းအောင်းနေသော ဝိညာဉ်နှင့် သဟဇာတဖြစ်လာစေသည်။

ဝိညာဉ်နှင့် သဟဇာတဖြစ်လာသော လောကီစိတ်သည် ဝိညာဉ်နှင့် ထိတွေ့ပြီး ဝိညာဉ်၏အဆုံးအမဖြစ်သော အသိအမြင်ကို ရရှိပြီး အမတဝိညာဉ်၊ အမတဝိဇ္ဇာ ဖြစ်လာမည်ဟု ဆိုပေသည်။ ထို့ကြောင့် ဆရာကြီး ရွှေဥဒေါင်းက မေတ္တာ၏ အမြင့်ဆုံးသော အဆင့်သည် ဟာမိုနီဖြစ်သည်ဟု မေတ္တာဝါဒရွှတောင့် ဆောင်းပါးတွင် ရေးသားခဲ့ခြင်းဖြစ်သည်။ ဆိုကရေးတီး၏ မေတ္တာလမ်းစဉ်ကို ဒဿနဖွဲ့သည်။ မေတ္တာလမ်းစဉ်ကို ကျင့်ကြံအားထုတ်ခဲ့သည်။ ထို့ကြောင့်ပင် ဒဿနနှင့် စာပေလောကတွင် Platonic Love ပလေတို၏ မေတ္တာဟူသော မေတ္တာစစ်မေတ္တာမှန်ကို ဖော်ကျူးသော ဝေါဟာရ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဆိုကရေးတီးနှင့် ပလေတိုတို့ကိုလည်း မေတ္တာကျင့်စဉ်ဖြင့် ပေါက်မြောက်အောင်မြင်သွားသော မေတ္တာဝိဇ္ဇာကြီးများဟု ခေါ်နိုင်သည်။ နောင်းခေတ်ဒဿနပညာရှင်များက ဆိုကရေးတီးသည် ဂိုဏ်းဆရာကြီးအဖြစ် တပည့်သာဝကများမွေးပြီး တရားဓမ္မများကို သင်ကြားပေးခဲ့သောဂုရုကြီးမဟုတ်၊ တွေ့ရာနေရာတွင် ပါရမီရှင်လူငယ်များအား စကားဝိုင်းဖွဲ့ပြီး သူတို့၏ ပါရမီဓာတ်များကို ပွင့်လင်းလာအောင် နှိုးဆွပေးခဲ့သော ပါရမီဓာတ်များကို မွေးဖွားပေးခဲ့သော ဒဿနမွေးဖွားသူတစ်ဦး၊ ဂန္ဓာရီမွေးဖွားပေးသူတစ်ဦးသာဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့်ပင် မဟုတ်လော၊ ဆိုကရေးတီးက မွေးဖွားပေးခဲ့သော ပလေတိုသည် ခေါမဂန္ဓာရီပညာတွင် ထိတ်ထိတ်ကြဲ ဂန္ဓာရီရှင်သာမက ခေါမ ဒဿနနယ်တွင်လည်း ဂိုလ်စွဲသူတစ်ဦးဖြစ်ချေသည်တကား။

*

ပလေတို၏ ဂန္ဓာရီပညာ

မဟာဂန္ဓာရီပညာ၏ အဆုံးစွန်သောရည်မှန်းချက်သည် နက်နဲခက်ခဲလှို့ဝှက်သော လောကနိယာမ သစ္စာတရားကို သိမြင်ရန်ဖြစ်သည်။ လောကနိယာမ သစ္စာတရားကို သာမန်သညာသိဖြစ်သော ဦးနှောက်ထွက် အသိဉာဏ်ဖြင့် မသိနိုင်သောကြောင့် လောကီလွန်ဈာန်အဘိညာဉ် ပညာဖြင့်သာ သိနိုင်သည်။ ထို့ကြောင့် တန်ခိုးအရာဖြစ်သော လောကီလွန်

ဈာန်အဘိညာဉ်ပညာကို ရရှိအောင် လေ့ကျင့်လေ့လာရခြင်း ဖြစ်သည်။ တို့ကြောင့် ဈာန်အဘိညာဉ်ပညာသည် အဆုံးစွန်သော ရည်မှန်းချက် မဟုတ်၊ ယင်းရည်မှန်းချက်ကို ရရှိရေးအတွက် အသုံးပြုသော လက်နက်ကိရိယာသာလျှင် ဖြစ်သည်။

လူ့လောက တိုးတက်ကာစတွင် အလွန်အဆင့်မြင့်သော ဒဿနအတွေးအခေါ်ပိုင်းကိုနားမလည်နိုင်သေးသောကြောင့် လောကနိယာမ သစ္စာတရားများ၏ အခြေခံများကိုလျှင် မဟာဂန္ဓာရီပညာရှင်များက သင်ကြားခဲ့သည်။ လူ့လောကသည် တဖြည်းဖြည်း အသိဉာဏ် တိုးတက်လာသောအခါ ဂန္ဓာရီပညာရှင်တို့ကလည်း လောကနှင့် လျော်ညီသော အတွေးအခေါ်များကို ဖွင့်ထုတ် ဟောကြားလာရသည်။ ထို့ကြောင့် စောစောပိုင်း မဟာဂန္ဓာရီပညာရှင်များသည် တရားဓမ္မပိုင်းနှင့် ဈာန်ပညာပိုင်း (၀၊) တန်ခိုးပိုင်းကို စွယ်စုံဟောကြား သင်ကြားခဲ့သော်လည်း နောက်ပိုင်း မဟာဂန္ဓာရီပညာရှင်တို့သည် ဈာန်ပညာပိုင်းထက် လောကနိယာမ သစ္စာတရားပိုင်းကို အလေးပေး ဟောကြားကြသည်။

ခေါမခေတ်သည် အီဂျစ်ခေတ်၊ တရုတ်ခေတ်၊ ဝေဒခေတ်တို့နောက်မှာ ပေါ်ပေါက်လာသောခေတ်ဖြစ်ရာ ခေါမ မဟာဂန္ဓာရီပညာများကလည်း ဈာန်ပညာပိုင်းထက် အတွေးအခေါ်ပိုင်းကို အလေးပေး သင်ကြားပေးလာကြသည်။ ခေါမခေတ်ဦးတွင် ပေါ်ပေါက်ခဲ့သော အော်ဖိယပ်ကို ခေါမ မဟာဂန္ဓာရီ အရာဏ်ဦးခေတ်ဟု ခေါ်သည်။ အနောက်တိုင်းတွင် ပထမဆုံး မဟာဂန္ဓာရီပညာ စတင်ဟောကြားခဲ့သောကြောင့် ဖြစ်သည်။ ထို့နောက် ပိုက်သာဂိုရပ်စ် ခေတ်ကို ခေါမ မဟာဂန္ဓာရီ မွန်းတည့်ခေတ်ဟု ခေါ်သည်။ လျှို့ဝှက်နက်နဲသော မဟာဂန္ဓာရီပညာကို သိပ္ပံဖြင့်ယှဉ်တွဲပြသောခေတ်၊ အသံ၏ မဟိဒ္ဓိတန်ခိုးကို သိပ္ပံနည်းဖြင့် စနစ်တကျ ပြသနိုင်သဖြင့် ခေါမမဟာဂန္ဓာရီပညာသည် နောင်အခါ ပေါ်ထွန်းလာမည့် သိပ္ပံပညာ၊ အတွေးအခေါ်ပညာနှင့် ဂန္ဓာရီမြောက် မန္တာန်ပညာများကို နောင်အခါတွင် ကမ္ဘာတစ်ဝှမ်း ပြန့်ပွားသွားအောင် အခြေချပေးခဲ့သောခေတ်ဖြစ်သည်။

ပလေတို၏ခေတ်သည်ကား အနောက်တိုင်းခေါမ မဟာဂန္ဓာရီပညာ၏ ဆည်းဆာခေတ်ဟုခေါ်သည်။ ခေါမ မဟာဂန္ဓာရီပညာ အထွတ်အထိပ်သို့ ရောက်သောခေတ် ဖြစ်သည်။ ထို့ပြင် ပလေတိုခေတ်သည် ခေါမ မဟာဂန္ဓာရီပညာ၏ နောက်ဆုံးခေတ်ဖြစ်ပြီးလျှင် ခေါမတိုင်းမှ ဂန္ဓာရီပညာသည် တစ်ကမ္ဘာလုံးသို့ ပြန့်ပွားသွားပြီး အနောက်တိုင်း မဟာဂန္ဓာရီဟု အသိအမှတ်ပြုခြင်း ခံရသောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ဂန္ဓာရီပညာရှင်များက ပလေတိုသည် အကြီးမြတ်ဆုံး မဟာဂန္ဓာရီပညာရှင် ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ဤသို့ သတ်မှတ်ခြင်းသည် ပလေတိုသည် ဈာန်ပျံပြခြင်း၊ အင်းရေးပြခြင်း၊ မန္တာန်ရွတ်ပြခြင်းတို့ကြောင့် မဟုတ်။

ရှေးယခင် ဂန္ဓာရီပညာရှင်များ မထုတ်ဖော်ခဲ့သေးသော လောကနိယာမများ၊ အတွေးအခေါ်များ၊ မနောဓာတ်အမြင်များကို စတင်ထုတ်ဖော်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ပလေတိုသည် သူ၏ ဂန္ဓာရီပညာဖြင့် ရရှိသော မနောအမြင်၊ မနောအာရုံများကို သူ၏ အဘိုးက ပြောပြခဲ့သည်ဟု ဖော်ပြသည်။ သူ၏ အဘိုးဖြစ်သူ ဆိုလွန်က အတိတ် ရှေး

ကာလကရှိခဲ့သော အတ္တလန္တိတ်တိုက်ကြီးအကြောင်းကို စိကာပတ်ကုံး ဇာတ်လမ်းသဖွယ် ရှုဖွယ်အလီလီဖြင့် ပြောပြခဲ့ရုံမက ယင်းအတ္တလန္တိတ်တိုက်ကြီးနှင့် ပတ်သက်သော အထောက် အထားများပင် ရှိခဲ့သည်ဟု ဆိုသည်။ အမှန်စင်စစ်အားဖြင့် ပလေတိုသည် သူ၏ မနောအာရုံဖြင့်ဖြစ်စေ၊ သို့မဟုတ်သူ၏ ဂုရုများ၏အာရုံအမြင်ဖြင့်ဖြစ်စေ ရရှိခဲ့သော မနောအာရုံ ဖြစ်သည်။

ရှေးခေတ်မှစ၍ ယခုခေတ်တိုင် ဂန္ဓာရီဆရာရှင်များကို ဘိုးဘိုးဟုလည်းကောင်း၊ ဘိုးတော်ဟုလည်းကောင်း၊ ခေါ်စမြဲဖြစ်သောကြောင့်ပင်။ ပလေတို၏ အဘိုးဆိုလွန်သည် ဤသို့သော ပညာဘိုးတော်ပင်ဖြစ်ပေမည်။ ပလေတို၏ ဖေဒိုကျမ်းတွင် လျှို့ဝှက်ဒေသနာနှင့် ပတ်သက်ပြီး ဤသို့ရေးထားသည်။ ဂန္ဓာရီပညာရှင်တွေသည် ဉာဏ်အလင်း၊ မနောဓာတ် ဖွင့်နေသူတွေသာ ဖြစ်သည်။ ဂန္ဓာရီပညာရှင် မဟုတ်သူများ ဂန္ဓာရီပညာ မလေ့လာရသေးသူများသည် ဂန္ဓာရီပညာရှင် မနောဓာတ်ပွင့်နေသူတို့ ပြောစကားကို နားမလည်လက်မခံ နိုင်ချေ။ ဂန္ဓာရီတောင်ဝှေးကိုင်ထားသော လူတွေတော့ အများကြီးရှိပါ၏။ မနောဓာတ် ပွင့်နေသော ဂန္ဓာရီပညာရှင်အစစ်ကား ရှားလှပါဘိ။ ဒီဂန္ဓာရီပညာရှင်တွေဟာ သူတို့ရဲ့ မနောဓာတ် အာရုံအမြင်တွေကို ဒဿနပညာအဖြစ်သာ ဖွင့်ထုတ်ကြ၍ သူတို့ကို ဒဿနပညာရှင်ဟုသာ သိကြသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ဂန္ဓာရီပညာရှင် ဖြစ်အောင် အစွမ်းကုန် ကြိုးစားနေပါသည်။

ပလေတိုသည် သူ၏မနောဓာတ်အမြင်ကို တိုက်ရိုက် ဖော်ပြခြင်းမပြုဘဲ ဒဿနအမြင်၊ သမိုင်းအမြင်ဖြင့်သာလျှင် ဖော်ထုတ်ခဲ့သည်။ ဤသို့ ဖော်ထုတ်ခဲ့သော နက်နဲလှသော အမြင်များအနက်၊ အတ္တလန္တိတ်တိုက်ကြီး၊ ဂိတပညာနှင့် နိုင်ငံတော် တည်ဆောက်ခြင်းအယူအဆများသည် ပလေတိုအား ဒဿနပညာရှင်အဖြစ် ကျော်ကြားစေခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ပလေတို၏ အတ္တလန္တိတ်တိုက်ကြီးအကြောင်း ဖော်ပြချက်သည် ယနေ့ သိပ္ပံခေတ်တွင် သိပ္ပံပညာရှင်များ ဦးနှောက်ခြောက်စေသော ပြဿနာဖြစ်သည်။ ယခုအခါတွင် အတ္တလန္တိတ် သမုဒ္ဒရာနေရာတွင် ရှေးပဝေသဏီက အတ္တလန္တိတ်တိုက်ခေါ် ကုန်းမြေကြီး ရှိခဲ့သည်။ ယင်းကုန်းမြေပေါ်တွင် လူသားများ နေထိုင်ခဲ့ကြပြီး အတ္တလန္တိတ်တိုက်သားတို့သည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားသည်။

ဃေါက်ကွဲခြင်း၊ ရေကြီးခြင်းတို့ကြောင့် ယင်းအတ္တလန္တိတ်တိုက်ကြီး ရေအောက်ရောက်ကာ ပျောက်ကွယ်သွားရသည်ဟု ပလေတိုက ခရစ်ရှားကျမ်းတွင်ဖော်ပြခဲ့သည်။ ပလေတိုကဲ့သို့ ပညာရှင် အရင့်အမာကြီးတစ်ဦးက အခိုင်အမာ ရှိခဲ့ဖူးပါသည်ဆိုသော အတ္တလန္တိတ်တိုက်ကြီးမှာ စုပ်စမြှုပ်စ ပျောက်ကွယ်နေသဖြင့် ယုံရတော့မလို၊ မယုံရတော့မလို ဖြစ်နေသော ပညာရှင်တို့သည် ရှေးအခါကပင် သို့လော သို့လော စဉ်းစားခဲ့ကြသည်။ အချို့ပညာရှင်များက အတ္တလန္တိတ်တိုက်ဆိုသည်မှာ တကယ်မရှိ၊ ဒဏ္ဍာရီ ယုံတမ်းစကားမျှသာဖြစ်သည်ဟု ပယ်ကြသည်။ သို့ရာတွင် သုတေသီများ၊ ဂန္ဓာရီပညာရှင်များက အတ္တလန္တိတ်တိုက်သည် တကယ်အမှန်ရှိခဲ့သည်ဟု အတည်ပြုကြသည်။

အထူးသဖြင့် ၁၈၈၀ နောက်ပိုင်းတွင် သုတေသီ အများအပြား ယခုအခါတွင် အတ္တလန္တိတ်တိုက်အကြောင်း ရေးသားသောကျမ်း၊ စာတမ်း၊ ဆောင်းပါး ၂၀၀၀ ကျော် ရှိပြီဟု သိရသည်။ (၁၉) ရာစုတွင် ကျော်ကြားလှသော ဂန္ဓာရီပညာရှင် ဗလာဗက်စကီကလည်း သူမ၏ မနောအာရုံ အမြင်ဖြင့် အတ္တလန္တိတ်တိုက်ကြီး ရှိခဲ့ကြောင်းသာမက အတ္တလန္တိတ် လူမျိုးအနွယ်ကြီး၏ အရေးပါပုံနှင့် အတ္တလန္တိတ် ဂန္ဓာရီပညာကို ကျမ်းတစ်စောင် ပေတစ်ဖွဲ့ အသေးစိတ် ထုတ်ဖော်ရေးသားခဲ့သည်။ (၂၀)ရာစုသို့ ရောက်လာသောအခါ သမိုင်းပညာရှင်၊ ဘာသာဗေဒပညာရှင်၊ အဏ္ဏဝါဗေဒပညာရှင်၊ ရှေးဟောင်းသုတေသန၊ မနုဿဗေဒပညာရှင်၊ သမိုင်းပညာရှင်နှင့် ပရစိတ်ပညာရှင်တို့သည် သိပ္ပံပညာကို အသုံးချ၍ သုတေသန ပြုခဲ့ကြရာ အတ္တလန္တိတ်တိုက်ကြီး ရှိခဲ့ကြောင်း တစ်စေ့တစောင်း တစ်ထောင့် တစ်ကွေ့မှ တွေ့ရှိခဲ့ကြသည်။

၁၉၅၀ ကျော်တွင် အာရိုဇိုးနား အတ္တလန္တိတ်သမုဒ္ဒရာထဲမှ ထူးဆန်းသော ကျောက်တုံးကြီး တစ်တုံးတွေ့၍ စမ်းသပ်ကြည့်သောအခါ နှစ်ပေါင်း ၁၂၀၀၀ ခန့်ရှိပြီး လူသုံးပစ္စည်းဖြစ်ကြောင်း တွေ့ရသည်။ ၁၉၇၀ ခန့်က ဂျပန်သုတေသီများသည် အတ္တလန္တိတ်သမုဒ္ဒရာကြမ်းပြင်တွင် ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိရကြောင်း ဖော်ထုတ်သည်။ ရုရှမှ အတ္တလန္တိတ် သုတေသီ အဏ္ဏဝါဗေဒပညာရှင် ဒေါက်တာ နီကိုလိုင်ဇာရော့က အတ္တလန္တိတ်သမုဒ္ဒရာအောက် မြောက်ဘက်စွန်းတွင် အတ္တလန္တိတ်ခေတ်က တောင်တန်းကြီးများ ရှိခဲ့ရသည်။ သိပ္ပံနည်းဖြင့် သုံးသပ်ပါက ဤခေတ်သည် ကျောက်ခေတ်ဖြစ်သည်။ တောင်အမေရိကတိုက်ရှိ မာယာဘာသာစကားနှင့် ခေါမဘာသာစကားတို့၏ ရင်းမြစ်လည်း ဖြစ်သည်။

ပလေတိုပြောခဲ့သော အတ္တလန္တိတ်တိုက်သည်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ ကျော်က ရေအောက် ငလျင်လှုပ်ရှား ပေါက်ကွဲမှုကြောင့် ရေလှဲပြီး သမုဒ္ဒရာအောက်သို့ ရောက်ရှိ ပျောက်ကွယ်သွားခြင်း ဖြစ်နိုင်သည်ဟု စပွတ်နစ် ၁၀/၇၅ တွင် ရေးသားခဲ့သည်။ ၁၉၇၀ ကျော် နှစ်များအတွင်း ပရစိတ်ပညာ ဘာသာရပ်သည် နိုင်ငံအသီးသီးတွင် ပေါ်ပေါက်လာရာ ဂန္ဓာရီပညာ ကျမ်းစာအုပ်များမှာလည်း ခေတ်ထလာပြန်သည်။ ဂန္ဓာရီပညာနှင့် ပတ်သက်သော စာအုပ်စာတမ်းများတွင် အတ္တလန္တိတ်အကြောင်း ရေးထားသော စာအုပ်စာတမ်းများမှာ ရှေ့တန်းမှ ပါဝင်လာသည်။ သုတေသီများ၏ နောက်ထပ် တွေ့ရှိချက်များကိုလည်း ရေဒီယို၊ တီဗွီတို့မှ မကြာခဏ လွှင့်ကြသည်။

၁၉၉၅ ခု၊ ဧပြီလအတွင်းက ဂြိုဟ်တုသတင်းတစ်ခုတွင် အတ္တလန္တိတ် သမုဒ္ဒရာအောက်မှ ထူးဆန်းသော ပစ္စည်းနှစ်မျိုးကို ပြသည်။ တစ်မျိုးမှာ သတ္တုဖြင့် ပြုလုပ်ထားသော ကွန်ပျူတာကဲ့သို့သော ပစ္စည်းဖြစ်သည်။ ကျန်တစ်မျိုးမှာ ကျောက်သားပန်းပုလက်ရာဖြစ်၍ အတ္တလန္တိတ်တိုက်မှ ပစ္စည်းဖြစ်သည်ဟု ယူဆရသည်။ ထို့ကြောင့် ရှေးက မတွေ့ဘူး၊ မရှိခဲ့ဘူး၊ မသိခဲ့ဘူးသော မိုဟာဂျိုရန်ဒိုနှင့် ဟာရပ်ပယဉ်ကျေးမှုကြီးကို အိန္ဒိယပြည်၌ တွေ့ရှိရသကဲ့သို့ပင် ယခုလည်း ပလေတို၏ အတ္တလန္တိတ်တိုက်ကြီးကို တဖြည်းဖြည်းချင်း

တွေ့ရှိလာပြီဖြစ်ရာ ဒဏ္ဍာရီထဲမှ အတ္တလန္တိတ်တိုက်သည် သုတေသနကျမ်းဂန် အတွင်းသို့ ရောက်လာပြီ ဖြစ်ပေသည်။

အတ္တလန္တိတ်လူဘောင်

ပလေတိုဖော်ထုတ်ခဲ့သော အတ္တလန္တိတ်တိုင်းပြည်ကြီးနှင့် အတ္တလန္တိတ်လူဘောင် ယဉ်ကျေးမှု အဆောက်အအုံမှာ ဤသို့ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်သိန်းကျော်က ယခု အတ္တလန္တိတ်သမုဒ္ဒရာနေရာတွင် အတ္တလန္တိတ်တိုက်ခေါ် ကုန်းမြေကြီးရှိခဲ့ပြီး အာဖရိက တိုက်ခန့် ကျယ်ဝန်းသည်။ ပလေတိုက ထိုခေတ်ရှိ အီတလီ၊ လစ်ဗျားနှင့် မြေထဲပင်လယ် သုံးခုပေါင်းခန့် ကျယ်ဝန်းသည်ဟုဆိုသည်။ ယင်းအတ္တလန္တိတ်တိုက်ကြီးတွင် အတ္တလန္တိတ်တိုက်သား လူများနေထိုင်ခဲ့သည်။ အတ္တလန္တိတ်တိုက်သားတို့ ကိုးကွယ်သောဘုရားမှာ ပိုဆီဒွန်ဖြစ်သည်။

ဘုရားသားတော် အက်တလတ်စ်က သား (၁၀)ဦး မွေးဖွားပြီး အတ္တလန္တိတ်တိုက်ကြီးကို ပြည်ထောင်စု ၁၀ စုခွဲခြား၍ တစ်ပြည်ထောင်လျှင် ဘုရင်တစ်ပါးကျဖြင့် အုပ်စိုးခဲ့ကြသည်။ ဘုရင် ၁၀ ပါး၏ သားတော်တို့သည် မြေးတော်အစဉ် မြစ်တော်အဆက် စိုးစံခဲ့ကြသည်။ အတ္တလန္တိတ်တိုက်ကြီး၏ မြောက်ပိုင်း၊ ကျွန်းဆွယ်ကြီးကို ပိုဆီဒွန်ဟုခေါ်သည်။ ပိုဆီဒွန်တွင် ထီးနန်းစိုက်ပြီး ရွှေတံခါးမြို့တော်တည်၍ စိုးစံသည်။ မြို့တော်ကို တံတိုင်းသုံးထပ် ကာထားပြီး တံတိုင်းတစ်ခုနှင့် တစ်ခုကြားတွင် မြေပြန့်များထားပြီး တံတိုင်းတစ်ခုစီ၏ အနီးတွင် ကျုံးများရှိသည်။ ကျုံးသုံးတန်၊ တံတိုင်းသုံးတန် ဝန်းရံထားသော မြို့တော်ဖြစ်သည်။

ပင်လယ်မှ မြို့အတွင်းသို့ တူးမြောင်းများဖောက်၍ ရေသွင်းသည်။ ကျုံးအတွင်းမှ ရေသည် ပင်လယ်မှ ဝင်လာသော ရေဖြစ်သည်။ တံတိုင်းသုံးတန်ကို ရေတူးမြောင်းဖြတ်သောနေရာတွင် တံတားသုံးခု တည်ဆောက်ထားသည်။ ပင်လယ်မှ လှေများ၊ သင်္ဘောများသည် ကျုံးသုံးတန်ကို ဖြတ်ကျော်၍ မြို့တော်အတွင်းသို့ ဝင်ရောက်သဖြင့် သင်္ဘောဆိပ်တွင် ရောင်းဝယ်ဖောက်ကား ကူးသန်းမှုများဖြင့် စည်ကားလျက်ရှိသည်။ အပြင်ဘက်ဆုံး ကျုံးနှင့် ဒုတိယကျုံးအကြားတွင် ကျယ်ဝန်းသော မြေပြန့်တွင် တိုင်းသူပြည်သားများသည် အကွက်ရိုက်၍ နေထိုင်ကြသည်။

ဒုတိယကျုံးနှင့် အတွင်းတံတိုင်းကြားတွင် အားကစားကွင်းများ၊ ပြိုင်ကွင်းများ၊ ဥယျာဉ်များရှိသည်။ အတွင်းကျုံးနှင့်တံတိုင်းအတွင်း၌ကား နန်းမြို့တော်ရှိသည်။ နန်းတော်၊ ဘုရားကျောင်း၊ ဥယျာဉ်၊ ရေကန်၊ မင်းမှူထမ်းများ၊ မင်းမျိုးမင်းနွယ်များ နေထိုင်ရာ နန်းမြို့တော်ဖြစ်သည်။ တူးမြောင်းများဖြင့် ရေဝင်ကောင်းလှသဖြင့် အတ္တလန္တိတ်မြို့သည် မြေသြဇာကောင်းပြီး သစ်ပင်ပန်းမန်မျိုးစုံတို့ သာယာလှသည်။ ကောက်ပဲသီးနှံ၊ စားရေရိက္ခာများ ပေါကြွယ်ဝသည်။ သစ်ပင်တောတောင်တို့ အစုံရှိသဖြင့် သားရဲတိရစ္ဆာန် အိမ်မွေးတိရစ္ဆာန်မျိုးစုံရှိသည်။ စိုက်ပျိုးမှုပညာလည်းတတ်ပြီဖြစ်၍ သဘာဝဖြင့် မလုံလောက်သော သီးနှံကို စိုက်ပျိုးသည်။


မြေသြဇာကောင်းပြီး ရေလုံလောက်စွာရသဖြင့် သီးနှံရိက္ခာတို့သည် အလျှံပယ် ပေါကြွယ်ဝသည်။ ဆေးဝါးအဖြစ် လိုသောပရဆေးများ၊ အဝတ်အတွက်လိုသော လျှော်ပင် ဝါပင်များလည်း ဖြစ်ထွန်း၍ အဝတ်နှင့် ဆေးဝါးအတွက် အလုံအလောက်ရှိသည်။ တံတိုင်းများနှင့် မုခ်ဦးတံခါးများကို ကျောက်သားဖြင့် တည်ဆောက်သည်။ ကျောက်ဖြူ၊ ကျောက်နက်၊ ကျောက်နီ သုံးမျိုးရှိရာ အရောင်သုံးမျိုးကို မျက်စိပသာဒဖြစ်ဖွယ် စီစဉ်၍ တံတိုင်းကို တည်ဆောက်ထားသည်။ အဆောက်အအုံများကို ကျောက်သားရောင်စုံဖြင့် ရှုမငြီးဖွယ် တည်ဆောက်ကြသည်။ အပြင်ဘက်ဆုံး ပထမ ကျောက်တံတိုင်းကို ကြေးနီဖြင့် ကွပ်ထားသည်။

ဒုတိယတံတိုင်းကို သံဖြူဖြင့် ကွပ်ထားသည်။ တတိယအတွင်း ကျောက်တံတိုင်းကို အော်ရိကယ်ချမ်သတ္တုဖြင့် ကွပ်ထားသည်။ ယင်းသတ္တုမှာ သာမန်တွင်းထွက် သတ္တုမျိုး မဟုတ်ချေ။ ယနေ့ထိ ကမ္ဘာပေါ်တွင် ယင်းသတ္တုမျိုး မတွေ့ရသေးချေ။ လောကီပညာ၊ ဂန္ဓာရီပညာများ ထွန်းကား၍ အဂ္ဂိရတ်ပညာလည်း ထွန်းကားခဲ့သည်။ အော်ရိကယ်ချမ် သတ္တုနှင့် ရွှေ၊ ငွေတို့ကို အဂ္ဂိရတ်ပညာဖြင့် ထုတ်လုပ်သည်။ နန်းတော်ကိုလည်း ကျောက်ရောင်စုံတို့ဖြင့် ခဲ့ညားတင့်တယ်စွာ တည်ဆောက်ထားသည်။ မြို့တော်ဗဟိုတွင် ပိုဆီဒွန်ဘုရားကို ရည်စူး၍ ဘုရားကျောင်းဆောင်ကို ရွှေတံတိုင်းခတ်၍ ဆောက်ထား သည်။ လူတိုင်းမဝင်ရ။

၁၀ပြည်ထောင်မှ မင်းများ ၅နှစ်၊ ၆နှစ်တစ်ကြိမ် ညီလာခံ ကျင်းပသောအခါ သမယတွင်မှ ဤကျောင်းတော်သို့ ဝင်ရောက်ပြီး ဝတ်ပြုကိုးကွယ်ရသည်။ ကျောင်းတော် အထွတ်ကို ရွှေသားဖြင့် တည်ထားပြီး အကာအရံတို့ကို ငွေသားဖြင့် ပြုလုပ်ထားသည်။ အမိုးကို ဆင်စွယ်ဖြင့် ပြုလုပ်သည်။ ကြမ်းခင်း၊ တိုင်၊ နံရံများကို အော်ရိကယ်ချမ် သတ္တုဖြင့် ဆောက်လုပ်ထားရာ ဖိတ်ဖိတ်တောက် ခဲ့ညားလှသည်။ ကျောင်းဆောင်၏ အလယ် ဗဟိုတွင် ဘုရားပုံ ရွှေရုပ်တုရှိသည်။ ဘုရားရုပ်တု ဘေးပတ်လည်တွင် ဘုရင် ၁၀ပါး၏ ရွှေရုပ်တုများ ဝန်းရံထားသည်။

ဘုရားကျောင်းဝင်းအတွင်း၌ ရေပန်းများရှိပြီး ရေအေး၊ ရေပူနှစ်မျိုးရှိသည်။ နန်းတော်တွင် ရေချိုးရန် နေရာသီးသန့်ထားပြီး ရေပူရေအေး နှစ်မျိုးရှိသည်။ ရေချိုးရန် နေရာမှာ သစ်ပင်ဝါးပင် အရိပ်ကောင်း၍ လုံခြုံသောနေရာတွင်ဖြစ်ပြီး အမျိုးသားနှင့် အမျိုးသမီးတို့ကို နေရာသီးခြားစီ ထားသည်။ မြို့တော်ရှိ သင့်လျော်သူများကို စစ်မှုထမ်းရန် ရွေးချယ်သည်။ စစ်မြင်း၊ စစ်ရထား တစ်သောင်းကျော်ရှိသည်။ သင်္ဘောဆိပ်တွင် နေ့စဉ် လှေသင်္ဘောများ အဝင်အထွက်ရှိသဖြင့် လူသံရောင်းဝယ်သံများ ကြားနေရသည်။ မင်းက လည်း တရားရှိသော မင်းဖြစ်သည်။ တရားဥပဒေအရ တရားမျှတစွာ အုပ်စိုးသည်။ တိုင်ပေါ်တွင် ထွင်းထားသော တရားဥပဒေအရ အုပ်ချုပ်ရသည်။ မင်း ၁၀ပါးတို့ မျက်နှာစုံညီ တွေ့ဆုံပြီး အုပ်ချုပ်ရေး၊ ဥပဒေရေး၊ လူမှုရေးကိစ္စများကို ညှိနှိုင်းပြီး ဆုံးဖြတ်ချက်များကို ရွှေပြားပေါ်တွင် ကမ္ဘည်းတင်ကြသည်။

တစ်ပြည်နှင့် တစ်ပြည် အေးချမ်းသာယာစွာ ဆက်ဆံရသဖြင့် စစ်မက်များမရှိ။ ပစ္စည်းဥစ္စာ အစာရေစာများ ပေါကြွယ်ဝသဖြင့် လက်ရှိဘဝကို လွန်ကဲစွာ အရေးထား စဉ်းစားမှုမရှိ။ ကောင်းမှုပြုရန်သာ စိတ်ဝင်စားကြသည်။ ရွှေငွေကို မက်မောမှုမရှိ။ ပြီး လောဘ၊ ဒေါသကို ထိန်းချုပ်နိုင်ကြသည်။ ဗြဟ္မစိုရ်တရား ထွန်းကားသည်။ သို့သော် ကာလကြာညောင်းလာသော အခါ လူ့သဘာဝအတိုင်း လောဘရမ္မက်များ လွန်ကဲလာသဖြင့် ဇီးယပ်ဘုရားက လူတွေ မှတ်သားလောက်အောင် အပြစ်ပေးသည့်အနေဖြင့် ရေလွှမ်းမိုးပြီး အတ္တလန္တိတ်တိုက်ကြီးကို ရေနှစ်ပစ်လိုက်ခြင်းဖြင့် နိဂုံးချုပ်လိုက်သည်။



အတ္တလန်တစ်တိုက်မြေပုံ

ဤမျှသာ ပလေတို ကမော်ပြခဲ့သောအတ္တလန္တိတ်တိုက်အကြောင်းကို ဗလာဗက်စကီနှင့် နောင်းခေတ်ဂန္ဓာရိပညာရှင်က ဤသို့ ဖြည့်စွက်တင်ပြခဲ့သည်။ လူ့လောကတွင် ယနေ့အထိ လူသားအနွယ်ကြီး သုံးမျိုးပေါပေါက်ခဲ့သည်။ လမူးရီယ၊ အတ္တလန္တိတ်တိုက်သား၊ နှင့် အာရ်ယန်တို့ဖြစ်သည်။ အတ္တလန္တိတ်တိုက်သားတို့သည် လူမျိုးနွယ်ခွဲများ တိုးပွားလာသောအခါ တစ်ကမ္ဘာလုံးသို့ ပြန့်ပွားသွားသည်။ (ပုံကြည့်ပါ) အတ္တလန္တိတ်မျိုးနွယ်ကြီးတွင် မျိုးနွယ်ခွဲများအဖြစ် -

၁။ မိုဟာ
၂။ လေဗတ်တီ
၃။ တောလ်တက်
၄။ တာရေနီယ်
၅။ ဆီးမိုက်
၆။ အာကာဒီယ်
၇။ မွန်ဂိုလီယ်

တို့ အနွယ်ခွဲခုနစ်မျိုးဖြစ်သည်။ မျိုးနွယ်ခွဲ အမှတ် ၁၊ ၂၊ ၃ တို့သည် အသားရောင်နီသည်။ ၄ နှင့် ၇ သည် အဝါရောင်ဖြစ်ပြီး ၅ နှင့် ၆ သည် အဖြူရောင်ဖြစ်သည်။ ယနေ့ တစ်ကမ္ဘာလုံးတွင် လူဦးရေအများဆုံးမှာ သတ္တမအနွယ်ခွဲဝင် မွန်ဂိုလီယ်သွေးများဖြစ်ပြီး အနောက်ကမ္ဘာတစ်ခြမ်းတွင် လွှမ်းမိုးနေသော အာရ်ယန်များမှာ အမှတ် ၅၊ ဆီးမိုက်မျိုးနွယ်ခွဲမှ ပေါက်ဖွားလာကြသူများဖြစ်သည်။ အာရ်ယန်မှာ ပင်မလူမျိုးနွယ်ကြီး ဖြစ်လာပြီး ဆက်လက်

တိုးတက်များပြားလျက် ရှိသည်။

တောလိတက် မျိုးနွယ်ခွဲသည် အတ္တလန္တိတ်ယံ မျိုးနွယ်တွင် အကြီးကျယ်ဆုံး၊ အမြင့်ဆုံး ဖြစ်သည်။ အတ္တလန္တိတ်တိုက်ကြီးတွင် ရွေတံခါးမြို့တော်တွင် စိုးစံသွားကြသူများမှာ တော်လိတက်တို့ ဖြစ်သည်။ ထိုစဉ်က ဂန္ဓာရီပညာများကို လေ့လာလိုက်စားကြရာ နောင်အခါတွင် လောဘရမ္မက် ပြင်းထန်လာသောအခါ ဂန္ဓာရီပညာကို အလွဲသုံးစားပြုကြသဖြင့် အောက်လမ်းပညာရှင်များဖြစ်သွားသည်။ ထိုအခါ သဒ္ဓမ္မသူတော်စင် ဂိဏ်းကြီးသည် ဌာနချုပ်ကို ပိုဆီဒွန်မြို့တော်မှ တောင်အမေရိကတိုက်သို့ ပြောင်းရွေ့လိုက်သဖြင့် တောင်အမေရိကတွင် ထိုစဉ်က ရှိခဲ့သော အက်ဇက်တစ်တွင် ဌာနချုပ် ပြုထားရသည်။

အတ္တလန္တိတ်တိုက်သားများသည် မည်သို့မျှ ဟောပြောချေဖျက်၍ မရသောအခါ သူတို့၏ အမှားများကြောင့် မိမိဒဏ် မိမိပြန်ထိဆိုသည့်အတိုင်း သမုဒ္ဒရာအောက်မှာ ငလျင်များ၊ မီးတောင်များပေါက်ကွဲပြီး ရေလွှမ်းမိုးရာ အတ္တလန္တိတ်တိုက်ကြီး ရေအောက်သို့ ရောက်သွားရသည်။ ထို့ကြောင့် ပိုဆီဒွန်းကျွန်း ရေအောက်ရောက်သွားပြီးနောက် အာရှတိုက် အလယ်ပိုင်း၊ ဂိုဘီသဲကန္တာရ (ထိုစဉ်ကပင်လယ်)ရှိ ရှမ်ဗဲလားအရပ်သို့ အာရ်ယန်မျိုးနွယ်ကြီး တည်ထောင်ရန် သဒ္ဓမ္မသူတော်စင်အဖွဲ့ကြီး ပြောင်းရွေ့သွားရသည်။

*

ပလေတိုအား ဘီစီ ၄၂၉ နှစ်တွင် အေသင်မြို့နေ ဥစ္စာပစ္စည်း ပြည့်စုံချမ်းသာသော မိဘများမှ မွေးဖွားခဲ့သည်။ ပလေတိုသည် အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်ဖြင့် တည်ကြည်ခန့်ညားသော ဥပဓိရုပ်ရှိသည်။ အကျည်းတန်လှသော သူ့ဆရာ ဆိုကရေးတီးနှင့် ဥပဓိရုပ်ချင်း ကွာခြားလှသည်။ ပလေတိုသည် စကားနည်းသည်။ ပြောသမျှစကားများမှာ သေသေချာချာ စဉ်းစားပြီးမှ တိတိကျကျ ပြောသောစကားဖြစ်သည်။

သူ့အရင် ပေါ်ထွက်ခဲ့သော ဆရာရှင်များဖြစ်သည့် အော်ဖိယပ်နှင့် ပိုက်သာဂိုရပ်စ်တို့သည် စကားသံ ပီသမှုနှင့် သံနေသံထားများကို အလွန်ဂရုစိုက်သူများဖြစ်ရာ အော်ဖိယပ်၊ ပိုက်သာဂိုရပ်စ်တို့၏ ခြေရာကို နင်းလိုသော ပလေတိုသည်လည်း စကားနှင့်အသံကို အထူးဂရုစိုက်၍ ထိန်းသိမ်းသည်။

ပလေတို၏ ဝိညာဉ်သည် ဘဝများစွာမှ ပါရမီဖြည့်ဆည်းလာခဲ့ရာ ပလေတိုဘဝတွင် မေတ္တာဓာတ် ပြည့်လျှမ်းနေသူဖြစ်သည်။ သူ၏မေတ္တာသည် မိမိနှင့်ခင်မင်ချစ်ခင်သူများအပေါ်သာ ထားရှိသည်မဟုတ်သေး၊ လူတိုင်းအပေါ်၊ သတ္တဝါတိုင်းအပေါ်၊ သက်ရှိ

သက်မဲ့တို့ အားလုံးအပေါ်တွင်လည်း မေတ္တာထားနိုင်သူဖြစ်သည်။မေတ္တာ၏ဘောင်သည် ချစ်ခင်သူများ၊ လူသားများထက် ကျော်လွန်သွားသောအခါ လောကီလွန်မေတ္တာဟုပင် ခေါ်ရမည်ထင်သည်။ တစ်နည်းအားဖြင့် အဆင့်မြင့်ဆုံးမေတ္တာသည် သဟဇာတ သဘော ရောက်သွားသည်။ အရာရာအပေါ်တွင် အတ္တကင်းလွတ်သောစိတ်ထား ထားနိုင်ခြင်းသည်ပင် သဟဇာတသဘော ဖြစ်သည်။

ထို့ကြောင့်ပင် ပလေတိုသည် သူ့ဆရာဆိုကရေးတီးက ပြောခဲ့သည်ဟု ဆရာအမည် တပ်ပြီး သူ၏မေတ္တာဝါဒကိုဆီပိုဆီယန်ခေါ် စာပွဲတင်ကျမ်းတွင် ရေးသားခဲ့သည်။ ပလေတို သည် ငယ်စဉ်ဘဝသူငယ်ချင်းအပေါင်းအသင်းတို့နှင့် နေထိုင်ပေါင်းသင်းစဉ်ကပင် အားလုံး အပေါ်မခွဲခြားဘဲ မေတ္တာဓာတ်ဖြင့်သာ ပေါင်းသင်းသည်။ အနစ်နာခံသည်၊ လိုက်လျောသည်၊ စာနာသည်၊ နူးညံ့သိမ်မွေ့သော မေတ္တာဓာတ်နှင့်လိုက်လျောသော ပန်းချီ၊ ဂီတ၊ ကဗျာ၊ စာပေတို့ကို လေ့လာလိုက်စားသည်။ ဝတ္ထုရေးသည်၊ ဝါသနာတူသောအပေါင်းအသင်းနှင့် ပေါင်းရာတွင်မိမိ မိဘများ၏ အဆင့်အတန်းအတိုင်း မနေတော့ဘဲ သူငယ်ချင်းအပေါင်း အသင်းတို့၏ ဘဝအတိုင်းသာ လိုက်လျောနေထိုင်သည်။

ထို့ကြောင့် အပေါင်းအသင်းတို့က ပလေတိုအား ချစ်ခင်ကြသည်၊ လေးစားကြသည်။ ဤသို့ သူငယ်ချင်းအပေါင်းအသင်းများနှင့် စုဝေးပြီးအနုပညာများ၊ စာပေများကို လိုက်စား နေစဉ်တွင် ဆိုကရေးတီးနှင့် ဆုံမိသည်။ ဆိုကရေးတီးက တရားမျှတမှုနှင့် သစ္စာတရား အကြောင်း၊ အလှဗေဒအကြောင်းများပြောသည်ကို နားထောင်ရာမှ ဆိုကရေးတီး၏ အတွေးအခေါ်များကို စိတ်ဝင်စားပြီး ဆိုကရေးတီးထံ တပည့်ခံတော့သည်။ ဆိုကရေးတီး သည် နောက်လိုက်တပည့်တပန်းများ မွေးပြီးဆရာကြီးလုပ်စားနေသူမဟုတ်၊ ဘဝပါရမီ ဆက်ပါလာသူ လူငယ်များ၏ အစွမ်းအစ အတွေးအခေါ်များကိုသာ တိုးတက်သည်ထက် တိုးတက်ရန်၊ ပွင့်သည်ထက် ပွင့်လာစေရန် လူငယ်များနှင့် တန်းတူရည်တူ ပေါင်းသင်းဆွေး နွေး အချီအချ ပြောဆိုခြင်းဖြင့် ဉာဏ်ဖွင့်ပေးသူဖြစ်သည်။

နေ့စေ့လစေ့ ဖွားအုံဆဲဆဲ သန္ဓေသားကို မွေးဖွားပေးသော ဝိညာဉ်သားဖွားဆရာမ သာ ဖြစ်သည်။ နိုင်ငံတော်ဘာသာနှင့် ဆန့်ကျင်သော တရားများကိုယုံကြည်ဟောပြောသည် ဟူသော ပြစ်မှုဖြင့် ဆိုကရေးတီးအား သေဒဏ်ပေးလိုက်သောအခါတွင် ဆိုကရေးတီးဘက်မှ မခံမရပ်နိုင် အဖြစ်ဆုံးသူမှာ ပလေတိုပင်ဖြစ်သည်။ သူ့ဆရာ ဆိုရေးတီးက ထပ်ပြီးအခါ ၁၀၀ပင် သေဒဏ်ပေးပါစေ၊ သူခံဝံ့သည်၊ သူ၏ယုံကြည်မှုကို မစွန့်လွှတ်နိုင်။ သေဒဏ်ပေး၍ သေရသည်မှာ ခန္ဓာကိုယ်ကြီးသာဖြစ်သည်။ သူ၏ ဝိညာဉ်ကိုမူ မည်သူမျှ သတ်နိုင် မည်မဟုတ်။ ဝိညာဉ်သည် ဘဝတစ်ဖန် ပြန်ဖြစ်ရဦးမည်။ယုံကြည်ချက်အတွက် အသေခံရ သော ဝိညာဉ်သည် စွန့်လွှတ်မှ ပါရမီပြည့်စုံသွားမည်ဟူ၍ ဂန္ဓာရီပညာ၏ အခြေခံဒဿန ကိုသာ မြှင့်မြှင့်ဆုပ်ကိုင်ယုံကြည်ထားရန် တပည့်ဖြစ်သူ ပလေတိုအား မှာကြားခဲ့သည်။

ဘီစီ ၃၉၉ခုနှစ် ဆိုကရေးတီးအား သေဒဏ်ပေး၍ ဆိုကရေးတီး ကွယ်လွန်သွားသော အချိန်တွင် ပလေတို၏အသက်မှာ ၂၈နှစ် ဖြစ်သည်။ ဆိုကရေးတီးသည် အသက် ၇၀

တွင် ကွယ်လွန်သွားရာ ပလေတိုနှင့် အသက်ချင်းကွာလှသည်။ ဆရာဖြစ်သူ ဆိုကရေးတီး ကွယ်လွန်သွားသောအခါ လော်ကောင်းတုန်း တက်ကျိုးဆိုသကဲ့သို့ ဉာဏ်မီးတောက်မည့် အချိန်တွင် လေခတ်ပေးမည့်သူမဲ့သွားသောအခါ ပလေတိုသည် ဆရာရှာထွက်ရန် စိတ်ကူးပေါ်လာသည်။ ဆရာရှာမည်၊ ပညာရှာမည်၊ သစ္စာတရားတွေကို ရှာမည်ဆိုပါက နက်နဲသော ဉာဏ်ပညာများ၏ ပင်ရင်းဖြစ်သော အရှေ့တိုင်းသို့ သွားရောက်ရှာဖွေ လေ့လာရန် ဖြစ်သည်။

ထို့ကြောင့် ပလေတိုသည် မြေထဲပင်လယ်တစ်ဝိုက်ရှိ ဘေဘီလုံကော်ဒီယံပညာများကို လေ့လာသည်။ အားမရနိုင်သောအခါ အီဂျစ်သို့ရောက်အောင် သွားပြီး အီဂျစ် မဟာဂန္ဓာရီ ပညာပင်မကြီးဖြစ်သော အိုက်ဇစ်မဟာဂန္ဓာရီပညာကို တပည့်ခံ၍ လေ့လာသင်ကြားသည်။ ဤသို့ သင်ကြားရာတွင် ဆုံးခန်းတိုင် မရောက်မီ တတိယမာဂခေါ် တတိယအဆင့် အောင်မြင်ပြီးသောအခါ ရှမ်ဗဲလားမှ ဆရာရှင်တို့၏ ညွှန်ကြားချက်အရ မိမိဇာတိဌာနေ မွေးရပ်မြေတွင် တိမ်ကောစပြုနေသော မဟာဂန္ဓာရီပညာများကို ပြန်လည် အသက်သွင်းရန် ခေါမတိုင်းသို့ ပြန်လာခဲ့ရသည်။ အီဂျစ်မဟာဂန္ဓာရီပညာများကို လေ့လာသောအခါတွင် ကမ္ဘာမဟာဂန္ဓာရီပညာ၏ အချုပ်ဇာစ်မြစ်မှာ ရှမ်ဗဲလားမှ သဒ္ဒမ္မသူတော်စင်များဖြစ်ပြီး ကမ္ဘာအရပ်ရပ်တွင် ပေါ်ပေါက်ခဲ့သော မဟာဂန္ဓာရီပညာရှင်များသည် သဒ္ဒမ္မသူတော်စင် အဖွဲ့မှ တာဝန်ပေးစေလွှတ်ထားသူများသာ ဖြစ်ကြောင်းနှင့် ခေါမတိုင်းတွင် ရှေးဦးပေါ်ထွန်းခဲ့သော မဟာဂန္ဓာရီပညာရှင် အော်ဖိယပ်နှင့် ပိုက်သာဂိုရပ်တို့သည် ရှမ်ဗဲလားမှ စေလွှတ်သော မဟာဂန္ဓာရီပညာရှင်များသာ ဖြစ်သည်ကို ပလေတို သိရှိခဲ့သည်။

ထို့ကြောင့် ခေါမတိုင်းသို့ ပြန်ရောက်သောအခါ အော်ဖိယပ်နှင့် ပိုက်သာဂိုရပ်စ်တို့၏ အနှယ် တပည့်သာဝကများကို ရှာဖွေဆက်သွယ်သည်။ အော်ဖိယပ်နှင့် ပိုက်သာဂိုရပ်စ်တို့၏ မဟာဂန္ဓာရီပညာကိုလည်း သိသိသိပ်သိပ် ရှာဖွေလေ့လာသည်။ ဤသို့ ရှာဖွေလေ့လာရာတွင် အော်ဖိယပ် မဟာဂန္ဓာရီပညာ၏ အနှစ်သာရဖြစ်သော အသံ၏ သဘာဝ၊ အသံ၏ စွမ်းအင်တို့ သဘောပေါက်လာသည်။ ပိုက်သာဂိုရပ်စ်၏ သချိုင်္ဂ၏ သဘောသဘာဝ၊ လောကီလွန်သချိုင်္ဂနှင့် ဒဿနဆက်နွယ်ပုံ၊ သချိုင်္ဂနှင့် ဂန္ဓာရီပညာ ဆက်နွယ်ပုံတို့ကို ခြွင်းသုံးသပ်နိုင်လာသည်။ ယင်းရှေးဆရာနှစ်ပါး၏ မဟာဂန္ဓာရီဒဿနကိုလည်း ပြည့်စုံပိုပြင်စွာနားလည်လာသည်။ ဆိုကရေးတီး၏ အတွေးအခေါ်များမှာလည်း အော်ဖိယပ်၊ ပိုက်သာဂိုရပ်စ်တို့၏ မဟာဂန္ဓာရီဒဿနနှင့် အခြေခံအားဖြင့် တစ်ထပ်တည်း ဖြစ်နေသည်ကို သုံးသပ်မိလာသည်။

ဤပညာရှင်သုံးဦးတို့မှာ ခေတ်ကာလချင်း မတူ၍ ထုတ်ဖော်ဟောကြား သင်ကြားမှုချင်း မတူညီစေကာမူ သူတို့ အတွေးအခေါ်တို့၏ မူရင်းအခြေခံတရားမှာ ရှမ်ဗဲလား မဟာဂန္ဓာရီ ဒဿနဖြစ်သည်ကို မျက်ဝါးထင်ထင် ဉာဏ်မြင်လာသည်။ ခေါမဒဿနပညာရှင်အဖြစ် လူသိများသော ဤဆရာသုံးပါး၏ ထုတ်ဖော်ဟောကြားသော အတွေးအခေါ်မှာ တစ်ဦးနှင့်တစ်ဦး မတူကြစေကာမူ ခေတ်အခါနှင့် လျော်ညီအောင်သာ ကာလ

ဒေသအလိုက် ဟောပြောခြင်းဖြစ်ပြီး ပင်ကိုယ်တရားကြီး တစ်ခုတည်း ပင်ကိုယ်သစ္စာတရား အပင်ကြီးတစ်ခုတည်းမှ ဖြာထွက်လာသော အကိုင်းအခက်များ ဖြစ်သည်ကို ကွင်းဆက်မိလာသည်။ ထို့ကြောင့် ပလေတိုသည် မိမိခေတ်ကာလ၏ တောင်းဆိုချက်ဖြစ်သော ခေါမပြည်ကြီးတွင် တရားမျှတ ပွဲ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် ဦးစားပေး စဉ်းစားလာရသည်။

နိုင်ငံတော်ကြီးသည် တရားမျှတမှု၊ ပွဲ့ဖြိုးတိုးတက်မှုတို့ ပေါ်ပေါက်စေလိုပါက စိတ်ရင်းဖြူစင်ကောင်းမွန်ပြီး ဉာဏ်ပညာရှိသူတို့က နိုင်ငံတော်ကို ရှေ့ဆောင်ရမည်။ ဤသို့သော နိုင်ငံတော်မှ နိုင်ငံသားများသည် ဝိညာဉ်သန့်ရှင်းရေး၊ ပါရမီလမ်းစဉ်အတိုင်း ရပ်နာမ်နှစ်ဖြာ ဘက်စုံတိုးတက်ပြီး နောက်ဆုံးတွင် ဓာတ်ဘုရားကြီးထံမှောက်သို့ ရောက်ရှိနိုင်မည်။ ထို့ကြောင့် နိုင်ငံတော်၏ စွမ်းအားသည် နိုင်ငံသားများ၏ စိတ်ဝိညာဉ်စွမ်းအားဖြစ်သည်။ လူ၏ ဝိညာဉ်စွမ်းအား ကောင်းရန်အတွက် သုတစွယ်စုံနှင့် ဒဿနတရားအပါအဝင် ဂန္ဓာရီပညာ အခြေခံများကို သင်ကြားသော အကယ်ဒမီတက္ကသိုလ်များကို တည်ထောင်၍ ပညာရပ်များကို လေ့ကျင့်သင်ကြားပေးသည်။

အေသင်မြို့အနီး အရိပ်အာဝါသကောင်းသော တောအုပ်တစ်ခုတွင် အကယ်ဒမီတက္ကသိုလ်ကို ဖွင့်လှစ်ပေးပြီး နိုင်ငံသားပညာရှိ သူတော်ကောင်းများကို မွေးထုတ်ရန် စီစဉ်သည်။ ပိုက်သာဂိုရပ်စ်သည် ကရိတ်နှာတွင် တက္ကသိုလ်ကြီး ဖွင့်လှစ်သင်ကြားပေးခဲ့သော ထုံးကို နှလုံးမူ၍ ပိုက်သာဂိုရပ်စ်၏ မပြီးဆုံးသေးသော တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်။ ပိုက်သာဂိုရပ်စ်သည် နိုင်ငံတော်အစိုးရ၏ ငြိုငြင်မှု၊ သစ္စာဖောက် တပည့်၏ သစ္စာဖောက်မှုတို့ကြောင့် ယင်းတက္ကသိုလ်ကြီး ပျက်စီးပြီး ပိုက်သာဂိုရပ်စ် ဂိုဏ်းကြီးလည်း ဖရိဖရဲ တကွဲစီဖြစ်သွားရသော သာဓကကိုလည်း ပလေတို မြင်သည်။

ထို့ကြောင့် ပိုက်သာဂိုရပ်စ်၏ မဟာဂန္ဓာရီအမွေကို ဆက်ခံခြင်းကိစ္စကိုမူ လက်ရင်းအနွေ့ဝါသိက သာဝက အနည်းငယ်ကိုသာ အသိပေးခဲ့သည်။ ထုတ်ဖော်ပြော ဆိုခြင်းကား မပြုပေ။ တပည့်ရင်းများကိုလည်း နှုတ်လုံပါမည်ဟူသော ကတိသစ္စာဆိုပြီးမှသာလျှင် ပိုက်သာဂိုရပ်စ် ချမှတ်ခဲ့သော မဟာဂန္ဓာရီ ပညာရပ်နှင့် မဟာဂန္ဓာရီသမိုင်းကို သင်ကြားသည်။ မဟာဂန္ဓာရီ အစဉ်အလာကို မသိသူများကမူ ပလေတိုသည် ဆိုကရေးတီး၏ တပည့်ဟုသာ ထင်ကြသည်။ သို့သော် ပလေတိုသည် ဂန္ဓာရီပညာနှင့်ပတ်သက်သော အချက်အလက်အချို့ကိုမူ သူ၏ ဒဿနကျမ်းများတွင် အကြောင်းဆီလျော်ရာတွင် ထည့်သွင်းရေးသားခဲ့သည်။

တင်မေဆပ်ကျမ်းတွင် ဂန္ဓာရီပညာထုံကူး၊ ထုံတက်ခြင်းအကြောင်း ဆွေးနွေးသည်။ ဆင်ပိုဆီယံတွင်လည်း မေတ္တာအကြောင်း ဆွေးနွေးခန်းတွင် ထုံကူး၊ ထုံတက်ခြင်းအကြောင်း ရေးသားသည်။ ဒိုင်အိုတီမာသည် ဆိုကရေးတီးအား ထုံကူးပေးခဲ့သည်ဟု ယင်းကျမ်းတွင် ဖော်ထုတ်ရေးသည်။ ဖေဒိုကျမ်းတွင် ဝိညာဉ်စတင် ဖြစ်ပေါ်လာပုံနှင့် ဝိညာဉ်၏ တိုးတက်မှုဖြစ်စဉ်ကို တင်ပြထားသည်။ တစ်နည်းအားဖြင့် ဝိညာဉ်၏ သံသရာ တစ်လျှောက်

ပါရမီဖြည့်ဆည်းပုံကို ဆွေးနွေးထားခြင်း ဖြစ်သည်။ ဂန္ဓာရီပညာကို နားမလည်လျှင် ဂန္ဓာရီပညာရှင်တွေရဲ့ ဟောပြောချက်ကို နားမလည်နိုင်။ မဟာဂန္ဓာရီ ပညာရှင်တွေသည် ဒဿနပညာရှင်အစစ်များ ဖြစ်သည်။

ပလေတိုကိုယ်တိုင်ကလည်း ဂန္ဓာရီပညာရှင်ဖြစ်အောင် အစွမ်းကုန် ကြိုးစားလျက် ရှိသည်ဟု ဖော်ပြထားသည်။ နိုင်ငံသားများသည် ပုဂ္ဂလိကပိုင်ဆိုင်မှု (၀၊) တစ်ဦးချင်း ပိုင်ဆိုင်မှု စည်းစိမ်ဥစ္စာများ ရှိနေလျှင် လူသဘာဝအရ လောဘမသတ်နိုင်ဘဲ မိမိတစ်ဦး တည်းပိုင် ပစ္စည်းဥစ္စာများကို တိုးပွားအောင် လုပ်ဆောင်ကြလျှင် နိုင်ငံတော် အေးချမ်းတည် ငြိမ်မှုမရနိုင်။ နိုင်ငံသားများ စိတ်နလုံးညှိုးနွမ်းပြီး ရတက်မအေးနိုင်အောင် ဖြစ်နေပါက ဝိညာဉ်၏ ပါရမီဖြည့်ဆည်းမှုကို ဆောင်ရွက်နိုင်တော့မည် မဟုတ်။ ထို့ကြောင့် တစ်ဦးချင်း ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းပြီး ပစ္စည်းဥစ္စာအားလုံးကို နိုင်ငံသားအားလုံးက ပိုင်ဆိုင် သော 'ဘုံ' စနစ်ကြီးကို Marx မမွေးမီကပင် စမ်းသပ်ကြိုးစားခဲ့သည်။

ပလေတိုသည် မာဂအဆင့် ကုန်ရောက်ရှိသော ဂန္ဓာရီပညာရှင် မဟုတ်သေးသဖြင့် သူ၏ 'ဘုံ'စနစ်ကြီးမှာ လေထဲ တိုက်အိမ်ဆောက်သည့်နယ် ပျောက်ကွယ်သွားသည်။ သို့ရာတွင် နိုင်ငံတော် ဖွဲ့စည်းတည်ထောင်မှုတွင် ပညာရှိ သူတော်ကောင်းများက နိုင်ငံ တော်ကို ရှေ့ဆောင်ရမည်ဟူသော ဒဿနမှာ ယနေ့ (၂၀)ရာစုထိ ခေတ်စားဆဲဖြစ်ရာ ပလေတို၏ ဒဿနမှာ လောကရှိ လူသားများကို အကျိုးပြုလျက်ရှိနေသေးသည်။ ထို့ အပြင်လည်း နိုင်ငံတော် ထူထောင်တည်တံ့ရေးအတွက် ဂီတပညာ၏ အရေးပါမှုကိုလည်း ထူးခြားစွာ ထုတ်ဖော်ခဲ့သည်။ ဂီတသည် စိတ်နလုံးကို ပျော့ပျောင်းငြိမ်းချမ်းစေသည်ဖြစ်ရာ လူတွေ တရားသဘော ဆင်ခြင်နိုင်ရန် အခြေခံပေးသည်။ ဂီတသည် လူတွေ၏ စိတ် ဝိညာဉ်တွင် လုံလဉသဟနှင့်ဆင်ခြင်ဉာဏ်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေသည်။ သင့်လျော် သော ဂီတနှင့်သီချင်းကို ခွင့်ပြုပါက ယင်းနိုင်ငံအတွက် ဥပဒေပြုစရာမလိုတော့ချေဟု ပလေတိုက ရဲဝံ့စွာ ဆိုသည်။

မြန်မာစာရေးဆရာကြီး မင်းဆွေကလည်း ဂီတသာလျှင် လူမျိုးသာသည် ဂီတ ချာလျှင် လူမျိုးချာသည်ဟု အခိုင်အမာဆိုခဲ့သည်ကို သတိရမိသည်။ ပလေတိုမတိုင်မီ ရှေးပဓေသဏီကာလမှ တရုတ်သုခမိန်ကြီး လူပုဝေက သူ၏ ဆောင်းဦးနှင့် နွေဦးကျမ်းတွင် ဂီတပညာ၏ အတိမ်အနက်ကို ဤသို့ရေးသားထားသည်။

"ဂီတသံသည် အာရုံသိလွန်လောကမှ ဆင်းသက်လာခြင်းဖြစ်သည်။ အာရုံသိလွန် လောကတွင် စွမ်းအင်နှစ်ပါးရှိသည်။ အလင်းနှင့်အမှောင်၊ ယင်နှင့်ယန် စွမ်းအင်နှစ်မျိုးတို့ ပေါင်းစပ်ထားသော အရာသည် အာရုံသိလွန် (၀၊) လောကီလွန် လောကကြီးဖြစ်သည်။ ယင်နှင့် ယန် ပကွတရားနှစ်ပါးတို့သည် ညီညွတ်မျှတစွာ ချိန်ခွင်ဘောင်ပိတ်နေသော သဟဇာတဖြစ်မှသည် ဂီတပညာ၏ အသည်းနှလုံးဖြစ်သည်။ အသံများကို သဟဇာတ ဖြစ်အောင် သီကုံးထားသော ဂီတသံစဉ်များသည် ကြားရသူတို့အား နားဝင်ပိတ်ဖြစ်စေသည်။ ထိုမှတစ်ဆင့် ဂီတသံကြားရသူများ၏ ဝိညာဉ်ကိုလည်း သဟဇာတဖြစ်စေသည်။ သဟ

ဓာတ်တရား လက်ကိုင်ထားသော မင်းနှင့် ပြည်သူတို့သည် တိုးတက်ကြီးပွားမည်။ ဘဟ ဓာတ တရားမဲ့သော သံစဉ်တို့သည် ငြိမ့်ညောင်းသာယာမှု ပျက်ပြားသွားသဖြင့် ကြားရ သူများကိုလည်း သဟဓာတတရား ပျက်ပြားစေပြီး ထိုနိုင်ငံးတို့နှင့် ဖွဲ့စည်းတည်ထောင် ထားသော နိုင်ငံတော်သည်လည်း ယိုယွင်းလာမည်"

"ဂီတသည် ကောင်းကင်နှင့် မြေကြီး၏ သဟဓာတဖြစ်မှုပေါ်တွင် တည်ဆောက် ထားခြင်းဖြစ်သည်။ ချူနိုင်ငံ ပျက်စီးတိမ်းပါးသွားရသည်မှာ ဂီတ လွမ်းမိုးမှုကြောင့် ဖြစ် သည်။ ဂီတသံစဉ်သည် သဟဓာတဖြစ်သော အသံတို့ဖြင့် ဖွဲ့စည်းထားပါက နိုင်ငံတော် အေးချမ်းသာယာဝပြောမည်။ ဂီတသံစဉ်သည် သဟဓာတမဖြစ်ပါက နိုင်ငံတော်သည် ဆုတ်ယုတ်ပျက်ပြားပြီး ဘေးအန္တရာယ်တို့ဖြင့် တွေ့ကြုံရမည်"

တရုတ်တို့သည် ရှေးအခါကပင် ဂီတသံနှင့် ပတ်သက်၍ လေ့လာလိုက်စားခဲ့ကြ သည်။ ဂီတ အရသာကို အဆင့်အမြင့်ဆုံး ခံစားနိုင်ကြသည်။ တရုတ်ဒဿနပညာရှင်ကြီး ဖြစ်သူ ကွန်ဖြူးရှပ်သည် ရှောင်၏ တေးဂီတကို အားပါးတရ နားအရသာခံစားလိုက်ရ ပြီးနောက် သုံးလမျှ ခံတွင်းပျက်သွားသည်။ နားတွင်ခံစားသော သောတအာရုံအရသာသို့ အာရုံစိုက်ထားသဖြင့် လျှာအရသာ ရသာရုံကို မေ့ပျောက်သွားခြင်းဖြစ်သည်။ ရသာရုံကို သောတရုံက လွမ်းမိုးသွားခြင်းပင်ဖြစ်သည်။ ထို့ပြင် သဟဓာတဝါဒီ ဒဿနပညာရှင်ကြီး ကွန်ဖြူးရှပ်က ကဗျာရွတ်ဆိုခြင်းဖြင့် အိပ်ရာနိုးစေ၊ ဓမ္မအတိုင်း ကျင့်သုံးခြင်းဖြင့် ကိုယ် ကျင့်သိလကို တည်ဆောက်စေ၊ ဂီတပညာဖြင့် ပညာကိုရေး ပြီးပြည့်စုံစေဟု ဩဝါဒ ချမှတ်ထားသည်။

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ယဉ်ကျေးမှု ထွန်းကားရာဖြစ်သော တရုတ် ရှေး ဘုရင်များသည် ဂီတထွန်းကားလျှင် ပြည်ထွန်းကားသည်ဟု ယုံကြသည်။ တေးများကို စောင့်ရှောက်သူ ဂီတဆရာကြီးများသည် ဂီတနှင့်ပတ်သက်လျှင် အလွန် စည်းကမ်း ရှိသေကြသည်။ သစ္စာရှိကြသည်။ တရုတ်ဂီတတွင် ဆင်ရှန်သံစဉ်၊ ဆင်ဆဲသံစဉ်တို့သည် ဖျက်ဆီးတတ်သော ဂီတအသံစွမ်းအင်ဖြစ်၍ အလွန်အန္တရာယ်များသည်။ နိမ့်ကျ ပျက်စီး စေတတ်သဖြင့် ဈာန်ဘုရားများက မနှစ်သက်၊ ယင်းဂီတသံစဉ်များကို တီးခတ်လိုက်လျှင် ကောင်းကင်ကြီးတစ်ခုလုံး ညိုမှိုင်းမည်းမှောင်လာပြီး အဆောက်အအုံနံရံများ ကွဲအက် ပျက်စီးသွားစေသည်။ နိုင်ငံတော်ကိုလည်း ပျက်စီးစေသည်ဟု ယုံကြည်ကြသည်။

စင်စစ်အားဖြင့် တရုတ်ပြည်နှင့် ခေါမပြည်သည် ပထဝီအနေအထားအရ ဝေးကွာ လှသော်လည်း ကွန်ဖြူးရှပ်၊ လူပုဝေတို့သည်လည်းကောင်း၊ ပိုက်သာဂိုရပ်၊ အော်ဖိယပ်၊ ပလေတိုသည်လည်းကောင်း သဓမ္မသူတော်စဉ်အဖွဲ့မှ လောကအကျိုးဆောင် ဂန္ဓာရီပညာ ရှင်များချည်းသာ ဖြစ်လေရာ အသံစွမ်းအင်၊ ဂီတစွမ်းအင်များကို လောကလူသားတို့အတွက် အသုံးကျရန် မိမိတို့သန်ရာ ဂန္ဓာရီပညာဖြင့် ဖော်ထုတ်ခြင်းသာဖြစ်သည်။

ပလေတိုက ဤစကြဝဠာကြီး မဖြစ်မေါ်မီ အစပထမဆုံးကာလတွင် မဟာကော ဓာတ်ကြီး တစ်ခုတည်းသာရှိခဲ့သည်။ မဟာကောဓာတ်ကြီးမှ အ၊ အု၊ မ ဟူသော အသံ

နှင့်အတူ ဓာတ်ဖြာထွက်မှု ပေါပေါက်လာပြီးလျှင် ဈာန်ဘုရားများ ဖြစ်ပေါ်လာသည်။ ဈာန်ဘုရားအဆင့်မှ ဒေဝါ စသော လောကီနှင့် အနိမ့်စပ်ဆုံး အ၊ အု၊ မ ဟူသော အသံစွမ်းအင်ဖြင့် ဓာတ်ဖြာထွက်အောင် လွှင့်ထုတ်သောအခါတွင် လောကီဘုံအဆင့်ဆင့်နှင့် တကွ စကြဝဠာကြီး ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လောကီဘုံများနှင့် စကြဝဠာ အပါအဝင် ရုပ်လောကကြီး၏ မူလအခြေပြုရာစွမ်းအင်သည် အသံစွမ်းအင်ဖြစ်သည်။ လောကီနယ်အတွင်း အသံစွမ်းအင်ထက် ထိရောက်သော တန်ခိုးကြီးသော အရာမရှိ။ အသံစွမ်းအင်ဖြင့် လောကကိုတည်ဆောက်နိုင်သည်။ နိုင်ငံတော်ကို တည်ဆောက်နိုင်သည်။ ဝိညာဉ်ကို နှိုးဆွနိုင်သည်။ လူ၏စိတ်ကို ပြောင်းလဲနိုင်သည်။ စိတ်ဝိညာဉ်ကို အခြေပြုထားသော နိုင်ငံတော်ကြီးကိုလည်း ပြောင်းလဲနိုင်သည်။

ထို့ကြောင့် အသံစွမ်းအင်တို့ကို စနစ်တကျ သဟဇာတဖြစ်အောင် ပေါင်းစပ်ထားသော ဂီတသံစဉ်သည် လူတစ်ဦး၊ နိုင်ငံတော်တစ်ခု၏ အတက်အကျ၊ ကောင်းကျိုးဆိုးကျိုးကို ဖန်တီးနိုင်စွမ်းရှိသည်။ ထိုထက်ပို၍ အန္တိမ အဆုံးစကားပြောရသော် ဝိညာဉ်ကို ချည်နှောင်ထားသော ကိလေသာ ရုပ်တရားများကို ရှင်းလင်းစေသည်။ ဝိညာဉ် သန့်ရှင်းစေသည်။ ဝိညာဉ်ကို သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်စေသည်။

ပလေတို ကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၂၃၀၀ ကျော်တွင် စာပေပညာရှင် ဟာမင်ဟက်စ်ကလည်း ဂီတအကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ဖြစ်အောင် ရေးသားခဲ့သည်။ နိဘယ်လ်စာပေဆုရ ဆရာကြီး ဟာမင်ဟက်စ်သည် သိဒ္ဓတ္ထဝတ္ထု ရေးခဲ့သူဖြစ်သည်။ သိဒ္ဓတ္ထဝတ္ထုသည် မင်းသမီးမပါ။ အတွေးအခေါ် ဝတ္ထုဖြစ်သည်။ ဟာမင်ဟက်စ်၏ နောက်ဆုံး လက်ရာမွန်ဝတ္ထုဖြစ်သော **The Glass Bead Game** သည်လည်း မင်းသမီးမပါ၊ ဇာတ်လမ်းမရှိသော အတွေးအခေါ်ဝတ္ထု ဖြစ်သည်။ ဝတ္ထုပါ အကြောင်းအရာမှာ နောင်အနာဂတ် ၂၅ ရာစုနှစ်တွင် ဖြစ်ပေါ်လာမည့် ဂီတဇာတ်လမ်း ဖြစ်သည်။ အတွေးအခေါ် ဉာဏ်ရည်ထက်မြက်သူများကို မွေးထုတ်ရန်အတွက် ကပ်စတာလီယာခေါ် နယ်မြေဒေသ တစ်ခုတွင် ပလေတို၏ အကယ်ဒမီတက္ကသိုလ်ကဲ့သို့ အတွေးအခေါ်နှင့် ဂီတပညာများ ဆည်းပူးရန် တက္ကသိုလ်ကြီးတစ်ခုရှိသည်။ ယင်းတက္ကသိုလ်ကို အုပ်ချုပ်သူများ၊ သင်ပြသူဆရာများနှင့် တပည့်များကို ကပ်စတာလီယန်များဟု ခေါ်ပြီး ယင်းတက္ကသိုလ်နှင့် ဆရာ တပည့်တို့ကို ကပ်စတာလီယန်ဂိုဏ်းကြီးဟု ခေါ်သည်။

ဝတ္ထု၏ အဓိကဇာတ်ဆောင် နက်သည် ဂီတပညာ ကျွမ်းကျင်သူဖြစ်သည်။ ကပ်စတာလီယာ တက္ကသိုလ်တွင် ဂီတပညာ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရသည်။ ဂီတအသံသည် မဟာဧကောဓာတ်ဘုရားကြီးထံမှ စတင်ဖြစ်ပေါ်လာရာ သဟဇာတဖြစ်သော အသံတို့ဖြင့် ဖွဲ့စည်းထားသော ဂီတသံသည် ကြားရသူ၏ ဝိညာဉ်ကို မဟာဧကော ဓာတ်ဘုရားကြီးထံသို့ ပို့ဆောင်ပေးမည်။ ဓာတ်ဘုရားကြီးထံ မရောက်မီကာလအတွင်း ကြားရသူသည် စိတ်၏ လွတ်မြောက်မှုကိုရသည်။ စိတ်သည် အရာရာနှင့် သဟဇာတ ဖြစ်လာသဖြင့် ဉာဏ်ရည်များ ထက်မြက်လာပြီး လောကအကျိုးကို ဆောင်နိုင်မည်။

(၀၂) အန္တေဝါသိက ဂိတသံသာလျှင် အဆုံးစွန်သော အကျိုးကို ပေးနိုင်သည်။ ထို့ကြောင့် လောကီလွန်အသံ၊ ဂိတသံများကို ဈာန်နည်းဖြင့် ရှာဖွေရမည်။

ဈာန်နည်းမှာ ဘာသာရေးသမားများ အားထုတ်သော ဘာဝနာနည်း မဟုတ်။ ၂၅ ရာစုတွင် သိပ္ပံပညာနှင့် အတွေးအခေါ်များ မြင့်လာပြီဖြစ်၍ သချိုင်္ဂနှင့် ဂိတတို့ တွဲဖက်ထားသော တရုတ်ပေသီးခုံကဲ့သို့ ကိရိယာဖြင့် ဖန်သီးများကို ကစားနည်းဖြင့် ဈာန်ဝင်စားခြင်းဖြစ်သည်။ ဈာန်ဖြင့် လောကီလွန် လောကသို့ ရောက်ရှိသောအခါ အရှုပလောကတွင် ဂိတသံစဉ်သကေ်တများကို ရှာဖွေမည်။ ယင်း ဂိတသံစဉ်သကေ်တများဖြင့် အရှုပဘုံတွင် ဂိတသံစဉ်သစ်များ သီကုံးဖွဲ့စည်းမည်။ နောက် ယင်းအရှုပ ဂိတသံစဉ်တွဲများကို လူ့ပြည်သို့ ပြန်လည်သယ်ဆောင်လာပြီး လူ့ဘုံဂိတ တူရိယာများဖြင့် မူလ လောကီလွန် ဂိတသံနှင့် နီးစပ်နိုင်သမျှ နီးစပ်သော ဂိတရေးဖွဲ့ခြင်းဖြင့် လူသားတို့၏ ဝိညာဉ်ကို နှိုးမည်။ ဉာဏ်ရည်ကို ပွင့်လင်းစေမည်။ တရားမျှတမှု ရှိစေမည်ဖြစ်သည်။

ထို့ကြောင့် ပလေတို၏ ဂိတအတွေးအခေါ်သည် ၂၀ ရာစုတွင် အကောင်အထည်မပေါ်သေးသော်လည်း နောင်လာမည့် မဝေးတော့သော အနာဂတ်ကာလတွင် ဂိတသံစဉ်ဖြင့် လောကကို အကျိုးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

*

အာဂ်ဆင်နီ
မဟာဂန္ဓာရီဂိုဏ်း

အော်ဖိယပ်၊ ပိုက်သာဂိုရပ်နှင့်ပလေတို၏အနောက်တိုင်း မဟာဂန္ဓာရီဂိုဏ်းကြီးမှာ ပလေတိုကွယ်လွန်သော ဘီစီ ၃၇၄ မှစ၍ ဆုတ်ယုတ်လာရာ ပလေတို၏ အကယ်ဒမီ ဂန္ဓာရီဂိုဏ်းကြီးမှာလည်း မိဘမဲ့ ကလေးသူငယ်ကဲ့သို့ ဂန္ဓာရီပညာ ကျဆင်းလာသည်။ ပလေတိုကွယ်လွန်ပြီးသောအခါ အရစ္စတိုတယ် ကျန်ရှိခဲ့သော်လည်း အရစ္စတိုတယ်သည် ဂန္ဓာရီပညာအမွေကို ဆက်လက် သယ်ဆောင်ခြင်း မပြုနိုင်တော့ဘဲ အင်အားချည့်နဲ့လာရာ ပလေတို၏ ဒဿနပညာအမွေကိုသာလျှင် ဆက်နိုင်တော့သည်။

အော်ဖိယပ်၊ ပိုက်သာဂိုရပ်၊ ပလေတိုတို့ တည်ထောင်ခဲ့သော အနောက်တိုင်း ဂန္ဓာရီပညာလမ်းစဉ်၏ အဓိက ရည်ရွယ်ချက်ဖြစ်သော ပညာရှိသူတော်ကောင်း ဂန္ဓာရီပညာရှင်များက နိုင်ငံတော်ကို ဦးဆောင်၍ နိုင်ငံတော်သည် နာမ်ပိုင်းဆိုင်ရာတွင်လည်း တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရေး လုပ်ငန်းတာဝန် ရည်ရွယ်ချက်ကြီးသည် ပျောက်ကွယ်သွားရသည်။ ပလေတို၏ သူတော်စင် ဂန္ဓာရီပညာရှင်တို့က နိုင်ငံတော် ရှေ့

ဆောင်မှု ဆိုသည်မှာလည်း စိတ်ကူးယဉ်အိပ်မက်အဖြစ်သာ နှောင်းလူများက အသိအမှတ်ပြုကြတော့သည်။

ဤသို့ အော်ဖိယပ် စတင်တည်ထောင်ပြီး ပိုက်သာဂိုရပ်နှင့် ပလေတိုက လက်ဆင့်ကမ်း သယ်ဆောင်လာသော အနောက်တိုင်း မဟာဂန္ဓာရီပညာကြီး တိမ်ကောသွားရခြင်းမှာ ထိုစဉ်က ခေါမ၊ ရောမရှိ နိုင်ငံရေးသမားများ၏ အတ္တမာနမြင့်မှု၊ ဒဿနဆရာများ၏ သေးသိမ်မှု၊ လူထု၏ ကာမဂုဏ် မက်မောမှုများကြောင့် ဖြစ်သည်။ ပလေတို၏ တပည့်များက ခေါမဂန္ဓာရီများကို ဆက်လက် ကျင့်သုံးလိုသော်လည်း အခြေအနေက ခွင့်မပြုတော့။ ခေါမတွင် ဘာသာရေး၊ စာရိတ္တနှင့် အသိဉာဏ်တို့သည် လျော့ကျသွားသည်။ နိုင်ငံရေးနှင့်လူမှုရေးတွင် အယူသီးမှုက လွှမ်းမိုးလာသည်။ မူလ အော်ဖိယပ်၏ ဘာသာရေးသြဝါဒများမှာ နှောင်းခေတ်ဘာသာရေး ရှေ့ဆောင်ပုဂ္ဂိုလ်တို့၏ တရားသေဆန်မှု အယူသီးမှုကြောင့် အဆင့်နိမ့်ကျသွားသည်။

ဒဿနတွင် ရပ်ဝါဒဆန်သော အတွေးအခေါ်များ ပေါ်ပေါက်လာသည်။ နိုင်ငံရေးတွင် အတ္တမာန် ထောင်လွှားပြီး သွေးကွဲလာသောအခါ နိုင်ငံတော် မတည်မငြိမ် ဖြစ်လာသည်။ နိုင်ငံတော် ဖယိုဖရဲဖြစ်ပြီး အတွေးအခေါ်များ နိမ့်ကျသွားသောအခါ မဟာဂန္ဓာရီပညာလည်း မထွန်းကားနိုင်တော့ဘဲ ပလေတို ကွယ်လွန်သွားသောအခါ အနောက်တိုင်း ဂန္ဓာရီဂိုဏ်းကြီးမှာလည်း တစ်စခန်းရပ်သွားလေသည်။ အနောက်တိုင်း မဟာဂန္ဓာရီ တစ်စခန်း ရပ်သွားသောအခါတွင် ဂန္ဓာရီပညာသည် အနောက်တိုင်းနှင့် နီးစပ်သော အရှေ့တိုင်းဘက်သို့ စီးဝင်သွားသည်။ မြေထဲပင်လယ်ကို ဗဟိုပြု၍ အရှေ့ဘက်တွင် အရှေ့တိုင်းအာရှ၊ အနောက်တောင်ဘက်တွင် အာဖရိကတိုက်၊ အီဂျစ်နှင့် အနောက်ဘက်တွင် ခေါမ၊ ရောမ အနောက်တိုင်းတို့သည် တိုက်ချင်းခြားနားနေစေကာမူ လူချင်း၊ ယဉ်ကျေးမှုချင်း၊ သမိုင်းချင်း နီးကပ် ဆက်နွယ်နေကြသည်။ အာရှအရှေ့တိုင်းတွင် ဘေဘီလုံ၊ အကာဒီယံ၊ ဆီရီယား၊ ပါလက်စတိုင်း၊ ကျော်ဒန်၊ ပါရှား(အီရန်) ပါဝင်သည်။

အာဖရိကတိုက်တွင် အီဂျစ်၊ အီသီယိုပီယား၊ ဆူဒန် စသည်တို့ ပါဝင်သည်။ အနောက်တိုင်းတွင် ခေါ(ဂရိ)နှင့် အီတလီ ရောမတို့ ဖြစ်သည်။ ယင်းသုံးတိုက် ဆက်စပ်နေသော နေရာဒေသသည် လူ့ယဉ်ကျေးမှုနှင့် ဂန္ဓာရီပညာရပ်များ၊ အတွေးအခေါ်ပညာရပ်များ၊ သိပ္ပံပညာရပ်များ ဘက်စုံ စတင်ထွန်းကားရာဖြစ်သည်။

ထိုစဉ်က ပါလက်စတိုင်းပြည်သည် လူမျိုးစုံ၊ ဘာသာစုံ၊ အယူဝါဒစုံ ရှိနေသောတိုင်းပြည်ဖြစ်သည်။ ဂျူးများ ကိုးကွယ်သော ဂျူဒါအစ်စင်ဘာသာ၊ ဖာရစီ၊ ဆက်ဂျူဆီ စသော လူမျိုးစုံ၊ ဘာသာစုံ ဖြစ်သည်။ တစ်နည်းအားဖြင့် အတ္တလန်တစ် ပင်မလူမျိုးကြီးများ၏ အနွယ်များဖြစ်သော ဆီးမိုက်၊ တာရေနီယံ အနွယ်များနှင့် အာဖရိကတိုက်မှ လမူရီယန် အနွယ်များ ရောနှောနေသည်။ ယင်းလူမျိုးနွယ်များထဲတွင် အီနွိယ၊ အာဖဂန်နစ်စတန်တို့မှ ဆင်းသက်လာသော အာရ်ယန်မျိုးနွယ်များလည်း ပါဝင်သည်။ တစ်ဖန် ခေါမ ရောမ အနောက်တိုင်းရှိ အာရ်ယန်များကလည်း အနောက်ဘက်တွင် ရှိနေသည်။ ထို့ကြောင့်

ယင်းဒေသကြီးသည် လမူရီယန်မျိုးနွယ်၊ အတ္တလန်တိယန်မျိုးနွယ်၊ အာရ်ယန်မျိုးနွယ်တို့ ပေါင်းဆုံရာ ဒေသကြီးဖြစ်ရာ ယဉ်ကျေးမှုအမျိုးမျိုး၊ ဘာသာအယူဝါဒအမျိုးမျိုး၊ ဂန္ဓာရီပညာအမျိုးမျိုးတို့ ပေါက်ဖွားရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်နေသည်။

ပထဝီအနေအထား နီးစပ်နေသကဲ့သို့ ယဉ်ကျေးမှုနှင့် ဂန္ဓာရီပညာချင်းလည်း နီးစပ်ဆက်နွယ်နေသည်။ ထို့ကြောင့် အနောက်တိုင်း ခေါမဂန္ဓာရီပညာသည် ခေါမတွင် လျှောကျ တိမ်ကောသွားသောအခါတွင် အရှေ့တိုင်း ပါလက်စတိုင်းဘက်သို့ ကူးသွားသည်။ ပင်လယ်ရေပြင်သည် အမြင်အားဖြင့် ကျယ်ဝန်းလှသဖြင့် တစ်ဖက်နှင့်တစ်ဖက် ဝေးကွာလှသည်ဟု ထင်ရသော်လည်း ရေကြောင်းခရီးဖြင့် ဆက်သွယ်ရေးတွင်ကား ထင်သလောက် မဝေးတော့ဘဲ ဆက်သွယ်နိုင်သည်။ ကုန်းမြေတွင် တစ်ပြည်နှင့်တစ်ပြည်သည် မဝေးလှသော်လည်း တောတောင် သဲကန္တာရများ ခြားနေလျှင် အမြင်နီး၍ ခရီးဝေးတတ်သည်။ အတ္တလန်တစ်တိုက်ကြီး ဖွံ့ဖြိုးတိုးတက်စဉ်က ရှမ်ဗဲလားဟူသော အရပ်မှာ သာမညသာ ဖြစ်သည်။ အတ္တလန်တစ်တိုက်ကြီး ရေအောက်နစ်မြုပ်သွားသောအခါ သဒ္ဓမ္မသူတော်စဉ် အဖွဲ့ကြီး၏ ဌာနချုပ်ကို ယခုအခါ မက်ဇီကိုဟုခေါ်သော မာယာတိုင်းကြီးသို့ ခေတ္တယာယီ ပြောင်းရွှေ့ပြီး မာယာတိုင်းကြီး၏ ဘုရားကျောင်းတွင် ဌာနချုပ်ဖွင့်ထားရသည်။ မက်ဇီကိုပြည်ကို ထိုစဉ်က အစ်ဇက်တက်တိုင်းဟု အမည်တွင်ပြီး အစ်ဇက်တက်တို့၏ ကျောင်းတော်မှာ အိုင်ဘက်စ်ဟု အမည်တွင်သည်။ ယခုအခါ မက်ဇီကိုဟုခေါ်သော တိုင်းပြည်နှင့်တကွ ဆောင်အမေရိကတိုက်ကြီးသည် အတ္တလန်တစ်တိုက်ကြီး၏ ယဉ်ကျေးမှုနယ်တွင် ပါဝင်သည်။

အတ္တလန်တစ်တိုက် ပင်မနေရာကြီး ပျောက်ကွယ်သွားသောအခါ အစ်ဇက်တက်ရှိ အိုင်ဘက်စ်ဘုရားကျောင်းသို့ သဒ္ဓမ္မအဖွဲ့ကြီး ပြောင်းရွှေ့သွားရခြင်း ဖြစ်သည်။ အတ္တလန်တစ်တိုက်ကြီးကလည်း မရှိတော့ပြီ။ နောင်အခါ ဌာနချုပ်တည်ရာဖြစ်လာမည့် ရှမ်ဗဲလားသို့လည်း လူမရောက်မပေါက်သေးသော ကာလတွင် ဖြစ်သည်။ ရှမ်ဗဲလား မတည်ထောင်မီ တစ်နည်းအားဖြင့် အတ္တလန်တစ်တိုက်သားတို့ထဲမှ ရှမ်ဗဲလားသွားမည့် လက်ရွေးစင် လူချွန်လူမွန်များသည် အာရှတိုက် အနောက်ဖျားဒေသသို့ ဖြတ်သန်းနေဆဲ ခြားကာလတွင် သဒ္ဓမ္မသူတော်စင်ဂိဏ်းကြီး၏ ဌာနခွဲကြီးကို အီဂျစ်တွင် ဖွင့်လှစ်ထားပြီး အီဂျစ်မှနေ၍ အာရှ၊ အာဖရိကနှင့် အနောက်တိုင်းများသို့ သဒ္ဓမ္မမဟာဂန္ဓာရီဂိဏ်းပညာများကို ဖြန့်ဖြူးလျက် ရှိသည်။ ထို့ကြောင့် အီဂျစ်သည် ဂန္ဓာရီပညာရပ်များ ဖြန့်ဖြူးရာ ဗဟိုဌာနကြီးကဲ့သို့ ဖြစ်နေသည်။

ရှမ်ဗဲလားသို့ သဒ္ဓမ္မသူတော်စင်အဖွဲ့ကြီး အခြေချ ဌာနချုပ် ဖွင့်ပြီးသောအခါတွင် ယင်း၏ ဌာနခွဲကြီးကို တိဘက်ရှိ ရှိဂတ်ဆီတွင် ဌာနခွဲစခန်းကို ဖွင့်လှစ်ထားသည်။ ရှိဂတ်ဆီဌာနခွဲကြီးမှနေ၍ ကမ္ဘာပေါ်ရှိ သဒ္ဓမ္မသူတော်စင်အဖွဲ့ဝင်များအား ဆက်သွယ်စီမံလျက်ရှိသည်။ ဘီစီ ၄ ရာစုတွင် ပလေတို ကွယ်လွန်ပြီးနောက် အနောက်တိုင်း မဟာဂန္ဓာရီပညာ တစ်စခန်းရပ်သွားသောအချိန်တွင် ရှမ်ဗဲလားဌာနချုပ်ကြီး ဖွင့်လှစ် အခြေချပြီးသော်လည်း ရှိဂတ်ဆီတွင် ဌာနခွဲစခန်းကို မဖွင့်လှစ်ရသေးချေ။ ထို့ကြောင့် ပိုက်သဂိုးရပ်၊

ပလေတိုတို့သည် သဒ္ဓမ္မသူတော်စင်အဖွဲ့ ဌာနခွဲကြီးရှိရာ အီဂျစ်သို့ သွားရောက်ပြီး ဂန္ဓာရီ ပညာရပ်များကို လေ့လာသင်ကြားရခြင်း ဖြစ်သည်။

ခေါမတိုင်းတွင် ဂန္ဓာရီပညာကြီး တိမ်ကောသွားသော်လည်း ခေါမတိုင်းကို ဂန္ဓာရီပညာအရ သဒ္ဓမ္မသူတော်စင်အဖွဲ့မှ အုပ်ချုပ်နေသော အီဂျစ်ပြည်တွင် ဂန္ဓာရီပညာများ ဆက်လက်ရှင်သန်လျက်ရှိသည်။ သဒ္ဓမ္မသူတော်စင်အဖွဲ့ ဌာနခွဲကြီးမှာလည်း အီဂျစ်မှာပင် ရှိနေသေးရာ အီဂျစ်မဟာဂန္ဓာရီပညာ နှံ့ရည်သည် အနောက်တိုင်းသို့ စီးဆင်းနေရာမှ အရှေ့တိုင်း အနောက်ဖျားသို့ တစ်ကွေ့ ပြန်လည်စီးဆင်းရပြန်သည်။ ထိုစဉ်က အတွေးအခေါ် ဉာဏ်ရည် ထက်မြက်သူများ စုဝေးရာ ပါလက်စတိုင်းသို့ စီးဝင်သွားသည်။

ပါလက်စတိုင်းတွင် ဂျူးခေါ် အစ္စရေးတို့၏ မူလဂန္ဓာရီပညာ ကဗာလာဂန္ဓာရီ ပညာသည် တမန်တော်မိုးဇက် တည်ထောင်ချမှတ်ပေးခဲ့သော်လည်း တဖြည်းဖြည်း တိမ်ကောလာကာ ထိုစဉ်က ဂျူဒါအစ်ဇ်ခေါ် ဘာသာရေးနှင့် ရောထွေးသွားသည်။ ဂျူဒါ အစ်ဇင် ဘာသာရေးတွင်လည်း အယူသီးသူများ၊ ပကာသနသမားများ လွှမ်းမိုးနေသည်။ ထိုစဉ်က ပါလက်စတိုင်းတွင် အာဏာရှိသူ၊ ဩဇာရှိသူများမှာ ဂျူဒါဝါဒ ဘာသာရေး သမားများ ဖြစ်နေရာ တိုးတက်ကြီးပွားလိုသူများသည် ဂျူဒါဝါဒ ဘာသာရေးခေါင်းဆောင် များ၏ နောက်လိုက်များ ဖြစ်ကြသည်။

ပါလက်စတိုင်းတွင် ဂျူဒါဝါဒခေါ် ဂျူးလူမျိုးတို့ တစ်ယူသန်ဝါဒ မိုးကောင်းနေစဉ်တွင် သဒ္ဓမ္မသူတော်စင်အဖွဲ့၏ အနွယ်ဝင် အက်ဆင်နီမဟာဂန္ဓာရီဂိုဏ်းဝင် အက်ဆင်နီတို့မှာ ပင်လယ်သေကမ်းခြေရှိ အင်ဂါဒီအရပ်တွင် ဗဟိုပြု၍ အက်ဆင်နီ မဟာဂန္ဓာရီဂိုဏ်းကြီးကို တည်ထောင်ထားသည်။ ပါလက်စတိုင်းတွင် အက်ဆင်နီမဟာဂန္ဓာရီဂိုဏ်းကြီးနှင့် မျဉ်းပြိုင် အီဂျစ်ပြည်ရှိ မဟာဂန္ဓာရီဂိုဏ်းကြီးမှာ သာရာပြူတေ မဟာဂန္ဓာရီဂိုဏ်းကြီးပင်ဖြစ်သည်။ အက်ဆင်နီနှင့် သာရာပြူတေဂိုဏ်းတို့သည် တိုင်းပြည်ချင်းမတူညီကြသော်လည်း အီဂျစ် သဒ္ဓမ္မသူတော်စင်အဖွဲ့မှ ချမှတ်ပေးသော မဟာဂန္ဓာရီပညာရပ်များကား တူညီသည်။ ထို့ကြောင့် မဟာဂန္ဓာရီ ညီနောင်ဂိုဏ်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဂိုဏ်းစည်းကမ်း၊ ရည်ရွယ်ချက်၊ ကျင့်စဉ်နှင့် ဒဿနများမှာ ထပ်တူပင်ဖြစ်သည်။ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း အပြန်အလှန် ဆက်သွယ်မှု၊ ကူညီမှု၊ ပညာဖလှယ်မှုများ ရှိကြသည်။

ထို့ကြောင့် အနောက်တိုင်း မဟာဂန္ဓာရီပညာသည် အရှေ့တိုင်း ပါလက်စတိုင်းသို့ ကူးပြောင်းပြီး ဆက်လက်တည်တံ့ ရှင်သန်လျက်ရှိသည်ဟု ဆိုခြင်းဖြစ်သည်။ အင်ဆက်နီ များသည် ပါလက်စတိုင်းတစ်ပြည်လုံး အနှံ့အပြားတွင် ကိုယ့်အုပ်စုနှင့်ကိုယ် သီးခြားနေကြ သည်။ သူတို့၏ ဂိုဏ်းဌာနချုပ်မှာ အင်ဂါဒီအရပ်တွင်ရှိပြီး ဂိုဏ်းကြီး၏ ဘုရားကျောင်းမှာ ကျေရာဆလင်တွင် ရှိသည်။ ဂိုဏ်း၏ အမည်ဖြစ်သော အက်ဆင်နီဟူသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ အာစယဟူသောပုဒ်မှဆင်းသက်လာခြင်းဖြစ်ပြီး သမားတော်ဟု အဓိပ္ပါယ်ရသည်။

အက်ဆင်နီဂန္ဓာရီပညာရှင်တို့သည် လူ၏ ခန္ဓာကိုယ်နှင့် စိတ်တွင်ဖြစ်ပေါ်သော ရောဂါ ဝေဒနာများကို ကုသပေးခြင်းသည် ဂိုဏ်း၏ အဓိက လုပ်ငန်းဖြစ်သည်။ ဆေးပင်

ဆေးရွက်များ ရှာဖွေစုဆောင်းခြင်း၊ ဆေးဖော်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းတို့ကို ဂန္ဓာရိပညာ အသုံးပြု၍ ကုသကြသည်။ ဂါထာမန္တာန်များကို ရွတ်ဖတ်ခြင်းဖြင့်လည်းကောင်း၊ လက်ဖြင့် သပ်ချေးခြင်းဖြင့် လည်းကောင်း၊ အစီအရင်များ ပြုလုပ်၍လည်းကောင်း၊ မနောမာတ်ဖြင့်လည်းကောင်း ကုသပေးသည်။

အက်ဆင်နီများသည် ပိုက်သဂိုးရပ်၊ ပလေတိုတို့၏ အတွေးအခေါ်အယူဝါဒများကို လက်ခံကြသူများဖြစ်သည်၊ သူတို့ ယုံကြည်သော ဘုရားသည် စကြဝဠာကြီး မပေါ်ပေါက်မီကပင် တည်ရှိခဲ့သော နာမ်ဓာတ်ကြီးဖြစ်သည်၊ လူ၊ နတ်၊ ဗြဟ္မာ စသော ပုဂ္ဂိုလ်သန္တာန်ရှိသူမဟုတ်။ ယင်းနာမ်ဓာတ်ကြီးထဲမှနေ၍ လူ နတ် ဗြဟ္မာတို့နှင့်တကွ စကြဝဠာဖြစ်ပေါ်လာသည်ဟု ယုံကြည်သည်။ ယင်း နာမ်ဓာတ် နာမ်ဘုရားကြီး၏ ဓာတ်များသည် လူတိုင်း၏ ခန္ဓာကိုယ်အတွင်း၌ ကိန်းဝပ်နေသည်။ ဤသို့ ကိန်းဝပ်နေသော နာမ်ဓာတ်ကိုပင် ဝိညာဉ်ဟုခေါ်သည်။

ဝိညာဉ်သည် လူ့ပြည်တွင် လူ၏ ခန္ဓာကိုယ်အတွင်း၌ အကျဉ်းကျနေခြင်းဖြစ်သည်။ အကျဉ်းကျနေသော ဝိညာဉ်ကို ခန္ဓာကိုယ်အကျဉ်းထောင်ကလွတ်မြောက်စေလျှင် မူလနာမ်ဓာတ်ဘုရားကြီးထဲသို့ ပြန်လည် ရောက်ရှိသွားပြီး အေးငြိမ်း သုခများကို ခံစားရမည်ဟု ယုံကြည်ကြသည်။ ဘုရား၏ဓာတ်ဖြစ်သော ဝိညာဉ်သည် ဘုရား၏ ဂုဏ်တော်ဖြစ်သော မဟာကရုဏာ ကိန်းအောင်းလျက်ရှိရာ ရုပ်ခန္ဓာကိုယ်မှ ဝိညာဉ်လွတ်မြောက်ရေး ထွက်ရပ်ပေါက်ကျင့်စဉ်တွင် မဟာကရုဏာတော်ဓာတ်၏ အခြေခံ ဗြဟ္မစိရ်တရားကို အခြေခံပဓာနထား၍ ကျင့်ရမည်ဖြစ်သည်။

ဂန္ဓာရိပညာတက်စဉ်ဖြစ်သော မာဂအဆင့်ဆင့်သို့ တက်လှမ်းရာတွင် မေတ္တာဗြဟ္မစိရ်တရားကို တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်လာအောင် ကိုယ်ကျင့်သိက္ခာများကို ထိန်းသိမ်းကျင့်ရန်ဖြစ်သည်။ အက်ဆင်နီတို့၏ ဂန္ဓာရိပညာ မာဂအဆင့်မှာ သုံးဆင့်ရှိသည်။ ယင်းအဆင့် သုံးဆင့်ထက် ကျော်လွန်သော မာဂများကို သဒ္ဓမ္မ သူတော်စင် အဖွဲ့ချုပ်တွင် သိဒ္ဓိတင် ဘိသိက်ပွဲများ ကျင်းပ၍ ဆောင်ရွက်လေ့ရှိသည်။ ထို့ကြောင့် အက်ဆင်နီတို့သည် လက်တွေ့ ဘဝနေထိုင်မှုတွင် မေတ္တာဗြဟ္မစိရ်တရား လက်ကိုင်ထားခြင်းကို မုချလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းအဖြစ် သတ်မှတ်လိုက်နာကြသည်။

အက်ဆင်နီများသည် ရက်ကန်းသည်၊ လက်သမား၊ ဥယျာဉ်မှူးစသော တည်ဆောက်မှု အသက်မွေးဝမ်းကျောင်းအလုပ်ဖြင့် အသက်မွေးပြီး ကိုယ့်အစုကလေးနှင့်ကိုယ် သီးခြားနေကြသည်။ အပြင်လူများနှင့် သိပ်မရောကြ။ အုပ်စုဝင်များသောဒေသများတွင် စုပေါင်းနေကြသောဂေဟာများ ဆောက်လုပ်ပြီး နေကြသည်။ အိမ်ထောင်မရှိသူများ ဖြစ်သည်။ သို့သော် အိမ်ထောင်ရှိသူများလည်း ပါဝင်သည်။ အိမ်ထောင်ပြုခြင်းကို တားမြစ်ခြင်း မပြုသော်လည်း အိမ်ထောင်ပြုလိုသူများကို ဂိုဏ်းတာဝန်ခံ ခေါင်းဆောင်များက သင့်လျော်သူများနှင့် အိမ်ထောင်ချပေးသည်။ သူတို့သည် မိမိပတ်ဝန်းကျင်ရှိ ဟာရဆီများ၏ ရန်လိုခြင်း၊ ဆက်ဂျူဆီများ၏ ပစ်ပယ်ခြင်း၊ ဂျူဒါဘာသာဝင်တို့၏ ဖိနှိပ်ခြင်းကို ခံရသည်။

ဤသို့ ရန်လိုမှု၊ ဖိနှိပ်မှု၊ ညှဉ်းပန်းမှုများကို အပြုံးမပျက် ခံကြသည်။ ပြန်လည် ရန်လုပ်ခြင်း၊ ဆန့်ကျင်ခြင်းမပြု၊ မိမိတို့နှင့် အယူဝါဒမတူသူများကို ပစ်ပယ်ခြင်း၊ နှိမ်ချ ခြင်းမပြုဘဲ ယင်းတို့၏ အယူဝါဒကို လေးစားစွာ ဆက်ဆံသည်။ အက်ဆင်နီတို့သည် သဘောကောင်းသူများ၊ စေတနာကောင်းသူများ၊ ပျူငှာသူများ ဖြစ်သည်။ ကူညီရမည့်သူများကို ဦးမလေး၊ ပဲ့မလေး ကူညီကြသည်။ မိမိ၏ အခွင့်အရေး၊ ပစ္စည်းတို့ကို ခုံမင်တွယ်တာသူများ မဟုတ်ကြ။ ထို့ကြောင့် သူတစ်ပါးနှင့် ပဋိပက္ခဖြစ်ခြင်း၊ စကားများခြင်းမျိုး မရှိ။ စကားပြောရာတွင် မှန်သောစကားသာ ချိုသာစွာ ပြောကြသည်။

သူတို့၏ သာမန်စကားသည် ကတိသစ္စာဖြစ်သည်။ ကတိပြုထားသည့် ကိစ္စကိုလည်း မပျက်မကွက် ဆောင်ရွက်သည်။ ထို့ကြောင့် အက်ဆင်နီများကို ပါလက်စတိုင်းတွင် 'လူဆန်းကြီး'များဟု ခေါ်ကြသည်။ အက်ဆင်နီတို့သည် စိတ်သဘောထားကြီးသည်၊ မြင့်မြတ်သည်၊ အရာရာတွင် ခြိုးခြံသည်။ မိမိတို့၏ ကိုယ်ကျင့်သိက္ခာ စည်းကမ်းကို အတိအကျ လိုက်နာကြသည်။ သီလအပျက်မခံ၊ မိမိသာလျှင် အနစ်နာခံသည်။ ဇွဲရှိရှိဖြင့် ပြုံးပြုံးကလေး အနစ်နာခံသည်။ ငါ့ထိရင် မီးပွင့်သွားမယ်ဆိုသော စိတ်မျိုးမရှိ၊ မေတ္တာဓာတ်နှင့် ဆန့်ကျင်ဘက်စိတ်မျိုး မရှိ၊ ပြိုင်လာလျှင်အရှုံးပေး နှလုံးအေးတဲ့ ဆေးဟူသော ဆောင်ပုဒ်ကို နေ့စဉ် ဘဝနေထိုင် လှုပ်ရှားမှုတွင် ဦးထိပ်ပန်ထားသူများ ဖြစ်သည်။ မေတ္တာဗြဟ္မာစိုရ် မဟာဂန္ဓာရိဂိုဏ်းတော်ကြီးဟုပင် ခေါ်သင့်သည်။

အက်ဆင်နီတို့သည် တစ်ပတ်လျှင် တစ်ရက် ဥပုသ်နေ့အဖြစ် သတ်မှတ်ပြီး ဘာသာတရားကျင့်ဝတ်များ၊ ဘုရားရှိခိုးမှုများ၊ ဘာဝနာပွားမှုများကို ဆောင်ရွက်သည်။ ကျန်ရက်များတွင် မိမိသက်ဆိုင်ရာ အသက်မွေးမှု အလုပ်ကို လုပ်ရာတွင် စုပေါင်းဂေဟာတွင် ထမင်း လက်ဆုံစားသည်။ ထမင်းလက်ဆုံစားခြင်းကို ဂန္ဓာရီပညာ ကျင့်စဉ်တစ်ရပ်အဖြစ် အရေးတယူ ကျင့်ရသည်။ ထမင်းလက်ဆုံ စားခြင်းဖြင့် စုပေါင်း ကိုယ်ရောင်ဝါများ ကျစ်လျစ် ခိုင်မာလာသည်။ ကိုယ်ရောင်ဝါများ ကျစ်လျစ်ခိုင်မာလာပါက အုပ်စုလိုက်၊ ဂိုဏ်းသားချင်း ညီညွတ်ရေးလည်း ကျစ်လျစ်ခိုင်မာလာမည်ဟု ယုံကြည်သည်။ ထို့ပြင် ထမင်း စုပေါင်း လက်ဆုံစားခြင်းဖြင့် ဂိုဏ်းစည်းကမ်း ကျင့်ဝတ်ကိုလည်း ပိုမိုပီပြင် အားကောင်းစေသည်ဟု ယုံကြည်ကြသည်။

ကမ္ဘာပေါ်တွင် ရှေးဟောင်း လူ့ယဉ်ကျေးမှု တစ်ရပ်အဖြစ် ထမင်းလက်ဆုံစားခြင်း ဓလေ့သည် ရှေးခေတ် ဂန္ဓာရီပညာကျင့်စဉ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ မြန်မာ ရှေးဟောင်း ဓမ္မသတ်များတွင် အတူတကွ လက်ဖက်စားလျှင် အမှုကျေအေးကြောင်းလက္ခဏာ ဟုဆိုသည်။ စင်စစ်အားဖြင့် ထမင်းလက်ဆုံစုပေါင်းစားခြင်းကို သာမန်ကြည့်လျှင် ဘာမှ မထူးဆန်းဟု ထင်ရသော်လည်း အန္တေဝါသိကနည်းဖြင့်ကြည့်လျှင် တစ်ဦးနှင့် တစ်ဦး မေတ္တာမွှဲနှောင်မှု ခိုင်မာမြဲမြံလာကြောင်းတွေ့ရမည်။ အက်ဆင်နီတို့သည် နေ့စဉ် နံနက်စာ နှင့်ညစာကို စုပေါင်းစားကြသည်။ ထမင်းမစားမီ ခြေလက်ကို သေချာစွာဆေးကြောသန့်စင် ရသည်။ ဘုရားရှိခိုး ဝတ်ပြုကာနီးတွင်လည်း ဤသို့ပင် ရေဖြင့် သန့်ရှင်းစင်ကြယ်စေရသည်။

ဝတ်ရုံဖြူကို ဝတ်ရသည်။ လုပ်ငန်းလုပ်နေစဉ်တွင် ဝတ်သော အဝတ်ကို ဝတ်ရုံဖြူဖြင့် လဲလှယ်ဝတ်ဆင်ရသည်။ အက်ဆင်နီတို့မှာ ဝတ်ရုံဖြူဝတ်ကြသဖြင့် အက်ဆင်နီဂိုဏ်းအား ဝတ်ရုံဖြူဂိုဏ်းဟုပင် လူများက ခေါ်ကြသည်။ ထမင်းစားရန် နေရာအသီးသီး ထိုင်ပြီးနောက် ခေါင်းဆောင်က အချက်ပေးလိုက်သောအခါ အားလုံးက ဘုရားဝတ်ပြုကြည်ညိုရသည်။ စားပြီးသောအခါတွင်လည်း ဘုရားဝတ်ပြုရသည်။ စားနေစဉ် စကားလုံးဝ မပြောကြ။ စကားသံ တိတ်နေ၏။ အစားအသောက်မှာ လိုသမျှ ရနေသဖြင့် ဟင်းတောင်းသံ ထမင်းတောင်းသံ မကြား‌ရ။ အက်ဆင်နီများသည် အလွန်အမင်း ခြိုးခြံမှုကို မပြုကြသော်လည်း သင့်တင့်ရုံသာ စားကြ သောက်ကြသည်။ ဗိုက်ကားအောင် တဝတပြဲ မစားကြ။ ဟင်းက သက်သတ်လွတ် ဖြစ်သည်။ လောဘဓောတိုက်ရန် မလိုသောဟင်းဖြစ်သည်။ အားလုံးစားပြီးသောအခါတွင် ပြောစရာရှိသော ကိစ္စများကို ပြောကြသည်။

ခေါင်းဆောင်က မှာစရာရှိလျှင် ပြောသည်။ အချင်းချင်း ပြောစရာရှိလျှင် တစ်ဦးပြောပြီးမှ တစ်ဦးက ပြောသည်။ အပြိုင်အဆိုင် အငြင်းအခုံ မရှိ။ ပြိုင်ဆိုင်မှုဆိုသည်မှာ ပိုင်ဆိုင်မှုမှ ပေါ်ထွက်လာရာ အက်ဆင်နီတို့မှာ ပိုင်ဆိုင်မှုနှင့် ပတ်သက်လျှင် ဘုံပစ္စည်းသာ ဖြစ်ကြသည်။ ကိုယ်ပိုင်ပစ္စည်းဥစ္စာဟူ၍ မထား၊ တစ်ကိုယ်သုံး ပစ္စည်းအနည်းငယ်မှ တစ်ပါး အစားအသောက်၊ အဆောက်အအုံ၊ ဥယျာဉ်ခြံမြေတို့ကို စုပေါင်းပိုင်ဆိုင်သည်။ မိမိ ရှာနိုင်သမျှ ရှာရသော ပစ္စည်းကို အားလုံးမျှဝေခံစားကြသည်။ မိဘမဲ့ကလေးများ၊ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများကို အထူးဦးစားပေးသည်။ ပလေတို၏ လမ်းစဉ်အတိုင်း လက်တွေ့ဆောင်ရွက်ခြင်း ဖြစ်သည်။

သို့ရာတွင် အိမ်ထောင်ရေးနှင့် သားသမီး ပြုစုပျိုးထောင်ရေးမှာကား ပုဂ္ဂလိကပိုင် ဖြစ်သည်။ ဤအချက်တွင် ပလေတို၏ စံပြလူ့အဖွဲ့အစည်းနှင့် ခြားနားသည်။ ဆွေမျိုးသည်သည်များ လာရောက်လျှင်လည်း ဂေဟာတွင် ဝင်ရောက်စားနိုင်သည်။ စားဝတ်နေရေးအတွက် ပြဿနာမရှိ။ ပြဿနာအသေးအဖွဲများ၊ ဂိုဏ်းလုပ်ငန်းများ၊ မာဂတက်စဉ်များနှင့် ပတ်သက်၍ ဖြေရှင်းရန် ကောင်စီဝင်များ ရွေးချယ်ထားသည်။ တစ်ပြည်လုံးအတွက် ကောင်စီဝင် ၁၀၀ တို့က တွေ့ဆုံညှိနှိုင်းဆောင်ရွက်ကြ၊ ဖြေရှင်းကြသည်။ တို့ကြောင့် ပြဿနာကြီးကြီးကျယ်ကျယ် မရှိချေ။ အထူးသဖြင့် အက်ဆင်နီများသည် ဝစီကံကို အထူး အလေးပေးသည်။

ဂန္ဓာရီပညာတွင် မန္တန်များရွတ်ဖတ်သောအခါ အသံနေအသံထား၊ အဖိ၊ အဖော့၊ အရှည်အတို၊ အလွန်အရေးကြီးသည်။ အသံထွက်မှားသွားလျှင် မန္တန်၏သတ္တိများ ပျောက်ကွယ် သွားသည်ကို သိကြသည်။ ထို့ကြောင့် အသံထွက်ကို အလွန် အလေးပေး ဂရုစိုက်ကြသည်။ တစ်နည်းအားဖြင့် မန္တန်အစွမ်းထက်မှုသည် ရွတ်ဆိုသူ၏ ဝစီကံထိန်းမှုအပေါ်တွင် တည်သည်။ ဝစီကံကို ထိန်းခြင်းမရှိဘဲ ဝစီကံမလုံသူ၊ မှုသားပြောသူ၊ ကြမ်းတမ်းသောစကား၊ အကျိုး မရှိသောစကား၊ သိမ်ဖျင်းသော စကားများ ပြောသူသည် မန္တန်တွေ့ မည်မျှပင်ရွတ်စေကာမူ မန္တန်၏အစွမ်းသတ္တိ ရရှိတော့မည်မဟုတ်ချေ။ ထို့ကြောင့်

အက်ဆင်နိတို့သည် စကားများကို များများမပြောကြ၊ စကားများလျှင် အမှားပါတတ်သည်။ ကိုယ်နှင့်မဆိုင်လျှင် ဘာမှ ဝင်မပြော၊ ပြောစရာရှိလျှင်လည်း လိုအပ်သမျှသာ ပြောသည်။ လိုအပ်သည်ထက် ပိုမပြောကြ။

ဝစီကံ ထိန်းခြင်းသည် ဝစီကံစွမ်းအင်တွေကို ထိန်းသိမ်းခြင်းဖြစ်သည်။ သာမန်ကိစ္စကလေးများတွင် ဝစီစွမ်းအင်တွေကို ဖြုန်းပစ်ပါက မန္တန်ရွတ်ဆိုရာတွင် အသံစွမ်းအင် ဝစီစွမ်းအင်များ လျော့ပါးသွားပြီး မန္တန်စွမ်းအင်ပြယ်သွားမည်ကို သိကြသည်။ အက်ဆင်နိတို့သည် အစားအသောက်၊ အနေအထိုင်၊ အပြောအဆို၊ အဆက်အဆံ စသည့် အားလုံးသော ကိစ္စများကို သဒ္ဓမ္မသူတော်စင်အဖွဲ့ချုပ်မှ ချမှတ်ပေးသော စည်းမျဉ်းများ အတိုင်းသာ လိုက်နာကြသည်။ ဤသို့ မေတ္တာတရားလက်ကိုင်ထားပြီး ဂန္ဓာရီစည်းမျဉ်းများကို အကျိုးအပေါက်မခံဘဲ ကျင့်သုံးခြင်းကြောင့်သာလျှင် နောင်အခါတွင် လောကကို အကျိုးပြုမည့် မာဂအဆင့်မြင့် သိဒ္ဓိရှင်တစ်ဦးကို အက်ဆင်နိဂိဏ်းမှ မွေးထုတ်ပေးနိုင်ခြင်း ဖြစ်သည်။

ဤပုဂ္ဂိုလ်ကား မေတ္တာတရား ပြန့်ပွားအောင် ဆောင်ရွက်ပေးခဲ့သူပင်တည်း။

❀

အက်ဆင်နီ မဟာဂန္ဓာရီ မဟိဒ္ဓိရှင်

အက်ဆင်နိမဟာဂန္ဓာရီ ဂိဏ်းကြီးသည် အဓိကရဂိဏ်းကြီးပင်ဖြစ်သော်လည်း လူသိနည်းလှသည်။ သုတေသီများအနေဖြင့် ဘီစီ ၁၅၀ ခန့်က ပါလက်စတိုင်းတွင် ပေါ်ထွန်းခဲ့သော ဂျူးဂန္ဓာရီဂိဏ်းဟုသာ သာမန်သိကြသည်။ ဂိဏ်းတစ်ဂိဏ်း ဂန္ဓာရီပညာ တစ်ရပ်သည် မဟာဂန္ဓာရီလော၊ စူဠဂန္ဓာရီလောဟူသော အဆုံးအဖြတ်ကို ယင်းဂိဏ်း၏ ဂန္ဓာရီပညာသည် အဆင့်မြင့်သော မဟာဂန္ဓာရီပညာလော၊ အဆင့်နိမ့်သော စူဠဂန္ဓာရီလော ဟူသည့်အချက်တွင် တည်သည်။ မဟာဂန္ဓာရီပညာဖြစ်က လောကအကျိုးကို ကြီးကျယ်ထိရောက်စွာ ဆောင်ရွက်နိုင်သော မဟိဒ္ဓိရှင်ကို မွေးထုတ်ပေးနိုင်သည်။ စူဠဂန္ဓာရီပညာဖြစ်ပါက သာမန်မျှသာ လောကအကျိုး လူအကျိုးကို ဆောင်နိုင်သည်။

အက်ဆင်နီ မဟာဂန္ဓာရီပညာသည်ကား လောကအကျိုးကို ကြီးကျယ် ထင်ရှားစွာ ဆောင်နိုင်မည်ဖြစ်သော မဟိဒ္ဓိရှင်တစ်ပါးကိုလည်း မွေးထုတ်ပေးခဲ့သည်။ ခရစ်သျှနှားသည် ဟိန္ဒူဘာသာကို အုတ်မြစ်ချပေးခဲ့သည့် နည်းတူ လောဇူသည် တောက်ဘာသာကို စတင်လှစ်ဟဟောကြားပေးခဲ့သူ၊ ဟာမီးသည် အီဂျစ်ဘာသာရေးကို တည်ထောင်ပေးခဲ့သူဖြစ်သည်။ စစ်ကြီးပြီးသည့်နောက် ၁၉၅၀ ခန့်တွင် အင်ဂါဒီအရပ်အနီး ပင်လယ်ကမ်းပါးပေါ်ရှိ ကျောက်လိုဏ်ဂူအတွင်းမှ သားရေဖြင့် ရေးမှတ်ထားသော မှတ်တမ်းများကို အမှတ်မထင် တွေ့ရှိခဲ့သည်။ ၄င်းသိုက်ရှာသူများ၊ သိုးကျောင်းသားများသည် ကျောက်လိုဏ်ဂူအတွင်း

သို့ ရောက်ရှိသွားပြီး လိုဏ်ဂူအတွင်းမှ အိုးဖြင့်ထည့်ထားသော စာလိပ်များကို တွေ့ရှိသည်။

အစပထမတွင် ထင်းအဖြစ် မီးမွှေးရန်ရည်ရွယ်ရာမှ အခြားသူများလက်သို့ ရောက်ရှိသွားပြီး ဤစာလိပ်များမှာ အဓိကတန် သမိုင်းဝင်မှတ်တမ်းများ ဖြစ်ခဲ့ကြောင်း သိကုန်ကြသည်။ ထိုအခါတွင် ယင်းစာလိပ်များကို Dead Sea Scroll ဟု ထင်ရှားလာသည်။ ယင်းစာလိပ်မှတ်တမ်းများမှာ လေးငါးဆိုးစာမျှရှိပြီး ရရှိသမျှသော မှတ်တမ်းများအရ အက်ဆင်နိဂုံး၏ မှတ်တမ်းများဖြစ်ခဲ့ကြောင်း သိရသည်။ အင်ဂါဒီအရပ်တွင် အက်ဆင်နိ မဟာဂန္ဓာရီ ခေတ်ကောင်းစဉ်က သိမ်းဆည်းထားသော မှတ်တမ်းများပင် ဖြစ်ပေသည်။ Dead Sea Scroll အက်ဆင်နိမှတ်တမ်းများကို လေ့လာကြရသောအခါတွင် ယင်းမှတ်တမ်းများသည် ခရစ်ယာန်ဘာသာ မပေါ်ပေါက်မီ နှစ်ပေါင်း ၃၀၀ ကျော်က မှတ်တမ်းများဖြစ်ပြီး အက်ဆင်နိ မဟာဂန္ဓာရီကျင့်စဉ်နှင့် ခရစ်ယာန်ဘာသာရေး ဆက်နွယ်မှုများကို သိလာရသည်။

ဤပင်လယ်သေစာလိပ် မှတ်တမ်းများအရ လေ့လာသိရသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ဟာမီးစ်၊ ဗျာသ၊ ခရစ်သျှနား၊ လောဇ္ဇ၊ အော်ဖီယပ်၊ ပိုက်သာဂိုရပ်စ်၊ ပလေတို တစ်ခေတ်ပြီး တစ်ခေတ် လက်ဆင့်ကမ်းခဲ့သော သဒ္ဒမ္မသူတော်စင်အဖွဲ့၏ မဟာဂန္ဓာရီပညာမှာ အနောက်တိုင်းသို့ပျံ့နှံ့သွားခဲ့သော်လည်း အနောက်တိုင်းတွင် ယာယီမျှ ရပ်တန့်သွားခဲ့သည်။ မဟာဂန္ဓာရီပညာ ကွင်းဆက်ပြတ်အံ့ဆဲဆဲ ဖြစ်နေသည်။ အထူးသဖြင့် အာရှ အနောက်ပိုင်းဇမြထဲပင်လယ်ဒေသတစ်ဝိုက်တွင် ဘာသာရေးအယူသီးမှုများ ပေါ်ပေါက်နေသည်။ ထို့အပြင် အာရှအလယ်ပိုင်း ရှမ်ဗဲလားမှ ဖြန့်ထွက်သွားသော အာရိယန်တို့သည် အနောက်တိုင်းသို့ ရောက်ရှိပြီးလျှင် အာရိယန်ယဉ်ကျေးမှုကြီး အုတ်မြစ်ချပြီးဖြစ်ရာ အနောက်တိုင်း အာရိယန်လူမျိုးနွယ်များအား ဘာသာအယူဝါဒ ယဉ်ကျေးမှုကြီးသည် နောင်အခါတွင် တစ်လုံးတစ်စည်းတည်း ဖြစ်ပေါ်ရေးအတွက် အနောက်တိုင်း အာရိယန်တို့၏ သဘာဝနှင့် ကိုက်ညီသော ဘာသာအယူတစ်ခု လိုအပ်နေသည်ကို ဖြည့်စွမ်းရန်အတွက် ခေါင်းဆောင် မဟာဂန္ဓာရီပညာမဟိဒ္ဓိရှင်တစ်ပါး ပေါ်ထွန်းရန် အစီအစဉ်တစ်ရပ် ချမှတ်ထားသည်။

သဒ္ဒမ္မသူတော်စင် မဟာဂန္ဓာရီပညာရှင်များသည် ထိုစဉ်က အိုက္ခစ်ပြည်တွင် ရှိနေသော မဟာဂန္ဓာရီဂိုဏ်းအနေဖြင့်လည်းကောင်း၊ ပါသျှား(အီရန်)တွင် မိထရာ မဟာဂန္ဓာရီဂိုဏ်းအနေဖြင့်လည်းကောင်း၊ ပါလက်စတိုင်းတွင် အက်ဆင်နိ မဟာဂန္ဓာရီဂိုဏ်းအနေဖြင့်လည်းကောင်း ဂန္ဓာရီပညာရပ်များကို ဆက်လက်ဖြန့်ဖြူးသည်။ ထိုသို့ ဖြန့်ဖြူးရင်း လူ့လောကကြီး တိုးတက်ယဉ်ကျေး မြင့်မားလာအောင် ဆောင်ရွက်လျက်ရှိသည်။ အိုက္ခစ်၊ ပါသျှား၊ မဟာဂန္ဓာရီပညာရှင်များကို Magi မဂ္ဂီ ဟုခေါ်သည်။ Wise Mwn Of The East ဟုလည်း ခေါ်သည်။ ဤမဟာဂန္ဓာရီ မဂ္ဂီများသည် ကောင်းကင်တွင် ကြယ်တံခွန်ကြီး တစ်နှစ်သည် ကြီးမားထင်ရှားစွာ ပေါ်ပေါက်လျက်ရှိရာ ကမ္ဘာလူသားတို့ အယူအမြင် ကြည်လင်ရန် ယဉ်ကျေးရန်အတွက် ရှေ့ဆောင်မဟိဒ္ဓိပညာရှင်ကြီးတစ်ဦး ပေါ်ထွန်းတော်မည်ကို သိကြသည်။

ပါလက်စတိုင်းရှိ အက်ဆင်နီမင်္ဂိများကလည်း သိကြသည်။ ထို့ကြောင့် မဟိဠိရှင်ကို ကိုယ်ဝန်ဆောင် မွေးဖွားပေးမည့်သူများကို ရှာဖွေကြည့်သောအခါ အက်ဆင်နီဂိဏ်းတွင် ထူးခြားသော အရည်အသွေးများဖြင့် ပြည့်စုံသော မေရီကို တွေ့ရှိသည်။ မေရီသည်လည်း သဒ္ဓမ္မသူတော်စင်အဖွဲ့မှ တာဝန်အရ စေလွှတ်ခြင်းခံရသော မာဂအဆင့် ရဟန္တာသူဖြစ်သည်။ ထို့ကြောင့် သီလဖြင့် ပြည့်စုံသန့်ရှင်းသူဖြစ်သည်။ ထို့အတူပင် မေရီနှင့် သင့်လျော်သူကို ရှာဖွေသောအခါတွင် အက်ဆင်ဂိဏ်းဝင်များကို စုဝေးပြီးလျှင် မိခင်လောင်း မေရီကို စောင့်ရှောက်မည့်သူကို ရွေးချယ်သည်။ သင့်လျော်သူများကို ပလ္လင်ပေါ်တွင် စီရင်ပြီး တင်ထားသော တောင်ဝှေး ၁၄၄ ချောင်းထဲမှ တစ်ချောင်းကိုယူ၍ အဓိဋ္ဌာန် ဝတ်ပြုပူဇော်ရသည်။

ဂျိုးဇက်၏ အလှည့်တွင် တောင်ဝှေးကို မြှောက်တင်ပြီး အဓိဋ္ဌာန်ပြုလိုက်ရာ ကောင်းကင်မှ ဂျိုးဖြူငှက်တစ်ကောင် ပျံသန်းရောက်ရှိလာသည်။ ထို့ကြောင့် အက်ဆင်နီဂိဏ်း ချုပ်ကြီးက ဂျိုးဇက်အား မေရီကို စောင့်ရှောက်သူအဖြစ် တာဝန်ပေးအပ်လိုက်သည်။ မေရီသည် ညအိပ်ပျော်ကာနီးအချိန်တွင် အထက်အာကာသမှ အလွန်လင်းသော အလင်းလုံးကြီးတစ်ခုသည် မိမိထံ ဝင်ရောက်လာသည်ဟု အာရုံရသည်။ သိဒ္ဓိရှင် အလောင်းအလျာကိန်းအောင်းလာသော နိမိတ်ဖြစ်သည်။ မေရီသည် မွေးဖွားရန် အချိန်နီးကပ်လာသော အခါတွင် အက်ဆင်နီဂိဏ်းမှ သန့်ရှင်းသောနေရာတွင်နေစေပြီး အစောင့်အရှောက်များ တာဝန်ချ ထားသည်။

မွေးဖွားမည့်အချိန်တွင် မေရီနှင့်မလှမ်းကမ်းတွင် ဂျိုးဇက်နှင့် ပြုစုသူ အမျိုးသမီးတစ်ဦးတို့ရှေ့တွင်ပင် အထက်အာကာသမှ အလွန်လင်းသော အလင်းတန်းကြီး ထိုးကျလာပြီးနောက် မေရီ၏ ဦးခေါင်းပေါ် ရောက်လာသည်။ ထို့နောက် အလင်းရောင်တန်းသည် အလင်းရောင်ဝန်းကြီးအဖြစ် ပြန့်ကားသွားပြီး မေရီတစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ ယေရှုကို ဖွားမြင်ပြီး နောက်တစ်နေ့တွင် မင်္ဂိသူတော်စင်ကြီး သုံးဦးတို့သည် မေရီထံသို့ ကြွရောက်လာသည်။ ထိုမင်္ဂိကြီးသုံးပါးမှာ ယေရှု ကိုယ်ဝန်ရှိစဉ်က ပေါ်ထွက်ခဲ့သော ကြယ်တံခွန်၏ နိမိတ်အရ လောကကယ်တင်ရှင်တစ်ဦး ပေါ်ထွန်းလာတော့မည်ကိုသိ၍ ထိုပုဂ္ဂိုလ်ကို လိုက်လံရှာဖွေသော မင်္ဂိကြီး ဟို၊ မင်္ဂိကြီး လွန်နှင့် မင်္ဂိကြီး မာတို့သုံးပါးဖြစ်သည်။

မင်္ဂိကြီးများက ရတနာများဖြင့် ပြုလုပ်ထားသော သဒ္ဓမ္မသူတော်စင်ဂိဏ်းချုပ်မှ သင်္ကေတ အဆောင်နှင့် လောကကယ်တင်ရှင်၏ တံဆိပ်အမှတ်အသားပါသော ပုတီးတစ်ကုံးကို မေရီသို့ လာရောက်ပေးအပ်သွားသည်။ စင်စစ် ထိုပဿုူး မင်္ဂိကြီးသုံးပါးမှာ ရှမ်ဗဲလား သဒ္ဓမ္မသူတော်စင်ဂိဏ်းချုပ်မှ အထူးတာဝန်ကိစ္စတစ်ရပ် ဆောင်ရွက်ရန် စေလွှတ် လိုက်သော အဆင့်မြင့် မာဂရှင်များ ဖြစ်ပေသည်။ လူ့လောကကို အမှောင်အတွင်းမှ ကယ်တင်ရန် တာဝန်ဖြင့်ရောက်လာသူ လောကကို အလင်းစာတ်ဖြင့် ရှေ့ဆောင်မည့် ပုဂ္ဂိုလ်တိုင်းအား ချီးကျူးဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ အနှောင့်အယှက်ကို ကာကွယ်

ရန်အတွက် အဆောင်ပစ္စည်းအဖြစ် လည်းကောင်း၊ သိဒ္ဓိအပေါင်း ခညောင်းစေရန်အတွက် လည်းကောင်း ဤသို့ 'ဓာတ်' အဆောင်များ၊ သင်္ကေတများကို ပေးအပ်ချီးမြှင့်မြဖြစ်သည်။

မဂ္ဂိကြီးသုံးပါးသည် မေရီထဲမှ အပြန်တွင် အက်ဆင်နိဂုဏ်းချုပ်ကြီး နေထိုင်ရာ ကာမယ်တောင်ပေါ်သို့ သွားရောက်ပြီး ယေရှုကိုစောင့်ရှောက်ရန်နှင့် လောကကို အလင်းဓာတ်ပေးမည့် ပဂ္ဂိုလ်ဖြစ်ကြောင်း ပြောကြားသွားသည်။ ပါလက်စတိုင်း အက်ဆင်နိဂုဏ်းသားများ အဆင့်မြင့်ဂန္ဓာရီပညာများ သင်ကြားရာနေရာသည် ကာမယ် တောင်ပေါ်ရှိ ကာမယ်ကျောင်းတော်ဖြစ်သည်။ ကာမယ်ကျောင်းတော်ကို ပရောဟိတ် ကျောင်းတော်ဟုလည်း ခေါ်သည်။ ကာမယ်ကျောင်းတော်သည် ပိုက်သာဂိုရပ်၊ ပလေတိုတို့၏ အကယ်ဒမီတက္ကသိုလ်နှင့် အလားတူပင် အက်ဆင်နိဂုဏ်းဝင်များအား ပညာများသင်ကြားရာ၊ ဘာဝနာပွားရာ၊ မာဂတက်စဉ်များတွင် သိဒ္ဓိတင် ဘိသိက်ခံပွဲများ ကျင်းပရာ ဓာတ်စခန်းကြီးဖြစ်ပေသည်။ ကာမယ်တက္ကသိုလ်တွင် တက်ရောက်သင်ကြားသော ကျောင်းသားများမှာပြားလာသောအခါ ကျောင်းသားများ နေထိုင်ရန်နေရာ၊ စုဝေးသင်ကြားရန်နေရာ၊ တရားထိုင်ရန်နေရာ စသည်တို့ဖြင့် ပြည့်စုံအောင် စီစဉ်ထားသည်။

အဆင့်မြင့်သူများ မာဂတက်ရန်အတွက် သိဒ္ဓိတင် ဘိသိက်ခံနေရာများကို တောင်ခပန်းကျောက်ဆောင်များကို ထွင်း၍ လိုဏ်ဂူများပြုလုပ်ကာ ပဌမအဆင့် မာဂရှင်များသည် ကျောင်းတော်တွင် သီးသန့်နေရာများ ရရှိကြပြီး မိုးဇက်၏ ကျမ်းဂန်များ၊ အော်ဖိယပ်၊ ပိုက်သာဂိုရပ်စ်တို့၏ ကျမ်းဂန်များကို လေ့လာကြသည်။ ဘာသာပြန်ကြသည်။ ကျမ်းဂန်သစ်များကိုလည်း ရေးသားကြသဖြင့် ထိုစဉ်က အကောင်းဆုံးသော စာကြည့်တိုက်များထဲတွင် ကာမယ်တက္ကသိုလ်စာကြည့်တိုက်လည်း အပါအဝင် ဖြစ်သည်။ ခရစ်တော်ပေါ်ပြီး အေဒီ ၄၀၀ ခန့်တွင် တိဗက်ရှိ ဂါတ်ဆီတွင် ဌာနခွဲကြီး ဖွင့်လှစ်ပြီးသွားပြီဖြစ်၍ သဒ္ဒမ္မသူတော်စင်များသည် ကာမယ်ကျောင်းတော်ကို စွန့်ခွာပြီး တိဗက်သို့ ပြောင်းရွှေ့သွားသည်။

ဤပဂ္ဂိုလ်များနှင့်အတူ ကာမယ်တက္ကသိုလ်ရှိ မဟာဂန္ဓာရီဂါတ်ဆီ ဌာနခွဲကြီးသို့ သယ်ဆောင်သွားကြသဖြင့် တိဗက်သဒ္ဒမ္မသူတော်စင် ဂိုဏ်းဌာနချုပ်သည် ကမ္ဘာဂန္ဓာရီတက္ကသိုလ်ကြီး ဖြစ်သွားလေသည်။ ယေရှုသည် ကလေးငယ်ဘဝမှစ၍ အက်ဆင်နိဂုဏ်းမှကူညီပံ့ပိုးခဲ့ရာ စာသင်ရန်အရွယ် ၆ နှစ်သား ရောက်လာသောအခါတွင် ကာမယ်တက္ကသိုလ်သို့ ကျောင်းအိပ်ကျောင်းစားဖြင့် တက်ရောက်သင်ကြားစေသည်။ တစ်ပတ်လျှင် တစ်ကြိမ် မိဘများနှင့် တွေ့ခွင့်ရသည်။ ယေရှုအား အခြားကျောင်းသားများနှင့် မတူဘဲ မဂ္ဂိကြီးနှစ်ပါးက စာပေပညာ၊ ဂန္ဓာရီပညာသာမက လောကနေထိုင်မှုမှအစ အားလုံးကို အနီးကပ်သင်ကြားပြသည်။ ကာမယ်တက္ကသိုလ်တွင် ပညာသင်ရန် စခန်းကုန်ဆုံးသွားသောအခါ၊ ကာမယ်တက္ကသိုလ်တွင် မသင်ကြားနိုင်သော ဘာသာရပ်များကို ဆက်လက်လေ့လာသင်ကြားရန်နှင့် ဒေသန္တရဓရိုးတွက်ရန်အတွက် အရှေ့ဘက်ရှိ အိန္ဒိယသို့ မဂ္ဂိကြီး နှစ်ပါး၏ အစောင့်အရှောက်ဖြင့် မြင်းကိုယ်စီဖြင့် ထွက်လာသည်။

အိန္ဒိယပြည်တွင် ဣာဂန်နတ်မြို့ ရောက်သည်အထိ ခရီးတွင် တစ်နှစ်ကြာသည်။ ဣာဂန်နတ်မှနေ၍ ဗာရာဏသီနှင့် ဂင်္ဂါမြစ်ဝှမ်းများသို့ ခရီးဆက်သည်။ ဗာရာဏသီတွင် လဟိမ္မ ဆရာတော်များ၊ တိဗက်လာဆာမှ ဆရာတော်ကြီးများနှင့်တွေ့ဆုံခဲ့သည်။ ထိုစဉ်က တိဗက်လာဆာဂိုဏ်းချုပ် လာမားဆရာတော် မန်ဆီထံမှ ရှမ်ဗဲလား ကျမ်းဂန်များကို လေ့လာခွင့်ရသည်။ ဤသို့ လာမားဆရာတော်ကြီးထံမှ အဇ္ဈ ဝါသိက ရှမ်ဗဲလားကျမ်းဂန်များကို လေ့လာခဲ့သည်ကို နောင်အခါတွင် ယေရှ တိဗက်သို့ ရောက်သည်ဟု ထင်မြင်ကြခြင်းဖြစ်သည်။ အက်ဆင်နိဂိဏ်းတွင် မာဂသုံးဆင့်သာ တက်ပေးနိုင်ပြီး ထိုထက်မြင့်သော မာဂများကို အိဂျစ်တွင် တက်ရသည်။ အိဂျစ်သည် ရှေးအခါကပင် အဆင့်မြင့်မာဂရှင်များအား ဘိသိက်ခံပွဲများကို ကျင်းပခဲ့ရာ သဒ္ဓမ္မသူတော်စင်ဌာနချုပ် တိဗက်သို့ ပြောင်းသွားသော်လည်း ဘိသိက်ပွဲများကို ကာလအတန်ကြာအထိ အိဂျစ်တွင် ဆက်လက်ကျင်းပသည်။

စတုတ္ထအဆင့် မာဂများအတွက် အက်ဆင်နိဂိဏ်းတွင် ဘိသိက်ပွဲကျင်းပရန်ရှိက အိဂျစ်သို့ သွားရောက်ရသည်မှာ ရှေးအစဉ်အဆက်ကပင်ဖြစ်သည်။ မူလပထမ အက်ဆင်နိဂိဏ်းချုပ်ကြီး အယ်လီဂျာ၊ ဒုတိယဂိဏ်းချုပ်ကြီး ဆင်းမြူ ရယ်တို့ လက်ထက်ကတည်းကပင်ဖြစ်သည်။ ဂန္ဓာရီခရီးဆိုသည်မှာ သွားချင်တိုင်း သွားရသည် မဟုတ်၊ ဂိဏ်းလုပ်ငန်းစဉ်အဖြစ် ဂိဏ်းချုပ်၏ အစီအစဉ်အရ မာဂရှင်အတွက် လိုအပ်သော ပညာများကို ဖြည့်ဆည်းရန်၊ ဘိသိက်ခံရန်အတွက်သာ ဖြစ်သည်။

အိဂျစ်တွင် ဂန္ဓာရီပညာများကို ဆက်လက်ဆည်းပူးလေ့လာပြီးနောက် ဘိသိက်ခံပွဲအတွက် ပြင်ဆင်မှုကျင့်စဉ်များကို ကျင့်ပြီးနောက် အရည်အချင်းပြည့်ဝသော အချိန်တွင် အိဂျစ်ဂိဏ်းချုပ်ကြီးက သိဒ္ဓိတင်ဘိသိက်ခံပွဲ တက်ရောက်ရန် ခွင့်ပြုနိုင်သည်။ အိဂျစ်ပြည်ရှိ သဒ္ဓမ္မသူတော်စင် ဂိဏ်းဝင်များက ပိရမစ်အဝင်ဝတွင် မီးတုတ်များ၊ အုန်းလက်များကို ကိုင်ဆောင်ဝှေ့ယမ်း ဝင်ရောက်လာသော ပုဂ္ဂိုလ်ကို ကြိုဆိုကြသည်။ ထိုပုဂ္ဂိုလ်သည် အဖြူရောင် ဝတ်ရုံကြီးကို ဝတ်ဆင်လျက် ဝဲယာတွင် ဆရာရှင်များ ခြံရံ၍ ဝင်လာသည်။ ဂိဏ်းချုပ်ကြီးက သိဒ္ဓိတင်ဘိသိက်ပွဲ အခမ်းအနားကို အစီအရင်များဖြင့် စနစ်တကျ ကျင်းပသည်။

ပထမဆုံး မန္တန်များ ရွတ်ဖတ်ခြင်း၊ မဏ္ဍလခင်းခြင်းများ ပြုလုပ်ပြီးနောက် ဈာန်ဘုရားကြီး သိဒ္ဓိတင်ပေးရန် ပင့်လိုက်သောအခါတွင် ဝင်းခနဲ လက်ဏာ ဈာန်ဘုရားကြီး ကြွလာပြီးနောက် စိန္တာမဏိရတနာ တပ်ဆင်ထားသော ရှမ်ဗဲလားမှ ဂန္ဓာရီတောင်ဝှေးဖြင့် သိဒ္ဓိစွမ်းအင်များကို ဂိဏ်းချုပ်ကြီးနှင့်တကွ ရပ်နေကြသော သိဒ္ဓိတင် ခံရမည့် ပုဂ္ဂိုလ်တို့ထံ စေလွှတ်၍ လျှပ်စစ်မိုးကြိုးသဖွယ် ဝင်းဝင်းတောက် ရောင်ခြည်သည် ဂိဏ်းချုပ်ကြီးမှတစ်ဆင့် ဆရာရှင်နှစ်ပါး ခြံရံနေသော သိဒ္ဓိတင်ခံပုဂ္ဂိုလ်တို့ ဆရာတပည့်သုံးဦးထံ ရောက်ရှိသည်။ ဆရာနှစ်ပါးတို့က တစ်ဖန် ယင်းသိဒ္ဓိရောင်ခြည်များကို ထိုပုဂ္ဂိုလ်ထံသို့ ဆက်လက်စေလွှတ်လိုက်သည်။ ဗို့အား အလွန်ပြင်းထန်လှသော လျှပ်စစ်ဓာတ်ကဲ့သို့ပင် သိဒ္ဓိရောင်ခြည်များသည် ထိုပုဂ္ဂိုလ်အား လွှမ်းခြုံသွားတော့သည်။

သာမန်လူသားဆိုပါက မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ တစ်ချက်တည်း လဲကျသွားမည် ဖြစ်သည်။ ဘိသိက်ခံသည့် ပုဂ္ဂိုလ်သည် ရုပ်ခန္ဓာ၊ စိတ်ခန္ဓာများကို ဖြူစင်ရုံတင်မက ခံနိုင်ရည်ရှိအောင် နှစ်ရှည်လများ စရဏတရား လေ့ကျင့်ထားခြင်းကြောင့်သာ ခံနိုင်ရည်ရှိခြင်း ဖြစ်သည်။ ဂိုဏ်းချုပ်ကြီးက စတုတ္ထအန္တိမ မာဂအဆင့်သို့ မြှင့်တင်လိုက်ပြီဖြစ်ကြောင်း အသိအမှတ်ဖြင့် ရွှေဖလား Chaliceကို ချီးမြှင့်သည်။ ရွှေဖလားထဲတွင် ဓာတ်များကိန်းသော စပျစ်ရည်ထည့်ထားသည်။

ဤရွှေဖလားသင်္ကေတသည် ဓာတ်ကြီးရသော ပုဂ္ဂိုလ်များကိုသာ ပေးအပ်သည်။ မိမိ၏အသက်ကိုပင်အဆုံးခံ၍ လူသားတို့၏ဘဏ္ဍာအလင်းကို ဖွင့်ပေးရန်တာဝန်မှာ ရှမ်ဗဲလား မာဂရှင်တို့၏ တာဝန်သာ ဖြစ်ကြောင်းကိုလည်း နှလုံးသားအတွင်းမှ သိရှိလိုက်လေသည်။

*

ပါရာမိတြာ မဟာဂန္ဓာရီ

ပါရာမိတြာမဟာဂန္ဓာရီဟူသော အမည်သည် ဆန်းသလိုလို ဖြစ်နေလိမ့်မည်။ ယခုအခါတွင် အီရန်ဟုခေါ်သော ပါရာပြည်တွင် ထွန်းကားခဲ့သော မဟာဂန္ဓာရီပညာကို မိတြာမဟာဂန္ဓာရီဟု ခေါ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပါရာဂန္ဓာရီဟု ခေါ်နိုင်သည်။ ဂန္ဓာရီဟူသော ဝေါဟာရသည်ပင်လျှင် ပါရာ၊ မိတြာဂန္ဓာရီပညာနှင့် ဆက်စပ်နေသည်။ တစ်နည်းအားဖြင့် ပါရာမိတြာဂန္ဓာရီပညာမှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်မည်ထင်သည်။ ယခုအခါ အီရန်ဟု ထင်ရှားသော တိုင်းပြည်ကို ရှေးကပါရာပြည်၊ ယင်းတိုင်းပြည်မှ ဂန္ဓာရီပညာကို ပါရာဂန္ဓာရီဟူ၍ ကျမ်းဂန်များတွင် တွေ့ရသည်။ ရှေးအခါက အိန္ဒိယပြည်ကြီးသည် ယခုအခါ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘလူချီစတန် စသည်ဖြင့် ကွဲပြားနေသော တိုင်းပြည်များ စုပေါင်းသော အိန္ဒိယပြည်ကြီးဖြစ်သည်။

အိန္ဒိယပြည် အနောက်မြောက်ဘက် အိန္ဒူမြစ်ဝှမ်းသည် အနောက်ဘက်တွင် အာဖဂန်နစ္စတန် အီရန်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ တစ်နည်းအားဖြင့် အိန္ဒိယပြည်နှင့် ရှေး ပါရာပြည်တို့သည် နယ်နိမိတ်ချင်း ထိစပ်နေသည်။ မြေထဲပင်လယ်၏ အနောက်ဘက်တွင် ခေါမရောမ၊ တောင်ဘက်တွင် အာဖရိကတိုက်နှင့် အိဂျစ်၊ အရှေ့တောင်ဘက်တွင် အာရှတိုက် ဘေဘီလုံ၊ အိန္ဒိယတို့ကြား၌ ပါရာပြည်သည် အာရှတိုက်၊ အာဖရိကတိုက်၊ ဥရောပတိုက်စသော တိုက်ကြီး သုံးတိုက်မှ ယဉ်ကျေးမှုများ၊ ဒဿနများ၊ ဂန္ဓာရီများ ကူးလူးဖလှယ်ရာ ဗဟိုချက်ဖြစ်နေသည်။ ထို့ကြောင့် ပါရာဂန္ဓာရီပညာသည် တိုက်ကြီးသုံးတိုက်၏ မဟာဂန္ဓာရီပညာ အဆီအနှစ်များ စုဝေးရာဖြစ်နေသည်။ ပါရာမှ

မဟာဂန္ဓာရိပညာသည် အရှေ့ဘက်သို့ တိုးချဲ့ပျံ့နှံ့သွားသောအခါတွင် အိန္ဒိယပြည် အနောက်မြောက်ဖျား၊ အိန္ဒူမြစ်ဝှမ်းမှ ဝင်ရောက်လာသည်။

ပါရှားမဟာဂန္ဓာရိပညာများ စတင်ဝင်ရောက် အခြေချသော အရပ်ဒေသကို ဂန္ဓာရတိုင်းဟု ခေါ်သည်။ ဂန္ဓာရတိုင်းသည် ပါကစ္စတန်ပြည်၊ ကတ်ဂျိမီး ဒေသအနီး တက္ကသိုလ်ပြည် (တက္ကသီလ)၏ မြောက်ဘက်တွင်ရှိခဲ့သည်။ ပိဋကစာပေများနှင့် မြန်မာ စာပေတို့တွင် တိုင်းကြီး (၁၆)တိုင်းဟု ဗုဒ္ဓခေတ် အိန္ဒိယပြည်ကို တိုင်းကြီး (၁၆)တိုင်း ခွဲခြားထားကြောင်း မှတ်တမ်းတင်ထားသည်။ ယင်းတိုင်းကြီး (၁၆)တိုင်းတွင် ဂန္ဓာရတိုင်း ပါဝင်သည်။ ဂန္ဓာရတိုင်းသည် အိန္ဒိယပြည် မြောက်ပိုင်း၊ ယခုအခါ ပါကစ္စတန်ရှိ အိန္ဒူမြစ်ဝှမ်းတစ်ဝိုက်ကို ဂန္ဓာရတိုင်းဟု ခေါ်ခဲ့သည်။ ယင်းဂန္ဓာရတိုင်းမှ ထွက်ပေါ်လာသော ဂန္ဓာရီပညာများကို အစွဲပြု၍ ဂန္ဓာရီပညာဟု ခေါ်တွင်ခဲ့ကြောင်း စာပေမှတ်တမ်းများတွင် တွေ့ရှိရသည်။ စင်စစ်အားဖြင့် ဂန္ဓာရီပညာသာမက ပါရှားမှ ဆင်းသက်လာသော ကျောက်ဆစ်ပညာကိုလည်း ဂန္ဓာရအနုပညာဟု တစ်သီးတစ်သန့်ရှိသည်။

အိန္ဒိယတွင် ဗုဒ္ဓရုပ်ပွားတော်များ၊ ဟိန္ဒူဘုရားရုပ်ပွားတော်များကို စတင်ထုလုပ်သော ကျောက်ဆစ်အနုပညာသည် ဂန္ဓာရတိုင်းသို့ ပါရှားမှ ဝင်ရောက်လာခြင်းဖြစ်သည်။ ထို့ကြောင့် အိန္ဒိယရုပ်တု ရုပ်ပွားထုလုပ်ခြင်း၊ အနုပညာခေတ် တစ်ခေတ်ကို ဂန္ဓာရ အနုပညာခေတ်ဟု သတ်မှတ်ခေါ်တွင်ကြခြင်း ဖြစ်သည်။ ရုပ်တုဆင်းတုများကို ကိုးကွယ်ရခြင်းမှာ ဂန္ဓာရအနုပညာ၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။ အာရ်ယန်မျိုးနွယ်တို့သည် ရှမ်ဗဲလားမှ အနောက်ဘက်သို့ တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာလာကြရာ ဒုတိယအသုတ် အာရ်ယန်မျိုးနွယ်စုများသည် ဘီစီ ၃၀,၀၀၀ ခန့်တွင် ပါရှားပြည်သို့ ရောက်ရှိအခြေချကြသည်။ အခြေချစဉ်က အာရ်ယန်မျိုးနွယ်တို့၏ ဦးစီးခေါင်းဆောင်မှာ ဇိုရိုစတာဖြစ်သည်။ ဇိုရိုစတာသည် ပါရှားတိုင်းပြည်အတွက် ဇိုရိုစတာဘာသာကို တည်ထောင်ခဲ့သူဖြစ်သည်။ ဇိုရိုစတာဘာသာအရ လူ့လောကကြီးနှင့်တကွ စကြဝဠာကြီးကို စတင်တည်ထောင်ခဲ့သူမှာ မာဇဒါဓာတ်ဘုရားကြီးသည် လောကီလွန်ဘုံမှနေ၍ ဓာတ်ဘုရားကြီးနှင့် လောကီလူသားတို့ကြားတွင် ဆက်သွယ်ပေးရန်အတွက် မိတ္တြာစျာန်ဘုရားကို တာဝန်ပေးထားသည်။

ထို့ကြောင့် မိတ္တြာစျာန်ဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့အား ဓာတ်ဘုရားကိုယ်စား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသူဖြစ်သည်။ တစ်နည်းအားဖြင့် အဝိဇ္ဇာဖုံးလွှမ်းလျက်ရှိသော သတ္တဝါတို့အား တရားအလင်းဖြင့် သစ္စာတရားများ၊ လောကနိယာမတရားများကို သိမြင်လာအောင် ဆောင်ရွက်ပေးသော မဟာဂရုဏာရှင်ဖြစ်သည်။ လူသားများထဲမှ ဉာဏ်ရည်မြင့်သူ ပါရမီထူးသူများအား လောကနိယာမတရားများကို သင်ကြားပေးပြီး မအိုမနာ မသေသော အမတဝိဇ္ဇာများဖြစ်အောင် သင်ကြား ပြသပေးသူ ဂုရုကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ပါရှားအမတဝိဇ္ဇာကြီးများသည် မိတ္တြာကို ဆရာဂုရုအဖြစ် ကိုးကွယ်၍ မိတ္တြာစျာန်ဘုရား၏ ညွှန်ကြားချက်များအတိုင်း ကျင့်ကြံသော ပညာကို မိတ္တြာမဟာဂန္ဓာရီပညာဟု ခေါ်ခြင်းဖြစ်သည်။

မြေထြာမဟာဂန္ဓာရီပညာကို စတင်သင်ကြားပေးသူမှာ ဗိုရိစတာဖြစ်ပြီးလျှင် ဗိုရိစတာသည် ရှမ်ဗဲလား:အဖွဲ့ချုပ်မှ မဟာဂုရုပင်ဖြစ်သည်။ မာဇဒါဓာတ်ဘုရား:ကြီး:သည် အလင်း:ဓာတ်ဘုရား:ကြီး:ဖြစ်၍ အလင်း:ဓာတ်ကို ကိုး:ကွယ်ရန် မိမိကိုယ်တွင်း:၌ ကိန်း:အောင်း:နေသော အလင်း:ဓာတ်ကို အလင်း:ဓာတ်ဘုရား:ကြီး:ထံသို့ ပို့ဆောင်ခြင်း:ဖြင့် အမတဓာတ်ကို ရမည်ဟု ယုံကြည်သည်။ ယင်း:အလင်း:ဓာတ်ဘုရား:ကြီး:ထံသို့ တိုက်ရိုက်မရောက်နိုင်မိအတွင်း: မြေထြာစျာန်ဘုရား:၏ အလင်း:ဓာတ်သို့ ရောက်ရန် ပေါင်း:စပ်ပျော်ဝင်နိုင်ရန်အတွက် မိမိဝိညာဉ်၏ အလင်း:ဓာတ်ကို ကြည်လင်တောက်ပစေရန် ကျင့်ကြံခြင်း:သည် မြေထြာဂန္ဓာရီပညာ၏ အနှစ်သာရဖြစ်သည်။ မြေထြာဂန္ဓာရီပညာသည် ပါရှား:ပြည်၌ စတင်တည်ထောင်စဉ်ကပင် ရှိခဲ့သော်လည်း: ပါရှား:တိုင်း:ပြည်၏ ကံကြမ္မာအတက်အကျအလိုက် နောင်အခါတွင် မှေး:မှိန်သွား:သည်။

ဆရာနှင့် တပည့် လက်သိပ်ထိုး: လေ့လာရသော မဟာဂန္ဓာရီ ပညာရပ်အဖြစ် ခရစ်တော် မပေါ်မီ ဘီစီ ၅၀၀ အထိ ရပ်တည်ခဲ့သည်။ အက်ဆင်နီမဟာဂန္ဓာရီပညာထက်ပင် ရှေး:ကျပြီး: ခိုင်မာလှသော ဂန္ဓာရီပညာဖြစ်သည်။ ယေရှုမမွေး:ဖွား:မီ ကြယ်တံခွန်ကြီး:ပေါ်ထွက်သည်ကို ကြည့်ပြီး: ကယ်တင်ရှင်တစ်ပါး: ပေါ်ထွက်တော်မူကြောင်းကို သိရှိ၍ လိုက်ရှာသော မဂ္ဂိကြီး:သုံး:ဦး:မှာ မိထြာဂန္ဓာရီဂိဏ်း:မှ အဆင့်မြင့် သိဒ္ဓိရှင်များ ဖြစ်သည်။ နောင်အခါတွင် ပါရှား:အင်ပါယာကြီး: ကြီး:မား:ကျယ်ပြန့်သွား:သည်နှင့်အမျှ မိထြာဂန္ဓာရီပညာလည်း: ကျယ်ပြန့်သွား:ရာ အနောက်တိုင်း: ရောမ၊ ရောမမှ ဥရောပတိုက်သို့လည်း:ကောင်း၊ အရှေ့တိုင်း:တွင် အာဖဂန်နစ္စတန်မှ အိန္ဒိယသို့လည်း:ကောင်း: ပျံ့နှံ့သွား:သည်။ ခရစ်ယာန်ဘာသာ ပေါ်ပေါက်လာသောအခါ ခရစ်ယာန်ဘာသာနှင့်အပြိုင် ထွန်း:ကား:ခဲ့သော ဂန္ဓာရီပညာဖြစ်သည်။ အင်္ဂလန်နှင့် စကော့တလန်တွင် မိထြာဝတ်ကျောင်း:များ ရှိနေဆဲဖြစ်သည်။

ဆီး:ရီး:ယား:နှင့် အိန္ဒိယပြည်တို့တွင်လည်း: မိထြာဘုရား ကိုး:ကွယ်သူ၊ မိထြာဂန္ဓာရီပညာကို လိုက်စား:သူများ ရှိနေဆဲပင် ဖြစ်သည်။ မဟာဂန္ဓာရီပညာရှင်အချို့ကမူ ဂန္ဓာရတိုင်း:မှတစ်ဆင့် အိန္ဒိယ၊ တရုတ်နယ်ခြား:ကို ဖြတ်ကျော်ပြီး: တရုတ်ပြည်နှင့် ဂျပန်ပြည်သို့ မိထြာဂန္ဓာရီပညာ ရောက်သွား:သည်ဟု ဆိုသည်။ အား:လုံး:ကို ခြုံကြည့်မည်ဆိုပါက မိထြာဂန္ဓာရီပညာသည် အနောက်တိုင်း:နှင့် အရှေ့တိုင်း:သို့ ရောက်ရှိသွား:သော အကျယ်ပြန့်ဆုံး: ဂန္ဓာရီပညာဖြစ်သည်ကား: ထင်ရှား:လှသည်။ အာရပ်လောကတွင် ထင်ရှား:သော ဆူဖီမဟာဂန္ဓာရီ ပညာသည်ပင်လျှင် မိထြာဂန္ဓာရီပညာ၏ သြဇာနှင့် မကင်း:ကြောင်း: တွေ့ရသည်။ ဆူဖီဂန္ဓာရီပညာရှင်များ:တွင် ပါရှား:မှ ဂန္ဓာရီပညာရှင်များ: ထိပ်တန်း:မှ ပါဝင်နေသည်ကို တွေ့ရသည်။

မိထြာဂန္ဓာရီပညာသည် ရှမ်ဗဲလား: မဟာဂန္ဓာရီပညာမှ ဆင်း:သက်လာသော ပညာဖြစ်သည့်အတိုင်း: ဗိုရိစတာဘာသာ၏ အတွင်း:ဂိဏ်း: (၀၊) အန္ဒေ၀ါသိကဂိဏ်း:ဖြစ်သည်။ အိဂျစ်၊ အိန္ဒိယ၊ တရုတ်ပြည်တို့တွင် ကျင့်သုံး:ခဲ့သည့်အတိုင်း: သက်ဆိုင်ရာဘာသာအသီး:သီး:သည် ဥပသကာ လူများ:စုတို့ ကိုး:ကွယ်ရန်ဖြစ်ပြီး: ယင်း:ဘာသာရေး: အသီး:သီး:တို့၏

အတွင်း၌ကား လူနည်းစု ပါရမီရှင်များ လိုက်စား လေ့လာရန်အတွက် အန္တေဝါသိက ကျင့်စဉ်များ၊ ဂန္ဓာရီပညာများ ရှိစမြဲပင် ဖြစ်သည်။ မိတ္တြာမဟာဂန္ဓာရီပညာသည် အခြား အန္တေဝါသိက ဒေသနာများကဲ့သို့ပင် ပညာသင်ပေးသော ဆရာရှင်နှင့် တပည့် သာဝက တို့က လက်ထပ်သင်ပေးသော မဟာဂန္ဓာရီပညာဖြစ်သည်။ တပည့်သာဝကများသည် ဂန္ဓာရီပညာစခန်း တက်လှမ်းရာတွင် ပညာမြင့်လာသည်နှင့်အမျှ မာဂအဆင့်များ မြင့်လာ ပြီးလျှင် နောက်ဆုံးတွင် အမတစခန်းသို့ ထွက်ရပ်ပေါက် ရောက်ရှိသွားခြင်း ဖြစ်သည်။

ဤသို့ မာဂအဆင့်ဆင့်တက်ရာတွင် စမ်းသပ်မှု အမျိုးမျိုးကို အောင်မြင်စွာ ကျော်လွှားနိုင်ပါမှ နောက်ထပ် မာဂအဆင့် တစ်ဆင့်ကို တက်ရသည်။ မာဂအဆင့် တစ်ဆင့် တက်တိုင်း သိဒ္ဓိတင် ဘိသိက်ပွဲများကျင်းပပြီး သိဒ္ဓိများလည်း တိုးတက်လာသည်။ အန္တိမနောက်ဆုံးအဆင့်သို့ ရောက်သောအခါမှသာလျှင် အမြင့်ဆုံးသိဒ္ဓိဖြစ်သော အမတ အလင်းဓာတ်ဝိဇ္ဇာဖြစ်သွားခြင်းဖြစ်သည်။ မိတ္တြာမဟာဂန္ဓာရီပညာ သင်ကြားလိုသူ သာဝက သည် ပထမဆုံး အစမ်းသပ်ခံ သာဝကအဖြစ် နေ့စဉ်တစ်နေ့လျှင် သုံးကြိမ် နေဘုရားကို ရှိခိုးရသည်။ နေဘုရားဆိုသည်မှာ မိတ္တြာစျာန်ဘုရားကို ရည်ညွှန်းခြင်းဖြစ်သည်။ နေ၏ အလင်းဓာတ်နှင့် စျာန်ဘုရား၏ အလင်းဓာတ်ကို ရည်ညွှန်းခြင်းဖြစ် သည်။ နံနက်နေထွက် တစ်ကြိမ်၊ မွန်းတည့်တစ်ကြိမ်၊ ညနေ နေဝင်တစ်ကြိမ် မိတ္တြာဘုရားကို ပူဇော်ပသခြင်း၊ မန္တန်များရွတ်ဆိုခြင်း၊ ရေသွန်းလောင်းခြင်း စသော ကံဆောင်မှုအစီအရင်များကို စနစ်တကျ လုပ်ဆောင်ရသည်။

ယင်းအစီအရင် အစီးအနင်းများသည် နှောင်အခါပေါ်ပေါက်လာမည်။ ဟာမက်တစ် မဟာဂန္ဓာရီ၊ ဖရီးမေဆင်မဟာဂန္ဓာရီ၊ ရိုဆီကီရဆီယင် မဟာဂန္ဓာရီ စသော မဟာဂန္ဓာရီ ပညာတို့က ဆက်ခံဆောင်ရွက်ခဲ့သော အစီအရင်များ ဖြစ်သည်။ တစ်ပတ်လျှင် တနင်္ဂနွေ နေ့ကို ဘုရားပူဇော်သော ရက်မြတ်အဖြစ် သတ်မှတ်ပြီး ဓမ္မဂီတများ သီဆိုတီးမှုတ်ပြီး အထူးပူဇော်ကြသည်။ သိဒ္ဓိတင်ဘိသိက်ပွဲများကိုကား မတ်လ၊ ဧပြီလတွင် အခမ်းအနား အစီအရင်၊ အစီးအနင်းများဖြင့် ကျင်းပသည်။ မိတ္တြာမဟာဂန္ဓာရီပညာသည် ထိုစဉ်က အလွန်အရှိန်အဝါ ကြီးမားလေရာ မင်းစိုးရာဇာများ၊ မြို့စားနယ်စားများ၊ ကုလုံကြွယ်ဝ သူများ၊ စစ်မှုထမ်းများ ပါဝင်သည်။

ဂန္ဓာရီပညာ သင်လိုသူသာဝကသည် သီလစင်ကြယ်မှုကို အလေးထားရသည်။ အစားအသောက်၊ အနေအထိုင်အားလုံးကို ခြိုးခြံစွာ ကျင့်ရသည်။ အိပ်ချစ်နှင့် ခေါမ ဂန္ဓာရီ ပညာရှင်များ လိုက်နာရသော စည်းမျဉ်းအတိုင်း အတိအကျ လိုက်နာရသည်။ မိမိ ကိုယ်ရေးကိုယ်တာဟူ၍ မရှိအောင် ကျင့်ကြံရသည်။ ရပ်ခန္ဓာရော စိတ်ပါ ဂန္ဓာရီပညာကိုသာ အပ်နှံထားရသည်။ သာဝကသည် မာဂတက်စဉ် အဆင့် ခုနစ်ဆင့်ကို တစ်ဆင့်ချင်း တက်လှမ်းရသည်။ မာဂတက်စဉ် (၇)ဆင့်မှာ –

(၁) သာလိကာ

(၂) ဂန္ဓာရီ

(၃) စစ်သည်တော်
(၄) ခြင်္သေ့
(၅) ပါရာ
(၆) တမန်တော်
(၇) ခမည်းတော်တို့ ဖြစ်သည်။ သာဝကတို့သည် မိမိ၏အဆင့်အလိုက် သတ်မှတ်ထားသော ဝတ်စုံများကို ဝတ်ဆင်ရသည်။ အဆင့်လိုက် သတ်မှတ်ထားသော မျက်နှာဖုံးများကိုလည်း တပ်ဆင်ရသည်။

မျက်နှာဖုံးများကို ငါး၊ မိကျောင်း၊ ငှက်၊ ကျားစသော တိရစ္ဆာန်များ၏ပုံသဏ္ဌာန်ဖြင့် ပြုလုပ်ထားသည်။ သတ္တဝါတို့သည် ရေနေသတ္တဝါမှ တစ်ဆင့်ထက်တစ်ဆင့် မြင့်လာသည့်သဘောကို ဆောင်ထားခြင်းဖြစ်သည်။ မာဂအဆင့်မြင့်လာသည်နှင့်အမျှ တိရစ္ဆာန်တို့ အဆင့်မြင့်လာသော ဘဝ၏ရုပ်ပုံကို ဖော်ထားခြင်း ဖြစ်သည်။ အစမ်းခံသာဝကကို ကာယသတ္တိ၊ စိတ္တသတ္တိ ကြွေ့ခိုင်မှုများ တိုးတက်မှု ရှိမရှိ စမ်းသပ်ပြီး ဂန္ဓာရီပညာနှင့် ထိုက်တန်မှုရှိမှသာလျှင် တပည့်သာဝကအဖြစ် လက်ခံပြီး ဂန္ဓာရီပညာများကို စတင် သင်ကြားပေးသည်။ မာဂအဆင့်များ မြင့်လာမှသာလျှင် သီဒ္ဓိတန်ခိုးများ ရရှိလာပြီးလျှင် နောက်ဆုံးတွင် အမတခေါ် မသေတော့သော ဝိညာဉ်ဖြင့် ဆက်လက် ရှင်သန်နိုင်သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်သွားသည်။

ပထမ မာဂဖြစ်သော သာလိကာအဆင့်သည် ဆရာပြောသမျှကိုသာ ကြားနာခွင့်ရှိပြီး နားထောင်မှတ်သားရသော အဆင့်ဖြစ်သည်။ သာလိကာများသည် လူ့စကားကြားသမျှကိုသာ ပြောတတ်သည့် သဘောပင်ဖြစ်သည်။ မိတ္ထြာမဟာဂန္ဓာရီဂိုဏ်းသားအဖြစ် စတင်ခံယူရသော ပထမ မာဂသီဒ္ဓိတင် ဘိသိက်ပွဲကို ကျင်းပသောအခါ သရဖူ၊ တူ၊ တင်းပုတ်၊ နွားလား စသော သင်္ကေတများကို အသုံးပြုသည်။ ဘိသိက်ပွဲကို မြေအောက်လိုဏ်ဂူထဲရှိ ဝတ်ကျောင်းခေါ် ဓာတ်စခန်းတွင် ကျင်းပသည်။ သာဝကသည် မြေအောက်လိုဏ်ဂူထဲသို့ ခြေလှမ်း ခုနစ်လှမ်း ဝင်ရသည်။ လိုဏ်ဂူထဲတွင် အခြား မာဂရှင် သာဝကဟောင်းများက တိရစ္ဆာန်အရေများကိုခြုံ၍ အမှောင်ထဲတွင် ခြောက်လှန့်ကြသည်။

သုံးရက်ကြာအောင် နည်းအမျိုးမျိုး၊ သဏ္ဌာန်အမျိုးမျိုးဖြင့် ခြောက်လှန့်သည်။ ယင်းသို့ ခြောက်လှန့်မှုများကို ကြွေ့ကြွေ့ခံနိုင်ရည်ရှိသော သာဝကကို ပထမမာဂအဖြစ် သီဒ္ဓိတင် ဘိသိက်ခံပေးသည်။ မဟာဂန္ဓာရီတွင် အရေးအကြီးဆုံး ပဓာနအရည်အချင်းမှာ အကြောက်တရား ကင်းမဲ့ခြင်းဖြစ်သည်။ ရုပ်ခန္ဓာကိုသာ တပ်မက်သူများသည် ကြောက်လန့်တတ်လေရာ နာမ်ခန္ဓာဖြစ်သော ဝိညာဉ်လမ်းစဉ်ကိုလိုက်ရန် မသင့်လျော်တော့ချေ။ တို့ကြောင့် ပထမဆုံး ဝိညာဉ်ကို မည်မျှယုံကြည်ကြောင်းကို သိရန်အတွက် အကြောက်တရားနှင့် စမ်းသပ်ခြင်း ဖြစ်သည်။

ပထမ မာဂအဆင့် ရောက်ပြီးသူ သာဝကသည် မဟာဂန္ဓာရီဂိုဏ်းဝင်ဖြစ်သွားပြီဖြစ်ရာ မိမိ၏ မိသားစုနှင့် အဆက်ဖြတ်ရသည်။ တစ်နည်းအားဖြင့် သဏ္ဌာယလောကီ

အကျိုးစီးပွား သံယောဇဉ်များကို ဖြတ်ရသည်။ မိမိယုံကြည်သော မဟာဂန္ဓာရိလမ်းစဉ်မှ တစ်ပါး အခြား ပုဂ္ဂိုလ်ရေးကိစ္စများ မရှိတော့ချေ။ ထိုအခါတွင် မဟာဂန္ဓာရိပညာသင် အခြားမာဂရှင်များက 'ညီနှောင်တော်' ဟု ခေါ်ဝေါ်ကြသည်။ ဖရိုးမဆင်စသော ဂန္ဓာရိ ဂိုဏ်းများတွင် ဂိုဏ်းသားအချင်းချင်း Brother ညီနှောင်တော်ဟု ခေါ်ခြင်းမှာ မိတ္တာဂန္ဓာရိဂိုဏ်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယမာဂကို လှူဒါန်းပြီးဆက်ဟု အမည်ပေးသည်။ ဤမာဂကို တက်ရသူသည် ဘုရား၏ မာတ်သက်ဝင်လူပ်ရှားနေသော ဘုရားရုပ်တုကို ဘိသိက်ပွဲတွင် ပူးမြှော်ရသည်။

ဘုရားရုပ်တုကို မုန့်ဖြင့် ဆွမ်းကော်တင်ရသည်။ သောက်တော်ရေခွက်လည်း ပါသည်။ ဘုရား၏ တရားတော်အတိုင်း လိုက်နာကျင့်ကြံပါမည်ဟု ကတိသစ္စာဆိုရသည်။ တတိယမာဂအဆင့်တက်စဉ်ကို စစ်သည်တော်ဟု ခေါ်သည်။ လိုဏ်ဂူမည်းမှောင်မှောင်တွင် ပြိုင်ဘက်စစ်သည်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် ရင်ဆိုင်တိုက်ခိုက်ရသည်။ ဤသို့ စစ်ပြိုင်ရခြင်းကို ရောမတို့က နှစ်သက်သဖြင့် ရောမတွင် မိတ္တာဂိုဏ်းကြီး ပျံ့နှံ့တိုးတက်သွားခြင်း ဖြစ်သည်။ စတုတ္ထမာဂကို ခြသေ့ဟု ခေါ်သည်။ ရေဖျန်း၍ မင်္ဂလာဘိသိက်ခံသကဲ့သို့ပင် ဟူးရည်ဖြင့် မျက်ခုံးမွေးကို သုတ်လိမ်းခြင်း၊ ဖျန်းခြင်းဖြင့် ဘိသိက်ခံသည်။ စတုတ္ထမာဂသို့ရောက်ရှိသူသည် လူဝတ်ကြောင်ဘဝမှ ဘုန်းကြီးဘဝခေါ် လောကုတ္တရာလူသားဘဝဖြင့် ကူးပြောင်းသွားရသည်။ ဤမာဂသိဒ္ဓိတင်ပွဲကို ကန်ရာသီ နွေဥတုဖြစ်သော ဇူလိုင်၊ သြဂုတ်လတွင် ကျင်းပသည်။

ကန်ရာသီကို ပါရှားလို အာဆက်ဟု ခေါ်သည်။ အာဆက်၏ အဓိပ္ပာယ်မှာ ခြသေ့ဟု ဖြစ်သည်။ ဤမာဂတက်ပြီးသူသည် နက္ခတ်ပညာနှင့် အဆင့်မြင့်သချာပညာများကို သင်ကြားလေ့လာရသည်။ မာဂအဆင့်ဆင့်သို့ တက်လှမ်းပြီးနောက် အန္တိမခေါ် သတ္တမ မာဂအဆင့် သိဒ္ဓိတင်ဘိသိက်ပွဲကို ကျင်းပသောအခါတွင် လွန်ခဲ့ယဉ်းစွာ ပူးတွေ့ရသော မိတ္တာရုပ်တုကို ဖုံးလွှမ်းထားသော ကန့်လန့်ကာကို ဖွင့်လှစ်ပေးပြီး ပူဇော်ခွင့်ရသည်။ ဗျာန်ဘုရားကြီး၏ မာတ်ဝင်နေသော မိတ္တာရုပ်တုကို ပူးမြှော်ခွင့်ရခြင်းသည် ဗျာန်ဘုရားကို ပူးမြှော်ရခြင်း၊ ဗျာန်ဘုရား၏မာတ်ကို ရခြင်းဖြစ်ရာ လူသားတို့ ရနိုင်သော စွမ်းအင်များအနက် အမြင့်မားဆုံး၊ အထက်မြက်ဆုံး စွမ်းအင်များကို မိမိခန္ဓာကိုယ်ရှိ ချက္ကရခေါ် စက်များမှတစ်ဆင့် တစ်ကိုယ်လုံးသို့ စိမ့်ဝင်ပျံ့နှံ့သွားကာ ကုန္ဒလိနီခေါ် အဘိညာဉ်တန်ခိုးများ ပွင့်လာသည်။

ထိုအခါတွင် ခန္ဓာကိုယ်အတွင်း အကျဉ်းကျနေသော ဝိညာဉ်သည် ခန္ဓာကိုယ်မပါဘဲ မိမိဘာသာ ရပ်လောကမှ လွတ်မြောက်သောနေရာသို့ ရောက်ရှိသွားသည်။ သေခြင်းကင်းသော အမတထွက်ရပ်ပေါက် စခန်းသို့ ဆိုက်ရောက်သွားသည်။ ထို့နောက် ညီနှောင်တော် သာဝကများ အတန်းနှစ်တန်းဖြင့် ဦးထောက်ထိုင်နေသော အတွင်းလမ်းကြောင်းအတိုင်း ဥပဇ္ဈာယ်ဆရာနှင့် သာဝကတို့သည် လမ်းလျှောက်လာကာ ပွဲတော်တည်ရန် နေရာသို့ ရောက်ရှိလာသည်။

ဝဲပေါ်တွင် မုန့်တင်ထားပြီး ဝဲတီးလိုက်သောအခါ မုန့်အပဲကလေးများ ပဲထွက်သွားသည်။ ယင်းပဲထွက်လာသော မုန့်ပဲကို သာဝကတ စားရသည်။ မုန့်သည် နေ့ရောင်ခြည်မတတ်၊ သူရိယစွာန်ဘုရားမတတ်ကို ခံယူထားသဖြင့် မုန့်စားရသူသည် စွာန်ဘုရားကြီးများ၏ မာတ်ကို ရရှိသွားသည်။ တန်ခိုး အရှိန်အဝါများကို ရရှိသွားသည်။ ဘုရား၊ တရား ယုံကြည်မှုသည်လည်း နှလုံးသားတွင် ခိုင်မြဲစွာ ကိန်းဝပ်သွားသည်။ ဤသို့ဖြင့် ဘိသိက်ပွဲကို နောက်ဆုံး ကဏ္ဍအနေဖြင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ချင်း ဆက်သွယ်နိုင်သော စကားဝှက်၊ ဂိုဏ်းချုပ်ကြီးနှင့် ဆက်သွယ်နိုင်သော စကားဝှက်ကို ဂိုဏ်းချုပ်ကြီးက သာဝကအား ပေးလေသည်။ မိထြာဂန္ဓာရီ ပညာသည် နောင်နှစ်ရာစုများ ကြာမြောင်းလာပြီး လူ့လောကကြီးလည်း ပြောင်းလဲတိုးတက်လာလေရာ ဂန္ဓာရီပညာရပ် အသစ်များ ပေါ်ထွန်းလာသောအခါတွင် ဂန္ဓာရီပညာဟောင်းဖြစ်သော မိထြာဂန္ဓာရီ ပညာသည်လည်း တိမ်ကောသွားသည်။

သို့သော် မိထြာဂန္ဓာရီပညာ၏ အနှစ်သာဖြစ်သော အလင်းဓာတ်ကို ပဓာန အာရုံပြုရခြင်းနှင့် ကံဆောင်မှုအစီအရင်၊ အစီအနင်းများကို နောင်ပေါ်ပေါက်လာမည့် ဂန္ဓာရီပညာများသို့ အမွေပေးခဲ့သည်။ ယင်းဂန္ဓာရီပညာအမွေကို ဆက်ခံသော ဂန္ဓာရီ ဂိုဏ်းများမှာ ဆူဖီ၊ ဖရီးမေဆင်၊ ဟာမက်တစ်၊ ရိဆီကရုဆီယင်ဂိုဏ်းများဖြစ်သည်ကို ဂန္ဓာရီပညာသမိုင်းတွင် တွေ့ရှိရလေသည်။

*

ဝိဇ္ဇာဉာဏ် မဟာဂန္ဓာရီဂိုဏ်း

ဝိဇ္ဇာဉာဏ်ဆိုသည်မှာ အင်္ဂလိပ်စကားဟာရ Gnosticကို မြန်မာဘာသာဖြင့် ဆီလျော်အောင် ခေါ်ခြင်းဖြစ်သည်။ Gnosticတ၏ မူရင်းအဓိပ္ပာယ် မဟာသုတဉာဏ်ဖြစ် သည်။ သို့သော် နှစ်စုတစ် မဟာဂန္ဓာရီဂိုဏ်းကယူသော အဓိပ္ပာယ်မှာ သာမန်သညာသိထက် ကျော်လွန်ပြီး ပကတိအရှိကို မြင်သော အဝိဇ္ဇာကင်းသော အသိဉာဏ်ကို ဆိုလိုသည်။ ထို့ကြောင့် ပကတိအရှိကို အရင်းတိုင်း မြင်နိုင်သော ဉာဏ်ကိုညွှန်း၍ နှစ်စုတစ်ကို ဝိဇ္ဇာဉာဏ်ဟု မြန်မာလိုပြန်ရခြင်း ဖြစ်သည်။ ဝိဇ္ဇာဉာဏ်ဂန္ဓာရီပညာရှင်တို့သည် ခရစ်ယာန် ဘာသာ ပေါ်ပေါက်လာသောအချိန်မှစ၍ အာရှအလယ်ပိုင်းခေါ် မြေထဲပင်လယ်အနီးရှိ အာရှဒေသနှင့် ခေါမတို့တွင် ပေါ်ပေါက်လာသော ဂန္ဓာရီဂိုဏ်းဖြစ်သည်။

ဉာဏ်တော်အနန္တဖြင့် ပြည့်စုံတော်မူသော ဓာတ်ဘုရားကြီးရှိသည်။ ယင်းဓာတ်ဘုရားတည်းဟူသော မဟာကောဓာတ်ကြီးမှ ဉာဏ်တော်များ ကွန့်မြူးဖြာဝေလိုက်သော

အခါတွင် ဗျာန်ဘုရားများ၊ နတ်ဒေဝါများနှင့် စကြဝဠာကြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။ စကြဝဠာတွင် ပါဝင်သော ဤကမ္ဘာမှ လူသားများ၏ ဝိညာဉ်သည် ဓာတ်ဘုရားကြီး၏ ဉာဏ်တော်ကွန့်မြူးမှုကြောင့် ဖြစ်ပေါ်လာရာ ရုပ်ခန္ဓာအမျိုးမျိုးကို တစ်ဘဝပြီး တစ်ဘဝ ပြောင်းရွှေ့လှည့်လည်ပြီးနောက် ရုပ်ခန္ဓာအကျဉ်းထောင်မှ ဝိညာဉ်သည် လွတ်မြောက်သွားပြီး ဓာတ်ဘုရားကြီးထံ ရောက်ရှိမည်။ ဤသို့ ရုပ်ဘဝများစွာ ကျင်လည်ရသော အဖြစ်မှ လွတ်မြောက်ရန်အတွက် မိမိ၏ ဝိညာဉ်ထဲမှ တရားအလင်းဝိဇ္ဇာဉာဏ်အလင်းကို ရအောင် တစ်ဘဝပြီး တစ်ဘဝ ကြိုးစားဖြည့်ဆည်းရမည်ဖြစ်သည်။

ထို့ကြောင့် ဝိဇ္ဇာဉာဏ်အလင်းသည် ဝိညာဉ်လွတ်မြောက်ရေးအတွက် အဓိကအားကိုးရာ ပဓာနအချက်ကြီးဖြစ်သည်။ ဝိဇ္ဇာဉာဏ်အလင်းကို ရရှိအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်ခြင်းသည် ဝိဇ္ဇာဉာဏ် မဟာဂန္ဓာရီပညာပင် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အော်ဖိယပ်၊ ပိုက်သာဂိုရပ်စ်၊ ပလေတို ချမှတ်ခဲ့သော မဟာဂန္ဓာရီ သဘောတရားကို တစ်ခေတ် ပြန်လည်ဆန်းသစ်ခြင်း ဖြစ်သည်။ ပိုက်သာဂိုရပ်စ်၊ ပလေတိုတို့၏ ဒဿနနှင့် မဟာဂန္ဓာရီပညာအမွေကို ဆက်ခံပြီး ပြန်လည်ဆန်းသစ်သော ဒဿနပညာရှင်များကို ခေတ်ဆန်းပလေတိုဝါဒီ Neo-Platonic များဟုခေါ်သည်။ ခေတ်ဆန်းပလေတိုဝါဒီတို့သည် အလက်ဇန္ဒရီးယား ကျောင်းထွက်များဖြစ်သည်။ အီဂျစ်ပြည် အလက် ဇန္ဒရီးယားတွင် တော်လမိခေတ်မှစ၍ ပိဋကတ်တိုက်ကြီး တည်ထောင်ခဲ့သည်။

စာအုပ်စာတမ်းများ၊ ကျမ်းဂန်များ၊ ခုနစ်သိန်းကျော်ရှိပြီး ဝိဇ္ဇာပညာ၊ သိပ္ပံပညာဘက်စုံ လေ့လာနိုင်သော နေရာဖြစ်သည်။ ယူကလစ်၊ အပိုလိုနီယပ်၊ နီကိုမာချက်စသော သိပ္ပံပညာရှင်၊ ဝိဇ္ဇာပညာရှင်တို့ကို မွေးထုတ်ပေးခဲ့သော ပိဋကတ်တက္ကသိုလ်ဖြစ်သည်။ ထို့ကြောင့် အလက်ဇန္ဒရီးယား ပိဋကတ်တိုက်တွင် လေ့လာခဲ့ကြသော ပညာရှင်တို့ကို အစွဲပြု၍ အလက်ဇန္ဒရီးယားကျောင်းတွက်များဟု တင်စားခေါ်ဝေါ်ခြင်း ဖြစ်သည်။ အလက် ဇန္ဒရီးယား ကျောင်းထွက်များဖြစ်သော အာမန်နီယပ်စ်ဆာကပ်သည် အေဒီ ၁၉၃ တွင် ခေတ်သစ်ပလေတို ဝါဒီဂိုဏ်းကြီးကို တည်ထောင်ပြီး နာမည်ကျော် ပလိုတီးနပ်၊ အိုရီဂျင် စသောတွေးခေါ်ပညာရှင်တို့အား စည်းရုံးသိမ်းသွင်းခဲ့သည်။ ဝိဇ္ဇာဉာဏ် မဟာဂန္ဓာရီဂိုဏ်း၏ အဓိကအားပြုရာ အင်အားမှာ ယင်းခေတ်ဆန်း ပလေတိုဝါဒီဂိုဏ်းကြီးပင် ဖြစ်သည်။ စင်စစ်အားဖြင့် ဝိဇ္ဇာဉာဏ် မဟာဂန္ဓာရီဂိုဏ်းသည် ရှေးအစဉ်အလာက ရှိခဲ့သော ပိုက်သာဂိုရပ်စ်၊ ပလေတို၊ အက်ဆင်းနီ၊ မိတြာဂိုဏ်းကဲ့သို့ တစ်လုံးတစ်စည်းတည်းသော ဂိုဏ်းမျိုး မဟုတ်။

ခေါင်းဆောင်ပုဂ္ဂိုလ်တစ်ဦးက ချမှတ်ပေးသော ဂန္ဓာရီပညာကို နောက်လိုက်များက ကျင့်ကြံသော အစဉ်အလာမျိုး မဟုတ်ချေ။ အီဂျစ်ပြည်၌ အခြားနေရာများနှင့် အလက်ဇန္ဒရီးယား၊ ခေါမ၊ အီရတ်၊ ပါရှားစသော တိုင်းပြည်အသီးသီးရှိ တွေးခေါ်ပညာရှင်များ မနောသိပုဂ္ဂိုလ်များက မိမိတို့၏ နည်းဟန်ဖြင့် ကျင့်ကြံကြခြင်းသာဖြစ်သည်။ မနောသိပုဂ္ဂိုလ်ဆိုသည်မှာ Mysticကို ဆိုလိုပါသည်။ မနောသိပုဂ္ဂိုလ်များသည် သာမန်သညာသိ

များကို ပေါင်းစပ်စိစစ် သုံးသပ်ဆင်ခြင်သော အသိဉာဏ်မျိုးထက် ကျော်လွန်ကာ အတွင်း စိတ်ခေါ် မနောဓာတ်ဖြင့် သိမြင်သော အသိဉာဏ်မျိုးကိုပါ ယုံကြည်လက်ခံသူများကို ဆိုလိုသည်။ လန့်စရာတွေ့သောအခါတွင် 'အမလေး' ဟု လည်းကောင်း၊ ခလုတ်တိုက်မိ လျှင်ပင် 'ဗုဒ္ဓေါ' ဟု လည်းကောင်း အသံထွက်လာခြင်းသည် ဆင်ခြင်တိုင်းထွာ၍ရသော အသိဉာဏ်မျိုးမှ ထွက်ပေါ်လာခြင်းမဟုတ်။ မိမိ မနောဓာတ်တွင် ကိန်းသော မိခင်ကို အားကိုးမှု၊ ဗုဒ္ဓကို ယုံကြည်အားကိုးမှုတို့မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းကဲ့သို့ မနောဓာတ်တွင် ကိန်းနေသော အသိဉာဏ်မျိုးရှိသူကို မနောသိ ပုဂ္ဂိုလ်များဟု ခေါ်ခြင်းဖြစ်သည်။ မနောသိပုဂ္ဂိုလ်တို့သည် စာပေကျမ်းဂန်တွင် ပါဝင်သည် ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ မမြင်ရသော၊ မကြားရသော ပရလောကကြီးရှိသည်။ နတ် ဗြဟ္မာရှိသည်။ လောကီလွန် တန်ခိုးရှိသည်ကို မိမိအတွေ့အကြုံအရဖြစ်စေ၊ မနောဓာတ် တွင် ကိန်းအောင်းနေသော အသိဉာဏ်အရဖြစ်စေ အပိုင်သိပြီး ဖြစ်သည်။ ဤသို့သော မနောသိပုဂ္ဂိုလ်တို့သည် အေဒီ ၁ ရာစုမှ ၅ ရာစုအတွင်း မြေထဲပင်လယ်ဒေသနှင့်ခေါမတိုင်း တွင် ပေါ်ပေါက်လျက်ရှိသည်။ ဤမနောသိ ပုဂ္ဂိုလ်တို့သည်ပင်လျှင် တစ်ဖက်တွင် သိပ္ပံ ပညာရှင်၊ ဒဿနပညာရှင်များအဖြစ် လူသိများနေကြပြန်သည်။ အထူးသဖြင့် အာရ အနောက်ပိုင်း တိုင်းပြည်များဖြစ်သော ပါရှား၊ ပါလက်စတိုင်း၊ အီရတ်၊ ဆီးရီးယားပြည်တို့နှင့် အီဂျစ်တွင် မနောသိပုဂ္ဂိုလ်များသည် မြို့ကြီးပြကြီးဘဝကို မခံမငြတော့ဘဲ အက်ဆင်နိ ဂိုဏ်း၊ မိတြာဂိုဏ်းမှ ရှေးသူတော်စင်များကဲ့သို့ လူသူဝေးရာတွင် တရားဘာဝနာများ အား ထုတ်လိုသည်။ လူသား တို့အား ကူညီလိုသည်။

ရှေးဂန္ဓာရီဂိုဏ်းများ၏ သြဇာသည် ထိုစဉ်ကမှေးမိုန်နေပြီးလျှင် မနောသိပုဂ္ဂိုလ် များ၊ ဂန္ဓာရီပညာရှင်များကို မိစ္ဆာဒိဋ္ဌိဟု ရှုတ်ချပစ်ပယ်ခံနေရချိန် ဖြစ်သည်။ ယင်းကဲ့သို့ သော အချိန်မျိုးတွင် ဝိဇ္ဇာဉာဏ် ဂန္ဓာရီပညာရှင်များသည် နေရာဒေသအသီးသီးတွင် မရွေးမနှောင်း သီးခြားစီ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဝိဇ္ဇာဉာဏ် ဂန္ဓာရီသမားများသည် အခြေခံ တရားတွင် တူညီကြသော်လည်း မိမိတိုင်းပြည်နှင့် ဒေသအလိုက် ကျင့်ကြံအားထုတ် မှု၊ ဆောင်ရွက်မှုများတွင်ကား မတူကြချေ။ အီဂျစ်ပြည်ရှိ 'သာရာပြုတေ' ဂန္ဓာရီသမားများ သည် ရောဂါဝေဒနာများကို ဂန္ဓာရီပညာဖြင့် ကုသခြင်းဖြင့် ဂန္ဓာရီစခန်းကို တက်လှမ်း သည်။ အလက်ဇန္ဒရီးယားကျောင်းထွက်များက ဒဿနပညာရှင်အဖြစ် ဂန္ဓာရီစခန်းဖွင့်သည်။ သူတို့၏ဒဿနသည် အာရုံသိ၊ သညာသိ တွေးခေါ်မျော်မြင်မှုကို ကျော်လွန်ပြီးသိရသော လောကီလွန် ဒဿနများကို ဖြန့်ဖြူးသည်။

လောကပညတ်ချက်များ အတွင်းရှိသော အယူဝါဒတစ်စုံတစ်ခုကိုမျှ ကိုင်စွဲခြင်း မပြု၊ ရသမျှသော သမုတိသစ္စာနယ်ဝင် သုတနှင့် ဒဿနတို့ကို လေ့လာသည်။ တစ်နည်း အားဖြင့် အများအပြား ထွက်ပေါ်လာသော ဝိဇ္ဇာဉာဏ် ဂန္ဓာရီပညာရှင်များက တရားသေ အယူဝါဒကို မခံယူသောကြောင့် ယင်းဝိဇ္ဇာဉာဏ် ဂန္ဓာရီပညာရှင်များအား အန္တေဝါသိက ဝါဒီများဟု ခေါ်ကြသည်။ ဤသို့ခေါ်ဝေါ်သည်မှာ ဝိဇ္ဇာဉာဏ်ဂိုဏ်း ခေါင်းဆောင်တစ်ဦး

ဖြစ်သော ဆိုင်မွန်မာဂတ်စ်သည် ရှေးရိုးစဉ်လာနှင့် ဆန့်ကျင်သော အယူများနှင့် စိတ်တန်ခိုးပြခဲ့မှုများကြောင့် ဖြစ်သည်။ ဆိုင်မွန်မာဂတ်စ်သည် လေထဲသို့ ပျံပြနိုင်သည်။ နီရိုးဘုရင်၏ ရှေ့မောက်တွင် ပြတင်းပေါက်မှနေပြီး အပြင်ဘက်ရှိ လေထုအတွင်းသို့ ပျံပြနိုင်သည်။ ပရိဘောဂပစ္စည်းများကိုလည်း အပေါ်သို့ မြင့်တက်ပျံပြနိုင်သည်။

ထို့ကြောင့် ဘုရင်နီရိုးက မင်းဆရာအဖြစ်ပင် တင်သည်။ သို့ရာတွင် ဤသို့ ပြုမူမှု၊ အယူမတူမှုကြောင့် မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲသည်။ ဝိဇ္ဇာဉာဏ်ဂိုဏ်း ရှေ့ဆောင်တစ်ဦးဖြစ်သူ အပိုလိုနိယပ်သည် ကတ်ပါဒိုးဆီးယားတွင် အေဒီ ၁ ရာစုခြေမွေးဖွားပြီး ကျော်ကြားလှသော ပုဂ္ဂိုလ်ဖြစ်သည်။ သူသည် အရက်သေစာ မသောက်၊ သက်သတ်လွတ်စားပြီး ပိုက်သာဂိုရပ်စ် ဒဿနကို ယုံကြည်သူတစ်ဦးဖြစ်သည်။ ငါးနှစ်တိတိ စကားမပြောသော အကျင့်ကိုကျင့်ပြီး ဘောဘီလုံနှင့် အိန္ဒိယသို့ သွားရောက်ပြီး ဂန္ဓာရိပညာများ ရှာဖွေလေ့လာသည်။ ရောဂါဝေဒနာများကို မနှောစွမ်းအင်ဖြင့် ကုသသည်။ အေသင်မြို့တွင် မုန်တိုင်းကို တားဆီးပြခြင်း၊ ရေလွှိုင်းများကို တားဆီးပြခြင်း၊ သားရဲတိရစ္ဆာန်များကို ငြိမ်ဝပ်စေခြင်းစသော တန်ခိုးများကို ပြသခဲ့သည်။ အက်ပီဆပ်နယ်တွင် အန္တေဝါသိက ဂန္ဓာရိကျောင်းကြီး ဖွင့်လှစ်၍ ဂန္ဓာရိပညာ များ၊ ဝိဇ္ဇာဉာဏ်ဂန္ဓာရိပညာများကို သင်ကြားပေးခဲ့သည်။




ဝိဇ္ဇာဉာဏ်
သင်္ကေတတံဆိပ်

မာနိဆိုသော ဝိဇ္ဇာဉာဏ်ပညာရှင်ကလည်း အေဒီ ၃ ရာစုတွင် အစိအရင်ကိုပဓာနထားသော ဂန္ဓာရိပညာများ၊ ဝိဇ္ဇာဉာဏ်ဂန္ဓာရိပညာများကို သင်ကြားပေးခဲ့ရာ နောင်အခါတွင် ဖရီးမေဆင်ဂန္ဓာရိဂိုဏ်းကြီးက ယင်းအစီအရင်ပညာများကို ဆက်ခံခဲ့သည်။ မာနိ၏ နောက်လိုက်များကို မာနိချိယင်ဟု ခေါ်၍ ဂိုဏ်းကို မာနိချိယင် ဂန္ဓာရိဂိုဏ်းဟု လူသိများသည်။ အေဒီ ၃ ရာစုတွင် အနောက်တိုင်း၌ ထင်ရှားသော ဝိဇ္ဇာဉာဏ်ခေါင်းဆောင်မှာ ပလိုတီးနပ်စ်ဖြစ်သည်။ အာမိနိယပ်ဆပ်ကပ်စ်၏ ပညာအမွေကို ဆက်ခံသူ ခေတ်ဆန်း ပလေတိုဝါဒီဂိုဏ်းကြီးကို ရှေ့ဆောင်သူ ပလိုတီးနပ်စ်သည် ဝိဇ္ဇာဉာဏ်ဂန္ဓာရိပညာရှင် ဖြစ်သည်။ အီဂျစ်တွင်ကား သာရာပြူတေဂိုဏ်းနှင့် အိုဖိုက်ဂိုဏ်းသည် ဝိဇ္ဇာဉာဏ်ဂန္ဓာရိပညာရှင်များဖြစ်ကြသည်။ အိုဖိုက်၊ ဖီလို စသော မနောသိပုဂ္ဂိုလ်တို့၏ ရှေ့ဆောင်မှုကြောင့် ဝိဇ္ဇာဉာဏ်ဂန္ဓာရိပညာသည် ဥရောပတိုက်တွင် ခေတ်လယ်ခေတ် ကုန်သည်အထိ လွှမ်းမိုးခဲ့သည်။

ဝိဇ္ဇာဉာဏ်ဂန္ဓာရိဂိုဏ်းသည် အယူသည်းသူများ၏ ဖိနှိပ်မှုကြောင့် အတိအလင်း ဂန္ဓာရိဂိုဏ်းကို မတည်ထောင်နိုင်ဘဲ ဒဿနပညာအဖြစ်ဖြင့်လည်းကောင်း၊ မနောသိပုဂ္ဂိုလ်များအဖြစ်လည်းကောင်း အပြင်ပန်းအားဖြင့် ဆောင်ယူထားပြီး တပည့်သာဝကများကို လက်သိပ်ထိုး ဂန္ဓာရိပညာများ သင်ကြားလာရသည်။ ထို့ကြောင့် ဝိဇ္ဇာဉာဏ်ဂန္ဓာရိပညာ

များကို လျှို့ဝှက်တားရသည်။ ဂိုဏ်းဝင်များအား ဂိုဏ်းဝင်လက်ခံခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဂန္ဓာရီပညာ လေ့ကျင့်သင်ကြားပေးခြင်း ပြုရာတွင် စကားဝှက်များဖြင့်သာ ဝင်ခွင့်ပြုသည်။ ဂိုဏ်းသားချင်း တစ်ဦးနှင့်တစ်ဦး ဂိုဏ်းသားချင်း အသိအမှတ်ပြုရန်အတွက် လက်ဆွဲနှုတ်ဆက်သောအခါ တစ်ဦး၏ လက်ဝါးကို တစ်ဦးက လက်ညှိုးဖြင့် တို့ရသည်။ ဤသို့သော လျှို့ဝှက်စည်းကမ်းများ ချမှတ်ပြီး အရည်အချင်း ပြည့်ဝသူများကို ပထမဆုံး ကျင့်စဉ်များ ချပေးသည်။



ဝိဇ္ဇာဉာဏ်ဂိုဏ်း၏ လက်ပွေ့အဆောင်များ

ဂန္ဓာရီပညာသင်ရိုးနှင့် တက်စဉ်များမှာ ရှေးမူအတိုင်း ဖြစ်သော်လည်း ခေတ်နှင့်လျော်ညီအောင် လိုတိုးပို လျော့ လုပ်ရသည်။ အဆင့်တက်ရာတွင်လည်း ရှေးအီဂျစ်၊ အိန္ဒိယ၊ ခေါမဂန္ဓာရီ စနစ်များအတိုင်း တက်ရသည်။ သို့သော် ရှေးခေတ် ဂန္ဓာရီ ပညာရှင်များကဲ့သို့ ထူးချွန်သူများ ရှားပါးသွားသည်။ ခေါင်းဆောင်အချို့သာလျှင် ရှေးဂန္ဓာရီ ပညာအမွေများကို ရနိုင်တော့သည်။ အချို့ဂန္ဓာရီပညာရှင်များမှာ တန်ခိုးမက်ပြီး ကျော်စော မူနောက် လိုက်သွားကြသဖြင့် ဂန္ဓာရီပညာအစစ်များ မတိုးတက်တော့။ အချို့ ဝိဇ္ဇာဉာဏ် ဂိုဏ်းသားများ အထိပင် ရောက်ကုန်ကြသဖြင့် လူအများက ဝိဇ္ဇာဉာဏ် ဂန္ဓာရီပညာအပေါ် သံသယ ဖြစ်ကြသည်။ ဂန္ဓာရီပညာသည် လျှို့ဝှက်မှုများဖြင့် ပြည့်လျှမ်းလျက်ရှိရာ အလွဲသုံးစား လုပ်လိုသူများအနေဖြင့် အခွင့်ကောင်းပင် ဖြစ်သည်။

ဝိဇ္ဇာဉာဏ်ဂန္ဓာရီပညာ၏ အဓိက ပညာစခန်းတွင် သင်္ကေတများ၏ စွမ်းအင်ကို

လေ့လာရသော ပညာကို လေ့လာရသည်။ ထို့ကြောင့် သင်္ကေတများ၏ စွမ်းဆောင်ရည် သွားသူသည် သင်္ကေတစွမ်းအင်ကို အလွဲသုံးစား ပြုမည်ဆိုက ပြုနိုင်သော အန္တရာယ်များ ရရှိသွားခြင်းဖြစ်သည်။ သင်္ကေတဆိုသည်မှာ မြန်မာဂန္ဓာရုံပညာတွင်ရှိသော ဓမ္မများ၊ အင်းများနှင့် ဆင်တူသည်။ သို့ရာတွင် ယင်းသင်္ကေတတို့၏ သဘောသဘာဝနှင့် စွမ်းဆောင်ရည်များကို အသုံးချရာတွင်မူ မတူချေ။ အထူးသဖြင့် အိန္ဒိယဂန္ဓာရုံပညာမှ ယန္တရများ၊ တိဗက်ဂန္ဓာရုံပညာမှ မဏ္ဍလများနှင့် ပို၍တူညီသည်။ ယင်းသင်္ကေတခေါ် ယန္တရ၊ မဏ္ဍလများသည် စိတ်ပိုင်းဆိုင်ရာ အဘိညာဉ်ပိုင်းဆိုင်ရာတွင်မက လောကီနယ်တွင်လည်း တန်ဖိုးထက်လွန်သော ပညာရပ်များဖြစ်သည်။

သို့သော် ယခုအခါတွင် ကျင့်စဉ်ကွယ်ပျောက်မတတ် ဖြစ်သွား၍ ရုပ်ပြမျှသာ ကျန်တော့၍ အစွမ်းမထက်တော့ချေ။ ဤလို သင်္ကေတမျိုးကို စိတ်စွမ်းအင်ဖြင့် ဂန္ဓာရီပညာရပ်အရ အသုံးချသောနည်းကို ဝိဇ္ဇာဉာဏ် ဂန္ဓာရီတွင် အဓိကထားသည်။ ဝိဇ္ဇာဉာဏ်ဂန္ဓာရီပညာ၏ အဓိကအရေးအပါဆုံး သင်္ကေတသည် ပုံတွင် ဖော်ပြထားသည့် အတိုင်းဖြစ်၍ အာရာဇတ်ဟုခေါ်သည်။ ရောမစစ်သည် ဝတ်စုံဝတ်ပြီး ခါးတွင် ရဲတင်းချိတ်ထားသော သဏ္ဌာန်ဖြစ်သည်။ လက်ဝဲဘက်တွင် လက်တံနေပုံရှိပြီး လပေါ်တွင် IAO နှင့် SABOATII ကမ္ဘည်းထိုးထားသည်။ ခေါင်းပေါ်တွင် ကြက်ရုပ်ရှိပြီး မြွေနှစ်ကောင် လိမ်နေပုံကို ခြေထောက်တွင် တပ်ကာ ခြေရင်းတွင် လျှပ်စစ်မိုးကြိုးပုံသဏ္ဌာန်ရှိသည်။ ယင်းသင်္ကေတတစ်ခုစီတွင် အဓိပ္ပာယ်တစ်မျိုးစီရှိပြီး စွမ်းအင်သတ္တိလည်း တစ်မျိုးစီရှိသည်။

ယင်းသင်္ကေတကို အခြေပြု၍ထားသော အခြားသော သင်္ကေတများ ရေးဆွဲထားသော အဆောင်လက်ဖွဲ့များကိုလည်း ဝိဇ္ဇာဉာဏ်ဂန္ဓာရီဂိုဏ်းသားများက ဆောင်လေ့ရှိသည်။ အချို့ သင်္ကေတမှာ ကျောက်မျက်ရတနာပေါ်တွင် ထုလုပ်ထားပြီး ဂန္ဓာရီပညာအစီအရင်တွင် အသုံးပြုသည်။ ကြက်သည် နံနက်စောစောတွင် တွန်တတ်သည်။ နံနက်အရဏ်ဦးအလင်းရောင်ကို ကြိုဆိုခြင်းကို ညွှန်းသည်။ မြွေနှစ်ကောင်သည် ကုန်လွန်စွမ်းအင်များတက်သွားရာ လမ်းကြောင်းကို ညွှန်းသည်။ ဤအဓိပ္ပာယ် ရည်ညွှန်းချက်များသာမက သင်္ကေတတစ်ခုစီ၏ ပုံသဏ္ဌာန်များ FORM ၏ အစွမ်းသတ္တိကိုလည်း ရည်ညွှန်းသေးသည်။ သို့သော် ပုံသဏ္ဌာန်များ၏ စွမ်းရည်သတ္တိအကြောင်းကိုမူ လျှို့ဝှက်ထားသည်။ သို့ရာတွင် ၂၀ ရာစုကုန်ကာနီးတွင် ပုံသဏ္ဌာန်များ၏ စွမ်းရည်ကို လေ့လာသောခေတ်သစ်ပညာရှင်များ ရှာတွေ့ပေါ်ပေါက်လာကြောင်း စပွတ်နစ်မဂ္ဂဇင်းတွင် တွေ့ရသည်။

ပိရမစ်ပုံသဏ္ဌာန်ကြောင့် ရေငွေ့များ ခန်းခြောက်ခြင်း၊ တြိဂံပုံ အဆောက်အအုံများသည် စိတ်တန်ခိုးကို မြှင့်တင်ပေးနိုင်ခြင်းစသော ပုံသဏ္ဌာန်များ၏ စွမ်းအင်များကို စူးစမ်းလေ့လာမှုများ စတင်လာပြီဖြစ်ရာ မဝေးလှသော အနာဂတ်ကာလတွင် ဝိဇ္ဇာဉာဏ်ဂန္ဓာရီပညာ၏ သင်္ကေတစွမ်းအင်များကိုလည်း ဖော်ထုတ်နိုင်တော့မည်ဟု မျှော်လင့်ရပေသည်။

ခရစ်ယာန်ဘာသာ ပေါ်ထွန်းပြီးနောက် အေဒီ ၅ ရာစုခန့်မှစ၍ ခေတ်လည်အမှောင်ခေတ်ကြီးသည် ဥရောပတိုက်တွင် ကျရောက်လာသည်။ ပလေတို့၏ မဟာဂန္ဓာရီဂိုဏ်းကြီးလည်း မှေးမှိန်သွားပြီးနောက် မူလမဟာဂန္ဓာရီပညာကဲ့သို့ မထွန်းတောက်နိုင်သော ခေတ်ဆန်း ပလေတိုဂန္ဓာရီ၊ အက်ဆင်နိဂန္ဓာရီ၊ မိဏ္ဍောဂန္ဓာရီနှင့် ဝိဇ္ဇာဉာဏ်ဂန္ဓာရီများဖြစ်သော ဒုတိယတန်းဂန္ဓာရီ ပညာရပ်များသာလျှင် ပေါ်ထွက်လာနိုင်တော့သည်။ အေဒီ ၆ ရာစုတွင် အနောက်တိုင်း၌ ခရစ်ယာန်စာတတ်၊ ပေတတ်၊ ကျမ်းတတ် ပညာရှိများ ခေတ်စားပြီး ဂန္ဓာရီပညာ မှေးမှိန်နေချိန်တွင် အရှေ့တိုင်းတွင် ဆူဖီမဟာဂန္ဓာရီ လင်းရောင်ခြည် ပေါ်ထွန်းလာသဖြင့် မဟာဂန္ဓာရီပညာ အားသစ်လောင်းလာသည်။

ဆူဖီမဟာဂန္ဓာရီဟူသော ဝေါဟာရမှာ မြန်မာနာ:တွင် စိမ်းနေသလိုဖြစ်နေသော်လည်း ဖကီးဂန္ဓာရီဆိုလျှင် အား:လုံး:က သဘောပေါက်ကြမည် ဖြစ်သည်။ သို့သော် တောတောင်များတင် လှည့်လည်နေသော မုတ်ဆိတ်ဖွား:ဖွား: ဆံရှည်ပုဂ္ဂိုလ်များသည် 'ဖကီး:'ဟု အမည်ခံသော်လည်း မူလဖကီး:ဂိုဏ်း:ဝင်အစစ် မဟုတ်ချေ။ ဆူဖီလမ်း:စဉ်ကို ရှာဖွေရင်း: လမ်း:ပျောက်နေကြသူများသာ ဖြစ်သည်။ ဖကီ(ရ်)ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ 'နိမ့်ချသူ'ဟု ဖြစ်သည်။ ဆူဖီများကို ဖကီ(ရ်)ဟုလည်း ခေါ်နိုင်သည်။ တူရကီတွင် ဖကီ(ရ်) မဟာဂန္ဓာရီဂိုဏ်းကြီးပင် ရှိသည်။ ဆူဖီများသည် မေတ္တာဝါဒီများပီပီ စိတ်နှလုံး: နှိမ့်ချဖြူစင်သူများ ဖြစ်သောကြောင့် ဖကီ(ရ်) (နှိမ့်ချသူ)ဟု အမည်တွင်ခြင်း:ဖြစ်သည်။ အများ:သိနေကြသော ဖကီး:မျိုး: မဟုတ်ချေ။

ဆူဖီ မဟာဂန္ဓာရီမှာ အာရေဗျမှ စတင်ဖြစ်ပေါ်သည်။ အာရေဗျတွင် ပထမဦး:စွာ ခြေချသူများမှာ ရှမ်ဗဲလား:မှ အနောက်ဘက်သို့ ထွက်ခွာလာသော အာရ်ယန် ပထမအသုတ်ဖြစ်သည်။ အာရ်ယန် ပထမဆုံး:အသုတ်သည် ရှမ်ဗဲလား:မှ ဘီစီ ၃ သောင်း:ခန့်တွင် အနောက်ဘက်သို့ရောက်ရှိလာပြီး: အခြေချနေလာသည်။ ယင်း:အာရ်ယန်တို့သည် ရှမ်ဗဲလား:မှ ယဉ်ကျေး:မှုနှင့် မဟာဂန္ဓာရီပညာများကို သယ်ဆောင်လာကြသည်။ ကာလကြာသော် အာဖရိကမျိုး:နွယ်များ၊ ဆီး:မိုက်မျိုး:နွယ်များ၊ အီရန်နီယန်မျိုး:နွယ်များနှင့် သွေး:နှောပြီး: ယခုအခါတွင် အာရပ်လောက ဖြစ်လာသည်။ အနောက်ပိုင်း:တွင် ခေတ်လည် အမှောင်ထုကြောင့် ဘာသာရေး: အယူသည်း:မှုများ: ကျမ်း:ဂန်ထွက် အယူအမြင်များကိုသာ ဦး:စား: ပေး:လွန်း:သဖြင့် မဟာဂန္ဓာရီ မှေး:မှိန်ချိန်တွင် လူသား:တို့၏ အသိဉာဏ်နှင့် တိုး:တက်မှုကို ဖွင့်ပေး:ရန်အတွက် ဆူဖီမဟာဂန္ဓာရီ ပေါ်လာခြင်း:ဖြစ်သည်။ ရှေး:အတိတ်ကပင် မက္ကာမြို့ရှိ "ကာဘာ" ဝတ်ကျောင်း:တွင် အဗ္ဗရာဟင်တို့ မိသား:စုသည် ဆူဖီတရား:များကို စတင် ဖြန့်ဖြူး:ခဲ့သည်ဟု အဆိုရှိသည်။

သို့ရာတွင် ဆူဖီများသည် အယူသည်း:သူ၊ တရား:သေဝါဒစွဲများ: မဟုတ်ကြ၊ အယူအမြင်ကျဉ်း:မြောင်း:နေသူများ: မဟုတ်ကြ၊ ဆူဖီတရား:ဟာ ဘာသာရေး:မဟုတ်ပါဘူး၊

ဘာသာများ၏ အနှစ်သာရ ဖြစ်သည်။ ယောဂကျင့်စဉ်လိုပါပဲ၊ ယောဂကျင့်စဉ်ကို မည်သည့် ဘာသာဝင်ဖြစ်စေ ကျင့်နိုင်သလို ဆူဖီသည်လည်း ကျင့်စဉ်တစ်ရပ်သာဖြစ်သည်ဟု ဆူဖီဆရာကြီး အီဒရပ်ရှားက ရေးသားခဲ့သည်။ အကာကို ခွာကြည့်မှ အနှစ်သားကို တွေ့ရမည်ဟုလည်း အီဒရပ်ရှားကဆိုသည်။ ထို့ကြောင့် ဆူဖီတရားသည် အတွင်းလမ်းဟု ဆူဖီများက ပြောကြသည်။ ကမ္ဘာပေါ်တွင် အပြင်လမ်း ဥပကာဒေသနာနှင့် အတွင်းလမ်း အန္တေဝါသိက ဒေသနာဟူ၍ နှစ်မျိုး ယှဉ်တွဲရှိသည်ကိုလည်း သတိပြုရမည်ပင် ဖြစ်သည်။ ထို့ကြောင့် အတွင်းလမ်းဟူသော ဝေါဟာရသည် အန္တေဝါသိက တရားလမ်းစဉ်ဟု ဆိုလိုပေသည်။

အတွင်းလမ်းဟု ဆိုလိုက်သဖြင့် ဆူဖီများသည် မိမိတို့၏ တရားလမ်းစဉ်ကို လျှို့ဝှက်ထားသည်ဟု ထင်ရသော်လည်း ဆူဖီတရားကို လူတိုင်း လေ့လာနိုင်သည်။ လူမသိအောင် လျှို့ဝှက်ထားခြင်း မရှိ။ ယနေ့ကမ္ဘာတွင် ဂန္ဓာရီကျမ်းဂန်များ ရှိသည့်အနက် ဆူဖီ မဟာကမ္ဘာရီကျမ်းဂန်မှာ အများဆုံးဖြစ်သည်။ ဆူဖီမဟာကမ္ဘာရီ ဂိုဏ်းခေါင်းဆောင်များ၊ ဆရာများသည် တောတောင်ထဲဂူထဲဝင်ပြီး လျှို့ဝှက်တရားထိုင်နေသူများမဟုတ်။ နိုင်ငံကျော် ကမ္ဘာကျော် ပညာရှင်များ၊ ဘုရင်များ၊ သိပ္ပံပညာရှင်များ၊ ကဗျာဝိဒူများသာ ဖြစ်သည်။ အိန္ဒိယပြည်မှ မဂိုမင်းဆက်ဘုရင် အက္ကဘာသည် ဆူဖီဖြစ်သည်။ ပါရှားမှ ကဗျာဝိဒူ အိုရီမာခရမ်မှာလည်း ဆူဖီဆရာရှင်ဖြစ်သည်။ ဆူဖီတို့က ဆရာရှင်ကို သခင်၊ သခင်ကြီးဟု ခေါ်ကြသည်။ အက္ကဘာ၏ သားစဉ်မြေးဆက် ဘုရင်များသည်လည်း ဆူဖီများဖြစ်သည်။ မြေးတော်ရှားဂျဟန်သည် ကမ္ဘာကျော် 'တပ်ချ်မဟာ'ကို တည်ဆောက်သူ ဖြစ်သည်။

ရှားဂျဟန်ဘုရင်၏ အနွယ်တော် ဓဖ(ရ်)ရှားသည် အိန္ဒိယပြည်မှ နန်းကျသော အခါတွင် မြန်မာပြည် ရန်ကုန်မြို့သို့ နယ်နှင်ခံရပြီး ဓဖ(ရ်)ရှား နေခဲ့သောလမ်းကို ဓဖ(ရ်)ရှားလမ်းဟု ခေါ်တွင်ခဲ့သည်။ ဓဖ(ရ်)ရှားလမ်းကို ယခုအခါ ဇီဝကလမ်းဟု အမည် ပြောင်းထားသည်။ ဓဖ(ရ်)ရှား ကွယ်လွန်သောအခါ ဓဖ(ရ်)ရှား၏ ရုပ်ကလာပ်ကို ယခု ဓဖ(ရ်)ရှားဒါရ်ဂါတွင် ထားရှိပြီး လူအများ လေးစားကြည်ညိုနေသဖြင့် ပရိသတ်မပြတ် ရှိသည်။ သံလျင်တွင် ငါးပါးသခင်ဒါရ်ကာမှာလည်း အထင်အရှား လူသိများလှသည်။ တောင်ငူတွင် ကြာနီကန်သခင်ကြီး၏ ဒါရ်ဂါ၊ မင်္ဂလာဒုံ ဘူခါရီရှားဒါရ်ဂါ၊ တစ်ဖက်ဆွဲဂါ လူရှားဒါရ်ဂါတို့သည် ဟိုရွေးယခင်ကပင် မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည်။ ဤဒါရ်ဂါတို့သည် ဆူဖီဆရာရှင်တို့၏ သချိုင်းအမှတ်အသားဖြစ်၍ ကြည်ညိုသူများက တလေးတစား အဆောက်အအုံများ လှူဒါန်းထားခြင်းဖြစ်သည်။ ဤဒါရပ်ဂါများသို့ ဆူဖီများသာမက မြန်မာများပင် သွားရောက်ပြီး ဘာဝနာပွားခြင်း၊ ယတြာပြုခြင်း၊ သားဆုပန်ခြင်းတို့ကို တလေးတစား ပြုကြသည်။

သို့ရာတွင် ဆူဖီတို့သည် အကိုးကွယ်ခံ ပုဂ္ဂိုလ်များ မဟုတ်၊ ဝင်ဝါသူ၊ ဂုရုကြီး လုပ်လိုသူများမဟုတ်၊ အလွန်နှိမ့်ချသော စိတ်ဂရုဏာ မေတ္တာစိတ်ထားသူများ ဖြစ်သည်။ ထို့ကြောင့်ပင် ဆူဖီလမ်းစဉ်ကို "မဟာဘတ်" ခေါ် "မေတ္တာလမ်းစဉ်"ဟုလည်း ခေါ်ကြသည်။

ဇပါးရှား၏ အကြောင်းကို လွန်ခဲ့သော ၁၀နှစ်ခန့်က အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဓီ မြန်မာပြည်သို့ ရောက်ရှိစဉ်က အကျယ်တဝင့် ပြောကြားခဲ့ဖူးသည်။ သတင်းစာတွင်လည်း ရာဂျစ်ဂန္ဓီ၏ ဟောပြောချက်များကို ဖော်ပြသည်။ ထိုအခါကျမှပင် ဇပါးရှားသည် ဆူဖီ သူတော်စင်တစ်ဦးဖြစ်ကြောင်းကို လူအများ သိလာရခြင်း ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဆူဖီတရားလမ်းစဉ် မြန်မာပြည်သို့ ရောက်ရှိခဲ့သည်မှာ ဟံသာဝတီခေတ်ကပင် ဖြစ်သည်။ အာရပ်သဘော်သားများ၊ ကုန်သည်များသည် ရေး၊ ဘိတ်၊ ထားဝယ်၊ မော်လမြိုင် သဘော်ဆိပ်ကမ်းသို့ ဆိုက်ရောက်သောအခါတွင် အခွင့်သင့်တိုင်း ဆူဖီတရားများကို ဖြန့်ဖြူးခဲ့သည်။ အာရပ်ဆူဖီတို့၏ တပည့်စဉ်ဆက်အချို့ ယခုတိုင် ထားဝယ်တွင်ရှိသေးသည်။

တောင်ငူခေတ်တွင် ဒီဗရစ်တို ကောင်းစားစဉ်က နိုင်ငံခြားမှ ဆူဖီပုဂ္ဂိုလ် ၄၀ မြန်မာပြည်သို့ ရောက်ရှိလာပြီး ယင်း ၄၀အနက်မှ ဆူဖီသခင်ကြီး ၅ပါးမှာ သန်လျင်တွင် နေရစ်ခဲ့သည်။ ဤဆူဖီ သခင်ကြီး ငါးပါးတို့၏ သချိုင်းကို ယခုအခါတွင် ၅ပါးသခင် ဒါရ်ဂါဟု လူသိများကျော်ကြားနေခြင်းဖြစ်သည်။ သာယာဝတီမင်းလက်ထက်တွင် သခင်ကြီး ဟူစိုင်နိစိုင်ယဒ် အမွှဒူလာ ဆူဖီကြီးသည် ထင်ရှားသူ ဆူဖီခေါင်းဆောင် တစ်ဦးဖြစ်သည်။ အလောင်းဘုရားလက်ထက်တွင် ထင်ရှားသော ဆူဖီသခင်ကြီး လေးပါးသည် သမိုင်းဝင် ပုဂ္ဂိုလ်များဖြစ်ကြောင်း မှန်နန်းရာဇဝင်တွင် ဖော်ပြထားသည်။ ဘိုးတော် ပဒုံမင်း လက်ထက်တွင် မဂိုနန်းဆက် ဘုရင်၏ သားတော် အာဗစ်ရှားဟူ စိန်နီနှင့် ဦးနု တို့က ထင်ရှားသော ဆူဖီသခင်များဖြစ်ကြသည်။ ဦးနုသည် ပဒုံမင်းလက်ထက်တွင် ဘုရင်၏ အမှုတော်ထမ်းရသဖြင့် "ရွှေတောင်သာဂသူ" ဘွဲ့ခံပြီး ရမ္မာဝတီမြို့ဝန် ဖြစ်သည်။ ရမ္မာဝတီမှာ ရမ်းဗြဲကျွန်းဟု သိရသည်။ ဦးနုသည် ကုန်းဘောင်ခေတ်က မြန်မာစာပေအား များစွာ အကျိုးပြုခဲ့သော်လည်း နောင်အခါတွင် စာပေလောကမှမေ့နေသူ "အမေ့ခံစာပေ ပညာရှင်" တစ်ဦးဖြစ်သွားသည်။ အမရပူရတောင်မြို့တွင် ဟူစိန်နီ၏ သချိုင်းကို မှန်စီရွှေချထားသော ဒါရ်ကာရှိသည်။

မင်းတုန်းမင်းလက်ထက်တွင် ဦးပုခေါ် ဒါဒါပု သခင်ဆူဖီကြီးသည် အင်္ဂလိပ်ခေတ် အထိ ထင်ရှားသူဖြစ်သည်။ ဦးပုနှင့် ခေတ်ပြိုင် ဆူဖီဆရာဦးချိုလည်း ရှိခဲ့သည်။ ဆရာချိုသည် ဆူဖီဂရန်နာဂိုဏ်းခွဲမှ ဖြစ်ပြီး ယင်းဂရန်နာဂိုဏ်းသည် ဂီတသံဖြင့် စာနှံဝင်စား အောင် ကျင့်သောဂိုဏ်းဖြစ်သည်။ ယခုအထိ ဆရာချို၏ သားစဉ်မြေးဆက်များ ရှိဆဲ ပင်ဖြစ်သည်။ ဒါဒါပုသခင်၏တပည့်စဉ်ဆက်တို့မှာ ဒါဒါပုသခင်က မန္တလေးမှ ဦးထွန်း ကို ဆူဖီပညာ လက်ဆင့်ကမ်းသည်။ ဦးထွန်းကတစ်ဖန် ထားဝယ်မှ ဦးဘသော်ကို ဆူဖီဂန္ဓာရီ ပညာပေးသည်။ ဦးဘသော်မှ တပည့်ဖြစ်သူ ကဲနက်ဘစိန်ကို ပညာလက်ဆင့် ကမ်းသည်။ ကဲနက်ဘစိန်သည် ကဗျာဆရာ အယ်ဒီတာဖြစ်၍ လူသိများလှသည်။ ကဲနက် ဘစိန်က တစ်ဖန် တပည့်ဖြစ်သူ ဦးအေးလွင်ကို ဆူဖီဂန္ဓာရီပညာ အမွေပေးသည်။

ထို့အပြင် ကျစ်ရှ်တီ အရေပြားရောဂါကုသသော ပုဂ္ဂိုလ်များလည်း ဆူဖီများ ဖြစ်သည်။ ဆူဖီဂိုဏ်းခွဲတစ်ခုဖြစ်သော ကျစ်ရှ်တီဆူဖီဂိုဏ်းဝင်များဖြစ်သည်။ ယခု ဖော်ပြခဲ့

သည်မှာ စာရေးသူ လက်လှမ်းမီသ၍သာဖြစ်၍ များစွာ ကြွင်းကျန်နိုင်ပါသည်။ စင်စစ်အားဖြင့် ဆူဖိတို့သည် လူတော်ထဲနေပြီး စိတ်ဇကာစာကျင့်သူများဖြစ်သည်။ လူတန်းစား အသီးသီး အလွှာအသီးသီးတွင် လောကဝန်၊ တိုင်းပြည်ဘဝန်၊ မိသားစုတာဝန်များကို လူတကာ တို့ကဲ့သို့ပင်ဆောင်ရွက်ရင်း နှလုံးသားထဲမှ ဆူဖိတရားကျင့်စဉ်များကို သတိဖြင့် ကျင့်ကြံ အားထုတ်နေသူများ ဖြစ်သည်။ လူအများနှင့် ကိုယ်ပေါင်းရသော်လည်း စိတ်ဓာတ်ကျင့်ရမည်ဟု ဆူဖိနိတိရှိသည်။ အပေါ်ယံကြော ဟန်ဆောင်ပေါင်း၊ ပေါင်းရန် မဟုတ်၊ လောကီလူသားတို့၏ အတွေးစရိုက်ကို သင့်တင့်စွာ သဘောထားပြီး မိမိကိုယ်တိုင်တွင် အတွေးစရိုက်များ ဝင်မလာအောင် သတိဖြင့် ထိန်းနေရခြင်း ဖြစ်သည်။

ဆူဖိဂန္ဓာရီဒဿန အခြေခံတရားကလည်း ကိုယ်ကျိုးကြည့်သော 'ငါ' အတွေးဓာရန် ရည်ညွှန်းသည်။ ဆူဖိဆရာကြီး အစ်ဒရီရှားက သန့်ရှင်းတဲ့ ဝိညာဉ်ဟာ ရုပ်ခန္ဓာကိုယ် အကျဉ်းထောင်ထဲ ကျနေသည်။ ဝိညာဉ်ကို ကိလေသာ အညစ်အကြေးများ ရှိနေသော ရုပ်ခန္ဓာမှ လွတ်မြောက်ရေးအတွက် ဝိညာဉ်က ရုပ်ခန္ဓာအညစ်အကြေးကို ထိန်းချုပ်နိုင်ရန် ကြိုးစားခြင်းသည် ဆူဖိလမ်းစဉ်ဖြစ်သည်။ ရုပ်ခန္ဓာကိုယ်၏ တောင့်တချက်များဖြစ်သော ကာမဂုဏ်ကို ဝိညာဏ်က ထိန်းချုပ်နိုင်ပြီဆိုပါက ဆူဖိမဟာဂန္ဓာရီ ကျင့်စဉ်အထွတ်အထိပ် ဖြစ်သော အမတဝိဇ္ဇာဖြစ်သွားပြီး အမတဝိဇ္ဇာဖြစ်မှသာ မဟာကောဓတ်ထဲ ရောက်ရှိမည် ဖြစ်ရာ အမတဝိဇ္ဇာခေါ် သေခြင်းကင်းသော ဝိညာဉ်လွတ်မြောက်ရေးမှာ ဆူဖိတို့၏ ဂန္ဓာရီပန်းတိုင် ဖြစ်သည်။

ကုန်းဘောင်ခေတ်မှ ဒါဒါပုသခင်ကြီးကလည်း ဤသို့ လမ်းညွှန်ခဲ့သည်။ 'လောကီဘုံ၌ ခန္ဓာဝန်ဆောင်ထားသော လူသားသည် ပညတ်လောကဖြစ်သော အဆိုပါ လက်တွေ့ ရုပ်ဘဝတွင် အသုံးချ၍ရအောင် ငါတည်းဟူသော အတ္တကို ခေတ္တယာယီ သမုတ်ကာ ခေါ်တွင်ထား၏။ တကယ်တမ်းဆိုပါက အဆိုပါ ကိုယ်ပိုင်သီးခြားဖြစ်တည်မှုနှင့် ထူးထူးသန့်သန့် ဖြစ်နေသော 'ငါ'ဟူသည် မရှိချေ'ဟု မြွက်ကြားခဲ့သည်။ ဆူဖိအတွင်းလမ်းတရားမှ လောကထဲနေ၊ လောကတာဝန်ကို ထမ်းဆောင်ရင်း လောကအတွင်းရှိ ကိလေသာ အနှောင်အဖွဲ့နှင့် မာယာထောင်ချောက်တို့ကို တွေ့အောင်ရှာ မြင်အောင်ကြည့် လွတ်အောင် ရှောင်ရမည့် အတွင်းစွန့်လွှတ်မှုလမ်းစဉ်ဖြစ်ကြောင်း ဆူဖိဆရာ ဦးအေးလွင်က မကြာခဏ ထုတ်ဖော်ခဲ့သည်။ ထို့အပြင် ဆူဖိမဟာဂန္ဓာရီပညာရှင်များသည် လူသား အကျိုးပြုလုပ်ငန်း၊ သတ္တဝါကယ်တင်ရေး လုပ်ငန်းမပါဘဲ မိမိတစ်ဦးတည်း ကိုယ်လွတ်ရုံးကာ လောကအသိုင်းအဝိုင်းကို ကျောခိုင်းပစ်ပယ်ခြင်းမှာ တစ်ကိုယ်ကောင်းဆန်သော အတ္တ ကိုးကွယ်မှုသာ ဖြစ်သည်ဟုလည်း ယူဆသည်။

ဆူဖိတို့သည် မေတ္တာဝါဒီများဖြစ်သည်ဟု ဆိုရာတွင် သာမန်လောကီမေတ္တာမျိုး မဟုတ်ဘဲ လောကီလွန် မေတ္တာ၊ အတ္တမပါသော မေတ္တာသာ ဖြစ်ကြောင်းကိုလည်း ဆူဖိထိပ်တန်း ဂန္ဓာရီပညာရှင် ရှမိက ပုံပြင်ကလေးဖြင့် သိသူဖော်စားနိုင်အောင် သရုပ်တင်ခဲ့ပုံမှာ ဤသို့ ဖြစ်သည်။

တစ်နေ့မှာ မောင်သည် ချစ်သူ 'ခင်'ရှိသော အိမ်သို့ ရောက်သွားရာ တံခါးခေါက်လိုက်သည်။

'ဘယ်သူလဲ'ဟု အတွင်းမှ မေးမြန်းသံ ထွက်လာ၏။

'ကိုယ်ပါ' သူက ပြန်ဖြေလိုက်သည်။

'ကိုယ်ရယ် သူရယ် ဆိုတာ ရှိမှ မရှိဘဲ'ဟု အတွင်းမှ အသံထွက်လာသည်။

'တံခါးကတော့ ပိတ်လျက်'

'သူဟာ တစ်ကိုယ်တည်း ဇကစာကျင့်ပြီး တွေးဆသုံးသပ်ပြီး တစ်နှစ်ကြာသောအခါ တစ်ခါပြန်ပြီး 'ချစ်သူထံသွားပြီး တံခါးခေါက်လိုက်သည်။

'ဘယ်သူလဲ' အတွင်းမှ မေးသံထွက်လာသည်။

'ခင်ပါ' သူဝင်ဖို့ တံခါးပွင့်သွားသည်။



ဆူဖီကဗျာဆရာကြီး ရူမီ


ဤသို့ နှုးညံ့သိမ်မွေ့ လေးနက်သော ပုံပြင်များ၊ ဟာသပုံပြင်များဖြင့် ဆူဖီတရားကို ဖြန့်ကြသည်။ ထို့ကြောင့် ဆူဖီတရားသည် စျင်နှင့်တူသည်ဟုလည်း ဆိုကြသည်။ စျင်တွင် ပုံပြင်များသာဓကများကို ပြော၍ တရားပြလေ့ရှိသည်။ အယူသည်းမှု လွမ်းမိုးနေသော ခေတ်တွင် ပုံပြင်၊ ကဗျာများဖြင့် တရားဖြန့်ဖြူးရသည်မှာ အန္တရာယ်ကင်းသည်။ မှတ်လွယ်သိလွယ်၍ တရားပြန့်လွယ်သည်။ စင်စစ်အားဖြင့် မေတ္တာဝါဒမှာ အတိတ်ရှေးကပင် ရှိခဲ့သော ဝါဒဖြစ်သည်။ ရှမ်ဗဲလား အာရ်ယန် ကရစ်ရှနား၊ ဆိုကရေးတီး၊ ပလေတို၊ အက်ဆင်နီ၊ မိတြာ၊ ဝိဇ္ဇာဉာဏ် မဟာဂန္ဓာရီခေတ်ကပင် မေတ္တာဝါဒကိုအခြေခံခဲ့သော်လည်း နားလည်သဘောပေါက်ခံယူနိုင်သူ အလွန်နည်းပါးသည်။ ဆူဖီ ခတ်တွင်ကား ခေတ်လည် အမှောင်ထုမှ လွတ်သွားပြီးနောက် မေတ္တာဝါဒ ပြန့်နှံ့စိမ့်ဝင်လာသည်ကို တွေ့ရသည်။ မေတ္တာကို အခြေခံသော ဆူဖီဝါဒီပေါင်း သန်း (၃၀)ခန့် ရှိသည်။

အနောက်နိုင်ငံများသို့ပင် ဆူဖီတရားများ ထိုးဖောက်ဝင်ရောက်သွားရာ စပိန်၊ ပြင်သစ်၊ အင်္ဂလန်၊ အမေရိကန်သို့ပင် ရောက်လာသည်။ အာရှ အလယ်ပိုင်းခေါ် အာရှ အနောက်ပိုင်းသာမက အနောက်တိုင်းသို့ပင် ပျံ့ပွားသွားခြင်းမှာ မေတ္တာဝါဒကြောင့် ဖြစ်သည်ဆိုလျှင် မှားနိုင်မည် မထင်ချေ။ အမေရိကန်တွင် ကျစ်ရှတီဂိုဏ်းမှ ဆူဖီဆရာကြီး အင်နာယက်ခန့်သည် သြစာကြီးမား ကျော်ကြားလှသူဖြစ်သည်။ အင်္ဂလန်တွင်ကား အိမာခရမ်ကို သိသူများ အိမာခရမ်၏ ကဗျာကို စွဲလမ်းသူများက အိမာခရမ်ကလပ်တည်ထောင်ပြီး အိမာခရမ်၏ ကဗျာရသနှင့် ဆူဖီဒဿနကို လေ့လာကြသည်။ အစွလာမ်

ဘာသာဝင် မဟုတ်သော အနောက်တိုင်းများတွင် ဆူဖိတရားမှာ ယနေ့အထိ တိုးတက်လျက်ရှိသည်။ ပါကစ္စတန်မှ ဆူဖိအဆိုကျော် အလီခန်၏ ဂီတတေးချင်းကို အနောက်တိုင်းက တန်ဖိုးထားပြီး နှစ်သက်မြတ်နိုးကြသည်။

တစ်ကမ္ဘာလုံးသို့ ပြန့်ပွားသွားသော ဆူဖိဂိုဏ်းခွဲအမျိုးမျိုးရှိသည့်အနက် အဓိကရဂိုဏ်းခွဲကြီးမှာ လေးဂိုဏ်းပင် ဖြစ်သည်။ (၁၁)ရာစုတွင် ပေါ်ပေါက်လာသော မိုအိုင်နွတ်ဒင် ကျစ်ရှတီ ခေါင်းဆောင်သော ကျစ်ရှတီဂိုဏ်း၊ အဗ္ဗုကျစ်ရှတီမှာ တမန်တော် မိုဟာမက်၏ အနွယ်တော်ဖြစ်သည်။ ကျစ်ရှတီဂိုဏ်းသည် လောကအကျိုးပြု လုပ်ငန်းအဖြစ် ရောဂါကုသခြင်းနှင့် ဂီတနှင့် အကတို့ကို အသုံးပြုသည်။ ကာဒရီယာဂိုဏ်းကို ကက်စ်ပီယန်ပင်လယ်အနီးမှာ ဇာတိရှိသော အဗ္ဓဒုကာဒရ်သခင်ကြီးက ၁၁ ရာစုတွင် တည်ထောင်သည်။ ကာဒရီယာဆူဖိများ မြန်မာပြည်တွင်လည်း ရှိသည်။ ဟရ်ဝါဒီဂိုဏ်းကို ရှိတ်ရှဟ(ရ်)ဝါဒီက ၁၂ ရာစုတွင် တည်ထောင်ပြီး အာရပ်လောကတွင် ကျယ်ပြန့်စွာ တပည့်သာဝကများ ရှိသည်။ ၁၄ ရာစုတွင် ခါဂျာဟာအွတ်ဒင်ဘန်ဒီက ခေါင်းဆောင်၍ နတ်ရှာန်ဒီ ဆူဖိဂိုဏ်းကို တည်ထောင်သည်။

ဤဂိုဏ်းခွဲကြီး (၄)ဂိုဏ်းအပြင် ဂိုဏ်းငယ်များစွာရှိသည်။ ဆူဖိတရား တစ်ကမ္ဘာလုံးသို့ ပြန့်ပွားသွားခြင်းမှာ ဤဂိုဏ်းခွဲကြီးများမှတစ်ဆင့် ပြန့်နှံ့သွားခြင်းဖြစ်သည်။ ထို့အပြင် ဆူဖိသည် မဟာဂန္ဓာရီပညာဖြစ်သည် ဆိုသော်လည်း အိန္ဒိယပြည်ရှိ ဆာဒူးများ၊ ဖကီးများကဲ့သို့ လျှို့ဝှက်ခြင်း ဂိုဏ်းဂဏစွဲထားခြင်း မရှိ၊ လျှို့ဝှက်ခြင်းမရှိဟု ဆိုခြင်းအားဖြင့် လျှို့ဝှက်သော ဂန္ဓာရီပညာများ မရှိဟု ဆိုလိုခြင်း မဟုတ်ပေ။ ဆူဖိ လျှို့ဝှက် ဂန္ဓာရီပညာကို သရုပ်တင်သင်္ကေတများဖြင့်သော် လည်းကောင်း၊ ဆရာ တပည့်တို့ကြားတွင် မနောဓာတ်ခြင်း ဆက်၍ မမြင်နိုင်သော မနောဓာတ်ဖြင့် သင်ကြားခြင်းဖြင့်လည်းကောင်း သင်ကြားသည်။ သိသူဖော်စား ရန်ဖြစ်သည်။ ဤသို့ ဆူဖိဆရာထံမှ လျှို့ဝှက်ဂန္ဓာရီ ပညာရပ်များ ရရှိအောင် အန္တေဝါသိက တပည့်ခံ၍ရသော အန္တေဝါသိက ကျင့်စဉ်လည်း အခိုင်အမာရှိနေသည်။



ဆူဖိဓမ္မသဘင်

ကျမ်းကို---မဟာလူသား ဆူဖိများ၏ ဘဝဖြစ်စဉ်နှင့် ကျင့်စဉ်များ။


ဆူဖိလမ်းစဉ်နှင့် ကျင့်စဉ်

ဆူဖိတို့မတိုင်မီက ပေါ်ပေါက်ခဲ့သော မဟာဂန္ဓာရီကျင့်စဉ်များမှာ လျှို့ဝှက်ကျင့်စဉ်ဖြစ်၍ မဟာဂန္ဓာရီဂိုဏ်းများလည်း လျှို့ဝှက်ဂိုဏ်းများသာဖြစ်ကြသည်။ ဆူဖိ၏ ထူးခြား

ချက်မှာ မဟာဂန္ဓာရီလျှို့ဝှက်ဂိုဏ်း မဟုတ်ခြင်းပင် ဖြစ်သည်။ ထို့အပြင် ရှေးအခါမှစ၍ မဟာဂန္ဓာရီ၏ ရည်မှန်းချက်နှင့် မဟာဂန္ဓာရီပညာရပ်များကို ယနေ့အထိ ဆက်လက်ခိုင်မာသိပ်သည်းစွာ ကိုင်စွဲနိုင်သေးသည်မှာလည်း ထူးခြားလှသော အချက်ဖြစ်သည်။ ဆူဖီတို့သည် ကျင့်ကြံအားထုတ်စုဝေးရာ ဓမ္မရိပ်သာများတွင် စုဝေးပြီး တရားဓမ္မ ဆွေးနွေးသည်။ သမထစသော စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်များကို ကျင့်ကြံသည်။ ဆရာနှင့် တပည့်တွေ့ဆုံနှီးနှော ပညာပေးသည်။ သာဝကသည် သာဝကတက်စဉ် အဆင့်ဆင့်ကို ဆရာထံတွင် တပည့်ခံ၍ လေ့ကျင့်တက်လှမ်းရသည်။

ဆူဖီမဟာဂန္ဓာရီဂိုဏ်းကြီးတွင် ဂိုဏ်းချုပ်ကြီးအောက်တွင် ဒုတိယဂိုဏ်းချုပ် ခုနစ်ဦးက တိုက်ကြီး ခုနစ်တိုက်အတွက် တာဝန်ယူရသည်။ ဒုတိယ ဂိုဏ်းချုပ် ခုနစ်ဦးအောက်တွင် လက်ထောက်ဂိုဏ်းချုပ် နှစ်ဦးရှိသည်။ လက်ထောက်ဂိုဏ်းချုပ်ကြီးနှစ်ဦး၏ အောက်တွင် အရပ်လေးမျက်နှာကို တာဝန်ယူရသော ဂိုဏ်းချုပ် လေးဦးရှိသည်။ ဂိုဏ်းချုပ်လေးဦး၏ အောက်တွင် ဂိုဏ်းအုပ် ငါးဦးရှိသည်။ ဂိုဏ်းအုပ် ငါးဦးအောက်တွင် နယ်မြေဒေသအလိုက် တာဝန်ယူရသော ဂိုဏ်းအုပ် ၇၀ ရှိသည်။ ဂိုဏ်းအုပ် ၇၀ အောက်တွင် မိမိရပ်ရွာနယ်မြေကို တာဝန်ယူရသော ဂိုဏ်းခွဲခေါင်းဆောင်မှာ ၃၀၀ ရှိသည်။ ယင်းဂိုဏ်းခွဲ ခေါင်းဆောင်များသည် မိမိတို့ ရပ်ရွာ မြို့နယ်အတွင်းရှိ ဆူဖီများကို ကြီးကြပ်ကွပ်ကဲ၍ ဆူဖီပညာများ စတင်သင်ကြားပေးရသည်။

ဂိုဏ်းဖွဲ့စည်းပုံစနစ်တကျ ရှိသကဲ့သို့ပင် တပည့်သာဝကမှသည် ဆရာဖြစ်အထိ တက်စဉ်မှာလည်း အဆင့်ဆင့်ရှိသည်။ အတွင်းလမ်းတက်စဉ်ကို ကျင့်ကြံလိုသောသူတစ်ဦးအား တရားရှာသူဟု ခေါ်ပြီး ဆူဖီဆရာတစ်ဦးထံတွင် ဆူဖီလမ်းစဉ်တရားကို လေ့လာရန် တပည့်ခံသူအား အစမ်းသပ်ခံသာဝကဟု အဓိပ္ပာယ်ရသော မူရီဒီအဆင့်တွင် နေရသည်။ ဤအဆင့်တွင် ဆရာက တပည့်အား ဆူဖီဓမ္မများ လမ်းစဉ်များကို ယေဘုယျ ညွှန်ပြပြီးနောက် တပည့်၏ ယုံကြည်မှုသဒ္ဓါနှင့် ကြိုးစားမှုကို စောင့်ကြည့်သည်။ ဆရာသည် တပည့်များကို ကန့်ကွက်လွှဲသင်ပေးသော ဆရာမျိုး မဟုတ်။



ဆူဖီတို့၏ သင်္ကေတပုံစံများ

ဆရာသည် သာဝက ဉာဏ်ဖွံ့ဖြိုးရန်အတွက် ဒဿနဆရာအဖြစ်လည်းကောင်း၊ တက်စဉ်တွင် တိမ်းပါး နေပါက လမ်းညွှန်သူအဖြစ်လည်းကောင်း ပြဿနာများ ရင်ဆိုင်တွေ့နေရသော သာဝကကို အားပေးကူညီစောင့်ရှောက်သူ မိတ်ဆွေအဖြစ်လည်းကောင်း ပေါင်းသင်း ဆောင်ရွက်ခြင်းသည် မူရီဒဲခေါ် အန္တေဝါသိက တပည့် ပထမအဆင့်မှနေ၍ အရည်အချင်း ပြည့်ဝသောအခါ ဒုတိယဆင့်ဖြစ်သော တာရီကက်သို့ တက်ရသည်။

ဤသို့ ဒုတိယအဆင့် ရောက်လာသူ သာဝကသည် ဆူဖီဂန္ဓာရီ ဂိုဏ်းဝင်အဖြစ်သို့ ရောက်လာပြီးလျှင် ဆူဖီဓမ္မများကို လေ့လာခြင်း၊ ဘာသာရေးဝတ်ပြုမှုများကို ဆောင်ရွက်ရခြင်းအပြင် ဆူဖီလမ်းစဉ်၏ အဓိက အားထားရာဖြစ်သော ဇကိ(ရ်)ကို ရွတ်ဖတ်ကျင့်ကြံရသည်။ ဇကိ(ရ) တက်စဉ်မှာ လေးနက်သောကြောင့် ဇကိ(ရ်)ကို သီးသန့်ဖော်ပြမည် ဖြစ်သည့် ဤအဆင့်တွင် သာဝကသည် လောကီလူသားများကဲ့သို့ နေထိုင်ပြီး သူတော်စင် စိတ်ဓာတ်ကို မွေးမြူရန် ဖြစ်သည်။ သာဝကသည် မိမိ၏ အတ္တကို တိုက်ပွဲဆင်နွှဲရသည်။ ထိုအခါ သာဝကသည် ခြေကုန်လက်ပန်းကျလာသည်။ ဆရာရှင်က သာဝကကို မေတ္တာစွမ်းအင်များ ခွန်အားသတ္တိများကို အဝေးမှ ပေးပို့ရသည်။ သာဝက၏ မိမိ၏ အတ္တကို ပြန်တိုက်ရသော တိုက်ပွဲတွင် ဆရာက သာဝကကို ကူညီစောင့်ရှောက်ခြင်း ဖြစ်သည်။

ဆရာပေးပို့သော မေတ္တာစွမ်းအင် အလင်းစွမ်းအင်၊ ခွန်အားသတ္တိများကို ခံယူနိုင်ရန် သာဝက ကြိုးစားရ၏။ စိတ်အဆင့်မြင့်အောင် ဇကိရ်ကို ကျင့်ရ၏။ နောက်ဆုံးတွင် ဆရာရှင်နှင့် သာဝကတို့၏ စိတ်သည် နှစ်ကိုယ် တစ်စိတ်ဖြစ်သည်အထိ ရောက်ရှိသွားသောအချိန်တွင် ဆရာ၏ မေတ္တာစွမ်းအင်များကို သာဝကက အဖိတ်အစင်မရှိ အားလုံးရရှိသွား၏။ ဤသို့ဖြင့် ဒုတိယအဆင့် အောင်မြင်သွားသူကို တာရီကပ်ဟု ခေါ်ပြီးနောက် တစ်ဆင့်ဖြစ်သော တတိယအဆင့်သို့ တက်လှမ်းရန် ကြိုးစားရပြန်သည်။

တတိယအဆင့်ကို မာရီဖယ်ဟု ခေါ်သည်။ ဉာဏ်ပညာဟု အဓိပ္ပာယ်တွက်သည်။ ကျင့်စဉ် အဆင့်ဆင့် မြင့်တက်လာသည်နှင့်အမျှ ဆရာနှင့် မနောချင်းဆက်၍ ပညာသင်လာရာ ဂန္ဓာရီပညာများ တိုးတက်လာသည်။ ယခု ဆက်သွယ်ရသော ဆရာသည် မူလကတွေ့ရှိပြီး မိမိအား သာဝကအဖြစ် တက်လာခဲ့သော ဆရာ၏ ဆရာရှင်ဖြစ်သူ ဂိုဏ်းခွဲချုပ်နှင့် ဆက်မိခြင်းဖြစ်သည်။ ဂိုဏ်းတာဝန်အဆင့်မြင့်သည်နှင့်အမျှ ဂန္ဓာရီပညာ အဆင့်မြင့်လာသော ဆရာရှင်ဖြစ်သည်။ မိမိပါဝင်ရာ ဂိုဏ်းခွဲတွင် မရှိသော ထူးခြားဂန္ဓာရီစွမ်းရည်များကို သင်ကြားရန်အတွက် အဝေးရှိ အခြားဆူဖီဂန္ဓာရီ ဂိုဏ်းခွဲများရှိရာသို့ သွားရောက်လေ့လာရသည်။ ပညာဖြည့်ဆည်းရသည်။ ဤသို့ သွားရာတွင် အာရေဗျမှ ဂျားဗားကျွန်းသို့လည်းကောင်း၊ တူရကီမှ စပိန်ပြည်သို့ လည်းကောင်း သွားရသည်။ ဤသို့ ဂန္ဓာရီပညာဆည်းပူးခြင်း ပညာသစ်များကို နည်းနာခံယူခြင်းအတွက် လှည့်လည်ရသော ခရီးကို ဂန္ဓာရီခရီး လှည့်လည်သည်ဟု ခေါ်သည်။

ဂန္ဓာရီခရီး လှည့်ရာတွင် သာဝကတစ်ဦးသည် မိမိထင်ရာသို့သွားပြီး ကောင်းမည်ထင်သောပညာကို သင်ရန်မဟုတ်၊ ဆရာရှင်က တပည့်သာဝကတွင် လိုအပ်နေသော

စွမ်းရည်၊ ပညာနည်းနာများ တိုးတက်ရန်အတွက် ယင်းလိုအပ်သော ဂန္ဓာရီ ပညာရပ်ရှိသည့် နေရာသို့ အစီအစဉ်နှင့် စေလွှတ်ခြင်းဖြစ်သည်။ ဆူဖီဂန္ဓာရီ ပညာရှင်များသည် ဂိုဏ်းခွဲ တစ်ခုနှင့် တစ်ခု အပြန်အလှန် လေးစားကြသည်။ ကူညီကြသည်။ ပညာမာန်တက်ပြီး ဆရာကြီး လုပ်လိုသော ပုဂ္ဂိုလ်များ မဟုတ်။ တစ်ဂိုဏ်း၏ လိုအပ်ချက် အားပျော့ချက်ကို အခြား ဆူဖီဂိုဏ်းခွဲက ကူညီသည်။ အခြား ဆူဖီဂိုဏ်းခွဲက ဖြည့်စွက်သည်။ မေတ္တာကို အခြေခံသော ဂန္ဓာရီပညာရှင်များအတွက် တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း ငြူစူမှုမရှိ၊ စိမ်းကားမှု မရှိချေ။ ရှေးယခင်မှစ၍ ယခုခေတ်ထိ ဆူဖီဂန္ဓာရီ ပညာဖွင့်ဖြိုးတိုးတက်ခိုင်မာနေသည် မှာလည်း ဤအချက်ကြောင့်ပင် ဖြစ်သည်။

တတိယအဆင့် ဖြစ်သော အာရစ်ဆင့် (အာရစ်ဖ်မှာ ဝိဇ္ဇာဉာဏ်ထွန်းလင်းနေသည့် ပရမတ်ဉာဏ်ရှင် သူတော်စင်ကို ခေါ်သည့် အမည်ဖြစ်ပါသည်) အရည်အချင်းနှင့် ပြည့်စုံသောအခါတွင် သာဝကသည် ရုပ်ခန္ဓာမှ လိပ်ပြာခေါ် နာမ်ခန္ဓာခွဲခွာပြီး သွားလိုရာ သွားနိုင်သော ပညာ၊ အချို့မှာ ရုပ်ခန္ဓာကိုပင် အလိုရှိသလို ပျံသန်းသွားလာနိုင်သော သိဒ္ဓိများ ရလာသည်။ ရုပ်ခန္ဓာကိုယ်ဖြင့် လည်းကောင်း၊ လူ့ဘုံနှင့် တမလွန်ပရလောကသို့ သွားရောက်ပြီး ပညာရှာနိုင်သည်။ ဤကဲ့သို့ လိပ်ပြာခန္ဓာဖြင့် ပညာရှာမှီးခြင်းကို "ဂန္ဓာရီ ပညာရှာခရီး" ဟု ခေါ်သည်။ သို့သော် တန်ခိုးသိဒ္ဓိတွေပြပြီး ဟောပြောရန် မဟုတ်၊ ဆရာ၏ ခွင့်ပြုချက်ရမှသာ ဟောပြောရမည်။ ဆူဖီတစ်ဦးနှင့် နှစ်ရှည်လများ ပေါင်းသင်းဆက်ဆံနေရသော်လည်း ထိုဆူဖီသည် သင့်အား ဆူဖီတရား ဟောမည်မဟုတ်။ ဆူဖီတို့၏ မဟာဝတ္တရား ဖြစ်သော နေ့စဉ် နေထိုင်ဆက်ဆံမှုဘဝတွင် အတ္တကို ချိုးနှိမ်ပြီး လောကလူသားတို့ အကျိုးကိုသာ ဆောင်ရွက်မည်။

ပထမဆင့်မှစ၍ အတ္တကို ချိုးနှိမ်လာရာ ဤအဆင့်တွင် ရမ္မက်များကို ထိန်းချုပ်လာနိုင်ပြီဖြစ်သည်။ ရမ္မက်ကို ထိန်းချုပ်နိုင်သူသည် မိမိ ကိုယ်ကျိုးစီးပွားထက် လူအများ၏ အကျိုးကိုသာ ရှေ့တန်းထားတော့သည်မှာ သဘာဝကျလှသည်။ အများအကျိုးကိုသာ ကြည့်လေ့ရှိသူအတွက် အတ္တခိုအောင်းရန် ခဲယဉ်းလာသည်။ နောက်တစ်ဆင့်တက်စဉ်မှာ "ဖနာ" ဟု ခေါ်သည်။ တပ်မက်မှုများ ကုန်ဆုံးခြင်းဟု အဓိပ္ပာယ်ရသည်။ ဝိဇ္ဇာဉာဏ်တွေ လင်းလာသောထိပ်ဆုံးအဆင့်သို့ရောက်ရှိရာ သစ္စာတရားများကို မျက်ဝါးထင်ထင် တွေ့လာသည်။ အတ္တသညာကို ချေမှုန်းနိုင်သော ဝိဇ္ဇာဉာဏ်ရှင်အဖို့ လောကအတွင်းရှိ လူအများ သီလစင်ကြယ်ရေး အယူအမြင်စင်ကြယ်ရေးအတွက်သာ ဆောင်ရွက်ရန်ရှိတော့သည်။

ဤတွင် ဆူဖီ သာဝကကျင့်စဉ် အထွတ်အထိပ်သို့ရောက်ပြီးနောက်တွင်ကား သူတော်စင်အဆင့်ဖြစ်သော "ဗကာ" ("ဗကာ"ဟူသည်မှာဖြစ်ခြင်း၊ ပျက်ခြင်းကင်းရာ ရုပ်နာမ်ဓမ္မသစ္စါရတို့မှ လွန်မြောက်သည့် စခန်းကို ဆိုလို၏) အဆင့်သို့ ရောက်သွားပြီးလျှင် ထိုပုဂ္ဂိုလ်များ အားဝလီဟု ခေါ်ကြသည်။ ဗကာအဆင့်တွင် လောကရှိ အယူဝါဒအားလုံး၊ အရာအားလုံးနှင့် မကွဲမခြားတစ်သားတည်း သဟဇာတဖြစ်သွားသည်။ ထို့ကြောင့် ဆူဖီလမ်းစဉ်၏ အန္တိမရည်ရွယ်ချက်သည် လောကရှိ သက်ရှိသက်မဲ့အားလုံး၊ လူသားအားလုံး

အယူဝါဒအားလုံးနှင့် တစ်သားတည်းဖြစ်သွားသော သဟဇာတတရား ဖြစ်သွားရန်ဖြစ်သည်။ ဆူဖီသာဝကတက်စဉ်တွင် ငှက်များကဲ့သို့ အတောင်ပံနှစ်ဖက်ဖြင့် ပျံတက်ရသည်။ အတောင်ပံတစ်ဖက်မှာ စိတ်စွမ်းအင်သမာဓိ တိုးတက်ရန် ဖြစ်ပြီး အခြားတောင်ပံတစ်ဖက်မှာ နေ့စဉ်နေထိုင်မှုတွင် တရားနှင့်အညီ နေထိုင်ကျင့်ကြံခြင်း၊ လောကလူသား ကောင်းကျိုး ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့သောသာဝကဘဝကို ထူထောင်ရန်အတွက် အခြေခံစည်းမျဉ်းများ ချမှတ်ထား၏။ နက်ရှိုဗန္ဒိဂိဏ်းမှ ချမှတ်ထားသော ဂန္ဓာရီစည်းမျဉ်းမှာ ဤသို့ဖြစ်သည်။

၁။ ထွက်သက်ဝင်သက်ကို သတိအာရုံပြုခြင်းဖြင့် အနန္တဓာတ်ကြီးကိုပါ အစဉ်သတိရှိနေရန်၊

၂။ ဂန္ဓာရီခရီးခေါ် ဂန္ဓာရီပညာများ ဆည်းပူးရန်၊ ခရီးထွက်ရန်၊

၃။ ခြေလှမ်းကို ကြည့်ခြင်းဟု ခေါင်းစဉ်တပ်ပြီး မိမိလျှောက်နေသော ဂန္ဓာရီခြေလှမ်းတိုင်းကို အမြဲသတိပြုနေရန်၊

၄။ လူကြားထဲမှာ ဇကစာဟု ခေါ်ပြီး လောကီ လူသားထဲတွင် ဆက်ဆံနေသော်လည်း စိတ်ထဲတွင် လောကီကိစ္စများနောက် မလိုက်ဘဲ မိမိယုံကြည်ချက်အတိုင်း ဂန္ဓာရီစည်းမျဉ်း ဂန္ဓာရီဒဿနကိုသာ နှလုံးသွင်းနေရန်၊

၅။ ဇကီးရ်ခေါ် စျာန်နှင့် ဉာဏ်ပွားမှု ဘာဝနာကို ခေတ္တရပ်နားပြီး ဘုရားဝတ်ပြုရန်၊

၆။ သတိသဗ္ဗောဇ္ဈင် အာရုံကို မြှုဆွယ်နေသော ကာမဂုဏ်တရားများကို အစဉ်သတိဖြင့် တွန်းလှန်ရန်၊

၇။ စိတ်စွမ်းအင်မြှင့်တင်ခြင်း၊ ဇကီးရ်ဘာဝနာကို အသံထွက်၍ ရွတ်ဖတ်ခြင်းဖြင့်သော်လည်းကောင်း၊ အသံတိတ်ဖြင့်သော် လည်းကောင်း၊ စိတ်ဖြင့် ရွတ်ဖတ်ခြင်းဖြင့် စိတ်စွမ်းအင်သမာဓိမြှင့်တင်ခြင်း၊

၈။ မှတ်သားခြင်း၊ ဇကီရ်ရွတ်ရာတွင် ဇကီရ် အရေအတွက် ဘယ်နှစ်ကြိမ် ရွတ်ပြီးပြီဆိုသည်ကို မှတ်သားထားခြင်း၊

၉။ စစ်ဆေးသုံးသပ်ခြင်း၊ မိမိ ဆောင်ရွက်ခဲ့သော အချက်များကို ဝေဖန်စီစစ်သုံးသပ်ခြင်း၊

၁၀။ နှလုံးရပ်နားခြင်း၊ လောကအလုပ် တာဝန်နှင့် အတွင်းလမ်း ကျင့်စဉ်များ ရပ်နားချိန်တွင်လည်းကောင်း၊ စိတ်စွမ်းအင်နှင့် ကျင့်စဉ်များ ခေတ္တရပ်နားနေချိန်တွင်လည်းကောင်း ဘုရားဂုဏ်တော် ကိန်းဝပ်နေသော မိမိနှစ်လုံးသားကို ရွှမှတ်ပွားများခြင်းတို့ ဖြစ်သည်။

ပဓာနကျင့်စဉ် ဇကီရ်

ဆူဖီဂန္ဓာရီကျင့်စဉ်၏ ပဓာနကျင့်စဉ်မှာ ဇကီရ်ဖြစ်သည်။ ဂုဏ်တော်အစရှိသော လောကီလွန်တရားကို ညွှန်းဆိုသော ဝေါဟာရစကားလုံးများကို နှုတ်ဖြင့် ရွတ်ဆိုခြင်း၊ စိတ်ဖြင့် ရွတ်ဆိုခြင်း ဖြစ်သည်။ မန္တာန်နှင့် ဆင်တူသော်လည်း မန္တာန်သက်သက်ကား မဟုတ်ချေ။ ဘာသာရေးကျမ်းစာများလာ လောကုတ္တရာဝေါဟာရများ စာပိုဒ်များလည်း

ဖြစ်နိုင်သည်။ ဆရာက တပည့်နှင့် သင့်လျော်မည့် အယူအဆကိုညွှန်းသော စာပိုဒ်လည်း ဖြစ်နိုင်သည်။ ဇကိရ်၏ တိုက်ရိုက်အဓိပ္ပာယ်မှာ "သတိရခြင်း"ဟု ထွက်သဖြင့် သတိပဋ္ဌာန် ကမ္မဋ္ဌာန်းဟု အနီးစပ်ဆုံး ဆိုနိုင်၏။ မည်သို့ပင်ဖြစ်စေ ဇကိရ်တွင် အဂါ နှစ်ပါးရှိသည်။ သဒ္ဓါကြည်လိုခြင်းနှင့် အသဲ၏ စွမ်းအင်ကို အသုံးချခြင်းဖြစ်သည်။ အသဲ၏ စွမ်းအင်ဖြင့် စကြံဝဠာကြီးကို တည်ဆောက်ခဲ့သည်ဟု ရှေးဟောင်းပုရပိုက်များတွင် လာရှိသည်။ အသဲဖြင့် ရပ်ဝတ္ထုများကို တည်ဆောက်ခြင်း၊ ဖျက်ဆီးခြင်း ပြုနိုင်သည်ကို ပိရမစ်များကို အသဲစွမ်းအင်ဖြင့် တည်ဆောက်ပြီး ဖြိုဖျက်ခဲ့ပုံကြောင်းကို သက်ဆိုင်ရာ မဟာဂန္ဓာရီ ကဏ္ဍတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အသဲ၏စွမ်းအင်သည် လူ၏စိတ်ကို အထူးထိရောက်စွာ ပြုပြင်ပြောင်းလဲနိုင်ကြောင်းကို အော်ဖိယပ်၊ ပိုက်သာဂိုရပ်စ်၊ အရစ္စတိုတယ်၊ ပလေတိုတို့ လက်ထက်ကပင် သိရှိအသုံးပြုပြီး ဖြစ်သည်။

ဤသို့စိတ်ကို တိုက်ရိုက်ထိစေသောအသဲများကို မဟိဒ္ဓိတန်ခိုးရရှိပြီးသော ဆူဖီဆရာများက ဂန္ဓာရီပညာတွင် အသုံးချခြင်းဖြစ်သည်။ သာဝက၏ ဝိညာဉ်ကို နှိုးဆွနိုင်သော "အညာအသဲ"ကို အသုံးချ၍ ဝပ်နေသော အတွင်းရှိဝိညာဉ်ကို နှိုးလိုက်ခြင်းဖြစ်သည်။ ဇကိရ်တိုင်ခြင်းကို စတင်သင်ကြားမပေးမီ ဆရာက တပည့်အား ပဏာမ ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်စေသည်။ ဇကိရ်မတိုင်မီ ဥပုသ်သီတင်းကို ဆောက်တည်ရသည်။ ကိုယ်လက်သန့်စင်မှုကိုလည်း အခါမလပ်ပြုလုပ်ရသည်။ သွားလာလှုပ်ရှားမှု မှန်သမျှတိုင်းတွင် ဆူဖီတရားကို တရန်တစ်ဆစ်မှ မမေ့အောင် နှလုံးသွင်းရသည်။ လူအများနှင့် ရောနှောခြင်းကို တတ်နိုင်သမျှ ရှောင်ရှားပြီး စကားကိုလည်း လိုအပ်သည်ထက် ပိုမပြောရချေ။ ဝစီကံ မလုံပါက ကျင့်စဉ်သည်လည်း ထိရောက်တော့မည် မဟုတ်ကြောင်းကို ဆူဖီသာဝကတိုင်း အလေးထားရသည်။

အစားအသောက်ကိုလည်း ချင့်ချိန်စားသောက်ရသည်။ မည်သည့်အစာကို စားရမည်၊ မည်သည့် အစာကိုမစားရဟု ဆိုခြင်းထက် စားသောက်သမျှကိုသာ အလွန်အကျွံ မဖြစ်ရ အောင် ချင့်ချိန်စားရသည်။ ဆူဖီတရားသည် အရာရာကို မျှမျှတတသာ ကြည့်မြင်သည်။ မျှမျှတတသာလျှင် ကျင့်သုံးသည်။ ပဏာမ ဘာဝနာပွားခြင်းကို ၃ ရက် မျှ ပွားများပြီးနောက် ဂန္ဓာရီပညာ၏ ထုံးတမ်းစဉ်လာအရ ဆရာတို့က ညွှန်ပြပေးသည့် အတိုင်း ရေချိုးခြင်း၊ သန့်စင်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရသည်။

ခေါင်းပေါသို့ ရေလောင်းချနေစဉ်တွင် ခန္ဓာကိုယ် သန့်ရှင်းသကဲ့သို့ နှလုံးသားကိုလည်း သန့်စင်အောင် ဆေးကြောပေးတော်မူပါဟု ဘုရားထံတိုင်တည်ရသည်။ ဤသို့ သန့်စင်ပြီးနောက် တစ်နေ့တာဝတ်တက်မှုကို အချိန်မှန် ဝတ်ပြုရသည်။ ညပိုင်းတွင် ဘုရားဝတ်ပြုပြီးနောက် ဆရာထံ သွားရသည်။ ဆရာရှေ့တွင် ပုဆစ်တုပ် လက်ပိုက်လျက် နေရာယူရသည်။ ဆရာက ဇကိရ်၏ လှို့ဝှက်ချက်နှင့် ကျင့်နည်းကျင့်ဟန် အနွေ့ဝါသိက နည်းများကို ရှင်းလင်းသင်ကြားခိုက်တွင် သာဝကသည် အခြားအာရုံတို့ကို လုံးဝဖြတ်တောက်ပြီး ဆရာ့နှစ်လုံးသားရှိရာကို အာရုံစူးစိုက်နေသည်။ ဆရာက တည်ငြိမ်လေးနက်

ပိသသော အသံဖြင့် သာဝကကျင့်ဆောင်ရမည့် ဇာတိရုပ်ကို နှစ်ကြိမ်တိုင်ပေး၏။ သာဝကက လိုက်ဆိုရ၏။ သံနေသံထား ဌာနကရိယာမှန်အောင် ရွတ်ဆိုရ၏။

တစ်ဖန် ဆရာက နှစ်ကြိမ်တိုင်ပေးပြန်သည်။ တပည့်ကလည်း လိုက်ဆိုရသည်။ ထို့နောက် ဆရာသည် ဆုမွန်တောင်း၍ ကောင်းချီးပေးပြီး တပည့်ကို ပြန်လွှတ်လိုက်သည်။ သာဝကသည် မိမိတရားကျင့်ရာ နေရာသို့ ပြန်ရောက်သောအခါ အမွေးအကြိုင်များ ပက်ဖြန်းခြင်း၊ ထွန်းညှိခြင်းပြုလုပ်ပြီး ဆရာ မျိုးစေ့ချပေးလိုက်သော မိမိနှလုံးသားထဲမှ ဇာတိရုပ်ကို သမာဓိအာရုံဖြင့် ရွတ်ဆိုသည်။ ပါးစပ်မှ ကြက်တူရွေးကဲ့သို့ တတွတ်တွတ် ရွတ်ဆိုခြင်းမျိုးလည်း မဟုတ်။ မိမိနှလုံးသားကို နှိုးဆွ၍ ထိုသတိသမ္ပစည်ဖြင့် ဆင်ခြင်ပွားများ ရွတ်ဆိုခြင်းဖြစ်၏။ နှလုံးသားမှ စတင်လှုပ်ရှား ရွတ်ဆိုလိုက်သော ဇာတိရုပ်သည် ခန္ဓာကိုယ်တစ်ခုလုံးရှိ အင်္ဂါအစိတ်အပိုင်းရှိ အသွေး၊ အသား၊ အကြော၊ ရိုးတွင်းချင်ဆီအထိ စိမ့်ဝင်သည့်တိုင်အောင် ပွားများရ၏။

ဇာတိရုပ်ကို တစ်ဦးတည်း ပွားများခြင်းလည်း ရှိသည်။ ခမ္မမိတ်ဆွေသာဝကများ စုပေါင်းပွားများခြင်းလည်း ရှိ၏။ ရောဂါကုသရန်ရှိပါက မကုသမီကပင် စိတ်စွမ်းအင်များကို စုစည်းခြင်းအဖြစ် ကြိုတင်၍ ဇာတိရုပ်ရွတ်ရသည်။ ကုသလိုသော ရောဂါကို သို့မဟုတ် လူနာကို အာရုံပြု ရွတ်ဆိုရခြင်း ဖြစ်သည်။ လုပ်ငန်းတစ်ခု အောင်မြင်ရန်ဆိုပါက သန့်စင်မှုကို စနစ်တကျ ပြုလုပ်ပြီး အင်္ဂါနေ့မှစ၍ ကြာသပတေးနေ့အထိ ၃ ရက် ဇာတိရုပ်ရွတ်ရသည်။ ကြာသပတေးနေ့ညသည် စိတ်စွမ်းအင်များ ထွက်ပေါ်ရန် အကောင်းဆုံးအချိန်ကာလဖြစ်သည်ဟု ဆူဖီတို့ ယုံကြည်ကြသည်။ လက်ဖွဲ့ပေါ်တွင် ဇာတိရုပ်များရေးကာ လက်မောင်းမှာ ချိတ်ထားလေ့ရှိသည်။ ဆူဒန်နှင့် တူရကီပြည်ရှိ ဆူဖီဂိုဏ်းအချို့မှာ ဂီတနှားထောင်ခြင်း အကကခြင်းဖြင့် သမထစိတ်စွမ်းအင်များ စုစည်းကြသည်။ ယခုအထိ ဖော်ပြခဲ့သော ဇာတိရုပ်ကျင့်စဉ်တို့မှာ အခြေခံကျင့်စဉ်ဖြစ်သည်။ ယင်းအခြေခံကျင့်စဉ်ကို အောင်မြင်စွာ ကျင့်ကြပြီးသောအခါ အဆင့်မြင့်ဇာတိရုပ်ဘာဝနာကို ပွားများရသည်။

အဆင့်မြင့် ဇာတိရုပ်ကျင့်စဉ်တွင် ကမ္မဋ္ဌာန်းနှင့် ဇာတိရုပ်ပေါင်းစပ်ဆောင်ရွက်ရသောနည်းဖြစ်သည်။ ပရနာယာမခေါ် ထွက်သက်ဝင်သက်နှင့်အညီ နရိုကိုက် ဇာတိရုပ်ရွတ်ရခြင်းဖြစ်သည်။ ဇာတိရုပ် များစွာရှိသည့်အနက်မှ လူသိအများဆုံး ဇာတိရုပ်မှာ ညာဘက် ပခုံးဘက်လှည့်ပြီး "အလ္လာ"ဟု ရွတ်၊ အသက်ရှူသွင်း၊ ဘယ်ဘက် ပခုံးဘက်သို့ ခေါင်းကို နရိစီးချက်ကျကျ တေ့ရမ်းပြီး "ဟူး"ဟု ထွက်သက်ဝင်သက်နှင့်အတူ ရွတ်ဆိုကြသည်။ အာရုံစူးစိုက်ဝင်စားမှု၊ အသက်ရှူမှုနှင့် ရွတ်ဆိုမှုတို့သည် အရှိန်ရလာသောအခါ တမင်ကလာမလုပ်ရတော့ဘဲ မသိစိတ်သို့ ကူးပြောင်းပြီး ရုပ်ခန္ဓာနှင့် စိတ်ခန္ဓာတို့က အလိုလို လှုပ်ရှားဆောင်ရွက်လာသည်။

ယင်းအဆင့်သို့ ရောက်ရှိလာခြင်းသည် တစ်ခုတစ်ရာကို မှတ်သားအာရုံပြုရသော ရူပကမ္မဋ္ဌာန်းမှ မှတ်သားအာရုံပြုခြင်းကို တမင်ကလာလုံ့လစိုက်ရန် မလိုတော့ဘဲ အလိုလို ဆောင်ရွက်ရင်း ကြည်လင်သောစျာန်စိတ်ဖြစ်ပေါ်လာသည်။ စျာန်စိတ် ဖြစ်ပေါ်လာသောအခါ



ဝိညာဉ်ရေးရာ ဂီတနှင့်အက

နဂိုစိတ်မျိုး မဟုတ်တော့ဘဲ တစ်ဖြစ်လဲစိတ်ခေါ် ALTERED CONSCIOUSNESS ဖြစ်ပေါ်လာသည်။ ယင်းအဆင့်မှနေ၍ အလင်းဓာတ်ကြီးပေါ်ပေါက်လာပြီးလျှင် အလင်းဓာတ်ကြီးကို အပိုင်ရရှိလာသောအခါတွင် ဝိညာဉ်လွတ်မြောက်ပြီး သိဒ္ဓိများလည်း ရရှိလာမည်ဖြစ်သည်။

ကဗျာကို ဂီတသဘောသက်ဝင်အောင် ရွတ်ခြင်း၊ ခမ္မဂီတ သီဆိုခြင်း၊ နားထောင်ခြင်း သီချင်း၊ ဂီတနှင့် တွဲဖက်၍ စုပေါင်း၍ ကသော ကျင့်စဉ်ဖြင့် သမာဓိ မွေးမြူကြသည်။ ဆုဒန်နှင့် တူရကီစသော တိုင်းပြည်များရှိဆူဖီဂိုဏ်းအချို့သည် ဂီတနှင့်အကကို တွဲဖက်ပြီး ဝိုင်းကကြသည်။ ခေါင်းဆောင်က ဖြည်းညင်းစွာ ဘယ်ညာစီးချက်ကျကျယိမ်းနွဲ့ပြီး ဘယ်ဘက်ယိမ်းစဉ်တွင် "ဟူး" ဟု သံပြိုင်ဆိုကြသည်။ စင်စစ်အားဖြင့် ခန္ဓာကိုယ်ကို နရီစီးကျကျဖြင့် ယိမ်းနွဲ့သွဲ့ပြောင်း၍ ကရသောအခါ ခန္ဓာကိုယ်တွင်းရှိ ချက္ကရခေါ်စက်များ လှုပ်ရှားနိုးကြားသွားသည်။ ယင်းစက် များ နိုးလာသောအခါတွင် ထူးကဲသော စိတ်စွမ်းအင်များ ထွက်ပေါ်လာသည်။ ရှေးခေါမခေတ်တွင် အိုလံပစ်တောင်ပေါ်တွင် ကရသော ကန္ဒားက တိဗက်ဂန္ဓာရီပညာရှင်များကသော တိုက်ချီဆွန်၊ ယိုးဒယားအက၊ ဘဲလေးအကစသော ရှေးဟောင်းကဟန်တို့မှာ လှုပ်ရှားမှုသဘာဝကဟန်များ တူညီ သည်ကို တွေ့ရသည်။ ယင်းအက လေ့ကျင့်သူများသည် ထူးကဲသော စိတ်စွမ်းအင်များ ရရှိကြောင်းကို ယခင်က ကွက်ကြားကွက်ကြား တင်ပြခဲ့ပြီးဖြစ်သည်။

ဆူဖီဂန္ဓာရီပညာ၏ ထူးခြားချက် တစ်ချက်မှာ သင်္ကေတများ၊ စကားဝှက်များကို ဆူဖီတရား သင်ကြားရာတွင် အသုံးပြုခြင်း ဖြစ်သည်။ ဥပမာ အိုမာခယမ်က သူ၏ကဗျာတွင် မုန့်နှင့် ဝိုင်အရက်ချစ်သူတို့နှင့်အတူ သစ်ပင်အောက်တွင် နေရလျှင်ဟု စပ်ဆိုသည်။ သာမန်ဥပသကာနည်းအားဖြင့် ကဗျာဆန်သော လောကီဆန်သော အဓိပ္ပာယ် ထွက်သည်။ သို့သော် ဆူဖီအိုမာခယမ်သည် ဆူဖီတို့၏ လက်သုံးစကားဖြင့် ဆူဖီတရားကို ညွှန်းသည်ဟု ဆူဖီတို့က ယူဆသည်။ မုန့်သည် အသက်ဓာတ်၊ အသက်ဓာတ်သည် ဘုရားဂုဏ်ကျေးဇူးတော်ကို ညွှန်းသည်။ အရက်သည် မူးရစ်သော သဘော၊ မူလလောကီ စိတ်ပြောင်းသွားပြီး လောကုတ္တရာ စိတ်ခေါ် တစ်ဖြစ်လဲ စိတ်၊ သမာဓိစိတ်ကို ရည်ညွှန်းသည်။ ချစ်သူဆိုသော အဓိပ္ပာယ်မှာ ကြည်ညိုလေးစားမြတ်နိုးဖွယ်ရာ အရှင်ကို ညွှန်းသည်။ ဘုရားပေးသော အသက်ရှင်သမျှ ကာလပတ်လုံး အရှင်၏ မဟာကရုဏာဓာတ်ကို ခိုလှုံနိုင်ရန်အတွက် သမာဓိစိတ်စွမ်းအင် မွေးမြူရန် ဖြစ်သည်ဟု ဆူဖီအန္တေဝါသိကများက အဓိပ္ပာယ်ဖွင့်သည်။

ဆူဖီတို့သည် အယူသည်းသူများ၊ ရန်လိုသူများ၊ နှိပ်ကွပ်သူများအလည်တွင် ပေါ်ပေါက်လာရခြင်း ဖြစ်ရာ ဤသို့သော စကားဝှက်များဖြင့်သာ ဆူဖီတရားလို ဖွင့်ထုတ်ရေးသားသိဆို ရွတ်ဖတ်နိုင်ကြသည်။ ထို့ကြောင့် ဆူဖီတို့သည် လျှို့ဝှက် ဝေါဟာရများကို ဂန္ဓာရီပညာတွင်များစွာ အသုံးချရန်အတွက် အာဗ်ဂျက် (ABJAD) ဟူသော လျှို့ဝှက် သင်္ကေတ ဝေါဟာရ နည်းစနစ်သစ် တစ်ရပ်ကို တီထွင်ထားသည်။ သချိုင်္ကာအားဖြင့် ၁ ကို အလစ်၊ ၂ ကို ဘာ၊ ၃ ကို ဂျင်၊ ၄ ကို ဒါလ်၊ ၅ ကို ဟာ၍ အစဉ်လိုက်တိတိထွင်ထားသည်။ အချွန်အထက်ထောင်နေသော တြိဂံကို နံပါတ် ၇ အချွန်အောက် မှောက်နေသော တြိဂံကို နံပါတ် ၈၊ တြိဂံနှစ်ခု၏ အနားများ ပေါင်းရကိန်းသည် ၆၊ ယင်းတို့ကို ပေါင်းလိုက်သောအခါ ၇၈၆ ဖြစ်သည်။ ပုံသဏ္ဌာန်အားဖြင့် အထက်ပါ တြိဂံနှစ်ခုကို ထပ်ထားသော ခြောက်မြွှောင့်ကြယ် ဖြစ်သည်။ စင်စစ်အားဖြင့် တြိဂံသည် ကမ္ဘာ့မဟာဂန္ဓာရီဂိုဏ်းတို့၏ အခြေခံသင်္ကေတဖြစ်ကြောင်း တွေ့ရသည်။

ဆူဖီတို့သည် ဤသို့ မိမိတို့၏ တရားနှင့်ကျင့်စဉ်တို့ကို ခေတ်ကာလ ပတ်ဝန်းကျင် အခြေအနေနှင့် ကိုက်ညီအောင် လိမ္မာစွာ ကျင့်သုံးနိုင်ခဲ့သောကြောင့်သာလျှင် ယနေ့အထိ မူလတရား ကိုယ်မှာမရွေ့မလျော့ဘဲ မဟာဂန္ဓာရီပညာကို ထိန်းသိမ်းထားနိုင်ခြင်း ဖြစ်သည်။ ထို့အပြင် မိမိတရားနှင့် ဆူဖီ မဟာဂန္ဓာရီဂိုဏ်းကြီးကို သန့်စင်ခိုင်မာစွာ စောင့်ရှောက်နိုင်ခဲ့သဖြင့် နောင်အခါ ပေါ်ထွန်းလာမည့် ဝတ်ကျောင်းသူရဲကောင်း ဂန္ဓာရီဂိုဏ်း၊ ဖရီးမေဆင် ဂိုဏ်းတို့အပေါ်တွင် ဂန္ဓာရီပညာသြဇာ သက်ရောက်ခဲ့ခြင်း ဖြစ်လေသည်။

*

ဝတ်ကျောင်းသူရဲကောင်း မဟာဂန္ဓာရီဂိုဏ်း

အာရှတိုက်အလယ်ပိုင်း၊ ယခုအခါ သဲကန္တာရဖြစ်နေသော ဂိုဘီပင်လယ်မှ စတင် စီးဆင်းလာခဲ့သော မဟာဂန္ဓာရီ ရေစီးကြောင်းကြီးသည် တရုတ်၊ အိန္ဒိယနှင့် အီဂျစ် အရှေ့တိုင်းမှနေ၍ အနောက်တိုင်းသို့ စီးဆင်းခဲ့သည်။ အနောက်တိုင်း ခေါမသို့ ရောက်ပြီးနောက် အိုဖယပ်၊ ပိုက်သာဂိုရပ်စ်၊ ပလေတိုခေတ်ရောက်သောအခါ တစ်ဖန် အရှေ့တိုင်းဘက်ဖြစ်သော ယခုအခါ အာရပ်ကမ္ဘာခေါ်သော အာရှအနောက်ပိုင်းသို့ စီးဝင်ခဲ့သည်။ အာရှအလယ်ပိုင်းဟုခေါ်သော အာရှအနောက်ပိုင်း၊ ယခုအခါ အီရန်ဟု ခေါ်သော ပါရှားတွင် မိတြာဂန္ဓာရီ၊ အာရေဗျတွင် ဆူဖီဂန္ဓာရီ၊ ပါလက်စတိုင်းတွင် အက်ဆင်နိန်နှင့် အီဂျစ်နှင့် ပါလက်စတိုင်းတွင် ဝိဇ္ဇာဉာဏ် ဂန္ဓာရီပညာအဖြစ် မဟာဂန္ဓာရီ ရေစီးကြောင်းကြီးသည် အရှေ့တိုင်းသို့ စီးဝင်ပျံ့နှံ့ခဲ့သည်။

တရုတ်ပြည်နှင့် အိန္ဒိယပြည်တွင်းသို့ မဟာဂန္ဓာရီပညာ စီးဝင်သောအခါ အတွေးအခေါ် ပညာရှင်များက လက်ကမ်းကြိုဆိုကြသည်။ ကွန်ဖြူးရှပ်၊ လောင်ဇူ၊ ဗျာသရသေ့နှင့် ကရစ်ရှနားတို့ ဖြစ်သည်။ အီဂျစ်၊ ဘေဘီလုံ၊ ဟီဘရူးသို့ စီးဝင်သောအခါ ဘာသာရေးခေါင်းဆောင်များက ခံယူကျင့်သုံးခဲ့ကြသည်။ အီဂျစ်မှဟာမီးနှင့် ဟီဘရူးရာဗီ ပုဂ္ဂိုလ်ကြီးများဖြစ်သည်။ အနောက်နိုင်ငံများသို့ စီးဝင်သောအခါ တွေးခေါ်ရှင်များ ဖြစ်ကြသော အိုဖိယပ်၊ ပိုက်သာဂိုရပ်စ်နှင့် ပလေတိုတို့က ခံယူပွားများကြသည်။ ဤအချိန်တွင် ထူးခြားချက်တစ်ခုမှာ အိုဖိယပ်သည် ဂီတပညာရှင်နှင့် သိပ္ပံပညာရှင်လည်းဖြစ်သော အချက်ဖြစ်သည်။ တစ်ဖန် အရှေ့တိုင်းဘက်သို့ မဟာဂန္ဓာရီ စီးဝင်လှည့်လည်သောအခါ ပါရှားဘာသာရေးခေါင်းဆောင်များနှင့် အက်ဆင်နိဘာသာရေးခေါင်းဆောင်များက ခံယူကြပြန်သည်။

ဆူဖီဂန္ဓာရီပညာရှင်များကား တစ်မူထူးသည်။ ဆူဖီတို့သည် ဘာသာရေးပုဂ္ဂိုလ်များသာမက လောကတွေ့စရိယခေါ် လောကအကျိုးကို သယ်ပိုးနေသော ပရဟိတဝါဒီများ၊ ဂီတပညာရှင်များ၊ ကဗျာလင်္ကာစာဆိုများလည်း ဖြစ်သည်။ မဟာဂန္ဓာရီပညာသည် ခေတ်ကာလ အခြေအနေအရ ရောက်ရှိရာအရပ်ဒေသမှ ဂန္ဓာရီပညာကို ခံယူမည့် ပုဂ္ဂိုလ်စရိုက်နှင့် လိုက်လျောညီစွာ သန္ဓာန်ပြောင်းလဲလျက်ရှိသည်။ မဟာဂန္ဓာရီပညာကို ဆက်ခံပွားများ လိုက်စားသူများသည် ပုဂ္ဂိုလ်အနေဖြင့် သူတော်စင်၊ တွေးခေါ်ပညာရှင်၊ ဂီတပညာရှင်၊ ကဗျာစာဆို၊ သိပ္ပံပညာရှင်ဟူ၍ အပေါ်ယံအားဖြင့် ကွဲပြားကြသော်လည်း အတွင်းသန္ဓာန်မှာမူကား ဘဝအဆက်ဆက်မှ ဂန္ဓာရီပညာ ပါရမီဖြည့်ဆည်းခဲ့သူ အရင့်အမာပုဂ္ဂိုလ်များသာလျှင် ဖြစ်သည်။

ဤသို့ ပုဂ္ဂိုလ်သန္ဓာန် အမျိုးမျိုး ကွဲပြားသော ဂန္ဓာရီပညာရှင်များ ပေါ်ထွန်းလာသည့် ဂန္ဓာရီခရီးတစ်လျှောက်တွင် အေဒီ ၁၂ ရာစုတွင် ဝတ်ကျောင်းသူရဲကောင်း ဂန္ဓာရီပညာရှင်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ ဝတ်ကျောင်းသူရဲကောင်းများသည် ခေတ်လယ်ခေတ်ခေါ် အမှောင်ခေတ်တွင် ပေါ်ထွက်လာသူများ ဖြစ်သည်။ အဖက်ဖက်မှ အမှောင်ကျနေသော ခေတ်တွင် အားနည်းသူ၊ အားကိုးမဲ့သူ၊ အဖိနှိပ်ခံရသူများ၊ ဘက်မှ ရပ်တည်မည့်သူများသည် သူရဲကောင်းများဖြစ်သည်။ လူတစ်ဦး မတရားအနိုပ်စက် ခံနေရလျှင် နိုပ်စက်သူကို ဖယ်ရှားပေးသည်။ အားနဲ့.သူ အမျိုးသမီးများကို အထူးအလေးပေး၍ ကူညီစောင့်ရှောက်သည်။ သစ္စာတရားကို လက်ကိုင်ထားသည်။ အသက်စွန့်ရသည့်တိုင်အောင် သစ္စာတရားနှင့် အကြင်နာတရားကို စွဲကိုင်လေ့ရှိသည်။ ထို့ကြောင့် သူရဲကောင်းများအကြောင်း ရေးသောဝတ္ထုများ၊ ကဗျာများ၊ ရုပ်ရှင်များ အစီအရီ ပေါ်ထွက်လာသည်။ ယင်းဝတ္ထုစောတ်လမ်းများထဲတွင် 'အိုဗင်ဟို' ဝတ္ထုသည် စံတော်ဝင် ဖြစ်သည်။

အိုဗင်ဟို ရုပ်ရှင်ကားမှာလည်း လူကြိုက်များ၍ နာမည်ကြီးသည်။ သူရဲကောင်းဟု အိုလိုက်သည်နှင့် မုတ်ဆိတ်မွှားမွှား ဝတ်ရုံဖားဖားဖြင့် မြင်းစီးပြီး စိန်ခေါ်နေသော ရုပ်ပုံလွှာကို မြင်ကြသည်။ အေဒီ ၁၂ ရာစုတွင် အနောက်တိုင်းနှင့် အရှေ့တိုင်းတို့သည်

ဘာသာရေးကို အကြောင်းပြုသော 'ခရူးဆိတ်' စစ်ပွဲကြီးတွင် တပြန်တလှန် တိုက်ခိုက်ကြသည်။ ပါလက်စတိုင်းတွင်ရှိသော ဂျေရုစလင်မြို့ရှိ ဝတ်ကျောင်းတော်ကို ဗဟိုပြု၍ စစ်ဆင်နေကြသည်။ ဝတ်ကျောင်းတော်မှာ အနောက်တိုင်းသားများ လက်ရောက်လိုက်၊ အာရပ်များလက်ရောက်လိုက် ဖြစ်နေသည်။ အနောက်တိုင်းနှင့် အရှေ့တိုင်းရှိ ခရစ်ယာန်များသည် ဂျေရုစလင်မြို့ရှိ အထွတ်အမြတ်ထားရာ ဝတ်ကျောင်းတော်သို့ ဘုရားဖူးသွားကြသည်။ အထူးသဖြင့် အနောက်တိုင်းမှ ခရစ်ယာန်ဘုရားဖူးများ ဂျေရုစလင်မြို့သို့ ဘုရားဖူးလာကြရာတွင် လမ်းပန်းဆက်သွယ်ရေးမှာ အလှမ်းဝေးပြီး အခက်အခဲများရှိသည်။ သူခိုး၊ ဓားပြများ၊ လူဆိုးများ အန္တရာယ်သာမက ခရူဆိတ်စစ်ပွဲကြောင့်လည်း လမ်းမသာဘဲ ဖြစ်နေသည်။

ဤသို့သော အခြေအနေတွင် အနောက်တိုင်းမှ ဂျေရုစလင်ဝတ်ကျောင်းတော်သို့ ဘုရားဖူးလာကြသော ဘုရားဖူး ခရီးသည်တို့အား လမ်းပန်းဆက်သွယ်ရေးခရီးတွင် အန္တရာယ် ကင်းရှင်းအောင် တာဝန်ယူရန်အတွက် သူရဲကောင်း (၉)ဦးတို့ စီစဉ်ကြသည်။ အေဒီ ၁၁၁၈ နှစ်တွင် ဂျေရုစလင်ဘုရင် ဒုတိယဘော်လဒွင်ထံသို့ ရှန်ပိန်နယ်စားကြီး၏ လက်ရုံး ဟူဒီပေရင် သူရဲကောင်းခေါင်းဆောင်သော ပြင်သစ်သူရဲကောင်း(၉)ဦး ရောက်ရှိလာပြီး သူတို့သည် ဘုရားဖူးများအား လမ်းခရီး အန္တရာယ်ကာကွယ်ပေးရန် ဝတ်ကျောင်းသူရဲကောင်းအဖွဲ့ တည်ထောင်ထားကြောင်း လျှောက်ထားသည်။ ဘုရင်ကြီး ဘော်လဒွင်က နှစ်ထောင်းအားရဖြစ်ပြီးလျှင် သူရဲကောင်း (၉)ဦးတို့အား သူ၏ နန်းတော် တွင်းရှိ ဆော်လမွန်ဘုရင်ကြီး၏ ဘုရားဝတ်ကျောင်းတွင် နေရာချထားပေးသည်။ သူရဲကောင်းတို့၏ နေထိုင်စားသောက်ရေး ကိစ္စအဝဝကိုလည်း တာဝန်ယူသည်။ ထို့ကြောင့် ဤသူရဲကောင်းများကို ဆော်လမွန်ဝတ်ကျောင်းတော်မှ ဆင်းရဲသား သူရဲကောင်းများဟု ခေါ်ကြသည်။

နောင်အခါတွင် ဘုန်းကြီးတစ်ပိုင်း စစ်သည်တော်တစ်ပိုင်း၊ ဂန္ဓာရီဂိုဏ်းကြီး ဖြစ်လာပြီး **Kinght of templer** ဟု ကျော်ကြားလာသည်။ ဝတ်ကျောင်းတော် သူရဲကောင်း ဂန္ဓာရီဂိုဏ်းဝင်တို့သည် ဘုရားဖူးတို့၏ အသက်အန္တရာယ်ကို ကာကွယ်ပါမည်။ မကောင်းသူပယ်၍ ကောင်းသူကို ကယ်ပါမည်။ အမိန့်ကို နာခံပါမည်။ တစ်ဦးနှင့် သုံးဦးကို ရင်ဆိုင်ရသည်ဖြစ်စေ အလျှော့မပေးဘဲ ရင်ဆိုင်တိုက်ခိုက်ပါမည်ဟု ကတိသစ္စာပြုရသည်။ ဝတ်ကျောင်းသူရဲကောင်းဂိုဏ်းဝင်များသည် မိမိကိုယ်ကျိုးကို မကြည့်တော့ဘဲ မကောင်းသူကို ပယ်၍ ကောင်းသူကို ကယ်တင်ရေးလုပ်ငန်းကို အဆင်းရဲ အနစ်နာခံ၍ ဆောင်ရွက်သည်။ တစ်ခါတစ်ရံတွင် သူရဲကောင်းတစ်ဦးစီကို မြင်းမပေးနိုင်သဖြင့် မြင်းတစ်စီးကို လူနှစ်ဦး စီးရသည်။ ထို့ကြောင့် ဝတ်ကျောင်းသူရဲကောင်း ပေါ်ကာစက သူရဲကောင်း ဂိုဏ်းအမှတ်တံဆိပ်မှာ မြင်းတစီးကို သူရဲကောင်းနှစ်ဦးတို့ စီးနေပုံဖြစ်သည်။ နောင်အခါတွင်ကား အမှတ်တံဆိပ် တစ်မျိုးကို အသုံးပြုသည်။

ရိုးသားကြိုးစားစွာဖြင့် (၉)ဦးသော သူရဲကောင်းများသည် ဝတ်ကျောင်းသူရဲကောင်းဂိုဏ်းကြီး၏ မြင့်မြတ်သော တာဝန်များကို ထမ်းဆောင်ခဲ့ရာ တဖြည်းဖြည်း လူကြိုက်များ

လာ လေးစားသူများလာသည်။ ပြင်သစ်နှင့် အနောက်နိုင်ငံများမှ ဘုရင်များ၊ နယ်စားမှူးမတ်များကပါ ကြည့်ရှုလေးစားလာပြီး ရွှေ၊ ငွေ၊ ခဲ၊ မြေ၊ လယ်မြေများ လှူဒါန်းလာကြသည်။ အနောက်တိုင်းသာမက ပါလက်စတိုင်း ပတ်ဝန်းကျင်ရှိ ယုံကြည်သူ အများအပြားသည် သူရဲကောင်းဂိုဏ်းသို့ ဝင်ရောက်လာကြရာ ဝတ်ကျောင်းဂိုဏ်းကြီးမှာ ၁၁၂၇ ခုနှစ်တွင် ဩဇာကြီးမားလှသော ဂန္ဓာရီဂိုဏ်းကြီးအသွင်သို့ ကူးပြောင်းလာသည်။ အရှေ့တိုင်း ပါလက်စတိုင်းသို့ ရောက်ရှိလာကြသော အနောက်တိုင်းမှ ဝတ်ကျောင်းသူရဲကောင်းများသည် အရှေ့တိုင်းရှိ ပါလက်စတိုင်းနှင့် ပတ်ဝန်းကျင်ရှိ ဂန္ဓာရီဂိုဏ်းများနှင့် ဆက်သွယ်ဆက်ဆံမိရာမှ အရှေ့တိုင်း ဂန္ဓာရီပညာနှင့် အနောက်တိုင်း ဂန္ဓာရီပညာတို့ ပေါင်းဆုံမိလာသည်။

အရှေ့တိုင်း မဟာဂန္ဓာရီပညာရှင်များဖြစ်သော အက်ဆင်နီ ဂန္ဓာရီဂိုဏ်း၊ မိတ္တြာဂန္ဓာရီဂိုဏ်း၊ ဆူဖီဂန္ဓာရီဂိုဏ်းတို့နှင့် ရင်းနှီးလာသည်။ ဓာစ်မြစ်တစ်ခုတည်းမှ ယှက်ဖြာစီးဆင်းလာသော အရှေ့တိုင်း မဟာဂန္ဓာရီပညာနှင့် အနောက်တိုင်း မဟာဂန္ဓာရီပညာတို့ ပေါင်းစပ်မိလာသည်။ အထူးသဖြင့် ထိုစဉ်က အလွန်အင်အားကောင်းသော ဆူဖီဂန္ဓာရီဂိုဏ်းနှင့် ယင်း၏ အနွယ်ဖြစ်သော အက်ဆက်ဆင် ဂန္ဓာရီဂိုဏ်းတို့နှင့် ကူးလူးဆက်ဆံရင်းနှီးမှု ပိုခဲ့ရသည်။ ဆီးရီးယားမှ အက်ဆက်ဆင်ဂိုဏ်းက ဝတ်ကျောင်းသူရဲကောင်းဂန္ဓာရီဂိုဏ်းကို ရွှေဒင်္ဂါး ၃၀၀၀ ကူညီထောက်ပံ့ခဲ့သည်။ ဝတ်ကျောင်း သူရဲကောင်းဂိုဏ်းသည် တစ်ဖက်တွင် ဂန္ဓာရီပညာများ တိုးတက်လာခဲ့သော်လည်း အခြားတစ်ဖက်တွင် လှူဒါန်းသော မြေယာ၊ ရွှေ၊ ငွေများ တိုးတက်လာသည်နှင့်အမျှ ဩဇာတိက္ကမလည်းကြီးလာသည်။

အနောက်တိုင်း ဘုရင်ဧကရာဇ်နှင့် နယ်စားကြီးများကိုပင် ငွေချေးနိုင်လာသည်။ ဘဏ်များများ မပေါ်ပေါက်သေးသော ခေတ်က ဘုရင်မှူးမတ်နယ်စားအတွက် ဘဏ်တိုက်သဖွယ် ချေးငှားခြင်းဖြင့် နိုင်ငံရေးဩဇာပါ တက်လာခဲ့သည်။ တန်ခိုးဩဇာတက်လာလျှင် မသမာသူများ ဝင်ရောက်ခိုအောင်းတတ်သော သဘာဝအတိုင်း ဝတ်ကျောင်းသူရဲကောင်းဂိုဏ်းအတွင်းသို့ မသမာသူများ ဝင်ရောက်လာသည်။ သန့်ရှင်းစင်ကြယ်သော ဝတ်ကျောင်းသူရဲကောင်းဂိုဏ်း၏ အသရေများလည်း တစ်စတစ်စ ညှိုးနွမ်းလာသည်။ ဝတ်ကျောင်းသူရဲကောင်းဂိုဏ်းသည် အနှစ်သာရအားဖြင့် ဂန္ဓာရီပညာကို လျှို့ဝှက်စွာ သင်ကြားလေ့လာနေသော ဂန္ဓာရီဂိုဏ်းသာ ဖြစ်သည်။ ထို့ကြောင့် ဂန္ဓာရီပညာ လေ့လာမှုကို အလွန်သိပ်သည်းစွာ လျှို့ဝှက်ထားသည်။ အမှန်စင်စစ်အားဖြင့် ဝတ်ကျောင်းသူရဲကောင်းဂိုဏ်း၏ နောက်ကွယ်တွင် မဟာဂန္ဓာရီ အတွင်းဂိုဏ်းဖြစ်သော ဆိုင်ယွန်ဂိုဏ်းကြီးရှိသည်။ ဆိုင်ယွန် မဟာဂန္ဓာရီဂိုဏ်းကြီး၏ ကာကွယ်ရေး စစ်သည်တော်တာဝန်ကိုသာ ဝတ်ကျောင်းသူရဲကောင်းဂိုဏ်းက တာဝန်ယူရခြင်း ဖြစ်သည်။

ဆိုင်ယွန်မဟာဂန္ဓာရီဂိုဏ်းကြီးကို ပြင်သစ်ပြည်တွင် ပရိုရယ်ဒီဆိုင်ယွန် အမည်ရှိသော ပုဂ္ဂိုလ်က တည်ထောင်သည်။ ထို့ကြောင့် ဆိုင်ယွန် မဟာဂန္ဓာရီဂိုဏ်းဟု ခေါ်ခြင်း

ဖြစ်သည်။ ပရိုရယ်ဒီ ဆိုင်ယွန်သည် ဝတ်ကျောင်းသူရဲကောင်း မပေါ်ပေါက်မီကပင် ဆိုင်ယွန် ဂိုဏ်းကြီးကို တည်ထောင်ခဲ့ပြီး ဖြစ်ပြီးလျှင် သူရဲကောင်း ဂိုဏ်းကြီး ပြိုကွဲသွားပြီး နောက်တွင်လည်း ဆက်လက်တည်ရှိခဲ့သည်။ ဆိုင်ယွန်ဂိုဏ်းကြီးသည် နောင်နှစ်ပေါင်း များစွာ ကြာသည်အထိ နိုင်ငံတကာ အရေးကိစ္စများတွင် သြဇာညောင်းခဲ့သည်။ မဟာ ဂန္ဓာရီဂိုဏ်းဖြစ်သော ဆိုင်ယွန်ဂိုဏ်းကြီး၏ ကျောထောက်နောက်ခံလည်း ရရှိသည်။ အရှေ့တိုင်း ဂန္ဓာရီဂိုဏ်းများဖြစ်သော အက်ဆင်နီ၊ မိထြာ၊ ဆူဖီတို့၏ မဟာဂန္ဓာရီ ပညာများကိုလည်း ရရှိထားသော ဝတ်ကျောင်းသူရဲကောင်းဂိုဏ်း၏ မဟာဂန္ဓာရီပညာမှာ အရှေ့တိုင်း မဟာဂန္ဓာရီနှင့် အနောက်တိုင်း မဟာဂန္ဓာရီပညာ အဆီအနှစ်များကို စုပေါင်းထားခြင်း ဖြစ်သည်။

အထူးသဖြင့် အစီအရင်၊ အစီးအနင်းပညာဖြစ်သော **Rite and Ritual** ကို အထူး အလေးပေးသော ဂန္ဓာရီပညာဖြစ်သည်။ အရှေ့တိုင်းဂန္ဓာရီပညာ၏ စိတ်တန်ခိုး၊ ဈာန်တန်ခိုး လေ့ကျင့်မှုသာမက အနောက်တိုင်း ဂန္ဓာရီပညာဖြစ်သော အစီအရင်၊ အစီးအနင်းကိုပါ တွဲဖက် အသုံးပြုသော ပညာဖြစ်သည်။ ယင်းအစီအရင် ဂန္ဓာရီပညာကို နောင်အခါတွင် ဖရီးမေဆင် ဂန္ဓာရီဂိုဏ်းနှင့် ရိုဆီကရူဆီယင် ဂန္ဓာရီဂိုဏ်းတို့က အဓိကထား၍ အသုံးပြု ကြသည်။ ဖရီးမေဆင် ဂန္ဓာရီပညာနှင့် ရိုဆီကရူဆီယင်ဂန္ဓာရီပညာ၏ အနှစ်သာရဖြစ်သော အစီအရင်ပညာမှာ ဝတ်ကျောင်းသူရဲကောင်းဂိုဏ်းမှ မြစ်ဖျားခံလာခြင်းဖြစ်သည်။ ဝတ် ကျောင်းသူရဲကောင်းဂိုဏ်းကြီး ပြိုကွဲသွားသောအခါ ဂိုဏ်းဝင်များသည် ပြင်သစ်နှင့် စကော့တလန်သို့ ထွက်ပြေးတိမ်းရှောင်သွားရာမှ ပြင်သစ်နှင့် စကော့တလန်တွင် ဖရီးမေဆင် နှင့် ရိုဆီကရူဆီယင်ဂိုဏ်းအဖြစ် ပြန်လည်ခေါင်းထောင်လာခြင်းဖြစ်သည်။

အေဒီ ၁၃၀၇ တွင် ပြင်သစ်ဘုရင် စတုတ္ထဖိလစ်ဘုရင်သည် ဘဏ္ဍာတော်များ ပြတ်လပ်နေသဖြင့် ပြင်သစ်ဝတ်ကျောင်း သူရဲကောင်းများကို ဖမ်းဆီးပြီး ဂိုဏ်းပိုင်ပစ္စည်း ဥစ္စာများကို သိမ်းပိုက်လိုက်သည်။ ထိုစဉ်က ဝတ်ကျောင်း သူရဲကောင်း ဂိုဏ်းချုပ်ကိုလည်း မီးရှို့သတ်ဖြတ်၍ ကွပ်မျက်လိုက်သည်။ ထိုအချိန်မှစ၍ ဝတ်ကျောင်းသူရဲကောင်းဂိုဏ်း ကြီးမှာ ပြိုကွဲပျောက်ကွယ်သွားသည်။ သို့သော် နောက်ကွယ်မှရှိနေသော ဆိုင်ယွန်ဂိုဏ်းကြီး မှာကား ဆက်လက်ရပ်တည်ခဲ့သည်။ ဆိုင်ယွန်ဂိုဏ်းမှာ ဝတ်ကျောင်းသူရဲကောင်းဂိုဏ်း ကဲ့သို့ မဟုတ်ဘဲ ပညာတတ်လူကုံထံများ ရှေ့ဆောင်သော မဟာဂန္ဓာရီဂိုဏ်းဖြစ်သည်။ သိပ္ပံပညာရှင်၊ အနုပညာရှင်ဟု လူသိများသော လီယိုနာဒီဗင်စီသည် ၁၅၀၁မှ ၁၅၁၉ ခုနှစ်အထိ ဂိုဏ်းချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ သိပ္ပံပညာရှင်တစ်ဦးဖြစ်သော ရောဘတ် ဘွိုင်သည် ၁၆၅၄မှ ၁၆၉၁ အထိ ဂိုဏ်းချုပ်ဖြစ်သည်။

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးဖြစ်သော အိုက်ဇက်နယူတန်သည် ၁၆၉၁မှ ၁၇၂၇ထိ ဆိုင်ယွန်ဂိုဏ်းချုပ်ကြီး ဖြစ်ခဲ့သည်။ ၁၈၄၄မှ ၁၈၈၅အထိ တွေးခေါ်ပညာရှင် စာရေးဆရာ ကြီး ဗစ်တာဟူဂိုသည် ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဆိုင်ယွန်ဂန္ဓာရီဂိုဏ်း၏ ရည်ရွယ်ချက်မှာ လောကအကျိုး ဆောင်ရန်အတွက် ထိုခေတ်က လိုအပ်နေသော အား၌

သူများ၊ အနိမ်ခံများကို ကူညီစောင့်ရှောက်ရန်နှင့် မိမိတို့ဂိုဏ်းသားချင်းကို ကူညီစောင့်ရှောက်ရန်ဖြစ်သည်။ ပင်မဂိုဏ်းသားမှာ ၁၂၁ ဦးရှိပြီး ဂိုဏ်းသားတစ်ဦးလျှင် ဘောပြူနှင့် ဘောနက် (ကျောက်ဒိုး) တစ်လုံးစီရှိပြီး ဆုံးဖြတ်ရန်ကိစ္စများတွင် ဤဘောများဖြင့် မဲပေးခြင်း၊ ကန့်ကွက်ခြင်း ပြုရသည်။ ၁၉၅၆ ခုနှစ်တွင် ဂိုဏ်းဝင်ပေါင်း ၉၈၄၁ ဦး ရှိသေးသည်။ ပင်မဂိုဏ်းဝင်များကို အဆင့်ဆင့် ခွဲထားရာ ဒုတိယအဆင့်ဝင် ဂိုဏ်းဝင်များကို ရိုဆီကရောက်ဟု ခေါ်သည်။

နောင်အခါတွင် ရိုဆီကရူဆီယင် ဂန္ဓာရီဂိုဏ်းကြီးကို ဤရိုစီကရောက်များကပင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အိုက်ဇက်၊ နယူတန်၊ ဗစ်တာဟူဂိုနှင့် ရောဘတ်ဖလပ်တို့မှာ ရိုစီကရူဆီယင် ဂန္ဓာရီဂိုဏ်းခေါင်းဆောင်များ ဖြစ်လာကြသည်။ ဝတ်ကျောင်း သူရဲကောင်း ဂန္ဓာရီဂိုဏ်းကြီး ပျောက်ကွယ်သွားသော်လည်း ရှေးဟောင်း အရှေ့တိုင်းမဟာဂန္ဓာရီပညာနှင့် အနောက်တိုင်း မဟာဂန္ဓာရီပညာများကို မပျောက်ပျက်အောင် ထိန်းသိမ်းခဲ့ပြီး နောင်အခါ ပေါ်ပေါက်လာမည့် ရိုဆီကရူဆီယင် ဂန္ဓာရီဂိုဏ်းနှင့် ဖရီးမေဆင် ဂန္ဓာရီဂိုဏ်းအား မဟာဂန္ဓာရီပညာအမွေကို လက်ဆင့်ကမ်းပေးခဲ့ပေသည်။

*

ရိုဆီကရူဆီယင် မဟာဂန္ဓာရီ

ရိုဆီကရူဆီယင်ဟူသောအမည်မှာ ဂျာမန်စကားဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် နှင်းဆီကားတိုင် (Rose Cross)ဟု ဖြစ်သည်။ ကားတိုင်ကို အချို့က လက်ဝါးကပ်တိုင်ဟုခေါ်သည်။ တစ်နည်းအားဖြင့် မြန်မာလို နှင်းဆီကားတိုင် မဟာဂန္ဓာရီဂိုဏ်းဟုခေါ်နိုင်သည်။ နှင်းဆီ၏ သင်္ကေတမှာ မေတ္တာ၊ လျှို့ဝှက်ခြင်းနှင့် ရနံ့ဟုရသည်။ ကားတိုင်၏ သင်္ကေတမှာ စွန့်လွှတ်အနစ်နာခံမှု၊ အမတဉာဏ်နှင့် အထွက်အမြတ်ဟုခေါ်သည်။ နှင်းဆီနှင့် ကားတိုင်နှစ်ရပ်ပေါင်း သင်္ကေတ၏ အဓိပ္ပာယ်မှာ မေတ္တာတရားဖြင့် ကိုယ်ကျိုးစွန့်လွှတ်မှုဟု အဓိပ္ပာယ်ထွက်သည်။ နှင်းဆီနှင့် ကားတိုင် သင်္ကေတကို ထုတ်ဖော်ထားသော ရိုဆီကရူဆီယင် မဟာဂန္ဓာရီပညာဂိုဏ်းသည် လူသားတို့ အကျိုး အတွက် မေတ္တာတရား လက်ကိုင်ထားပြီး ကိုယ်ကျိုးစွန့်လွှတ်သော မဟာဂန္ဓာရီဂိုဏ်းကြီးဟု ဆိုလိုသည်။

ရိုဆီကရူဆီယင် မဟာဂန္ဓာရီပညာမှာ အီဂျစ်မဟာဂန္ဓာရီပညာမှ ဆင်းသက်လာသည်ဟု အဆိုရှိသည်။ စင်စစ်အားဖြင့် အနောက်တိုင်း မဟာဂန္ဓာရီပညာများသည် အီဂျစ် မဟာဂန္ဓာရီပညာမှပင် မြစ်ဖျားခံလာကြခြင်းဖြစ်သည်။ အာရ်ယန်လူမျိုးတို့သည် အာရှတိုက်အတွင်းပိုင်းရှိ ရှမ်ဗဲလားဒေသမှ အနောက်ဘက်သို့ ခရီးဆန့်ရာတွင် ယခုအခါ အာရှ အလယ်ပိုင်းဟု ခေါ်သော အာရှအနောက်ပိုင်းသို့ တစ်သုတ်ပြီး တစ်သုတ်


ရောက်ရှိလာကာ အာရှအနောက်ပိုင်းမှ တစ်ဆင့် မြောက်ဘက်သို့လည်းကောင်း၊ အနောက်ဘက်သို့လည်း ကောင်း ခရီးဆက်လက်ထွက်ခွာလာပြီး ဥရောပတိုက်၊ အမေရိကတိုက်စသော အနောက် တိုင်းသို့ ပျံ့နှံ့သွားခြင်း ဖြစ်သည်။ တစ်ဖန် အာရှတိုက် အနောက်ဘက်တွင်ရှိသော အာဖရိကတိုက်သို့လည်းကောင်း၊ အာဖရိကမှ သြစတြေးလျှတိုက်ဘက်သို့လည်းကောင်း ပြန့်ပွားသွားပြန်သည်။ ထို့ကြောင့် အာရှအနောက်ဖျား ယခုအခါတွင် အာရပ်ကမ္ဘာဟု ခေါ်သောဒေသသည် အာရ်ယန်တို့နှင့် အတူပါလာသော မဟာဂန္ဓာရီပညာမျိုးစုံတို့ ပေါင်းဆုံမိသောနေရာ ဖြစ်လာသည်။ ထိုစဉ်က ရှမ်ဗဲလား မဟာဂန္ဓာရီဗဟိုဌာနချုပ်၏ ဌာနခွဲကြီးကို အီဂျစ်တွင် ဖွင့်လှစ်ပြီး မဟာဂန္ဓာရီပညာများ ဖြန့်ဖြူးနေသော အချိန်ကာလ ဖြစ်ရာ အာရှအနောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သော မဟာဂန္ဓာရီပညာများနှင့် မဟာဂန္ဓာရီ ဂိုဏ်းတို့သည် အီဂျစ်ထဲမှ မဟာဂန္ဓာရီပညာနှိုက်ကို သောက်သုံးခဲ့ကြရသည်။

အာရှအနောက်ပိုင်းမှ တစ်ဆင့် အနောက်တိုင်းသို့ စီးဆင်းသွားသော ဂန္ဓာရီပညာ ရေစီးကြောင်းသည်လည်း အီဂျစ်မှ ဂန္ဓာရီပညာ မြစ်ဖျားခံခဲ့သည်ဟု ဆိုနိုင်သည်။ အာရှ အနောက်ပိုင်းဒေသသည် အရှေ့တိုင်း၊ အနောက်တိုင်းဂန္ဓာရီပညာများ ဆက်စပ် ပေါင်းကူး ပေးရာ နေရာဒေသကြီး ဖြစ်လာသည်။ ထို့ကြောင့် အနောက်တိုင်း မဟာဂန္ဓာရီပညာ မှေးမှိန်လာချိန်တွင် အာရှအနောက်ပိုင်းတွင် ဂန္ဓာရီပညာများ တစ်ဖန်ထွန်းကားလာသည်။ ခရစ်တော် ပေါ်ပေါက်ပြီး ကာလခန့်မှစ၍ ယင်းဒေသတွင် ခေတ်ဆန်း ပလေတိုဂန္ဓာရီ၊ ဝိဇ္ဇာဉာဏ်ဂန္ဓာရီ၊ အက်ဆင်နိဂန္ဓာရီ၊ သာရာပြုတေဂန္ဓာရီ၊ ဆူဖီဂန္ဓာရီပညာ၊ ဝတ်ကျောင်း သူရဲကောင်း ဂန္ဓာရီပညာတို့ အစီအရီ ထွက်ပေါ်လာသည်။ အထူးသဖြင့် ခေတ်လယ် အမှောင်ခေတ်ဟု သတ်မှတ်သော အေဒီ ၅ ရာစုမှ ၁၅ ရာစု အတွင်း ပေါ်ပေါက်လာခြင်း ဖြစ်သည်။



ရိဆီကရွှဆီယင်ဂိုဏ်းချုပ်ကြီး ကုသုမီး

ခေတ်လယ်အမှောင်ခေတ်မှ ခေတ်သစ်သို့ ကူးပြောင်းရာတွင် ဖော်ပြခဲ့သော မဟာဂန္ဓာရီဂိုဏ်းများ၏ ဆောင်ရွက်မှုသည် ပဓာနအခန်းမှပါဝင်သည်။ ခေတ်သစ်စတင် ပေါ်ထွန်းသော ၁၅ ရာစု၊ ၁၆ ရာစုတွင် ရိဆီကရွှဆီယင် ဂန္ဓာရီဂိုဏ်းကြီး ထင်ရှားပေါ် ထွက်လာသည်။ ရိဆီကရွှဆီယင် ဂန္ဓာရီပညာသည် အက်ဆင်နီ၊ ဝိဇ္ဇာဉာဏ်၊ ဝတ်ကျောင်း သူရဲကောင်း ဂန္ဓာရီပညာမှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု ရိဆီကရွှဆီယင် ခေါင်းဆောင်များက ဝန်ခံထားသည်။ အက်ဆင်နီ၊ ဝိဇ္ဇာဉာဏ်၊ ဝတ်ကျောင်း သူရဲကောင်း ဂန္ဓာရီ ပညာရပ်တို့သည် အီဂျစ်မဟာဂန္ဓာရီ သမုဒ္ဒရာမှ စီးဆင်းလာခြင်းဖြစ်သည်။ သမိုင်းခြေရာကောက်သောအခါ ပြင်သစ်ပြည်တွင် အစောဆုံးတွေ့ရသည်။ အေဒီ ၈ ရာစုတွင် ပြင်သစ်ပြည်တွင် ရှာလီမိန်းဘုရင်ကြီးလက်ထက်ကပင် ရိဆီကရွှဆီယင် ဂိုဏ်း၏ မိခင်ဂိုဏ်းဖြစ်သော ရိဆီကရော့စ်ဂန္ဓာရီဂိုဏ်း ပေါ်ထွက်လာကာ ဂိုဏ်းခေါင်းဆောင်မှာ အာနောဖြစ်သည်။



ရိုဆီကရူဆီယင်ဂိုဏ်းသင်္ကေတ

ရာလီမိန်းဘုရင်ကြီးကိုယ်တိုင်က ရိုဆီကရော်စ်ဂိုဏ်းကို အားပေးကူညီခဲ့ပြီး ရာလီမိန်းဘုရင်၏ ရာဇပလ္လင်ကို အာနောက အစီအရင်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ရသည်။ ၉ ရာစု ရောက်သောအခါ ဘုရင်ဖရိုးစ်က ပထမဆုံး ဂိုဏ်းချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ အေဒီ ၁၀၀၁ တွင် နိုင်းမ်မြို့တွင် ပထမဆုံး ရိုဆီကရော်စ် ကျောင်းတော်ကြီး ဆောက်လုပ်ခဲ့ရာတွင် ယင်းကျောင်းတော်သည် ၁၂ ရာစုတွင် ရို့ရော်စ်တက္ကသိုလ်ကြီး ဖြစ်လာသည်။ ရာလီမိန်း ဘုရင် လက်ထက်မှစ၍ ဂျာမနီသို့ ရို့စ်ကရော်စ် ဂန္ဓာရိပညာများကို သွားရောက် ဖြန့်ဖြူးစေခဲ့သည်။ ၁၅ ရာစုတွင် ဂျာမနီတွင် ရို့စ်ကရော်စ်တရားများ ဂန္ဓာရိပညာများကို လက်ခံလာကြသဖြင့် ဂိုဏ်းဝင် ၇၀၀ ခန့် ရှိလာသည်။ ၁၆ ရာစုတွင်ကား ဂျာမန်ဘာသာဖြင့် ဖာမာကြေညာစာတမ်းကြီး ပေါ်ထွက်လာရာ ဂျာမနီနှင့်တကွ အနောက်တိုင်းတစ်ခွင်တွင် စိတ်ဝင်စားလာကြသည်။ ယင်းဖာမာကြေညာစာတမ်းမှာ ရိုဆီကရူဆီယင်ဂိုဏ်း၏ ပထမဆုံး လူသိရှင်ကြားကြေညာချက်လည်းဖြစ်သည်။

ဖာမာစာတမ်းတွင် ရိုဆီကရူဆီယင်တို့၏ အတွေးအခေါ်၊ ရိုဆီကရူဆီယင် ဂန္ဓာရိဂိုဏ်းကြီးနှင့် ဂိုဏ်းဌာနချုပ်လုပ်ရာ ရိုဆီကရူဆီယင်တို့အနေဖြင့် ခေတ်လယ်အမှောင်ထုအတွင်း ကျရောက်နေသော ကမ္ဘာကြီးတစ်ခုလုံးအား မည်သို့ ပြုပြင်ပြောင်းလဲမည်စသော လမ်းစဉ်များ၊ ကျင့်စဉ်များ ဖော်ပြထားသည်။ သို့ရာတွင် ရေးသားချက်များမှာ သာမန်လူများ နားမလည်နိုင်သော အချက်များ ပါဝင်သည်။ ဤသည်မှာလည်း မဆန်းလှပါ။ ဂန္ဓာရိပညာဆိုသည်မှာ ဖုံးတန်သည်ကို ဖုံးပြီး ဖော်သင့်သည်မျှကိုသာ ဖော်ရသော ပညာမျိုးဖြစ်သည်။ ဖာမာကြေညာစာတမ်းကြီး ထွက်လာပြီးနောက် ရိုဆီကရူဆီယင်ဂိုဏ်းကို လူအများ စိတ်ဝင်စားလာကြသည်။ ဥရောပတိုက် တိုင်းပြည်များသို့လည်း အလျင်အမြန် ပျံ့နှံ့သွားသည်။ ရိုဆီကရူဆီယင် ဂန္ဓာရိပညာနှင့် ဂိုဏ်းကြီးလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။ မူလရိုဆီကရော်စ် အမည်၏ နေရာတွင် ဂျာမန်ဘာသာဖြင့် ရိုဆီကရူဆီယင် ဂန္ဓာရိဂိုဏ်းကြီးဟု ထင်ရှားစွာ ပေါ်ပေါက်လာသည်။

ဖာမာကြေညာစာတမ်းမှာ စင်စစ်အားဖြင့် ၁၄ ရာစုနှစ်ကပင် ရေးသားခဲ့သော စာတမ်းဖြစ်သည်။ နှစ် ၂၀၀ ခန့် တိမ်မြုပ်နေပြီးမှ ၁၆ ရာစုတွင် ပြန်လည်ဆန်းသစ် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဤစာတမ်းကို ရေးသူမှာ ဂျာမန်လူမျိုး ဂန္ဓာရိပညာရှင် ခရစ်ယာန် ရိုဆီကရူဆီယင် ဆိုသူဖြစ်သည်။ ၁၄ ရာစုတွင် ခရစ်ယာန်ရိုဆီကရူဆီယင် အမည်ဖြင့် ဂျာမနီတွင် မွေးဖွားလာသူသည် စင်စစ်အားဖြင့် လူသိများ ကျော်ကြားလှသော ဂန္ဓာရိပညာရှင် စိန့်ဂျာမိန်း ဝင်စားသူပင်ဖြစ်သည်။ ပြင်သစ်တော်လှန်ရေးခေတ်တွင် ကမ္ဘာကျော်ဂန္ဓာရိပညာရှင် ဖြစ်လာမည့် စိန့်ဂျာမိန်းသည် အေဒီ ၃ ရာစုတွင် အင်္ဂလန်ပြည်၊ ဘရလမ်မြို့ ရောမမှူးမတ်မျိုးတွင် မွေးဖွားလာပြီး အယ်ဘားနတ်ဟု အမည်တွင်သူဖြစ်သည်။


သူသည် အင်္ဂလန်မှ ရောမသို့ သွားရောက်ပြီး ဘဝမျိုးစုံကျင်လည်ရင်း ဖရိုးမေဆောင်၊ မိတ္ထြာစသော ဂန္ဓာရီပညာရပ်များကို လေ့လာခဲ့သည်။ အထူးသဖြင့် ဖရိုးမေဆောင်ကို စိတ်ဝင်စားပြီး ကိုယ်တိုင်ကလည်း မေဆောင်ဂိုဏ်းဝင် ဖြစ်သည်။ အင်္ဂလန်ပြည်၊ ဘရုလမ်သို့ ပြန်ရောက်သောအခါ သစ်တောအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။ သူသည် ဖရိုးမေဆောင်ဂိုဏ်းဝင်တစ်ဦးဖြစ်သည့်အားလျော်စွာ လူသားတို့အား ကြင်နာမှုထား၏။ ထို့ကြောင့် သစ်တောလုပ်သားများ၏ ကောင်းကျိုးကို ဆောင်ရွက်ရာ သစ်တောလုပ်သားများက သူ့အား ချစ်ခင်ကြည်ညိုကြသဖြင့် စိန့်အဲလ်ဗန်ဟု ခေါ်ကြသည်။ အေဒီ ၄၁၁ နှစ်တွင် ကွန်စတင်နိုပယ်မြို့တွင် လူ့ဘဝသို့ တစ်ဖန်ဝင်စားပြီး ပရိုကလပ်စ်ဟု ထင်ရှား၏။ သူသည် ခရစ်ယာန်အသင်းတော်များအပေါ် ညြာဏညောင်းသော ခေတ်ဆန်းပလေတိုဝါဒီ ဖြစ်ခဲ့သည်။ အေဒီ ၁၂၁၁ တွင် ဘုန်းတော်ကြီး ရောဂျာဘေကွန်အဖြစ် လူ့ဘဝသို့ ကျင်လည်ခဲ့ရသည်။ ဘာသာရေးကျမ်းစာများနှင့် သိပ္ပံပညာရပ်များကို လေ့လာလိုက်စား၍ လူသိများလှသည်။

၁၄ ရာစုအတွင်း ၁၃၇၅ ခုနှစ်တွင် ဂျာမနီ၌ ခရစ်ယာန် ရိုဆီကရူဆီယင်အမည်ဖြင့် လူ့ဘဝသို့ တစ်ဖန်ပြန်ရောက်လာပြီး ရိုဆီကရူဆီယင် ဂန္ဓာရီဂိုဏ်းကြီးကို ဂျာမနီတွင် ထူထောင်သူဖြစ်သည်။ တစ်ဖန် အေဒီ ၁၅ ရာစုတွင် ဖရန့်စစ်ဘေကွန်အဖြစ် လူ့ဘဝသို့ ပြန်လာပြီးနောက် ၁၇ ရာစုတွင် ထရန်ဆင်ဗင်နီးယား (ယခု ရူမေးနီးယား) ပြည်တွင် မင်းသား ဂျိုးဇက်ရာကိုဇီ ဘဝဖြင့် ဂန္ဓာရီပညာများကို လိုက်စားခဲ့ပြီးနောက် ၁၈ ရာစု ပြင်သစ်တော်လှန်ရေးကြီး ပေါ်ပေါက်လာသော ခေတ်တွင် ပြင်သစ်နှင့် ဥရောပတိုက်တွင် စိန့်ဂျာမိန်းဟူသော အမည်ဖြင့် ဂန္ဓာရီပညာများကို ကမ္ဘာကျော်အောင် ဖြန့်ချိပြသနိုင်ခဲ့သည့် ဘဝကို ဆောင်ယူခဲ့သည်။ နောက်ဆုံးတွင်ကား ဆရာရှင် ရာကော့ဇီဟူသော အမည်ဖြင့်ပင် သဒ္ဓမ္မသူတော်စင်အဖွဲ့တွင် သတ္တမရောင်ခြည် ဌာနကြီး၏ အကြီးအမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ရိုဆီကရူဆီယင် ဂန္ဓာရီဂိုဏ်းကြီးကို ခိုင်မာတောင့်တင်းကြီးကျယ်အောင် ဆောင်ရွက်ပေးမည့် ရိုဆီကရူဆီယင်သည် သူကောင်းမျိုးဖြစ်သော်လည်း ကြွယ်ဝချမ်းသာခြင်းမရှိသော မိဘများ၏ဝမ်းတွင် ဝင်စားပြီး ၁၃၇၅ ခုနှစ်တွင် မွေးဖွားသည်။

၅နှစ်သားတွင် ခရစ်ယာန်ဘုန်းကြီးကျောင်းတွင် ခေါမစာများကို သင်ကြားပြီး ဘုန်းတော်ကြီး ပရိုဖောင်းဒစ်က အရှေ့တိုင်းသို့ ဘုရားဖူးထွက်ရာ တပည့်ဖြစ်သူ ရိုဆီကရူဆီယင်ကို ခေါ်သွားသည်။ ဂျေရုဆလင်မှ တစ်ဆင့် ဆိုက်ပရပ်ရောက်ချိန် ဆရာဘုန်းကြီးကွယ်လွန်သွားသဖြင့် သူတစ်ဦးတည်း ဆက်လက်၍ ခရီးထွက်ခဲ့သည်။ ထိုအချိန်တွင် သူသည် ၁၆နှစ်သားအရွယ် ရောက်နေပေပြီ။ ဆေးပညာများကို တတ်ကျွမ်းသဖြင့် ဒမာစကတ်တွင် ဆေးကုသပေးရန် တောင်းဆိုကြသဖြင့် ဒမာစကတ်တွင် အတော်ကြာအောင် ဝေဒနာရှင်များကို ကုသပေးရသည်။ ဒမာစကတ်ရှိ ဂန္ဓာရီပညာရှင်များက သူ၏ ဆရာ ဘုန်းတော်ကြီး၏ ဂန္ဓာရီပညာကိုသိပြီး ဖြစ်သည်။ ထို့ကြောင့် ရိုဆီကရူဆီယင်အား ဒမာစကတ်တွင် ဆက်လက်နေထိုင်စေပြီး အာရေဗီစာများ၊ သချိ်ာပညာများ၊ သိပ္ပံပညာများကို


လေ့လာစေရန် အားပေးကူညီကြသည်။ ဒမာစကတ်တွင် သုံးနှစ်ကြာ လေ့လာဆည်းပူးပြီးနောက် မော်ရိုကိုတွင် ထင်ရှားကျော်ကြားလှသော ဂန္ဓာရိပညာရှင်များထံ ဆက်လက်ဆည်းပူးသည်။ ထိုစဉ်က ဆူဖိမဟာဂန္ဓာရိပညာ ထိပ်တန်းရောက်နေသော ဂန္ဓာရိပညာရှင်များသည် မော်ရိုကိုဌ် ရှိနေကြသည်။ မော်ရိုကို ဖက်ဇ်မြို့ရှိ ထိပ်တန်းဆူဖိ ဂန္ဓာရိပညာရှင်များထံတွင် လျှို့ဝှက် ဂန္ဓာရိပညာများ၊ လက်တွေ့ကျင့်စဉ်များကို နှစ်နှစ် လေ့လာ သင်ကြားခဲ့သည်။

တစ်ဖန် ဂန္ဓာရိတက္ကသိုလ်ကြီးရှိရာ အီဂျစ်သို့ ခရီးဆန့်ပြီးလျှင် အီဂျစ်ရှိ မဟာဂန္ဓာရိပညာရှင်များထံမှ နည်းယူသင်ကြားပြန်သည်။ ထိုစဉ်က အီဂျစ်တွင် ရှမ်ဗဲလား ဌာနခွဲ ဖွင့်လှစ်ထားလေရာ ရှမ်ဗဲလား မဟာဂန္ဓာရိပညာများကို အပြည့်အဝ သင်ကြားပေးသည်။ ထို့နောက် ဆရာရှင်များ၏ ညွှန်ကြားချက်အရ ဂျာမနီသို့ပြန်ပြီး မဟာဂန္ဓာရိပညာဖြင့် လူသားတို့ အကျိုးဆောင်ရန်၊ ခေတ်လယ်အမှောင်ခေတ်ကြီးကို အဆုံးသတ်ရန် ဂန္ဓာရိခရီး ထွက်ခဲ့သည်။ ဂျာမနီသို့ရောက်သောအခါ သူ၏ဂန္ဓာရိခရီးစဉ် မှတ်တမ်းနှင့် ဒဿနများကို ရေးသားသည်။ သူငယ်စဉ်က ပညာသင်ကြားခဲ့သော ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများကို သူ၏ ဂန္ဓာရိတပည့်အဖြစ် ခံယူပြီး အပြင်သို့ မပေါက်ကြားစေရပါဟူသော ပဋိညာဉ်ဖြင့် ဂန္ဓာရိပညာများကို သင်ကြားပေးသည်။ ထို့ကြောင့် ရိဆီကရွှဆီယင် မဟာဂန္ဓာရိဂိုဏ်းကြီးကို ခေတ်သစ်တွင် ဂျာမနီ၌ ဂိုဏ်းသားလေးဦးဖြင့် စတင်တည်ထောင်ရာ ယခုခေတ်တွင် အနောက်ပိုင်းတစ်ခွင်တွင် အင်အားအကြီးဆုံး ဂိုဏ်းကြီးဖြစ်လာလေသည်။ ထိုစဉ်က ရိဆီကရွှဆီယင် ရေးသားခဲ့သော ဖာမာကြေညာစာတမ်းမှာ လျှို့ဝှက် ဖတ်ရှုလေ့လာရသော စာတမ်းဖြစ်သော်လည်း ၁၇ ရာစုတွင် အများဖတ်နိုင်အောင် ပုံနှိပ်စာအုပ် ဖြစ်လာသည်။



ရိဆီကရွှဆီယင် အမှတ်အသား

ထို့ကြောင့် လူသိပိုများလာပြီးလျှင် အင်္ဂလန်၊ အမေရိကန်၊ အီတလီစသော အနောက်တိုင်းတစ်ခွင်သို့ ပျံ့နှံ့သွားခြင်း ဖြစ်သည်။ မူလအစတွင် လေးဦးဖြင့် စတင်ခဲ့သော ဂိုဏ်းသည် နောင်အခါတွင် ရှစ်ဦးအထိ တိုးတက်လာပြီးလျှင် ရိဆီကရွှဆီယင် ဂန္ဓာရိဂိုဏ်းစည်းမျဉ်းများ၊ ကျင့်စဉ်များကို ချမှတ်ပေးနိုင်လာသည်။ ဂိုဏ်းတည်ရာ ဌာနချုပ်အဆောက်အအုံကို ဆောက်လုပ်ပြီး ဝိညာဉ်ရိပ်သာဟု ခေါ်သည်။ ဂန္ဓာရိပညာ လေ့လာလိုသူ ဂိုဏ်းဝင်များသည် အိမ်ထောင်မရှိသူများဖြစ်ပြီး အဇ္ဈတ္တစရိယကို ကျင့်သုံးပါမည်ဟု ပဋိညာဉ် ပြုရသည်။ ဂိုဏ်းဝင်တို့၏ စည်းကမ်းချက်များမှာ ပထမ၊ ဆေးကုသခြင်းမှ တစ်ပါး အခြားအလုပ်မလုပ်ရ၊ ဆေးကုရာတွင် အဖိုးအခ မယူရ။ ဒုတိယ၊ အများသူတကာကဲ့သို့ ဝတ်ဆင်ရမည်၊ ထူးခြားစွာ ဝတ်ဆင်ခြင်းမပြုရ။ တတိယ၊ တစ်နှစ်လျှင် တစ်ကြိမ် ရိပ်သာတွင် ဂိုဏ်းဝင်အားလုံး စုဝေးနှီးနှောကြမည်။ စတုတ္ထ၊ မိမိနေရာကို ဆက်ခံ



ရိဆီကရူဆီယင်၏ လောကအမြင် ယင်နှင့်ယန်

ဆောင်ရွက်မည့် တပည့်သစ်များကို အမြဲ ရှာဖွေထားရမည်။ ပဉ္စမ၊ ဂိဏ်း၏ အမှတ် အသား စကားဝှက်များကို နှစ် ၁၀၀ အတိ လျှို့ဝှက်ထားရမည်။

ယင်းစည်းကမ်းချက်များသည် သာမန် စည်းမျဉ်းများဖြစ်ပြီးလျှင် အတွင်းဂန္ဓာရီ ပညာအဆင့် တိုးတက်လာသည်နှင့်အမျှ ဂန္ဓာရီစည်းကမ်းချက်များကို လိုက်နာရ သည်။ ရိဆီကရူဆီယင်သည် အသက် ၁၄၀ အထိနေပြီးနောက် ကွယ်လွန်သွား သည်။ အလောင်းကိုလည်း မြေမြှုပ် သင်္ဂြိဟ်သည်။ သေပြီးနောက် အတော် ကြာသောအခါ တပည့်သာဝကများက သချိုင်းကို ဖော်ကြည့်ရာ ရုပ်အလောင်းကို မတွေ့ရတော့ဘဲ ရွှေပြားပေါ်တွင် 'ငါ တစ်နေ့ပြန်လာမယ်' ဟု ရေးထားသောကမ္ဘည်းကိုသာ တွေ့ရသည်။ ခေါင်းထဲမှ အလင်းရောင်များ ထွက်ပေါ်လာသဖြင့် တအံ့တသြ ဖြစ်ကြသည်။ ပထမဆုံးအကြိမ် တစ်ကမ္ဘာလုံးရှိ ရိဆီကရူဆီယင်ဂိဏ်းဝင်များကို ၁၅၈၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင်ပင် နိဘာမြို့၌ ညီလာခံကျင်းပပြီး ဂိဏ်းကြီး၏ သင်္ကေတများကို မသမာသူများ အလွဲသုံးစား မပြုနိုင် အောင် စီမံရန် ဆုံးဖြတ်ကြသည်။ ၁၉၂၉ ခုနှစ်တွင် တစ်ဖန် အပြည်ပြည်ဆိုင်ရာ ရိဆီ ကရူဆီယင် ဂိဏ်းညီလာခံကို အီဂျစ်တွင် ကျင်းပသည်။ ထို့ကြောင့် အနောက်တိုင်းမှ ဂိဏ်းဝင်များသည် အရှေ့တိုင်း အီဂျစ်သို့ ခရီးထွက်ခဲ့ရာ အရှေ့တိုင်းသို့ ခရီးထွက်ခြင်းဟူသော ဂန္ဓာရီဝေါဟာရ ပေါ်ပေါက်လာသည်။

ဤဝေါဟာရအတိုင်းပင် ဟာမင်ဟက်စ်ကလည်း 'ဂျာနီတူသအိစ်' ဟူသော ဂန္ဓာရီ မှတ်တမ်းစာအုပ်ကို ရေးထုတ်ခဲ့ရာ သာမန်စာဖတ်ပရိသတ်သာမက ဂန္ဓာရီပညာ လေ့လာ လိုသူများ လေ့လာဖတ်ရှုရသော စာအုပ်ဖြစ်လာသည်။ ပြင်သစ်နှင့် ဂျာမနီရှိ ရိဆီကရူဆီယင် ဂန္ဓာရီဂိဏ်းကြီးသည် ဥရောပတစ်ခွင်သို့ ရောက်ရှိသွားပြီး အမေရိကန်ထိ ပျံ့နှံ့သွားသည်။ ယခုအခါတွင် ကမ္ဘာ့ ရိဆီကရူဆီယင်ဂိဏ်း ဌာနချုပ်ကို ၁၉၄၆ ခုနှစ်မှစ၍ ကာလီဖိုးနီးယား တွင် ထားရှိသည်။ အမေရိကန်။ အင်္ဂလန်၊ ပဲရစ်၊ ကနေဒါ၊ ဩစတြေးလျတို့တွင်ရှိသော ရိဆီကရူဆီယင်ဂိဏ်း အသီးသီးတွင် တက္ကသိုလ်ကျောင်းများ ဖွင့်လှစ်ပြီး ဂန္ဓာရီပညာနှင့် သိပ္ပံပညာရပ်များကို ယှဉ်တွဲသင်ကြားပေးလျက်ရှိသည်။

ရိဆီကရူဆီယင်တို့က ဂန္ဓာရီပညာကို လေ့လာရာတွင် လမ်းစဉ်နှစ်မျိုး ခွဲထားသည်။ သမထနည်းနှင့် သိပ္ပံပညာနည်းဟု နှစ်မျိုးခွဲထားသည်။ ခေတ်သစ်တွင် သမထနည်းသက် သက်ဖြင့် လေ့လာခြင်းထက် သိပ္ပံနည်းဖြင့် တွဲဖက်လေ့လာ စမ်းသပ်ခြင်းက ပိုခရီးရောက်သည်

ဟု ယူဆသည်။ ထို့ကြောင့် သမထတန်ခိုးကို စိတ်ပညာ၊ ပရစိတ်ပညာဖြင့် ယှဉ်တွဲလေ့လာသည်။ အဂ္ဂိရတ်ကို ဓာတုဗေဒသိပ္ပံပညာဖြင့် ပေါင်းစပ်လေ့လာသည်။ အာယုသိဒ္ဓိကျင့်စဉ်ကို ဇီဝဓာတုဗေဒ၊ ကမ္မဇီဝဗေဒဆေးသိပ္ပံ နည်းပညာတို့ဖြင့် ယှဉ်တွဲ လေ့လာသည်။ ထို့ကြောင့် ရိဆီကရူဆီယင် မဟာဂန္ဓာရီပညာနှင့် မဟာဂန္ဓာရီဂိုဏ်းကြီးသည် သိပ္ပံပညာများတိုးတက်လာသောခေတ်တွင် ခေတ်နောက်ကျ မကျန်ရစ်ဘဲ ခေတ်နှင့်အတူ လိုက်နိုင်သဖြင့် ကမ္ဘာအရပ်ရပ်တွင် ပျံ့နှံ့သွားခြင်း ဖြစ်သည်။

အနောက်တိုင်း တစ်ခွင်တွင် ရိဆီကရူဆီယင်ဂိုဏ်း မရှိသော တိုင်းပြည်မရှိသလောက်ပင် ဖြစ်သည်။ သို့ရာတွင် သိပ္ပံပညာ မထွန်းကားသေးသော အရှေ့တိုင်း တစ်ခွင်ကား ရိဆီကရူဆီယင် မတိုးနိုင်သေးဘဲ အိန္ဒိယပြည်၌သာလျှင် ရိဆီကရူဆီယင်ဂိုဏ်း ရှိသေးသည်ကို တွေ့ရသည်။

*


ရိဆီကရူဆီယင် မဟာဂန္ဓာရီကျင့်စဉ်

အေဒီ ၅ ရာစုမှ အေဒီ ၁၅၀၀အတွင်းရှိ အနှစ် ၁၀၀၀ကို ခေတ်လယ် အမှောင်ခေတ်ဟု သတ်မှတ်သည်။ အမှောင်ခေတ်ဆိုသည့်အတိုင်း အတွေးအခေါ်များ အမှောင်ကျသည်။ ဘာသာရေး အယူသီးသည်၊ အနုပညာများတိမ်ကောသည်၊ ကိုယ်ကျင့်တရားများ လျော့ရဲလာပြီး အဓမ္မဝါဒီများ လွှမ်းမိုးလာသည်။ အနောက်တိုင်းတွင် ပလေတို ကွယ်လွန်ပြီးနောက် အမှောင်ခေတ်တွင်းသို့ သက်ဆင်းသွားသော်လည်း အာရှတွင် အလင်းရောင်များ ဆက်လက် ကျန်ရှိနေသေးသည်။ ၁၁ ရာစုသို့ရောက်သော် ဝတ်ကျောင်းသူရဲကောင်း ဂန္ဓာရီဂိုဏ်းကြီးသည် အာရှမှ ဂန္ဓာရီဒဿနအလင်း၊ အသိဉာဏ် အလင်းတို့ကို အနောက်တိုင်းသို့ သယ်ဆောင်သွားရာ အနောက်ကမ္ဘာတွင် ခေတ်လယ်အမှောင်ထုကြီးကို စိန်ခေါ်ရန် အလင်းရောင် ပထမဦးဆုံးရောက်ရှိသွားသည်။

အရှေ့တိုင်းမှ ဂန္ဓာရီ အလင်းရောင်သည် အနောက်တိုင်းသို့ ရောက်ရှိသွားသောအခါ ရိဆီကရူဆီယင် ဂန္ဓာရီပညာနှင့် ဖရိုးမေဆင် ဂန္ဓာရီဟု အမည်တွင်သည်။ ရိဆီကရူဆီယင် ဂန္ဓာရီပညာနှင့် ဖရိုးမေဆင် ဂန္ဓာရီပညာတို့သည် အရှေ့တိုင်း မဟာဂန္ဓာရီမိဘတို့မှ ဆင်းသက်လာသော အမြွာပူး ဂန္ဓာရီပညာပင် ဖြစ်သည်။ သဒ္ဓမ္မသူတော်စင် ဂိုဏ်းကြီးတွင် စာဂရောင်ခြည် ခုနစ်မျိုးအရ ဌာန ခုနစ်မျိုး ခွဲခြားပြီး လောကကောင်းကျိုးကို သယ်ပိုးဆောင်ရွက်သည်။ ဒုတိယဌာနကို ဆရာရှင် ကသုမီးက ဦးဆောင်၍ လူသားတို့၏ အသိဉာဏ်တိုးတက်ရေး၊ အတွေးအခေါ် မြင့်မားရေးကို ဆောင်ရွက်သည်။ သတ္တမဌာနကို ဆရာရှင် ရောကောဇီ ဦးဆောင်၍ အစီအရင်၊ အစီးအနင်း ဂန္ဓာရီပညာဖြင့် လောကလူသား


တို့၏ နက်နဲသောလောကနိယာမကို သိမြင်နိုင်အောင် အဝိဇ္ဇာတိုက်ဖျက်ရေး လုပ်ငန်းကို ဆောင်ရွက်သည်။

ရိုဆီကရွှဆီယင်သည် ဒုတိယဌာနတွင် အကျူးဝင်သော ဂန္ဓာရီအဖွဲ့အစည်း ဖြစ်ပြီး ဖရိုးမေဆင်သည် သတ္တမဌာနတွင် အကျူးဝင်သော ဂန္ဓာရီအဖွဲ့အစည်း ဖြစ်သည်။ ထို့ကြောင့် ရိုဆီကရွှဆီယင် အဖွဲ့အစည်း၏အကြီးအမှူးမှာ ဆရာရှင် ကုသုမီး ဖြစ်ပြီး ဖရိုး မေဆင်ဂိုဏ်း၏ အကြီးအမှူးမှာ ဆရာရှင် ရာကိုဇီ ဖြစ်သည်။ သို့ရာတွင် ဆရာရှင်တို့သည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အပြန်အလှန် ကူညီကြသည်။ ရိုဆီကရွှဆီယင်ဂိုဏ်းကြီးကို အောင်မြင်အောင် ဆောင်ရွက်သူမှာ ရောကော့ဆီ၏ ဘဝဟောင်းတစ်ခုဖြစ်သော ရိုဆီကရဖြစ်သော်လည်း ဂိုဏ်း၏ အကြီးအမှူးမှာ ဆရာရှင် ကုသုမီး ဖြစ်သည်။ ဆရာရှင် ကုသုမီးမှာလည်း ဘဝဆက်တိုင်းတွင် ပါရမီဖြည့်ဆည်းခဲ့ရသူ ဖြစ်သည်။ ရှေးဟောင်း အီဂျစ်ပြည်တွင် တတိယတွတ်မိုစ် အဖြစ် ဂန္ဓာရီပညာများကို စတင်ဖြန့်ဖြူးခဲ့ပြီး ပါရှားခေတ်တွင် ဖာရစီ၏ဇင်အဗက် စတာကျမ်းတွင် ဖော်ပြထားသော အလင်းဆောင်ပုဂ္ဂိုလ်ဖြစ်သည်။



ဝိညာဉ်ရိပ်သာစန်းမနှင့်ဘီသိုက်ပွဲစန်းမ

တစ်ဖန် အီဂျစ်တွင် ကေရသြမိတ ဆရာရှင်ဘဝသို့ ရောက်လာပြီးလျှင် အနောက်တိုင်းတွင် ပိုက်သာဂိုရပ်စ်အဖြစ် ဖြင့်လည်းကောင်း၊ အိန္ဒိယတွင် မဇ္ဈိမဝါဒဂိုဏ်းခေါင်းဆောင် နာဂဇုနအဖြစ်ဖြင့် လည်းကောင်း ဒဿနပညာရှင်၊ ဂန္ဓာရီပညာရှင်အဖြစ်ဖြင့် ပါရမီထူးကို ဆည်းပူးခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာရှင် ကုသုမီးသည် ဒုတိယဌာနဖြစ်သော ဉာဏ်ပညာကို အဓိကထားသော စာဂရောင်ခြည်ဖြစ်ရာ ဆရာရှင် ကုသုမီး ဦးဆောင်သော ရိုဆီကရွှဆီယင်ဂိုဏ်းသည် ဉာဏ်ပညာကို အဓိကထားသော ဂိုဏ်းဖြစ်သည်။ ဉာဏ်ပညာဖြင့် ဂန္ဓာရီပညာများကို လေ့လာပြီး



ရိုဆီကရူဆီယင် သင်္ကေတများ

ပေါက်ရောက်အောင် ကျင့်သော လမ်းစဉ် ဖြစ်သည်။ ရိုဆီကရူဆီယင် ဂိုဏ်းသည် သဒ္ဓမ္မ သူတော်စင် အဖွဲ့၏ ဩစာခံအဖွဲ့ အစည်းဖြစ်ကြောင်းကို လူသိရှင်ကြား အတိအလင်း ကြေညာသည်။ ထို့ကြောင့် ရိုဆီ ကရူဆီယင် ဂိုဏ်း၏ ကွေးကွော်သံမှာ 'လောကကို အသိဉာဏ် ဖြင့် အကျိုးဆောင်အံ့' ဟု ဖြစ်သည်။

ရှေးဟောင်း ဂန္ဓာရီခေတ်က ဂန္ဓာရီပညာကို ဂန္ဓာရီနည်းပညာများ၊ သမထ စာန်နည်းများဖြင့် လေ့လာသည်။ သို့ရာတွင် ခေတ်ပြောင်းပြီး လူသားတို့ အသိဉာဏ် တိုးတက်လာသောအခါတွင် ဂန္ဓာရီပညာကို အသိဉာဏ်ဖြင့် (ဝါ) ဉာဏ်ပညာကို စေစား သော နည်းပညာဖြင့် လေ့လာကျင့်သုံးရန် ရိုဆီကရူဆီယင်က ယုံကြည်သည်။ တစ်နည်း အားဖြင့် ခေတ်လယ် အမှောင်ထုကြီးကို ဖြိုဖျက်ရန်အတွက် အသိဉာဏ်ဖွဲ့ဖြိုးရန် လို သည်။ ဂန္ဓာရီပညာ၊ ဂန္ဓာရီဒဿနတို့ ဖွံ့ဖြိုးလာလျှင် လူသားတို့၏ အသိဉာဏ်လည်း ဖွံ့ဖြိုးလာမည်ဖြစ်ရာ ခေတ်လယ် အမှောင်ထုကြီးကို ချေမှုန်းရာတွင် ဂန္ဓာရီဒဿနသည် ပဓာနကျသော အခန်းမှ ပါဝင်သည်။ ရိုဆီကရူဆီယင်သည် ဂန္ဓာရီပညာကို လေ့လာရာတွင် မနောသိနည်းနှင့် အသိဉာဏ် သိနည်း နှစ်မျိုးအနက် အသိဉာဏ် သိနည်းကို အဓိကထား အသုံးပြုသည်။

မနောသိနည်းဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ မနောဓာတ်တွင် ပေါက်လာသည့် အတိုင်း ယုံကြည်မှုဖြစ်ရာ ဝေဖန်သုံးသပ်သော အသိဉာဏ်ပိုင်းကို အားကိုးမှု မပြုတော့ချေ။ ရိုဆီကရူဆီယင်မှာ အသိဉာဏ်ကိုသာအားကိုးပြီး အသိဉာဏ်ဖြင့် လောကအကျိုး ဆောင်ရင်း အမတဝိဇ္ဇာလိုင်းကိုကူးရန် ကြိုးစားသူများဖြစ်သည်။ ခေတ်လယ် အမှောင်ထုကို ချေမှုန်း တိုက်ဖျက်ရာတွင် ဂန္ဓာရီဂိုဏ်းအသီးသီးမှ မိမိတို့သန်ရာနည်းဖြင့် ဝိုင်းဝန်း တိုက်ဖျက် ရာတွင် ပါဝင်ခဲ့သော ရိုဆီကရူဆီယင်ဂိုဏ်းမှ ထင်ရှားသော ပုဂ္ဂိုလ်တို့မှာ ၁၃ ရာစုတွင် အင်္ဂလန်မှ အတွေးအခေါ်ပညာရှင် ရောဂျာဘေကွန်၊ စာရေးဆရာကြီး ဒန်တီ၊ ၁၄ရာစုနှင့်

၁၅ရာစုနှစ်အတွင်း ဂျာမန်သမားတော်နှင့် ဂန္ဓာရိပညာရှင် အဂ္ဂရိပါ၊ ၁၆ ရာစုတွင် ဆွစ်ဇာလန်မှ သမားတော်ကြီး ပါရာဆဲလ်ဆပ်၊ အင်္ဂလန်မှ ဂန္ဓာရိပညာရှင် ဒေါက်တာဒီး၊ အီတလီမှ ဒဿနဆရာ ဘရူနို၊ ဖရန်ဆစ်ဘေကွန်၊ ဂျာမန်ဂန္ဓာရိပညာရှင် ဘိုဟီမီ၊ ၁၇ ရာစုတွင် ပြင်သစ်မှ တွေးခေါ်ပညာရှင်ဒေကာ၊ ဝေလပြည်သား စာရေးဆရာ သောမတ်စ် ဟောဂန်၊ အင်္ဂလန်မှ သိပ္ပံပညာရှင် ရောဘတ်ဘွိုင်း၊ ဒဿနဆရာ စပိုင်နိုဆာ၊ သိပ္ပံပညာရှင် နယူတန်၊ တွေးခေါ်ပညာရှင် လိဘနစ်၊ ၁၈ ရာစုတွင် ဂန္ဓာရိပညာရှင် ကက်ဂလီယိုစကြို၊ ဂျာမန် ကဗျာဆရာ ဂီထာ၊ အမေရိကန်မှ သမ္မတ ဂျက်ဖာဆင်နှင့် ဘင်ဂျာမင်ဖရင်ကလင်၊ ၁၉ ရာစုတွင် ကဗျာဆရာ ဝီလီယံဘလိတ်၊ သိပ္ပံပညာရှင် ဂျွန်ဒဲလ်တန်၊ ကဗျာဆရာ ရှယ်လီ၊ ပြင်သစ်မှ စာရေးဆရာ ဘောလ်ဇက်၊ ၂၀ ရာစုတွင် ကားဟာမင်ဟက်စစ်နှင့်တကွ ပြင်သစ်၊ ဂျာမန် စာရေးဆရာ၊ သိပ္ပံပညာရှင် အများအပြားတို့ဖြစ်သည်။

ခေတ်နှင့် လျော်ညီစေရန်အတွက် အသိဉာဏ်လမ်းစဉ်နှင့် ခေတ်မီ သိပ္ပံပညာရပ်များကို အသုံးပြုသော်လည်း အစီအရင် အခင်းအကျင်းနှင့် သမထ လေ့ကျင့်မှုများတွင်ကား ရှေးရိုးဂန္ဓာရီနည်းကို လိုက်နာကျင့်သုံးသည်။ ရှေးအခေါ် ဂိဏ်း၊ ခေတ်သစ်တွင် အသင်းတည်ရာနေရာ၊ အဆောက်အအုံ၊ အစီအစဉ်၊ အခင်းအကျင်းမှာ ရှေးနည်းအတိုင်းပင် ကျင့်သုံးသည်။ ယင်း အဆောက်အအုံသည် ဂိဏ်းသားများ စုဝေးရာ ဂိဏ်းပညာဘိသိက်ပွဲများ ကျင်းပရာ အထွတ်အမြတ်နေရာဟု သတ်မှတ်သည်။ သာမန်ဂိဏ်းသားများ စုဝေးရာ ခန်းမဆောင်သဘောမျိုးထက် ရှေးခေတ်က သိဒ္ဓိတင် ဘိသိက်ပွဲကျင်းပရာ ရိပ်သာကဲ့သို့ အလေးအနက် တန်ဖိုးထားသည်။ ထို့ကြောင့် ယင်းရိပ်သာခန်းမဆောင်ကို တစ်ကမ္ဘာလုံးရှိ ဂိဏ်းခွဲအားလုံးရှိ ရိပ်သာဆောင်များက တစ်ပုံစံတည်း စီရင်ဆောက်လုပ်ရသည်။ လျှို့ဝှက် ဂိဏ်းများ၏ ထုံးစံအတိုင်း အဝင်ပေါက်သည် တိုက်ရိုက်မဖြစ်စေဘဲ အဝင်ပေါက်မှတစ်ဆင့် နား၍ အခြားတစ်ဖက်သို့ ကွေ့ဝင်ရသည်။ အပေါက်ဝတွင် ဂိဏ်းသားများ အဆင့်ဆင့် စောင့်နေကြသည်။ သတ်မှတ်ထားသော စကားဝှက်ကို ပြောနိုင်မှသာ ဝင်ခွင့်ရသည်။

အတွင်းရောက်သောခါတွင်လည်း နေရာအခင်းအကျင်းမှာ မည်သူက မည်သည့် နေရာတွင် ထိုင်ရမည်ကို သတ်မှတ်ထားသည်။ ထိုင်ချင်သော နေရာတွင် ထိုင်ခွင့်မရှိ။ ပုံတွင် ၁၂၊ ၁၉၊ ၂၀ ပြထားသော နေရာများမှာ ဝင်ပေါက် ထွက်ပေါက်ဖြစ်သည်။ ၁၊ ၂၊ ၃ နေရာမှာ တာဝန်အရှိဆုံး အကြီးအကဲ သုံးဦး ထိုင်ရသည်။ ၄၊ ၅၊ ၁၄၊ ၁၅ နေရာမှာ အထွတ်အမြတ်ဆုံး နေရာဖြစ်သည်။ ဂိဏ်းသားအသစ် လက်ခံရာ၊ ကတိသစ္စာပြုရာ၊ နှုတ်ဆက်လက်ခံရာ နေရာဖြစ်သည်။ ဂိဏ်းသားအများတို့မှာ ဘေးတန်းများတွင် ထိုင်ရသည်။ ဂိဏ်းဝင်ပွဲ၊ သိဒ္ဓိတင် ဘိသိက်ပွဲများကို ကျင်းပသောအခါတွင်လည်း ယင်းဗဟိုကွက်လပ် နေရာတွင် အစီအရင်များ၊ အခမ်းအနားများကို စီးနင်းဆောင်ရွက်ကြရသည်။ (ပုံကို ကြည့်ပါ။)

အခန်းပုံစံမှာ အထက်ဘက်သည် အရှေ့ဘက်ကို ရည်ညွှန်းသည်။ ရိဆီကရူဆီယင် ဂိဏ်းသည် နေထွက်ရာ အရှေ့ဘက်ကို အလေးအမြတ် ထားသည်။ ဓာတ်နန်း၏ အရှေ့

ဘက်ထိပ် နေရာတွင် ဂိုဏ်းခေါင်းဆောင် ဆရာချုပ် ထိုင်သည်။ သူတို့ သုံးဦးရှေ့တွင် ပလ္လင်ရှိသည်။ ပလ္လင်ပေါ်တွင် ဆရာစဉ်ဆက်မှ သိဒ္ဓိဝင်ဂိုဏ်းပစ္စည်းများ၊ ရုပ်တုများရှိသည်။ အလယ်ရှိတြိဂံပုံ ခုံပေါ်တွင် ဖယောင်းတိုင်ထွန်းထားသည်။ ဂိုဏ်းသားများ အစုံအညီ တက်ရောက်ပြီး အခမ်းအနားစသောအခါ တက်ရောက်သူများအားလုံး မတ်တပ်ရပ်၍ အရှေ့ဘက်လှည့်ပြီး လျှို့ဝှက်မှုခြောအတိုင်း လက်ဖြင့် လှုပ်ရှားပုံဆောင်ရသည်။ အကယ်၍ ဂိုဏ်းသားအသစ်အား လက်ခံပွဲ ကျင်းပသည်ဆိုလျှင် ဂိုဏ်းခေါင်းဆောင်က ကတိသစ္စာ ပြုခြင်းကို ရွေ့ကတိုင်ပေးသည်။ သက်ဆိုင်သူက နောက်က လိုက်ရွတ်ဆိုရသည်။

'ဘုရား၏ ဂုဏ်တော်ဖြင့် ကားတိုင်၏ ရှေ့မှောက်တွင် ပျောက်ကွယ်သွားသော အလင်းရောင်ကို ပြန်လည်ထွန်းလင်းရန်နှင့် လူသားများအကျိုးအတွက် အနက်နဲဆုံးသော သဘာဝလျှို့ဝှက်ချက်များကို ပြန်လည်ဖော်ထုတ်ရန် ကတိသစ္စာပြုပါသည်။' အခမ်းအနားများ၊ ဘိသိက်ပွဲများ ကျင်းပတိုင်း အဖွင့်အပိတ်တင် သတ်မှတ်တားသော စည်းမျဉ်းများအတိုင်း အတိအကျဆောင်ရွက်ရသည်။ တိမ်းယိမ်းခြင်းမရှိစေရ။ ဂိုဏ်းသားချင်း တွေ့ဆုံလက်ဆွဲနှုတ်ဆက်သောအခါ လက်ကိုညစ်၍ နှုတ်ဆက်ရသည်။ လက်မ၊ လက်ညှိုးနှင့် လက်ခလယ်တို့သည် ခန္ဓာကိုယ်တွင်းရှိ ချက္ကရများနှင့် ဆက်သွယ်နေပြီး ယင်းချက္ကရများထဲမှ သိဒ္ဓိစွမ်းအင်များသည် ယင်း လက်ချောင်း သုံးချောင်းတွင်းသို့ စီးဝင်သည်။ လက်ဆွဲနှုတ်ဆက်သောအခါ ယင်းလက်ချောင်းများနှင့် ညှစ်ပေးလိုက်ခြင်းဖြင့် ဆရာ၏ သိဒ္ဓိများသည် လူသစ်တပည့်၏ လက်ချောင်းများအတွင်းသို့ စီးဝင်သွားပြီး သိဒ္ဓိအချို့ ကူးပြောင်းပေးလိုက်နိုင်သည်ဟု ယူဆသည်။

ဓာတ်နန်းအဝင်တွင် ပြောရသော စကားဝှက်၊ ဆရာနှင့် တပည့်တို့ နှုတ်ဆက်သောအခါ အသုံးပြုရသော မုဒြာ၊ လက်ဆွဲနှုတ်ဆက်သောအခါ အသုံးပြုသော မုဒြာ၊ ဘိသိက်ပွဲတွင် မန္တန်နှင့် မုဒြာများကို အပြင်သို့ မပေါက်ကြားစေရပါဟု ကတိပြုရသည်။ သို့သော် ဂန္ဓာရီ တရားစမ္မနှင့် စည်းမျဉ်းများ၊ သင်ကြားလေ့ကျင့်ရသော ဘာသာရပ်များကိုမူ လျှို့ဝှက်ခြင်း မပြုချေ။ ဂိုဏ်းဝင်အတွက် အရေးအကြီးဆုံး ခံယူချက်မှာ မိမိကိုယ် မိမိအားကိုးရန်ဖြစ်သည်။ မိမိ၏ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် စိတ်စွမ်းအင်များ တိုးတက်မှုအတွက် ကိုယ့်ဘူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုးရန်ဖြစ်သည်။ ဂန္ဓာရီပုဉ္ဇာသည် ဘဝအမြင်များကို အနှစ်သာရအားဖြင့် ပြောင်းလဲခြင်းနှင့် မိမိ၏ ငုပ်လျှိုးနေသော စိတ်စွမ်းအင်များကို ဖော်ထုတ်ရာတွင် နည်းလမ်းအဖြစ် အသုံးပြုရန်ဖြစ်သည်။ ရရှိသော စိတ်စွမ်းအင် စိတ်တန်ခိုးများကို မိမိ၏ အတ္တကြီးပွားရေးအတွက် မဟုတ်ဘဲ လောကတွင်းရှိ လူ့ဘဝ၏ အကောင်းဆုံး အရည်အသွေးများကို ပါရမီ ဖြည့်ရန်သာ ဖြစ်သည်။

ဤကဲ့သို့ ပါရမီအဆင့်ဆင့်ကို ဖြည့်သော ကျင့်စဉ်ကို သာဝကကျင့်စဉ်ဟု ခေါ်သည်။ မိမိအသင်း (၀၀) ဂိုဏ်းအတွင်းရှိ ဆရာထံတွင် တပည့်ခံ၍ အဆင့် ၁၂ ထိ လေ့လာသင်ကြားပြီးနောက် အဆင့်မြင့် သာဝကကျင့်စဉ်အတွက် အရည်အချင်း ပြည့်ဝသောအခါတွင် တပည့် အသင့်ဖြစ်လျှင် ဆရာရှင် ရောက်လာမည်ဟူသော ဂန္ဓာရီဆောင်ပုဒ်

အတိုင်း ရှမ်ဗဲလားမှ ဆရာရှင်တို့၏ ညွှန်ကြားပြသမှုကိုရရှိပြီး သိဒ္ဓိများရမည်။ အဆင့်မြင့်မားဂများကို တစ်ဆင့်ပြီး တစ်ဆင့်တက်ရန်အတွက် ရိဆီကရွှဆီယင်ဂိုဏ်းက ပဏာမလေ့ကျင့်ပြင်ဆင်လေ့လာမှုများကို ပြသပေးခြင်း ဖြစ်သည်။ ပဏာမအဆင့် ၁၂ဆိုသော်လည်း နဝမအဆင့်သို့ ရောက်ရှိသော ဆရာက လက်တွေ့သင်ကြားပေးရသည်။ နဝမအဆင့်မှစ၍ ကျန်သုံးဆင့်မှာ သာဝကဘာသာ လေ့ကျင့်ရခြင်းဖြစ်သည်။ အဆင့်ကိုးဆင့်အတွက် သတ်မှတ်ထားသော ဘာသာရပ်များရှိသည်။

ဘာသာရပ်တစ်ခုစီအတွက် ရေးသားထားသော သင်ရိုးညွှန်းတမ်းနှင့် အနှစ်သာရမှတ်စုများကို ညွှန်ကြားချက် စာတမ်းရေးသားပြီး သာဝကကို ပေးသည်။ သာဝကသစ်တစ်ဦးအား ပထမ ခြောက်ပတ်အတွက် စိတ်စွမ်းအင်လေ့ကျင့်ခန်းများကို လေ့ကျင့်ရန် ညွှန်ကြားစာတမ်းများ ပေးသည်။ ကျေနပ်ဖွယ် အဆင့်သို့ ရောက်ရှိပြီဆိုပါက နောက်ထပ် ၁၂ပတ်အတွက် တစ်ပတ်စာ ညွှန်ကြားလွှာ လေ့ကျင့်ခန်းစာတမ်းများကို ထုတ်ပေးသည်။ နားမလည်လျှင် ရှင်းပြသည်။ လက်တွေ့ပြသရန် လိုအပ်သော အပိုင်းများကို လက်တွေ့ပြသည်။ ပထမအဆင့်အတွက် လေ့လာရန်ဘာသာရပ်များမှာ သိစိတ်၊ မသိစိတ်၊ အာရုံကြောစနစ် အမျိုးမျိုးအကြောင်း၊ အာရုံကြောစနစ်များနှင့် စိတ်တို့ဆက်နွယ်မှု၊ အသက်ရှူလေ့ကျင့်ခန်း၊ အသက်ရှူစနစ်နှင့် အာရုံခံစနစ်၊ ချက္ကရတို့ ဆက်စပ်နေပုံ၊ ကိန်းဂဏန်းတို့၏ အတွင်း၌ ငုပ်လျှိုးနေသော စွမ်းအင်များ၊ ကိန်းဂဏန်းများကို လျှို့ဝှက် သင်္ကေတများဖြင့် ရေးမှတ်ခြင်း၊ အိပ်မက်နှင့် မသိစိတ် ဆက်သွယ်ပုံ၊ ဝိညာဉ်နှင့် ဆက်သွယ်ပုံ၊ အိပ်မက်လောကနှင့် စိတ်စွမ်းအင်၊ အိပ်မက်လောကတွင် စိတ်စွမ်းအင် အသုံးချနည်းနှင့် စွာန်ဟူးများနည်း၊ ချက္ကရတို့ သဘာဝနှင့် စွမ်းအင်သတ္တိများ၊ အိပ်မက်ခြင်း၏ လျှို့ဝှက်ချက်၊ အိပ်ပျော်နေစဉ် မိမိ၏စိတ်နှင့် ရုပ်ခန္ဓာကို ကုသနည်း၊ စိတ်အာရုံစူစည်းနည်း၊ စူးစိုက်နည်း၊ မနောဆက်ပညာခေါ် တယ်လီပသီပညာ၊ အာကာသမှတ်တမ်း အကြောင်းနှင့် အာကာသမှတ်တမ်း၏ သဘာဝများ၊ လောကီလွန်ဆရာရှင်များနှင့်ဆက်သွယ်နည်း၊ သမထအာရုံထူးများ၊ အမြင်ထူးများ၊ အကြားဓာတ်များ၏ သဘာဝနှင့် ယင်းတို့ကို အသုံးပြုခြင်း စသည်တို့ဖြစ်သည်။

ပထမဆင့် အောင်မြင်သောအခါ ဒုတိယအဆင့်အတွက် ၁၂ပတ်မှ အပတ်စဉ် ညွှန်ကြားလွှာများကိုရရှိပြီး လေ့လာရသည်။ ဒုတိယအဆင့်တွင် လေ့လာရသော ဘာသာရပ်များမှာ အတ္တစိတ်အကြောင်း၊ အတ္တစိတ် သဘာဝနှင့် အတ္တစိတ်ကို ဖယ်ရှားနည်းများ၊ သိဒ္ဓိတင် ဘိသိက်ပွဲများအကြောင်းနှင့် အခမ်းအနားစီရင်ပုံ၊ သိဒ္ဓိဝင်ဓာတ်လှိုင်းများ ပေးအပ်ပုံ၊ လက်ခံရရှိပုံ၊ ဆရာရှင်ထံမှ မေတ္တာဓာတ်လှိုင်းခေါ် အာကာသလက်ဆောင်များ ရရှိအောင် ကျင့်စဉ်နည်းစနစ်များ၊ ကိုယ်ရောင်ခြည်၏ သဘာဝ၊ ကိုယ်ရောင်ခြည်၏ စွမ်းအင်နှင့် ယင်းကိုယ်ရောင်ခြည် စွမ်းအင်တိုးတက်မှု လေ့ကျင့်ခန်းများ အသံ၏ သဘာဝနှင့် စွမ်းအင်၊ လောကီလွန်အသံ၊ အာကာသသံစဉ်၊ ဂန္ဓာရီသံစဉ်နှင့် အသံတို့က လောကကို မည်သို့ လွှမ်းမိုးပြုပြင် ပြောင်းလဲစေသည်ကို စာတွေ့လက်တွေ့ လေ့လာရသည်။ အသံစွမ်းအင်နှင့်ကိန်းဂဏန်း ဆက်သွယ်မှု၊ အသံစွမ်းအင်ဖြင့် လျှို့ဝှက်မန္တန်များကို ရွာဖွေနည်း၊

ရပ်ခန္ဓာ၏ စွမ်းအင်၊ ရပ်ခန္ဓာကို စိတ်စွမ်းအင်ဖြင့် ထိန်းချုပ်ခြင်း၊ ဝေဒနာများ ဖြစ်ပေါ်ပုံနှင့် အကြောင်းရင်းများ ကုသနည်းများ၊ ရပ်ခန္ဓာအတွင်းရှိ အသက်စီးချောင်းခေါ် နဒီစီးချောင်းများ၊ စိတ်ကြောင့် ရပ်တွင် ဖြစ်ပေါ်သောရောဂါများ၊ စိတ်စွမ်းအင်များ တိုးတက်မှုကြောင့်ဖြစ်စေ၊ ချက္ကရများ နိုးကြားမှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသော ဝေဒနာရောဂါများအကြောင်း ဓာတ်စာစားနည်း၊ အသက်ဓာတ်ကို ထောက်ပံ့ပေးသော အာဟာရများကို စိတ်တန်ခိုးဖြင့် ရှာဖွေ၍ အသက်ရှည်စေနည်း၊ အဝေးရှိလူနာ၏ ရောဂါကို စိတ်စွမ်းအင်ဖြင့် ကုသနည်းတို့ဖြစ်သည်။

ဒုတိယအဆင့်ကို လေ့လာတတ်မြောက်သောအခါ တတိယအဆင့်သို့ တက်လှမ်းလေ့လာရသည်။ တတိယအဆင့်တွင် တစ်နှစ်ခန့်ကြာအောင် လေ့လာရသည်။ ညွှန်ကြားလွှာများကို အပတ်စဉ်ပေးသည်။ **(Rite And Ritual)** အစီအရင်အကြောင်းကို အသေးစိတ် သုံးပတ်ခန့် လေ့လာရသည်။ ရပ်ဝတ္ထုများကို အစီအရင်ပြုလုပ်ခြင်း၊ လူအနေဖြင့် အစီရင်တွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် နာမ်လောကသို့ မည်သို့ထိရောက်သွားသည်၊ ပရလောကသို့ မည်သို့ဝင်ရောက်သွားသည်၊ ပရလောကသားများနှင့် မည်သို့ ဆက်သွယ်မိသွားသည်ကို စာတွေ့လက်တွေ့ လေ့လာရသည်။ အစီအရင်ပညာ၏ အနှစ်သာရမှာ ပရလောကသားတို့နှင့် ဆက်သွယ်ရန်ဖြစ်သည်။ ပရလောကသားတို့၏ အကူအညီဖြင့် ဂန္ဓာရီပညာရပ်များကို မည်သို့ ထိရောက်စေသည်ကို လေ့လာရသည်။

ထို့အပြင် ဓာတုဗေဒနှင့် အင်္ဂါရုတ်ပညာ ဆက်သွယ်မှု၊ ရပ်အင်္ဂါရုတ်နှင့် နာမ်အင်္ဂါရုတ်အကြောင်း၊ ရပ်ခန္ဓာကိုယ်၏ ဆွဲငင်ဓာတ်၊ ဆိုလာချက္ကရ၏ ဝိသေသလက္ခဏာများ၊ ချက္ကရများကို အားသွင်းနည်း၊ လိပ်ပြာခန္ဓာအကြောင်း၊ ရှေးဟောင်းလိပ်ပြာလွှင့်ပညာ၊ ခေတ်သစ် လိပ်ပြာလွှင့်ပညာတို့ ခြားနားချက်ကို လက်တွေ့လွှင့်ပြီး လေ့လာခြင်း၊ လိပ်ပြာလွှင့်၍ ဂန္ဓာရီပညာများကို ဆည်းပူးခြင်း၊ သင်္ကေတများ၏ စွမ်းအင်နှင့် အသုံးပြုမှုများကို လက်တွေ့အသုံးချခြင်း၊ စိတ်ဖန်တီး၍ ဖြစ်ပေါ်လာသော ညွှတ်စိတ်သန္ဌာန် **(Thought Form)** များအကြောင်း၊ ယင်းစိတ်သန္ဌာန်ပုံရိပ်များကို အသုံးပြုခြင်း၊ စိတ်အာရုံဖြင့် လိုချင်သော ပုံသဏ္ဌာန်များကို ဖန်တီးသော စိတ်ပုံရိပ်များကို ထုတ်လုပ်ခြင်း၊ စေစား‌ခြင်း၊ ညို့ဓာတ်ဖြင့် စေ့ဆော်ခြင်း၊ ညို့ဓာတ်ပေးခြင်းစသော အဆင့်မြင့်သင်ခန်းစာများ ဖြစ်သည်။

တတိယအဆင့်ထက် ကျော်လွန်လာသောအခါ အထက်အဆင့်များသို့ တက်နိုင်သူများ အလွန်နည်းပါးသွားသည်။ အဆင့်အားလုံးကို ဖော်ပြရလျှင် အလွန်ရှည်လျားမည်ဖြစ်၍ ဤမျှနှင့်ပင် ကျန်အဆင့်များအတွက် လေ့လာဆည်းပူးရန် ဘာသာရပ်များအကြောင်းကို မှန်းဆကြည့်နိုင်ပေပြီ။ ဖော်ပြခဲ့သော ဘာသာရပ်များမှာ စာတွေ့သင်ကြားရန် မခက်ခဲသော်လည်း အချို့သောဘာသာရပ်များမှာ လက်တွေ့လုပ်ကြည့်မှ သိနိုင်သော ဘာသာရပ်များဖြစ်ရာ သမထအာရုံစူးစိုက်မှုများ၊ အဆင့်မြင့် သမာပတ်ဝင်စားမှုများဖြင့် လေ့လာရမည်ဖြစ်ရာ ကိုယ်စိတ်နှစ်ပါးစလုံး စည်းကမ်း၊ စည်းမျဉ်းဖြင့် နေထိုင်ကျင့်သုံးရန် လိုအပ်လာသည်။ ထို့ကြောင့် ဤပညာရပ်များကို လေ့လာလိုသူများအတွက် ချမှတ်ထားသော

စည်းမျဉ်းစည်းကမ်းများအနက်မှ အချို့ကို ဖော်ပြလိုသည်။

နံနက်စောစောထ၊ ပရနာယာမ အသက်ရှူလေ့ကျင့်ခန်း ခုနစ်ကြိမ်လုပ်၊ ရေတစ်ခွက် သောက်၊ ဘုရားရှိခိုး၊ ညတွင်လည်း အိပ်မပျော်မီ မေတ္တာ၊ ကရဏာတရားကို သုံးသပ်ပြီး စိတ်ကို ဘုရားထံအပ်ပြီး အိပ်၊ အိပ်ပျော်နေစဉ်တွင် လိပ်ပြာခန္ဓာဖြင့် လောကအကျိုးဆောင်လုပ်ငန်းများကို ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ထား အိပ်ရမည်။ အစာစား‌လျှင် အစာပေါ်သို့ လက်ဝါးဖြန့်အုပ်ပြီး မနောဓာတ်သွင်းပြီးမှ စားပါ။ 'ငါ အစာ စားရသလို သတ္တဝါများလည်း အစာရေစာ စားကြရပါစေ'ဟု နှလုံးသွင်းပါ။ လုပ်အား‌ခ၊ ဉာဏ်ပူဇော်‌ခ၊ လက်ဆောင်ပစ္စည်းများရလျှင် လောကအကျိုးဆောင်ရန်အတွက် ဘုရားက ပေးသနားခြင်းဖြစ်သည်ဟု သဘောထား‌ရမည်။ သူတစ်ပါး၏ ဘာသာရေးကိစ္စ မဆွေးနွေးနှင့်။ ကိစ္စတိုင်းမှာ နား‌လည်သည်း‌ခံ ခွင့်လွှတ်မှု လက်ကိုင်ထား‌ပါ။

သူတစ်ပါး‌ကို ပြုပြင်ပေး‌ရန် ရည်ရွယ်ချက်ဖြင့် ဆရာမလုပ်ပါနှင့်။ ကိုယ့်ကိုယ်ကိုသာ ကြိုး‌စားပါ။ သင်၏ဘဝဖြင့် နမူနာပြ နေထိုင်ပြပါ။ အနည်းအကျဉ်းပင်ဖြစ်စေ နေ့စဉ် သူတစ်ပါး‌ကို ကူညီဖေးမပေး‌ပါ၊ သူတစ်ပါးနှင့် ဘယ်လို မျှဝေခံစား‌ရမယ်ဆိုသည်‌ကို စဉ်း‌စား‌ပါ။ မိဘကို ရိုသေပါ၊ အမျိုးသမီးများကို လေး‌စား‌ပါ၊ လမ်းလွဲသူ ဒုစရိုက်သမား‌များကို စာနာစိတ်ထား‌ပါ။ ဒုက္ခရောက်နေသူကို ကူညီပါ။ လူမျိုးမရွေး၊ ဘာသာမရွေး လူသား‌တိုင်းကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရနိုင်သမျှ ကူညီပါ။ သူတစ်ပါး‌ကို မဝေဖန်နှင့်၊ အတင်းမပြောနှင့် မရှုတ်ချနှင့်။

အစွန်းရောက်သော တွေး‌ခေါ်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်မှုများကို ရှောင်ပါ။ သတ္တဝါတိုင်းအပေါ် ကောင်းတဲ့အချက်ကို မြင်တတ်ပါစေ အကောင်းမြင်ပါ။ အထက်ပါ စည်းမျဉ်းများအပြင် ဂန္ဓာရီစည်းမျဉ်း‌ခေါ် (Occult Obeydiance) ကိုလည်း အဆင့်မြင့် ဂန္ဓာရီပညာရှင်များအတွက် ရှိသေး‌သည်။

*

မေဆင်ဂန္ဓာရီ

အရှေ့တိုင်းမှ ဂန္ဓာရီပညာသည် ဝတ်ကျောင်းသူရဲကောင်း ဂန္ဓာရီဂိုဏ်းမှစတင်၍ အနောက်တိုင်းသို့ စီးဝင်ပျံ့နှံ့သွား‌ခဲ့သည်‌ကို ဝတ်ကျောင်းသူရဲကောင်း ဂန္ဓာရီအကြောင်း ရေး‌သား‌ခဲ့စဉ်က ဖော်ပြခဲ့ပြီး ဖြစ်သည်။ ရိဆီကရူဆီယင် ဂန္ဓာရီဂိုဏ်းကြီးသည် ဖရီး မေဆင် ဂန္ဓာရီဂိုဏ်းနှင့် အမြွာညီနောင် ဖြစ်သည်‌ကိုလည်း ရေး‌သား‌ခဲ့ပြီးဖြစ်သည်။ ဖရီး မေဆင် ဂန္ဓာရီဂိုဏ်းသည် ရိဆီကရူဆီယင်ဂိုဏ်းနှင့် အမြွာညီနောင်ဖြစ်သော်လည်း ၁၆ရာစု ကျမှသာလျှင် အနောက်တိုင်းတွင် ထင်ရှား‌စွာ ဂန္ဓာရီဂိုဏ်းအဖြစ် ပေါ်ပေါက်သည်။

ဖရိုးမေဆင်ဂိုဏ်း၏ သမိုင်းအစကို ခြေရာကောက်လျှင် အမျိုးမျိုးအဖုံဖုံ ဖြစ်နေသော်လည်း ဝတ်ကျောင်းသူရဲကောင်းဂိုဏ်းနှင့် ဆက်နွယ်နေခြင်းကိုကား မည်သူမျှ မငြင်းနိုင်ချေ။ ဖရိုးမေဆင် ဂန္ဓာရီဂိုဏ်းသည် ခရူးဆိတ် စစ်ပွဲမှ ပြန်လာသော ဝတ်ကျောင်းသူရဲကောင်း ဂန္ဓာရီဂိုဏ်းဝင်များက အနောက်တိုင်းသို့ သယ်ဆောင်လာကြသဖြင့် စကော်တလန်တွင် ၁၅၉၉ ခုနှစ်တွင်လည်းကောင်း၊ အင်္ဂလန်တွင် ၁၇၀၁ တွင်လည်းကောင်း အသီးသီးပေါ်ပေါက်လာသည်။ ပြင်သစ်၊ ဂျာမနီ၊ ဩစတြေးလျ စသည်တို့တွင် နောင်အခါ ဆက်လက်ပေါ်ပေါက်လာသည်။ ယခုအခါတွင် ဖရိုးမေဆင်ဂန္ဓာရီဂိုဏ်းသည် တစ်ကမ္ဘာလုံး အနံ့အပြားတွင် ရှိနေသည်။ ရိုဆီကရူဆီယင်ထက် ကျယ်ပြန့်ပြီး ဂိုဏ်းဝင်အများဆုံး ဂန္ဓာရီဂိုဏ်းကြီး ဖြစ်ပြီးလျှင် တစ်ကမ္ဘာလုံးတွင် ဂိုဏ်းဝင်ပေါင်း ၆သန်းမျှ ရှိသည်။

၁၉၆၃ စာရင်းအရ အင်္ဂလန် အပါအဝင် ယူကေတွင် ဂိုဏ်းဝင် တစ်သိန်းခွဲခန့်၊ ကနေဒါတွင် နှစ်သိန်းကျော်၊ ဩစတြေးလျတွင် သုံးသိန်း၊ အမေရိကန်တွင် သုံးသိန်းခွဲခန့် ရှိသည်။ ဂိုဏ်း၏ အမည်နှင့် ပတ်သက်၍ မေဆင်သည် အင်္ဂလိပ်ဘာသာဖြင့် လွတ်လပ်သော ဟု ဖြစ်သည်ကို အားလုံးသိကြသည်။ သို့သော် ဖရိုးမေဆင်ဟူသော ဝေါဟာရတွင် ပါဝင်သော ဖရိုးမှာ ပြင်သစ်ဘာသာ FRERE ဖြစ်၍ ညီနောင်ဟု အဓိပ္ပာယ်ထွက်သည်။ အချို့က ဂျာမန်ဘာသာ FREO ဖြစ်၍ မိတ်ဆွေဟု အဓိပ္ပာယ်ထွက်သည်ဟု ဆိုသည်။ ထို့ကြောင့် ဖရိုးမေဆင်အမည်မှာ ပန်းရန်ညီနောင်ဟုပင်ဖြစ်ရာ ပန်းရန်ညီနောင် ဂန္ဓာရီဂိုဏ်းဟု ခေါ်နိုင်သည်။ သို့သော် ဂန္ဓာရီဂိုဏ်းများနှင့် အနောက်တိုင်းသားများက ဖရိုးမေဆင်ဟု မခေါ်ဝေါ်ဘဲ မေဆင်ဟုသာ ခေါ်ကြသည်။ မေဆင်တို့၏ အစီအရင်ပညာကိုလည်း မေဆင် ပညာဟုပင် ဝေါဟာရသက်သက်ရှိသည်။



ဆော်လမွန်လျှို့ဝှက်တံဆိပ်

မေဆင်ပညာဟူရာတွင် ပန်းရန်ပညာသက်သက်ကို ဆိုလိုခြင်းမဟုတ်၊ အီဂျစ် ဂန္ဓာရီပညာရှင်များ၊ ဟီဘရူးဂန္ဓာရီပညာရှင်က ပိရမစ်ဘုရားကျောင်းများကို ကျောက်တုံး ကျောက်သားများကို အသုံးပြုသော ပန်းရန်ပညာဖြင့် တည်ဆောက်ရာတွင် အသုံးပြုသော ဂန္ဓာရီပညာ (၀၊) အစီအရင်ပညာကို ဆိုလိုခြင်းဖြစ်သည်။ ကျောက်တုံး ကျောက်သားများကို ရှေးဟောင်းအီဂျစ်တို့ တည်ဆောက်ရာတွင် ဘူမိဗေဒ၊ ပထဝီ၊ သချာ်၊ နက္ခတ္တပညာ၊ ဂဲသြ မေတြီပညာ၊ ထြိဂိုပညာရပ်များကို သုံးစွဲခဲ့သည်။ အထူးသဖြင့် မဟာပိရမစ်ကို ဘုရားကျောင်း အဖြစ် တည်ဆောက်ရာတွင် ယင်းပညာရပ်များကို အဆင့်မြင့်မြင့် အသုံးပြု၍ တည်ဆောက်ခဲ့ကြသည်။ မေဆင်ဂန္ဓာရီက အီဂျစ်တို့၏ ဘုရားဝတ်ကျောင်း ဆောက်လုပ်မှု အတတ်ပညာကို နမူနာယူ၍ သူတို့ဂိုဏ်းသားများ၏ ကိုယ်ကျင့်သိက္ခာ တည်ဆောက်ကြသည်။

ဝေါဟာရအခေါ်အဝေါ်၊ အစီအရင်များကိုလည်း အီဂျစ်ပန်းရန်ပညာကို စံပြပြီး

သရုပ်တင်အသုံးပြုသည်။ ရှေးခေတ်ဂန္ဓာရီပညာကဲ့သို့ မဟာဂန္ဓာရီပညာ တစ်ဆင့်လျှော့၍ စူဠဂန္ဓာရီပညာကို မေဆင်တို့က ရည်ရွယ်သည်။ မဟာဂန္ဓာရီပညာရပ်များကို တက်လှမ်းမှုအတွက် ပဏာမကြိုတင်ပြင်ဆင်သော ဂန္ဓာရီပညာဖြစ်သည်။ ဂန္ဓာရီပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်လိုသူသည် မိမိကိုယ်ကျင့်တရားကို စံနမူနာယူလောက်အောင် ဖြူစင်အောင် ကြိုးပမ်းထားရသည်။ ဖရိုးမေဆင် ဂန္ဓာရီဂိုဏ်းကြီး၏ ရည်ရွယ်ချက်မှာလည်း မဟာဂန္ဓာရီပညာစခန်း တက်လှမ်းရာတွင် အဓိက လိုအပ်ချက်ဖြစ်သော ကိုယ်ကျင့်တရားမြင့်မားရေးကို မဏ္ဍိုင်ပြုထားသည်။ မေဆင်၏ ဂန္ဓာရီပညာ အခြေခံရည်ရွယ်ချက်မှာ ကိုယ်ကျင့်သိက္ခာများကို သရုပ်တင်ထားသော ရှေးအီဂျစ် အစီအရင်ပညာနှင့် အခမ်းအနား



တိုးစာလေတိုက်

ကျင်းပပုံကို ယူထားခြင်း ဖြစ်သည်။

ဤအစီအရင်ပညာနှင့် အခမ်းအနား အစီးအနင်း အဆောင်အရွက်များကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် မေဆင်ဂန္ဓာရီဂိုဏ်းဝင်များသည် ဗိသုကာဘုရားကို သတိရ ကြည်ညိုလာစေရန်၊ သေခြင်းတရားကို ရင်ဆိုင်နိုင်ရန်၊ တမလွန်ဘဝအတွက် ကြိုတင် ပြင်ဆင်ရန်နှင့် အစီအရင် အခမ်းအနား ကျင်းပခြင်းဖြင့် ဂန္ဓာရီဆိုင်ရာ နတ်ဒေဝတာများ လာရောက်စေပြီး ဂန္ဓာရီပညာရအောင် ကူညီစေရန် ဖြစ်သည်။ ဂန္ဓာရီဂိုဏ်း အသီးသီးသည် ခေတ်ကာလနှင့် ဒေသပတ်ဝန်းကျင်အရ သင့်လျော်သော နည်းပညာများကို အသုံးပြုကြ သည်။ တစ်နည်းအားဖြင့် စာဂရောင်ခြည်အလိုက် မိမိတို့ ဂန္ဓာရီနည်းပညာကို သုံးစွဲကြ သည်။ ရိဆီကရွှဆီယင်ဂိုဏ်းသည် ဒုတိယစာဂရောင်ခြည်ဖြစ်ရာ ဉာဏ်ပညာ အတွေး အခေါ်နှင့် ရောဂါကုသမှုကို အဓိကထား ဆောင်ရွက်သည်။

ဒုတိယ စာဂရောင်ခြည်ဌာနခွဲကြီး၏ အကြီးအမှူးမှာ ဆရာရှင် ကုသုမီးဖြစ်ရာ ရိဆီကရွှဆီယင်ဂိုဏ်း၏ အကြီးအချုပ်မှာလည်း ဆရာရှင် ကုသုမီးပင်ဖြစ်သည်။ မေဆင် ဂန္ဓာရီပညာသည် သတ္တမစာဂရောင်ခြည်ဖြစ်သော အစီ အရင်ပညာကို အဓိကထားသော ပညာဖြစ်သည်။ သတ္တမ စာဂရောင်ခြည်ဌာနခွဲကြီး၏ အကြီးအမှူးဖြစ်သော ဆရာရှင် ရာကိုဇီခေါ် စိန့်ဂျာမိန်းဖြစ်သည်။ ထို့ကြောင့် မေဆင် ဂန္ဓာရီပညာသည် အခြားစာဂရောင်ခြည် ပညာကဲ့သို့ အတွေးအခေါ် ဒဿနကိုလည်းကောင်း၊ မန္တန်ကိုလည်းကောင်း၊ သမထနည်းများ ကိုလည်းကောင်း အဓိကထားသောပညာ မဟုတ်။ မေဆင်ဂန္ဓာရီပညာ၏ အဓိကထားသော ဂန္ဓာရီပညာမှာ အစီအရင် **(Rite and Ritual)** နည်းပညာ ဖြစ်သည်။ အခြားသော ဂန္ဓာရီအဖွဲ့အစည်းများတွင် အစီ အရင်ပညာကို အနည်းနှင့်အများ အသုံးပြုသော်လည်း အဓိကထား၍မသုံးချေ။ မေဆင်ဂန္ဓာရီပညာမှာကား အစီအရင်နည်းပညာနှင့် အခမ်းအနား များကို အဓိကထား အသုံးပြုသဖြင့် အခြားဂန္ဓာရီပညာများနှင့်မတူဘဲ ထူးခြားသော ဂန္ဓာရီပညာပင် ဖြစ်သည်။

ဤအစီအရင် နည်းပညာနှင့် ပတ်သက်၍ မေဆင်တို့ မည်သို့ကျင့်သုံးသည်ကို သပ်သပ်ရေးသားဖော်ပြမှသာလျှင် ပြည့်စုံမည် ဖြစ်သည်။ သာမန်အားဖြင့် အစီအရင် ပညာကို ကျိုးကြောင်းဆက်၍ ဖော်ပြနိုင်ခြင်း မရှိသောကြောင့် ပညာရပ်ဟု မမြင်ကြတော့ဘဲ အယူသီးမှုဟုလည်းကောင်း၊ ဟန်ပြအလုပ်တွေ ဖြစ်သည်ဟု လည်းကောင်း ထင်မြင်ကြသည်။ သို့ရာတွင် အစီအရင်ပညာ၏ နောက်ကွယ်တွင်ရှိသော သာမန်အားဖြင့် မသိမြင်နိုင်သော စွမ်းအင်များကို အသုံးချခြင်း ဖြစ်သည်ကို ဂန္ဓာရီပညာ အဆင့်မြင့်မှသာလျှင် သိမြင် သဘောပေါက်နိုင်သည်။ အစီအရင်ပညာရပ်ကို လူမျိုးတိုင်း၊ ဘာသာတိုင်းတွင် အသုံး ပြုနေကြသော်လည်း ရှေးအစဉ်က ထားခဲ့သည်ကိုသာ လိုက်လုပ်သည်။ အစီအရင်ကို နည်းပညာတစ်ရပ် အနေဖြင့် မမြင်ကြချေ။ လေ့လည်း မလေ့လာကြတော့ပေ။ စင်စစ်အားဖြင့် ရှေးခေတ် ဘုရားဝတ်ပြုခြင်း၊ ဘုရားကျောင်းကန် တည်ဆောက်ခြင်း၊ ဘုရားကိုးဆူပူဇော် ခြင်း၊ ရှင်ပြုမင်္ဂလာပြုခြင်း စသော ကိစ္စများတွင် အစီအရင်ပါသည်ချည်းပင် ဖြစ်သည်။

နတ်ကနားပေးခြင်းနှင့် အထက်ဂိုဏ်းပွဲများတွင်ကား အစီအရင်ကို အလေးထား ဆောင်ရွက်ကြသည်။

အစီအရင်ပညာတွင် ဆောင်ရန် ရှောင်ရန် ခွဲခြားလိုက်နာရသည်။ တိကျမှန်ကန်ရသည်။ အလွန်အလေးထားဆောင်ရွက်ရသည်။ အဘယ်ကြောင့် ဆီးသား၊ ဆီးယို၊ ဆီးသားယောက်မကို အသုံးပြုရသည်။ အခြားအသားကို အသုံးမပြုရသည်ကို မသိနိုင်။ တို့ကြောင့် ခေတ်လူငယ်အချို့က ဤသို့သော အစီအရင်ကို အယူသီးမှုဟု ထင်မြင်လာသည်။ စင်စစ် ဆီးသား အစရှိသော အစီအရင်ပညာတွင် အသုံးပြုသော အရာတို့၏ မသိမမြင်နိုင်သော သတ္တိထူးများကို ဂန္ဓာရီပညာဖြင့်သာ သိနိုင်သည်။ ဤသို့သိမြင်နိုင်သော ဂန္ဓာရီ စွမ်းအင်ကို မေဆင်ဆရာရှင်များက သိမြင်သည်။ တပည့်သာဝကများကို လက်တွေ့အသုံးပြုခြင်းဖြင့် လေ့ကျင့်သင်ကြားပေးရန်အတွက် မေဆင်ဂန္ဓာရီပညာ ဓာတ်စခန်းဖွင့်ပေးခြင်းဖြစ်သည်။ မေဆင်ဂန္ဓာရီပညာတွင် အစီအရင်နှင့် ပတ်သက်၍ အတိအကျ သတ်မှတ်ထားသည်။ ပြုပြင်ပြောင်းလဲခွင့်မရှိ။

အတိုးအလျော့ မရှိချေ။ ဂိုဏ်း အဆောက်အအုံ တည်ဆောက်ပုံ၊ ကြမ်းခင်းပြုလုပ်ပုံ၊ တံခါးဖောက်ပုံ၊ မျက်နှာကြက် တပ်ဆင်ပုံ၊ တိုက်များ ဆောက်တည်ပုံတို့ကို စနစ်အတိုင်း အတိအကျ ဆောင်ရွက်ရသည်။ ဓာတ်စခန်း တည်နေပုံမှာ ရိုဆီကရွှဆီယင် ရေးစဉ်က ဖော်ပြခဲ့ပြီး ဖြစ်သည်။ အတွင်းခန်း ပရိဘောဂများမှာလည်း သတ်မှတ်ထားသော ပရိဘောဂများသာ ထားရှိရမည်၊ အပိုမရှိရ။ ကုလားထိုင်၊ စားပွဲ၊ ပလ္လင်၊ ဆီမီးတိုင်တို့မှာ သတ်မှတ်ထားသည့် ပုံသဏ္ဌာန်ဖြစ်ပြီး သတ်မှတ်တားသော နေရာတွင်သာ ထားရမည်။ ထားချင်သည့် နေရာမထားရ။ အရေအတွက် မပိုစေရ။ ဂိုဏ်းအသုံးအဆောင်၊ အဆောင်အယောင် ပစ္စည်းများမှာလည်း သတ်မှတ်တားသည့်အရေအတွက်၊ ပုံသဏ္ဌာန်၊ တည်နေရာတွင်သာ ထားရသည်။ ယင်းအဆောင်အယောင် ပစ္စည်းများကို အသုံးပြုရာတွင်လည်း သတ်မှတ်တားသော ကိစ္စအတွက်သာ မှတ်ထားသူကသာ သတ်မှတ်ထားသည့် ကိုင်တွယ်နည်းဖြင့်သာ အသုံးပြုရသည်။

ဥပမာ ကျင်တွယ်၊ တူ၊ ချိန်သီး၊ ရေချိန်စသော အဆောင်အယောင်သုံး ပစ္စည်းများကို အသုံးပြုရာတွင် ဆရာလုပ်သူက ကျင်တွယ်ကိုင်ရမည်၊ လက်ထောက်က တူကို ညာလက်ဖြင့်ကိုင်ရမည် စသည်တို့ ဖြစ်သည်။ အဝတ်အစား အဆင်တန်ဆာမှာလည်း တိုနည်းတူဖြစ်သည်။ ဂိုဏ်းဆရာက မည်သည့်ဝတ်ရုံကို ဝတ်ရမည်၊ ခါးစည်းကြိုးကို ဘယ်အရောင်၊ တံဆိပ်ကို ဘယ်တံဆိပ် တပ်ဆင်ရမည်။ ဓာတ်စခန်းအတွင်း အမြင့်မြတ်ဆုံးတိပ်တွင် ကျင်တွယ်တံဆိပ်တပ် ကုလားထိုင်တွင် ထိုင်ရမည်။ လက်ထောက်များကလည်း တိုနည်းတူပင် သတ်မှတ်ဝတ်စုံ ဝတ်ဆင်၊ အဆင့်အတန်းလိုက် သတ်မှတ်ထားသော ခါးစည်းကြိုး၊ တံဆိပ်များတပ်ဆင်ပြီး သတ်မှတ်ထားသောနေရာရှိ မိမိအဆင့်အတွက် သတ်မှတ်ထားသော တံဆိပ်တပ်ကုလားထိုင်ပေါ်တွင် ထိုင်ရသည်။ ထိုင်ချင်ရာ မထိုင်ရ၊ ဝတ်ချင်သလို မဝတ်ရ။

ဂိုဏ်းအခမ်းအနား၊ အစည်းအဝေးတိုင်းတွင် ဆီမီးထွန်းရသည်။ ဆီမီးထွန်းရန် သတ်မှတ်ထားသော ဆီမီးခုံတွင် သတ်မှတ်ထားသော အရည်အတွက်အတိုင်း မီးထွန်းရန် သတ်မှတ်ထားသူက ဆီမီးထွန်းရသည်။ ဂျပန်တို့၏ ရိုးရာလက်ဖက်ရည်ပွဲ ကျင်းပပုံကို ရုပ်ရှင်ကားများတွင် တွေ့မြင်ဖူးကြလိမ့်မည်။ လက်ဖက်ရည်ပွဲတည်မည့် ဂျပန်အမျိုးသမီး၏ အဝတ်အစား၊ ဒူးထောက်ခေါင်းငုံ့ရသော မုဒြာနှင့် လက်ဖက်ရည်ခွက်ကို လက်နှစ်ဖက်ဖြင့် ကိုင်တွယ်ပုံတို့မှာ မေဆွင်တို့ ဆီမီးထွန်းပုံနှင့် ဆင်တူသည်။ ပေါ့ပေါ့တန်တန်မလုပ်၊ ဖြစ်ကတတ်ဆန်း မဟုတ်။ အရေးတယူ အလေးအနက် အာရုံစူးစိုက်မှု အပြည့်အဝဖြင့် အတိအကျ ကွက်တိဆောင်ရွက်ခြင်း ဖြစ်သည်။

အခမ်းအနားတွင် ပြောဆိုသော စကား၊ မေးခွန်း၊ အဖြေနှင့် ပဋိညာဉ်ပြုသော စကားလုံး ဝေါဟာရများသည်လည်း သတ်မှတ်ချက်အတိုင်းသာ ပြောရသည်။ အပိုအလိုမရှိ။ အလေးအနက် ပြောဆိုရသည်။ ဝေါဟာရများကို အသုံးပြုရာတွင် အတိုကောက်စာလုံးများနှင့် ပဟေဠိဝေါဟာရများကို သုံးသည်။ ဤနည်းအားဖြင့် မဟာဂန္ဓာရီ တက်စဉ်တွင် အသုံးပြုရမည်ဖြစ်သော ဆိုက်ဖာများ၊ သင်္ကေတများကို လေ့လာပြီး ဖြစ်သွားသည်။ ကိုယ်နေဟန်ထားနှင့် ပတ်သက်၍လည်း ဘယ်အခမ်းအနားတွင် မည်သို့သော ကိုယ်နေဟန်ထားကို ပြုရမည်ကို အတိအကျသတ်မှတ်ထားသည်။ မည်သည့်နေရာတွင် မတ်တပ်ရပ်ပြီး မည်သည့်အချိန်တွင် ဒူးထောက်ရမည်။ ဘယ်အရပ်ကို မျက်နှာပြုပြီး မည်သည့်ဘက်သို့ လှည့်ထွက်ရမည်စသည်ကိုလည်း အတိအကျ လိုက်နာကြရသည်။

အခမ်းအနား ကျင်းပရာတွင်လည်း သဘာပတိလုပ်သူက စည်းကမ်းတကျ အစီအစဉ်ဖြင့် ကျင်းပပေးရသည်။ တက်ရောက်သူများကလည်း သတ်မှတ်ပေးသောထိုင်ခုံပေါ်တွင် ထိုင်ကြရသည်။ ယခုဖော်ပြခဲ့သော အစီအရင်၊ အခင်းအကျင်း၊ အစီးအနင်းတို့မှာ ရှေးဟောင်းအီဂျစ် မဟာဂန္ဓာရီပညာက အသုံးပြုခဲ့သော နည်းစနစ်ဟောင်းများဖြစ်သည်။ အီဂျစ်မဟာဂန္ဓာရီ ပညာရင်နှီးကို သောက်စို့ခဲ့ရသော မိုးဇက်သည် အီဂျစ်မှ ဟီဘရူးခေါ် ဂျူးလူမျိုးတို့၏ ဌာနေသို့ ပြန်လည်ရောက်ရှိသောအခါ အီဂျစ်မှ သင်ကြားနာယူခဲ့ရသော ဂန္ဓာရီပညာများကို ဆက်လက်၍ လက်ဆင့်ကမ်း ဖြန့်ဖြူးခဲ့သည်။ မိုးဇက်၏ခေတ်ကို ဘီစီ ၁၃၀၀ ခန့်ဟု ခန့်မှန်းကြသည်။ မိုးဇက်၏ ဂန္ဓာရီပညာအမွေကို ဒေးဗစ်ဘုရင်ကြီးက ဆက်ခံသည်။

ဒေးဗစ်ဘုရင်ကြီးဆိုသည်မှာ ဂိုလိုင်ယာလူဘီလူးကြီးကို လောက်လေးဖြင့် ပစ်ပေါက်ပြီး အနိုင်ရခဲ့သူဖြစ်သည်။ ဒေးဗစ်ဘုရင်ကြီးနှင့် ဘက်ရှိဗာ မိဖုရားတို့မှ သားတော် ဆော်လမွန်ကို ဘီစီ ၉၀၀ ခန့်တွင် ဖွားမြင်သည်။ ဆော်လမွန် မင်းသားလေးမှာ နောင်အခါတွင် ဂန္ဓာရီပညာများကို ကမ္ဘာကျော်အောင် ပေါက်ရောက်သူဖြစ်ပြီး ဣရာဆလင်မြို့တွင် ဘုရားဝတ်ကျောင်း တည်ဆောက်ခဲ့သူဖြစ်သည်။ ဆော်လမွန်ဘုရင်ကြီး၏ ဘုရားဝတ်ကျောင်းကို ဗဟိုဌာနချုပ် ပြုပြုပြင်တည်ထောင်ခဲ့သော ဂန္ဓာရီဂိုဏ်းမှာ ၁၁ ရာစုတွင် ပေါ်ပေါက်ခဲ့သော ဝတ်ကျောင်းသူရဲကောင်း ဂန္ဓာရီဂိုဏ်းဖြစ်သည်ကို ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဝတ်ကျောင်းသူရဲကောင်းဂိုဏ်း၏ ပညာအမွေ၊ အစီအရင်အမွေကို ယူထားသော မေဆင် ဂန္ဓာရီဂိုဏ်းသည်လည်း ဆော်လမွန် ဘုရင်ကြီး၏ ပညာအမွေ ဆက်ခံသူများ ဖြစ်သည်ဟု ဆိုနိုင်သည်။

ဆော်လမွန်ဘုရင်ကြီးသည် အီဂျစ်ဖေရိဘုရင်များ၊ ပိရမစ်ဘုရားကျောင်း တည်ဆောက်သည်ကို နမူနာယူ၍ ဂျေရုဆလင်တွင် ဘုရားကျောင်း တည်ဆောက်ရန် စီစဉ်သည်။ ဤဘုရားကျောင်းသည် ဂန္ဓာရီပညာများကို ဖြန့်ဖြူးရန်ဖြစ်သည့်အလျောက် ဘုရားဝတ်ကျောင်း ဆောက်လုပ်ရာတွင်လည်း ရှေး အီဂျစ် စနစ်ဟောင်းအတိုင်း ဂန္ဓာရီပညာဖြင့် ကိုက်ညီသော ဝတ်ကျောင်းတော် ဖြစ်စေလိုသည်။ ထို့ကြောင့် ယခုအခါ လက်ဘန္ဓန် ခေါ်သော တိုင်ယာပြည်မှ ဘုရင် အဘစ်ဟာရမ်ကို လက်ဘန္ဓန်သစ်တောမှ အကောင်းဆုံးသစ်များကို ပို့စေသည်။



ဆော်လမွန်မဟာသင်္ကေတ

ဝတ်ကျောင်းတော် ဆောက်လုပ်ရေးအတွက် ဗီသုကာအဖြစ် အဘစ်ဟာရမ်ဘုရင်ကို တာဝန်ပေးသည်။ အဘစ်ဟာရမ်ဘုရင် ကိုယ်တိုင်ကလည်း ဂန္ဓာရီပညာရှင်ဖြစ်ရုံမက ဆော်လမွန်ဘုရင်နှင့် တွဲဖက်ပြီး ဂန္ဓာရီပညာများကို ဖြန့်ဖြူးရာ ဝတ်ကျောင်းတော်ကြီး ဆောက်လုပ်ရန် သဘောတူထားသူ ဖြစ်သည်။ အဘစ်ဟာရမ်သည် လက်သမားအကျော်၊ ပန်းရန်ကျော်များကို စုစည်းခဲ့ရာ အဘစ်ဟာရမ်က ပန်းရန်ပညာကိစ္စကို အကုန်သင်မပေးသဖြင့် ပန်းရန်သမားများက အဘစ်ဟာရမ်ကို အညှိုးထားပြီး သတ်ပစ်သည်။ အဘစ်ဟာရမ်၏ လျှို့ဝှက်မှုကို နောင်အခါတွင် မေဆင်များက အလေးအမြတ်ပြုပြီး လျှို့ဝှက်ချက်များကို စောင့်ထိန်းကြသည်။ ဟီဘရူး မဟာဂန္ဓာရီ ဂိုဏ်းချုပ်ကြီး ဘုရင်ဆော်လမွန်၏ အစွမ်းမှာ မော်ကွန်းထိုးတင်လောက်သည်။ ဆော်လမွန်ဘုရင်ကြီးသည် 'ဂျင်' ခေါ် ဒေဝတာများ၏ ချင်ခင်မှု၊ လေးစားမှုကို ရသူဖြစ်သည်။

နတ်ဒေဝတာတို့၏ ဘာသာစကားကို နားလည်သည်။ ဝတ်ကျောင်းတော်ကို


တည်ဆောက်ရာတွင် ဘုရင်ကြီး၏ ဘုန်းရိုန်ကြောင့် နတ်ဒေဝတာများကပါ ကူညီဆောက်လုပ်ပေးကြသည်။ လူတစ်ရစ်၊ နတ်တစ်ရစ် ဆောက်လုပ်ထားသော ဝတ်ကျောင်းတော်ဟု ပြောစမှတ် ကျန်ရစ်သည်။ ဝတ်ကျောင်းတော် ဆောက်လုပ်ဆဲတွင် ဘုရင်ကြီး နတ်ရွာစံသွားရာ ဆော်လမွန်ဘုရင် နတ်ရွာစံသည်ကို မသိအောင် ဖုံးထားပြီး တောင်ဝှေးကို ထောက်ပြီး ဘုရင်ကြီး ထိုင်နေပုံသဏ္ဌာန် ဆောင်ထားသည်။ နတ်ရွာမစံမီကပင် ဤဝတ်ကျောင်းတော်ကြီး ဆောက်လုပ်မှုမပြီးမီ မိမိ မသေပါရစေနှင့်ဟု ဘုရင်ကြီးက ဆုတောင်းထားသည့်အတိုင်း ဝတ်ကျောင်းတော် ဆောက်လုပ်ပြီးစီးသော အချိန်ကျမှပင် ဆော်လမွန်ဘုရင်ကြီး နတ်ရွာစံကြောင်း သိရှိကြတော့သည်။

ကော်ဇောပျဉ်ဟူသော ပုံပြင်နှင့် ဝေါဟာရကို စတင်ခဲ့သူမှာလည်း ဆော်လမွန်ဘုရင်ကြီးပင် ဖြစ်သည်။ ရွှေမျှင်နှင့် ပိုးသားဖက်စပ်ရက်လုပ်ထားသော ကော်ဇောပျဉ်သည် အလျားမိုင် ၆၀ ခန့်ရှည်သည်။ ဘုရင်ကြီးနောက်တော်ပါ အခြွေအရံ အားလုံးတို့သည် ကော်ဇောပျဉ်ပေါ် စီးနင်းလိုက်ပါနိုင်ကြသည်ဟု ဆိုသည်။ ဆော်လမွန်ဘုရင်ကြီး ကော်ဇောပျဉ်စီး၍ တိုင်းခန်းလှည့်လည်ရာတွင် နတ်ဒေဝတာများက ငှက်ယောင်ဆောင်ပြီး ငှက်အုပ်ကြီးက လိုက်ပို့လေ့ရှိသည်။ ဆော်လမွန်ဘုရင်ကြီးအပေါ် နေရိပ်မထိုးအောင် ထီးမိုးသကဲ့သို့ ပျံသန်းပေးကြသည်ဟု ပုံပြင်ဆန်ဆန် ပြောစမှတ်ရှိသည်။

ဆော်လမွန်၏ တံဆိပ်အမှတ်အသားသည် အနောက်တိုင်း ဂန္ဓာရီပညာတွင် ယနေ့ထိ ယုံကြည်စွာ အသုံးပြုလျက်ရှိသည်။ လက္ခဏာပညာတွင်လည်း လက်ညှိုးအောက်ရှိ အရစ်ကို ဆော်လမွန်လက်စွပ်ဟု ခေါ်သည်။ ဆော်လမွန်၏ မန္တန်ကို ရွတ်ဖတ်လျှင် အရာဝတ္ထုတွေ လေထဲပျံတက်သည်။ စမရေးနည်းနှင့် စမများအကြောင်း ပါဝင်သော 'ဆော်လမွန်၏ သော့'ကျမ်းမှာ ယနေ့ထိ ဂန္ဓာရီပညာရှင်များ လက်မလွတ်နိုင်သောကျမ်းဖြစ်သည်။ အက်စ်မိုဒတ် အမည်ရှိ ဒေဝတာတစ်ပါးက ဆော်လမွန်အား သင်ကြားပေးသော ဂန္ဓာရီပညာများကို ရေးသားထားသော ကျမ်းမှာ ကဗလာဂန္ဓာရီပညာ၏ အဓိကကျမ်းဖြစ်သော 'ဓိဟာ'ကျမ်းပင် ဖြစ်သည်။

ဆော်လမွန်၏ 'သော့' ကျမ်းကို ဟာမက်တစ်ဂန္ဓာရီပညာက ခံယူအသုံးပြုသော ပညာဖြစ်လာသည်။ ကဗလာဂန္ဓာရီနှင့် ဟာမက်တစ်ဂန္ဓာရီပညာမှာ ယနေ့အနောက်တိုင်းတွင် အဓိက လွှမ်းမိုးနေသော ဂန္ဓာရီပညာပင်ဖြစ်သည်။ ဤသို့ အနောက်တိုင်းတစ်ခွင်သို့ လွှမ်းမိုးနေသော ဂန္ဓာရီပညာဂိုဏ်းများအနက် ဆော်လမွန်ဘုရင်ကြီး၏ ဂန္ဓာရီအမွေကို နောက်ဆုံးမှ ရရှိထားသော ဂိုဏ်းမှာ မေဆင်ဂန္ဓာရီဂိုဏ်းပင် ဖြစ်ပေသည်။

ဖရိုးမေဆောင် အစီအရင် ဂန္ဓာရီ



သရုပ်ပြပုံကားချပ်များ

ပန်းရန်ညီနောင် (၀၊) ဖရိုးမေဆောင်ဂန္ဓာရီဂိုဏ်းသည် တိုက်ကြီး(၆)တိုက် အားလုံးသို့ ပျံ့နှံ့နေသော ဂိုဏ်းဖြစ်ရာ တဖြည်းဖြည်းနှင့် တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ် ပုဒ်ဆန်း ့ဆိုသကဲ့သို့ နေရာ ဒေသ ခေတ် အလိုက်ကွဲပြားကြသည်။ သို့ရာတွင် မူလမြစ်ဖျား ခံလာရာ ဂန္ဓာရီအခြေခံ မှာကား တူညီကြသည် သာ ဖြစ်သည်။ ပထမ တွင် ဖရိုးမေဆောင် ဂန္ဓာရီ ဂိုဏ်းတွင် အမျိုးသား များသာ ဝင်ရောက်ခွင့် ရှိသည်။ နောက်အခါ တွင် အမျိုးသမီးများပါ ဝင်ရောက်နိုင်သည်။ စင်စစ်အားဖြင့် ဖရိုးမေဆောင် ကနဦးခေတ်ဖြစ်သော အိုဂျစ်ခေတ်တွင် အမျိုးသားရော၊ အမျိုးသမီးပါ ပါဝင်ကြသည်။ အမျိုးသားချည်း ပါဝင်သော ဂိုဏ်းကို ဖရိုးမေဆောင်ဟုခေါ်သည်။ အမျိုးသမီးများ ပါဝင်သောဂိုဏ်းကို ကိုမေဆောင်ဟုခေါ်သည်။ ထို့ကြောင့် ဂန္ဓာရီလောကတွင် ဖရိုးမေဆောင်ဟု မခေါ်ဝေါ်ကြတော့ဘဲ နှစ်မျိုးစလုံး ပါဝင်ရာ မေဆောင်ဟူ၍သာ ခေါ်ဝေါ်ကြသည်။

တစ်ဖန် မေဆောင်ဂန္ဓာရီပညာကို အနက်ရောင်မေဆောင်၊ အနီရောင်မေဆောင်၊ အပြာရောင်မေဆောင်၊ အဖြူရောင်မေဆောင်ဟု လိုင်းလေးလိုင်းခွဲ၍ ထားပြန်သည်။ အနက်ရောင် မေဆောင် ဂန္ဓာရီတွင် သစ္စာတရား သိမြင်ရေးအတွက် ဝိညာဉ်၏ တက်စဉ်ကို အဟန့်အတားဖြစ်စေသော မိစ္ဆာမာတ်များကို သင်ကြားပြသပေးသည်။ အနီရောင်မေဆောင် ဂန္ဓာရီပညာမှာ လူသားအားလုံး၏ ဝိညာဉ်သည် ဓာတ်မြစ်အားဖြင့် တစ်ခုတည်းဖြစ်၍ အားလုံးအတူတူပင် ဖြစ်သည်။ ပုဂ္ဂိုလ်ပညတ် သန္တာန်အားဖြင့်သာ ကွဲပြားနေခြင်း ဖြစ်သည်။ ပညတ်သန္တာန်များကို ကျော်လွန်ပြီး ဝိညာဉ်သိဓာတ်သို့ ရောက်သောအခါ အခြားဝိညာဉ်များနှင့် မူးပေါင်းပျော်ဝင်သွားသည်ဟူသော ဂန္ဓာရီအယူဖြစ်၍ ရိုဆီကရူဆီယင်နှင့် တူသည်။

တိုးစောလေတိုက်

ထို့ကြောင့် ပုဂ္ဂိုလ်ပညတ်သန္ဓာန်များကို ကျော်လွှားနိုင်သော မေတ္တာဗြဟ္မစိုရ်မျိုး ဖြစ်အောင် ကျင့်ကြံအားထုတ်ရသော ပညာလိုင်းဖြစ်သည်။ အပြာရောင်ဂန္ဓာရီလိုင်းမှာ အထက်ဖော်ပြရာ အနိရောင်လိုင်းကို ကျင့်ကြံနိုင်ရန်အတွက် ကိုယ်ကျင့်သီလအားဖြင့်လည်းကောင်း၊ သမထဘာဝနာအားဖြင့်လည်းကောင်း၊ ကျင့်ကြံရသောလိုင်းဖြစ်၍ သာဝက ကျင့်စဉ်ဟုလည်း ခေါ်သည်။ အဖြူရောင် ဂန္ဓာရီလိုင်းမှာ အမြင့်ဆုံး ရည်မှန်းချက်အတိုင်း အမတာတ်သို့ ဆိုက်ရောက်သွားအောင် ရှေးအီဂျစ်ခေတ်မှ ကျင့်ကြံခဲ့သော အန္တိမလိုင်း ဖြစ်သည်။ သဒ္ဓမ္မသူတော်စင်အဖွဲ့ကြီးကိုပင် အဖြူရောင်ဂန္ဓာရီအဖွဲ့ချုပ်ဟု အချို့က ခေါ်ဝေါ်ကြသည်။ အရောင်အဆင်း၊ အခေါ်အဝေါ်များ၊ နည်းပညာများ မည်သို့ပင်ကွဲပြားနေစေကာမူ နောက်ဆုံးပန်းတိုင်ဖြစ်သော လူသားချင်း မကွဲမခြား တစ်သားတည်းအတူတူပင် ဖြစ်သည်ဆိုသော ယုံကြည်ချက်တွင်ကား တူညီကြသည်။ ထို့ကြောင့်ပင် စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုတွင် ဇာတ်လိုက်မင်းသားပီရီနှင့် မေဆင်ဂန္ဓာရီပညာတို့ ဆွေးနွေးခန်းတွင် တော်လ်စတွိုင်းက မေဆင်၏ရည်ရွယ်ချက်ကို ဤသို့ ရေးသားထားသည်။


'လူတစ်ယောက်ဟာ သူ့ဘာသာ ကြိုးစားရုံနဲ့ သစ္စာတရားကို မသိမြင်နိုင်ဘူး၊ ဘုရားရှင် ကိန်းဝပ်နိုင်အောင် ထိုက်တန်တဲ့ စံကျောင်းကို တည်ဆောက်ဖို့ ကျောက်တုံးတွေလို ကျုပ်တို့ရဲ့လူသား ဘိုးဘေးဘီဘင် အစဉ်အဆက်ကနေပြီး ခုခေတ်အထိ တစ်ဆင့်ပြီး တစ်ဆင့် တစ်တုံးပေါ်တစ်တုံး တင်စီပြီး တည်ဆောက်လာခဲ့ကြတာ ဖြစ်တယ်၊ ဘယ်လူသားမှ မဖျက်ဆီးနိုင်တဲ့ အခြေခံအုတ်မြစ်ပေါ်မှာ တည်ဆောက်ထားတဲ့ ကျုပ်တို့ ဖရီးမေဆင်ဂိုဏ်းကြီးရဲ့ အဓိကရည်ရွယ်ချက်ဟာ လူ့ဘောင်ကြီးရဲ့ ကံကြမ္မာက တည်မှီနေရပြီးတော့ ရှေးပဝေသဏီ ကာလကစပြီး တည်ရှိခဲ့တာကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ ဂန္ဓာရီပညာကို ထိန်းသိမ်းဖို့နဲ့ နောင်လာနောက်သားတွေကို ဆက်လက်လက်ဆင့်ကမ်းဖို့ ဖြစ်တယ်'

'လူတိုင်းဟာ သစ္စာတရားကို အလျင်အမြန် အလွယ်တကူ ရနိုင်တာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့ ဂိုဏ်းကြီးရဲ့ ဒုတိယရည်ရွယ်ချက်ဟာ ရှေးအစဉ်အလာက ရရှိထားတဲ့ နည်းလမ်းတွေနဲ့ တတ်နိုင်သမျှ လူတွေ နှလုံးလှအောင် ပြုပြင်ဖို့ စိတ်ဖြူစင်သန့်ရှင်းပြီး အလင်းရအောင် ကူညီပြင်ဆင်ပေးဖို့ဖြစ်တယ်၊ တတိယ ရည်ရွယ်ချက်ကတော့ မြင့်မြတ်တဲ့ သူတော်ကောင်းတရား စိတ်ဓာတ်တွေကို လူတွေ မွေးမြူနိုင်အောင် ကူညီပေးဖို့ ဖြစ်တယ်'

တော်လ်စတွိုင်းသည် ဖရီးမေဆင် အသင်းသားဟုတ်ဟန် မတူသော်လည်း ဖရီးမေဆင်၏ ဂန္ဓာရီပညာအတိမ်အနက်ကို ထောက်လှမ်းမိသူ ဖြစ်သည်။ စာနာသောပေါက်သူ ဖြစ်သည်။ စင်စစ်အားဖြင့် အနောက်တိုင်း စာရေးဆရာ၊ ကဗျာဆရာ အနုပညာရှင်များသည် ဖရီးမေဆင်နှင့် ရိုဆီကရူဆီယင် ဂန္ဓာရီပညာ၏ သြဇာနှင့် မကင်းသူများသည်။ ထို အထဲမှာ ဂီတား၊ ကစ်ပလင်၊ မိုးဇတ်၊ ဆာဝါလတာစကော့၊ ဗောလ်တိုင်းယား၊ ဝါရှင်တန်၊ ရစဗဲ့၊ ရောဘတ်ဘန်း၊ ကော်လီဘိုး၊ နပိုလီယံတို့သည် မေဆင်ဂိုဏ်းဝင်များ ဖြစ်သည်။ အာဏာသယာဉ်မှူးများအနက် ဂေါ်ဒွန်ကူပါး၊ ဗီဂျိုဂရစ်ဆန်၊ ဟင်နရီဖို့ဒ်၊ ဝီလ်ရောဂျာ့တို့

သည် ဖရိုးမေဆင်များ ဖြစ်သည်။

ရှိတ်စပီးယား၊ တင်နီဆင်၊ ဝေါ့ဝ်စ်မင်၊ ရောဂျာဘေကွန်၊ အီမိုင်ဇိုလာ၊ ရောဘတ် ဘရောင်း၊ နယူတန်၊ သောမတ်ဂျက်ဖာဆင်တို့သည် ရိုဆီကရူဆီယင်များ ဖြစ်ကြသည်။ ဤသို့သော စာရေးဆရာ၊ ကဗျာဆရာ၊ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်၊ ဂီတပညာရှင်၊ ပန်းချီဆရာတို့သည် မိမိတို့သန်ရာ ပညာဖြင့် လူသားတို့၏ အသိဉာဏ်ဖွံ့ဖြိုးပွင့်လင်းအောင် ဆောင်ရွက်ခဲ့ကြသော ခေတ်ရှေ့ဆောင်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ မိမိတို့အားသန်ရာနည်းဖြင့် လူသားတို့၏ အသိဉာဏ် ပွင့်ရာပွင့်ကြောင်း ဆောင်ရွက်သော ဂန္ဓာရီများအနက် မေဆင်ဂန္ဓာရီပညာသည် အစီအရင် နည်းပညာကို အဓိကထား၍ ဆောင်ရွက်ကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။အစီအရင်နည်းပညာဟု ခြုံငုံ၍ ဆိုရာတွင် အခင်းအကျင်း၊ အခမ်းအနား၊ အဆောင်အရွက်၊ ပရိဘောဂ၊ ပစ္စည်းကိရိယာ၊ အရောင်အဆင်း၊ အသံစွမ်းအင်တို့ကို သူ့နေရာနှင့်သူ၊ သူ့အချိန်နှင့်သူ အတိအကျ စည်းကမ်းကြီးစွာဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။



တတ်စခန်းအခင်းအကျင်း

မေဆင်တို့ ပြုလုပ်သော အစီအရင်၊ အခမ်းအနားကို သာမန်အပေါ်ယံသန္ဓာန် အမြင်အားဖြင့် ကြည့်မည်ဆိုပါက ကလေးများ ကစားနေသည်နှင့်ပင် တူသည်။ ရယ်စရာကောင်းသောအရာလည်းဖြစ်သည်။ အပေါ်ယံသန္ဓာန်၏ အတွင်း၌ ကိန်းအောင်းနေသော သရုပ်ရသကို ကြည့်မြင်တတ်ပြီဆိုပါက ဂန္ဓာရီအနှစ်သာရနှင့် ပြည့်လျှမ်းနေသည်ကို တွေ့မြင်ရမည်။ ထို့ကြောင့် အစီအရင်အခမ်းအနားများကို ဖော်ပြမည်ဖြစ်ရာ 'ကလေးကစားစရာတွေပါလား' ဟူသော ကောက်ချက်ကို ဖြုန်းခနဲမချမိစေရန်

ပဏာမစထား လိုပါသည်။

ပထမဆုံး မေဆင်ဂန္ဓာရီဂိုဏ်း တည်ရာနေရာ အဆောက်အအုံကို စတင်ဖော်ပြရန် ဖြစ်သည်။ သာမန်အားဖြင့် တည်ရာဌာန၊ ဌာနချုပ်၊ အသင်းတိုက်ဟုခေါ်သော နေရာကို "Lodge" ဓာတ်စခန်းဟု မေဆင်ဝေါဟာရအရ ခေါ်ကြသည်။ ဓာတ်စခန်းတည်ပုံမှာ ရိုဆီကရူဆီယင်နှင့် များစွာတူသော်လည်း စည်းကမ်းကြီးမှုနှင့် အဆင်အပြင်မှာ ကွဲပြားသည်။ ဂိုဏ်းတည်ရာဌာန ဓာတ်စခန်းသည် အရှေ့ဘက်ကို မျက်နှာပြုထား ရပြီး လျှင် အခင်းကို ကျောက်ပြားများဖြင့် အဖြူအနက်ကွက်တူ ခင်းထားရသည်။ ဘေးကလနား တစ်လျှောက်တွင်လည်း အဖြူအနက်၊ အတွဲ့ ကျောက်ပြားများဖြင့် ဝန်းရံထားရသည်။ အဖြူအနက် အရောင်ဒွန်တွဲမှာ ရုပ်နှင့်နာမ်တွဲနေခြင်းကို သရုပ်ဖော်ထားခြင်းဖြစ်ပြီး ကာလနား တစ်လျှောက် အတွဲ့များဖြင့် ဝန်းရံထားခြင်းမှာ ယင်းရုပ်နာမ်တို့ကို ကောင်းစွာ တည်ရှိအောင် ဝန်းရံစောင့်ရှောက်ထားမှုကို ရည်ညွှန်းသည်။

အန္တေဝါသိကနည်းအားဖြင့် ကမ္ဘာမြေအတွင်း၌ရှိသော ဘူမိချက္ကရနှင့် လိုက်လျော ညီထွေ သဟဇာတဖြစ်အောင် အဖြူအမည်း ဒွန်တွဲခင်းကျင်းထားခြင်း ဖြစ်သည်ဟုဆို သည်။ ဘူမိချက္ကရနှင့် လူ၏ချက္ကရများ သဟဇာတဖြစ်လျှင် ကုဏ္ဍလိနီ နိုးကြားမှု မြန်ဆန်လွယ်ကူစေသည်ဟု ရှေးဟောင်း အီဂျစ်ခေတ်ကပင် ရှမ်ဗဲလား ဆရာမြတ်တို့က သင်ကြားထားခဲ့ခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် ကမ္ဘာမြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့သည် သံလိုက်ဓာတ်စီးကြောင်းများရှိသည်။ အီကွေတာနေသွားလမ်းတစ်လျှောက် တွင်လည်း စွမ်းအင်စီးကြောင်းရှိသည်။ ယင်းသံလိုက်ဓာတ်စီးကြောင်း၊ နေစကြာဝဠာ စီးကြောင်းတို့နှင့် သဟဇာတဖြစ်လျှင် ယင်းစီးကြောင်းများမှ စွမ်းအင်များ ရရှိမည်ဖြစ် သည်။ ထို့ကြောင့် ကြမ်းခင်းကို လေးထောင့် စတုရန်းနှစ်ကွက်စာ အရှေ့အနောက်တန်းပြီး အဖြူအနက် မှန်ကူကွက်များဖြင့် ခင်းကျင်းထားခြင်းဖြစ်သည်။

အမိုးကိုလည်း ရောင်စုံ အရောင်အဆင်းတို့ဖြင့် တန်ဆာဆင်ထားရသည်။ အာကာသ အတွင်းရှိ Cosmic Ray တို့သည် သက်တန့်ရောင်စုံဖြစ်ရာ ခံယူမည့်အမိုးကလည်း ရောင်စုံဖြစ်ပါက အာကာသရောင်ခြည်များကို လွယ်ကူစွာ ဖမ်းယူနိုင်မည် ဖြစ်သည်ဟု မေဆင်ဂန္ဓာရီပညာက ခံယူထားသည်။ ဓာတ်စခန်းအတွင်း၌ အားလုံးသည် သတ်မှတ်ထား သောနေရာတွင်သာ နေထိုင်ကြရသည်။ ထိပ်တွင် အာစရိယနာယက (RWM)ထိုင်ရသည်။ သူ၏ဘေးတွင် ဖိတ်ကြားထားသောအဆင့်မြင့်အသင်းသားများနှင့် သံတော်ဆင့်တို့ ထိုင်ရ သည်။ အာစရိယနာယကနှင့်တည့်တည့်တွင် လက်ထောက် ဝါဒင်ထိုင်ရသည်။ အာစရိယနှင့် လက်ထောက်ဝါဒင်တို့အကြား ပုံ၏ညာဘက်အလယ်တွင် ဒုတိယလက်ထောက် ဝါဒင် ထိုင်ရသည်။ သူတို့သုံးဦး ထိုင်ရမည့် ကုလားထိုင်များမှာ ရှေးခေတ်ဟောင်းက ပုံသဏ္ဌာန်ဖြစ်ပြီး ကုလားထိုင်၏ကျောမှီထိပ်တွင် သူတို့၏သင်္ကေတအသီးသီးကို တပ်ဆင်ထားသည်။ ဥပမာ အာစရိယနာယက၏ကုလားထိုင်နောက်မှီတွင် ကျင်တွယ်ပုံ သင်္ကေတ တပ်ဆင်ထားသည်။

တိုအပြင် အာစရိယ နာယက၊ လက်ထောက်ဝါဒင်နှင့် ဒုတိယလက်ထောက်

ဝါဒင်တို့၏ နေရာသုံးနေရာရှေ့တွင် တုရင်တိုင် သုံးလုံးရှိသည်။ ယင်းတုရင်တိုင်များမှာ ရှေးခေါမ၊ ရောမခေတ်က အသုံးပြုခဲ့သော ကျောက်သားတိုင်များ၏ သဏ္ဌာန်ဖြစ်သည်။ တိုင်အရှည်၊ လုံးပတ်နှင့် တိုင်ထိပ်တွင် တပ်ဆင်ထားသော ပန်းဆွဲများ အပျောက်အမွမ်းတို့မှာ သမိုင်းစဉ်လာအရ ရှေးခေါမ၊ ရောမခေတ် ဂန္ဓာရိပညာနှင့် ဗီသုကာပညာတို့၏ အမွေအနှစ်လက်ရာဖြစ်သည်။ အာစရိယ၏ ရှေ့တွင်ရှိသော တုရင်တိုင်မှာ အိုင်ယိုနစ်တိုင် ဖြစ်သည်။ လက်ထောက်ဝါဒင်၏ ရှေ့တွင်ရှိသော တုရင်တိုင်မှာ ဒေါရစ်တိုင်ဟု ခေါ်သည်။ ဒုတိယလက်ထောက် ဝါဒင်၏ ရှေ့ရှိတုရင်တိုင်မှာ ကိုယင်သီယင်တိုင်ဟု ဗီသုကာပညာ ဝေါဟာရအားဖြင့် ခေါ်ဝေါ်သည်။

အာစရိယ နာယကရှေ့ရှိ တုရင်တိုင်သည် ဉာဏ်ပညာကို ဖော်ညွှန်းသည်။ လက်ထောက် ဝါဒင်၏ ရှေ့ရှိ တုရင်တိုင်မှာ စွမ်းအင်ကိုညွှန်းပြီး ဒုတိယ လက်ထောက်ဝါဒင်၏ရှေ့ရှိ တုရင်တိုင်မှာ အလှရသကို ရည်ညွှန်းသည်။ မေဆင်ဂန္ဓာရီပညာရှင်တို့သည် မိမိကိုယ်တိုင်က ဉာဏ်ပညာဇွဲသတ္တိဖြင့် ပြည့်စုံပြီး နှလုံးလှရန်အတွက် ဦးတည်ချက်ကို မမေ့ရန် ဖြစ်သည်။ ဓာတ်စခန်း၊ တံခါးပေါက်နှစ်ခုရှေ့တွင် ဘို့ဓ်နှင့် ဂျေချင်ဟူသော ကြေးဖြင့် လုပ်ထားသော တိုင်နှစ်လုံးရှိသည်။ အသင်းသားများသည် ဤတိုင်နှစ်လုံးရှေ့မှ ဖြတ်သန်းပြီး ဝင်ထွက်ကြရခြင်း ဖြစ်သည်။ အသင်းသားအသစ် ဂိုဏ်းဝင် ဂိုဏ်းတက်ပွဲလုပ်ရာတွင် ယင်းတိုင်နှစ်လုံးမှာ အရေးပါလှသည်။ ထိုက်သင့်သူများသာလျှင် ဝင်ခွင့်ရအောင် စောင့်ကြပ်ဟန့်တားစစ်ဆေးရန် သဘောကိုဆောင်ခြင်းဖြစ်သည်။ ဘို့ဓ်တိုင်သည် ဇွဲသတ္တိကို ရည်ညွှန်းပြီး ဂျေချင်တိုင်သည် တည်ထောင်မှုကို ရည်ညွှန်းသည်။

ယင်းတိုင်နှစ်လုံးပေါင်း၏ အဓိပ္ပာယ်မှာ ဤဓာတ်စခန်းသို့ ဝင်ခွင့်ရသူ အသင်းသား၊ ဂိုဏ်းသားများသည် တည်ငြိမ်မှုကို ထိန်းကြရန် ဖြစ်သည်။ တုရင်တိုင်သုံးလုံးနှင့် ကြေးတိုင်နှစ်လုံးတို့သည် ရှေးအီဂျစ်ခေတ် ဓာတ်စခန်းများနှင့် ဆော်လမွန်ဘုရင်ကြီး၏ ဝတ်ကျောင်းတော်တွင် ထားခဲ့သည့်အစဉ်အလာအတိုင်း ထားရှိခြင်း ဖြစ်သည်။ ယင်းတိုင်တို့၏ အနွေ့ဝါသိက အဓိပ္ပာယ်အဖွင့်မှာ သမာဓိတက်စဉ်နှင့် ဆက်နွယ်နေ၍ သီးခြားသက်သက် တင်ပြရန် ဖြစ်သည်။ မေဆင်ဂန္ဓာရီဂိုဏ်းခွဲတစ်ခုတွင် အနည်းဆုံး အာစရိယနာယက တစ်ဦး၊ ဝါဒင်နှစ်ဦး၊ ပထမဆင့်နှစ်ဦးနှင့် ဒုတိယအဆင့်နှစ်ဦး၊ ပေါင်း ခုနစ်ဦးရှိလျှင် ဖွဲ့စည်းနိုင်ပြီဖြစ်သည်။

ပညာအဆင့်အားဖြင့် ခုနစ်ဦးဖြစ်သော်လည်း ဖွဲ့စည်းပုံအရ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ပါ ပါဝင်ဖွဲ့စည်းသည်။ ဓာတ်စခန်းနေပုံ၏အလယ်တွင် ပလ္လင်ရှိပြီး ယင်းပလ္လင်၏အထက်တွင် ခြောက်မြောင့်ကြယ်တစ်လုံးရှိသည်။ ကြယ်နေရာတွင် မီးထွန်းထားရသည်။ နာယက အာစရိယ၏ ခေါင်းပေါ်တွင် ငါးမြောင့်ကြယ်တစ်လုံး ရှိသည်။ ခြောက်မြောင့်ကြယ်မှာ ဆော်လမွန်ကြယ်တာရာဟုခေါ်ပြီး ဘုရင်ရှင်ကို ခေါ်ညွှန်းထားခြင်းဖြစ်သည်။ ငါးမြောင့်ကြယ်မှာ သိဒ္ဓိတင် ဘိသိက်ခံခြင်းကို ရည်ညွှန်းသည်။ ဓာတ်စခန်း၏ ထောင့်လေးထောင့်တွင် ပန်းပွားတစ်ခုစီဖြင့် ပန်းပွားလေးခုရှိသည်။ ပန်းပွားလေးခုသည်



ဖရိုးမေဆင်ဂိုဏ်းဝင် နပိုလီယံပုံ

သည်းခံမှု၊ ချင့်ချိန်မှု၊ တရားမျှတမှုနှင့် လောကဓံကို ခံနိုင်ရည်ရှိမှုကို ရည်ညွှန်းသည်။ ပန်းပွားများကို တွေ့မြင်ရသော အသင်းသားများသည် ဤအရည်အချင်း လေးရပ်ကို ဖြည့်ဆည်းရန် သတိပေးနေသကဲ့သို့ပင် ဖြစ်သည်။

ဓာတ်စခန်းတိုင်းတွင် တိုင်နှစ်လုံး၊ တုရင်တိုင် သုံးလုံး၊ အဆောင်အယောင်၊ ပရိဘောဂနှင့် ရတနာသုံးမျိုးဟူ၍ ရှိစမြဲဖြစ်သည်။ ယင်းပရိဘောဂအဆောင်အယောင်၊ ရတနာတို့သည် မေဆင် ဂန္ဓာရီပညာ၏ အခြေခံများပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ အဆောင်အယောင်တွင် အဖြူအနက်ကွက်ကြား ကြမ်းခင်းခြောက်မြောင့်ကြယ်ပြောက်နှင့် ကလနားသတ် အတွန့်တို့ဖြစ်သည်။ ပရိဘောဂ သုံးမျိုးမှာ သစ္စာဆိုရန် ကျမ်းမြတ်၊ ကွန်ပါနှင့် ကျင်တွယ်တို့ ဖြစ်သည်။ ရတနာသုံးမျိုးမှာ ကျင်တွယ်၊ ချိန်သီးနှင့်ရေချိန်တို့ဖြစ်ပြီး ယင်းရတနာသုံးမျိုးကို ရွှေပြောင်း နိုင်သော ရတနာသုံးမျိုးဟု ခေါ်သည်။ မရွှေပြောင်းနိုင်သော ရတနာသုံးမျိုးမှာ သရုပ်ပြပုံကားချပ်၊ ကျောက်တုံးကြမ်းနှင့် ကျောက်တုံးချောတို့ သုံးမျိုးဖြစ်သည်။

ကျမ်းမြတ်ဆိုသည်မှာ သမ္မာကျမ်းစာကို ဆိုလိုသည်။ သို့ရာတွင် မေဆင်တို့သည် ဘာသာရေး တရားသေဝါဒစွဲ ရှိသူများ မဟုတ်ကြရာ ခရစ်ယာန် ဘာသာဝင် မဟုတ်သော အသင်းခွဲများတွင် အခြားဘာသာတရားတို့၏ ကျမ်းစာများကို ထားရှိနိုင်သည်။ မေဆင် ပရိဘောဂ အဆင်တန်ဆာများကို ကြည့်လျှင် ကျင်တွယ်၊ ကွန်ပါ၊ ချိန်သီး စသည်ဖြင့် ဗီသုကာသုံး ပစ္စည်းကိရိယာများသာ ဖြစ်သည်ကို တွေ့ရသည်။ ရှေးခေတ် အီဂျစ်တွင် ကျောက်တုံးများဖြင့် ပိရမစ်များ တည်ဆောက်ကြသည်။ ကျောက်တုံးဖြင့် ပိရမစ်ဘုရားကျောင်း၊ ပိရမစ်ဓာတ်စခန်းကို တည်ဆောက်ရာတွင် ကျင်တွယ်၊ ကွန်ပါ၊ ချိန်သီးစသော ကိရိယာများကို အသုံးပြုစွဲ၍ တည်ဆောက်ခဲ့သည့် အစဉ်အလာကို ဖော်ညွှန်းခြင်းဖြစ်သည်။

ကျောက်တုံးတစ်တုံးနှင့်တစ်တုံး စီရာတွင် ကျောက်တုံးသည် ထောင့်မှန်ကျမှသာလျှင် တစ်တုံးနှင့်တစ်တုံး ညီညာအောင် စီနိုင်မည်ဖြစ်သည်။ ကျောက်တုံးများ လေးထောင့်ထောင့်မှန်ကျမကျကို ကျင်တွယ်ဖြင့် တိုင်းတာရသည်။ ရှေးဂန္ဓာရီကျင့်စဉ်တွင်လည်း

လူတွင်ရှိသော ခန္ဓာယာဉ်များသည် တစ်ခုနှင့်တစ်ခု ညီညာမှာ သဟဇာတဖြစ်မှသာလျှင် ခန္ဓာယာဉ်အတွင်း၌ ကိန်းအောင်းနေသော အမတဝိညာဉ်နှင့် ထိတွေ့ပေါင်းစပ်နိုင်မည် ဖြစ်သည်။ တစ်ဖန် အတွင်းလောကဖြစ်သော မိမိနှင့် အပလောကဖြစ်သော စကြဝဠာကြီးတို့ ပေါင်းစပ်ရေးအတွက် ရှေးဦးမှာ အတွင်းနှင့်အပ သဟဇာတဖြစ်ရန် လိုသည်ဟုလည်း အဓိပ္ပာယ်ဖွင့်သည်။ ထို့ကြောင့် ကျင်တွယ်သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့အချင်းချင်း ညီညွတ်မှုတာ သဟဇာတဖြစ်အောင် ကျင့်ကြံရန်ကို ဖော်ညွှန်းထားခြင်း ဖြစ်သည်။

ကျောက်တုံးများကို တိုင်လုံးများအဖြစ် ပြုလုပ်ရန်အတွက်ဖြစ်စေ၊ တံခါးပေါက်များ၊ ပြတင်းပေါက်များနှင့် အခြား ပရိဘောဂများကို ကျောက်သားဖြင့် ပြုလုပ်သောအခါ အဝန်းအဝိုင်းကို တိုင်းတာရန်အတွက် ကွန်ပါကို အသုံးချရသည်။ အီဂျစ်တို့ခေတ်က ရှေးဟောင်း မဟာဂန္ဓာရီပညာဖြင့် π ခေါ် စက်ဝန်း၏ ဧရိယာရှာသော ပုံသေနည်းနှင့် ထောင့်ဒီဂရီတိုင်းခြင်းကို တတ်ကျွမ်းနေပြီဖြစ်ကြောင်း ယခုအခါ သုတေသနပြု၍ သိကြပြီ ဖြစ်သည်။ အဆောက်အအုံဆောက်ရာတွင် ကျင်တွယ်မပါလျှင် မပြီးသကဲ့သို့ ကွန်ပါ မပါလျှင်လည်း မပြီးချေ။ ထို့အတူ မိမိ၏ခန္ဓာယာဉ်များ အနေအထားကို ထောင့်များ တိုင်းသကဲ့သို့ တိုင်းတာရန် မမေ့အပ်ကြောင်းကို ညွှန်းသည်။

ထို့အပြင် မဟာဂန္ဓာရီပညာတက်စဉ်တွင် သင်္ကေတများကို အသုံးပြု၍ သမာဓိတက်ခြင်း၊ လိပ်ပြာလွှင့်ခြင်း၊ နာမ်ခွာခြင်းပြုရာတွင် ဒီဂရီအတိုင်းအတာမှာ မပါလျှင် မပြီးသော အရာပင်ဖြစ်သည်။ ရွှေ့ပြောင်းနိုင်သော ရတနာသုံးမျိုးပါဝင်သော ကျင်တွယ်၊ ချိန်သီး၊ ရေချိန်တို့မှာလည်း ပန်းရန်ပညာ၊ ဗိသုကာပညာတွင် အထက်အောက် အမြင့် တည့်မတ်မှုနှင့် ကြမ်းခင်းညီညာမှုတို့ကို တိုင်းတာသော ကိရိယာများဖြစ်သည်။ ထို့အတူပင် မေဆင်တစ်ဦးသည် မိမိ၏ ကျင့်ကြံဆောင်ရွက်မှုများသည် မိမိ၏ဘာသာရေး ဆုံးမစကားများနှင့်လည်းကောင်း၊ မေဆင်ဂန္ဓာရီပညာ၏ စည်းမျဉ်းများနှင့်လည်းကောင်း ညီညွတ်ခြင်းရှိမရှိကို အစဉ်အမြဲ သတိဖြင့် တိုင်းတာချိန်ဆနေရန်အတွက် ရည်ညွှန်းခြင်း ဖြစ်သည်။

စစ်နှင့် ငြိမ်းချမ်းရေးဝတ္ထုတွင် ဇာတ်လိုက်မင်းသား ပီရီသည် ဖရီးမေဆင်အသင်းသို့ ဝင်ရောက်ပြီးနောက် ဂိုဏ်းဝင်တစ်ဦး လိုက်နာကျင့်ကြံရမည့် စည်းမျဉ်းများအတိုင်း မိမိ မလိုက်နာနိုင်ကြောင်းကို စဉ်းစားမိသောအခါ စိတ်ထဲတွင် လိပ်ပြာမလုံ ဖြစ်ရသည်ဟု တော်လ်စတွိုင်းက ဖော်ပြထားသည်။ မရွှေ့ပြောင်းနိုင်သော ရတနာသုံးမျိုးတွင် ပါဝင်သော သရုပ်ပြပုံကားချပ်မှာ စကြဝဠာကြီးတည်နေပုံကို သင်ကြားရာတွင်လည်းကောင်း၊ သင်္ကေတများကို သင်ကြားရန်အတွက်လည်းကောင်း၊ သရုပ်ရေးဆွဲထားသော ကားချပ်ဖြစ်သည်။ ကားချပ်ဆိုသော်လည်း တစ်ခါတစ်ရံတွင် ကြမ်းပြင်တွင် မြေဖြူဖြင့် ရေးဆွဲပြီးနောက် ပြန်ဖျက်ပစ်ရသည်။ တစ်နည်းအားဖြင့် အဆောက်အအုံများ ဆောက်ရန်အတွက် ဘလူးပရင့်ခေါ် ပုံကြမ်းကဲ့သို့ပင် အီဂျစ်ခေတ်က ကျောက်ပိရမစ်များ ဆောက်ရန်အတွက် သရုပ်ဖော်ပုံကြမ်းပင် ဖြစ်သည်။

ကျန်နှစ်ခုမှာ ကျောက်ကြမ်းတုံးနှင့် ကျောက်ချောတုံးတို့ဖြစ်သည်။ ပိရမစ်ဆောက်



ဆော်လမွန် လျှို့ဝှက်တံဆိပ်

ရာတွင် ကျောက်ကြမ်းတုံးများကို ကျောက်ချောတုံးဖြစ်အောင် ပြုပြင်ချောမွတ်ပြီးမှ အဆောက်အအုံတွင် အသုံးချရသကဲ့သို့ သာမန်လူသားသည် ကျောက်တုံးကြမ်းနှင့်တူပြီး ဂန္ဓာရီပညာ ကျင့်စဉ်စည်းမျဉ်းများကို လိုက်နာသူသည် ကျောက်ချောတုံးကဲ့သို့ အဆင့်မြင့်မဟာဂန္ဓာရီများကို လေ့လာရန် အသင့်ဖြစ်ကြောင်းကို သရုပ်တင်ခြင်း ဖြစ်သည်။ ဤပရိဘောဂ ရတနာပစ္စည်းများမပါဘဲနှင့် ဖရီးမေဆင် ဓာတ်စခန်းတစ်ခုကို မတည်ဆောက်နိုင်ပေ။ ထို့ကြောင့် မေဆင်ဂန္ဓာရီပညာ (၀၊) အစီအရင်ဂန္ဓာရီပညာတွင် ဤပရိဘောဂများသည် အဖိုးမဖြတ်နိုင်သော ရတနာများဖြစ်သည်ဟု ဆိုနိုင်လေသည်။

ဤပရိဘောဂ၊ ရတနာပစ္စည်းများသည် အဆင့် တက်ရာတွင်လည်း သူ့နေရာသူ့အဆင့်နှင့်သူ စည်းကမ်းတကျဖြင့် အသုံးပြုပြီး သိဒ္ဓိတင် ဘိသိက်ပွဲများ ကျင်းပရာတွင် မပါလျှင်မပြီးသော အဆောင်အယောင်များ ဖြစ်ပေသည်။

မေဆင်ဓာတ်ခန်းနှင့် ဒာခမ်းဒာနာ

ဖရီးမေဆင်တို့၏ ဂန္ဓာရီပညာသည် အစီအရင်ကို အဓိကထား သည်ဟု ဆိုခဲ့သည်။ အစီအရင်ပညာကို အခမ်းအနားတွင် အဓိကထား အသုံးပြုသည်။ မေဆင်တို့၏ အခမ်းအနားများအနက် အခမ်းအနားဖွင့်လှစ်ခြင်းနှင့် သိဒ္ဓိတင်အခမ်းအနားကို နမူနာ သာဓကပြရမည်ဆိုလျှင် မေဆင်တို့၏ တည်နေရာကို အသင်းဟူ၍လည်းကောင်း၊ ဝတ်ကျောင်းဟူ၍လည်းကောင်း၊ မခေါ်ဝေါ်ဘဲ LODGE ဓာတ်ခန်းဟု ခေါ်သည်။

အခင်းအကာ အဖိုးမှစ၍ အသုံးအဆောင် ပရိဘောဂများ အပါအဝင်တို့ကို စနစ်တကျ စည်းမျဉ်းအတိုင်း အတိအကျ ဆင်ယင်ထားသော နေရာဖြစ်ကြောင်းကို ရေးသားခဲ့ပြီးဖြစ်သည်။ ယင်းသို့ စနစ်တကျ စည်းကမ်းကြီးစွာဖြင့် ပြုလုပ်ထားသော ဓာတ်ခန်းကို အခမ်းအနား၊ အစည်းအဝေးများ ကျင်းပရန်အတွက် ဖွင့်လှစ်ရာတွင်လည်း စည်းကမ်းစနစ်အတိအကျ သတ်မှတ်ထားသည့်အတိုင်းသာ ဖွင့်ရသည်။ အဆောက်အအုံ တံခါးကိုဖွင့်ပြီး ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်၊ သင့်လျော်ရာထိုင်၍ မရချေ။ အခမ်းအနားမဖွင့်မီ မေဆင် အာစရိယနာယကသည် အမွေးတိုင်များကို သိဒ္ဓိတင်သည်။ နောက် အမွေးတိုင်များ ထွန်းညှိသည်။ ဖယောင်းတိုင်သုံးတိုင်ကို လက်ထောက်နှစ်ဦးတို့ အပါအဝင် တစ်ဦးလျှင်

ဖယောင်းတိုင် တစ်တိုင်စီ ထွန်းသည်။

ဖယောင်းတိုင်ထွန်းသောအခါတွင် အလွန်ရှိသေလေးစားစွာ ဘုရားရှိသည့် သန္တာန်မျိုးဖြင့် ထွန်းညှိရမည်။ ပထမဆုံး ခေါင်းဆောင်ဖြစ်သူက ကျွန်ုပ်တို့၏လုပ်ငန်းကို ပညာအလင်းရောင်ထွန်းလင်းပါစေဟု ဆုတောင်းပြီး ထွန်းညှိသည်။ လက်ထောက်က ခွန်အားအလင်းရောင်သည် ကျွန်ုပ်လုပ်ငန်းကို ထောက်ပံ့ပါစေဟု ဆုတောင်းပြီး ထွန်းညှိသည်။ ဒုတိယလက်ထောက်က အလှတရား၏အလင်းရောင်သည် ကျွန်ုပ်တို့လုပ်ငန်းတွင် ပေါ်လွင်ပါစေဟု ဆုတောင်းပြီး ဖယောင်းတိုင်မီး ထွန်းညှိရသည်။ အာစရိယ နာယကက ခေါက်လိုက်သောအခါ ခေါက်သံထွက်လာသည်။ တရုတ်ဘုန်းကြီးများ တုံးခေါက်ခြင်းမျိုး ဖြစ်သည်။ တုံးခေါက်နည်း သုံးမျိုးရှိသည်။

အသင်းသားတစ်ဦး ပထမဆုံး ဂိုဏ်းဝင်သောအခါ ပထမဆင့်ဟု သတ်မှတ်ပြီး ပထမဆင့် အသင်းသားအတွက် နရီမှန်ခေါက်သံ သုံးချက်ဖြစ်သည်။ ဒုတိယအဆင့်တက်သော အသင်းသားအတွက် နရီမှန် တစ်ချက်ခေါက်ပြီး အမြန်နှစ်ချက်ခေါက်ရသည်။ တတိယအဆင့် အသင်းသားအတွက်မှာမူ အမြန်နှစ်ချက်ခေါက်ပြီးမှ နာရီမှန်တစ်ချက် ခေါက်ရသည်။ မေဆင်တို့၏အခမ်းအနားတွင် ဖယောင်းတိုင်ထွန်းခြင်းနှင့်ခေါက်သံပြုခြင်းမှာ အလွန်လေးနက်သော အဓိပ္ပာယ်ကိုဆောင်သည်။ ဖယောင်းတိုင်ထွန်းသောအခါ မီးတောက်၏ တောဏောတ် သဘာဝအရ တောဏောတ်ကိုစိုးပိုင်သော အဂ္ဂနိဒေဝများ ကြွရောက်လာမည်ဟု ယုံကြည်ကြသည်။ အဂ္ဂနိဒေဝ၏အရှိန်အဝါ အလင်းရောင်ကြောင့် မိစ္ဆာဓာတ်များ ရဲသွားကြသည်။ စိတ်စွမ်းအင်များတက်လာရန်အတွက် ပတ်ဝန်းကျင်ကိုဖန်တီးထားသည်ဟု ယုံကြည်ကြသည်။

ခေါက်သံသည် ပထဝီဓာတ် ဘူတများနှင့် ဆက်သွယ်ခြင်းဖြစ်သည်။ ဓာတ်ကြီးလေးပါးတို့တွင် ယင်းဓာတ်ကြီးလေးပါးနှင့် သက်ဆိုင်သော ဝိညာဉ် သို့မဟုတ် ဘူတတို့ရှိသည်။ ယင်းဘူတများသည် ဥပ္ပပတ်ပဋိသန္ဓေဖြင့် တည်သော ဝိညာဉ်များ ဖြစ်သည်ဟု မေဆင်ဂန္ဓာရိပညာက ယူဆသည်။ ယင်းဘူတများနှင့်ဆက်သွယ်ပြီး ဘူတတို့၏ အကူအညီဖြင့် သိဒ္ဓိတင်ရာတွင် လွယ်ကူချောမောစေသည်။ အစွမ်းသတ္တိများသည် အနှောင့်အယှက်မရှိ တိုးတက်စေနိုင်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ခေါက်သံကြားလျှင် ပထဝီဓာတ်ဆိုင်ရာ ဘူတများသည် ဓာတ်ခန်းအတွင်းသို့ ရောက်ရှိလာပြီး အခမ်းအနားကို အောင်မြင်အောင် ကူညီပံ့ပိုးပေးကြသည်။ မျက်စိဖြင့်မြင်ရသော ရုပ်ဝတ္ထုဖြင့် ပံ့ပိုးခြင်းမဟုတ်ဘဲ မမြင်ရသော ပရလောက ဓာတ်သဘာဝကို ကြည်လင်တောက်ပအောင် စိတ်စွမ်းအင်များ တိုးတက်အောင် ကူညီပံ့ပိုးခြင်း ဖြစ်သည်။

ပထမဆင့် အသင်းသားအဖြစ် အသိအမှတ်ပြုရန် အခန်းအနား ကျင်းပသောအခါတွင် ပထမဆင့်ခေါက်သံကို အသုံးပြု၍ အခြားအဆင့်များအတွက် သိဒ္ဓိတင် အခမ်းအနား ကျင်းပသောအခါ အဆင့်အလိုက် လျော်ညီသော ခေါက်သံကို ခေါင်းဆောင်က ခေါက်ရသည်။ ခေါက်သံကြားလိုက်သည်နှင့် တစ်ပြိုင်နက် ပထဝီဘူတတို့သည် ဓာတ်ခန်းအတွင်းသို့ ဝင်ရောက်လာကြပြီး အခမ်းအနားကို ပူးပေါင်းကျင်းပရန်၊ ကူညီဆောင်ရွက်ရန် အသင့်

ဖြစ်နေကြသည်။ ထိုအခါ အာစရိယနာယကက ဒုတိယလက်ထောက်ကို မေးလိုက်သည်။

'မေဆင်တိုင်း အလေးဂရပြုရမယ့် အရာဟာ ဘာလဲ'

'ဓာတ်ခန်းကို လုံခြုံစိတ်ချရအောင် ဆောင်ရွက်ခြင်းပါ'

'ဒါဖြင့် ဤတာဝန်ကို ဆောင်ရွက်စေ'

ဒုတိယလက်ထောက်က အတွင်းလုံခြုံရေး တာဝန်ကျသူသည် သူတာဝန်ကျရာတွင် ဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးပြီး လုံခြုံရေးတာဝန်ကျက စောင့်ရှောက်လျက်ရှိကြောင်း ခေါင်းဆောင်ထံသတင်းပို့သည်။ ထိုအခါ အာစရိယနာယကက အလင်းရောင်များ ထွန်းလင်းစေဟု အမိန့်ပေးလိုက်သောအခါ မီးများလင်းလာပြီး အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာသည်။ မေဆင်ဂန္ဓာရီဂိုဏ်း၏ အကြီးအချုပ် ဆရာရှင်ရာကော်ဓီ (စိန့်ဂျာမိန်း)ပုံကို လွှမ်းထားသော အဝတ်ကိုဖွင့်လှစ်ပြီးနောက် ဓမ္မသီချင်းကို သာယာနာပျော်ဖွယ် သီဆိုကြသည်။ ယင်းသို့ အခမ်းအနားဖွင့်လှစ် ပြင်ဆင်နေစဉ်အတွင်း ဓာတ်ခန်းအပြင်ဘက်တွင် အသင်းဝင်အဖြစ် အသိအမှတ်ပြု ခံရမည့် အသင်းသားသစ်ကို ပြင်ဆင်ပေးရသည်။ တိုင်လာခေါ် စည်းကမ်းထိန်း တာဝန်ကျ အသင်းသားနှင့် အသင်းသားသစ်တို့ နှစ်ဦးရှိသည်။

စည်းကမ်းထိန်းက အသင်းသားသစ်အား အခမ်းအနားသို့ ဝင်ရန် ပြင်ဆင်လာရသည်။ အသင်းသားသစ်သည် မျက်နှာကို အဝတ်စည်းပြီး လည်ပင်းတွင် ကြိုးတပ်ထားရသည်။ အင်္ကျီဘယ်ဘက်ခြမ်းကို ရင်ဘတ်ပေါ်အောင် လှန်ထားရပြီး ညာဘက်အင်္ကျီလက်ကို တဲတောင်ဆစ်အထိ ပင့်တင်ထားရသည်။ ဘောင်းဘီ ဘယ်ဘက်ခြေထောက်တွင် ခွဲဆစ်အထိ လိပ်တင်ထားရပြီး ညာဘက်ခြေထောက်က ညှပ်ဖိနပ်စီးထားရသည်။ နှာရီ၊ ငွေ၊ အကြွေ၊ ညှပ်စသော ပစ္စည်းများကို အဝင်ဝတွင် ထားခဲ့ရသည်။ အသင့်ဖြစ်သောအခါ စည်းကမ်းထိန်းက အတွင်းတံခါးကို ပထမဆင့်ခေါက်သံဖြင့် ခေါက်သည်။ အတွင်းလုံခြုံရေးမှူးက ဒုတိယလက်ထောက်ထံသို့ သွားပြီး ပထမဆင့် သင်္ကေတဖြင့် အလေးပြုသည်။

ပထမဆင့်သင်္ကေတမှာ ညာဘက်လက်မကို လည်ပင်း၏ဘယ်ဘက်သို့ ကပ်ထားခြင်းဖြစ်သည်။ လမ်းလျှောက်သောအခါ စစ်သည်တော်များ အနှေးလျှောက်သကဲ့သို့ ရှေ့ခြေလှမ်းအတိုင်း နောက်ခြေက တန်းမတ်စွာလျှောက်ခြင်းဖြင့် မျဉ်းမတ်သဏ္ဌာန် ပုံဖော်သည်။ မျဉ်းမတ်သဏ္ဌာန်သည် အင်္ဂလိပ်စာ 'အိုင်'ဖြစ်၍'ကျွန်ုပ်'ဟု ဆိုလိုသည်။ အတွင်းရေးမှူးက 'ဒုတိယ လက်ထောက်ခင်ဗျား၊ သတင်းပို့စရာ ရှိပါတယ်'ဟု သတင်းပို့သည်။ ဒု လက်ထောက်က တူဖြင့် စားပွဲကိုထုလိုက်ပြီး အာစရိယနာယကသို့ သွားပြီး ပထမအဆင့် သင်္ကေတဖြင့် 'နောင်တော်ခင်ဗျား၊ သတင်းပို့စရာ ရှိပါတယ်'ဟု ပြောသည်။ လုံခြုံရေးမှူးက စည်းကမ်းထိန်းမှူးအား အခုဝင်မယ့်သူဟာ မည်သူနည်းဟု မေးရာ စည်းကမ်းထိန်းမှူးက–

'အသင်းသားသစ် မစ္စတာဂျွန်ဟာ အမှောင်ထဲ ရောက်နေသူ ဖြစ်ပါတယ်၊ သူဟာ လူကောင်းသူကောင်းဖြစ်ပြီး ထိုက်တန်တဲ့ ထောက်ခံချက်တွေလဲ ရထားပါတယ်၊ ထုံးစံအတိုင်း အသင်းသားအဖြစ် လျှောက်ထားခဲ့ပြီး သူ့ရဲ့ သဘောဆန္ဒအလျောက် အသင်းဝင်လိုသူဖြစ်ပါတယ်၊ သူဟာ ထုံးစံအတိုင်း ပြင်ဆင်ထားပါပြီ၊ ပြီးတော့ ဖရီးမေဆင်ရဲ့ ဂန္ဓာရီ

ပညာတွေကိုလေ့လာဖို့ နိမ်ချစွာစောင့်စားနေသူ ဖြစ်ပါတယ်' ဟု သတင်းပို့လိုက်သည်။

အာစရိယနာယကက 'ဒါဖြင့် ကောင်းပြီ၊ သူ့ကို စနစ်တကျ ပြင်ဆင်ထားပြီးပြီလား' ဟု မေးလိုက်သည်။

လုံခြုံရေးမှူး။ ။ အာစရိယဆရာ ခင်ဗျား၊ ကျွန်တော် သူ့ကို ပြင်ဆင်ထားပါပြီ။

အာစရိယနာယက။ ။ ဒါဖြင့် ကောင်းပြီ၊ သူ့ကို ပုံစံတကျ ဝင်လာပါစေ။

ထိုအခါ အသင်းသားတစ်ဦးက အသင်းသားသစ်အား အရှေ့မြောက်ထောင့်သို့ ခေါ်သွားပြီး ဒူးထောက်ထိုင်စေသည်။ လုံခြုံရေးမှူးက လူသစ်ဂျန်၏ ဖွင့်ထားသော ဘယ်ဘက် ရင်ဘတ်ပေါ်သို့ ဓား မြှောင်ဦးဖြင့် အသာအယာ ထိုးလိုက်ပြီးလျှင် ဘယ်လို ခံစားရသလဲဟု မေးလိုက်ရာ-



အသုဘချုပ်ကို သရုပ်ဖော်ထားပုံ

ဂျွန်။ ။ ဟုတ်ကဲ့။

လုံခြုံရေးမှူးက ဓား မြှောင်ကို ချွတ်မြှောက်ပြပြီး နောက် ဒူးထောက်ရန် ချထား သော ခုံပေါ်သို့ ဒူးထောက်စေ သည်။

အာစရိယဆရာ။ ။ ဒီလိုဆိုရင် ကောင်းပါပြီ၊ အားလုံးက ဆု တောင်းပတ္ထနာ ပြုတော့မှာမို့ အသင်းသားသစ်ဟာ ဒူးထောက် စေလိုပါတယ်။

အသင်းသားသစ်က ဒူးထောက်နေစဉ်တွင် အာစရိယ နာယကက ခေါက်သံတစ်ချက် ပြုလိုက်ရာ အခမ်းအနားသို့ တက်ရောက်သူအားလုံး ထရပ်လိုက်ကြပြီး ညာလက်ကို ဘယ်ရင်အုံပေါ်သို့တင်ပြီး ဆုတောင်းပတ္ထနာပြုကြသည်။ အစောင့်များက အသင်းသားသစ်၏ ခေါင်းပေါ်သို့ ကြိုင်းများဖြင့် ဝှေ့ယမ်းလိုက်သောအခါ မေဆင်တို့၏ ဆုတောင်းပတ္ထနာနည်းဖြင့် အာစရိယ နာယကက လေးနက်တည်ကြည်စွာ ဘုရားကို တိုင်တည်၍ ဆုတောင်းပတ္ထနာ ပြုသည်။ ဆုတောင်းပတ္ထနာ ပြီးဆုံးသွားပြီးသောအခါ ပရိသတ်များနေရာတွင် ပြန်ထိုင်ကြသည်။ အာစရိယနာကက-

'မစ္ဆတာဂျွန်ဟာ အသင်းသားအဖြစ် ထိုက်တန်စွာပြင်ဆင်ခဲ့ပြီးဖြစ်သည်ကို အရပ်လေးမျက်နှာရှိအသင်းသားများကိုပြလိုက်ပါ' လုံခြုံရေးမှူးက မစ္ဆတာဂျွန်ကို အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘက်ရှိ အသင်းသားများရှေ့သို့ မစ္ဆတာဂျွန်ကို ပြရသည်။ ဤအဓိပ္ပာယ်မှာ အရပ်လေးမျက်နှာကိုအစိုးရသော ဒေဝရာဇာတို့အား တိုင်တည်ပြသခြင်း ဖြစ်သည်။

အာစရိယနာယ။ ။ သင့်အား မေဆင်တို့ ကျင့်ကြံရမယ့် ကိုယ်ကျင့်သိက္ခာတွေကို ပြောပြပြီးပြီ၊ သင်ကလဲလိုက်နာပါမယ်လို့ကတိပြုပြီးပြီ၊ သင်ဟာ မျက်နှာအဝတ်စည်းနဲ့ နေရတာလဲ

ကြာပြီ၊ အခုအခြေအနေမှာ သင့်ရဲ့ အသည်းနှလုံးထဲမှာ ဘယ်အရာကို အလိုအရှိဆုံးလဲ'

အသင်းသားသစ်။ ။ အလင်းရောင်ပါ။

အာစရိယနာယက။ ။ ညီနောင်တော် ဒုတိယလက်ထောက်ခင်ဗျား၊ လူသစ်ကို အလင်းရောင် ရရှိပါစေ။

အာစရိယနာယကသည် သူ့တူကို ဘယ်ညာဖွေ့ယမ်းပြီး စားပွဲပေါ် ချထားလိုက်ရာ အသင်းသားအားလုံးက လက်ခုပ်တစ်ချက် တီးလိုက်ကြသည်။ ဒုတိယလက်ထောက်က ပွဲန့်မျက်နှာအား စည်းထားသောအဝတ်ကို ခွာချပေးသည်။ နောက်လည်ပင်းတွင် စွပ်ထားသော ကြိုးကွင်းကိုလည်း ချွတ်ပေးလိုက်ပြီး ပွဲန့်ကိုရပ်စေသည်။ သမ္မာကျမ်းစာကိုကိုင်၍ မေဆင်လျှို့ဝှက်ချက်များကို မပေါက်ကြားစေရပါဟု သစ္စာဆိုရသည်။ မေဆင်တို့၏ ထုံးစံစည်းကမ်းအရ အသင်းသားသစ်အား သင်္ကေတ၊ လက်ဆွဲညှစ်ခြင်းနှင့် စကားဝှက်များကို ပေးရသည်။

မေဆင် အသင်းသားတစ်ဦးသည် မိမိလည်ပင်းပြတ်လိုက ပြတ်ပါစေ၊ လျှို့ဝှက်ချက်များကို မပေါက်ကြားစေရပါဟူသော အဓိပ္ပာယ်ကို ရည်ညွှန်းပြီး လည်ပင်းပေါ်သို့ ညာလက်တင်ပြီး ဖြတ်ဟန်ပြုသော သင်္ကေတနှင့် လက်ဆွဲနှုတ်ဆက်သောအခါ အခြားသူတစ်ဦး၏ လက်မအရင်းကို မိမိ လက်ညှိုးနှင့်လက်မဖြင့် ညှစ်လိုက်ရသည်။ စကားဝှက်မှာ BOAZဘို့ဓ်ဟု ဖြစ်သည်။ စကားဝှက်၏ အဓိပ္ပာယ်မှာ ဆောလမွန်ဘုရင်ကြီး၏ဝတ်ကျောင်းအဝင်ဝတွင်ရှိသော တိုင်နှစ်လုံးအနက် ဘယ်ဘက်ကတိုင်ကို ဘို့ဓ်ဟုခေါ်သည်။ ဤတိုင်၏ အမည်ကို စကားဝှက် ပြုလုပ်ထားခြင်း ဖြစ်ပြီး အသင်းသားသစ်မှာ ယင်းစကားဝှက်၏ အသံထွက် စကားလုံးပေါင်းသာမက နောက်ခံ ရည်ညွှန်းချက်ကိုပါ သိအောင် လေ့လာထားရသည်။

နောက်ဆုံးတွင် ပထမဆင့် အသင်းသားများ ဝတ်ဆင်ရသော အမှတ်တံဆိပ်ဖြစ်သည်။ ခါးစည်းတံဆိပ်ကို ဝတ်ဆင်ရန် အာစရိယဆရာက ညွှန်ကြားပေးအပ်သည်။ တစ်ပေပတ်လည် လေးထောင့် သို့မဟုတ် သုံးထောင့် ပိတ်စပေါ်တွင် သင်္ကေတများ ရေးခြယ်ထားသော အဝတ်ကို ဘေးနှစ်ဖက်တွင် အဝတ်ကြိုးတပ်ပြီး ခါးပတ်ဝတ်ဆင်ရခြင်း ဖြစ်သည်။ ဤခါးစည်းကြိုးများမှာ အသင်းသားအဆင့်အတန်းအလိုက် သတ်မှတ်ထားသော ပုံစံများဖြစ်၍ အသင်းအစည်းအဝေးနှင့် အခမ်းအနားများတွင် ဝတ်ဆင်ကြရသည်။ ဤတံဆိပ်အဝတ် မပါလျှင် အခမ်းအနားတက်ရောက်ခွင့် မရှိချေ။

အဆုံးသတ် အမှာစကားအနေဖြင့် အာစရိယ နာယကက အသင်းသားသစ်အား မေဆင်တို့၏ ကိုယ်ကျင့်တရားများဖြစ်သော မေတ္တာစိတ်ထားရန်၊ ကောင်မှုကုသိုလ်များနှင့် ဒါနတရားကို အစဉ်ကျင့်သုံးရန်၊ မိမိအသင်းဝင်စဉ်က ငွေကြေးတစ်ပြားမှ မပါခဲ့ဖူးသည်ကို သတိရပြီး အခြားဆင်းရဲသော အသင်းသားများကို စာနာစောင့်ရှောက်ရန်တို့ကို မှာကြားပြီး ပေတံ၊ တူနှင့် ဆောက်တစ်ချောင်းတို့ကို အဆောင်အယောင်အဖြစ် ပေးအပ်သည်။

- ပေတံမှာ မိမိ၏ကိုယ်ကျင့်တရားနှင့် ဘာသာရေးဝတ္တရားများ ပျက်ကွက်မှုရှိမရှိ အစဉ်တိုင်းတာနေရန်ကို ညွှန်းသည်။

- တူမှာ မသင့်လျော်သော စိတ်များကို ဟန့်တားပြီး လိပ်ပြာသန့်သောစိတ်ဖြစ်အောင် အမြဲကြိုးစားနေမည်ကို ညွှန်းသည်။
- ဆောက်မှာ မိမိ၏ပတ်ဝန်းကျင် အပေါင်းအသင်း အသင်းသားများနှင့် သဟဓာတ ဖြစ်စေမှုကို ရည်ညွှန်းပြီး အစဉ်သတိရနေစေရန် ပေးအပ်ခြင်း ဖြစ်သည်။

ယင်းကိစ္စများ ပြီးဆုံးသွားသောအခါ အာစရိယ နာယကက အသင်းသားသစ်အား စုံစမ်းစစ်ဆေးမှု၊ ညွှန်ကြားမှုများ ပြည့်စုံပြီဖြစ်၍ အနာယူနိုင်ပြီဖြစ်ကြောင်း ပြောကြားလိုက်ရာ လူသစ်သည် အဝတ်အစားများ ပြန်လည်လဲလှယ်ဝတ်ပြီး အာစရိယ နာယကကို အလေးပြုလိုက်သောအခါ အခမ်းအနား ပြီးဆုံးသွားသည်။ အသင်းသားအဖြစ် ပထမဆင့်သို့ ရောက်ပြီးသူသည် ဆက်လက်၍ ရှေးဟောင်းဂန္ဓာရီပညာများကို လေ့လာရသည်။ ဓာတ်ခန်းသို့ မှန်မှန်တက်ရောက်ပြီးလျှင် ဆရာက သင်ခန်းစာများကို ပို့ချသည်။ ဂန္ဓာရီဝင် ပစ္စည်းများ အသုံးအဆောင်များကို ကိုင်တွယ် အသုံးချနည်းများနှင့် အစီအရင်များကို လေ့လာရမည်။ ဒုတိယအဆင့်သို့တက်ရန် အရည်အချင်း ပြည့်ဝသောအခါ တစ်ဖန် သိဒ္ဓိတင်ဘိသိက်ပွဲ အခမ်းအနားများ ကျင်းပ၍ ဒုတိယဆင့်သို့တက်ရမည်။

ဤသို့ အခမ်းအနားများကျင်းပပြီး သိဒ္ဓိတင်ဘိသိက်ပွဲသရုပ်ဆောင်ပွဲများ ကျင်းပသောအခါတွင်လည်း ပထမဆင့်နည်းတူပင် စည်းကမ်းစနစ် တင်းကျပ်စွာ ဆောင်ရွက်ရသည်။ ထူးခြားသည်မှာ ခေါက်သံပေးခြင်း၊ သင်္ကေတ၊ ညှစ်ခြင်းနှင့် စကားဝှက်များ သာလျှင် ကွာခြားသွားခြင်း ဖြစ်သည်။ ဒုတိယအဆင့်မှ တတိယအဆင့်သို့ တက်ရာတွင်လည်း ယခင်အဆင့်များ တက်သကဲ့သို့ပင် သရုပ်ဆောင်ဘိသိက်ပွဲကျင်းပ၍ ခမ်းနားစွာ ကျင်းပသည်။ မေဆင်တို့သည် မူလက တတိယအဆင့်သာ ရှိသည်။ နောင်အခါတွင် တိုးချဲ့လာရာ အဆင့် (၉)၊ အဆင့် (၁၈)၊ အဆင့် (၂၅)နှင့် အဆင့် (၃၃)တို့ဖြစ်သည်။ အဆင့် (၃၃)မှာ ဂိုဏ်းချုပ်ကြီးများကိုသာ ချီးမြှင့်လေ့ရှိသည်။

အီဂျစ်ဂန္ဓာရီပညာတွင် မာဂသုံးဆင့်အထိသာ သိဒ္ဓိတင် ဘိသိက်ပွဲများ ကျင်းပ၍ ပေးလေ့ရှိသည်။ ယင်းအစဉ်အလာအတိုင်းပင် မေဆင်တို့မှာလည်း တတိယအဆင့်ကို သာလျှင် အမြင့်ဆုံးအဖြစ် ထားရှိသည်။ တတိယအဆင့်မှာ အလွန်ကျယ်ဝန်း ရှည်လျားလှသဖြင့် အကျဉ်းချုပ်မျှသာ ဖော်ပြနိုင်မည်ဖြစ်ရာ စာရှုသူများအနေဖြင့် ပထမဆင့် အခမ်းအနား ကျင်းပပုံကို နမူနာထား၍ ဖြည့်စွက်ကြည့်လျှင် ပိုပြီးသဘောပေါက်မည် ဖြစ်သည်။ တတိယအဆင့်တက်ရန် အခမ်းအနားကိုလည်း ခါတိုင်း အခမ်းအနား ကျင်းပသည့်နည်းတူ စနစ်ကြီးစွာဖြင့် အတိအကျ ကျင်းပရသည်။ ထူးခြားသည်မှာကား ဆော်လမွန်ဘုရင်ကြီး၏ ဝတ်ကျောင်း ဆောက်လုပ်သောအခါ ဗီသုကာဟာရမ်အဘစ်ကို သူ၏တပည့် ပန်းရန်ပညာသည်များက သတ်ဖြတ်သည်ကို သရုပ်ဖော်ခြင်းဖြစ်သည်။ စင်စစ်အားဖြင့်ကား အသင်းသား တစ်ဦးကို တစ်နေ့တွင် တွေ့ရမည့် သေဘေးကို ရဲရဲစွာ ရင်ဆိုင်ခြင်းအားဖြင့် ဘဝကူးကောင်းအောင် သင်ကြားပေးခြင်းဖြစ်သည်။

ရှေးအီဂျစ် ဂန္ဓာရီပညာတွင်လည်း တပည့်သာဝက၏ သတ္တိစမ်းပွဲဟုလည်း ခေါ်

နိုင်သော မရဏဆုံးကို တက်စေသည်မဟုတ်ပါလော။ ယခု မေဆင်အစီအရင်ပညာတွင်လည်း တတိယအဆင့် တက်မည့်သူကို ဓာတ်ခန်းအတွင်း အခမ်းအနားဖြင့် သတ်ဖြတ်ခြင်းခံရသော သရုပ်ကိုဖော်ရသည်။ လက်ထောက်တစ်ဦးက ရေချိန်ဖြင့် တတိယအဆင့် တက်မည့်သူ၏ ဘယ်ဘက်နားထင်ကို ထိပြီး ရိုက်ဟန်ပြုရသည်။ ထိုအခါ အဆင့်တက်မည့်သူသည် လဲကျသွားရသည်။ လက်ထောက်တစ်ဦးက ညာဘက်နားထင်ကို မျဉ်းတံနှင့် ရိုက်ဟန်ပြုရသည်။ တတိယလက်ထောက်တစ်ဦးက သစ်သားတူကြီးဖြင့် နဖူးကို ထုဟန်ပြုရမည်။

အာစရိယ နာယကက အဆင့်တက်မည့်သူအား သေပြီဟု ကြေညာပြီး ခေါင်းအတွင်းသို့ နောက်ပြန်တည့်ရသည်။ ခေါင်းမှာ သဏ္ဌာန်ပြုလုပ်ထားသော စက္ကူကတ်ပြားခေါင်း ဖြစ်သည်။ ၁၂ နာရီထိုးခြင်း အထိမ်းအမှတ် ၁၂ ကြိမ်၊ မောင်းထုရသည်။ အသင့်ရှိနေသော အော်ဂင်၊ စန္ဒယားဖြင့် မရဏတေးသံကို တီးရသည်။ အာစရိယ နာယကသည် ခေါင်းအနီးသို့သွားပြီး ခြေနှစ်ချောင်း ယှက်ထားသည်ကို ပြန်ဖြည်လိုက်သည်။ နောက်ခေါင်းအတွင်းရှိ အစမ်းခံသူ၏ လက်ကို လက်ညှစ်လက်ဆွဲ နှုတ်ဆက်နည်းဖြင့် ဆွဲယူသည်။ အာစရိယ၏ ညာခြေသည် အစမ်းခံသူ၏ ညာခြေ၊ ညာလက်သည် ညာလက်ဖြင့် မျက်နှာချင်းအပ်ကာ ပွေ့ပြီး ပြန်ထူရသည်။ သေသူသည် ပြန်လည်ရှင်ပြန် ထမြောက်လာခြင်းကို သရုပ်ဆောင်ခြင်း ဖြစ်သည်။

သာမန်လူသားအဖြစ် သေပြီးနောက် ဂန္ဓာရီပညာရှင်အဖြစ် ပြန်လည် ရှင်ပြန်လာခြင်းကို သရုပ်ဖော် ခြင်းဖြစ်သည်။ ပြန်လည်ရှင်ပြန်လာသူအား တတိယအဆင့် သင်္ကေတ၊ ညှစ်နည်းနှင့် စကားဝှက်များကို သင်ကြားပေးသည်။ သင်္ကေတမှာ ညာဘက်လက်ကို ဖြန့်ကားပြီး ချက်ကို လက်မနှင့်ထိထားသော တတိယအဆင့်သင်္ကေတဖြစ်သည်။ လက်ဆွဲညှစ်သောအခါ လက်အဖျားအဆစ်ကိုညှစ်၍ နှုတ်ဆက်ရသော တတိယအဆင့် ညှစ်ခြင်းကို ပြသပေးသည်။ စကားဝှက်မှာ 'မချာဘင်' ဖြစ်သည်။ အဆင့်တိုင်းတွင် ပေးလေ့ရှိသော ခါးစည်းတံဆိပ်ကိုလည်း ပေးအပ်သည်။ ခါးစည်းအဝတ်ပေါ်တွင် အဆင့်၏ သင်္ကေတများ တပ်ဆင်ထားပြီး အခမ်းအနားတွင်ဝတ်ဆင်ကြရသည်။ ခါးစည်းအဝတ်ပေးပြီးသောအခါတွင် ယခင်က အဆင့်များ အပ်နှင်းပြီးနောက် ကျင်းပသည့် စနစ်အတိုင်း ပတ္တနာပြုခြင်း၊ ကောင်းချီးပေးခြင်းများ ပြုလုပ်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဖရီးမေဆင်တို့သည် လည်ပင်းကို လက်ဖြင့် ဖြတ်ဟန်ပြုခြင်း၊ သေခြင်းကို သရုပ်ဖော်ရခြင်း၊ ရိုက်နှက်ပုံ၊ ထုပုံ၊ သတ်ဖြတ်ပုံကို သရုပ်ဖော်ခြင်းကို နားမလည်သူများက ပရူးခေါင်းဖြတ်သင်းဟု ခေါ်ခြင်းဖြစ်သည်။ စင်စစ်အားဖြင့် သေခြင်းဆိုသည်မှာ ရုပ်ခန္ဓာကို စွန့်ခွာပြီး နာမ်ခန္ဓာဖြင့် ဆက်လက်ရှင်တည်မှုကို သင်ကြားပေးသော မဟာဂန္ဓာရီပညာကို လေ့လာလိုက်စားရန်အတွက် အထုပါသွားအောင် မျိုးစေ့ချပေးခြင်းသာဖြစ်သည်။ ဤသို့ မျိုးစေ့ချပေးသော သရုပ်တင် အစီအရင်ပညာဖြင့် မေဆင်ဂန္ဓာရီပညာသည် ရှေးဟောင်း ဂန္ဓာရီပညာမျိုးဆက် ဆက်လက်တည်တံ့အောင် ဆောင်ရွက်ခြင်းသာဖြစ်သည်ဟု စာရေးဆရာကြီး တော်လစတွိုင်းက ဆိုခဲ့ခြင်းဖြစ်သည်။

အစီအရင် ဂန္ဓာရီပညာ

မေဆင်ဂန္ဓာရီပညာသည် အစီအရင်ပညာကို အဓိကထား သည်ဟု ဆိုခဲ့သည်။ အစီအရင်ပညာဆိုသည်မှာ ဘယ်အရာကို ဆိုလိုကြောင်း ရှင်းပြရန်လိုသည်။ အစီအရင်ပညာဆိုသည်မှာ ဆေးဝါး၊ အင်းအိုင်၊ ခါးလှည့်များဖြင့် စီရင်သောပညာဟု ထင်မြင်နေကြသည်။ မဟာဂန္ဓာရီဝင် အစီအရင်ပညာမှာ ဤသို့မဟုတ်ချေ။ အစီအရင်ပညာနှင့် ခွဲခွာမရသောအချက်မှာ အခမ်းအနားပင် ဖြစ်သည်။ ထို့ကြောင့် အခမ်းအနားသဘင် အစီအရင်ပညာဟုဆိုမှ မှန်ကန်မည်ဖြစ်သည်။ အခမ်းအနားကျင်းပသောအခါ တက်ရောက်သူများက တိကျစွာ လိုက်နာဆောင်ရွက်ရသော ဆောင်ရွက်မှုဖြစ်သည်။ တက်ရောက်ပါဝင်သူအားလုံးက တစ်ပြိုင်နက်တည်း ဆောင်ရွက်ရသော ကိစ္စလည်း ရှိသည်။ သက်ဆိုင်သူ တစ်ဦးချင်းက သက်ဆိုင်ရာ တာဝန်အသီးသီးကို သီးခြားဆောင်ရွက်ရသည်လည်း ရှိသည်။

ထို့ကြောင့် အခမ်းအနား အစီအရင်ပညာကို အသုံးပြုသော မေဆင်ဂန္ဓာရီပညာကျင့်သုံးပုံကို နမူနာပြု၍တင်ပြရလျှင် သဘောပေါက်လွယ်မည်ဟုထင်မြင်မိသည်။ အဘယ်ကြောင့်ဆိုသော် အခမ်းအနားသဘင် အစီအရင်ပညာကို မေဆင်တို့သာမဟုတ်၊ တိဘက်တန္တရများ၊ အိန္ဒိယတန္တရများနှင့် အခြား ဂန္ဓာရီအဖွဲ့အစည်းများကပါ အသုံးပြုနေသောကြောင့်ဖြစ်သည်။ အစီအရင် ဂန္ဓာရီပညာရပ်တွင် ပါဝင်သော ကဏ္ဍများကို စိစစ်ကြည့်သောအခါ အသံစွမ်းအင်၊ မုဒြာစွမ်းအင်၊ သင်္ကေတစွမ်းအင်၊ သဘင်စွမ်းအင်နှင့် ဒေဝတာတို့၏ စွမ်းအင်တို့ကို စနစ်တကျ အဲကိုက်အသုံးပြုခြင်းသာ ဖြစ်သည်။

အသံစွမ်းအင်

မေဆင်အခမ်းအနားများတွင် ဂီတသံကိုလည်းကောင်း၊ ဓမ္မသီချင်းသံကို လည်းကောင်း၊ ခေါက်သံကိုလည်းကောင်း သူ့နေရာနှင့်သူ အသုံးပြုသည်။ အခမ်းအနားများစတင်ချိန်တွင်ဖြစ်စေ၊ ပြီးဆုံးကာနီးတွင်ဖြစ်စေ ငြိမ့်ညောင်းသာယာသောဂီတသံကို တီးမှုတ်သည်။ ဓမ္မသီချင်းကိုလည်း အားလုံးညီညာဖျူဖျ ညင်သာစွာ သီဆိုသည်။ ယင်း ဂီတနှင့် သီချင်းသံတို့မှာ ဘာသာရေးဝတ်ပြုခြင်းနှင့် ဆင်တူသော်လည်း အသွင်ကွဲသည်။ ဘာသာရေးအစွဲအလမ်းအနေဖြင့် သီဆိုတီးမှုတ်ခြင်းမဟုတ်ဘဲ ဂီတသံ၏အစွမ်းဖြင့် သီဆိုကြားနာသူတို့၏ နှလုံးစိတ်ဝမ်းအေးချမ်းမှုရစေခြင်း၊ အားလုံးတစ်ညီတညွတ် ဖြစ်မှုကြောင့် တက်ရောက်သူများ၏ လိပ်ပြာခန္ဓာခေါ် ဝေဒနာခံစားမှုခန္ဓာကို အေးဆေး ငြိမ်သက်စေသည်။

တို့အပြင် အချို့သော တေးသွားတို့၏ အသံစွမ်းအင်ကြောင့် ဂီတကို စောင့်ရှောက်နေသော ဂန္ဓဗ္ဗနတ်မင်းကြီးများ ကြွလာသည်ဟု ယုံကြည်ကြသည်။ အခမ်းအနားတွင် မေဆင်တို့ အသုံးပြုသော ဝေါဟာရများမှာ သီးခြားရှိသည်။ ဥပမာ ဘုရားကို Tgaotu ဟု အသံထွက်သည်။ ဆီမီးထွန်းသောအခါ Let there be light ဟု အသံထွက်ဆိုပြောရသည်။ အခမ်းအနား အဆုံးသတ်တွင် So mote it be ဟု အသံထွက်ဆိုရသည်။

ယင်းဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းခြင်းထက် ယင်းဝေါဟာရများကို ရွတ်ဆိုသော အသံ၏ စွမ်းအင်ကို အသုံးချခြင်း ဖြစ်သည်။ ဂါထာမန္တာန်မဟုတ်၊ ဘာသာရေး အနက်အဓိပ္ပာယ်ကို သာမညသာ ညွှန်းသည်။ ယင်းဝေါဟာရများထဲတွင် ပါဝင်သော တ၊ ဂ၊ အ၊ တ၊ အုတို့ကိုလည်းကောင်း၊ (အသံထွက်ကို ဆိုလိုသည်) လ၊ သ၊ ဘ၊ လ အသံတို့ကို လည်းကောင်း၊ စ၊ မ၊ အ၊ ဘ အသံတို့ကိုလည်းကောင်း ညွှန်းသည်။ အသံစွမ်းအင်ကို ရစ်သင်စွမ်းအင်နှင့်ပေါင်းစပ်ပြီး အသုံးပြုခြင်းဖြင့် အသံစွမ်းအင်နှင့် လျော်ညီသော ဒေဝတာများကိုဖိတ်ကြားခြင်း၊ ကြိုဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေဝတာတို့၏ စွမ်းအင်နှင့် လူ့စိတ်စွမ်းအင်တို့ကို ပူးပေါင်းခြင်း ဖြစ်သည်။

မေဆင် ဂိုဏ်းတက်ပွဲ အခမ်းအနား၊ ဖွင့်ပွဲ အခမ်းအနားစသည်တို့တွင် အခမ်းအနား ဖွင့်လှစ်ခြင်း၊ သိဒ္ဓိတင် ဘိသိက်ပွဲ ကျင်းပခြင်း စသော အခမ်းအနားများတွင် အစီအစဉ်များ တစ်ခုမှတစ်ခုသို့ပြောင်းတိုင်း ခေါက်သံပေး၍ ပြောင်းလဲရသည်။ စားပွဲပေါ်သို့ သစ်သားတူဖြင့် ခေါက်ခြင်းဖြစ်သည်။ အနောက်တိုင်း တရားရုံးများတွင် တရားသူကြီးက တူဖြင့် ခေါက်ပြီး အချက်ပေးသော ခေါက်နည်းမျိုးဖြစ်သည်။ ဥပမာအားဖြင့် ပထမဆင့်ဂိုဏ်းဝင် ဘိသိက်ပွဲအတွက် တစ်ချက်ခေါက်ရသည်။ ဒုတိယအဆင့် ဘိသိက်ပွဲအတွက် နှစ်ချက်ခေါက်ရသည်။ တတိယအဆင့် ဘိသိက်ပွဲအတွက် သုံးချက်ခေါက်ရသည်။ ခေါက်သည့်အခါ ရစ်သင်ဖြင့် ခေါက်ရသည်။

ဤသို့ ခေါက်သံပေးလိုက်သောအခါ သက်ဆိုင်ရာ ဘူတများ ရောက်လာပြီး ပါဝင်ကူညီကြသည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ်ကြီးလေးပါး၏ သဘာဝကြောင့် ဥပပွတ်ပဋိသန္ဓေဖြင့် ဖြစ်ပေါ်လာသော သဘာဝဓိုးနတ်များကို သက္ကတဘာသာဖြင့် ဘူတဟု ခေါ်သည်။ အင်္ဂလိပ်ဝေါဟာရမှာ **Elemental** ဟု ဖြစ်သည်။ လူ့ဘဝမှ ရောက်ရှိလာကြသူများလည်း မဟုတ်၊ နတ်ဒေဝတာအဆင့်လည်း မဟုတ်သောကြောင့်ခံအဆင့် တစ်ဆင့်မျှသာဖြစ်သည်။ ပထဝီဓာတ်ဘူတကို **Gnome**နှုန်းဟူ၍လည်းကောင်း၊ အာပေါဓာတ်ဘူတကို **Undine**ဟုလည်းကောင်း၊ တေဇောဓာတ်ဘူတကို **Salamander** ဟူ၍လည်းကောင်း၊ ဝါယောဓာတ်ဘူတကို **Sylph**ဟူ၍လည်းကောင်းခေါ်သည်။ ယင်းဘူတများအကြောင်းကို အရှေ့တိုင်း၊ အနောက်တိုင်း ရှေးဟောင်းစာပေ ဒဏ္ဍာရီများတွင် အများအပြား တွေ့ရသည်။

နှုန်းများကို ဥစ္စာစောင့်များ၊ ကျွတ်များ၊ ဂျင်နီများဟု အရပ်စကား ခေါ်ကြသည်။ အန်ဒင်းကိုမူ ရေသူမ၊ ပင်လယ်ကဝေဟု ခေါ်ကြသည်ကို ကဗျာလင်္ကာဒဏ္ဍာရီများတွင် မကြာခဏ တွေ့ကြရသည်။ ခေါက်သံကို ရစ်သင်ဖြင့် စနစ်တကျ ပြုသောအခါတွင် ပထဝီဓာတ် ဘူတများသည် လူ၏သန္တာန်ကို ဆောင်ယူပြီး အခမ်းအနားသဘင်တွင် ပါဝင်ဆင်နွှဲကြသည်။ သူတို့၏ စွမ်းအင်ကြောင့် သဘင်အခမ်းအနားသည် ပိုမိုအင်အားကောင်းလာသည်။ ဆွဲငင်မှုဓာတ် ကောင်းလာသည်။ တက်ရောက်သူများ ပိုမိုစိတ်အားတက်ကြွလာသည်။ စုပေါင်း စိတ်စွမ်းအင် အားကောင်းသည်ထက် ကောင်းလာသည်။

ပထဝီဓာတ် ဘူတများသည် လူအများစုဝေးကြသော အခမ်းအနား သဘင်များရှိလျှင် အလွန်ပျော်မြူးကြသည်။

သူတို့ပါဝင်ကြသည်။ တောင်ပြိုးနတ်ပွဲများတွင် သဘင်ပွဲကြီး ကျင်းပလေရာ ဤပထဝီဘူတနှုန်းများ တက်ရောက်မြူးထူးကြမည် ဖြစ်သည်။ ထို့ကြောင့် တောင်ပြိုးပွဲ၊ ရတနာဂူ နတ်ပွဲများသို့ တစ်ကြိမ်ရောက်ဖူးသူများသည် နတ်မယုံကြည်သည့် သူများပင် နောက်တစ်ခေါက် သွားလိုကြသည်ကို တွေ့ရသည်။ နတ်ကိုးကွယ်မှုကိုအပထား၍ ယင်း နတ်ပွဲများတွင် အပျော်ဝင်ကကြသူများသည်ပင် ပင်ကိုယ်စိတ်ပြောင်းသွားပြီး ကချင် ခုန် ချင်စိတ်များ ပေါက်လာသည်ကို ကိုယ်တွေ့တွေ့ဖူးသူများ အများအပြားရှိသည်။ ဤသို့ ပါဝင်သူများ စိတ်ပြောင်းသွားသဖြင့် သဘင်၏အောင်မြင်မှု၊ တက်ကြွမှုကို ရခြင်းကိုသာ ဖော်ပြလိုခြင်း ဖြစ်သည်။ မေဆင်တို့က ကနားပေး၍ ပင့်ဖိတ်ခြင်းမပြုဘဲ ခေါက်ခြင်းဖြင့် ကြိုဆိုခြင်းသာ ဖြစ်သည်။ ရှေးခေတ်ကလည်း တုံးခေါက်သံပေးခြင်း၊ ဘုရားရှိခိုး ဝတ်ပြုရာတွင် ဘာဝနာပွားရာတွင် တုံးခေါက်သံပြု၍ ဝတ်ပြုကြသည်ကို တရုတ်နှင့် ဂျပန်ပြည်တွင် တွေ့နေရသေးသည်။

မေဆင် အခမ်းအနားများတွင် ဓမ္မသီချင်းဆိုခြင်း၊ အမိန့်ပြန်တမ်းများ ရွတ်ဆိုခြင်း၊ ဂီတကို အသုံးပြုခြင်းဖြင့် နတ်ဒေဝတာကြီးများကို ပင့်ဖိတ်ခြင်း၊ ကြိုဆိုခြင်းပြုသည်။ လောကကို စောင့်ရှောက်လျက်ရှိသော သမ္မာဒေဝနတ်မင်းကြီးများကို အစီအစဉ်ဖြင့် ဖိတ်ကြားခြင်း၊ တိုင်တည်ခြင်း ပြုလုပ်သောအခါ လောကပါလနတ်မင်းကြီးများနှင့် သူတို့ ၏ နောက်လိုက်နောက်ပါ ဒေဝတာများသည် အခမ်းအနား သဘင်ပွဲသို့ တက်ရောက် ကြပြီး အခမ်းအနားကို ကူညီကြသည်။ သူတို့၏ ကိုယ်ရောင်ခြည်များဖြင့် ကူညီကြခြင်း ဖြစ်သည်။ မေဆင်တို့သည် နတ်ကိုးကွယ်သူများ မဟုတ်ကြ။ သို့သော် နတ်ဒေဝတာတို့ အကြောင်းကို သိသည်။ နတ်ဒေဝတာတို့သည် အစိန္တေယျဘုရား၏ အခြံအရံ စေတမန်များ ဖြစ်ကြသည်။

ဘုရားဖန်တီးထားသော သက်ရှိသက်မဲ့ အရာဝတ္ထု၊ သတ္တဝါတို့ မှီတင်းနေထိုင်ရာ လောကကြီးတစ်ခုလုံးကို တည်ဆောက်နေသော လောကပါလ လောကတည်ဆောက်ရေး လုပ်သားများသာ ဖြစ်သည်။ နတ်သမီးလေးတွေ တစ်ဖက်ငါးရာဖြင့် စည်းစိမ်ခံစားနေကြသူများမဟုတ်၊ လူ့လောကကြီး သူတော်ကောင်းတရား နိုးကြားရေး၊ အသိဉာဏ် အလင်းပွင့်ရေးအတွက် နေ့ညမအား သတ္တလောက၊ သခါရလောက၊ သြကာသလောကကို ပြုပြင်ဖန်တီး တည်ဆောက်နေသူများသာ ဖြစ်သည်။ ထို့ကြောင့် နတ်ဒေဝတာလောကသည် တစ်ဦးချင်းနေသလို နေနိုင်သော နေရာမဟုတ်။ အစီအစဉ်ဖြင့် စနစ်တကျ ဖွဲ့စည်းထားသော လောကဖြစ်သည်။ လူ့လောကတွင် ဌာနတစ်ခု၊ တိုင်းပြည် တစ်ပြည် ဖွဲ့စည်းထားသကဲ့သို့ ထိပ်ဆုံးတွင် တာဝန်အရှိဆုံး တန်ခိုးအာဏာအရှိဆုံး ပုဂ္ဂိုလ်ရှိပြီး သူ့အောက်တွင် တာဝန်ခွဲဝေမှုအရ အဆင့်ဆင့် တာဝန်ခွဲဝေမှု၊ အာဏာတန်ခိုး ခွဲဝေမှုအရ ဖွဲ့စည်းထားသော အုပ်ချုပ်ရေးစနစ်၊ ဖွဲ့စည်းပုံစနစ်ဖြင့် ဖွဲ့စည်းထားသော လောကဖြစ်သည်။

ထို့ကြောင့် နတ်ဒေဝတာ တစ်ပါးတစ်စုကို ဖိတ်ခေါ်ခြင်း၊ ဆက်သွယ်ခြင်း ပြုလုပ်၍မရ၊ အဆင့်ဆင့် တာဝန်ရှိသူများမှတစ်ဆင့် ခွင့်ပြုချက်ဖြင့်သာ ဆက်သွယ်ခြင်း၊ ဖိတ်ခေါ်ခြင်းများကို ပြုနိုင်ကြောင်း မေဆင်တို့ကသိကြသည်။ ထို့ကြောင့် ဒေဝတာများနှင့် ဆက်သွယ်ပင့်ဖိတ်သောအခါ အရပ်လေးမျက်နှာစောင့်သော မဟာဒေဝတာကြီး လေးပါးကို ပင့်ဖိတ်ရသည်။ အရှေ့အရပ်ကို အစိုးရသော ရာဖယ်၊ အနောက်အရပ်ကို အစိုးရသော ဂျက်ဘရီယယ်၊ တောင်အရပ်ကို အစိုးရသော မိုက်ကယ်၊ မြောက်အရပ်ကို အစိုးရသော ယူရီယာယ်တို့ကို တိုင်တည်ဖိတ်ကြားရသည်။ ဗြဟ္မဏဘာသာတွင်ရှိသော လောကပါလ မဟာဒေဝရာဇာ နတ်မင်းကြီးများဖြစ်သော ဓဒရဋ္ဌ၊ ကုဝေရ၊ ဝိရူပက္ခ၊ ဝေသဝဏ္ဏစသော နတ်မင်းကြီးများနှင့် တစ်တန်းတည်းဖြစ်သော လောကပါလ ဒေဝရာဇာများပင်ဖြစ်သည်။ မေဆင်ဂိုဏ်းသား အသစ်တစ်ဦးကို အရပ်လေးမျက်နှာသို့ လှည့်လည်ပြသရခြင်းမှာ လောကပါလ ဒေဝရာဇာကြီးလေးပါးနှင့် မိတ်ဆက်အပ်နှံခြင်း ဖြစ်သည်။ ဓာတ်နန်းအဝင်ဝတွင် တိုင်နှစ်လုံး ထားရှိမှုအစီအရင်မှာလည်း ဤဒေဝရာဇာများကို ညွှန်းခြင်းဖြစ်သည်။ လောက ပါလ ဒေဝရာဇာများက ယင်းတိုင်နှစ်လုံးအတွင်း၌ ၎င်းတို့၏ ဒေဝကိယ်ရောင်ခြည်ဖြင့် ကာရံပေးထားသည်။ ဒေဝကိယ်ရောင်ခြည် ကန့်လန့်ကာကိုဖြတ်၍ ဝင်လာသော ဂိုဏ်းသားအသစ်သည် မိမိ၏ ရှိရင်းစွဲကိုယ်ရောင်ခြည်ကို ဒေဝတာ ကိုယ်ရောင်ခြည်ဖြင့် အားဖြည့်ခြင်း၊ ဆေးကြောသန့်စင်ခြင်းဖြင့် ကိုယ်ရောင်ခြည်စွမ်းအင်၊ စိတ်စွမ်းအင်များ တိုးတက်လာစေသည်ဟု မေဆင်တို့က ယုံကြည်သည်။

ဒေဝရာဇာတို့၏ ခွင့်ပြုချက်မရဘဲ သမ္မာဒေဝတို့နှင့် ဆက်သွယ်ပင့်ဖိတ်ခြင်း မပြုနိုင်ဟုလည်း ယုံကြည်ကြသည်။ ဤသို့ ခေါက်သံကိုအသုံးပြု၍ ဘူတများနှင့် ဆက်သွယ်ခြင်း၊ သီချင်းသံ၊ ဂီတသံ၊ မန္တန်ဆန်သော ဝေါဟာရ အသံစွမ်းအင်များကို အသုံးပြု၍ ဒေဝတာများနှင့် ဆက်သွယ်ပြီး အခမ်းအနား အစီအရင်ကို အင်အားဖြည့်ထားသည်ကို မသိမြင်နိုင်သူများက မေဆင်တို့ကို အယူသီးသူ ခပ်ကြောင်ကြောင်တွေဟု ထင်မြင်ကြခြင်း ဖြစ်စေသည်။ ဦးရွှေအောင်၏ ဘဝအမြင်သစ် ကျမ်းတွင်လည်း ဤသို့ ဖော်ပြထား၏။

"အမှန်အားဖြင့် အသံသည် ဥ ပါဒ် ဌီ ဘင် မဲ့အနေဖြင့် ထာဝစဉ်ရှိပါ၏၊ တို့ကြောင့် အသံကို နေရာတိုင်း၌ ရှိသည့်အတွက် ဗြဟ္မာဟူ၍ဆိုခြင်းဖြစ်သည်၊ ဗြဟ္မာဖြစ်ပါက သဗ္ဗသန္တီမန္တ အနေဖြင့် အနှိုင်းမဲ့စွမ်းအင်ရှိ၏"

မဏ္ဍပ်စွမ်းအင်

အစီအရင် ဂန္ဓာရီပညာတွင် မဏ္ဍပ်ခေါ် လက်အနေအထား၊ ခန္ဓာကိုယ် အနေအထားတို့မှ ထွက်ပေါ်လာသော စွမ်းအင်ကိုလည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျ သုံးစွဲသည်။ ဂိုဏ်းသားတစ်ဦးနှင့်တစ်ဦး တွေ့ဆုံ၍ လက်ဆွဲနှုတ်ဆက်သောအခါ လက်မအဆစ် အတိုအရှည်အလိုက် ညှစ်၍ လက်ဆွဲနှုတ်ဆက်ရကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်သည်။ အခမ်းအနား အစီအစဉ်တစ်ခုသို့ ပြောင်းသောအခါ လက်ထောက်များက ခေါင်းဆောင်အား ခွင့်ပြုမိန့် တောင်းရသည်။

ဤသို့ တောင်းဆိုသည့်အခါတွင် ညာဘက်လက်ကို ဖြန့်ပြီး လည်ပင်းရှေ့သို့ လည်ဖြတ်ဟန် မုဒြာကို အသုံးပြုရသည်။

ဆုတောင်းပတ္ထနာပြုခြင်း၊ ကောင်းချီးပေးခြင်းတို့ ပြုသောအခါတွင် လက်နှစ်ဖက်ကို ဖြန့်၍ အထက်သို့ မြှောက်သော မုဒြာကို အသုံးပြုသည်။ ညာဘက်လက်မဖြင့် ချက်ကို ထိထားသော မုဒြာကိုလည်း သက်ဆိုင်ရာအခမ်းအနားတွင် အသုံးပြုရသည်။ တတိယ အဆင့်တက်သောဂိဏ်းသားကို သေခြင်းမှရုင်ပြန်ထမြောက်သော ဘိသိက်ပွဲအခမ်းအနားတွင် ခေါင်းထဲ၌ သေဟန်ပြုနေရသော တတိယအဆင့်ဂိဏ်းသားကို အာစရိယခေါင်းဆောင်က သေခြင်းမှ ပြန်လည်ရှင်သန်အောင် ပြုရသောအချိန်တွင် သေသူ၏ ခြေနှစ်ဖက်နှင့် ခေါင်းဆောင်၏ ခြေနှစ်ဖက်၊ ဒူးနှစ်ဖက်ကို ခေါင်းဆောင်၏ခြေ၊ ဒူးတို့ဖြင့် ပူးကပ်ပြီး ရင်ချင်းအပ်ရသည်။

ခေါင်းဆောင်၏ ညာဘက်လက်က သေဟန်ပြုသူ၏ ကျောဘက်သို့ ဖက်၍ မြှောက်ထူရသော မုဒြာကို အသုံးပြုရသည်။ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆ်ဆင့် အဆင့်အသီးသီး ရ,ထားသော ဂိဏ်းသားများက အာစရိယခေါင်းဆောင်အား ဂါရဝပြုသော အခါတွင် မိမိတို့အဆင့်အလိုက် ကိုယ်ဟန်ကိုယိမ်းနွဲ့လှုပ်ရှားရသည်။ အိုလံပစ် အားကစားပွဲတော်များတွင် ကပြလှုပ်ရှားရသော ခေါမခေတ် နတ်ကသကဲ့သို့လည်းကောင်း၊ တိဘက်လားမားများ မဏ္ဍာလခင်းသောအခါတွင် လှုပ်ရှားရသော ကိုယ်ဟန်ကဲ့သို့လည်းကောင်း လှုပ်ရှားရခြင်းဖြစ်သည်။ ခန္ဓာကိုယ်တွင်း၌ အဘိညာဏ်စွမ်းအင်များကို ဖြစ်ပေါ်စေသော ကုန္တလိနီခေါ် ခန္ဓာကိုယ်မှ ပေါ်ထွက်သော စိတ်စွမ်းအင်ရှိ၏။ ယင်းကုန္တလိနီ စွမ်းအင်သည် မြီးညောင့်ရိုးထိပ်တွင် ကိန်းပြီး တစ်ကိုယ်လုံးသို့ စီးဆင်းဖြာထွက်သော တံခါးပေါက်များ ရှိ၏။

ယင်းတံခါးပေါက်များကို ချက္ကရဟု သက္ကတဘာသာဖြင့် ခေါ်၏။ ချက္ကရကြီးခုနစ်ခု၊ ချက္ကရလတ် ၂၁ပေါက်၊ ချက္ကရငယ် ၄၉ပေါက် ရှိ၏။ ချက္ကရလတ်နှင့် ချက္ကရငယ်များသည် အာရုံကြောများ နှစ်ခုထက်ပိုပြီး ဆုံမိသောနေရာ **Plexus** တွင်ရှိ၏။ ခြေဖဝါး၊ လက်ဖဝါး၊ ပခုံး၊ ဒူးဆစ်၊ တင်ပါးဆုံတို့သည် ချက္ကရငယ်များရှိရာ အစိတ်အပိုင်းဖြစ်၏။ ခန္ဓာကိုယ်အင်္ဂါများ စနစ်တစ်ရပ်ဖြင့် လှုပ်ရှားလိုက်သောအခါတွင် ယင်းချက္ကရငယ်များ ပွင့်သွားတတ်သည်။ စနစ်တစ်ရပ်ဆိုသည်မှာ လှုပ်ရှားမှု နှေးကွေးပြီး ရစ်သမ်ညီညွတ်မှုကို ဆိုလိုသည်။

တိုက်ချိုချွမ် သိုင်းကွက်လှုပ်ရှားမှု၊ အိုလံပစ် နတ်ကကွက်လှုပ်ရှားမှု၊ မြန်မာယိုးဒယား (ထိုင်း) ကကွက် လှုပ်ရှားမှု၊ ဘဲလေးကကွက်မှ အချို့သော လှုပ်ရှားဟန်များမှာ ချက္ကရငယ်၊ ချက္ကရလတ်များကို ပွင့်စေသော လှုပ်ရှားမှုဖြစ်သည်။ ထို့ကြောင့် ကမ္ဘာကျော် ဘဲလေးအကပညာရှင် နီဂျင်စကီသည် စွာန်ပျံပုံနှင့် ဆင်တူသော 'အကျ' ကကွက်ဖြင့် ကမ္ဘာကျော်သူ ဖြစ်သည်။ နီဂျင်စကီသည် အထက်သို့ခုန်တက်ရင်း ထိပ်သို့ရောက်သော အခါ ငါဟာဘုရားပဲဟု ကြွေးကြော်သည်ကို မေဆင် ဂန္ဓာရီပညာရှင်များကသာ သဘော

ပေါက်နိုင်ကြသည်။ ကိုယ်၊ လက်၊ ခြေ အင်္ဂါရုပ်များကို ဤသို့ လှုပ်ရှားယိမ်းနွဲ့ခြင်းဖြင့် ပရနမာတ်များစီးဝင်ရာ နဒီများကို ချောမွေ့ဖြောင့်မတ်စေခြင်းဖြင့် ချက္ကရများ နိုးကြားပွင့်လင်းစေသော ခြေ၊ လက်ဟန်ကို မုဒြဟုခေါ်သည်။

ယင်းမုဒြများကို အစီအရင် ဂန္ဓာရီပညာ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မေဆောင်တို့ အသုံးပြုခြင်းဖြစ်သည်။ ဆိမီးထွန်းခြင်း၊ အမွေးတိုင်ထွန်းခြင်းတို့သည်လည်း အစီအရင်ပညာတွင် မပါလျှင်မပြီးသော ကဏ္ဍဖြစ်သည်။ ဆိမီးထွန်းခြင်းဖြင့် အဂ္ဂနိဒေဝခေါ် တေဇောဓာတ်ပိုင် ဒေဝတာကြီးများ ကြွလာသည်။ အဂ္ဂနိဒေဝ၏ ကွပ်ကဲမှုအောက်ရှိ ဆလေမင်ဒါခေါ် တေဇောဓာတ်ဘူတများလည်း အခမ်းအနားသို့တက်ရောက်ပြီး လူတို့နှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ အဂ္ဂနိဒေဝများသည် ကိုယ်ရောင်ကိုယ်ဝါ အလွန်ကြီးမား အားကောင်းသူများဖြစ်ရာ အဂ္ဂနိဒေဝ ကြွရောက်လာသောအခါ အဂ္ဂနိဒေဝ၏ ကိုယ်ရောင်ကိုယ်ဝါနှင့် ဂန္ဓာရီပညာရှင်တို့၏ ကိုယ်ရောင်ကိုယ်ဝါ ပေါင်းစပ်လိုက်သောအခါ ပေါင်းစပ် ကိုယ်ရောင်ကိုယ်ဝါ စွမ်းအင်သည် အတိုင်းမသိ တိုးတက်သွားသည်။

ကိုယ်ရောင်ကိုယ်ဝါပေါ်တွင် အမှီပြုနေသော စျာန်စွမ်းအင်၊ အဘိညာဉ်စွမ်းအင်တို့လည်း အတိုင်းမသိ ယာယီမျှ တိုးတက်သွားသည်။ ယာယီတိုးတက်မှု များပြားလာသော အခါတွင် ထာဝရစွမ်းအင်တစ်ရပ်အဖြစ်သို့ ပြောင်းလဲသွားသည်။ လျှပ်စစ်အင်အား ရှိသော်လည်း စက်နှိုးနိုင်လောက်အောင် အင်အားမရှိသော ဘက်ထရီတစ်လုံးအား လျှပ်စစ်အင်အားပြည့်ဝသော ဘက်ထရီတစ်လုံးနှင့် ပူးတွဲပြီး စက်နှိုးလိုက်သောအခါတွင် အင်အားနည်းသော ဘက်ထရီသည် အင်အားတိုးတက်လာသကဲ့သို့ပင် ဖြစ်သည်။ ယာဉ်မောင်းများနှင့် ကားဝပ်ရော့ဆရာတို့၏ လက်သုံးနည်းပင် ဖြစ်သည်။ ထို့ကြောင့် ဂန္ဓာရီ လောကတွင် ကိုယ်ရောင်ကိုယ်ဝါ ချိုးသုံးခြင်း **Aura bath**နှင့် ကုန္ဒလိနီ ချိုးသုံးခြင်း **Kundalini bath** ဟူသော နည်းပညာရပ်ကို လျှို့ဝှက်ထားခြင်း ဖြစ်သည်။ ဓာတ်ခန်း အဆောင်အယောင် ပစ္စည်း ပရိဘောဂများတွင် တိုင်သုံးလုံး ထားရှိခြင်းမှာလည်း ကျောမြောင်ရိုးနှင့် ဝဲယာတစ်ဖက်စီတွင် အီဒါနှင့်ပင်္ဂလခေါ် ကုန္ဒလိနီဖြတ်သန်းရာ နဒီကြိုးသုံးချောင်းကို ရည်ညွှန်း၍ ထားခြင်းဖြစ်သည်။

ရှေးခေတ် အီဂျစ်ဂန္ဓာရီပညာမှ စတင်ခဲ့သော သင်္ကေတဖြစ်သည်။ အီဂျစ်တွင် ဂန္ဓာရီပညာရှင် ဟာမီးက တောင်ဝှေးကို မြွေနှစ်ကောင်ပတ်နေပုံဖြင့် သရုပ်တင်ခဲ့သည်ကို ယခုခေတ်တွင် ဆေးပညာ၏ သင်္ကေတအဖြစ် အသုံးပြုနေကြသည်။ ယင်းသင်္ကေတကို **Caudducus**ဟု ခေါ်သည်။ ဆုတောင်းပတ္ထနာပြုသောအခါတွင်လည်းကောင်း၊ အခမ်းအနား အစီအရင်ကျင်းပ၍ ဒေဝများ ရောက်ရှိလာသောအခါတွင် လည်းကောင်း၊ အာကာသ အလင်းဓာတ်လိုင်းကြိုးသည် ဦးခေါင်းငယ်ထိပ်မှနေ၍ ယင်းနဒီကြောင်းကြိုး သုံးကြောင်း အတိုင်း ခန္ဓာကိုယ်အတွင်းသို့ စီးဝင်ပြီး ကုန္ဒလိနီဓာတ်များ နိုးကြားထကြွစေသည်။

တို့နောက် အာကာသဓာတ်လိုင်းများသည် ခန္ဓာကိုယ်မှ ထွက်ပြီး ကမ္ဘာမြေအတွင်းသို့ စီးဝင်သွားရာ လူသည် အာကာသနှင့် ပထဝီမြေကြီးတို့၏ ကုန္ဒလိနီစီးကြောင်းကြိုးကို

ဆက်သွယ်ပေးသော 'ဖြူးစ်'ဖြစ်သွားသဖြင့် သိဒ္ဓိမြောက် အလင်းဓာတ်လိုင်းကြီး ဖြတ်စီးခြင်းခံရသော လူ၏ ခန္ဓာကိုယ်စွမ်းအင်မှာလည်း သိဒ္ဓိမြောက်သွားလေသည်။ အချုပ်အားဖြင့် အစီအရင် ဂန္ဓာရီပညာသည် အယူသီးယုံကြည်မှုမဟုတ်၊ သာမန်အားဖြင့် မမြင်နိုင်မကြားနိုင်သော အသံစွမ်းအင်၊ အလင်းစွမ်းအင်၊ မုဒြစွမ်းအင်၊သင်္ကေတစွမ်းအင်၊ သဘင်စွမ်းအင်တို့ကို စနစ်တကျ သူ့နေရာနှင့်သူ အသုံးချသော ဂန္ဓာရီပညာသာ ဖြစ်ပေသည်။

*

ဖရီးမေဆင် နောက်ဆက်တွဲ

ဉာဏ်အလင်းဂန္ဓာရီဂိုဏ်း

ဉာဏ်အလင်းဂန္ဓာရီဂိုဏ်းမှာ လက်တင်ဘာသာ Illuminati ကို အင်္ဂလိပ်ဘာသာ Enlightened တစ်ဆင့် ဆိုလျော်အောင် ပြန်ဆိုထားခြင်းဖြစ်သည်။ ယခင်က ဖော်ပြခဲ့ပြီးသော Gnosis ဝိဇ္ဇာဉာဏ်ဂိုဏ်းနှင့် ခပ်ဆင်ဆင်တူသည်။ ဂန္ဓာရီဂိုဏ်းများတွင် အပေါ်ယံအဆောင်အယောင် နည်းပညာများ မည်သို့ပင် ကွဲပြားနေစေကာမူ ဘာဝနာနည်းဖြင့် ဉာဏ်စဉ်တက်ရာတွင် အစ္ဆတ္တအလင်းရောင် အလင်းဓာတ်ရအောင် ကျင့်ရမည်မှာကား တူညီကြသည်။ ထို့ကြောင့် ဂန္ဓာရီဂိုဏ်းများသည် အခေါ်အဝေါ်အမည်များကို အမျိုးမျိုးခေါ်ဝေါ်ကြသော်လည်း အလင်းရောင် အလင်းဓာတ်ဟူသော အမည်ကိုကား အများအပြားအသုံးပြုကြသည်။

ဒီယွန်ဖော်ကျန်းက သူမ၏ဂန္ဓာရီဂိုဏ်းကို အစ္ဆတ္တအလင်းဓာတ် (Inner Light) အသင်းဟုခေါ်သည်။ မာသာက သူ၏အသင်းကို Golden Dawn ရွှေအရုဏ်ဦးအသင်းဟု အမည်မှည့်သည်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး ရှယ်လီမက်လင်းကလည်း သူတွေ့သော တရားအလင်း ကျင့်စဉ်ကို Going within ဟူသော အမည်ဖြင့် အစ္ဆတ္တ အလင်းဓာတ်ရအောင် မည်သို့ ကျင့်ကြံခဲ့သည်ကို ရေးသားသည်။ အီလူမိနေတီခေါ် ဉာဏ်အလင်း ဂန္ဓာရီဂိုဏ်းမှာ (၁၈)ရာစုတွင် ပေါ်ပေါက်လာသော်လည်း မူလမြစ်ဖျားခံရာ ဂန္ဓာရီဂိုဏ်းမှာ ၃ ရာစုမှ စတင်ခဲ့သည်။

၃ ရာစုတွင် ဘက္ကက်၌ မာနီဆိုသော ဂန္ဓာရီပညာရှင်တစ်ဦး ပေါ်ထွန်းခဲ့သည်။ မာနီက သူ၏တရားသည် ဟာမီး၊ ဗုဒ္ဓ၊ ပလေတို၊ ခရစ်တော်တို့၏တရားကို အခြေခံသည်ဟု ဆိုသည်။ မာနီသည် အိန္ဒိယပြည်သို့လည်း ဂန္ဓာရီပညာရှာရင်း ရောက်ရှိသည်။ တိုစဉ်က အိန္ဒိယပြည်တွင်ရှိသော ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာတို့လည်း လေ့လာခဲ့သည်။ အာရုပ်လောကတစ်ခွင်နှင့် ပါရှားပြည်သို့လည်း ဂန္ဓာရီခရီးလှည့်၍ တရားရှာရာ ပါရှား

(ယခု အီရန်)တို့က မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲပြီး ပါရှားပြည်မှ နှင်ထုတ်ခြင်းခံရသည်။ ယင်းသို့ ဂန္ဓာရီခရီးလှည့်ရင်း လေ့လာခဲ့ရသော ဘာသာရေးအယူအဆများနှင့် ဂန္ဓာရီပညာ ပေါင်းစပ်ထားသောဝါဒကို လက်ကိုင်ပြု၍ ဂန္ဓာရီပညာ ရှာမှီးလိုသူများကို ဖြန့်ဖြူးသည်။ တပည့်သာဝကများကို ပညာအမွေပေးသည်။ အထူးသဖြင့် မာနိ၏တရားသည် ခရစ်ယာန် ဝိဇ္ဇာဉာဏ်ဂိုဏ်းနှင့် ဆင်တူ၍ ခရစ်ယာန်တို့အတွင်း ပျံ့နှံ့သွားသည်။

မာနိကွယ်လွန်သောအခါတွင် ရောမအင်ပါယာနှင့်တကွ အိန္ဒိယ၊ ပါရှား၊ ဆီးရီးယား၊ အီဂျစ်နှင့် တရုတ်ပြည်အထိ ပြန့်ပွားသွားသည်။ ထိုသို့ ပြန့်ပွားသွားသော မာနိ၏ဂိုဏ်းကို မင်နီချိယန်ဟု ခေါ်တွင်ကြသည်။ ရောမအင်ပါယာဖြစ်သော အီတလီမှတစ်ဆင့် ဂျာမန်၊ ပြင်သစ်၊ စပိန်စသော ဥရောပတိုက်သို့လည်း ဆက်လက်ပြန့်ပွားသွားသည်။ ဥရောပတိုက်သို့ ပျံ့နှံ့သွားသော မာနိ၏တရားကို အခြေပြုသော ဂန္ဓာရီပညာဂိုဏ်းများကို အီလူမိနေတီဟုခေါ်သည်။ ၁၅ ရာစုတွင် စပိန်နှင့်အီတလီတွင် မာနိ၏ဒေသနာကို အခြေပြုသော အီလူမိနေတီ ဂန္ဓာရီဂိုဏ်းများ ပေါ်ပေါက်လာသည်။


၁၇၁၁ခုနှစ်တွင် ဂျာမနီမှ ကိုမာဆိုသောဂန္ဓာရီပညာရှင်သည် အီဂျစ်တွင် နှစ်များစွာကြာအောင် ဂန္ဓာရီပညာများကို လေ့လာပြီးနောက် ဂျာမနီသို့ ပြန်ရောက်သည်။ အီဂျစ်တွင် ရှိနေစဉ်က မာနိ၏ ဂန္ဓာရီပညာရပ်များကို ကိုမာ လေ့လာဆည်းပူးသည်။ လက်တွေ့ကျင့်ရသော အန္တေဝါသိက လမ်းစဉ်များကိုလည်း ဆည်းပူးကျင့်ကြံခဲ့သည်။ ဗာဘေးရီးယားတက္ကသိုလ်တွင် ဥပဒေပါမောက္ခအဖြစ် ဆောင်ရွက်နေသော အဒမ်ဝေရော့သည် ၁၇၄၈ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဂျီးဆွတ်ဂိုဏ်း၏ ဂန္ဓာရီဒဿနများကို စိတ်ဝင်စားပြီး လေ့လာခဲ့သူဖြစ်သည်။ တစ်နေ့တွင် ဝေရော့ကို ကိုမာက သိမ်းသွင်းစည်းရုံးပြီး ဂန္ဓာရီပညာများကို လက်ဆင့်ကမ်းပေးခဲ့ရာ အဒမ်ဝေရော့သည် အလွန်စိတ်ပါဝင်စားပြီး ဂန္ဓာရီ ပညာရှင်အဖြစ် ရပ်တည်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ၁၇၇၆ ခုနှစ် မေလ (၁)ရက်နေ့တွင် မာနိ၏ ဂန္ဓာရီဒဿနကို အခြေခံသော အီလူမိနေတီခေါ် ဉာဏ်အလင်းဂန္ဓာရီဂိုဏ်းကြီးကို စတင်တည်ထောင်သည်။ ထိုစဉ်က အဒမ်ဝေရော့၏ အသက်မှာ (၂၈)နှစ်သာ ရှိသေးသည်။ အီလူမိနေတီဂိုဏ်းကြီးကို အဒမ်ဝေရော့ တည်ထောင်သောအချိန်တွင် ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ဂျာမနီတို့တွင် ရိုဆီကရူဆီယင်ဂိုဏ်းနှင့် ဖရီးမေဆင်ဂိုဏ်းတို့မှာ တည်ထောင်ပြီးဖြစ်သည်။ အဒမ်ဝေရော့သည် ဖရီးမေဆင် ဂန္ဓာရီပညာအခြေခံနှင့် အီလူမိနေတီဂိုဏ်း၏ ပညာအခြေခံတို့မှာ တူညီနေသည်ကို တွေ့ရ၍ ပိုမိုအင်အားကောင်းသော ဖရီးမေဆင်ဂန္ဓာရီဂိုဏ်းအတွင်းသို့ မိမိနှင့်တကွ လူရင်းများ ဝင်ရောက်လေ့လာဆည်းပူးကြသည်။

ထို့ကြောင့် ဖရီးမေဆင်ဂိုဏ်းနှင့် အီလူမိနေတီဂိုဏ်းတို့သည် ဥရောပတိုက်တွင် ရောယှက်သွားကာ နှစ်ဂိုဏ်း တစ်ဂိုဏ်း ဖြစ်သွားသည်။ တစ်နည်းအားဖြင့် အီလူမိနေတီ ဉာဏ်အလင်းဂိုဏ်းကြီးသည် ဖရီးမေဆင်၏ ဂိုဏ်းခွဲများဟုပင် ခေါ်နိုင်သည်။ ဂိုဏ်းချင်း ရောယှက် ပူးပေါင်းထားသော်လည်း ဉာဏ်အလင်းရောင်ဂိုဏ်း၏ သီးခြားလက္ခဏာများ

ကိုကား မပျောက်ပျက်အောင် ထိန်းသိမ်းထားသည်။ ဉာဏ်အလင်းရောင် ဂန္ဓာရီဂိုဏ်းသည် အပေါ်ယံအားဖြင့် ဖရိုးမေဆင်ဟူသော အသွင်ကို ပြထားပြီး အတွင်း၌မူ မိမိတို့၏ ဉာဏ်အလင်း ဂန္ဓာရီပညာများကိုသာ ဆက်လက်ကျင့်သုံးကြသည်။

ဉာဏ်အလင်းဂန္ဓာရီပညာဂိုဏ်းတွင် အဓိကအသုံးပြုသော သင်္ကေတမှာ တြိဂံအတွင်းရှိ မျက်လုံးတစ်လုံးပင် ဖြစ်သည်။ All seeing eye ဟု ခေါ်သည်။ စင်စစ်အားဖြင့် ဤဒီဗွစက္ခု သင်္ကေတမှာ အီဂျစ်ဂန္ဓာရီပညာမှ စတင်အသုံးပြုခဲ့သော သင်္ကေတဖြစ်ပြီး ဖရိုးမေဆင်နှင့် ရိုဆီကရူဆီယင်တို့ကလည်း ဆက်လက် အသုံးပြုခဲ့သော သင်္ကေတဖြစ်သည်။ ဂန္ဓာရီပညာဖြင့် ဒီဗွစက္ခုရအောင် ကျင့်ကြံရမည် ဟု အဓိပ္ပာယ်ရသည်။ ထို့အပြင် ဂန္ဓာရီ ပညာတွင် တတိယ အဆင့် ရောက်သောအခါမှ သာလျှင် ရနိုင်သော တန်ခိုးသိဒ္ဓိကိုလည်း ရည်ညွှန်းသည်။ ဤသင်္ကေတကို ဉာဏ်အလင်းရောင်ဂန္ဓာရီဂိုဏ်းကြီး၏ အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားပြီး ယင်းသင်္ကေတကို စက်ဝိုင်းအထပ် ရှစ်ထပ်ဖြင့် ဝန်းရံပတ်ဝိုင်းထားသည်။



ဉာဏ်အလင်းဂိုဏ်း၏သင်္ကေတ

သင်္ကေတ၏ ဗဟိုချက်တွင် ဂိုဏ်းချုပ်ကြီး အဒမ်ဝေရှော်ရှိပြီး သူ့ကို အမည်ဝှက်ဖြင့် စပါတေးကပ်ဟု ခေါ်သည်။ ရောမကိုအဲ့တုခဲ့သော သူရဲကောင်း စပါတေးကပ်ကို ရည်ညွှန်းခြင်း ဖြစ်သည်။ မတရားမှု၊ ဖိနှိပ်မှုများကို တရားမျှတမှု၊ ကိုယ်ချင်းစာမှု စသော လောကတွင်စရိယ လောကပါလ တရားများဖြင့် လွှမ်းစေရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဗဟိုချက်ကို မာဂတ်စ်ခေါ် အတွင်းစည်း လက်ရွေးစင်ဂိုဏ်းသားများက ဝန်းရံသည်။ ကျန်ခြောက်လွှာမှာ သာမန်အသင်းသား၊ ဂိုဏ်းသားဖြစ်သည်။ ဉာဏ်အလင်းရောင် ဂိုဏ်းဝင်များသည် ဂန္ဓာရီပညာနှင့် ပရဟိတလုပ်ငန်းကို စိတ်ပါဝင်စားသော ဉာဏ်အလင်း ရသူများ ဖြစ်ရမည်ဟု သတ်မှတ်သည်။

ဂိုဏ်းအတွင်းသို့ ရောက်ပြီးနောက် ကြိုးစားမှုအရ အတွင်းစည်းသို့ တစ်ဆင့်ချင်း ဝင်ခွင့်ရမည်ဖြစ်သည်။ ဤသို့ အတွင်းစည်းသို့ တစ်ဆင့်ချင်း ဝင်ရောက်သည်နှင့်အမျှ ကျင့်စဉ်များလည်း များပြားလေးနက်လာပြီး ဂန္ဓာရီပညာရပ်များကိုလည်း တိုးတက်လေ့



ဂိုဏ်းချုပ် အဒမ်ဝေရော့

ကျင့်နိုင်လာမည် ဖြစ်သည်။ အဆင့်တက်ပုံ၊ သိဒ္ဓိဝင် ဘိသိက်ပွဲများ ကျင်းပပုံမှာ ဖရီးမေဆင် ဂန္ဓာရီတက်စဉ် အတိုင်းဖြစ်၍ အကျယ်ချဲ့၍ မဖော်ပြတော့ပေ။ ခေတ်သစ်အတွင်းသို့ ဝင်ရောက်လာသော ဂန္ဓာရီပညာရှင်များသည် ရှေးခေတ်ကကဲ့သို့ ဂန္ဓာရီပညာသန့်သန့်ကိုသာ လိုက်စားမှုကို လျှော့၍ လောကအကျိုး၊ လူသားအကျိုးဆောင်မှုကို ရှေ့တန်းတင်လာကြသည်။

လွတ်လပ်မှု၊ တရားမျှတမှုများ ပြန့်ပွားရေးအတွက် ခေတ်အခြေအနေပေးသော အခွင့်ကောင်းကို ယူ၍ လောကအကျိုး၊ လူသားတို့အကျိုးကို ဆောင်ရွက်ရန်သာ အားထုတ်ကြသည်။ ၁၉ ရာစုကုန်ခါနီးတွင် ပြင်သစ်ပြည်တွင် ပဒေသရာဇ်ဘုရင်ကို ဆန့်ကျင်ပုန်ကန် သော ပြင်သစ်အရေးတော်ပုံကြီး ပေါ်ပေါက်လာသည်။ ပြင်သစ်အရေးတော်ပုံကြီးကို ခေါင်းဆောင်သူများမှာ ဂျက်ကိုဗင် နိုင်ငံရေးအဖွဲ့ ဖြစ်သည်။ ဂျက်ကိုဗင်ဘုန်းကြီးကျောင်း၌ စုဝေးတည်ထောင်သော နိုင်ငံရေးအဖွဲ့ကို ဂျက်ကိုဗင် (ဝါ) ဂျက်ကိုဗိုက်များဟု ခေါ်သည်။ အရေးတော်ပုံ ခေါင်းဆောင်များဖြစ်သော ရော့စပီးယား၊ဒင်တန်နှင့် ဘောဘော့ဖ်တို့မှာ ဂျက်ကိုဗိုက်များ ဖြစ်ကြသည်။

ထိုစဉ်က ပြင်သစ် အိလူမိနေတီ ဉာဏ်အလင်းရောင် ဂိုဏ်းသားများမှာ အလွန်အင်အားကောင်းပြီး အသင်းသား ၁၃၀၀ ကျော် ရှိသည်။ အထူးသဖြင့် ဂျက်ကိုဗင်အဖွဲ့မှ ခေါင်းဆောင်များသည် အိလူမိနေတီများဖြစ်ကြပြီး ပြင်သစ်ရှိ အိလူမိနေတီဂိုဏ်းကို 'လူ့လောကသစ် အသင်း' ဟူသောအမည်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့သည် အိလူမိနေတီ၏ အခြေခံယုံကြည်ချက်များဖြစ်သော လွတ်လပ်ရေး၊ တန်းတူရေးနှင့် တရားမျှတမှုတို့ လွှမ်းမိုးသော လူလောကသစ် လူ့ဘောင်သစ်ကိုတည်ထောင်ရန် ရည်ရွယ်ရာ ပြင်သစ်တော်လှန်ရေးကြီးတွင် ဤရည်ရွယ်ချက်ကို အကောင်အထည် ဖော်ကြခြင်းဖြစ်သည်။ ၁၈၃၀ ခုနှစ်တွင် အဒမ်ဝေရော့ ကွယ်လွန်သွားရာ ကျန်ရှိသော ခေါင်းဆောင်များက ဆက်လက်၍ အိလူမိနေတီဂိုဏ်းကြီးကို လှုံ့ဝှက် အသက်ဆက်ပေးခဲ့ကြသည်။

ဂျာမနီတွင် အိလူမိနေတီ ဂိုဏ်းခေါင်းဆောင်အချို့က အိလူမိနေတီ၏ ဂိုဏ်းခွဲတစ်ခုဖြစ်သော 'တရားမျှတမှု အသင်း'ကို လှုံ့ဝှက်ဖွဲ့စည်းခဲ့ကြပြီးလျှင် ယင်းတရားမျှတမှု အသင်းတွင် ကားလ်မတ်စ် ပါဝင်ခဲ့သည်။ အီတလီ၊ ပြင့်သစ်၊ အင်္ဂလန်၊ ဂျာမနီ၊ စပိန်သို့ ပြန့်ပွားသွားသော ဉာဏ်အလင်းရောင်ဂိုဏ်းကြီးမှာ အမေရိကန်သို့ ၁၇၉၈ ခုနှစ်တွင် ရောက်ရှိသွားပြီး ပထမဆုံးအကြိမ် ဉာဏ်အလင်းရောင် ဂိုဏ်းကြီးကို တည်ထောင်ကြသည်။ အမေရိကန်တွင် ရှိနှင့်ပြီးဖြစ်သော ဖရီးမေဆင်၊ ရိုဆီကရူဆီယင်တို့နှင့် ပေါင်းစပ်ရောနှောသွားသည်။ အမေရိကန်နိုင်ငံရေးသမားများ၊ စစ်ဗိုလ်များသည် များသောအားဖြင့် ဖရီးမေဆင်နှင့် ရိုဆီကရူဆီယင်များ ဖြစ်ကြရာ ဉာဏ်အလင်းရောင်ဂိုဏ်းသည် လွယ်ကူစွာ

ပင် အမေရိကန်နိုင်ငံရေးလောက၊ စီးပွားရေးလောကအတွင်းသို့ ဝင်ရောက်နိုင်လေသည်။

အမေရိကန်နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ထိုးဖောက်ဝင်ရောက်ရန် အတွက် ဉာဏ်အလင်းရောင်အဖွဲ့ The Round Table ဟူသော အဖွဲ့အစည်းကို တည် ထောင်သည်။ စင်စစ်အားဖြင့် The Round Table ဂိုဏ်းသည် ဟိုရှေးယခင် အာသာ ဘုရင်ကြီးလက်ထက်ကပင် ရှိခဲ့ဖူးသော ဂန္ဓာရီဂိုဏ်းကြီးဖြစ်သည်။ အဓိဋ္ဌာန်ဖြင့် ကျောက်သား ထဲတွင် စိုက်ထားသောမား်ကို မည်သူမျှ မထုတ်ယူနိုင်သော်လည်း ပါရမီရှင် သူရဲကောင်း အာသာဘုရင်က ဆွဲထုတ်နိုင်ခဲ့သည်ကို ဒဏ္ဍာရီဆန်ဆန် ရေးစကား အစဉ်အဆက် ရှိခဲ့ သည်။ အာသာဘုရင်သည် ကျောက်တုံးအတွင်းမှ မား်ကို ဆွဲထုတ်ပြီးနောက် လက်ရွေးစင် သူရဲကောင်းများဖြင့် မကောင်းသူပယ်၊ ကောင်းသူကယ်ရန် The Round Table ဂိုဏ်းကြီးကို ဖွဲ့စည်းခဲ့သည်။

ခေတ်သစ်တွင်လည်း ဖရီးမေဆင်၊ ရိုဆီကရူဆီယင်၊ ဝတ်ကျောင်းသူရဲကောင်း ဂိုဏ်းနှင့် သီအိုဆိုဖီအဖွဲ့များအတွင်းတွင် ယင်း Round Table အဖွဲ့များ ဖွဲ့စည်း၍ နှလုံးသားလောကကို အလှဆင်ရန် ကြိုးစားခဲ့ကြသည်။ အမေရိကန်ရောက် ဉာဏ်အလင်း ရောင် အသင်းသားဖြစ်သော အင်္ဂလိပ်စာပါမောက္ခ ဂျွန်ရပ်စကင်းသည် ၁၈၇၀ ခုနှစ်တွင် Round Table အဖွဲ့ကြီးကို လူ့ဘောင်သစ်တည်ဆောက်ရန် မျှော်မှန်းချက်ဖြင့် လျှို့ဝှက် ဖွဲ့စည်းသည်။ သူကြွယ်ကြီး စီစီရတ်စ်က ငွေကြေး၊ လူအင်အားဖြင့် ထောက်ပံ့ပေးသဖြင့် 'စားပွဲဝိုင်း' အဖွဲ့ကြီး၏ အင်အားကောင်းလာပြီး ပရဟိတလုပ်ငန်းများ၊ လူမှုရေး ပြုပြင်ရေး လုပ်ငန်းများကို ဉာဏ်အလင်းရောင်မူအတိုင်း ဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံမှာလည်း ဉာဏ်အလင်းရောင်ဂိုဏ်းအတိုင်း အလွှာထပ်ဖြင့် လျှို့ဝှက်သိပ်သည်းစွာ ဖွဲ့စည်းဆောင်ရွက် ခဲ့သည်။

ထိုစဉ်က အနောက်ကမ္ဘာတစ်လွှားတွင် ဝတ်ကျောင်းသူရဲကောင်းဂိုဏ်း၊ ရိုဆီကရူ ဆီယင်ဂိုဏ်းများသည် လျှို့ဝှက်အသင်းအဖွဲ့များဖြစ်ရာ လျှို့ဝှက်အဖွဲ့အစည်းများ ခေတ် စားနေသော ကာလဖြစ်သည်။ လျှို့ဝှက်ခြင်းမှာ နိုင်ငံရေး၊ လူမှုရေးအရ မဟုတ်ဘဲ ဂန္ဓာရီ ပညာသဘောအရဖြစ်ရာ လျှို့ဝှက်ခြင်းမှာ သိပ်သည်းခြင်း၊ ပကာသန မမက်ခြင်း၊ မထင်ပေါ် မကျော်ကြားလိုခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် 'အပြောနှင့်မဟုတ် အလုပ်နှင့် သက်သေပြမည်' ဟူသော နှိမ်ချမှုကို အလေးပေးခြင်းဖြစ်သည်။ ထိုစဉ်က သမ္မတ ဝုဒ်ရိုးဝီလ်ဆင်၏ ကိုယ်ပွားဟုခေါ်သော လက်ရင်း လူယုံတော် ကာနယ်ဟောက်စ် သည် 'စားပွဲဝိုင်း' အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ ဝုဒ်ရိုးဝီလ်ဆင်သည် ဖရီးမေဆင်ဂိုဏ်းသား ဖြစ်သည်။ ဂန္ဓာရီပညာရှင်ချင်းဖြစ်၍ စာတ်တူ နာမ်တူပေါင်းမိကြသည်။

ကာနယ်ဟောက်စ်သည် စားပွဲဝိုင်းအဖွဲ့ကြီး၏ စီးပွားရေးလုပ်ငန်းများ ပြုပြင်ရေး ကို တာဝန်ယူရသော ခေါင်းဆောင်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ၏ ပင်မ အခြေခံဖြစ်သော ဒေါ်လာငွေကြေး ခိုင်မာတောင့်တင်းရေးအတွက် သင်္ကေတတံဆိပ်များ ကို အသုံးပြု၍ ငွေစက္ကူရိုက်နှိပ်သည်။ တစ်ဒေါ်လာတန် ငွေစက္ကူ၏ ကျောဘက်တွင်

ပိရမစ်ပုံ၏ထိပ်တွင် တြိဂံအတွင်း၌ မျက်လုံးတစ်လုံးကို ဖော်ပြထားသည်မှာ ဉာဏ်အလင်းရောင်အဖွဲ့ကြီး၏ ဂန္ဓာရီသင်္ကေတဖြစ်သော ဒီဗွစက္ကုပင်ဖြစ်သည်။ ဤ သင်္ကေတမည်မျှခရီးရောက်သည်ကို ယခုခေတ် ဒေါ်လာငွေ၏ အရာရောက်နေပုံကို ချင့်တွက်ခြင်းဖြင့် သိသာနိုင်သည်။ ပထမကမ္ဘာစစ်အပြီးတွင် သမ္မတ ဝုဒ်ရိုးဝီးဆင်နှင့် ကာနယ်ဟောက်စ်တို့သည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် League of Nation ခေါ် နိုင်ငံပေါင်းစုအဖွဲ့ကြီး ဖွဲ့ရန် ကြိုးစားခဲ့ကြသည်။



ဒေါ်လာစက္ကူပေါ်မှ ဒီဗွစကူသင်္ကေတ

နောင်အခါတွင် ကမ္ဘာကိစ္စများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် Council on Foreign Relation အဖွဲ့ကို အစိုးရအတွင်း၌ သိသိပ်ပါ ဖွဲ့စည်းပြီး အဖွဲ့ဝင်ပေါင်း ၁၆၀၀ ရှိခဲ့သည်။ ဤအဖွဲ့၏ ရည်ရွယ်ချက်မှာ တစ်ကမ္ဘာလုံးတွင် စနစ်သစ်၊ စိတ်ဓာတ်သစ် ဖြင့် တည်ဆောက်ထားသော လူ့ဘောင်သစ်ကြီးကို တည်ထောင်ရန် ဖြစ်သည်။ ဤ CFR အဖွဲ့တွင် အိုက်ဆင်ဟောင်းဝါး၊ ကနေဒီ၊ နစ်ဆင်၊ ကာတာတို့ ပါဝင်ကြောင်းကို ဂျော့ချ်ဘောင်း တက္ကသိုလ်ပါမောက္ခ ကာရိကွစ်ဂလိက *Tragedy and Hopes* စာအုပ်တွင် ၁၉၆၆ ခုနှစ်က ရေးသားဖော်ပြထားသည်။

ဂန္ဓာရီဂိုဏ်းများသည် ရီနေဆင်း ခေတ်သစ်မှစ၍ လုပ်နည်းလုပ်ဟန်များ ပြောင်းလဲလာရာ ၁၉ ရာစုမှစ၍ အဂ္ဂိရတ်ထိုးခြင်း၊ ပယောဂရောဂါကုသခြင်းတို့ကို အဓိက မထားတော့ဘဲ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ သိပ္ပံပညာစသော လောကအကျိုးပြု လုပ်ငန်းများကိုသာ အဓိကဦးတည်၍ ဆောင်ရွက်လာကြောင်း တွေ့ရသည်။

*

ခေတ်သစ် စူဠဂန္ဓာရီဂိုဏ်းများ

အနောက်တိုင်းတွင် ရှိဆီကရွှဆီယင်၊ ဖရိုးမေဆင်တို့နှင့် နောက်ဆက်တွဲ ဂန္ဓာရီဂိုဏ်းများ အစီအရီ ပေါ်ထွက်ခဲ့သည်။ အီလူမိနေတီ ဂန္ဓာရီဂိုဏ်းသည် ရှိဆီကရွှဆီယင်၊ ဖရိုးမေဆင် ဂန္ဓာရီပညာမှ ဆင်းသက်လာသကဲ့သို့ပင် အခြားထင်ရှားသော ဂန္ဓာရီဂိုဏ်းတစ်ခုမှာ ဟာမက်တစ်ဂန္ဓာရီဂိုဏ်း ဖြစ်သည်။ ဂန္ဓာရီပညာတွင် ရှေးဦးမဆွ ပေါ်ထွန်းခဲ့သော အီဂျစ် မဟာဂန္ဓာရီပညာကို စတင် အုတ်မြစ်ချခဲ့သူမှာ ဟာမီးစ်ဖြစ်သည်ကို အီဂျစ်မဟာဂန္ဓာရီ အကြောင်း ရေးသားစဉ်ကပင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဟာမီးစ်ဟူသောပုဂ္ဂိုလ်ကို နာမဝိသေသန ပြုသောအခါ HERMESE မှ Hermetic ဟာမစ်တစ်ဟု ဖြစ်လာသည်။ ဟာမီးစ်သည် ရှမ်ဗဲလားမှ စေလွှတ်လိုက်သော မဟာဂုရုဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ ရှမ်ဗဲလားမှ ထွက်ပေါ်လာသော ဂုရုအားလုံး၏ အကြီးအချုပ် မဟာဂုရုဟူသော ဂုဏ်ပုဒ်ကို ရရှိသူ ပုဂ္ဂိုလ်ပင်ဖြစ်သည်။

မဟာဂုရုသည် ခေတ်အခါတစ်လျှောက် ခေါ်မတွင် အော်ဖီးယပ် ဟူ၍လည်းကောင်း၊ ပါရှားတွင် ဇာရာသုဇာဟူ၍လည်းကောင်း၊ အိန္ဒိယတွင် ဘဂဝမ်ဟူ၍လည်းကောင်း ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ဖြစ်သည်။ ယင်းဟာမီးစ်၏ ဂန္ဓာရီပညာကို အခြေခံ၍ ဖွဲ့စည်းတည်ဆောက်ထားသော ဂန္ဓာရီဂိုဏ်းကို ဟာမီးတစ် ဂန္ဓာရီဂိုဏ်းကြီးဟု အနောက်တိုင်းတွင် ခေါ်ဝေါ်သည်။ ဟာမီးတစ် ဂန္ဓာရီဂိုဏ်းကြီး၏ ထင်ရှားသော ဂန္ဓာရီပညာရှင်များမှာ အဂ္ဂရိပါ၊ ပါရာဆဲလ်ဆပ်၊ နော်စတာဒါမတ်စ်တို့ ဖြစ်သည်။ ဂန္ဓာရီပညာ ထိပ်ဆုံးရောက်လာသော (၁၅)ရာစုတွင် အနောက်တိုင်းတစ်ခွင်တွင် ဟာမီးတစ်ဂန္ဓာရီပညာလည်း ရောက်လာသည်။ အနောက်တိုင်းတွင် ကျယ်ပြန့်ပြီးဖြစ်သော ရှိဆီကရွှဆီယင်၊ ဖရိုးမေဆင်တို့နှင့် ဟာမီးတစ်သည် ရောနှောပြီးနောက် အမည်အမျိုးမျိုးဖြင့် အလှိုလှို ပေါ်ထွက်လာသည်။

သို့ရာတွင် (၁၆)ရာစုသို့ ရောက်သောအခါ ဂန္ဓာရီပညာရပ်မှာ စတင် မှေးမှိန်လာသည်ကို တွေ့ရသည်။ ဟာမီးတစ်ဂန္ဓာရီပညာတွင် အဂ္ဂိရတ်ပညာသည် အထူးထင်ရှားလှသည်။ ဂျာမနီ၊ ပြင်သစ် စသော တိုင်းပြည်များရှိ ဟာမီးတစ် ဂန္ဓာရီပညာရှင်များသည် အဂ္ဂိရတ်သမားများ ဖြစ်ကြသည်။ ယနေ့ခေတ်တွင်ပင် ဂျာမနီက ဦးဆောင်လျက်ရှိသည်။ အဂ္ဂိရတ်ကျမ်းများ၊ စိတ်တန်ခိုးကျမ်းများ အစီအရီ ထွက်ပေါ်လျက်ရှိသည်။ အထူးသဖြင့် စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အဂ္ဂိရတ်ပညာဖြစ်သည်။ အရှေ့တိုင်း၊ အနောက်တိုင်း အဂ္ဂိရတ်ပညာတွင်, ပြဒါးစသော ဓာတ်သားများကို ရွှေဖြစ်အောင်၊ အာယုသိဒ္ဓိပြီးသော ဓာတ်လုံးဖြစ်အောင် မီးဖြင့် ပြုပြင်ယူကြသည်။ အဂ္ဂိရတ်ပညာနှင့် ဖိုထိုးခြင်းမှာ ခွဲမရသောအရာဖြစ်သည်။ သို့သော် ဂျာမန်ဟာမီးတစ် ဂန္ဓာရီပညာရှင်များက ရုပ်ဝတ္ထု၊ ဓာတ်သတ္တုများကို ရုပ်ဝတ္ထုဖြစ်သော မီးဖြင့်အပူပေးခြင်းထက် သာလွန်သောဂန္ဓာရီပညာကို ရရှိထားသည်။

ဂန္ဓာရီပညာတွင် ဘုတခေါ် ဝိညာဉ်ဓာတ်တစ်မျိုး ရှိကြောင်းကို အသိအမှတ်ပြုထားပြီး ယင်းဘုတများ၏ အကူအညီဖြင့် သိဒ္ဓိမြောက် ဂန္ဓာရီပညာဆိုင်ရာ နည်းနာများ

တွင် အသုံးပြုကြောင်းကို ဖရိုးမေဆင် ဂန္ဓာရီပညာ ရေးသားစဉ်က ဖော်ပြခဲ့ပြီးဖြစ်သည်။ ဘူတများတွင် ပထဝီဓာတ်ဘူတ၊ အာပေါဓာတ်ဘူတ၊ တေဇောဓာတ်ဘူတ၊ ဝါယောဓာတ်ဘူတ ဟူ၍ရှိရာ ဓာတ်သတ္တုနှင့် ဓာတ်သားများနှင့် ပထဝီဓာတ်ဘူတများနှင့် သက်ဆိုင်သည်။ တေဇောဓာတ် အပူပေးခြင်းသည် တေဇောဘူတများနှင့် ဆိုင်သည်။ အထူးသဖြင့် လောကီပညာနယ်ပယ်ရှိ ဘူတတို့တွင် အဂ္ဂနိဘူတခေါ် တေဇောဓာတ်ဘူတသည် အခရာဖြစ်သည်။

ထို့ကြောင့် ဟာမီးတစ် အဂ္ဂိရတ်ဆရာများက ပြဒါးစသော ဓာတ်သားများကို မီးဖြင့် ဖိထိုးမည့်အစား ယင်းဓာတ်များနှင့် သက်ဆိုင်သော ပထဝီဘူတနှင့် တေဇောဓာတ်ဘူတတို့၏ အကူအညီဖြင့် ဓာတ်သားများကို စင်ကြယ်စေသည်။ ဓာတ်သားတစ်မျိုးမှ အခြား ဓာတ်သားတစ်မျိုးသို့ ကူးပြောင်းစေသည်။ ထို့ကြောင့် အဂ္ဂိရတ်ပညာတွင် ဂျာမန် ဟာမီးတစ် ဂန္ဓာရီပညာရှင်များသည် အခြားအဂ္ဂိရတ် ဆရာများထက် ခေါင်းတစ်လုံး သာနေခြင်းဖြစ်သည်။ ဂန္ဓာရီလောကတွင် ဟာမီးတစ်ဂန္ဓာရီဂိုဏ်းကို အဂ္ဂိရတ်ဆရာဂိုဏ်းဟုပင် အရပ်စကားဖြင့် အသိအမှတ်ပြုထားကြသည်။ (၁၆)ရာစုသို့ ရောက်သော အခါတွင် ဂန္ဓာရီပညာရှင်များ အရည်အသွေးနိမ့်ကျလာသည်။ အဂ္ဂိရတ်စသော ရုပ်ဝတ္ထုပစ္စည်းကို အားကိုးသော အလေ့အထများ ဝင်လာသည်။ နာမ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတွင် ကျဆုံးလာသဖြင့် ရုပ်ပိုင်းဆိုင်ရာ အကူအညီများကို အသုံးပြုလာကြခြင်းဖြစ်သည်။ အခြားတစ်ဘက်တွင် စုန်းကဝေ၊ နတ်စသော အောက်လမ်းပညာများ၊ လောကီပညာများ ထွန်းကားလာရာ အင်္ဂလန်၊ ပြင်သစ်တို့တွင် အစိုးရ၏ အမိန့်အာဏာဖြင့် နှိမ်နင်းရသည်အထိ ဖြစ်လာသည်။

စုန်းကဝေများကို စစ်ဆေးပြီး အပြစ်ရှိသည်ဟု ဆုံးဖြတ်ပါက မီးရှို့ပြီး သေဒဏ်ပေးကြသည်။ ထို့ကြောင့် ဂန္ဓာရီပညာကိုလည်း အယုံအကြည်မရှိမှုများ ပေါပေါက်လာသည်။ ၁၅ ရာစုအတွင်း ပေါပေါက်လာသော ရီနေဆင်းခေါ် ခေတ်သစ်ကိုကြိုဆိုသော အတွေးအခေါ်သစ်များ၊ အနုပညာများ ပေါထွက်လာရာ ယင်း ရီနေဆင်း၊ ခေတ်ဆန်း အတွေးအခေါ်များနှင့် မကိုက်ညီသော လောကီပညာများ၊ ဂန္ဓာရီပညာများကိုလည်း သံသယဖြစ်လာကြသည်။ ထို့ကြောင့် ဂန္ဓာရီပညာသည် တဖြည်းဖြည်း မှေးမှိန်လာရသည်။ ရှမ်ဗဲလား ဆရာရှင်တို့၏ ရည်ရွယ်ချက်မှာ လူသားအားလုံးတို့၏ အတွေးအခေါ်နှင့် ကိုယ်ကျင့်တရား မြင့်သည်ထက် မြင့်လာစေရန် ရည်ရွယ်ချက်သာရှိသည်။ ထို့ပြင် ခေတ်ဆိုသည်မှာ တက်ချိန်နှင့် ကျချိန်ရှိသည်ကိုလည်း သတိပြုကြသည်။ လူသား၏ လိုအင်ဆန္ဒနှင့် ကိုက်ညီသော ဂန္ဓာရီပညာကိုသာလျှင် ဖွံ့ဖြိုးအောင် ကူညီရန် စီမံရသည်။ ထို့ကြောင့် ရှမ်ဗဲလားမှနေ၍ ခေတ်၏တောင်းဆိုချက်အရ ကိုက်ညီမည့် အတွေးအခေါ်ပညာရှင်များ၊ သိပ္ပံပညာရှင်များကို ၁၆ ရာစုမှစ၍ ၁၇ ရာစု၊ ၁၈ ရာစုအတွင်း လူ့လောကသို့ ပို့ပေးကြသည်။

ဘို့ရာတွင် ဂန္ဓာရီပညာ သန့်သန့်လိုင်းကိုကား ကျစ်လျစ်စွာဖြင့် ဆက်လက်ရှင်သန်အောင် ကြိုးပမ်းရသည်။ ထို့ကြောင့် အင်အားတောင့်တင်းစွာ ရှိပြီးဖြစ်သော ရီဆိ

ကရဆီယင်၊ ဖရိုးမေဆင်၊ ဆူဖီစသော ဂန္ဓာရီဂိုဏ်းများကိုမူ နဂိုအတိုင်း ဆက်လက်ရပ်တည်စေခဲ့သည်။ ယင်းဂိုဏ်းကြီးများကဲ့သို့ အင်အားမကြီးမားစေကာမူ ရှေးဟောင်းခေတ်မှ ရှိခဲ့သော စွဋ္ဌဂန္ဓာရီဂိုဏ်းများကိုလည်း ဆက်လက်ရပ်တည်အောင် ကြပ်မတ်ကူညီခဲ့သည်။ အိန္ဒိယပြည်တွင် သဒ္ဓမ္မမဏ္ဍလဂိုဏ်း၊ ဂျပန်ရှိ ယာမာဘူရှိဂိုဏ်း၊ တရုတ်ပြည်ရှိ ပုဏ္ဏရိက ကြာဂိုဏ်း၊ တောင်အမေရိကတိုက် ပီရူးရှိ ရောင်ခြည်ခုနစ်သွယ်ဂိုဏ်း၊ ယူကာတန် စွဋ္ဌဂန္ဓာရီဂိုဏ်းတို့ကိုလည်း ဂန္ဓာရီပညာ ဆက်လက်ရှင်သန်နိုင်အောင် ကူညီညွှန်ကြားပေးသည်။

၁၈ ရာစုတွင် အီလူမိနေတီဂိုဏ်းသည် အနောက်တိုင်းတွင် လှုပ်ရှားခဲ့ပြီး အမေရိကန်သို့ ဆက်လက်ပြန့်ပွားသွားသည်။ ၁၉ ရာစုတွင်ကား ဂန္ဓာရီပညာကို အားသစ်လောင်း၍ပေးရန် အချိန်ရောက်လာပြန်ရာ အနောက်တိုင်းတွင် Spiritualism ခေါ် တမလွန်လောကသားတို့နှင့် ဆက်သွယ်မှု၊ Chrisian Scientist ခရစ်ယာန် သိပ္ပံပညာများအဖွဲ့၊ New Thought အမြင်သစ်အဖွဲ့နှင့် Theosophy အသင်းတို့ ပေါ်ပေါက်လာရသည်။ စပရစ်ကျူရယ်လစ်ဇင်းခေါ် တမလွန်လောကရှိ ဝိညာဉ်များနှင့် ဆက်သွယ်ခြင်း၊ ပူးဝင်ခြင်း၊ အသံပေးခြင်း၊ တမလွန်ဝိညာဉ်များကို ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ထင်ပြခြင်းတို့ ခေတ်စားလာသည်။

ယင်းသို့ သုတေသန ပြုကြသူများမှာ အင်္ဂလန်မှ ပါမောက္ခ ဆာဝီလီယံကရစ်၊ ပါမောက္ခ မိုင်ယာစသော သိပ္ပံပညာရှင်များက နှတ်ပူးခြင်း၊ ဝိညာဉ်ပူးခြင်း၊ ကိုယ်ယောင်ပြခြင်းတို့ကို သက်သေ အထောက်အထားနှင့် မှန်မမှန် စစ်ဆေးသည်။ ဒီဒီဟုမ်းဆိုသူသည် လေထဲပျံပြသည်။ လေးထပ်တိုက်တစ်လုံး၏ ပြတင်းပေါက်မှ အခြားလေးထပ်တိုက်၏ လေးထပ်ရှိ ပြတင်းပေါက်သို့ လေထဲပျံဝင်ပြီး ကူးပြသည်ကို လေ့လာကြသည်။ ဤသို့ လေ့လာမှုများတွင် စုံထောက်ကြီး ဉီးစံရှားခေါ် ရှာလော့ဟုမ်းကို မွေးပေးခဲ့သော ဆာအာသာကိုနန်ဒွိုင်းလည်း ပါဝင်သည်။ ကိုနန်ဒွိုင်းနှင့်အဖွဲ့သည် တစ္ဆေခြောက်သော အိမ်၊ ဥစ္စာစောင့်ပေါများသော အိမ်သို့ ညလုံးပေါက်စောင့်ပြီး တစ္ဆေကိုကြည့်သည်။ ဆက်သွယ်သည်။ ဓာတ်ပုံရိုက်သည်။ အသံဖမ်းသည်။

ဤသို့ သူတို့လေ့လာခဲ့သော ကိစ္စများကို နောင်အခါတွင် စပရစ်ကျူရယ်လစ်ဇင်းဟူသော ကျမ်းစာအုပ်နှစ်အုပ်တွဲကို ကိုနန်ဒွိုင်းက ဓာတ်ပုံများနှင့်တကွ ထုတ်ဝေခဲ့သည်။ အထူးသဖြင့် ဥစ္စာစောင့်ခေါ် အိန်ဂျယ်ကလေးများကို ဓာတ်ပုံရိုက်ကူး ပြထားသည်မှာ တိုစဉ်က လူတိုင်း၏ ပြောစမှတ်ကိစ္စဖြစ်ခဲ့သည်။ ယခုထိလည်း ကိုနန်ဒွိုင်း၏ နှတ်သမိး ဓာတ်ပုံဆိုသော ဝေါဟာရမှာ ပရစိတ်ပညာလောကတွင် အားလုံးက လက်ခံထားသော ဝေါဟာရ ဖြစ်နေသည်။ ထို့အတူပင် အမေရိကန်တွင်လည်း စိတ်ဝိညာဉ်များကို လေ့လာကြရာ အက်ဒီခြံကြီး သရဲခြောက်မှုမှာ ထိုစဉ်က အလွန်နာမည်ကျော်သော ကိစ္စဖြစ်သည်။

ဗားမောက်နယ်တွင် ရှေးခေတ် ခြံကြီးထဲတွင် သူရဲခြောက်သည်ဟူသော သတင်းကြီးသဖြင့် သတင်းစာဆရာများ၊ သုတေသီများ သွားရောက်လေ့လာကြသည်။ ဤသို့ လေ့လာသည့်အထဲတွင် ကာနယ်အောလ်ကော့လည်း ပါသည်။ အက်ဒီခြံ သရဲခြောက်မှုကို

လေ့လာရန်လာသော ဗလာဗက်စကီနှင့် ကာနယ်အောလ်ကော့တို့ တွေ့ဆုံရင်းနှီးရာမှစ၍ နောင်အခါတွင် သီအိုဆိုဖီအသင်း ထူထောင်ရန် အကြံဖြစ်ပေါ်လာသည်။ ထိုစဉ်တွင် ခရစ်ယာန် သိပ္ပံပညာရှင်များအဖွဲ့လည်း ပေါ်ပေါက်လာသည်။ ခရစ်ယာန်ဘာသာဝင် သိပ္ပံပညာရှင်များက ဦးဆောင်၍ မေတ္တာပို့ဆုတောင်းခြင်းဖြင့် ရောဂါဝေဒနာကို ကုသပေးခြင်း ဖြစ်သည်။ သာမန်ဘာသာရေးကိစ္စများကို ဆောင်ရွက်ခြင်းမျိုးသာမက ဆုတောင်းမေတ္တာပို့သောအခါတွင် သိပ္ပံနည်းကျအောင် ဆောင်ရွက်သည်။

ဤသို့ ကုသခြင်းဖြင့် ဝေဒနာရှင် မည်မျှကို ကုသနိုင်ခဲ့သည်၊ မည်သည့်ရောဂါများကို ကုသနိုင်သည် စသောအချက်များကို မဂ္ဂဇင်းထုတ်ဝေ၍ ဖော်ပြသည်။ နော့ဖစ်ခေါ် ဝိဇ္ဇာဉာဏ်ဂန္ထာရီဂိုဏ်းနှင့် အလွန်တူသည်။ သူတို့သည် ရှေးဟောင်းဘာသာရေး အယူအဆများမှ ခွဲထွက်ပြီး အတွေးအခေါ်သစ်၊ အမြင်သစ်များကို ထူထောင်သူများဖြစ်သည်။ ကားတစ်ဟော့ကင်က ခေါင်းဆောင်သည်။ ခရစ်ယာန် သိပ္ပံပညာရှင်များအဖွဲ့ကို မေရီအောကာအက်ဒီက ခေါင်းဆောင်သည်။ အမြင်သစ်အဖွဲ့မှာ အမေရိကန်ပြည်၊ ကနေဒါနှင့် ဗြိတိန်တွင် အင်အားကောင်းသည်။ အသင်းတော်ပေါင်း ၅၂၅ သင်းရှိပြီး အဖွဲ့ခွဲပေါင်း ၂၇၅ ဖွဲ့ ရှိသည်။

ယင်းအသင်းအဖွဲ့များသည် လောကကောင်းကျိုးဆောင်ရန်၊ လူသားတို့၏ ဒုက္ခကို ကူညီရန်၊ လောကပါလတရားနှင့်ညီသော လူ့လောကကိုတည်ဆောက်ရန် စသော အလွန် မြင့်မားသော ရည်ရွယ်ချက်များဖြင့် ဖွဲ့ထားခြင်းဖြစ်သည်။ သို့သော် ၂၀ ရာစုသို့ ရောက် သောအခါ ဂိုဏ်းဂဏအစွဲများ ဝင်လာပြီးနောက် ရည်ရွယ်ချက်အတိုင်း မဆောင်ရွက်နိုင်တော့ဘဲ ဂိုဏ်းဂဏစွဲ၊ အသင်းအဖွဲ့စွဲများ ဝင်လာသဖြင့် တိုးတက်မှုများ နှောင့်နှေးသွားပြန်သည်။ ဤအသင်းအဖွဲ့များနှင့် မရှေးမနှောင်း ၁၉ ရာစုတွင် သီအိုဆိုဖီအဖွဲ့လည်း ပေါ်ပေါက်လာသည်။

ရုရှဗဲလားမှ ဆရာရှင်များ၏ လမ်းညွှန်ချက်အရ ဗြဟ္မစိရိတရား တည်ထောင်ရန်၊ လူ့ဘောင်သစ်ကို ဗြဟ္မစိရိတရားဖြင့် တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် မဒမ်ဗလာဗက်စကီသည် ကာနယ်အောလ်ကော့နှင့် တွဲဖက်၍ သီအိုဆိုဖီအသင်းကို ၁၈၇၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ မဒမ်ဗလာဗက်စကီက ရှေးယခင်လက ဖွင့်ထုတ်ရေးသားခြင်းမပြုခဲ့ဖူးသော ဂန္ထာရီဒဿနကို Secret Doctrine ဂမ္ဘီရဓမ္မဟူသော ကျမ်းအမည်ဖြင့် ပထမဆုံး ဖွင့်ထုတ် ရေးသားခဲ့သည်။ ကာနယ်အော်လ်ကော့မှာ အခြားတစ်ဘက်တွင် ဗုဒ္ဓဘာသာသာသနာပြုလုပ်ငန်းများကို တစ်ကမ္ဘာလုံးပြန့်ပွားအောင် ဆောင်ရွက်သည်။ ယနေ့ ဗုဒ္ဓသာသနာ့ အလံအဖြစ် အသုံးပြုနေသောအလံကို စီမံပြုလုပ်ရာတွင် ရှေ့ဆောင်အခန်းမှ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ဗုဒ္ဓဘာသာ ဂိုဏ်းမျိုးစုံတို့ လက်ခံနိုင်သော ဗုဒ္ဓဘာသာမူ (၁၂) ချက်ကိုလည်း ဆရာတော်ကြီးများ၏ ထောက်ခံချက်ဖြင့် ရေးဆွဲခဲ့သည်။ မဒမ်ဗလာဗက်စကီ ကွယ်လွန်သွားသော ၁၉ ရာစုအကုန်တွင် ဂန္ထာရီပညာအမွေကို ခံယူသော အဲလစ်ဘေလီသည် ဂန္ထာရီ

ကျမ်းပေါင်း ၂၄ ကျမ်းကို ဆရာရှင်ထံမှ တယ်လီပသီနည်းဖြင့် လက်ခံရယူပြီး ရေးခဲ့ခြင်း ဖြစ်သည်။ ထို့အတူပင် အင်္ဂလန်မှ ဒီယွန်ဖော်ကျွန်းဆိုသူ အမျိုးသမီးသည် ဆရာရှင်ကုသုမီး၏ တယ်လီပသီနည်းဖြင့် ပို့ချချက်ကို Cosmic Doctrine ဟူသော အမည်ဖြင့် ဂန္ဓာရီကျမ်းကြီးကို ပြုစုခဲ့သည်။ အခြားဂန္ဓာရီကျမ်းများစွာကို ရေးသားခဲ့ပြီးလျှင် Inne Light Society ခေါ် အဖွဲ့တွင်အလင်းရောင် စွဉ့်ဂန္ဓာရီအဖွဲ့.ကို တည်ဆောက်ခဲ့သည်။ အဲလစ်ဘေလီကား တစ်မူ ထူးခြားသည်။ ဗလာဗက်စကီ၊ ဒီယွန်ဖော်ကျွန်းတို့လို ဂန္ဓာရီ အသင်းအဖွဲ့ မတည်ထောင်ဘဲ အာကိန်းဂန္ဓာရီသင်တန်းကို စာပေးစာယူနည်းဖြင့် သင်ကြားပေးသည်။

ထို့အပြင် Good Will မေတ္တာအဖွဲ့များ ဖွဲ့စည်း၍ မေတ္တာပို့ကြသည်။ အဖွဲ့ဝင် တစ်ဦးသည် နေ့စဉ် ညနေ ၅ နာရီတွင် တစ်ကမ္ဘာလုံးသို့ မေတ္တာပို့ရန် ဖြစ်သည်။ အဖွဲ့ဆိုသော်လည်း ဌာနချုပ်မရှိ၊ အမှုဆောင်မရှိ၊ ရန်ပုံငွေမရှိဘဲ အဖွဲ့ခွဲများအချင်းချင်း ဆက်သွယ်ရေးအတွက် ဆက်သွယ်ရေးရုံးသဘောသာ ရှိသည်။ သီးသန့်ဂိုဏ်းဂဏဝါဒ တည်ဆောက်ခြင်း မပြုချေ။ အခြားအဖွဲ့တစ်ခုမှာ အဂ္ဂနိယောဂအဖွဲ့ ဖြစ်၍ ဟယ်လင်နာရီးရစ်ချ်က ဦးဆောင်သည်။ ဟယ်လင်နာရီးရစ်ချ်သည် ဒေါက်တာ ရီးရစ်ချ်၏ ဇနီးဖြစ်ပြီး ဒေါက်တာ ရီးရစ်ချ်နှင့်အတူ ရှမ်ဗဲလားကို ဖြတ်သန်းပြီး မော်ကိုသို့ သွားခဲ့သူ ဖြစ်သည်။ [ဒေါက်တာ ရီးရစ်ချ်၏ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများ အကြောင်းကို ဆရာပါရဂူက ဉာဏ်လင်းဓမ္မမဂ္ဂဇင်းတွင် ဖော်ပြခဲ့ဖူးသည်။]

အဂ္ဂနိယောဂဟူသော အမည်မှာ ဆန်းနေသည်။ အမှန်မှာ ရှေးကရှိပြီး ဖြစ်သော ကမ္မယောဂ၊ ဘက်တီယောဂ၊ ရာဇယောဂများ အားလုံးကို စုပေါင်းအနှစ်သာရ ထုတ်ထားသော သမ္မာယောဂ ဖြစ်သည်။ တစ်နည်းအားဖြင့် ဘဝယောဂဟု ခေါ်နိုင်သည်။ ယောဂကျင့်စဉ်သည် တစ်နေ့လျှင် နာရီအနည်းငယ်မျှ တရားထိုင်ပြီး ကျင့်ရသော ကျင့်စဉ်မျိုး ဖြစ်သည်။ အဂ္ဂနိယောဂကား အချိန်သီးသန့် တရားထိုင်ကျင့်ရသော ယောဂကျင့်စဉ်လည်း ပါသည်။ တစ်နေကုန် လောကနှင့်ဆက်ဆံရာတွင် တရားနှင့်အညီဆက်ဆံခြင်း၊ လောကတာဝန်၊ မိသားစုတာဝန်ကို တရားနှင့်အညီ ဆက်ဆံထမ်းဆောင်ရသော ကျင့်စဉ်ဖြစ်၍ ဘဝကျင့်စဉ် (၀၁) ဘဝလောက ကျင့်စဉ်ဟုလည်း ဆိုနိုင်သည်။

အဂ္ဂနိယောဂအသင်းသည် ဂိုဏ်းဂဏသဘော ဖွဲ့စည်းထားခြင်း မဟုတ်ဘဲ အဂ္ဂနိယောဂကျင့်စဉ် စာပေကျမ်းဂန်များကိုသာ ရေးသားထုတ်ဝေဖြန့်ချိခြင်းကိုသာ ဆောင်ရွက်သည်။ စင်စစ်အားဖြင့် ၂၀ ရာစုတွင် ဂန္ဓာရီပညာများကို ဂန္ဓာရီအသင်းအဖွဲ့များမှတစ်ဆင့် ဖြန့်ဖြူးခြင်း မပြုတော့ဘဲ လောက၏ ကျရာတာဝန်ကို ထမ်းဆောင်နေသော သာဝကများအား တစ်ဦးချင်း တစ်ဖွဲ့ချင်း ဆက်သွယ်၍ ဂန္ဓာရီပညာများကို ဖြန့်ဖြူးရန် ဆရာရှင်တို့က ချမှတ်ထားသည်။ ထို့ကြောင့် (၂၀)ရာစုခေတ်၏ ဂန္ဓာရီပညာသည် ရှေးခေတ်ဂန္ဓာရီပညာနှင့် ဖြန့်ဖြူးပုံချင်း မတူတော့ဘဲ လောကကောင်းကျိုး ဆောင်ရွက်နေသူများကိုသာလျှင် ဂန္ဓာရီပညာများ ဆက်လက်ရှင်သန်အောင် ဖြန့်ဖြူးပေးလျက်ရှိသည်။

မောင်ကျောက်တိုင်

1. Egyptian Book of Dead
2. Initiates by Edourd Schure Hermes by R.D. MEAD Winged Pharaoh
   by G. Grant
3. The Great Initiate
4. Strange Misteries
5. Shambala
6. Initiation of The World
7. The Way to Shambala
8. Quest
9. Life and Teaching of the Masters of the Far East
10. When The Day Light Come
11. H.P.B. Speaks
12. Autobiography by Alis A. Bacly
13. Discipleship in New Age
14. Myth and Legeands of China
15. The Secret of the Golden Flower
16. The Oriental Magic
17. Circles, Spring, '91
18. The Esoteric Organization in India
19. Visnu Puram
20. Bagava Gita
21. Elusis Mystery
22. The Occult
23. ပဇေတိုနိခါန်း
24. Occult Mysteries of Antiquity
25. The End of Atlantis
26. The Story of Atlnatis
27. The Glass Bead Game
28. The Mystical Life of jeses Chrise
29. The Encyclopaedia of Occultism
30. The Encyclopedia of mysticism
31. Sufis
32. Sufi Path
33. The Holy Grail
34. Rose Cruis
35. Rose Crucian Manual
36. Glimps of Freemason
37. The Unclocked Secret
38. Hidden Life of Freemason
39. ဘဝအမြင်သစ်
40. Mystery 666

